မဟာဝိသုတာရာမနိကာယသာသနာဝင်

(အချင်းကလေး)

မဟာဝိသုတာရုံမနိကာယသာသနာဝင်

အရှင်ကေလာသ ဘီ-အေ(ဂုဏ်ထူး)

သာသနဓဇသိရီပဝရဓမ္မာစရိယ, ဂဏဝါစက

စိရင်ရေးသားသော

မဟာဝိသုတာရာမ နိကာယ သာသနာဝင်

ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၄ ကောဇော ၁၃၁၂ ဇူလိုင်လ ၁၉၇၀

ထုတ်ဝေသူ။ ။ဦးကျန်တင်၊ အကျိုးဘော်ဆောင်၊ မဟာဝိသုတာရုံမဂေါပကအဖွဲ့၊ ပခုက္ကူ။မြို့။
(ကင်းလွတ်ခွင့်အမှတ် ၁၈၇၁)။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၃၂၄၀)။

ရန်ကုန်မြို့၊ ကမ္ဘာဇအေးစာတိုက်၊ မြည်ထောင်စု မြန်မာနိုင်ငံ
ပုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ၀၀၇၉)က ပုံနှိပ်သည်။



မဟာဝိသုတာရာမ နိကာယ သာသနာဝင်ကျွမ်းပြုစုသော
အရှင်ကေလာသ-ဓမ္မာစရိယ, ဂဏဝါစက, ဘီ-အေ (ဂုဏ်ထူး)

ဤစာအုပ်အမျာ

၁၃၂၉-ခုနှစ် (မနှစ်က)ပခုက္ကူ သာသနာဝင်ကျမ်းကို ရေးသားပြုစုခဲ့သော အရှင်ကေလာသ မမွာစရိယ, ဂဏဝါစက, ဘိ-အေ (ဂုဏ်ထူး)သည် ၁၃၃၀ (ယခုနှစ်)တွင် ခမ်းနားလှစွာသော "မဟာဝိသုတာရာမသာသနာဝင်ကျမ်းကြီး"ကို ရေးသားပြုစုပြီးပြန်လေသည်၊ ဤနိဒါန်းရေးသူသည် ပခုက္ကူသာသနာဝင်ကျမ်းကြီးအတွက် အရှင်ကေလာသနှင့် ဆွေးနွေးစဉ်းစားရှာ-ဝိသုတာရာမသာသနာဝင်ကျမ်း အမြန်ဆုံးစီစဉ်ရန် အကြံဉာဏ်များ, အကူအညီများ အတတ်နိုင်ဆုံး ပေးခဲ့သည်။

အကြီးကျယ်ဆုံးသော သာသနာဝင်ကျမ်းကြီး

အရှင်ကေလာသ၏လက်ရာ ယခု "မဟာဝိသုတာရာမသာသနာဝင်ကျမ်းကြီး"မှာ စာရေးသူတို့တွေ့ဘူးသည့် သာသနာဝင်ကျမ်းများအနက် အကြီးကျယ်ဆုံး သာသနာဝင်ကျမ်းကြီးတကျမ်းဖြစ်လေသည်၊ ကြီးကျယ်သည်နှင့်အမျှ အစစအရာရာ စုံလင်ပြည့်ဝကောင်းမွန်သော သမန္တဘဒြကျမ်းစာကြီးဖြစ်ကြောင်းကိုကား စာရှုသူတို့ တွေ့ရပါလိမ့်မည်။

တန်ဖိုးကြီးလှသော ကျမ်းဦးမှတ်ဖွယ်

ကျမ်းဦးမှတ်ဖွယ်မှာလည်း လွန်စွာပြည့်စုံလေသည်၊ အရှင်ဥပတိဿထေရ်, အရှင်ပဒုမထေရ်, အရှင်မဟာသုမထေရ်,အရှင်တိပိဋကစူဠနာဂထေရ်, အရှင်ဗုဒ္ဓဃောသထေရ်, အရှင်စူဠဗုဒ္ဓဃောသထေရ်, အရှင်ဗုဒ္ဓဒတ္တထေရ်,အရှင်ဓမ္မပါလထေရ်,အရှင်သာရိပုတ္တရာထေရ် စသည်တို့၏ အကြောင်းအရာတို့မှာလည်း ဖတ်၍မငြီးနိုင်ဖြစ်ရသည်၊ ကျမ်းပြုဆရာတော် အရှင်ကေလာသ၏ သမိုင်းအတတ် တဖက်ကမ်းခပ်ပုံကို အံ့အားသင့်မိတော့သည်။

ဂါထာပေါင်း ၁၃၀၀-ကျော်

ကျမ်းပြုအရှင်သည် အဆစ်အပိုင်း အကွက်အကွင်းကောင်းသောနေရာများ၌ အနုဂီတိဂါထာများဖြင့် ရေးသားဖော်ပြခဲ့ရာ ဂါထာပေါင်း ၁၃၀၀-ကျော်ပါသည်၊ မဟာဝိသုတာရာမဂိုဏ်း ဦးစီးဆရာတော်များ, မဟာဝိသုတာရာမတိုက်ထုတ် ပုဂ္ဂိုလ်ကျော်များ၏ ကြိုးပမ်းမှုကို သရုပ်ဖော်ပြထားသည်မှာ သာမန်ဝိရိယ ဇွဲလုံ့လဖြင့် ဖြစ်နိုင်မည်မဟုတ်ပါ၊ ထို့ကြောင့် အရှင်ကေလာသ၏ ကြိုးပမ်းချက်,ဝိရိယ,ဇွဲလုံ့လအရည်အချင်း စသည်တို့ကို ကိုယ်တွေ့မျက်မြင်သိရှိသမျှ အမှန်အတိုင်း ဖော်ပြလိုပေသည်။

အရှင်ကေလာသဇာတိ

အရှင်ကေလာသသည် ပခုက္ကူအနောက်ဖက် ၁၂-မိုင်ကွာ ကန်ရပ်ရွာ၌ အဘ ဦးဘရှန်, အမိ ဒေါ်လှပိုတို့မှ ၁၂၉၂-ခုနှစ်၊ နတ်တော်လတွင် ဖွားမြင်ခဲ့သည်၊ ၇ နှစ်သားမှစ၍ အတန်းကျောင်းတွင် ၄-တန်းအထိ ပညာသင်ကြားခဲ့သည်၊ ၁၃၁၂-ခုနှစ်တွင် ကန်တော်မ်ရွာ ဦးဘသင်း, ဒေါ်စိန်ခတို့၏

ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်၊ ၁၃-နှစ်သားတွင် ကန်တိမ်ရွာသုံးထပ်ကျောင်းဆရာတော် အရှင်သာဂရမဟာထေရ်ထံ သက်ဒန်းဝတ်ခဲ့၍ ၎င်းကျောင်း အရှင်ပရမ, အရှင်ဥက္ကံသတို့ထံ အောက်ခြေစာများ သင်ယူခဲ့ရသည်၊ ၁၅-နှစ်သားတွင် ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ကြီးသို့ရောက်၍ ပညာသင်ကြားသည်၊ အဘိဓမ္မဟာရဋ္ဌဂုရုဆရာတော် အရှင်သုန္ဒရနှင့် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယတို့သည် အရှင်ကေလာသအား ဓမ္မာနုဂ္ဂဟ, အာမိသာနုဂ္ဂဟဖြင့် များစွာ ချီးမြှောက်တော်မူကြသည်၊ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယထံတွင် အသက် ၁၇-နှစ်မှ ရဟန်း ၃-ဝါတိုင် ဝိနည်းပိဋကတ်နှင့် ဒီဃနိကာယ်တို့တို ဆိုဝါဖြင့် သင်ယူခဲ့သည်၊ ထို့ကြောင့်ပင် ကျမ်းဦး၌ ထိုဆရာတော် ၂-ပါးကို ထုတ်ဖော်ကာ ရှိခိုးဦးချ ပဏာမမူခဲ့သည်၊ အရှင်ကေလာသသည် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်ထံတွင်လည်း စာလိုက်ခဲ့ဘူးသည်၊ ပဌမကျော်သိရောမဏိ ဦးပဏ္ဍိတ (ယခု ဘိ-အေ ဦးမောင်ကလေး)ထံတွင် ဆန်း, အလင်္ကာ, ယမိုက်, ပဋ္ဌာန်း, အဋ္ဌသာလိနီ, ဋီကာကျော် စသည်တို့ကိုလည်း ဆိုဝါဖြင့် သင်ယူခဲ့သည်၊ မန္တလေးမြို့ တောင်ပြင်ဘုရားကြီးတိုက် အမရပုရကျောင်းဆရာတော် အရှင်ဥက္ကံသာဘိဝံသထံတွင် ဘေဒစိန္တာ, ကစ္စာယနသာရ စသော ကျမ်းတို့ကို ၂-နှစ်ကြာမျှ ပညာဆည်းပူးခဲ့သည်။

အရှင်ကေလာသသည်—

၁၉၁၂-ခုနှစ်တွင် ပဌမငယ်၊

၁၉၁၃-ခုနှစ်တွင် ပဌမလတ်၊

၁၉၁၄-ခုနှစ်တွင် ပဌမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်၊

၁၉၁၅-ခုနှစ်တွင် အစိုးရစာချတန်းကို ဂုဏ်ထူးနှင့်အောင်မြင်သဖြင့် သာသန-
ဓဇ သိရီပဝရမဟာစရိယဘွဲ့ကို ရရှိခဲ့သည်။

ဆဋ္ဌသံဂါယနာမဟာမဏ္ဍိုင်ကြီးတွင်—

၁။ ဆဋ္ဌသံဂီတိကာရကတာဝန်၊

၂။ ဆဋ္ဌသံဂီတိဘာဏကတာဝန်၊

၃။ ဆဋ္ဌသံဂီတိပဋိဝေသောဓကတာဝန်၊

၄။ ဆဋ္ဌသံဂီတိဩဝါဒကတာဝန်၊

၅။ ဆဋ္ဌသံဂီတိကျမ်းညွှန်းဩသာနသောဓကတာဝန်—

တို့ကိုလည်း ကမ္ဘာတစ်လျှောက် ဓမ္မစည်းဝေးပွဲကျောင်းဆောင်၌ ၅-နှစ် သီတင်းသုံး၍ ဆောင်ရွက်ခဲ့သည်၊ ယင်းသို့ သံဂါယနာ၌ ဟူးချန်စွာဆောင်ရွက်ခဲ့သဖြင့် မိုးရထား, မိုးသဘော် အထက်တန်းမှ စိုးနင်းခွင့်နှင့် နောဝါပါတဝေယျာဂ်ကို ရိုးရိုးတန်းမှ စိုးနင်းခွင့်လက်မှတ်ကို ရရှိခဲ့သည်။

ဘီ-အေ ဂုဏ်ထူးအောင်မြင်ခြင်း

အရှင်ကေလာသသည် ၁၃၂၃-ခုနှစ်တွင် သီဟိုဠ်နိုင်ငံသို့ ကြွရောက်၍—

(၁) သက္ကတဘာသာ၊

(၂) ပြာကရိတ်ဘာသာ၊

(၃) သီဟိုဠ်ဘာသာ၊

(၄) အင်္ဂလိပ်ဘာသာ—

စသည်တို့ကို သင်ကြားခဲ့သည်၊ ကိုလံဘိုမြို့ ဝိဇ္ဇောဒယ တက္ကသိုလ်တွင် သီဟိုဠ်အစိုးရ အထောက်အပံ့ဖြင့် ပညာသင်ကြားခွင့်ကိုလည်း ရရှိခဲ့သည်၊ ၁၃၂၇-ခုနှစ်တွင် ဘီ-အေဂုဏ်ထူး တန်း၌ ဒုတိယအဆင့်ဖြင့် အောင်မြင်ခဲ့သည်။

နိုင်ငံခြားသို့

အရှင်ကေလာသသည် သီဟိုဠ်နိုင်ငံအပြင် ယိုးဒယားနိုင်ငံ, အိန္ဒိယနိုင်ငံ, နီပေါလ်နိုင်ငံများသို့ လည်း ကြွရောက်၍ သာသနဗဟုသုတ,ဘာသန္တရဗဟုသုတများကို ရှာမှီးလေ့လာခဲ့ဘူးသည်။

ဂဏဝါစကစာချုတ်ဝန်

အရှင်ကေလာသသည် ၁၃၂၈-ခု ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့် တိုက်အုပ်ဆရာတော်များ အမိန့်အရ သီဟိုဠ်ကျွန်း ဝိဇ္ဇောဒယတက္ကသိုလ်၌(အမ်၊အေ)တန်းအတွက် လေ့လာသင်ကြားနေဆဲတွင် ပခုက္ကူ မဟာဝိသုတာရုံတိုက်သို့ ပြန်လာခဲ့ရပြီး မာဂဓ, သက္ကတ,ဂဏဝါစကစာချုတ်ဝန်ကို ထမ်းဆောင်ရသည်သာမက မဟာဝိသုတာရုံမ ဂဏဝါစက တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီး ပြုစုရေးအဖွဲ့ ဘာသန္တရပိုင်းဆိုင်ရာ တာဝန်ခံ သာသနသောဓကအဖြစ်လည်း ဆောင်ရွက်လျက် ရှိပေသည်။

ကျမ်းဂန်များ ပြုစုခဲ့ခြင်း

အရှင်ကေလာသသည် စာဝါများအကြား ကျမ်းဂန်များစွာတို့ကိုလည်း ရေးသားပြုစုခဲ့လေသည်။ ၎င်းတို့မှာ—

(၁) အဘိဓမ္မာဂုဏ်ရည်ကျမ်း (၁၃၁၈-ခုနှစ်)

(၂) တိပိဋကအာတ္ထဒ္ဒါရသူစိကျမ်း(၁၃၂၃-ခုနှစ်)

(၃) တိပိဋကသူစိကျမ်း (၁၃၂၃-ခုနှစ်)

(၄) ပခုက္ကူသာသနာဝင်ကျမ်း (၁၃၂၉-ခုနှစ်)

(၅) ပခုက္ကူ ဘုရားသုံးဆူသမိုင်းကျမ်း (၁၃၂၉-ခုနှစ်)

(၆) ကလျာဏထေရာပဒါန်ကျမ်း (၁၃၃၀-ခုနှစ်)

(၇) ပါဠိပါဌမဥ္ဇရီကျမ်း (၁၃၃၀-ခုနှစ်)

(၈) အင်္ဂလိပ်မြန်မာအဘိဓာန်ကျမ်း (သီဟိုဠ်နေစဉ်)
(၉) ပါဠိ,အင်္ဂလိပ်အဘိဓာန်ကျမ်း (သီဟိုဠ်နေစဉ်)
(၁၀) သင်္ကတ,မြန်မာအဘိဓာန်ကျမ်း (ယခုရေးဆဲ)
(၁၁) ဤ"မဟာဝိသုတာရာမသာသနာဝင်ကျမ်း" (၁၃၃၀-ခု)
(၁၂) မဟာဝိသုတာရာမထေရပွတ်တိဒီပနီကျမ်း စသည်တို့ ဖြစ်သည်။

၎င်းပြင်— "မဟာဝံသကျမ်းကြီး" "သမန္တကူဋဝဏ္ဏနာကျမ်း" "ဝိမုတ္တိမဂ္ဂပါဠိကျမ်း"တို့ကိုလည်း သီဟိုဠ်ပါဠိမှ မြန်မာပါဠိသို့ ပြန်၍ ရေးသားခဲ့လေသည်၊ ဗုဒ္ဓဓမ္မလောကတရားသတင်းစာ၌လည်း သာသနာရေးဆိုင်ရာ ဆောင်းပါးပေါင်း ၁၀၀-ကျော်ကိုလည်း ရေးသားခဲ့ဘူးလေသည်။ အရှင်ကေလာသသည် ငယ်ရွယ်စဉ်အချိန်မှစ၍ လွန်ကဲသော ဇွဲလုံလ, လျင်မြန်ဖြတ်လတ်သော ဉာဏ်ရည်ရှိသဖြင့် စာပေအရာ၌ အများဇ၏ ချီးကျူးခြင်းကို ခံရသူတဦး ဖြစ်လေသည်။

မြော်လင့်တောင့်တချက်

ဤဖော်ပြပါ လွန်ကဲသော လုံလပိုင်ရှင်, ဖြတ်လတ်သော ဉာဏ်ရှင်, ဘာသန္တရဝိဒူ တိပိဋကဝိညူ အရှင်ကေလာသ ဂဏဝါစက ဘီ-အေ (ဂုဏ်ထူး)၏ ဤမဟာဝိသုတာရာမ သာသနာဝင်ကျမ်းကြီးကို အားပါးတရ လက်ကိုင်ထား၍ ဖတ်ရှုလေ့လာ မှတ်သားလျက် သာသနာ့ဝန်ဆောင်မဟာထေရ်မြတ်တို့၏ သာသနာ့လုပ်ဆောင်ချက်များကို အတုယူ လိုက်နာခြင်း, ကြည်ညိုသဒ္ဓါတိုးပွါးခြင်း, သံဝဂတရား ရယူခြင်းစသည်တို့ဖြင့် ကုသိုလ်တရား ပွါးများနိုင်ကြပါစေ ဟု မြော်လင့်တောင့်တပါသတည်း။

အရှင်ဝေပုလ္လသာမိ
မဟာဝိသုတာရာမ ဂဏဝါစက စာချ,
တိပိဋကပါဠိမြန်မာ အဘိဓာန်အဖွဲ့ဝင်
မဟာဝိသုတာရာမိက-ရွှေပေါက်ပင်တိုက်၊
ထမကောက်ရပ်
ပခုက္ကူမြို့။

မဟာဝိသုတာရာမ ဂေါပက အဖွဲ့၏

ကျွန်းဦး ဖေဖော်ဝါချက်

ဗုဒ္ဓမြတ်စွာ သာသနာသည် သတ္တဝါအများ၏ လောကုတ်-လောကီ နှစ်လီသော ကောင်းကျိုး ချမ်းသာကို ထာဝစဉ်ပေးလျက် ရှိပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အစွန့်ရှည်ကြာ အောင်မြင်ခဲ့ရာ တည်ဘုံ ခိုင်မြဲနိုင်ရန်မှာ မြတ်စွာဘုရား၏ သားတော်များ ဖြင့်တော်မူကြသော ဘရာတော် သံဃာတော် အပေါင်းတို့၏ စွမ်းဆောင်ချက်များလည်း အဓိကကျသော အခန်းမှ ပါဝင်သည်ဟု အလေးအနက် ယုံကြည်ခဲ့ ပါသည်။

တိုသို့ ယုံကြည်ခဲ့ကြသည့်အလျောက် ပဋ္ဌမ သံဂါယနာတင်ပြီးသည့်နောက် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ ဆရာတော် သံဃာတော် အပေါင်းတို့ ဗုဒ္ဓသာသနာတော်ကြီး တိုးတက် စည်ပင် ခိုင်ခံ့တည်တံ့အောင် မည်ကဲ့သို့ စွမ်းဆောင်အားထုတ် နေကြသည်များကို သုံးသပ် လေ့လာသောအခါ ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယ သာသနာမှာ အထူးအားရဖွယ်ရာ ပါဝင်လာသည်များကို တွေ့မြင်သိရှိကြရပါတော့သည်။

သို့အတွက် ပခုက္ကူမြို့ မဟာဝိသုတာရာမ နိကာယ-က ဗုဒ္ဓမြတ်စွာ သာသနာကို အခွန့်ရှည်စွာ ဘန်းကားတည်တံ့နိုင်အောင် မည်ကဲ့သို့ စတင်ဆောင်ရွက်ခဲ့ရသည်, ယခုအချိန်အထိ မည်သို့ စွမ်းဆောင်နေသည်များကို ယခုဖြစ်ဆဲ ဗုဒ္ဓဘာသာဝင် အားလုံးနှင့် နောင်အနာဂတ် ဗုဒ္ဓ-ဘာသာဝင်အပေါင်းတို့ ကောင်းစွာ သိရှိကြပါက ပိုမိုအကျိုးများလိမ့်မည်ဟု မျှော်မှန်းပြီး မဟာ ဝိသုတာရာမ သာသနာ့ဥည္ဇော်ဆောင် သက်တော်(၉၀)ရှိ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ ဆရာ တော်ဘုရားကြီးအား မဟာဝိသုတာရာမ သာသနာဝင်သမိုင်း ကျမ်းကြီးတကျမ်း ပေါ်ထွက်သင့် ကြောင်းကို လွှန်ခဲ့သော ၁-နှစ်ခန့်က လျှောက်ထားခဲ့ရာ ဆရာတော်ဘုရားကြီးက—

“အေး-ရှိသင့်တာတော့ကြာပြီ ဒို့မျိုးကလဲ အသက်အရွယ်ကြီးရင့် စာချဆရာတော် များ အဖွဲ့ကလဲ အာဘိဓာန်ကျမ်း ပြုစုခြင်း စာပေပို့ချခြင်းစသော အလုပ်များနဲ့ မအား မလပ်အောင် ရှိနေကြလို့ ဒကာဒလျှောက်ထားတဲ့အတိုင်း မဆွက်နိုင်ခဲ့ဘူး၊ ဒါပေမဲ့ စာချ ဆရာတော်များနဲ့ တိုင်ပင်ပြီး ကြိုးစားကြည့်ရအုံးမှာဘဲ”—လို့ အမိန့်ရှိခဲ့ဘူးပါသည်။

ထိုကဲ့သို့ ဆရာတော်ဘုရားကြီး အမိန့်ရှိသည့်အတိုင်း ဆရာတော်ဘုရားကြီးနှင့်တကွ မဟာ-ဝိသုတာရာမ စာချဆရာတော်များအဖွဲ့မှ ခွင့်ပြုတိုက်တွန်းတာဝန်ပေးချက်နှင့် ကျွန်တော်များ

လျှောက်ထားချက်အရ ဆရာတော်အရှင်ကေလာသ ဓမ္မာစရိယ, ဂဏဝါစက, ဘီ·အေ (ဂုဏ်ထူး)က ရေးသားပြုစုပြီး ဤ "မဟာဝိသုတာရုမ သာသနာဝင်"ကျမ်းကို မဟာဝိသုတာရုမတိုက်တော်ကြီး၏ ၆၅-နှစ်ပြည့်မြောက်သော ယခု ၁၃၃၀·ပြည့်နှစ်တွင် ထုတ်ဝေနိုင်ရန် မဟာဝိသုတာရုမ ဂေါပကအဖွဲ့မှ ကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အဓွန့်ရှည်ကြာ ထွန်းကားတည်တံ့ ခိုင်မြဲပါစေ။

မောင်ကျန်တင်

အထွေထွေအကျိုးတော်ဆောင်

မဟာဝိသုတာရုမ ဂေါပကအဖွဲ့

ပခုက္ကူမြို့။

နေ့စွဲ ၁၃၃၀-ပြည့်နှစ် ပြာသိုလဆန်း ဂ-ရက်

(၂၅-၁၂-၆၈)

မဟာဝိသုတာရာမနိကာယ သာသနာဝင်

မဇ္ဈိမကာရ

အကြောင်းအရာ		စာမျက်နှာ
ကျမ်းဦးမှတ်ဖွယ်		၁
မဟိန္ဒထေရ်ကြောင့် သီဟိုဠ်သာသနာစည်ပင်ခြင်း	....	၁
ဝိနည်းဓိုရ် အရှင်ဥပတိဿထေရ်	....	၂
အရှင်ပဒုမထေရ်နှင့် အရှင်မဟာသုမထေရ်	....	၂
အရှင်တိပိဋကစူဠနာဂမဟာထေရ်	....	၂
မထေရ်မြတ်၏ ဆဆက်ကသုတ်တန်တရားပွဲ	....	၃
အရှင်မဟာဗုဒ္ဓဃောသမဟာထေရ်	....	၅
ဖွားမြင်ခြင်း, အတတ်, အယူဝါဒအမျိုးမျိုး ကျမ်းကျင်ခြင်း	....	၅
ဇမ္ဗူဒီပ်လှည့်ဝါဒပြိုင်ခြင်း	....	၅
ပတဉ္ဇလိဝါဒကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း	....	၅
အရှင်ရေဝတနှင့်တွေ့ခြင်း	....	၅
အဘိဓမ္မာအနက်မသိခြင်း, ရဟန်းပြုခြင်း	....	၅
ဗုဒ္ဓဃောသအမည်ရခြင်း	....	၆
ဉာဏောဒယကျမ်းနှင့် အဋ္ဌသာလိနီကျမ်းကို ပြုစုခြင်း	....	၆
မိလိန္ဒဋီကာအဆို	....	၆
အဋ္ဌသာလိနီကျမ်းကို သီဟိုဠ်ကျမ္မ ရေးသားခြင်း	....	၆
ပရိတ္တအဋ္ဌကထာကို ရေးသားရန် အားထုတ်ခြင်း	....	၇
ပရိတ္တအဋ္ဌကထာအယူအဆများ	....	၇
သီဟိုဠ်အဋ္ဌကထာကို မာဂဓပြန်ရန် တိုက်တွန်းခြင်း	....	၇
မဟာနာမမင်းလက်ထက် သီဟိုဠ်ကျန်း ဗုဒ္ဓဃောသထေရ်ရောက်ခြင်း		၈
အရှင်သံဃပါလထံ သီဟိုဠ်အဋ္ဌကထာနှင့် ထေရဝါဒကို သင်ယူခြင်း	....	၈
ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးသားစီရင်ခြင်း	....	၉
ဝိသုဒ္ဓိမဂ်ကျမ်းကို ဗောဓိပင်အနီး ဖတ်ပြရန် စီမံခြင်း	....	၉
နတ်များဝှက်ထားသဖြင့် ၂-ကြိမ် ၃-ကြိမ်ရေးသားရခြင်း	....	၁၀
ဝှက်ထားသော ပေစာ ၂-ထုပ်ကို နတ်တို့ပြန်ထားကြခြင်း	....	၁၀
စာမူ ၃-မူစလုံး ကိုက်ညီခြင်း ထေရဝါဒပါဠိပုဒ်ဝါကျတို့ ကိုက်ညီခြင်း	....	၁၀
အရိမေတ္တေယျဘုရားလောင်းဟု ကြေးကြော်ကြခြင်း	....	၁၀
အဋ္ဌကထာရေးသားခြင်း	....	၁၁
ဘုရားပါဠိအလား အလေးထားကြခြင်း	....	၁၁

အကြောင်းအရာ				စာမျက်နှာ
မဟာဗောဓိဖူးရန် ဇမ္ဗူဒိပ်ပြန်ကြွခြင်း	....	....	....	၁၁
အရှင်ဗုဒ္ဓဃောသနှင့်စပ်၍ ဝါဒအမျိုးမျိုး	....	....	....	၁၁
အိန္ဒိယတောင်ပိုင်းသားဟူသော ဝါဒ	....	....	....	၁၂
အဋ္ဌကထာသစ်ကို ရေးသားပြုစုခြင်း	....	....	....	၁၂
ဝိသုဒ္ဓိမဂ်ကျမ်း	....	....	....	၁၃
၅၀-ဘာဏဝါရ	....	....	....	၁၃
ဝိမုတ္တိမဂ္ဂကျမ်း	....	....	....	၁၄
သမန္တပါသာဒိကာအမည်ရှိသော ဝိနည်းအဋ္ဌကထာ		....	....	၁၄
ကြည်ညိုဘွယ် ဂုဏ်ပုဒ်များ	....	....	....	၁၅
အရှင်ဗုဒ္ဓသီရိထေရ်တောင်းပန်မှု	....	....	....	၁၅
ဆရာနှင့် ရေးရာဌာန	....	....	....	၁၆
သမန္တပါသာဒိကာမည်သော ဝိနည်းအဋ္ဌကထာပြီးချိန်	....	....	....	၁၆
သုမင်္ဂလဝိလာသိနီအမည်ရှိသော ဒီဃနိကာယ်အဋ္ဌကထာ	....	....	....	၁၆
ဝိသုဒ္ဓိမဂ်ပါပြီးကို ဒီဃနိကာယ်အဋ္ဌကထာ၌ ထပ်မရေး	....	....	....	၁၇
နိကာယ်ကြီးလေးရပ်အလယ် ဝိသုဒ္ဓိမဂ်	....	....	....	၁၇
ဒီဃနိကာယ် အဋ္ဌကထာဖွင့်ပုံ	....	....	....	၁၈
ပပဉ္စသူဒနီအမည်ရှိသော မဇ္ဈိမနိကာယ်အဋ္ဌကထာ	....	....	....	၁၈
သာရတ္ထပ္ပကာသိနီအမည်ရှိသော သံယုတ္တဋ္ဌကထာ	....	....	....	၁၉
မနောရထပူရဏီအမည်ရှိသော အင်္ဂုတ္တရနိကာယအဋ္ဌကထာ		....	....	၂၀
အဋ္ဌသာလိနီအမည်ရှိသော ဓမ္မသင်္ဂဏီအဋ္ဌကထာ	....	....	....	၂၁
သမ္မောဟဝိနောဒနီအဋ္ဌကထာ	....	....	....	၂၂
အဘိဓမ္မာဝါးကျမ်းအဖွင့် ပဥ္စပကရဏအဋ္ဌကထာ	....	....	....	၂၂
ဓာတုကထာအဋ္ဌကထာ	....	....	....	၂၃
ပုဂ္ဂလပညတ်တိအဋ္ဌကထာ	....	....	....	၂၃
ကထာဝတ္ထုအဋ္ဌကထာ	....	....	....	၂၃
မိစ္ဆာဝါဒ ၁၆-ချက်ကို ဖြိုတ်ချခွေဖျက်ရာကျမ်း	....	....	....	၂၄
ယမကပွကရဏအဋ္ဌကထာ	....	....	....	၂၄
ပဋ္ဌာနပွကရဏအဋ္ဌကထာ	....	....	....	၂၄
အရှင်ဗုဒ္ဓဃောသ ပဏာမပြုဟန်	....	....	....	၂၅
ကခ်ိဝိတရဏီအဋ္ဌကထာ	....	....	....	၂၅
အိန္ဒိယယဉ်ကျေးမှု ကျမ်းကျင်ကြောင်း သာဓက		....	....	၂၆
ကျမ်းစာပမာဏ	....	....	....	၂၆
ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဋ္ဌအဋ္ဌကထာ		....	....	၂၆
ဓမ္မပဒအဋ္ဌကထာ	....	....	....	၂၇
ပရမတ္ထဇောတိကာမည်သော သုတ္တနိပါတအဋ္ဌကထာ		....	....	၂၈

အကြောင်းအရာ	စာမျက်နှာ
ဇာတကဋ္ဌကထာ	၂၀
ချီးကျူးစရာ့ ကရဏာ	၃၁
အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်ပုဒ်မျှား	၃၂
ပဇ္ဇုဗ္ဗဏ္ဍမကိုကျမ်းနှင့် အရှင်ဗုဒ္ဓဃောသ	၃၂
စုဠဗုဒ္ဓဃောသ မဟာထေရ် (အဋ္ဌသာလိနီ ရေးရန် တောင်းပန်သူ)	၃၃
သောတတ္ထကိကျမ်းပြုစုခြင်း	၃၃
အရှင်ဗုဒ္ဓဒတ္တ မဟာထေရ်	၃၆
ဘွဲ့ရာဇဝံသတိ	၃၆
ကျမ်းပြုစုခြင်း	၃၆
ကဗျာဆရာကြီး အရှင်ဗုဒ္ဓဒတ္တ	၃၆
အဘိဓမ္မာဝတာရအဋ္ဌကထာ	၃၆
ဝိနယဝိနိစ္ဆယကျမ်းနှင့် ဥတ္တရဝိနိစ္ဆယကျမ်း	၃၇
ရူပါရူပဝိဘာဂ	၃၈
မဓုရတ္ထဝိလာသိနီမည်သော ဗုဒ္ဓဝံသအဋ္ဌကထာ	၃၈
အရှင်ဗုဒ္ဓဃောသနှင့် အရှင်ဗုဒ္ဓဒတ္တ	၃၉
အရှင်အာနန္ဒာ မဟာထေရ်	၄၀
မူလဋီကာကို ပြုစုခြင်း	၄၀
အရှင်အာနန္ဒာ၏ ပညာရှိတပည့်မျှား	၄၀
အရှင်ဓမ္မပါလ မဟာထေရ်	၄၂
ပေါ်ထွန်းရာအခါနှင်အခါ	၄၂
ဖြစ်စဉ်အကျဉ်း	၄၂
အမျိုးမျိုးယူဆကြခြင်း	၄၃
ကျမ်းဂန်အများပြုစုရေးသားခြင်း	၄၃
ဥဒါနအဋ္ဌကထာ	၄၄
ဣတိဝုတ္တကဋ္ဌကထာ	၄၆
ဝိမာနဝတ္ထုအဋ္ဌကထာ	၄၆
ထေရဂါထာ, ထေရီဂါထာအဋ္ဌကထာ	၄၆
စရိယာပိဋကအဋ္ဌကထာ	၄၇
နေတ္တိအဋ္ဌကထာ	၄၇
ဋီကာများကိုလည်း ရေးသားခဲ့ခြင်း	၄၈
ပရမတ္ထမဉ္ဇူသာမည်သော ဝိသုဒ္ဓိမဂ်မဟာဋီကာ	၄၈
ဒီဃနိကာယ်ဋီကာ	၄၈

အကြောင်းအရာ				စာမျက်နှာ
မဇ္ဈိမနိကာယ်ဋီကာ	....	....	....	၄ဂ
သံယုတ္တဋီကာ	....	....	....	၄၉
အင်္ဂုတ္တိုရ် ဋီကာဟောင်း	....	....	....	၄၉
နေတ္တိဋီကာ	....	....	....	၄၉
အဘိဓမ္မာအနုဋီကာ	....	....	....	၄၉
သစ္စသင်္ခေပ	....	....	....	၅၀
အရှင်ဓမ္မပါလ၏ သဒ္ဒါနှင့်ဝိဂိုယ	....	....	....	၅၀
အရှင်ဥပသေန မဟာထေရ်	....	....	....	၅၁
အရှင်ဥပသေန ပေါ်ထွန်းချိန်	....	....	....	၅၁
မဟာဝိဟာရသားကောင်းရတနာ	....	....	....	၅၂
မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသအဋ္ဌကထာ ရေးသားခြင်း	....	....	....	၅၂
ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနှင့်တူသောအချက်များ	....	....	....	၅၃
အရှင်မဟာနာမ မဟာထေရ်	....	....	....	၅၅
အရှင်မဟာနာမ ပေါ်ထွန်းချိန်	....	....	....	၅၅
ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကို ပြုစုရာဌာနနှင့်အချိန်	....	....	....	၅၅
ပဋိသမ္ဘိဒါမဂ်ဖွင့်ပုံ	....	....	....	၅၆
ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ	....	....	....	၅၆
မဟာဝံသနှင့် မဟာဝံသဋီကာ	....	....	....	၅၇
အရှင်ဓမ္မသိရိမဟာထေရ်	....	....	....	၅၉
ခုဒ္ဒသိက္ခာကျမ်းပြုစုခြင်း	....	....	....	၅၉
အရှင်အနုရုဒ္ဓမဟာထေရ်	....	....	....	၆၀
ဇာတိချက်ကြွေ မွေးရပ်မြေ	....	....	....	၆၀
သီဟိုဠ်ဒွီပ သီတင်းသုံးခြင်း	....	....	....	၆၀
နာမရူပပရိစ္ဆေဒကျမ်.	....	....	....	၆၀
ပရမတ္ထဝိနိစ္ဆယကျမ်း	....	....	....	၆၁
အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း	....	....	....	၆၁
သောမာရာမကျောင်းတိုက်ကြီး	....	....	....	၆၁
မူလဝေါဟာသကျောင်းတိုက်ကြီး	....	....	....	၆၁
မူလသောမကျောင်းတိုက်	....	....	....	၆၂
ဒက္ခိဏမူလကျောင်း	....	....	....	၆၂
တုမူလသောမဝိဟာရ	....	....	....	၆၂

အကြောင်းအရာ				စာမျက်နှာ
အရှင်ကစ္စာယနမဟာထေရ်	....	....	....	၆၃
ပေါ်ထွန်းခါနီ ခေတ်ကာလ	....	....	....	၆၃
ကစ္စည်းကျမ်းကို ပြုစုခြင်း	....	....	....	၆၃
ကစ္စည်းကျမ်းနှင့် ကလာပ်ကျမ်း	....	....	....	၆၃
ဘုရားရှင်လက်ထက် အရှင်ကစ္စည်းထေရ် ဟောသောကျမ်း ၃-ကျမ်း			....	၆၄
မဟာဝိဟာရ အရှင်ကစ္စည်းထေရ်	....	....	....	၆၄
အရှင်သိဒ္ဓတ္ထမဟာထေရ်	....	....	....	၆၆
သာရသင်္ဂဟအဋ္ဌကထာ	....	....	....	၆၆
အရှင်ဗုဒ္ဓပိယမဟာထေရ်	....	....	....	၆၈
ပေါ်ထွန်းရာခေတ်နှင့် ဇာတိဌာန	....	....	....	၆၈
ကျမ်းဂန်ပြုစုခြင်း	....	....	....	၆၈
ပဒရူပသိဒ္ဓိကျမ်း	....	....	....	၆၈
ရူပသိဒ္ဓိဋီကာ	....	....	....	၆၉
ပဇ္ဇမဓု ဘုရားဂုဏ်ပြကျမ်း	....	....	....	၆၉
အရှင်ဝဇိရဗုဒ္ဓိ မဟာထေရ်	....	....	....	၇၁
ဝဇိရဗုဒ္ဓိဋီကာရေးသားခြင်း	....	....	....	၇၁
ဂဏ္ဌိပဒါမိဝါယပကာသနာ	....	....	....	၇၁
ဘာသာအမျိုးမျိုး ရောပြွမ်းခြင်း	....	....	....	၇၂
ကခ်ါဝိတရဏီပုရာဏဋီကာနှင့် ဝဇိရဗုဒ္ဓိ	....	....	....	၇၂
သံဃမဟာနာယက အရှင်မဟာကဿပ မဟာထေရ်	....	....	....	၇၄
ပေါ်ထွန်းခါနီနှင့် လုပ်ငန်းများ	....	....	....	၇၄
အရှင်သာရိပုတ္တရာ၏ ဆရာရင်း	....	....	....	၇၄
အရှင်သာရိပုတ္တရာမဟာထေရ်	....	....	....	၇၅
အရှင်သာရိပုတ္တရာမဟာထေရ် ပေါ်ထွန်းခါနီ	....	....	....	၇၅
အရှင်သာရိပုတ္တရာ၏ဆရာသခင်ကျေးဇူးရှင်များ		....	....	၇၅
ဝိနယသင်္ဂဟအဋ္ဌကထာ	....	....	....	၇၆
သာရတ္ထဒီပနီဋီကာ	....	....	....	၇၇
အင်္ဂုတ္တရဋီကာ	....	....	....	၇၈
အဘိဓမ္မတ္ထသင်္ဂဟနိဿ	....	....	....	၇၈
ဝိသုဒ္ဓိပထသင်္ဂဟနှင့် ကမ္မဋ္ဌာနသင်္ဂဟကျမ်း	....	....	....	၇၅
မင်္ဂလသုတ္တဋီကာ	....	....	....	၇၅
ပဋိကာလင်္ကာရဋီကာ	....	....	....	၈၆
သာသနာ့ဝန်ထမ်းတပည့်အချို့	....	....	....	၈၆

				စာမျက်နှာ
အကြောင်းအရာ				
ဝိမတိဋ္ဌိကာကျမ်းပြု အရှင်ကဿပ မဟာထေရ်	....	....	....	၇၇
ကျမ်းဂန်များ ရေးသားခြင်း	....	....	....	၇၇
အရှင်ဝါစိဿရ မဟာထေရ်	....	....	....	၈၈
ကျမ်းဂန်များ ပြုစုခြင်း	....	....	....	၈၈
သီမာလင်္ကာရသင်္ဂဟနှင့် အဖွင့်ဋီကာ	....	....	....	၈၉
အရှင်သံဃရက္ခိတ မဟာသာမိ မဟာထေရ်	....	....	....	၉၀
ပေါ်ထွန်းချိန်နှင့် ဆရာသမား ကိုဏ်းဂဏ	....	....	....	၉၀
ကျမ်းဂန်များ ပြုစုခြင်း	....	....	....	၉၀
အရှင်မောဂ္ဂလ္လာန် မဟာထေရ်	....	....	....	၉၃
အဘိဓာနပဒီပိကာကျမ်း ရေးသားခြင်း	....	....	....	၉၄
အရှင်ဝေဒေဟ မဟာထေရ်	....	....	....	၉၅
ကျမ်းဂန်များရေးသားခြင်း	....	....	....	၉၅
သမန္တကူဋဝဏ္ဏနာကျမ်း	....	....	....	၉၅
ရသဝါဟိနီကျမ်း	....	....	....	၉၆
အရှင်သုပဂ်လသာမိ မဟာထေရ်	....	....	....	၉၇
ပေါ်ထွန်းချိန်နှင့် ဆရာသခင်	....	....	....	၉၇
အဘိဓမ္မာဋီကာများ ပြုစုခြင်း	....	....	....	၉၇
အရှင်ဗုဒ္ဓနာဂ မဟာထေရ်	....	....	....	၉၈
ပေါ်ထွန်းချိန်နှင့် ကျေးဇူးရှင်ဆရာ	....	....	....	၉၈
ကခ်ါဋီကာသစ် ရေးသားခြင်း	....	....	....	၉၈
အရှင်ဗုဒ္ဓရက္ခိတ မဟာထေရ်	....	....	....	၁၀၀
ဇီနာလင်္ကာရ စာကိုယ်နှင့် ဋီကာကို ပြုစုခြင်း	....	....	....	၁၀၀
အရှင်မောဂ္ဂလ္လာန် မဟာထေရ်	....	....	....	၁၀၁
သီတင်းသုံးရာနှင့် ပုလတ္ထိပုရ သာသနာ့သုတ်သင်ပွဲ ဝိဓာယက			....	၁၀၁
မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်း	....	....	....	၁၀၂
ဝုတ္တိဝိဝရဏပဋ္ဌိကာ	....	....	....	၁၀၂
ပိယဒဿီ မဟာထေရ်	....	....	....	၁၀၃
ပဒသာဓန	....	....	....	၁၀၃
သံဃရာဇ အရှင်ရာဟုလာ မဟာထေရ်	....	....	....	၁၀၄
ပဒသာဓနဋီကာ	....	....	....	၁၀၄

				စာမျက်နှာ
အကြောင်းအရာ				
အရှင်ရတနာပညာ မဟာထေရ်	....	....	....	၁၀၆
တိပိဋကစူဠာဘယ မဟာထေရ်	....	....	....	၁၀၈
မိလိန္ဒဋီကာကို ပြုစုခြင်း	....	....	....	၁၀၈
အရှင်သိရိသုမင်္ဂလ မဟာထေရ်	....	....	....	၁၁၀
အရှင်သုဘူတိ မဟာထေရ်	....	....	....	၁၁၁
ကျမ်းဂန် ပြုစုခြင်း	....	....	....	၁၁၁
အဘိဓာနပဒီပိကာသူစီကျမ်းကြီး	....	....	....	၁၁၁

မဟာဝိသုဒ္ဓာရုမနိကာယ သာသနာဝင်

ပုဒ္ဓပ္ပဏာမ (စသည် ပဏာမ ၅-မျိုး)	....	....	....	၁၁၃-၄
မဟာဝိဟာရနှင့် မဟာဝိသုတာရုမ	....	....	....	၁၁၅
အဘိယာစကနှင့် ပဋိညာဉ်	....	....	....	၁၁၅

ပဌမဗိုင်း

မဇ္ဈိမသာသနာဝင်ကို ပြခြင်း	....	....	....	၁၁၆
အရှင်ဥပါလိ မဟာထေရ်	....	....	....	၁၁၆
ဇာတိဌာနေ မွေးရပ်မြေ	....	....	....	၁၁၆
ဘုရားရှင်က တောထုတ်ခွင့်မပေး	....	....	....	၁၁၈
ဘုရားရှင်က ကိုယ်တိုင်ဝိနည်းသင်	....	....	....	၁၁၈
ဘုရားရှင်က အကြိမ်ကြိမ် ချီးကျူးဂုဏ်ပြု	....	....	....	၁၁၉
ဇေဒဂ်ဘွဲ့ရပြီ	....	....	....	၁၁၉
အရှင်ဥပါလိ၏ သီဟနာဒ	....	....	....	၁၁၉
ပဌမသံဂါယနာဝိနယဝိဿဇ္ဇက	....	....	....	၁၂၀
ရဟန္တာ ၁၀၀၀-တို့၏ ပဋိကတ်စာချ	....	....	....	၁၂၀
ဝိနည်းကို အနှစ် ၃၀-ချပို့ခြင်းနှင့် တပည့်များ	....	....	....	၁၂၀
အရှင်ဒါသက မဟာထေရ်	....	....	....	၁၂၂
နေရပ်ဌာနီနှင့် အရည်အချင်း	....	....	....	၁၂၂
အရှင်ဥပါလိထံ ချဉ်းကပ်ပြီး ဝေဒကျမ်းခက်ဆစ်ကိုမေးမြန်းခြင်း	....	....	....	၁၂၂
ပဋိကတ်ကို ချပို့ခဲ့ခြင်း	....	....	....	၁၂၃

အကြောင်းအရာ				စာမျက်နှာ
အရှင်သောဏကမဟာထေရ်	....	....	....	၁၂၄
ဇာတိဌာနေ မွေးရပ်မြေ စသည်	....	....	....	၁၂၄
ပိဋကတ်သင်ယူခြင်း ချဖို့ခြင်း....	....	....	....	၁၂၄
အရှင်သိဂ္ဂဝ မဟာထေရ်	....	....	....	၁၂၆
အရှင်သိဂ္ဂဝတို့ ရဟန်းပြုကြပြီ	....	....	....	၁၂၆
ရဟန္တာဖြစ်ကြခြင်း	....	....	....	၁၂၇
ရဟန္တာ ၁၀၀၀-တို့၏ ဝန်ဆောင်	....	....	....	၁၂၇
အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မဟာထေရ်	....	....	....	၁၂၈
ဒုတိယသံဂါယနာတင်ခြင်း	....	....	....	၁၂၈
တိဿဘြဟ္မာကြီးကို တောင်းပန်ခြင်း	....	....	....	၁၂၈
အရှင်သိဂ္ဂဝနှင့် စကွဝဠတို့အား ဒဏ်ထားခြင်း	....	....		၁၂၈
၇-နှစ်အတွင်း ကန်တော့ဆုံမ်းလောက်မျှ မရခဲ့	....	....		၁၂၉
ကန်တော့ဆုံမ်းရပြီ	....	....	....	၁၂၉
ရှင်ရဟန်းပြုပြီ....	....	....	....	၁၂၉
အဟောဂင်္ဂါသို့ ကူးခြင်း	....	....	....	၁၃၁
တဘိယသံဂါယနာ သံဃမဟာနာယက	....	....	....	၁၃၁
ကထာဝတ္ထုကျမ်းကြီး ဟောခြင်း	....	....	....	၁၃၁
ဓမ္မဒူတမဟာသံဝိဓာယက	....	....	....	၁၃၂
မဇ္ဈိမသာသနာဝင် နိဂုံး	....	....	....	၁၃၃

ဒုတိယပိုင်း

သထုံသာသနာဝင်ကို ပြခြင်း	....	....	....	၁၃၅
သုဝဏ္ဏဘူမိ သထုံသာသနာပြုအဖွဲ့	....	....	....	၁၃၅
အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရထေရ်	....	....	....	၁၃၆
ဗြဟ္မဇာလသုတ်တန်ဒေသနာ ဟောပြီ	....	....	....	၁၃၇
သထုံ၌ သာသနာစည်ပင်ပြင်း	....	....	....	၁၃၈
သထုံမှ ကေလာသကျောင်းတိုက်ကြီး	....	....	....	၁၃၉
အရှင်သောဏထေရ်, ဥတ္တရထေရ်တို့၏ တပည့်အဆက်ဆက်များ			....	၁၃၉
ပါဠိတော် အဋ္ဌကထာများ ရောက်ရှိခြင်း	....	....	....	၁၄၁
သဃိုဠသာသနာမွေးမြူခြင်း ...	....	....	....	၁၄၂

တတိယပိုင်း

ပုဂံသာသနာဝင်ကို ပြခြင်း ၁၄၃
ပုဂံပြည် သာသနာ့ဝန်ဆောင်များ ၁၄၃
အရှင်အရဟံ ၁၄၃
အရှင်အရဟံ၏ ဖြစ်စဉ် ၁၄၄
ပုဂံမြို့သို့ ကြွလာခြင်း ၁၄၄
အနော်ရထာဘုရင်နှင့် တွေ့ခြင်း ၁၄၅
ပြဿနာမေးလျှောက်ခြင်း ၁၄၅
အရည်းကြီးတို့ကို ဆင်ခြေး မြင်းခြေး ကျုံးစေခြင်း ၁၄၇
သထုံမှ ပိဋကတ်များ ပုဂံသို့ ပင့်ယူခြင်း ၁၄၇
အရှင်အရဟံ ကွလာချိန်နှင့် ပရိနိဗ္ဗာန်စံချိန် ၁၄၇
အရှင်ဂုဏသာရ, အရှင်အဂ္ဂပဏ္ဍိတ, အရှင်အဂ္ဂဝံသ ၁၄၉
အရှင်ဥတ္တရာဇီဝဆေရ် ၁၄၉
အရှင်ဥတ္တရာဇီဝ သီဟိုဠ်သို့ကြွခြင်း ၁၄၉
ပဌမဆပွဒ္ဓဆေရ် ၁၅၀
ကံ သီးခြားပြုခြင်း ၁၅၁
နရပတိစည်သူမင်းက ကြည်ညိုခြင်း ၁၅၁
ပုဂံသာသနာ ၄-ကိုဏ်းကွဲခြင်း ၁၅၁
အရှင်သဒ္ဓမ္မဇောတိပါလ(ဒုတိယဆပွဒ္ဓဆေရ်) ၁၅၂
ကျမ်းဂန်ပြုစုခြင်း ၁၅၃
သင်္ဂီဟ်ဋီကာရေးရန် သီဟိုဠ်ဘုရင်မင်းမြတ်က တောင်းပန်ခြင်း ၁၅၃
သုတ္တနိဒ္ဒေသ ၁၅၄
နာမစာရဒီပကကျမ်း ၁၅၄
သီမာလင်္ကာရဋီကာ ၁၅၅

စတုတ္ထပိုင်း

ပခန်းကြီးသာသနာဝင်ကို ပြခြင်း ၁၅၇
အရှင်သုမေဓမ္မစာရီ ၁၅၇
ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာဆရာတော် ၁၅၉
ရွှေဥမင်ဆရာတော်ပြုစုသောကျမ်းများ ၁၆၀
အရှင်ကလျာဏဓမ္မမဟာဆေရ် ၁၆၂

အကြောင်းအရာ စာမျက်နှာ

ဆရာတော်အရှင်ဂုဏသိရီ မဟာထေရ် ၁၆၃
အရှင်ဓမ္မာဘိနန္ဒ မဟာထေရ် (ပဌမဗဟုကရာဆရာတော်) ၁၆၅
အရှင်သူရိယာဘိဝံသ မဟာထေရ် (သဲအင်းသာသနာပိုင်) ၁၆၈

ပဋ္ဌမဖိုင်း

ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော် ၁၇၁
ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဆသာရ မဟာထေရ် ၁၉၈
အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာ မဟာထေရ် ၂၂၁
ဆရာတော် အရှင်သုန္ဒရ မဟာထေရ် ၂၄၄
အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်နန္ဒဝံသ မဟာထေရ် ၂၆၄
အရှင်ဂန္ဓမာ မဟာထေရ် ၂၉၁
အရှင်နန္ဒိယ မဟာထေရ် ၂၉၃
အရှင်မာဃိန္ဒ မဟာထေရ် ၃၀၁
ဆရာတော် အရှင်နာယက မဟာထေရ် ၃၀၃
အရှင်နေမိန္ဒထေရ် ၃၀၇
ပိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ် ၃၁၃
အရှင်မာလာ မဟာထေရ် ၃၁၅
အရှင်နာဂဒ မဟာထေရ် ၃၁၇
အရှင်အာလောက မဟာထေရ် ၃၂၁
အဂ္ဂမဟာပဏ္ဍိတ အရှင်ဒီပမာလာ ၃၂၃
အရှင်စာရိန္ဒာသဘ မဟာထေရ် ၃၂၆
အဂ္ဂမဟာပဏ္ဍိတ အရှင်ရာဇိန္ဒ မဟာထေရ် ၃၃၉
အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသ မဟာထေရ် ၃၄၁
အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏိက မဟာထေရ် ၃၄၆
အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍည မဟာထေရ် ၃၄၆
အဂ္ဂမဟာပဏ္ဍိတ အရှင်အာစိဏ္ဏ မဟာထေရ် ၃၅၅
အဂ္ဂမဟာပဏ္ဍိတ အရှင်ရေဝတဓမ္မ မဟာထေရ် ၃၅၉
အရှင်ဂုဏ္ဒေဝသာသန မဟာထေရ် ၃၆၄
သုံပျံမြန်မာရာဇဝော် အရှင်ပညာသဝပ် မဟာထေရ် ၃၆၇
အရှင်ဩဘာသာဘိဝံသ ၃၇၂
အရှင်အရိယဝံသ မဟာထေရ် ၃၇၃
အရှင်တေဇိန္ဒ မဟာထေရ် ၃၇၅
အရှင်အဂ္ဂဓမ္မာဘိဝံသ မဟာထေရ် ၃၇၆
ဆရာတော် အရှင်ဇနကာဘိဝံသ မဟာထေရ် ၃၈၀

အကြောင်းအရာ				စာမျက်နှာ
အဂ္ဂမဟာပဏ္ဍိတ အရှင်ကလျာဏာဘိဝံသ မဟာထေရ်	....	....		၃၀၄
အရှင်နန္ဒမဉ္ဇုဘိဝံသ မဟာထေရ်	....	....	....	၃၉၅
အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဣန္ဒြိယ	....	....	....	၄၀၂
အရှင်သောမ မဟာထေရ်	....	....	....	၄၀၆
ဆရာတော် အရှင်ပဏ္ဍိတ မဟာထေရ်	....	....	....	၄၁၀
မြင်းခြံ မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၁၄
အရှင်ပညာသာမိထေရ်	....	....	....	၄၁၇
အရှင်ကုမာရ အဓိပတိ ဖြစ်ခြင်း	....	....	....	၄၁၈
အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘိတ မဟာထေရ်	....	....	....	၄၁၉
တောင်သာမြို့ မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၂၃
ဆရာတော် အရှင်ဝါယာမ မဟာထေရ်	....	....	....	၄၂၅
စဉ့်ကူမြို့ မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၂၇
အရှင်နာရဒ မဟာထေရ်	....	....	....	၄၂၉
ဆရာတော် အရှင်ဥတ္တမထေရ်	....	....	....	၄၃၉
အရှင်ကိတ္တိထေရ်	....	....	....	၄၄၀
စကုမြို့ မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၄၁
ဆရာတော် အရှင်ပညာသီဟ	....	....	....	၄၄၂
တောင်တင်း မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၄၄
အရှင်ရာဇိန္ဒ မဟာထေရ်	....	....	....	၄၄၆
နတ်မောက်မှ ဖျောက်ဆိပ်ပင် ဆရာတော်များ	....	....	....	၄၄၈
လယ်တီ အရှင်ပဒုမ ဆရာတော်	....	....	....	၄၅၀
ဆရာတော် အရှင်နာရဒ မဟာထေရ် (ဆီမီးခုံမြို့)	....	....	....	၄၅၂
အရှင်ဝိစိတ္တ မဟာထေရ်	....	....	....	၄၅၆
ဆရာတော် ဦးဇောတ မဟာထေရ်	....	....	....	၄၅၉
မိတ္ထီလာ မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၆၀
ရွှေဘို မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၆၁
အရှင်တိလောကာဘိဝံသထေရ်	....	....	....	၄၆၃
ဆရာတော် အရှင်မာဃိန္ဒ မဟာထေရ် (ရေဦးမြို့)	....	....	....	၄၆၅
ကသာခရိုင် မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၆၆
အဂ္ဂမဟာပဏ္ဍိတ အရှင်သုဇန မဟာထေရ်	....	....	....	၄၇၁
လားရှိုးမြို့ မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၇၅
ပျဉ်းမနား မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၇၇
ပြည်ခရိုင် မဟာဝိသုတာရုမ သာသနာဝင်	....	....	....	၄၈၁
အရှင်ဝိစာရ မဟာထေရ်	....	....	....	၄၈၃
ဆရာတော် အရှင်စန္ဒောဘာသ မဟာထေရ်	....	....	....	၄၈၅

အကြောင်းအရာ				စာမျက်နှာ
ဆရာတော် အရှင်ဝိသုဒ္ဓ မဟာထေရ် (မြောင်းမြမြို)။		....	....	၄၀၇
အရှင်ဣန္ဒဝံသ မဟာထေရ်	....	....	....	၄၀၈
ဆရာတော် အရှင်သုဒဿန မဟာထေရ်	....	....	....	၄၀၉
အရှင်ဉာနုတ္တရ မဟာထေရ်	....	....	....	၄၉၃
ဆဋ္ဌသံဂီတိကာရက အရှင်ကလျာဏ မဟာထေရ်		....	....	၄၉၄
ဆရာတော် အရှင်ပဏ္ဍိစ္စ မဟာထေရ်	....	....	....	၄၉၅
အရှင်ပညာဇောတ မဟာထေရ်	....	....	....	၄၉၉
ပခုက္ကူမြို ရွှေကူတိုက်ဆရာတော် အရှင်ပဒုမ မဟာထေရ်		....	....	၅၀၆
အရှင်ဂန္ဓမာ မဟာထေရ်	....	....	....	၅၀၈
အရှင်နန္ဒဝံသ မဟာထေရ်	....	....	....	၅၀၉
အရှင်ဝေပုလ္လသာမိ မဟာထေရ်	....	....	....	၅၁၂
ပေါက်မြို့နယ် မဟာဝိသုတာရာမသာသနာဝင်		....	....	၅၁၄
ဆရာတော် အရှင်ဣန္ဒက မဟာထေရ်	....	....	....	၅၁၇

ဆဋ္ဌပိုင်း

ဂန္ဆသာရစေတီတော်		....	....	၅၁၉
သန္ဒိပါတမျှားနှင့် အကြောင်းအရာအကျဉ်း	....	....	....	၅၂၂
မဟာဝိသုတာရာမတိုက်တင်း အဆောက်အဦများ		....	....	၅၂၆
ဆရာတော်များနှင့် စာဝါများ	....	....	....	၅၄၄
ပါဠိစကားပြောအဖွဲ့ကြီး	....	....	....	၅၄၇
တိပိဋကပါဠိ မြန်မာ အဘိဓာန်ကျမ်းကြီး	....	....	....	၅၅၁
မဟာဝိသုတာရာမဂေါပကအဖွဲ့	....	....	....	၅၅၅
မဟာဝိသုတာရာမတိုက်ရောက် နိုင်ငံခြားသားများ		....	....	၅၆၀
နိုင်ငံခြားရောက် မဟာဝိသုတာရာမတိုက်ထွက် ဆရာတော်များ			....	၅၆၂

သတ္တမပိုင်း

ဗျဥ္ဇနဗုဒ္ဓါဒိဝိဇသာဓနီကျမ်းပြု အရှင်ရေဝတထေရ်		....	....	၅၆၃
အရှင်ပဏ္ဍိတ မဟာဇဂမ် (ဆွမ်းစားကျောင်းဆရာတော်)		....	....	၅၆၄
ပုဂံမြို မြင်းကပါဠာ အရှင်သုပန မဟာထေရ်	....	....	....	၅၆၆
အရှင်ဝါယာမထေရ်	....	....	....	၅၆၇
အရှင်ဝိသုဒ္ဓ မဟာဃထေရ်	....	....	....	၅၆၈
အရှင်ကုမာရထေရ်	....	....	....	၅၆၉
အရှင်အဂ္ဂဝံသဃထေရ် (ဓမ္မကထိက ဂဏဝါစက)		....	....	၅၇၁

အကြောင်းအရာ				စာမျက်နှာ
ဂဏဝါစက ဆရာတော် အရှင်အဂ္ဂဝံသထေရ်	....	....	....	၁၂၃
အရှင်ကောသရထေရ်	....	....	....	၁၂၄
အရှင်သုမနထေရ်	....	....	....	၁၂၅
အရှင်သုမင်္ဂလထေရ်	....	....	....	၁၂၆
အရှင်ဣန္ဒက မဟာထေရ်	....	....	....	၁၂၈
အရှင်ဥတ္တမထေရ်	....	....	....	၁၂၈
အရှင်ဇဝန မဟာထေရ်	....	....	....	၁၂၉
အရှင်နန္ဒိယ မဟာထေရ်	....	....	....	၁၃၀
အရှင်ကေလာသ မဟာထေရ်	....	....	....	၁၃၁
အရှင်တေဇနိယ မဟာထေရ်	....	....	....	၁၃၂
အရှင်ဂန္ဓမာထေရ်	....	....	....	၁၃၃
အရှင်နေမိန္ဒထေရ်	....	....	....	၁၃၄
အရှင်နန္ဒဝစရိယထေရ်	....	....	....	၁၃၅
အရှင်ကုသလထေရ်	....	....	....	၁၃၆
အရှင်ဇာဂရထေရ်	....	....	....	၁၃၇
အရှင်သူရိယထေရ်	....	....	....	၁၃၈
အရှင်ပညိန္ဒထေရ်	....	....	....	၁၃၉
ဂဏဝါစက အရှင်ပဏ္ဍိတထေရ်	....	....	....	၁၄၀
အရှင်သုမင်္ဂလထေရ်	....	....	....	၁၄၂
အရှင်ဝိစာရထေရ်	....	....	....	၁၄၃

အဋ္ဌမဝိုင်း

အရှင်ဝိသုဒ္ဓထေရ်	....	....	....	၁၄၄
အရှင်တေဇောဘာသထေရ်	....	....	....	၁၄၆
အရှင်မေဓာဝံသ	....	....	....	၁၄၈
သာမဏေ ရှင်ကောသဝ	....	....	....	၁၄၉
အရှင်ဉာနုတ္တရ	....	....	....	၆၀၀
အရှင်ဇာဂရ	....	....	....	၆၀၁

နဝမဝိုင်း

အဂ္ဂမဟာပဏ္ဍိတ လေသာဆရာတော် အရှင်ဓမ္မိက မဟာထေရ်			....	၆၀၂
အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝန မဟာထေရ်		....	....	၆၀၃
အဂ္ဂမဟာပဏ္ဍိတ အရှင်တိက္ခ မဟာထေရ်	....	....	....	၆၀၅
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ကောသလ္လထေရ်		....	....	၆၀၇

အကြောင်းအရာ				စာမျက်နှာ
ဆရာတော် အရှင်သူရိယ မဟာထေရ်	....	....	....	၆၀၈
အဂ္ဂမဟာပဏ္ဍိတ အရှင်ဥတ္တာရာဇီဝ မဟာထေရ်		....	....	၆၀၉
အရှင်ဂုဏာ (ကန်မြဲစောင်ချမ်းမြို့ဘဆရာကြီး)		....	....	၆၁၀
အဂ္ဂမဟာပဏ္ဍိတ အရှင်ဥက္ကံသ မဟာထေရ်		....	....	၆၁၁
အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘိတ မဟာထေရ်		....	....	၆၁၂
အရှင်ရေဝတ မဟာထေရ်	....	....	....	၆၁၃
အရှင်ပညဝန္တ မဟာထေရ်	....	....	....	၆၁၄
အရှင်နန္ဒိယ မဟာထေရ် (ပုထိုးတိုက်ဆရာတော်)		....	....	၆၁၆
အရှင်ဥတ္တမ မဟာထေရ်	....	....	....	၆၁၇
အရှင်နန္ဒိယ မဟာထေရ် (ငါးဖယ်တူဆရာတော်)		....	....	၆၁၈
အရှင်အာလောက မဟာထေရ်	....	....	....	၆၁၉
အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်တေဇနိယ		....	....	၆၂၀
အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏ မဟာထေရ်	....	....	....	၆၂၁
အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိသုဒ္ဓါဘိဝံသ မဟာထေရ် (ပဋ္ဌာန်းဆရာတော်)			....	၆၂၂
အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိသုဒ္ဓါဘိဝံသ မဟာထေရ် (ဝိဇ္ဇာလင်္ကာရတိုက်)			....	၆၂၃
အနီးစခန်းဆရာတော် အရှင်ပဏ္ဍိတ မဟာထေရ်		....	....	၆၂၄
ဆရာတော် အရှင်ပဏ္ဍိတ မဟာထေရ် (ဇေယျမေဒနီဆရာတော်)			....	၆၂၅
အရှင်ဉေယျ မဟာထေရ်	....	....	....	၆၂၆
အရွှေလယ်တီတိုက်ဆရာတော် အရှင်ဝါယာမ မဟာဒထေရ်		....	....	၆၂၇
လယ်တီအရှင်ကောဝိဒထေရ်	....	....	....	၆၂၈
မုံရွာမြို့ ဇောတိကာရာမဆရာတော် အရှင်စန္ဒောဘာသ မဟာထေရ်			....	၆၃၀
အရှင်နိဂြောဓာဘိမင်္ဂလ မဟာထေရ်	....	....	....	၆၃၁
လယ်တီ အရှင်မဟိန္ဒာဘိဝံသ	....	....	....	၆၃၂
ကသစ်ဝိုင်ဆရာတော် အရှင်ရေဝတ မဟာထေရ်		....	....	၆၃၃
အရှင်သောဘိတာဘိဝံသ မဟာထေရ်	....	....	....	၆၃၆

ဒသမဖိုင်း

မဟာဝိသုတာရာမနိကာယ ဥပဒေ	....	....	....	၆၃၇
ကျမ်းစာအပြီးသတ်ခြင်း	....	....	....	၆၄၉
မဟာဝိသုတာရာမနိကာယ သာသနာဝင် နိဂုံး		....	....	၆၄၉

အမှားအမှန် ပြင်ဆင်ချက်

စာမျက်နှာ	ကြောင်းရေ	အမှား	အမှန်
၉၁	၂	၇။ သုဗောဓာလင်္ကာရဋ္ဌီကာသစ် ၈။ သမ္မန္ဓစိန္တာစသည်တို့ဖြစ်လေသည်။	၇။ သမ္မန္ဓစိန္တာစသည်တို့ဖြစ်လေသည်။
၉၁	၈	သုဗောဓာလင်္ကာရ ဋ္ဌီကာသစ်ကိုလည်း	သုဗောဓာလင်္ကာရဋ္ဌီကာကိုလည်း
၁၄၈	၃	သောဋ္ဌသေကသဟာဿကေ။	သဿတေကသဟာဿကေ။
၁၆၁	၁၂	မယ္ဟရော၀	ပယ္ဟဓေါ၀
၂၁၉	၃	အနောကာနိ	အနေကာနိ
၂၁၉	၂၂	၁၃၁၂-ခုနှစ်မှစ၍	၁၃၀၂-ခုနှစ်မှစ၍
၂၅၀	၃၂	ဋ္ဌီကာ ၁၂-အုပ်	ဋ္ဌီကာ ၁၁-အုပ်
၃၀၇	၉	ဒေါ်ဖွားတုတ်	ဒေါ်ထွားတုတ်
။	၂၄	၀နေ သုဒ္ဓေါဒနော	ရာဇာ သုဒ္ဓေါဒနော
၃၁၄	၆	ဇရာဗျာဓိဓိမတျုစိ	ဇရာဗျာဓိဓုမတျုဥ္စ
၃၄၉	၁၆	ဘုရားကျောင်းတိုက်	ဘုရားကြီးကျောင်းတိုက်
၄၇၆	၆	နောင်ခွင်ဆရာတော်	တောင်ခွင်ဆရာတော်
၄၇၉	၆	သိက္ခသတ္ထေ စ	သိက္ခိသတ္ထေ စ
၄၉၁	၂၉	ပဂ္ဂဏ္ဟေယျ စ	ပဂ္ဂဏှေယျ စ
၅၁၁	၅	ဦးကုလိသ	ဦးကုလိန
၆၀၉	၂၀	ဝိသုတေ	ဝိသုတေ စ
၆၃၄	၂၃	ဆရာတော်သည်—	ဆရာတော်သည် ကျမ်းဂန်များကို လည်း ပြုစုတော်မူခဲ့သည်၎ငင်း တို့မှာ—

ကျန်ချုတ်ယွင်းချက် အနည်းငယ်တို့ကိုလည်း ပညာရှင်တို့ ပြင်ဆင်ကြည့်ရှုကြပါကုန်။

ကျွန်ုပ်တို့မြတ်ဗုဒ္ဓ

မဟာဝိသုတာရာမ ဂဏဝါစကနိကာယကြီးသည် ကြီးကျယ်သော ဂိုဏ်းဂဏကြီး ဖြစ်သည်၊ ၎င်းဂိုဏ်းဂဏဝင်များသည် နိကာယ် ၅-ရပ် ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ချပို့ သင်ကြားကြသည့် သာသနာဝင် သမိုင်းပြောင်သည့် ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကြလေသည်။

ဘီ-စီ ၆-ရာစု မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညဉ့်မိုးသောက်ယာမ် အရဏ်မတက်မီ ဝိသာခါနက္ခတ်နှင့် ယှဉ်သောအခါ၌ မြတ်စွာဘုရား ပင့်တော်မူခဲ့လေသည်၊ မြတ်စွာဘုရားလက်ထက်တော်တွင် အဂ္ဂမဟာသာဝကများ အပါအဝင် အသီတိမဟာသာဝကများနှင့် များစွာသော ပကတိသာဝက ခေါင်းဆောင်များ ပေါ်ထွန်းခဲ့ပြီး သာသနာပြုတော်မူကြသဖြင့် မဇ္ဈိမတိုက်၌ ဘုရားရှင်သာသနာ လွန်စွာထွန်းကား စည်ပင်ခဲ့လေသည်။

ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် ၃-လလွန်မြောက် လေးလအရောက်တွင် အရှင် မဟာကဿပ အမှူးရှိသော ရဟန္တာ ၅၀၀-တို့သည် မာဂဓတိုင်း ရာဇဂြိုဟ်မြို့တော်၌ အဇာတသတ် မင်း၏ အကူအညီဖြင့် ပဌမသံဂါယနာ တင်ခဲ့ကြကာ သာသနာပြုတော်မူခဲ့ကြသည်၊ ဘုရားရှင် နိဗ္ဗာန်ဝင်စံပြီး အနှစ် ၁၀၀-မြောက်တွင် အရှင်မဟာယသ အမှူးရှိသော ရဟန္တာ ၇၀၀-တို့ ဒုတိယ အကြိမ် သံဂါယနာတင်တော်မူကြ၍ သာသနာပြုတော်မူခဲ့ကြသည်။ သာသနာသက္ကရာဇ် ၂၃၅-ခုနှစ်တွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် အမှူးရှိသော ရဟန္တာ ၁၀၀၀-တို့သည် ဓမ္မာသောကမင်းကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် သံဂါယနာတင်၍ သာသနာပြုတော်မူခဲ့လေသည်။

တတိယ သံဂါယနာပွဲကြီး အပြီး အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် မဇ္ဈန္တိကထေရ်ကို ကဿမီရဂန္ဓာရတိုင်း, မဟာဒေဝထေရ်ကို မဟိံသကတိုင်း, ရက္ခိတထေရ်ကို ဝနဝါသီအရပ်, ယောနက-ဓမ္မရက္ခိတထေရ်ကို အပရန္တတိုင်း, မဟာဓမ္မရက္ခိတထေရ်ကို မဟာရဋ္ဌတိုင်း, မဟာရက္ခိတထေရ်ကို ယောနကပြည်, မဇ္ဈိမထေရ်ကို ဟိမဝန္တာအရပ်, သောဏထေရ်နှင့် ဥတ္တရထေရ်ကို သုဝဏ္ဏဘူမိ, မဟိန္ဒထေရ်ကို သီဟိုဠ်ကျွန်းသို့ သာသနာပြုစေလွှတ်တော်မူသည်။

မဟိန္ဒထေရ်ကြောင့် သီဟိုဠ်သာသနာစည်ပင်ခြင်း

အရှင်မဟိန္ဒထေရ် ခေါင်းဆောင်သော သာသနာပြုအဖွဲ့သည် သာသနာသက္ကရာဇ် ၂၃၆-ခုနှစ် နယုန်လပြည့်နေ့ သီဟိုဠ်ကျွန်းအနုရာဓမြို့ မိဿကတောင်သို့ ရောက်ရှိလေသည်၊ မထေရ်မြတ်သည် ဒေဝါနံပိယတိဿမင်း၏အကူအညီဖြင့် သာသနာပြုခဲ့ရာ များစွာ ခရီးရောက်လေသည်၊ အထူးသဖြင့် မဟိန္ဒထေရ်သည် မဟာဝိဟာရကျောင်းတိုက်ကြီးကို ဒေဝါနံပိယတိဿမင်းထံမှ အလှူခံတော်မူပြီး သာသနာပြုခဲ့ရာ မဟာဝိဟာရဝံသိကသံဃာဂိုဏ်းသည် သာသနာ၌ များစွာ ထင်ရှားလေသည်၊ ပခုက္ကူမဟာဝိသုတာရာမကျောင်းတိုက်ကြီး၌လည်း မဟာဝိဟာရ အနွယ်

အဆက် သံဃာတော်များ ကျင့်သုံးသည့်လမ်းစဉ်ကို ကျင့်သုံးကာ နိဂၢဟ်ငါးရပ်, ပိဋ္ဌကတ်သုံးပုံ, ပါဠိ အဋ္ဌကထာ, ဋီကာတို့ကို ချပို့လွှက်ရှိသဖြင့် မဟာဝိဟာရဂိုဏ်းဝင် အနွယ်အဆက် စာပေ ပညာရှင်တို့၏ ဖြစ်စဉ်နှင့်ကျမ်းပြုပုံ စသည်တို့ကို သိရှိရန် လိုအပ်ပါသဖြင့် အကျဉ်းမျှ ဤကျမ်းဦး မှတ်ဖွယ်၌ ထုတ်ပြအပ်ပါသည်။

ဝိနည်းဓိုရ် အရှင်ဥပတိဿထေရ်

အရှင်ဥပတိဿထေရ်သည် သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၄၀၀—၄၈၀ အတွင်း၌ ပေါ်ထွန်းသည့် မထေရ်မြတ် ဖြစ်သည်၊ မထေရ်မြတ်သည် အရှင်ဖုဿဒေဝထေရ်နှင့် ဆရာတူတပည့် ဖြစ်သည်၊ မထေရ်မြတ် ၂-ပါးလုံးတို့သည် သီဟိုဠ်ဗြာဟ္မဏတိဿ (ဗြာဟ္မဏတီယ)သူပုန်ဘေး ဆိုက်ရောက်ချိန် ဝိနည်းပိဋကတ်ကို နှုတ်ဖြင့်ဆောင်ခဲ့ကြသော မထေရ်မြတ်တို့ ဖြစ်သည်၊ ယင်း ၂-ပါး အနက် ဥပတိဿထေရ်သည် ဖုဿဒေဝထေရ်ထက် ပို၍ ထက်မြက်သော ဉာဏ်ပညာရှိသတတ်၊ ဥပတိဿထေရ်သည် ဝိနည်းဆုံးဖြတ်မှု၌ လွန်စွာကျွမ်းကျင်သော မထေရ်မြတ်ဖြစ်ကြောင်း ဝိ၊ ဋ္ဌ၊ ၂။ ၅၄၊ ၂၀၈၊ ၂၃၃၊ ၂၆၄၊ ၂၉၃။ စသည်တို့ဖြင့် သိနိုင်သည်။

မထေရ်မြတ်သည် အခါအားလျော်စွာ ၅၀၀—ငါးရာအောက်, ငါးရာအထက် အရေအတွက် ရှိသော တပည့်ရဟန်းတော်တို့အား ဝိနည်းသင်ကြားပေးခဲ့သော မထေရ်မြတ်ဖြစ်ကြောင်း ဝိ၊ ဋ္ဌ၊ ၁။ ၂၂၃။ စသည်တို့ဖြင့် သိနိုင်လေသည်။ မထေရ်မြတ်သည် ဝိနည်းသာမကပဲ သုတ္တန်အဘိဓမ္မာ ၌လည်း ကျမ်းကျင်လေသည်၊ ဝိမုတ္တိမဂ်ကျမ်းကိုလည်း ဖော်ပြပါ အရှင်ဥပတိဿထေရ်ပင် ရေးခဲ့ကြောင်း သိဘိုင့်ပညာရှင်တို့ ဖော်ပြကြသည်။

အရှင်ပဒုမထေရ်နှင့် အရှင်ပဟာသုပထေရ်

အရှင်ဥပတိဿထေရ်၏ တပည့်များအနက် အရှင်ပဒုမထေရ်နှင့် အရှင်မဟာသုမထေရ်မှာ ဝိနည်းတတ်ပညာရှင် တပည့်တို့အဖြစ် သာသနာ၌ လွန်စွာကျော်ကြားလေသည်၊ မဟာပဒုမထေရ်မှာ ဝိနည်းပိဋကတ်ကို ၁၀-ခေါက်တိုင်မြောက်အောင် သင်ယူကြားခဲ့သည့် ဝိနည်းဓိုရ်မထေရ်မြတ် ဖြစ်သည်။ အရှင်မဟာသုမထေရ်မှာ ဝိနည်းကို ၉-ခေါက် သင်ယူခဲ့သည့် မထေရ်မြတ် ဖြစ်သည်၊ မဟာသုမထေရ်၏ ဥပဇ္ဈာယ်ဆရာမှာ အရှင်အနုရုဒ္ဓထေရ် ဖြစ်ကြောင်း ဝိ၊ ဋ္ဌ၊ ၂။ ၂၇၈။ ၌ တွေ့ရသည်၊ ထိုမထေရ်မြတ်တို့မှာ သာသနာသက္ကရာဇ် ၄၅၀-နှစ် ပေါ်ထွက်ကာရှင် စတုတ္ထသံဂါယနာတင် ရွေတန်းမှပါဝင်သော မထေရ်မြတ်တို့ ဖြစ်တော်မူကြပေမည်။

အရှင်တိပိဋက စူဠနာဂမဟာထေရ်

အရှင်တိပိဋကစူဠနာဂမထေရ်သည် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီး၌ လွန်စွာထင်ရှားသော မထေရ်မြတ် ဖြစ်သည်၊ မထေရ်မြတ်သည် သာသနာသက္ကရာဇ် ၄၂၅-၅၃၀—အတွင်းက ပေါ်ထွန်းခဲ့ကြသည်၊ မထေရ်မြတ်သည် ဒီဃဘာဏဝါသီ အရှင်သုမထေရ်၏ တပည့်ဖြစ်ကြောင်း ဝိ၊ ဋ္ဌ၊ ၁။ ၁၅၉။ ဝံ၊ ဋ္ဌ၊ ၂။ ၃၀။ အဘိ၊ ဋ္ဌ၊ ၂။ ၃၂၇။ တို့၌ တွေ့ရသည်၊ မထေရ်မြတ်

သည် သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက်ရှိ လောဟမဟာပါသာဒပြာသာဒ်၌ သီတင်းသုံး၍ တရားဓမ္မ ဟောပြခဲ့ပို့သော မထေရ်မြတ်ဖြစ်ကြောင်းကို သံ၊ ဋ္ဌ၊ ၂။ ၂၅၄။စသည်တို့ဖြင့် သိနိုင်သည်။

မထေရ်မြတ်၏ ဆဆက္ကသုတ္တန်တရားပွဲ

မထေရ်မြတ်သည် သီဟိုဠ်ကျွန်း အမွှေလကာဠကကျောင်း၌ ဥပရိပဏ္ဏာသ ဆဆက္ကသုတ္တန်ကို ဟောတော်မူဘူးသည်၊ ထိုတရားပွဲ၌ လူပရိသတ်ကြီး တဂါဝုတ်ပမာဏ ရှိလေသည်၊ နတ်ပရိသတ်ကြီးမှာ ယူဇနာမျှ ရှိလေ၏၊ ရဟန်းတော် ထောင်ပေါင်းများစွာလည်း တရားနာကြရာ တထောင်မျှရဟန်းတို့ ရဟန္တာ ဖြစ်ကြကြောင်း မ၊ဋ္ဌ၊၄။ ၂၄၇။၌ တွေ့ရသည်၊ ၎င်းပြင် သာသနာသက္ကရာဇ် ၄၄၀-၄၄၆-စူဠသိဝမဟာထေရ်၊သာသနာသက္ကရာဇ် ၄၄၀-၄၆၇-လောက်က မဟာသောဏမဟာထေရ်၊ ဝတ္တဗ္ဗကနိဂြောဓ မဟာထေရ်၊ မဟာဘယမဟာထေရ်၊ သာသနာသက္ကရာဇ် ၄၄၀-၄၈၀-လောက်က စူဠသုမ္မမဟာထေရ် စသည့် မထေရ်မြတ်တို့သည်လည်း သာသနာ့ဝန်ဆောင်မထေရ်မြတ်များ ဖြစ်ကြလေသည်၊ ၎င်းပြင် အရှင်မဟာဗုဒ္ဓဃောသအစရှိသော သာသနာပြု ဂန္ထဝင်ကျော် စာဆိုတော်မြတ်ကြီးတို့၏ ဖြစ်စဉ်ကိုလည်း ဤကျမ်းဦးမှတ်ဖွယ်၌ ဖော်ပြအပ်ပါသည်။

အရှင်မဟာဗုဒ္ဓဃောသမဟာထေရ်

ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်းလိုလို အရှင်ဗုဒ္ဓဃောသ၏ နာမည်ကို ကြားဘူးကြသည်၊ အရှင်မဟာဗုဒ္ဓဃောသကို ကြည်ညိုကြသည်၊ အထူးသဖြင့် ပခုက္ကူ မဟာဝိသုတာရာမတိုက်ဌက ဝိဇ္ဇာလယကြီး၌ အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာကျမ်းများကိုလည်း သင်ကြားချပို့လျက် ရှိသဖြင့် နိကာယဝင်များနှင့် အခြားသောသုတေသီတို့ အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန် ဤ၌ အရှင်မဟာဗုဒ္ဓဃောသ၏ အဖြစ်တော်စဉ်ကို အကြားအမြင် အတွေ့အကြုံတို့ဖြင့် ဉာဏ်မှီသမျှ ဖော်ပြအပ်ပါသည်။

ဖွားမြင်ခြင်း, အတတ်အမျိုးမျိုး ကျမ်းကျင်တတ်မြောက်ခြင်း

အရှင်ဗုဒ္ဓဃောသသည် ဘာရတဝဿခေါ်သော အိန္ဒိယနိုင်ငံ၏ အလယ်ချက်မ ဗဟိုကျသော မဇ္ဈိမဒေသအပါအဝင် ဗောဓိမဏ္ဍိုင်အနီး ဗုဒ္ဓဂယာအရပ်ဒေသနယ်ပယ်၌ ဖွားမြင်ခဲ့သော ပုဏ္ဏားလုလင်တယောက် ဖြစ်သည်၊ သူသည် ဝိဇ္ဇာခေါ်သောအတတ်ပညာ, သိပ္ပအမည်ရသော အတတ်, ကလာဟုဆိုအပ်သော သိဆို တီးမှုတ်ခြင်းစသော ၆၄-ပါးသော အတတ်တို့ကို တတ်မြောက်သည်သာမက ဣရု, သာမ, ယဇု-ခေါ်သော ဝေဒ ၃-ကျမ်း (ဗေဒင် ၃—ပုံ)တို့၌လည်း ပါရဂူမြောက် ပေါက်ရောက်တတ်သိသည့် ပုဂ္ဂိုလ်ထူး ဖြစ်လေသည်။

ဗောဓိမဏ္ဍာသမီပမှိ၊ ဇာတော ဗြာဟ္မဏမာဏဝေါ။
ဝိဇ္ဇာသိပ္ပကလာ ဝေဒီ၊ တီသု ဝေဒေသု ပါရဂေါ။

(မဟာဝံသ၊ ၃၇၊ ၂၁၅။)

အယူဝါဒအမျိုးမျိုးကျမ်းကျင် ဇမ္ဗူဒိပ်လှည့်ဝါဒပြိုင်

သူသည် အယူဝါဒအမျိုးမျိုး၌ ဂိုးကဲ့သို့ငပ္ဒ ကျေညက်ကျမ်းကျင်တတ်မြောက်သဖြင့် ဝါဒအားလုံးတို့၌ ရဲရင့်လှပေသည်၊ အခြေအတင်ဝါဒပြောဆိုခြင်း စကားစစ်ပွဲ ဝါဒစစ်ပွဲ နွဲလိုရကား အိန္ဒိယနိုင်ငံ ဇမ္ဗူဒိပ်လျှန်း၌ လှည့်လည်ကာ ဝါဒပြိုင်ဆိုင် ပြောဆိုခဲ့လေသည်။

သမ္မာ ဝိညာတသမယော၊ သမ္မဝါဒဝိသာရဒေါ။
ဝါဒကြီ ဇမ္ဗုဒီပမှိ၊ အာဟိဏ္ဍန္တော ပဝါဒိဂဏာ။

(မဟာဝံသ၊ ၃၇၊ ၂၁၉။)

ကျောင်းတိုက်တတိုက်ရောက်၍ ပတဉ္ဇလိဝါဒကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း

ဤသို့ဖြင့် လှည့်လည်၍ ဝါဒပြိုင်ပွဲ နွဲလျက်ရှိရာ ကျောင်းတိုက်တတိုက်သို့ရောက်၍ ညဉ့် အချိန်အခါ၌ ပုဒ်ပါဠိအက္ခရာ အပြည့်အစုံ အသံနေအသံထားညီညွတ်စွာဖြင့် ပတဉ္ဇလိ၏ အယူဝါဒကို ပြန်လည်သုံးသတ် ရွတ်ဖတ်သရဇ္ဈာယ်လေတော့သည်။

ဝိဟာရမေကံ အာဂမှ၊ ရတ္တိံ ပါတဉ္ဇလိမတံ။
ပရိဝတ္တေသိ သမ္မုဇ္ဇော-ပဒံ သုပရိမဇ္ဇလံ။

(မဟာဝံသ၊ ၃၇၊ ၂၁၆။)

အရှင်ရေဝတနှင့်တွေ့ခြင်း, အရှင်ရေဝတမေးသမျှဖြေခြင်း

ထိုကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသော အရှင်ရေဝတအမည်ရသော မထေရ်မြတ်က ဤသူကား သာမာန်လူသား အညံ့စား မဟုတ်ပါတကား၊ ပညာဉာဏ်ကြီးမားသူပေတည်း၊ ဆုံးမရန် သင့်လျော်ထိုက်တန်၏ဟု သိရကား အရှင်ရေဝတမထေရ်မြတ်က မြည်း၏အသံဖြင့် မြည်တွန်နေသူကား အဘယ်သူနည်းဟု မေးမြန်းမိန့်ဆိုလေရာ ဗုဒ္ဓဃောသလောင်းလျာ ပုဏ္ဏားလုလင်ကား အရှင်ရေဝတမထေရ်မြတ်အား မြည်း၏အသံ၌ အနက်အဓိပ္ပါယ်ကို သိရှိနားလည်ပါ၏လောဟု ပြန်၍ မေးလေ၏၊ ထိုအခါ မထေရ်မြတ်က သိပါသည်ဟု မိန့်ဆိုလတ်သော် ပုဏ္ဏားလုလင်က မိမိအယူဝါဒကို တင်ပြလေ၏၊ မေးသမျှကို မထေရ်ကဖြေကြားသည့်ပြင် ချွတ်ယွင်းသည်ကိုလည်း ကောက်ပြလေ၏။

တတ္ထကော ရေဝတော နာမ၊ မဟာထေရော ဝိဇာနိယ။
မဟာပညော အယံ သတ္တော၊ ဒမေတုံ ဝဋ္ဋတီတိ သော။

ကော နု ဂဒြဘရာဝေန၊ ဝိရဝန္တော်တိ အဗြဝိ။
ဂဒြဘာနံ ရဝေ အတ္ထံ၊ ကိံ ဇာနာသီတိ အာဟ တံ။

အဟံ ဇာနေ'တိ ဝုတ္တော သော၊ သြတာရေသိ သကံ မတံ။
ဝုတ္တံ ဝုတ္တံ ဝိယာကာသိ၊ ဝိရောဓမ်ိ စ ဒဿယိ။

(မဟာဝံသ၊ ၃၇၊ ၂၁၈၊ ၂၁၉၊ ၂၂၀။)

အဘိဓမ္မာအနက်မသိခြင်း, ရဟန်းပြုခြင်း

တပည့်တော်မေးသမျှကို အရှင်ဘုရားက ဖြေလိုက်ပါပြီ, တပည့်တော်၏မှားယွင်းချက်ကိုလည်း အရှင်ဘုရား ထောက်ပြခဲ့ပါပြီ၊ သို့ဖြစ်သဖြင့် အရှင်ဘုရားကလည်း မိမိဝါဒကို တင်ပြပါဦးလော့ဟု လုလင်က တိုက်တွန်းလျှောက်သဖြင့် အရှင်ရေဝတက အဘိဓမ္မာပါဠိတော်ကို ဟောပြသောအခါ လုလင်မှာ အဘိဓမ္မာပါဠို၏ အနက်အဓိပ္ပါယ်သဘောသကန်ကို မသိနိုင်ပဲရှိလေသဖြင့် ဤဗေဒင်ကား အဘယ်သို့သော ဗေဒင်ပါနည်းဟု မေးလျှောက်ရာ ဤဗေဒင်ကား ဘုရားရှင်၏ဗေဒင် ဗုဒ္ဓမန္တန်ဖြစ်ပေသည်ဟု မိန့်ဆိုရာ တပည့်တော်သင်ပါရစေဟု လျှောက်ထားသောအခါ ရဟန်းပြုပြီးမှ သင်ပေးမည်ဟု မိန့်သဖြင့် ဗုဒ္ဓဗေဒင်ကို သင်ကြားလိုသည့်အတွက် ရှင်ရဟန်းပြုပြီးလျှင် ပိဋကတ် ၃-ပုံကို သင်ကြားလေတော့သည်၊ နောင်အခါတွင် ဤတရားတော်မြတ်ကား တကြောင်းတည်း၁သော လမ်းဖြစ်သည်ဟု ထိုတရားကို သဘောပေါက်သွားလေ၏။

တေန ဟိ တံ သကံ ဝါဒ–မောတာရေဟီတိ စောဒိတော။
ပါဋိမာဟာဘိဓမ္မဿ၊ အတ္ထမဿ နု သော'ဓိဂါ။

အာဟ ကဿော'သ မန္တော်တိ၊ ဗုဒ္ဓမန္တော်တိ သော ဗြဝိ။
ဒေဟိ မေ တန္တိ ဝုတ္တော ဟိ၊ ဂဏှ ပဗ္ဗဇ်တံ ဣတိ။

မန္တတ္ထိ ပဗ္ဗဇိတ္ဝာ သော၊ ဥဂ္ဂဏှိ ပိဋကတ္တယံ။
ကောယနော အယံ မဂ္ဂေါ၊ ဣတိ ပစ္ဆာ တမဂ္ဂဟိ။

(မဟာဝံသ၊ ၃၇၊ ၂၂၁၊ ၂၂၂၊ ၂၂၃။)

ဗုဒ္ဓဃောသအာမည်ရခြင်း

ပိဋကတ်ကို တိုတောင်းစွာသော ကာလအတွင်း သဘောပေါက် တတ်မြောက်ခဲ့သော အဋ္ဌကထာကျမ်းပြုလောင်းလျာ၏ ဘုရားမြတ်စွာ၏ အသံတော်ပမာ အသံ၏သာယာမည်ဟိန်းပုံကို ထောက်ဆကြ၍ ဘုရားမြတ်စွာကဲ့သို့ပင် မြေအပြင်တွင် ထင်ရှားသည့်ပုဂ္ဂိုလ် ဖြစ်လိမ့်မည်ဟု နှုလုံးပြုကြကာ ဗုဒ္ဓဃောသဟု ဥပဇ္ဈာယ်ဆရာတို့က မှည့်ခေါ်ဝေါ်ကြလေသည်။

ဗုဒ္ဓဿ ဝိယ ဂမ္ဘီရ-ဃောသတ္တာ တံ ဝိယာကရုံ။
ဗုဒ္ဓဃောသောတိ ဃောသော ဟိ၊ ဗုဒ္ဓေါ ဝိယ မဟီတလေ။

ဉာဏောဒယကျမ်းနှင့် အဋ္ဌသာလိနီကျမ်းကို ပြုစုခြင်း

အရှင်မဟာဗုဒ္ဓဃောသရဟန်းတော်သည် ထိုကျောင်းတိုက်၌ပင် ဉာဏောဒယမည်သောကျမ်းကို စီရင်ပြီးလျှင် ဓမ္မသင်္ဂဏီပါဠိတော်၏အဖွင့်ဖြစ်သော အဋ္ဌသာလိနီကျမ်းကို စီရင်တော်မူလေသည်။

တတ္ထ ဉာဏောဒယံ နာမ၊ ကတ္ဆာန ပကရဏံ တဒါ။
ဓမ္မသင်္ဂဏိယာ ကာသိ၊ ကစ္ဆံ သော အဋ္ဌသာလိနိံ။

(မဟာဝံသ၊ ၃၇၊ ၂၂၅။)

ဉာဏောဒယကျမ်းသည် မိလိန္ဒပဉ္ဉာကျမ်းဖြစ်သည်၊ ဤမဟာဝံသဂါထာ ဉာဏောဒယအရ ဉာဏောဒယကျမ်းဟူသည် မိလိန္ဒပါဠိဖြစ်ကြောင်း သိဟိုဠ်ကျန်း ဝိဇ္ဇောဒယတက္ကသိုလ် ဗုဒ္ဓဘာသာဌာနမှူး အာနန္ဒာမေတ္တေယျက သိဟိုဠ်မိလိန္ဒပဉ္ဉပါဠိတော်နိဒါန်း၌ ဖော်ပြခဲ့သည်။

မိလိန္ဒဋီကာအဆို

မိလိန္ဒပဉ္ဉဋီကာကို ရေးသားဖွင့်ဆိုခဲ့သူ တိပိဋကစူဠာဘယထေရ်က မိလိန္ဒဋီကာ သိဟိုဠ်မူ ၃၇၁-၌ "ဣမာ ပဉ္ဍ ဂါထာ ကေန ကတာတိ စောဒနာ ဘဒန္တဗုဒ္ဓဃောသာစရိယေန ကတာတိ ပရိဟာရော နကေဝလံ ပဉ္ဍ ဂါထာဝ ထေရရာဇဝံသေနပိ အညံ ပုဗ္ဗပရဝံသနမ္ပိ တေန ဝုတ္တံ" ဟူသော စကားဖြင့် မိလိန္ဒပဉ္ဉပါဠိတော်လာ—

မိလိန္ဒော နာမ သော ရာဇာ၊ သာဂလာယံ ပုရုတ္တမေ။
ဥပဂဠွိ နာဂသေန-ဂဂ်ါ စ ယထာ သာဂရံ။

စသော ၅-ဂါထာနှင့် အရှင်နာဂသိန် မထေရ်၏ အဖြေစကားများ မိလိန္ဒဘုရင် အမေးစကားများ ကျန်ရှေနောက် စကားရပ်များကို အရှင်မဟာဗုဒ္ဓဃောသထေရ် မိန့်ဆိုကြောင်း ဖွင့်ပြသည်၊ ထိုကိုထောက်၍ အရှင်အာနန္ဒာမေတ္တေယျ သိဟိုဠ်ပညာရှင်သည် ဉာဏောဒယကျမ်းဟူသည် ဉာဏ်ကိုတိုးပွါးစေတတ်သော မိလိန္ဒပဉ္ဉကျမ်းဟု ဆုံးဖြတ်ခြင်းဖြစ်သည်။

အဋ္ဌသာလိနီကျမ်းကို သိဟိုဠ်ကျမှရေးသားခြင်း

ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာကို သိဟိုဠ်ကျမှ ရေးသားကြောင်း အဋ္ဌကထာ၌ လာသော သိဟိုဠ်ဝတ္ထု ဖြစ်စဉ်ဖြစ်ရပ်တို့ဖြင့် ထင်ရှားလှသည်၊ သို့ဖြစ်၍ ဓမ္မ-

သင်္ဂနီယာ' ကာသိဒ္ဓ အကာသိကို ပြုစီရင်ရန် အားထုတ်ပြီဟု ကြံဆသင့်ကြောင်း ပညာရှင်တို့ မိန့်ဆိုကြသည်။

ပရိတ္တအဋ္ဌကထာကို ရေးသားရန် အားထုတ်ခြင်း အရှင်ရေဝတမိန့်ခြင်း

ထိုပြင် ပညာတံခွန် လူရည်ချွန် အရှင်မဟာဗုဒ္ဓဃောသသည် ပရိတ္တအဋ္ဌကထာကို ရေးသားပြုပြင် စီရင်ရန် အားထုတ်လေသည်။

ပရိတ္တအဋ္ဌကထာဟူသည် ခုဒ္ဒကပါဌအဋ္ဌကထာ

ဤ၌ ပရိတ္တအဋ္ဌကထာဟူသည်လည်း ငယ်သောအဋ္ဌကထာ ခုဒ္ဒကပါဌအဋ္ဌကထာ ဖြစ်ကြောင်း သီဟိုဠ်ပညာရှိ အာနန္ဒာမေတ္တေယျထေရ်က စာရေးသူအား အမိန့်ရှိဘူးလေသည်။

ပရိတ္တအဋ္ဌကထာဟူသည် အဋ္ဌကထာကျဉ်း

ပရိတ္တအဋ္ဌကထာ ဟူသည် အဋ္ဌကထာကျဉ်း ဟူ၍လည်း ဒေါက်တာ မာလလာဆေကရက Dictionary of Paliproper Names ၌ ဖော်ပြခဲ့သည်။

ထိုအကြောင်းသို၍ အရှင်ရေဝတထေရ် မိန့်သည်မှာ—

> ငါ့ရှင် ဗုဒ္ဓဃောသ ငါတို့ပျော်ကြ ဘာရတဝဿခေါ်သော ဤ ဇမ္ဗူဒိပ်ကျွန်း အရပ်ဒေသ၌ ဘုရားဟော ပါဠိမျက်သာလျှင် ဆောင်ရွက်လေ့ကျက်ကြ၏၊ ပါဠိကို ဖွင့်ပြရာအဋ္ဌကထာ များလည်း မရှိခဲ့ကြပါခြေ၊ ထိုနည်းတူစွာပင် ကဲ့ပြားသော အာစရိယဝါဒတို့လည်း မရှိကြခြေ။
>
> ပရိတ္တဋ္ဌကထဥ္စေဝ၊ ကာတု'မာရဘိ ဗုဒ္ဓိမာ။
> တံ ဒိသ္ဝာ ရေဝတော ထေရော၊ ဣဒံ ဝစနမဗြဝိ။
>
> ပါဠိမတ္တမိဓာနီတံ၊ နတ္ထိ အဋ္ဌကထာ ဣဓ။
> တထာစရိယဝါဒါ စ၊ ဘိန္နရူပါ နု ဝိဇ္ဇရေ။
>
> (မဟာဝံသ၊ ၃၇၊ ၂၂၆၊ ၂၂၇။)

သီဟိုဠ်အဋ္ဌကထာကို မာဂဓပြန်ရန် တိုက်တွန်းခြင်း

ထို့ပြင် အရှင်ရေဝတမဟာထေရ်က ဆက်လက်၍ ငါ့ရှင် ဗုဒ္ဓဃောသ ပဌမ, ဒုတိယ, တတိယ သံဂါယနာ ၃-တန်တင်အပ်ပြီးဖြစ်သော ဘုရားဟော ဒေသနာတော် အပေါင်းနှင့် အရှင် သာရိပုတ္တရာ အစရှိသော မဟာထေရ်မြတ်တို့ ဟောဖော်မြွက်ကြားအပ်သော ဒေသနာတော်အစုကို ကြည့်ရှုဆင်ခြင်တော်မူ၍ အရှင်မဟိန္ဒအမည်ရသော ဒီပပွဿဒက ဆဋ္ဌောဘိည ပဋိသမ္ဘိဒါပတ္တ ပညာရှင်မထေရ်မြတ်သည် သီဟိုဠ်ဘာသာဖြင့် စီရင်ရေးသားခဲ့သော သန့်ရှင်းစင်ကြယ်လှသော သီဟိုဠ်အဋ္ဌကထာသည် သီဟိုဠ်ကျွန်း၌ သုံးစွဲတည်ရှိလျက် ရှိပေ၏၊ ငါ့ရှင်သည် သီဟိုဠ်သို့သွား၍ ဖော်ပြပါ သီဟိုဠ်အဋ္ဌကထာကို မာဂဓ တိုင်းသားတို့၏ အသုံးအနှုန်း ပါဠိစကားလုံးဖြင့် ပြန်ဆို ရေးသားပါလော့ ပြန်ဆိုရေးသားစေချင်ပါ၏၊ ထိုပါဠိဘာသာ အဋ္ဌကထာသည် တလောကလုံး၏ အကျိုး အစီးအပွါးကို ထွန်းကားစေလိမ့်မည်ဟု မိန့်တော်မူလေသည်။

ထို့ပြင် အရှင်ရေဝတမဟာထေရ်က ဆက်လက်၍ ငါ့ရှင် ဗုဒ္ဓဃောသ ပဌမ, ဒုတိယ, တတိယ သံဂါယနာ ၃-တန်တင်အပ်ပြီးဖြစ်သော ဘုရားဟော ဒေသနာတော် အပေါင်းနှင့် အရှင် သာရိပုတ္တရာ အစရှိသော မဟာထေရ်မြတ်တို့ ဟောဖော်မြွက်ကြားအပ်သော ဒေသနာတော်အစုကို ကြည့်ရှုဆင်ခြင်တော်မူ၍ အရှင်မဟိန္ဒအမည်ရသော ဒီပပွဿဒက ဆဋ္ဌောဘိည ပဋိသမ္ဘိဒါပတ္တ ပညာရှင်မထေရ်မြတ်သည် သီဟိုဠ်ဘာသာဖြင့် စီရင်ရေးသားခဲ့သော သန့်ရှင်းစင်ကြယ်လှသော သီဟိုဠ်အဋ္ဌကထာသည် သီဟိုဠ်ကျွန်း၌ သုံးစွဲတည်ရှိလျက် ရှိပေ၏၊ ငါ့ရှင်သည် သီဟိုဠ်သို့သွား၍ ဖော်ပြပါ သီဟိုဠ်အဋ္ဌကထာကို မာဂဓ တိုင်းသားတို့၏ အသုံးအနှုန်း ပါဠိစကားလုံးဖြင့် ပြန်ဆို ရေးသားပါလော့ ပြန်ဆိုရေးသားစေချင်ပါ၏၊ ထိုပါဠိဘာသာ အဋ္ဌကထာသည် တလောကလုံး၏ အကျိုး အစီးအပွါးကို ထွန်းကားစေလိမ့်မည်ဟု မိန့်တော်မူလေသည်။

သီဟဠဒ္ဒကထာ သုဒ္ဓါ၊ မဟိန္ဒေန မတီမတာ။
သံဂီတိတ္တယမာရုဠ်ဟံ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။

သာရိပုတ္တာဒိဂီတံ စ၊ ကထာမဂ္ဂံ သမေက္ခိယ။
ကတာ သီဟဠဘာသာယ၊ သီဟဠေသု ပဝတ္တတိ။

တံ တတ္ထ ဂန္ဆာ သုတ္ဝာ တုံ၊ မာဂဓေနံ နိရုတ္တိယာ။
ပရိဝတ္တေဟိ သာ ဟောတိ၊ သဗ္ဗလောကဟိတာဝဟာ။

(မဟာဝံသ၊ ၃၇၊ ၂၂၈၊ ၂၅၉၊ ၂၃၀။)

မဟာနာမမင်းလက်ထက် သီဟိုဠ်ကျွန်း ဗုဒ္ဓဿောသထေရ် ရောက်ခြင်း

သီဟိုဠ်ကျွန်းဌ် သာသနာသက္ကရာဇ် ၉၅၅-ခုနှစ်တွင် ဒုတိယ ဥပတိဿမင်း၏ မိဖုရားသည် ရဟန်းပြုနေသော ဥပတိဿမင်း၏ ညီတော် မဟာနာမကို ချစ်စပျိုး ချစ်ကြိုး သွယ်မိရကား မိမိ အရှင်သခင် လင်ဖြစ်သော ဥပတိဿကို မားဖြင့် နေရာတွင် ပဲ့ချင်းပြီးထိုးသတဲ့ခဲ့သည်၊ ရဟန်းပြုနေသော မဟာနာမသည် မိဖုရားရန်မှကြောက်သဖြင့် လူထွက်ခဲ့ကာ နောင်တော်သတ် မိဖုရားကို သိမ်းပိုက်၍ မင်းပြုရလေသည်။

ရညော တဿ ကနိဋ္ဌေန၊ မဟာနာမေန ဝလ္လဘာ။
ဒေဝီ သတ္ထံ နိပါတေတွာ၊ တမဋ္ဌာနမ္ပိ မာရယိ။

ပဗ္ဗဇိတွာ ကနိဋ္ဌော သော၊ ဇိဝမာနမ္ပိ ဘာတရိ။
ဟတေ ရာဇိနိ ဘီတာယ၊ အာဝတ္တိတ္ဝာ'သိ ဘူပတိ။
မဟေသိံ အတ္တနောကာသိ၊ မဟေသိံ ဘာတုဃာတိနိံ။

(မဟာဝံသ၊ ၃၇၊ ၂၀၉၊ ၂၁၀၊ ၁၁၁။)

အရှင်ဗုဒ္ဓဃောသသည် အရှင်ရေဝတ၏ မိန့်ကြားချက်ကို နှစ်သက်ဝမ်းမြောက်စွာ လက်ခံခဲ့ပြီး ဖော်ပြပါ မဟာနာမမင်းလက်ထက် သာသနာသက္ကရာဇ် ၉၅၅-ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ ဖဲခွါခဲ့ကာ လင်္ကာခေါ်ဆို သီဟိုဠ်ကျွန်းသို့ ဆိုက်ရောက်လေတော့သည်။

ဧဝံ ဝုတ္တော ပသန္နော သော၊ နိက္ခမိတွာ တတော ဣမံ။
ဒီပမာဂါ ဣမဿေဝ၊ ရညော ကာလေ မဟီပတိ။

(မဟာဝံသ၊ ၃၇၊ ၂၃၁။)

အရှင်သံဃပါလထံ သီဟိုဠ်အဋ္ဌကထာနှင့် ထေရဝါဒကို သင်ယူခြင်း

အရှင်မဟာဗုဒ္ဓဃောသသည် သူတော်ကောင်းကြီးသာ ဖြစ်ကြသော ရဟန်းတော်တို့၏ သီတင်းသုံးရာ ကျောင်းတိုက်ကြီးဖြစ်သည့် ဒက္ခိဏသာခါ မဟာဗောဓိပင်, မဟာစေတီ, လောဟ-မဟာပါသာဒ စသည်တို့ဖြင့် တန်ဆာဆင်ထားသည့် မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ရောက်ရှိ၍ ပဓာနဃရခေါ်သော ကမ္မဋ္ဌာန်းကျောင်းကြီးသို့ ကြွရောက်ကာ အရှင်သံဃပါလမထေရ်မြတ်



အရှင်မဟာဗုဒ္ဓဃောသထေရ် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို သံဃာတော်များ အား
ပြသတော်မူပုံနှင့် သံဃာတော်များက စစ်ဆေး တိုက်ဆိုင်တော်မူပုံ
(သီဟိုဠ်ကျွန်း ကလျာဏီဘုရားကျောင်းပန်းချီ)

ထံ၌ သီဟိုဠ်အဋ္ဌကထာအားလုံးနှင့် ထေရဝါဒကို ကြားနာသင်ယူပြီးလျှင် ဤသည်သာလျှင် မြတ်စွာဘုရား၏ အလိုကော်ဖြစ်သည်ဟု ဆုံးဖြတ်ချက် ချခဲ့ပြီ။

မဟာဝိဟာရံ သမ္ပတ္တော၊ ဝိဟာရံ သဗ္ဗသာဓုနံ။
မဟာပဓာနဃရံ ဂန္ဓော၊ သံဃပါလဿ သန္တိကာ။
သီဟဠဋ္ဌကထံ သုတ္ဝာ၊ ထေရဝါဒဉ္စ သဗ္ဗသော။
ဓမ္မသာမိဿ ဧသော'ဝ၊ အဓိပ္ပါယောတိ နိစ္ဆိယ။

သံဃာစည်းဝေးစေခြင်း, ပိဋကတ်တော်တောင်းခြင်း, ဝိသုဒ္ဓိမဂ် ရေးသားခြင်း

အရှင်မဟာဗုဒ္ဓဃောသသည် ဖော်ပြခဲ့သည့်အတိုင်း ဆုံးဖြတ်ချက်ချပြီးနောက် မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ သံဃာစည်းဝေးစေပြီး သံဃာတော်အရှင်မြတ်တို့ဘုရား အဋ္ဌကထာကို ရေးသားပူးပြင် စီရင်ရန် တပည့်တော်အား ပိဋကတ်အားလုံးကို ပေးတော်မူကြပါ ဟု လျှောက်ထားလေ၏၊ ထိုအခါ သံဃာတော်က အရှင်ဗုဒ္ဓဃောသကို စုံစမ်းခြင်းငှါ ဂါထာ ၂-ပုဒ်ကို ပေးတော်မူ၍ ဤဂါထာတို့၌ သင်၏စွမ်းရည်ကို ပြပါဦးလော့၊ ထိုရေးသားချက် စွမ်းရည်ကို ကြည့်ရှုပြီးလျှင် ပိဋကတ်အားလုံးကို ပေးကြကုန်အံ့ဟု ဆိုကြလေ၏။

တတ္ထ သံဃံ သမာနေတ္ဝာ၊ ကာတုမဋ္ဌကထံ မမံ။
ပေါတ္ထကေ ဒေထ သဗ္ဗေတိ၊ အာဟ ဝိမံသိတုံ သတံ။
သံဃော ဂါထာဒ္ဒယံ တဿာ-ဒါသိ သာမတ္ထိယံ တဝ။
တ္ထေ ဒဿေဟိ တံ ဒိသ္ဝာ၊ သဗ္ဗေ ဒေမာတိ ပေါတ္ထကေ။

ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးသားစီရင်ခြင်း

အရှင်ဗုဒ္ဓဃောသသည် အဋ္ဌကထာနှင့်တကွ ပိဋကတ် ၃-ပုံကို သံဃာတော်က ပေးအပ်သော ၂-ဂါထာ၌သာလျှင် အကျဉ်းချုံး ပေါင်းစုကာ ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးသားစီရင်တော်မူလေသည်။

ပိဋကတ္တယမေတ္ထော၊ သဒ္ဓိမဋ္ဌကထာယ သော။
ဝိသုဒ္ဓိမဂ္ဂံ နာမကာ၊ သင်္ဂဟေတ္ဝာ သမာသတော။

ဝိသုဒ္ဓိမဂ်ကျမ်း ဗောဓိပင်အနီး ဖတ်ပြရန် စီမံခြင်း

ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ရေးသားစီရင်ပြီးနောက် အရှင်ဗုဒ္ဓဃောသသည် ဘုရားမြတ်စွာ၏ အလိုအင်္ဂါသယလိမ္မာကျမ်းကျင်သော သံဃာတော်မြတ်ကို စည်းဝေးစေပြီး သံဃမိတ္တာထေရီမ ပင့်ဆောင်စိုက်ပျိုးခဲ့သော ဒက္ခိဏာသာခါ မဟာဗောဓိပင်အနီး၌ ထိုဝိသုဒ္ဓိမဂ်ကျမ်းကို ဖတ်စေ၍ အဆုံးအဖြတ်ပေးစေရန် စီမံအားထုတ်လေတော့သည်။

တတော သံဃံ သမ္ပဟေတ္ဝာ၊ သမ္မဒ္ဒမတကောဝိဒံ။
မဟာဗောဓိသမီပမ္ဖိ၊ သော တံ ဝါစေတုမာရဘိ။

(မဟာဝံသ၊ ၃၇၊ ၂၃၇။)

နတ်များဝှက်ထားသဖြင့် ၂-ကြိမ် ၃-ကြိမ် ရေးသားရခြင်း

ထိုအခါ သမ္မာဒေဝနတ်ကောင်း နတ်မြတ်တို့သည် အရှင်ဗုဒ္ဓဃောသ၏ သိမ်မွေ့ထက်မြက်သော ဉာဏ်စွမ်းရည်ကို လူရှင်ရဟန်းအလယ် ထင်ရှားပေါ်လွင်စိမ့်သောငှါ ဝိသုဒ္ဓိမဂ်ပေစာထုပ်ကို ဂဠုယ်ဝှက်၍ ထားကြလေသည်၊ သို့ဖြစ်၍ အရှင်မဟာဗုဒ္ဓဃောသသည် ၂-ကြိမ် ၃-ကြိမ်တိုင် အောင် ထပ်၍ ရေးသားစီရင်ရပြန်လေသည်။

ဒေဝတာ တဿ နေပုညံ၊ ပကာသေတုံ မဟာဇနေ။
ဆာဒေသုံ ပေါတ္ထကံ သော'ပိ၊ ဒုတ္တိက္ခတ္တုမ္ပိ တံ အကာ။
(မဟာဝံသ၊ ၃၇၊ ၂၃၈။)

ဝှက်ထားသော ပေစာ ၂-ထုပ်ကို နတ်တို့ ပြန်ထားကြခြင်း

၃-ကြိမ်မြောက်၌ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ဖတ်စေရန် ထုတ်ဆောင်သောအခါ နတ်များက မူလက ကွယ်ဝှက်ထားသော အခြားပေစာ ၂-ထုပ်ကိုလည်း ထိုဘတိယအကြိမ်ရေး ပေထုပ်ရှိရာ၌ တပေါင်းတည်း ထားကြလေသည်။

ဝါစေဘုံ တတိယေ ဝါရေ၊ ပေါတ္ထကေ သမုဒါဟဋ္ဌေ။
ပေါတ္ထကဒ္ဒယမညမ္ပိ၊ သဏ္ဌာပေသုံ တဟိံ မရူ။
(မဟာဝံသ၊ ၃၇၊ ၂၃၉။)

စာမူ ၃-မူစလုံးကိုက်ညီခြင်း ထေရဝါဒ ပါဠိပုဒ်ဝါကျတို့ကိုက်ညီခြင်း

ရဟန်းတော်အရှင်မြတ်တို့သည် ဝိသုဒ္ဓိမဂ်ကျမ်း ၃-စောင်ကို တပြိုင်နက် ရွက်ဘတ်ကြကုန်၏၊ ထိုသို့ ရွက်ဖတ်သောအခါ ၃-ကျမ်းလုံး၌ ကျမ်းဂန် ပါဠိအားဖြင့်ငင်း ရှေနောက် အစီအစဉ် အားဖြင့်သော်ငင်း ထေရဝါဒပါဠိတော် ဝါကျတို့နှင့်ဖြစ်စေကွဲလွဲခြင်းမရှိ အားလုံးတူကြလေသည်။

ဝါစယိံသု တဒါ ဘိက္ခူ၊ ပေါတ္ထကတ္တယမေကတော။
ဂန္ထတော အတ္ထတော စာပိ၊ ပုဗ္ဗာပရဝသေန ဝါ။
ထေရဝါဒေဟိ ပါဠီဟိ၊ ပဒေဟိ ဗျဉ္ဇနေဟိ စ။
အညတ္ထတ္တမဟု နေဝ၊ ပေါတ္ထကေသုပိ တီသုပိ။
(မဟာဝံသ၊ ၃၇၊ ၂၄၀၊ ၂၄၁။)

အရိမေတ္တေယျဘုရားလောင်းဟု ကြွေးကြော်ကြခြင်း

ထိုအခါ သံဃာတော်အရှင်မြတ်အပေါင်းသည် လွန်စွာဝမ်းမြောက် ဝမ်းသာရှိ၍ ဤရဟန်းတော်ဗုဒ္ဓဃောသသည် မချွတ်ကေန် အမှန်မုချ အရိမေတ္တေယျဘုရားလောင်း ဖြစ်ပေသည်ဟု အဖန်ဖန် ကြွေးကြော်လေတော့သည်။

အထ ဥဋ္ဌေါသယိ သံဃော၊ တုဋ္ဌဟဒ္ဒါ ဝိသေသတော။
နိဿံသယံ'ယံ မေတ္တေယျော၊ ဣတိ ဝတ္ဝာ ပုနပ္ပုနံ။
(မဟာဝံသ၊ ၃၇၊ ၂၄၂။)

သံဃာတော်ကပိဋ္ဌကတ်ပေးခြင်း အရှင်ဗုဒ္ဓဃောသ အဋ္ဌကထာရေးခြင်း

ချီးကျူးဩဘာ ထောမနာပြု ကြွေးကြော်ပြီးလျှင် အဋ္ဌကထာနှင့်တကွ ပိဋကတ် ၃-ပုံ ပါဠိတော်ပေဖတ္တိုကို အရှင်ဗုဒ္ဓဃောသအား ပေးအပ်လေသည်၊ အရှင်ဗုဒ္ဓဃောသသည် လူရှင် တို့နှင့် ရောယှက်စပ်သွယ်ဆက်ဆံရခြင်းမှ ကင်းသော ပိဋကတ်တိုက်ကျောင်း၌ သီတင်းသုံးလျက် ထိုအခါက တည်ရှိနေသော အဋ္ဌကထာအားလုံးတို့ကို လူအားလုံးတို့၏ မူရင်းဘာသာဖြစ်သော မာဂဓဘာသာ(ပါဠိဘာသာ)ဖြင့် ပြန်ဆိုတော်မူလေသည်။

သဒ္ဓိမဋ္ဌကထာယ' ဒါ၊ ပေါတ္ထကေ ပိဋကတ္တယေ။
ဂန္ဆကာရေ ဝသန္တော သော၊ ဝိဟာရေ ဒုရသက်ရေ။
ပရိဝတ္တေသိ သဗ္ဗာပိ၊ သီဟဠဋ္ဌကထာ တဒါ။
သဗ္ဗေသံ မူလဘာသာယ၊ မာဂဓာယ နိရုတ္တိယာ။
(မဟာဝံသ၊ ၃၇၊ ၂၄၃၊ ၂၄၄။)

ဘုရားပါဠိအလား အလေးထားကြခြင်း

ပါဠိဘာသာဖြင့် ပြန်ဆိုထားသော ထိုအဋ္ဌကထာသစ်သည် ဘာသာအမျိုးမျိုးကို တတ်သိ ပြောဆိုကြသော ပုဂ္ဂိုလ်အားလုံးတို့အား အကျိုးကျေးဇူးများလှတော့သည်၊ ထို့ကြောင့် အလုံး စုံသောထေရဝါဒဂိုဏ်းဝင် အရှင်မြတ်တို့သည် ထို အဋ္ဌကထာသစ်ကို ပါဠိတော်ကဲ့သို့ပင် အလေးတမူ အရေးယူလျက် လက်ခံတော်မူကြလေသည်။

သတ္ထာနံ သဗ္ဗဘာသာနံ၊ သာ အဟောသိ ဟိတာဝဟာ။
ထေရိယာ စရိယာ သဗ္ဗေ၊ ပါဠိ ဝိယ တမဂ္ဂဟုံ။
(မဟာဝံသ၊ ၃၇၊ ၂၄၅။)

မဟာဗောဓိဖူးရန် ဇမ္ဗူဒိပ်ပြန်ကြခြင်း

ရည်မှန်းချက်ကိစ္စလုပ်ငန်း ဆုံးခန်းတိုင်မြောက် အထွတ်အထိပ်သို့ ရောက်သောအခါ အရှင် ဗုဒ္ဓဃောသသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိကို ရှိခိုးပူဇော် ဖူးမြော်ကန်တော့ရန် ဇမ္ဗူဒိပ်(အိန္ဒိယ နိုင်ငံ)သို့ ပြန်ကြွတော်မူလေသည်။

အထ ကတ္တာဗ္ဗကိစ္စေသု၊ ဂတေသု ပရိနိဋ္ဌိတိ ံ။
ဝန္ဒိတုံ သော မဟာဗောဓိ ံ၊ ဇမ္ဗုဒီပမုပါဂမိ။
(မဟာဝံသ၊ ၃၇၊ ၂၄၆။)

အရှင်ဗုဒ္ဓဃောသနှင့် စပ်၍ ဝါဒအမျိုးမျိုး

အရှင်ဗုဒ္ဓဃောသနှင့်ပတ်သက်၍ ဝါဒအမျိုးမျိုး ကဲ့လျက်ရှိသည်၊ အရှင်ဗုဒ္ဓဃောသသည် ကျော်ကြားမှု မလိုသဖြင့် သူ၏နေရပ် မိမည်ဘမည် စသည်တို့ကို မဖော်ပြခဲ့ပေ၊ ထို့သို့ မပြခဲ့သည့် အတွက် အဋ္ဌုပ္ပတ္တိသမိုင်း ရာဇဝင်လေ့လာသူများအတွက် ကြီးကျယ်သော ဟာကွက်ဖြစ်ရသည်၊ မဟာမင်္ဂလထေရ်ရေး ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း၌ ဗောဓိပင်အနီး ဃောသကရွာ ကောသိပုဏ္ဏားနှင့်

ကေသိနီပုဏ္ဏားမတို့၏သား ဖြစ်ကြောင်းစသည်ဖြင့် ဖော်ပြခဲ့သည်၊ မဲထီးဆရာတော်၏ ဝံသဒီပနီကျမ်း ၆၅-၌ သုဝဏ္ဏဘူမိ ဃောသရွာက ဗုဒ္ဓဃောသ စသည်ဖြင့် ဖော်ပြလေသည်။

မှန်နန်းရာဇဝင် ပဌမတွဲ ၂၁၀-၌လည်း ဓမ္မပါလမင်းသည် သာသနာတော်၌ အလွန်ကြည်ညိုရကား အရှင်ဗုဒ္ဓဃောသအား ဆင်ဖြူတစီး အမတ်ကြီး ၄-ယောက်နှင့်တကွ အထူးထူးသော လက်ဆောင်တို့ဖြင့် ချီးမြှင့်ပေး၏၊ အရှင်ဗုဒ္ဓဃောသသည် ပုသိမ်သဘော်ဆိပ်မှ မဇ္ဈိမဒေသသို့ ကူးတော်မူပြီးလျှင် မဇ္ဈိမဒေသ၌ မဟာဗောဓိသတ္တဌာန, နေရဉ္ဇရာ, ပုဗ္ဗာရုံကျောင်းတော် စသော ပုံစံများကို ပန်းချီတို့ ရေးစေပြီးလျှင် သီဟိုဠ်ကျွန်းသို့ ကူးအံ့သည်ကို ကြံတော်မူ၏။ ရာဇဝင်ကြီးအဆိုကိုဖော်ပြသည် စသည်ဖြင့် ဝါဒကွဲများ များပြားလွန်းလှပေသည်၊ သဒ္ဓမ္မသင်္ဂဟပူဇာဝလိ, သောတုဇနဟိတကာရီ, ဓမ္မပဒမဟာဋ္ဌကာ စသော ကျမ်းတို့၌လာသော အရှင်ဗုဒ္ဓဃောသ၏ ဖြစ်စဉ်သည်လည်း မဟာဝံသဆင်တူ ပုံဖော်ထားသော စကားများ ဖြစ်ပေသည်။

အိန္ဒိယတောင်ပိုင်းသားဟူသောဝါဒ

အေ—ဒီ၊ ၁၀၉၀—ခု သီဟိုဠ်ကျွန်း ကောလံဘိရိုက် အဘိဓမ္မတ္ထဝိဘာဝိနီနိဂုံး၌ အရှင်မဟာဗုဒ္ဓဃောသသည် အိန္ဒိယတောင်ပိုင်း အန္ဓကတိုင်းသားဖြစ်သည်ဟု ဖော်ပြလျက် ရှိလေသည်၊ သီဟိုဠ်သာသနာဝံသပြ ဒီပယကျမ်း၌ အရှင်ဗုဒ္ဓဃောသသည် ဇမ္မုဒိပ် မြောက်ပိုင်းသားဖြစ်၍ အိန္ဒိယတောင်ပိုင်း၌ ရောက်ရှိသိတင်းသုံး ဗဟုဿုတဆည်းပူးသည်ဟု ဖော်ပြသည်။ အိန္ဒိယတောင်ပိုင်း၌ ကာဝေရိပဋ္ဋန, ဘူတမင်္ဂလ, ဗုဒ္ဓမင်္ဂလ, သံဃမင်္ဂလ, ဗောဓိမင်္ဂလ, တိရုဝိလင်တုရိုက်ကော်ယိလ်, ကုမ္ဘကေါန, တိရုဝလံစူလိ, ပဋ္ဋစ္စိရမ်, ပေါန်ပဋ္ဋရိ, ဗုဒ္ဓကဉ္စီ ဥရိုက်ဟူရ်, ပေရုညစေရိ, ကော်ဋ္ဋပ်ဟါဠိ, မယူရပဋ္ဋန, နာဂပဋ္ဋန- အစရှိသော ရပ်ရွာဒေသများ၌ ဗုဒ္ဓဘာသာ ကျောင်းတိုက်ကြီးများ များစွာတည်ရှိခဲ့ကြသည်၊ စုံစမ်းသင့်သော အရာဖြစ်လေသည် စသည်ဖြင့် ဖော်ပြခဲ့သည်။

အရှင်မဟာဗုဒ္ဓဃောသသည် သာသနာသက္ကရာဇ် ၉၀၀—ကျော်တွင် အိန္ဒိယတောင်ပိုင်း မောရဏ္ဍရာ ဗြာဟ္မဏမျိုးမှ ပေါက်ဖွားခဲ့သည်၊ သူသည် ငယ်စဉ်ကမှစ၍ ဝေဒ ၃-ကျမ်းနှင့် ဝိဇ္ဇာ, သိပ္ပကလာအတတ်တို့ကို တတ်မြောက်ခဲ့သည်၊ အိန္ဒိယတောင်ပိုင်း ထေရဝါဒကျောင်းတိုက်တိုက်၌ အရှင်ရေဝတထေရ်ထံ ရှင်ရဟန်းအဖြစ်ကို ရရှိခဲ့သည်၊ သူ၏ဉာဏ်ရည်ဉာဏ်သွေးကို မှန်းဆပြီး ဘုရားရှင်အလား ကျော်ကြားမည်ကို ထောက်ဆ၍ ဗုဒ္ဓဃောသဟု ဆရာဥပဇ္ဈာယ်တို့က မှည့်ခေါ်ကြသည်၊ အရှင်ဗုဒ္ဓဃောသသည် မယူဒူတသဘော်ဆိပ်အရပ်၌၎င်း, ကဉ္စီပူရမြို့တို့၌၎င်း အန္ဓကအဋ္ဌကထာကိုသင်ယူပြီး သီဟိုဠ်ကျွန်းမဟာဝိဟာရကျောင်းတိုက်သို့ ရောက်ရှိခဲ့သည် စသည်ဖြင့် နောက်ခေတ်ပညာရှင်တို့ အရှင်ဗုဒ္ဓဃောသအဋ္ဌုပ္ပတ္တိကို ဖော်ပြကြသေးသည်၊ သို့ဖြစ်စေကာမူ မဟာဝံသဖော်ပြသည့်အတိုင်း ဆရာတော်အစဉ်အဆက် မှတ်တမ်းများအလျောက် စိစိစစ်စစ် မှတ်သားထားသင့်ပေသည်။

အဋ္ဌကထာသစ်ကို ရေးသားပြုစုခြင်း

အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ဘာသာဖြင့် တည်ရှိနေသော မဟာအဋ္ဌကထာကို ဘာသာပြန်၍ ရေးသားရုံမျှမကပဲ စပ်ဆိုင်ရာသီဟိုဠ်ဝတ္ထုများ ထည့်သွင်းခြင်း, အာစရိယဝါဒများထည့်သွင်းခြင်း, သမယန္တရများ ထည့်သွင်းခြင်းစသည်ဖြင့် ဝေဝေဆာပြောင်မြောက်စွာ ဖွင့်ခဲ့သည်၊ နောက်ထပ် ဆရာတဦး ထိုထက်သာအောင် ရေးမစွမ်းနိုင်အောင် ရေးသားခဲ့သည်၊ ထို့ကြောင့် အာဇာ

နည်ပုဂ္ဂိုလ်တဦးဦးက အရှင်ဗုဒ္ဓဃောသအဋ္ဌကထာကို မပြည့်စုံဆို၍ နောက်ထပ်ရေးသားသူ မပေါ်ပေါက်ခဲ့ချေ။

ဝိသုဒ္ဓိမဂ်ကျမ်း

ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာကျမ်းကြီးသည် အရှင်ဗုဒ္ဓဃောသ၏ အဘိုးတန်မူတည်ကျမ်းကြီး ဖြစ်သည်၊ ၎င်းကျမ်းကို မဟာဝံသနှင့်ဗုဒ္ဓဃောသုပ္ပတ္တိစသည်တို့က တည်ဥ်တည်းဖြင့် ၃—ဆောင်ပြီးသည်ဟု ချီးကျူးရေးသားကြသည်၊ သို့သော် ဝိနည်းအဋ္ဌကထာကြီးကို ၁–နှစ်ရေးရသည်ဟု ဆိုသဖြင့် ၆-လ၊ ၅-လ၊ ၄-လ၊ ၃-လ လောက် ရေးရမည်ဖြစ်ကြောင်း နိဒါနဝတ္ထုများနှင့် မြန်မာပညာရှိဆရာတော်များ မှန်းဆကြလေသည်၊ အရှင်ဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကို—

သီလေ ပတိဋ္ဌာယ နရော၊ သပ္ပညော စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ ကော ဣမံ ဝိဇဋယေ ဇဋံ။

ဟူသော သံ၊၁။ ၁၃—ဂါထာကို ခေါင်းတည်၍ ထိုဂါထာ၌ ပဓာနအားဖြင့်ဟောတော်မူအပ်သော သီလ,သမာဓိ,ပညာ-တို့ကို အသီးအသီး အကျယ်ဝေဖန် ပြုစီရင်တော်မူလေသည်၊ အရှင်ဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကို အရှင်သံဃပါလထေရ်တောင်းပန်သဖြင့် ရေးသားရကြောင်း—

ဝိဘဇ္ဇဝါဒီ သေဋ္ဌာနံ၊ ထေရိယာနံ ယသဿိနံ။
မဟာဝိဟာရဝါသီနံ၊ ဝံသဇဿ ဝိဘာဝိနော။

ဘဒန္တသံဃပါလဿ၊ သုစိသလ္လေခဝုတ္တိနော။
ဝိနယာစာရယုတ္တဿ၊ ယုတ္တဿ ပဋိပတ္တိယံ။

ခန္တိသောရစ္စမေတ္တာဒိ–ဂုဏဘူသိတစေတသော။
အဇ္ဈေသနံ ဂဟေတ္ဝာန၊ ကရောန္တေန ဣမံ မယာ။

ဟူသောဂါထာများဖြင့် တောင်းပန်သောမထေရ်မြတ်ကို ဂုဏ်ပုဒ်နှင့်တကွ ဖော်ပြခဲ့သည်၊ ဝိသုဒ္ဓိမဂ်ကျမ်း၌ ၁-သီလနိဒ္ဒေသ, ၂-ဓုတင်္ဂနိဒ္ဒေသ, ၃-ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ, ၄-ပထဝီကသိဏနိဒ္ဒေသ, ၅-သေသကသိဏနိဒ္ဒေသ, ၆-အသုဘကမ္မဋ္ဌာနနိဒ္ဒေသ, ၇-ဆ အနုဿတိနိဒ္ဒေသ, ၈-အနုဿတိ-ကမ္မဋ္ဌာနနိဒ္ဒေသ, ၉-ပြဟ္မဝိဟာရနိဒ္ဒေသ, ၁၀-အာရုပ္ပနိဒ္ဒေသ, ၁၁-သမာဓိနိဒ္ဒေသ, ၁၂-ဣဒ္ဓိဝိဓနိဒ္ဒေသ, ၁၃-အဘိညာနိဒ္ဒေသ, ၁၄-ခန္ဓနိဒ္ဒေသ, ၁၅-အာယတနနိဒ္ဒေသ, ၁၆-ဣန္ဒြိယသစ္စနိဒ္ဒေသ, ၁၇-ပညာဘူမိနိဒ္ဒေသ, ၁၈-ဒိဋ္ဌိသုဒ္ဓိနိဒ္ဒေသ, ၁၉-ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ, ၂၀-မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ, ၂၁-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ, ၂၂-ဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ, ၂၃-ပညာဘာဝနာနိသံသနိဒ္ဒေသ-အားဖြင့် အခဏ်းပေါင်း ၂၃-ခဏ်းပါဝင်လေသည်။

၅၈-ဘာဏဝါရ

၅၈—ဘာဏဝါရပါဠိ အရေအတွက် ရှိကြောင်း ကျမ်းဆရာ ကိုယ်တိုင်—

ဝိသုဒ္ဓိမဂ္ဂေါ ဧသော စ၊ အန္တရာယံ ဝိနာ ဣဓ။
နိဋ္ဌိတော အဋ္ဌပညာသ–ဘာဏဝါရာယ ပါဠိယာ။

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့သည်။

ဝိမုတ္တိမဂ္ဂကျမ်း

အရှင်ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ်မပေါ်ခင် သီဟိုဠ်ကျန်း၌ မဟာအရိဋ္ဌ ဥပတိဿထေရ် စီရင်ခဲ့သော ဝိမုတ္တိမဂ်ကျမ်းလည်း ရှိခဲ့သည်၊ ၎င်းကျမ်းသည် အခဏ်းပေါင်း ၁၃-ခဏ်းရှိသည်။

ဝိမုတ္တိမဂ္ဂကျမ်း—

သီလံ သမာဓိပညာ စ၊ ဝိမုတ္တိ စ အနုတ္တရာ။
အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊ ဂေါတမေန ယသဿိနာ။

ဟူသော ဂါထာကို ခေါင်းစဉ်၍ သီလ, သမာဓိ, ပညာ, ဝိမုတ္တိ-တို့ကို ဝေဖန် ဖော်ပြထားလေသည်၊ အပိုင်းပေါင်း ၁၃-ပိုင်းရှိရာ အပိုင်းကို ကဏ္ဍ ဟူ၍ မသုံးပဲ ပဌမော နိဒါနကစ္ဆော, ဒုတိယော သီလကစ္ဆော, တတိယော ကစ္ဆော စသည်ဖြင့် သုံးနှုန်းဖော်ပြထားသည်၊ ဝိသုဒ္ဓိမဂ်နှင့် ဝိမုတ္တိမဂ်ကဲ့လဲ့ချက်တို့ကိုလည်း တိုက်ဆိုင်၍ လေ့လာကြည့်ရှု သင့်သည်။

ဝိသုဒ္ဓိမဂ် ပဌမအုပ် စာမျက်နှာ ဂ-၌ အညေ ပန သီရဋ္ဌော သီလတ္ထော, သီတလဋ္ဌော သီလတ္ထောတိ ဧဝမာဒိနာပိ နယေနေတ္ထ အတ္ထံ ဝဏ္ဏယန္တိ။ ဟူ၍ ထုတ်ပြထားရာ ဝိမုတ္တိမဂ်ကျမ်း ဒုတိယကစ္ဆ၌ ကိမတ္ထံ သီလံ သီတလတ္ထံ, သေဋ္ဌဋ္ဌံ, သီလနဋ္ဌံ, သဘာဝဋ္ဌံ, သုခဒုက္ခဘာဝသမ္ပယုတ္တဋ္ဌံ, သိရဋ္ဌံ,ပတိဋ္ဌဋ္ဌံ-ဟု လာရှိသည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ အညေ အရ ဝိမုတ္တိမဂ် ဆရာဖြစ်ကြောင်း သိသာသည်။

သီလအပြားကို ပြရာ၌ ဝိသုဒ္ဓိမဂ်၌ သီလသည် မိမိ၏ သီလနလက္ခဏာအားဖြင့် ၁-ပါး, စာရိတ္တ ဝါရိတ္တအားဖြင့် ၂-ပါး, ဟီန မဇ္ဈိမ ပဏီတ-အားဖြင့် ၃ ပါး, ဟာနဘာဂိယ ဌိတိဘာဂိယ ဝိသေသ ဘာဂိယ နိဗ္ဗေဓဘာဂိယ အားဖြင့် ၄-ပါး, ပရိယန္တ ပါရိသုဒ္ဓိသီလ စသည်တို့၏ အစုမ်းအားဖြင့် ၅-ပါး အပြားရှိကြောင်း ဖွင့်ပြသည်။ ဝိမုတ္တိမဂ် ဒုတိယကစ္ဆ၌မူကား ကတိဝိဓံ သီလံ တိဝိဓံ ကုသလံ သီလံ,အကုသလံ သီလံ,အဗျာကတံ သီလန္တိ၊ကာယိကံ, ဝါစသိကံ,မာနသိကန္တိပိ-ဟု ၃-မျိုး၂-နည်း ပြားကြောင်း ဖော်ပြသည်၊ဝိသုဒ္ဓိမဂ် ဓုတင်ဆောက်တည်ခဏ်း ၅၉-၌ ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ-ဟု ဖော်ပြထားရာ ဝိမုတ္တိမဂ် တတိယ ကစ္ဆသီဟိုဠ်မူ စာမျက်နှာ ၅-၌ ဂဟပတိဒါနံ စီဝရံ ပဋိက္ခိတ္တတ္တာ ပံသုကူလံ သမာဒိယာမိ ဟု ဖော်ပြထားသည်၊ ဤသို့ စသည်ဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းနှင့် ဝိမုတ္တိမဂ်ကျမ်းတို့ ကဲ့လဲ့ချက်သည် ခပ်များများ တွေ့ရပေသည်၊ အဂ္ဂမဟာ ပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားလည်း စီစစ်ထားပြီးရှိလေသည်၊ ၎င်းကျမ်းကို သီဟိုဠ်သား ရဟန်းတော် အရှင်သောမနှင့် အရှင်ခေမိန္ဒတို့ အင်္ဂလိပ်ဘာသာပြန်ခဲ့ကြသည်။ ဖော်ပြပါ ဝိမုတ္တိမဂ် ကျမ်းကို စာရေးသူ သီဟိုဠ်အကွရာမှပြန်၍ ဗုဒ္ဓသာသနာအဖွဲ့သို့ ပို့ထားပြီးဖြစ်ရာ စာအုပ်ဖြစ်ရာ တခိုနိုင်တွင် သုတေသီတို့ တိုက်ဆိုင်ကြည့်ရှုနိုင်လေသည်။

သမန္တပါသာဒိကာအမည်ရှိသော ဝိနည်းအဋ္ဌကထာ

အရှင်မဟာဗုဒ္ဓဃောသထေရ် အစလက်ဦး ပြန်ဆိုရေးသားသော အဋ္ဌကထာမှာ သမန္တ ပါသာဒိကာ ခေါ်သော ဝိနည်း ပိဋကတ်၏ အဖွင့်အဋ္ဌကထာများ ဖြစ်လေသည်။ ၎င်းအဋ္ဌ ကထာသည် ဝန်းကျင်ညီသုံ အလုံးစုံ ကြည်ညိုဖွယ်ဆောင်တတ်သော ဂုဏ်နှင့် ပြည့်စုံသောကြောင့် သမန္တပါသာဒိကာဟု ကိုယ်တိုင်မှည့်ခေါ် ခဲ့လေသည်။

ကြည်ညိုဖွယ်ဂုဏ်ပုဒ်များ

ဤဝိနည်းအဋ္ဌကထာ၌—

၁။ ဆရာအစဉ်အဆက်ကို ပြခြင်း၊

၂။ နိဒါန်း ဝတ္ထုကို ပြခြင်း၊

၃။ ပရဿမယခေါ်သော မဟာယာနဝါဒစသည်များကို ရှောင်ကြဉ်ခြင်း၊

၄။ ထေရဝါဒတည်းဟူသော ကိုယ့် အယူ ကိုယ့်ဝါဒသက်သက်ဖြင့် သန့်ရှင်းစင်ကြယ်ခြင်း၊

၅။ ပုဒ် ဗျည်း ဝါကျတို့ကို သုတ်သင်ထားခြင်း၊

၆။ ပုဒ်တို့၏အနက်တို့ကို ဖွင့်ပြထားခြင်း၊

၇။ ပါဠိယောဇနာပုံအစဉ်ကို ပြခြင်း၊

၈။ သိက္ခာပုဒ်အဆုံးအဖြတ်ကို ပြခြင်း၊

၉။ ဝေဘန်ပုံနည်းအထူးကို ပြခြင်း၊

ဟူသော ဂုဏ်ပုဒ်တို့ကြောင့် ဝိနည်း အဋ္ဌကထာ၏ ဝန်းကျင်ဥဿုံ အလုံးစုံ ကြည်ညိုဖွယ်ကို ဆောင်ပုံကို အရှင်ဗုဒ္ဓဃောသထေရ်သည် ဝိ၊ ဋ္ဌ၊ ၁။ ၁၆၇၊ ၂၄၆။ နှင့် ဝိဋ္ဌ၊ ၄။ ၂၆၃။ နိဂုံးတို့၌—

အာစရိယပရမ္ပရတော၊ နိဒါနဝတ္ထုပ္ပဘေဒဒီပနတော။
ပရဿမယဝိဝဇ္ဇနတော၊ သကသမယဝိသုဒ္ဓိတော စေဝ။

ဗျဥ္ဇနပရိသောဓနတော၊ ပဒတ္ထတော ပါဠိယောဇနက္ကမတော။
သိက္ခာပဒဝိနိစ္ဆယတော၊ ဝိဘင်္ဂနယဘေဒဒဿနတော။

သမ္မာသတံ နဒီသတိ၊ ကိဉ္စိ အပါသာဒိကံ ယတော ဇာတ္ထ။
ဝိညူန မယံ တသ္မာ၊ သမန္တပါသာဒိကာ တေဝ။

ဟူသော ဂါထာများဖြင့် ဖော်ပြခဲ့လေသည်။

အရှင်ဗုဒ္ဓဃောသသည် အစဆုံး ပြန်ဆိုဖွင့်ပြရသော အဋ္ဌကထာဖြစ်သဖြင့် ဗုဒ္ဓသာသနာ့သမိုင်း အကျဉ်းကို ဗာဟိရနိဒါနကထာအဖြစ်ဖြင့် ထုတ်ပြခဲ့လေသည်၊ သံဂါယနာ ၃-တန် အကြောင်း ကိုးတိုင်း ကိုးဌာန သာသနာပြုဒူတများ စေလွှတ်ပုံတို့ကိုလည်း ဖော်ပြခဲ့သည်။

အရှင်ဗုဒ္ဓသိရီထေရ် တောင်းပန်မှု

အရှင်ဗုဒ္ဓဃောသသည် သမန္တပါသာဒိကာအမည်ရသော ဝိနည်းအဋ္ဌကထာကို အရှင်ဗုဒ္ဓသိရီထေရ် တိုက်တွန်းတောင်းပန်သဖြင့် ရေးရမည်ဖြစ်ကြောင်း တိုက်တွန်းတောင်းပန်မှုကို တစေ့တစေ့ ရေးရေး တွေးကြံအောင့်မေ့လျက် ရေးရမည်ဖြစ်ကြောင်း—

တသ္မာ ဣမံ ပါဠိနယာနုရူပံ၊ သံဝဏ္ဏနံ သမာရဘိဿံ။
အတ္ထေသနံ ဗုဒ္ဓသိရိဝှယဿ၊ ထေရဿ သမ္မာသမနုဿရန္တော။

ဟူသောဂါထာဖြင့် ဂန္ထာရမ္ဘ၌ မှတ်တမ်းတင်ခဲ့လေသည်။

ဆရာနှင့် ရေးရာဌာန

အရှင်ဗုဒ္ဓဃောသသည် မဟာအဋ္ဌကထာနှင့် မဟာပစ္စရိအဋ္ဌကထာ ကုရုန္ဒီအဋ္ဌကထာဟူသော သီဟိုဠ်အဋ္ဌကထာတို့ကို ဝိနည်း၌ ကျမ်းကျင်တတ်မြောက်သည့် အရှင်ဗုဒ္ဓမိတ္တထံ သင်ယူပြီး မဟာဝိဟာရကျောင်းတိုက်ကြီး၏ တောင်ဖက် ပဓာနဃရကျောင်းဆောင်၌ ရေးသားကြောင်းကို လည်း—

မဟာအဋ္ဌကထာဥ္စေဝ၊ မဟာပစ္စရိမေဝ စ။
ကုရုန္ဒိဥ္စာပိ တိဿောပိ၊ သီဟဠဋ္ဌကထာ ဣမာ။
ဗုဒ္ဓမိတ္တောတိ နာမေန၊ ဝိဿုတဿ ယသဿိနော။
ဝိနယညုဿ မိရဿ၊ သုတ္ဝာ ထေရဿ သန္တိကေ။

မဟာမေဃဝနုယျာနေ၊ ဘူမိဘာဂေ ပတိဋ္ဌိတော။
မဟာဝိဟာရော ယော သတ္ထု-မဟာဗောဓိဝိဘူသိတော။

ယံ တဿ ဒက္ခိဏော ဘာဂေ၊ ပဓာနဃရမုတ္တမံ။
သုစိစာရိတ္တသီလေန၊ ဘိက္ခုသံဃေန သေဝိတံ။

စသည်ဖြင့် ပရိဝါအဋ္ဌကထာနိဂုံး၌ မိန့်ဆိုခဲ့လေသည်။

သမန္တပါသာဒိကာမည်ဒသ ဝိနည်းအဋ္ဌကထာ ပြီးချိန်

အရှင်ဗုဒ္ဓဃောသသည် သာသနာသက္ကရာဇ် ၉၅၅-ခုနှစ်တွင် နန်းတက်သော သီရိနိဝါသ ဟူသော ဘွဲ့ထူးရှိသော မဟာနာမမင်း၏ နန်းသက် ၂၀-မြောက်၌ စတင်ရေးသားခဲ့ရာ နန်းသက် ၂၁-နှစ်မြောက်အချိန်တွင် ပြီးစီးကြောင်း—

ပါလယန္တဿ သကလံ၊ လင်္ကာဒီပံ နိရဗ္ဗုဒံ။
ရညော သိရိနိဝါသဿ၊ သိရိပါလယသဿိနော။

သမဝီသတိမေ ခေမေ၊ ဇယသံဝစ္ဆရေ အယံ။
အာရဒ္ဓါ ဧကဝီသမ်ိ၊ သမွတ္တော ပရိနိဋ္ဌိတာ။

ဟူသော ဝါဋ၊၄။ ၂၆၄-နိဂုံးဂါထာဖြင့် ပေါ်လွင်လေသည်။

သမန္တပါသာဒိကာအဋ္ဌကထာကို သီဟိုဠ်၌ ရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ၁၀၅၇-ရှိ၍ ဗမာပြည်၌ ရိုက် ၄-တဲ့လုံး ဆဋ္ဌသံဂါယနာ စာမျက်နှာ ၁၃၅၉-ရှိလေသည်၊ ယိုးဒယား, အင်္ဂလန်စသည်တို့၌ လည်း ရိုက်နှိပ်ခဲ့သည်။

သုမင်္ဂလဝိလာသိနီအမည်ရှိသော ဒီဃနိကာယ်အဋ္ဌကထာ

အရှင်ဗုဒ္ဓဃောသသည် သုမင်္ဂလဝိလာသိနီအမည်ရှိသော ဒီဃနိကာယ် အဋ္ဌကထာကိုလည်း ဆိုင်ရာ သီဟိုဠ်ဝတ္ထုများ သွင်း၍ မဟာအဋ္ဌကထာကို ကိုယ်ထည်ပြုလျက် ရေးသားစီရင်ခဲ့သည်၊ ဒီဃနိကာယ်အဋ္ဌကထာကို သီဟိုဠ်ကျန်း အနုရာဓမြို့၌ ရှိသည်ဟု ယူဆရသော သုမင်္ဂလပရိဝေဏ၌ သီတင်းသုံးသည့် ဒါဋ္ဌာနာဂသံဃထေရ် တောင်းပန်သဖြင့် ရေးသားစီရင်ခဲ့ရကြောင်း—

အာယာစိတော သုမင်္ဂလ-ပရိဝေဏဒါသိနာ ထိရဂုဏော။
ဒါဌာနာဂသံဃတ္ထေရေန၊ ထေရဝံသဋ္ဌယေန။

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့သည်၊ အဋ္ဌကထာ၏အမည်ကိုလည်း ပရိဝေဏအမည်ကိုပါ ထည့်၍ သုမင်္ဂလဝိလာသိနီအဋ္ဌကထာဟု အမည်တပ်ခဲ့သည်။

ဒီဃနိကာယ်အဋ္ဌကထာနိဂုံးလာ—

"သာ ဟိ မဟာအဋ္ဌကထာယ၊ သာရမာဒါယ နိဋ္ဌိတာ။"

ဟူသော စကားရပ်ဖြင့် ကုရုန္ဒီအဋ္ဌကထာ, မဟာပစ္စရိအဋ္ဌကထာ စသည်တို့မှာ ဝိနည်းပိဋကတ် လောက်သာရှိသည်ဟု ယူဆစရာ ရှိပေသည်။

ဝိသုဒ္ဓိမဂ်ပါပြီးကို ဒီဃနိကာယ်အဋ္ဌကထာ၌ ထပ်မရေး

အရှင်ဗုဒ္ဓဃောသသည် သီလ,ဓုတင်,ကမ္မဋ္ဌာန်း,စရိုက်အစိအရင်,ဈာန်,သမာပတ်,အဘိညာဉ်, ပညာအဆုံးအဖြတ်,ခန္ဓာ,အာယတန,ဓာတ်,သစ္စာ,ဣန္ဒြေ,ပဋိစ္စသမုပ္ပါဒ်,ဝိပဿနာတို့နှင့် ဆိုင်သော စကားများ ဒီဃနိကာယ်မှာ ပါလင့်ကစား ဤဒီဃနိကာယ်၌ ထပ်မရေးပဲ ဝိသုဒ္ဓိမဂ်မှာ ရေးခဲ့ပြီး ဖြစ်၍ ၎င်းမှ ယူစေလို လေ့လာစေလိုကြောင်းကို—

သီလကထာ ဓုတင်္ဂမ္မာ၊ ကမ္မဋ္ဌာနာနိ စေဝ သဗ္ဗာနိ။
စရိယာဝိဓာနသဟိတော၊ ဈာနသမာပတ္တိဝိတ္ထာရော။

သဗ္ဗာ စ အဘိညာယော၊ ပညာသင်္ခလဝိနိစ္ဆယော စေဝ။
ခန္ဓာဓာတာယတနာနိ–န္ဒြိယာနိ အရိယာနိ စေဝ စတ္တာရိ။

သစ္စာနိ ပစ္စယာကာ,ရဒေသနာ သုပရိသုဒ္ဓိနိပုဏ္ဏနယာ။
အဝိမုတ္တတန္တိမဂ္ဂါ၊ ဝိပဿနာဘာဝနာ စေဝ။

ဣတိ ပန သဗ္ဗံ ယသ္မာ၊ ဝိသုဒ္ဓိမဂ္ဂေ မယာ သုပရိသုဒ္ဓံ။
ဝုတ္တံ တသ္မာ ဘိယ္ယျော၊ န တံ ဣဓ ဝိစာရယိဿာမိ။

ဟူသော ဂါထာများဖြင့် သိသာသည်။

နိကာယ်ကြီး လေးရပ်အလယ် ဝိသုဒ္ဓိမဂ်

ဝိသုဒ္ဓိမဂ်ကို သေသေချာချာ ရည်ရွယ်ချက်ဖြင့် နိကာယ်ကြီးလေးရပ်အလယ် များများ မတ်မတ် ရပ်တည်ပြီး နိကာယ်ကြီးလေးရပ်အနက်တို့ကို ဖွင့်ပြကြောင်းကိုလည်း—

မဇ္ဈေ ဝိသုဒ္ဓိမဂ္ဂေါ၊ သေ စတုန္နမ္မိ အာဂမာနဥ္စိ။
ဌတ္ဝာ ပကာသယိဿတိ၊ တတ္ထ ယထာဘာသိတမတ္ထံ။

ဟူသော သီလကွန်အဋ္ဌကထာ ဂန္ထာရမ္ဘစသည်ဖြင့် ဖော်ပြခဲ့သည်၊ ဤစကားဖြင့်ပင် အရှင်ဗုဒ္ဓ-ဃောသသည် နိကာယ်လေးရပ်၏ အဋ္ဌကထာကိုသာ ရေးသားခဲ့ကြောင်း တချို့ပညာရှင်တို့ ဆုံးဖြတ်ကြသည်။

ဒီဃနိကာယ်အဋ္ဌကထာဖွင့်ပုံ

ဒီဃနိကာယ် အဋ္ဌကထာ၌ ရှေးဦးစွာ နိဒါနကထာဖြင့် ပြသင့်သော အချက်အလက်တော်တော်များများကို ဖော်ပြခဲ့သည်၊ ပဌမသံဂါယနာတင်အကြောင်း ဒီဃနိကာယ်၌ သုတ် ၃၄-သုတ်၊ မဇ္ဈိမနိကာယ်၌ ၁၅-ဝဂ်၊ သုတ်ပေါင်း ၁၅၂-သုတ်၊ သံယုတ္တနိကာယ်၌ သုတ်ပေါင်း ၇၇၆၂-သုတ်၊ အင်္ဂုတ္တရနိကာယ်၌ သုတ်ပေါင်း ၉၅၅၇-သုတ်တို့ရှိကြောင်း နိကာယ် ၄-ရပ်မှ အကြွင်းခုဒ္ဒကနိကာယ်မည်ကြောင်း အင်္ဂါ ၉-တန်စသည်တို့ကိုလည်း နိဒါနကထာ၌ ဖော်ပြခဲ့သည်။ ၎င်းပြင် ဗြဟ္မဇာလသုတ် အဆုံး၌ မြေလှုပ်ခက်း အကြောင်းကို စုံစုံလင်လင် ဖွင့်ပြခဲ့သည်၊ ဘုရားရှင် တောထွက်တော်မူရာအခါ, ဗောဓိမဏ္ဍိုင်သို့ ချဉ်းကပ်တော်မူစဉ်အခါ, ပံသုကူသက်နိုးကောက်ယူတော်မူစဉ်, ပံသုကူသက်နိုးဖွပ်လျှော်တော်မူစဉ်, ကာဠကာရာမသုတ်ဟောတော်မူစဉ်, ဂေါတမကသုတ် ဟောတော်မူစဉ်, ဝေဿန္တရဇာတ်ဟောတော်မူစဉ်, ဤဗြဟ္မဇာလသုတ်ဟောတော်မူစဉ်တို့၌သာ မြေးကြီးတုန်လှုပ်သည် မဟုတ်သေးပေ၊ မဟိန္ဒ သီဟိုဠ်ကျွန်း၌ နန္ဒဝန်ဥယျာဉ်၌ အနမတဂ္ဂသုတ်စသည့် တရားဒေသနာများ ဟောတော်မူစဉ် ကလျာဏီကျောင်းတိုက် ပိဏ္ဍပါတိယထေရ် စေတီရင်ပြင် တံမြက်လှည်းအပြီး ဗုဒ္ဓါရမ္မဏပိတိယူလျက် ဤဗြဟ္မဇာလသုတ်ကို လေ့ကျက်စဉ် လောဟပါသာဒပြာသာဒ်ထက်၌ ဒီဃဘာဏကရဟန်းတော်များ ဗြဟ္မဇာလသုတ် ရွတ်ဘတ်ပြစဉ်တို့၌လည်း မြေလှုပ်ကြောင်း စသည်တို့ကို ဖွင့်ပြသည်၊ ၎င်းအပြင် မဟာပရိနိဗ္ဗာနသုတ်အဆုံး ဓာတ်တော်ဝေဖန်ခက်း အဖွင့်၌—

အဋ္ဌဒေါဏ စက္ခုမတော သရီရံ၊ သတ္တဒေါဏ ဇမ္ဗုဒီပေ မဟေန္တိ။
ကော့ဋ္ဌ ဒေါဏ ပုရိသဝရုတ္တမဿ၊ ရာမဂါမေ နာဂရာဇာ မဟေတိ။
ဧကော ဟိ ဒါဋ္ဌာ တိဒိဝေဟိ ပူဇိတာ၊ ဧကော ပန ဂန္ဓာရပုရေ မဟီယတိ။
ကာလိင်္ဂရညော ဝိဇိတေ ပုနေကံ၊ ဧကံ ပန နာဂရာဇာ မဟေတိ။

စသော ဂါထာများကို သီဟိုဠ်မထေရ်မြတ်တို့ မိန့်ဆိုထားခဲ့ကြောင်း မှတ်ချက်ချခဲ့သည်။ ဤ ဒီဃနိကာယ် အဋ္ဌကထာကို သီဟိုဠ်, ယိုးဒယား, အင်္ဂလန် စသည်တို့၌လည်း ရိုက်နှိပ်သုံးစွဲလျက်ရှိကြသည်၊ ဗမာပြည်၌ အကြိမ်ကြိမ် ရိုက်နှိပ်ပြီး သင်ယူချပို့ လေ့လာလျက်ရှိရာ သံဂါယနာစာမျက်နှာ ၉၉၂-မျက်နှာ ရှိလေသည်။

ပပဉ္စသူဒနီအမည်ရှိသော မဇ္ဈိမနိကာယ်အဋ္ဌကထာ

ပပဉ္စသူဒနီအမည်ရှိသော မဇ္ဈိမနိကာယအဋ္ဌကထာကိုလည်း ပြုစုရင်ခဲ့သည်၊ မဇ္ဈိမနိကာယ်အဋ္ဌကထာကို ဇမ္ဗူဒီပ်(အိန္ဒိယနိုင်ငံ)ရှိ မယူရဒူတ သဘော်ဆိပ်၌ အတူတူနေထိုင်ဖက် သီတင်းသုံးဖော်ဖြစ်သော ရဟန်းတော်အရှင်ဗုဒ္ဓမိတ္တထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်း—

အာယာစိတော သုမတိနာ ထေရေန ဘဒန္တဗုဒ္ဓမိတ္တေန၊
ပုဗ္ဗေ မယူရဒူတပဋ္ဋနမှိ သဒ္ဓိ နိဝသန္တေန။

ဟူသော နိဂုံးလာ ဂါထာဖြင့် ထင်ရှားလေသည်၊ ဤအဋ္ဌကထာကိုလည်း မဟာအဋ္ဌကထာလာအနှစ်အမြုတေတို့ကို ထုတ်ယူ၍ ရေးသားကြောင်း—

“သာ ဟိ မဟာအဋ္ဌကထာယ သာရမာဒါယ နိဋ္ဌိတာ သေဝ။”

ဟူသော မ၊ ဋ္ဌ၊ ၄။ ၂၅၃-နိဂုံးဖြင့် ဖော်ပြခဲ့သည်၊ ထိုနိဂုံးဖြင့် မဟာအဋ္ဌကထာကို ဘာသာပြန်၍ ရေးသားသည်မဟုတ်ကြောင်း သိသာလေသည်၊ ဤကျမ်းသည် ဘာဏဝါရပေါင်း ၁၀၇-ဘာဏဝါရရှိကြောင်း နိဂုံး၌ ဖော်ပြခဲ့သည်၊ ဖော်ပြပါ မဒ္ဓိမနိကာယ် အဋ္ဌကထာကို သီဟိုဠ်၌လည်း သီဟိုဠ်အက္ခရာဖြင့် ရိုက်နှိပ်ပြီးဖြစ်ရာ ရွှေငုတ် စာမျက်နှာ ၁၂၇၆-မျက်နှာ ရှိလေသည်၊ ယိုးဒယားနိုင်ငံ, အင်္ဂလန် စသည်တို့၌လည်း ရိုက်နှိပ်ပြီး ဖြစ်သည်၊ ဗမာပြည်ရိုက် ဆဋ္ဌသင်္ဂါယနာမူ စာမျက်နှာ ၁၂၈၁-ရှိလေသည်။

သာရတ္ထပ္ပကာသိနီအမည်ရှိသော သံယုတ္တဋ္ဌကထာ

သာရတ္ထပ္ပကာသိနီ အမည်ရှိသော သံယုတ္တအဋ္ဌကထာကိုလည်း အရှင်ဇောတိပါလထေရ်တောင်းပန်သဖြင့် ရေးသားရကြောင်း—

တေသာ ကရဏတ္ထံ ထေရေန ဘဒန္တဇောတိပါလေန၊
သုစိသီလေန သုဘာသိတဿ ပကာသယန္တဉ္စာဏေန။

ဟူသော သံဋ္ဌ၊ ၃။ ၁၄၀—နိဂမနကထာလာ ဂါထာဖြင့် ထင်ရှားလေသည်၊ ဤသာရတ္ထပ္ပကာသိနီအမည်ရှိသောအဋ္ဌကထာ၌ ဘာဏဝါရပေါင်း ၇၈-ဘာဏဝါရရှိကြောင်းလည်း ကျမ်းဆရာကိုယ်တိုင် ဖော်ပြခဲ့သည်၊ ကျမ်းဆရာသည် သံယုတ္တနိကာယ်၌ သဂါထာဝဂ္ဂသံယုတ်, နိဒါနဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံယုတ်, သဠာယတနဝဂ္ဂသံယုတ်, မဟာဝဂ္ဂသံယုတ်အားဖြင့် ဝဂ်—၅-ဝဂ်ရှိကြောင်းပြဆိုခဲ့ပြီး သုတ်ပေါင်း ၇၇၆၂-သုတ်ရှိကြောင်းကိုလည်း—

သတ္တသုတ္တသဟဿာနိ၊ သတ္တသုတ္တသတာနိ စ။
ဒ္ဝါသဋ္ဌိ စေဝ သုတ္တာနိ၊ ဧသော သံယုတ္တသင်္ဂဟော။

ဟူသော ဂါထာဖြင့် မိန့်ဆိုခဲ့လေသည်၊ ဤသာရတ္ထပကာသိနီမည်သော သံယုတ္တဋ္ဌကထာကို သီဟိုဠ်ကျန်း၌ရိုက်နှိပ်ထားရာ ရွှေငုတ် စာမျက်နှာ ၇၆၄-ရှိလေသည်၊ ယိုးဒယားနိုင်ငံ အင်္ဂလန်နိုင်ငံစသည်တို့၌လည်း ရိုက်နှိပ်ရာ ကမ္ဘာကသိပြီးဖြစ်သော အဋ္ဌကထာ ဖြစ်လေသည်၊ မြန်မာပြည်၌လည်း အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ နောက်ဆုံး ဆဋ္ဌသင်္ဂါယနာတင်ချိန် ရိုက်နှိပ်ခဲ့သော သံယုတ္တနိကာယ်အဋ္ဌကထာမှာ စာမျက်နှာပေါင်း ၉၉၀-ရှိလေသည်။

တောင့်တချက်

ဤသို့ဖြင့် အရှင်မဟာဗုဒ္ဓဃောသထေရ် ဝိရိယတောင်အထုဖြင့် ဖွင့်ပြအပ်ခဲ့သော သာရတ္ထပ္ပကာသိနီမည်သော အဋ္ဌကထာကျမ်းကြီးကို သာသနာပျော် ရှင်, ရဟန်းတော်တို့သည် မဆုတ်မနစ်သောဝိရိယဖြင့် လေ့လာကြည့်ရှု ချပို့နိုင်ကြ၍ သာသနာပြုနိုင် ကြပါစေဟု တောင့်တရပေသည်။

ဗုဒ္ဓဃောသေန ဓီရေန၊ ထေရေန ထိရစေတသာ။
လိခိတံ တံ သုပဿန္တု၊ ဝါစေန္တု သာသနေ ရတာ။

မနောရထပူရဏီအမည်ရှိသော အဂ်ုတ္တရနိကာယအဋ္ဌကထာ

မနောရထပူရဏီ အမည်ရှိသော အင်္ဂုတ္တရနိကာယ အဋ္ဌကထာကိုလည်း အိန္ဒိယတောင် ကဉ္စိပုရစသည်ဌာနများနှင့် သီဟိုဠ်ကျန်း မဟာဝိဟာရကျောင်းတိုက်ကြီးတို့၌ အတူတကွ သီတင်း သုံးခဲ့ရသည့် အရှင်ဇောတိပါလမထေရ်နှင့် ပိဋကတ် ၃-ပုံ ကမ်းတဖက်ရောက် တတ်မြောက်သော ဇီဝကအမည်ရှိသော ဥပါသကာတို့ တောင်းပန်သဖြင့် ရေးသားကြောင်း—

အာယာစိတော သုမတိနာ ထေရေန ဘဒန္တဇောတိပါလေန၊
ကဉ္စိပုရာဒီသု မယာ ပုဗ္ဗေ သဒ္ဓိ ဝသန္တေန။
ဝရတမ္မပဏ္ဏိဒီပေ မဟာဝိဟာရမ်ှ ဝသနကာလေပိ၊
ပါကံ ဂတေ ဝိယ ဒုမေ ဝလဉ္ဇမာနမ်ှ သဒ္ဓမ္မေ။
ပါရံ ပိဋကတ္တယသာဂရဿ ဂန္ဆာ ဌိတေန သုမတိနာ၊
ပရိသုဒ္ဓါဇီဝေနာဘိယာစိတော ဇီဝကေနာပိ။

ဟူသောဂါထာများဖြင့် ဖော်ပြခဲ့သည်၊ အင်္ဂုတ္တိရ်အဋ္ဌကထာရေးရန် တောင်းပန်သော အရှင် ဇောတိပါလမှာ သာရတ္ထပကာသိနီမည်သော သံယုတ္တနိကာယအဋ္ဌကထာကို ရေးသားရန် တောင်းပန်သော အရှင်ဇောတိပါလမထေရ်ပင် ဖြစ်နိုင်စရာရှိပေသည်။

မနောရထပူရဏီအမည်ရကြောင်း

အရှင်ဗုဒ္ဓဃောသသည် နိကာယ်ကြီး ၄-ရပ်၏ ပါဠိတော်၏အဖွင့် သံဝဏ္ဏနာ အဋ္ဌကထာ ကို ရေးရန် အလိုဆန္ဒ ပြင်းပြခဲ့သဖြင့် မလျော့သောဇွဲဖြင့် ရေးသားစီရင်ခဲ့ရာ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာပြီးဆုံးသောအခါ ရည်မှန်းချက်အားလုံး အဆုံးသတ်ကာ အောင်လံစိုက်ဆောက် ပြီး မြောက်ခဲ့သဖြင့် အင်္ဂုတ္တရနိကာယဋ္ဌကထာကို မနောရထပူရဏီဟု မှည့်ခေါ်ခဲ့ကြောင်း—-

သဗ္ဗာဂမသံဝဏ္ဏနမနောရထော ပူရိတော စ မေ ယသ္မာ၊
တောယ မနောရထပူရဏီတိ နာမံ တတော အဿ။

ဟူသောဂါထာဖြင့် မိန့်ဟခဲ့သည်၊ ဤအင်္ဂုတ္တရနိကာယအဋ္ဌကထာသည် ဘာဏဝါရပေါင်း ၉၄-ဘာဏဝါရရှိလေ့ရှိသည်၊ သီဟိုဠ်ကျန်းဥ ရိုက်နှိပ်ပြီးဖြစ်ရာ ရှိုင်ဆိုက် စာမျက်နှာ ဂ၅၅-ရှိလေသည်၊ ယိုးဒယား, အင်္ဂလန်စသည်တို့ဥလည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည် ဆဋ္ဌသံဂါယနာစာမူတော် စာမျက်နှာ ၁၁၇၀-ရှိလေသည်။

ပတ္ထနာပြုချက်

ဤသို့ဖြင့် အရှင်မဟာဗုဒ္ဓဃောသသည် ကြီးမားလှစွာသော အလောင်းတော်တို့၏ ဝိရိယဖြင့် ရေးသားစီရင်တော်မူခဲ့သော မနောရထပူရဏီအမည်ရှိသော အင်္ဂုတ္တရနိကာယ်အဋ္ဌကထာကြီးကို သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့သည် သဒ္ဓါတရား ရွှေသွားပြုပြီး ကြီးစွာသောလုံ့လ ဥဿာဟဖြင့် သင်ယူလေ့လာချုပ်နိုင်၍ စာပေလောကတိုင်း ကျင့်ကြံနိုင်ပါစေဟု ပတ္ထနာပြုပါသတည်း။

ဗုဒ္ဓဃောသေန သန္တေန၊ ထေရေန တိက္ခဉာဏိနာ။
ရစိတံ သုဋ္ဌု ပဿန္တု၊ ဝါစေန္တု သာသနေ ရတာ။

အဋ္ဌသာလိနီအမည်ရှိသော ဓမ္မသင်္ဂဏီ အဋ္ဌကထာ

အဋ္ဌသာလိနီအဋ္ဌကထာ, သမ္မောဟဝိနောဒနီအဋ္ဌကထာ, ပဥ္စပကရဏ အဋ္ဌကထာကိုလည်း (သောတတ္ထကီကျမ်းပြု)ဘွဲ့တူ ဗုဒ္ဓဃောသထေရ်တောင်းပန်သောကြောင့် ရေးသားခဲ့သည်။

ဝိသုဒ္ဓါစာရသီလေန၊ နိပုဏာမလဗုဒ္ဓိနာ။
ဘိက္ခုနာ ဗုဒ္ဓဃောသေန၊ သင်္ကစ္စံ အဘိယာစိတော။
(အဋ္ဌသာလိနီ၊ ဂန္ထာရမ္ဘကထာ၁။)

အဋ္ဌသာလိနီအဋ္ဌကထာကို သီဟိုဠ်မရောက်မီက ရေးသားခဲ့ကြောင်း မဟာဝံသစကားကို ဖော်ပြပြီးဖြစ်သည်၊ အမှန်မှာ သီဟိုဠ်ရောက်ပြီး မဟာအဋ္ဌကထာကို လေ့လာတတ်မြောက်ပြီးမှ ရေးရုံမျှမက ဝိသုဒ္ဓိမဂ်နှင့် နိကာယ် ၄-ရပ် အဋ္ဌကထာများကို ရေးသားပြီးမှ ရေးသားကြောင်းကို—

အတ္ထံ ပကာသယိဿာမိ၊ အာဂမဋ္ဌကထာသုပိ။
ဂဟေတဗ္ဗံ ဂဟေတ္ဝာန၊ တောသယန္တော ဝိစက္ခဏေ။

စသော ဂါထာစကားတို့ဖြင့်ပင် သိသာသည်၊ ၎င်းအဋ္ဌသာလိနီအဋ္ဌကထာ ၃၇-သုမေဓာရသ့ေ၏ ဟိမဝန္တာဓမ္မိကတောင်ရှိ စကြ်ံန်ကို "စေတိယဂိရိမိ့ ဒီပပွသာဒကမဟာမဟိန္ဒတ္ထေရဿ စင်္ကမနံ ဝိယ" သီဟိုဠ်ကျန်း အနုရာဓပြို စေတိယတောင်(မဟိန္ဒလေ့တောင်)ရှိ အရှင်မဟိန္ဒ၏ စကြ်ံန်နှင့် တူကြောင်းဖွင့်ပြချက်, အဋ္ဌသာလိနီ ၂၄၅- "ဒန္တဋ္ဌိကဒဿာဝိနော ပန စေတိယပဗ္ဗတဝါသိနော မဟာတိဿတ္ထေရဿ ဝိယ" ဟူသော သီဟိုဠ်ကျန်း စေတိယတောင်အဖြစ်အပျက်, ၂၃၂-လာ သီဟိုဠ် စေတိယတောင် အမွတ္ထလခေါ် မဟိန္ဒစေတီတည်ရှိရာ ကုန်းအပြင်ကျောင်းတိုက် မဟာရောဟန-ဂုတ္တထေရ်ဝတ္ထုအမြွက် ၁၂၁-လာ "ဒ္ဝါဒသန္နံ ဘိက္ခုသဟဿာနံ ဒါပေတ္ဝာ သာဒုရသံ ပရိဘုတ္တဿ ဒုဋ္ဌဂါမဏိအဘယရညော ဝတ္ထုံ အာဒိ်ကတ္ဝာ မဟာအဋ္ဌကထာယံ ဝတ္ထူနိ အာဂတာနိ" စသော စကားရပ်တို့ကို ထောက်၍ အဋ္ဌသာလိနီအဋ္ဌကထာကို အရှင်ဗုဒ္ဓဃောသထေရ် သီဟိုဠ်ကျန်းရောက်၍ မဟာအဋ္ဌကထာလေ့လာပြီးမှ ရေးသားကြောင်း ယုံမှားမဲ့မှတ်ရာသည်။ အရှင်ဗုဒ္ဓဃောသသည် အဋ္ဌသာလိနီအဋ္ဌကထာ၌ နိဒါန်းကို တော်တော်ခမ်းနားစွာ ရေးသားခဲ့သည်၊ အဘိဓမ္မာဗျူပြတ်မှစ၍ အဘိဓမ္မာပိဋကတ်၏ ဗုဒ္ဓဘာသိတဖြစ်ပုံကိုလည်း ကျနစွာ ဖော်ပြခဲ့သည်။

ပရိဝါရံ အတ္ထုဒ္ဓါရံ၊ အာဘိဓမ္မံ ဆပ္ပကရဏံ။

ဟူသော ဒီပဝံသအားလျော်စွာ ဝိတဏ္ဍဝါဒီတို့ ယူဆကြသော အဘိဓမ္မာ ၆-ကျမ်းဟူသော အယူကိုလည်း ပယ်ချိုးဖြုတ်ချခဲ့သည်၊ သုမေဓကထာကိုလည်း ဗုဒ္ဓဝံသမှယူ၍ ကျယ်ဝန်းစွာ ရေးသားခဲ့သည်သာမက ၂၄-ဆူသော ဘုရားရှင်တို့ထံ ဗျာဒိတ်ခံပုံလည်း ပြည့်စုံစွာပြခဲ့သည်၊ အဋ္ဌသာလိနီအဋ္ဌကထာသည် ဘာဏဝါရပေါင်း ၃၉-ဘာဏဝါရရှိကြောင်း—

ကေ္ဟနစတ္တာလီသာယ၊ ပါဠိယာ ဘာဏဝါရတော။
စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ နိဋ္ဌာပေန္တေန တံ မယာ။

ဟူသော ဂါထာဖြင့် ပြဆိုလေသည်၊ အဋ္ဌသာလိနီအဋ္ဌကထာကို နာဂရီအက္ခရာဖြင့် ပြန်ဆိုရေးသားခဲ့သော ပါမောက္ခဗာပတ်ကမူ အဋ္ဌသာလိနီကို အရှင်ဗုဒ္ဓဃောသမဟုတ်ဟု မှားယွင်းစွာ ဖော်ပြ

ခဲ့သည်၊ ၎င်းအဋ္ဌကထာသည် သီဟိုဠ်ရိုက် ၃၅၃-စာမျက်နှာ ရှိသည်၊ အင်္ဂလန်စသည်တို့၌လည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည်၌လည်း အကြိမ်ကြိမ်ရိုက်ခဲ့ရာ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၄၅၄- ရှိလေသည်။

တိုက်တွန်းချက်

အရှင်ဗုဒ္ဓဃောသသည် ဤအဘိဓမ္မာအဋ္ဌကထာသည် ကြုံတွေ့ရခဲသော ကထာဖြစ်သဖြင့် တည်ကြည်ငြိမ်သက်သော စိတ်ရှိကြသော သင်သူတော်ကောင်းတို့သည် ဖွင့်ဆိုလတ္တံ့သော မိမိ (ဗုဒ္ဓဃောသ)ထံမှ နာယူကြကုန်ဟူ၍လည်း တိုက်တွန်းခဲ့သည်။

ဣတိ မေ ဘာသမာနဿ၊ အဘိဓမ္မကထာ ဣမံ။
အဝိက္ခိတ္တာ နိသာမေထ၊ ဒုလ္လဘာ ဟိ အယံ ကထာ။

(အဘိ၊ ဋ္ဌ၊ ၁။ ၂။)

သမ္မောဟဝိနောဒနီအဋ္ဌကထာ

သမ္မောဟဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာကိုလည်း နာမည်တူ သောတတ္ထကီကျမ်းပြု အရှင်ဗုဒ္ဓဃောသထေရ်ပင် တောင်းပန်သဖြင့် ရေးသားကြောင်း—

အတ္ထပ္ပကာသနတ္ထာ၊ တဿာဟ ယာစတော ဋ္ဌကထံ ကုဏ်ဍေန။
ယတိနာ အဒန္ဓဂတိနာ၊ သုဗုဒ္ဓိနာ ဗုဒ္ဓဃောသေန။

ဟူသော အဘိ၊ ဋ္ဌ၊ ၂။ ၅၀၇။ နိဂုံးဂါထာဖြင့်သိသာသည်၊ အရှင်ဗုဒ္ဓဃောသသည် မဟာအဋ္ဌကထာကို သီဟိုဠ်အဋ္ဌကထာ မူလအဋ္ဌကထာ ပေါရာဏအဋ္ဌကထာ ဟူ၍ သုံးလေ့ရှိရာ ဤ၌ "ပေါရာဏ-ဋ္ဌကထာယံ" "ပေါရာဏဋ္ဌကထာနံ"ဟူ၍ သုံးနှုန်းရေးသားခဲ့သည်၊ အရှင်ဗုဒ္ဓဃောသသည် သိမ်မွေ့သော အနက်သဘောတို့၌ တွေဝေခြင်းကို ပယ်ဖျောက်ရာ ပယ်ဖျောက်ကြောင်းဖြစ်သည့် အတွက် သမ္မောဟဝိနောဒနီမည်ကြောင်း—

ယံ အာရဘိ ရစယိတုံ၊ အဋ္ဌကထံ သုနိပုဏေသု အတ္ထသု။
သမ္မောဟဝိနောဒနတော၊ သမ္မောဟဝိနောဒနီ နာမ။

ဟူသော ဂါထာဖြင့် ရှင်းလင်းခဲ့သည်၊ ၎င်းကျမ်းသည် ပါဠိဘာဏဝါရ ၄၀-ရှိကြောင်း ကိုယ်တိုင် ဖော်ပြထားသည်။ ၎င်းကျမ်းကိုလည်း သီဟိုဠ်၌ရိုက်နှိပ်ထားရာ စာမျက်နှာရေ(၎င်းဆိုက် ၃၇၇-ရှိလေသည်၊ ယိုးဒယား, အင်္ဂလန်စသည့် နိုင်ငံများတို့၌လည်း ရိုက်နှိပ်ခဲ့ကြသည်၊ မြန်မာပြည်၌လည်း အထပ်ထပ် ရိုက်နှိပ်ခဲ့ရာ နောက်ဆုံး ကမ္ဘာအေးရိုက် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၅၀၈-ရှိလေသည်။

အဘိဓမ္မာ ငါးကျမ်း ပဋ္ဌပကရဏအဋ္ဌကထာ

ဝိဘင်းကျမ်းကို ဖွင့်ဆိုရေးသားတော်မူပြီး ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းကျမ်းတို့၏ အဖွင့်ပဋ္ဌပကရဏအဋ္ဌကထာကိုလည်း ရေးသားခဲ့သည်၊ ဤကျမ်း၌ အဘိယာ-စကကို မတွေ့ရပေ၊ ရှေ့ ၂-ကျမ်းကို တောင်းပန်သည့် နာမည်တူ ဗုဒ္ဓဃောသထေရ်ပင် ဖြစ်စရာ ရှိသည်။

ဓာတုကထာအဋ္ဌကထာ

ဓာတုကထာအဋ္ဌကထာကို—

အဋ္ဌာရသဟိ ဘေဒေဟိ၊ ဝိဘင်္ဂံ မာရဘဥ္ဇနော။
ဒေသယိတ္ဝာ မဟာဝီရော၊ ယံ တဿေဝ အနန္တရံ။

အဒေသယိ ဓာတုကထံ၊ ဓာတုဘေဒပ္ပကာသနော။
တဿတ္ထံ ဒီပယိဿာမိ၊ တံ သုဏာထ သမာဟိတာ။

ဟူသော ဂါထာမျှားဖြင့် အစပျိုး၍ ဖွင့်ဆိုခဲ့သည်၊ ဓာတုကထာအဋ္ဌကထာသည် ၂-ဘာဏဝါရ မဲ့မဲ့ရှိကြောင်း နိဂုံးဖြင့် သိရလေသည်။

ပုဂ္ဂလပညတ္တိအဋ္ဌကထာ

ဓာတုကထာအဋ္ဌကထာရေးပြီး ပုဂ္ဂလပညတ္တိ အဋ္ဌကထာကိုလည်း ရေးသားခဲ့သည်။ ဂန္ထာရမ္ဘမှာ—

နိပုဏတ္ထံ ပကရဏံ၊ ဓာတုဘေဒပ္ပကာသနော။
သတ္ထာ ဓာတုကထံ နာမ၊ ဒေသယိတ္ဝာ သုရာလယေ။

အနန္တရံ တဿ ဇိနော၊ ပညတ္တိဘေဒဒီပနံ။
အာဟ ပုဂ္ဂလပညတ္တိံ၊ ယံ လောကေ အဂ္ဂပုဂ္ဂလော။

တဿာ သံဝဏ္ဏနောကာသော၊ ယသ္မာ ဒါနိ ဥပါဂတော။
တသ္မာ နံ ဝဏ္ဏယိဿာမိ၊ တံ သုဏာထ သမာဟိတာ။

ဟူသော ၃-ဂါထာ ဖြစ်လေသည်၊ အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ဘာသာရေး အဋ္ဌကထာနှင့် နိကာယ်အဋ္ဌကထာများကို မှီရေးကြောင်း နိဂုံး၌ ဖော်ပြခဲ့သည်၊ ပုဂ္ဂလပညတ္တိအဋ္ဌကထာမှာ ဘာဏဝါရ ၇-ဘာဏဝါရလောက် ရှိကြောင်း နိဂုံးဖြင့် သိရလေသည်။

ကထာဝတ္ထုအဋ္ဌကထာ

ကထာဝတ္ထုအဋ္ဌကထာကိုလည်း ဆက်လက်ရေးသားခဲ့သည်၊ ဘုရားရှင်ထားခဲ့သော မာတိကာကို အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ဘီ၊စီ၊ ၃-ရာစုက ကထာဝတ္ထုကျမ်းကြီးကို ခဲ့၍ ဟောခဲ့ကြောင်း။

ကထာဝတ္ထုပါဠိတော်သမိုင်းကိုလည်း—

မာတိကာဌပနေနေဝ၊ ဌပိတာသာ သုရာလယေ။
တဿ မောဂ္ဂလိပုတ္တေန၊ ဝိဘတ္တာသာ မဟီတလေ။

ဟူသော ဂါထာဖြင့် ဂန္ထာရမ္ဘ၊ အဘိ၊ ဌ၊ ၃။ ၁၅၀-ခ်ီ ဖော်ပြချက်ကို တွေ့ရှိရသည်၊ နိဒါနကထာခ်ီ ဇမ္ဗူဒီပ်ခ်ီ မဟာသံဃိကဂိဏ်းကြီး ကွဲသည်မှစ၍ ဂိဏ်း ၁၈-ဂိဏ်းတို့၏ ကွဲပြားပုံကို ဒီပဝံသကျမ်းကို မှီး၍ စီရင်ခဲ့သည်။

မိစ္ဆာဝါဒ ၁၆-ချက်ကို ဖြုတ်ချချေဖျက်ရာကျမ်း

ကထာဝတ္ထုပါဠိတော်သည် အန္ဓက, အပရသေလိယ, ဥတ္တရပထက, ကဿပိက, ဂေါကုလိက, ပုဗ္ဗသေလိယ,ဘဒြယာနိက,မဟာသံဃိက,မဟိံသာသက,ရာဇဂိရိက,ဝဇ္ဇီပုတ္တက,ဓမ္မုတ္တရိက, သမ္မတ္တိ-ဝါဒီ, သမ္မိတိယ, သိဒ္ဓတ္ထိက, ဟေတုဝါဒဟူသော ဂိုဏ်း ၁၆-ဂိုဏ်းတို့၏ ဝါဒကို ချေဖျက်ချမှုန်း ဖြုတ်ချရာဖြစ်သော ကျမ်းဖြစ်သည်၊ အရှင်ဗုဒ္ဓဃောသသည် ဖော်ပြပါဂိုဏ်းတို့၏ ဝါဒများကို ကျနစ္စာ ဖွင့်ပြခဲ့ရာ သမယ,သမယန္တရဒဋ္ဌိ လွန်စ္စာကျမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ယုံမှားမဲ့မှတ်သားနိုင်သည်၊ အဋ္ဌကထာသာ မရှိပါလျှင် ကထာဝတ္ထုကျမ်း ယခုခေတ်တွင် နားလည်ဘို့ မလွယ်ကူပါချေ၊ ကထာဝတ္ထုအဋ္ဌကထာသည် ဘာဏဝါရပေါင်း ၁၃-ဘာဏဝါရမျှ ရှိကြောင်း—

ဣမံ တေရသမတ္တေဟိ၊ ဘာဏဝါရေဟိ တန္တိယာ။
စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ သခ်္ခေနေန္တေန ယံ မယာ။

နိဂုံး၌ ဖော်ပြခဲ့သည်။

ယမကပွကရဏအဋ္ဌကထာ

မူလယမိုက်စသော ယမိုက် ၁၀-ပါဠိတော်၏အဖွင့် ယမိုက်အဋ္ဌကထာကို ရေးသားတော်မူခဲ့သည်၊ ဓာတုယမိုက်ကို ဖွင့်သောအခါ ကျမ်းတက်စကားများနှင့် အာယတနယမိုက်အဋ္ဌကထာကို ပြန်ညှိနှိုင်းချက်မျသာ ဖော်ပြခဲ့သည်၊ ဤယမိုက်အဋ္ဌကထာသည် ဘာဏဝါရ ၅-ဘာဏဝါရမျသာ ရှိကြောင်း နိဂုံး၌ ဖော်ပြခဲ့သည်။

ပဋ္ဌာနပွကရဏအဋ္ဌကထာ

ယမိုက်အဋ္ဌကထာအပြီး ပဋ္ဌာန်းအဋ္ဌကထာကိုလည်း—

ဒေဝါတိဒေဝေါ ဒေဝါနံ၊ ဒေဝဒါနဝပူဇိတော။
ဒေသယိတ္ဝာ ပကရဏံ၊ ယမကံ သုဒ္ဓသံယမော။

အတ္ထတော ဓမ္မတောစေဝ၊ ဂမ္ဘီရဿာထ တဿ ယံ။
အနန္တရံ မဟာဝီရော၊ သတ္တမံ ဣသိသတ္တမော။

ပဋ္ဌာနံ နာမ နာမေန၊ နာမရူပနိရောဓနော။
ဒေသေသိ အတိဂမ္ဘီရ–နယမဏ္ဍိတဒေသနံ။

စသည့် ပြောင်မြောက်စ္စာလှသော ဂါထာတို့ဖြင့် အစပျိုးရေးသားခဲ့သည်၊ အရှင်ဗုဒ္ဓဃောသသည် ဝိဘင်္ဂဝါဒီမည်သော မြတ်စ္စာဘုရား၏တပည့်မဟာဝိဟာရဝါသီဆရာ အရှင်မြတ်တို့၏ ဝါဒကိုမစ္စန့်ပဲ သီဟိုဠ်ကျွန်း၌လည်း တိုင်းရေးပြည်ရာတို့ဖြင့် လွန်စ္စာ ရွှတ်ပွေငြားသော်လည်း အန္တရာယ်မရှိပဲ ပြီးခဲ့ကြောင်းကို—

အာစရိယာနံ ဝါဒံ၊ အဝိဟာယ ဝိဘင်္ဂဝါဒိသိဿာနံ။
အတိဗဟုဝိဓန္တရာယေ၊ လောကမှိ အနန္တရာယေန။

ဟူသောဂါထာဖြင့် မှတ်တမ်းတင်ခဲ့သည်၊ ဤ ပဋ္ဌာန်းအဋ္ဌကထာ၌ ဘာဏဝါရ ၁၄-ဘာဏဝါရ ပမာဏရှိကြောင်းကိုလည်း ဖော်ပြခဲ့သေးသည်၊ ဖော်ပြပါ ပဋ္ဌပကရဏအဋ္ဌကထာကို သီဟိုဠ်ကျွန်း

၌ ရိုက်နှိပ်ခဲ့ရာ ဓာတုကထာအဋ္ဌကထာ ရှိုင်ဆိုက် ၁၆-မျက်နှာရှိသည်၊ ပုဂ္ဂလပညတ် အဋ္ဌကထာ ၆၃၊ ကထာဝတ္ထုအဋ္ဌကထာ ၁၃၁၊ ယမကအဋ္ဌကထာ ၄၄၊ ပဋ္ဌာန်းအဋ္ဌကထာ ၁၃၆၊ မျက်နှာရှိလေသည်၊ ယိုးဒယား, အင်္ဂလန်တို့၌လည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည်၌လည်း အကြိမ်များစွာ ရိုက်နှိပ်ခဲ့ရာ ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၅-ကျမ်းပေါင်း ၄၄၉-မျက်နှာ ရှိလေသည်။

အရှင်ဗုဒ္ဓဃောသ ပဏာမပြုဟန်

ဝိနည်းပိဋကတ် အဋ္ဌကထာများ စီရင်သောအခါ "ယော ကပ္ပကောဋ္ဌိဟိအပွမေယျံ" စသော ဂါထာဖြင့် မြတ်စွာဘုရားအား ကရုဏာတော်ဖြင့်ချီးကျူး၍ ပဏာမပြုခဲ့သည်၊ အဘိဓမ္မာပိဋကတ်၏ အဖွင့်ကို စီရင်သောအခါ "ကရုဏာ ဝိယ သတ္ထောသု၊ ပညာ ယဿ မဟေသိနော" စသည် ဂါထာဖြင့် ပညာဖြင့် ဘုရားရှင်ကို ထောမနာပြုခဲ့သည်၊ သုတ္တန်ပိဋကတ်ကို ဖွင့်သောအခါ "ကရုဏာသီတလဟဒယံ ပညာပဇ္ဇောတဝိဂတမောဟတမံ"စသည်ဖြင့် နိဂဿ် ၄-ရပ်စလုံး၌ ကရုဏာ, ပညာ ၂-ပါး ရော၍ ဘုရားမြတ်စွာအား ချီးပွဲ၍ ပဏာမပြုခဲ့သည်၊ ဒေသနာအလိုက် ကိုက်ညီလှပေသည်။

ကင်္ခါဝိတရဏီအဋ္ဌကထာ

သမန္တပါသာဒိကာမည်သော အဋ္ဌကထာကြီးကို ချုံး၍ ပါတိမောက်သိက္ခာပုဒ် ဥပဒေတော်များ၏ အဖွင့်ဖြစ်သော ကင်္ခါဝိတရဏီအဋ္ဌကထာကိုလည်း ကုသိုလ်ကောင်းမှုဌ် မွေ့လျော်နှိမ့်ချသော စိတ်နှင့် ပြည့်စုံ စင်ကြယ်ခေါင်းပါးသော အကျင့်တို့နှင့် ကုံလုံပြည့်ဝ ဝိနယာစာရယုတ္တ ဂုဏ်ပေါင်းခသည့် အရှင်သောဏထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်း—

သူရတေန နိဝါတေန၊ သုစိသလ္လေခဝုတ္တိနာ။
ဝိနယာစာရယုတ္တေန၊ သောဏတ္ထေရေန ယာစိတော။

ဟူသော ဂါထာဖြင့် ဂန္ထာရမ္ဘကထာ၌ ဖော်ပြခဲ့သည်၊ အရှင်ဗုဒ္ဓဃောသသည် ဝိနည်းပိဋကတ်၌ ယုံမှားသံသယရှိသော ရဟန်းတော်တို့ ယုံမှားမှုမှ ကျော်လွှားလွန်မြောက်ရန်အတွက် ပြည့်စုံလုံလောက်သော အဆုံးအဖြတ်လည်းရှိ မဟာဝိဟာရဝါသီဂိုဏ်းဝင် ထေရ်တို့၏ ပို့ချစဉ်တိုင်း ရေးမည်ဖြစ်ကြောင်း ဝန်ခံထားသည့်အတိုင်း ပြည့်စုံစွာ ရေးသားခဲ့သည်၊ ထို့ကြောင့်ပင် ဝိနည်းဓိုရ်ပဂ္ဂိုလ်များ ဝိနယဂရုကရဟန်းတော်များ ကင်္ခါဝိတရဏီကျမ်းကို လက်မလွှတ်နိုင် ဖြစ်ကြရသည်။

အစီအစဉ်ကောင်းမွန်လှပုံ

ကင်္ခါဝိတရဏီ၌ ဖွင့်ပုံအစီစဉ်လည်း ကောင်းမွန်လှသည် သိက္ခာပုဒ်အားလုံး သာဓာရဏ-ဝိနိစ္ဆယအတွက်—

နိဒါနံ ပဂ္ဂလံ ဝတ္ထုံ၊ ပညတ္တိဝိဓိမေဝ စ။
အာဏတ္တာ'ပတ္တိ'နာပတ္တိ-ဝိပတ္တိ အင်္ဂမေဝ စ။

သမုဋ္ဌာနဝိဓိ ကိရိယာ-သညာစိတ္တေဟိ နာနတ္တံ။
ဝဇ္ဇကမ္မပဘေဒဉ္စ၊ တိကဒ္ဒုယဝိဓိ တထာ။

လက္ခဏံ သတ္တရသဓာ၊ ဌိတံ သာဓာရဏံ ဣဒံ။
ဥ တ္ဝာ ယောဇေယျ မေဓာဝီ၊ တတ္ထ တတ္ထ ယထာရဟံ။

ဟူသော ဂါထာအားလျော်စွာ နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထု, ပညတ္တိဝိဓိစသည့် မာတိကာ ၁၇-ချက်တိုင်း ဖွင့်ပြထားသည်မှာ အစီအစဉ် ကောင်းမွန်လှပေသည်။

အိန္ဒိယယဉ်ကျေးမှု ကျမ်းကျင်ကြောင်းသာဓက

ကခ်ီဝိတရဏီ ၂၇၆-ပရိမဏ္ဍလသိက္ခာပုဒ် ပရိမဏ္ဍလအဖွင့် ဟတ္ထိသောဏ္ဍကဝတ်နည်းကို ပြရာ၌ "ဟတ္ထိသောဏ္ဍကံ နာမ နာဘိမူလတော ဟတ္ထိသောဏ္ဍသဏ္ဌာနံ ဩလမ္ဗကံ ကတ္ဝာ နိဝတ္ထံ စောဋ္ဌကဏ္ဍတ္ထိနံ နိဝါသနံ ဝိယ။ ဟတ္ထိသောဏ္ဍကဝတ်နည်းဟူသည် ချက်ရင်းမှ ဆင်လက်မောင်း သဏ္ဌာန်တဲ့လဲ့ချပြီး အိန္ဒိယတောင်ပိုင်း စောဋ္ဌတိုင်းမိန်းမတို့ဝတ်နည်းကဲ့သို့ ဖြစ်သည်ဟု ဖွင့်ပြသည်မှာ အိန္ဒိယတောင်ပိုင်းရှိ ယဉ်ကျေးမှုကို ကျမ်းကျင်ကြောင်း မှန်းဆသိရသော သာဓက ဖြစ်လေသည်။

ကျမ်းစာပမာဏ

ကခ်ီဝိတရဏီအဋ္ဌကထာသည် ဘာဏဝါရ ၂၂-ဘာဏဝါရ ပမာဏရှိကြောင်း ကျမ်းဆရာ ကိုယ်တိုင်ဖော်ပြခဲ့သည်၊ ၎င်းကျမ်းကို သီဟိုဠ်ကျန်းဘုလည်း ရိုက်နှိပ်ခဲ့ရာ ရှိုင်ဆိုက် စာမျက်နှာ ၂၀၈-ရှိလေသည်၊ ယိုးဒယား, အင်္ဂလန် စသည်တို့ဘုလည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည်၌ နောက်ဆုံး ရိုက် ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၃၅၇-ရှိလေသည်။

ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဋအဋ္ဌကထာ

ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဋအဋ္ဌကထာကိုလည်း အရှင်ဗုဒ္ဓဃောသထေရ်ရေးသားသော အဋ္ဌကထာဟု အများစု ယုံကြည်ကြသည်၊ ကျမ်းနိဂုံး၌....တဉီးဉီးထည့်ထားသည်ဟု ယူဆရသော "ဗုဒ္ဓဃောသောတိ ဂရူဟိ ဂဟိတနာမဓေယ္ယေန ထေရေန ကတာ အယံ ပရမတ္ထ-ဇောတိကာ နာမ ခုဒ္ဒကပါဋဝဏ္ဏနာ" ဟူသောစကားကြောင့် အရှင်ဗုဒ္ဓဃောသရေးသောကျမ်း မဟုတ်ဟု ဆုံးဖြတ်ရန် အခက်အခဲတွေ့နေကြရသည်။

ဥတ္တမံ ဝန္ဒနေယျာနံ၊ ဝန္ဒိတ္ဝာ ရတနတ္တယံ။
ခုဒ္ဒကာနံ ကရိဿာမိ၊ ကေသဥ္စိ အတ္ထဝဏ္ဏနံ။

ဟု ပဏာမပြုချက်လည်း အရှင်ဗုဒ္ဓဃောသလက်ရာနှင့် မတူပါချေ၊ ၎င်းပြင်---

ခုဒ္ဒကာနံ ဂမ္ဘီရတ္တာ၊ ကိဉ္စာပိ အတိဒုက္ကရာ။
ဝဏ္ဏနာမာဒိသေနေသာ၊ အဗောဓန္တေန သာသနံ။

ဟူသောစကားဖြင့် အခက်တွေ့ဟန်ကို ဖော်ပြထားသည်မှာလည်း အရှင်ဗုဒ္ဓဃောသနှင့် မလိုက်ပါချေ၊ ဝိသုဒ္ဓိမဂ်နှင့် နိကာယ်ကြီး ၄-ရပ်အဋ္ဌကထာ သမန္တပါသာဒိကာအဋ္ဌကထာ, အဘိဓမ္မာ အဋ္ဌကထာကြီးများကို ရေးသားခဲ့သောဆရာမြတ်တယောက်အနေနှင့် သရဏဂုံ,သိက္ခာ,ဒဋ္ဌိတို့သာ-ကာရ,ကုမာရပဉ္ဉာ, မဂ်လသုတ်, ရတနသုတ်, တိရောကုဋ္ဋသုတ်, နိဓိကဏ္ဍသုတ်, မေတ္တာသုတ်, ဟူသော

သုတ် ၉—သုတ်ကိုဖွင့်ရန် အခက်ကြုံနေသည်ဆိုချက်မှာ မဆီလျော်သကဲ့သို့ ရှိပါသည်၊ဝိသုဒ္ဓိမဂ်၌ ဖွင့်ပြီး ဒုတိယသာကာရကို ဤ၌ဖွင့်ပြခြင်းမှာလည်း စဉ်းစားစရာတရပ် ဖြစ်လေသည်။ သီဟိုဠ်ကျန်း ဝိဇ္ဇောဒယတက္ကသိုလ်ပါမောက္ခ အာနန္ဒာမေတ္တေယျက ပရိတ္တအဋ္ဌကထာဟူသည် ခုဒ္ဒကပါဌဟု ယူဆကြောင်းကို အဋ္ဌုပ္ပတ်ရွေပိုင်းက ဖော်ပြခဲ့ပြီးလေပြီ။ ခုဒ္ဒကပါဌကျမ်းကို သီဟိုဠ်ကျန်း၌လည်း ပုံနှိပ်ထားရာ ဒီမိုင်းဆိုက် ၂၅၂—မျက်နှာရှိပြီး မြန်မာပြည် ဆဋ္ဌစာတော်မူ ၂၁၂–ရှိလေသည်၊ ယိုးဒယား,အင်္ဂလန်တို့၌ ရိုက်နှိပ်ခဲ့ကြောင်း သိရလေသည်။

ဓမ္မပဒအဋ္ဌကထာ

ဓမ္မပဒအဋ္ဌကထာသည် ဓမ္မကထိကပုဂ္ဂိုလ်များ မြတ်နိုးသည့် ကျမ်းစာ ဖြစ်လေသည်၊ ၎င်း အဋ္ဌကထာကိုလည်း အရှင်ဗုဒ္ဓဃောသ ပြုစီရင်သောကျမ်းအဖြစ် အခ့ါပညာရှင်တို့ သံသယဖြစ်ကြသည်၊ သို့သော် ဂန္ဆာရမ္ဘလာ—

တဿ ပါဒေ နမဿိတ္ဝာ၊ သမ္မုဒ္ဓဿ သိရီမတော။
သဒ္ဓမ္မဇ္ဇဿ ပူဇေတ္ဝာ၊ ကတ္ဝာ သံဃဿ စဇ္ဇလိံ။။

ဟူသော ပဏာမဂါထာမှာ အဋ္ဌသာလိနီဂန္ဆာရမ္ဘ ပဏာမဂါထာနှင့် တထပ်တည်းတူနေသည်မှာ အရှင်ဗုဒ္ဓဃောသထေရ် ဖြစ်နိုင်စရာရှိကြောင်း အထောက်တခု ဖြစ်သည်၊ အရှင်ဗုဒ္ဓဃောသသည် ဖော်ပြပါ ဓမ္မပဒ အဋ္ဌကထာကို အရှင် ကုမာရ ကဿပထေရ် တောင်းပန်သဖြင့် ရေးသားကြောင်း—

ဣတိ အာသိသမာနေန၊ ဒန္တေန သမစာရိနာ။
ကုမာရကဿပေနာဟံ၊ ထေရေန ထိရစေတသာ။

ဟူသောဂါထာဖြင့် မှတ်တမ်းတင်ခဲ့သည်၊သီဟိုဠ်ကျန်း၌ ဆရာစဉ်ဆက် မှတ်သားဆောင်ရွက် လေ့ကျက်ချပို့ သုံးစွဲဟောကြားခဲ့ရာ သီဟိုဠ်ဘာသာဖြင့် တည်ရှိခဲ့သည်ကို အလွန်အမင်း ကျယ်လွန်းသည်များကို စွန့်ပယ်ချုံးချဉ်း၍ ရေးသားခြင်း ဖြစ်သည်။

ဝိဟာရေ အဓိရာဇေန၊ ကာရိတမ္ဗိ ကတညုနာ။
ပါသာဒေ သိရိကူဋဿ၊ ရညော ဝိဟရတာ မယာ။

ဟူသော နိဂုံးဂါထာဖြင့် အရှင်ဗုဒ္ဓဃောသသည် သီရိကူဋမင်း၏ ပြာသာဒ်၌နေစဉ် ရေးသားသည်ဟု သိသာသည်၊ ဒေါက်တာမာလလာဆေကရက သီရိကူဋမင်းဟူသည် မဟာနာမမင်း၏ အခြားအမည်ဖြစ်နိုင်သည်ဟု ပြဆိုချက်ကို Dictionary of PāliProper Names ၌ တွေ့ရသည်၊ သီဟိုဠ်ပါဠိသမိုင်းကျမ်းပြု အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဗုဒ္ဓဒတ္တကမူ သီရိကူဋဟူသောမင်း သီဟိုဠ်၌ မရှိ၊ အိန္ဒိယနိုင်ငံ စောဠတိုင်းနေစဉ် ရေးသားသောကျမ်း ဖြစ်သင့်သည်ဟု ဖော်ပြသည်၊ ဓမ္မပဒအဋ္ဌကထာကို ရှေးကပင် သီဟိုဠ်၌ ရိုက်နှိပ်ခဲ့သည်။ ရှိုင်ဆိုက် စာမျက်နှာ ၆၇၁–ရှိလေသည်၊ ယိုးဒယား,အင်္ဂလန်စသည်တို့၌လည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည်၌လည်း အထပ်ထပ်ရိုက်နှိပ်ခဲ့သည်၊နောက်ဆုံးရိုက် ဆဋ္ဌသံဂါယနာစာတော်မူမှာ ပ-ဒု-၂-အုပ်ပေါင်း ၉၀၃—မျက်နှာရှိလေသည်။

ပရမတ္ထဇောတိကာမည်သော သုတ္တနိပါတအဋ္ဌကထာ

ပရမတ္ထဇောတိကာ အမည်ရှိသော သုတ္တနိပါတ အဋ္ဌကထာကိုလည်း အရှင်ဗုဒ္ဓဃောသ ရေးသားခဲ့သည်ဟု ပညာရှင်အများစု လက်ခံခဲ့ကြပြီးဖြစ်သည်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် နိကာယ်ကြီး ၄-ရပ်အဋ္ဌကထာ, ဝိနည်း, အဘိဓမ္မာအဋ္ဌကထာများကို ကျန်စဉ်ဖတ်ပြီး ပညာရှင်တို့ သုတ္တနိပါတ် အဋ္ဌကထာကို အရှင်ဗုဒ္ဓဃောသထေရ်၏ လက်ရာဟုတ်လောက် မဟုတ်လောက် ခန့်မှန်းသင့်ကြပေသည်၊ ကျမ်းဦးအစ ဂန္ထာရမ္ဘဋ္ဌ—

ဥတ္တမံ ဝန္ဒနေယျာနံ၊ ဝန္ဒိတ္ဝာ ရတနတ္တယံ။
ယော ခုဒ္ဒကနိကာယမ္ပိ၊ ခုဒ္ဒါစာရပ္ပဟာယိနာ။

စသည်ဖြစ်သည်၊ ၎င်းသုတ္တနိပါတ်အဋ္ဌကထာ၏ ဂန္ထာရမ္ဘအစဂါထာသည် ခုဒ္ဒကပါဋအဋ္ဌကထာ ဂန္ထာရမ္ဘနှင့် ၂-ပါဒ လုံးဝတူသည်၊ ခုဒ္ဒကပါဋအဋ္ဌကထာ အစဂါထာကား—

ဥတ္တမံ ဝန္ဒနေယျာနံ၊ ဝန္ဒိတ္ဝာ ရတနတ္တယံ။
ခုဒ္ဒကာနံ ကရိဿာမိ၊ ကေသဥ္စိ အတ္ထဝဏ္ဏနံ။

ဖြစ်သည်။

သုတ္တဟူသောပုဒ်၏ ဗျုပ္ပတ်ကိုဖွင့်ပြရာ၌—

အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။
သုတ္တာဏာ သုတ္တသဘာ–ဂတော စ သုတ္တန္တိ အက္ခာတန္တိ။

ဟု ဒီ၊ ဋ္ဌ၊ ၁။ ၁၈။ ဝိ ဋ္ဌ၊ ၁။ ၁၅။ အဘိ၊ ဋ္ဌ၊ ၁။ ၂၀-တို့၌ လာရှိခဲ့ရာ သုတ္တနိပါတ အဋ္ဌကထာ၌—

သုဝုတ္တတော သဝနတော၊ အတ္ထာနံ သုဋ္ဌု တာဏတော။
သူစနာ သူဒနာ စေဝ၊ ယသ္မာ သုတ္တံ ပဝုစ္စတိ။

သုတ္တနိ၊ ဋ္ဌ၊ ၁။ဂန္ထာရမ္ဘ၌ လာရှိသည်။

သုတ္တနိပါတ်အဋ္ဌကထာကို သီဟိုဠ်စသည့် နိုင်ငံများ၌လည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည်၌လည်း အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ နောက်ဆုံးရိုက် ဆဋ္ဌသံဂါယနာစာတော်မူ ပဌမအုပ် ၃၁၄၊ ဒုတိယအုပ် ၃၂၄ + ၂-အုပ်ပေါင်း ၆၃၈-မျက်နှာ ရှိလေသည်၊ ဘာဏဝါရအားဖြင့် ၄၄-ဘာဏဝါရ ပမာဏရှိကြောင်း နိဂုံး၌ ဖော်ပြခဲ့သည်။

ဇာတကဋ္ဌကထာ

ဇာတ်အဋ္ဌကထာကိုလည်း အရှင်ဗုဒ္ဓဃောသထေရ်ပင် ပြုစီရင်သည်ဟု ဆရာတို့ ဆိုကြသည်။ သို့သော် လုံလောက်သောအကြောင်းကို မတွေ့ရပေ၊ သီဟိုဠ်ပါဠိသမိုင်း၌ မဟာဝိဟာရဝါသီထေရ်မြတ် အဆက်ဆက်တို့ ရေးသားစီရင်ကြောင်း ဖော်ပြချက်ကို တွေ့ရသည်၊ အရှင်ဗုဒ္ဓဃောသဟု ယူဆရသော ဇာတကဋ္ဌကထာကျမ်းပြု ဆရာတော်သည် အရှင်အတ္ထဒဿီထေရ်နှင့် အရှင်ဗုဒ္ဓမိတ္တထေရ်, မဟိ ံသာသကဂိဏ်းသားဖြစ်သော အရှင်ဗုဒ္ဓဒေဝထေရ်တို့ တောင်းပန်၍ ရေးသားကြောင်း—

ဗုဒ္ဓဝံသဿ ဇေဿ၊ ဣစ္ဆန္တေန စိရဋ္ဌိတိံ။
ယာစိတော အဘိဂန္ဓာန၊ ထေရေန အတ္ထဒဿိနာ။

အသံသဒ္ဒဝိဟာရေန၊ သဒါ သုဒ္ဓဝိဟာရိနာ။
တထေဝ ဗုဒ္ဓမိတ္တေန၊ သန္တစိတ္တေန ဝိညုနာ။

မဟိံသာသကဝံသမ္မိ၊ သမ္ဘူတေန နယညုနာ။
ဗုဒ္ဓဒေဝေန စ တထာ၊ ဘိက္ခုနာ သုတဗုဒ္ဓိနာ။

ဟူသော ဂန္ထာရမ္ဘကထာများဖြင့် သိသာသည်။ ဖော်ပြပါ ဇာတ်အဋ္ဌကထာကို သီဟိုဠ်ဒွီရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ရှိုင်ဆိုက် ၂၄၄၃-ရှိလေသည်၊ အင်္ဂလန်ဒွီလည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည်ဒွီလည်း ရိုက်နှိပ်ခဲ့သည်၊ ဆဋ္ဌသံဂါယနာစာတော်မူ ၇-တဲ့ ရှိသည်၊ ၇-တဲ့လုံး စာမျက်နှာ ၃၂၃၉-မျက်နှာရှိရာ လွန်စွာကြီးကျယ်လှသော အဖြစ်တော်စဉ် အဋ္ဌကထာကြီးလည်း ဖြစ်သည်၊ သီဟိုဠ်ရိုက် ဇာတ်အဋ္ဌကထာများနှင့် မြန်မာပြည်ရိုက် ဇာတ်အဋ္ဌကထာတို့ဒွီ နိဂုံးဂါထာကို မတွေ့ရသော်လည်း အင်္ဂလန်ရိုက် ဇာတ်အဋ္ဌကထာအဆုံး နိဂုံးဒွီ ဂါထာများစွာပါလျက် ရှိသည်၊ ၎င်းဂါထာများကို စာပေသမိုင်းခေလ့လာသူတို့ အရေးကြီးလှသဖြင့် ဤဒွီ ထုတ်ပြအပ်သည်။

၁။ ဇာတိဒုက္ခာတိဝတ္တာဿ၊ သုဇာတဿ မဟေသိနော။
ဇာတိယော ဒီပယန္တဿ၊ ဇာတကတ္ထဿ ဝဏ္ဏနာ။

၂။ အာရဒ္ဓါ ယာ မယာ လောကေ၊ ဓမ္မာ လောကဿ ဘူရိနော။
ပညာစက္ခုပကာရဿ၊ ဣစ္ဆန္တေန စိရဋ္ဌိတိံ။

၃။ သာ သော ဝိသတိသတ-ဘာဏဝါရာယ တန္တိယာ။
ဝိဟာရေသု ဝိဟာရိနံ၊ ဘိက္ခူနံ ရတိဝဍ္ဎနံ။

၄။ ဣမိနာ ပုညကမ္မေန၊ ဣတောဟံ ဒုတိယေ ဘဝေ။
ဥပ္ပဇ္ဇိတ္ဝာ သုရာဝါသေ၊ သုန္ဒရေ တုသိတေ ပုရေ။

၅။ မေတ္တေယျလောကနာထဿ၊ သုဏန္တော ဓမ္မဒေသနံ။
တေန သဒ္ဓိံ စိရံ ကာလံ၊ ဝိန္ဒန္တော မဟတိံ သိရိံ။

၆။ ဗုဒ္ဓေ ဇာတေ မဟာသတ္တော၊ ရမ္မေ ကေတုမတီပုရေ။
ဝိပ္ပဝံသေ ဇနိတ္ဝာန၊ တိဟေတုပဋိသန္ဓိကော။

၇။ စိဝရံ ပိဏ္ဍပါတဉ္စ၊ အနဂ္ဃံ ဝိပုလံ ဝရံ။
သေနာသနံ စ ဘေသဇ္ဇံ၊ ဒတ္ဝာ တဿ မဟေသိနော။

၈။ သာသနေ ပဗ္ဗဇိတ္ဝာန၊ ဇောတေန္တော တမနုတ္တရံ။
ဣဒ္ဓိမာ သတိမာ သမွာ၊ ဓာရေန္တော ပိဋကတ္တယံ။

၉။ ဗျာကတော တေန ဗုဒ္ဓေါယံ၊ ဟေဿတီတိ အနာဂတေ။
ဥပ္ပန္နုပ္ပန္နဗုဒ္ဓါနံ၊ ဒါနံ ဒတ္ဝာန တေဟိပိ။

၁၀။ သံသာရေ သံသရန္တော စ၊ ကပ္ပရုက္ခော၀ ပါဏိနံ။
ဂ္ဂစ္ဆတိစ္ဆိတမန္နာဒိ၊ ဒဒံ စိတ္တသမာဟိတော။

၁၁။ သီလနေက္ခမ္မပညာဒိ၊ ပူရေတ္၀ာ သဗ္ဗပါရမီ။
ပါရမီသိခရံ ပတ္၀၊ ဗုဒ္ဓေါ ဟုတ္၀ာ အနုတ္တရော။

၁၂။ ဒေသေတ္၀ာ မဓုရံ ဓမ္မံ၊ ဇန္တူနံ သိဝမာ၀ဟံ။
သဗ္ဗံ သဒေ၀ကံ လောကံ၊ ဗြဟာ သံသာရမုန္မနာ။
မောစယိတ္၀ာ ၀ရံ ခေမံ၊ ပါပုဏေယ္ယံ သိဝံ ပဒံ။

၁၃။ ပုညေနာနေန ပပ္ပေါမိ၊ နိဗ္ဗုတိံ ယာ၀ တာ၀'ဟံ။
ဥပပဇ္ဇေယ္ယံ ကုလေ သုဒ္ဓေ၊ သဒ္ဓေ အဓေ့ မဟဒ္ဓနေ။

၁၄။ အသေသဒေသဘာသာသု၊ ကလာသု သကလာသု စ၊
ကုသလော လောကပတ္တိစ္ဆေ၊ စက္ကနိမ္မဒ္ဒနေသု စ။

၁၅။ ပိဋ္ဌကေသု စ ဝေဒေသု၊ နေကဗျာကရဏေသု စ။
တက္ကာဒီသု ပနညေသု၊ သတ္ထေသု စ ဝိသာရဒေါ။

၁၆။ ကဝိ စာဂမကော၀ိဒေါ၊ ပရ၀ါဒပ္ပမဒ္ဒနော။
ကေဿုတိဓရော နေက-သဟဿာနမ္ပိ ဂန္ထတော။

၁၇။ ဂန္ထသတသဟဿမ္ပိ၊ သုတမတ္တေန ဓာရယေ။
အတ္ထဗျဉ္ဇနတော စာပိ၊ သဟဿနယတောပိ စ။

၁၈။ ဝသာ သီဟဿ ပက္ခိတ္တံ၊ ယထာ ကဉ္ဇနပါတိယာ။
သီလာလေခေ၀ မေ နိစ္စံ၊ သဗ္ဗံ သုတံ နု နာသယေ။

၁၉။ မဟိဒ္ဓိကော မဟာတေဇော၊ ကတညူ ကုသလော ဗလီ။
မိတိမာ ဇာတိသမ္ပန္နော၊ ဘ၀ေယ္ယံ ဇာတိဇာတိယံ။

၂၀။ ပဏ္ဍိတော မံ နု ဟိ ံသေယျ၊ နု ဟိ ံသေယံ္ပ ပရမ္ပိ ၀ါ။
အဒဏ္ဍေန အသတ္ထေန၊ ဒမေယ္ယံ သဗ္ဗပါဏိနော။

၂၁။ ကုဒိဋ္ဌိ ံ ပါပမိတ္တံ စ၊ နု သေ၀ေယံ္ပ ကုဒါစနံ။
ဟိတစိတ္တေန သတ္တာနံ၊ ဘဏေယ္ယံ မဓုရံ ဂိရံ။

၂၂။ နိပုဏံ ဒုဒ္ဒသံ ပဋ္ဌံ၊ ယေန ကေနစိ ပုစ္ဆတော။
မုဟုတ္တေန ပကာသေယံ္ပ၊ တောသေန္တော သကလံ ပဇံ။

၂၃။ အတေကိစ္ဆာပိ ယေ ဏောဂါ၊ တေ မယာ ပေက္ခိတက္ခဏေ။
နိဿေသာ ဗျပဂစ္ဆန္တု၊ ဥဒဗိန္ဒု၀ ပေါက္ခရေ။

၂၄။ ဒသိကသုတ္တာမတ္တမ္ပိ၊ ယံကိဉ္စိ မမ သန္တကံ။
ဏာဇောရုပ္ပိယာ သတ္တာ၊ အဂ္ဂိနာ ဥဒကေန ၀ါ။

၂၅။ နဝိနဿန္တု မေ ဘောဂါ၊ မာဂယှ ဒုယှ ဝုယှန္တု။
ရောဂဗျဓန္တရာယာ တု၊ နုပပ္ပါန္တု ကဒါစိ မံ။

၂၆။ ဒေဝါ မနုဿာ အသုရာ၊ ဂန္ဓဗ္ဗာ ယက္ခရက္ခသာ။
တေပိ မံ အနုရက္ခန္တု၊ ဘဝေ သံသရတော မမ။

၂၇။ အဒိန္နံ ပရဒါရံ စ၊ သုရာပါနံ ဝိဟိံသနံ။
အသစ္စံ သုပိနေနာပိ၊ နာ ဘဏေယျံ ကုဒါစနံ။

၂၈။ ပဥ္စာနန္တရိယံ ကမ္မံ၊ ပဥ္စဒုစ္စရိတမ္ပိ စ။
မနသာပိ နာ စိန္တေယျံ၊ သဗ္ဗကာလံ ဣတော ပရံ။

၂၉။ နာ ကရေယျံ နာ ကာရေယျံ၊ နာ စိန္တေယျံ ကုဒါစနံ။
ပါပကံ အနုမတ္တမ္ပိ၊ တထာ ဒုက္ခံ စ ပါဏိနံ။

၃၀။ နိရယေ စ တိရစ္ဆာနေ၊ ပေတေ အသုရယောနိယံ။
ယံ စ ဒုက္ခံ စ တံ သဗ္ဗံ၊ နာ ဖုသေယျ ကုဒါစနံ။

၃၁။ ယာနိ သိပ္ပါနိ လောကသ္မိံ၊ အဏုံ ထူလာနိ ဝိဇ္ဇရေ။
တာနိ သဗ္ဗာနိ သိပ္ပါနိ၊ သယံ သိဒ္ဓါ ဘဝန္တု မေ။

၃၂။ ပူရေတ္ဝာ ပေါဓိသမ္ဘာရေ၊ ဗုဒ္ဓါ ဟေသုံ အနာဂတေ။
ဒေသေတ္ဝာ ဇန္တုနံ ဓမ္မံ၊ ပူရယိသု သဝေ ပဒါ။

၃၃။ ပဋိသန္ဓိမာနုသီ ဘောဂါ၊ ဝါသနာ ပိဋကတ္တယေ။
ဒါနသီလမယာ ပညာ၊ မမ ဟောတု ဘဝါဘဝေ။

၃၄။ အနေန မေ သဗ္ဗဘဝါဘဝေသု၊
ဇာတိသရော သဗ္ဗဂုဏူပပန္နော။
ဓနေန ပုညေန ကုလေန စာထော၊
ဗုဒ္ဓါ ဘဝိဿာမိ အနာဂတေသု။

၃၅။ သဒ္ဓါသီလာဒိပညာသိရိမိတိသတိမာ စာဂမေတ္တာဒယာလု၊
သန္တော ဒန္တော သုစိတ္တော သကလဝိဂမကော ဒဿနေယျာဘိရူပေါ။
တေဇသိဒ္ဓိ စ ဇာတိသရမတိ သုဝစော သုဿရော နန္တဘောဂေါ၊
သဒ္ဓမ္မောယေဝ တာဏော ဘဝတု ဘဝါဘဝေ ပါပုဏေ ယာဝ ဗောဓိံ။

ဖော်ပြပါအင်္ဂလိပ်မူ ဇာတ်အဋ္ဌကထာ နိဂုံးလာဂါထာများကို သီဟိုဠ်ပါဠိသမိုင်းမှ ဖော်ပြထားရာ စဉ်းစားနှိုင်းချိန်၍ သဘောယူသင့်ပေသည်။

ချီးကျူးစရာ ကရုဏာ

ဤသို့ဖြင့် ခုဒ္ဒကပါဌဓမ္မပဒ သုတ္တနိပါတ် ဇာတ်အဋ္ဌကထာတို့ကို ထည့်သွင်း၍ ဆဋ္ဌသံဂါယနာ စာတော်မူ စာအုပ်ပေါင်း ၃၅-အုပ်၊ စာမျက်နှာပေါင်း ၁၃၀၀၀-ကျော်ပမာဏရှိသော အဋ္ဌကထာ

ကျမ်းများကို ရေးသားခဲ့သော အရှင်ဗုဒ္ဓဃောသ၏ ဝိရိယနှင့် ကရုဏာတော်ကို လွန်စွာ ချီးကျူးသြဘာ ထောမနာပြုဖွယ် ကောင်းလှပါတော့သည်။

အရှင်ဗုဒ္ဓဃောသ၏ ဂုဏ်ပုဒ်များ

ဝိသုဒ္ဓိ။ ဒီ၊ ဌ။ မ၊ ဌ။ သံ၊ ဌ။ အံ၊ ဌ။ ဝိ၊ ဌ။ ကခ်ီ၊ ဌ။ အဘိ၊ ဌ။ ခုဒ္ဒကပါဌ၊ ဌ။ ဓမ္မ၊ ဌ။ သုတ္တနိ၊ ဌ။ တို့၏ နိဂုံးဌ် တွေ့ရသော ပရမဝိသုဒ္ဓ သဒ္ဓါဗုဒ္ဓိဝိရိယပပ္ဌိမဏ္ဍိတေန စသော စကားရပ်သည် အရှင်မဟာဗုဒ္ဓဃောသကို ကြည်ညိုသော ရဟန်းတော်တပါးပါး သို့မဟုတ် တပည့်တပါးပါး ရေးထည့်ခဲ့သော စကားဟု ပညာရှင်အများတို့ ယူဆကြသည့် အတိုင်း စာရေးသူတို့လည်း ယူဆကြပေသည်၊ ထိုစကားရပ်များမှာ အရှင်မဟာဗုဒ္ဓဃောသ၏ ဂုဏ်ပုဒ်များ ဖြစ်ရာ လွန်စွာပြောင်မြောက် ကောင်းမွန်မြင့်မားလှပေသည်၊ ထိုဂုဏ်ပုဒ်များကို ဆိုင်ရာအဋ္ဌကထာနိဂုံးတို့မှ ကြည့်ရှု၍ အရှင်ဗုဒ္ဓဃောသမထေရ်မြတ်အား ကြည်ညိုနိုင်ကြပါစေသတည်း။

ပဇ္ဇစ္ဆဋ္ဌာမဏိကျမ်းနှင့် အရှင်ဗုဒ္ဓဃောသ

အရှင်မဟာဗုဒ္ဓဃောသသည် အဋ္ဌကထာကျမ်းပေါင်း များများစားစားကိုသာ ပြုစီရင်ခဲ့သည်မဟုတ်သေး၊ ပဇ္ဇစ္ဆဋ္ဌာမဏိ (ပဒျစ္ဆဋ္ဌာမဏိ)အမည်ရှိသော သင်္ကတဘာသာဖြင့် သိဒ္ဓန္တဖြစ်စဉ် ကဗျာကျမ်းကိုလည်း ရေးသားခဲ့ကြောင်း သိဟိုဠ်ဘာသာရေး သင်္ကတသမိုင်းနှင့် သိဟိုဠ်ဘာသာ ပဒျစ္ဆဋ္ဌာမဏိကျမ်း နိဒါန်းဌ် တွေ့ရပါသည်၊ ၎င်းပြင် ကဏ္ဍတိုင်း၏ အဆုံးဌ်လည်း "ဣတိ ဗြဟ္မဃောဓစာယ်ဝိရစိတေ ပဒျစ္ဆဋ္ဌာမဏိနာန္နိ မဟာကာဝျသိဒ္ဓါထိစရိတေ ပြထမးသင်္ဂီး၊.... ဒုံးတိယးသင်္ဂီး, တ္ထြတိယး သင်္ဂီး စသည်ဖြင့်လည်း လာရှိသည်ကို တွေ့ရလေသည်၊ ဖော်ပြပါ ပဒျစ္ဆဋ္ဌာမဏိ သင်္ကတကဗျာကျမ်းသည် အပိုင်းကဏ္ဍ, သဂ္ဂပေါင်း ၁၀-ရှိပြီး ဂါထာပေါင်း ၆၄၀-ကျော် ရှိလေသည်၊ ဘုရားဖြစ်သည်တိုင် အကျယ်ဖွင့်ပြသော သိဒ္ဓတ္ထစရိတကျမ်းပင် ဖြစ်သည်၊ အဿဃောသထေရ်၏ ဗုဒ္ဓစရိတနှင့် လလိတဝိတ္ထာရတို့၏ အသွင်အချိုးအစား ရေးသားသော ကျမ်း မဟုတ်ပေ၊ ပါဠို,အဋ္ဌကထာများမှလာသော စကားစဉ်များအားလျော်စွာ ရေးသားထားသော ကျမ်းဖြစ်ပေသည်၊ အစဆုံး ဗုဒ္ဓပဏာမဂါထာကား—

ကာရုဏ္ဏကလ္လောလိတဒပဋ္ဌိပါတံ၊
ကန္ဒပ်ဒပ်ါနလကာလ မေဃမ်။
ကဲဝလ္ယကလွဩြမ မူလကန္ဒံ၊
ဝန္ဒေ မဟး ကန္ဒလမက်ဗန္ဓုမ်။

ဖြစ်လေသည်။

ပဏာမ,ပဋ္ဌိညာဉ်ပြပြီးနောက် သုဒ္ဓါဒနမင်းကြီး၏ ကပိလဝတ္ထုနေပြည်တော်ကို ဆန်းကျယ်စွာ ဖော်ပြခဲ့လေသည်၊ အလောင်းတော်၏ ရူပကာယတင့်တယ်လှပပုံ, ယသောဓရာဒေဝီ၏ လှပပုံတို့ကိုလည်း ဆိုင်ရာကဏ္ဍဌ် ရသပေါ်အောင် ရေးသားခဲ့သည်။ ၎င်းကျမ်းသည် သီဟိုဠ်ရိုက် ဒီမိုင်းဆိုက် ၆၉-မျက်နှာ ရှိလေသည်။

ဤသို့ဖြင့် သင်္ကတစာပေသမိုင်းစသည် လာတိုင်း ပဒျစ္ဆဋ္ဌာမဏိသင်္ကတကဗျာကို အရှင်ဗုဒ္ဓဃောသရေးဟု ဖော်ပြခဲ့ရာ ပညာရှင်တို့ စဉ်းစားဆင်ခြင်၍ ယူသင့်ကြပေသည်။

သောတတ္ထကီကျမ်းပြု

ဗုဒ္ဓဗုဒ္ဓဃောသ မဟာဒဿီ

အရှင်မဟာဗုဒ္ဓဃောသထေရ်၏ အဖြစ်တော်စဉ်ကို ဖတ်ပြီးလျှင် စူဠဗုဒ္ဓဃောသထေရ်၏ ဖြစ်စဉ်ကိုပါ ဖတ်သင့်ပေသည်၊ စူဠဗုဒ္ဓဃောသထေရ်သည်လည်း သီဟိုဠ်ကျွန်း အနုရာဓပြို မဟာဝိဟာရကျောင်းတိုက်ကြီးမှ ပေါ်ထွန်းခဲ့သော ပညာရှင် မထေရ်မြတ်တပါး ဖြစ်လေသည်၊ မထေရ်မြတ်သည်လည်း သာသနာသက္ကရာဇ် ၉၅၅ လောက်တွင် ထင်ရှားခဲ့သည့် စင်ကြယ်သန့်ရှင်းသော အကျင့်သီလနှင့် ပြည့်စုံသော မထေရ်မြတ် ဖြစ်လေသည်။

အဋ္ဌသာလိနီရေးရန် တောင်းပန်သူ

မထေရ်မြတ်သည် အရှင်ဗုဒ္ဓဃောသအား အလွန်လိုအပ်လျက်ရှိသော အဋ္ဌသာလိနီ (အဘိဓမ္မာ)အဋ္ဌကထာကျမ်း ရေးရန် တောင်းပန်သော မထေရ်မြတ်လည်း ဖြစ်လေသည်၊ ယင်းသို့ဖြစ်ကြောင်း အရှင်မဟာဗုဒ္ဓဃောသကိုယ်တိုင်ပင် အဋ္ဌသာလိနီဂန္ထာရမ္ဘ၌—

ဝိသုဒ္ဓါစာရသီလေန၊ နိပုဏာမလဗုဒ္ဓိနာ။
ဘိက္ခုနာ ဗုဒ္ဓဃောသေန၊ သင်္ကစ္စံ အဘိယာစိတော။

ဟု မိန့်ဟခဲ့လေသည်။

သောတတ္ထကီကျမ်းပြုစုခြင်း

စူဠဗုဒ္ဓဃောသမထေရ်မြတ်သည် အာသခ္ခေယျကထာ, ကပ္ပကထာ, နိဒါနကထာ, ဗာဟိရနိဒါနကထာ, အဇ္ဈတ္တိကနိဒါနကထာ, မဟာနိဒါနကထာ, အတီဒူရေနိဒါနကထာ, အဝိဒူရေနိဒါနကထာ, သန္တိကေနိဒါနကထာ, ဥယျောဇနကထာ, အာနန္ဒပုစ္ဆိကထာတို့ဖြင့် တန်းဆာဆင်လျက် သောတတ္ထကီကျမ်းကိုလည်း ရေးသားခဲ့သည်၊ သောတတ္ထကီပဏာမပဋိညာဉ်ဂါထာများမှာ—

ယော ဝိသတိ သခ္ခေယျကပ္ပကာလေ၊ ကပ္ပသတသဟဿာဓိကေပိ စ။
ခေဒင်္ဂတော လောကဟိတာယ နာထော၊ တသ္မော ဗုဒ္ဓဿ နမော ကရောမိ။

အတုလုပ္ပတ္တိဿ နမော ဇိနဿ၊ ဓမ္မဿ သံဃဿ နိရင်္ဂဏဿ။
ဝက္ခာမိ သမ္မဒ္ဓမရဏ္ဍဘတံ၊ သောတတ္ထကိ နာမ မဟာနိဒါနံ။

ဟု ဖြစ်ကုန်ရာ သမိုဏ္ဍိတမဟာနိဒါနကျမ်းလာ ဂါထာများနှင့် များစွာ တူပေသည်။ သို့သော် သမိုဏ္ဍိတနိဒါနကျမ်း ပေမူ၌ ဂါထာများမှာ ကျမ်းစ ကျမ်းဆုံး အနေအထား ကွဲပြားနေသည်၊ သောတတ္ထကီကျမ်းကို သီဟိုဠ်၌ စာအုပ်အဖြစ် ရောက်သည်ကို စုံစမ်းမရခဲ့ပါ၊ သို့သော် မလ်ဝတုကျောင်းနေ သိဒ္ဓတ္ထထေရ် ရေးသားသော သဒ္ဓမ္မဝေါဒသင်္ဂဟကျမ်း၌ သောတတ္ထကီကျမ်းလာ စကားများကို များစွာ တွေ့ရသဖြင့် ၎င်းကျမ်းကို အလေ့အလာ ပြုခဲ့ဘူးကြောင်း မှန်းဆနိုင်သည်။ သောတတ္ထကီ ဗာဟိရနိဒါနကထာ၌ အလောင်းတော်၏ မာတုရုဒ္ဓရက နာဝိကဝတ္ထု, ဂဇပိယရာဇဝတ္ထု, ငြဟ်မဂ္ဂသိဝတ္ထုတို့ကို တွေ့ရှိနိုင်သည့်အပြင် အဇ္ဈတ္တိကနိဒါနကထာ၌ သိဒ္ဓတ္ထတေလဒါယိကာရာဇပုတ္တဝတ္ထုကို ထူးခြားလေ့လာ တွေ့ရှိနိုင်သည်။

၎င်းပြင် မဟာနိဒါနကထာ၌ အတိဒေဝရာဇဝတ္ထု, အတိဒူရေနိဒါနကထာ၌ သာဂလစက္က-ဝတ္တိရာဇဝတ္ထု, အဝိဒူရေနိဒါနကထာ၌ ၂၀-ဆူသော ဘုရားရှင်တို့၏ဗုဒ္ဓဝင်ကို ဖော်ပြသေးသည်၊ သောတတ္ထကီ၌ တဏှာက်ရ, မေခက်ရ, သရဏာက်ရ ဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကျဉ်းမှာ အခြားကျမ်းတို့၌ မတွေ့ရပဲ ဤ၌—

တေသံ စတုန္နံ ဗုဒ္ဓါနံ၊ တဏှာက်ရဿ သတ္ထုနော။
ပိတာ သုနန္ဒော ရာဇာ စ၊ မာတာ တဿ သုနိန္ဒိသာ။
သတ္တာပဏ္ဍဒုမော ဗောဓိ၊ တဏှာက်ရဿ သတ္ထုနော။

သုဒေဝေါ နာမ သော ရာဇာ၊ မာတာ တဿ ယသောဓရာ။
ကိံသုကော တဿ သော ဗောဓိ၊ မေခက်ရဿ သတ္ထုနော။

သုမင်္ဂလော ပိတာ ရာဇာ၊ မာတာ ယသဝတီ စ သာ။
ပါဋလီ တဿ သော ဗောဓိ၊ သရဏာက်ရဿ သတ္ထုနော။

အဓိကာရံ ကရိတ္ဝာန၊ ပဏိဓာနမကာရယိ ံ။
န လဘိ ံ ဗျာကရဏံ တေသံ၊ တိဏ္ဏံ ဗုဒ္ဓါန သန္တိကေ။

ဟုလာရှိသည်မှာ သုတေသီ ပညာရှင်တို့အတွက် ကျေးဇူးများလှလေသည်။

၎င်းပြင် သောတတ္ထကီကျမ်း၌ ဘုရားတဆူတဆူ ဝေနေယျသတ္တဝါပေါင်း ၂၄ - သခ်ျ၊ ကုဋေ ၆၀-နှင့်တသိန်း ကျတ်တန်းဝင်စေပုံကို—

စတုဝီသတိ အသခ်ျေယျေ၊ သင်္ခိယော စေဝ ကောဋိယော။
ပါဏာနိ သတသဟဿာနိ၊ ဧကော ဗုဒ္ဓေါ ပမောစယိ။

ဂါထာဖြင့် အသခ်ျေယျကထာ၌ ပြခဲ့သည်။ အာနန္ဒပုစ္ဆိတကထာ၌လည်း ဘုရားလောင်း အရေအတွက်ကို အရှင်အာနန္ဒာ မေးလျှောက်သဖြင့် အလောင်းတော်ပေါင်း ၅၁၀-ရှိကြောင်း ဘုရားရှင် ဖြေဆိုတော်မူပုံကို—

ဒသုတ္တရာ ပဉ္စသတာ၊ ဗောဓိသတ္တာ သမ္ဗဟတေ၊
ဧတေ အနုက္ကမာ စေဝ၊ အဝသေသာနာနုက္ကမာ။

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့သည်။ မထေရ်မြတ်သည် ဆက်လက်၍ အနုဇါးရာ ရင့်မာတကျိပ် အနက် ရင့်မာတကျိပ်တို့မှာ—

၁။ အရိမေတ္တေယျ၊
၂။ ရာမမင်း၊
၃။ ပဿေနဒီကောသလမင်း၊
၄။ အဘိဘူနတ်၊
၅။ ဒိဃသောဏဿအမည်ရှိသော ရာဟုအသူရိန်
၆။ စက်ကိပုဏ္ဏား၊
၇။ သုဘလုလင်၊

၈။ တောဒေယျပုဏ္ဏား၊
၉။ နာဠဂိရိဆင်၊
၁၀။ ပလလည်းဆင်-တို့ ဖြစ်ကြောင်း၊
ဂုဏ်းတို့သည် အစဉ်အတိုင်း ဘုရားဖြစ်ကြမည် ဖြစ်ကြောင်းကို—

မေတ္တေယျော ဥတ္တမော ရာမော၊ ပသေနော ကောသလောဘိဘူ။
ဒီဃသောဏီ စ စင်္ကီ စ၊ သုဘော တောဒေယျဖြာဟွဏော။

နာဠဂိရိပါလိလေယျော၊ ဗောဓိသတ္တာ ဣမေ ဒသ။
အနုက္ကမေန သမ္ဗောဓိ၊ ပါပုဏိဿန္တိ နာဂတေ။

ဟူသော ၂-ဂါထာဖြင့် ပြခဲ့သည်၊ ဂုဏ်းပြင် သောတတ္ထကီကျမ်း၏ ဘုရားဟောဖြစ်ကြောင်း ဘုရားရှင်အစဉ်အဆက် ဗုဒ္ဓဝင်ဖြစ်သော မဟာနိဒါနကထာမည်ကြောင်း နိဂမနကထာ၌ ဖော်ပြခဲ့သည်။ သောတတ္ထကီကျမ်းမှာ ရှိုင်ဆိုက် ဂဖ-ရှိလေသည်၊ ဂုဏ်းနိသျကို အရှင်အာလောက (မိတ်လင်စုံ သတ်ပုံကျမ်းပြု ဦးအုန်းရှေ)ပြုစုခဲ့လေသည်။

အရှင်ဗုဒ္ဓဒတ္တ မဟာထေရ်

အရှင်ဗုဒ္ဓဒတ္တထေရ်သည် အရှင်ဗုဒ္ဓဃောသနှင့် တပြိုင်တည်း ပေါ်ထွန်းခဲ့သည့် သာသနာဝင်တွင် ထင်ရှားလှသော မဟာကဝိထေရ်မြတ် ဖြစ်တော်မူသည်၊ မဟာယာနဂိုဏ်းသားတို့သည် သုန္ဒရနန္ဒစသောသက္ကတကဗျာကျမ်းပြု အဿဃောသဖြင့် ဂုဏ်ယူကြသကဲ့သို့ ထေရဝါဒဂိုဏ်းသားတို့သည် မဟာကဝီအရှင်ဗုဒ္ဓဒတ္တဖြင့် ဂုဏ်ယူကြရသည်။

ဘွားရာဇာတိ

အေ-ဒီ ၅-ရာစု သာသနာသက္ကရာဇ် ၉၀၀—ကျော်စလောက်တွင် အိန္ဒိယတောင်ပိုင်း စောဠတိုင်း ကာဝေရိမြစ်၏တောင်ဖက်ကမ်းအရပ်၌ တည်ရှိသော ဥရဂပြို ယခုအခေါ် ဥရိုက်ပုရ် (Uraipur) ၌ ဖွားမြင်ခဲ့ကြောင်း အရှင်ဗုဒ္ဓဒတ္တ၏ကျမ်းစာမျှားနိုဂုံးဖြင့် ပညာရှင်တို့ ယူဆကြသည်၊ သီဟိုဠ်ကျွန်း အနုရာဓပြို မဟာဝိဟာရသို့ကြွရောက်ပြီး ပညာသင်ကြား တတ်မြောက်ခဲ့သော မထေရ်မြတ် ဖြစ်သည်။

ကျမ်းပြုစုခြင်း

အိန္ဒိယတောင်ပိုင်း မိမိဌာနီရောက်သောအခါ—

၁။ အဘိဓမ္မာဝတာရအဋ္ဌကထာ၊

၂။ ဝိနယဝိနိစ္ဆယ၊

၃။ ဥတ္တရဝိနိစ္ဆယ၊

၄။ ရူပါရူပဝိဘာဂ၊

၅။ ဗုဒ္ဓဝံသအဋ္ဌကထာ၊

စသည်တို့ကို ရေးသားခဲ့သည်။

ကဗျာဆရာကြီး အရှင်ဗုဒ္ဓဒတ္တ

သူ၏ ဂါထာဗန္ဓ အရေးအသား အဖွဲ့အနွဲ့ အစီအကုံး ပြောင်မြောက်မှုတို့ကြောင့် "မဟာကဝီ" ဟူသော ဘွဲ့ထူးကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

အဘိဓမ္မာဝတာရအဋ္ဌကထာ

အရှင်ဗုဒ္ဓဒတ္တသည် အဘိဓမ္မာဝတာရအဋ္ဌကထာကျမ်းကို ဂါထာစုဏ္ဏိယ ရောနှော၍ အဘိဓမ္မာပိဋကတ်ကို ချုံးပြီးရေးခဲ့ရာ—

အနန္တကရုဏာပညံ၊ တထာဂတမနုတ္တရံ။
ဝန္ဒိတ္ဝာ သိရသာ ဗုဒ္ဓံ၊ ဓမ္မံ သာဓုဂဏမ္ပိ စ။

ဟူသောဂါထာဖြင့် ပဏာမ ပြုခဲ့သည်။ အဘိဓမ္မာဝတာရ ၁၂၁ ၌—

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္ဆမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ဆော ဣဒ္ဓိတိ တေ ဒသ။

ဟူသော ပလိဗောဓ ၁၀-ပါးပြဂါထာကို အရှင်ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ(ဝိသုဒ္ဓိ၊ ၁။ ၁၆)မှ ကူးယူဖော်ပြခဲ့သည်၊ အဘိဓမ္မာဝတာရ၊ ၁၄၁-၌လည်း—

သုပ္ပဏိတဂရု ဟောန္တိ၊ ပစ္ဆိမာ ပစ္ဆိမာ ဣဓ။
ဥပမာ တတ္ထ ဝိညေယျာ၊ ပါသာဒတလသာဠိကာ။

ဟူသော ဂါထာကိုလည်း အဋ္ဌသာလိနီအဋ္ဌကထာ(အဘိ၊ဋ္ဌ၊၁။ ၂၅၄)မှ ကူးယူထုတ်ပြသည်၊ ဤသို့စသည်အချက်အလက်တို့ကိုထောက်၍ အရှင်ဗုဒ္ဓဒတ္တထေရ်သည် အရှင်ဗုဒ္ဓဃောသ၏အနီးကာလနောက်မှ ပေါ်သော မထေရ်မြတ်ဖြစ်ကြောင်း သိသာသည်၊ အရှင်ဗုဒ္ဓဒတ္တသည် အဘိဓမ္မာဝတာရ အဋ္ဌကထာကို အိန္ဒိယတောင်ပိုင်း မိမိတိုင်းပြည် ကာဝေရဆိပ် ကဏ္ဏဒါသအမည်ရှိသော ဒကာ၏ ကျောင်း၌ သီတင်းသုံးစဉ် အရှင်သုမတိထေရ်တောင်းပန်သဖြင့် ရေးသားရကြောင်း နိဂုံး၌ ဖော်ပြခဲ့သည်။

ဝိနယဝိနိစ္ဆယကျမ်းနှင့် ဥတ္တရဝိနိစ္ဆယကျမ်း

အရှင်ဗုဒ္ဓဒတ္တထေရ်သည် သဒ္ဓိဝိဟာရိကတပည့်ဖြစ်သူ ဗုဒ္ဓသီဟအမည်ရှိသော မထေရ်တောင်းပန်သဖြင့် ဝိနယဝိနိစ္ဆယကို ရေးသားခဲ့ပြီး ဥတ္တရဝိနိစ္ဆယကို သံဃပါလထေရ်တောင်းပန်သဖြင့် ရေးသားခဲ့ကြောင်း နိဂုံးစကားများအရ သိရသည်၊ ဝိနယဝိနိစ္ဆယကျမ်းကို စောင်္ဂတိုင်းဘူဘမင်္ဂလရွာကျောင်း၌ သီတင်းသုံးစဉ် ရေးသားကြောင်းလည်း—

သေဋ္ဌဿ စောင်္ဂရဋ္ဌဿ၊ နာဘိဘူတေ နိဇာကူလေ။
သဗ္ဗဿ ပန လောကဿ၊ ဂါမေ သမ္ပတ္တိတေ ဝိယ။

ကာဝေရိဇလသမ္ဘဝတ-ပရိဘူတမဟီတလေ။
ဣဒ္ဓေ သဗ္ဗင်္သမ္ဘန္နေ၊ မင်္ဂလေ ဘူတမင်္ဂလေ။

ဟူသော ၃၁၆၊ ၃၁၇၀—ဂါထာများဖြင့် သိသာသည်။

ဝိနယဝိနိစ္ဆယ, ဥတ္တရဝိနိစ္ဆယကျမ်းတို့ကို ခရစ်သက္ကရာဇ် ၁၉၁၄—ခုနှစ်က သီဟိုဠ်၌ရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ၂၀၀— ရှိလေသည်၊ ၁၉၅၂— ခုနှစ်က တကြိမ် ရိုက်နှိပ်သည်၊ လန်ဒန်ပါဠိအသင်းက ၁၉၂၇—ခုနှစ်၌ အင်္ဂလိပ်အက္ခရာဖြင့် ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည်၌ ကောဇာသက္ကရာဇ် ၁၃၂၃—ခု ခရစ်သက္ကရာဇ် ၁၉၆၂-ကျမှ ဗုဒ္ဓသာသနာ့အဖွဲ့ကရိုက်နှိပ်၍ စာအုပ်အဖြစ်ရောက်ခဲ့ရာ ဝိနယဝိနိစ္ဆယမှာ ဂါထာ ၃၁၈၃—ရှိ၍ ဥတ္တရဝိနိစ္ဆယမှာ ဂါထာ ၉၇၀— ရှိလေသည်၊ ၂—အုပ်တဲ့ စာမျက်နှာ ၃၉၅—ရှိလေသည်၊ ဝိနယဝိနိစ္ဆယမှာ ဝိနည်း ၈၅ ကျမ်းပါဠိနှင့် အဋ္ဌကထာကိုချုံး၍ ရေးသောကျမ်းဖြစ်ရာ ဥတ္တရဝိနိစ္ဆယမှာ ပရိဝါပါဠိတော်နှင့် အဋ္ဌကထာကိုချုံး၍ ရေးသောကျမ်းဖြစ်သည်၊ ဝိနယဝိနိစ္ဆယကျမ်းကို ကလမ္ဘ(ကလဿ)အမျိုးအနွယ်ဖြစ်သော အစ္စုတဝိက္ကမမင်းလက်ထက်၌ ပြီးကြောင်းကို—

အစ္စုတစ္စုတဝိက္ကန္တေ၊ ကလမ္ဗကုလနန္ဒနေ။
မဟိံ သမနုသာသန္တေ၊ အာရဒ္ဓေါ စ သမာပိတော။

ဟူသော ၃၁၇-ဂါထာဖြင့် သိသာသည်။

မူလက ကလမ္ဗအမျိုးတို့သည် ပလ္လဝအရပ်မြောက်ပိုင်း၌ နေကြရာ အေ-ဒီ ၃-ရာစုအလယ်ပိုင်းလောက် သမုဒ္ဒဂုပ္တမင်း၏ လှုံ့မြှုံးမှုကြောင့် အေ-ဒီ(ဂ)ရာစုလောက်အထိ အဆက်မပြတ် စိုးမိုးခဲ့ကြောင်း သမိုင်းဆရာတို့ ဆိုကြသည်၊ အစ္စုတဝိက္ကမ၏ မင်းပြုချိန်သည် အေ ဒီ(၅)ရာစု သို့မဟုတ် အနည်းငယ်ရှေ့ကျသည်ဟုလည်း အိန္ဒိယသမိုင်းဆရာတို့ ဆိုကြသည်။

ရူပါရူပဝိဘာဂ

အရှင်ဗုဒ္ဓဒတ္တသည် ရူပါရူပဝိဘာဂကျမ်းကိုလည်း ရေးသားခဲ့သည်၊ သီဟိုဠ်၌ ၁၉၁၅-ခုနှစ်က အဘိဓမ္မာဝတာရနှင့်ဘဲ့၍ ရိုက်နှိပ်ခဲ့ဆု စာမျက်နှာ ၁၂-မျက်နှာသာ ရှိလေသည်၊ အရှင်ဗုဒ္ဓဒတ္တသည်—

ရူပါရူပဝိဒုံ ဗုဒ္ဓံ၊ ရူပါရူပတိဂံ မုနိံ။
နမဿိတ္ဝာ ပဝက္ခာမိ၊ ရူပါရူပဝိဘာဂကံ။

ဟူသောဂါထာဖြင့် ပဏာမ ပြုခဲ့သည်၊ ကျမ်း၏အဆုံး နိဂုံး၌လည်း—

အနေန ပုညေန တု ဗုဒ္ဓဒတ္တော၊ ဝိဟာရသံသာရဘယာသုမုက္ကော။
မဟာမဟံ ဆာဂဝိနောဒနံ သိဝံ၊ အနာသဝံ သေဝတု ခိပ္ပမေဝ။

ဟူသော ဂါထာဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာရရန် တောင့်တ၍ နိဂုံးအုပ်ခဲ့သည်။

မဓုရတ္ထဝိလာသိနီမည်သော ဗုဒ္ဓဝံသအဋ္ဌကထာ

မဓုရတ္ထဝိလာသိနီအမည်ရှိသော ဗုဒ္ဓဝံသအဋ္ဌကထာကိုလည်း ကာဝေရိဆိပ် ကဏ္ဍဒါသ၏ အရှေ့ပြောသာဒ်ကျောင်း၌ သီတင်းသုံးစဉ်ပင် ရေးသားခဲ့သည်၊ ဗုဒ္ဓဝံသအဋ္ဌကထာ၌ အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာအဖွင့်များနှင့် များစွာတူညီသည်ကို တွေ့ရသည်၊ ဘဂဝါအဖွင့် ဗုဒ္ဓဝံသ၊ ၌။ ၅၁။ ဝိသုဒ္ဓိ၊ ၁။ ၂၀၃။ မ၊ ဋ္ဌ၊ ၁။၁၁။ ဝိ၊ဋ္ဌ၊ ၁။ ၉၅။ တို့နှင့် တိုက်ကြည့်နိုင်သည်၊ ဗုဒ္ဓဝံသအဋ္ဌကထာ ၁၀၀-၌လာသော—

ဝဏ္ဏိတော ဗုဒ္ဓသေဋ္ဌေန၊ နိဿယော တိ စ ဘာသိတော။
နိဝါသော ပဝိဝိတ္တာဿ၊ ရုက္ခမူလသမော ကုတော။

အာဝါသမစ္ဆရဟရေ၊ ဒေဝတာ ပရိပါလိတေ။
ပဝိဝိတ္တေ ဝသန္တော ဟိ၊ ရုက္ခမူလမ့ိ သုဗ္ဗတော။

စသော ဂါထာများသည် ဝိသုဒ္ဓိမဂ်မှ ယူ၍ ရေးသော ဂါထာ ဖြစ်သည်၊ ၎င်းပြင် ဗုဒ္ဓဝံသအဋ္ဌကထာ ၁၅၃-၌—

အဟံ တေန သမယေန၊ ဇဋိလော ဥဂ္ဂတာပနော။
အန္တလိက္ခမ့ိ စရဏော၊ ပဥ္ဆာဘိညာသု ပါရဂူတိ။

အယံ ဂါထာ **အဋ္ဌသာလိနီယာ** ဓမ္မသင်္ဂဟဋ္ဌကထာယ နိဒါနဝဏ္ဏနာယ ဒီပင်္ကရဗုဒ္ဓဝံသေ လိခိတာ။ ဣမသ္မိံ ပန ဗုဒ္ဓဝံသေ နတ္ထိ။ နတ္ထိဘာဝေါယေဝ ပနဿာ ယုတ္တတရော စသည်ဖြင့် အဟံ တေန သမယေန စသော ဂါထာနှင့်စပ်၍ အဋ္ဌသာလိနီဋ္ဌိနေသော်လည်း မရှိသင့်ကြောင်း ဆုံးဖြတ်ချက်ကိုထောက်၍ အရှင်ဗုဒ္ဓဒတ္တထေရ်သည် ဗုဒ္ဓဃောသအဋ္ဌကထာမျှားနောက်မှ ရေးသားကြောင်း ထင်ရှားသည်၊ ဗုဒ္ဓဝံသအဋ္ဌကထာသည် ဘာဏဝါရ ၂၆-ဘာဏဝါခရှိကြောင်း နိဂုံးဋ္ဌိတွေ့ရှိရသည်။

မဟာမင်္ဂလထေရ်ရေးသားသော ဗုဒ္ဓဃောသုပ္ပတ္တိကျမ်းဋ္ဌ အရှင်ဗုဒ္ဓဒတ္တသည် ဇိနာလင်္ကာရကျမ်းကို ရေးသားပြုစုတော်မူကြောင်း အရှင်ဗုဒ္ဓဒတ္တအား သီဟိုဠ်မထေရ်များက အဋ္ဌကထာဟောင်းကို ရေးကူးခွင့် မပြုခြင်းစသည်ဖြင့် ဖော်ပြထားသည်မှာ မသင့်ပေ၊ အရှင်ဗုဒ္ဓဒတ္တထေရ် ရေးသားသော ဇိနာလင်္ကာရကျမ်းဟု စာပေသမိုင်းအမျိုးမျိုးဋ္ဌိ မတွေ့ရပေ၊ သီဟိုဠ်ဆရာတို့ကလည်း ထိုအဆိုကို ပယ်ကြသည်၊ ယခုလက်ရှိ ဇိနာလင်္ကာရသည် သီဟိုဠ်ကျွန်း ဇမ္ဗုဒေါဏိ(ဒမ္မဒေဏိယ)ခေတ် သာသနာသင်္ကရာဇ် ၁၇၀၀-တွင် ထင်ရှားသည့် ဗုဒ္ဓရက္ခိတထေရ်ရေးသားသော ကျမ်းဖြစ်သည်၊ အရှင်ဗုဒ္ဓရက္ခိတလည်းရှု။

အရှင်ဗုဒ္ဓဃောသနှင့် အရှင်ဗုဒ္ဓဒတ္တ

ဝိနယဝိနိစ္ဆယဋ္ဌကာဂန္ဆာရမ္ဘဋ္ဌ အရှင်ဗုဒ္ဓဒတ္တသည် အရှင်ဗုဒ္ဓဃောသနှင့် တပြိုင်နက်ပေါ်ထွန်းသော မထေရ်မြတ်ဖြစ်၍ အရှင်ဗုဒ္ဓဃောသ၏ ချီးကျူးသြဘာ ထောမနာပြုခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်ကြောင်း—

ယော ဗုဒ္ဓဃောသာစရိယာသဘေန၊ ဝိညုပ္ပသတ္ထေနပိ သုပ္ပသတ္ထော။
သော ဗုဒ္ဓဒတ္တာစရိယာဘိဓာနော၊ မဟာကဝိ ထေရိယဝံသဒီပေါ။

ဟူသော ဂါထာဖြင့်(ဝိနယဝိနိစ္ဆယဋ္ဌီ၊ ၂။)ဋ္ဌ လာရှိသည်။

ပံ့လွန်တော်မူချိန်

အရှင်ဗုဒ္ဓဒတ္တသည် မဓုရတ္ထဝိလာသိနီမည်သော ဗုဒ္ဓဝံသအဋ္ဌကထာရေးပြီး မကြာမီ ပံ့လွန်တော်မူကြောင်း—

ဂရုဟိ ဂီတနာမေန၊ ဗုဒ္ဓဒတ္တောတိ ဝိဿုတော။
ထေရော ကတ္တာ အဋ္ဌကထံ၊ မဓုရတ္ထဝိလာသိနိံ။
ပေါတ္ထကံ ဌပယိတ္တေမံ၊ ပရမ္မရေ ဟိတာဝဟံ။
အစိရဋ္ဌိတိဘာဝေန၊ အဟော မစ္စုဝသံ ဂတော။

ဗုဒ္ဓဝံသအဋ္ဌကထာနိဂုံးလာ နောက်ထပ်ဖြည့်ဆားသော ဂါထာဖြင့် သိသာသည်။

မူလဋ္ဌီကာကျမ်းပြု

အရှင်အာနန္ဒာ မဟာထေရ်

အရှင်အာနန္ဒာသည် အိန္ဒိယတောင်ပိုင်း၌ ဖွားမြင်ကြီးပွါးခဲ့ပြီး သီဟိုဠ်သို့ ရောက်၍လည်း ပညာဆည်းပူးခဲ့သည်၊ မထေရ်မြတ်သည် ဥဒါနအဋ္ဌကထာ စသည်ကို ပြုစုသည့် အရှင်ဓမ္မပါလ သည်ပင် အဘိဓမ္မာအနုဋ္ဌီကာကို ပြုစုသည်ဟုဆိုလျှင် အရှင်အာနန္ဒာသည် ဖော်ပြပါ ဓမ္မပါလထေရ်၏ အလျင်ပေါ်ထွန်းရမည်ဖြစ်သဖြင့် အေ-ဒီ (၅) ရာစုလောက် အရှင်ဓမ္မပါလ၏ ရှေးက ပေါ်ထွန်းခဲ့သည်ဟု ယူဆရပေမည်၊ ဂျီ-ပီ မာလလာဆေကရကမူ သူ၏ (Dictionary of Pali Proper Name)၌ အရှင်အာနန္ဒာသည် အေ-ဒီ (၈) ရာစုလောက် သို့မဟုတ် အေ-ဒီ (၉)ရာစုလောက်တွင် ပေါ်ထွန်းသည်ဟု ယူဆ၍ အနုဋ္ဌီကာပြု အရှင်ဓမ္မပါလမှာ အရှင်အာနန္ဒာ၏ တပည့် စူဠဓမ္မပါလ ထေရ်ဟု ဖော်ပြလေသည်၊ အရှင်ဗုဒ္ဓဒတ္တ၏ ဗုဒ္ဓဘာသာကျမ်းပြု ဆရာများ သမိုင်း၌ သာသနာသက္ကရာဇ် ၁၇၀၀ကျော် ဒီမွှလာဂလအရှင်ကဿပ လက်ထက် သို့မဟုတ် ၎င်းထက် ရှေးကျသော အခါလောက်က ပေါ်သည်ဟု ဖော်ပြခဲ့ရာ ဆင်ခြင်သင့်သောအရာ ဖြစ်လေသည်။

မူလဋ္ဌီကာကို ပြုစုခြင်း

အရှင်အာနန္ဒာသည် မူလဋ္ဌီကာကျမ်းကို အရှင်ဓမ္မမိတ္တထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်း ဓမ္မသင်္ဂဏိမူလဋ္ဌီကာ နိဂုံးလာ—

ဓမ္မမိတ္တောတိ နာမေန၊ သက္ကစ္စံ အဘိယာစိတော။
အာနန္ဒော ဣတိ နာမေန၊ ကတာ ဂန္ထာ ဝိဗုဒ္ဓိနာ။

ဟူသော ဂါထာဖြင့် သိနိုင်သည်၊ ၎င်းဋ္ဌီကာကိုလည်း လိနတ္ထပဒဝဏ္ဏနာဟု အမည်ပေးခဲ့သည်၊ ယင်း အရှင် အာနန္ဒာ၏ အဘိဓမ္မာဋ္ဌီကာများကို အစဆုံး ဋ္ဌီကာများဖြစ်သောကြောင့် မူလဋ္ဌီကာ အမည်ရကြောင်း—

"သာ စ သဗ္ဗာသံ ဋ္ဌီကာနံ အာဒိဘူတတ္တာ မူလဋ္ဌီကာတိ ပါကဋာ"

ဟူသော သာသနဝံသပဒီပိကာဖြင့် သိနိုင်သည်၊ ယင်းမူလဋ္ဌီကာမှာ ဆဋ္ဌသံဂါယနာစာတော်မူ ၃-တဲ့ပေါင်း ၆၀၆-မျက်နှာ ရှိလေသည်။

အရှင်အာနန္ဒာ၏ ပညာရှိတပည့်များ

အရှင်အာနန္ဒာထေရ်၌ ပညာရှိတပည့် များစွာပေါ်ထွန်းခဲ့ရာ (၁) ပဒရူပသိဒ္ဓိ ပဋ္ဌမဓု စသော ကျမ်းများကို ရေးသားခဲ့သူ အရှင်ဗုဒ္ဓပိယထေရ်၊ (၂)သာရတ္ထသမုစ္စယကျမ်းပြုထေရ်၊ (၃)ရသဝါဟိနီ သမန္တကူဋဝဏ္ဏနာစသည်ပြု အရှင် ဝေဒေဟထေရ်စသည်တို့ ပါဝင်ကြသည်။ ရသဝါဟိနီနိဂုံး၌

အရှင်အာနန္ဒာထေရ် ဥပဇ္ဈာယ်ဆရာမှာ ကာလိင်္ဂထေရ်ဖြစ်၍ စာသင်ပေးသော ဆရာမှာ မင်္ဂလထေရ်တို့ ဖြစ်ကြောင်းကိုလည်း —

ကာလိင်္ဂဝေါ် မဟာထေရော၊ ယသောပဇ္ဈာယတံ ဂတော။
မင်္ဂလဝေါ် မဟာထေရော၊ ခဏ္ဍသီမာပတိယတိ။
ယဿ အာစရိယော အာသိ၊ သဗ္ဗသတ္ထဝိသာရဒေါ။
အာရညရတနာနန္ဒ—မဟာထေရော မဟာဂဏီ။

ဟု ဖော်ပြထားရာ မူလဋ္ဌီကာပြုအာနန္ဒာ ဟုတ်မဟုတ် စိစစ်စရာ တချက် ဖြစ်လေသည်။

အရှင်ခမ္မပါလ မဟာထေရ်

အရှင်ခမ္မပါလသည် သမယ,သမယန္တရ ၂-မျိုးလုံးဌ် ကမ်းတဖက်ရောက် ကျမ်းကျင်တတ်မြောက်သည့် ထေရိယနိကာယဝင် အရှင်မြတ်တပါး ဖြစ်လေသည်၊ အရှင်ခမ္မပါလသည် ဘာရတဝဿခေါ်သော အိန္ဒိယနိုင်ငံ တောင်ပိုင်း ကဉ္ဆီပူရမြို့၌ ဖွားမြင်ကြီးပွါးခဲ့၍ သံဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ ပညာသင်ကြား လေ့လာပြီး အိန္ဒိယတောင်ပိုင်း တန်ဂျိုမြို့ (TANJORE)၏ အရှေ့ဖက် ၃၅-မိုင်ကွာ ယခု နာဂပဋ္ဋဟု ထင်ရှားသည့် နာဂပဋ္ဋမြို့ ဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော် ရှေးဟောင်းကျောင်းတိုက်တခုဖြစ်သည့် ပဒရတိတ္ထကျောင်းတိုက်(ဆီးပင်ကျောင်းတိုက်) ၌ ကြာမြင့်စွာ သီတင်းသုံးခဲ့သည်။

ကဉ္ဆိပုရေ သုဇာတော သော၊ ဓမ္မပါလော ယတီသဘော။
ဆေကော ပဉ္ဉနိကာယေသု၊ ဘာသန္တရေ ဝိသာရဒေါ။

တမ္မပဏ္ဏိမို့ သော ဂန္ဓာ၊ နာနာသတ္ထသမုဂ္ဂကို့။
ဒက္ခိဏဘာရတေ ပစ္ဆာ၊ ဝိဟရိ နာဂပဋ္ဋနေ။

အိန္ဒိယတောင်ပိုင်း ဗုဒ္ဓဘာသာပုဂ္ဂိုလ်ကျောင်းများ တမိုလ်ဘာသာရေး စာအုပ် ၁၁၀-၌ အရှင်ခမ္မပါလသည် အိန္ဒိယတောင်ပိုင်း တဥ္ဇုမြို့သားဟု ရေးသားခဲ့သည်၊ အရှင်အနုရုဒ္ဓါနှင့် ထွေးသွားဟန် တူပါသည်။

ပေါ်ထွန်းရာ အချိန်အခါ

ဓမ္မပါလထေရ် ပေါ်ထွန်းရာအချိန်ကို အေ-ဒီ(၅)ရာစုနောက်ပိုင်းနှင့် အေ-ဒီ(၆) ရာစုအတွင်း လောက်ဖြစ်ကြောင်း သုတေသီပညာရှင်အများ ခန့်မှန်းကြသည်၊ စာရေးသူသည် အရှင်ဗုဒ္ဓဃောသ၏နောက် မကြာမီအတွင်း (၅) ရာစုနောက်ပိုင်း (၆) ရာစုအတွင်းကိုသာ သဘောကျကျေနပ်မိပေသည်။

ဖြစ်စဉ်အကျဉ်း

အရှင်ခမ္မပါလသည် အမတ်ကြီးတယောက်၏ သားဖြစ်သည်၊ အသက်အရွယ် ငယ်စဉ်ကပင် ဉာဏ်ပညာထက်မြက်သည်၊ အသက်အရွယ် ကြီးရင့်လာသောအခါ ဉာဏ်ပညာ စုံမ်းရည်မှာ ပို၍ထက်မြက် အားကောင်းလာခဲ့လေသည်၊ ထိုအကြောင်းသည် ဘုရင်နန်းတော်အထိ ပျံ့နှံ့ခဲ့ရာ ဘုရင်နှင့် မိဖုရားတို့ သိသဖြင့် သမီးတော်နှင့် လက်ထပ်ရန် စီစဉ်ကြလေသည်၊ အိမ်ထောင်သားမွေး ပြုလုပ်ရမည့်အရေးကို ကြောက်သွေးတုန်လှုပ်သော အရှင်ခမ္မပါလလောင်းလျာသည် ထုတ်ပြေးကာ တောင်ပေါ်ကျောင်း ဆရာတော်တပါးထံ ရှင်ရဟန်း ပြုလေသည်၊ ရဟန်းဖြစ်ပြီးသည်မှစ၍ ပညာကိုသာ စူးစိုက်ရှာဖွေ သင်ကြားလေ့လာသည်၊ (BEALE)နှင့် ဂျီပီမာလာလာဆေကရ၏ (Dictionary of Palipropper Name လည်းကြည့်။)

ရာဇကညံ သုရူပိမို့၊ အနိစ္ဆန္တော ပလာယိ သော။
ပဗ္ဗဇိ လောကနာထဿ၊ သာသနေ အတိဒုလ္လဘေ။

အမျိုးမျိုး ယူဆကြခြင်း

ဝိသုဒ္ဓိမဂ်စသည်ကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့သော အင်္ဂလိပ်ရဟန်းတော် ဉာဏမောလိနှင့် အိန္ဒိယနိုင်ငံ ပါဠိပါမောက္ခ ပီဗွီဗပတ်တို့က အရှင်ဓမ္မပါလသည် အများဆုံး အနှစ် ၂၀၀-လောက်သာ နောက်ကျဖွယ်ရှိကြောင်း ဆိုကြသည်၊ ပါမောက္ခ ရီးစ်ဒေးဗစ်နှင့် ပါမောက္ခဟာဒီတို့ကမူ အရှင်ဓမ္မပါလ ပေါ်ထွန်းချိန်ကို အေ-ဒီ ၅-ရာစု ကုန်ခါနီးဟု မှန်းဆလေသည်၊ ပါဠိပညာရှိ တဦးဖြစ်သော အဓိကာရ်ကလည်း အရှင်ဓမ္မပါလသည် အရှင်ဗုဒ္ဓဃောသခေတ်ထက် အနည်းငယ်သာ နောက်ကျသည်ဟု ယူဆလေသည်၊ သီဟိုဠ်ကျွန်း ဝိဇ္ဇာလင်္ကာရတက္ကသိုလ် ပါမောက္ခ အရှင်ဗုဒ္ဓဒတ္တကမူ အေ-ဒီ (၁၀) ရာစုနှစ်တွင်းဖြစ်ကြောင်း ဖော်ပြသည်၊ အရှင်ဗုဒ္ဓဒတ္တ၏ ယူဆချက်မှာ—

အာယာစိတော သိတ္ထဂါမ-ပရိဝေဏဂါသိနာ။
ထေရေန ဒါဋ္ဌနာဂေန၊ သုဒ္ဓါစာရေန ဓီမတာ။

ဟူသော ဝိသုဒ္ဓိမဂ်ဋီကာ နိဂုံးလာသည့်အတိုင်း သီဟိုဠ်ကျွန်း သိတ္ထဂါမပရိဝေဏ၌ သီတင်းသုံးသည့် အရှင်ဒါဋ္ဌနာဂထေရ် တောင်းပန်သဖြင့် ရေးသားခဲ့ကြောင်း သိသာသည်။

ဖော်ပြပါ နိဂုံးဂါထာလာ သိတ္ထဂါမပရိဝေဏကို သီဟိုဠ်ကျွန်း အေ-ဒီ ၉၃၃-၌ နန်းတက်သော စတုတ္ထသေနမင်း ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း—

ပရိဝေဏံ သိတ္ထဂါမံ၊ ကာရေတ္ဝာ ဝုတ္ထမတ္တနာ။
လောကံ ပုတ္တံဝ ပါလေတ္ဝာ၊ တိဝဿေန ဒိဝင်္ဂတော။

ဟူသော မဟာဝံသ၊ ၅၂၊၆-ဂါထာဖြင့် ထင်ရှားသည်၊ မဟာဝံသ၊၅၂၊၃၆-ခုမြောက်ဖြစ်သော—

ဒါဋ္ဌာနာဂါဘိဓာနေန၊ ထေရေနာရညဝါသိနာ။
လင်္ကာလင်္ကာရဘူတေန၊ အဘိခမ္မံ ကထာပယိ။

ဟူသော ဂါထာ၌လာသော ဒါဋ္ဌာနာဂထေရ်သည် သိတ္ထဂါမပရိဝေဏဝါသီ ဒါဋ္ဌာနာဂထေရ်ဟု ကြံဆ၍ ထိုဒါဋ္ဌာနာဂထေရ် ပေါ်ထွန်းရာခေတ်ကို မှန်း၍ အေ-ဒီ ၁၀-ရာစုဖြစ်ကြောင်း အရှင်ဗုဒ္ဓဒတ္တထေရ် ယူဆခြင်း ဖြစ်သည်။

သီဟိုဠ်ဘာသာ သာသနဝံသပြ ဒီပယ ကျမ်းပြု ပဏ္ဍိတ် အရှင်ဝိမလကိတ္တိကလည်း အေ-ဒီ၊ ၁၀-ရာစုဖြစ်ကြောင်း သူ၏ သာသနဝံသပြ ဒီပယ ကျမ်း၌ ဖော်ပြခဲ့သည်။

ကျမ်းဂန်အများ ပြုစုရေးသားခြင်း

အရှင်ဓမ္မပါလသည် အရှင်ဗုဒ္ဓဃောသနောက်တွင် ထူးခြားစွာ ထွန်းပေါက်ခဲ့သည့် ပညာရှိကြီး ဖြစ်သည်၊ အဋ္ဌကထာ,ဋီကာ ကျမ်းပေါင်းများစွာတို့ကို ပြောင်မြောက်စွာ ရေးသားခဲ့သည်၊ ၎င်း၏ ကျမ်းတို့မှာ—

၁။ ဥဒါနအဋ္ဌကထာ၊
၂။ ဣတိဝုတ္တကအဋ္ဌကထာ၊
၃။ ဝိမာနဝတ္ထုအဋ္ဌကထာ၊

၄။ ပေတဝတ္ထုအဋ္ဌကထာ၊
၅။ ထေရဂါထာအဋ္ဌကထာ၊
၆။ ထေရီဂါထာအဋ္ဌကထာ၊
၇။ စရိယာပိဋကအဋ္ဌကထာ၊
၈။ နေတ္တိအဋ္ဌကထာ၊
၉။ ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ၊
၁၀။ ဒီဃနိကာယဋီကာ၊
၁၁။ မဇ္ဈိမနိကာယဋီကာ၊
၁၂။ သံယုတ္တနိကာယဋီကာ၊
၁၃။ အင်္ဂုတ္တရနိကာယဋီကာ၊
၁၄။ နေတ္တိဋီကာ၊
၁၅။ အဘိဓမ္မာဘာနဋီကာ-တို့ ဖြစ်ကုန်သည်။

ဥဒါနအဋ္ဌကထာ

ဂုင်းကျမ်းများအနက် ဥဒါနအဋ္ဌကထာမှာ ဘာဏဝါရပေါင်း ၄၄-ဘာဏဝါရ ပမာဏ ရှိလေသည်၊ အရှင်ဓမ္မပါလသည်—

မဟာကာရုဏိကံ နာထံ၊ ဉေယျသာဂရပါရဂုံ။
ဝန္ဒေ နိပုဏကမ္မိရ—ဝိစိတြနယဒေသနံ။

ဝိဇ္ဇာစရဏသမ္ပန္နာ၊ ယေန နီယန္တိ လောကတော။
ဝန္ဒေတမနုတ္တမံ ဓမ္မံ၊ သမ္မာသမ္ဗုဒ္ဓပူဇိတံ။

သီလာဒိဂုဏသမ္ပန္နော၊ ဌိတော မဂ္ဂဖလေသု ယော။
ဝန္ဒေ အရိယသံဃံ တံ၊ ပုညက္ခေတ္တံ အနုတ္တရံ။

ဟူသောဂါထာဖြင့်ချည်း သူ၏အဋ္ဌကထာအားလုံး၌ ပဏာမ မူခဲ့သည်၊ အရှင်ဓမ္မပါလသည် အသီအကုံး အနှုန်းအဖွဲ့ စာဆိုတော်ပုဂ္ဂိုလ်ကြီး အရှင်ဗုဒ္ဓဃောသနှင့် သင်္ကတကဗျာဆရာကြီး ကာလီဒါသတို့ပမာ ကျမ်းစာရေးရန် အခက်အခဲအတွက် ညီးညူသက်ပြင်း ချတော်မူခဲ့သည်။

အရှင်ဗုဒ္ဓဃောသသည် ပဋိစ္စသမုပ္ပါဒ် ဒေသနာဖွင့်ခါနီး၌—

ဝတ္တုကာမော အဟံ အာဒေ၊ ပစ္စယာကာရဝဏ္ဏနံ။
ပတိဋ္ဌံ နာဓိဂစ္ဆာမိ၊ အဇ္ဈောဂါဠှော ဝ သာဂရံ။

သာသနံ ပနိဒံ နာနာ-ဒေသနာနယမဏ္ဍိတံ။
ပုဗ္ဗာစရိယမဂ္ဂါ စ၊ အဇ္ဈောစ္ဆိန္နော ပဝတ္တတိ။

ဟူသော ဂါထာဖြင့် သမုဒ္ဒရာပင်လယ်အတွင်း၌ သက်ဆင်းမိသည့် ယုံသူငယ်သည် ထောက်တည်ရာ မရသကဲ့သို့ ပဋိစ္စသမုပ္ပါဒ် ဖွင့်လိုသောကျွန်ုပ်မှာ ယခု ကိုယ်ပိုင်ဉာဏ်ဖြင့် ထောက်တည်မှီခိုရာ

မရပါချေ၊ ထိုသို့တစေ ဖြစ်ပလေလည်း အထူးထူး အပြားပြား များစ္ဝာဆန်းကြယ် ဒေသနာနယ အသွယ်သွယ်တို့ဖြင့် တန်းဆာဆင်အပ်သော ပရိယတ္တိသာသနာတော်မြတ်နှင့် အဖွင့် အဋ္ဌကထာဟု ဆိုအပ်သော ရှေးဆရာမြတ်အပေါင်းတို့၏ သွားရာလမ်းကြောင်း ခရီးကြောင်းအစဉ်သည် အဆက်မပြတ်ဘဲ ယနေ့တိုင် တည်ရှိနေပေ၏ ဟူ၍ ညီးညူခဲ့သကဲ့သို့ဂင်း၊

သက္ကတ ကဗျာဆရာကြီး ကာလီဒါသသည် ရဃုဝံသသမိုင်း ကဗျာကျမ်းကို ရေးစဉ် ဂန္ထာ-ရမ္ဘ၌—

ကဿယီး ပြဘဝေါဝံဂး ကဿစာလွဝိဖယာမတီး။
တိတီမိုဒ္ဒိ ဿာရံ မောဟာဒျုဒျုပေနာဿိ သာဂရမ်။
မန္ဒး ကဝိယဂး ပြာထိ ဂမိဖျာမျုပဟာသျုတာမ်။
ပြာဂုလဗျေ ဖလေ လောဘာ ဒုဒ္ဒါဟုရိဝ ဝါမန်း။

သူရိယဝံသခေါ်သော အာဒိစ္စအမျိုးသည် ဘယ်ကဆင်းသက်လာသည်ဟု ပြုရန် ပညာဉာဏ်နည်းလှပါသည်၊ အသိဉာဏ် အစုမ်းသတ္တိနည်းသူသည် လှေယ်ကလေးဖြင့် ဆုံးဆမမြင် ပင်လယ်သမုဒ္ဒရာရေပြင်ကို ကူးရန်မဖြစ်နိုင်သကဲ့သို့ ဖြစ်ပါတော့သည်။

အသိဉာဏ်မကြွယ်ဝ ပညာနုနယ်လှသူဖြစ်လျက် ကဝိပညာရှင်ထိပ်သီးတို့သာ ရသင့်ရထိုက်သော ကျေးဇူးသတင်း ကျော်စောခြင်းကို အလိုရှိသည့်အတွက် ပဏ္ဍိတ်သဘင် လူရှင်အလယ်၌ ရယ်ဖွယ်ရာ အဖြစ်သို့ ရောက်ပါရတော့မည်၊ ပုံစံပြရပါလျှင် အရပ်အမောင်း ရှည်လျားသော ယောကျ်ားတို့သည် ဆွတ်ခူးစားယူသုံးစွဲနိုင်သော သစ်သီးကို လောဘတကြီး ခင်မင်စုံမက် နှစ်သက်မိသည့်အတွက် ခြေလက်မြောက်၍ ယောက်ယက်ဆန်ခပ် ဖြစ်နေသော လူစဉ်မမှီသည့် လူပုသည် မြင်ရသူရယ်ဖွယ်ပျက်လုံးဖြစ်သည်နှင့် တူလှပါတော့သည်။

အထ ဝါ ကြွ တပါဂဒ္ဓါရေ ဝံဂေ အသ္မိန္ဒျုဝ်သူရိဘိး။
မဏော်ဝဇြသမုက္ကီဏော် သူတြသျေ ဝါ သ္ဆိမေဂတိး။

သို့ဖြစ်လင့်ကစား ဝါလမိဂိ အစရှိသော စာဆိုတော်အကျော်အမော်တို့ စီရင်ထားခဲ့သည့် ရာမာယဏစကား ဝါကျတံခါးဝရှိသော သူရိယဝံသ အမွန်အစရှိသော ရဃုဝံသအရာ၌ ဝင်ရိစိန်ဖြင့် ဖောက်ထွင်းအပ်သော ပတ္တမြားခွေ သီကုံးအပ်သော ကြိုးကဲ့သို့ ကျန်ပ်ကာလီဒါသ၏ အသိဉာဏ်၌ ထင်ရှားရှိပါသေး၏ ဟု ညီးညူခဲ့သကဲ့သို့ဂင်း အရှင်ဓမ္မပါလသည်လည်း—

တဿ ဂမ္ဘီရဉာဏောဟိ၊ ဩဂါဟေတဗ္ဗဘာဝတော။
ကိဉ္စာပိ ဒုက္ကရာ ကာတုံ၊ အတ္ထသံဝဏ္ဏနာ မယာ။

သဟသံဝဏ္ဏနံ ယသ္မာ၊ ဓရတေ သတ္ထုသာသနံ။
ပုဗ္ဗာစရိယသီဟာနံ၊ တိဋ္ဌတေဝ ဝိနိစ္ဆယော။

စ သော ဂါထာများဖြင့် ဥဒါန်းအဋ္ဌကထာဂန္ထာရမ္ဘ, ဣတိဝုတ်အဋ္ဌကထာ ဂန္ထာရမ္ဘ, ထေရဂါထာ အဋ္ဌကထာ ဂန္ထာရမ္ဘ, နေတ္တိအဋ္ဌကထာ ဂန္ထာရမ္ဘတို့၌ ညီးညူခဲ့သည်၊ အရှင်ဓမ္မပါလသည်

ဥဒါနအဋ္ဌကထာကို "ကေနဋ္ဌေန ဥဒါနံ" စသည်ဖြင့် ဥဒါန်းမည်ပုံကို စတင်ကာ ဥဒါန်းပါဠိတော်ကျမ်းကို ဖွင့်ပြတော်မူခဲ့သည်၊ ဥဒါန်းအဋ္ဌကထာ၏ ပရမတ္ထဒီပနီမည်ကြောင်းကိုလည်း နိဂုံး၌ ဖော်ပြခဲ့သည်သာမက ၃၄—ဘာဏဝါရ ပမာဏရှိကြောင်းကိုလည်း ပြခဲ့သည်၊ ၎င်းကျမ်းစာကို ယိုးဒယား, သီဟိုဠ်, အင်္ဂလန်တို့၌လည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာရိုက် ဆဋ္ဌသံဂါယနာစာတော်မူမှာ စာမျက်နှာ ၃၉၃–ရှိလေသည်။

ဣတိဝုတ္တကအဋ္ဌကထာ

ဣတိဝုတ်အဋ္ဌကထာကိုလည်း ပေါရာဏအဋ္ဌကထာခေါ်သော မဟာအဋ္ဌကထာကို အမှီပြု၍ ရေးသားတော်မူခဲ့သည်၊ ဂန္ဆာရမ္ဘစကားများသည် ရှေးဦးစွာ ဣတိဝုတ္တကအရကို ဖွင့်ပြခဲ့သည်၊ ဣတိဝုတ်အဋ္ဌကထာ ၅–၌ ဘဂဝါ၏ အဖွင့်ကို "သော ပနာယံ အတ္ထော သဗ္ဗာကာရေန ဝိသုဒ္ဓိ-မဂ္ဂေ ဗုဒ္ဓါနုဿတိနိဒ္ဒေသေ ဝုတ္တော" စသည်ဖြင့် ဝိသုဒ္ဓိမဂ်ကို ညွှန်းခဲ့သည်၊ ဣတိဝုတ်အဋ္ဌကထာ သီဟိုဠ်၌ရိုက်ထားသောမူ ရှိုင်ဆိုက် ၂၉၀၊ မြန်မာပြည်ရိုက် ဆဋ္ဌသံဂါယနာစာတော်မှာ ၃၅၅—ရှိလေသည်၊ ယိုးဒယားနိုင်ငံ,အင်္ဂလန်တို့၌ စာအုပ်ရိုက်ခဲ့သည်၊ ဘာဏဝါရပေါင်း ၃၈-ရှိလေသည်၊ ဣတိဝုတ္တကပါဠိ၌ သုတ်အရေအတွက်ကိုလည်း—

ဒသုတ္တရသတံ ဒ္ဝေ စ၊ သုတ္တာနိ ဣတိဝုတ္တကံ။
ဣတိဝုတ္တပဘေဒေန၊ သင်္ဂါယိ သု မဟေသယော။

ဟူသောဂါထာဖြင့် နိဂမနကထာ၌ ဖော်ပြခဲ့သည်။

ဝိမာနဝတ္ထုအဋ္ဌကထာ

အရှင်ဓမ္မပါလသည် ပရမတ္ထဒီပနီအမည်ရှိသော ဝိမာနဝတ္ထုအဋ္ဌကထာကိုလည်း ရေးသားခဲ့သည်၊ ပဏာမပဋိညာဉ်အပြီး တတ္ထ ဝိမာနာနီတိ ဝိသိဋ္ဌမာနာနိ ဒေဝတာနံ ကီလနိဝါ-သဋ္ဌာနာနိ.စသည်ဖြင့် ဝိမာနဝတ္ထုအရစသည်ကို ဂန္ဆာရမ္ဘကထာ၌ ဖွင့်ပြခဲ့ပြီး ပါဠိတော်အစဉ်အတိုင်း ကျနစ္စာ ဖွင့်ပြခဲ့သည်၊ ဝိမာနဝတ္ထုအဋ္ဌကထာကို သီဟိုဠ်, အင်္ဂလန်စသည်တို့၌လည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာရိုက် ဆဋ္ဌသံဂါယနာစာတော်မူမှာ စာမျက်နှာ ၂၇၀—ရှိလေသည်။

ထေရဂါထာ, ထေရီဂါထာအဋ္ဌကထာ

ထေရဂါထာပါဠိ, ထေရီဂါထာပါဠိတို့၏ အဖွင့်ဖြစ်သော ထေရဂါထာအဋ္ဌကထာ, ထေရီဂါထာအဋ္ဌကထာတို့ကိုလည်း ရှေးအဋ္ဌကထာဟောင်းကိုမှီ၍ မဟာဝိဟာရဝါသီအရှင်မြတ်တို့၏ နည်းကောင်းနည်းမှန်အဆုံးအဖြတ်ဘို့နှင့် မဆန့်ကျင်စေပဲ ကိုက်ညီအောင် ရေးသားခဲ့သည်၊ ထေရဂါထာအဋ္ဌကထာ နိဒါနဂါထာအဖွင့်၌—

သီဟာနံဝ နဒန္တာနံ၊ ဒါဋ္ဌိနံ ဂိရိဂဗ္ဘရေ။
သုဏာထ ဘာဝိတတ္တာနံ၊ ဂါထာ အတ္ထူပနာယိကာ။

ဟူသော ထေရဂါထာအစပါဠိဂါထာသည် အရှင်အာနန္ဒထေရ်၏ ထောမနာဂါထာဖြစ်ကြောင်း ဖော်ပြခဲ့သည်၊ ထေရဂါထာအဋ္ဌကထာ ဒုတိယအုပ် ၅၃၉—ဝဂိသတ္ထေရဂါထာဝဏ္ဏနာ၌—

သတတ္တယံ သဟာသဒ္ဓ၊ ပညာသဒ္ဓ ပုနာပရေ။
ဧတေ ထေရာ မဟာပညာ၊ သဗ္ဗေဝ ဧဟိဘိက္ခုကာ။

ဟူသော ဂါထာဖြင့် ဟေဘိက္ခုရဟန္တာအရှင်မြတ်တို့၏ အရေအတွက် ၁၃၅၀—ရှိကြောင်း မှတ်ချက်ချခဲ့သည်၊ ၎င်းအသိတိ မဟာသာဝကအရေအတွက်ကိုလည်း ၅၄၁၊၂—တို့၌ ဖော်ပြခဲ့သည်၊ ယင်းအဋ္ဌကထာကို သီဟိုဠ်၌လည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည်၌လည်း ရိုက်နှိပ်ခဲ့ရာ ၂—အုပ်ပေါင်း ဆဋ္ဌသံဂါယနာစာတော်မူ ၁၀၃၁- ရှိလေသည်၊ ထေရီဂါထာအဋ္ဌ-ကထာမှာ စာမျက်နှာ ၃၀၅- ရှိသည်၊ ၎င်းကိုလည်း သီဟိုဠ်၊ အင်္ဂလန်စသည်တို့၌လည်း ရိုက်နှိပ်ထုတ်ခဲ့သည်၊ ပါဠိစာပေသမိုင်း၌ ပြောင်မြောက်သောဂါထာများအဖြစ် ထင်ရှားလှသော အမှ-ပါလီထေရီဂါထာလာ ဂါထာများကို အရှင်ဓမ္မပါလထေရ် ပြောင်မြောက်စွာ ဖွင့်ပြခဲ့သည်၊ အရှင်ဓမ္မ ပါလသည် ထေရီဂါထာအဋ္ဌကထာပြီးဆုံး နိဂုံးဂါထာများဖြင့် ခမ်းနားစွာ နိဂုံးအုပ်ခဲ့သည်။

စရိယာပိဋကအဋ္ဌကထာ

၂၈—ဘာဏဝါရ ပမာဏရှိသော စရိယာပိဋကအဋ္ဌကထာကိုလည်း အဋ္ဌကထာဟောင်းကိုပင် မှီ၍ ဖွင့်ဆို ရေးသားခဲ့သည်၊ ကျမ်းဦး၌—

စရိယာ သဗ္ဗလောကဿ၊ ဟိတာယဿ မဟေသိနော။
အစိန္တေယျာနုဘာဝံ တံ၊ ဝန္ဒေ လောကဂ္ဂနာယကံ။

စသောဂါထာဖြင့် ပဏာမ ပြုတော်မူခဲ့သည်၊ ယင်းကျမ်းကိုလည်း သီဟိုဠ်နှင့်လန်ဒန်ပါဠိအသင်းတို့၌လည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာရိုက် ဆဋ္ဌသံဂါယနာစာမူတော်မှာ စာမျက်နှာ ၃၂၈-ရှိလေသည်။

နေတ္တိအဋ္ဌကထာ

နေတ္တိပါဠိတော်၏ အဖွင့်ဖြစ်သော ပရမတ္ထဒီပနီ အမည်ရှိသော နေတ္တိအဋ္ဌကထာကိုလည်း ရေးသားစီရင်တော်မူခဲ့သည်၊ အရှင်ဓမ္မပါလ၏ အခြားအဋ္ဌကထာများ၌ အဘိယာစကမထင်ရှားခဲ့၊ ဝိသုဒ္ဓိမဂ်ဋီကာကို ဒါဌာနာဂဓထေရ် တောင်းပန်သဖြင့် ရေးသားခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည်၊ နေတ္တိအဋ္ဌကထာကို အရှင်ဓမ္မရက္ခိတထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်း—

ဌိတိ˚ အာဂမဒ်မာနေန၊ စိရံ သဒ္ဓမ္မနေတ္တိယာ။
ဓမ္မရက္ခိတနာမေန၊ ထေရေန အဘိယာစိတော။

ဟူသော ဂန္ဆာရမ္ဘကထာလာ ဂါထာဖြင့် သိသာသည်၊ အရှင်ဓမ္မပါလသည် ဂန္ဆာရမ္ဘ၌ အရှင်-ကစ္စည်းထေရ်၏ ဖြစ်စဉ်အကျဉ်းကို ဖော်ပြခဲ့သည်၊ နေတ္တိကျမ်းကို အရှင်ကစ္စည်း ထေရ် ဟောပြီး ဘုရားရှင်က အနုမောဒနာ ပြုကြောင်းကိုလည်း ပြတော်မူခဲ့သည်၊ ထုံးစံအတိုင်း ကျမ်း၏ဗျုပ္ပတ်ကိုလည်း ဖော်ပြခဲ့သည်၊ နိဂုံး၌ အိန္ဒိယတောင်ပိုင်း(တန်ဂျိုးမြို့) နာဂပဋ္ဋနမြို့ ဓမ္မာသောကမင်းကြီး ဆောက်လုပ်အပ်သော ကျောင်း၌ သီတင်းသုံးစဉ် ရေးသားကြောင်း—

သဒ္ဓမ္မာဝတရဋ္ဌာနေ၊ ပဋ္ဋနေ နာဂသဝှယေ။
ဓမ္မာသောကမဟာရာဇ-ဝိဟာရေ ဝသတာ မယာ။

စသည်ဖြင့် ဖော်ပြခဲ့သေးသည်၊ နေတ္တိအဋ္ဌကထာသည် ၂၇-ဘာဏဝါရ ရှိကြောင်းလည်း နိဂုံးဖြင့်ပင် သိရလေသည်၊ သီဟိုဠ်နှင့် လန်ဒန်၌ (Pali Text Society) ကလည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာရိုက် ဆဋ္ဌစာတော်မူ ၂၇၆- ရှိလေသည်။

ဋီကာများကိုလည်း ရေးသားခဲ့ခြင်း

အရှင်ဓမ္မပါလသည် ဋီကာများကိုလည်း ရေးသားပြုစုတော်မူခဲ့သည်၊ ဋီကာကျမ်းပြုပုဂ္ဂိုလ် မြတ်လည်း ဖြစ်တော်မူသည်၊ ၎င်း၏ဋီကာတို့မှာ ဝိသုဒ္ဓိမဂ်ဋီကာ ဒီဃနိကာယ်ဋီကာ မဇ္ဈိမ နိကာယ်ဋီကာ သံယုတ္တနိကာယ်ဋီကာ စသည်တို့ ဖြစ်ကုန်သည်။

ပရမတ္ထမဉ္ဇူသာမည်သော ဝိသုဒ္ဓိမဂ်မဟာဋီကာ

ပရမတ္ထမဉ္ဇူသာမည်သော ဝိသုဒ္ဓိမဂ် ဋီကာကြီးကို သိတ္ထဂါမ ပရိဝေဏဝါသီ အရှင်ဒါဋ္ဌာနာဂ ထေရ်တောင်းပန်သဖြင့် သမယ သမယန္တရ ၂-မျိုးလုံးကို မေ့နှောက်၍ ရေးသားတော် မူခဲ့လေသည်၊ ဝိသုဒ္ဓိမဂ်ဋီကာ၌ ပဏာမ နိဂုံးတို့ဖြင့် ခမ်းနားစွာ ရေးသားခဲ့သည်၊ ယင်းဋီကာကို ယိုးဒယား သီဟိုဠ်တို့၌လည်း ရိုက်နှိပ်ခဲ့သည်၊ ဘာဏဝါရပေါင်း ၈၈-ဘာဏဝါရရှိ၍ ၂-အုပ်ပေါင်း စာမျက်နှာ ၉၉၆- ရှိလေသည်။

ဒီဃနိကာယ်ဋီကာ

ဒီဃနိကာယ်ဋီကာကိုလည်း ရေးသားပြုစုတော်မူခဲ့ရာ ယင်းဋီကာသည် သီလက္ခန္ဓဝဂ္ဂဋီကာ မဟာဝဂ္ဂဋီကာ ပါထိကဝဂ္ဂဋီကာဟု ပါဠိ အဋ္ဌကထာအလိုက် ၃-တဲ့ပင် ရှိသည်၊ ယင်းဋီကာများကိုလည်း လီနတ္ထပကာသနီ ဟု နာမည်ပေးခဲ့သည်၊ ဒီဃနိကာယ်ဋီကာသည် ဂန္ထပေါင်း ၁၀၂၀-ပမာဏရှိကြောင်း ကျမ်းအဆုံး၌ တွေ့ရှိရသည်၊ ပဏာမဂါထာစသည်များ မပါရှိပေ၊ ပါထိကဋီကာ အဆုံး၌—

မိစ္ဆာဒိဋ္ဌိကစောရေဟိ၊ သီလာဒိဓနသဉ္ဇယံ။
ရက္ခဏတ္ထာယ သက္ကစ္စံ၊ မဉ္ဇူသံ ဝိယ ကာရိတံ။

ဟု နောက်မှ အခြားဆရာတဦးဦး ထည့်ခဲ့သည်ဟု ယူဆရသော တဂါထာသာ ပါရှိသည်၊ ၎င်း ဋီကာကို သီဟိုဠ်၌ မကြာမီကမှ ရိုက်ပြီးခဲ့သည်၊ မြန်မာရိုက် ၃-တဲ့ပေါင်း ၁၀၅၅- ရှိလေသည်။

မဇ္ဈိမနိကာယ်ဋီကာ

မဇ္ဈိမနိကာယ်ဋီကာကိုလည်း ဆက်လက်ရေးသားတော်မူခဲ့သည်၊ပဏာမစသည်ကို ဂါထာများ ဖြင့် တခမ်းတနား မဖော်ပြတော့ပဲ သံဝဏ္ဏနာရမ္ဘ ဟု အစပျိုး၍ ဖွင့်ပြခဲ့သည်၊၎င်းဋီကာကိုလည်း လီနတ္ထပကာသနီဟု အမည်ပေးခဲ့သည်၊ သီဟိုဠ်၌ ၎င်းဋီကာများ ယခုမှရိုက်နေဆဲ ဖြစ်ကြောင်း သိရသည်၊မြန်မာပြည်၌ ၎င်းသည် အတွဲ ၃-တွဲရှိရာ ၃-တွဲပေါင်း စာမျက်နှာ ၁၁၆၀- ရှိလေသည်၊ ၎င်းဋီကာများ၌ သမယန္တရလာစကားများ များစွာ ပါဝင်သည်၊ မ၊ဋီ၊ ၃၊ ၇၅-လဋ္ဌကိကောပမ သုတ် အာတုမာအဖွင့်—

အင်္ဂါ အင်္ဂါ သမ္ဘဝသိ၊ ဟဒယာ အဓိဇာယသေ။
အတ္တာ ဝေ ပုတ္တ နာမာသိ၊ သ ဇီဝ သရဒေါသတံ။

ဟူသော ကောသိတကီဗြာဟ္မဏ ဥပနိဂ ကျမ်း။ ၂၊ အဇ္ဈာယ၊ ၁၁၊ မန္တလာ ဂါထာ ကိုလည်း တွေ့ရသည်။

သံယုတ္တဋီကာ

သံယုတ္တနိကာယ် ဋီကာကိုလည်း ရေးသားတော်မူခဲ့သည်၊ သံယုတ္တဋီကာ ပဌမအုပ် ၃၃-၌ ဘဂဝါပုဒ်အဖွင့် ဣတိဝုတ် အဋ္ဌကထာ ဝိသုဒ္ဓိမဂ် ဋီကာများ ဆင်တူ ဖွင့်ပြတော်မူခဲ့သည်၊ သံယုတ္တဋီကာသည် ဋီကာသံဂါယနာခေတ်ကျမှ စာအုပ်အဖြစ်သို့ ရောက်ခဲ့သည်၊ ၂-တွဲ ရိုက်နှိပ်ထားရာ ပဌမတွဲ ၃၄၅၊ ဒုတိယတွဲ ၅၅၁-ရှိရာ ၂-တွဲပေါင်း ၈၉၆-ရှိလေသည်။ သံယုတ္တဋီကာသည်လည်း လီနတ္ထပ္ပကာသနာမည်ကြောင်း သံယုတ္တနိကာယအဋ္ဌကထာယ လီနတ္ထပကာသနာ နိဋ္ဌိတာ ဟူသော နိဂုံးစကားဖြင့် သိသာသည်။

အင်္ဂုတ္တိဋီကာဟောင်း

အင်္ဂုတ္တရဋီကာကိုလည်း ရေးသားတော်မူခဲ့သည်၊ ယင်းဋီကာဟောင်းနှင့် ပတ်သက်၍ သီဟိုဠ်ပါဠိသမိုင်းဆရာ 'အရှင်ဇုဒ္ဓဒတ္တထေရ်နှင့် ကျမ်းစာများ သမိုင်းကို ပြလေ့ရှိသော သာသနဝံသပြဒီပယ ဆရာ အရှင်ဝိမလကိတ္တိတို့ မရေးသား မဖော်ပြခဲ့ကြချေ၊ ပိဋကတ်တော်သမိုင်းကျမ်း၌ ဧကုတ္တရဋီကာ ဒုကုတ္တရဋီကာ တိကုတ္တရဋီကာ ၃-ကျမ်းသာ အဖွင့်ဋီကာဟောင်းရှိကြောင်း ပဒရတိတ္ထကျောင်းနေ အရှင်ဓမ္မပါလပြုကြောင်း ဖော်ပြထားသည်၊ ၎င်းဋီကာဟောင်း ကျန်ပ်တို့ မဟာဝိသုတာရာမပိဋကတ်တိုက်၌ ရှိဘူးရာ အရှင်ဓမ္မပါလ၏ အခြားဋီကာများနှင့် အသွားတူကြောင်း သိရလေသည်။ အရှင်သာရိပုတ္တရာ၏ အင်္ဂုတ္တိဋီကာကို ထောက်၍ အင်္ဂုတ္တိဋီကာဟောင်းဟု ခေါ်တွင်သည်။

နေတ္တိဋီကာ

လီနတ္ထဝဏ္ဏနာအမည်ရှိသော နေတ္တိဋီကာကိုလည်း ပြုစုရေးသားတော်မူခဲ့သည်၊ ကိုယ်တိုင် ရေးခဲ့သော နေတ္တိအဋ္ဌကထာကို ဖွင့်ရသည့်အတွက် ကျဉ်းကျဉ်းနှင့် လိုရင်းကိုသာ ဖွင့်တော်မူခဲ့သည်၊ ပဏာမဂါထာများဖြင့် တခမ်းတနား မဟုတ်ပဲ "သံဝဏ္ဏနာရမ္ဘေ ရတနတ္တယဝန္ဒနာ သံဝဏ္ဏေတဗ္ဗဿ ဓမ္မဿ ပဘဝနိဿယဝိသုဒ္ဓိပဋိဝေဒနတ္ထံ" စသည်ဖြင့် အစပျိုး၍ ဖွင့်ဆိုရေးသားခဲ့သည်။

ဆဋ္ဌသံဂါယနာစာမူ

နေတ္တိဋီကာစာအုပ်မှာ ဆဋ္ဌသံဂါယနာ စာမျက်နှာ ၁၅၁-သာ ရှိသည်၊ ကျမ်း၏အဆုံး၌ နေတ္တိအဋ္ဌကထာယ လီနတ္ထဝဏ္ဏနာ နိဋ္ဌိတာဟုသာ ပါရှိသည်။

အဘိဓမ္မာ အနုဋီကာ

အရှင်အာနန္ဒာ၏ မူလဋီကာ၏ အဖွင့်ဖြစ်သော အနုဋီကာကိုလည်း အရှင်ဓမ္မပါလထေရ် ရေးသည်ဟု ပိဋကတ်သမိုင်း, သာသနဝံသပဒီပိကာစသော ကျမ်းတို့၌ လာရှိသည်၊ သို့သော်

Dictionary of Pali Proper Name နှင့် The Pali Literature of Ceylon စသည်ကို ရေးသားခဲ့သော သီဟိုဠ်ပညာရှိ ဒေါက်တာ မာလလာဆေကရကမူ အနုဋ္ဌီကာ ပြုသူမှာ ဝနရတနအာနန္ဒာ၏တပည့် စူဠဓမ္မပါလထေရ်ဖြစ်ကြောင်း ဖော်ပြခဲ့သည်၊ ၎င်းတို့မှာ ဆဋ္ဌသံဂါယနာစာတော်မူ ဓမ္မသင်္ဂဏီအနုဋ္ဌီကာ ၂၂၀၊ ဝိဘင်္ဂအနုဋ္ဌီကာ ၂၂၉၊ ပဉ္စပကရဏအနုဋ္ဌီကာ ၃၂၃-ရှိရာ ၃-ကျမ်းပေါင်း ၇၇၇-မျက်နှာ ရှိလေသည်၊ ၎င်းကျမ်းတို့မှာ လိနတ္ထပဒဝဏ္ဏနာ, လိနတ္ထဝဏ္ဏနာတို့ ဖြစ်ကြောင်း....လိနတ္ထပဒဝဏ္ဏနာ ဓမ္မသင်္ဂဏီအနုဋ္ဌီကာ သမတ္တာ,....လိနတ္ထ-ဝဏ္ဏနာ ဝိဘင်္ဂအနုဋ္ဌီကာ သမတ္တာ....လိနတ္ထဝဏ္ဏနာအနုဋ္ဌီကာ သမတ္တာ·ဟူသော နိဂုံးတို့ဖြင့် သိသာသည်။

သစ္စသင်္ခေပ

သစ္စသင်္ခေပကျမ်းကိုလည်း အရှင်ဓမ္မပါလထေရ် ရေးစီရင်သည်ဟု ပိဋကတ်တော်သမိုင်း သာသနဝံသပဒီပိကာ, မဏိသာရမဉ္ဇူသာဋ္ဌီကာ ပကိဏ်းပိုင်းအဖွင့် ၃၇၇-၌ မိန့်ဆိုကြသည်၊ သို့သော် သီဟိုဠ်ကျန်း ဓမ္မကိတ္တိသာသနာပိုင်၏ တပည့်ရေးသော သဒ္ဓမ္မသင်္ဂဟကျမ်း၌—

ကတော ယော သစ္စသင်္ခေပေါ၊ နိပုဏတ္ထဝိနိစ္ဆယော။
အာနန္ဒတ္ထေရပါဒေန၊ ဝိစိတ္တနယမဏ္ဍိတော။

ဟူသော ဂါထာဖြင့် ဝနရတန အရှင်အာနန္ဒာထေရ် ရေးကြောင်း ဖော်ပြခဲ့သည်၊ ၎င်းကျမ်းသည် ဂါထာ ၃၈၇-ဗုဒ္ဓသာသနာ့ရိုက် စာမျက်နှာ ၃၄- ရှိလေသည်၊ သီဟိုဠ်ကျန်း မောရဋ္ဌ၀- မေဓာ-နန္ဒထေရ် နိဿန္ဒင့်တက္က စီစဉ်၍ အေ-ဒီ ၁၉၁၂-ခုနှစ်က ရိုက်ထားသောမူ ဒီမိုင်းဆိုက် စာမျက်နှာ ၂၀၅- ရှိလေသည်။

အရှင်ဓမ္မပါလ၏ သဒ္ဓါနှင့် ဝိရိယ

ဤသို့ဖြင့် အရှင်ဓမ္မပါလသည် သမယ, သမယန္တရတို့ကို မေ့နှောက်ချောက်ချားပြီး ကျမ်းစာများ ပြုစုခဲ့ရာ အင်္ဂုတ္တိရဋ္ဌကာဟောင်းနှင့် သစ္စသံခေပ အနုဋ္ဌီကာတို့မှတပါး ကျမ်းစာအုပ်ရေ ပေါင်း ၂၀၊ ဆဋ္ဌသံဂါယနာ စာမျက်နှာ ဦးရေ ၇၉၃၁-မျှ ရှိလေသည်၊ သို့ကလောက် ထက်သန်လွန်ကဲသော အရှင်ဓမ္မပါလ၏ သဒ္ဓါတရားနှင့် ဝိရိယကို အဘယ်မည်သော ပညာရှင်သည် မချီးကျူး မအံ့သြပဲ နေနိုင်ပါအံ့နည်း။

ဧဝံ ဟိ မဟတော ဂန္ထ–ကာရဿ အဂ္ဂဝိညုနော။
ဇာနိတ္ဝာ သဒ္ဓဝါယာမံ၊ ကော နော ထေရံ ပသံသယေ။

အရှင်ဥပသေန မဟာထေရ်

အရှင်ဥပသေနမဟာထေရ်သည် မဟာနိဒ္ဒေသအဋ္ဌကထာ စူဠနိဒ္ဒေသအဋ္ဌကထာတို့ကို ရေးသားပြုစုခဲ့သည့် အဋ္ဌကထာကျမ်းပြု ပုဂ္ဂိုလ်မြတ် ဖြစ်သည်၊ အရှင်ဥပသေန၏ ခေတ်ကိုလည်း သိဟိုဠ်သမိုင်းဆရာတို့ပင် တိကျစွာ ဆုံးဖြတ်ချက် မပေးနိုင်ကြပါ။

အရှင်ဥပသေန ပေါ်ထွန်းချိန်

အရှင်ဥပသေနသည် သာသနာသက္ကရာဇ် ၁၁၀၇ - ခုနှစ်တွင် သီဟိုဠ်ကျွန်း အနုရာဓပြိုနန်းတက်သော ပဌမအဂ္ဂဗောဓိမင်းလက်ထက်လောက်ဖြစ်ကြောင်း သီဟိုဠ်ပါဠိသမိုင်းကျမ်းနှင့် သီဟိုဠ်သာသနာဝံသပြဒီပယကျမ်းတို့၌ ဖော်ပြထားသည်၊ အရှင်ဥပသေန၏စူဠနိဒ္ဒေသအဋ္ဌကထာ နိဂုံး၌—

ရညော သိရိနိဝါသဿ၊ သိရိသင်္ဃဿ ဗောဓိနော။
ဆဗ္ဗိသတိမှိ ဝဿမှိ၊ နိဋ္ဌိတာ နိဒ္ဒေသဝဏ္ဏနာ။

ဟုလာရှိသော ဂါထာကို အောင်လံစိုက်ဆောက်ရေးသား၍ ပြီးမြောက်ခဲ့ကြောင်းဟု သိသာသည်၊ သို့သော် သီဟိုဠ်ရာဇဝင်၌ မိမိအား ထမင်းတထပ်ကျွေးခဲ့သည့် ခရီးသည်အား မိမိဦးခေါင်းကို ဖြတ်၍ လှူဒါန်းသော သိရိသင်္ဃဗောဓိမင်းသာ သီဟိုဠ်ရာဇဝင်၌ထင်ရှားသည်၊ ၎င်းမင်းသည်လည်း သာသနာသက္ကရာဇ် ၇၉၄-၇၉၆၊(အေ–ဒီ၊ ၃၀၀-၃၀၂)အထိ ၂-နှစ်သာ မင်းပြုရကြောင်း–

ရာဇာ သိရိသင်္ဃဗောဓိ၊ ဝိဿုတော ပဇ္ဇသီလဝါ။
အနုရာဓပုရေ ရဇ္ဇံ၊ ဒုဝေ ဝဿာနိ ကာရယိ။

ဟူသော မဟာဝံသ၊ ၃၆၊ ၇၃-ဖြင့် သိသာလှသည်၊ ထိုသို့ ၂-နှစ်သာမင်းပြုရသောကြောင့်၎င်း, အရှင်ဗုဒ္ဓဃောသထက် ရှေးနှစ်ပေါင်း ၁၅၀-ကျော် ရှေးကျနေသောကြောင့်၎င်း ခေါင်းဖြတ်လှူသော သိရိသင်္ဃဗောဓိမင်းကား စူဠနိဒ္ဒေသ နိဂုံး၌လာသောမင်း မဖြစ်နိုင်သည်သာ၊ သာသနာသက္ကရာဇ် ၁၁၀၇-ခုနှစ်မှ စ၍ နန်းတက်သော ပဌမအဂ္ဂဗောဓိမင်းသည် နှစ်ပေါင်း ၃၄-နှစ်တိုင် သီဟိုဠ်၌ မင်းပြုခဲ့သည်၊ ၎င်းမင်းသည် သိရိသင်္ဃဗောဓိပရိဝေဏ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း—

ပရိဝေဏံ သိရိသင်္ဃ—ဗောဓိနာမဋ္ဌ ကာရယိ။

ဟူသော မဟာဝံသ။ ၄၁-၁၀၊ ဂါထာဖြင့် သိရသည်၊ မိမိတည်ဆောက်သော သိရိသင်္ဃဗောဓိပရိဝေဏအမည်ကို စွဲ၍ ပဌမအဂ္ဂဗောဓိမင်းသည် သိရိသင်္ဃဗောဓိပရိဝေဏဒါယကာမင်းမြတ် သိရိသံဃာဗောဓိမင်းဟူ၍ အမည်တွင်နိုင်သည်ဟု သီဟိုဠ်သမိုင်းပညာရှိတို့ ယူဆကြသည်၊ ထို့ကြောင့် ဤပဌမအဂ္ဂဗောဓိမင်းသာ စူဠနိဒ္ဒေသ နိဂုံး၌ပါသောမင်း ဖြစ်နိုင်သည်။ ဒုတိယအဂ္ဂဗောဓိနှင့် တတိယ အဂ္ဂဗောဓိမင်းတို့မှာ သိရိသင်္ဃဗောဓိဘွဲ့ နာမည်ရကြသော်လည်း ၂၆-နှစ် နန်းသက်မရှည်ကြကုန်။

မဟာဝိဟာရ သားကောင်းရတနာ

အရှင်ဥပသေနသည် ကိတ္တိသေနအမည်ရှိသော အမတ်ဆောက်လုပ်အပ်သော မဟာဝိဟာရကျောင်းတိုက်အတွင်း မဟာစေတီကြီး၏ အနောက်ဖက်ရှိ ပရိဝေဏ်၌ သီတင်းသုံး၍ ခမာဒယာအစရှိသော ဂုဏ်နှင့်ယှဉ်သော အရှင်ဒေဝထေရ်တောင်းပန်သဖြင့် မဟာနိဒ္ဒေသအဋ္ဌကထာ စူဠနိဒ္ဒေသအဋ္ဌကထာတို့ကို ရေးသားကြောင်း ဖော်ပြခဲ့သည်၊ ထိုသို့ ရေးသားရာ၌ မဟာဝါသီဂိုဏ်းဝင်ထေရ်တို့၏ လေ့လာချသင် သရဇ္ဈာယ်စဉ်၌ တည်ပြီ ရှေးအဋ္ဌကထာများလာ အဆုံးအဖြတ်ကို ယူ၍ ရေးသားမည်ဟုလည်း ဂန္ထာရမ္ဘ၌ ကိုယ်တိုင်ဖော်ပြခဲ့သည်၊ ထို့ကြောင့် နိဒ္ဒေသအဋ္ဌကထာကျမ်းပြု အရှင်ဥပသေနကို မဟာဝိဟာရကျောင်းတိုက်ကြီး၏ သားကောင်းရတနာအာဇာနည်ဖြစ်ကြောင်း ယုံမှားမဲ့မှတ်ယူနိုင်သည်။

ရတနတ္တယပဏာမ

အရှင်ဥပသေနသည် အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းကို အလိုရှိသဖြင့်—

အဝိဇ္ဇာလင်္ဂိ ဃာတေန္တော၊ နန္ဒီရာဂဠု မူလတော။
ဘာဝေန္တင်္ဂိကံ မဂ္ဂံ၊ ဖုသိ ယော အမတံ ပဒံ။

ပါပုဏိတ္ဝာ ဇိနော ဗောဓိ၊ မိဂဒါယံ ဝိဂါဟိယ။
ဓမ္မစက္ကံ ပဝတ္တေတ္ဝာ၊ ထေရံ ကောဏ္ဍညမာဒိတော။

အဋ္ဌာရသန္နံ ကောဋိနံ၊ ဗောဓေသိ တာပသော တဟိ။
ဝန္ဒေဟံ သိရသာ တဉ္စ၊ သဗ္ဗသတ္တာနမုတ္တမံ။
တထာ ဓမ္မဉ္တမဉ္စေဝ၊ သံဃဉ္စာပိ အနုတ္တရံ။

ဟူသော ဂါထာများဖြင့် ရတနာ ၃-ပါးကို ရှိခိုးခဲ့သည်။

သာရိပုတ္တပဏာမ

မဟာနိဒ္ဒေသပါဠိတော်မှာ သုတ္တနိပါတ်ပါဠိတော် အဋ္ဌကဝဂ်လာ ကာမသုတ် ဂုဟဋ္ဌကသုတ် အစရှိသော ၁၆-သုတ်ကို အကျယ်ခဲ့၍ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ မဟာထေရ်ဟောသော ကျမ်းစာဖြစ်၍ စူဠနိဒ္ဒေသပါဠိတော်မှာလည်း သုတ္တနိပါတ် ပါရာယနဝဂ်လာ အဇိတမာဏဝပုစ္ဆာ တိဿမေတ္တေယျမာဏဝပုစ္ဆာ အစရှိသည်တို့နှင့် ခဂ္ဂဝိသာဏသုတ်ကို အကျယ်ခဲ့၍ အရှင်သာရိပုတ္တရာပင် ဟောသောကျမ်း ဖြစ်သည်၊ ထိုအရှင်သာရိပုတ္တရာဟောသော မဟာနိဒ္ဒေသပါဠိ စူဠနိဒ္ဒေသ ပါဠိတို့ကို ဖွင့်ခြင်းဖြစ်ရကား အရှင်ဥပသေနသည်—

သာရိပုတ္တော မဟာပညော၊ သတ္ထုကပ္ပေါ ဇိနတြေဇော။
ဓမ္မစက္ကံ ဝိဘာဇေတ္ဝာ၊ မဟာနိဒ္ဒေသမဒြဝိ။
ပါဒ္ဒေါ ဝိသိဋ္ဌော နိဒ္ဒေသော၊ တံနာမဝိသေသိတော စ။

တံ သာရိပုတ္တံ ဇိနရာဇပုတ္တံ၊ ထေရံ မိရာနေကဂုဏာဓိဝါသံ။
ပညာပဘာဝုဂ္ဂတစာရုကိတ္တိံ၊ သုနီစဝုတ္တိံ စ အထော နမိတ္ဝာ။

ဟူသောဂါထာမျှားဖြင့် အရှင်သာရိပုတ္တရာအား ရှိခိုးခဲ့သည်၊ ဖော်ပြပါ မဟာနိဒ္ဒေသအဋ္ဌကထာနှင့် စူဠနိဒ္ဒေသအဋ္ဌကထာမျှားကို ယိုးဒယား,သီဟိုဠ်, အင်္ဂလန် တို့၌လည်း ရိုက်ခဲ့သည်၊ အင်္ဂလန်ရိုက် ၆၄၆-မျက်နှာရှိပြီး သီဟိုဠ်မူ ရှိုင်ဆိုက် ၅၃၆-ရှိလေသည်၊ မြန်မာပြည် ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၅၅၉-ရှိလေသည်၊ ဘာဏဝါရပေါင်း ၄၀-ကျော် ရှိကြောင်းကိုလည်း နိဂုံး၌ ဖော်ပြထားသည်။

ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနှင့်တူသောအချက်မျှား

နိဒ္ဒေသအဋ္ဌကထာ ပဏာမဂါထာနှင့် နိဂုံး ဂါထာမျှား ခတ်ဆင်ဆင် လာရှိသည်ကို ထောက်ဆပြီး မဟာနိဒ္ဒေသအဋ္ဌကထာဆရာနှင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆရာ ဆရာတူတပည့်, ဆရာတပည့်, မိတ်ဆွေရင်းချာ ဖြစ်ရာသည်ဟု ပညာရှင်အချို့တို့ ယူဆကြသည်၊ ခေတ်ကာလချင်း မှာမူ မျှားစွာ မကွာခြားကြောင်း သိနိုင်လေသည်။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ သာရိပုတ္တ-ပဏာမ၌—

တံ သာရိပုတ္တံ မုနိရာဇပုတ္တံ၊
ထေရံ ထိရာနေကဂုဏာဘိရာမံ။
ပညာပဘာဝုဂ္ဂတစာရုကိတ္တိံ၊
သုသန္တစုတ္တိံ စ အထော နမိတ္ဝာ။

ဟုလာရာ အနည်းငယ်မျှပင် ကဲ့လဲ့လေသည်၊ ၎င်းပြင် မဟာနိဒ္ဒေသ အဋ္ဌကထာပဋိညာဉ် ဥယျောဇဉ်ပြု ဂါထာမှာ—

ဝက္ခာမဟံ အဋ္ဌကထံ ဇနဿ၊
ဟိတာယ သဒ္ဓမ္မစိရဋ္ဌိတတ္ထံ။
သက္ကစ္စ သဒ္ဓမ္မပဇောတိကံ တံ၊
သုဏာထ ဓာရေထ စ သာဓု သန္တော။

ဖြစ်၍ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာပဋိညာဉ် ဥယျောဇဉ်ပြု ဂါထာမှာ—

ဝက္ခာမဟံ အဋ္ဌကထံ ဇနဿ၊
ဟိတာယ သဒ္ဓမ္မစိရဋ္ဌိတတ္ထံ။
သက္ကစ္စ သဒ္ဓမ္မပကာသိနိံ တံ၊
သုဏာထ ဓာရေထ စ သာဓု သန္တော။

ဖြစ်ရာ သဒ္ဓမ္မပဇောတိကာနှင့် သဒ္ဓမ္မပကာသိနီနာမည်မျှသာ ကွာခြားကြောင်း သိနိုင်လေသည်၊ ဤမျှသာမကသေး၊ စူဠနိဒ္ဒေသ အဋ္ဌကထာနိဂုံး၌—

ယော သော သုဂတပုတ္တာနံ၊ အဓိပတိဘူတေန ဟိတရတိနာ[၁]။
ထေရေန ထိရဂုဏဝတာ၊ သုဝိဘတ္တော မဟာနိဒ္ဒေသော။

ဟု လာရှိရာ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနိဂုံး၌—

၁-ဘူတဟိတရတိနာ (သီ၊သျှာ)

ယော သော သုဂတသုတာနံ၊ အဓိပတိဘူတေန ဘူတဟိတရတိနာ။
ထေရေန ထိရဂုဏဝတာ၊ ဝုတ္တာ ပဋိသမ္ဘိဒါမဂ္ဂေါ။

ဟု လာရှိသည်။

ၦင်းပြင် စူဠနိဒ္ဒေသအဋ္ဌကထာနိဂုံး၌—

သဒ္ဓမ္မပ္ပဇ္ဇောတိကာယ၊ အဋ္ဌကထာယေတ္ထ ဂဏိတကုသလေဟိ။
ဂဏိတာ တု ဘာဏဝါရာ၊ ဧဃ ယျာတိရေကစတ္တာရီသာ။

ဟု လာရှိရာ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနိဂုံး၌—

သဒ္ဓမ္မပ္ပကာသိနိယာ၊ အဋ္ဌကထာယေတ္ထ ဂဏိတကုသလေဟိ။
ဂဏိတာ တု ဘာဏဝါရာ၊ ဝိညေယျာ အဋ္ဌပညာသ။

ဟုလာရှိသည်၊ သည်မျှမကသေးပါ၊ နောက် ၃-ဂါထာ၌ တဂါထာသာ အနည်းငယ်ခြားနားပြီး နောက်ဆုံး ၂-ဂါထာမှာ လုံးဝတူလေသည်။

အရှင်မဟာနာမ မဟာထေရ်

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကို လေ့လာချပို့ ကြည့်ရှုသူတိုင်း ယင်း အဋ္ဌကထာကျမ်းပြု အရှင် မဟာနာမထေရ်ကို မှန်းဆ၍ ကြည်ညိုကြသည်။

အရှင်မဟာနာမ ပေါ်ထွန်းချိန်

အရှင်မဟာနာမထေရ်သည် သာသနာသက္ကရာဇ် ၁၀၆၁-လောက်တွင် သီဟိုဠ်၌ လွန်စွာ ကျော်ကြားသည်၊ သမယ သမယန္တရနှစ်ဌာနလုံး၌ ကျမ်းကျင်တတ်မြောက်သည်၊ မုန်သောက် မာတင် အာဇာနည် အရှင်မြတ်တပါးဖြစ်သည်။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကို ပြုစုရာဌာနနှင့်အချိန်

အရှင်မဟာနာမသည် ဥတ္တရမန္တီအမည်ရှိသော အမတ်သည် မဟာဝိဟာရ ကျောင်းတိုက်ကြီး အတွင်း၌ ဆောက်လုပ်လှူဒါန်းအပ်သော ပရိဝေဏ်၌ သီတင်းသုံးစဉ် မောဂ္ဂလ္လာန်မင်း ကွယ်လွန် ပြီးနောက် ၃-နှစ်မြောက်တွင် ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကို ရေးသားစီရင်၍ ပြီးဆုံးကြောင်း—

ယံ တံ ဥတ္တရမန္တီ၊ မန္တီဂုဏယုတော ယုတော စ သဒ္ဓါယ။
ကာရယိ မဟာဝိဟာရေ၊ ပရိဝေဏမနေကသာဓုဂုဏံ။

ထေရေနေတ္ထ နိဝသတာ၊ သမာပိတာယံ မဟာဘိဓာနေန။
တတိယေ ဝဿေ စုတိတော၊ မောဂ္ဂလ္လာနဿ ဘူပတိနော။

ဟူသော ဂါထာဖြင့် သိသာသည်၊ မောဂ္ဂလ္လာန် အမည်ရှိသော မင်းသည် ဘခင် ဓာတုသေန မင်းကိုသတ်ဖြတ်၍ မင်းအဖြစ် ရယူထားသော နောင်တော် ကဿပမင်းကို အောင်မြင်ပြီး သာသနာသက္ကရာဇ် ၁၀၄၀-ခုနှစ်တွင် သီဟိုဠ်ကျွန်း အနုရာဓပြို့၌ နန်းစိုက်၍ မင်းပြုခဲ့သည်၊ ၎င်း မင်းသည် ၁၈-နှစ် သီဟိုဠ်ကျွန်း၌ မင်းပြုခဲ့သည်၊ ၎င်းမင်း၏ နတ်ရွာစံပြီး ၃-နှစ် မြောက် သာသနာ သက္ကရာဇ် ၁၀၆၁-လောက်တွင် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ရေးသား ပြီးစီးကြောင်း သိသာလေသည်၊ မောဂ္ဂလ္လာန်မင်း၏ ကောင်းမှုတော်စာရင်း၌—

ပဗ္ဗတံ တု ဝိဟာရံ သော၊ ကတ္ဝာ ထေရဿ ဒါပယိ။
မဟာနာမဿ နာမဿ၊ ဒီဃသန္ဒဝိဟာရကေ။

ဟူသော မဟာဝံသ၊ ၃၉-ဂ မြောက်ပရိစ္ဆေဒ၊ ၄၂ ဂါထာအားလျော်စွာ မဟာနာမမထေရ်အား ကဿပနန်းစံခဲ့သော ဆဋ္ဌရိ(သီဟဠိရိ)ကို အရှင်မဟာနာမထေရ်အား လှူဒါန်းကြောင်း ဖော်ပြ ထားရာ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကျမ်းပြု အရှင်မဟာနာမထေရ် ဖြစ်ဖွယ်ရှိသည်၊ ၎င်းပြင် မဟာ နာမထေရ်၏ကျမ်းနိဂုံး၌ ကွယ်လွန်ပြီးသော မောဂ္ဂလ္လာန်မင်း နာမည်ကိုသာ ဖော်ပြ၍ မောဂ္ဂလ္လာန် နောက် ၃နှန်းတက်သော ကုမာရဒါဌမင်းနာမည်ကို ဖော်မပြခဲ့ချေ၊ ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ ပြီးသည်မှာ မောဂ္ဂလ္လာန်လွန်ပြီး ကုမာရဒါဌမင်း နန်းစံ ၃ နှစ်မြောက်မှာ ပြီးစီးခဲ့သည်။

အရှင်မဟာနာမထေရ် သီတင်းသုံးသော ကျောင်းတိုက် ဒကာ စစ်ဗိုလ် အမတ်၏ ပရိဝေဏ ဆောက်ကြောင်းကိုလည်း သေနာပတိ သနာမကာ၊ ပဓာနဃရမုတ္တမံ ဟူသော မဟာဝံသ၊ ၃၉ မြောက် အပိုင်း ၅၈-ဂါထာဖြင့် သိရလေသည်။

ပဋိသမ္ဘိဒါမဂ်ဖွင့်ပုံ

အရှင်မဟာနာမသည် ပဋိသမ္ဘိဒါမဂ်ကို မဖွင့်မီ ရတနာ ၃-ပါးကို ရှိခိုးပြီး ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို ဟောတော်မူခဲ့သည့် အရှင်သာရိပုတ္တရာမဟာထေရ်မြတ်ကိုလည်း—

ယော သဗ္ဗဘူတေသု မုနိဝ အဂ္ဂေါ၊
အနန္တသခ်ေသု ဇိနတြေသု။

စသော ၂-ဂါထာဖြင့် ရှိခိုးဦးချ ချီးမွမ်း ထောမနာပြုခဲ့သည်၊ ဆဋ္ဌသံဂါယနာစာတော်မူစာမျက်နှာ ၁၁-ပမာဏမျှရှိသော စကားဖြင့် ဂန္ထာရမ္ဘကို ကျယ်ဝန်းစွာ ဖော်ပြခဲ့သည်၊ ဂန္ထာရမ္ဘစာမျက်နှာ ၇-၌—

ပုဗ္ဗယောဂေါ ဗာဟုဿစ္စံ၊ ဒေသဘာသာ စ အာဂမော။
ပရိပုစ္ဆာ အဓိဂမော၊ ဂရုသန္နိဿယော တထာ။
မိတ္တသမ္ပတ္တိ စေဝါတိ၊ ပဋိသမ္ဘိဒါပစ္စယာ။

ဟူသော ဂါထာစသည်နှင့်တကွ ပဋိသမ္ဘိဒါရကြောင်းကို ပြည့်စုံစွာ ဖော်ပြခဲ့သည်၊ ၎င်းပြင် အတ္ထုဒ္ဓါရ အတ္ထုဒ္ဒေသတို့ဖြင့် ဖွင့်ခွင့်ကြုံလျှင် ကျယ်ဝန်းစွာ ဖွင့်လေသည်၊ ဉာဏကထာမာတိကာ အဖွင့် ၁၂-၌ သောတသဒ္ဒါ၏ အနက်ကို ရှေးဦးစွာ—

မံသဝိညာဏဉာဏောသု၊ တဏှာဒီသု စ ဒီဿတိ။
ဓာရယံ အရိယမဂ္ဂေ၊ စိတ္တသန္တတိယမ္ပိ စ။

ဟု ဂါထာကို ဖော်ပြပြီးမှ ဆိုင်ရာ သာဓကထုတ်၍ အကျယ်ဖွင့်ပြခဲ့သည်။

ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ စကား တော်တော်များများကို တွေ့ရှိရသည်၊ ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၅၇-၌—အဋ္ဌကထာယဉ္စ ဝုတ္တံ—

"လောကနာထံ ဌပေတ္ဝာန၊ ယေ စညေ သန္တိ ပါဏိနော။
ပညာယ သာရိပုတ္တသ္၊ ကလံ နာဂ္ဃန္တိ သောဋသိ"န္တိ။

ဟု လာရှိသည်။ ၎င်းဂါထာကို ဝိသုဒ္ဓိ၊၁။ ၂၂၆-၌ တွေ့နိုင်သည်၊ ၎င်းပြင် ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၆၇-၌ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တောဟိ စုဒ္ဒသဟိ ပန္နရသဟိ ဝါ စသည်ဖြင့် မုဒုကမ္မညစိတ္တ၏ အဖြစ်ကို ထုတ်ပြသည်၊ ၎င်းပြင် ပဋိသံ၊ ဋ္ဌ၊ ၂။ ၂၇၇-၌ ဝိသုဒ္ဓိမဂ္ဂေ ပန ဟတ္ထိမ္ပိ ဒဿေတိတိ အာဒိပနေတ္ထ ဗဟိဒ္ဓါပိ ဟတ္ထိ-အာဒိဒဿနဝသေန ဝုတ္တံ-စသည်ဖြင့် ဖော်ပြပါရှိသည်၊ ဝိသုဒ္ဓိမဂ်အဆိုသည် ဆိုခဲ့ပြီးသော မူလပုဒ်, ဝိကုဗ္ဗနိဒ္ဓိအဖြစ်နှင့် ဆန့်ကျင်ကြောင်း ဆက်၍ ပြသေးသည်၊ ဤသို့စသည်ဖြင့် ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာသည် စိစစ်ချက် ဝေဘန်ချက် ကိုးကားချက်တို့ဖြင့် ဝေဝေဆာဆာ ရေးသားခဲ့သော

ကျမ်းဖြစ်ကြောင်း သိသာသည်၊ အရှင်မဟာနာမထေရ်သည် နိဂုံး၌ ပဋိသမ္ဘိဒါမဂ္ဂပါဠိ၌ ပါဝင်သော ကထာများကိုလည်း—

ဉာဏံ ဒိဋ္ဌိ အာနာပါနံ၊ ဣန္ဒြိယံ ဝိမောက္ခပဉ္စမံ။
ဂတိကမ္မံ ဝိပလ္လာသော၊ မဂ္ဂေါ မဏ္ဍောတိ တာ ဒသ။

ယုဂနဒ္ဓသစ္စဗောဇ္ဈင်္ဂါ၊ မေတ္တာ ဝိရာဂပဉ္စမာ။
ပဋိသမ္ဘိဒါ ဓမ္မစက္ကံ၊ လောကုတ္တရဗလသုညတာ။

ပညာ ဣဒ္ဓိ အဘိသမယော၊ ဝိဝေကော စရိယပဉ္စမော။
ပါဋိဟီရံ သမသီသ–သတိ ဝိပဿနမာတိကာ။

ဟူသော ဂါထာများဖြင့် ဖော်ပြခဲ့သည်၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာမှာ ဘာဏဝါရ ၅၈-ပမာဏမျှ ရှိလေသည်၊ ယင်းပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကို သီဟိုဠ်စသည်တို့၌လည်း ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည်ရိုက် ဆဋ္ဌသံဂါယနာစာတော်မူမှာ ၂-တွဲပေါင်း စာမျက်နှာ ၆၆၈- ရှိလေသည်။

မဟာဝံသနှင့် မဟာဝံသဋီကာ

မဟာဝံသရွှေပိုင်း ၃၇-ပိုင်း ဂါထာ ၅၀-အထိနှင့် မဟာဝံသဋီကာကိုလည်း ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကျမ်းပြု မဟာနာမထေရ်ပင် ရေးသားသည့် ကျမ်းများ ဖြစ်တန်ရာသည်ဟု သီဟိုဠ်သမိုင်းပညာရှင်တို့ ဖော်ပြကြသည်၊ မဟာဝံသကျမ်းသည် လွန်စွာအဖိုးတန်သည့် ဂါထာဖြင့်ချည်းပြီးသည့် သမိုင်းကျမ်း ဖြစ်သည်။

နမဿိတ္ဝာန သမ္မုဒ္ဓံ၊ သုသုဒ္ဓံ သုဒ္ဓဝံသကံ။
မဟာဝံသံ ပဝက္ခာမိ၊ နာနာဒုနာဓိကာရိကံ။

ဟူသော ပဏာမဂါထာဖြင့် စတင်ကာ ပြောင်မြောက်စွာ ရေးသားခဲ့သည်၊ ယင်းမဟာဝံသကို အင်္ဂလန်၌ ၁၉၀၈-ခုနှစ်က တကြိမ်၊ ၁၉၅၈-ခုနှစ်ကတကြိမ် ရိုက်နှိပ်ခဲ့သည်၊ လန်ဒန်ရိုက် စာမျက်နှာ ဒီမိုင်းဆိုက် ၃၃၃-ရှိလေသည်၊ သီဟိုဠ်၌လည်း အကြိမ်ကြိမ် ရိုက်နှိပ်ခဲ့သည်။

မဟာဝံသဋီကာမှာ ၁၀၉၅-ခုနှစ် သီဟိုဠ်ရိုက် ရှိုင်ဆိုက် ၅၀၄-စာမျက်နှာ ရှိလေသည်၊ လန်ဒန်၌ ၁၉၃၅-ခုနှစ်က ရိုက်ခဲ့ရာ ၂-တွဲပေါင်း ၆၀၉-ရှိလေသည်၊ ပဏာမဂါထာများမှာ—

ဗုဒ္ဓိဇနပဒုမဝိဘူတနုတ္တရော၊
ရဝိကုလမ္ဗရပဘာသိတုတ္တမော။
သဒ္ဓမ္မကိရဏကရတေဇသာ ယော၊
မောဟန္ဓကာရဟနမ္ပိ မဟာနုဘာဝေါ။

တံလောကနာထမဘိဝန္ဒိယ ပူဇနေယျံ၊
ဓမ္မဉ္စ တဿ သံဃဝရဉ္စ၊
ဂုဏကရမဟာဝံသကထာနံ။

အနုတ္တာနုတ္ထဝဏ္ဏနာနံ ကရောမ။
တံ နိဿာမယထ သာဓဝေါ ဇနာ။

ဖြစ်လေသည်။

ချီးကျူးစဖွယ်

ဤသို့ဖြင့် သာသနာတော်ထမ်း ရဟန်းတော်ဖြစ်သည့်အလျောက် ကျမ်းစာပြုစုရေးသားခြင်းဖြင့် ပရိယတ္တိသာသနာပြုစုပျိုးထောင်သွားတော်မူခဲ့သော အရှင်မဟာနာမ၏ ဝီရိယမှာ ဇကန် ချီးကျူးဖွယ် ကောင်းလှတော့သည်။

ဇဝံ ဟိ ထေရသေဋ္ဌဿ၊ မဟာနာမ သုဝိညေနော။
ဝီရုနံ ဝီရိယံ ကမ္မံ၊ ပသတ္ထံ ဟိ သုဝိညဘိ။

ခုဒ္ဒသိက္ခာကျမ်းပြု

အင်္ဂချင်ဓမ္မသီရိ မဟာထေရ်

ခုဒ္ဒသိက္ခာကျမ်းပြု အင်္ဂချင်ဓမ္မသီရိထေရ်သည် သီဟိုဠ်ကျွန်း၌ တခေတ်က လွန်စွာထင်ရှား ခဲ့သော မထေရ်မြတ်ဖြစ်သည်၊ သို့သော် မထေရ်မြတ်၏ ပေါ် ပေါက်ရာခေတ် စသည်တို့ကို သီဟိုဠ် သမိုင်းဆရာတို့ပင် တိကျစွာမဖော်ထုတ်နိုင်ခဲ့ချေ၊ ခုဒ္ဒသိက္ခာဋီကာသစ်ကို အင်္ဂချင်သာရိပုတ္တရာ၏ တပည့် အင်္ဂချင်သံဃရက္ခိတမဟာသာမိထေရ် ရေးသားစီရင်ခဲ့သည်ကို ထောက်၍ငင်း ပရက္ကမဗာဟု ခေတ်တွင် ထင်ရှားသော မထေရ်မြတ်တို့အနက် မပါရှိသဖြင့်ငင်း ပရက္ကမဗာဟုမင်းကြီး၏ ခေတ် သာသနာသက္ကရာဇ် ၁၇၀၇-မတိုင်မီ ရှေးကပေါ် ထွန်းခဲ့သည့် မထေရ်မြတ်ဖြစ်ကြောင်း သိနိုင်ပေ သည်၊ ၎င်းပြင် ဝဇိရဗုဒ္ဓိဋီကာ ၉၅-၌ ယတ္ထ ယတ္ထ ဂဏ္ဌိပဒေတိ ဝုစ္စတိ၊ တတ္ထ တတ္ထ ဓမ္မသီရိတ္ထေ-ရဿ ဂဏ္ဌိပဒေတိ ဂဟေတဗ္ဗံ-လာသော်ဓကားအရ ဝိနည်းဂဏ္ဌိကိုလည်း ခုဒ္ဒသိက္ခာကျမ်းပြု ဓမ္မသီရိ ထေရ် ပြုစုခဲ့ဟန်တူပါသည်၊ ၎င်းဝိနည်းဂဏ္ဌိပြုသူ အင်္ဂချင်ဓမ္မသီရိထေရ်ဖြစ်ခဲ့လျှင် ဝဇိရဗုဒ္ဓိဋီကာ ဆရာ၏ ရှေးကပေါ် ခဲ့သော မထေရ်မြတ် ဖြစ်ရပေမည်။

ခုဒ္ဒသိက္ခာကျမ်း ပြုစုခြင်း

အင်္ဂချင်ဓမ္မသီရိထေရ်သည် ရဟန်းတော်တို့ ဦးစွဲဘဝဌမ သိက္ခာပုဒ်ဥပဒေတော်အတွက် အကျဉ်း ကျက်မှတ်ရန်ရည်စူး၍ ခုဒ္ဒသိက္ခာကျမ်းကို ရေးသားခဲ့သည်။

အာဒိတော ဥပသမ္ပန္နေ—သိက္ခိတဗ္ဗံ သမာတိကံ။
ခုဒ္ဒသိက္ခံ ပဝက္ခာမိ၊ ဝန္ဒိတွာ ရတနတ္တယံ။
(ခုဒ္ဒသိက္ခာ ဂန္ထာရမ္ဘ)

အင်္ဂချင်ဓမ္မသီရိသည် မိမိ၏သီဟိုဠ်ကျွန်း တံခွန်မှန်ကင်းလား ထင်ရှားသော ပဂိုလ်၏အဖြစ်ကို ဖော်ပြကာ—

တေန ဓမ္မသီရိကေန၊ တမ္ဗပဏ္ဏိယ ကေတုနာ။
ထေရေန ရစိတာ ဓမ္မ—ဝိနယညုပသံသိတာ။

ဟူသော ဂါထာဖြင့် နိဂုံးသတ်ခဲ့သည်၊ ခုဒ္ဒသိက္ခာ၌ ဂါထာ ၄၇၆-နှင့် စုဏ္ဏိယစကားလည်း ကြိုးကြား ကြိုးကြား အနည်းငယ်ပါရှိသည်၊ ကျမ်းဆရာသည် "ပဋ္ဌမတ္ထေဟိ ဂါထာနံ၊ သတေဟိ ပရိမာဏ-တော" ဟု ဆိုသည်မှာ အနည်းငယ်သော စုဏ္ဏိယပါပေါင်း၍ ဆိုဟန်ရှိပါသည်။

အရှင်အနုရုဒ္ဓ မဟာထေရ်

အရှင်အနုရုဒ္ဓထေရ်၏ နာမည်ကို ထေရဝါဒနိုင်ငံများတွင် ဗုဒ္ဓဘာသာဝင်တိုင်းလိုလို သိကြသည်၊ ၎င်း၏အဘိဓမ္မတ္ထသင်္ဂဟ်မှာ မြန်မာ, ယိုးဒယား, သီဟိုဠ်, ဟိန္ဒီ, အင်္ဂလိပ်, သင်္ကတစသော ဘာသာရပ်တို့ဖြင့် ပြန်ပြီး ဖြစ်သဖြင့်လည်း အရှင်အနုရုဒ္ဓါသည် ကမ္ဘာကသိသော အဘိဓမ္မာပညာရှင်ကြီး ဖြစ်လေသည်။

ဇာတိချက်ကြေ မွေးရပ်မြေ

အရှင်အနုရုဒ္ဓါသည် အိန္ဒိယတောင်ပိုင်း စောဠတိုင်း ကဉ္စီပုရနယ် ကာဝေရိမြို့၌ ဖွားမြင်ကြီးပွါးခဲ့သော ပဂ္ဂိုလ်ဖြစ်ကြောင်းကို—

သေဋ္ဌေ ကဉ္စီဝရေ ရဋ္ဌေ၊ ကာဝေရိနဂရေ ဝရေ။
ကုလေ သဉ္ဇာတဘူတေန၊ ဗဟုဿုတေန ဉာဏိနာ။

ဟူသော ပရမတ္ထဝိနိစ္ဆယ၊ နိဂမနကထာ (၁၁၄၁) ဖြင့် သိသာသည်၊ စောဠတိုင်းကို အသောက ကျောက်စာများ၌ စောဠအမည်ဖြင့် တွေ့နိုင်သည်၊ ယခု ထင်ရှားသော ကာရ်နူလ် (Karnul)မြို့သည် စောဠတိုင်း၏ နန်းမြို့တော်ဖြစ်ဘူးသည်၊ ကဉ္စီပုရကို ကဉ္စီဝရဟုလည်း ခေါ်ဝေါ်ကြသည်၊ ယခုအခါ ၎င်းကို ကွန်ဂျီဗာရမ် (Conjeeveram) ဟု ခေါ်ဝေါ်ကြသည်၊ ၎င်းသည် မဒရပ်မြို့မှ အနောက်တောင် ၅၇ -မိုင် အကွာတွင် တည်ရှိသည်၊ ကာဝေရိမြို့သည် “ကာဝီရပဋ္ဋန” “ကာဝေရပဋ္ဋန”အမည်များဖြင့် ထင်ရှားသည်၊ ကာဝပဋ္ဋနအမည်ကို ၎၁၊ ၌၊ ၄။ ၂၃၈။ အကိတ္တိဇာတ်အဖွင့်နှင့် စရိယာ၊ ၌၊ ၂၂။ အကိတ္တိစရိယဝဏ္ဏနာ၌ ဒမိဋ္ဌရဋ္ဌံ ပတ္တာ ကာဝီရ-ပဋ္ဋနသမီပေ ဥယျာနေ ဝိဟရန္တော စသည်ဖြင့် လာရှိသည်အားလျော်စွာ အလောင်းတော်နေခဲ့ဘူးကြောင်းကို ထောက်၍ အလွန်ရှေးကျသော အခါကပင် “ကာဝေရိပဋ္ဋန” မြို့ရှိခဲ့ကြောင်း သိသာလေသည်။

သီဟိုဠ်၌ သီတင်းသုံးခြင်း

သီဟိုဠ်ကျွန်းသို့လည်း ကြွရောက်၍ မဟာဝိဟာရကျောင်းတိုက် စသည်တို့၌ ပညာဆည်းပူးခဲ့သည်သာမက ဂဏဝါစက စာချုတာဝန်ကိုလည်း ထမ်းဆောင်ကြောင်း မှန်းဆနိုင်ပေသည်။

နာမရူပပရိစ္ဆေဒကျမ်း

မထေရ်မြတ်သည် နာမရူပပရိစ္ဆေဒကျမ်းကို သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက်၌ သီတင်းသုံးစဉ် မဟာဝိဟာရဝါသီမထေရ်မြတ်တို့၏ ဖွင့်ရိုး ဖွင့်စဉ်ကို မှီ၍ ရေးသားကြောင်း—

မဟာဝိဟာရဝါသိနံ၊ ဝဏ္ဏနာနယနိဿိတံ။
မဟာမေရုနိဘံ ဂေဟံ၊ မဟာစေတိယဘူသိတံ။

ဟူသော ဂန္ထာရမ္ဘစကား—

မဟာဝိဟာရမာရုဋ္ဌ—မဟာဗောဓိမဟုဿဝံ။

စသော နိဂုံးစကားတို့ဖြင့် သိနိုင်သည်။ နာမရူပပရိစ္ဆေဒကျမ်းမှာ ဂါထာ ၁၀၅၇-ရှိလေသည်။

ပရမတ္ထဝိနိစ္ဆယကျမ်း

ပရမတ္ထဝိနိစ္ဆယကျမ်းကို အိန္ဒိယတောင်ပိုင်း တမွတိုင်း တဉ္ဇာမြို့ ယခု (Tanjore)၌ နေစဉ် ရေးသားခဲ့ကြောင်း—

အနုရုဒ္ဓေန ထေရေန၊ အနိရုဒ္ဓယသသိနာ။
တမွရဋ္ဌေ ဝသန္တေန၊ နဂရေ တဉ္ဇနာမကေ။

ဟူသော ပရမတ္ထဝိနိစ္ဆယနိဂုံးဖြင့် သိသာလေသည်။

အဘိဓမ္မတ္ထသင်္ဂဟကျမ်း

မထေရ်မြတ်သည် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို မူလသောမ (တုမူလသောမ)ကျောင်းတိုက်၌နေစဉ် ရေးသားကြောင်း သင်္ဂဟနိဂုံးဖြင့် သိနိုင်သော်လည်း မူလသောမကျောင်းမှာ ဘယ်ဌာနမှာ တည်ရှိသည် ဆုံးဖြတ်ရန် ခဲခက်လှသည်၊ သီဟိုဠ်ကျန်း ဓမ္မရတနမည်သောပညာရှင်ကမူ မူလသောမကျောင်းတိုက်သည် ကာဝေရိပဋ္ဌနဉ်ရှိသော ကျောင်းတိုက် ဖြစ်သည်၊ နမ္မအမည်မှာလည်း သီဟိုဠ်နာမည်မဟုတ်၊ ကာဝေရိပဋ္ဌနမြို့သူမြို့သား‌တို့၏ အခေါ်အဝေါ်ဖြစ်ကြောင်း ဖော်ပြလေသည်။ သီဟိုဠ်ပညာရှင်တချို့ကမူ ပုလတ္ထပုရမြို့ မူလသောမကျောင်းတိုက်နေ ဥတုရှမူလဂိုဏ်း အနုနာယက အနုရုဒ္ဓထေရ်ဖြစ်ကြောင်းလည်း ဖော်ပြကြသေးသည်။

သောမာရာမကျောင်းတိုက်ကြီး

သာသနာသက္ကရာဇ် ၄၅၅—ခုနှစ်တွင် သီဟိုဠ်၌ ဒုတိယအကြိမ် မင်းအဖြစ်သို့ရောက်သော ဝဋ္ဋဂါမဏိမင်းကြီးသည် သောမာဒေဝီမိဖုရားကြီး၏ တိုက်တွန်းချက်အရ အနုရာဓပြို့၌ သောမာရာမမည်သော ကျောင်းတိုက်ကြီးကို တည်ဆောက်ခဲ့ကြောင်း—

အာဏာပေတ္ဝာ သောမာဒေဝီ၊ ယထာဌာနေ ဌပေသိ သော။
တဿာ တန္နာမကံ ကတ္ဝာ၊ သောမာရာမ မကာရယိ။

ဟူသော မဟာဝံသ၊ ၃၃၊ ၈၅—ဖြင့် သိရလေသည်၊ ၎င်းသောမာရာမကျောင်းတိုက်သည် အစ ပဌမ မူလသောမာရာမဖြစ်ရကား မူလသောမာရာမဖြစ်ကြောင်း ဆိုကြလေသည်။

မူလဝေါကာသကျောင်းတိုက်ကြီး

၎င်းပြင် ဝဋ္ဋဂါမဏိမင်းကြီး၏ သူရဲကောင်း ၇-ယောက်အနက် မူလဝေါကာသမည်သော အမတ်သူရဲကောင်းက မူလဝေါကာသကျောင်းတိုက်ကြီးကို အနုရာဓ၌ပင် ဆောက်လုပ်ကြောင်းလည်း—

တတ္ထေဝ မူလဝေါကာသ-ဝိဟာရံ မူလနာမကော။
အမစ္စော ကာရယိ တေန၊ သောပိ တံ နာမကော အဟု။

ဟူသော မဟာဝံသ၊ ၃၃၊ ၉၀-ဂါထာဖြင့် သိရသေးသည်။

မူလသောမကျောင်းတိုက်

ၵင်းပြင် သီဟိုဠ်ကျန်းဍ် ပဉ္စမဒပ္ပုလမင်းလက်ထက် အေ-ဒီ ၉၄၀-လောက်က ဆောက်လုပ်သော မူလသောမကျောင်းတိုက်ရှိကြောင်းလည်း ကျောက်စာများအရ သီဟိုဠ်ထေရဝါဒမထေရ်များသမိုင်းဍ် လာရှိသေးသည်။

ဒက္ခိဏမူလကျောင်း

သီဟိုဠ်ကျန်းဍ် သာသနာသင်္ကရာဇ် ၇၇၇-ခုနှစ်ဍ်နှန်းတက်သော ဝေါဟာရတိဿမင်းသည် အဘယဂိရိကျောင်းတိုက်ကြီးအတွင်းရှိ ဒက္ခိဏမူလကျောင်းတိုက်စေတီအား ထီးတင်လှူကြောင်း မဟာဝံသ။ ၃၆၊၃၃—ဂါထာဍ်—

အဘယဂိရိဝိဟာရေ၊ ဒက္ခိဏမူလသဝ့ယေ။

ဟူ၍ လာရှိသေးသည်။

တုမူလသောမဝိဟာရ

ခုဒ္ဒသိက္ခာဋီကာဟောင်း (ခုဒ္ဒသိက္ခာပုရာဏဋီကာ) ၁၇၉—ဍ် "သီဟဠဒီပေ တုမ္ဟုလသောမ-ဝိဟာရေ သံဃဿ ပါကဝတ္တမ္မိ တာလပဏ္ဏံ ဝိက္ကိဏိတ္ဝာ ကရိယတိ"ဟူသောပါဍ်ဍ် တုမူလ-သောမဝိဟာရဟူသော အမည်ကို တွေ့ရသည်၊ သီဟိုဠ်ကျန်းဍ် တုမူလသောမကျောင်းတိုက်ရှိကြောင်းကိုကား သံသယမဲ့ မှတ်ယူနိုင်သည်၊ သို့သော် တုမူလသောမကျောင်းတိုက်တည်ရာ မြို့ရွာဌာန သုတေသနပြုချက် သီဟိုဠ်သမိုင်းဍ် မတွေ့ရပါ၊ ယခုသီဟိုဠ်ကျန်း ဟလာဝကဒေစတြိတ်တွင် ပါဝင်သော နတ်ကွင်းနေရာသည် အရှင်အနုရုဒ္ဓါသီတင်းသုံးသည်ဟုလည်း တချို့ပညာရှင်တို့ ယူဆကြသည်။

စာရေးသူတို့ သီဟိုဠ်ပညာရှင်တို့နှင့် ဆွေးနွေးခဲ့သော်လည်း တိကျသောအဖြေကို မရခဲ့၊ အမှန်မှာ နေရာဌာနစသည်တို့ကို သိရသဖြင့်လည်း အကျိုးများစွာမရှိ အတူတူ အရှင်အနုရုဒ္ဓါထေရ် သီဟိုဠ်ကျန်းမူလသောမကျောင်းတိုက်(သို့မဟုတ် တုမူလသောမကျောင်း)ဍ် သီတင်းသုံးစဉ် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကိုရေးသားသည်ဟု မှတ်ချက်ချကြပါစို့။

လယ်တီဆရာတော်ကမူ တုမူလသဒ္ဒါ အကြီးအနက်ကို ကြံဆ၍ ကြီးသော သောမာရုမကျောင်းတိုက်ဟု ဖွင့်ပြပြီး ဝဠဂါမဏိမင်းကြီးသည် သောမဒေဝီမိဖုရား တိုက်တွန်းသဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းတိုက်ကို ယူလိုလေသည်၊ သို့သော် သောမာရုမကျောင်းတိုက်မှာ အဘယဂိရိဂိုဏ်းဝင် ကျောင်းတိုက်ဖြစ်သဖြင့် မဟာဝိဟာရ ဂိုဏ်းကို များစွာ ကြည်ညို သဘောကျသော မဟာဝိဟာရဂိုဏ်းသားဖြစ်သော အရှင်အနုရုဒ္ဓါ သီတင်းသုံးရန်ဖြစ်နိုင်မည်ဟု မထင်မိပါချေ။

ကစ္စည်းသဒ္ဒါကြီးကျမ်းပြု

အရှင်ကဿာယန မဟာထေရ်

ကစ္စည်းသဒ္ဒါကြီး သင်သူတိုင်း အရှင်ကစ္စာယနထေရ် (အရှင်ကစ္စည်းထေရ်)ကို ကြည်ညိုလေးမြတ်ကြသည်၊ အရှင်ကစ္စည်းထေရ်သည် ဗျာကရဏ်းကျမ်းရေးမှုဌ် လွန်စွာ ကျမ်းကျင်သော မထေရ်မြတ်ဖြစ်သည်၊ သုတ်ပေါင်း ၆၇၃-မျှဖြင့် ပါဠိပိဋကတ် ပင်လယ်ကူးရန် လုံလောက်သော ဗျာကရဏ်းကျမ်း ယာဉ်ရထားတခုကို စိစဉ်နိုင်သော ဉာဏ်စွမ်းမှာ သာမန် ပညာရှင်၏ ဉာဏ်စွမ်းမဟုတ်ပါချေ။

ပေါ်ထွန်းခြိန် ခေတ်ကာလ

နျာသကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိထေရ် ရူပသိဒ္ဓိဋီကာဆရာ အရှင်ဗုဒ္ဓပ္ပိယထေရ် သဒ္ဒနီတိ ကျမ်းပြု အရှင်အဂ္ဂဝံသထေရ် စသည်တို့က ကစ္စည်းကျမ်းပြုသူမှာ ဘုရားရှင် လက်ထဲက်က တေဒဂ်ဘွဲ့ရ အရှင်ကစ္စည်းထေရ်ဟု ယူဆတော်မူကြသည်၊ ဖော်ပြပါဆရာမြတ်တို့ အလိုမူ ဘုရားရှင် လက်ထက် ဘီ-စီ ၆-ရာစုဖြစ်ကြောင်း သိသာလေသည်၊သီဟိုဠ်ဘာသာရေး ပါဠိသမိုင်း၌ ကစ္စည်းကျမ်းပြုစုသူ အရှင်ကစ္စည်းထေရ်မှာ ဘုရားပရိနိဗ္ဗာန် စံတော်မူပြီး အနှစ် ၃၀၀ ကျော်နောက် ပေါ်ထွန်းသော သဗ္ဗတ္ထိဝါဒီဂိုဏ်းဝင် ဉာဏပဒီပဒျာန်းကျမ်းကြီးကို ပြုစုသူ "ကာတျာယ နီပုတြ" အရှင် ကစ္စာယနဖြစ်သင့်ကြောင်း ဖော်ပြလေသည်၊ဖော်ပြပါကစ္စာယနထေရ် မဟုတ်လျှင်လည်း ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ကာလကြာမြင့်မှ ပေါ်ထွန်းသော ကစ္စာယန မည်သော မထေရ်တပါး ဖြစ်ကြောင်း မှတ်ယူအပ်လေသည်။

သီဟိုဠ်ရှင် ပါမောက္ခမာလလာဆေကရကမူ အရှင်ကစ္စည်းထေရ်သည် အိန္ဒိယ တောင်ပိုင်း သားဖြစ်ကြောင်း အေ-ဒီ ၅-ရာစု သို့မဟုတ် ၆-ရာစုလောက်တွင် ပေါ်ထွန်းသော မထေရ် ဖြစ်ကြောင်း ဖော်ပြလေသည်။

ကစ္စည်းကျမ်းကို ပြုစုခြင်း

အရှင်ကစ္စည်းထေရ်သည် ပါဠိပိဋကတ်ကို သွားနိုင်ရန် ကစ္စည်း ဗျာကရဏ်းကျမ်းကို ရေးသားခဲ့သည်၊ ကစ္စည်းကျမ်းမှာ ရှေးအကျဆုံး ပါဠိသဒ္ဒါကျမ်းဖြစ်သည့်ပြင်—

အပ္ပက္ခရမသန္ဒေဟံ၊ သာရတ္ထသဗ္ဗတော မုခံ။
အက္ခောဘမနဝဇ္ဇဉ္စ၊ ဝိဒူသုတ္တန္တိ တဗ္ဗိဒ္ဓ။

ဟူသည့်အတိုင်း သုတ်တည်ပုံမှာလည်း အပ္ပက္ခရဂုဏ် စသည်တို့နှင့် ကုံလုံပြည့်ဝသောကျမ်းဖြစ်ကြောင်း ပညာရှင်များစွာတို့ ထောမနာပြုကြလေသည်။

ကစ္စည်းကျမ်းနှင့် ကလာပ်ကျမ်း

ကစ္စည်းကျမ်းသည် ကလာပ်ကျမ်းကို များစွာမှီငြမ်းပြု၍ ရေးသောကျမ်းဖြစ်သည်၊သန္ဓိ နာမ် စသည့်အပိုင်းအခက်း ဖွဲ့ပုံမှာလည်း ကလာပ်ကျမ်းအတိုင်းပင် ဖြစ်သည်၊ဥာဏဒီ ကျမ်းဟုအပိုင်း

တခု ခဲ့ထားပုံလောက်သာ ထူးသည်၊ သုတ်မျှားလည်း မျှားစွာတူညီနေသည်ကိုလည်း အောက်ပုံစံ မျှားဖြင့် သတိပြုသင့်ပေသည်။

ကစ္စည်း	ကာတြန်း
အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော	အနုပဒိဋ္ဌဥ္စ
ယံ ကရောတိ တံ ကမ္မံ	ယတ်ကြိယတော တတ်ကမ်မ်။
ယော ကရောတိ သ ကတ္တာ	ယး ကရောတိ သကတ်ာ
ဟေတ္ဝတ္ထော စ	ဟေတ္ဝထော် စ
ကတ္တရိ စ	ကတ်ရိ စ
နာမာနံ သမာသော ယုတ္တတ္ထော	နာမာနာ သမာသော ယုတ္တာထး

ကစ္စည်းကျမ်း ကိုသွာ ဝေါ သုတ်၏အရာ “ကုဂတောသိ တုံ ဒေဝါနံ ပိယတိဿ”ဟူသော ပုံစံ၌ ဒေဝါနံ ပိယတိဿမင်းသည် ဘီ-စီ(၃၀၇-၂၆၇)တွင် သီဟိုဠ်နန်းတက်သော မုဋသိဝမင်း၏ သားတော် ၁၀-ယောက်အနက် ဒုတိယသား ဖြစ်လေသည်။

ဒေဝါနံ ပိယတိဿောတိ၊ ဝိဿုတော ဒုတိယော သုတော။
တေသု ဘာတူသု သဗ္ဗေသု၊ ပုညပညာဓိကော အဟု။

(မဟာဝံသ၊ ၁၁။ ၆။)

ထိုပြယုဂ်ကို ထောက်၍ ကစ္စည်းထေရ်သည် ဒေဝါနံ ပိယတိဿမင်း မပေါ်ခင် မဖြစ်နိုင်ချေ။ ယော ကရောတိ သကတ္တာ သုတ်လာ “ဥပဂုတ္တေန မာရော ဗန္ဓော” ဟူသော ပြယုဂ်အရ အကြောင်းအရာဖြစ်ရပ်မှာ ဘီ-စီ (၂၇၃-၂၃၂) ဓမ္မာသောကမင်းလက်ထက် ဖြစ်ရပ်ဖြစ်သည်၊ ဒိဝျာဝဒါန စသည်ကိုလည်း ကြည့်ပါ။ သကမန္ဓာတာဒီနဉ္စ သုတ်၌ သကမင်းဟူသည် ဒေဝမိတ္တာ ဘွဲ့နာမည်ရှိသော မြောက်ပိုင်း အသောကဟု ထင်ရှားသော သာလိဝါဟနသာကမင်း အေ-ဒီ ၇၀၊ သို့မဟုတ် ၁၂၀-ဖြစ်လေသည်။ အထက်ဖော်ပြပါ ပြယုဂ်တို့ကို ထောက်၍ ဘုရားရှင်လက်ထက်က အရှင်ကစ္စည်းထေရ် မဟုတ်ကြောင်းကိုကား မှတ်ယူသင့်သည်သာ။

ဘုရားရှင်လက်ထက် အရှင်ကစ္စည်းထေရ်ဟော ကျမ်း ၃-ကျမ်း

ဘုရားရှင်လက်ထက်က မဟာသာဝက တေဒဂ်ဘွဲ့ရ အရှင်ကစ္စည်းထေရ်သည် ကစ္စည်းကျမ်း, မဟာနိရုတ္တိကျမ်း,နေတ္တိကျမ်းဟူသော ကျမ်း ၃-ကျမ်းကို ဟောတော်မူခဲ့ကြောင်း အပဒါနဋ္ဌကထာ၊ ဒုတိယ၊ ၂၁၃-၌ လာရှိသည်၊ သဒ္ဒနီတိ၌ မဟာနိရုတ္တိ ကိုးကားချက်တို့ကို တွေ့ရသဖြင့် သဒ္ဒနီတိခေတ်က မကွယ်ပပဲ ရှိသေးဟန် တူပေသည်၊ ၎င်းကျမ်းမှာ သီဟိုဠ်၌ မရှိတော့ကြောင်း ဗာလာဝတာဋီကာသစ်ဆရာက ဖော်ပြလေသည်။

မဟာဝံဟာရ အရှင်ကစ္စည်းထေရ်

သီဟိုဠ်သာသနဝံသပြဒီပယကျမ်း၌ ကစ္စည်းကျမ်းစသည်တို့ကို ဘုရားလက်ထက်က အရှင်ကစ္စည်းထေရ်ဟောသည်ဟု အမျှားစု လက်ခံထားကြသည်၊ သို့သော် ၎င်းဝါဒသည် မဟုတ်မမှန်ကြောင်း အရှင်ကစ္စည်းထေရ်ဟော မှန်လျှင် သံဂါယနာတင်ကျမ်းမျှားတွင် ပါဝင်မည် ဖြစ်သည်၊

အရှင်ကစ္စည်းထေရ်ဟော သုတ်အခ္ခါကိုပင် သံဂါယနာတင်သေးလျှင် ကစ္စည်းကျမ်းစသည်တို့ သံဂါယနာတွင် ပါဝင်သင့်ကြောင်း၊ သို့ သံဂါယနာတွင် မပါဝင်သည့်အတွက် ဘုရားလက်ထက် အရှင်ကစ္စည်းထေရ် ဟောခဲ့သည်မှာ မဟုတ်ကြောင်း၊ သီဟိုဠ်ကျန်း အနုရာဓခေတ် မဟာဝိဟာရဝါသီ အရှင်ကစ္စည်းထေရ်ဟော ဖြစ်ကြောင်း လာရှိလေသည်။

ဆရာတချို့ကမူ ကစ္စည်းကျမ်းတွင် သုတ်, ဝိုတ်တို့, ပြယုဂ် ၃-မျိုးအနက် အရှင်ကစ္စည်းထေရ်ကသုတ်၊ အရှင်သံဃနန္ဒီက ဝိုတ်တို့၊ ပြယုဂ်ကို ဗြဟ္မဒတ္တထေရ်တို့ ပြုစီရင်ကြောင်း နျာသကို ဝိမလဗုဒ္ဓိထေရ် ပြုစီရင်ကြောင်း ပြကြသေးသည်။ သဒ္ဒနီတိပဒမာလာဌ္ဌ နျာသကို အရှင်ဝဇိရဗုဒ္ဓိထေရ် ပြုစုကြောင်း ပြလေရာ သီဟိုဠ်ပညာရှင်တို့အဆိုနှင့်လည်း ကိုက်ညီသဖြင့် ယုတ္တိ ပို၍ ရှိပေသည်။

ကစ္စည်းကျမ်းမှာ မြန်မာပြည်နှင့်တကွ ထေရဝါဒနိုင်ငံများ၌ များစွာ ခေတ်စားလျက် ရှိသည့် အဖိုးတန်ကျမ်း ဖြစ်လေသည်၊ သီဟိုဠ်၌ ဓမ္မကိတ္တိ၏ ဗာလာဝတာရပေါ်ပြီး နောက်ပိုင်းတွင် ဗာလာဝတာရခေတ်စားလျက် ရှိလေ၏၊ ကစ္စည်းကျမ်းကို သီဟိုဠ်၌ ရိုက်နှိပ်ရာ ဒီမိုင်းဆိုက် ၂၃၅-မျက်နှာသာ ရှိ၊လသည်၊ မြန်မာပြည်၌ နောက်ဆုံး ဗုဒ္ဓသာသနာအဖွဲ့က ခေတ်မှီ သားနားစွာ ရိုက်နှိပ်ထားရာ ဒီမိုင်းဆိုက် ၃၁၅-မျက်နှာ ရှိလေသည်။

သာရသင်္ဂဟအဋ္ဌကထာကျမ်းပြု

အရှင်သိဒ္ဓတ္ထ မဟာထေရ်

အရှင်သိဒ္ဓတ္ထမဟာထေရ်မြတ်သည် ရူပသိဒ္ဓိ, ရူပသိဒ္ဓိဋီကာ, ပဇ္ဇမဓုကျမ်းပြု အရှင်ဗုဒ္ဓပိယ, မထေရ်၏တပည့် အငယ်ဆုံး သို့မဟုတ်ပါမူ အရှင်သာရိပုတ္တရာ မထေရ်မြတ်မှ စ၍ သံဃရက္ခိတ, သုမင်္လ, ဝါစိဿရ, ဓမ္မကိတ္တိ, နာဂသေန, အာနန္ဒ, ဝေဒေဟ, ဗုဒ္ဓပိယ, အနောမဒဿီ, စသည်ဖြင့် နိကာယသင်္ဂဟကျမ်း၌ တွေ့ရသော အရှင်ဗုဒ္ဓပိယ၏ နောက်ဆုံးတပည့် ဖြစ်ပေမည်။

သာရသင်္ဂဟအဋ္ဌကထာ

အရှင်သိဒ္ဓတ္ထထေရ်သည် သာရသင်္ဂဟ အဋ္ဌကထာကို ရေးသားခဲ့သည်၊ ယင်းအဋ္ဌကထာ၌ မထေရ်မြတ်သည် ထိုထိုပါဠိ အဋ္ဌကထာ ဋီကာတို့မှ ထုတ်နုတ်၍ သိသင့်သော ကထာများကို အကျဉ်းရေးသားထားရာ ဗုဒ္ဓါဒိနံ အဘိနိဟာရကထာ တထာဂတာသ အစ္ဆရိယကထာ, ပဋ္ဌာန်တရ-ဓာနကထာ, စက္ကဝတ္တိဝိဘာဝနကထာ, မုနိနော စ စက္ကဝတ္တိနော စ စေတိယကထာ စသည် ကထာပေါင်း ၄၀-ကျော်ကို တွေ့ရလေသည်၊ ၎င်းကထာတို့ကိုလည်း ရှေးဦးစွာ—

ဗုဒ္ဓါဒိမဘိနိဟာရော၊ ကိရိယံ သတ္ထုအဗ္ဘုတံ။
ပဋ္ဌာန်တရဓာနာနိ၊ စက္ကဝတ္တိဝိဘာဝနံ။
သမ္မုဒ္ဒစက္ကဝတ္တီနံ၊ စေတိယာနံ နိဒဿနံ။
သမ္မင်္ဂနာနိသံသဋ္ဌ၊ ဓမ္မသံဃာနမဗ္ဘုတံ။
နိဒါဝိဘာဝနဥ္စေဝ၊ သုပိနဿ စ ဒီပနံ။
ဗုဒ္ဓဓမ္မာနမာယတ္တ-ဝတ္ထူနံ ပရိဝတ္တနံ။
ပဘေဒေါ သရဏသီလာနံ၊ ကမ္မဋ္ဌာနမနာလယံ။
အဂါရဝေါ ရတနာနံ၊ ကမ္မဘေဒဝိဘာဝနံ။
အာနန္တရိယကမ္မဉ္စ၊ မိစ္ဆာဒိဋ္ဌိဝိဘာဝနံ။
အရိယုပဝါဒကမ္မဉ္စ၊ ကောဟညာဒီနဝမ်ိဳ စ။
မစ္ဆေရာနံ ပဘေဒေါ စ၊ တိဝိဓဂ္ဂိ နိဒဿနံ။
ဒါနာဒိပုညကမ္မဉ္စ၊ သတ္ထာဟာရဝိဝေစနံ။
ယောနိပဘေဒေါ သတ္တာနံ၊ ပုမိတ္ထိပရိဝတ္တနံ။
ထိနံ ပဏ္ဍကနာဂါနံ၊ သုပဏ္ဏာနဉ္စ ဘေဒနံ။
ပေတာသုရာနံ ဒေဝါနံ၊ ဘေဒေါ ပထဝိဝာသုနံ။
မဟီကမ္ပံ တထာဝုဋ္ဌ—ဝါတာဒီနံ ပကာသနံ။
ပကိဏ္ဏကကထာ ဂ္ဂဒ္ဒိ-လောကသဏ္ဌာနမေဝ စ။

ဟူသော ဂါထာ ဂ-ဂါထာခဲ့ဖြင့် ဥဒ္ဒေသစဉ်၍ ဖော်ပြခဲ့သည်၊ မထေရ်မြတ်သည် သူ၏အကြောင်း အရာ နေရာစသည်တို့ကိုလည်း—

ဒက္ခိဏာရာမပတိနော၊ ပိဋ္ဌကတ္တယဓာရိနော။
ဗုဒ္ဓပိယဝုထေရဿ၊ ယော သိဿန္တိမော ယတိ။

တေန သိဒ္ဓတ္ထနာမေန၊ ဓိမတာ သုစိဝုတ္တိနာ။
ထေရေန လိခိတော ဧသော၊ ဝိစိတ္တော သာရသင်္ဂဟော။

ဟူသော ၂-ဂါထာဖြင့် ဖော်ပြခဲ့သည်၊ ဒက္ခိဏာရာမပတိနောဌ် ဒက္ခိဏာရာမကျောင်းတိုက်ကား သီဟိုဠ်ကျွန်း အနုရာဓမြို့ဌ်လည်း တည်ရှိသည့်ပြင် ပုလတ္ထိပုရမြို့ဌ်လည်း တည်ရှိလေသည်၊ အနုရာဓရှိ ဒက္ခိဏာရာမကျောင်းတိုက်ကား သာသနာသင်္ဂရာဇ် ၎၅၅-တွင် သီဟိုဠ်ဌ် ဒုတိယအကြိမ်နန်းတက်သော ဝဋ္ဋဂါမဏိမင်း၏ သူရဲကောင်း ခုနစ်ယောက်အနက် ဥတ္တိယဆောက်လုပ်သောကျောင်းဖြစ်သည်။

တေသု သတ္တသု ယောဓေသု၊ ဥတ္တိယော နာမ ကာရယိ။
နဂရမှာ ဒက္ခိဏတော၊ ဝိဟာရံ ဒက္ခိဏဝုယံ။
(မဟာဝံသ။ ၃၁၊ ဂ၉။)

ယင်းသာရသင်္ဂဟအဋ္ဌကထာမှာ သီဟိုဠ်သာသနာသင်္ဂရာဇ် ၂၄၄၁ ရိုက် ဒီမိုင်းဆိုက် ၂၅၆-ရှိ၍ မြန်မာပြည်ရိုက် ရှိုင်ဆိုက် ၃၂၂-ရှိလေသည်။

ပဒရူပသိဒ္ဓိ, ပဒရူပသိဒ္ဓိဋီကာ, ပဇ္ဇမဓုကျမ်းပြု

အရှင်ဗုဒ္ဓပိယ မဟာထေရ်

အရှင်ဗုဒ္ဓပိယသည် ဗျာကရဏ်းကျမ်းပြုဆရာအဖြစ် ပါဠိကဗျာကျမ်းပြု၏အဖြစ် သာသနာတွင် ထင်ရှားသည့် ဆရာတော် ဖြစ်လေသည်။

ပေါ်ထွန်းရာခေတ်နှင့် ဇာတိဌာန

အရှင်ဗုဒ္ဓပိယ၏ဖြစ်ထွန်းချိန်စသည်တို့ကို တိတိကျကျ အဆုံးဖြတ်ကို တွေ့ရှိခွင့် မရရှိခဲ့ပါချေ၊ မထေရ်မြတ်သည် အေ-ဒီ ၉၇၆–နှစ်၏ ရွှေပိုင်းကဖြစ်သင့်ကြောင်းကို သီဟိုဠ်ဘာသာပါဠိသမိုင်း၌ ဖော်ပြထား၏၊ ပဇ္ဇမဓုကျမ်းနိဒါန်း၌မူ ပုလတ္ထိပုရခေတ် သာသနာသင်္ကရာဇ်(၁၆၀၈-၁၇၆၈) လောက်ဖြစ်ကြောင်း ဖော်ပြသတတ်၊ သီဟိုဠ်သာသနာဝင်ကျမ်း၌မူ ဒမ္မဒေဏီယခေတ် သာသနာသင်္ကရာဇ် (၁၇၈၉–၁၇၉၃) လောက်တွင် ထင်ရှားသောမထေရ်မြတ်ဖြစ်ကြောင်း ဖော်ပြသည်၊ သို့သော် အရှင်ဗုဒ္ဓပိယမှာ မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ၏ တပည့်ဖြစ်သဖြင့် အေ-ဒီ (၅) ရာစုတွင်သော်၎င်း, သို့မဟုတ် အေ—ဒီ (၁၀)ရာစုတွင်သော်၎င်း ဖြစ်စရာရှိပေသည်။

ကျမ်းဂန်ပြုစုခြင်း

အရှင်ဗုဒ္ဓပိယသည် ပဒရူပသိဒ္ဓိကျမ်း, ပဒရူပသိဒ္ဓိဋီကာကျမ်း, ပဇ္ဇမဓုကျမ်းတို့ကို ပြုစီရင်ခဲ့လေသည်။

ပဒရူပသိဒ္ဓိကျမ်း

ယင်းကျမ်းများအနက် ပဒရူပသိဒ္ဓိကျမ်းကို ကစ္စည်းကျမ်းနှင့် ဏျာသကျမ်း, သန္ဓိနိရုတ္တိကျမ်းစသည်တို့ကိုမှီ၍ ရေးသားခဲ့သည်၊ ရူပသိဒ္ဓိကျမ်းသည် ရုပ်များကို မြင်လွယ်ပြီး လွယ်အောင် သုတ်တို့ကို တမျိုးစီစဉ်ထားခြင်းကြောင့် ဖြောင့်မတ်သည့်ဥဇုဂုဏ်, ရှေးဦးစွာ ရုပ်များကိုတည်ပြီး ဆိုင်ရာသုတ်တို့ကိုစီစဉ်လျက် ရုပ်ပြီးပုံကိုပြသဖြင့် ထင်ရှားပေါ် လွင်သော ဗျတ္တဂုဏ်,ၵင်းပြင် သန္ဓိ, လိင်(နာမ်)ကာရကစသောအားဖြင့်ၵင်း, ထိုအခဏ်းကြီးများတွင်လည်း သညာ, သန္ဓိ,ပဋိသေဓခဏ်းစသည်ဖြင့်ၵင်း သဘောတူ၍ ပေါင်း၍ပြထားသဖြင့်လည်း သုကဇ္ဇာဂုဏ်တို့နှင့် ပြည့်စုံသောကျမ်းဖြစ်ကြောင်း—

ဗာလပဗောဓတ္ထာမုဇံ ကရိဿံ၊
ဗျတ္တံ သုကဇ္ဇံ ပဒရူပသိဒ္ဓိ ံ။

ဟူသော ဂန္ထာရမ္ဘလာ စကားဖြင့် သိသာလေသည်၊ ၎င်းပဒရူပသိဒ္ဓိကျမ်းကို သီဟိုဠ်, ယိုးဒယားတို့ဦ်လည်းရှိက်နှိပ်ခဲ့ရာ သီဟိုဠ်မူ ဒီမိုင်းဆိုက် စာမျက်နှာ ၃၀၃–ရှိ၍ မြန်မာမူ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်ရိုက် ၄၂၂–ရှိလေသည်၊ မထေရ်မြတ်သည် ပဒရူပသိဒ္ဓိနိဂုံး၌—

ဝိချာတာနန္ဒထေရဂျယဝရဂုရူနံ တမ္မပဏ္ဏိဒ္ဓဇာနံ၊
သိဿော ဒီပင်္ကရာချဒ္ဒမိဋ္ဌဝသုမတိ ဒီပလဒ္ဓပွကာသော။
ဗာလာဒိစ္စာဒိဝါသဒ္ဓိတယမဓိဝသံ သာသနံ ဇောတယိ ယော၊
သော ယံ ဗုဒ္ဓပိယဝ္ဟော ယတိ ဣမမုဇံ ရူပသိဒ္ဓိ ံ အကာသိ။

ဟူသောဂါထာဖြင့် ဆရာ၏နာမည်နှင့်နေရာဌာနကို ဖော်ပြခဲ့သည်၊ မထေရ်မြတ်၏ဆရာမှာ သီဟိုဠ်ဒွီ ပ ကျော်ကြားသော အရှင်အာနန္ဒာထေရ်ဖြစ်ကြောင်း ဖော်ပြသည်၊ မူလဋ္ဌိကာဆရာဟု မသိသာချေ၊ မထေရ်မြတ်သည် အိန္ဒိယတောင်ပိုင်း ဒမိလတိုင်းဌ်လည်း ဒီပက်ရာဟူသောနာမည်ဖြင့် ထင်ရှားခဲ့ပြီး ဗာလာဒိစ္စကျောင်းနှင့် စူဠဒကမ္မကျောင်းတိုက်ဘို့၏ အဓိပတိလည်းဖြစ်ကြောင်း သိသာသည်၊ သီဟိုဠ်မူ ရူပသိဒ္ဓိနိဿယဌ် စူဠဒွမဏိကျောင်းတိုက်အစား "စူဠာမဏိဝမ်" ကျောင်းတိုက်ဟုရှိကြောင်း သီဟိုဠ်ပါဠိသမိုင်းဌ် တွေ့ရသည်၊ ၎င်းကျောင်းတိုက်သည် နာဂပဋ္ဋနမြို့ဌ်တည်ရှိခဲ့ကြောင်း၊ ၎င်းကျောင်း၏ဒါယကာမှာ မာရဝိဇယောတ်တုဂ်ဝမ်နမင်း ဆောက်လုပ်ခဲ့သော ကျောင်းဖြစ်ကြောင်း ပါမောက္ခ ပီ—ဗီဗာပတ်ပညာရှင်က (2500 years of Buddhism) ကျမ်းဌ် ဖော်ပြဆားသည်၊ ၎င်းမင်းမှာ အင်ဒိုနီးရှားဘုရင်ဖြစ်သည့် ဗုဒ္ဓဘာသာမင်းကောင်းဖြစ်သည့်အတွက် အိန္ဒိယရောက်၍ ဆောက်လုပ်ခဲ့ကြောင်း ကြံသင့်သည်။

ရူပသိဒ္ဓိကာ

ရူပသိဒ္ဓိကာကိုလည်း အရှင်ဗုဒ္ဓပိယပင် ဖွင့်ဆိုကြောင်း ပညာရှင်အားလုံး လက်ခံပြီးဖြစ်သည်၊ မထေရ်မြတ်သည် ပဏ္ဍာမဂါထာ, နိဂုံးဂါထာစသည်ဖြင့် တခမ်းတနား မဖော်ပြခဲ့ပေ၊ ဋ္ဌိကာအဆုံးဌ် "ဣတိ ဘဒန္တဗုဒ္ဓပိယာစရိယေန ကတာ ပဒရူပသိဒ္ဓိဋ္ဌိကာ ပရိသမတ္တာ" ဟူသော နိဂုံးစကားမျှသာ တွေ့ရသည်၊ ၎င်းကျမ်းသည် ဗုဒ္ဓသာသနာပုံနှိပ်တိုက်ချိုက် ရှိုင်ဆိုက် ၂၂၈-မျက်နှာ ရှိလေသည်။

ပဇ္ဇမဓု ဘုရားဂုဏ်ပြကျမ်း

အရှင်ဗုဒ္ဓပိယသည် ပဇ္ဇမဓုခေါ် ဘုရားရှင်ဂုဏ်တော်ပြကျမ်းကို ရေးသားခဲ့သည်၊ ၎င်းကျမ်းဌ် ပြောင်မြောက်သောဂါထာတို့ဖြင့် ဘုရားရှင်ဂုဏ်တော်တို့ကို ဖွဲ့ဆိုဆားရာ သီဟိုဠ်ပါဠိသမိုင်းဌ် ထင်ရှားသောကျမ်း ဖြစ်သည်၊ ၎င်းကျမ်းမှာ ရှေးကျသောသီဟိုဠ်နိသျလည်းရှိရာ သီဟိုဠ်တို့လေ့လာရန် လွယ်ကူလေသည်၊ သီဟိုဠ် ၁၀၀၇-ခုနှစ်က ဟေယန်တုဂ္ဂဝေဒေဝမိတ္တထေရ်သုတ်သင်၍ ရိုက်နှိပ်ခဲ့သည်၊ ဤကျမ်းဌ် ၆၉-ဂါထာအဆို ဘုရာ်ရှင်၏ ဥဏ္ဏာလုဂ်မွေးရှင်တော်စသည် လက္ခဏာတော်တို့ကို ဖွဲ့ဆိုထားသည်၊ ၎င်းမှစ၍ အထက် ၁၉-ဂါထာဖြင့် ဓမ္မကာယနှင့် စပ်၍ ဖွဲ့ဆိုထားလေသည်၊ ပဇ္ဇမဓုကျမ်း၏ ဂန္ဆာရမ္ဘမှာ—

ဥဏ္ဏာပပုဏ္ဏာသသိမဏ္ဍလတော ဂလိတ္ဝာ၊
ပါဒမ္မဒ္ဝံ ဂုလိဒလတ္ထသုခာလဝါနံ။
ပန္ဒီဝ သတ္ထု နခပန္တီ ပဇာဝိသေသံ၊
ပီဏောတု သုဒ္ဓသုခိတံ မနတုဏ္ဍပီတာ။

ဖြစ်၍—

နိဂုံးဂါထာမှာ—

အာနန္ဒရညရတနာဒိမဟာယတိန္ဒ-
နိစ္စပ္ပဗုဒ္ဓပဒုမပ္ပိယသေဝိတာဂီ။
ဗုဒ္ဓပ္ပိယေန ဃနဗုဒ္ဓဂုဏပ္ပိယေန၊
ထေရာလိနာ ရစိတပဇ္ဇမခုံ ပိဗန္တု။

ဖြစ်ရာ လွန်စွာ ပြောင်မြောက် ကောင်းမွန်လေသည်၊ ဤသို့ဖြင့် အရှင်ဗုဒ္ဓပိယသည် ဗျာကရဏ်း ကျမ်းတတ် ဆရာမြတ်တပါးသာ ဖြစ်သည် မဟုတ်ပဲ ပါဠိကဗျာအဓိရေးအသား ပြောင်မြောက် ကောင်းမွန်သည့် မဟာကဝိလည်း ဖြစ်ကြောင်း ထင်ရှားလေသည်။

ဝိဇိရဗုဒ္ဓိဋီကာကျမ်းပြု

အရှင်ဝဇိရဗုဒ္ဓိ မဟာထေရ်

အရှင်ဝဇိရဗုဒ္ဓိမဟာထေရ်သည် ဝိနည်းပိဋကအဋ္ဌကထာ၏ ဋီကာကျမ်းကို အစလက်မှန် ဖွင့်ပြခဲ့သော ပဌမဋီကာကာရကပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ မထေရ်မြတ်သည် သာသနာသက္ကရာဇ် ၁၇၀၇-တွင် သီဟိုဠ်၌ နန်းတက်သော ပရက္ကမဗာဟုမင်းကြီးခေတ် မတိုင်မီက ပေါ်ထွန်းခဲ့ကြောင်း သာရတ္ထဋီကာရေးချိန်ခေတ်ကို ထောက်၍ မှန်းဆသိနိုင်လေသည်။

အရှင်ဝဇိရဗုဒ္ဓိသည် မိမိ၏ ဝဇိရဗုဒ္ဓိအမည်ဖြင့် ဝိနည်း ၅-ကျမ်းဋီကာကို ရေးသားခဲ့သည်၊ ထိုသို့ ရေးရာ၌ ပဂ္ဂိုလ်တဦးဦး၏ တောင်းပန်မှုကြောင့် မဟုတ်ပဲ မိမိ၏ အလိုအဇ္ဈာသယက တိုက်တွန်းမှုကြောင့် ရေးသားရကြောင်း—

သခ်ေပကာမေန မမာသယေန၊
သဗ္ဗောဒိတော ဘိက္ခုဟိတဋ္ဌ ဒိသ္ဝာ။

ဟူသော ဂါထာထက်ဝက်ဖြင့် ဖော်ပြခဲ့သည်၊ ဝဇိရဗုဒ္ဓိထေရ်သည် မိမိ၏ ဋီကာ၌ ဝဇိရဗုဒ္ဓိထေရ်၏ အနုဂဏ္ဌိပုဒ် ကလသပုရဝါသီ အရှင်အာနန္ဒာထေရ်၏ ဝါဒ,အရှင်ဓမ္မသိရီထေရ်၏ ဝိနည်းဂဏ္ဌိပုဒ် တို့လာ ဝါဒန္တရများကို ဖော်ပြ၍ သင့်မသင့် ချင့်ချိန်ဆုံးဖြတ်ခဲ့သည်၊ ၎င်းပြင် အန္ဓကအဋ္ဌကထာ, မဟာအဋ္ဌကထာ, ကုရုန္ဒိအဋ္ဌကထာ ဝါဒစသည်တို့၏ ဝါဒများ ဖော်ပြသဖြင့် ဝဇိရဗုဒ္ဓိဆရာတို့ ခေတ်တိုင်အောင် အန္ဓကအဋ္ဌကထာ, မဟာအဋ္ဌကထာ, ကုရုန္ဒိအဋ္ဌကထာစသည်တို့ တည်ရှိသေးကြောင်း သိနိုင်သည်။

ဂဏ္ဌိပဒါဓိပ္ပါယပကာသနာ

ဝဇိရဗုဒ္ဓိဋီကာသည် ဝိနည်းအဋ္ဌကထာလာ ပုဒ်အားလုံးကို သိမ်းကြုံးဖွင့်ပြသည့် ဋီကာမဟုတ်ပဲ တိမ်မြုပ် ကွယ်ဝှက်,ခက်ရာခက်ဆစ်, အဖုအထစ်ပုဒ်ဘို့၏ သဘောသကန်ကိုသာ ဖော်ပြသော ကျမ်းဖြစ်ကြောင်း—

သမာသတော လီနပဒေ လိခိဿံ၊
သမာသတော လီနပဒေ လိခိတံ။

ဟူသော ဂန္ထာရမ္ဘကဆာ ပဋိညာဉ်စကားနှင့် သမန္တပါသာဒိကာယ ဂဏ္ဌိပဒါဓိပ္ပါယပကာသနာ သမတ္တာ ဟူသော နိဂုံးစကားတို့ဖြင့် သိသာလေသည်။ အရှင်ဝဇိရဗုဒ္ဓိသည်—

သညာနိမိတ္တံ ကတ္တာ စ၊ ပရိမာဏံ ပယောဇနံ။
သဗ္ဗာဂမဿ ပုဗ္ဗေဝ၊ ဝတ္တဗ္ဗံ ဝတ္တုမိစ္ဆတာ။

ဟူသောဂါထာဖြင့် သညာစသော သမုဒါယတ္ထကို ပြသေးသည်။ သမန္တပါသာဒိကာ-ဖြင့် သညာ, ဒီပန္တရေ ဘိက္ခုဇနဿ အတ္ထံ နှ အဘိသမ္ဘုဏာတိ-ဖြင့် နိမိတ်, ဗုဒ္ဓဃောသောတိ ဂရုဟိ ဂဟ်တနာမဓေယျေန-ဖြင့် ကတ္တား, သမဓိကသတ္တဝိသတိသဟဿမတ္တေန တဿ ဂန္ထေန-ဖြင့် ပရိမာဏ, စိရဋ္ဌိတတ္ထံ ဓမ္မဿ-ဖြင့် ပယောဇဉ်ကို ပြကြောင်း ကျနစ္စာ ဖွင့်ပြခဲ့သည်။

ဘာသာအမျိုးမျိုးရောပြွမ်းခြင်း

အရှင်ဝဇိရဗုဒ္ဓိသည် ဝဇိရဗုဒ္ဓိဋီကာ၌ ဘာသာအမျိုးမျိုးဖြင့် ရောပြွမ်း၍ ဖွင့်ပြထားရာ ကျမ်းဆရာ၏ ဘာသန္တရဗဟုဿုတကို ကြည်ညိုစရာဖြစ်သော်လည်း လက်ရှိစာရွှသူတို့မှာကား နားမလည်နိုင်ခြင်း ပြတ်သားစွာ ဆုံးဖြတ်ချက်မချနိုင်ခြင်း စသည်တို့ လက်တွေ့ ခံစားနေကြရလေသည်။ ဝဇိရ၊ ၂၆ ၌—

အင်္ဂါ အင်္ဂါ သမ္ဘဝသိ၊ ဟဒယာ အဓိဇာယသေ။
အတ္တာ ဝေ ပုတ္တော နာမာသိ၊ သ ဇီဝ သရဒေါသတံ။

ဟူသော ဂါထာသည် ကောသိတကီ ဥပနိဓ၊ ၂-အဇ္ဈာသယ၊ ၁၁၊ မန္တလာဂါထာ ဖြစ်သည်၊ ဝဇိရ၊ ၅၇၊ ၌—

စမ္မနိ ဒိပိနံ ဟန္တိ၊ ဒန္တေသု ဟန္တိ ကဥ္ဇရံ။
ဝါဠေသု စာမရိံ ဟန္တိ၊ သိင်္ဂေသု သရဘော ဟတော။

ဟူသော ဂါထာမှာ ကာသိကာ၊ ၂၊ ၃၊ ၃၆-လာ ဂါဆာဖြစ်သည်၊ မူရင်းအတိုင်း ဖော်ပြရသော်—

စမ်ကီ ဒ္ဝိပိနံ ဟန္တိ၊ ဒန္တယော ဟိန္တိ ကုဉ္ဇရမ်။
ကေဂေဖု စမရိံ ဟန္တိ၊ သိမ္ဖိ ပုမ္ဟလော ဟတး။

ဖြစ်လေသည်။ ဝဇိရ၊ ၂၀၀-၌ "ဗျတ္တာ ကတိဇာတိယော တု ပဒတ္ထော" ဟူသော စကားရပ်မှာ ဣယဒဿန။ ၃၊ ၆၃။ သုတ် ဖြစ်သည်၊ ဤသို့ စသည်ဖြင့် ဝဇိရဗုဒ္ဓိ၌ သက္ကတလာ စကားတို့ များစွာတွေ့နိုင်လေသည်၊ ဝဇိရ၊ ၁၂၆-၌ အန္တရသမုဒ္ဒေ အတုရုမုဟုန္နေ၊ (သို့မဟုတ် ဥတ္တုရုမုဟုဒေ) ဟု ရှိသည်၊ အမှန်မှာ အယ်တုလ်မုဟုဒ္ဒေ ရှိရမည်၊ အယ်တုလ် သည် အတွင်း ဟော၊ မုဟုဒသည် သမုဒ္ဒရာဟော ဖြစ်သည်၊ ဝဇိရ ၃၁၉-၌ ခါရကမ္ဗလန္တိ ယုပသမ္ဗလံ။ စစ္စုမ္ဗလန္တိ နေဠိယမ္ဗလံ။ တမ္ဗကံ ဝစံ။ တဏ္ဍုလေယျကံ စုဠုကုဉ္ဇာ။ ဝတ္ထုလေယျကံ မဟာကုဟာ။ စသည်ဖြင့် ရှေးသိဟိုဠ် စကား စသည်ဖြင့် ရောပြွမ်းစွာ ဖွင့်ပြထားချက်များကို တွေ့ရသည်၊ ဝဇိရ။ ၃၂၀-၌ ဟိန္တာလံ ကိတိလိ။ ယခု သီဟိုဠ်၌ ကိတုလု ဟု ခေါ်သည်။

ဝဇိရဗုဒ္ဓိ ဝိကာလဘောဇနသိက္ခာပုဒ်စသည်၌လည်း များစွာ ဘာသန္တရ ရောပြွမ်းချက်တို့ကို တွေ့နိုင်သည်၊ ထို့ကြောင့် သာရတ္ထဋီကာဆရာ အရှင်သာရိပုတ္တရာမထေရ်က—

မာဂဓကာယ ဘာသာယ၊ အာရဘတ္ထာပိ ကေနစိ။
ဘာသန္တရေဟိ သမ္မိဿံ၊ လိခိတံ ကိဉ္စိဒေဝ စ။

စသည်ဖြင့် ဝဇိရဗုဒ္ဓိဋီကာ၏ ဖြစ်ရပ်မှန်ကို ဖော်ပြခဲ့သည်။

ကခ်ါဝိတရဏီပုရာဏဋီကာခေါ် ကခ်ါဋီကာဟောင်းနှင့် ဝဇိရဗုဒ္ဓိ

ကခ်ါဋီကာဟောင်းသည် ဝဇိရဗုဒ္ဓိဋီကာ၏နောက် မကြာမီကာလတွင် ရေးသားခဲ့သော ဋီကာဖြစ်ကြောင်း ဆိုင်ရာအထောက်အထားများအရ သိနိုင်သည်၊ ကခ်ါဋီကာဟောင်း ပြုစုသူသည် ဝဇိရဗုဒ္ဓိဆရာကို လွန်စွာ လေးမြတ်သည်၊ ဝဇိရဗုဒ္ဓိဆရာ၏ တပည့်သော်လည်း ဖြစ်ကောင်း ဖြစ်နိုင်ကြောင်း။ နော တက္ကောတိ အာစရိယော လိခိတံ စသည်ဖြင့် ဝဇိရဗုဒ္ဓိ ကိုးကားချက်တို့ကို

ထောက်၍သိနိုင်သည်၊ ကခ်ီဋ္ဌီကာဟောင်းဌ္ဍ လာရှိသည့် ဂါထာများအနက် ဝဇီရဗုဒ္ဓိဂါထာများအများအပြား ပါဝင်သည်။

နိဒါနမာတိကာ ဘေဒေါ၊ ဝိဘင်္ဂေါ တန္နိယာမကော။

စသော ဂါထာ၊ကခ်ီဋ္ဌီကာဟောင်း၊ ၁၉။ ဝဇီရ၊ ၇၇။

ကာယဝါစသမုဋ္ဌာနံ၊ ယဿာ အာပတ္တိယာ သိယာ။

စသော ဂါထာ၊ ကခ်ီဋ္ဌီကာဟောင်း၊ ၄၂။ ဝဇီရ၊ ၁၄၁။ အနည်းငယ်သာ ကွဲလွဲသည်။

အညဘာဂိယသိက္ခံ ယော၊ နေဝ သိက္ခတိ ယုတ္တိတော။

စသော ဂါထာ၊ ကခ်ီဋ္ဌီကာဟောင်း၊ ၁၆။ ဝဇီရ၊ ၂၀၄။

ဆိန္နံ ဓုတင်္ဂံ သာသင်္က-သမ္မတော သန္တရုတ္တရံ။

စသော ဂါထာ၊ ကခ်ီဋ္ဌီကာဟောင်း၊ ၇၁။ ဝဇီရ၊ ၂၃၂။

ဝတ္ထုတော ဂဏနာယပိ၊ သိယာ အာပတ္တိနေကတာ။

စသော ဂါထာ၊ ကခ်ီဋ္ဌီကာဟောင်း၊ ၇၈။ ဝဇီရ၊ ၂၄၅။

အညာတိကာယ ဗဟုလတာယ ဝိမိဿတာယ။

စသော ဂါထာ၊ ကခ်ီဋ္ဌီကာဟောင်း၊ ၇၈။ ဝဇီရ၊ ဋ္ဌီ၊ ၂၄၆။

ပုရေဘတ္တဉ္စ ပိဏ္ဍာယ၊ စရိတ္ဝာ ယဒိ ဘုဉ္ဇတိ။

စသော ၅-ဂါထာ၊ ကခ်ီဋ္ဌီကာဟောင်း၊ ၉၅။ ဝဇီရ၊ ၃၂၅၊ ၃၂၆။

ဣဒံ သညာဝိမောက္ခံ စေ၊ တိကပါစိတ္တိယံ ကထံ။

စသော ၃-ဂါထာ။ ကခ်ီဋ္ဌီကာဟောင်း၊ ၉၇။ ဝဇီရ၊ ၃၂၈၊

ဇလေ ပက္ခိပနံ ပုပ္ဖံ၊ ဇလပဝေသနံ ဣဒံ။

စသော ဂါထာ၊ ကခ်ီဋ္ဌီကာဟောင်း၊ ၉၉။ ဝဇီရ၊ ၃၃၁။

ဤသို့ဖြင့် ဝဇီရဗုဒ္ဓိဋ္ဌီကာဆရာနှင့် ကခ်ီ ဋ္ဌီကာဟောင်းဆရာတို့ အချင်းချင်းဆက်သွယ်မှုရှိကြောင်း သိသာလေသည်။

ဝဇီရဗုဒ္ဓိဋ္ဌီကာဆရာသည် သတ္တဝါတို့ အများအားဖြင့် ပျက်ကိန်းကြုံလာလျှင် မဟုတ် အဟုတ် ထင်တတ်ပုံကို—

ယောဘုယျေန ဟိ သတ္တာနံ၊ ဝိနာသေ ပစ္စုပဋ္ဌိတေ။

အနယော'နယရူပေန၊ ဗုဒ္ဓိမာဂမှ တိဋ္ဌတိ။

ဟု ဝဇီရဗုဒ္ဓိဋ္ဌီကာ(ဝဇီရ၊၆၉)ဌ္ဍ ဖော်ပြခဲ့သည်၊ ၎င်းဂါထာကို ဝိသုဒ္ဓါရုံဆရာတော်ကြီး—

ကမ္မာပရာဓပတ္တာနံ၊ ဝိနာသေ ပစ္စုပဋ္ဌိတေ။

အနယော'နယရူပေန၊ ဝုဒ္ဓိပက္ကမျ တိဋ္ဌတိ။

ဟု ပြင်ထားချက်ကို မဟာသုပိနာဒိဒီပနီဌ္ဍ တွေ့ရှိရလေသည်။ ဝဇီရဗုဒ္ဓိဋ္ဌီကာကို အခြားတိုင်းပြည်များဌ္ဍ ရှိက်ဟန်မတူပါ၊ ဗမာပြည်ဌ္ဍ အကြိမ်ကြိမ်ရိုက်နှိပ်ရာ နောက်ဆုံး ဆဋ္ဌသံဂါယနာစာတော်မူ ၅၀၅-မျက်နှာ ရှိလေသည်။

ပရက္ကမဗာဟုမင်းကြီး၏ သာသနာသုတ်သင်ပွဲ

သီဃမဟာနာယကအခွင့်မဟာကဿပ မဟာထေရ်

မထေရ်မြတ်သည် အေ—ဒီ ၁၂-ရာစုနှစ် သီဟိုဠ်ကျွန်း ပုလတ္ထိပုရမြို့၌ နန်းတက်သော ပရက္ကမဗာဟုမင်းလက်ထက်တွင် သီဟိုဠ်၌ အမြင့်မြတ်ဆုံး အကျော်ကြားဆုံး မထေရ်မြတ် ဖြစ်လေသည်။

ပေါ်ထွန်းချိန်နှင့် လုပ်ငန်းများ

မထေရ်မြတ်သည် အေ—ဒီ ၁၂-ရာစု သာသနာသက္ကရာဇ် ၁၇၀၀-လောက်တွင် သီဟိုဠ် သာသနာပြုရန်အတွက် ထူးခြားစွာ ပေါ်ထွန်းခဲ့သည်၊ ခုတင်ကျင့်ဝတ် ၁၃-ပါးကိုကျင့်လျက် ပုလတ္ထိပုရ ဒီမွတ်လာဂလတော ဥဒုမ္ဗရဂိရိကျောင်း၌ သီတင်းသုံးတော်မူခဲ့သည်၊ မထေရ်မြတ်သည် စန်းကျမ်းကို အလွယ်တကူ သင်ယူသူတို့အတွက် ကျေးဇူးပြုမည့် "ဗာလာဝတာရ" ကျမ်းကို ရေးသားကြောင်း သီဟိုဠ်၌ အဆိုရှိလေသည်၊ အဘိဓမ္မတ္ထသင်္ဂဟဋီကာဟောင်းကိုလည်း အရှင် မဟာကဿပထေရ်ရေးသည်ဟု သီဟိုဠ်အခေါ်သမိုင်းတို့၌ ဆိုကြသေးသည်၊ မထေရ်မြတ်သည် ပရက္ကမဗာဟုမင်းကြီး၏ ပုလတ္ထိပုရမြို့တော် လတာမဏ္ဍပ၌ ကျင်းပသော သာသနသုတ်သင် (နိကာယသာမဂ္ဂီ)ပွဲ၌ မဟာနာယကအဖြစ် ဆောင်ရွက်ခဲ့သည့် မထေရ်ဖြစ်ကြောင်း—

မောဂ္ဂလိပုတ္တတိဿံဝ၊ ဓမ္မာသောကော နရိဿရော။
မဟာထေရံ ဓုရံ ကတ္ဝာ၊ မဟာကဿပသဝှယံ။

ဝိသာရဒံ တေပိဋကံ၊ ဝိနယညုံ ဝိသေသတော။
ထေရဝံသေကပဇ္ဇောတံ၊ သာမဂ္ဂိ စိရဒက္ခိတံ။

စသော ဂါထာများဖြင့် မဟာဝံသဆရာ ၃၆-အပိုင်း၌ မှတ်တမ်းတင်ခဲ့သည်။

အရှင်သာရိပုတ္တရာ၏ ဆရာရင်း

အရှင်မဟာကဿပသည် ဝိနယသင်္ဂဟ, သာရတ္ထဒီပနီဋီကာ စသည့် ကျမ်းများ ပြုစုခဲ့သည့် သံဃရာဇာ အရှင်သာရိပုတ္တရာ၏ ကျေးဇူးရှင် ဆရာရင်းဖြစ်ကြောင်းကို—

နိဿာယ သီဟဠိန္ဒေန၊ ယံ ပရက္ကမဗာဟုနာ။
ကတ္ဝာ နိကာယသာမဂ္ဂိံ၊ သာသနံ သုဝိသောဓိတံ။
ကဿပံ တံ မဟာထေရံ၊ သံဃသာ ပရိဏာယကံ။
ဒီပသ္မိံ တမ္ဗပဏ္ဏိမ္ဟိ၊ သာသနောဒယကာရကံ။
ပဋိပတ္တိပရာဓီနံ၊ သဒါရညနိဝါသိနံ။
ပါကဋံ ဂဂနေ စန္ဒ-မဏ္ဍလံ ဝိယ သာသနေ။
သံဃသာ ပိတရံ ဝန္ဒေ၊ ဝိနယေ သုဝိသာရဒံ။
ယံ နိဿာယ ဝသန္တော'ဟံ၊ ဝုဒ္ဓိပတ္တော'သ္မိ သာသနေ။

ဟူသော သာရတ္ထဒီပနီဋီကာလာ အာစရိယပဏာမ ဂါထာများဖြင့် သိသာထင်ရှားလေသည်။

အဋ္ဌကထာ ဋီကာ နိဿကျမ်းပြု

အရှင်သာရိပုတ္တရာ မဟာထေရ်

အရှင်သာရိပုတ္တရာမဟာထေရ်သည် ဝိနယသင်္ဂဟအဋ္ဌကထာကျမ်းကြီးကို ရေးသားခြင်းဖြင့် အဋ္ဌကထာကျမ်းပြု ပုဂ္ဂိုလ်ဟူသောဘွဲ့ထူးကို ဆုတ်ခူးခဲ့သည်၊ သာရတ္ထဒီပနီဋီကာ,အင်္ဂုတ္တိရဋီကာ စသည်တို့ကိုပြုစုခြင်းဖြင့် ဋီကာကျမ်းပြုပုဂ္ဂိုလ်ဟူသော ဘွဲ့ကိုလည်း ဆုတ်ခူးရယူခဲ့သော ပုဂ္ဂိုလ်မြတ်ဖြစ်သည်၊ ၎င်းပြင် မထေရ်မြတ်သည် အဘိဓမ္မတ္ထသင်္ဂဟသီဟိုဠ်နိဿကို ရေးသားခဲ့သဖြင့်လည်း နိဿကျမ်းပြုပုဂ္ဂိုလ်လည်း မည်လေသည်။

အရှင်သာရိပုတ္တရာမဟာထေရ် ပေါ်ထွန်းချိန်

အရှင်သာရိပုတ္တရာသည် သာသနာသက္ကရာဇ် ၁၇၀၀ နှင့် ၁၇၂၀ အတွင်းတွင် ထင်ရှားသော သီဟိုဠ်သာသနာပိုင်ဆရာတော်တပါးဖြစ်ကြောင်း မှန်းဆသိနိုင်သည်၊ မဟာပရက္ကမဗာဟုမင်းကြီးသည် သာသနာသက္ကရာဇ် ၁၇၀၇—ခုနှစ်တွင် သီဟိုဠ်ကျွန်းဥ၌ နန်းတက်သည်၊ ထိုမင်းလက်ထက်တွင် အရှင်သာရိပုတ္တရာသည် အထင်ရှားဆုံးမထေရ်မြတ် ဖြစ်သည်၊ အရှင်သာရိပုတ္တရာသည် မူလက အိန္ဒိယတောင်ပိုင်းသားဖြစ်၍ နောက်မှ သီဟိုဠ်ရောက်ရှိကြောင်းလည်း အဆိုရှိသည်။

အရှင်သာရိပုတ္တရာ၏ ဆရာသခင် ကျေးဇူးရှင်များ

ပရက္ကမဗာဟုမင်းကြီး၏ သာသနာသုတ်သင် (ဂိုဏ်းကြီး ၃-ဂိုဏ်းစေ့စပ်) ပဲ၌ မဟာနာယကဝန်ကို ထမ်းဆောင်တော်မူခဲ့သော ပုလတ္ထိပုရ (ပေါ်လောန်နရုဝ) ဒီမ္ဗုလာဂလတော၌ သီတင်းသုံးသည့် ဓုတင် ၁၃-ပါးဆောင် အရှင်ကဿပမဟာထေရ်သည်လည်း အရှင်သာရိပုတ္တရာ၏ ကျေးဇူးတော်ရှင် ဆရာသခင်ဖြစ်ကြောင်း—

ကဿပံ တံ မဟာထေရံ၊ သံဃဿ ပရိဏာယကံ။
ဒီပသ္မိံ တမ္ဗပဏ္ဏိမ္ပိ၊ သာသနောဒယကာရကံ။

ပဋိပတ္တိပရာမိနံ၊ သဒါရညနိဝါသိနံ။
ပါကဋံ ဂဂနေ စန္ဒ—မဏ္ဍလံ ဝိယ သာသနေ။

သံဃဿ ပိတရံ ဝန္ဒေ၊ ဝိနယေ သုဝိသာရဒံ။
ယံ နိဿာယ ဝသန္တော'ဟံ၊ ဝုဒ္ဓိပ္ပတ္တောသ္မိ'သာသနေ။

ဟူသော သာရတ္ထဒီပနီဋီကာဂန္ထာရမ္ဘ,အင်္ဂုတ္တရဋီကာ ဂန္ထာရမ္ဘတို့ဖြင့် ထင်ရှားလေသည်၊ ၎င်းပြင် အရှင်မဟာကဿပ၏ လက်အောက်၌ သာသနကိစ္စအဝဝကို ဆောင်ရွက်ရသူ လက်ထောက်မထေရ် အရှင်သုမေဓာမှာလည်း အရှင်သာရိပုတ္တရာ၏ ဂဏဝါစကစာချဆရာတော် ဖြစ်ကြောင်းကိုလည်း—

အနုထေရံ မဟာပညံ၊ သုမေဓံ သုတိဝိဿုတံ။
အဝိက္ခဏ္ဍိတသီလာဒိ- ပရိသုဒ္ဓဂုဏောဒယံ။

ဗဟုဿုတံ သတိမန္တံ၊ ဒန္တံ သန္တံ သမာဟိတံ။
နမာမိ သိရသာ မီရံ၊ ဂရုံ မေ ဂဏဝါစကံ။

ဟူသော သာရတ္ထ၊ ဋီ။ အံ၊ ဋီ။ ဂန္ထာရမ္ဘမျှားဖြင့်ပင် သိသာသည်၊ အရှင် သာရိပုတ္တရာသည် ပရက္ကမဗာဟုမင်းကြီး၏ ပုလတ္ထိပုရဋ္ဌပြုလုပ်သော သာသနာသုတ်သင်ပဲ့ဋ္ဌ ကျေးဇူးရှင်ဆရာတော် အရှင်ကဿပ၏ လက်အောက်မှ ဒုတိယ ခေါင်းဆောင် တာဝန်များကို ဆောင်ရွက်ရလေသည်၊ ပရက္ကမဗာဟုမင်းမြတ်သည် သာသနာသုတ်သင်ပဲ့တင် အရှင်သာရိပုတ္တရာကို များစွာကြည်ညို ခဲ့သည်၊ အရှင်သာရိပုတ္တရာ၏ အရည်အချင်းကို ကောင်းစွာသိသဖြင့် သံဃာ့အလယ်တွင် ဝိနယ သင်္ဂဟအဋ္ဌကထာနှင့် သာရတ္ထဒီပနီဋီကာ,အင်္ဂုတ္တရဋီကာတို့ကို ရေးရန် တောင်းပန်လျှောက်ထား ခဲ့သည်။

ကျောင်းတော်အလှူခံခြင်းနှင့် ကျမ်းဂန်များပြုစုတော်မူခြင်း

အရှင်သာရိပုတ္တရာသည် ပရက္ကမဗာဟုမင်းကြီး၏ ဧတဝန် ကျောင်းတိုက်အတွင်း ပြာသာဒ်တော်ကိုလည်း အလှူခံရကြောင်း—

ထိရသီလဿ ထေရဿ၊ သာရိပုတ္တဝ့ယဿတိ။
ဟမ္မိယတ္ထလဂ္ဂေဟိ၊ မဟာပါသာဒမုတ္တမံ။

ဟူသော မဟာဝံသ။ ၃၆၊ ၃၄၊ ဂါထာဖြင့် သိသာသည်။

ဝိနယသင်္ဂဟအဋ္ဌကထာ

မထေရ်မြတ်သည် ဖော်ပြပါဧတဝန်ကျောင်းတိုက်၌ သီတင်းသုံးစဉ် ပရက္ကမဗာဟုမင်းကြီး၏ တောင်းပန်မှုကြောင့် ဝိနယသင်္ဂဟအဋ္ဌကထာ(ပါဋိမုတ္တဝိနိစ္ဆယ)ကို ရေးသားခဲ့ကြောင်း—

အဇ္ဈေသိတော နရိန္ဒေန၊ သောဟံ ပရက္ကမဗာဟုနာ။
သဒ္ဓမ္မဋ္ဌိတိကာမေန၊ သာသနုဇ္ဇောတကာရိနာ။

တေနေဝ ကာရိတေ ရမ္မေ၊ ပါသာဒသတမဏ္ဍိတေ။
နာနာဒုမဂဏာကိဏ္ဏေ၊ ဘာဝနာဘိရတာလယေ။

သီတလူဒကသမ္ပန္နေ၊ ဝသံ ဧတဝနေ ဣမံ။
ဝိနယသင်္ဂဟံ သာရံ၊ အကာသိ ယောဂိနံ ဟိတံ။

ဟူသော ဂါထာများဖြင့် ဝိနယသင်္ဂဟအဋ္ဌကထာနိဂုံး၌ မှတ်တမ်းတင်ခဲ့သည်။

ဝိနယသင်္ဂဟအဋ္ဌကထာအတွက် ရည်ရွယ်ချက်

ဝိနယသင်္ဂဟအဋ္ဌကထာကို ဝိနည်းကိုလေးစားကြည်ညိုကြသော ယောဂီရဟန်းတို့ ဝိနည်း၌ လိမ္မာတတ်မြောက် တံခွန်ဆောက်ဖို့ ရေးသားရကြောင်းကိုလည်း—

ဝတ္ထုတ္တယံ နမဿိတ္ဝာ၊ သရဏံ သမ္ဗပါဏိနံ။
ဝိနယေ ပါဋိဝတ္ထာယ၊ ယောဂါဝစရဘိက္ခုနံ။

စသော ဂန္ဆာရမ္ဘဂါထာမျှားဖြင့် ပေါ်လွင်လေသည်၊ ၎င်း အဋ္ဌကထာ ကိုလည်း သီဟိုဠ်ကျန်း၌ ရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ၄၁၉-ရှိလေသည်၊ မြန်မာပြည်ရိုက် ဆဋ္ဌသံဂါယနာ စာတော်မူ စာမျက်နှာ ၄၆၀- ရှိလေသည်၊ ၎င်းကျမ်းကို ကျမ်းဆရာက ပါဠိ မုတ္တက ဝိနိစ္ဆယ သင်္ဂဟ ဟု အမည် ပေးခဲ့သည်။

သာရတ္ထဒီပနီဋီကာ

ပုလတ္ထိပုရဇေတဝန် ကျောင်းတိုက်၌ သီတင်းသုံးခိုက်ပင် သာရတ္ထဒီပနီ အမည်ရှိသော ဝိနည်း ဋီကာကိုလည်း ရေးသားခဲ့သည်၊ သာရတ္ထဒီပနီဋီကာ ကျမ်းဦးအစ၌ ရတနတ္တယ ပဏာမ ပြုပြီး ဆရာနှစ်ပါးတို့အား ဂုဏ်တော်များဖြင့် ထုတ်ဖော် ချီးကျူးလျက် ရှိခိုးဦးချ အာစရိယ ပဏာမ ပြုခဲ့သည်၊ ၎င်းပြင် သီဟိုဠ် ဘာသာရေး ဝိနယဂဏ္ဌိပဒကျမ်းတို့၌ သိရန်ခက်ခဲစွာ ရေးသားထား သည်တကြောင်း ပါဠိဘာသာရေးဋီကာ (ဝဇိရဗုဒ္ဓိ)၌လည်း ဘာသာ အမျိုးမျိုးတို့နှင့် ရောယှက် နေခြင်း အနှစ်မပါ ဗလာသက်သက်ဖြစ်သော ကျမ်းလေး စကားတို့ဖြင့် ပြည့်နှက် နေသည်လည်း တကြောင်းတို့ကြောင့် ထိုဋီကာမှ အနှစ်ကိုယူ၍ သန့်ရှင်းစွာ ရေးရမည်ဖြစ်ကြောင်း ဂန္ဆာရမ္ဘ၌ ဖော်ပြထားသည်။

အရှင်သာရိပုတ္တရာတို့ ခေတ်က သီဟိုဠ်ဂဏ္ဌိများ

အရှင်သာရိပုတ္တရာတို့ခေတ် သာသနာသက္ကရာဇ် ၁၇၀၀ ကျော်လောက်က သီဟိုဠ်၌ ဝဇိရဗုဒ္ဓိ ဋီကာအပြင် သီဟိုဠ်ဘာသာရေး မဟာဂဏ္ဌိပဒ မဇ္ဈိမဂဏ္ဌိပဒ စူဠဂဏ္ဌိပဒများနှင့် မဂဓဘာသာ ရေး ဝိနည်းမဂဓဂဏ္ဌိပဒများရှိကြောင်း သာရတ္ထ၊ ဋီ၊ ၃။ နှင့် ဆိုင်ရာအဆုံးအဖြတ်များအရ သိနိုင် လေသည်၊ အရှင်သာရိပုတ္တရာသည် ကျမ်းပြုဆရာကြီး အရှင်ဓမ္မပါလကိုလည်း အလွန်လေးမြတ် ကြောင်း အာစရိယဓမ္မပါလတ္ထေရော ပန ...သာရတ္ထ၊ ၁။ ၃၉၆။ အာစရိယ ဓမ္မပါလတ္ထေရန.... သာရတ္ထ၊ ၁။ ၄၀၅။ စသည် အဆိုအမိန့်တို့ကို မှန်းဆ၍ သိနိုင်လေသည်။

မင်းဧကရာဇ်တောင်းပန်သောကြောင့်ရေး

အရှင်သာရိပုတ္တရာသည် ပရိယတ္တိသဒ္ဓမ္မ၏တည်ခြင်း,သာသနာတော်၏ ထွန်းပြောင် တောက်ပ ခြင်းကို လိုလားသည့် ပရက္ကမဗာဟုမင်းကောရဇ်၏ တောင်းပန်မှုကြောင့် ဤသာရတ္ထဒီပနီဋီကာ ကိုလည်း ရေးသားရပါကြောင်း—

အဇ္ဈေသိတော နရိန္ဒေန၊ သောဟံ ပရက္ကမဗာဟုနာ။
သဒ္ဓမ္မဋ္ဌိတိကာမေန၊ သာသနုဇ္ဇောတကာရိနာ။

ဟူသော ဂါထာဖြင့် ပြခဲ့သည်။

ဤသာရတ္ထဒီပနီဋီကာကို သီဟိုဠ်ကျန်း၌ ခေတ်ဦးပိုင်းက စာအုပ်ပြည့်စုံအောင် မရိုက်ရသေးပေ၊ ယိုးဒယား၌ကား ပြည့်စုံစွာရိုက်နိုင်ခဲ့သည်၊မြန်မာပြည်၌ အကြိမ်ကြိမ်ရိုက်နှိပ်ဘူးသည်၊ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတအရှင်ပညာမဟာထေရ် ဝိနည်းပိဋကတ်ချစဉ် သာရတ္ထဒီပနီဋီကာကိုပါ တွဲချလေ့ ရှိကြောင်း သိရလေသည်၊ ဆဋ္ဌသံဂါယနာစာတော်မူ ၃-တွဲစလုံး စာမျက်နှာ ၁၄၀၄-ရှိလေသည်၊ ဂန္ဆပမာဏအားဖြင့် ၃-ထောင်ပမာဏရှိသော ဋီကာကျမ်းကြီး ဖြစ်လေသည်။

အင်္ဂုတ္တရဋီကာ

သာသနာပိုင် အရှင်သာရိပုတ္တရာသည် သာရတ္ထဒီပနီဋီကာရေးအပြီး အင်္ဂုတ္တရဋီကာကိုလည်း ရေးသားခဲ့သည်၊ ယင်းအင်္ဂုတ္တရဋီကာကို သာရတ္ထမဉ္ဇူသာ(=ကောင်းမြတ်သော အနက်အဓိပ္ပါယ် တို့နှင့်ပြည့်သောသေတ္ထာ)ဟု ခေါ်ဆိုကြောင်း—

ပေါရာဏာနံ ကထာမဂ္ဂ-သာရမေတ္ထ ယတော ဋီတံ။
တသ္မာ သာရတ္ထမဉ္ဇူသာ၊ ဣတိ နာမေန ဝိဿုတာ။

ဟူသော နိဂုံးဖြင့် သိရလေသည်။ အရှင်သာရိပုတ္တရာသည် မိမိ၏ပရမဂ္ဂဗာဟုဇ်းကြီး၏ အခြား ပုဂ္ဂိုလ်နှင့်မတူပဲ ထူးထူးခြားခြား အချီးမြှောက်ခံရသော ပုဂ္ဂိုလ်ဖြစ်ကြောင်းနှင့် သံဃာ့အလယ်၌ ပရဏ္ဏမဗာဟုမင်းကောဏ္ဍကိုယ်တိုင် တောင်းပန်သဖြင့် ရေးသားရကြောင်းကို—

တေနာဟမစ္ဆန္တ်မနုဂ္ဂဟီတော၊
အနုညသာဓာရဏာသဂ််ဟေန။
ယသ္မာ ပရဏ္ဏန္တဘုဇဂ္ဂယေန၊
အတ္ထေသိတော ဘိက္ခုဂဏာဿ မတ္ထေ။

ဟူသော ဂါထာဖြင့် အင်္ဂုတ္တရဋီကာ ဂန္ထာရမ္ဘ(အံ၊ ဋီ၊ ၁။ ၂။)၌ ဖော်ပြခဲ့သည်၊ ဤဋီကာသည် မြန်မာပြည်ရိုက် ဆဋ္ဌသံဂါယနာ စာတော်မူ ၃-အုပ်ပေါင်း ၁၀၅၅-မျက်နှာရှိသည့် ကြီးကျယ်သော ဋီကာကြီး ဖြစ်လေသည်။

အာဘိဓမ္မတ္ထ သင်္ဂဟနိဿ

အာဘိဓမ္မတ္ထသင်္ဂဟကျမ်းကိုလည်း အဆုံးအဖြတ်နှင့်တကွ သီဟိုဠ်ဘာသာဖြင့် နိဿရေးခဲ့သည်၊ ယင်းနိဿကို သီဟိုဠ်၌ အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့သည်၊ ၁၉၆၀-ခုနှစ်က ရိုက်သော စာအုပ်မှာ ဒီမိုင်း ဆိုက်စာမျက်နှာ ၂၈၃-ရှိလေသည်၊ ၎င်းကို "အာဘိဓမ်ာထ်သင်္ဂဟပုရာဏသန်နယ"ဟု နာမည်တပ် ထားသည်ကို တွေ့ရသည်၊ ၎င်းနိဿကို အများဆုံးအမှီပြု၍ တပည့်အရှင်သုမင်္ဂလသာမိသည် အာဘိဓမ္မတ္ထဝိဘာဝိနီမည်သော ဋီကာကျော်ကျမ်းကို ရေးသားခဲ့ခြင်းဖြစ်သည်၊ ဤနိဿ၌လာသော ပါဠိဂါထာများကိုသာ ထုတ်နုတ်၍ ဋီကာကျော်နှင့် တိုက်ဆိုင်အပ်သည်။ အရှင်သာရိပုတ္တရာ၏ အာဘိဓမ္မသင်္ဂဟသီဟိုဠ်နိဿ ၈- သမ္မာသမ္ဗုဒ္ဓမတုလံ·ပုဒ်ကို ပြဆိုခဏ်း၌—

ရူပေ သီလေ သမာဓိမှိ၊ ပညာယ စ အသာဒိသော။
ဝိမုတ္တိယာ အသမသမော၊ ဓမ္မစက္ကပ္ပဝတ္တနေ။

ဤဂါထာ ဋီကာကျော်၌ မပါပါ၊ သင်္ဂဟနိဿ ၇-၌—

ဝိစိတ္တကရဏာစိတ္တံ၊ အတ္တနော စိတ္တတာယ ဝါ။
စိတံ ကမ္မကိလေသေဟိ၊ စိတံ တာယတိ ဝါ တထာ။
စိနောတိ အတ္တသန္တာနံ၊ ဝိစိတ္တာရမ္မဏန္တိ စ။

ဟုလာသော ဂါထာကို ဋီကာကျော် ၇၄-၌ တွေ့ရှိနိုင်သည်၊ သင်္ဂဟနိဿ ၉-၌—

ကာမော၀စရတိတေတ္ထ၊ ကာမေ ၀စရတီတိ ဝါ။
ဌာနူပစာရတော ဝါပိ၊ တံ ကာမာ၀စရံ ဘ၀ေ။

ဟူသော ဂါထာကို ဋီကာကျော် ၃၆-၌ တွေ့ရသည်၊ သီဟိုဠ်နိသျ ၁၀-၌—

အထိတ်ပြကရဏာလ္လိင်္ဂါ၊ ဒေါ်စိတျာဒ္ဒဂကလတး။
ဂဗ္ဘါထီးပြဝိဘဇျန္တေ၊ နဂဗ္ဘါဒေဝ ကေဝလာတ်။

ဟူသောဂါထာ ဋီကာကျော်၌ မတွေ့ရ၊ သီဟိုဠ်သဠ်ဂိုဟ်နိသျ ၁၁-၌—

ပုဗ္ဗပယောဂသမ္ဘူတော၊ ဝိသေသော စိတ္တသမ္ဘဝီ။
သခ်ါရော တံဝသေနေတ္ထ၊ ဟောတျသခ်ါရိကာဒိတာ။

ဟူသောဂါထာကို ဋီကာကျော် ၃၈-၌ တွေ့ရသည်၊ သီဟိုဠ်သဠ်ဂိုဟ်နိသျ ၁၅-၌—

သဗ္ဗာကုသလယုတ္တမ်ပိ၊ ဥဒ္ဓစ္စံ အန္တမာနသေ။
ဗလဝံဣတိ တံယေဝ၊ ဝုတ္တမုဒ္ဓစ္စယောဂတော။

တေနေဝ ဟိ မုနိန္ဒေန၊ ယေဝါပနကနာမတော။
ဝတ္ဌာ သေသေသု ဇေတ္ထေဝ၊ တံ သချပေန ဒေသိတံ။

ဟူသော ဂါထာများကို ဋီကာကျော် ၈၀-၌ တွေ့ရသည်။

သီဟိုဠ်သဠ်ဂိုဟ်နိသျ ၁၅-၌—

မူဠ္ဍတ္တာ စေဝ သံသပ္ပ-ဝိက္ခေပါ စေကဟေတုကံ။
သောပေက္ခံ သဗ္ဗဒါ နော စ၊ ဘိန္နံ သခ်ါရဘေဒတော။

န ဟိ တဿ သဘာဝေန၊ တိက္ခတုဿာဟနိယတာ။
အတ္ထိ သံသပ္ပမာနဿ၊ ဝိက္ခိပန္တဿ သဗ္ဗဒါ။

ဟု လာသောဂါထာ ဋီကာကျော် ၈၁-၌ တွေ့ရသည်။

သီဟိုဠ်နိသျ ၂၀-၌—

ဝတ္ထာလမ္ဗသဘာဝါနံ၊ ဘူတိကာနံ ဟိ ဃဋ္ဋနံ။
ဒုဗ္ဗလံ ဣတိ စက္ခာဒိ-စတုစိတ္တမုပေက္ခကံ။

ကာယနိဿယဖောဋ္ဌဗ္ဗ-ဘူတာနံ ဃဋ္ဋနာယ တု။
ဗလဝတ္တာ နဝိညာဏံ၊ ကာယိကံ မဇ္ဈဝေဒနံ။

သမာနနိဿယော ယသ္မာ၊ နတ္ထာနန္တရပစ္စယော။
တသ္မာ ဒုဗ္ဗလမာလမ္ဗေ၊ သောပေက္ခံ သမ္ပဋိစ္ဆနံ။

ဟူသော ဂါထာများ ဋီကာကျော် ၈၅-၌ တွေ့နိုင်သည်။

သီဟိုဠ်သဠ်ဂိုဟ်နိသျ ၂၅-၌—

ပြတိရူပေ ဖုဒေဂေဖု၊ ဝါသး ပဏ္ဍိတသဂ်တီး။
ဂြဝဏံ ကတ္ကြပုဏျထံ၊ စတုဖွတြ မိရိတံ။

ဟူသောဂါထာ ဋီကာကျော်၌ မတွေ့ရ၊ ၎င်းပြင် ၂၅-မျက်နှာ၌ပင်—

ယောနိသော ဝိသယာ ဘောဂါ၊ နိယာမာရိမာဏတော။
ပုညေ ပရိစိတတ္တာ စ၊ ဣဒ္ဓေပိ ကုသလံ သိယာ။

ဟူသော ဂါထာလည်း ဋီကာကျော်၌ မတွေ့ရ။ သီဟိုဠ်သဂ္ဂိဟ်နိသျ ၂၅-၌ပင်—

ကမေန ပုညဝတ္ထူဟိ၊ ဂေါစရာဓိပတီဟိ စ။
ကမ္မဟီနာဒိတော စေဝ၊ ဂဏေယျ နယကောဝိဒေါ။

ဟူသောဂါထာ ဋီကာကျော် ၈၈-၌ တွေ့ရသည်။

သီဟိုဠ်သဂ္ဂိဟ်နိသျ ၃၂-၌—

ဥပနီဇျာနကိစ္စတ္တာ၊ ကာမာဒီပဋိပက္ခတော။
သန္တေသုပိ စ အညေသု၊ ပဠေဝ စျာနသညိတာ။
ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခမိစ္စေဝ ဘာသိတာ။

ဟူသောဂါထာ ဋီကာကျော် ၉၃-၌ တွေ့ရသည်၊ (နောက်ဂါထာဝဂ် ကျမ်းရင်း ဝိသုဒ္ဓိ၊ ၂။ ၂၀၃။ အဘိ ဋ္ဌ၊ ၂။၁၇၁)။ ၎င်းပြင် သီဟိုဠ်သဂ္ဂိဟ်နိသျ ၃၂-၌ပင်—

ကေဝလံ ပုဗ္ဗယောဂေန၊ ဥဿာဟေနေဝ ဝါ ဣဓ။
အဘိနိပ္ဖဇ္ဇနတော တိဿံ၊ နဘ္ဆိ သခ်ါဂိကာဒိဘာ။

ဟူသော ဂါထာ ဋီကာကျော်၌ မတွေ့ရချေ။

သီဟိုဠ်သဂ္ဂိဟ်နိသျ ၃၃-၌—

အာရမ္မဏာတိက္ကမတော၊ စတသော်ပိ ဘဝန္တိမာ။
အင်္ဂါတိက္ကမမေတာသံ၊ န ဣစ္ဆန္တိ ဝိဘာဝိနော။

ဟူသော ဂါထာ ဋီကာကျော် ၉၃-၌ တွေ့ရသည်၊ ၎င်းဂါထာသည် အဘိ၊ ဋ္ဌ၊ ၁။ ၂၅၄-၌လည်း လာသည်။ သီဟိုဠ်သဂ္ဂိဟ်နိသျ ၃၉-၌ လောကုတ္တရာစိတ် ကြိယာမရှိကြောင်းပြ—

လောကုတ္တရကြိယာစိတ္တံ၊ ပန ကဿ နဝိဇ္ဇတိ။
ဧကစိတ္တက္ခဏိကတ္တာ၊ မဂ္ဂဿာတိ နဝိဇ္ဇတိ။

ဟူသောဂါထာ ဋီကာကျော်၌ မလာမရှိ။

သီဟိုဠ်သဂ္ဂိဟ်နိသျ ၄၀-၌—

နာဟြီဇုဂုယ္ဟတေ ပါပါ၊ ဒမေဓျာဒိဝ ဂုဏရုး။
ဂလဘော 'ဂေတရိဝ'၊ တသ္မာ နွတြ သသဘျနပတြပး။

ဟူသော သက္ကတဂါထာကို ဋီကာကျော် ၁၀၇-၌—

ဇိဂုစ္ဆတိ နာဟိရိကော၊ ပါပါ ဂူထာဝ သူကရော။
န ဘာယတိ အနောတ္တပ္ပီ၊ သလဘော ဝိယ ပါဝကာ။

ဟု လာရှိသည်၊ ၎င်းပြင် ဋီကာကျော် ၁၀၉-၌ လာသော ကေစိ မိဒ္ဓမိ ရူပန္တိ-စသော ဂ-ဂါထာမှာ သီဟိုဠ်သဂ္ဂိဟ်နိသျ ၅၀-လာ ဂါထာများပင် ဖြစ်သည်၊ သီဟိုဠ်သဂ္ဂိဟ်နိသျ ၅၄-၌—

အဝျာပါဒေန မေတ္တာ ဟိ၊ တတြမဇ္ဈတ္တတာယ စ။
ဥပေက္ခာ ဂဟိတာ ယသ္မာ၊ တသ္မာ နဂဟိတာ ဥဘော။

ဟူသော ဂါထာ ဋီကာကျော် ၁၁၂-၌ အဗျာပါဒေန မေတ္တာ ဟိ-စသည်ဖြင့် လာရာ ဝနှင့် ဗ သက္ကတသုံးနှင့် ပါဠိသုံးမျှသာ ကွဲသည်။

သီဟိုဠ်သဂ္ဂိုဟ်နိသျ ၉၀-၌—

ဘဝန္တရကတံ ကမ္မံ၊ ယမောကာသံ လဘေ တတော။
ဟောတိ သာ သန္ဓိ တေနေဝ၊ ဥပဒ္ဒာပိတဂေါစရေ။

ဟူသော သစ္စသံခိပ်ဂါဘာ ဋီကာကျော် ၁၃၁-၌ တွေ့ရသည်။

သီဟိုဠ်သဂ္ဂိုဟ်နိသျ ၁၀၁-၁၀၂-တို့၌—

ဥပပ္ပန္နုပပ္ဇမာနန္တိ၊ ဝိဘင်္ဂေဟေဝမာဒိနံ။
ဘင်္ဂက္ခဏသ္မိံ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနကံ။

ဥပ္ပဇ္ဇမာနမုပ္ပါဒေ၊ နဥပ္ပန္နန္တိ အာဒိနာ။
ဘင်္ဂုပ္ပါဒါဝ အက္ခာတာ၊ နစိတ္တာဿ ဋ္ဌိတိက္ခဏော။

ဥပ္ပါဒေါ စ ဝယော စေဝ၊ အညထတ္တံ ဋ္ဌိတဿ စ။
ပညာယတီတိ ဝုတ္တတ္တာ၊ ဋ္ဌိတိ အတ္ထီတိ စေ မတာ။

အညထတ္တဿ ကေသ္မိံ၊ ဓမ္မေ အနုပလဒ္ဓိတော။
ပညာဏဝစနာ စေဝ၊ ပဗန္ဓဋ္ဌိတိ နဋ္ဌိတိ။

ဝုတ္တာ တသ္မာ နစိတ္တဿ၊ ဋ္ဌိတိ ဒိဿတိ ပါဋိယံ။
အဘိဓမ္မေ အဘာဝေါပိ၊ နိသေဓော ယေဝ သဗ္ဗထာ။

ယဒါ သမုဒယော ယဿ၊ နိရုဇ္ဈတိ တဒါဿ ကိ။
ဒုက္ခမုပ္ပဇ္ဇတိ တေတ္ထ၊ ပဥ္ဉေ နောတိ နိသေဓတော။

ရူပုပ္ပါဒေါ နဘင်္ဂသ္မိံ၊ ဓမ္မဿော ယထာ မတာ။
ဥပ္ပါဒါဝတ္ထတော ဘိန္နာ-ဘင်္ဂါဝတ္ထာ တထေဝ တု။

ဘင်္ဂဿာဘိမုခါဝတ္ထာ၊ ဣစ္ဆိတဗ္ဗာ အယံ ဋ္ဌိတိ။
နယဒိဿနတော ဇေသာ၊ ဝဘင်္ဂေ နတု ဒေသတော။

လက္ခဏံ သံခတဿေဝ၊ ဝတ္တုမုပ္ပါဒအာဒိနံ။
ဒေသိတတ္တာ နတတ္ထာပိ၊ ပဗန္ဓဿ ဋ္ဌိတီရိတာ။

ဥပသဂ္ဂဿ ဓာတူန-မတ္ထယော ပဝတ္တိတော။
ပညာယတီတိ စေတဿ၊ အတ္ထော ဝိညာယတေ ဣတိ။

ဘင်္ဂေ ရူပဿ နုပ္ပါဒေ၊ စိတ္တဇာနံ ဝသေန ဝါ။
အရူပ္ပိ စာဘိသန္ဓာယ၊ ဘာသိတော ယမကဿ ဟိ။

သဘာဝေါ ယံ ယထာလာဘ–ယောဇနာ ဟိ တတော နာ ဟိ။
နာ စိတ္တဋ္ဌိတိ ဘင်္ဂေ စ၊ နာ ရူပဿ အသမ္ဘဝေါ။

ဟူသော ဂါထာများ ဋီကာကျော်၌ မပါမရှိကုန်၊ သီဟိုဠ်သင်္ဂြိဟ် နိသျ ၁၀၄-လာ ဃန်ဋီတေ အာဉ-ဝတ္ထုမှိ-စသော သစ္စသံခိပ် ဂါထာကို ဋီကာကျော် ၁၄၂-၌ တွေ့ရသည်၊ သီဟိုဠ်သင်္ဂြိဟ်နိသျ ၁၀၆-၌–

သုပ္ပဂ္ဂ။တသျ မူလေ ဖလပတနရဝါတ်ကဂိုဒုန်မီလျစတ္မုရ်။
ဒ္ဒမ္မိဝါစာဒါယစဲတတ် ဖလမထပရိတး ပီဠယိတ္ဝာကရေဏ။
ဋီတ္ဝာ ပက္ခ သ္ဘာဝံ ကိလပရိဗုဘုဇေ တဒါသာက္ခဖဋ္ဌစေတား။
ပဂ္ဂါတ္တာလ်ဝါဒိလဂနံ ရသမပိ စ၊ သဟဂလေမိ မဏာသ္ဘာဒျဂိဂျေ။

ဟူသော ဂါထာ ဋီကာကျော်၌ အဓိပ္ပါယ်သာပါရှိသည်၊ ဂါထာ မပါမရှိချေ၊ သီဟိုဠ် သင်္ဂြိဟ်နိသျ ၁၁၀-၌ နိရုဝဇ္ဇံ ကထံ စိတ္တံ စသော ဂါထာ ဋီကာကျော် ၁၅၃-၌ လာရှိသည်၊ သီဟိုဠ်သင်္ဂြိဟ်နိသျ ၁၁၉—၁၂၀-တို်၌ ဇနကံ တံ သမာနံ ဝါ စသောဂါထာများ ဋီကာကျော် ၁၅၄-၌ လာသည်။

သီဟိုဠ်သင်္ဂြိဟ်နိသျ ၁၃၆-၌—

အပါယိကမနုဿာယု–ပရိစ္ဆေဒေါ နာ ဝိဇ္ဇတိ။
တထာ ဟိ ကာဠော မန္ဒာတာ၊ ယက္ခာ ကေစိ စိရာယုနော။

ဟု လာရှိသောဂါထာ ဋီကာကျော် ၁၆၅-၌ တွေ့ရသည်။

သီဟိုဠ်သင်္ဂြိဟ်နိသျ ၁၃၇-၌—

ယာနိ ပညာသ ဝဿာနိ၊ မနုဿာနံ ဒိနော တဟိ ံ။
တိ ံသရတ္တိဒေါ မာသော၊ မာသာ ဒ္ဒါဒသ ဝစ္ဆရံ။
တေန သံဝစ္ဆရေနာယု၊ ဒိဗ္ဗံ ပဉ္စသတံ မတံ။

ဟူသော ဂါထာ ဋီကာကျော် ၁၆၆-၌ တွေ့ရသည်၊ သင်္ဂြိဟ် နိသျ ၌ ဝစ္ဆရံ ရှိ၍ ဋီကာကျော်၌ သံဝစ္ဆရံ ရှိနေခြင်းမျှသာ ထူးသည်၊ သီဟိုဠ်သင်္ဂြိဟ်နိသျ ၁၃၉-၌—

သတ္တသတ္တဂိုနာ ဝါဏု၊ အဋ္ဌမေ အဋ္ဌမေ ဒကာ။

စသော ၂-ဂါထာကို ဋီကာကျော် ၁၆၇-ဂ-၌ အားလုံးတူ တွေ့ရသည်၊ သီဟိုဠ်မူ သင်္ဂြိဟ်နိသျ ၁၄၆-၌—

အာဘိဂ္ဂမာဒိဇနက–စိတ္တဇဿာနိလဿ သာ။
ဝိကာရော ကာယဝိညတ္တိ–ရူပတ္ထမ္ဘာဒိကာရဏံ။

ဟူသော ဂါထာ ဋီကာကျော်၌ မတွေ့ရ၊ သီဟိုဠ်သင်္ဂြိဟ်နိသျ ၁၅၂-၌—

ကသိဏုဂ္ဃါဠိမာကာသ–မာကာသ ဝိသယံ မနော။
တဒဘာဝေါ တဒါလမ္ဗ–ဝိညာဏန္တိ စတုဗ္ဗိဓံ။

ဟူသော ဂါထာ ဋီကာကျော်၌ မပါမရှိ။ သီဟိုဠ်သင်္ဂြိဟ် နိသျ ၁၅၃-၌—

ဥဒ္ဓစ္စရဟိတာ သေသာ၊ ကုသလာပါယသာဓကာ။
သဗ္ဗေ သုဂတိယဉ္စာပိ၊ ပဝတ္တိဖလဒါယကာ။

ဒဿနေန ပဟာတဗ္ဗေ–သ့ဝုတ္တတ္တာ စ တာဒိနာ။
ဥဒ္ဓစ္စသန္ဓိဖလဒံ၊ နု ဘော တေဝါတိ နိစ္ဆယော။
ပဝတ္တိဖလဒါနမ့ိ၊ တေ တေ ကေ တံ နု ယုဇ္ဇတိ။
ဥဒ္ဓစ္စံ ပါကပညာဘိ၊ ဝုတ္တတ္ထပဋိသမ့ိဒါ။

ဟူသော ဂါထာ ဋီကာကျော်၌ မပါရှိ၊ သီဟိုဠ်သဒ္ဒါဟ် နိသျ ၁၅၈-၌—

သုဒ္ဓါဝါသေသ့ နာဂါမိ–ပုဂ္ဂလာ ဝေါပပဇ္ဇရော။
ကာမဓာတုမ့ိ ဇာယန္တိ၊ အနာဂါမိ ဝိဝဇ္ဇိတာ။

ဟူသော ပရမတ္ထဝိနိစ္ဆယ၊ ၂၀၅-ဂါထာ ဋီကာကျော် ၁၀၆-၌ လာရှိသည်၊ သီဟိုဠ် သဒ္ဒါဟ်နိသျ ၁၅၉-၌—

ဝေဟပ္ဖလေ အကနိဋ္ဌေ၊
ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။

စသော နာမရူပပရိစ္ဆေဒ ၄၅၁–၂-ဂါထာ ဋီကာကျော် ၁၀၇-၌ ပါရှိသည်၊ သီဟိုဠ် သဒ္ဒါဟ်နိသျ ၁၆၉-၌—

မဟန္တာ ပါတုဘူတာတိ၊ မဟာဘူတသမာတိ ဝါ။
ဝဠဂတ္တာ အဘူတေန၊ မဟာဘူတာတိ သမ့ိတာ။

ဟူသော အဘိဝတာရ။ ၆၂၆-ဂါထာ ဋီကာကျော် ၁၉၅-၌ လာရှိသည်။

မဟာဘူတာနိ နိဿာယ၊ အမူဠ္ဍတ္ဝာ ပဝတ္တိတော။
ဥပါဒါရူပမိစ္စာဟ၊ နိရ့ုပါဒါန မာနသော။

ဂါထာ ဋီကာကျော်၌ မတွေ့ရ။ ဋီကာကျော် ၁၉၇-၌ ဒဝတာ သဟဝုတ္တိနိ-စသော ၂-ဂါထာနှင့် လိင်္ဂဟတ္ထာဒိသဏ္ဌာနံ—စသောဂါထာများ သီဟိုဠ်သဒ္ဒါဟ်နိသျ ၁၇၂—၌ တွေ့ရသည်၊ သီဟိုဠ် သဒ္ဒါဟ်နိသျ—၁၇၃—၌—

ယံ နိဿာယ မနောဓာတု၊ မနောဝိညာဏဓာတု စ။
ဝတ္တန္တိ ပဋ္ဌဝေါကာရေ၊ တံ ဝတ္ထူတိ ပဝုစ္စတိ။
မဇ္ဈေ ဟဒယကောသမ့ိ၊ အဓုပွသတလောဟိတေ။
ဘူတရူပမုပါဒါယ၊ စက္ခာဒိ ဝိယ ဝတ္တတိ။

ဟူသောဂါထာများ ဋီကာကျော်၌ မတွေ့ရ။

ဋီကာကျော် ၁၉၈-၌—

နိပ္ပန္နဘူတိကာဓာရော၊
ဒ္ဒေ ဓာတူ ကာမရူပိနံ။

စသော ၄-ဂါထာခဲ့ကို သီဟိုဠ်သဒ္ဒါဟ်နိသျ ၁၇၃-၌ တွေ့ရသည်၊ သီဟိုဠ်သဒ္ဒါဟ်နိသျ ၁၇၄-၌—

ယာယ ဩဇာယ ယာပေန္တိ၊ ယတ္ထ ယတ္ထ စ ပါဏိနော။
အယန္တု ကဗလိင်္ကာရော၊ အာဟာရောတိ ပဝုစ္စတိ။

ဟူသောဂါထာ ဋီကာကျော်၌ မတွေ့ရ၊ ၎င်းပြင် သီဟိုဠ်သဒ္ဒါဟ်နိသျ ၁၇၅-၌—

အဘိက္ကမာဒိဇနက – စိတ္တဇဿာနီလဿ ယော။
ဝိကာရော ကာယဝိညတ္တိ၊ ရူပတ္ထမ္ဘာဒိကာရဏံ။
ဝစီဘေဒကစိတ္တေန၊ ဘူတဘူမိဝိကာရတာ။
ဝစီဝိညတ္တိပါဒိဏ္ဏ – ဃဋ္ဋနဿေဝ ကာရဏံ။

ဟူသောဂါထာများ ဋီကာကျော်၌ မတွေ့ရ၊ ၎င်းပြင် သီဟိုဠ်သဂြိုဟ်နိသျ ၁၇၇၌—

ရူပါန' မာစယော ယော ဟိ၊ ဝုတ္တော ဥပစယောတိ သော။
အနုပ္ပဗန္ဓတာ တေသံ၊ သန္တတိတိ ပဝုစ္စတိ။
အတ္ထတော ဥဘယမ္မေတံ၊ ဇာတိရူပန္တိ ဒီပိတံ။
ဝုတ္တမာကာရနာနတ္တာ၊ ဝေနေယျာနံ ဝသေန ဝါ။
ဒုဝိဓံ ယံ ဇရာ နာမ၊ ပါကဋာ' ပါကဋာတိ စ။
ပါကဋာ ရူပဓမ္မေသု၊ အရူပေသု အပါကဋာ။

ဟူသောဂါထာများ ဋီကာကျော်၌ မတွေ့ရ၊ သီဟိုဠ်သဂြိုဟ်နိသျ ၁၈၁—၌ စက္ခု သောတံ ပနေတေသု၊ ဃာတာသမ္ဘတ္တဂါဟကံ—စသော ဂါထာတို့ကို ဋီကာကျော် ၂၀၅—၌ တွေ့ရသည်၊ သီဟိုဠ်သဂြိုဟ်နိသျ ၁၉၉—၌ ကိစ္စာဟာရဝိပက္ခာနံ၊ ကေတ္တာ ကေမေတ္ထ ဟိ—စသော ၂-ဂါထာကို ဋီကာကျော် ၂၂၀—၌တွေ့ရသည်၊ သီဟိုဠ်သဂြိုဟ်နိသျ ၂၀၃-၌—

ဆန္ဒ တု ဇေဋ္ဌက ကတ္တာ၊ ဆန္ဒ ကတ္တာ ဓုရ ပနံ။
စိတ္တာသုပ္ပတ္တိကာလသ္မိ'၊ ဆန္ဒာဓိပတိ နာမသော။

ဟူသောဂါထာကို ဋီကာကျော်၌ မတွေ့ရ။ သီဟိုဠ်သဂြိုဟ်နိသျ ၂၀၅-၌—

ဇဝနေဓိပတိနန္တု၊ ယော ကောစေကော တိဟေတုကေ။
ဒ္ဒိဟေတုကေ ဝါ ဇဝနေ၊ ဝိမံသာ နောပလဗ္ဘတိ။
လောကိယေသု ဝိပါကေသု၊ မောဟမူလေ အဟေတုကေ။
ယထာသမ္ဘဝဝုတ္တိတ္တာ၊ တတ္ထာဓိပတိ ကောစိပိ။

ဟူသောဂါထာလည်း ဋီကာကျော်၌ မတွေ့ရ။ သီဟိုဠ်သဂြိုဟ်နိသျ ၂၁၁-၌—

ဝိဒဟတိ ဝိဓာနဉ္စ၊ ဓိယတေ စ ဝိဓိယတေ။

ဟူသော ဓာတုဗျုပ္ပတ္တိပြ ဂါထာ ဋီကာကျော် ၂၃၀—၌ တွေ့ရသည်၊ သီဟိုဠ်သဂြိုဟ်နိသျ ၂၅၆၌—

ရာဂါဒိကေ တိကေ သတ္တာ၊ သတ္တာ သဒ္ဓါဒိကေ တိကေ။
ကေဒ္ဓိတိကမူလမ္ပိ၊ မိဿတေ သတ္တာသတ္တာကံ။

ဟူသောဂါထာ ဋီကာကျော် ၂၅၆—တွေ့ရသည်၊ ၎င်းသီဟိုဠ်သဂြိုဟ်နိသျ ၂၅၁—၌ သတတံ အပ္ပမတ္တောန၊ ရက္ခိတဗ္ဗံ သတိမတာ။ စသောဂါထာများ, ၂၅၅—၌ ဓာဝန္တောပိ ယထာ ကောစိ၊ နရော ဆိန္နတဋာ မုခေါ—စသောဂါထာများ, ၂၅၂—၌

ဘဝသမ္ဘတ္တာဘိညာနံ၊ ဒိဋ္ဌဓမ္မသုခဿ စ။
ဝိပဿနာယ စတ္ထာယ၊ စျာနံ ဘာဝေန္တိ ယောဂိနော။

ဟူသောဂါထာ, ၂၆၅-၌—

အာဒါနနိက္ခေပနတော၊ ဝယော ဝုဒ္ဓတ္ထဂါမိတော။
အာဟာရတော စ ဥတုတော၊ ကမ္မတော စာပိ စိတ္တတော။
ဓမ္မတာရူပတော သတ္တ၊ ဝိတ္ထာရေန ဝိဿဇ္ဇိတိ။

ဟူသောဂါထာ, ၂၆၆-၌—

မန္ဒာ ခိဒ္ဒာ စ ဝဏ္ဏာ စ၊ ဗလာ ပညာ စ ဟာယနာ။
ပတ္ထာဆု စ ပဝတ်ာ စ၊ မောမူဟာသယနာ ဒသ။

ဟူသောဂါထာ, ၂၆၇-၌—

ကလာပတော ယမကတော၊ ခဏတော ပဋိပါဋိတော။
ဒိဋ္ဌဥ္ဇုကုဋိနာ မာန-သမုဿိနတောပိ စ။
နိကန္တိပရိယာဒါနာ၊ သတ္တာရူပဝိပဿနာ။

ဟူသော ဂါထာများ ဦးကာကျော်၌ မတွေ့ရ၊ ဤသို့ဖြင့် အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာကျော် ကျမ်းပြုဆရာတော် အရှင်သုမင်္ဂလသာမိသည် ဆရာရင်းဖြစ်သော အရှင် သာရိပုတ္တရာ၏ သင်္ဂြိဟ် နိသျကို ကိုယ်တည်ပြု၍ ရေးသားကြောင်းသိသာသည်၊ အရှင် သာရိပုတ္တရာသည် ၎င်း သင်္ဂြိဟ် သီဟိုဠ်နိသျကို အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌ ယုံမှားသံသယဖြစ်ပြီး သရုပ်သဘော မကွဲမသိ အခက် အခဲရှိသော ရဟန်းတို့အတွက် အခက်အခဲကို ဖျက်ခဲပယ်ဖျောက်နိုင်ကြရန် ရည်သန်၍ ရေးသား ရကြောင်း—

ကခ်ါဝိနယနတ္ထာယ၊ အဘိဓမ္မတ္ထသင်္ဂဟော။
ဘိက္ခူနံ လိခိတံ ဂန္ထံ၊ သီဟဠဒီပယ နိဂျတ္တိယာ။

ဟူသောဂါထာဖြင့် နိဂုံး၌ ဖော်ပြခဲ့သည်။

ဝိသုဒ္ဓိပထသင်္ဂဟနှင့် ကမ္မဋ္ဌာနသင်္ဂဟကျမ်း

အရှင်သာရိပုတ္တရာသည် တောရကျောင်းသခ်ိမ်း၌ ကမ္မဋ္ဌာန်း ဘာဝနာဖြင့် သာသနာ့ဝန် အားသွန်ကြိုးပမ်း ရဟန်းတော်တို့အတွက် ဝိသုဒ္ဓိပထသင်္ဂဟကျမ်းနှင့် ကမ္မဋ္ဌာနသင်္ဂဟကျမ်းကို လည်း ရေးသားတော်မူခဲ့ကြောင်း—

ဘိက္ခူနံ ရညဝါသီနံ၊ ဝိသုဒ္ဓိပထ သင်္ဂဟော။
ကမ္မဋ္ဌာနိကဘိက္ခူနံ၊ ကမ္မဋ္ဌာနဿ သင်္ဂဟော။

ဟူသော ဂါထာဖြင့် သင်္ဂြိဟ်နိသျ နိဂုံး၌ ဖော်ပြခဲ့သည်။

မင်္ဂလသုတ္တဋီကာ

အရှင်သာရိပုတ္တရာသည် ကျမ်းဂန်ရေးသားမှု၌ လွန်စွာ ကျွမ်းကျင်သည်အားလျော်စွာ မင်္ဂလ သုတ် အဖွင့်ဋီကာကိုလည်း ရေးသားခဲ့သေးကြောင်း—

မင်္ဂလဿ စ သုတ္တဿ၊ ဝဏ္ဏနာယ သုဝဏ္ဏနာ။
ဝိညူနံ လိခိတာ ဋီကာ၊ ဘိက္ခူနံ ရတိဝဍ္ဎနီ။

ဟူသောဂါထာဖြင့် သင်္ဂြိဟ်နိသျ နိဂုံး၌ပင် မှတ်ဘမ်းတင်ခဲ့သည်။

ပဥ္စိကာလင်္ကာရဋီကာ

အရှင်သာရိပုတ္တရာသည် စန္ဒဂေါမိန်ဆရာ၏ ပဥ္စိကာ၏အဖွင့် ပဥ္စိကာ လင်္ကာရ ဋီကာကိုလည်း ရေးသားခဲ့သေးကြောင်း အာဘိဓမ္မတ္ထသင်္ဂဟနိဿယလာ—

စန္ဒဂေါမာဘိဓာနေန၊ ရစိတာ သာဓုသမ္မတာ။
ပဥ္စိကာ ရမဏီယေန–လင်္ကာရေန စ ဘူသိတာ။
ပသာဒဇနနတ္ထာယ၊ သောတူနဉ္စ မဟာရဟာ။
ဝိညူနဉ္စ ဟိတတ္ထာယ၊ ရစိတာ သမ္မသာဒနီ။

ဤသို့ဖြင့် အရှင်သာရိပုတ္တရာသည် ဂန္ဆဝင်မြောက် ကျမ်းပြုပုဂ္ဂိုလ်ကျော်ဖြစ်ကြောင်း သိသာလေသည်၊ အရှင်သာရိပုတ္တရာသည် မ်မိကိုယ်တိုင် ပညာရှင်ဖြစ်သည့်အလျောက် ကျမ်းဂန်ပြု ပရိယတ်ဝန်ဆောင် ပဋိပတ်ဝန်ဆောင် တပည့်တို့မှာ ထိုစဉ်က သီဟိုဠ်ကျန်း၌ မြားမြောက်စွာလှကုန်၏။

သာသနာ့ဝန်ထမ်းတပည့်တချို့

အရှင်သာရိပုတ္တရာ၏ တပည့်တချို့ကို သိသမျှဖော်ပြရသော်—

၁။ သုဗောဓာလင်္ကာရ, ဝုတ္တောဒယ စသည့် ကျမ်းပြု ပုဂ္ဂိုလ် အရှင်သံဃရက္ခိတ မဟာသာမိထေရ်၊

၂။ အာဘိဓမ္မတ္ထဝိဘာဝိနီ, အာဘိဓမ္မတ္ထဝိကာသိနီဋီကာ စသည့် ကျမ်းပြု ပုဂ္ဂိုလ် အရှင်သုမင်္ဂလသာမိထေရ်၊

၃။ ဒါဋ္ဌာဝံသကျမ်းပြု ရာဇဂုရု အရှင်ဓမ္မကိတ္တိမဟာသာမိထေရ်၊

၄။ ဝိနယသာရတ္ထသန္ဒီပနီ အမည်ရှိသော ဝိနယဝိနိစ္ဆယဋီကာ ကျမ်းပြု အရှင်ဝါစိဿရထေရ်၊

၅။ ကင်္ခါဝိတရဏီ အာဘိနဝဋီကာ စသည့် ကျမ်းပြု အရှင်ဗုဒ္ဓနာဂထေရ် စသည်တို့သည် အရှင်သာရိပုတ္တရာ၏ တပည့်များ ဖြစ်ကြသည်။

ရွှေလမင်းနှယ် တင့်တယ်ခဲ့ခြင်း

ဤသို့ဖြင့် အဋ္ဌကထာဋီကာ နိဿျ ဋီကာကျမ်းပြု သမယ သမယန္တရ ပါရဂူ သီဟိုဠ်သာသနာပိုင် အရှင်သာရိပုတ္တရာသည် ပညာရှင်တို့ဝန်းရံလျက် ကြယ်တာရာများ ဝန်းရံသည့် လမင်းသဖွယ် တင့်တယ်ခဲ့ပြီ။

ဝိရောစိ သာသနေ ထေရော၊ သာရိပုတ္တော ယတီသဘော။
ဓိရေဟိ ပရိဝါရေတ္ဝာ၊ စန္ဒော တာရဂဏေ ယထာ။

အဘိဓမ္မမာတိကာဝဏ္ဏနာခေါ် မောဟဝိစ္ဆေဒနီနှင့်

ဝိမတိဋီကာကျမ်းပြု အရှင်ကဿပ မဟာထေရ်

အရှင်ကဿပထေရ်သည် သာသနာသက္ကရာဇ် ၁၇၀၀-၁၈၀၀-အတွင်းတွင် အိန္ဒိယတောင်ပိုင်းနှင့် သီဟိုဠ်၌ထင်ရှားသော စောဠတိုင်းသား ပညာရှင်မထေရ်မြတ်တပါး ဖြစ်လေသည်၊ အရှင်ကဿပသည် သီဟိုဠ်ကျွန်း အရှင်ဝါစိဿရ စသော မထေရ်များနှင့် ရင်းနှီးသောမထေရ်မြတ်အဖြစ် သိသာလေသည်၊ အရှင်ဝါစိဿရထေရ်အား ဝိနယဝိနိစ္ဆယဋီကာရေးရန် တောင်းပန်ကြသူ အဘိယာစကများအနက် စောဠိယကဿပထေရ် ပါဝင်ခဲ့သည်။

ကျမ်းဂန်များ ရေးသားခြင်း

စောဠိယကဿပထေရ်သည် အဘိဓမ္မာ ၇-ကျမ်းမာတိကာအဖွင့် မောဟဝိစ္ဆေဒနီကျမ်းနှင့် ဝိမတိဝိနောဒနီဋီကာတို့ကို ရေးသားခဲ့သည်၊ ၎င်းကျမ်းများအနက် မောဟဝိစ္ဆေဒနီကို အနီးနေတပည့် ရဟန်းတော်များ တောင်းပန်သဖြင့် ရေးသားရကြောင်း—

သမာသေနာ' ဘိဓမ္မတ္ထံ၊ မာတိကာမုခတော' ခိလံ။
ဉာတုကာမေဟိ သုဒ္ဓေဟိ၊ အန္တေဝါသီဟိ ယာစိတော။

ဟူသော ဂန္ဆာရမ္ဘကထာလာဂါထာဖြင့် သိနိုင်လေသည်၊ အရှင်ကဿပသည် မောဟဝိစ္ဆေဒနီကို အိန္ဒိယတောင်ပိုင်း စောဠတိုင်း နာဂဇုနကျောင်းတိုက်(နာဂရဇုနကောဏ္ဍ)၌ နေစဉ် ရေးသားကြောင်းလည်း ၎င်းကျမ်းနိဂုံးဖြင့် သိရသည်၊ ၎င်းကျမ်းသည် ဘာဏဝါရ ၃၃-ဘာဏဝါရ ရှိလေသည်၊ စာမျက်နှာ ကမ္ဘာအေး ဗုဒ္ဓသာသနာ့အဖွဲ့ပုံနှိပ်တိုက်ရိုက် ရှိုင်ဆိုက် ၄၀၈-မျက်နှာ ရှိလေသည်၊ အင်္ဂလန်၌လည်း သီဟိုဠ်ကျွန်း ဗုဒ္ဓဒတ္တ၏ကျေးဇူးပြုမှုကြောင့် စာအုပ်ရိုက်ခဲ့သည်၊ ၎င်းပြင် အရှင်ကဿပသည် ဝိမတိဝိနောဒနီဋီကာကိုလည်း ဝိနည်းအတွက် သံသယဖြစ်နေသော ရဟန်းတို့ သံသယဖျောက်ပယ်နိုင်ရန် ဂဏ္ဌိကျမ်းများ, သာရတ္ထဋီကာစသည့် အဆိုအချိုတို့ကို သုတ်သင်သည့်အနေဖြင့် အကျဉ်းရေးသားကြောင်း ဂန္ဆာရမ္ဘနှင့်စာသားကိုထောက်၍ သိနိုင်သည်၊ ဝိမတိဝိနောဒနီဋီကာသည် ဘာဏဝါရ ၅၀-မျှရှိလေသည်၊ ၂-တွဲပေါင်း ဆဋ္ဌသံဂါယနာစာတော်မူ စာမျက်နှာ ၆၀၄-ရှိလေသည်။

ဝိနယဝိနိစ္ဆယဋီကာ, ထူပဝံသ စသည် ကျမ်းပြု

အရှင်ဝါစိဿရမဟာထေရ်

အရှင်ဝါစိဿရထေရ်သည် သာသနာသက္ကရာဇ် ၁၇၀၀-၁၈၀၀ အတွင်း သီဟိုဠ်တွင်ပေါ်ထွန်းထင်ရှားသော မထေရ်မြတ် ဖြစ်သည်၊ မထေရ်မြတ်သည် ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဋီကာ, အင်္ဂုတ္တရဋီကာ-စသည့် ကျမ်းပြု အရှင်သာရိပုတ္တရာထံ၌ ပညာသင်ကြားတတ်မြောက်ခဲ့သည်၊ မထေရ်မြတ်သည် ပုလတ္ထိပုရခေတ် ဒမ္မဒေဏီယ ၂-ခေတ်လုံးတည်ရှိခဲ့သော မထေရ်ဖြစ်သည်။

ကျမ်းဂန်များ ပြုစုခြင်း

အရှင်ဝါစိဿရသည် ကျမ်းဂန်များစွာတို့ကို ပြုစီရင်ရာ——

၁။ ဝိနယဝိနိစ္ဆယဋီကာ၊

၂။ ဥတ္တရဝိနိစ္ဆယဋီကာ၊

၃။ ထူပဝံသပါဠ်၊

၄။ ပဋိသမ္ဘိဒါမဂ္ဂလိနတ္ထဒီပနီ၊

၅။ သစ္စသင်္ခေပအနက်ဖွင့်(သီဟိုဠ်ဘာသာ)၊

၆။ ဝိသုဒ္ဓိမဂ်သံခိပ်ကျမ်း(သီဟိုဠ်ဘာသာ)၊

၇။ သီမာလင်္ကာရသင်္ဂဟကျမ်းနှင့် ဋီကာစသည်တို့ ဖြစ်သည်။

ၚင်းကျမ်းများအနက် ဝိနယဝိနိစ္ဆယဋီကာကို အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ, အာဘိဓမ္မာဝတာရ-ဘိနဝဋီကာကျမ်းပြု အရှင်သုမင်္ဂလသာမိထေရ်, စောဠတိုင်းသားရဟန်းတော် အရှင်ဗုဒ္ဓမိတ္တထေရ်, ဝိမတိဋီကာ မောဟဝိစ္ဆေဒနီစသည်ကျမ်းပြု စောဠိယအရှင်ကဿပထေရ်တို့နှင့် ဓမ္မကိတ္တိမည်သော ဥပါသကာ, ဝါဏိဇဘာဏကဒါယကာတို့ တောင်းပန်သဖြင့် ရေးရကြောင်း ဂန္ထာရမ္ဘ၌ ဖော်ပြထားသည်၊ မထေရ်မြတ်သည်——

အာဒိစ္စဝံသမ္ဗရပါတုဘူတံ၊ ဗျာမပ္ပဘာဝမ္ဘာလဒေဝစာပံ။
ဓမ္မမ္ဗုနိဗ္ဗာပိတပါပဃမ်ံ၊ ဝန္ဒာမဟံ ဗုဒ္ဓမဟမ္ဗုဝန္တံ။

စသည့်ဂါထာတို့ဖြင့် ရတနတ္တယပဏာမ ပြုခဲ့သည်၊ ဝိနယဝိနိစ္ဆယနှင့် ဥတ္တရဝိနိစ္ဆယဋီကာမှာ ဗုဒ္ဓသာသနာ့ရိုက် ရှိုင်ဆိုက် စာမျက်နှာ ၃၀၀-ရှိလေသည်၊ထူပဝံသကျမ်းမှာ သီဟိုဠ်ရိုက် ဒီမိုင်းဆိုက် စာမျက်နှာ ၈၉- ရှိသည်၊ နိဂုံး၌ ပရက္ကမမင်း၏ ဓမ္မာဂါရ(ပိဋကတ်တိုက်)၌ ပဓာနထေရ်အဖြစ်၌ ယှဉ်ခိုက် တည်ခိုက် ရေးသားဟန်ကို——

ပရက္ကမနရိန္ဒဿ၊ သဗ္ဗဘူပါလကေတုနော။
ဓမ္မာဂါရေ နိယုတ္တော ယော၊ ပိဋကတ္တယပါရဂေါ။

ဟု ဂါထာဖြင့် ဖော်ပြခဲ့သည်။

သီမာလင်္ကာရသင်္ဂဟနှင့် အဖွင့်ဋီကာ

အရှင်ဝါစိဿရသည် စောဠတိုင်းသား ရဟန်းတို့ သိမ်အငြင်းပွါးမှုနှင့်စပ်၍ သိမ်အဆုံးအဖြတ်ကို သီမာလင်္ကာရသင်္ဂဟအမည်ဖြင့် ရေးသားခဲ့သေးသည်။ ၎င်းကျမ်းကို—

ဝန္ဒိတွာ လံဃျပလွှက်၊ ယုဂန္ဓရနဂါဒိတံ။
ဗုဒ္ဓေန ဓမ္မဂေါဃုလ္လ–သံဃပင်္ဂကာနနံ။
သီမာလင်္ကာရကေ ဝုတ္တာ၊ ယေ အတ္ထာ ဒါနိ တေ မယာ။
ဝါစုဂ္ဂတတ္ထံ ဘိက္ခူနံ၊ သံဂဟေတွာ ပဝုစ္စရေ။

ဟူသော ဂါထာများဖြင့် ပဏာမ,ပဋိညာဉ်ကို ပြု၍ ရေးသားခဲ့သည်၊ အောက်ပါနိဂုံးဂါထာများဖြင့်လည်း ကျမ်းစာဖြစ်ပေါ်ရကြောင်းကို ပြည့်စုံစွာ ဖော်ပြခဲ့သည်။

ဧဝံ နိဂ္ဂကတံ သဗ္ဗံ၊ စောဠိယာနုမတံ မတံ။
ပတိဋ္ဌာပိတမစ္စန္တံ၊ သီဟဠာနုမတံ မတံ။

ဥပါဒေယမိဒံယေဝ၊ သီဟဠာနုမတံ မတံ။
ပါဠိအဋ္ဌကထာဂဏ္ဌိ–ပဒါနမဝိရောဓိတံ။

တဗ္ဗိဂ္ဂဟံ တု ဟေယံ တံ၊ စောဠိယာနုမတံ မတံ။
သာသနဋ္ဌိတိကာမေဟိ၊ ဝိနယညူဟိ သဗ္ဗသော။
နိဂ္ဂကရဏမေတံ သော၊ သီမာဒုလ္လဋ္ဌိယာ အကာ။
ဝါစိဿရာဘိဓာနော ယော၊ သီဟဠာစရိယော ယတိ။

ယေန ဝိရစိတော အာသိ၊ သီမာလင်္ကာရသံဂဟော။
တေနေဝ ရစိတာ တဿ၊ ဝဏ္ဏနာပိ သမာသတော။

ဤကျမ်းကို သီဟိုဠ်၌ ၁၉၀၄-ခုနှစ်က ရိုက်နှိပ်ခဲ့သည်။

ဆန်း, အလင်္ကာ, သုသဒ္ဒသိဒ္ဓိ စသည် ကျမ်းပြု

အရှင်သံဃရက္ခိတ မဟာသာမိ မဟာဇာတ်

အရှင်သံဃရက္ခိတသည် သီဟိုဠ်၌ ထင်ရှားခဲ့သည့် သာသနာပိုင်ဆရာတော် ဖြစ်ခဲ့လေသည်၊ သာရတ္ထဒီပနီဋီကာ စသည့် ကျမ်းဂန်များကို ပြုစုခဲ့သော အရှင်သာရိပုတ္တရာ နောက်တွင် သာသနာပိုင်အရာကို ရယူ သာသနာပြုခဲ့လေသည်။

ပေါ်ထွန်းချိန်နှင့် ဆရာသမား ဂိုဏ်းဂဏ

အရှင်သံဃရက္ခိတပေါ်ထွန်းချိန်မှာ သာသနာသက္ကရာဇ် ၁၇၀၀-၁၈၀၀-အတွင်းဖြစ်ကြောင်း သီဟိုဠ်သမိုင်းတို၌ တွေ့ရှိရသည်၊ မထေရ်မြတ်သည် သဝိဇ္ဇာပဏ္ဍိတပရာက္ကမဗာဟုမင်း၏ ဆရာလည်း ဖြစ်သည်၊ သာသနာသက္ကရာဇ် ၁၇၈၉-သီဟိုဠ်ကျန်း ဒမ္မဒေဏီယ(ဇမ္ဗုဒေါဏိ) မြို၌ နန်းတက်သော တတိယဝိဇယဗာဟုမင်းကြီးက မိမိသားတော် ပရာက္ကမဘုဇကို ရွှေသွားပြု၍ သာသနာပိုင်အရာ စွယ်တော်နှင့် သပိတ်မာတ်တော် ၂-ဆူ သံဃာတော်အား စောင့်ရန်နှင့် သီဟိုဠ်ကျန်းသား ကျန်းသူတို့ကို အပ်နှင်းခြင်းခံရသော မထေရ်မြတ်ဖြစ်ကြောင်း—

အထ တေသု ပရက္ကန္တ–ဘုဇသေဋ္ဌံ သုတံ သဒါ။
မဟာသာမံ ပုရေက္ခတ္ဝာ၊ သံဃရက္ခိတဝိဿုတံ။

သမာဂတာသ သံဃဿ၊ နိယျာတေတ္ဝာ တတော ပုန။
တဿာပိ မုနိနော ဒါဠာ–ပတ္တဓာတုဒ္ဒယံ တထာ။

မဟာသံဃဿ သဗ္ဗမ္ပိ၊ လံကာဝါသိဇနမ္ပိ စ။
နိယျာတေတ္ဝာန တံ သမ္မာ၊ အနုသာသိ မဟီပတိ။

ဟူသော မဟာဝံသ ၃၉၊၃၆၊၃၇၊၃၈-တို့ဖြင့် သိနိုင်သည်။ အရှင်သံဃရက္ခိတသည် အရှင်သာရိပုတ္တရာနှင့် "သေလန္တရာယတနိကာယဝါသီ အရှင်သီလ (အရှင်သီလဝံသ) မဟာထေရ်တို့၏ တပည့်ဖြစ်သည်။

ကျမ်းဂန်များ ပြုစုခြင်း

အရှင်သံဃရက္ခိတသည် ကျမ်းဂန်များစွာကိုလည်း ပြုစီရင်ခဲ့သည်၊ ၎င်းတို့မှာ—

၁။ သုဗောဓာလင်္ကာရကျမ်း၊
၂။ သုဗောဓာလင်္ကာရဋီကာ၊
၃။ ဝုတ္တောဒယဆန်းကျမ်း၊
၄။ ခုဒ္ဒသိက္ခာဘိနဝဋီကာ၊
၅။ ပယောဂသိဒ္ဓိကျမ်း၊

၆။ မောဂ္ဂလ္လာန်ပဋိကာဠိကာ၊
၇။ သုဗောဓာလင်္ကာရဋီကာသစ်၊
၈။ သမ္မန္ဓစိန္တာ – စသည်တို့ ဖြစ်လေသည်။

အရှင်သံဃရက္ခိတသည် သုဗောဓာလင်္ကာရကျမ်းကို—

မုနိန္ဒဝဒနမ္ဘောဇ၊ ဂင်္ဘသမ္ဘဝသုန္ဒရီ။
သရဏံ ပါဏိနံ ဝါဏီ၊ မယ္ဟံ ပီဏယတံ မနံ။

ဖြင့် အစပျိုး၍ ရေးသားခဲ့သည်၊ ဂါထာပေါင်း ၃၆၇-ဂါထာ ရှိလေသည်၊ သုဗောဓာလင်္ကာရ၏ အဖွင့် သုဗောဓာလင်္ကာရဋီကာသစ်ကိုလည်း အရှင် သံဃရက္ခိတထေရ်ပင် ရေးသားခဲ့သည်၊ ဝုတ္တောဒယခေါ် ဆန်းကျမ်းမှာ ဂါထာပေါင်း နိဂုံးအပါအဝင် ၁၃၇-ဂါထာ ရှိသည်။

နိဂုံး၌—

သေလန္တရာယတန ဝါသိက သီလတ္ထရ၊
ပါဒေါ ဂရုဂုဟာ ဂရုဇ္ဇယတံ မမေသော။
ယဿပဘာဝေ မာလမ္မမယေဒိသောပိ၊
သမ္ပာဒိတော'ဘိမတသိဒ္ဓိကရော ပရတ္ထော။

ဟူသော ဂါထာဖြင့် ကျေးဇူးရှင်ဆရာအတွက် တွင်း,ပ ရန်မာန်အောင်ရန် ဆန္ဒပြုခဲ့သည်၊ ဤဂါထာ၌ လာသော သေလန္တရာယတန ဝါသိကသီလတ္ထေရဟူသည် ထိုစဉ်က သီဟိုဠ်ကျွန်းရှိ သေလန္တရာယတနဂိုဏ်းတည်ရာဌာနချုပ်နေ သီလထေရ်ဖြစ်ကြောင်းကို ပြလိုရင်းဖြစ်သည်၊ သီလထေရ်ဟူသည် ဓာတုမဉ္ဇူသာကျမ်းပြု အရှင်သီလဝံသထေရ်ဖြစ်ကြောင်း သီဟိုဠ်ပါဠိသမိုင်းကျမ်း၌ လာရှိသည်။ သီဟိုဠ်ကျွန်း၌ ဂိုဏ်း ဂ-ဂိုဏ်း ရှိခဲ့ဘူးကြောင်း အဘိဓာနပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်၏ အဋ္ဌုပ္ပတ်၌ ပြခဲ့ပြီ၊ ယင်းဂိုဏ်း ဂ-ဂိုဏ်းအနက် သေလန္တရာယတနဂိုဏ်းကို စတင်ရာကာလမှာ ဒုတိယဒါဋ္ဌောပတိဿမင်းလက်ထက် အေ – ဒီ ၆၆၁-လောက်က ဖြစ်သည်၊ မဟာဝံသ၊၅၅၊ ပိုင်းလာ-

ဒါဋ္ဌောပတိဿ ရာဇဿ၊ နတ္တာ သုဂတသာသနေ။
ပဗ္ဗဇ္ဇုပဂတော သဒ္ဓါ၊ ဓုတဝါ သီလသံဝုတော။

ဥဒ္ဒိဿာရာဓနံ သမ္မာ၊ လံကိန္ဒေန ကတံ တဒါ။
သေလန္တရာဘိနိက္ခမ္မ၊ ယတိန္ဒော သော ဒယာနုဂေါ။
ယတော ဘိက္ခု သမူဟေတ္ဝာ၊ ဝါသံ ကပ္ပေသိ ယတ္ထ သော။
သေလန္တရသမူဟောတိ၊ ဝိက္ချာတိ ် သော တတော ဂတော။

ဟူသော ၃၁၊ ၃၆၊ ၃၇။ ဂါထာများဖြင့် သိသာသည်၊ အရှင်သံဃရက္ခိတသည် ဆန်းနိဂုံး၌သာ အရှင်သီလ(=အရှင်သီလဝံသ)၏ အမည်ကို ဖော်ပြသည်။

ခုဒ္ဒသိက္ခာဘိနဝဋီကာခေါ် ခုဒ္ဒသိက္ခာဋီကာသစ်ကို အရည်ဝါသီ အရှင်သုမင်္ဂလထေရ်တောင်းပန်သဖြင့် ရေးသားခဲ့သည်၊ ခုဒ္ဒသိက္ခာဋီကာသစ်မှာ ဗုဒ္ဓသာသနာ့ပုံနှိပ်ဘိုက်ချိုက် စာမျက်နှာ ၂၀၀-ကျော် ရှိလေသည်၊ ကျမ်းဦး အစ၌ ရတနတ္တယပဏာမပြုပြီး—

သာရိပုတ္တံ မဟာသာမိ ံ၊ နေကသတ္ထဝိသာရဒံ။
မဟာဂုဏံ မဟာပညံ၊ နမော မေ သိရသာ ဂရုံ။

ဟူသော ဂါထာဖြင့် ဂုဏ်ပုဒ်များစွာကို ဖော်၍ အာစရိယပဏာမ ပြုခဲ့လေသည်၊ ဤဂါထာ၌ "မဟာသာမိ ံ" ဟူသော ပုဒ်သည် မင်းမြတ်၏ ယပ်တောင်နှင့်တကွ ပေးကပ်အပ်သောဘွဲ့ဖြစ်ကြောင်း သိဟိုဠ်သာသနာဝံသ၌ ဖော်ပြသည်၊ ၎င်းဘွဲ့သည် မြန်မာပြည်၌ လှူဒါန်းခဲ့ဘူးသော သာသနာပိုင်ဘွဲ့နှင့် တူလေသည်၊ ၎င်းဘွဲ့ကို သိဟိုဠ်၌ အရှင်သာရိပုတ္တရာ, အရှင်သံဃရက္ခိတ, အရဉ်ဝါသီ အရှင်မေဓင်္ကရ, အရှင်အနောမဒဿီ, ဝိလင်္ဂမ်မူလပဌမအရှင်ဝနရတန, ပဌမ အရှင်ဓမ္မကိတ္တိ,ဒုတိယအရှင်ဝနရတန,အရှင်သိရီရာဟုလာ,အရှင်မင်္ဂလ,သိရီသရဏင်္ကာရထေရ်တို့ရခဲ့ဘူးသည်။

အရှင်သံဃရက္ခိတသည် သုသဒ္ဒသိဒ္ဓိကျမ်းကိုလည်း ရေးသားခဲ့ကြောင်း ခုဒ္ဒသိက္ခာနိဂုံး, သိဟိုဠ်ဂါဋ္ဌသမိုင်း စသည်တို့မှ သိရသည်၊ ၎င်းကျမ်း သီဟိုဠ်၌ပင် စာအုပ်အဖြစ် မရောက်ခဲ့ချေ။

၎င်းပြင် သာရတ္ထဝိလာသိနီ အမည်ရှိသော မောဂ္ဂလ္လာန်ပဋိကာဋီကာကိုလည်း အရှင်သံဃရက္ခိတ ရေးသားခဲ့သည်၊ ၎င်းကျမ်းသည် သုသဒ္ဒသိဒ္ဓိကျမ်း ဖြစ်စရာရှိသည်ဟုလည်း ပညာရှင်အချို့ဆိုကြသည်၊ သမ္မန္ဓစိန္တာကျမ်းမှာ စာမျက်နှာ ၁၆-မျက်နှာမျှသာရှိသော ကြီယာကာရကသမ္မန္ဓကျမ်း ဖြစ်လေသည်။

ပရိယတ္တိသာသနာ၌ လွန်စွာ ကျေးဇူးများခြင်း

ဤသို့ဖြင့် အရှင်သံဃရက္ခိတထေရ်၏ ကျမ်းစာများသည် စာချ, စာသင်တို့ ချပို့သင်ယူသောအားဖြင့် ကျေးဇူးများလှပေသည်။

သံဃရက္ခိတ ထေရဿ၊ နေကဂန္ထ သုဝိညူနော။
သာသနမှိ လောကဂ္ဂဿ၊ ဂန္ထာ ဗဟုပကာရကာ။

အရှင်မောဂ္ဂလ္လာန် မဟာထေရ်

အဘိဓာနပွဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်ထေရ်မှာ မောဂ္ဂလ္လာန်ပဥ္စိကာ ကျမ်းပြု အရှင်မောဂ္ဂလ္လာန်၏ တပည့် အဆက်အနွယ် ဖြစ်နိုင်ကြောင်း သီဟိုဠ်ပါဠို သမိုင်း၌ ဖော်ပြထားသည်၊ သာသနာသက္ကရာဇ် ၁၇၀၀-ကျော်တွင် သီဟိုဠ်ကျွန်း၌ တင်ရှားသည့် မထေရ်မြတ် ဖြစ်ကြောင်း ယုံမှားမဲ့မှတ်သားရာသည်။

သီဟိုဠ်ကျွန်း ပုလတ္ထိပုရမှ ကျောင်းတိုက်များ

သာသနာ သက္ကရာဇ် ၁၇၀၇-ခုနှစ်တွင် သီဟိုဠ်၌ နန်းတက်သော ပရက္ကမဗာဟုမင်းကြီးသည် ပုလတ္ထိပုရမြို့ကို ဝန်းရံ၍ ပုဗ္ဗာရာမ, ကပိလဝတ္ထု, ဣသိပတန, ကုသိနာရာမ, ဝေဠုဝနာရာမ, လင်္ကာတိလက, တိဝင်္ကံ, ဟတ္ထိဗဒ္ဓလေဏ, ဇေတဝနာရာမ, အစရှိသော ကျောင်းတိုက်ကြီးများကို တည်ဆောက်လှူဒါန်း၍ ထိုကျောင်းတိုက်နေ ရဟန်းတို့ကို ရဟန်းတို့၏ အသုံးအဆောင် ပစ္စည်းဖြင့် ချီးမြှောက်ကာ သာသနာပြုခဲ့သည်။

ဇေတဝနကျောင်းတိုက်တွင်း ပြာသာဒ် ဂ-ဆောင်

အထူးသဖြင့် ကျောင်းပြာသာဒ်ပေါင်း တရာကျော် တန်ဆာဆင်လျက် ဇေတဝန်ကျောင်းတိုက်ကြီးကိုလည်း တည်ဆောက်စေခဲ့သည်၊ ဇေတဝန်ကျောင်းတိုက်ကြီးအတွင်း၌လည်း—

၁။ သေလန္တရမူလာယတနိကာယ်၊
၂။ ဥတ္တရမူလာယတနိကာယ်၊
၃။ သရောဂါမမူလာယတနိကာယ်၊
၄။ မဟာနေတ္တိပဿာဒမူလာယတနိကာယ်၊
၅။ ဒက္ခိဏမူလာယတနိကာယ်၊
၆။ ကပ္ပူရမူလာယတနိကာယ်၊
၇။ သေနာပတိမူလာယတနိကာယ်၊
၈။ ဝါဟဒီပကမူလာယတနိကာယ်၊

ဟူသော ဂိုဏ်း ဂ-ဂိုဏ်းမှ သင့်တော်သော ဆရာတော် သံဃာတော်များ သီတင်း သုံးရန် ဘုံသုံးဆင့်ရှိသော ပြာသာဒ် ဂ-ဆောင်ကို ခမ်းနားစွာ ဆောက်လုပ်စေခဲ့ကြောင်း—

အဋ္ဌာယတနဝါသီနံ၊ ထေရာ တံ ထိရသီလိနံ။
မဟာဋ္ဌေ အဋ္ဌပါသာဒေ၊ ကာရာပေသိ တိဘူမကေ။

ဟူသော မဟာဝံသ၊ ၃၆၊ ၃၈-ဖြင့် သိရလေသည်၊ ဖော်ပြပါ ပြာသာဒ် ဂ-ဆောင်အနက် အဘိ-ဓာနပွဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်သည် သရောဂါမ မူလာယတနိကာယ် သရောဂါမ နိကာယ်ဝင် ရဟန်းအပေါင်းအတွက် ဆောက်လုပ်သော ပြာသာဒ်၌ သီတင်းသုံးကြောင်း—

မဟာဇေတဝနာချမ့်၊ ဝိဟာရေ သာခုသမ္မတေ။
သရောဂါမသမ္ဘူဟမ့်၊ ဝသတာ သန္တဝုတ္တိနာ။

ဟူသော အဘိဓာနပ္ပဒီပိကာနိဂုံးဖြင့် သိသာသည်၊ ဤ၌ သရောဂါမသမ္ဘူဟ ဟူသည် သီဟိုဠ်အခေါ် ဝိလ်ဂမ်မူလ သမ္ဘူဟတည်း၊ ထို့ကြောင့် သရောဂါမ သမ္ဘူဟမ့်ကို 'ဝိလ်ဂမ် မူလ သမ္ဘူဟ (=နိကာယ်) ရဟန်းတို့အတွက် ဆောက်လုပ်အပ်သော ပြာသာဒ်၌'ဟု သီဟိုဠ် ဆရာတို့ အနက်ပြန်ကြသည်။

အဘိဓာနပ္ပဒီပိကာကျမ်း ရေးသားခြင်း

အရှင်မောဂ္ဂလ္လာန်သည် အဘိဓာနပ္ပဒီပိကာကျမ်းကို အင္ဂကထာ ဋီကာနှင့် တကွ ပါဠိပိဋကတ်မွေနှောက်၍အမရကောသ စသော သင်္ကတကျမ်းများကိုမှီ၍ ရေးသားခဲ့သည်၊ ဆင်တူအခင်္ဂါနာမည်များကိုလည်း တွေ့နိုင်သည်၊ အမရကောသ၌ သွင်ဝင်းဟု လာရှိရာ အဘိဓာနပ္ပဒီပိကာ၌ သဂ္ဂကဏ္ဍဟု လာရှိသည်၊ အမရကောသ၌ ဘူမိဝဂ်း မနုပျဝဂ်း, ဝိဇေဗျ နိဿင်္ဂဝဂ်း သံကိဏ်ဏဝဂ်း နာနာထ်ဝဂ်း ဟူသော နာမည်တို့ကို အဘိဓာန်၌ ပုရဝဂ္ဂ, နရဝဂ္ဂ, ဝိသေသျာဓိနဝဂ္ဂ, သံကိဏ္ဏဝဂ္ဂ, အနေကတ္ထဝဂ္ဂ, တို့အဖြစ်ဖြင့် တွေ့နိုင်သည်။

ၛင်းပြင် အမရကောသနှင့်ဆင်တူသော ဂါထာအပိုဒ်စသည်တို့ကို တွေ့နိုင်သည်၊ အမရကောသ ပရိဘာဂါ၊ ဂ။

ပြာယဂေါရူပဘေဒေန၊ သာဟစယ်ါဲကုတြစိတ်။
သ္တီ ပုံနပုံသကံ ဇ္ဈေယံ၊ တဒ္ဓိဇေဖ ဝိဓေး ကွစိတ်။

အဘိဓာန် ပရိဘာသာ၊ စ။

ဘိယျော ရူပန္တရာသာဟ၊ စရိယေန စ ကတ္ထစိ။
ကွစာဟစ္စဝိဓာနေန၊ ဥယ်္ဂ ထိ ပုန္နပုံသကံ။

အရပ် ဂ-မျက်နှာစောင့်သော ဆင်တို့ကိုပြုရာ၌ အမရကောသ၊ ၃၊ ၄။

အဲရာဝတး ပုဏ္ဍရီကော၊ ဝါမနး ကုမုဒေါဠ္ဍနး။
ပုပ္ပဒန္တး သာဝိဘော်မး၊ သုပြတီ ကစ္စဒီဂ္ဂဇော။

အဘိဓာန်၊ ၁၊ ၃၀။

ရောဝတော ပုဏ္ဍရီကော၊ ဝါမနော ကုမုဒေါဠ္ဍနော။
ပုပ္ပဒန္တော သဗ္ဗဘူမ္မော၊ သုပ္ပတီတော ဒိသာဂဇော။

အမရကောသ၊ ၁၄၊ ၆၉-၌ တဏ္ဍုဂူနံ့တု မလ္လိကာ၊ ဓာန် ၅၇၄-၌ တိဏသုညံ တု မလ္လိကာ-စသည်ဖြင့် များစွာတွေ့နိုင်သည်။

ကျေးဇူးတင်ဖွယ်ရာ

အရှင်မောဂ္ဂလ္လာန်၏စွမ်းရည်ကြောင့် ပေါ်ထွန်းခဲ့သော အဘိဓာနပ္ပဒီပိကာကျမ်းကို ကျက်ဆောင်ကြ၍ ပါဠိဘာသာ နိုင်နင်းတတ်မြောက်သောပုဂ္ဂိုလ် မြားမြောက်စွာပေါ်ထွန်းခဲ့ရာ အဘိဓာန်ကျမ်းပြု အရှင်မောဂ္ဂလ္လာန်အား ကျေးဇူးတင်ဖွယ်ရာ ကောင်းလှပေသည်။

သိဒ္ဓတ်သင်္ဂဂ္ဟ, သမန္တကူဋဝဏ္ဏနာ, ရသဝါဟိနီကျမ်းပြု

အရှင်ဝေဒေဟမဟာသေရိ

အရှင်ဝေဒေဟသည် သီဟိုဠ်ပညာရှင်များစာရင်းတွင် ပါဝင်ခဲ့သော မထေရ်မြတ် ဖြစ်သည်၊ မထေရ်မြတ်သည် ပါဠိကဗျာအရေးအသားတွင် လွန်စွာကျော်ကြားလေသည်။ ပေါ်ထွန်းရာ ခေတ်ကို ခရစ်သက္ကရာဇ် ၁၂၃၄-၇၀-လောက်တွင် ပေါ်ထွန်းသော မထေရ်မြတ်ဖြစ်ကြောင်း သမန္တကူဋဝဏ္ဏနာ(သီဟိုဠ်)နိဒါန်းစသည်၌ တွေ့ရသည်၊ ဝေဒေဟ၏ကျေးဇူးရှင် ဆရာတော်များမှာ မူလဋီကာကျမ်းပြု ဝနရတနအာနန္ဒာထေရ်, ကာလိင်္ဂမဟာထေရ်, ခဏ္ဍသီမာပတ္တိ မင်္ဂလမဟာထေရ်တို့ဖြစ်ကြောင်း သီဟိုဠ်သာသနာဝင်ကျမ်းနှင့် ရသဝါဟိနီနိဂုံးတို့၌ လာရှိသည်၊ မထေရ်မြတ်သည် သီဟိုဠ်၌ ပုလတ္ထိပုရခေတ်၌ ထင်ရှားခဲ့သော အာရညကနိကာယဝင် ဖြစ်သတတ်။

ကျမ်းဂန်များရေးသားခြင်း

အရှင်ဝေဒေဟသည် (၁) သိဒ္ဓတ်သင်္ဂဂ္ဟခေါ် သီဟိုဠ်သဒ္ဒါကျမ်း၊ (၂) သမန္တကူဋဝဏ္ဏနာကျမ်း၊ (၃) ရသဝါဟိနီကျမ်းတို့ကိုလည်း ရေးသားစီရင်ခဲ့သည်။ မထေရ်မြတ်သည် သိဒ္ဓသင်္ဂဂ္ဟကျမ်းကို သီဟိုဠ်သဒ္ဒါကျမ်းဖြစ်သည့်အတိုင်း သီဟိုဠ်ကဗျာဖြင့် "မဟာဥဂ္ဂကိဋ္ဌကယ်ရယ်....ကရနေမိသိသိဒ္ဓသင်္ဂဂ္ဟ"ဖြင့် ပဏာမပဋ္ဌညာဉ်ပြု၍ ရေးသားခဲ့သည်။ ယင်းသည် သီဟိုဠ်၌ အစဆုံးပေါ်သော ဗျာကရဏ်းကျမ်းငယ် ဖြစ်ဟန်တူပါသည်။

သမန္တကူဋဝဏ္ဏနာကျမ်း

သမန္တကူဋဝဏ္ဏနာကျမ်းကို အရညဝါသီရာဟုလာထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်း—

ယော ယာစိတော‌ရညဝါသီ၊ ဂုဏာဓာရသုဓီမတာ။
ရာဟုလတ္ထေရနာမေန၊ ဝိဿုတေန မဟီတလေ။

ဟူသောဂါထာဖြင့် နိဂုံး၌ ဖော်ပြခဲ့သည်၊ ၎င်းပြင် အရှင်နန္ဒာ၏တပည့်ဖြစ်ကြောင်းနှင့် ပုဏ္ဏားအမျိုးအနွယ်ဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့သည်။

မထေရ်မြတ်သည် သိဒ္ဓတ်သင်္ဂဂ္ဟခေါ် သီဟိုဠ်ဗျာကရဏ်းကျမ်းကို ရေးပြီးမှ သမန္တကူဋဝဏ္ဏနာကျမ်းကို ရေးသားခဲ့ကြောင်း—

ယောကာ သီဟဠဘာသာယ၊ သီဟဠံ သဒ္ဒလက္ခဏံ။
တေန ဝေဒေဟထေရေန၊ ကတာယံ ပိယသီလိနာ။

ဟူသော သမန္တကူဋဝဏ္ဏနာနိဂုံး၌ လာရှိသည်၊ ဖော်ပြပါ သမန္တကူဋဝဏ္ဏနာကျမ်းသည် ဂါထာ ၃၉၆-နိဂုံးဂါထာ ၆-ဂါထာ၌ ပါဝင်လေသည်။ ယင်းကျမ်း၌ ဗုဒ္ဓဝင်အချုပ်ကို ဖော်ပြပြီး သီဟိုဠ်ကျွန်းသို့ ဘုရားရှင် ၃-ကြိမ် ကြွရောက်ပုံ, သမန္တကူဋတောင်၌ ခြေတော်ရာချပုံတို့ အကျယ်ပါဝင်လေသည်၊ ပြောင်မြောက်သော ဂါထာတို့ဖြင့် ရေးသားထားရာ သီဟိုဠ်၌ အခါအားလျော်စွာ

ကျောင်းသုံးပြဓာန်းလေ့ရှိသည်၊ ၎င်းကျမ်းကို စာရေးသူ မြန်မာအက္ခရာသို့ ပြန်၍ ၁၉၆၈-ခုနှစ်က ဗုဒ္ဓသာသနာအဖွဲ့သို့ ပေးအပ်ဘူးလေသည်။

ရသဝါဟိနီကျမ်း

ရသဝါဟိနီကျမ်းကိုလည်း သမန္တကူဋဝဏ္ဏနာရေးပြီးနောက် အရှင်ဝေဒေဟထေရ် ရေးသားခဲ့သည်၊သီဟိုဠ်ကျွန်း၌ ရဟန္တာသခင်အရှင်မြတ်တို့ ဇမ္ဗူဒိပ်ဖြစ်ရပ် သီဟိုဠ်ကျွန်းဖြစ်ရပ်တို့ကို သီဟိုဠ်ဘာသာဖြင့် ထားရှိခဲ့ရာ မဟာဝိဟာရကျောင်းတိုက် တဂုံတွာရဝက်် ပရိဝေဏဝါသီ အရှင်ရဋ္ဌပါလထေရ်သည် ပါဠိဘာသာအဖြစ် ပြန်ဆိုခဲ့သည်၊ ထိုသို့ပြန်ဆိုရာ၌ ပုနရုတ္တိဒေါသစသည်တို့ဖြင့် ရောပြွမ်းသဖြင့် ပြောင်မြောက်ကောင်းမွန်သော အရေးအသားဖြင့် "ရသဝါဟိနီ" အမည်ဖြင့် အရှင်ဝေဒေဟထေရ် ရေးသားခဲ့ခြင်းဖြစ်ခကြောင်း ဂန္ထာရမ္ဘဖြင့် သိရလေသည်၊ ရသဝါဟိနီသည် ဘာဏဝါရအားဖြင့် ၃၂-ဘာဏဝါရ ရှိကြောင်း—

ဒဲတ္တိ ံသဘာဏဝါရေဟိ၊ နိဒ္ဒိတာ ရသဝါဟိနီ။
ကရောတု သဗ္ဗသတ္တာနံ၊ ဣစ္ဆိတံ သဗ္ဗဒါ သုဘံ။

အရှင်ဝေဒေဟသည် ရသဝါဟိနီနိဂုံး၌ ကျေးဇူးရှင်ဆရာသမားတို့၏ အမည်ကို စုံလင်စွာ ဖော်ပြခဲ့သည်၊ ရသဝါဟိနီမှာ သီဟိုဠ်ရိုက် ဒီမိုင်းဆိုက် ၂၉၉-မျက်နှာ ရှိလေသည်။

အဘိဓမ္မာဝတာရဋီကာသစ်နှင့် ဋီကာကျော်ကျမ်းပြု

အရှင်သုမင်္ဂလသာမိ မဟာဒေဿရ

ပေါ်ထွန်းချိန်နှင့် ဆရာသခင်

အရှင်သုမင်္ဂလသာမိသည် သာသနာဝင်တွင် ထင်ရှားသည့် ကျမ်းတတ်မထေရ်တပါး ဖြစ်လေသည်၊ သာသနာသက္ကရာဇ် ၁၇၀၀-၁၈၀၀-အတွင်းတွင် ပေါ်ထွန်းခဲ့သည်၊ ပုလတ္ထိပုရမြို့ ဇေတဝန်ကျောင်းတိုက်စသည်တို့၌ သီတင်းသုံးခဲ့သည်၊ ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာစသည့် ကျမ်းဂန်များကို ပြုစုခဲ့သော သာသနသောဓက, သံဃရာဇာ အရှင်သာရိပုတ္တရာထံ ပညာသင်ကြားတတ်မြောက်ခဲ့သော မထေရ်မြတ်ဖြစ်ကြောင်း—

သာရိပုတ္တံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။
နမာမိ သန္တဝုတ္တိံ မေ၊ ဂုရုံ ဂါရဝဘာဇနံ။

ဟူသော အဘိဓမ္မာဝတာရာဘိနဝဋီကာ ဂန္ထာရမ္ဘ,—

သာရိပုတ္တံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။
ဝန္ဒိတွာ သိရသာ ဓီရံ၊ ဂရုံ ဂါရဝဘာဇနံ။

ဟူသော ဋီကာကျော် ဂန္ထာရမ္ဘတို့ဖြင့် သိသာသည်။

အဘိဓမ္မာဋီကာများ ပြုစုခြင်း

အရှင်သုမင်္ဂလသာမိသည် အဘိဓမ္မာဋီကာများကို ရေးသားခြင်းဖြင့် ပရိယတ္တိသာသနာကို ပြုစုခဲ့သည်၊ ၎င်းဋီကာများမှာ—

၁။ အဘိဓမ္မာဝတာရာဘိနဝဋီကာ၊

၂။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (ဋီကာကျော်)—

တို့ ဖြစ်သည်၊ ၎င်းဋီကာ ၂-စောင်အနက် အဘိဓမ္မာဝတာရဋီကာသည် ဋီကာကျော်မရေးမီ ရေးသောကျမ်းဖြစ်၍ ဋီကာကျော်မှာ အဘိဓမ္မာဝတာရဋီကာရေးပြီးမှ ရေးသောကျမ်း ဖြစ်လေသည်၊ ထိုသို့ဖြစ်ကြောင်းကို ဥဒ္ဒစ္စစေတနာ၏ ပဝတ္တိကျိုးပေးမှုနှင့် စပ်၍ ဋီကာကျော် ၁၈၁-၌ တံ သဗ္ဗံ ပရမတ္ထမဉ္ဇူသာဒိသု, ဝိသေသတော စ အဘိဓမ္မတ္ထဝိကာသိနိယာ နာမ အဘိဓမ္မာဝ-တာရသံဝဏ္ဏနာယံ ဝုတ္တနယေန ဝေဒိတဗ္ဗံ-ဟူသောစကား, စုတိစိတ်၏ ရုပ်ကိုမဖြစ်စေနိုင်ပုံနှင့် စပ်၍ ဋီကာကျော် ၂၀၈-၌ ဝိနိစ္ဆယော ပန နေသံ သခေ်ပတော မူလဋီကာဒီသု ဝိတ္ထာရတော စ အဘိဓမ္မတ္ထဝိကာသိနိယံ ဝုတ္တနယေန ဒဋ္ဌဗ္ဗော-ဟူသော စကားရပ်များဖြင့် သိနိုင်လေသည်။ ၎င်းအဘိဓမ္မာဝတာရာဘိနဝဋီကာ ကျမ်းစာကို သီဟိုဠ်၌ ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက် ၄၅၆-မျက်နှာရှိရာ မြန်မာပြည် ဗုဒ္ဓသာသနာအဖွဲ့ရိုက် ၂-တွဲပေါင်း ၆၀၀-မျှရှိလေသည်၊ မထေရ်မြတ်သည် အဘိဓမ္မတ္ထ-ဝိဘာဝိနီ ဋီကာကျော်ကျမ်းကိုလည်း မိမိ၏ဆရာ အရှင်သာရိပုတ္တရာရေး သင်္ဂြိဟ်နိသျကို မှီ၍ ၂၄-ရက်နှင့်အပြီး ရေးသားခဲ့သည်၊ ဋီကာကျော်မှာ ဗုဒ္ဓသာသနာရိုက် ရှိုင်ဆိုက် ၂၇၉-မျက်နှာရှိလေသည်။

အရှင်ဗုဒ္ဓနာဂ မဟာထေရ်

အရှင်ဗုဒ္ဓနာဂသည် ဋီကာကျမ်းပြုပုဂ္ဂိုလ်များတွင် ထင်ရှားသည့် ဋီကာကျမ်းပြုပုဂ္ဂိုလ်တဦးဖြစ်လေသည်။

ပေါ်ထွန်းချိန်နှင့် ကျေးဇူးရှင်ဆရာ

မထေရ်မြတ် ပေါ်ထွန်းချိန်မှာ ပရက္ကမဗာဟုမင်းကြီးလက်ထက် သာသနာသက္ကရာဇ် ၁၇၀၁-ကျော်ဖြစ်၍ ကျေးဇူးရှင်ဆရာရင်းမှာ သံဃရာဇာ အရှင်သာရိပုတ္တရာ ဖြစ်လေသည်။

သိဿော သသီကရသ္ဓစ္ဆ – သီလာစာရဿ ဓီမတော။
သာရိပုတ္တမဟာထေရ – မဟာသာမိဿ တာဒိနော။

(ကခ်ဴဋီကာသစ်။ ၄၈၈)

ပစ္ဆိမာရာမကျောင်းတိုက်ကြီး

သာသနာသက္ကရာဇ် ၁၇၀၇-၌ သီဟိုဠ်ကျွန်း ပုလတ္ထိပုရမြို၌ ထီးဖြူစိုက်ဆောက် မင်းအဖြစ်သို့ ရောက်ခဲ့သော သာသနာပြု ပရက္ကမဗာဟုမင်းကြီးသည် ပုလတ္ထိပုရနန်းမြို့တော်၏ အနောက်ဖက်၌ ပစ္ဆိမာရာမမည်သော ကျောင်းတိုက်ကြီးကိုလည်း တည်ဆောက်၍ သာသနာတော်အား လှူဒါန်းခဲ့သည်၊ ယင်းကျောင်းတိုက်ကြီး၌ ပရိဝေဏပေါင်း ၂၂-တိုက် ပရိဝေဏတတိုက်တိုင်း၌ ပြာသာဒ်တဆောင်စီ ဆောက်စေရာ ပြာသာဒ်ပေါင်း ၂၂-ဆောင် ရှိလေသည်၊ ၎င်းပြင် မင်းတင်းကုပ်ပေါင်း ၂၀, ဘုံ ၂-ဆင့်ပြာသာဒ် ၄၁-ဆောင်, ဝစ္စကုဋီပေါင်း ၄၅, ပြာသာဒ်တဆောင်၌ စကြံုန် ၂-ဆောင်စီ, ဓမ္မာရုံဇရပ် တဆောင်စီ, ဓမ္မာရုံဇရပ် တဆောင်တဆောင်၌ တံခါးမုခ်ပေါင်း ၁၀-ခုရှိကြောင်း—

တထေဝ ပစ္ဆိမာရာမံ၊ ကာရာပေသိ နရိဿရော။
တတ္ထ ဗာဝီသမတ္တေသု၊ ပရိဝေဏေသု တတ္တကာ။

စသော မဟာဝံသ၊ ၇၆၊ ဂါထာများဖြင့် သိရလေသည်။

ကခ်ဴဋီကာသစ် ရေးသားခြင်း

အရှင်ဗုဒ္ဓနာဂသည် ဖော်ပြပါ ပစ္ဆိမာရာမတိုက်အတွင်း စောဠကုလန္တိကပြာသာဒ်၌ သီတင်းသုံးစဉ် အရှင်သုမေဓာထေရ်တောင်းပန်သဖြင့် ကခ်ဴဝိတရဏီ အဘိနဝဋီကာခေါ် ကခ်ဴဋီကာသစ်ကို ရေးသားခဲ့သည်၊ စောဠကုန္တိကပြာသာဒ်၌ သီတင်းသုံးသည်ကို ထောက်၍ အရှင်ဗုဒ္ဓနာဂသည် စောဠတိုင်းသား ဖြစ်ကောင်းဖြစ်ပေမည်။

ရှေ့နောက်မညီချက်

အရှင်ဗုဒ္ဓနာဂသည် အရှင်သာရိပုတ္တရာ၏ တပည့် ဖြစ်သည့်အတိုင်း စာပေနိုင်နင်းသည့် ပုဂ္ဂိုလ်မြတ်ကြီးဖြစ်လင့်ကစား ကခ်ါ၊ ဌီ၊ သစ်၊ ၁၀၉-၌ "မနောဒ္ဓါရေ အာပတ္တိ နာမ နတ္ထိတိ ဣဒံ ယောဘုယျဝသေန ဝုတ္တံ၊ ဥပနိက္ခိတ္တသာဒိယနာဒီသု အာပတ္တိသမ္ဘဝတောတိ ဒဋ္ဌဗ္ဗံ" ဟု လာရှိရာ ကခ်ါ၊ ဌီ၊ သစ်၊ ၃၂၂-၌ "သစေ ပန ကာယဝါစာဟိ အပ္ပဋိက္ခိပိတ္ဝာ စိတ္တေန အဓိဝါသေတိ၊ ကာယဝါစာဟိ ကတ္တဗ္ဗဿ ပဋိက္ခေပဿ အကရဏတော အကိရိယသမုဋ္ဌာနံ ကာယဝစီဒ္ဝါရေ အာပတ္တိ အာပဇ္ဇတိ။ မနောဒ္ဓါရေ အာပတ္တိ နာမ နတ္ထိ" ဟု မိန့်ဆိုပြန်ရာ စကား ၂-ရပ် မထပ် မိသည်ကို တွေ့ရလေသည်၊ ဤသို့ တွေ့ရတတ်သော်လည်း လွန်စွာကောင်းမွန်သော ဌီကာ အဖြစ်ကား မှတ်သားသင့်ပေသည်။

ကခ်ါဌီကာသစ်သည် ဆဋ္ဌသံဂါယနာ စာတော်မူ ၃၇၁-မျက်နှာ ရှိလေသည်၊ ကခ်ါဝိတရဏီ-အဘိနဝဋီကာကို ဝိနယတ္ထမဉ္ဇူသာဟု ကျမ်းဆရာကိုယ်တိုင် အမည်ပေးခဲ့သည်။

ဇီနာလင်္ကာရစာကိုယ်, ဋီကာကျမ်းပြု

အရှင်ဗုဒ္ဓရက္ခိတ မဟာထေရ်

အရှင်ဗုဒ္ဓရက္ခိတသည် ဂန္ဆဝင် ပုဂ္ဂိုလ်များသမိုင်းတွင် ထင်ရှားသော မထေရ်တပါးဖြစ်သည်၊ မထေရ်မြတ်သည် သီဟိုဠ်ကျွန်း သာသနာသက္ကရာဇ် ၁၇၀၀—တွင် ပေါ်ထွန်းထင်ရှားခဲ့သည်၊ မထေရ်မြတ်သည် သီဟိုဠ်ကျွန်းတောင်ပိုင်း ရောဟဏဇနပုဒ် ဇာတိဖြစ်သည်၊ ရဟန်းသံဃာတော်တို့အား စာပေပို့ချခြင်းဖြင့် ပရိယတ္တိသာသနာ့ဝန်ဆောင်တပါးဖြစ်၍ အဘိဓမ္မာဌ်လွန်စွာကျွမ်းကျင်ကြောင်း ဇီနာလင်္ကာရဋီကာနိဂုံး—

သတ္တရသဝဿသတေ၊ ဂတေ လင်္ကာတလေ တဒါ။
ရောဟဏေ သုစိဝံသမှိ၊ ဇာတော ပတ္ထဒ္ဒကိတ္တိမာ။

ဗုဒ္ဓရက္ခိတနာမော သော၊ ဘိက္ခူနံ ဂဏဝါစကော။
အဘိဓမ္မနဘေ ဝါယု–ဝေဂါဝ မဟိယာ ဂတော။

ဟူသော နိဂုံးဂါထာများဖြင့် သိနိုင်လေသည်။

ဇီနာလင်္ကာရစာကိုယ်နှင့် ဋီကာကိုပြုစုခြင်း

အရှင်ဗုဒ္ဓရက္ခိတသည် ဘုရားရှင်၏ အနန္တ ကျေးဇူးတော်ကို အဖန်တလဲလဲ ရှုဆင်ခြင်ကာ ဂါထာပေါင်း ၂၇၀—ရှိသော ဇီနာလင်္ကာရစာကိုယ်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော် အပေါင်းကို ဖွဲ့နွဲ့ကာ ရေးပူဇော်ခဲ့သည်၊ ပြောင်မြောက်ခဲခက်သော ဂါထာတို့ဖြင့် ရေးသားထားသော ဂါထာများကို ဖွင့်ရန် အခြား ပုဂ္ဂိုလ်များအား တာဝန် မတက်စေလိုသဖြင့် အရှင်ဗုဒ္ဓရက္ခိတသည် ကိုယ်တိုင်ပင် အဖွင့်ဋီကာ ရေးတော်မူခဲ့သည်၊ ဘာဏဝါရပေါင်း ၂၀-ဘာဏဝါရရှိသော ဇီနာလင်္ကာရဋီကာကို သီဟိုဠ်၌ရှိဂ်နှိပ်ခဲ့ရာ စာမျက်နှာ ၂၉၀—ခန့် ရှိလေသည်၊ မြန်မာပြည် သုဓမ္မဝတီပုံနှိပ်တိုက်ရိုက် စာမျက်နှာ ၃၇၁—ရှိလေသည်၊ ဘုရားရှင်၏ လက္ခဏာတော်ငယ် ၈၀ နှင့် ၁၀၀—ကွက် စက်လက္ခဏာသရုပ်တို့မှာ အခြားရှေးကျသော အဋ္ဌကထာ, ဋီကာတို့၌ ပြည့်စုံစွာ မတွေ့ရပဲ ဤဇီနာလင်္ကာရ၌သာ တွေ့ရှိရလေသည်၊ ဤဇီနာလင်္ကာရနှင့် ၎င်းဋီကာကိုကြည့်ရှုကြ၍ ဘုရားရှင်အား အစလသဒ္ဓါဖြင့် ကြည်ညိုနိုင်ကြပါစေ။

မောဂ္ဂလ္လာန်သဒ္ဒါကျမ်းနှင့် ဝုတ္တိဝိဝရဏပဥ္ဇိကာကျမ်းပြု

အခြင်မောဂ္ဂလ္လာန် မဟာထေရ်

အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်သည် သာသနာသက္ကရာဇ် ၁၇၀၀—ကျော်၌ သီဟိုဠ်၌ လွန်စွာကျော်ကြားသည့် မထေရ်မြတ် ဖြစ်သည်၊ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းနှင့် ၎င်း၏အဖွင့် ဝုတ္တိဝိဝရဏပဥ္ဇိကာကိုကြည့်ခြင်းဖြင့် ပိဋကတ်သရဖူဆောင်း တတ်မြောက်ကြောင်း, ဗျာကရဏ်းကျမ်းအတတ် တဖက်ကမ်းခပ် ပါရဂူမြောက်ဖြစ်ကြောင်း သိနိုင်သည်။

သီတင်းသုံးရာနှင့် ပုလတ္ထိပုရသာသနာ့သုတ်သင်ပဲ့ဝိဓာယက

မထေရ်မြတ်သည် အနုရာဓမြို့ ထူပါရာမကျောင်းတိုက်၌ သီတင်းသုံးကြောင်း, ပုလတ္ထိပုရ၌ ကျင်းပသော သာသနာ့သုတ်သင်ပဲ့တင် ဓမ္မဝိနယလမ်းကြောင်းအရ ကူညီစီစဉ်ရသည့်သာသနာ့သောဓကဝိဓာယက မထေရ်မြတ်ဖြစ်ကြောင်း သီဟိုဠ်သာသနာ့သမိုင်းများအရ သိရသည်၊ သာသနာ့သုတ်သင်ပဲ့၌ အိမ်ရှေမင်းသား၏နယ်ပယ် (မာယာရဋ္ဌ)မှ သာသနာ့သုတ်သင်ပဲ့တွင် ပါဝင်ရသော ခေါင်းဆောင်ဆရာတော်များနာမည်တွင် —

သ မောဂ္ဂလ္လာနထေရံ စ၊ ထေရံ နာဂိန္ဒပလ္လိယံ။
ယုဝရာဇဿ ရဋ္ဌသ္မိံ၊ အညေ သဗ္ဗေ စ ဘိက္ခဝေါ။

ဟူသော မဟာဝံသ။ ၃၆၊ ၉။ ဂါထာဖြင့် မောဂ္ဂလ္လာန်ထေရ် ပါဝင်ရာ ဖော်ပြပါ မောဂ္ဂလ္လာန် ဗျာကရဏ်းကျမ်းပြု မောဂ္ဂလ္လာန်ဟုတ် မဟုတ် ပညာရှင်တို့ စိစစ်သင့်ကြပေသည်။

မထေရ်မြတ်သည် စန်းကျမ်း, ပါဏိနီ-စသည့် သဒ္ဒါကျမ်းပေါင်း များများကို မှီငြမ်းပြုကာ မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်းနှင့် ယင်း၏ အဖွင့် ဝုတ္တိဝိဝရဏပဥ္ဇိကာကို ရေးသားတော်မူခဲ့သည်၊ စာကိုယ်ဌီကာ ၂-ကျမ်းလုံး ဆရာတဦးတည်း ရေးထားရကား အခြား သဒ္ဒါကျမ်းများထက် စင်ကြယ်ကောင်းမြတ်သော သဒ္ဒါကျမ်းဖြစ်ကြောင်း သံသယမဲ့ မှတ်နိုင်သည်၊ ပဥ္ဇိကာ-ပဒီပယ စသည့် ကျမ်းပေါင်းများစွာကို ပြုစီရင်ခဲ့သူ သိရိရာဟုလာမထေရ်က ပါဏိနီဆရာ၏ စွမ်းရည်, စန္ဒဂေါမိန်ဆရာ, ကစ္စည်းဆရာတို့၏ ဗျတ္တိဗလဟူသမျှသည် အကောင်အထည်ဖြစ်ကာ မောဂ္ဂလ္လာန်ရုပ်သွင် စီရင် ဖန်ဆင်းကြောင်း—

ယာ ဂတ္တိး ပါဏိနော် ယာစ၊ စန္ဒြာကာတျာယနာဒီဟု။
သေယမ္မူတိ မတိမန္နေ၊ မောဒ္ဓျာယနရူပိနီ။ (သက္ကတ)

ယာ သတ္တိ ပါဏိနေ ယာ စ၊ စန္ဒကစ္စာယနာဒီသု။
သာယံ မုတ္တိမတိမညေ၊ မောဂ္ဂလ္လာယနရူပိနီ။ (ပါဠိ)

စသည်ဖြင့် ချီးကျူးသြဘာ ထောမနာပြုခဲ့သည်။ ၎င်းပြင် သာရတ္ထဝိလာသိနီပဥ္ဇိကာ ဋီကာ ဆရာကလည်း ပိဋကတ်နှင့်တကွ ဗျာကရဏ်းကျမ်းအလုံး၌ နိုင်နင်းသည့် ဂုဏ်သတင်းစသည်တို့ဖြင့် အရပ်အာဇာလုံး ပြန့်နှံ့ကျော်ကြားသော မောဂ္ဂလ္လာန်သည် သာသနာတော်၌ အောင်ပါစေသောဟု—

ဇယတီဟ မဟာပညော၊ သော မောဂ္ဂလ္လာယနော မုနိ။
ယဿ သာဓုဂုဏဘ္ဂုတ–ကိတ္တိ သဗ္ဗတ္ထ ပတ္ထဋ္ဌာ။

ဖြင့် ပဋ္ဌိကာဋီကာပဏာမာဒိကထာ၌ ဖော်ပြခဲ့သည်။

မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်း

မထေရ်မြတ်သည်—

သိဒ္ဓမိဒ္ဓဂုဏံ သာဓု၊ နမဿိတ္ဝာ တထာဂတံ။
သဓမ္မသံဃံ ဘာသိဿံ၊ မာဂဓံ သဒ္ဒလက္ခဏံ။

ဟူသောဂါထာဖြင့် ရတနာ ၃-ပါးရှိခိုး ပဋ္ဌိညာဉ်ပြုကာ ဗျာကရဏ်းကို စတင် ရေးသားတော့သည်၊ မောဂ္ဂလ္လာန် ဗျာကရဏ်းသည် ၇-ပိုင်း ၆-ဘာဏဝါရရှိ သဒ္ဒါကျမ်းဖြစ်သည်။

ဝုတ္တိဝိဝရဏပဋ္ဌိကာ

မထေရ်မြတ်သည် ဝုတ္တိဝိဝရဏပဋ္ဌိကာဋီကာကိုလည်း—

မဟာဒယော ယော ဇနတာဟိတာယ၊
သမ္မောဓိသမ္ပာပကဓမ္မဇာတံ။

စသော ဂါထာများဖြင့် ရတနတ္တယ ပဏာမကိုပြု၍ ရေးသားခဲ့သည်၊ ပဋ္ဌိကာသည် ဘာဏဝါရ ၂၀, ဂါထာပမာဏအားဖြင့် ၅-ထောင်, အက္ခရာအားဖြင့် ၁-သိန်း၆-သောင်း, အတိုင်းအရှည် ရှိလေသည်။

ပညာရှိအဖြစ်ဝန်ခံခြင်း

မထေရ်မြတ်သည် ပိဋ္ဌကတ်ကို ချောက်ချားပြီး ဗျာကရဏ်း အမျိုးမျိုးကို ဒိုးကဲ့သို့ နှောက်ကစား၍ ကျမ်းစာကို ရေးသားနိုင်သူဖြစ်သဖြင့် ပညာရှင်အဖြစ်—

မောဂ္ဂလ္လာနေန ထေရေန၊ ဓီမတာ သုစိဝုတ္တိနာ။
ရစိတံ ယံ သုဝိညေယျ–မသန္ဒိဒ္ဓမနာကုလံ။

ဟူသောဂါထာလာ စကားအစိတ်ဖြင့် သိနိုင်သည်။

ပဒသာဓနကျမ်းပြု

ဝိယဒသီမဟာဌေရ

အရှင်ပိယဒဿီသည် မောဂ္ဂလ္လာန်ပဋိကာကျမ်းမျှားကို ပြုစုသူ ဗျာကရဏဝိဒူ အရှင်မောဂ္ဂလ္လာန်၏တပည့်ရင်းချာဖြစ်သဖြင့် သာသနာသက္ကရာဇ် ၁၇၀၇-၁၈၀၀ အတွင်း သီဟိုဠ်ကျွန်း၌ ပေါ်ပေါက်ထွန်းကားသည့် ပညာရှင်မထေရ်ဖြစ်ကြောင်း ထင်ရှားလေသည်။

ပဒသာဓန

မထေရ်မြတ်သည် မောဂ္ဂလ္လာန်ကျမ်း၌ သုတ်စဉ်ကို ပမာဏမပြုပဲ ရှုပ်ပြီးရန် အတွက် ပမာဏပြု၍ ပဒသာဓနကျမ်းကို ရေးသားစီရင်ခဲ့ရာ ဗျာကရဏ်း လိုက်စားသူတို့အဖို့ အလေး အမြတ်ပြုအပ်သော ကျမ်းစာဖြစ်လေသည်၊ မထေရ်မြတ်၏ ပါဠိကျမ်းတတ်ပညာရှိဖြစ်ကြောင်းကို—

ဗုဒ္ဓမ္မုဇံ နမဿိတ္ဝာ၊ သဒ္ဓမ္မမမုဘာဇနံ။
ဂုဏမောဒပဒံသံဃ–မဓုဗ္ဗတနိသေဝိတံ။

မောဂ္ဂလ္လာယနာစရိယ–ဝရံ စ ယေန မိမတာ။
ကတံ လဟုမသန္ဒိဒ္ဓ–မနုနံ သဒ္ဒလက္ခဏံ။

အာရဘိသံ သမာသေန၊ ဗာလတ္ထံ ပဒသာဓနံ။
မောဂ္ဂလ္လာယနသဒ္ဒတ္ထ၊ ရတနာကရပဒ္ဓတိ ံ၊

သညာပရိဂ္ဂဟေနေဝ၊ လက္ခဏေသု သရာဒယော။
ဉာယန္တီတိ တမေဝါဒေါ၊ ဒဿယိဿံ ဝိဘာဂတော။

ဟူသော ဂန္ထာရမ္ဘ ဂါထာမျှားဖြင့် သိနိုင်လေသည်၊ မထေရ်မြတ်သည် ပဒသာဓန နိဂုံး၌လည်း ပြည့်စုံစွာဖော်ပြထားသဖြင့် မောဂ္ဂလ္လာန်ထေရ်၏ နေရပ်စသည်ကိုသိရသဖြင့် စာပေသမိုင်းအတွက်နှင့် သာသနာဝင်အတွက် ကျေးဇူးမျှားလေသည်၊ ပဒသာဓနကို သီဟိုဠ်၌ နိသျမျှားနှင့် တက္ခ ၁၉၀၅-ခုနှစ် ၁၉၃၂- ခုနှစ်က ရိုက်နှိပ်ခဲ့သည်၊ မြန်မာပြည်၌ မန္တလေး ရတနသိဒ္ဓိပုံနှိပ်တိုက်၌ ၁၉၂၁-ခုက ရိုက်နှိပ်ခဲ့ရာ စာမျက်နှာ ရှုိင်ဆိုက် ၆၅-သာ ရှိလေသည်။

ပဒသာဓနဋ္ဌကာကျမ်းပြု

သံဃရာဇ အရှင်ရာဟုလာ မဟာထေရ်

အရှင်ရာဟုလာသည် ပဒသာဓနဋ္ဌကာ, ပဋိကာပဒီပစသော ကျမ်းများစွာကို ပြုစီရင်ခဲ့သည့် ပညာရှိမထေရ်မြတ်ဖြစ်သည်၊ မထေရ်မြတ်သည် ခရစ်သက္ကရာဇ် ၁၄၁၅ခုမှ ၁၄၆၇-အတွင်း ပေါ်ပေါက်သော မထေရ်မြတ်ဖြစ်ကြောင်း သိဟိုဠ်သမိုင်းတော်၌ ဖော်ပြကြသည်၊ မထေရ်မြတ်သည် ကျမ်းဂန်များမြောက်စွာကို ရေးသားခဲ့ရာ ဗုဒ္ဓပူဇာဒနီအမည်ရှိသော ပဒသာဓနဋ္ဌကာစသည်တို့ ပါဝင်ကုန်သည်၊ မထေရ်မြတ်သည် ပဒသာဓနဋ္ဌကာကို အရှင်ဒီပင်္ကရထေရ်တောင်းပန်၍ ရေးသားခဲ့သည်၊ ဂန္ထာရမ္ဘဂါထာများမှာလည်း လွန်စွာကောင်းမွန်ပြောင်မြောက်ရာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

(၁) ကလျာဏရူပမစလံ သုရသတ္ထဝုတ္တိ၊ မာဒိစ္စရုဇသရဏံ ဘုဝနပ္ပတိဋ္ဌံ။
သဗ္ဗုတ္တရံ ဝရသုဓမ္မနေကဝဏ္ဏံ၊ ဝန္ဒေ ပသိဒ္ဓရတနံ မုနိ ရာဇမေရုံ။

(၂) သမ္ပန္နလက္ခဏပဒါမုဒုဝဏ္ဏရူပါ၊ ဒီဃပွမာဏနယနာ မုနိရာဇဝါဏီ။
သမ္ဘာဝိတာသဝနဒဿနုပ္ပါသနေဟိ၊ သတ္တာနတာပမပနီယ တတောတု နန္ဒံ။

(၃) ဘတ္ဗာ နတာမိတ နရာသုရဒေဝရာဇကောဋ္ဌိရကောဋ္ဌိမဏိဆပွဒစုမ္ဗိတာနိ။
တမ္မဂ္ဂံလိတတိဒ လေနခ ကေသရာနိ၊ သံဃဿ စာရုစရဏမ္ဗုရုဟာနိသေဝေ။

(၄) သဒ္ဒါနုသာသနပဝီဏကုရူပဒေသ–ဝါဏိပဝေဏီမဝလမ္ဗိယသာရဘူတံ။
သံခ်ပွသာသယပဒတ္ထဝိဘာဝနာယ၊ ဋီကံ ကရောမိ သုဂမံ ပဒသာဓနဿ။

ပဒသာဓနနိဂုံး၌ ကျမ်းဆရာ၏ အမည်စသည်တို့ကို ဖော်ပြပါ ဂါထာများဖြင့် ကျမ်းဆရာကိုယ်တိုင် ပြသခဲ့လေသည်။

(၁) သာရိပုတ္တမဟာဒိသာမိဇနနေ ဇာတဿ သမ္ဘာဝိတေ၊
နတ္တာဥတ္တရမူလရာဟုလမဟာထေရ သိက္ခာဂရု–
ဝိချာတောပဒဝါကျတက္ကကုသလောဝါဒီဘသီဟော သုဓီ၊
သော ဝါစိဿရသံဃရာဇာ ပဝရော ဗျာကာသိ ဋီကံ ဣမံ။

(၂) ဂင်္ဂါတဋာကိယကရမ္ဘဝဋ္ဋနယေန၊
ယာ သတ္တရတနပဋိရာဇနိဝါသိကေန။
ဒီပင်္ကရေန ယတိနာ ကထိတာ ဝိဓာတုံ၊
သံသိဒ္ဓိမာပ ပဒသာဓနဝဏ္ဏနာယံ။

နိဂုံးဂါထာ၌ ဝါစိဿရသံဃရာဇာပဝရော ဟုဆိုရာ၌ ဝါစိဿရဘွဲ့မည် မဟုတ်ပဲ "တြိပိဋကဝါဂီဇ္ဇရာစာယ်" ဟု သိဟိုဠ်၌ ဂုဏ်ပြုနေကြဘွဲ့ဖြင့်လေသည်၊ သို့ဖြစ်၍ တြိပိဋကဝါဂီဇ္ဇရာစာယ် ဘွဲ့တော်ရ ရာဟုလာသံဃရာဇာဖြစ်ကြောင်း သိသာသည်၊ အရှင်ရာဟုလာ၏ ပဋိကာပြဒီပယနိဂုံး၌လည်း–

ရမ္မေ ဝိဟာရပဝရေ ဘူမိတိတ္ထဂါမေ၊ ထေရော ဝိဇယဗာဟုနိဝါသဝါသီ။
ဝါစိဿရော ဝိဒိတရာဟုလသာမိ နာမော၊ ဒီပံ အဒါသိ ပဋ္ဌနမွိ ပဋ္ဌိကာယံ။

ဟု လာရှိသည်။

အရှင်ရာဟုလာသည် သီဟိုဠ်ကျန်း ကောဋ္ဌမြို့၌ အေ-ဒီ ၁၄၁၅-တွင် နန်းတက်သော ဆဋ္ဌပရက္ကမဗာဟုမင်းလက်ထက်၌ ထင်ရှားသော မထေရ်မြတ် ဖြစ်သည်၊ ၎င်းမထေရ်သည် ပဋ္ဌိကာ-ပဒီပကျမ်းကိုလည်း ရေးသားခဲ့သည့်ပြင် ကာဗျဂေရေသီဟိုဠ်မဟာကဗျာကျမ်းနှင့် သန္ဒေသကျမ်းတို့ကို ရေးသားခဲ့သည်၊ သီဟိုဠ်၌ ဖော်ပြပါ ရာဟုလာ၏နောက်ဆုံးဖြစ်စဉ်ကို မတွေ့ရသဖြင့် မြန်မာပြည် ပုဂံ နရပတိစည်သူမင်းကြီး၏ သဘင်ခံ၍ အလှူကြီးပေးရာတွင် ကချေသည်မကို မြင်ရသဖြင့် သာသနာဘောင်၌ မရှင်ပျမပျော်မွေ့သဖြင့် မလယကျန်းသွား၍ လူထွက်သော ရာဟုလာဟုတ်မဟုတ် စိစစ်စရာဖြစ်လေသည်။ သက္ကရာဇ် အနည်းငယ်ကွာ၍ နေသည်ကိုလည်း သတိပြုသင့်လေသည်။

ယိုးဒယားနိုင်ငံမှ ပါဠိကျမ်းပြုဆရာတော်

အရှင်ရတနပညာ မဟာဇေါရ်

အရှင်ရတနပညာသည် ယိုးဒယားနိုင်ငံ စာပေသမိုင်း၌ ထင်ရှားသော ဆရာတော် ဖြစ်သည်၊ မထေရ်မြတ်သည် သာသနာသက္ကရာဇ် ၂၀၁၇-လောက်တွင် ပေါ်ထွန်းခဲ့၍ ယိုးဒယားနိုင်ငံ နဗ္ဗိသီ (ချင်ရိုင်း)မြို့အနီးရှိ ရတ္တဝနမဟာဝိဟာရ၌ သီတင်းသုံးခဲ့သည်၊ မထေရ်မြတ်သည် ပါဠိကျမ်းပြု ပုဂ္ဂိုလ်အထွက်နည်းပါးသော ယိုးဒယားနိုင်ငံ၌ ပါဠိကျမ်းပြု ပုဂ္ဂိုလ်အဖြစ် ထူးခြားစွာ မှတ်တမ်းအတင်ခံရသော ပုဂ္ဂိုလ်မြတ်ဖြစ်ပေသည်၊ မထေရ်မြတ်သည်—

၁။ ဇိနကာလမာလီကျမ်း၊

၂။ ဝဇိရသာရတ္ထသင်္ဂဟကျမ်း၊

စသော်ကျမ်းများကို ရေးသားစီရင်တော်မူခဲ့သည်၊ ၎င်းကျမ်းများအနက် ဇိနကာလမာလီကျမ်းမှာ ဂေါတမဘုရားရှင် ဘုရားအဖြစ် ဆုတောင်းချိန်မှစ၍ အေ-ဒီ ၁၅-ရာစုအထိ သီဟိုဠ်နှင့် ယိုးဒယားအတွင်း သာသနာပြု အဆက်အသွယ်ကို ဖော်ပြသောကျမ်းဖြစ်သည်၊ အနည်းငယ် အသေးစိတ် ဖော်ပြရသော် ဇိနကာလမာလီကျမ်း၌ ဘုရားရှင် ဘုရားအဖြစ် တောင့်တတော်မူပုံနှင့် စပ်၍ စိတ္တုပ္ပါဒကထာ, ဝစီဘေဒကထာ, ၂၄-ဆူသောဘုရားရှင်တို့ထံ ဗျာဒိတ်ခံပုံ, ဗုဒ္ဓဝင်အကျဉ်းချုပ်, ဓာတ်တော် ဝေဖန်ခက်း, (ဓာတုဝဏ္ဏနာ)ပကိဏ္ဏကကထာ, သံဂီတိကထာများ သီဟိုဠ်ကျွန်းသို့ သာသနာရောက်ပုံ, ဟရိပုဉ္ဇယပွတ္တို ယိုးဒယားသို့ သီဟိုဠ်သာသနာပြု ရဟန်းတော်များရောက်ပုံ စသည်နှင့် စန္ဒကူးဆင်းတုအကြောင်းစသည်တို့ ပါဝင်သည်၊ ၎င်းကျမ်းကို ယိုးဒယား၌ အေ-ဒီ ၁၉၀၈-၌ ရိုက်နှိပ်ခဲ့၍ သီဟိုဠ်ကျွန်း၌ ၁၉၅၆-ခုနှစ်က ရိုက်နှိပ်ခဲ့သည်၊ ဒီမိုင်းဆိုက် စာမျက်နှာ ၁၀၆-သာ ရှိလေသည်၊ ပဏာမဂါထာများမှာ—

မောဟန္ဓကာရံ တိဃနံ ပဟန္ဒှာ၊ ဉာဏံသုနှာ ဓမ္မာရံ သုနာယော။
ဝေနေယျပန္ဓုတ္တယပင်္ဇံ တံ၊ ဗောဓေသိ ဝန္ဒေ ဇိနအံသုမာလိ ။

ရာဂါတုရေ သေဋ္ဌဂဒေါတိလောဓော၊ မောဟန္ဓကာရေ ဝရဒီပမာလိ။
ဒေါသဂိတော ယော ရတနာဝလီဝ၊ ဃမ္မာဘိတတ္တေ ပဏမာမိ ဓမ္မံ။

ခေတ္တံဝ ပုညေသိနုဗုဒ္ဓဝံသော၊ ဗုဒ္ဓဿ ဗိမ္မော၀ သမိဒ္ဓိယော သော။
နရုမရုနံ ဝရဒက္ခိဏေယျော၊ ဂဏ္ဌုတ္တမော တံ ပဏမာမိ သံဃံ။

ဗုဒ္ဓေါပိ ဗုဒ္ဓဿ သုတော မဘာသိ၊ ကာလာပဒေသမ္မိ ဝိစိတြနာနံ။
အာနေကမာလိ ပန သော သမဇ္ဈာ၊ ဉာဘံ ကဒိနံ မတတော သုခေန။

ဗုဒ္ဓံ စ ဓမ္မံ သဂဏံ နမိတ္ဝာ၊ ပုညာဘိသန္ဒံ အလဘိ ဗဟုံ၀။
ဟတန္တရာယော ကုသလေန တေန၊ ဝက္ခာမိ ဂန္ထံ ဇိနကာလမာလိ ။

တို့ ဖြစ်လေသည်။

မထေရ်မြတ်သည် ဝဇီရသာရတ္ထသင်္ဂဟကျမ်းကိုလည်း ရေးသားခဲ့သည်၊ ၎င်းကျမ်းသည် မူသင်္ဂဟကျမ်းဖြစ်သည်၊ ကျမ်းဦးအစဉ်—

သန္တံ သန္တေဟိ ပူဇိတံ၊ ဗုဒ္ဓံ ဗုဒ္ဓေန ဒေသိတံ။
ဓမ္မံ ဓမ္မဝရံ လဒ္ဓံ၊ သံဃံ သံဃဝရံ နမေ။
ပုဗ္ဗာစရိယသီဟာနံ၊ မတံ နိဿာယ သာဓုကံ။
သာရတ္ထံ ဥဒ္ဓရိတ္ဝာန၊ ဂန္ထန္တရေသု အာဂတံ။

နာနာသုခုမသံကေတ–ဂတေ သတ္ထေသု သောတူနံ။
ဂမ္ဘီရဗုဒ္ဓိစာရတ္ထံ၊ ဝဇီရသာရတ္ထသင်္ဂဟံ။
ပဝက္ခာမိ သမာသေန၊ နိသာမယန္တု သာဓုကံ။
တံ နိဒ္ဒါပဂတာ သန္တာ၊ ဗုဒ္ဓိဝိသဒကာမိနော။

ဟူသော ဂါထာတို့ဖြင့် ပဏာမ,ပဋိညာဉ်ကို ပြုခဲ့သည်၊ နိဂုံး၌—

ရတနပညောတိ နာမေန၊ ဘိက္ခုနာ ဝဇီရဗုဒ္ဓိနာ။
သောတူနံ ပါဋဝတ္ထာယ၊ ဝဇီရသာတ္ထသင်္ဂဟော။

ဟူသော ဂါထာဖြင့် ကျမ်းဆရာနာမည်နှင့် ကျမ်းအမည်ကို ဖော်ပြခဲ့သည်၊ ၎င်းကျမ်း ပေစာမူကို သီဟိုဠ်ကျွန်း ကိုလံဘိုပြတိုက်၌ တွေ့နိုင်သည်၊ ဤသို့ဖြင့် ကျမ်းဂန်ရေးသား၍ သာသနာပြုခဲ့သော အရှင်ရတနပညာ၏ ဝီရိယကိုလည်း ကြည်ညိုလေးစားသင့်လှပေသည်။

ယိုးဒယားမှ မိလိန္ဒ(ပဉ္ဉာ)ဋီကာကျမ်းပြု

တိဝိဍက စူဠဗာဘယ မဟာထေရ်

တိပိဋကစူဠဗာဘယထေရ်သည် အေ–ဒီ ၁၄၊ ၁၅။ ဆုစုလောက်တွင် ယိုးဒယားနိုင်ငံ၌ ပေါ်ထွန်းသော မထေရ်မြတ်ဖြစ်လေသည်၊ မထေရ်မြတ်သည် ယိုးဒယားနိုင်ငံ၌ ရှေးက ဘိဂ်ရင္ဒယခု ချင်းမိုင်(Cheingmai)ခေါ်သောမြို့၌ သီဟိုဠ်ကျန်းမှ မဟာဝိဟာရဂိုဏ်း အဆက်အသွယ် ရဟန်းတော်များ သာသနာပြုကြကြောက်ကြောင်း သာသနာဝင်ကျမ်းများအရ သိနိုင်လေသည်၊ တိပိဋကစူဠဗာဘယထေရ်သည် ထိုမထေရ်တို့၏ အဆက်အနွယ်ဖြစ်နိုင်ကြောင်း မိလိန္ဒပဉ္ဉပါဠိ သီဟိုဠ်နိဒါန်း၌ ဖေဲ့ပြထားသည်။

မိလိန္ဒဋီကာကို ပြုစုခြင်း

မထေရ်မြတ်သည် မိလိန္ဒဋီကာကို နှောင်းခေတ် ပုဂ္ဂိုလ်များအတွက် ရေးသားခဲ့သည်၊ မိလိန္ဒပါဠိတော်၌ လွန်စွာခဲခက်သောပုဒ်များ ရှိလင့်ကစား မထေရ်မြတ်သည် အနည်းငယ်သော ပုဒ်စုကို ဖွင့်ပြခဲ့သည်၊ မထေရ်မြတ်သည်—

နိရန္တရံ လောကဟိတဿ ကာရကံ၊ နိရန္တရံ လောကဟိတဿ ဒေသကံ။
နိရန္တရံ လောကဟိတဿ စိန္တကံ၊ နမာမိ ဝိရံ နရဒမ္မသာရထိ ံ။

ပဉ္ဉမမ္မဝိဒုံ နာထံ၊ ဂုယ္ဟမမ္မပ္ပကာသကံ။
နမဿိတ္ဝာန သမ္မုဒ္ဒံ၊ ဓမ္မံ သာဓုဂဏမ္ပိ စ။

နာဂသေန မဟာထေရံ၊ ပိဋကတ္တယကောဝိဒံ။
ဝန္ဒိတ္ဝာ တမ္ပိ သိရသာ၊ ပဉ္ဉမမ္မပ္ပကာသကံ။

မိလိန္ဒပဉ္ဉ ဝိဝရဏံ၊ မဓုရတ္ထပကာသိနိ ံ။
ရစယိဿံ သမာသေန၊ တံ သုဏာထ သမာဟိတာ။

ဟူသော ဂါထာများဖြင့် စတင်ပြီး မိလိန္ဒပါဠိတော်ကို ဖွင့်ပြသည်၊ မိလိန္ဒဋီကာ၏ မဓုရတ္ထပကာသိနီမည်ကြောင်းကိုလည်း "မိလိန္ဒပဉ္ဉ ဝိဝရဏံ၊ မဓုရတ္ထပကာသိနိ ံ" ဟူသော ပါဠိဖြင့် သိသာသည်၊ မထေရ်မြတ်သည် မိလိန္ဒဋီကာကို—

သမ္မန္နော စ ပဒဥ္ဆေဝ၊ ပဒတ္ထော ပဒဝိဂ္ဂဟော။
စောဒနာ ပရိဟာရော စ၊ ဆပ္ပိဓာ အတ္ထဝဏ္ဏနာ။

ဟူသော ဂါထာကို ခေါင်းစဉ်မူတည်ပြီး ဖွင့်ခဲ့လေသည်၊ မိလိန္ဒဋီကာ၌ မိလိန္ဒမင်း၏ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး အနှစ် ၅၀၀-လွန်သော အခါတွင် ပေါ်ထွန်းကြောင်းကိုလည်း—

"ယောပိ မိလိန္ဒော ရာဇာ ဘဂဝတော ပရိနိဗ္ဗာနတော ပဋ္ဌာယ သတိ အတိက္ကန္တေ ရာဇကုလေ ဥပ္ပန္နော၊ သော ရာဇာ မိလိန္ဒော နာမ"။

ဟု ဖွင့်ပြခဲ့သည်၊ မိလိန္ဒဋီကာ၌ ထူးဆန်းစွာဖော်ပြချက်မှာ မိလိန္ဒပဉ္ဉလာ အစဂါထာများနှင့် မိလိန္ဒပဉ္ဉပါဠိတော် တကျမ်းလုံးကို အရှင်ဗုဒ္ဓဃောသ စီရင်သည်ဟု ဖွင့်ပြခြင်းပင် ဖြစ်လေသည်။

ဣမာ ပဉ္ဉဂါထာ ကေန ကတာတိ စောဒနာ ဘဒန္တဗုဒ္ဓဃောသာစရိယေန ကတာတိ ပရိဟာရော၊ န ကေဝလံ ပဉ္ဉဂါထာဝ ထေရရာဇဝစနေပိ အညံ ပုဗ္ဗာပရဝစနမ္ပိ တေန ဝုတ္တံ။

(မိလိန္ဒဋီကာ၊ ၃၇၁။)

မထေရ်မြတ်သည် ဋီကာနိဂုံး၌—

လံကာဝှယေ ဒီပဝရေ သုသဏ္ဌိတာ၊ မဟာဝိဟာရေ စ ဇိနောရသာလယေ။
ပရမ္မရာ ထေရဂဏာ သုသဏ္ဌိတာ၊ ပကာသကာယေဝ ဝရသတ္ထုသာသနေ။
တေသံ အလင်္ကာရဘာဝေန သာသနေ၊ တိပေဋကေန သုဒ္ဓဝိသုဒ္ဓဗုဒ္ဓိနာ။
ပဟာသယန္တေန နရေသရာဇိကေ၊ ပဟာသယန္တေန ဂဏေ ဂဏုတ္တမေ။
ဋီကာတိ နာမေန မိလိန္ဒဒီပိကာ၊ ဝရတ္ထတော ဂန္ထပဂကရေန သမ္ဘဝံ။
သုဂန္ဓကာရေန ဇိနဂုံရေန မေ၊ ကတဉ္စ ယံ ယံ ဝရပုညသမ္ပဒံ။

စသော ဂါထာများဖြင့် မိမိ၏ မဟာဝိဟာရအနွယ်အဆက်ဖြစ်ကြောင်း တိပိဋကဉ် ကျမ်းကျင်သူ ဖြစ်ကြောင်း အလောင်းတော်ဖြစ်ကြောင်း စသည်တို့ကို ဖော်ပြခဲ့သည်။

ဗာလာဝတာဋ္ဌကာသစ်ကျမ်းပြု

အရှင်သိရိသုမင်္ဂလ မဟာထေရ်

အရှင်သုမင်္ဂလမဟာထေရ်သည် သီဟိုဠ်ကျွန်း၌ ခရစ်သက္ကရာဇ် ၁၈၂၆—ခုမှ ၁၉၁၁—ခု နှစ်အတွင်း၌ ပေါ်ထွန်းခဲ့သည့်မထေရ်မြတ်ဖြစ်လေသည်၊ ဆရာတော်သည် သီဟိုဠ်ကျွန်း ဝိဇ္ဇော-ဒယပရိဝေဏ စာသင်တိုက်ကြီးကို စတင်တည်ထောင်ခဲ့သူဖြစ်သဖြင့် သီဟိုဠ်၌ လွန်စွာထင်ရှားလေသည်၊ ဝိဇ္ဇောဒယပရိဝေဏကို အစဲ့ပြု၍ ဝိဇ္ဇောဒယတက္ကသိုလ်ကြီးကို ၁၉၅၉—ခုနှစ်ကစ၍ သီဟိုဠ်အစိုးရကထောင်သောအခါ သက်တော်ထင်ရှားမရှိတော့ပြီဖြစ်သော အရှင်သုမင်္ဂလ၏ နာမည်မှာ ပို၍ထင်ရှားလာလေသည်၊ မထေရ်မြတ်သည် သီဟိုဠ်ကျွန်း၌ ဂါလ်ခရိုင် ဟိက္ကဒွု ရှာကလေး၌ ၁၈၂၆—နှစ် ဇန်နဝါရီ ၂၀-ရက်နေ့တွင် ဖွားမြင်လေသည်၊ ၁၈၄၀—ခုနှစ်တွင် ရှင်သာမဏေပြုပြီး ၁၈၄၈–ခုနှစ်တွင်ရဟန်းအဖြစ်သို့ ရောက်သည်၊ ကိုလံဘိုမြို့ ရတ်တမလာနအရပ် ပရမဓမ္မစေတိယကျောင်းတိုက် အရှင်သိဒ္ဓတ္ထထေရ် စသည်တို့၏အထံ၌ ပညာသင်ကြား တတ်မြောက်ခဲ့သည်။

မထေရ်မြတ်သည် ပါဠိ, သက္ကတ, အင်္ဂလိပ်, အမိဘာသာဖြစ်သည့် သီဟိုဠ်ဘာသာတို့၌ လွန်စွာကျမ်းကျင်လေသည်၊ ရတမလာနပရမဓမ္မပရိဝေဏ, ဂါလ်မြို့ သုဒဿနပရမာနန္ဒပရိဝေဏ တို့၌ စာသင်သားတို့အား စာပေချပို့သင်ပြပေးခဲ့ဘူးသည်၊ ၁၈၇၀—ခုနှစ်တွင် ကိုလံဘိုမြို့ ကောတဟေနပရမာနန္ဒကျောင်းတိုက်၌ စာပေချပို့၍ ၁၈၇၃—ခုနှစ်မှစ၍ အသစ်တည်ထောင်သည့် ဝိဇ္ဇောဒယပရိဝေဏ၌ အမြဲသီတင်းသုံးလျက် ဘာသာများစုံတို့ကို သင်ကြားချပို့ကာ သက်ဆုံးတိုင်သီတင်းသုံးတော်မူခဲ့သည်၊ ဆရာတော်သည် ပုပ္ဖါရာမာဓိပတိအရှင်သောဘိတထေရ် တောင်းပန်သဖြင့် ဗာလာဝတာရဋ္ဌကာသစ်ကို ရေးသားခဲ့သည်။ မထေရ်မြတ်သည် ဂါထာအရေး အသားလည်း ကောင်းမွန်ရာ—

သစ္စာဝဇောဓကမနန္တနယာနုဘုတံ၊ ဓာတုပဘေဒဂတမောဟဟရံ မုနိဟိ။
သံဝဏ္ဏိတံ ဗုဓသိတံ ဝရသဒ္ဒသတ္ထ—တုလ္ျံ နမာမိ သုဂတံ ဇယမင်္ဂလာယ။

ဟူသောဗာလာဝတာရဂန္ထာရမ္ဘဖြင့် သိသာသည်၊ မထေရ်မြတ်သည် သီမာဝိဘာဂ, သစ္စသင်္ဂဟ, ကာဗျသေခရနိဿ စသည်တို့ကိုလည်း ရေးသားခဲ့သည်၊ ခရစ်သက္ကရာဇ် ၁၉၁၁—ခုနှစ် ဧပြီလ ၂၉–ရက်နေ့တွင် ပျံလွန်တော်မူခဲ့သည်၊ ဆရာတော်၏ ရုပ်ပုံကိုကြေးရုပ်သွင်းကာ ကိုလံဘိုနှင့် ၇-မိုင်ကွာ ဂန်ဂေါဒဝေလဋ္ဌတည်ထောင်ထားသော ဝိဇ္ဇောဒယတက္ကသိုလ်ရုံးကြီးရှေ့၌ တည်ထားကိုးကွယ်ထားကြလေသည်၊ ဆရာတော်၏ ကြေးရုပ်ပလ္လင်၌ "ဝိဇ္ဇောဒယပရိဝေဏသာ အာဒိ-ကတ္တာ ဟိက္ကဒွုဂါမဇော သိရိသုမင်္ဂလနာယကမဟာထေရော"ဟု ကြေးပြား၌ ကဗျည်းထွင်းထားသည်ကိုလည်း တွေ့ခဲ့ရလေသည်။

ဗာလာဝတာဌီကာသစ်ကျမ်းပြု အရှင်သီရီသုမင်္ဂလမဟာထေရ် 110

အဘိဓာနပပဒီပိကာသူစိ ကျမ်းပြုအရှင်သုဘူတိ မဟာထေရ်

အာဘိဓာနပပဉ္စိကာသူဋီကျမ်းပြု

အရှင်သုဘူတိ မဟာထေရ်

အရှင်သုဘူတိသည်လည်း ထေရဝါဒသာသနာတွင် ထင်ရှားသော မထေရ်မြတ် ဖြစ်သည်၊ မထေရ်မြတ်သည် ပါဠို, သင်္ကတ, အင်္ဂလိပ်, သီဟိုဠ်ဘာသာစသည့် ဘာသာပေါင်းများစွာတို့၌ ကျွမ်းကျင်သောမထေရ်မြတ် ဖြစ်သည်၊ သီဟိုဠ်ကျွန်းကဋ္ဌုတ္တရမြို့ ဝတ်ကဒုဝရွာ၌ ခရစ်သင်္ကရာဇ် ၁၀၃၅—ခုနှစ်တွင် ဖွားမြင်ခဲ့သည်၊ မထေရ်မြတ်လောင်းလျာသည် ငယ်စဉ် စာသင်ကျောင်းနေစဉ်ကပင် အတန်းများဦးထူးချွန်သဖြင့် ဆုအကြိမ်ကြိမ် ရခဲ့သူဖြစ်သည်၊ ငယ်စဉ်ကမှ သာမဏေဝတ်ပြီး အရှင်ရာဟုလာသရဏပါလ, သီရိသုမင်္ဂလ, အိန္ဒိယမှ သီဟိုဠ်ရောက်ရှိသောပဏ္ဍိတ်ပုဏ္ဏားများစသည်တို့ထံ၌ သီဟိုဠ်, ပါဠို, သင်္ကတဘာသာများကို သင်ကြားတတ်မြောက်ခဲ့သည်၊ အေ.ဒီ ၁၀၅၉—ခုနှစ် ကဆုန်လတွင် ရဟန်းဖြစ်ခဲ့သည်။

ကျမ်းဂန်ပြုစုခြင်း

မထေရ်မြတ်သည် ရဟန်းဖြစ်ပြီးနောက် အင်္ဂလိပ်ဘာသာနှင့်တကွ သင်္ကတ ပါဠိစာပေကို ကျွန်စ္စာသင်ယူတတ်မြောက်ပြီး၍ အာဘိဓာန်ကျမ်းကို အင်္ဂလိပ်,သီဟိုဠ်ဘာသာတို့ဖြင့် တွဲဖက်အနုက်ရေးသားကာ ၃—ဘာသာတွဲ၍ပြုစုခဲ့ရာ သီဟိုဠ်အစိုးရပုံနှိပ်တိုက်တွင် ၁၀၆၄—ခုနှစ်က ပဌမအကြိမ် ရိုက်နှိပ်ခဲ့သည်၊ ဆရာတော်သည် နာမမာလာကျမ်းကိုလည်း ရေးသားခဲ့ရာ ၁၀၇၆-ခုနှစ်က ရိုက်နှိပ်ခဲ့သည်။

အာဘိဓာနပပဉ္စိကာသူဋီကျမ်းကြီး

အာဘိဓာနပပဉ္စိကာသူဋီကျမ်းကိုလည်း အာဘိဓာန်နှင့် အာဘိဓာန်ဋီကာစသည်တို့ကို အမှီပြု၍ ဓာတ်,ပစ္စည်း စသည်ဝေဘန်ပြုစု၍ သာသနာ၌များစွာကျေးဇူးများသော ကျမ်းကြီးဖြစ်သည်၊ ၎င်းကျမ်းကြီးကို သီဟိုဠ်၌ သီဟိုဠ်အစိုးရက ရိုက်နှိပ်ခဲ့သည်၊ ၎င်းကျမ်းကြီးမှာ မြန်မာစာမူကရောင်းချစ်ချိုးဆိုက်ကြီး ၆၀၂—မျက်နှာ ရှိလေသည်၊ ဆရာတော်ပြုစုသော အခြားကျမ်းများလည်း အများအပြားရှိဟန်တူပါသည်။ မထေရ်မြတ်သည် သက်တော် ၈၂-နှစ် ၁၉၁၇—ခုနှစ် ဧပြီလ ၁၉-ရက်နေ့တွင် ဘုံးမြင်ရာ ဝတ်ကဒုဝေရွာရှိ မိမိသီတင်းသုံးရာကျောင်းတိုက်၌ ဘဝနတ်ထံဝင်စံတော်မူလေသည်။

စေတနာကြောင့် ကျမ်းဦးမှတ်ဖွယ် ကျယ်ဝန်းစွာပြခြင်း

ဤမျှဖြင့် ကျမ်းဦးမှတ်ဖွယ်စာတော် အသင့်စုံလင်ပြီဟု ဆိုနိုင်ပါပြီ၊ မဟာဝိသုတာရာမဂိုဏ်းကြီး၏ သမိုင်းကို မရှုစားရသေးမီ အဋ္ဌကထာ ဋီကာ-စသည် ကျမ်းပြု အာကျော် စာဆိုတော်ကြီးများ၏ အဖြစ်စဉ်ကို ဖော်ပြခြင်းမှာ မဟာဝိသုတာရာမ ဂိုဏ်းသုံး ကျမ်းစာများ အချို့နှင့် ပြုစုသူတို့၏ ဖြစ်စဉ်ကို သိစေလိုသော ဇောစေတနာပို၍ပင်ဖြစ်ရာ ကျမ်းဦးမှတ်ဖွယ်ကြီး ဤမျှ ရှည်လျားစွာ ရေးရမည်လားဟု အပြစ်တင်မစောစေချင်ပါ။

မဟာဝိသုတာရုမ သာသနာဝင်ကျမ်း

မဟာဝိသုတာရုမ သာသနာဝင် ပေါ်လာရသည်မှာ ပခုက္ကူ သာသနာဝင်ကျမ်းကြောင့်ပင် ဖြစ်လေသည်၊ ပခုက္ကူသာသနာဝင်ကျမ်းကို ဖတ်ရှုရသော မဟာဝိသုတာရုမတိုက်ကြီး၏ ဂေါပက အဖွဲ့ အကျိုးတော်ဆောင် ပြည်သူ့လှတ်တော် အမတ်ဟောင်း ဦးကျန်တင်သည် မဟာဝိသုတာရုမ သာသနာဝင်ကျမ်းတဆောင် ရှိသင့်ပါသဖြင့် ရေးသားချီးမြှင့်ပါရန် စာရေးသူအား အကြိမ်ကြိမ် လျှောက်ထားလေသည်၊စာရေးသူမှာ သီဟိုဠ်ကျွန်း ဝိဇ္ဇောဒယတက္ကသိုလ်၌ ပညာသင်ကြားစဉ် ရေးသားခဲ့ပြီးဖြစ်သော အင်္ဂလိပ်ပါဠို အဘိဓာန်ကြီးကို အချေပြင်ဆင်ရန် ရည်ရွယ်ခိုက်တွင် ဦးကျန်တင်၏ သဒ္ဓါတရားကိုငဲ့ပြီး ကျေးဇူးရှင်များဖြစ်တော်မူကြသော အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ်နှင့် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ်တို့ကို လျှောက်ထားပြီး တနှေ့ ၂-နာရီလောက် အချိန်ယူ၍ အင်္ဂလိပ် သီဟိုဠ် သက္ကတ ပါဠို ဘာသာ မြန်မာဘာသာရေးသမိုင်း အင်္ဂုပ္ပတ္တိ အမျိုးမျိုးနှင့် မဟာဝိသုတာရုမတိုက်မှ ရှေးဟောင်း မှတ်တမ်းများ တိုက်ခဲ့တချို့တို့မှ ရရှိသည့် မှတ်စုပေးစာ စသည်တို့ကို မှီးငြမ်းပြု၍ ၁၃၂၉-ခု တပို့တွဲလဆုတ် ၆-ရက်နေ့မှစ၍ ရေးသားခဲ့ရာ ၁၃၃၀-ခု တော်သလင်းလဆုတ် ၁၀-ရက် နေ့တွင် ပြီးဆုံးပါသည်၊ ပါဠို သက္ကတ စာဝါများ ချရင်းနှင့် မဟာဝိသုတာရုမ ဂဏဝါစက အဘိဓာန်အဖွဲ့တွင် ပါဝင်ရေးသားခြင်း စသော လုပ်ငန်းများအကြား ရေးသားရသည့်အတွက် ၇-လ လောက် ကြာညောင်းခြင်းဖြစ်လေသည်။

ဆန္ဒပြုချက်

စာရေးသူသည် များလှစွာသောအလုပ်ကြားမှ ထက်သန်လှစွာ ရေးသားရသည့် အလျောက် စာရှုသူတို့သည်လည်း ထက်သန်လှစွာသော စေတနာဖြင့် ဤကျမ်းစာကို ကြည့်ရှု၍ သဒ္ဓါတရား ပွါးများနိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

အရှင်ဝိသုဒ္ဓအား ကျေးဇူးတင်ခြင်း

ဤစာအုပ်လက်ရေးမူကို မဆုတ်မနစ်သော လုံ့လ ဝီရိယဖြင့် လက်နှိပ်စက်ရိုက်၍ ကူညီပေးသော ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏကဘွဲ့နှင့် သာသနဓဇသိရီပဝရမဟာစရိယဘွဲ့ရ ဘာသန္တရကောဝိဒ မဟာဝိသုတာရုမ ဂဏဝါစက တိပိဋကပါဠိဘာသာပြန်မာ အဘိဓာန်ကျမ်းပြု အဖွဲ့ဝင် အရှင်ဝိသုဒ္ဓအား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အရှင်ကေလာသ ဓမ္မာစရိယ,ဂဏဝါစက,ဘီ-အေ (ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရုမတိုက်
ပခုက္ကူမြို့
၁၃၃၀-ခု၊ တော်သလင်းလဆုတ် ၁၀-ရက်။

မဟာဝိသုတာရာမနိကာယ သာသနာဝင်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓပဏာမ

တိလောကတိလကော ဗုဒ္ဓေါ၊ မာပယီ အတိသောဘနံ။
သာသနံ တံဘိဝန္ဒာမိ၊ သုနိဝါတေန စေတသာ။

တိလောကတိလကော၊ ဗြဟ္မာလူနတ် သုံးလောကခေတ်၏ အထွတ်မှန်ကူ ဖြစ်တော်မူသော။ ယော ဗုဒ္ဓေါ၊သစ္စာလေးပါး တရားသိမြင် အကြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အတိသောဘနံ၊ သီလ, သမာ, ပညာတရားတို့ဖြင့် ထွန်းကားပြည့်ကြွယ် လွန်စွာတင့်တယ်သော။ သာသနံ၊ ကိုယ်တော်မြတ်စွာ သာသနာတော်ကြီးကို။ မာပယိ၊ ပါရမီသုံးဆယ် သုံးသွယ်စရိယ, စာဂငါးခု ပြုစုကျင့်ဆောင် တည်ထောင်ဖန်ဆင်းတော်မူခဲ့လေပြီ၊ တံ ဗုဒ္ဓံ၊ သာသနာကို ကောင်းစွာဖန်တီး သာသနဗိသုကာကြီးဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊မဟာဝိသုတာရာမိကဂဏဝါစကနိကာယဂိုဏ်း သမိုင်းထုတ်ဖော် တပည့်တော်သည်။ သုနိဝါတေန၊ လွန်စွာနှိမ့်ချ ရိုတုပ်ကွသော။ စေတသာ၊ သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ အဘိဝန္ဒာမိ၊ ဘယ,လာဘ,စသည်ကျင့်ရိုး မမြွေကိုးပဲ ရှိခိုးဦးချပါ၏ဘုရား။

ဓမ္မပဏာမ

တေနာပိ တိလောကဂ္ဂေန၊ သေဝိတံ ဓမ္မမုတ္တမံ။
သွာက္ခာတတာဒိသမ္ပန္နံ၊ ဝန္ဒာမိ သိရသာဒရံ။

တေနာပိ တိလောကဂ္ဂေန၊ ထိုသုံးလောကခေတ် အမြတ်ထွတ်ထိုး ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်သော်လည်း။ သေဝိတံ၊ အမြဲမပြတ် မှီဝဲပူဇော်တော်မူအပ်သော။ ဥတ္တမံ၊ ထူးကဲမွန်မြတ်သော။သွာက္ခာတတာဒိသမ္ပန္နံ၊သွာက္ခာတတာ အစဖြာသော ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဓမ္မံ စာပိ၊ မဂ်,ဖိုလ်,နိဗ္ဗာန်, ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကိုလည်း။ ဝန္ဒာမိ၊ အန္တရာယ်ပျောက် ကျမ်းပြီးမြောက်ရန် ရည်သန်တောင့်တ ရှိခိုးဦးချပါ၏ဘုရား။

သံဃပဏာမ

သီလာဒိဟိ ဝိသိဋ္ဌေဟိ၊ သုသမ္ပုဏ္ဏံ နိရဂ်ဏံ။
သံဃဥ္စာပိ'ဘိဝန္ဒာမိ၊ ပုညခေတ္တံ သုဝိဿုတံ။

ဝိသိဋ္ဌေဟိ၊ အလွန်အကျူး အထူးသဖြင့် ချီးမွမ်းအပ် မြတ်ကုန်သော။ သီလာဒိဟိ၊ သီလ, သမာဓိ,ပညာအစရှိသော ဂုဏ်တော်အပေါင်းတို့နှင့်။ သုသမ္ပုဏ္ဏံ၊ ကောင်းစွာလောက်လုံ ပြည့်စုံ

တော်မူသော။ နိရဂ်ဏံ၊ ရာဂ,ဒေါသ, မောဟ အင်္ဂ ကင်းစင်ပတော်မူသော။ ပုညခေတ္တံ၊ ပစ်ချ စိုက်ပျိုး ကုသိုလ်မျိုးကို မညှိုးမခြောက် အကျိုးမြောက်အောင် စောင့်ရှောက်ကာကွယ်တတ် သော။ သုဝိဿုတံ၊ သုံးလောကတွင် ပေါ်လွင်ထင်ရှား လွန်ကျော်ကြားသော။ သံဃဥ္စာပိ၊ ရှစ်ပါးသံဃာ အရိယာကိုလည်း။ အဘိဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးဦးချပါ၏ဘုရား။

မဟာထေရပွဏ္ဏာမ

ဘဒန္တ်သုန္ဒရ ထေရ၊ ဝသုတာရုမပုဂ်ဝ။
ပသိဒ္ဓေ မြန်မာ့ရဋ္ဌမှိ၊ သာသနောဒယကာရကံ။

သီလာဒီဟိ ဂုဏောဃေဟိ၊ ဥပါဓီဟိ ဘိပါကဋံ။
သံဃံဃ ပိတရံ ဝန္ဒေ၊ ပိဋကေ သုဝိသာရဒံ။

ဝိသုတာရုမပုဂ်ဝံ၊မဟာဝိသုတာရုမိက ဂဏဝါစက နိကာယကြီး၏ ဦးစီးလမ်းညွှန် ရွေဆောင် ပုဂ္ဂိုလ်မှန်ကြီးလည်း ဖြစ်တော်မူထသော။ ပသိဒ္ဓေ၊ ကမ္ဘာတခွင် ပေါ်လွင်ထင်ရှား လွန်စွာ ကျော်ကြားလှသော။ မြန်မာ့ရဋ္ဌမှိ၊ အပြောကျယ်စွာ တိုင်းမြန်မာ၌။ သာသနောဒယကာရကံ၊ ဘုရားမြတ်စွာ သာသနာတော်၏ လွန်စွာစည်ကား တိုးတက်ကြီးပွါးရေးကို ပြုတော်မူတတ်ထ သော။ သီလာဒီဟိ၊ သီလအစရှိကုန်သော။ ဂုဏောဃေဟိ၊ ဂုဏ်တော်အယဉ် ဂုဏ်တော်အစုတို့ ဖြင့်ဂုဏ်း။ ဥပါဓီဟိ၊ အင်္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု သွန်းထုခပ်နှိပ် မင်းပေးဂုဏ်ဟိတ် ဘွဲ့တံဆိပ်တို့ဖြင့်ဂုဏ်း။ အဘိပါကဋံ၊ နှိုင်ငံအဝှမ်း ပြန့်နှံ့ကျော်ကြား လွန်ထင်ရှားထသော။ ပိဋကေ၊လွန်စွာခဲကတ် ပိဋကတ်၌။ သုဝိသာရဒံ၊တောသုံးထောင်ပိုင် ဦးခိုင်ချုပ်ခြာ ကေသရာဇာ ခြေသံ့မင်းအလား ရွံ့ရှားခြင်းကင်း ရဲတင်းသောစိတ်ရှိတော်မူထသော။ သံဃဿ၊ထောင်သောင်း များစွာ ဂိုဏ်းသံဃာ၏။ ပိတရံ၊နည်းပေးလမ်းပြ စောင်မပဲ့ပြင် ဘခင်အရာ၌တည်သော။ ထေရံ= မဟာထေရံ၊ ကိုးဆယ်သက်တော် ဝါတော်ခုနစ်ဆယ် အရွယ်တော်ရင့် မြင့်မြတ်သော မထေရ်ကြီး လည်းဖြစ်တော်မူထသော။ ဝါ၊ ဦးခိုက်ပူဇော် ကော်ရော်ညွတ်တွား လေးစားအပ်သော မထေရ် မြတ်ကြီးလည်းဖြစ်တော်မူထသော။ ဘဒန္တ်သုန္ဒရံ အပိ၊ ကျေးဇူးရှင် သက်တော်ရှည် အရှင်သုန္ဒရ ဆရာတော်ဘုရားကြီးကိုလည်း။ ဝန္ဒေ၊ ဂုဏ်တော်မြားမြောက် အောက်မေ့ရိုကျိုး ရှိခိုးဦးချပါ၏ ဘုရား။

အာစရိယပွဏ္ဏာမ

ဗဟုဿုတံ မိတိမန္တံ၊ နိကာယောဒမိပါရကံ။
ဝိသုတာဝံသပဇ္ဇောတံ၊ သာသနေ အဘိပါကဋံ။

စန္ဒေါဝ အန္တလိက္ခမှိ၊ ပိဋကတ္တယဝါစကံ။
ဘဒန္တနန္ဒိယဉ္စာပိ၊ ဂုရုံ ဝန္ဒာမိ အာဒရံ။

ဗဟုဿုတံ၊သမယ,သမယန္တရ လောက်ငကုံလုံ ဗဟုဿုတဂုဏ်နှင့်လည်း ပြည့်စုံတော်မူထသော။ မိတိမန္တံ၊ အလောင်းတော်ဇနကအလား ကြီးမားသောဝီရိယလည်း ရှိတော်မူထသော။ နိကာ-ယောဒမိပါရကံ၊ နိကာယ်ငါးဖြာ ဒေသနာပင်လယ်တဖက်ကမ်းသို့ တက်လှမ်းကူးမြောက်တော်မူ ထသော။ ဝိသုတာဝံသပဇ္ဇောတံ၊ မဟာဝိသုတာရုမိက ဂဏဝါစက နိကာယ အဆက်အနွယ်၌

ဆီမီးတန်ဆောင်သဖွယ် တင့်တယ်ထွန်းပတော်မူထသော။ အန္တလိက္ခမှိ၊ ဆီး နှင်း မြူ တိမ် သူရိန် မီးခိုး ညစ်မျိုးကင်းစင် ထက်ကောင်းကင်၌။ စန္ဒေဝ၀၊ ကြယ်များဝန်းရံ လဓိမာန်ကဲ့သို့။ သာသနေ၊ ဘုရားမြတ်စွာ သာသနာတော်၌။ အဘိပါကဋ်၊ လွန်စွာကျော်ကြား ထင်ရှားတော်မူထသော။ ပိဋကတ္တယဝါစကံ၊ ရှေးခါနဂိုရ် ကျွန်းသီဟိုဠ်တွင် အရှင်တိပိဋကစူဠာနာဂထေရ်အလား သံဃာတော်များစွာတို့အား သုံးဖြာသော ပိဋကတ်ကို ချပို့တော်မူထသော။ ဂုရုံ၊ ကျောက်ထီး တန္တ၊ အလေးပြုအပ်သော ဆရာသခင် ကျေးဇူးရှင်လည်း ဖြစ်တော်မူထသော။ ဘဒန္တနန္ဒိယဥစ္စာပိ၊ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂိုဏ်းဝန်ဆောင် တိုက်အုပ်ဆရာတော် အရှင် နန္ဒိယမထေရ်မြတ်ကိုလည်း။ အာဒရံ၊ လေးမြတ်ကြည်ညို ရှိသေလှစွာ။ ဝန္ဒာမိ၊ ဆယ်လက် မြောက်မိုး ရှိခိုးဦးချပါ၏ဘုရား။

မဟာဝိဟာရနှင့် မဟာဝိသုတာရာမ

ဒီပေ မဟာဝိဟာရော၀၊ ဝိဿုတော မြန်မာ့ဘူတလေ။
အနေကေဟိ သပ္ပညေဟိ၊ သံဝဏ္ဏော ဝိဿုတော ဟိ ယော။

ဒီပေ၊ သမုဒ္ဒရာအလယ် ပျော်ဘွယ်တင့်ဆန်း သီဟိုဠ်ကျွန်း၌။ ဝါ၊ ရှေးခါနဂိုရ် ကျွန်းသီဟိုဠ်၌။ မဟာဝိဟာရော၊ ပရိဝေဏပေါင်း သုံးရာခြောက်ဆယ်ကျော်တို့ဖြင့် တင့်တယ်သိုက်မြိုက် မဟာဝိဟာရကျောင်းတိုက်ကြီးသည်။ ဝါ၊ အကြင်သီဟိုဠ်သာသနာ့ဘခင် အရှင်မဟိန္ဒထေရ်အစပျိုးခဲ့သည့် မဟာဝိဟာရဂိုဏ်းကြီးသည်။ ဝိဿုတော ဣ၀၊ သာသနာဂိုဏ်း သမိုင်းထင်ပေါ် ကျော်စော ထင်ရှားသကဲ့သို့။ တထာ၊ မဟာဝိဟာရကျောင်းတိုက်ကြီးနှင့် မဟာဝိဟာရဂိုဏ်းကြီးမခြား အလားတူစွာ။ မြန်မာ့ဘူတလေ၊ တင့်တယ်စည်ပင် မြန်မာ့တိုင်းတခွင်၌။ ယော ဝိဿုတော၊ အကြင် မဟာဝိသုတာရာမ နာမသမိုက် စာချတိုက်ကြီးသည်။ ဝါ၊ အကြင် ဒီဃဒဿီ တိပိဋကဘုရင် အရှင်ဂန္ဆသာရအစပျိုးခဲ့သည့် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီးသည်။ အနေကေဟိ၊ သခ်္ချာချင့်ထောက် မြားမြောက်စွာလှုကုန်သော။ သပ္ပညေဟိ၊ တိပိဋကတ် ကျမ်းတတ်အကျော် ဂဏဝါစက ပညာရှင်ဆရာတော်တို့ဖြင့်။ သံဝဏ္ဏော၊ တိုးတက်စည်ကား ကြီးပွါးသည်။ ဟုတ္ထ၊ ဖြစ်၍။ ဝိဿုတောဟိ ဝိဿုတော ဧ၀၊ သာသနာတွင် နေအသွင်လအလား လွန်စွာကျော်ကြား ထင်ရှားသည်သာတည်း။

အဘိယာစကနှင့် ပဋိညာဉ်

တဿ ဝံသံ ကရိဿာမိ၊ သန္တေဟိ အဘိယာစိတော။
သြလောကေတ္ထာ ဣတိဟာသ-ဂန္ထေ သန္တေဘိပုစ္ဆိယ။

သန္တေဟိ၊ပခုက္ကမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ ဂေါပကအဖွဲ့အကျိုးတော်ဆောင် ပြည်သူ့လွှတ်တော်အမတ်ဟောင်း ဦးကျန်တင် အစရှိသော သူတော်ကောင်းတို့သည်။ အဘိယာစိတော၊ မဟာဝိသုတာရာမသာသနာဝင် မည်တွင်တောက်လျှမ်း ကျမ်းဂန်ရေးရန် အဖန်ဖန် ပျံပ်ဝပ် လျှောက်ထားတောင်းပန်အပ်သော။ ဝါ၊ မဟာဝိသုတာရာမသာသနာဝင် မည်တွင်

တောက်လျှမ်း ကျမ်းဂန်ရေးရန် အဖန်ဖန်ဝပ်တွား တောင်းပန်လျှောက်ထားခြင်းခံရသော။ အဟံ၊ အရှင်ကေလာသ နာမသမုတ် အကျွန်ုပ်သည်။ ဣတိဟာသဂန္ထော၊ သာသနာသမိုင်းမှတ်တမ်း ကျမ်းဂန်အမျိုးမျိုးတို့ကို။ ဩလောကေတွာ၊ သေချာစေ့ငုံ ကြည့်ရှုခြင်း။ သန္တော၊ ဝိသုတာရုံ ခိုလှုံပျော်ရွှင် ပညာရှင်တို့ကို။ အဘိပုစ္ဆိယ၊ လျှောက်ထားမေးမြန်းခြင်း။ တဿ ဝိသုတဿ၊ ထိုမဟာဝိသုတာရာမ နာမသမိုက် စာချုတိုက်ကြီး၏။ ဝါ၊ ထိုမဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏။ ဝံသံ၊ သမိုင်းအဆက်အနွယ်အစဉ် သာသနာဝင်ကို။ ကရိဿာမိ၊ ဂန္ထဓုရ ကိစ္စလပ်လျှား ချိန်အကြားဌ် ရေးသားပြုပြင် စီရင်ပါအုံးသတည်း။

မဟာဝိသုတာရာမနိကာယ သာသနာဝင်

ပဌမတိုင်း

မဇ္ဈိမသာသနာဝင်ကို ပြခြင်း

ပရိဝါပါဠိတော်နှင့်တကွ များစွာသော သာသနာဝင်ကျမ်းတို့၌ မဇ္ဈိမတိုက် သာသနာဝင် အစဉ်အဆက် ၅-ဆက်လာရှိသည်၊ ၎င်းတို့ကား—

၁။ အရှင်ဥပါလိမဟာထေရ်၊

၂။ အရှင်ဒါသကမဟာထေရ်၊

၃။ အရှင်သောဏကမဟာထေရ်၊

၄။ အရှင်သိဂ်ဝမဟာထေရ်၊

၅။ အရှင်မောဂ္ဂလိပုတ္တတိဿမဟာထေရ်—

အဆက်အား‌ဖြင့် ၅-ဆက် ရှိသည်။

ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ်ဝေါ တထာ။
မောဂ္ဂလိပုတ္တေန ပဥ္စမော၊ ဧတေ ဇမ္ဗုသိရိဝှယေ။
(ပရိဝါပါဠိ၊ ၂။ ၆၊ ၁၂-စသည်။)

အရှင်ဥပါလိမဟာထေရ်

အရှင်ဥပါလိသည် သာသနာတွင် လွန်စွာ ထင်ရှားသည့် ဝိဇ္ဇာ ၃-ပါး, အဘိညာဏ် ၆-ပါး, ပဋိသမ္ဘိဒါ ၄-ပါးတို့၏ ပိုင်ရှင် ရဟန္တာသခင် အရှင်မြတ်လည်း ဖြစ်တော်မူသည်၊ ဘုရားရှင်၏ တပည့်ကြီးများဖြစ်တော်မူကြသော မဟာသာဝက ၈-ကျိပ်တို့တွင် တပါးအပါအဝင်ဖြစ်သည်။

ဇာတိဌာနေ မွေးရပ်မြေ

အရှင်ဥပါလိသည် ဘုရားရှင် ပဉ္စင်္ဂတော်မူချိန် ဘီ—စီ ၆-ရာစု အလွန် ကောင်းမြတ်သော အချိန်တွင် ကပိလဝတ်နန်းမြို့တော်၌ ဆတ္တာသည်လုပ်၍ အသက်မွေးရသော ဘခင်နှင့် မိခင် မန္တာဏီတို့မှ ဖွားမြင်သည့် သားရတနာဖြစ်သည်၊ အရှင်ဥပါလိလောင်းလျှာသည် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီဖြည့်ဆည်းပူးခဲ့ရပြီးသူ ပါရမီပိုင်ရှင်ဖြစ်သဖြင့် ရုပ်ရေရှုပကာယ လှုပစိုပြေ ကျက်သရေရှိသည်၊ မိခင်၏အမည်နှင့်စပ်၍ မန္တာဏီပုတ္တဟု အမည်တွင်သည်၊ လူလားမြောက်သော အခါ သာကီဝင်တို့ထံ အမှုထမ်းသည်မှစ၍ ဥပါလိဟု နာမည်တွင်သည်။

ရဟန်းပြုခြင်း

အရှင်ဥပါလိသည် ဘုရားရှင် အနုပိယသရက်ဥယျာဉ်၌ သီတင်းသုံးစဉ် အာနန္ဒာ, ဘဂု, ကိမိလ, ဘဒ္ဒိယ, အနုရုဒ္ဓ, ဒေဝဒတ် ဟူသော မင်းသား ၆-ယောက်တို့နှင့် ရဟန်းပြုခဲ့သည်။

ဥပဇ္ဈာယ်ဆရာတော်

အရှင်ဥပါလိ၏ ဥပဇ္ဈာယ်ဆရာတော်မှာ ပင်ကိုယ်က ရသေ့အကျော်ဓေယျ ဥရုဝေလကဿပ စသော ရသေ့တထောင်တွင် ပါဝင်ခဲ့ကာ အစောပိုင်းမှာ ကျတ်တန်းဝင်ခဲ့သူ အရှင်ကပ္ပိတက ဖြစ်လေသည်၊ ထိုကြောင့် သာသနာတွင် ဝိနည်းအရာ ဧတဒဂ်ရ ဥပါလိ၏ ဥပဇ္ဈာယ်ဆရာတော်သည် အဘယ်သူနည်းဟု မေးလျှင် အရှင်ကပ္ပိတကထေရ်ကို အရှင်ဥပါလိ၏ ဥပဇ္ဈာယ်ဟု ဖြေကြားရာ၏။

ဥပါလိဿ ဥပဇ္ဈာယော၊ သာသနေ ကော နာမော ဘဝေ။
ဣတိ စေ ကောစိ ပုစ္ဆေယျ၊ ဝိဿဇ္ဇေယျ ကပ္ပိတကံ။

ဘုရားရှင်က တောထွက်ခွင့်မပေး

အရှင်ဥပါလိသည် ရဟန်းပြုပြီး ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတောင်း၍ တောထွက်ကာ ကျင့်ကြံလိုကြောင်း ဘုရားရှင်အား လျှောက်ထားတောင်းပန်သည်၊ ဘုရားရှင်က ဥပါလိ မသင့်တော်ဘူး ချစ်သား တောဝနာမှာ နေခဲ့လျှင် ဝိပဿနာဓုရဝန် တခုကိုသာ ဆောင်နိုင်ပေမည်၊ ငါဘုရားထံမှာ နေလျှင် ဂန္ထဓုရ, ဝိပဿနာဓုရ ၂-ဝန်လုံးကို အားသွန်ကြိုးပမ်းနိုင်လိမ့်မည်ဟု မိန့်တော်မူသည်။

အရှင်ဥပါလိသည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း တောမထွက်ပဲ ဝိပဿနာ ပွါးများရာ အာသဝေါကင်းကွာ ရဟန္တာဖြစ်ခဲ့လေသည်။

ဘုရားက ကိုယ်တိုင်ဝန်ည်းသင်

ဘုရားရှင်ထံတွင် ဝိနည်းပိဋကတ်ကို သင်ယူရသည်၊ ဘုရားရှင်က ကိုယ်တော်အစား ဝိနည်းကိစ္စတာဝန်ကို ထမ်းဆောင်နိုင်ရန် တဆင့်မလွဲပဲ ကိုယ်တော်တိုင် သင်ပြပေးတော်မူသည်။

ဝိနည်းဂဏ္ဌိဌာနများ ဘုရားရှင်အား မေးလျှောက်ခြင်း

ဝိနည်းအရာ အခဲအကတ်တို့ကို ဘုရားရှင်အား များစွာ မေးလျှောက်ကြောင်း ဝိနည်း မဟာဝါပါဠိတော်နှင့် စူဠဝါပါဠိတော် စသည်တို့၌ ဗဟုရှိရသည်၊ ဤသို့ဖြင့် ဘုရားရှင်ကိုယ်တိုင်ကလည်း သင်ပြပေး ဘုရားရှင်ထံ အတန်တန်မေးလျှောက်သဖြင့်လည်း ဝိနည်းပိဋကတ်၌ သူမတူအောင် ကျမ်းကျင်တတ်မြောက် တံခွန် ဆောက်ခဲ့သည်။

ဝိနည်းကို ပို့ချခြင်း

ဘုရားရှင်လက်ထက်ကပင် ဝိနည်းပိဋကတ်ကို များစွာသော ရဟန်းငယ်, ရဟန်းလတ်, အနုထေရ်, မဟာထေရ်တို့အား သင်ပြပေးခဲ့ကြောင်း။ ဝိ၊ ၄။ ၃၁၉-၌ တွေ့ရသည်၊ ဥပါလိထေရ်မှာ ဖော်ပြခဲ့သည့်အတိုင်း ဝိနည်းကိုအထပ်ထပ်ချပို့သဖြင့် ဥဘတောဝိဘင်းနှင့် မဟာဝဂ်, စူဠဝဂ်, ပရိဝါရ, သံဃာဒိသေသတိက, ပါစိတ္တိယတိက, ဝိနည်းပိဋကတ်လာ အကွရာပုဒ်ဗျည်းစသည်၌ ယုံမှားသံသယမရှိပါချေ။

ဝိနယေ ခန္ဓကေ စာပိ၊ တိကစ္ဆေဒေ စ ပဉ္စမေ။
ဇေဋ္ဌ မေ ဝိမတိ နဋ္ဌိ၊ အက္ခရေ ဗျဉ္ဇနေပိ ဝါ။

(အပ၊ ၁။ ၄၆။)

အရှင်ဥပါလိမေးလျှောက်ပါတဲ့

ဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ရဟန်းတို့၌ ဝိနည်းကိစ္စတခုခုကြုံလာလျှင် အရှင်ဥပါလိရှိသားပဲ၊အရှင်ဥပါလိမေးလျှောက်ပါ၊ အရှင်ဥပါလိဆုံးဖြတ်ပါလိမ့်မည် စသည်ဖြင့် ရဟန်းများက အရှင်ဥပါလိကို ညွှန်ပြကြသည်။

အရှင်စိစစ်ခဲ့သောဝတ္ထုများ

ပိတုဃာတကကံကြီးထိုက်သူ လုလင်တယောက် ရဟန်းပြုရန်လျှောက်ရာ အဖြစ်မှန်သိရန် စိစစ်ခဲ့သည်။

ဘုရားရှင်လက်ထက်က သာကေတမြို့မှ သာဝတ္ထိမြို့သို့လာသောရဟန်းတို့ သင်္ကန်းများ သူခိုးသူဝှက် လုယူခြင်းခံရ၏၊ ဆွေမျိုးမတော်သူထံ သင်္ကန်းမတောင်းရန်လည်း ပညတ်ချက်ရှိသဖြင့် ကုက္ကုစ္စဖြစ်ကြကာ မတောင်းမူ၍ အဝတ်မပါပဲ သာဝတ္ထိမြို့ရောက်လာကြပြီး ရဟန်းတို့အား ရှိခိုးကြသဖြင့် ရဟန်းတို့က ဥပါလိထံပို့ဆောင်သဖြင့် အရှင်ဥပါလိ စစ်ဆေးရသည်။(ဝိ၊ ၁။ ၃၁၃။)

ဘာရုကစ္ဆအရပ်သား ရဟန်းတပါး မယားဟောင်းကို အိပ်မက်၌ ပေါင်းဖော်ယှဉ်တွဲ မေထုန်မှီဝဲမိသဖြင့် ရဟန်းမဟုတ်ဟုအထင်ဖြင့် လူထွက်ရန်အသွား လမ်းအကြား ဥပါလိထေရ်နှင့် တွေ့သဖြင့် အကျိုးအကြောင်းလျှောက်ရာ "အနာပတ္တိ အာဝုသော သုပိနန္တေန" ငါ့ရှင် အိပ်မက်၌ မေထုန်မှီဝဲဒါ အာပတ်မသင့်ပါဘူးဟု မိန့်ဆိုကာ မြတ်စွာဘုရား မဆုံးဖြတ်ဘူးသည်ကို စံပြအဖြစ် ဆုံးဖြတ်တော်မူခဲ့သည်။

ၚင်းပြင် အဇ္ဈကဝတ္ထု (ဝိ၊ ၁။ ၈၄—ကြည့်) ကိုလည်း နည်းယူဖွယ်ရာ ဆုံးဖြတ်ခဲ့သည်၊ ကုမာရကဿပဝတ္ထု (အံ၊၄။၁။၂၂၁—ကြည့်)ကိုလည်း ဆုံးဖြတ်ခဲ့သည်။

ဘုရားရှင်က အကြိမ်ကြိမ် ချီးကျူးကုဏ်ပြု

ဘုရားရှင်ကိုယ်တော်တိုင်ကပင် ဥပါလိထေရ် ဝိနည်းနိုင်နင်းပုံ, ဝိနည်းကျွမ်းကျင်ပုံ, ဝိနည်းတတ်မြောက်ပုံကို အကြိမ်ကြိမ် ချီးမွမ်းတော်မူခဲ့သည်။ (ဝိ၊၂။၁၈၇၊၁၈၈။ ဝိ၊၄။၃၁၉။တို့ကြည့်)

တေဒဂ်ဘွဲ့ရပြီ

ဘုရားရှင်သည် ဆိုင်ရာတို့၌ ထူးချွန်စွာ ကျွမ်းကျင်တတ်မြောက်တော်မူကြသော သာဝက, သာဝိကာတို့အား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ တေဒဂ်ဘွဲ့ပေးပွဲတွင် အရှင်ဥပါလိထေရ်အား—

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ" ဟု ကျူးရင့်မြွက်ဖော် ဝိနည်းဆောင်သူတို့အနက် အမြတ်ဆုံးဘွဲ့ကို ပေးအပ်တော်မူသည်။

အရှင်ဥပါလိ၏သီဟနာဒ

အရှင်ဥပါလိသည် ဘုရားမြတ်စွာ၏ အာဏာခေတ်တခုလုံး၌ ဘုရားရှင်ကို ကြဉ်ဖယ်၍ ဝိနည်း၌ သူ့ထက်လွန်သူကိုမဆိုထားဘိ တူသူပင်မရှိကြောင်း သီဟနာဒပြုခဲ့သည်။

ယာဝတာ ဗုဒ္ဓခေတ္တမ္ပိ၊ ဌပေတ္ဝာ တံ မဟာမုနိ ံ။
ဝိနယေ မာဒိသော နတ္ထိ၊ ကုတော ဘိယ္ယော ဘဝိဿတိ။

(အပ၊ ၁။ ၄၈။)

ပဌမသံဂါယနာဝိနယဝိဿဇ္ဇက

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး မဟာသက္ကရာဇ်-၁၄၈-နှစ်တွင် ကျင်းပအပ်သော ဆဋ္ဌဘိည ပဋိသမ္ဘိဒါပတ္တ, တေဝိဇ္ဇကောဝိဒ ရဟန္တာ ၅၀၀-ပါဝင်သော ရာဇဂြိုဟ် ပဌမသံဂါယနာပွဲတွင် ဝိနယပိဋကဝိဿဇ္ဇကပုဂ္ဂိုလ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ရဟန္တာ ၁၀၀၀-တို့၏ပိဋကတ်စာချ

ပဌမသံဂါယနာတင်ပြီး ဝေသာလီပြည် ဝါလုကာရုံကျောင်းတိုက်၌ သီတင်းသုံး၍ ဒါသက ထေရ်အမှူးရှိသော ရဟန္တာ ၁၀၀၀—ကိုပိဋကတ် ၃-ပုံ သင်ကြားပို့ချပေးတော်မူခဲ့လေသည်။

ခီဏာသဝသဟဿံ သော၊ ဒါသကတ္ထေရဇေဋ္ဌကံ။
ဥပါလိတ္ထေရော ဝါစေသိ၊ သကလံ ပိဋကတ္တယံ။

(မဟာဝံသ၊ ၅၊ ၁၁၄။)

ဝိနည်းကို အနှစ် ၃၀-ချပို့ခြင်း

ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံပြီးနောက် ဝိနည်းကိုချည်း အနှစ် ၃၀—တိုင် ချပို့တော်မူခဲ့သည်။

ပရိနိဗ္ဗုတမ္ပိ သမ္မုဒ္ဓေ၊ ဥပါလိထေရော မဟာဇုတိ။
ဝိနယံ တာဝ ဝါစေသိ၊ တိံသဝဿံ အနူနကံ။

(ဒီပဝံသ၊ ၅၊ ၂၉။)

ပုထုဇဉ်အရိယာတပည့်တို့ မရေနိုင်

အရှင်ဥပါလိမထေရ်မြတ်ထံတော်၌ ပိဋကတ်သင်ယူခဲ့ကြသော ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ်တပည့်တို့မှာ ရေတွက်မရအောင်ပင် များပြားလှကြောင်း မဟာဝံသနှင့် ပါရာဇိကဏ်အဋ္ဌကထာ ဗာဟိရနိဒါန်း ပဌမသင်္ဂီတိကထာ၌ မှတ်ချက်ချခဲ့လေသည်။

ဂဏနာ ဝိတိဝတ္တာ တေ၊ သေသာရိယပုထုဇ္ဇနာ။
ပိဋကာနုဂ္ဂဟိတာနိ၊ ယေဟိ ထေရဿ သန္တိကေ။

(မဟာဝံသ၊ ၅၊ ၁၁၅။)

ရွှေပြည်နိဗ္ဗာန် ဝင်စံပြီ

ဤသို့ဖြင့် ဘုရားရှင်သာသနာ့ဝန်ဆောင် တေဒဂ်ဘွဲ့ရ သာသနာဝန်ထမ်း ရဟန်းတို့၏ ဆရာ ပဌမသံဂါယနာဝိနယဝိဿဇ္ဇက တေဝိဇ္ဇ, ဣဒ္ဓိပဟတ္တ, စေတောပရိယကောဝိဒ, ဆဋ္ဌဘိည ဖြစ်တော်

မူသော အရှင်ဥပါလိသည် အရှင်ဒါသကအစရှိသော တပည့်တို့အား ပိဋကတ်၃-ပုံကို လက်ဆောက်အပ်နှင်းသင်ပြပေးတော်မူခဲ့၍ ပဌမသံဂါယနာတင်ပြီး ဝေသာလီအစရှိသော မြို့ရွာတို့၌ သီတင်းသုံးကာ ရဟန်းတို့အား ပိဋကတ်ကို သင်ပြခဲ့ကာ သက်တော် ၇၄-နှစ်တွင် ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူခဲ့ပြီ။

ဥပါလိထေရသေဋ္ဌော ဟိ၊ ဝိနယဓရာနမုတ္တမော။
လောကဂ္ဂသာသနေ ကိစ္စံ၊ ကတ္တာ အနုပကံ ဝရံ။
နိဗ္ဗာယိ အဂ္ဂိက္ခန္ဓော၀၊ ဂုဏောဘာသော၀ သေသကော။
စတုသတ္တတိ၀ဿမ္ပိ၊ ထေရော ဥပါလိပဏ္ဍိတော။
သဒ္ဓိဝိဟာရိကံ ထေရံ၊ ဒါသကံ နာမ ပဏ္ဍိတံ။
ဝိနယဋ္ဌာနေ ဌပေတ္ဝာန၊ နိဗ္ဗုတော သော မဟာဂဏီ။

(ဒီပ၀ံသ၊ ၅၊ ၄၄၊ ၄၅။)

သံဝေဂယူဖွယ်

ဝိနည်း ပိဋကတ် ကျမ်းကျင်တတ်မြောက်သူတို့အနက် အမြတ်ခေါင်ဖျားဖြစ်သည့် အရှင်ဥပါလိထေရ်မြတ်ပင်လျှင် ပရိနိဗ္ဗာန် ဝင်စံကြွသွား သေခြင်းတရားနှင့် ရင်ဆိုင်ရသေး၏၊ ငါတို့လို ပုဂ္ဂိုလ်မျိုးတို့၌ကား သေရမည် မသေရမည်မှာ ဆိုဖွယ်ရာမရှိပြီ၊ မုချ ကိန်းသေ သေရမည်သာတည်း။

ဥပါလိတ္ထေရသေဋ္ဌော ယော၊ ဝိနယညူနမုတ္တမော။
မရဏံ သော၀ိ သမ္ပတ္တော၊ မာဒိသေသု ကထာ၀ ကာ။

အရှင်ဒါသကမဟာထေရ်

အရှင်ဒါသကသည် မဇ္ဈိမသာသနာဝင်တွင် ၂-ဆက်မြောက် အရှင်မြတ်ဖြစ်တော်မူသည်၊အရှင်ဥပါလိ၏တပည့်ရင်းဖြစ်သဖြင့်လည်း ဝိနည်းပိဋကတ်ကို လွန်စွာနိုင်နင်းလေသည်။

နေရပ်ဌာနိနှင့်အရည်အချင်း

အရှင်ဒါသကလောင်းလျှာသည် ဝေသာလီပြည်တွင် သောတ္ထိယအန္ဓယ်၌ဖြစ်၍ ထက်မြက်သော ဉာဏ်အမြင်နှင့်ပြည့်စုံသော သတိုးသားကလေး ဖြစ်သည်၊ ဝေဒကျမ်းတတ် ဆရာကြီးထံ၌ ဝေဒကျမ်းသင်တပည့် ၃၀၀-အနက် သွက်လက် ချက်ချာဆုံး ဉာဏ်ပညာအရှိဆုံး တပည့်ကြီး အဖြစ် ထင်ရှားခဲ့သည်၊ ၁၂-နှစ်သားအရွယ်မှစ၍ ဝေဒ ၃-ကျမ်း၌ သင်ယူခြင်း သရဇ္ဈာယ်ခြင်း၏အစွမ်းအားဖြင့် တဖက်ကမ်းခတ် တတ်မြောက်ခဲ့သည်။

အရှင်ဥပါလိထံချဉ်းကပ်ပြီး ဝေဒကျမ်းခက်ဆစ်မေး

ဒါသကလုလင်သည် တပည့်ပရိသတ်နှင့်အတူ ပဌမသံဂါယနာသဘင်ကြီး ယဉ်ပြီး ဝေသာလီပြည် ဝါလုကာရုံကျောင်းတိုက်၌ သီတင်းသုံးစံပျော် နေထိုင်တော်မူလျက် ရှိသော အရှင်ဥပါလိထေရ်ကို ဖူးမြော်ကန်တော့ ချဉ်းကပ်ပြီး ဝေဒ ၃-ကျမ်း ခက်ရာ ခက်ဆစ်တို့ကို မေးမြန်း စုံစမ်းလျှောက်ထား၏၊ မထေရ်မြတ်သည် မေးတိုင်းသော ပုစ္ဆာပြဿနာတိုင်း လွယ်ကူစွာ အဖြေပေးခဲ့လေသည်။

ဒ္ဒါဒဿဝဿိကောယေဝ၊ ဝေဒပါရဂတော စရုံ။
သသိသော ဝါလိကာရာမေ၊ ဝသန္တံ ကတသင်္ဂဟံ။

ဥပါလိတ္ထေရံ ပဿိတ္ဝာ၊ နိသိဒိတ္ဝာ တဒန္တိကေ။
ဝေဒေသု ဂဏ္ဌိဋ္ဌာနာနိ၊ ပုစ္ဆိ သော တာနိ ဗျာကရိ။

ရဟန်းပြုခြင်း

အရှင်ဥပါလိသည် ဒါသကလုလင် မေးသမျှကို ဖြေကြားပြီး သူငယ် မင်းမေးသမျှကို ငါက ဖြေရပြီ၊ ယခု ငါ၏ အမေးကို မင်းဖြေဘို့အခါ ရောက်ပြီဟု စကားပြိုးတော်မူကာ—

သဗ္ဗဓမ္မာနုပတတော၊ ဧကဓမ္မော ဟိ မာဏဝ။
သဗ္ဗေ ဓမ္မာ ဩသရန္တိ၊ ဧကဓမ္မေ ဟိ ကောသုသော။

အမောင်လုလင် တခုသောသဘောတရားသည် သခ်ၤတ အသခ်ၤတတရားအားလုံး၌ ကျရောက်၏၊ အားလုံးသော သခ်ၤတ အသခ်ၤတတရားတို့သည် တခုသောတရား၌ သက်ဝင်ကုန်၏၊ အဲဒီတရား တခုဆိုသည်မှာ အဘယ်ဟာပါနည်းဟု နာမ်တရားကို ရည်ရွယ်၍ မေးလိုက်ရာ ဒါသကလုလင် မဖြေနိုင်ရှိသဖြင့်—

အရှင်ဘုရား တပည့်တော် မသိပါဘုရား၊ ၎င်းမန္တန် အဘယ်မန္တန်မည်ပါသနည်း၊ တပည့်တော် သင်လိုလှပါသည်ဘုရားဟု လျှောက်ထားရာ ဥပါလိမထေရ်မြတ်က အချင်းလုလင် ဤ

မန္တန်သည် ဗုဒ္ဓမန္တန်မည်ပေသည်၊ ငါကဲ့သို့ ရှင်ရဟန်းပြုပါမူကား ငါသင်ပေးမည်ဟု မိန့်တော်မူရာ အိမ်ပြန်၍ ဆရာသမားမိဘတို့ကို ခွင့်ပန်ပြီး တပည့် ၃၀၀-နှင့်အတူတကွ ရှင်သာမဏေပြုလေသည်။

အသက် ၂၀-ပြည့်သောအခါ ရဟန်းပြုလေသည်၊ ရဟန်းပြုပြီးမကြာမြင့်မီ အာသဝအခိုးအကင်းတို့ နှင်းပေါက်လောက်မျှ မကျန်ပဲ ရဟန္တာဖြစ်လေသည်။

ပိဋကတ်ကို ချပို့ခဲ့ခြင်း

အရှင်ဒါသကသည် အရှင်ဥပါလိထံ၌ ဝိနည်းပိဋကတ်နှင့်တကွ ပိဋကအားလုံးကို သင်ယူခဲ့ပြီး တဆင့်ချပို့သင်ပြပေးရာ ရဟန္တာပုဂ္ဂိုလ် ၁၀၀၀-မျှရှိလေသည်၊ ပုထုဇဉ်,သောတာပန်,သကဒါဂါမ်, အနာဂါမ်တို့ကား ရေတွက်မရအောင် များကြကုန်၏။

ခီဏာသဝါ သဟဿံ စ၊ ဒါသကတ္ထေရသန္တိကေ။
တိပိဋကံ သမုဂ္ဂဏှိ၊ တဒဉ္ဇေ တု အနပ္ပကာ။

ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူခြင်း

ဤသို့လျှင် အရှင်ဒါသကမဟာထေရ်သည် သဒ္ဓိဝိဟာရိကတပည့် အရှင်သောဏကကို မိမိနည်းတူ ဝိနယပါမောက္ခအရာ၌ တည်စေခဲ့ကာ သက်တော် ၆၄-နှစ်တွင် ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူခဲ့လေသည်။

ဒါသကော သောဏကံ ထေရံ၊ သဒ္ဓိဝိဟာရိ ံ အနုပ္ပဒံ။
ကတ္တာ ဝိနယပါမောက္ခံ၊ စတုသင်္ဃိမှိ နိဗ္ဗုတော။

(ဒီပဝံသ၊ ၅။ ၃၁။ သီဟိုဠ်မူ)

အရှင်သောဏကမထေရ်

အရှင်သောဏကထေရ်သည် သာသနာဝင်တွင် ပေါ်လွင်ထင်ရှားသည့် မထေရ်မြတ်ဖြစ်တော်မူသည်၊ ယနေ့တိုင် ဘုရားရှင်ပိဋကတ်များ ဝိနည်းဒေသနာများ တွေ့ရှိသင်အံပို့ချနေရသေးသည်မှာ အရှင်သောဏကထေရ် စသည်တို့၏ ကျေးဇူးပင်ဖြစ်လေသည်။

ဇာတိဌာနေ မွေးရပ်မြေစသည်

အရှင်သောဏကသည် ကာသိတိုင်း လှည်းကုန်သည်တဦး၏သား ဖြစ်သည်၊ အရှင်သောဏက လောင်းလျာသည် ၁၅-နှစ်သားအရွယ်တွင် မိဘတို့နှင့်အတူ မာဂဓတိုင်း ရာဇဂြိုဟ်မြို့တော်သို့ ကုန်ရောင်းကုန်ဝယ်အတွက် ရောက်ရှိခဲ့သည်။

ကာသီသု သောဏကော နာမ၊ သတ္ထဝါဟသုတော အဟု။
ဂိရိဗ္ဗဇံ ဝဏိဇ္ဇာယ၊ ဂတော မာတာပိတူဟိ သော။

(မဟာဝံသ။ ၅၊ ၁၁၆။)

ရဟန်းပြုခြင်း

၁၅-နှစ်သားအရွယ် လူပျိုဖြစ်စ သောဏကသတိုးသားသည် အဖော်သူငယ်ချင်းမိတ်ဆွေ ၅၅-ယောက်တို့နှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ ရောက်ရှိရာ တိပိဋကပါရဂူ ဝိနယဆေက ရဟန္တာသခင် အရှင်ဒါသကထေရ်ကို ဖူးတွေ့ရသဖြင့် လွန်စွာကြည်ညိုခြင်းဖြစ်ရကား ရှင်ရဟန်းပြုလိုကြောင်း အရှင်ဒါသကထေရ်အား လျှောက်ထားလေ၏၊ အရှင်ဒါသကထေရ်က မိဘဆရာသမားတို့ထံကခွင့်ရလျှင် ရှင်ရဟန်းပြုပေးမည်ဟု မိန့်သဖြင့် ထမင်း ၃-နပ်မစားပဲ တောင်းဆိုကာ မိဘတို့ထံမှ ရှင်ရဟန်းပြုခွင့်ကို ရယူခဲ့သည်။

ဘတ္တတ္တယမဘုဥ္ဇိတ္ဝာ၊ သောဏကော သော ကုမာရကော။
မာတာပိတူဟိ ကာရေတ္ဝာ၊ ပဗ္ဗဇ္ဇာနုညမာဂတော။

(မဟာဝံသ။ ၅၊ ၁၁၉။)

သောဏကလုလင်သည် သူငယ်ချင်းတို့နှင့်အတူ အရှင်ဒါသကထေရ်ထံတွင် ရှင်ပြုခဲ့သည်၊ ထို့နောက် ရဟန်းပြု၍ မကြာမြင့်မီ အာသဝေါကင်းကွာ ရဟန္တာဖြစ်လေသည်။

ပိဋကတ်သင်ယူခြင်း ချပို့ခြင်း

အရှင်သောဏကသည် အရှင်ဒါသကထံ၌ ကြီးမားသော လုံ့လဥဿာဟဖြင့် ပိဋကတ် ၃-သွယ် နိကာယ် ၅-ရပ်ကို သင်ယူခဲ့သည်၊ ဂဏပါမောက္ခ ဂိဏ်းဦးစီး ဂိဏ်းဆရာကြီးဖြစ်၍ များစွာသော သံဃာတို့အား ပိဋကတ် ၃-ပုံကို သင်ကြားချပို့ပေးတော်မူကာ ဘုရားရှင်၏ သာသနာအနှယ် အဆက်ကို စောင့်ထိန်းတော်မူခဲ့လေသည်၊ အရှင်သောဏက၏ တပည့်များတွင် ပိဋကညူ ရဟန္တာ တပည့်ပေါင်း ၁၀၀၀-မျှ အတိုင်းအရှည်ရှိလေသည်။

ခီဏာသဝသဟာယာသာ၊ ထေရသိသဂဏာသာ သော။
အဟောသိ ပိဋ္ဌကည္ဆုသာ၊ ဇေဋ္ဌကော သောဏကော ယတိ။

(မဟာဝံသ၊ ၅၊ ၁၂၁။)

အရှင်သောဏက အထံ၌ ပိဋကတ်သင်ယူကြသော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်တပည့်တို့မှာ တိတိကျကျ ရေတွက်မရအောင် များပြားကုန်၏ဟု ရှေးဆရာတို့ မှတ်သားခဲ့ကြကုန်၏။

သောဏကာသာ သိဿာနံ တု၊ ပုထုဇ္ဇနာဒယော ပန။
ဂဏနာဝီတိဝတ္တာတိ၊ ပေါရာဏေဟိ သုလက္ခိတာ။

ပရိနိဗ္ဗာန်ဝင်စံခြင်း

အဘိညာဉ် ၆-ပါးနှင့် ပြည့်စုံသော အရှင်သောဏကသည် ပိဋကတ်ကို အရိယာသခင်ဘုရားရှင်သားတော် အရှင်သိဂ္ဂဝကို ဝိနယဓရအရာ ထားခဲ့ကာ သက်တော် ၆၆-နှစ်တွင် ဥပဓိတို့ကုန်ရာအမှန် နိဗ္ဗာန်စခန်း စံမြန်းတော်မူခဲ့လေသည်။

သောဏကော ဆဋ္ဌဘိညာဏော၊ သိဂ္ဂဝံ အရိယတြံ။
ဝိနယဋ္ဌာနေ ဌပေတ္ဝာန၊ ဆသဋ္ဌိမှိ စ နိဗ္ဗုတော။

(ဒီပဝံသ၊၅၊၃၂။သီဟိုဠ်မူ)

သံဝေဂယူဖွယ်

ဘဝသစ်၌ ဖြစ်ရခြင်းသည် ဆင်းရဲလှချေ၏၊ ခန္ဓာကိုယ် ပျက်ပြုန်း၍ အသက်ဆုံးရခြင်းသည်လည်း ဆင်းရဲတွင်း နက်လှချေ၏။

ဒုက္ခော ပုနဗ္ဘဝေါ နာမ၊ သရီရဿ စ ဘေဒနံ။

(ဗုဒ္ဓဝံသပါဠိ။ ၃၁၄။)

အရှင်သိဂ္ဂ ဓမ္မာဇေရ်

အရှင်သိဂ္ဂဝသည် မဇ္ဈိမသာသနာဆက်၏ စတုတ္ထမြောက် မထေရ်မြတ် ဖြစ်လေသည်။

ကာလ, ဒေသ, မိဘ

အရှင်သိဂ္ဂဝသည် သာသနာသက္ကရာဇ် ၁၀၀-ခေတ်တွင် ထင်ရှားသော မထေရ်မြတ်ဖြစ်၍ မာဂဓတိုင်း၏ နန်းမြို့တော် ပါဋလိပုတ်မြို့၌ သိရိဝစ္ဆအမည်ရှိသော အမတ်ကြီးနှင့် အမတ်ကတော် တို့မှ ဖွားမြင်သော သားရတနာ ဖြစ်လေသည်။

ပြာသာဒ် ၃-ဆောင်နှင့် စည်းစိမ်ရှိစွာ နေခြင်း, ရဟန်းပြုခြင်း

သိဂ္ဂဝလုလင်သည် ငယ်စဉ်ကစ၍ ဆောင်း, နွေ, မိုးဃ်းဟု ဆိုအပ်သော ဥတု ၃-ပါးတို့၌ ပြာသာဒ် ၃-ဆောင်ဖြင့် ရာသီအားလျော်စွာ ချမ်းသာစွာ စည်းစိမ်ရှိစွာ နေခဲ့၍ ၁၈-နှစ်အရွယ် ရောက်သောအခါ အမတ်တဦး၏ သားဖြစ်သော မိတ်ဆွေစဏ္ဍဝဇ္ဇီလုလင်ကို ခေါ်၍ အဖော်အမျိုး သားမိတ်ဆွေ ၅၀၀-ခြံရံလျက် ကုက္ကုဋ္ဌာရုံကျောင်းတိုက်သို့ သွားလေ၏၊ ကျောင်းတိုက်သို့ ရောက်လျှင် ဣန္ဒြေစောင့်စည်းကာ နိရောဓသမာပတ်ဝင်စားနေသော အရှင်သောဏကထေရ်ကို မြင်ရ၍ ရှင်ပျဝမ်းမြောက်စွာ သွားရောက်ရှိခိုး ဦးချဝတ်ပြုရာ တစုံတရာ စကားမပြောမဟာ မပြော မဆိုသဖြင့် သံဃာတော်အရှင်မြတ်များထံ ချဉ်းကပ်၍ မေးလျှောက်လေ၏၊ သံဃာတော်အရှင်မြတ်များက သမာပတ် ဝင်စားနေပါသဖြင့် စကားမပြောကြောင်း မိန့်တော်မူလေ၏။

ထိုအခါ သိဂ္ဂဝအမှူးရှိသော လုလင်တို့သည် သမာပတ်ဝင်စားတယ်ဆိုလျှင် ရှိပါစေဦးတော့ ဘုရား၊ အဘယ်ကဲ့သို့ သမာပတ်မှ ထပါသနည်းဟု ဆက်လက်မေးလျှောက်ကြရာ သံဃာတော် များက—

ပက္ကောသနာယ သတ္ထုဿ၊ သံဃပက္ကောသနာယ စ။
ယထာကာလပရိစ္ဆေဒါ၊ အာယုက္ခယဝသေန စ။

ဟူသော ဂါထာအားလျော်စွာ ဘုရားရှင် ခေါ်ရာအခါ, သံဃာက ခေါ်ရာအခါ, မိမိပိုင်းခြား မိဋ္ဌာန် ထားသောကာလ စေ့သောအခါ, အသက်ကုန်သောအခါတို့၌ သမာပတ်မှ ထကြောင်း မိန့်တော် မူပြီးလျှင် သိဂ္ဂဝလုလင်နှင့် အပေါင်းပါတို့၏ ဥပနိဿယကို မြင်တော်မူကြ၍ အရှင်သောဏ ကို သမာပတ်မှ ထစေတော်မူကြ၏။

အရှင်သိဂ္ဂဝတို့ ရဟန်းပြုကြပြီ

သိဂ္ဂဝလုလင်အမှူးရှိသော ပရိသတ်က အရှင်ဘုရား တပည့်တော်တို့နှင့် အဘယ့်ကြောင့် စကားမပြော တုဏှီဘောဖြစ်၍ နေပါသနည်း ဟု လျှောက်ထားရာ အရှင်သောဏကထေရ်က အခမောင်လုလင်တို့ ငါတို့သည် သုံးဆောင်အပ် သုံးဆောင်သင့် သုံးဆောင်ထိုက်သော တရားကို သုံးဆောင်ကြကုန်၏ဟု အဖြေပေး၏၊ ထိုအခါ သိဂ္ဂဝအမှူးရှိသော သူငယ်တို့က သည်လိုဆို တပည့် တော်တို့ကော သုံးဆောင်ခံစားခြင်းငှါ ဖြစ်နိုင်ပါသလောဟု မေးလျှောက်ရာ အေး–ငါတို့ကဲ့သို့

ရဟန်းပြုပါကုန်မူ သုံးဆောင်ခံစားနိုင်ကြကုန်သည်ဟု သောဏကထေရ်က အမိန့်ရှိရာ မိဘတို့ထံ ခွင့်တောင်းကြပြီး သိဂ္ဂဝ, စဏ္ဍဝင်္ဘီ အမှူးရှိသော လူလင် ၅၀၀-တို့သည် အရှင်သောဏကထံ၌ ရဟန်း ပြုကြကုန်၏။

ရဟန္တာဖြစ်ကြခြင်း

အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝင်္ဘီ တို့သည် ဥပဇ္ဈာယ်ဆရာတော်ထံ၌သာလျှင် ပိဋကတ် ၃-ပုံကို သင်ကြားကြသည်၊ နောက်မကြာမီ အဘိညာဉ် ၆-ပါးပိုင်ရှင် ရဟန္တာသခင် အရှင်မြတ်ကြီးတို့ ဖြစ်ကြလေသည်။

ဥပဇ္ဈာယန္တိကေ ယေဝ၊ တေ ဒုဝေ ပိဋကတ္တယံ။
ဥဂ္ဂဟေသုဉ္စ ကာလေန၊ ဆဠဘိညံ လဘိ ံသု စ။
(မဟာဝံသ၊ ၅၊ ၁၃၂။)

ရဟန္တာ ၁၀၀၀-တို့၏ဝန်ဆောင်

အရှင်သိဂ္ဂဝသည် ဥပဇ္ဈာယ်အထံ ဝိနည်းပိဋကစသည်ကို သင်ယူခဲ့ပြီး ရဟန္တာ ၁၀၀၀-တို့၏ ဝန်ဆောင်ကြီး ဖြစ်လာတော့သည်၊ အရှင်သိဂ္ဂဝထေရ် သင်ပြချပို့ပေးရသော ရဟန္တာချည်း ၁၀၀၀-မျှရှိ၍ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့ကား ရေတွက်၍မရ များလှကုန်၏။

အရဟန္တသဟဿဿ၊ ဓုရဂ္ဂါဟော အဟောသိ စ။
ပုထုဇ္ဇနာဒယော စာပိ၊ ဂဏနာ န ဘဝန္တိ စ။

ရွှေပြည်နိဗ္ဗာန် ဝင်စံပြီ

ဤသို့ဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့နှင့် ပြည့်စုံတော်မူသော သာသနာ့ဝန်ဆောင် အရှင်သိဂ္ဂဝသည် မောဂ္ဂလိပုတ္တသူငယ်ကို ဝိနယပါမောက္ခအဖြစ်ရောက်အောင် ပြုလုပ်ဆောင်ရွက်တော်မူပြီး သက်တော် ၇၆-နှစ်တွင် ကိလေသာ အမျှင်အတန်းတို့၏ ကုန်ခန်းချုပ်ငြိမ်းလက်စသိမ်းရာ အောင်ချာနိဗ္ဗူ ဝင်စံတော်မူခဲ့လေပြီ။

သိဂ္ဂဝေါ ဉာဏသမ္ပန္နော၊ မောဂ္ဂလိပုတ္တံ စ ဒါရကံ။
ကတ္တာ ဝိနယပါမောက္ခံ၊ နိဗ္ဗုတော သော ဆသတ္တတိံ။

သံဝေဂယူဖွယ်

သို့စဉ်ကလောက် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့နှင့် ပြည့်စုံသော သာသနာ့ဝန်ဆောင် အရှင်သိဂ္ဂဝမထေရ်မြတ်ပင် သေမင်းအလိုအကြိုက် လိုက်ပါရသေးရာ ငါတို့လိုပုဂ္ဂိုလ် မျိုးမှာ သေမင်းအလိုအကြိုက် လိုက်ပါရမှုမှာ ဆိုဖွယ်ရာမရှိတော့ပါတကား၊ ကိန်းသေမုချ သေမင်းအလို လိုက်ကြရမည်သာတည်း။

ဧဝံ ဟိ ဉာဏသမ္ပန္နော၊ သိဂ္ဂဝေါ ထေရကုဉ္ဇရော။
မရဏဿ ဝသံ ပတ္တော၊ မာဒိသေသု ကထာဝ ကာ။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမဟာထေရ်

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမဟာထေရ်သည် သာသနဘေးရန်ကို သုတ်သင်ရှင်းလင်းသည့် သာသနသောဓက မဟာထေရ်မြတ်ကြီး ဖြစ်တော်မူသည်၊ တတိယသံဂါယနာ မဟာဓမ္မသဘင်ကြီး၏ သံဃမဟာနာယကလည်း ဖြစ်တော်မူသည်။

ဒုတိယသံဂါယနာတင်ခြင်း

အရှင်ယသ, အရှင်သဗ္ဗကာမီ, အရှင်ရေဝတ-စသော မဟာထေရ်မြတ်တို့သည် အလင်္ဂီပုဂ္ဂိုလ်တို့၏ ဝတ္ထု ၁၀-ပါးကြောင့် ကာလာသောကမင်း၏ ပစ္စယာနုဂ္ဂဟဖြင့် ဝေသာလီပြည် ဝါလုကာရုံကျောင်းတိုက်၌ ဒုတိယသံဂါယနာတင်တော်မူကြပြီး ယခုနှစ်မှ နောက် ၁၁၀-နှစ်မြောက် မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုပြီးသည်မှ နောက် ၂၁၀-နှစ်သို့ ရောက်သောအခါ သီရိမမွာ-သောကမင်းသည် ဇမ္မူဒိပ်တကျွန်းလုံးကို ထီးတလက်တည်းပြု၍ အုပ်စိုးရသော ဧကရာဇ်မင်း ဖြစ်လတ္တံ့၊ ထိုမင်းမြတ်သည် သာသနာတော်ကို လွန်စွာကြည်ညို၍ ကြီးကျယ်သောလာဘ်တို့ဖြင့် ပူဇော်လတ္တံ့၊ တိတ္ထိတို့သည် လာဘ်လာဘအတွက် သာသနာတွင်းဝင်ရောက်ကြပြီး မိမိတို့၏ တိတ္ထိဝါဒကို ဟောပြောကြလိမ့်မည်၊ ထိုအခါ သာသနာတော်မြတ်ကြီး၌ ကြီးမားလှစွာသော အန္တရာယ်ကြီး ဖြစ်လိမ့်မည်ဟု ထင်မြင်တော်မူကြလေသည်။

တိဿဗြဟ္မာကြီးကို တောင်းပန်ခြင်း

ငါတို့ကား ထိုသာသနာ့ရန်စွယ် ဓမ္မန္တရာယ်ကြီးကို မှီကြမည်မဟုတ်ကုန်၊ ယင်းသာသနာ့ အန္တရာယ်ကို ငြိမ်းစွမ်းနိုင်သူကား တိဿဗြဟ္မာကြီးပင်ဖြစ်သည်ဟု မြင်တော်မူကြ၍ ဗြဟ္မာဘုံသို့ ကွတော်မူကြကာ တိဿဗြဟ္မာကြီးအား တိုက်တွန်းကြရာ တိဿဗြဟ္မာကြီးက ဘုရားသာသနာ ချီးမြှောက်နိုင်မည့်သူ ဖြစ်ကြောင်း သိရသဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်လေ၏။

အရှင်သိဂ္ဂဝန့်၊ စဏ္ဍဝဇ္ဇီတို့အား ဒဏ်ထား

မထေရ်မြတ်တို့သည် တိဿဗြဟ္မာကြီးကို တိုက်တွန်းပြီး လူ့ပြည်သို့ ပြန်ကွတော်မူခဲ့၍ အရှင်သိဂ္ဂဝန့်အရှင်စဏ္ဍဝဇ္ဇီတို့ကို တိဿသူငယ်အား စောင့်ရှောက်ရန် တာဝန်ပေးတော်မူကြ၏၊ အရှင်သိဂ္ဂဝန့် စဏ္ဍဝဇ္ဇီတို့သည် သီတင်းငယ်များ ဖြစ်ကြသော်လည်း တိပိဋကဓရပဋိသမ္ဘိဒါပတ္တ ခီဏာသဝပုဂ္ဂိုလ်များ ဖြစ်ကြသည်၊ သီတင်းငယ်သံဃနဝကများ ဖြစ်ကြသဖြင့် ဒုတိယသံဂါယနာတွင် မပါဝင်ကြရပေ၊ အရှင်ယသစသော မထေရ်မြတ်ကြီးတို့က ငါ့ရှင်တို့....သင်တို့သည် ယခုပြီးခဲ့သော အဓိကရဏ်းကိစ္စ၌ အကူအညီမပြုခဲ့ကြချေ။ သို့ဖြစ်ရကား သင်တို့အား ဒဏ်ထားခဲ့ရမည်၊ တိဿဗြဟ္မာသည် မောဂ္ဂလိပုဏ္ဏားအိမ်၌ ပဋိသန္ဓေတည်နေလိမ့်မည်၊ တိဿသူငယ်ကို တပါးက ရှင်သာမဏေဖြစ်အောင် ဆောင်ရွက်၍ တပါးက ဘုရားစကားတော်တည်းဟူသော ပိဋကတ်ကို သင်ကြားပေးရမည်ဟု ဒဏ်ထားတော်မူခဲ့ကြကာ ခန္ဓာဇာတ်သိမ်း ငြိမ်းတော်မူကြလေပြီ။

၇-နှစ်အတွင်း ကန်တော့ဆွမ်းလောက်မျှ မရခဲ့

တိဿဗြဟ္မာသည်လည်း စုတေ၍ မောဂ္ဂလိပုဏ္ဏားအိမ် ပုဏ္ဏေးမ၏ ဝမ်း၌ ပဋိသန္ဓေတည်နေလာ၏၊ အရှင်သိဂ္ဂဝသည် တိဿလုလင်ပဋိသန္ဓေတည်နေသည်မှစ၍ တိဿလုလင် ၇-နှစ်သား အရွယ်တိုင်အောင် မောဂ္ဂလိပုဏ္ဏားအိမ်၌ သည်းခံတော်မူ၍ ဆွမ်းခံကြွ ဆွမ်းရပ်ပါသော်လည်း ကန်တော့ဆွမ်းပါဘုရားဟူသော စကားမျှကိုပင် မရခဲ့ပါချေ။

ကန်တော့ဆွမ်းရပြီ

အရှင်သိဂ္ဂဝသည် တနေ့သော် ကန်တော့ပါသေးဘုရား၊ တပည့်တော်တို့၏အိမ်ကို ကျော်ပြီး တခြားအိမ်၌ ဆွမ်းကို အလိုရှိတော်မူပါဟူသောစကားကို ရခဲ့သည်၊ အိမ်ရှင်မောဂ္ဂလိပုဏ္ဏားသည်လည်း ကိစ္စတခုပြုပြီး အပြန်လမ်း၌ ရင်ဆိုင်တွေ့သော မထေရ်မြတ်ကို အိုရဟန်း တို့မျှားအိမ် သွားခဲ့ပြီလား၊ တစုံတခု ရခဲ့ပြီလားဟုမေးရာ အိုပုဏ္ဏား သင်တို့အိမ် သွားခဲ့ပြီ၊ တစုံတခု ရခဲ့ပါသည်ဟု မထေရ်မြတ်က ဖြေဆိုလေသည်၊ မောဂ္ဂလိပုဏ္ဏား အိမ်ရောက်သောအခါ အိမ်သားတို့ကို ရဟန်းအား တစုံတရာ လောင်းလှူလိုက်ကြသလားဟု မေးရာ အိမ်သူအိမ်သားများက မလောင်းမလှူလိုက်ရကြောင်း ပြောပြကြ၏။

နောက်တနေ့ အရှင်သိဂ္ဂဝ ဆွမ်းခံကြွသောအခါ ကျွန်ုပ်တို့ အိမ်က ဘာမျှ မလောင်းမလှူလိုက်ပါပဲနဲ့ တစုံတရာ ရရှိခဲ့သည်ဟု ရဟန်းပြောသည်၊ ရဟန်းဆိုတာ မမှန်စကား မုသားပြောကောင်းသလားဟု စွပ်စွဲကဲ့ရဲ့လေ၏။

အိုမောဂ္ဂလိပုဏ္ဏား ငါသည် သင့်အိမ်၌ ဆွမ်းရပ်ခဲ့တာ ၇-နှစ်ကြာညောင်းခဲ့သည်၊ ကန်တော့ပါသေး၊ ကြွပါဦးဆိုသော စကားတခွန်းမှ မရခဲ့ပါဘူး၊ မနေ့ကမူ အထူးတဆန်း ကန်တော့ပါသေး ကြွပါဦးဆိုသော စကားတခွန်းမျှကို ရသောကြောင့် ရခဲ့သည်ဟု ငါပြောဆိုခြင်းဖြစ်သည်၊ ငါ့မှာ မုသာဝါဒ အပြစ်မရှိပါဘူးဟု ဖြေဆိုပြောပြလေ၏။

ထိုအခါ ဤရဟန်းများသည် ပဋိသန္ဓာရစကားမျှ ရခြင်းကိုပင် ချီးကျူး ပြောဆိုကြသေး၏၊ အခြား စားသောက်ဖွယ်ရာ တစုံဘရာပေးလှူပါလျှင် အဘယ်မှာ မချီးမွမ်းကြပဲ ရှိချိမ့်မည်နည်းဟု ကြည်ညိုယိုဖိတ်သောစိတ်ဖြစ်ကာ တဇွန်းတယောက်ချိုသော ဆွမ်းနှင့် ဟင်းလျာကို လောင်းလှူသည်မှအစပြု၍ နောက် နေ့စဉ် အိမ်၌ ဆွမ်းဘုဉ်းပေးခဲ့ရာ မောဂ္ဂလိပုတ္တတိဿထေရ်လောင်းလျာ ၁၆-နှစ်အရွယ်တော်ခေတ် တိုင်ခဲ့လေပြီ။

ရှင်ရဟန်းပြုပြီ

တနေ့သော် မထေရ်မြတ်ဆွမ်းစားကြွရာ အိမ်၌ မထေရ်၏အဓိဋ္ဌာန်ကြောင့် ခင်းစရာ တစုံတရာ မတွေ့သဖြင့် တိဿလုလင်ဆဲခိုပ်ထားသော အခင်းကို ရုတ်တရက် အိမ်သူ အိမ်သား များက ခင်းပေးကြသဖြင့် မထေရ်မြတ်သည် ထိုအခင်းပေါ်၌ သီတင်းသုံးလျက် ဆွမ်းဘုဉ်းပေးရ၏၊တိဿလုလင်လည်း ထိုအချိန်မှာပင် ဆရာ့အိမ်မှပြန်လာ၍ မိမိနေရာ၌ မထေရ်ထိုင်နေသည်ကို မြင်လျှင် ဒေါသအမျက်ပွက်ဆူကာ ငါ့နေရာကို ရဟန်းအား ဘယ်သူ ခင်းပေးသနည်း စသည်ဖြင့် အိမ်သူအိမ်သားများကို ကြိမ်းမောင်းလေ၏၊ တဖြည်းဖြည်း ဒေါသ ပြေပျောက်သော အခါ မထေရ်မြတ်က စတင်၍ အိုလုလင် သင် ဝေဒကျမ်းတစုံတခုကို သိသလောဟု မေးရာ၊ အိုရဟန်း ကျွန်ုပ်မှ

မသိလျှင် ဘယ်သူသိမည်နည်းဟု ဆို၍ ရဟန်းတို့ကော သိသလော ဟု မေးရာ လုလင် မေးသာ မေးပေတော့ ငါဖြေပါမည်ဟု မထေရ်က မိန့်မြွက်သဖြင့် ဝေဒ ၃-ကျမ်း နိဃဏ္ဍုကျမ်း ကေဋုဘကျမ်း သိက္ခာကျမ်း နိရုတ္တိကျမ်း သမိုင်းရာဇဝင်ကျမ်းတို့၌ မိမိနှင့်ဆရာတို့ပင် မသိသည့် အခက်အခဲ အနက်အနဲတို့ကိုမေးရာ မထေရ်မြတ်က မေးတိုင်း မေးတိုင်း မဆိုင်းမတွ ဖြေဆိုတော်မူလေသည်၊ မထေရ်မြတ်မှာ ရှေးလူဖြစ်စဉ်ကပင် ဝေဒကျမ်းတို့၌ သရဖူဆောင်း တတ်မြောက်လာခဲ့ရာ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ရာ ယခုအခါမူ အလွန်လွယ်ကူစွာ ဖြေနိုင်လေသည်။

မထေရ်မြတ်က အိုလုလင် သင်မေးသမျှကို ငါဖြေရပြီ၊ ယခုမူ ငါမေးသည့်ပြဿနာကို သင်ဖြေရမည်ဟု မိန့်တော်မူကာ စိတ္တယမိုက်လာ—

ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နာ နိရုဇ္ဈတိ၊ တဿ စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ၊ ယဿ ဝါ ပန စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ၊ တဿ စိတ္တံ ဥပ္ပဇ္ဇတိ နာ နိရုဇ္ဈတိ-ဟူသော ပြဿနာကို မေးတော်မူ၏၊ ထိုအခါ တိဿလုလင်မှာ မဖြစ်မ်းနိုင်ပဲ မှောင်အတိပြီးသကဲ့သို့ရှိပြီး လက်မှိုင်ချကာ အရှင်ဘုရား အရှင်ဘုရားမေးတော်မူသော မန္တန်သည် အဘယ်မည်သောမန္တန်ပါနည်း၊ တပည့်တော် သင်ပါရစေဘုရားဟု လျှောက်ထားရာ မထေရ်မြတ်က အချင်း လုလင် ဤမန္တန်ကား ဗုဒ္ဓမန္တန် ဖြစ်တယ်၊ ငါ့လို သင််နံးဝတ်လျှင် သင်ပေးမည်ဟု မထေရ်မြတ်က မိန့်တော်မူလေသည်။

တံ စိတ္တယမကေ ပဉ္ဉံ၊ ပုစ္ဆိ ထေရော ဝိသာရဒေါ။
အန္ဓကာရော ဝိယ အဟု၊ တဿ သော တမဝေါစ သော။
ဘိက္ခု ကော နာမ မန္တော်တိ၊ ဗုဒ္ဓမန္တော်တိ သော ဗြဝိ။
ဒေဟီတိ ဝုတ္တော နော ဝေသ-ဓာရိနော ဒမ္မိ တံ ဣတိ။

(မဟာဝံသ။ ၅၊ ၁၄၇၊ ၁၄၈။)

ရှင်ရဟန်းပြုပြီ

တိဿလုလင်သည် ဗုဒ္ဓမန္တန် သင်ယူလိုသော ဇောဆန္ဒဖြင့် မိဘတို့ထံ ခွင့်ပန်ပြီး အရှင် သိဂ္ဂဝ မထေရ်မြတ်ထံ၌ ရှင်သာမဏေ ဝတ်လေသည်၊ မထေရ်မြတ်သည် ဒုတ္တိ သာကာရ ဝိပဿနာ ကမ္မဋ္ဌာန်းကို ပေးကာ ပုဂ်ိုလ်များစေရာ မကြာမီ သောတာပတ္တိဖိုလ် အမြိုက်ခတ်သို့ ဆိုက်ကပ်သဖြင့် အတတ် ပညာအတွက် အရှင်စက္ကဝဋ်ဇာတ်ထံ စေလွှတ်ရန် ဥပဇ္ဈာယ် ဆရာတော် အရှင် သိဂ္ဂဝသည် အတန်တန် တွေးကြံပြီ။

ဘာဝနံ အနုယုဉ်ဇ္ဇန္တော၊ နစိရေန မဟာမတိ။
သောတာပတ္တိဖလံ ပတ္တော၊ ထေရော ဥတ္တာန တံ တထာ။

(မဟာဝံသ။ ၅၊ ၁၅၀။)

အရှင်သိဂ္ဂဝသည် ကြံစည်သည့်အတိုင်း စက္ကဝဋ်ဇာတ်ထံ စေလွှတ်၍ ပိဋကတ်ကို သင်စေလေသည်၊ မထေရ်မြတ်လောင်းလျှာသာမဏေသည် သာမဏေဝတ်နှင့် ဝိနည်းပိဋကတ်ကို ချန်ထားပြီး အဋ္ဌကထာ တဲ့ဖက်၍ ဘုရား စကားတော် အားလုံးကို သင်ယူခဲ့သည်၊ ရဟန်းဖြစ်၍ ဝါမရမီ ပိဋကတ်အလုံးကို မေ့နှောက်ချောက်ချားနိုင်သော တိပိဋကဓရ တိပိဋကပါရဂူအဖြစ်သို့ ရောက်လေသည်၊ ဆက်လက်၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းရာ အာသဝေါ ကင်းကွာ ဆဋ္ဌဘိညပဋိသမ္ဘိဒါ

ပတ္တ ရဟန္တာဖြစ်ကာ သာသနာတော်၌ လမင်းအသွင် နေမင်းအလား လွန်စွာ ထင်ရှားလေတော့သည်၊ အရှင်မောဂ္ဂလိပုတ္တတိဿထေရ် မိန့်သံမျှစကားတို့ကိုလည်း ဘုရားစကား အလား လွန်စွာ လေးစား မှတ်ထင်ကြလေသည်။

အတီဝ ပါကဋော အာသိ၊ စန္ဒေါဝ သူရိယောဝ သော။
လောကော တဿ ဝစော မည်၊ သမ္မုဒ္ဓဿ ဝစော ဝိယ။
(မဟာဝံသ။ ၅၊ ၁၅၃။)

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် အာသောကာရုံ ကျောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ပိဋကတ်နှင့်တကွ မဟာအဋ္ဌကထာကို များစွာသော ရဟန်းတို့အား ချပို့တော်မူခဲ့သဖြင့် ပညာရှိတပည့်များ များစွာပေါ်ထွန်းခဲ့သည်။

အဟောဂင်္ဂါသို့ ကြွခြင်း

မထေရ်မြတ်သည် သံဃာတော်၌ ကြမ်းတမ်းသည့် အဓိကရဏ်းဖြစ်မည်ကို သိမြင်၍ အေးချမ်းစွာ နေလိုသဖြင့် ဂိုဏ်းသံဃာကို အရှင်မဟိန္ဒထေရ်အား အပ်နှင်းပြီး အဟောဂင်္ဂါသို့ကြွ၍ တပါးတည်း ၇-နှစ် သီတင်းသုံးတော်မူဘူးသည်။

ဥဒ္ဓံ ဂင်္ဂါယ ဧကော၀၊ အဟောဂင်္ဂမှိ ပဗ္ဗတေ။
ဝိဟာသိ သတ္တဝဿာနိ၊ ဝိဝေကမနုဗြူဟယံ။

တတိယသံဂါယနာ သံဃမဟာနာယက

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် ၎-သန်းအရေအတွက်ရှိကုန်သော ရဟန်းများအနက် ဆဋ္ဌဘိည့်၊ ပဋိသမ္ဘိဒါပတ္တ၊ တေပိဋကဓရ ရဟန္တာ ၁၀၀၀-ကို ရွေးချယ်တော်မူ၍ သာသနာသင်္ဂါရုဇ် ၂၃၅၊ တပို့တဲ့လပြည့်နေ့ကစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ၃-ကြိမ်မြောက် တင်အပ်သော တတိယသံဂါယနာဓမ္မသဘင်ကြီးတွင် "သံဂါယနာ သံဃမဟာနာယက" အဖြစ်ဖြင့်လည်း တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

ကထာဝတ္ထုကျမ်းကြီး ဟောခြင်း

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမဟာထေရ်သည် အန္ဓက, အပရသေလိယ, ဥတ္တရပထက, ကဿပိက, ဂေါကုလိက, ပုဗ္ဗသေလိယ, ဘဒြယာနိက, မဟာသံဃိက, မဟိ·သာသက, ဗာဇိရိက, ဝဇ္ဇီပုတ္တက, ဓမ္မုတ္တရသဗ္ဗတ္ထိဝါဒီ, သမ္မိတိယ, သိဒ္ဓတ္ထိက, ဟေတုဝါဒ-ဟူသော ပရဝါဒီဂိုဏ်းသား တို့၏ ဝါဒဆိုးဝါဒမှား ဆလဝါဒကို ချိုးဖဲ့နှိပ်နင်းရာဖြစ်သော ကထာဝတ္ထုကျမ်းကြီးကို သကဝါဒအတွက် သုတ်သာဓက ၅၀၀၊ ပရဝါဒအတွက် သုတ်သာဓက ၅၀၀၊ ၂-ရပ်ပေါင်း သုတ် ၁၀၀၀-တန်ဆာ ဆင်ထုတ်ပြလျက် တတိယသံဂါယနာမဟာဓမ္မသဘင်ကြီးတွင် ဟောတော်မူခဲ့သည်။

ကထာဝတ္ထုပ္ပကရဏံ၊ ပရဝါဒပ္ပမဒ္ဒနံ။
အဘာသိ တိဿတ္ထေရော စ၊ တသ္မိ· သံဂီတိမဏ္ဍလေ။
(မဟာဝံသ။ ၅၊ ၂၇၉။)

ဓမ္မဒူတမဟာသံဝိဓာယက

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမဟာထေရ်သည် သုဝဏ္ဏဘူမိ, သီဟိုဠ်အစရှိသော ဌာနများ တို့သို့ သာသနာပြု ဓမ္မဒူတအဖွဲ့များစီစဉ်၍ စေလွှတ်တော်မူခဲ့သည့် ဒီဃဒဿီ ဓမ္မဒူတမဟာသံဝိ-ဓာယကပုဂ္ဂိုလ်ကြီးလည်း ဖြစ်တော်မူပါပေသည်။

ပရိနိဗ္ဗာန် ဝင်စံပြီ

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် ဘုရားမြတ်စွာ သာသနာတော်၌ ပြုလုပ်ဖွယ်လုပ်ငန်းတို့ကို ကောင်းစွာလုပ်ဆောင်တော်မူ၍ သဒ္ဓိဝိဟာရိကတပည့် အရှင်မဟိန္ဒထေရ်ကို ဝိနယပါမောက္ခ အဖြစ်သို့ ရောက်စေတော်မူခဲ့ပြီး သက်တော် ၈၄-နှစ်တွင် အငြိမ်းဓာတ်နိဗ္ဗာန်သို့ ဝင်စံကြွသွား တော်မူလေသည်။

တိဿော မောဂ္ဂလိပုတ္တော စ၊ မဟိန္ဒံ သဒ္ဓိဝိဟာရိကံ။
ကတ္ဝာ ဝိနယပါမောက္ခံ၊ ဆာသိတိဝဿမှိ နိဗ္ဗုတော။

(ဒီပဝံသ။ ၅၊ ၃၄။ သီဟိုဠ်မူ။)

သံဝေဂယူဖွယ်

ရုပ်နာမ်ဓမ္မ သခ်ါရတို့သည် မအို, မသေ, မနာရန် ပြုပြင်၍မရသော အကာရက အစစ်မှန်လှ-ကုန်၏၊ ဖြစ်ကပျက်စဲ မမြဲသောသဘောတရားတို့ စင်စစ်မုခ်ဖြစ်ကြကုန်၏၊ ဖြစ်ပျက် ၂-ပါးတို့ နှိပ်စက်အပ်သဖြင့် ဆင်းရဲသက်သက်တို့သာတည်း။ တိတ္ထိတို့သည် ကြံဆတွေးတောအပ်သော အတ္တလည်း မဟုတ်ကြပါကုန်၊ ဤသို့ မျက်ဝါးထင်ထင် သိမြင်ကြကုန်၍ ထိုသခ်ါရတရားတို့၌ တပ်ခြင်းကင်းအောင် ပြုလုပ်သင့်ကြပေသည်။

အကာရကာ ဟိ သခ်ါရာ၊ အနိစ္စာ ဒုက္ခာ စ ကေဝလာ။
အနတ္တာ စာတိ ဥတ္တာဝ၊ အလံ တေသု ဝိရဇ္ဈိတုံ။

တိုက်တွန်းချက်

ဤသို့ဖြင့် လွန်စွာနှစ်သက် ပျော်မွေ့ဖွယ်ရာကောင်းလှ မွန်မြတ်လှသည့် ဗြဟ္မာဘုံနန်းဗိမာန်ကို ပယ်စွန့်ကာ စက်ဆုတ်ဖွယ်ရာအမှုန်မုခ်ဖြစ်သည့် လူတို့ပျော်ကြ လူ့လောကသို့ သာသနာတော် အတွက် လာရောက်၍ ရဟန်းကိစ္စပြုလုပ်ပြီးသော အရှင်မောဂ္ဂလိပုတ္တတိဿမဟာထေရ်မြတ်သည် သာသနာ့ကိစ္စအဝဝကို ပြုတော်မူခဲ့ပြီ၊ အဘယ်မည်သော တပါးသူသည် ဘုရားမြတ်စွာသာသနာ့-ကိစ္စ၌ မေ့လျော့ရာအံ့နည်း မမေ့မလျော့သင့်ပေ။

ဟိတ္ဝာ သေဋ္ဌံ ဗြဟ္မဝိမာနမို မနုညံ၊
ဧကုဏ္ဆံ သော သာသနဟေတု နရလောကံ။
အာဂမ္မ'ကာ သာသနကိစ္စံ ကတကိစ္စော၊
ကော နာမ'ညော သာသနကိစ္စမို ပမဇ္ဇေ။

(မဟာဝံသ။ ၅၊ ၂၀၃။)

မင်္ဂလမသာသနာဝင် နိဂုံး

ဤသို့ အရှင်ဥပါလိသည် ဝိနည်းဥပဒေအနှယ်အဆက်ကို မြတ်စွာဘုရားအထံတော်မှ သင်ယူတော်မူခဲ့ပြီး များစွာသော ရဟန်းတို့၏ နှလုံးအိမ်၌ တည်စေခဲ့လေပြီ၊ အရှင်ဒါသကထေရ်သည်လည်း အရှင်ဥပါလိထေရ်၏အထံတော်မှ ဝိနည်းသိက္ခာပုဒ် ဥပဒေအနှယ်အဆက်ကို သင်ယူတော်မူပြီး အဆင့်ဆင့်အထပ်ထပ်ချပို့ကာ ဝိနည်းဆောင်တပည့်ပေါင်း များများစားစား ထွန်းကားစေခဲ့လေသည်၊ အရှင်သောဏကထေရ်သည် အရှင်ဒါသကထေရ်ထံမှ ဝိနည်းပိဋကတ်စသည်ကို သင်ယူပြီး များများစားစားသော ရဟန်းတို့အား ဝိနည်းကျမ်းတတ် ပိဋကတ်ကျမ်းတတ်အဖြစ်သို့ ရောက်စေခဲ့လေသည်။

အရှင်သိဂ္ဂဝထေရ်သည်လည်း အရှင်သောဏကထေရ်ထံမှ ဝိနည်းပိဋကတ်ကိုသင်ယူ၍ ဇမ္ဗူဒိပ်အနှံ့အပြား သာသနာ့ဝန်ဆောင်တပည့် များများစားစား ပေါ်ထွန်းစေခဲ့လေသည်၊ အရှင်သိဂ္ဂဝ, အရှင်စက္ကဝဇ္ဇီတို့၏တပည့် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည်လည်း ဆရာတို့ထံမှ သင်ယူခဲ့သော ပိဋကတ်တို့ကို အာသောဘာရုံကျောင်းတိုက်ကြီး၌ ချပို့သင်ကြားပေးရာ သာသနာပြုတပည့်ပေါင်း ရေတွက်မရ များပြားစွာ ပေါ်ထွန်းစေခဲ့သည်။

ထိုကြောင့် ဖော်ပြပါ မဟာထေရ်မြတ် ၅-ပါးတို့၏ အနှယ်အဆက်သည် တတိယသံဂါယနာတိုင်အောင် ဇမ္ဗူဒိပ်ကျွန်း မင်္ဂလတိုက်၌ သာသနာ့အနှယ်ကို ဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များအဖြစ် သမန္တပါသာဒိကာမည်သော ဝိနည်းအဋ္ဌကထာနိဒါန်း (ဝိ၊ဋ္ဌ၊၁။ ၂၄)၌ အရှင်မဟာဗုဒ္ဓဃောသမဟာထေရ် အောက်ပါဂါထာဖြင့် မှတ်တမ်းတင်ခဲ့လေသည်။

ဥပါလိ,ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
တိဿော မောဂ္ဂလိပုတ္တော စ၊ ပဥ္ဇတေ ဝိဇိတာဝိနော။

ပရမ္မရာယ ဝိနယံ၊ ဒီပေ ဇမ္ဗုသိရိဝှယေ။
အစ္ဆိဇ္ဇမာနမာနေသုံ၊ တတိယော ယာဝသင်္ဂဟော။

ပဌမပိုင်း မင်္ဂလမသာသနာဝင် ပြီး၏။

မဟာဝိသုတာရာမနိကာယ သာသနာဝင်

ဒုတိယပိုင်း

သထုံသာသနာဝင်ကို ပြခြင်း

မြန်မာပြည်၏ သာသနာသည် "သာသနာအစ သထုံက"ဟူသည့်အတိုင်း သုဝဏ္ဏဘူမိမှ အစ ပျိုးခဲ့သည်၊ သို့ဖြစ်၍ သုဝဏ္ဏဘူမိသာသနဝံသ = သထုံသာသနာဝင်ကိုလည်း မှတ်သားသင့်ပေသည်၊ ယင်း သထုံသာသနာဝင်၌ အနွယ်အဆက်အားဖြင့် ၁၀-ဆက်ဖြစ်ပြီး မဟာထေရ်ကျော်တို့ကား ၁၂-ပါးတို့ ဖြစ်ကြသည်၊ ၎င်းတို့မှာ—

၁။ အရှင်သောဏထေရ်, အရှင်ဥတ္တရထေရ်၊

၂။ ၎င်းတို့၏တပည့် အရှင်သောဘိတထေရ်၊

၃။ အရှင်သောမဒတ္တထေရ်၊

၄။ အရှင်သုမနတိဿထေရ်၊

၅။ အရှင်သောပါကထေရ်၊

၆။ အရှင်သောမဒတ္တထေရ်၊

၇။ အရှင်အနောမဒဿီထေရ်၊

၈။ အရှင်အဓိသီလထေရ်၊

၉။ အရှင်ပြာဏဒဿီထေရ်၊

၁၀။ အရှင်သီလဗုဒ္ဓိ, အရှင်မဟာကာလမဟာထေရ်တို့ ဖြစ်ကြသည်။

သောဏော စ ဥတ္တရော စေဝ၊ သောဘိတော ထေရကုဉ္ဇရော။
သောမဒတ္တော မဟာထေရော၊ သုမနော သောပါကော သုဓီ။

ပုနောပိ သောမဒတ္တော စ၊ အနောမဒဿီ ယတီသတော။
အဓိသီလော ပြာဏဒဿီ၊ သီလဗုဒ္ဓိ မဟာသုဓီ။

မဟာကာလောတိ ဒ္ဒါဒသ၊ သောဏ္ဏရဋ္ဌေ ဘိပါကဋ္ဌာ။
ဒသဝံသပ္ပကာရေန၊ ဂန္ဆေ ဝံသပ္ပကာသနေ။

သုဝဏ္ဏဘူမိ သထုံသာသနာပြုအဖွဲ့

အရှည်မြော်မြင် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် သုဝဏ္ဏဘူမိသို့ သောဏထေရ်နှင့် ဥတ္တရထေရ်အမှူးရှိသော ၅-ပါးအဖွဲ့ကို စေလွှတ်တော်မူသည်၊ (မဇ္ဈန္တိကာဒယော ထေရေ၊ ပါဟေသိ အတ္တပဥ္စမေ။ ဒီပဝံသ။၈၊၂။)

သုဝဏ္ဏဘူမိအရ မြန်မာပြည်သာ ဖြစ်သင့်သည်ဟု သီဟိုဠ်ဘာသာရေး မဟာဝံသဋ္ဌဖော်ပြထားသည်၊ ဗင်္ဂလားနယ်ထည်းမှ ကဏ္ဍသုဝဏ္ဏအရပ်ကို သုဝဏ္ဏဘူမိဟု တခွါ ယူကြသည်၊ အောက်မြန်မာပြည်နှင့် မလေးရှားတို့ သုဝဏ္ဏဘူမိဖြစ်ကြောင်းလည်း ဖော်ပြကြသေးသည်။

စုမတြာ,ဂျာဝါး, ဗာလီ,ဘိုနီယို, စင်္ကာပူ,မလ္လာယူ, ပရူးကျွန်း, ကမ္ဘောဒီးယား, လာအို,သထုံအပါအဝင် မြန်မာပြည်အောက်ပိုင်း ယိုးဒယားတို့သည် သုဝဏ္ဏဘူမိအရပ်တွင် ပါဝင်ကြသည်ဟု အများစု ယူဆကြသည်၊ ယိုးဒယားနိုင်ငံမှ နဂေါရိပထုံမြို့မှ စေတီတော်ကြီး၌ သောဏ-ဥတ္တရထေရ်တို့၏ ဓာတ်တော်များ ကိန်းဝပ်လျက်ရှိကြောင်း သီဟိုဠ်ကျွန်း ဝိဇ္ဇာလင်္ကာရတက္ကသိုလ်ပါမောက္ခ ဒေါက်တာသိဝလိ၏ ဗုဒ္ဓဘာသာသမိုင်းစာအုပ်၌ ဖော်ပြထားသည်။

သုဝဏ္ဏဒီပနှင့် သုဝဏ္ဏဘူမိ

ဣန္ဒြိယနိုင်ငံ မဂဓတိုင်း ရာဇဂြိုဟ်နှင့် ၇-မိုင်ကွာရှိ နာလန္ဒာတက္ကသိုလ်ဟောင်းကြီးမှ တူးဖော်ရရှိသောကြေးပုရပိုက်၌ သုဝဏ္ဏဒီပခေါ် စုမတြာကျွန်းဘုရင် သိရိဗလပုတ္တဒေဝက ရာဇဂြိုဟ်ခရိုင် ဂယာစီရင်စုမှ ရွာငါးရွာကို မိမိပိုင်စုမတြာမှ ရွာငါးရွာနှင့် လဲလှယ်၍ နာလန္ဒာတက္ကသိုလ်ကျောင်းတော်ကြီးအား လှူဒါန်းကြောင်း တွေ့ရသည်၊ ၎င်းသုဝဏ္ဏဒီပအမည်ကို အမှီပြု၍ သုဝဏ္ဏဘူမိသည် သုဝဏ္ဏဒီပခေါ် စုမတြာကျွန်း ဖြစ်သင့်သည်ဟု အချို့ပညာရှိတို့ ယူဆကြသည်။

အမှန်မှာ သုဝဏ္ဏဘူမိသည် သထုံအပါအဝင် မြန်မာပြည်အောက်ပိုင်းနှင့် ယိုးဒယား, ကမ္ဘောဒီယား, လာအို, စုမတြာ စသည်တို့သည် မြေသြဇာကောင်းမွန်၍ ဆန်ရေစပါး ပေါများရကား ရွှေမြေ, ရွှေတိုင်းပြည် ရွှေဖြင့်ပြီးသော မြေဟု တင်စားလျက် သုံးနှုန်းခေါ်ဝေါ်ကြခြင်းဖြစ်လေသည်။

ဟေဋ္ဌိမ မြန်မာ့ဒေသေန၊ အယောဇ္ဈကမ္ဘောဇာဒယော။
သမ္ဗတာ သောဏ္ဏဘူမိတိ၊ ဣတိ သံလက္ခယေ ဝိဒ္ဒါ။

အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရထေရ်

အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် မဇ္ဈိမတိုက်မှ အစွန်အဖျားဖြစ်သည့် တိုင်းနိုင်ငံတို့၌ သာသနာတည်ရစ်မည်ကို အနာဂတံသဉာဏ်ဖြင့် ကောင်းစွာမြင်တော်မူခဲ့သည်၊ ထို့ကြောင့် တတိယသံဂါယနာပွဲအပြီး တိုင်းစွန်တိုင်းဖျား ကိုးဌာနတို့၌ သာသနာပြုစေလွှတ်ရာ အရှင်သောဏထေရ်, အရှင်ဥတ္တရထေရ်တို့ကိုလည်း ၎င်းတို့နှင့်သင့်တော်သည့် သုဝဏ္ဏဘူမိသို့ စေလွှတ်တော်မူခဲ့သည်။

အရှင်သောဏနှင့် အရှင်ဥတ္တရတို့သည် ရှေးဦးစွာ သထုံသို့ နောက်ပါရဟန်းများနှင့်အတူကြွတော်မူခဲ့ကြသည်၊ တတိယသံဂါယနာသဘင်ပွဲကြီး ဆင်နွှဲပြီးစ သာသနာသက္ကရာဇ် ၂၃၆-နှစ်တန်ဆောင်မုန်းလတွင် ကြွရောက်တော်မူကြခြင်း ဖြစ်သည်၊ ထိုအချိန်၌ သထုံပြည်၏ ကေရာဇ်ဘုရင်မှာ သိရိမာသောကမင်း ဖြစ်သည်၊ ရေစောင့်ဘီလူးမသည် နောက်ပါအသင်းအပင်း အခြေအရံနှင့်တကွ သမုဒ္ဒရာမှတက်လာပြီး နန်းတော်၌သားဖွားတိုင်း လုယူစားလေ့ ရှိလေသည်။

မထေရ်တို့ကို ဘီလူးမတို့၏ အပေါင်းပါထင်

မထေရ်တို့ သထုံပြည် ဂေါလမတ္တိကမြို့တော်အနီးသို့ ဆိုက်ရောက်ရာနေ့၌ နှန်းတော်တွင် ကလေးတယောက်ဖွားမြင်သဖြင့် အစောင့် အရှောက်တို့ သတိပြုလျက်ရှိစဉ် မထေရ်မြတ်တို့ကို မြင်လျှင် ဘီလူးတို့၏ အဖော်သဟဲအပေါင်းပါတို့ ဟု မှတ်ကြကာ ဟစ်အော်ကြွေးကြော်ကြ၍ လက်နက်များဖြင့် အနီးအစပ် ချဉ်းကပ်ကြကုန်၏။

ထေရေ မနုဿာ ပဿိတ္ထာ၊ ရက္ခသာနံ သဟာယကာ။
ဣတိ စိန္တိယ မာရေတုံ၊ သာယုဓံ ဥပသင်္ကမုံ။

ငါတို့ ရဟန်းတို့ပဲ

မထေရ်တို့က လက်နက်စွဲသူ လူများကို မြင်တော်မူကြလျှင် အို ဒကာတို့ သင်တို့လက်နက် ကိုယ်စီနှင့် ဘာပြုလို့ ငါတို့နားလာကြတာလဲဟူမေးရာ ရှင်ဘုရင်အိမ်မှာ ကလေးမွေးတိုင်း ဘီလူး တွေ စားပစ်ကြပါတယ်၊ သင်တို့ဟာ ဘီလူးတို့ရဲ့ မိတ်ဆွေအဖော်သဟဲများ ဖြစ်ကြလေသည်ဟု လူများကပြောရာ မထေရ်တို့က ဒကာတို့ ငါတို့ဘီးလူးတို့၏ အဖော်သဟဲတွေ မဟုတ်ကြဘူး၊ ငါတို့ဟာ ရဟန်းတော်များဖြစ်ကြသည်၊ ရဟန်းတော်များဆိုဒါ—

၁။ သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြသည်၊
၂။ အရှင်သည် ကိုယ်နှုတ် ၂-ပါး တပါးပါးဖြင့် မပေးအပ်သော ဥစ္စာကို မခိုး မယူကြကုန်၊
၃။ မမြတ်သော မေထုန်အမှုမှလည်း ရှောင်ကြဉ်ကြသည်၊
၄။ လိမ်လည်လှည့်ဖျား မုသားပြောဆိုခြင်းမှလည်း ရှောင်ကြဉ်ကြသည်၊
၅။ သေရည်သေရက် သောက်ခြင်းမှလည်း ရှောင်ကြဉ်ကြသည်၊
၆။ ညစာစားခြင်းမှလည်း ရှောင်ကြဉ်ကြသည်။

သီလရှိကြသည်, အလေ့အကျင့်သဘောလည်း ကောင်းကြသည်ဟု ပြောဟောနေတော်မူ စဉ်မှာပင် ဘီလူးမများသည် အသင်းအပင်းနှင့်တကွ ပင်လယ်မှတက်လာကြသည်ကို ပရိသတ်တို့ မြင်ကြသဖြင့် ပရိသတ်ကြီးက အလန့်တကြား အော်လိုက်ကြ၏၊ ထိုအခါ အရှင်သောဏထေရ်သည် ရေဘီလူးမထက် ၂-ဆကြီးမားသော အတ္တဘော ခန္ဓာကိုယ်တို့ကို ဖန်ဆင်း၍ ဘီလူးမတို့ကို ဝိုင်းရာ ဘီလူးမတို့သည် ပြေးကြကုန်၏။ မထေရ်မြတ်သည် မမြင်ရသို့ ရောက်သည်တိုင်အောင် ပြေးစေပြီးမှ ထက်ဝန်းကျင်၌ ပရိတ်ဒေသနာတော် အရံအတားကို ပြုတော်မူလေသည်။

ဗြဟ္မဇာလသုတ္တန်ဒေသနာ ဟောပြီ

အရှင်သောဏထေရ်သည် ရောက်ရှိလာသော များစွာသော ပရိသတ် လူထုကြီးအား ဗြဟ္မဇာလသုတ္တန်ကို ဟောတော်မူရာ လူများစွာတို့ သရဏဂုံသီလတို့၌ တည်ကြပြီး ဝေနေယျ ၆-သောင်းမျှ အကျွတ်တရား ရကြလေသည်။

တဿ ဒေသဿ အာရက္ခံ၊ ဌပေတ္ဝာန သမန္တတော။
တသ္မိံ သမာဂမေ ထေရော၊ ဗြဟ္မဇာလမဒေသယိ။

သရဏေသု စ သီလေသု၊ အင်္ဂံသု ဗဟုဝေါ ဇနာ။
သဒ္ဓိယာ တု သဟာဿာနံ၊ ဓမ္မာဘိသမယော အဟု။

(မဟာဝံသ။ ၁၂၊ ၅၁၊ ၅၂။)

သထုံ၌သာသနာစည်ပင်ခြင်း

ဤသို့ဖြင့် အရှင်သောဏထေရ် ဥတ္တရထေရ်တို့သည် သထုံမြို့၌ ဓမ္မဒေသနာအမျိုးမျိုးတို့ကို ဟောပြောတော်မူကြလျက် သာသနာပြုတော်မူခဲ့ကြရာ သာသနာ လွန်စွာစည်ပင်လေသည်၊ အရှင်သောဏမထေရ်, အရှင်ဥတ္တရမထေရ်တို့၏အထံ၌ ရှင်ရဟန်းပြုကြသူ အမျိုးသားဦးရေမှာ ၃-ထောင့် ၅-ရာ ရှိလေသည်၊ ဘိက္ခုနီမပြုလိုသူ သထုံသူတို့အတွက် မဇ္ဈိမဒေသမှ ဘိက္ခုနီမများ ပင့်မှာယူသဖြင့် ကြွလာ၍ ရဟန်းမိန်းမပြုကြသူ အမျိုးသမီးတို့မှာ ၁-ထောင် ၅-ရာမျှ ရှိကြလေသည်၊ တိုင်းသူပြည်သားတို့လည်း ရတနာ-၃-ပါး ကိုင်းရှိုင်းကြရာ သထုံ၌ သာသနာ လွန်စွာစည်ပင်လေသည်။

အဈုဈုနိ သဟဿာနိ၊ ပဗ္ဗဇုံ ကုလဒါရကာ။
ပဗ္ဗာဇိ သု ဒိယဈုန္တု၊ သဟဿံ ကုလဓီတရော။

(မဟာဝံသ။ ၁၂၊ ၅၃။)

မနုဿီဟ ရုပ်တုများ

သထုံသူ သထုံသားတို့သည် မထေရ်မြတ် ၂-ပါးတို့ဖန်ဆင်းအပ်သော ရုပ်ပုံများကို ထန်းရွက် ပေရွက် စလူရွက်စသည်တို့၌ ရေးမှတ်ကြကုန်၍ ဆောင်ကြကုန်၏၊ မထေရ်မြတ်တို့ ဖန်ဆင်းအပ်သောရုပ်တုဖြစ်သော မနုဿ+သီဟ=မနုဿီဟရုပ်တုကိုလည်း သထုံမြို့တော်အရှေ့မြောက်ထောင့် တောင်ထိပ်၌ တည်ထားကြကုန်၏၊ ယခုအခါ တချို့စေတီပုထိုးတို့၌ တွေ့ရသော မနုဿီဟရုပ်တုများမှာ သောဏ,ဥတ္တရတို့ခေတ်ကဆင်းသက်လာသော ရုပ်တုဟု ပြောစမှတ်ပြုကြသည်။

သောဏဥတ္တရထေရေဟိ၊ နိမ္မိတံ ယက္ခဝါရကံ။
မနုဿသီဟဗိမ္ဗံ တု၊ အဓုနာပိ သုဒိဿတေ။

သောဏ,ဥတ္တရအမည်

ဤသို့ဖြင့် အရှင်သောဏ အရှင်ဥတ္တရတို့၏စွမ်းရည်ကြောင့် သထုံပြည်သည် ရန်မသီ ဘေးမခအေးမြချမ်းကြည် ပွင့်လင်းစည်ခဲ့သည်၊ နန်းတော်တွင်း၌လည်း ဘီလူးတို့၏အန္တရာယ် ကွယ်ပကာ လွန်စွာ သာယာချမ်းကြည်ခဲ့သည်၊ အရှင် ၂-ပါးတို့ကို ဂုဏ်ပြုထောမနာသော အထိမ်းအမှတ်ဖြင့် မင်းမြတ်တို့သည် နန်းတော်တွင်း မွေးဖွားသောကလေးတို့ကို သောဏ, ဥတ္တရဟု မှည့်ခေါ်ကြလေသည်။

တတောပဘုတိ သဠာတေ၊ ရာဇဂေဟေ ကုမာရကေ။
နာမံ ကရိ သု ရာဇာနော၊ သောဏုတ္တရသနာမကေ။

(မဟာဝံသ။ ၁၂၊ ၅၄။)

သထုံမှကေလာသကျောင်းတိုက်ကြီး

ရှေးက သထုံပြည်၏ မြို့တော်သည် ဂေါလမတ္တိကမြို့ဖြစ်သည်၊ ၎င်းမြို့သည် နှောင်းခေတ်တွင် တိုက်ကလားမြို့ဟု ထင်ရှားသည်၊ ၎င်းမြို့သည် ကေလာသတောင်စေတီ၏ အနောက်မြောက်ဖက်တွင် တည်ရှိသည်၊ ကေလာသတောင်၏ တဖက်၌ ကေလာသအမည်ရှိသော ကျောင်းတိုက်ကြီး ရှိဘူးသည်၊ သောဏ, ဥတ္တရ အရှင် ၂-ပါးတို့ သာသနာတည်စေခဲ့ပြီးနောက် ဤကေလာသ ကျောင်းတိုက်ကြီးသည် ပဌမဆုံးကျောင်းတိုက်ကြီး ဖြစ်လေသည်၊ သီဟိုဠ်ကျွန်း သာသနာသက္ကရာဇ် ၃၀၃-နှစ်တွင် နန်းတက်သော ဒုဋ္ဌဂါမဏိမင်းကြီး၏ မဟာစေတီအုဋ်မြစ်ချပွဲတွင် ဖော်ပြပါ သထုံ ကေလာသကျောင်းတိုက်ကြီးမှ အရှင်သူရိယဂုတ္တထေရ် အမှူးရှိသော ၉-သောင်း ၆-ထောင်သောရဟန်းတို့ ကြွရောက်ကြောင်း—

သူရိယဂုတ္တော မဟာထေရော၊ ကေလာသမှာ ဝိဟာရတော။
ဆန္နဝုတိသဟဿာနိ၊ ဘိက္ခူ အာဒါယ အာဂမာ။

ဟူသော (မဟာဝံသ။ ၂၉၊၄၃)ဖြင့် သိသာသည်။

သောဏထေရ်,ဥတ္တရထေရ်တို့ ပရိနိဗ္ဗာန်စံခြင်း

သထုံသာသနာပြု မထေရ်ကျော် သောဏထေရ်, ဥတ္တရထေရ်တို့မှာ ၎င်းတို့၏ ဓာတ်တော်များ နဂရပဌမ=နဂေါရ်ပဌမ်မြို့စေတီကြီး၌ ဌာပနာထားသည်ဟု တချို့ဆရာတို့ ယူဆကြသဖြင့် ထိုနဂရပဌမ=နဂေါရ်ပဌမ်၌ ပရိနိဗ္ဗာန်စံသည်ဟု ယူသင့်ပေသည်။

အရှင်သောဘိတထေရ်

အရှင်သောဘိတသည် သောဏထေရ်, ဥတ္တရထေရ်တို့၏ တပည့်ဖြစ်သည်၊ အရှင်သောဏထေရ်, ဥတ္တရထေရ် တို့အထံ ရဟန်းပြုကြသူများအနက် ထင်ရှားလှသော ဝိနည်းကျမ်းတတ် ပိဋကတ်ကျမ်းတတ် ဖြစ်လေသည်။

အရှင်သောမဒတ္တထေရ်

အရှင်သောမဒတ္တထေရ်သည် သထုံသာသနာဝင်တွင် နေအသွင်, လအလား ထင်ရှားသည့် မထေရ်မြတ် ဖြစ်သည်၊ အရှင်သောဘိတထံမှ ပိဋကတ်ကိုသင်ယူခဲ့ကာ များစွာသောတပည့် တပန်းတို့အား သင်ပြပို့ချပေးခဲ့သော သာသနာ့ဝန်ဆောင်တပါး ဖြစ်သည်။

အရှင်သုမနတိဿထေရ်

အရှင်သုမနတိဿသည် အရှင်သောမဒတ္တထေရ်၏ တပည့်ရင်း ဖြစ်သည်၊ အရှင်သောမဒတ္တထံမှ ဝိနည်းပိဋကတ်နှင့် အခြားပိဋကတ်ကို သင်ယူခဲ့ကာ သာသနာပြုစုခဲ့သည့် မထေရ်မြတ်ဖြစ်သည်၊ အရှင်သုမနတိဿသည် သက်ဆုံးတိုင် သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်းခဲ့ကာ ဘုရားပစ္စေကဗုဒ္ဓါတို့ပင် မတော်လှန် မလွန်ဆန်နိုင်သည့် သေမင်းအလိုသို့ လိုက်ရလေသည်။

ဝိနယံ ပိဋကံ စေဝ၊ ဝါစေတ္ဝာ သုမနော ဝိဒူ။
ဇောတေတ္ဝာ ဇိနစက္ကံ စ၊ ယထာကမ္မံ ဂတော သုဓီ။

အရှင်သောပါကထေရ်

အရှင်သောပါကထေရ်သည် သာသနသောဓက မထေရ်တပါး ဖြစ်သည်၊ ယနေ့ထက်တိုင် သာသနာရှိနေသေးသည်မှာ အရှင်သောပါကကဲ့သို့သော မထေရ်မြတ်တို့၏ စွမ်းရည်ကြောင့် ဖြစ်ပေသည်၊ အရှင်သောပါကသည် သထုံပြည်၌ ပိဋကတ်သုံးပုံကို ချပို့တော်မူခဲ့ကာ သာသနာဝင် သမိုင်းပြောင်အောင် ဆောင်ရွက်ခဲ့သော မထေရ်မြတ် ဖြစ်တော်မူသည်၊ အရှင်သောပါကသည် အရှင်သောမဒတ္တစသော တပည့်တို့ထံ ပိဋကတ်ကိုအပ်နှင်းခဲ့ပြီး ပျံလွန်တော်မူခဲ့လေသည်။

ဓမ္မဥ္ဇ ဝိနယဥ္ဇော၀၊ ဝါစေတ္ဝာ သောပါကော သုဓီ။
သောဘေတ္ဝာ ဇိနစက္ကံ စ၊ ယထာကမ္မံ ဂတော သုဓီ။

အရှင်သောမဒတ္တထေရ်

သထုံသာသနာဝင်၌ သောမဒတ္တထေရ် ၂-ပါးရှိခဲ့သည်၊ ယခုဖော်ပြသည့် သောမဒတ္တကား အရှင်သောပါက၏တပည့် သောမဒတ္တဖြစ်သည်၊ ဒုတိယ သောမဒတ္တဟုလည်း အမည်မှည့်နိုင်သည်၊ အရှင်သောမဒတ္တသည် တပည့်အနောမဒဿီ စသည်တို့အား ပိဋကတ်ကို သင်ကြားချပို့တော်မူခဲ့ပြီး ပျံလွန်တော်မူခဲ့လေသည်။

အရှင်အနောမဒဿီထေရ်

အရှင်အနောမဒဿီသည် ဒုတိယအရှင်သောမဒတ္တ၏တပည့် ဖြစ်သည်၊ အရှင်သောမဒတ္တထံမှ ပိဋကတ်ကိုသင်ယူခဲ့ပြီး သထုံပြည်၌ သာသနာဆက်လက်ထွန်းကားစေလိုသော ဇောစေတနာဖြင့် နိကာယ် ၅-ရပ်ကို ချပို့ကာ သာသနာပြုခဲ့သည့် မထေရ်တပါးဖြစ်သည်။

အရှင်အဓိသီလထေရ်

အရှင်အဓိသီလသည် အရှင်အနောမဒဿီ၏တပည့် ဖြစ်သည်၊ အရှင်အဓိသီလ၌ အရှင်ပြာဏ-ဒဿီ အစရှိသော တပည့်ကောင်းများ များစွာပေါ်ထွန်းသည်။

အရှင်ပြာဏဒဿီ

အရှင်ပြာဏဒဿီသည် အရှင်အဓိသီလထေရ်၏ တပည့်ရင်း ဖြစ်လေသည်၊ အရှင်ပြာဏဒဿီကား စျာန်အဘိညာဏ်ရသော မထေရ်မြတ်ဖြစ်ကြောင်း ကလျာဏီကျောက်စာနှင့် ရာဇဝင်, သာသနာဝင်တို့၌ ဖော်ပြကြသည်။

ဗောဓိမဏ္ဍိုင်သို့ကြွခြင်း

အရှင်ပြာဏဒဿီထေရ်သည် နေ့စဉ်နံနက်စောစောက အိန္ဒိယနိုင်ငံ မဇ္ဈိမတိုက် မဂဓတိုင်း ဂယာမြို့အနီးရှိ မြတ်စွာဘုရားရှင် သစ္စာလေးဆိုင် ကြာညိုခိုင်ကို ကိုယ်တိုင်ဆွတ်ခူးရယူခဲ့ရာ ဗောဓိပင်သို့ ကြွရောက်ပြီး ဗောဓိယင်္ကဏဝတ်ကို ပြုတော်မူသည်၊ ဗောဓိယင်ပြင်တော်၌ တံမြက်လှည်းခြင်း ရေသပ္ပါယ်ခြင်းစသော ကိစ္စကိုပြုပြီးမှ သထုံပြည်သို့ပြန်ကြွ၍ ဆွမ်းခံတော်မူလေ့ရှိသည်။

ပါတော ယေဝ စ ဥဋ္ဌာယ၊ ပြာဏဒဿီ မဟာယတီ။
ဗောဓိမဏ္ဍမ္ပို ဂန္ဆာန၊ အကာ ဗောဓိဝတ္တံ် ဝရံ်။

တတော သုဓမ္မဝံ့ ရမ္မံ၊ အာဂန္ဆာ ဂဂနေန ဝါ။
ပိဏ္ဍပါတံ် စရန္တောဝ၊ ယထာကိစ္စံ် အကာ သုဓီ။

အရှင်ပြာဏဒဿီထေရ်၏ လောကီစျာန်အဘိညာဏ်ရကြောင်းကို မဟာဗောဓိပင်အနီး ဥရွေဝေလနိုဂုံးမှ ကုန်သည်များ သုဓမ္မပုရခေါ်သော သထုံသို့ လာကြသောအခါမှ ၎င်းတို့ပြောပြသဖြင့် သိရကြောင်း ကလျာဏီကျောက်စာ၌ တွေ့ရလေသည်။

အရှင်သီလဗုဒ္ဓိထေရ်, အရှင်မဟာကာလထေရ်

အရှင်သီလဗုဒ္ဓိထေရ်နှင့် အရှင်မဟာကာလထေရ် ၂-ပါးတို့သည် အရှင်ပြာဏဒဿီထေရ်၏ တပည့်များ ဖြစ်ကြသည်၊ ၎င်းထေရ် ၂-ပါးတို့သည် သထုံသာသနာဝင်၏ နောက်အဆက်အနွယ် မထေရ်မြတ်များ ဖြစ်ကြသည်။

ဤသို့ဖြင့် သုဓမ္မာပုရ သုဝဏ္ဏဘူမိအမည်ရှိသော သထုံပြည်၌ အရှင်သောဏ, အရှင်ဥတ္တရ အစရှိသော မထေရ်မြတ်တို့သည် သာသနာ့ကိစ္စကို ပြုတော်မူကြကာ ပရိနိဗ္ဗာန်ဝင်စံကြသွားပံ့လွန်တော်မူကြလေကုန်ပြီ၊ ၎င်းမထေရ်မြတ်တို့၏ သီလ, သမာဓိ, ပညာ ဂုဏ်သတင်းတို့သည် သာလျှင် ယခုအခါ ကြွင်းကျန်ကုန်တော့သည်။

သုဓမ္မာ ပုရသေဋ္ဌမ္ပို၊ ထေရာဟိ သောဏအာဒယော။
လောကဂ္ဂသာသနေ ဝုဒ္ဓိ–ကာမာ ထေရာဝရာ ဗဟူ။

ကတ္ဝာ သာသနကိစ္စာနိ၊ ယထာကမ္မံ ဂတာ ဟိ တေ။
သမ္မတိ ဂုဏရာသီဝ၊ သေသာ နာနာဝိဓာပိ စ။

သာသနာရောက်ချိန်, ပါဠိတော်, အဋ္ဌကထာများရောက်

သုဝဏ္ဏဘူမ် ပြည်သထုံ၌ မင်းဆက် ၅၂-ဆက်တွင် ဂ-ဆက်မြောက် သိရိမာသောကမင်းလက်ထက်၌ သာသနာရောက်ကြောင်းကို အောက်ပါဂါထာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဇိနစက္ကေ ဒ္ဒိသတမ္ပို၊ ပဥ္စတိံ်သေဟိ ဟာယနေ။
ထေရာ သောဏုတ္တရာ သန္တာ၊ ဌပေသုံ ဇိနသာသနံ်။
တဒါ ဟိ သိရိမာသောကော၊ ရဋ္ဌပါလော ဒိသမ္ပတိ။
ပါလေသိ သုဝဏ္ဏဘူမိ ံ၊ သုဝဏ္ဏမနပ္ပရိတံ်။

၂၅-ဆက်မြောက် ဓမ္မပါလရာဇမင်းလက်ထက်တွင် သီဟိုဠ်ကျွန်းမှ ပါဠိပိဋကတ်တော်များ ရောက်လာသည်၊ ၎င်းပိဋကတ်ပါဠိတော်များမှာ သီဟိုဠ်အကွာရာပါဠိတော်များဖြစ်ကြ၍ သထုံရဟန်းတော်များ မြန်မာအက္ခရာပြန်၍ ရေးကူးတော်မူကြရသည်။

ဓမ္မပါလသုရာဇဿ၊ ကာလေ ရာဇဿ အာဒိတံ်။
ပါဝစနံ် မုနိန္ဒဿ၊ လောကဂ္ဂဿ ယသဿိနော။

သထုံဆရာစဉ် ၁၀-ဆက်၊ တနည်း ၁၁-ဆက်၊ ၇-ဆက်မြောက် အရှင်အနောမဒဿီလက် ထက်၌ သီဟိုဠ်ကျွန်း အရှင်မဟာဗုဒ္ဓဃောသပြုစုသော အဋ္ဌကထာသစ်များ ရောက်ရှိကြောင်း ဗုဒ္ဓဃောသုပ္ပတ္တိကျမ်း၌ ဖော်ပြထားလေသည်။

သထုံသာသနာ မှေးမှိန်ခြင်း

တန္တခိုးသား ဓားပြဘေး, ရောဂါဘေး, ငတ်မွတ်ခေါင်းပါးခြင်းဟူသော ဘေးတို့ကြောင့် ရာမညတိုင်းသည် စီးပွါးရေးဖက်၌ အားနည်းလာသဖြင့် သာသနာလည်း တဖြည်းဖြည်း လဆုတ် ပက္ခ လမင်းပမာ မှိန်စပြုလာတော့သည်။

စောရရောဂဒုဘိက္ခေဟိ၊ ဘယေဟိ ဇီနသာသနံ။
ဟာယတိ သောဏ္ဏရဋ္ဌေ ဟိ၊ ကာဋပက္ခေဝ စန္ဒိမာ။

သထုံပြည် ရှာနိဂုံးဘဝသို့

သာသနာတော်သက္ကရာဇ် ၁၆၀၁-ခုနှစ်၌ ပုဂံပြည့်ရှင် အနော်ရထာဘုရင် (အနုရုဒ္ဓါဘုရင်) လာရောက်ကာ သူရိယကုမာရမည်သော မနုဟာမင်းနှင့်တကွ ပိဋကတ်တော်များ ရဟန်းသံဃာ တော်များကိုပါ ခေါ်ဆောင်ပင့်ယူသဖြင့် သထုံပြည်ကြီးသည် ရှာနိဂုံးမျှသာ ကျန်တော့သည်ဟု ကလျာဏီကျောက်စာ၌ ဆိုလေသည်။

သံဝေဂယူဖွယ်

ဤသို့ဖြင့် ပစ္စည်းဥစ္စာဟူသမျှတို့သည် အမြဲမရှိ အနိစ္စချည်းသာဖြစ်ကုန်သည်၊ ကြာရှည် မတည်၊ အလိုသို့လည်း မလိုက်ပါကြကုန်၊ ထို့ကြောင့် ထိုပစ္စည်း ဥစ္စာတို့၌ မကပ်ငြို မတွယ်တာပဲ ကုသိုလ်တရားကို များစွာပြုသင့်လှပေသည်။

ဧဝံ အနိစ္စာ ဘောဂါ ဟိ၊ အဋ္ဌိတာ အသယံဝသီ။
တတြ လဂ္ဂံ အကတ္ဝာန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

ဒုတိယပိုင်း သထုံသာသနာဝင် ပြီး၏။

မဟာဝိသုတာရာမနိကာယ သာသနာဝင်

တတိယပိုင်း

ပုဂံသာသနာဝင်ကို ပြခြင်း

သီဟိုဠ်ကျွန်း အနုရာဓမြို့၌ သာသနာ မှေးမှိန်ပြီးနောက် ပုလတ္ထိပုရ၌ သာသနာရောင် ဖေတာက်သကဲ့သို့ မြန်မာပြည်၌လည်း သထုံပြည်သာသနာရောင် မှေးမှိန်ပြီး ပုဂံပြည်၌ သာသနာရောင်သည် ပြောင်တဝင်းဝင်း လွန်စွာထွန်းလင်းတောက်ပခဲ့သည်။ ပုဂံသာသနာဝင်၌ ထင်ရှားသော သာသနာအဆက်အနွယ်မှာ ဂ-ဆက်ရှိလေသည်။

ပုဂံပြည် သာသနာ့ဝန်ဆောင်မျှား

ၵင်းတို့ကား—

၁။ အရှင်အရဟံထေရ်၊

၂။ အရှင်ဂုဏသာရထေရ်၊

၃။ အရှင်အဂ္ဂပဏ္ဍိတထေရ်၊

၄။ အရှင်အဂ္ဂဝံသထေရ်၊

၅။ အရှင်ဥတ္တရာဇီဝထေရ်၊

၆။ ပဌမဆပ္ပဒ (အရှင်သဒ္ဓမ္မဉာဏထေရ်၊)

၇။ ဒုတိယဆပ္ပဒ (အရှင်သဒ္ဓမ္မဉာဏထေရ်၊)

၈။ တတိယဆပ္ပဒ (အရှင်သဒ္ဓမ္မသိရီ) ထေရ်တို့ ဖြစ်ကြလေသည်။

အရဟံ ထေရသေဋ္ဌော စ၊ အနုရုဒ္ဓပ္ပသာဒကော။
ဘဒန္တဂုဏသာရော စ၊ အဂ္ဂပဏ္ဍိတ ပုဂ်ဝေါ။

အဂ္ဂဝံသုတ္တရာဇီဝေါ၊ ဥဘော သဒ္ဓမ္မနာမကာ။
သဒ္ဓမ္မသိရိ အဋ္ဌမေ၊ ပုဂါမေ ဝံသပါလကာ။

အရှင်အရဟံ

အရှင်အရဟံသည် သီရိဓမ္မာသောကမင်းကြီး၏ဆရာ နိဂြောဓသာမဏေကဲ့သို့ သာသနာဝင်မှတ်တမ်းအတင်ခံရသော မထေရ်မြတ် ဖြစ်တော်မူပါပေသည်၊အရှင်အရဟံသည် ကောဇာသက္ကရာဇ် ၄၁၉-ခုနှစ် သာသနာသက္ကရာဇ် ၁၆၀၁-ခုနှစ်တွင် ပုဂံပြည်သို့ရောက်၍ သာသနာပြုခဲ့သည်၊ အရှင်အရဟံသည် သထုံပြည် အရှင်သီလဗုဒ္ဓိ၏ တပည့်အရင်း ဓမ္မဒဿီတည်း၊ အရှင်အရဟံ၏ အဖြစ်တော်စဉ်မှာ—

၁။ ရာဇဝင်လာ၊
၂။ ပရိတ္တနိဒါန်းလာ၊
၃။ သာသနာဆက်စာမျှားလာအားဖြင့် ၃-မျိုး ကွဲလျက်ရှိသည်။

ရာဇဝင်လာ အရှင်အရဟံ၏ဖြစ်စဉ်

သိင်္ဂြားမင်းထံ တောင်းပန်ကြခြင်း

တမ္မဒီပတိုင်း၌ သာသနာနေဝန်း မထွန်းလင်းသေးရကား ရဟန္တာသခင် အရှင်မြတ်တို့သည် ဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း သာသနာတော် ထွန်းလင်းစေကြအံ့ဟု တိုင်ပင်တော်မူကြပြီး နတ်မျှားသနင်း သိင်္ဂြားမင်းထံ ကြွသွားတော်မူကြကာ သာသနာတော်ချီးမြှောက်နိုင်မည့်ပုဂ္ဂိုလ် ရလိုကြောင်း တောင်းပန်ကြကုန်၏။

ခီဏာသဝါ မဟာထေရာ၊ သုရနာထသာ သန္တိကံ။
ဂန္ဓာ သာသနဝုဒ္ဓတ္ထံ၊ ယာစိ ံသု ပုဂ္ဂလံ ဝရံ။

ပဋိသန္ဓေနေပြီ

သိင်္ဂြားမင်းသည် ရဟန္တာသခင် အရှင်မြတ်တို့၏ အမိန့်တော် တောင်းပန်ချက်အတိုင်း တာဝတိ ံသာနတ်ပြည်၌ နတ်သားတယောက်ကို တောင်းပန်၍ ပုဏ္ဏားမတဉီး၏ ဝမ်းကြာတိုက်၌ စွဲပုကသန္ဓေ တည်နေစေသည်။

ဂဏ္ဘာပေသိ စ ကုစ္ဆိမှိ၊ ဂဗ္ဘံ ဗြာဟ္မဏိယာ တဒါ။
ဒေဝပုတ္တံ မဟာပုညံ၊ ဇိနစက္ကာဘိဝုဒ္ဓိယာ။

ဖွားမြင်,ရဟန်းပြု

အချိန်စေ့ရောက် ဖွားမြင်ပြီးနောက် သိလဗုဒ္ဓိအမည်ရှိသော ရဟန္တာအရှင်သူမြတ်၏ စောင့်ကြပ်မှုဖြင့် ကြီးပြင်းကာ အရွယ်ရောက်သောအခါ ရဟန်းပြုလေ၏၊ ပိဋကတ်ကျမ်းဂန် လွန်စွာကျွမ်းကျင်တတ်မြောက်တော်မူသည့်ပြင် ရဟန္တာအဖြစ်သို့လည်း ရောက်တော်မူရကား အရှင်အရဟံအမည်ဖြင့် သာသနာကောင်းကင်တွင် လွန်စွာထင်ရှားလေသည်။

ပိဋကေသု စ ဆေကော စ၊ အရဟတ္တမပါပုဏိ။
အရဟံ ဣတိ နာမေန၊ ပါကဋော သာသနမ္ဗရေ။

ပုဂံမြို့သို့ ကြွလာခြင်း

အရှင်အရဟံသည် မြန်မာပြည်ပုဂံပြည်၌ သာသနာထွန်းလင်းစေအံ့သောငှါ ပုဂံမြို့နှင့် မနီးမဝေးတောအုပ်တခုတွင် သီတင်းသုံးတော်မူလေသည်၊ ထိုအခါ သိင်္ဂြားမင်းသည် မုဆိုးတယောက်အား ဖျားယောင်းကာ မထေရ်ကို မြင်စေလေ၏။

သင်္ကော ဒဿေတိ နေသာဒံ၊ အရဟံ ထေရကုဉ္ဇရံ။
ဝသန္တံ ကာနနေ ဒန္တံ၊ သန္တံ ဂုတ္တံ သမာဟိတံ။

အနော်ရထာဘုရင်နှင့် တွေ့ပြီ

မုဆိုးသည် မထေရ်မြတ်ကို မြင်လျှင်မြင်ချင်း ဤသူသည် ဘီလူးဖြစ်နိုင်ရာသည်၊ လူဖြစ်လျှင်လည်း လူရိုင်းဖြစ်ရမည်ဟု ကြံစည်စဉ်းစားကာ အနော်ရထာမင်းတရားအား ပြရန် ပုဂံမြို့သို့ ခေါ်ဆောင်သွား၏၊ မထေရ်မြတ်သည်လည်း ပရိက္ခရာရှစ်သွယ် ကိုယ်ဝယ်ဆင်မြန်းကာ လိုက်ပါတော်မူလေလည်။ မုဆိုးက ဘုရင်မင်းမြတ်အား ပြလေရာ မင်းမြတ်က "ဤပုဂ္ဂိုလ်သည် ငြိမ်သက်ယဉ်ကျေးသော ဣန္ဒြေနှင့်ပြည့်စုံသည် လူရိုင်းမဟုတ်နိုင်ရာ၊ ဤသူ၏ သန္တာန်၌ မွန်မြတ်သောတရားမမျှရှိပေရာသည်ဟု စဉ်းစားပြီး နေအရှဏ်နှင့်တွေ့သောကြာဖူးပမာ ရှင်မြူးစ္ဝာ စုံစမ်းလိုရကား" သင်နှင့် လျောက်ပတ်သင့်တော်သည့်နေရာမှာ ထိုင်ပါဟု လျှောက်လေ၏။

ပဿိတ္ဌာန စ နေသာဒေါ၊ အမနုဿော ဘဝေယျ ကိံ။
ဥဒါဟု စ မိလက္ခောဝ၊ ကေန္တေန ဘဝိဿတိ။
ပဿိတ္ဌာနာ'နုရူဒ္ဓေါ စ၊ မဟာရာဇာ မဟာမတိ။
အတ္တာနုစ္ဆဝိကံ ဌာနံ၊ နိသီဒါဟိ ယထာသုခံ။
ဣတိဟိ ဇဂတိပါလော၊ အဝေါစ ထေရကုဥ္ဇရံ။

ပြဿနာတွေ့ မေးပြီ

မထေရ်မြတ်သည် မိမိထက်သာလွန် မွန်မြတ်သောပုဂ္ဂိုလ်ကို မမြင်ရကား ရာဇပလ္လင်ထက်၌ သီတင်းသုံးထိုင်တော်မူလေ၏။

ထိုအချိန်ကျမှ နေရာလည်း မြင့်မြတ်လှပေ၏၊ မြင့်မြတ်သူမှန်ပေ၏ဟု ဆုံးဖြတ်ကာ—

(အနော်ရထာ) အရှင် အဘယ်သူ၏အမျိုးအနွယ်ပါနည်း။

(အရဟံ) ဒကာတော်မင်းမြတ် ဘုန်းကြီးကား အရဟံအစရှိသော ဂုဏ်တော် ၉-ပါး ပိုင်ရှင် ဘုရားသခင်၏ အမျိုးအနွယ်ဖြစ်ပေသည်။

(အနော်ရထာ) အရှင်ဘုရား သည်လိုဆို ဘယ်အရပ်ဒေသက ကြွလာတော်မူပါသလဲ။

(အရဟံ) ငါ၏ဆရာဥပဇ္ဈာယ် အပေါင်းအဖော်နှင့် သံဃာတော်များရှိရာ အရပ်မှ လာခဲ့ပေသည်။

(အနော်ရထာ) အရှင်ဘုရားသည် ဘယ်သူ၏အဆုံးအမဩဝါဒကို ခံယူတော်မူပါသနည်း။

(အရဟံ) မြတ်စွာဘုရား ဟောကြားဆုံးမတော်မူသော အာဏာဒေသနာတော်လာ အဆုံးအမကို ခံယူပါသည်။

ဤသို့ဖြင့် မေးသမျှအဖြေကို ကြားရသော မင်းမြတ်သည် ဝမ်းမြောက် ရွှင်လန်းရကား ဘုရားရှင်ဟောကြားတော်မူအပ်သောတရား၏ တစိတ်တဒေသကို တပည့်တော်အား ဟောကြားတော်မူပါဟု တောင်းပန်လျှောက်ထားလေသည်။ အရှင်အရဟံသည် နိဂြောဓသာမဏေက သီရိ-ဓမ္မာသောကမင်းကြီးအား ဟောကြားအပ်သော—

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

မမ့်မလျော့ မပေါ့မဆခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းပေတည်း၊ မ့်လျော့ပေါ့ဆခြင်းသည် သေခြင်း၏အကြောင်းတည်း၊ မမ့်မလျော့ မပေါ့မဆသောသူတို့သည် သေသည် မမည်ကုန်၊ မ့်လျော့ပေါ့ဆသူတို့သည် သေသူမည်ကုန်၏ ဟူသော အပ္ပမာဒတရားကို အကျယ်ခဲ့၍ ဟောကြားတော်မူလေလျှင် လွန်စွာ ဝမ်းမြောက်ဝမ်းသာရှိလှသဖြင့် ဆက်လက်၍ မေးသည်မှာ—

(အနော်ရထာ) ယခုအခါ ဘုရားမြတ်စွာသည် ဘယ် အရပ်မှာ သီတင်း သုံးတော် မူပါသနည်း။

(အရဟံ) မြတ်စွာဘုရားကား နိဗ္ဗာန် လားတော်မူခဲ့ပါပြီ၊ ဓာတ်တော် မွေတော် မြတ်တို့သည်သာ ကျန်ရှိပါကုန်တော့သည်။

(အနော်ရဿာ) မြတ်စွာဘုရား၏ တရားတော်ကား အဘယ်မျှ အတိုင်းအရှည်ရှိပါသနည်း။

(အရဟံ) မြတ်စွာဘုရား၏ တရားတော်မျှားကား ဓမ္မက္ခန္ဓာပေါင်း ဂ-သောင်း ၄-ထောင် မြားမြောင်လှပါကုန်၏။

(အနော်ရထာ) ၎င်းတရားတော် ဓမ္မက္ခန္ဓာမျှား ဘယ်မှာ ရနိုင်ပါသနည်း။

(အရဟံ) ၎င်းတရားတော် ဓမ္မက္ခန္ဓာမျှား သထုံပြည်မှာ ရနိုင်ပါသည်၊ သထုံပြည်၌ ပိဋကတ်အစုံပေါင်း ၃၀-မျှ ရှိပါကုန်၏။

(အနော်ရထာ) အရှင်ဘုရားမှတပါး တခြားသော ဘုရားတပည့်သားမျှား ရှိပါသေးသလားဘုရား။

(အရဟံ) ငါမှတပါး ပရမတ္ထသံဃာ သမ္မုတိသံဃာ အမျှား အပြားပင် ရှိပါသေးသည်။

ဤသို့မင်းမြတ်သည် အရဟံ၏ အဖြေစကားတို့ကို ကြားရသဖြင့် အတိုင်းထက်အလွန် ဝမ်းမြောက်ရွှင်လန်းခြင်းဖြစ်ကာ ဘုရားသာသနာ၌ ဥပါသကာ၏အဖြစ် လျှောက်ကြားလေ၏။

သုတ္တာ ထေရဿ ဝါစံ ဟိ၊ ရာဇာ ဘိယျော ပသာဒယိ။
ဥပါသကတ္တံ ဒေသေသိ၊ သကျပုတ္တဿ သာသနေ။

မထေရ်ကို ပြုစုခြင်း

အနော်ရထာမင်းမြတ်သည် မထေရ်မြတ်ကို ကြည်ညိုလှသဖြင့် အရညကင်ရသော တော အရပ်၌ သာယာလှစွာသော ကျောင်းတော်ကိုလည်း ဆောက်လုပ်လှူဒါန်းလေသည်၊ ကိုယ်တိုင် အရည်းကြီးတို့၏ အယူကို ပစ်ပယ်တော်မူရုံမျှမက တိုင်းသူပြည်သားတို့ကိုလည်း ပစ်ပယ် စေလေသည်၊ ရှေခွက်ကို ရသူသည် မြေခွက်ကို စွန့်ပစ်သည်နှင့်တူလေသည်။

ကာရယိတ္ဝာ ဝိဟာရမ္ဖိ၊ ထေရဿပိ မဒါသိ စ။
သမဏကုတ္တဝါဒမ္ဖိ၊ အဘိန္ဒိ ဘိန္ဒနေ ဝိဒူ။
ဘိန္ဒာပေသိ ဇနာနမ္ဖိ၊ ဝိရဒ္ဓံ ကုဝါဒမ္ဖိ စ။

အရည်းကြီးတို့ကို ဆင်ချေးကျုံး မြင်းချေးကျုံး ခန့်ခြင်း

အရည်းကြီးတို့သည် လာဘ်ပူဇော်သကာ နည်းပါးကြသဖြင့် အရှင်အရဟံ အပေါ် ရန်ငြိုး ထားကြရာ မင်းမြတ်သိသဖြင့် အစောင့်အရှောက်တို့ကို ခန့်ထားလေ၏၊ အရည်းကြီး ၃-ကျိပ်နှင့် တပည့်လက်သား ၆-သောင်းတို့ကိုလည်း လူဝတ်လဲစေပြီး အဲမောင်း လှံကိုင် ဆင်ချေးကျုံး မြင်းချေးကျုံး အရာ၌ ခန့်ထားလေ၏။

အရှင်အရဟံသည်လည်း သာသနာတော်ကို ကြည်ညိုသူတို့အား ရှင်ရဟန်းပြုပေးလေ၏။

မင်းမြတ်၏နောင်တ

အနော်ရထာမင်းမြတ်သည် ရှေးက ဘေးလောင်းတော် ဘိုးလောင်းတော်တို့သည် အရည်းကြီးတို့၏ အယူကို ယူမှားခဲ့ကြကုန်၏၊ ဖြစ်နိုင်မည်ဆိုလျှင် ယခု ငါယူရသော သမ္မာအယူကို ယူစေချင်စမ်းပါဘိသည်ဟု နောင်တ ရတော်မူလေသည်၊ ဤကား ရာဇဝင်လာ အရှင်အရဟံ၏ အဖြစ်တော်စဉ်တည်း။　　။(ပရိတ္တနိဒါန်းလာ အရှင်အရဟံ၏ အကြောင်းနှင့် သာသနာတော် ဆက်စပ်မျှားတွင် လာသော အရှင်အရဟံ၏ အကြောင်းကို သာသနာဝံသပဒီပကာနှင့် သာသနာလင်္ကာရစာတမ်းစသည်တို့မှ ယူကြပါကုန်။)

သထုံမှ ပိဋကတ်များ ပုဂံသို့ ပင့်ယူခြင်း

အနော်ရထာမင်းတရားသည် မင်းထိုက်စိုးတန် လက်ဆောင် ပဏ္ဏာများစွာတို့ကို စီရင်စေ၍ စကားအရာ၌ လိမ္မာကျွမ်းကျင်၍ သာယာချင့်စွာ ပြောတတ်သော အမတ် တယောက်ကို အကြီးအမှူးပြု၍ သထုံပြည်သို့ ပိဋကတ်တော်နှင့် သရီရ ဓာတ်တော်များ တောင်းစေလိုက်ရာ သထုံပြည့်ရှင် မနူဟာဘုရင်သည် မချေမငံ ရင့်ရင့်သီးသီးဆိုလိုက်သဖြင့် ရေကြောင်းကြည်းကြောင်း ၂-ဌာနမှ များများမြောက်စွာသော ဆင်, မြင်း, လှေ, ဖောင်, စစ်သည် သူရဲတို့ဖြင့် ချီတက်၍ သထုံမြို့ကို တိုက်ခိုက်ရာ အောင်မြင်သဖြင့် ဓာတ်တော်မွေတော်တို့နှင့်တကွ ပိဋကတ်တော် အစုံ ၃၀-တို့ကို ပင့်ဆောင်ခဲ့လေသည်။

ယုဒ္ဓံ ကတ္ဝာ မဟာရာဇာ၊ အာနယိ ပိဋကတ္တယံ။
သရီရဓာတုယော စေဝ၊ အညံ အနပ္ပကမ္ပိ စ။

အရှင်အရဟံကြွလာချိန်နှင့် ပရိနိဗ္ဗာန်စံချိန်

အရှင်အရဟံသည် သက္ကရာဇ် ၄၁၉-ခု သာသနာတော် သက္ကရာဇ် (၁၆၀၁) နှစ်၌ ပုဂံပြည်သို့ စရောက်၍ အရှင်ဉာဏ,အရှင်အာနန္ဒာ, အရှင်သီလဗုဒ္ဓိ,စသည့်ထေရ်တို့နှင့်အတူ သာသနာပြုတော်မူခဲ့ပြီး သာသနာတော်ကို နေဝါလဝန်း ရာထောင်မက ထွန်းလင်းတောက်ပစေတော်မူပြီး

အလောင်းစည်သူ နန်းစံ ၂-နှစ်၊ သာသနာသက္ကရာဇ် ၁၆၃၇၊ ကောဇာသက္ကရာဇ် ၄၅၅၊ သက်တော် ၈၁-နှစ်တွင် ရွှေပြည်နိဗ္ဗာန် ဝင်စံကြွသွားတော်မူလေသည်။

အဓိကေ သတ္တတိံ သေဝ၊ သောဠသေကသဟဿကေ။
ဟာယနေ ဇိနစက္ကာဿ၊ ထေရော သ ပရိနိဗ္ဗုတော။

စျာပနပဲ့တော်

အလောင်းစည်သူမင်းနှင့် တိုင်းသူပြည်သားတို့သည် မထေရ်မြတ်၏ အလောင်းတော်ကို ၇-ရက်ပတ်လုံး ပူဇော်ဖွယ်အမျိုးမျိုးတို့ဖြင့် ပူဇော်ကြ၍ မီးသင်္ဂြိုဟ်ကြပြီး ဓာတ်တော်တို့ကို ရွှေအတိပြီးသော သေတ္တာတွင်းထည့်သွင်းကြကုန်၍ တူးရွင်းတောင်ခြေ မြေသန့်စင်သောအရပ်၌ ဂူတည်ဌာပနာခဲ့ကြလေသည်၊ ဂူအတွင်း၌လည်း အရှင်အရဟံ၏ဆင်းတုတော်ကို တည်ထားကိုးကွယ်ခဲ့ကြလေသည်၊ အရှင်အရဟံ၏ဓာတ်တော်များကို ဂူတည်ရာအရပ်ကား ပုဂံတည်စ ၁၉-ရာအပါအဝင်ဖြစ်သော တောင်ပရွာ၏အနောက်မြောက် တာ ၅၀၀-ခန့်ကွာသောအရပ်၌ ရှိသော ထီးစောင်းဘုရားပင်ဖြစ်သည်ဟု ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်၏ ရွှေစည်းခုံသမိုင်းကျမ်းသစ်၌ တွေ့ရသည်၊ ဖော်ပြပါ ဆရာတော်သည်ပင် အောက်ပါဆောင်ပုဒ်များကို ရွှေစည်းခုံသမိုင်းသစ်၌ စီကုံးဖော်ပြခဲ့သည်။

၁။ အရဟန္တ၊ ပါကဋ္ဌ၊ ဓမ္မဒဿီသာ။
၂။ သီလဗုဒ္ဓိ၊ မည်တော်ရှိ၊ ထေရ်၏တပည့်သာ။
၃။ ရဟန္တာများ၊ တောင်းပန်သွား၊ သိကြားနတ်မင်းမှာ။
၄။ သတ္တိ ဗျတ္တိ၊ စွယ်စုံရှိ၊ စေ၏ ဒေဝိန္ဒာ။
၅။ ပုဏ္ဏေးမဝယ်၊ သန္ဓေတွယ်၊ ပြည့်ကြွယ်သထုံမှာ။
၆။ ဖွားမြင်ပြီးနောက်၊ အရွယ်ရောက်၊ စောင့်ရှောက်ထေရ်သီလာ။
၇။ ဓမ္မဒဿံ၊ အရဟံ၊ ပုဂံကြွရောက်လာ။
၈။ စတုသတ၊ ကျွန်၊ ဝိသသက္ကရာ။
၉။ လေးရာ့ငါးဆယ်၊ ငါးခုဝယ်၊ ချုပ်ကွယ်နိဗ္ဗုတာ။
၁၀။ လေးရာ့တစ်ဆယ်၊ ကိုးခုဝယ်၊ စမွယ်ကြွရောက်လာ။
၁၁။ လောင်းစည်သူမင်း၊ ပဲ့စုံကျင်း၊ ထင်းလင်းထိုအခါ။
၁၂။ ရိုးတော်ဓာတ်များ၊ ဂူတည်ထား၊ ထင်ရှားတောင်ခြေမှာ။
၁၃။ ရုပ်ပုံသဏ္ဌာန်၊ အရဟံ၊ စီမံခဲ့သည်သာ။
၁၄။ ယခုမှာကား၊ မည်ထင်ရှား၊ ဘုရားထီးစောင်းသာ။

အရှင်ဂုဏသာရ, အရှင်အဂ္ဂပဏ္ဍိတ, အရှင်အဂ္ဂဝံသ

အရှင်အရဟံသည် ထီးလှိုင်ကျန်စစ်မင်းလက်ထက်၌ သက်တော်ကြီးရင့်ပြီဖြစ်သဖြင့် အားပါးတစိုက် သာသနာမပြုနိုင်တော့ခဲ့၊ တပည့်များဖြစ်ကြသော အရှင်ဂုဏသာရနှင့် အရှင်အဂ္ဂပဏ္ဍိတတို့ကိုသာ သာသနာပြုစေရတော့သည်၊ ထိုအခါ ပုဂံပြည်မှာ အဂ္ဂပဏ္ဍိတဘွဲ့နာမည်ဖြင့် မထေရ်မြတ် ၃-ပါး ပေါ်ထွန်းခဲ့သည်။ ပဌမအဂ္ဂပဏ္ဍိတသည် ရှင်အရဟံ၏တပည့်ရင်း ဖြစ်ရာသည်။

တတိယ အဂ္ဂပဏ္ဍိတထေရ်သည် ပဌမအဂ္ဂပဏ္ဍိတ၏ တပည့်ရင်း ဖြစ်လေသည်၊ ဒုတိယ အဂ္ဂ-ပဏ္ဍိတ၏ တူဖြစ်သည်ဟုလည်း ဆိုကြသည်၊ ဒုတိယအဂ္ဂပဏ္ဍိတထေရ်သည် လောကုပ္ပတ္တိပကာသနီ ကျမ်းကို ရေးသားခဲ့သည်၊ တတိယ အဂ္ဂပဏ္ဍိတ(အရှင်အဂ္ဂဝံသ)သည် သဒ္ဒနီတိကျမ်းကြီးကို ရေးသားခဲ့သည်၊ ၎င်းသဒ္ဒနီတိကျမ်းကြီးသည် ပဒမာလာ, ဓာတုမာလာ, သုတ္တမာလာအားဖြင့် ၃-ကျမ်းရှိရာ လွန်စွာကျယ်ဝန်းစုံလင်သည့် ကျမ်းစာကြီးဖြစ်သည်၊ ၎င်းသဒ္ဒနီတိကျမ်းကြီးကို ဒိန်းမတ်မှ အင်္ဂလိပ်အကျွမ်းကျင်ပညာရှင် ရိုပ်နိုပ်ထားသည်၊ သီဟိုဠ်ကျွန်း၌ သီဟိုဠ်အကျွမ်းကျင်ပညာရှင်လည်း ရှိကိန်ပိုပ်ခဲ့သည်၊ သီဟိုဠ်ကျွန်း၌ အမြင့်ဆုံးစာမေးပွဲဖြစ်သည့် ပဏ္ဍိတ်စာမေးပွဲကြီး၏ နောက်ဆုံး အဆင့်တွင် အခါအားလျော်စွာ သဒ္ဒနီတိကျမ်းကြီးမှလည်း ပုစ္ဆာထုတ်ဆင့်မေးကြောင်း သီဟိုဠ် ရဟန်းတော်များထံမှ သိရသည်၊ သဒ္ဒနီတိနိဂုံး၌ အဂ္ဂပဏ္ဍိတ, အဂ္ဂဝံသ ဟူ၍ အမည် ၂-မျိုးဖြင့် ပြသည်။

အရှင်ဥတ္တရာဇီဝထေရ်

သထုံသာသနာပြု အရှင်သောဏ, အရှင်ဥတ္တရ ထိုအရှင် ၂-ပါးတို့၏တပည့် အရှင်သောဘိတ၊ အရှင်သောဘိတ၏တပည့် အရှင်သောမဒတ္တ၊ အရှင်သောမဒတ္တ၏တပည့် အရှင်သုမနတိဿ၊ အရှင်သုမနတိဿ၏တပည့် အရှင်သောပါက၊ အရှင်သောပါက၏တပည့် အရှင်သောမဒတ္တ၊ အရှင်သောမဒတ္တ၏တပည့် အရှင်အနောမဒဿီ၊ အရှင်အနောမဒဿီ၏တပည့် အရှင်အဓိသီလ၊ အရှင်အဓိသီလ၏တပည့် အရှင်ပြောဏဒဿီ၊ အရှင်ပြောဏဒဿီ၏တပည့် အရှင်အရိယဝံသ၊ အရှင်အရိယဝံသ၏တပည့် အရှင်ဥတ္တရာဇီဝသည် ပုဂံသာသနာဝင်တွင် ထင်ရှားသော မထေရ်ဖြစ်သည်။ အရှင်ဥတ္တရာဇီဝသည် အထက်ဖော်ပြပါ သာသနာစဉ်အတိုင်း သထုံသာသနာပြုထေရ်တို့၏ အနှယ် အဆက်ဖြစ်၍ ပုဂံပြည်သို့ ကြွရောက်တော်မူကာ သာသနာပြုတော်မူခဲ့သည်၊ ဤသို့ယူသဖြင့် အရှင်အရဟံ၏တပည့် မဟုတ်သော်လည်း သာသနာပြုအစဉ်အဆက်ကား မပြတ် ဆက်လျက် ရှိသည်ကို မှတ်ယူရပေမည်။

အရှင်ဥတ္တရာဇီဝ သီဟိုဠ်သို့ကြွခြင်း

အရှင်ဥတ္တရာဇီဝသည် ထိုခေတ်က ပေါ်ပေါက်နေသော သာသနာ့ဘေးရန်ကို ထိထိ ရောက်ရောက် ကာကွယ်နိုင်စွမ်း မရှိသဖြင့် သာသနာသက္ကရာဇ် ၁၇၁၄-ကောဇာသက္ကရာဇ် ၅၃၂-ခုနှစ်၌ နောက်ပါသံဃာတော်များစွာနှင့်အတူ သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည်၊ နောက်ပါတပည့်ထည်း တွင် ပါလာသော ပုသိမ်အနီး ဆပွဋ္ဌရွာသားဖြစ်၍ ဆပွဋ္ဌအမည်တွင်သော သာမဏေကို ရဟန်း အဖြစ်သို့ ရောက်အောင် ဆောင်ရွက်တော်မူခဲ့ပြီး မိမိနေရပ်ဌာနီ ပုဂံပြည်သို့ ပြန်ကြွသာသနာပြု တော်မူလေသည်။

အရှင်ဥတ္တရာဇီဝ ပုံလွန်ခြင်း

အရှင်ဆပ္ပဠ(အရှင်သဒ္ဓမ္မဇောတိပါလ)မှာ ၁၀-ဝါရသောအခါ သီဟိုဠ်မှ ပြန်ကြွခဲ့သည်၊ ပုဂံသို့ ဝါမမီသဖြင့် ပုသိမ် ငပုတောဠီ ဝါကပ်ရသည်၊ အရှင်ဥတ္တရာဇီဝမှာ သာသနာသက္ကရာဇ် ၁၇၃၅-ခု၊ ကောဇာသက္ကရာဇ် ၅၅၃-ခုနှစ် တပည့်ဆပ္ပဠထေရ် ပုသိမ်မရောက်မီ ရက်အနီးငယ်အတွင်း ပုံလွန်တော်မူသည်။

ပဒုမဆပ္ပဠထေရ

အရှင်ဆပ္ပဠထေရ်သည် အရှင်ဥတ္တရာဇီဝထေရ်၏ တပည့်ရင်း ဖြစ်သည်။ ဇာတိမှာ ပုသိမ်မြို့ ဆပ္ပဠရွာသားဖြစ်သဖြင့် သာမဏေဖြစ်စဉ် ဆပ္ပဠသာမဏေ, ရဟန်းဖြစ်သောအခါ ဆပ္ပဠထေရ်ဟု တွင်လေသည်၊ ဆရာဖြစ်သော အရှင်ဥတ္တရာဇီဝထေရ် သာသနာသက္ကရာဇ် ၁၇၁၄-ခုနှစ် ကောဇာသက္ကရာဇ် ၅၃၂-ခုနှစ် သီဟိုဠ်ကြွစဉ် အခြားသံဃာများနှင့်အတူ အသက် ၂၀-ပြည့်လုနီး သာမဏေဖြစ်၍ လိုက်ပါခဲ့သည်။

ရဟန်းခံခြင်း

သာမဏေ ရှင်ဆပ္ပဠကို သောဏဥတ္တရအနန္တယ်ဝင် ဗမာပြည်မှ အရှင်ဥတ္တရာဇီဝစသော ရဟန်းတော်များနှင့် မဟိန္ဒအနန္တယ် သီဟိုဠ်ရဟန်းတော်တို့ ပူးပေါင်း၍ ရဟန်းခံပေးကြလေသည်။ အရှင်ဥတ္တရာဇီဝတို့ ပုဂံပြည် ပြန်ကြသောအခါ ရဟန်းတော်အရှင်ဆပ္ပဠသည် သီဟိုဠ်ကျွန်း၌ နေရစ်ကာ ဆက်လက်ပညာသင်ကြားလေသည်။

ပုဂံပြည် ပြန်ကြွခြင်း

သီဟိုဠ်၌ သီတင်းသုံး၍ ၁၀-ဝါရပြီးနောက်—

၁။ တာမလိတ္တရွာသား အရှင်သီဝလိထေရ်၊

၂။ ကမ္မောဇမင်းသား အရှင်တာမလိန္ဒထေရ်၊

၃။ ကဠိပူရမြို့သား အရှင်အာနန္ဒာထေရ်၊

၄။ သီဟိုဠ်ကျွန်းသား အရှင်ရာဟုလာထေရ်၊

ဟူသော ထေရ် ၄-ပါးတို့နှင့်အတူ သင်္ဘောစီး၍ ပုဂံပြည် ပြန်ခဲ့သည်။

သီဝလျာဒိ စတူဟေဝ၊ ဆပ္ပဠော ဂန္ဆကောဝိဒေါ။
ပစ္စာဂတောဝ ဒီပမှာ၊ သဇာတိ ပုရမုတ္တမံ။

မထေရ်တို့သည် ပုသိမ်ရောက်သောအခါ ဝါဆိုချိန်နီးကပ်သဖြင့် ပုဂံသို့ ဆက်မကြွနိုင်ပဲ ပုသိမ်မြို့ ငပုတောဠီ ဝါဆိုကြရကုန်၏။ ဝါကျွတ်သောအခါ ပဝါရဏာပြုပြီး၍ ပုဂံကြွသောအခါ အရှင်ဥတ္တရာဇီဝထေရ်မှာ အရှင်ဆပ္ပဠတို့မရောက်မီ ၂-ရက် ၃-ရက်ခန့်က ပုံလွန်တော်မူသဖြင့် အရှင်ဆပ္ပဠမှာ ဆရာရင်းနှင့် မတွေ့ရတော့ချေ၊ သဂ်ိုဟ်ရာသို့ ကြွ၍သာ ဦးတိုက် ကန်တော့ရတော့သည်။

ကံသီးခြား ပြုခြင်း

အရှင်ဆပ္ပဋ္ဌတို့သည် ပုဂံ၌ အခြားရဟန်းတော်များနှင့် ကံအတူတကွ မပြုကြပဲ ပါလာသော ရဟန်းများနှင့် ကံသီးခြား ပြုကြလေသည်၊ အရှင်ဆပ္ပဋ္ဌတို့ ပုဂံ ရောက်သောနှစ်ကား သက္ကရာဇ် ၅၅၃-ခုနှစ် ဖြစ်လေသည်။

နရပတိစည်သူမင်းက ကြည်ညိုခြင်း

နရပတိစည်သူမင်းကြီးသည် မထေရ်ငါးပါးတို့ကို ကြည်ညိုလှသဖြင့် ဝဇီရပဉ္ဇိမည်သော ပညာရှင်အမတ်နှင့် တိုင်ပင်၍ ရောဝတီမြစ်အတွင်း လှေဖောင်ဖွဲ့စေကာ သာမဏေများစွာကို ရဟန်းခံစေရာ ကာလရှည်ကြာသော် ဂိုဏ်းသံဃာတို့ ပျံလေ၏။

အရှင်ရာဟုလာထေရ် လူထွက်ခြင်း

အရှင်ဆပ္ပဋ္ဌနှင့်ပါလာသော မထေရ်များအနက် အရှင်ရာဟုလာသည် ပညာအရှိဆုံး ရဟန်းတော်ဖြစ်သည်၊ နရပတိစည်သူမင်းကြီးက တပည့်သံဃာနှင့်တကွ ရဟန်း ၅-ပါးတို့ကိုပင့်၍ သဘင်ကြီးစွာခံ၍ လှူဒါန်းပူဇော်၏၊ အလှူပွဲ၌ အသင်အပြင်အချိုးကျ၍ အလှကေရီဖြစ်သော ကချေသည်မကိုမြင်သဖြင့် တတ်စွမ်းစွဲငြိ လိုချင်သောစိတ်ရှိသဖြင့် လူထွက်ရန် အားထုတ်လေ၏၊ ကျန်မထေရ်များက လူမထွက်ရန် ဟောပါသော်လည်း မရသဖြင့် သည်လိုဆို ပုဂံပြည်မှာ မထွက်ပါလင့်၊ မလယကျွန်း သွားထွက်ပါဟု ပြောကြသဖြင့် မလယကျွန်းသို့ ပုသိမ်မှသင်္ဘောစီး၍ သွားလေ၏၊ မလယဘုရင်က ဝိနည်းသင်လိုသဖြင့် မင်းမြတ်အား ခုဒ္ဒသိက္ခာကျမ်းကို ဋီကာနှင့်တကွ သင်ပြပေးရာ ကြည်ညိုသဖြင့် ပတ္တမြားသပိတ် လှူဒါန်းလေ၏၊ အရှင်ရာဟုလာမထေရ်သည် ပတ္တမြားသပိတ်ကို ရလျှင် လူထွက်လေ၏။

အနုသာသနီ

သာသနာဝန်ထမ်းများသည် မိန်းမတို့နှင့် ဝေးစွာရှောင်ကြဉ်သင့်သည်၊ အလွန်ဝေးကွာစွာ ဆက်ဆံသင့်သည်၊ မိန်းမတို့သည် ဤသာသနာတော်၌ ရဟန်းတော်တို့၏ ရန်သူစင်စစ်တို့ သာတည်း။

အတိဒူရေဝ ဟောတဗ္ဗံ၊ ဘိက္ခုနော နာမ ဣတ္ထိဘိ။
ဣတ္ထိယော နာမ ဘိက္ခူနံ၊ ဘဝန္တိ ဣဓ ဝေရိနော။
(သာသနာဝံသပဒီပကာ။ ၇၄။)

ကျန်မထေရ် ၄-ပါးတို့တွင် အရှင်ဆပ္ပဋ္ဌထေရ် ရှေးဦးစွာပျံလွန်တော်မူသည်၊ ကျန် ၃-ပါးတို့သည် ပရိယတ်ကိုသင်ပြပေးခြင်း, ဟောပြောခြင်းစသည်ဖြင့် သာသနာတော်ကို ချီးမြှောက်တော်မူကြလေသည်။

ပုဂံသာသနာ ၄-ဂိုဏ်းကွဲ

တနွေ့သောအခါ မင်းကြီးက ရဟန်းတော် ၃-ပါးတို့အား ဆင်ပေါက်တကောင်စီ လှူ၏၊ အရှင်သီဝလိနှင့် အရှင်တာမလိန္ဒထေရ်တို့က ဆင်ကို တော၌ လွှတ်လိုက်ကြ၏၊အရှင်အာနန္ဒာထေရ်

ကမ္ဘ ပုသိမ်သို့သွား၍ ကဋ္ဌိပ္ပရမြို့ ဆွမျိုးများထံ သဘော်ဖြင့် တင်ပို့လေ၏၊ သို့ဖြစ်၍ အချင်းချင်း မသင့်တင့်သဖြင့် သံဃာ့ကံ သီးခြားဆောင်သဖြင့် ၂-ကိုကျိး ကွဲလေ၏။

ကာလမြင့်ရှည်သော် အရှင်တာမလိန္ဒထေရ်သည် အကြားအမြင်ရှိသော တပည့်များကို မွေးမြူ၍ ပစ္စည်း ၄-ပါး ထောက်ပံ့ လှူဒါန်းရန် မှူးမတ်သူဌေးသူကြွယ်တို့အား ပစ္စည်းလေးပါးကို တောင်းရမ်း၏၊ ထိုအကြောင်းကို အရှင်သီဝလိထေရ်သိသဖြင့် ဝစီဝိညတ်အမှုကို ဘုရားရှင် လွန်စွာ စက်ဆုတ်ကြောင်း, မပြုသင့်ကြောင်း ဟောပြောသော်လည်း မရသဖြင့် အရှင်တာမလိန္ဒနှင့် မပေါင်းပဲ သီခြားခွဲ၍ ကံပြုလေသည်၊ ဤသို့ဖြင့် ပုဂံ၌ ၃-ကိုကျိး ကွဲလေသည်။

ဤသို့လျှင် ပုဂံ၌—

၁။ အရှင်အရဟံအန္ဒယ်ဝင် သံဃာတစု၊

၂။ အရှင်အာနန္ဒာအန္ဒယ် တစု၊

၃။ အရှင်တာမလိန္ဒအန္ဒယ် တစု၊

၄။ အရှင်သီဝလိအန္ဒယ် တစုအားဖြင့် ၄–စု လေးကိုကျိး ကွဲပြားခဲ့လေသည်။

အရဟန္တံသိကော စေဝ၊ အာနန္ဒာဝံသိကော တထာ။
တာမလိန္ဒဿ ဝံသော စ၊ သီဝလိံသိကောပိ စ။
ဣတိ စတူဂဏာ ဘိန္နာ၊ ပုဂါမေ သုဋ္ဌု လက္ခိတာ။

ဒုတိယဆပ္ပဉ္စ(အရှင်သဒ္ဓမ္မညာဏထေရ်)

အရှင်သဒ္ဓမ္မညာဏသည် ပုဂံသာသနာဝင်၌ ထင်ရှားသော မထေရ်မြတ် ဖြစ်သည်၊ ပဌမဆပ္ပဉ္စထေရ်၏ တပည့်ဖြစ်ရကား ဒုတိယဆပ္ပဉ္စထေရ်ဟုလည်း ထင်ရှားသည်၊ သီဟိုဠ်ကျန်းသို့လည်းရောက်ရှိ၍ ပညာဆည်းပူးလေ့လာ သာသနာပြုဘူးသည်၊ သီလဝန္တ,သိက္ခာကာမ မထေရ်မြတ်ဖြစ်သည်၊ ဆန္ဒောသာရတ္ထဝိကာသိနီဋီကာကို ထိုမထေရ်မြတ်ပြုစုသည်ဟု အဆိုရှိလေသည်။

တတိယဆပ္ပဉ္စ(အရှင်သဒ္ဓမ္မသိရိထေရ်)

အရှင်သဒ္ဓမ္မသိရိထေရ်သည် ဒုတိယဆပ္ပဉ္စဟုထင်ရှားသော အရှင်သဒ္ဓမ္မညာဏ၏တပည့်ဖြစ်၍ တတိယဆပ္ပဉ္စဟု တွင်လေသည်၊ မထေရ်မြတ်သည် သဒ္ဒတ္ထဘေဒစိန္တာ ရေးခဲ့သည်ဟု တခို့ဆရာတို့ ဆိုကြလေသည်၊ ၎င်းမထေရ်သည်လည်း ပုဂံသာသနာဝင်အဆက်တွင် ထင်ရှားသော မထေရ်မြတ်ဖြစ်ပေသည်။

အရှင်သဒ္ဓမ္မဇောတိပါလ(ဒုတိယဆပ္ပဉ္စထေရ်)

အရှင်သဒ္ဓမ္မဇောတိပါလထေရ်သည် သာသနာသက္ကရာဇ် ၁၉၉၀-ကျော်တွင် ထင်ရှားသော မထေရ်မြတ်ဖြစ်သည်၊ မထေရ်မြတ်ကို သခေါ်ပဝဏ္ဏနာ သင်္ဂြိဟ်ကျမ်း၏ အဖွင့်ဖြင့် အဘိဓမ္မာကျမ်းတတ်အဖြစ် အကဲဖြတ်ကြလေသည်၊ သုတ္တန်ဒွေဿ ကစ္စည်းသဒ္ဒါကြီးအဖွင့် ဗျာကရဏဝိဒူပုဂ္ဂိုလ် ဖြစ်ကြောင်း ဂန္ဆဝင် သာသနာဝင်တွင် ပေါ်လွင်လေသည်။

မထေရ်မြတ်သည် ထူပါရုံစေတီတော်ဒါယကာ နရပတိမင်းလက်ထက် ပုသိမ်မြို့ ဆပ္ပဋ္ဌ ရွာသား အရှင်ဓမ္မကေတုမထေရ်အထံ ပုဂံပြည်၌ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့ကို သင်ကြားပြီးမှ ဂဝဂ-ခုနှစ်၌ သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ မဟာဝိဟာရ အဆက်အနွယ် သံဃာတော်များထံ၌ သိက္ခာသစ်တင်ယူတော်မူခဲ့သည်၊ မထေရ်မြတ်သည် သီဟိုဠ်ကျွန်း ဇယဝဲ့နမြို့ (ယခု အခေါ် ကောင်္ဘေးမြို့)၌ မင်းပြုသော သိရီပရက္ကမဗာဟုမင်း (ဆဋ္ဌပရက္ကမဗာဟုမင်း)ကို အမှီပြု၍ သိမ်သမုတ်တော်မူခဲ့သည်၊ သိရီပရက္ကမဗာဟုမင်း၏ ရာဇဝင်၌—

သံဃာရာမဉ္စ ကာရေတ္ဝာ၊ ဂါမခေတ္တေ ဗဟူနိ စ။
ပူဇေတ္ဝာ တီဟိ ရတ္ထေဟိ၊ အာဂတာနံ တပဿိနံ။

ဟု လာရှိသဖြင့် အရှင်ဆပ္ပဋ္ဌထေရ်သည် သိရီပရက္ကမဗာဟု မင်း၏ ကျောင်းပူဇော်မှုကို ခံရလောက်သည်ဟု ယူဆမိသည်။

သီဟိုဠ်မှ ပြန်ကြွလာသောအခါ ဆပ္ပဋ္ဌရွာ၌ သီတင်းသုံးတော်မူပြီးမှ မိုးညှင်း မင်းတရားလက်ထက် စစ်ကိုင်း၌ သီဟိုဠ်ရဟန်းတော် သိရီသဒ္ဓမ္မာလင်္ကာရမထေရ် သိရီသီဟဠမဟာသာမိ မထေရ်တို့နှင့်အတူ သီတင်းသုံးတော်မူဘူးသည်၊ ပုဂံ၌လည်း ကြာမြင့်စွာ သီတင်းသုံး၍ သာသနာတော်ကို ချီးမြှောက်ခဲ့သည်။

ကျမ်းဂန်ပြုစုခြင်း

အရှင်သဒ္ဓမ္မဇောတိပါလ(ဒုတိယဆပ္ပဋ္ဌ) မထေရ်သည်—

၁။ သခ်ဳပဝဏ္ဏနာဋီကာပါဠိ၊
၂။ သုတ္တနိဒ္ဒေသပါဠိ၊
၃။ နာမစာရဒီပက၊
၄။ သီမာလင်္ကာရဋီကာ၊
၅။ ဝိနယဂဠ္ဌိတ္ထဒီပနီ စသည်တို့ကို ရေးသားခဲ့သည်။

သင်္ဂြိဟ်ဋီကာရေးရန် သီဟိုဠ် ဘုရင်မင်းမြတ်က တောင်းပန်ခြင်း

သိရီပရက္ကမဗာဟုမင်းသည် သာသနာကို လွန်စွာလေးစားကြည်ညိုသည်၊ သာသနာကို ပြုစုသည်၊ အဋ္ဌကထာများကို ရေးကူးစေခြင်း, ဋီကာများကို ရေးကူးစေခြင်း, အသစ်ရေးသား ပြုစုစေခြင်းစသည်ဖြင့် သာသနာကို ပြုစုခဲ့သည်။

သာဋ္ဌကထံ သဋီကဉ္စ၊ ပိဋကတ္တယမုတ္တမံ။
လိခါပေတ္ဝာန ဗုဒ္ဓဿ၊ သာသနသင်္ဃဿ အကာ။
(မဟာဝံသ။ ၉၀၊ ၂၇။)

ဤသို့ဖြင့် သာသနာပြုစုရာ၌ မင်းမြတ်သည် သီဟိုဠ်၌ ကျော်ကြားထင်ရှားလှသော ပညာရှင် အရှင်ဆပ္ပဋ္ဌမထေရ်ကို သင်္ဂြိဟ်ကျမ်းအဖွင့် သခ်ဳပဝဏ္ဏနာဋီကာ ရေးသားရန် ရှိခိုးတောင်းပန်ခဲ့ကြောင်း—

အာဂတာဂမသတ္ထေန၊ စန္ဒေဝ သရဒမ္ဗရေ။
ပါကဋေနိမ ဒီပမ်ိ၊ မဟာဝိဇယဗာဟုနာ။

ဥက္ကုဋ္ဌိကံ နိသီဒိတ္ဝာ၊ သာသနတ္ထာဘိကင်္ခိနာ။
ယာစိတောဟံ ကရိဿာမိ၊ သခေ်ပပဒဝဏ္ဏနံ။

ဟူသော ၂-ဂါထာဖြင့် ဂန္ဆာရမ္ဘ၌ ဖော်ပြခဲ့သည်၊ ၎င်းကျမ်းကို သာသနာသင်္ဂရာဇ် ၁၉၉၀-တွင် ရေးကြောင်း—

ပုဏ္ဏော ဒသေ နဝနဝုတိဂုဏော ဝသော၊
ဝဿေ သဟဿဂဏနေ ဇိနနိဗ္ဗုတမှာ။

စသည်ဖြင့် နိဂုံး၌ ဖော်ပြခဲ့သည်။

သုတ္တနိဒ္ဒေသ

မထေရ်မြတ်သည် သုတ္တနိဒ္ဒေသကို သူတော်ကောင်းတရား တည်တံ့ရန် အလိုရှိသော အရှင် ဓမ္မစာရီမထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်းကိုလည်း—

သဒ္ဓမ္မဋ္ဌိတိကာမေန၊ ယာစိတော ဓမ္မစာရိနာ။
သနိဒ္ဒေသံ ကရိဿာမိ၊ ကစ္စာနသုတ္တဝဏ္ဏနံ။

ဟူသော ဂါထာဖြင့် သုတ္တနိဒ္ဒေသကျမ်းဦး၌ ဖော်ပြခဲ့သည်။

နာမစာရဒီပကကျမ်း

မထေရ်မြတ်သည် နာမစာရဒီပကကျမ်းကိုလည်း—

၁။ ဘူမိဇာတိဝိဘာဂ၊
၂။ ပုဂ္ဂလဝိဘာဂ၊
၃။ ပဗ္ဗာပရဝိဘာဂ၊
၄။ ကိစ္စဋ္ဌာနဝိဘာဂ၊
၅။ အာရမ္မဏဝိဘာဂ၊
၆။ ရူပနိဒ္ဒေသ၊
၇။ ပစ္စယဝိဘာဂ၊

ဟူသော အပိုင်း ၇-ပိုင်းတို့ဖြင့် တန်းဆာဆင်၍ ဂါထာတို့ဖြင့် ရေးသားခဲ့သည်၊ ကျမ်း၏ဂန္ဆာ-ရမ္ဘ၌—

နမဿိတ္ဝာန သမ္မဒ္ဓံ၊ ဘူမိဇာတာန မဒ္ဒိတံ။
ဝိဇာနန္တုတ္တမံ ဓမ္မ၊ သံဃံ စ ဂုဏသာဂရံ။

ရစယိဿံ သမာသေန၊ နာမစာရဿ ဒီပကံ။
ပဋ္ဌာန နယဂါဟန္တံ၊ တံ သုဏာထ သမာဟိတာ။

ဟူသော ၂-ဂါထာဖြင့် ပဏာမ, ပဋိညာဉ်ကို ဖော်ပြခဲ့သည်။

သီမာလင်္ကာရဋ္ဌီကာ

သီဟိုဠ်ကျွန်းဌ် သာရတ္ထဋ္ဌီကာ စသည်ကို ပြုစုသော အရှင်သာရိပုတ္တရာမထေရ်၏တပည့် ဝါစိဿရထေရ်ပြုစုသော သီမာလင်္ကာရသင်္ဂဟကျမ်း ရှိခဲ့သည်၊ ၎င်းကျမ်း၏ အဖွင့်ဋ္ဌီကာကိုလည်း အရှင်ဝါစိဿရပင် ပြုစုကြောင်း—

ယေန ဝိစရိတော အာသိ၊ သီမာလင်္ကာရသင်္ဂဟော။
တေနေဝ ရစိတံ တဿ၊ ဝဏ္ဏနာပိ သမာသတော။

ဟု ကျမ်းဆရာကိုယ်တိုင် ဖော်ပြခဲ့သည်၊ ယင်းသီမာလင်္ကာရသင်္ဂဟကျမ်း၏ ဒုတိယမြောက် ဋီကာသစ်ကိုမူ အရှင်ဆပ္ပဋ္ဌထေရ် ရေးခဲ့သည်။

သဗ္ဗတ္ထယုတ္တပိဋ္ဌကတ္တယပါရဒဿီ၊
သော ဆပ္ပဋ္ဌဝ့ယသုတော ယတိ ရာဇပုတ္တော။
သီမာယ လံကရဏသံဂဟဝဏ္ဏနေ'မံ၊
သံခေပတော ဝိစရယိ မုနိ သာသနတ္ထံ။

(သီမာလင်္ကာရသင်္ဂဟဋ္ဌီကာသစ် နိဂုံး)

၂-နိုင်ငံ သာသနာဝင် ထင်ရှားသည့်ထေရ်

ဖော်ပြပါ စကားရပ်တို့ကို ထောက်၍ ဒုတိယအရှင်ဆပ္ပဋ္ဌထေရ်သည် မြန်မာနိုင်ငံ သာသနာဝင်နှင့် ဂန္ဆဝင်, သီဟိုဠ်နိုင်ငံ သာသနာဝင်နှင့် ဂန္ဆဝင်၌ လမင်းအလား လွန်စွာကျော်ကြား ထင်ရှားလှသည့် မထေရ်မြတ်ဖြစ်ကြောင်း သိသာလှပါတော့သည်။

မြန်မာ့ရဋ္ဌေ စ ဒီပေ စ၊ ဝံသေ နာနပ္ပကာရကေ။
ထေရောတိပါကဋ္ဌော အာသိ၊ ယထာ ဟိ စန္ဒိမာ သသီ။

၎င်းမထေရ်ကား ဆပ္ပဋ္ဌရွာ၌ ဒုတိယအကြိမ် ထင်ရှားသော မထေရ်ဖြစ်၍ ဒုတိယဆပ္ပဋ္ဌဟု သီးခြားကျော်ကြားသော မထေရ်ဖြစ်သည်၊ သာသနာဆက်နှင့် မဆိုင်သော်လည်း ထူးခြားသော ဂန္ဆဝင်ကျော် မထေရ်ဖြစ်၍ ဖော်ပြအပ်သည်။

ဤသို့ဖြင့် ပုဂံသာသနာဝင်ကို အကျဉ်းချုပ်သိပြီးလျှင် ပခန်းသာသနာဝင်ကိုလည်း ဆက်လက်၍ လေ့လာသင့်ပေသည်။

တတိယပိုင်း ပုဂံသာသနာဝင် ပြီး၏။

မဟာဝိသုတာရာမနိကာယ သာသနာဝင်

စတုဋ္ဌမိုင်း

ပခန်းကြီးသာသနာဝင်ကို ပြခြင်း

ကာလမြင့်လတ်သော် ပုဂံသာသနာဝင်သည် ပခန်းဖက်၌ အနွယ်သက်ဆင်း ထွန်းလင်း ထိန်ပြောင်ခဲ့လေသည်၊ ယင်းပခန်းသာသနာဝင်၌ —

၁။ အရှင်သုဓမ္မစာရီထေရ်၊
၂။ အရှင်အဂ္ဂဓမ္မာလင်္ကာရထေရ်၊
၃။ အရှင်ဓမ္မနန္ဒထေရ်၊
၄။ အရှင်ပုညဝါသီထေရ်၊
၅။ အရှင်ကလျာဏဓဇထေရ်၊
၆။ အရှင်ဂုဏာဘိ(ဂုဏသိရီ)မင်းအိုဆရာတော်၊
၇။ အရှင်ဓမ္မာဘိနန္ဒ(ပဌမ ဗားကရာဆရာတော်)၊
၈။ အရှင်သူရိယာဘိဝံသ(သဲအင်းသာသနာပိုင်ဆရာတော်)၊

ဟူသော သာသနာ့ဝန်ဆောင် ဆရာတော်တို့ကို ပခန်းသာသနာဝင်နှင့် မြန်မာသာသနာဝင်ကို ထွန်းပြောင်စေခဲ့သော ဆရာတော်တို့ဟူ၍ မှတ်သားအပ်သည်။

သုဓမ္မော အဂ္ဂဓမ္မော စ၊ ဓမ္မနန္ဒော တထေဝ စ။
ပုညဝါသီ စ ကလျာဏော၊ ဂုဏော ဗာကရ ကုဋ္ဌရော။
သူရိယော စာတိ အဋ္ဌေတေ၊ ပခန်းပုရမ္ပိ ဇောတရေ။

အရှင်သုဓမ္မစာရီ

မြင်းစိုင်းမင်း အသခ်ယာရှိစဉ် သက္ကရာဇ် ၆၆၂-ခုနှစ်ကပင် မြင်းစိုင်းဘုရင်သည် ပခန်းကြီးမြို့၌ စေတီပုထိုးဂူကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းလေသည်၊ ထိုအခါမှစ၍ ပုဂံပြည်အသခ်ယာ၏ ကောင်းမှုတော်အနီး ခေမင်္ကျောင်းတိုက်၌ အရှင်သုဓမ္မစာရီသည် သီတင်းသုံးတော်မူလေသည်၊ ပုဂံပျက်၍ ပင်းယ၌ စကားခုနစ်ကျောင်း တည်စကပင် ပခန်းကြီးမြို့သို့ ကြွလာသည်၊ စကားခုနစ်ကျောင်းတည်ပြီးနောက် ဆရာရင်း အရှင်ဓမ္မသိရီ ပံ့လွန်တော်မူသဖြင့် အရှင်သုဓမ္မစာရီ သာသနာပြုတော်မူရလေသည်။

အရှင်အဂ္ဂဓမ္မာလင်္ကာရထေရ

သာသနာသက္ကရာဇ် ၁၉၀၈၊ ကောဇာသက္ကရာဇ် ၇၂၆-ခုနှစ်တွင် စစ်ကိုင်း, ပင်းယတို့၌ မင်းဆက်ပြတ်၍ သတိုးမင်းဖျား ဒေါင်းဝမြို့ကို တည်သည်၊ ပခန်းကြီးမြို့၌လည်း ခေမင်္ကတိုက်

အရှင်သုဓမ္မစာရီပျံလွန်တော်မူသဖြင့် အရှင်သုဓမ္မစာရီ၏တပည့် ပခန်းကြီးမြို့အနောက် ဝါကျဉမင်ကျောင်း အရှင်အဂ္ဂဓမ္မာလင်္ကာရ ဆက်လက်၍ သာသနာပြုတော်မူသည်။

အရှင်ဓမ္မနန္ဒထေရ်

သာသနာသက္ကရာဇ် ၁၉၀၆၊ ကောဇာသက္ကရာဇ် ဂ၀၄-ခုနှစ်တွင် နန်းတက်သော ထူပါရုံ ဒါယကာ နရပတိမင်းလက်ထက်၌ ပခန်းကြီးမြို့အနောက် ဝါကျဉမင်ကျောင်း အရှင်အဂ္ဂဓမ္မာ-လင်္ကာရ ပျံလွန်တော်မူသဖြင့် နှောင်းဘရှာ အရှင်ဓမ္မနန္ဒထေရ် ဆက်လက်၍ သာသနာပြု တော်မူသည်။

အရှင်ပုညဝါသီထေရ်

သာသနာတော်နှစ် ၂၀၄၅၊ ကောဇာသက္ကရာဇ် ဂ၆၃-ခုနှစ်တွင် နှောင်းဘရှာ အရှင်ဓမ္မနန္ဒ ပျံလွန်တော်မူသဖြင့် နွယ်နီမုတ်ကျောင်း အရှင်ပုညဝါသီ ဆက်လက်၍ သာသနာပြုတော် မူသည်။

ရွှေဥမင်ဆရာတော် အရှင်ဇမ္ဗုဓဇမဟာထေရ်

သာလွန်မင်းတရားကြီးလက်ထက် ပခန်းကြီး နွယ်နီမုတ်ကျောင်းဆရာတော် အရှင်ပုညဝါသီ ပျံလွန်တော်မူသဖြင့် အရှင်ဓမ္မနန္ဒတပည့်အရှင်ဇမ္ဗုဓဇမဟာထေရ် သာသနာပြုတော်မူသည်။

ရွှေဥမင်ဆရာတော် အရှင်ဇမ္ဗုဒီပဓဇမဟာထေရ်

ရွှေဥမင်ဆရာတော် အရှင်ဇမ္ဗုဒီပဓဇသည် ဘွဲ့တော်အားလျော်စွာ ဇမ္မူဒိပ်တွင် တံခွန် ပမာ လွန်စွာကျော်စောထင်ရှားသည့် ဆရာတော် ဖြစ်လေသည်၊ ပင်းယကောင်းစားစဉ်ကပင် မင်းရဲသခ်ယာသည် ပခန်းကြီးမြို့ကို တည်ထောင်၍ စေတီပုထိုးဂူကျောင်း စသည်တို့ကို တည် ဆောက်စေခဲ့သည်၊ အင်းဝမြို့တည်ထောင်သည်မှစ၍ မင်း ၅-ဆက်တိုင် ပခန်းကြီးကို ပြုပြင်မွန်းမံ လေသည်၊ ရွှေဥမင်ကျောင်းတိုက်တည်ပြီးလျှင် ပုဂံ ငစ္စယ်ရှင် တွင်သော သီလဗုဒ္ဓိပံသုကူကြီး၏ အဆက်အနွယ် အရှင်ဇောတိပုညကိုပင့်၍ ရွှေဥမင်ကျောင်းတိုက်ကို တင်လှူသည် စသည်ဖြင့် သာသနာလင်္ကာရစာတမ်း၌ လာရှိသည်၊ ရွှေဥမင်အာစရိယပရမ္ပရာစာတမ်း၌ အရိယဓမ္မ ဓမ္မရာသီ ဆရာတော်(ထိုလက်ထက်က သံဃာတော် ၅၀၀-လောက်ရှိသည်ဟု ဖော်ပြသည်။) အရှင်ဇောတိ-ပုည, အရှင်ဓမ္မနန္ဒ, အရှင်ဇမ္ဗုဒီပဓဇရာဇဂုရု စသည်ဖြင့် ဆရာတော် ၂၁-ဆက်ကို ဖော်ပြသည်။

ထိုဆရာတော်များအနက် ဝိနည်းပါဠိ အဋ္ဌကထာနိသျ စသည့် ကျမ်းပေါင်းများစွာကို ပြုစီရင်တော်မူသော ရွှေဥမင်ဆရာတော်မှာ စတုတ္ထမြောက်ဆရာတော်ဖြစ်လေသည်၊ သက္ကရာဇ် ၉၉၁-ခုနှစ်အင်းဝနေပြည်တော်၌ နန်းတက်သော သာလွန်မင်းတရားကြီးလက်ထက်တွင် ထင်ရှား ကျော်ကြားသော ဆရာတော်ဖြစ်သည်၊ ဆရာတော်သည် အကျင့်သီလနှင့် လွန်စွာပြည့်စုံသည်၊ အဖော်မမှီး တပါးတည်း သီတင်းသုံး၍ ကေစာရီကျင့်တော်မူကာ ဝိနည်း ၅-ကျမ်းပါဠိတော်နိသျ, ဝိနည်း ၅-ကျမ်း အဋ္ဌကထာနိသျတို့ကိုလည်း ရေးစီရင်တော်မူခဲ့သော ဆရာတော်ဖြစ်သည်၊ ဆရာ တော်၏ ကျေးဇူးရှင်ဆရာတော်ရင်းမှာ ရွှေဥမင်ဆရာတော် အရှင်ဇောတိပုညဖြစ်ကြောင်း—

ဇောတိပုညံ မဟာထေရံ၊ သဗ္ဗဂန္ဆေသု ကောဝိဒံ။
ဝိသုဒ္ဓါစာရသမ္ပန္နံ၊ ဂရုံ မေ ဂုဏပူဘဝံ။

ဟူသော ပါရာဇိကဏ်အဋ္ဌကထာနိသျ့ အာစရိယပဏာမဂါထာဖြင့် သိသာပေသည်။

ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာဆရာတော်

သာလွန်မင်းတရားကြီး၏ မင်းဆရာဖြစ်တော်မူသည့် တိပိဋကာလင်္ကာရရာဇဂုရုဘွဲ့တံဆိပ်တော်ရ အရှင်မုနိန္ဒဃောသ အမည်ရှိသော တောင်ဖီလာဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၀၀၀-ပြည့်နှစ်တွင် ရွှေစက်တော်မှ ဘုရားဖူးအပြန် ရွှေဥမင်ဆရာတော်ကို ဖူးမြော်ရန် လှူဒါန်းဖွယ်ရာ သင်္ကန်းစသော ပရိက္ခရာတို့ကို ဆောင်ယူကာ နောက်ပါတပည့်တပန်း ရဟန်းသံဃာတော်တို့နှင့်အတူ ပခန်းကြီးမြို့သို့ ကြွလာတော်မူသည်၊ တောင်ဖီလာဆရာတော်သည် ရှေးဦးစွာ ပခန်းကြီးမြို့ စည်သူရှင်ဘုရားသို့ ဖူးမြော်ရန် ဝင်ကြွတော်မူရာ ထိုအချိန်တွင် ရွှေဥမင်ဆရာတော်သည်လည်း ဘုရားယင်ပြင်၌ တံမြက်စည်းလှည်း၍ နေတော်မူ၏၊ ရွှေဥမင်ဆရာတော်မှန်း မသိပဲ ကိုယ်ရင်ကြီးထင်မှတ်သဖြင့် တောင်ဖီလာဆရာတော်က စတင်မေးမြန်းသည်မှာ "ကိုယ်ရင်ကြီး ရွှေဥမင်ကျောင်းတိုက်ဆိုတာ ဘယ်နေရာမှာလဲ"ဟု မေးရာ အရှင်ဘုရား ရွှေဥမင်ကျောင်းတိုက် ပခန်းကြီးမြို့မြောက်ဖက် မနီး မဝေးတွင် ရှိပါသည်ဟု ဖြေဆိုလျှင် သာထက် ၎င်းကျောင်း၌ ဆရာတော် ဦးဇမ္ဗုဓဇဆိုသည့် ဆရာတော်ရှိပါသလား ကိုရင်ကြီးဟု တောင်ဖီလာဆရာတော်က မေးပြန်ရာ အရှင်ဘုရား ရှိပါသည်ဟု အဖြေပေး၍ ဘုရားဝတ်ပြုပြီး ကျောင်းသို့ ပြန်ကြွသွားလေသည်။

တောင်ဖီလာဆရာတော်သည်လည်း တပည့်တပန်းတို့နှင့် ဘုရားဝတ်ပြုပြီး ရွှေဥမင်တောရကျောင်းသို့ ကြွလေသည်၊ အရှင်ဇမ္ဗုဓဇဆရာတော်သည် ရှေးဦးစွာရောက်နှင့်၍ နေရာမျှားခင်းထားကာ စောင့်နေလေ၏၊ တောင်ဖီလာဆရာတော် ရောက်လာသောအခါ ကိုရင်ကြီး ရောက်နေနှင့် ပါပြီကော စည်သူရှင်ဘုရားပေါ် တွေ့ခဲ့တာ ကိုရင်ကြီး မဟုတ်လားဟု မေးသဖြင့် ဟုတ်မှန်ပါသည်ဟု ရွှေဥမင်ဆရာတော်က အဖြေပေးလျှင် ကိုရင်ကြီး ရွှေဥမင်ဆရာတော် ဦးဇမ္ဗုဓဇထံသို့ ပို့ပေးစမ်းပါဟု ပြောသဖြင့် ရွှေဥမင်ဆရာတော် ဦးဇမ္ဗုဓဇဆိုတာ တပည့်တော်ပင်ဖြစ်ပါသည်ဟု အဖြေပေးလိုက်ရာ တောင်ဖီလာဆရာတော် လွန်စွာအံ့သြခြင်းဖြစ်ကာ တပည့်တော် အထင်မှားမိသမျှ ဘာသည်းခံတော်မူပါရန်ပါဘုရားဟု လျှောက်ထား တောင်းပန်လေသည်။

ကြောက်လို့ တယောက်တည်းနေ

သာသနာတွင် လမင်းအာသင်္ဃထင်ရှားတော်မူသော တောင်ဖီလာဆရာတော်နှင့် သာသနာတွင် နေမင်းအလားကျော်ကြားထင်ရှားသည့် ရွှေဥမင်ဆရာတော်တို့၏ အပြန်အလှန်စကားဆွေးနွေးကြသည်မှာ သာသနာဝင်တွင်မှတ်တမ်းတင်ထိုက်ပေသည်၊ တောင်ဖီလာဆရာတော်က အရှင်ဘုရား တောကြီးထဲ တပါးတည်းနေရတာ မကြောက်ဘူးလားဘုရားဟုမေးရာ ရွှေဥမင်ဆရာတော်က ကြောက်လို့တယောက်တည်းနေပါသည်ဟု အဖြေပေးသည်တွင် တောင်ဖီလာဆရာတော်အား ငါ့မှာ သံသရာဘေးမကြောက်လို့ ပရိသတ်နှင့် နေရာရောက်နေပါပြီကောဟု တွေးတောစဉ်းစား သတိသံဝေ ရစေတော့သည်။

ဤသို့စသည်ဖြင့် အချင်းချင်း အာလာပ,သလ္လာပ စကားများ ပြောဆိုပြီးသောအခါ တောင်ဖီလာဆရာတော်သည် ရှေ့ဥမင်ဆရာတော်ရေး ဝိနည်းနိသျကိုတောင်းယူ၍ အသင့်ပါလာသည့် မိမိရေးသောဝိနည်းနိသျနှင့် တိုက်ဆိုင်ကြည့်ရှုသောအခါ မိမိနိသျကကျယ်လွန်းနေသဖြင့် နောင်လာနောက်သားတို့သိရန် ခက်ခဲမည်ကို စိုးရိမ်တော်မူကာ မီးရှို့၍ စေတီတဆူ၌ မီးပူဇော်ခဲ့လေသည်။ (စစ်ကိုင်းတောင်ရိုး တောင်ဖီလာချောင်၌ စေတီတည်၍ ဌာပနာထားခဲ့သည်ဟု ပိဋကတ်တော်သမိုင်းကျမ်း၌ ဆိုသည်။)

တောင်ဖီလာဆရာတော် ပြန်ကြွခါနီးသောအခါ မိမိယူလာသောသင်္ကန်းကြီးကို "ဘုရင်မင်းမြတ်က လှူဒါန်းထားသော သင်္ကန်းကြီးကို အရှင်ဘုရားအား လှူပါ၏"ဟု လျှောက်ထား၍ လှူလေ၏၊ ရှေ့ဥမင်ဆရာတော်သည် တောင်ဖီလာဆရာတော်၏သင်္ကန်းကြီးကို အလှူခံပြီး "ဤသင်္ကန်းကြီးကို ရှေစည်းခုံဘုရားအား လှူပါ၏"ဟုဆို၍ ချထားလေ၏၊ ၎င်းနောက် တောင်ဖီလာဆရာတော်က သင်္ကန်းဒိုစုံကို လှူပြန်၏၊ ရှေးနည်းအတိုင်း အလှူခံပြန်၍ "ရှေစည်းခုံဘုရားအား လှူပါ၏"ဟုဆို၍ ချထားပြန်၏၊ ၎င်းနောက် သပိတ်စသောပရိက္ခရာတို့ကို လှူပြန်၏၊ ရှေးနည်းတူပင် "ရှေစည်းခုံဘုရားအား လှူပါ၏"ဟုဆို၍ ချထားပြန်၏။ ဤကဲ့သို့သောအခြင်းအရာကို မြင်သိသောတောင်ဖီလာဆရာတော်သည် "ငါ့မှာ ပစ္စည်းလေးပါး၌ မရောင့်ရဲပဲ ပရိသတ်နှင့်နေရခြင်းသည် အကျိုးမရှိပြီ၊ ပရိသတ်ကိုခွဲခွါ၍နေမှ သင့်တော်ချေမည်၊ အရှင်ဇမ္ဗုဓဇက ငါ့ကို ဆုံးမပါပြီကော"ဟု သဘောပိုက်ကာ ပရိသတ်နှင့်တကွ ပြန်ကြွတော်မူလေသည်။

ဆရာတော် ၂-ပါးသည် သိက္ခာဝါ တူကြသဖြင့် ပြန်ကြွသောအခါ ရှေ့ဥမင်ဆရာတော်က အနည်းငယ်လိုက်ပို့သည်တွင် တောင်ဖီလာဆရာတော်က "တပည့်တော်ကမင်းဆရာဖြစ်၍ အရှင်ဘုရား ရွှေကကြွပါ"ဟု လျှောက်၏၊ ထိုအခါ အရှင်ဇမ္ဗုဓဇဆရာတော်က "အရှင်ဘုရားကမင်းဆရာဖြစ်၍ ရွှေကကြွပါ"ဟု လျှောက်၏၊ ဆရာတော်နှစ်ပါးတို့၏အာဘော်မှာ တောင်ဖီလာဆရာတော်က ရွှေကကြွလျှင် "မင်းစိုးရာဇာ၏ဆရာဖြစ်၍ ရွှေကကြွသည်"ဟု ဆိုဖွယ်ရာဖြစ်လိမ့်မည်၊ ထို့ကြောင့် ရှေ့ဥမင်ဆရာတော်ကို ရွှေကကြွဘို့ လျှောက်ထားလေသည်၊ ရှေ့ဥမင်ဆရာတော်က ရွှေကကြွလျှင် "ဘုရင့်ဆရာကိုပင် မလေးမစား ရွှေကကြွသည်"ဟု ဆိုစရာဖြစ်လိမ့်မည်၊ ထို့ကြောင့် မင်းဆရာသာ ရွှေကကြွပါဟု လျှောက်သည်၊ တောင်ဖီလာဆရာတော်သည် ပြန်ရောက်သောအခါ ပရိသတ်ကို မြို့တော်သို့စေလွှတ်၍ မိမိမှ တောင်ဖီလာတောရကျောင်း၌ အဖော်မမှီး တပါးတည်း ကေစာရီအကျင့်ဖြင့် မွေ့လျော်လေတော့သည်။

သာလွန်မင်းတရားကြီးသည် တောင်ဖီလာဆရာတော်နှင့် သာသနာရေးအကြောင်းကိစ္စဆွေးနွေးတော်မူစဉ် တောင်ဖီလာဆရာတော်ထံမှ ရှေ့ဥမင်ဆရာတော်၏ ဂုဏ်ကျေးဇူးများကို သိရသည်တွင် အလွန်ကြည်ညိုလှသဖြင့် "ဇမ္ဗုဓဇ"ဟူသော ဘွဲ့တော်တွင် "ဒီပ"ဟူသောပုဒ်ကို ထပ်ဖြည့်၍ "ဇမ္ဗုဒီပဓဇရာဇဂုရု"ဟူသောဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းလေသည်။

ပြုစုသောကျမ်းများ

ရှေ့ဥမင်ဆရာတော် ပြုစီရင်တော်မူခဲ့သောကျမ်းများမှာ—

၁။ ပါရာဇိကဏ်ပါဠိတော်နိသျ၊

၂။ ပါရာဇိကဏ်အဋ္ဌကထာနိသျ၊

၃။ ပါစိတ်ပါဠိတော်နိသျ၊

၄။ ပါစိတ်အဋ္ဌကထာနိသျ၊

၅။ ဝိနည်းမဟာဝဂ်ပါဠိတော်နိသျ၊

၆။ ဝိနည်းမဟာဝဂ်အဋ္ဌကထာနိသျ၊

၇။ စူဠဝဂ်ပါဠိတော်နိသျ၊

၈။ စူဠဝဂ်အဋ္ဌကထာနိသျ၊

၉။ ပရိဝါပါဠိတော်နိသျ၊

၁၀။ ပရိဝါအဋ္ဌကထာနိသျ–စသည်တို့ ဖြစ်လေသည်။

ထိုခေတ်က ရှေဉမင်ဆရာတော်သည် သာသနာတွင် နေမင်းအသွင်ထင်ရှား၍ တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသသည် လမင်းပမာထင်ရှားလျက် သာသနာတော်မြတ်ကြီး၌ တင့်တယ်ကြလေကုန်ပြီ။

ဇမ္ဗုဒဇေ မယူရော၀၊ မုနိန္ဒော စန္ဒိမာ ယထာ။
သမ္မဒ္ဓသာသနာကာသံ၊ တေ သဒါ သောဘယုံ တဒါ။

အရှင်ကလျာဏဓဇမဟာထေရ်

အရှင်ကလျာဏဓဇမဟာထေရ်သည် ဥပဇ္ဈာယ်ဖြစ်တော်မူသော အရှင်ဂုဏသိရိထေရ် အမြဲသီတင်းသုံးရာ ပုဂံမြို့ ရေမိန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ မျှားစ့ဉာသော တပည့် တပန်း ရဟန်းသာမဏေတို့အား ပိဋကတ်တော် ချပို့တော်မူခဲ့သည်၊ သီလ, သမာဓိ, ပညာနှင့်လည်း ပြည့်စုံသည်ဟု သာသနာဝင်တွင် ထင်ရှားလေသည်၊ ကျောင်းတိုက်ကိုစွဲ၍ ရေမိန်အရှင်ကလျာဏ-ဓဇဟုလည်း တွင်သည်။

အရှင်ကလျာဏဓဇသည် ချင်းတွင်းမြစ်အရှေ့ဘက် မောင်းထောင်ရွာ ညောင်ကန်ရွာတို့သို့ လည်းကြွ၍ ပိဋကတ်ကို ချပို့ခဲ့သေးသည်။

ထင်ရှားသောတပည့်များ

အရှင်ကလျာဏဓဇ၌ ပညာရှိတပည့် မြားမြောက်စွာ ပေါ်ထွန်းခဲ့သည်၊ ၎င်းတို့ အနက် ထင်ရှားသော ဆရာတော်များမှာ—

၁။ ညောင်ကန်ရွာကျောင်း အရှင်ဣန္ဒောဘာသမဟာထေရ်၊

၂။ အရှင်ကလျာဏစက္ကမဟာထေရ်၊

၃။ အရှင်ဝိမလာစာရမဟာထေရ်၊

၄။ မောင်းထောင်ရွာကျောင်း အရှင်ဂုဏသာရမဟာထေရ်၊

၅။ အရှင်စန္ဒသာရမဟာထေရ်၊

၆။ ပဒုံရွာကျောင်း အရှင်ဝရသိမဟာထေရ်၊

၇။ ကန့်မြို့ကြီး မင်းအိုရွာကျောင်းနေ မင်းအိုဆရာတော် အရှင်ဂုဏသိရိ မဟာထေရ်၊

၈။ ဆုံထားဆရာတော် အရှင်နန္ဒမာလာမဟာထေရ် စသည်တို့ ဖြစ်ကြသည်။

၎င်းမထေရ်မြတ်တို့သည် အရှင်ကလျာဏဓဇထံ၌ သိက္ခာသစ်ထပ်တင်ကာ ပိဋကတ် ပညာကို သင်ယူသူ ပါရဂူမြောက်မထေရ်များဖြစ်ကြောင်း ထင်ရှားလေသည်။

၎ဝံ ကလျာဏထေရော ဟိ၊ ပါကဋော ဗုဒ္ဓသာသနေ။
နေကေသံ မတိမာနံ ပိ၊ ဂုရု သိက္ခာပကော ဣတိ။

(မင်းအိုသာသနာပိုင်)

ဆရာတော်အရှင်ဂုဏာသိရီ မဟာထေရ်

ဆရာတော်သည် သက္ကရာဇ် ၁၀၇၀ ပြည့်နှစ် ပက်တောကျေးကန်ရွာ၌ ဖွားမြင်ခဲ့သည်၊ လူမည်ဦးအောင်ကျော်ဖြစ်၍ ရဟန်းဖြစ်သောအခါ ဘွဲ့တော်မှာ အရှင်ဂုဏာသိရီဖြစ်လေသည်၊ သာမဏေဘဝဖြင့် ၇-ဝါ ရရှိခဲ့သည်၊ ဆရာတော်သည် ငစဉ့်ကူးမင်း လက်ထက်တွင် မင်္ဂလာ ရွှေဘုံကျောင်းကြီးကို အလှူခံ ရရှိခဲ့သည်၊ ဂုဏာဘိအနန္တမဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူသည်။

အမရဝပုရမြို့တည် နန်းဘည် မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ ကိုးကွယ်ခြင်းကိုလည်း ခံယူရသည်။

သာသနာပိုင်ဖြစ်ခြင်း

မင်းအိုဆရာတော်သည် အမရပုရ အရွှေမြောက်ယွန်းအရပ်၌ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဆောက်လုပ်လှူဒါန်းအပ်သော အမိုးယွန်းဆက် သုံးထပ်ရှိသော ရွှေကျောင်းတော်ကို သက္ကရာဇ် ၁၁၄၉-ခုနှစ် ဝါဆိုလဆန်း ၆-ရက် ဗုဒ္ဓဟူးနေ့တွင် အောင်မြေဘုံကျော် အမည်တပ်၍ မင်းဧကရာဇ် ကိုယ်တိုင် ရွှေကရားဖြင့် ရေစက်သွန်းချလှူဒါန်းခြင်းကို ခံယူဘော်မူရသည်၊ သာသနာပိုင် သံဃရာဇာအဖြစ် အပ်နှင်းခြင်းကိုလည်း ခံယူတော်မူရသည်။

ဘွဲ့တံဆိပ်တော်များ

ဆရာတော်သည် ဂုဏာဘိလက်္ခဏသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူသည်၊ ဆရာတော်၏ ပညာရှိတပည့်ပေါင်း များစွာထွန်းကားခဲ့သည်။

ၦင်းတို့ကား —

၁။ ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ မဟာထေရ်၊

၂။ မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသ မဟာထေရ်၊

၃။ ကတိုးဆရာတော် အရှင်ဓမ္မဓရ မဟာထေရ်၊

၄။ ညောင်ကန်ဆရာတော် အရှင်သဒ္ဓမ္မရံသီ မဟာထေရ်စသည်တို့ ဖြစ်ကြသည်။

ဖော်ပြပါ တပည့်တို့ကား ဥဘတောဝိဘင်းပြန် ကျမ်းဂန်ပြု ကျမ်းတတ် အကျော် အမော်တို့ ဖြစ်ကြသည်။

ဤသို့ဖြင့် မင်းအိုဆရာတော် အရှင်ဂုဏာသိရီသည် ကိုယ်တိုင် ပညာရှင် ဗျတ္တပုဂ္ဂိုလ်ကြီး ဖြစ်၍ ပညာရှင် ဗျတ္တပုဂ္ဂိုလ်တို့ဖြင့် ဝန်းရံကာ ပညာရှင် ဗျတ္တ အစစ် ဖြစ်တော်မူသော ဘုရားရှင် သာသနာတော်ကို ထွန်းလင်းစေခဲ့ပြီ။

အယဉ္စေဝ သုဗျတ္တောဝေါ၊ ဗျတ္တေဟိ ပရိဝါရိတော။
ဟုတ္ဝာ သုသောဘိ သော ဗျတ္တော၊ ဗျတ္တဿ သာသနမ္မရေ။

ဘဝနတ်ထံ ဝင်စံခြင်း

ဆရာတော်သည် သက်တော် ၈၃-ဝါတော် ၆၃-ဝါအရ သက္ကရာဇ် ၁၁၅၃-ခုနှစ်တွင် မင်းအိုတိုက် အောင်မြေဘုံကျော်ကျောင်းကြီး၌ ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

သံဝေဂယူဖွယ်

အချို့သောရှင်ဘုရင်တို့သည် ဆင်, မြင်း, ရထား, ခြေသည်အားဖြင့် စစ်အင်္ဂါ ၄-ပါး ရှိသော အလွန်ကြောက်မက်ဖွယ်ကောင်းလှသော တဘက်စစ်သည်တော် တပ်သား အပေါင်းကို အောင်စွမ်းနိုင်သော်လည်း သေမင်း၏ စစ်တပ်ကိုကား အောင်မြင်ရိုး ထုံးစံ မရှိပါချေ၊ အားလုံး အရှုံးပေးလက်မြှောက်ကြရသည်။

စတုရင်္ဂိနီ သေနံ သုဘိ သဗ္ဗပံ၊
ဇယန္တိ ရဋ္ဌာဓိပတီ ပသယ္ဟ။
န မစ္စုနော ဇယိတုမုဿဟန္တိ၊

(အယောဃရဇာတ်၊ ဇာတကပါဠိ၊ ပဌမ၊ ၃၅၄။)

ပဌမဗားကရာဆရာတော်

အခြင်ခမ္မာဘိနန္ဒ မဟာဇေဌ

ဗားကရာဆရာတော်၏ နာမည်ဘွဲ့တော်ကို သင်္ဂြိဟ်သင်ဘူးသည့် ပုဂ္ဂိုလ်တိုင်းလိုလို ကြားဘူးကြသည်။ ဆရာတော်ရေး ကျမ်းပေါင်းသုံးဆယ်ကျော်အနက် သင်္ဂြိဟ်ပဏာမ "သမ္မာသမ္မုဒ္ဓ-မတုလံ"ဂါထာအနက်ဖြင့် ဆရာတော်၏ အရည်အချင်းကို အကဲခပ်နိုင်သည်၊ ဆရာတော်သည် ပခန်းကြီးမြို့ အလယ်ကန်ရွာ (ပခုက္ကူခရိုင် မြို့ငှက်နယ် အလယ်ကန်ရွာ)၌ သက္ကရာဇ် ၁၁၀၀-ပြည့် နှစ်တွင် ဖွားမြင်ခဲ့သည်၊ စနေသားဖြစ်သည့်အတိုင်း သာမဏေဝတ်သောအခါ ဘွဲ့တော်မှာ ရှင်နန္ဒမဲလာဖြစ်သည်၊ အသက် ၂၀-တွင် ရဟန်းပြုရာ ရဟန်းဘွဲ့တော်မှာ အရှင်ဓမ္မာဘိနန္ဒ ဖြစ်လေသည်၊မကွေးမြို့စား မဟာသီရိဇေယျသင်္ကြံ အတွင်းဝန်မင်းကြီး ကိုးကွယ်သည့် ဆရာတော် ဖြစ်သည်၊ ဆရာတော်သည် အင်းဝမြို့တော်၌ ဗားကရာကျောင်းတိုက်အတွင်း မကွေးမြို့စား အတွင်းဝန်မင်း ဆောက်လုပ်လှူဒါန်းသည့် ကျောင်း၌ သီတင်းသုံးတော်မူခဲ့သည်၊ အမရပုရ နန်းမြို့တော် ရောက်သောအခါ၌လည်း ရွှေမြို့တော်အနောက်ပြင် ဗားကရာကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသည်၊ ထို့ကြောင့်ပင် "ဗားကရာဆရာတော်"ဟု ထင်ရှားကျော်ကြားတော်မူသည်။

ဆရာတော်သည် နိကာယ်ငါးရပ် ပိဋကတ်နှင့် ဗျာကရဏ်းကျမ်းတို့၌ လွန်စွာကျွမ်းကျင်တတ်မြောက်တော်မူသည်၊ ဘိက္ခုဝိဘင်းနှင့် ဘိက္ခုနီဝိဘင်းကို အမြဲတန်း အရဆောင်သဖြင့် "ဥဘတောဝိဘင်္ဂမရ"ဆရာတော်အဖြစ်လည်း ထင်ရှားသည်၊ စာပေပို့ချခြင်းကိစ္စ၌လည်း များစွာ လေ့ကျက်တော်မူသည်၊ ပဌမဗားကရာဆရာတော်လက်ထက်က ဗားကရာကျောင်းတိုက်ကြီး၌ နေ့ရောညဉ့်ပါ စာအံသံ, စာတက်သံ မစဲဟု အဆိုရှိသည်။

တပည့်ကောင်းဆရာ

ဆရာတော်သည် သဲအင်းသာသနာပိုင်ဆရာတော်, ဂူကြီးဆရာတော် အရှင်ပညာသီဟ, နွားပြင်း ဆရာတော် အရှင်မုနိန္ဒသာရ-တို့၏ ဆရာလည်း ဖြစ်တော်မူသည်။ နိကာယ်ငါးရပ် ပိဋကတ် စသည်တို့၌သာ တဖက်ကမ်းခပ် တတ်မြောက်သည် မဟုတ်သေး၊ စကားအရာ၌လည်း လွန်စွာ ကျွမ်းကျင်တော်မူသည်။

ထိုအချိန်က သာသနာရေးတွင် သာမဏေများ ရွာတွင်းဝင်လျှင် သင်္ကန်းရုံကြွသင့်သည်, မရုံပဲ ပခုံးတင်သင့်သည်–ဟူသော အတင် အရုံ ဝိဝါဒကြီး ပေါ် ပေါက်ခဲ့သည်၊ စဉ့်ကူးမင်းလက်ထက် ၁၁၃၁-၁၁၄၃-ခုနှစ်တွင်တကြိမ်, အမရပုရမြို့နန်းတည် ဘိုးတော်မင်းတရားလက်ထက် ၁၁၄၃-၁၁၈၁-ခုနှစ်တွင်တကြိမ်, အတင် အရုံ အငြင်းအခုံကို နှစ်ဖက်အချေအတင်ပြောဆိုကြရာ၌ အရုံဖက်မှ ပဌမဗားကရာဆရာတော်ခေါင်းဆောင်၍ ပြောဆိုရသည်။

အမြဲနိစ္စ အနိုင်ရ

စဉ့်ကူးမင်းလက်ထက် ၁၁၄၁-ခုနှစ်တွင် အတင်အရုံပြောဆိုရန် သုဓမ္မာသို့မဝင်မီ အရုံဖက် ဆရာတော်တို့သည် သာသနာပိုင် မန်လည်ဆရာတော်ဘုရားကြီး၏ရှေ့တွင် အတင်အရုံနှင့်စပ်

လျှင်း၍ အခြေအတင် လေ့ကျင့်ပြောဆိုကြသည်၊ ရှေးဦးစွာ အရုံဖက်က ဗားကရာဆရာတော်, အတင်ဖက်က ကတိုးဆရာတော်တို့ အခြေအတင်ပြောကြရာ အရုံဖက်က အနိုင်ရသည်။

နောက်တဖန် အရုံဖက်က ကတိုးဆရာတော်, အတင်ဖက်က ဗားကရာဆရာတော်တို့ အခြေအတင်ပြောကြပြန်ရာ အတင်ဖက်က အနိုင်ရပြန်သည်၊ ဗားကရာဆရာတော်ဖက်ကချည်းသာ အမြဲနိုစ္စ အနိုင်ရသည်၊ ထို့ကြောင့် သုဓမ္မာတွင် အရုံဖက်က ဗားကရာဆရာတော် ခေါင်းဆောင်၍ ပြောဆိုရသည်၊ ထိုအခါ ဗားကရာဆရာတော်၏ စကားပြောကျွမ်းကျင်မှုကြောင့် အတင်ဖက်က အတုလဆရာတော်မှာ နောက်ဆုံးတွင် မည်သို့မျှ မခြေပနိုင်တော့ပဲ မိမိအယူမှားကြောင်း ဝန်ခံရသည်၊ ဤသို့ဖြင့် ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒသည် ပဋ္ဌကတ်၌လည်း လွန်စွာကျွမ်းကျင်၍ မိစ္ဆာဝါဒကို ချိုးဖဲ့ဖျက်ဆီးဖြုတ်ချခြင်း၌လည်း ဓမ္မာသောကမင်း၏ မင်းဆရာ မောဂ္ဂလိပုတ္တတိဿထေရ်ပမာ လွန်စွာကျွမ်းကျင်လှပါပေသည်။

ဧဝံ ဓမ္မာဘိနန္ဒော ဟိ၊ ဗားကရ ထေရကုဉ္ဇရော။
ပိဋ္ဌကေ အတိဗျတ္တော စ၊ ကုသလော ဝါဒမဒ္ဒနေ။

ဆရာတော်သည် ဘိုးတော်မင်းတရားလက်ထက်တွင် သာသနာပြု တဆယ့်နှစ်ပါးခန့်အပ်ရာ ပါဝင်တော်မူသည်၊ "တိပိဋကာလင်္ကာရသိရိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိသည်၊ တရားနည်းလမ်းမကျက မည်သူ့ကိုမျှ မထောက်မညှာ ပြောဆိုတတ်သော ဝါသနာရှိတော်မူသည်၊ ဘိုးတော်မင်းတရားလက်ထက်တွင် "ပုံတော်ပြက္ခဒိန်ကို နှစ်သက်မည်, မူလပြက္ခဒိန်ကို နှစ်သက်မည်"ဟု မင်းမြတ်၏အမိန့်တော်ဖြင့် မေးသည်ကို "ပုံတော်ပြက္ခဒိန်သည် ဘုန်းတော်ကြောင့် ပေါ်လာသော ပြက္ခဒိန်ဖြစ်သည်၊ မူလမဟုတ်၊ ပြက္ခဒိန်ဟောင်းသာ မူလဖြစ်သည်"ဟု မင်း၏ မျက်နှာကို မညှာမထောက် မိန့်တော်မူသည်၊ ဆရာတော်သည် ဤနည်းနှင်နှင် အကြောင်းကိစ္စတခုခု ပေါ်လာပါက ဘုရင်၏အလိုကျ မိန့်တော်မမူပဲ တရားဓမ္မကျကျ မှန်သည်ကိုသာ မိန့်ဆိုသောကြောင့် မင်းကောရင်အမျက်ထွက်၍ ရာဇဝတ်သင့်ကာ အဝတ်ဖြူလဲပြီး မွေးရပ်ဇာတိဌာနသို့ အပို့ခံရသည်၊ သက်တော် ၅၇-နှစ်တွင် ကွယ်လွန်လေသည်၊ သီလဝိသောဓနီကျမ်း, မြန်မာ့စွယ်စုံကျမ်းတို့၌ မင်းကောရင် ရာဇဝတ်တော်သိမ်းလျှင် သိက္ခာပြန်တင်သည်ဟု လာရှိသည်။

ပဌမဗားကရာဆရာတော် အောက်ပါ ကျမ်းဂန်များစွာတို့ကိုလည်း ပြုစိရင်တော်မူခဲ့သည် —

၁။ သဒ္ဒတ္ထဘေဒစိန္တာနိဿျ၊
၀
၂။ ကစ္စာယနသာရနိဿျ၊
၃။ ဝါစ္စဝါစကနိဿျ၊
၄။ ဝါစ္စဝါစကဒီပနီနိဿျ၊
၅။ သမ္ဗန္ဓစိန္တာနိဿျ၊
၆။ ဝိဘတ္တျတ္ထနိဿျ၊
၇။ သဒ္ဒဝုတ္တိနိဿျ၊
၈။ သဒ္ဒဗိန္ဒုနိဿျ၊

၉။ ဝါစကောပဒေသနိသျ၊
၁၀။ ကစ္စာယနဘေဒနိသျ၊
၁၁။ ဂန္ဆဘာရဏာနိသျ၊
၁၂။ ဓမ္မနီတိနိသျ၊
၁၃။ သုဗောဓာလင်္ကာရနိသျ၊
၁၄။ ဝုတ္တောဒယဆန်းနသျ၊
၁၅။ သဒ္ဒမေဒဒီပနီ၊
၁၆။ သဒ္ဒါကြီးရှစ်စောင်သုတ်နက်၊
၁၇။ သရာပကတိဗျဥ္ဇနေ-သုတ်အဖွင့် ဏာသနိသျ၊
၁၈။ ဘိက္ခုနီပါတိမောက်နိသျ၊
၁၉။ ခုဒ္ဒသိက္ခာနိသျ၊
၂၀။ ဒသကနိပါတ် ဇာတ်အဋ္ဌကထာနိသျ၊
၂၁။ ဧကာဒသကနိပါတ် ဇာတ်အဋ္ဌကထာနိသျ၊
၂၂။ အဘိဓမ္မတ္ထသင်္ဂဟနိသျ၊
၂၃။ အဘိဓမ္မတ္ထသင်္ဂြိဟ်အရကောက်ကျမ်း၊
၂၄။ သင်္ဂြိဟ်ပဏာမဒီပနီ၊
၂၅။ မာတိကာအရကောက်ကျမ်း၊
၂၆။ ပရမတ္ထဗိန္ဒုစာကိုယ်နိသျ၊
၂၇။ ပရမတ္ထဗိန္ဒုဋီကာနိသျ၊
၂၈။ မူလဋီကာဒ္ဓါရကထာအဖွင့်နိသျ၊
၂၉။ ဓာတုကထာမူလဋီကာနိသျ၊
၃၀။ ပါဋိမေတ္တာစာ နှစ်ပုဒ်အဖြေ၊
၃၁။ ဘိုးတော်မင်းတရား အမေးတော်ပုံအဖြေ၊
၃၂။ ရုံသင့် တင်သင့် အဆိုစာတမ်း (စာမူ ၂-မူ)၊
၃၃။ ဟံသာဝတီပါမင်း ရတုအဖြေ။

ဆရာတော်ပြုစုစီရင်သည်ဟု ဆိုသော်လည်း ဆရာတော် ချုပ်စဉ်ရေးမှတ်ထားသော ကျမ်းစာများ အများအပြား ပါဝင်သည်၊ ဘိက္ခုနီပါတိမောက်နိသျ, ပရမတ္ထဗိန္ဒုစာကိုယ်နိသျ, ဓာတုကထာမူလဋီကာနိသျတို့သည် ဆရာတော်ပို့ချသည့်အတိုင်း တပည့် အရှင်မုနိန္ဒသာရရေးမှတ်ထားသော ကျမ်းများဖြစ်သည်၊ မာတိကာအရကောက်, ရုံသင့် တင်သင့် အဆိုစာတမ်း ၂-မူတို့သည် ဆရာတော် ပို့ချတော်မူ, အမိန့်ရှိတော်မူသည့်အတိုင်း တပည့် အရှင်ဝရတေဇော ရေးမှတ်ထားသော ကျမ်းများ ဖြစ်ကြသည်၊ အဘိဓမ္မတ္ထသင်္ဂဟနိသျသည် ရှင်ပုညသေဋ္ဌသာမဏေရေးထားခဲ့သော ကျမ်းဖြစ်သည်၊ သင်္ဂြိဟ်ပဏာမဒီပနီကို ဂူကြီးဆရာတော် ရေးမှတ်ထားခဲ့သည်။

သဲအင်းသာသနာပိုင်ဆရာတော်

အရှင်သူရိယာဘိဝံသ မဟာထေရ်

သဲအင်း သာသနာပိုင်ဆရာတော်သည် ကုန်းဘောင်ခေတ်တွင် အလွန်ကျော်ကြား ထင်ရှားလှသည့် ဆရာတော် ဖြစ်တော်မူသည်၊ ဆရာတော်သည် သီဟိုဠ်ကျွန်း၌ သာသနာသက္ကရာဇ် ၁၀၇၀-တွင် နန်းတက်သည့် ပရက္ကမဗာဟုမင်း၏ မင်းဆရာ အရှင်ကဿပထေရ်, အရှင်သာရိပုတ္တရာထေရ်တို့ကဲ့သို့ ပညာရှိတပည့်ပေါင်း များများစားစားတို့၏ဦးတိုက်ရာ ပညာရှင်တို့၏ဆရာ ပညာရှိတို့၏ ရှိသေကိုင်းညွတ်ရာလည်း ဖြစ်တော်မူပါသည်။

ဖွားမြင်ရာဌာနနှင့် မိဘ

သက္ကရာဇ် ၁၁၂၅-ခုနှစ် နတ်တော်လဆန်း ၇-ရက်နေ့တွင် ပခုက္ကူခရိုင် ပခန်းမြို့ သဲအင်းရွာ အဘ ဦးအောင်စံ-အမိ ဒေါ်ရှင်တို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်၊ မိဘတို့သည် ရုပ်ရေရှုပကာယနှင့်ပြည့်စုံသည့် သာသနာပိုင်အလောင်းလျာ သားကောင်းရတနာကို ဖွားမြင်သောအခါတွင် လုမ္မိနီဥယျာဉ်၌ အလောင်းတော် သားကောင်း သားမြတ် ဖွားမြင်ကြောင်းကြားရသည့် သုဒ္ဓါဒနမင်းကြီးပမာ လွန်စွာဝမ်းမြောက်ဝမ်းသာရှိကြသည်။

သာမဏေဝတ် ရဟန်းပြု

သာသနာပိုင်လောင်းလျာ သူငယ်ကလေးသည် တဖြေးဖြေးကြီးပြင်း၍ သာမဏေအရွယ် ရောက်သောအခါ အင်းဝမြို့ ဘုံကျော်တိုက် စရစ်ဆရာတော်, မိုးထိတိုက် ထန်းတပင်ဆရာတော်တို့ထံတွင် ရှင်သာမဏေဝတ်ကာ ပညာသင်ကြားဆည်းပူးခဲ့သည်၊ ၎င်းနောက် ပဌမဗားကရာဆရာတော်ထံတွင် ဆက်လက်ပညာသင်ကြားရာ ပိဋကကျမ်းဂန် အမျိုးမျိုးတို့၌ လွန်စွာကျွမ်းကျင်တတ်မြောက်သည်၊ အသက် ၂၅-နှစ်တွင် ရဟန်းပြုကာ ၁၁၆၁-ခုနှစ်မှစ၍ သဲအင်းရွာတွင် စာသင်တိုက် တည်ထောင်ဖွင့်လှစ်လျက် များများစားစား စာသင်သား ရဟန်းသာမဏေတို့အား စာပေပို့ချပြီးလျှင် စာပဲ့သဘင် မစဲ-နေ့ည ဆင်ယင်ကျင်းပတော်မူသည်၊ ဆရာတော်သည် ၁၁၈၁-ခုနှစ်တွင် ဘကြီးတော်ဘုရားလက်ထက် ဧရွမြို့တော်သို့ကြွရောက်တော်မူရ၍ အိမ်ရှေ့မင်းသား သာယာဝတီမင်း၏ ကိုးကွယ်ခြင်းကို ခံယူရသည်၊ ၁၁၈၂-ခုနှစ်တွင် "သဒ္ဓမ္မဝံသာဘိ-သိရီဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည့်ပြင် အင်းဝမြို့အနောက် သဲအင်းကျောင်းတိုက်ကို အလှူခံ၍ သီတင်းသုံးတော်မူပြီး ဂန္ထဓုရအဝဝကို ချပို့သင်ပြပေးတော်မူသည်။

သာသနာပိုင်ဆရာတော်ဖြစ်ခြင်း

ဆရာတော်သည် ၁၁၉၉-ခုနှစ်တွင် သာသနာပိုင်ခန့်အပ်ခြင်းကို ခံယူရသည်၊ "သူရိယဝံသာဘိ-သိရီပဝရလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူသည်။

ဆရာတော် သာသနာပိုင်ဖြစ်တော်မူသောအခါ သက်တော်မှာ ၇၄-နှစ်ရှိ၍ ပစ္ဆိမအရွယ်တော်သို့ ရောက်နေလေပြီ။

သာသနာပိုင်ဆရာတော်တို့၏ဆရာ

သဲအင်းသာသနာပိုင်ဆရာတော်သည် သာသနာပိုင်ဆရာတော်တို့၏ ဆရာတော်ဖြစ်တော်မူသည်၊ "ပညာဇောတာဘိဝံသသိရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဒုတိယ ဗာဒံကရာသာသနာပိုင်ဆရာတော်၏ ကျေးဇူးရှင်ဆရာရင်းလည်း ဖြစ်တော်မူသည်၊ ဒုတိယဗာဒံကရာဆရာတော်အား ငယ်စဉ်မှစ၍ သရဏဂုံပေးပြီး သင်္ကန်းဝတ်ပေးခြင်း, ရဟန်းခံသောအခါကမ္မဝါဖတ်ခြင်း, ဥပဇ္ဈာယ်ပေးခြင်း, နိဿယည်းပေးခြင်း, စာပေကျန်းဂန်ကို ပို့ချခြင်းဟူသော ငါးမျိုးသော အသာဓာရဏာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူခဲ့ကြောင်း ဗာဒံကရာဆရာတော်၏ အင်္ဂုတ္တိုရ်ပါဠိတော်နိသျ ဂန္ဆာရမ္ဘဋ္ဌ်—

"ဟုတ္ဝာ ပဋ္ဌဟာကာရေဟိ၊ အာစေရော သာသနေ မမ။
ဝုစ္စိ• ဖီတံ စ ပါပေသိ၊ နိရန္တရံနုမာနယိ"။

စသည်ဖြင့် ဖော်ပြထားတော်မူခဲ့သည်။

"ဥယျဓမ္မာဘိဝံသ သိရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" သာသနာပိုင်ဆရာတော်၏ ဓမ္မာစရိယဆရာတော်လည်း ဖြစ်သည်။

(တသာ သံဃရာဇာသာ၊ ထိုသာသနာပြု သဲအင်းဆရာတော်၏။ သိသော်၊ ဓမ္မန္တေဝါသိကာ တပည့်ဖြစ်ထသော။ ဒိုက္ခတ္တုံ၊ နှစ်ကြိမ်မြောက်။ သံဃရဇ္ဇုပဂံ၊ သာသနာပိုင်ဆရာတော် အဖြစ်သို့ရောက်ထသော။ ဥယျဓမ္မော်၊ ဥယျဓမ္မာဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာ-ပတိ မဟာဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရလည်းဖြစ်ထသော။

(စူဠဝါပါဠိတော်နိသျ ပဏာမ)

ရာဇဂုရု ဆရာတော်တို့၏ဆရာ

ဆရာတော်သည် ဖော်ပြပါ သာသနာပိုင်ဆရာတော်တို့၏ ဆရာသာ ဖြစ်သည်မဟုတ်သေး—

"ပညာသာမိ ကဝိသာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘုံကျော်ဆရာတော်၊ "မဏိဇောတ သဒ္ဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ခင်မကန်ဆရာတော်၊ မေဓာဘိဝံသ သဒ္ဓမ္မဓဇမဟာဓမ္မ-ရာဇာဓိရာဇဂုရု" ပြည်ဆရာတော်၊ "ပရမဉာဏဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ပဌမစံကျောင်း ဆရာတော်၊ "သုဒဿနဝရဓမ္မသာမိ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဒုတိယ စံကျောင်းဆရာတော် စသော ပညာရှင်ဆရာတော်တို့၏ ဆရာလည်း ဖြစ်တော်မူသည်။

ဤသို့ဖြင့် သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်ပညာရှင်ဖြစ်၍သာလျှင် ပညာရှင်ပေါင်း များများမြောက်စွာ ဝန်းရံလျက် သဗ္ဗညုတပညာတော်ရှင် ဘုရားသခင်သာသနာတည်းဟူသော ကောင်းကင်၌ တင့်တယ်စံပယ်တော်မူပါပေ၏။

သယဉ္စာပိ သုဝိဒုဝ၊ ဝိဒူဟိ ပရိဝါရိတောဝ။
ဟုတ္ဝာ သောဘတိ သော ဝိဒူ၊ ဝိဒုနော သာသနမ္ဗရေ။

ဆရာတော်သည် အဘိဓမ္မာဆိုင်ရာ ကျမ်းများစ့ာကို ပြုစုရေးသားတော်မူခဲ့သည်၊ ဆရာတော်၏ ကျမ်းစာများအနက် ပဋ္ဌာန်းသုံးချက်စုကျမ်းမှာ ပဋ္ဌာန်းကျမဲကြီးကို သင်အံလေ့လာဘူးသူတိုင်း လေ့လာရသော ကျမ်းစာ ဖြစ်သည်၊ ၎င်းသုံးချက်စုဖြင့် ပဋ္ဌာန်းကျမ် ပင်လယ်ကြီးကို ကူးခပ်ကြရသည့်အတွက် သုံးချက်စုကျမ်းကို ကျက်ရ,ကြည့်ရသူတိုင်း ဆရာတော်အား ကြည်ညိုသတိရကြပေသည်။

ကျမ်းပြုတော်မူခြင်း

ဆရာတော်ရေးသားခဲ့သော ကျမ်းစာများမှာ—

(၁) ပဋ္ဌာန်းသုံးချက်စု၊
(၂) ပဋ္ဌာန်းပစ္စည်းပြိုင်၊
(၃) ပဋ္ဌာန်းရာသီစု၊
(၄) ယမိုက်အာရကောက်ကျမ်း၊
(၅) ပဋ္ဌာန်းအာရကောက်ကျမ်း၊
(၆) ဝိထိလက်ရိုးကျမ်း၊
(၇) ဉာဏ်ကောက်ကျမ်း-စသည်တို့ ဖြစ်သည်။

နတ်နန်းရွှေဘုံ ခိုလှုံရပြီ

သက်တော် ၇၆-နှစ် သက္ကရာဇ် ၁၂၁၅-ခုနှစ်တွင် ပြုလက်စ သာသနာ့တာဝန်ကို ထားရစ်ကာ နတ်မင်းကွန္ဒာ၏ ပင့်လျှောက်လွှာကို လက်ခံ၍ နတ်တို့ရွှေဘုံသို့ ခိုလှုံတော်မူလေပြီ။

သဲအင်းဆရာတော်စျာပန

သဲအင်းဆရာတော်၏ အလောင်းကို ရွှေဘိုမင်းတရားကြီးသည် အရာမက များလှစ့ာသော ပြာသာဒ်,တလား,လောင်တိုက်တို့ဖြင့် "သာသနာပိုင် ရဟန်းဘုရင်"ဟူသော ဂုဏ်ပုဒ်နှင့် ထိုက်တန်အောင် သိုက်မြိုက်ခမ်းနားလှစ့ာ ကျင်းပပူဇော်တော်မူလေသည်။

သံဝေဂယဖယ်

သေမင်းနှင့် မိတ်ဖွဲ့၍ လွတ်အောင်လုပ်ရန် လမ်းမရှိခဲ့ချေ၊ တံစိုးလက်ဆောင်ဖြင့် သေဘေးမှ လွတ်အောင်လုပ်၍လည်း မဖြစ်နိုင်၊ စစ်ပြိုင်၍ အောင်နိုင်ရရှိးလည်း မရှိ၊ နောက်ဆုံး သတ္တဝါအားလုံးတို့သည် သေမင်းလျှင် လည်းလျောင်းရာ ရှိကြရပေသည်။

မစ္စုနာ သင်္ကော နတ္ထိ၊ လဉ္ဇဂ္ဂါဟော နဝိဇ္ဇတိ။
ယုဒ္ဓံ နတ္ထိ ဇယော နတ္ထိ၊ သဗ္ဗေ မစ္စုပရာယဏာ။

(ဇာတကဋ္ဌကထာ၊ ပဉ္စမ၊ ၁၁၄။)

စတုတ္ထပိုင်း ပခန်းကြီးသာသနာဝင် ပြီး၏။

မဟာဝိသုတာရာမနိကာယ သာသနာဝင်

ပဋ္ဌမတိုင်း

ရေစကြိုဆရာတော်ဘုရားကြီး၏ ကျေးဇူးရှင်

ဒုတိယမောင်းထောင်သာသနာပိုင်ဆရာတော်

မဟာဝိသုတာရာမ သာသနာဝင်ကို လေ့လာလျှင် မဟာဝိသုတာရာမ နိကာယဂိုဏ်းတွင် သမိုင်းထင်ပေါ် ဆရာတော် အရှင်ဂန္ဓသာရ၏ ဆရာတော်ရင်းတဆူဖြစ်တော်မူသော—

"ဧ ယျဓမ္မာလက်ာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ပဌမဘွဲ့တံဆိပ်တော်။

"ဧ ယျဓမ္မာဘိဝံသ သိရီပဝရာလက်ာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဒုတိယ ဘွဲ့တံဆိပ်တော်။

"ဧ ယျဓမ္မာဘိ မုနိဝရညာဏကိတ္တိ သိရီဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော တတိယဘွဲ့တံဆိပ်တော် ဟူသော ဘွဲ့တံဆိပ်တော်တို့ဖြင့် သာသနာဝယ် နေမင်း, လမင်း, သဖွယ် တင့်တယ်တော်မူသော ဒုတိယမောင်းထောင် သာသနာပိုင် ဆရာတော်၏ ဖြစ်စဉ်ဖြစ်ရပ်ကို ချန်လှပ်၍မရနိုင်ပေ။

ဆရာတော်သည် ကန္ဒီမြို့ကျေး နတ်ရဲတောင် အမည်တွင်သော ရွာမှန်ရွာမြတ်၌ အဘဦးထွန်းဝါ အမိ ဒေါ်ယာတို့မှ သက္ကရာဇ် ၁၁၆၁-ခုနှစ် ပဌမဝါဆိုလဆန်း (၁၀) ရက် အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်ခဲ့သည်၊ ဦးထွန်းဝါနှင့် ဒေါ်ယာတို့သည် သာသနာပိုင်ရဟန်းဘုရင်သံဃရာဇာဓမ္မသေနာပတိ လောင်းလျာကို ဖွားမြင်လျှင် ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာလောင်းလျာ၏ဘခင် ဝက်နွာပုဏ္ဏားနှင့် မိခင် ရှုပသာရီပုဏ္ဏားမတို့ပမာ လွန်စွာ ဝမ်းမြောက်ဝမ်းသာရှိကြသည်၊ သာသနာပိုင် လောင်းလျာသူငယ်ကို နာမည်မှည့်မင်္ဂလာပွဲသဘင်တွင် မောင်သံမိုဟု ခေါ်တွင်သတ်မှတ်မှည့်ခေါ်ကြသည်။

ပဗ္ဗဇ်မင်္ဂလာနှင့် ဥပသမ္ပဒမင်္ဂလာ

ဓမ္မသေနာပတိသာသနာပိုင်လောင်းလျာကို ၁၀-နှစ်သားအရွယ်တွင် မိဘများက ဦးရီးတော် ဖြစ်သော အရှင်ကလျာဏဝံသ, အရှင်ပုည္ဉသီ, အရှင်သာရသီတို့ထံ အပ်နှံ၍ ပညာသင်ကြားစေကြသည်၊ အသက် ၁၆-နှစ်သားအရွယ်တွင် ရှင်သာမဏေဖြစ်၍ ရှင်ဥယျဟူသော အမည်ဖြင့် သာမဏေ သိက္ခာပုဒ်တို့ကို ကောင်းစွာစောင့်ရှောက်ကာ ဘုရားမြတ်စွာ၏ ဩဝါဒတော်ကို နှစ်သိမ့်စေကာ ဗျာကရဏ်းကျမ်းများနှင့်တကွ ပိဋကတ်ကျမ်းစာ အဖြာဖြာကို ကောင်းစွာသင်ယူခဲ့လေသည်။

ဒါရကော ဥယျနာမေန၊ ပဗ္ဗဇ်ီ ဇိနသာသနေ။
သိက္ခံ သုပရိပူရေန္တော၊ ဥဂ္ဂဏှန္တော ဝသီ တဒါ။

သာသနာပိုင်လောင်းလျာ ရှင်ဥယျသည် သာမဏေ ၅-ဝါ ရပြီးနောက် ရဟန်း ဇာတ်ဘုံခိုလှုံရန် အသက်စေ့လုံလောက်ရကား ၁၁၈၀-ပြည့်နှစ် ဒုတိယ ဝါဆိုလဆန်း ၁၄-ရက်နေ့ နံနက်တချက်တီးအချိန်တွင် ကန္ဒီမြို့ အနောက်တောင်ယွန်း တောင်ထိပ်ရှိ ရွှေမင်းတို့ ကောင်းမှုတော်သိမ်၌ တောင်ပေါ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ ၂၂၇-သွယ်သိက္ခာ ကိုယ်မှာ ဆင်မြန်းရဟန်းဘဝ ဒုလ္လဘကို ကောင်းစွာရတော်မူခဲ့သည်၊ အရှင်ဥယျဓမ္မဟူ၍လည်း ဆရာသခင်တို့က မှည့်ခေါ်သမုတ်ကြလေသည်၊ အရှင်ဥယျဓမ္မ ရဟန်းသစ်သည် ပုတ်သစ်စ ခရုသင်းသဖွယ် စင်ကြယ်လှစွာသော သီလဖြင့် ပရိယတ် ပဋိပတ် ယင်း ၂-ရပ်ကို ကောင်းစွာဖြည့်ကျင့်လေသည်။

သုဒုလ္လဘံ လဘိတ္ဝာန၊ ဥယျော လောကဂ္ဂသာသနေ။
ဒ္ဝေ ဓမ္မေ ပရိပူရေန္တော၊ အာရဘိ ဇိနသာသနေ။

ရွှေရေးဆောင်ကျောင်းတိုက်သို့

သီတင်းငယ်သာဖြစ်သေးသော အရှင်ဥယျဓမ္မသည် သက္ကရာဇ် ၁၁၈၂-ခုနှစ်တွင် အမရပုရမြို့တော်သို့ရောက်၍ မဟာမြတ်မုနိ စိန္တေမြတ်၏ အနောက်ဖက် ရွှေရေးဆောင် ကျောင်းတိုက်၌ ဆရာတော်တို့ထံ ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန် အမျိုးမျိုး အစားစားတို့ကို သင်ယူလျက် လက်အောက် ငယ်သားတို့ကိုလည်း ပါဠိ အဋ္ဌကထာ ဋီကာတို့ကို စာပေ ပို့ချ သင်ကြားပေးလေသည်။

နဝကောပိ ဥယျဓမ္မော၊ လောကဂ္ဂဝရသာသနေ။
ပိဋ္ဌကေ သိက္ခမာနော စ၊ ဝါစေန္တော သိဿကေ ဗဟူ။

ဆင်တဲဆရာတော်နှင့် သဲအင်းဆရာတော်တို့ထံ

အရှင်ဥယျဓမ္မသည် ပိဋကတ်ကိုသင်ယူချပို့ခြင်း၌ ရောင့်ရဲတင်းတိမ် အားရသည်ဟု မရှိပေ၊ နည်းပေါင်းစုံမှ ဉာဏ်ဟုန်ပြင်းဟူသော စကားပုံအတိုင်း ဉာဏ်ဟုန်ပြင်းရန် နည်းပေါင်းစုံရရှိရေးကို တွေးဆင်ခြင်၍ ၁၁၈၄-ခုနှစ်တွင် ဆင်တဲကျောင်းတိုက်၌ ဆင်တဲဆရာတော်ထံ ဆက်လက် ပညာသင်ကြား၍ ထိုနှစ်မှာပင် သဲအင်းဆရာတော်ထံ ချဉ်းကပ်ပြီး ရတနာပုရ အင်းဝမြို့တော် သဲအင်းကျောင်းတိုက်၌ နိကာယ်ကို သင်ယူချပို့ပြန်သည်။

နာနာနယံ ဂဝေသန္တော၊ လောကနာထဿ သာသနေ။
အနေကေ ဥပသင်္ကမ္မ၊ ပဓာနမကရီ တဒါ။

ပဌမဘွဲ့တံဆိပ်တော်

သာယာဝတီမင်းသည် နန်းတက်၍ သဲအင်း ဆရာတော် ဘုရားကြီးကို သာသနာပြု လွှဲအပ်ကာ တံဆိပ် ဆက်ကပ်လှူဒါန်းပြီး အရံ ၁၂-ပါးတွင် ပါဝင်စေ၍ ၁၁၉၉-ခုနှစ်၊ နယုန်လတွင် “ဥယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု” ဟူသော ဘွဲ့တံဆိပ်တော်ကို အရှင်ဥယျဓမ္မအား သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်လေသည်၊ ဤသို့ဖြင့် ရဟန်းသိက္ခာ ၁၉-ဝါသာ ရရှိသေး၍ အနုဇေရှိမျှသာဖြစ်သော အရှင်ဥယျဓမ္မသည် မိမိ၏သီလ, သမာဓိ, ပညာ စွမ်းရည်တန်ခိုးကြောင့် အလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဥပါဓိဘွဲ့တော်ပိုင်ရှင်ဖြစ်ကာ ဘုရားသာသနာကောင်းကင်အလယ်တွင် တင့်တယ်စံပယ်ခဲ့လေပြီ။

အနုထေရော သမာနော၀၊ ဥ္ဇယျော သာသနခေတလေ။
၀ေရောစနော'၀ သောဘိတ္ထ၊ ရာဇဂုရုဥပါဓိနာ။

ဆရာတော်ကလေး အရှင်ဥဇ္ဇယျဓမ္မသည် ရာဇဂုရုမင်းဆရာ ဥပါဓိပိုင်ရှင်ဖြစ်လင့်ကစား အစ္စယ်ကျိုးမြေ့, ဦးချိုကျိုးန္ဒား, ခြေသုတ်ကျိုး၀န်းအလား နှိမ်ချထားသော စိတ်ထားဖြင့် အမရပုရမြို့သို့ ကြွပြန်၍ မြို့တော်၏အရှေ့မြောက် မင်းအိုတိုက် အောင်မြေဘုံကျော်ကျောင်းတော်၌ သီတင်းသုံးကာ သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီးထံ နည်းခံတော်မူ၍ တပည့်တပန်း ရဟန်းသာမဏေတို့အား စာပေပို့ချတော်မူသည်။

သာသနာပိုင်ဖြစ်ပြီ

သက္ကရာဇ် ၁၂၀၁-ခုနှစ် သီတင်းကျွတ်လဆုတ် ၁၃-ရက်နေ့တွင် သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး နတ်ရွာလားတော်မူသဖြင့် ထိုနှစ် တန်ဆောင်မုန်းလဆန်း ၁၅-ရက်နေ့တွင် ဆင်ကြိုးရွှေဂူဘုရား၀ိုင်းအတွင်း သုဓမ္မာစရပ်တော်၌ ဆရာတော်, သံဃာတော်, မင်းညီမင်းသားစသော ပရိသတ်များစွာတို့၏အလယ်၌ "ဥ္ဇယျဓမ္မာဘိ၀ံသသိရိပ၀ရလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ-ရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်တော်ကို အလှူခံရရှိကာ သာသနာပိုင် သံဃဦးကိုင်ဖြစ်လေသည်။ ဤသို့ဖြင့် ဆရာတော် အရှင်ဥဇ္ဇယျဓမ္မသည် ရဟန်းသိက္ခာ ၂၂-၀ါအရတွင် သံဃရာဇာရဟန်းဘုရင် သာသနာပိုင်ဖြစ်၍ အဂတိတရား မလားမရောက်ပဲ သာသနာတော်ကို တင့်တယ်စေကြောင်း အောက်ပါဂါထာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဥ္ဇယျော ဒ္ဓါ၀ိသ၀ဿမို့၊ သံဃရာဇပဒံ လဘိ။
အဂတိ အနုပဂန္ဆာ၊ သောဘေတိ ဇိနသာသနံ။

ဆရာတော်သည် အမရပုရမြို့ အရှေ့မြောက်ယွန်းရှိ မဟာတုလ္ထတ်ဘုံကျော်ကျောင်းတော်ကြီးနှင့် မဟာအာဘယာရာမတိုက် တုလ္ထတ်ဘုံစံကျောင်းတော်ကြီးကို မင်းဧကရာဇ်၏ကိုယ်တိုင်တင်လှူခြင်းကို ခံယူရသည့်ပြင် ၁၂၀၄-ခုနှစ်မှာပင် တပေါင်းလဆန်း ၁၅-ရက်နေ့တွင် မင်းမြတ်၏ မဟာ၀ိဇိတာရာမတိုက်ကို တင်လှူခြင်းကို ခံယူရပြန်သည်။

ဒုတိယအကြိမ် သာသနာပိုင်ဖြစ်ခြင်း

ပုဂံမင်းတရား၏ညီတော် ပဉ္စမသင်္ဂီယနာတင် မင်းတုန်းမင်းတရားကြီး နန်းတက်သောအခါတွင်လည်း သက္ကရာဇ် ၁၂၁၅-ခုနှစ် ကဆုန်လတွင် "ဥ္ဇယျဓမ္မာဘိမုနိ၀ရဉာဏကိတ္တိသိရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူကာ ဒုတိယအကြိမ် သာသနာပိုင် ဖြစ်တော်မူသည်၊ ဆရာတော်သည် ထိုသို့ ဒုတိယအကြိမ် သာသနာပိုင်ဖြစ်ကြောင်းကို——

ရတနာပုဉ္ဇမာပကဿ၊ ကာလေတံ စူဠဘာဘာတုနော၁။
ဥ္ဇယျဓမ္မောတိ လဒ္ဓကော၊ ဒုတိယံ သံဃရာဇကော၁။

ဟု ဂုတ္တ၀ိနိစ္ဆယနိဂုံး၌ ဖော်ပြထားသည်။ ဆရာတော်သည် သာသနာပိုင်ဖြစ်ပြီးနောက် သက္ကရာဇ် ၁၂၂၀-ခုနှစ် ဒုတိယ၀ါဆိုလပြည့်ကျော် ၄-၅-ရက်နေ့ ၃-ချက်တီးကျော် ၂-မောင်းခန့်အချိန်တွင်

မန္တလေးမြို့တော် အရှေ့တိုက်တော်၌ တောရဆရာတော်, မိုးထိဆရာတော်, မတ္တရာဆရာတော်, ပခန်းဆရာတော်, စလင်းဆရာတော်, ငစဉ့်ကူးဆရာတော်, မောင်းထောင်ဆရာတော်, တလုပ်မြို့ဆရာတော်တို့နှင့် တိုက်တော်သံဃာတော် ၄၅-ပါး တို့၏ မျက်မှောက်၌ မြတ်စွာဘုရားရှေတော်တွင် အဓိဋ္ဌာန်ပြုတော်မူခဲ့သည်မှာ မှတ်သားသင့်လှပေသည်။

သာသနာပိုင်ဆရာတော်ဘုရား၏ အဓိဋ္ဌာန်တော်

အရဟံအစ ဘဂဝါအဆုံးရှိသော ၉-ပါးသောဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ နီလ, ပီတ, လောဟိတ, ဩဒါတ, မဇ္ဇေဋ္ဌ, ပဘဿရ-တည်းဟူသော ရောင်ခြည်တော် ၆-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ-တည်းဟူသော ဘုန်းတော် ၆-ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ လူ, နတ်, နဂါး, သိကြား, ဗြဟ္မာ, အသုရ-စသော အမင်းမင်း အနတ်နတ်, အမြတ်မြတ်သော သူတို့၏ သက်နှံး, ဆွမ်း, ကျောင်း, ဆေး-တည်းဟူသော ပစ္စည်း ၄-ပါးကို တရားသဖြင့် ခံယူတော်မူသော မြတ်စွာဘုရား၊ လောကသုံးပါး၌ ကိုယ်တော်မှတပါး သတ္တဝါတို့ ကိုးကွယ်ရာ ပုန်းအောင်းရာမရှိ ကိုယ်တော်သာလျှင် သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာ ပုန်းအောင်းရာဖြစ်တော်မူသော မြတ်စွာဘုရား၊ ကိုယ်တော်မှတပါး လောက ၃-ပါး၌ သတ္တဝါတို့၏ဆင်းရဲကို ပယ်ဖျောက်တတ်သောသူ မရှိ၊ ကိုယ်တော်သာလျှင် ပယ်ဖျောက်တတ်သော မြတ်စွာဘုရား၊ အဓိဋ္ဌာန်ပါရမီဖြင့် မှတ်အပ်သော ၁၀-ပါးသောပါရမီတို့ကို ဖြည့်တော်မူ၍ သဗ္ဗညုတဉာဏ်ကို ရတော်မူသော မြတ်စွာဘုရား။

ဘုရားတပည့်တော် ဥယျ ဟုတ်မှန်ရာကို ဆိုပါမည်၊ ဘုရားတပည့်တော်၌ အနှစ်မဝတ္ထု မေထုနသံဝါသ မရှိပါ၊ မဟုတ်မမှန်ကို ဆိုချေသော် တရားတော်လာရှိတိုင်း ရှေဉာဏ်တော် သိပါစေသော်၊ (ဤစကားဖြင့် မြတ်စွာဘုရားဂုဏ်ကို ချီးဝဲ၍ ထောမနာပြုတော်မူသည်)။

သာသနာပိုင်ပြု၍ အမှုကို စီရင်သမျှကာလပတ်လုံး အမှုသည်တို့ကို မျက်နှာကြီးငယ်ရွယ် ထောက်မြော်တင်၍ရင်း, တံစိုးပဏ္ဏာကို မြော်ထောက်၍ရင်း, အဓိကရဏ်းကို မဆုံးဖြတ်ပါ၊ဘုရားသခင်၏ ဒေသနာအလိုတော်, လောကီကျမ်းများအလိုကို ထောက်ထားနှိုင်းညှိ၍ ဉာဏ်သက်သည့်အတိုင်း အဂတိသို့ မလိုက်မူ၍ အဓိကရဏ်းကို ဆုံးဖြတ်ပါမည်၊ အမှုသည်တို့၏ လက်ဆောင်ကို သိလျက် မခံယူပါ၊ အလင်္ဂီပုဂ္ဂိုလ်တို့ကိုလည်း သိလျက် အလုပ်အကျေး မခံပါ၊ အလင်္ဂီ၏ ပစ္စည်းဟု သိလျက် မသုံးဆောင်ပါ၊ အလင်္ဂီပုဂ္ဂိုလ်တို့ကို သိလျက် မချီးမြှောက်ပါ၊ ဂိလာနပုဂ္ဂိုလ်တို့ကို အသီးအခြား ခွင့်ပြုတော်မူသောအရာကိုလည်း ဂိလာနာလယနာကျံနာယောင်ပြု၍ နင်းနယ်လွန်ကျူးခြင်းကို မပြုပါ၊ သိက္ခာပုဒ်တော်, ဘုရားသခင်အလိုတော်နှင့်အညီ အဖြောင့်အမှန် ပြောဆိုလျှင် လူရှင်အကြီးအငယ်မရွေး နာယူပါမည်။

ဉာတိပဝါရိတမှတပါး အခြားသော ဒါယကာယောကျ်ား, ဒါယိကာမိန်းမတို့ကို ပစ္စည်း ၄-ပါးနှင့်စပ်၍ ပရိကထာ,ဩဘာသနိမိတ်ဝိညတ်ကိုလည်း ကာယဒွါရ,ဝစီဒွါရဖြင့် မပြုမကျင့်ပါ၊ သတိလွတ်၍ ပြုမိသော ပစ္စည်းကိုဂုဏ်း အသက်ဆက်ဆုံး သိလျက် မသုံးဆောင်ပါ၊ ဉာတိပဝါရိတဖြစ်သော်လည်း သဒ္ဓါတရား၏ နည်းသည် များသည်, ပစ္စည်း၏ နည်းသည် များသည်ကို ထောက်ထားနိုင်းရှည့်၍ ပဋိဂ္ဂဟမတ္တညူဖြင့် ခံယူပါမည်၊ ကျောင်းပစ္စည်းမှာလည်း တပါးသော ပုဂ္ဂိုလ်ကို ရည်မှတ်၍ ဆောက်လုပ်သည့်ကျောင်းကို ရည်မှတ်ရင်း ပုဂ္ဂိုလ်သေသော်ဂုဏ်း, အရပ်တပါးသွား

သော်၎င်း, လူထွက်သော်၎င်း, ဒါယကာတို့က လှူလာသော်၎င်း, ထိုကျောင်းကို အသက်ထက်ဆုံး မခံယူ မသုံးဆောင်ပါ။

ဒါရာဓေမိ သကံ စိတ္တံ၊ ဝိဝဇ္ဇေမိ အနေသနံ။
နာဟံ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊ ကာဟာမိ စ အနေသနံ။

(ဝိသုဒ္ဓိမဂ်၊ ပဌမ။ ၄၀။)

သကံ စိတ္တံ၊ မိမိစိတ်ကို။ အဟံ၊ ငါသည်။ ဒါသည်။ ဒါရာဓေမိ၊ ကျိုယနေ့မှစ၍ ဘုရားအလိုသို့ လိုက်နာစေအံ့။ အဟံ၊ ငါသည်။ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊ မြတ်စွာဘုရား စက်ဆုပ်တော်မူအပ်သော။ အနေသနံ၊ မအပ်သော ရှာမှီး၍ရသော ပစ္စည်းကို။ ဝိဝဇ္ဇေမိ၊ ရှောင်ကြဉ်အံ့။ အဟံ၊ ငါသည်။ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊ မြတ်စွာဘုရားသည် စက်ဆုပ်တော်မူအပ်သော။ အနေသနံ၊ မအပ်သော ရှာမှီးခြင်းကို။ န စ ကာဟာမိ၊ ပြုလည်း မပြုအံ့။

နာဟံ ကောပေမိ အာဇီဝံ၊ စဇမာနောပိ ဇီဝိတံ။
ဒါရာဓေမိ သကံ စိတ္တံ၊ ဝိဝဇ္ဇေမိ အနေသနံ။

(အပဒါနပါဠိ၊ ပဌမ။ ၇၄။)

အဟံ၊ ငါသည်။ ဇီဝိတံ၊ အသက်ကို။ စဇမာနောပိ၊ စွန့်ခြင်းကို ပြုသော်လည်း။ အာဇီဝံ၊ တဏှာ၏ အစွမ်းအားဖြင့် ပစ္စည်း ၄-ပါးကို ရှာမှီးခြင်းမှ ကြဉ်ခြင်းဟု ဆိုအပ်သော အာဇီဝပါရိသုဒ္ဓိသီလကို။ နာ ကောပေမိ၊ မဖျက်။ သကံ စိတ္တံ၊ မိမိစိတ်ကို။ ဒါရာဓေမိ၊ အလိုနည်းသည်၏ အဖြစ်, ရောင့်ရဲလွယ်သည်၏ အဖြစ်ဖြင့် ကြည်လင်စေအံ့။ အနေသနံ၊ ဆေးကုခြင်း,တမန်သည်တို့၏အမှုကို ပြုခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့် မရှာမှီးအပ်သည်နှင့် စပ်ယှဉ်သော ရှာမှီးခြင်းကို။ ဝိဝဇ္ဇေမိ၊ ဝေးစွာရှောင်ကြဉ်အံ့။

လောက ၃-ပါး၌ အတုမရှိသော မဟာကရုဏာဉာဏ်, သဗ္ဗညုတဉာဏ်ရှိတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ဓမ္မိယလဒ္ဓ-ကပ္ပိယဟု အမှန်ကန် လျောက်ထားဝံ့သော ပစ္စည်းအရပ်ရပ်တို့ကိုသာချန်၍ ကြွင်းသော ကုက္ကုစ္စသံသယမကင်းသော ပစ္စည်းရပ်တို့ကို အကုန်အစင် အထင်အရှား နိရာပေက္ခ နိရာလယ စတ္တာဝန္တာ ငဲ့ကွက်ခြင်းမရှိ လွတ်လွတ်စွန့်ပစ်ပါပြီ၊ သူတပါးတို့လက်၌ အပ်နှံထားသော အကပ္ပိယပစ္စည်းပရိက္ခရာ မြုပ်နှံသိုဝှက်ထားသော အကပ္ပိယပစ္စည်းပရိက္ခရာတို့ မရှိပါ၊ နောင်အခါလည်း မြတ်စွာဘုရား စက်ဆုပ်ရှုတ်ချတော်မူအပ်သော ကုလဒူသနအမှု, အနေသနအမှု ရှောင်ပြေလပ်ခြင်း အဂိုရတ်အမှု, အကြောင်းမဲ့ နေလဲ့ကွမ်းစား ဆေးဝါး ဆေးသောက်မှု, ခွင့်ပြုတော်မမူအပ်သော အကြောင်းမဲ့ ထီးဆောင်းခြင်း, ရှာတွင်း၌ ဘိနပ်စီးခြင်းအစရှိသော အမှုတို့ကို ဝီတိက္ကမစေတနာဖြင့် မလွန်ကျူးပါအံ့၊ သတိမရ၍ရှင်း, သိက္ခာပုဒ်ကို မသိ၍ရှင်း ပြုကျင့်မိသော်လည်း သတိရလျှင်ရခြင်း ဆောလျှင်စွာ ကုသပါအံ့၊ ကိုယ်တော်မြတ်၏ သဗ္ဗညုတဉာဏ်တော်ဖြင့် သိပါစေသတည်း။ (ဤစကား ၂-ရပ်ဖြင့် ဓိဋ္ဌာန်သည်။)

ဤသို့ အဓိဋ္ဌာန်ပါရမီတို့ကို ဖြည့်ကျင့်ရသော ကုသိုလ်အဖို့တို့ကို မိကောင်း, ဘကောင်း, ဆရာကောင်း, သမားကောင်း, သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ် ဆွေကောင်း မျိုးကောင်း, သာသနာတော်စောင့်နတ်, လောကပါလနတ်, သမ္မာဒေဝနတ်ကောင်း နတ်မြတ်တို့မှစ၍ ၃၁-ဘုံ၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏၊အမျှယူကြကုန်၊ ယမမင်း

အားလည်း အမျှပေးဝေ၏။ကျောင်းစောင့်နတ်,အာရာမ်စောင့်နတ်တို့အားလည်း အမျှပေးဝေ၏၊ ကျောင်းစောင့်နတ်, အာရာမ်စောင့်နတ်တို့သည် မအပ်မလျော်သော ပစ္စည်းရပ်တို့ကို အာရာမ်တွင်းသို့ မရောက်အောင် အာရာမ်တွင်းသို့ ရောက်သော်လည်း မသုံးဆောင်မိအောင် စောင့်မကြည့်ရှုကြလေကုန်။

မန္တလေးအရှေ့ပြင်မှ မဟာဝိသုတာရာမကျောင်းတိုက်ကြီး

မန္တလေးအရှေ့ပြင်မှ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးသည် သံဃဦးကိုင် သာသနာပိုင်ဆရာတော် ဦးဥေယျအသက်ထက်ဆုံး သီတင်းသုံးစံပျော် နေထိုင်တော်မူရာ ကျောင်းတိုက်ကြီးဖြစ်သည်၊ ပခုက္ကူ။ မဟာဝိသုတာရာမကျောင်းတိုက်ကြီးနှင့် မဟာဝိသုတာရာမဂဏဝါစကနိကာယကြီးသည် ၎င်းမန္တလေးအရှေ့ပြင် မဟာဝိသုတာရာမကျောင်းတိုက်ကြီးမှ စတင်ဆက်သွယ် အခြေတည်ခဲ့လေသည်၊ ဖော်ပြပါ ကျောင်းတိုက်ကြီး၌ တိပိဋကဘုရင် အရှင်ဂန္ဓသာရ မဟာထေရ်ကြာရှည်လေးမြင့်စွာ သီတင်းသုံး၍ ပရိယတ္တိဓမ္မဘဏ္ဍာရတနာကျောက်ဖြူကို ကောက်ယူသင်ကြားရာလည်းဖြစ်သည်၊ ၎င်းကျောင်းတိုက်ကြီးသည် မန္တလေးမြို့အရှေ့ပြင် မောင်းထောင် ကျောင်းတိုက် အနောက်ဖက် ဒေါနဘွား စျေးကွက်အနီးတွင် တည်ရှိလေသည်၊ မင်းတုန်းမင်းတရားကြီးသည် ဆရာတော် ဦးဥေယျအား ၁၂၁၅-ခုနှစ် ကဆုန်လတွင် "ဥေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိ သိရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဥပါဓိဘွဲ့တော်ကို ဆက်ကပ်ကာ သာသနာပိုင်အဖြစ်လွှဲအပ်ပြီး ကျောင်းရံ ၂၀-ကျော်ဖြင့် တန်ဆာဆင်ဝန်းရံကာ ဆောက်လုပ်စေပြီး မဟာဝိသုတာရာမကျောင်းတိုက်ဟု သမိုက်ဝေါဟာရမှည့်ကာ ဝေဠုဝန် ကျောင်းတိုက်ကြီးကို မာဂဓတိုင်းဘုရင် ဗိမ္ဗိသာရသည် ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းသည့် နည်းတူ မြန်မာတိုင်းခွင် ဘုရင်မင်းတုန်းသည် သာသနာပိုင် သံဃရာဇာအရှင်ဥေယျဓမ္မအား—

ဣမာဟံ ဘန္တေ အာရာမံ၊ သုဝိသာလံ မနောရမံ။
သံဃရညော ဘဒ္ဒန္တဿ၊ ဒဒါမိ ပဋိဂ္ဂဏှထ။

ဟု ရေစက်သွန်းချ လှူဒါန်းလေသည်။ ပခုက္ကူမဟာဝိသုတာရာမ တိုက်ကြီးကိုလည်း ဤမန္တလေးအရှေ့ပြင် မဟာဝိသုတာရာမတိုက်၏အမည်ကိုစွဲ၍ မှည့်ခေါ်ကြောင်း ထင်ရှားလတ္တံ့။

သာသနာပိုင် အခမ်းအနား

သာသနာပိုင် တင်မြောက်ခြင်းခံရသော ဆရာတော်သည် သာသနာပိုင် အရာ၌ တည်သမျှ ကာလပတ်လုံး သာသနာပိုင်သည် မင်းခမ်းမင်းနားဖြင့် ကြွချီတော်မူလျှင် ယာဉ်စီးနင်းတော်မူရန် ယာဉ်ပြာသာဒ်တော်ကို ယာဉ်တော်အမှူထမ်းတို့က လှတ်တော်အမိန့်နှင့် သာသနာပိုင် ကြွချီတော်မူရာသို့ ထမ်း၍ လိုက်ပါပို့ဆောင်ကြရသည်၊ သာသနာပိုင် အခမ်းအနား အဆောင်အယောင်ဖြင့် နန်းတော်သို့ဂင်း သုဓမ္မာတော်သို့ဂင်း အခြားအခမ်းအနားသို့ဂင်း ကြွတော်မူလျှင် ကန်တော့အမြောက် ၉-ချက် ပစ်ဖောက်ရသည်၊ အခမ်းအနား အဆောင် အယောင်များမှာ မှန်စီရွှေချသိုင်း ၂-ချက်၊ ကျိုင်း ၂-ချက်၊ ယပ်မား ၂-လက်၊ ရွှေထီး ဂ-လက်၊ ထီးဖြူ ၄-လက်၊ ရွှေ့မှ လက်နက်ကိုင် အမှူထမ်း ၁၀၀၊ နောက်မှ လက်နက်ကိုင် အမှူထမ်း ၁၀၀-တို့ကို ဆိုင်ရာအကြီးအကဲဗိုလ်တို့က ကြပ်မပြီးလျှင် မဟာဒါန်ဝန် မဟာဒါန်စာရေး စသည်တို့ ခြံရံလိုက်ပါကြရသည်၊ ဆရာတော်အရှင်ဥေယျဓမ္မသည်လည်း ဖော်ပြပါ အခမ်းအနားဖြင့် ကြွချီတော်မူရသည်။

ရာမညကိုဏ်း၏ ရှေဆောင် ဒုတိယမောင်းထောင်

ဆရာတော်သည် သီဟိုဠ်နိုင်ငံရှိ ရာမညကိုဏ်း၏ ရှေဆောင်ပုဂ္ဂိုလ်လည်း ဖြစ်တော်မူသည်၊ သီဟိုဠ်ကျွန်း ကိုဏ်း ၃-ကိုဏ်းအနက် ရာမညကိုဏ်းသည် ထင်ရှားသော ကိုဏ်းကြီးတခု ဖြစ်သည်။ ရာမညကိုဏ်း အစစ္ဓာတည်ထောင်သော ပုဂ္ဂိုလ်ကျော်မှာ အရှင်ဣန္ဒဝံသဘမည်သော သီဟိုဠ်သား ရဟန်းတော် ဖြစ်သည်၊ ၎င်းရဟန်းတော်သည် သာသနာသက္ကရာဇ် ၂၃၇၆- (ခရစ် ၁၈၃၂) တန်ဆောင်မုန်းလဆန်း ၁၂-ရက် တနင်္ဂနွေနေ့၌ ဖွားမြင်သည်၊ သာသနာသက္ကရာဇ် ၂၃၉၀-ခုနှစ် နယုန်လဆန်း ၁၀-ရက်နေ့တွင် ရှင်ပြုခဲ့သည်၊ သာသနာသက္ကရာဇ် ၂၃၉၉-ကဆုန်လဆန်း ၁၅-ရက်နေ့တွင် သီဟိုဠ်ကျွန်းရှိ သျှမ်းကိုဏ်း မာလ်ဝတု-သံဃသဘာတွင် အရှင်သရဏင်္ကာရအမည်ဖြင့် ရဟန်းဖြစ်ခဲ့သည်။

အရှင်ဣန္ဒာသဘသည် သျှမ်းကိုဏ်း၌ ရခဲ့သော ရဟန်းဘဝကို သံသယဖြစ်ကာ မေန္တရရွာသား အရှင်အတ္ထဒဿီ,အက္ကမိမနရွာသား အရှင်သောဘိတ,ဗုလတ်ဂမရွာသား အရှင်ဓမ္မာလင်္ကာရ,အရှင်သိရိသုမနတိဿ-စသော သီဟိုဠ်ရဟန်းတော်များ အရှင်စန္ဒောမည်သော စစ်တကောင်း ရဟန်းတော်နှင့်အတူ မြန်မာပြည် မန္တလေးသို့ ခရစ်သက္ကရာဇ် ၁၈၆၁-ခု ဖေဖော်ဝါရီ ၂၄-ရက်နေ့တွင် ရောက်သည်။

သာသနာသက္ကရာဇ် ၂၄၀၅-ခုနှစ် နယုန်လဆန်း ဂ-ရက်နေ့တွင် ဘွဲ့တံဆိပ် ၃-ထပ်ရ ဒုတိယမောင်းထောင် သာသနာပိုင် ဘဒ္ဒန္တဉာဏယျဓမ္မကို ဥပဇ္ဈာယ်ပြု၍ မဟာဝိသုတာရာမတိုက်တော်၌ အရှင်သရဏင်္ကာရ အမှူးရှိသော ပရိသတ်တို့ ရဟန်းခံ သိမ်ထပ်ကြသည်၊ အရှင်သရဏင်္ကာရကို ဣန္ဒာသဘဝရဉာဏသာမိဟု သာသနာပိုင် ဆရာတော်ဘုရားကြီးက မှည့်ခေါ်တော်မူသည်။

အရှင်ဣန္ဒာသဘဝရဉာဏသာမိအမှူးရှိသော သီဟိုဠ်ရဟန်းတော်တို့သည် ရေသိမ်တွင် ရဟန်းထပ်လိုကြောင်း သာသနာပိုင် ဆရာတော်ဘုရားအား လျှောက်ထားသဖြင့် ဧရာဝတီမြစ် ဥဒကုက္ခေပသိမ်၌ သိမ်ထပ်ပြန်လေသည်၊ အရှင်ဣန္ဒာသဘအမှူးရှိသော သီဟိုဠ်ရဟန်းတော်များသည် မန္တလေး ပဲခူး (ရာမညတိုင်း) ကလျာဏီသိမ်၌ သိမ်ထပ်၍ ဒဋ္ဌိကမ္မအမှုပြုပြန်သည်၊ ၎င်းရဟန်းတော်တို့သည် သာသနာသက္ကရာဇ် ၂၄၀၆-ခု တော်သလင်းလဆန်း ၁၅-ရက်နေ့တွင် သီဟိုဠ်ကျွန်းသို့ ပြန်ရောက်ကြသည်၊ အရှင်ဣန္ဒာသဘဝရဉာဏသာမိအမှူးရှိသော သံဃာတော်မြတ်များသည် (ပဲခူးမြို့) ရာမညတိုင်းကို အစဲ့ပြု၍ ရာမညကိုဏ်းကို တည်ထောင်ကြ၍ သာသနာတော်မြတ်ကြီးကို စည်ပင်စေကြသည်၊ရာမညကိုဏ်းသည် ယခုအခါ သီဟိုဠ်ကျွန်း၌ တတိယမြောက်အကြီးဆုံးကိုဏ်း ဖြစ်သည်၊ သာသနာသက္ကရာဇ် ၂၅၀၉-ခုနှစ် ခရစ် ၁၉၆၅-ခုနှစ်တွင် ရာမညကိုဏ်း တည်ထောင်၍ အနှစ် ၁၀၀-ပြည့်ပွဲ ကျင်းပသည်ကို တွေ့ခဲ့ရသည်၊ ထိုနှစ် ၁၀၀-ပြည့်ပွဲ၌ ရှင် ၅၀၀-ပြုပွဲကိုလည်း တွဲကျင်းပကြသည်၊ ရာမညကိုဏ်းဝင် သံဃာ ၃၀၀၀-ကျော်လောက် ရှိမည်ဖြစ်ပေသည်။

၁၃၁၈-ခု သံဂါယနာတင် အောင်ပွဲတွင် မြန်မာအစိုးရဘွဲ့တံဆိပ်ပေးပွဲတွင် သီဟိုဠ်ရာမညကိုဏ်းမှ အရှင်ဉာဏောဒယသည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရရှိခဲ့သည်၊ ဒုတိယမောင်းထောင် သာသနာပိုင် ဆရာတော်သည် ဖော်ပြပါ ရာမညကိုဏ်းကြီး၏ ရှေဆောင်ဖြစ်လေသည်၊ ဆရာတော်သည် အခါအားလျော်စွာ သီဟိုဠ်ကျွန်းသို့ သန္ဒေသကထာများ ပို့ခဲ့ကြောင်း ဆရာတော်၏ ဖြစ်တော်စဉ်များအရ သိရသည်၊ သီဟိုဠ်ကျွန်းမှ မောင်းထောင်ဆရာတော်ဘုရားထံသို့လည်း သဝဏ်လွှာများ ပို့ကြသည်၊ ယင်းသဝဏ်လွှာများအနက်. သာသနာသက္ကရာဇ် ၂၄၀၁-တွင် သီဟိုဠ်ကျွန်း

မိရိသ်ရွာဇာတိ ဓမ္မာနန္ဒထေရ်နှင့် ဥဒုလဂ်ပိဋိယသိရိသုမနတိဿထေရ်တို့သည် ဒုတိယမောင်းထောင် သာသနာပိုင်ထံ ပို့ဆက်ကပ်သည့် သဝဏ်လွှာမှာ အောက်ပါအတိုင်း ဖြစ်သည်။

၂၄၀၁-မေ ဗုဒ္ဓဝဿေ မိရိဿေ် ဓမ္မာနန္ဒဉ္ဇုဂလ်ပိဋိယေ် သိရိသုမနတိဿနာမာနံ ဒ္ဝိန်နံ မဟာသာမိနံ အာဏတ္တိယာ ပိယရတနတိဿတ္ထရေန မရမ္မရဋ္ဌေ ဥယျဓမ္မသံ်ဃရာဇဿ ပေသိတာ—

(၁) ဇိနံ နမိတ္ဝာ ဝရဘူရိဘူရိဟံ ဇိနေရိတံ ဓမ္မမဓမ္မဘေဒိနံ၊
ဇိနောဇတံ ယာတနိရဂ်ဏံ ဂဏံ လိခိယတေ သာသနပဏ္ဏိဒံ မယာ။

(၂) ဓမ္မာဝ လောကသ္မိရိယောဒယတိ ပဗုဒ္ဓါ၊
အန္ဓော်ပရန္တမရပုရသရမ့ိ ဇာတာ။
ယေ သုဒ္ဓနန္တဝနကေသရဘာရသာရာ၊
သဇ္ဇန္တုပ္ပတ္တိမဓုလီဟနိသေဝိတာ စ။

(၃) သဒ္ဓါယ ပါလိတသုသီလသုဂန္ဓဝန္တာ၊
ပံကေရုဟာ ဝိယ ဝိရာဇိတဘိက္ခုသံ်ဃာ။
ပသေမ သာသနမိဒံ ယတနေန တောသံ၊
ထေရာ စ မဇ္ဈိမနဝါ စ သုဏန္တု သမ္မာ။

သကလလောကာဘိဝန္ဒနိယ ပရာဇိတဝရဒန္တခာတ္ဝာဒိနေကစေတိယသမလင်္ကတနိခိလရတနာ-ကရနိကာယသန္နိဘေ လံကာဒီပေ ပစ္ဆိမဒိသာယ သဏ္ဌိတေ ပဒီပဒူရာဘိဓာနဝိဟာရေ(ပါနဒူရေ) နေဝါသိကာဓိဝါသိနော ဟံသာဝတိယာ ပရိသုဒ္ဓကလျာဏိသိမာယ ရာမညနိကာယူပသမ္ပဒံ လဒ္ဓဿာယသ္မတော ကလျာဏတိဿတ္ထရဝရဿ ဇေဋ္ဌန္တေဝါသိနော တေပိဋကာဂမဓာရိနော ဓမ္မာနန္ဒတ္ထေရဿ စ တထာ လံကာဒီပေ နေကသိရိသမုပသောဘိတဂါလုနဂရာသန္နေ ဝါသိနော သီဟဠနာမေန ဒေါ့ဂုန်ဒုဝ ဣတိ ပသိဒ္ဓနာမဓေယ္ယဂါမေ သုပ္ပတိဋ္ဌိတသေလဗိမ္ဗဝိဟာရဝါသိနော ဟံသာဝတိယာ ပရိသုဒ္ဓကလျာဏိသိမာယ ရာမညနိကာယုပသမ္ပဒံ လဒ္ဓဿ ဂဏာဓိပတိနော သုသမ္မတဓမ္မသာရတ္ထေရပုဂ်ဝဿ အဂ္ဂန္တေဝါသိဘူတသောဂတာဂမဓမ္မဝိနယကောဝိဒဿာယသ္မ-တော သိရိသုမနတိဿာဘိဓာနတ္ထေရဿ စ အာဏံ သမ္ပဋိစ္ဆန္နေန တဿဝန္တေဝါသိဘူ-တေန ယထာဝုတ္တဂါလုနဂရာသန္နေ ဒေါ့ဂုန်ဒူဝဿေလဗိမ္ဗဝိဟာရဝါသိနာ ဝိနယနယနေရုတ္တိ-ကာဒိကောဝိဒေန မယာ သိရိဝံသပါလပိယရတနတိဿတ္ထရေန နိရုတ္တရဿမွာသမ္မာမိဉ္ဇာဏာ-ဒုန္နဘဏ္ဍာဂါရဘူတဿ လောကေကုတ္တမဿမွာသမ္မုဒ္ဓဿ ဘဂဝတော သာသနသုပ္ပတိဋ္ဌိတေ ဇမ္ဗုဒီပါပရန္နာမရပုရေ သံ်ဃာဓိပတိနေဝါသိနော နာနာဝိဒေသာနုနုဂတသီလသုဂန္ဓဂန္ဓိနော နေရုတ္တိကာဒိဝိနယနယေ အသံ်ဟီရဿ တေပိဋကာဂမဓမ္မဓာရိနော အမ္ဗာက် ပဝေဏိဘူတ-ရာမညနိကာယံ သုပရိပါလေန္တဿ ဘဒန္တာယသ္မတော သံ်ဃရာဇဝရထေရပုဂ်ဝဿ ပဒပက်ဇာဘိ-ဝါဒနေန တဒနုဝတ္တကာနံ ထေရာနုထေရဝရာဒီနံ စ ဇာနာပနတ္ထာယ ဣဒံ ပေသိယတေ သာမာ-ယသ္မန္တော သံ်ဃရာဇဝရထေရဓုရန္ဓရပ္ပမုခါ ပိယဉာတိသဒိသာ ဧကသာသနဝံသိကာ ဘဒန္တာ-ယသ္မန္တာနံ သကနာမာဒိ် စေဝ ဝိဒေသပဝတ္တိ် စ ဣဒါနိ အဇာနိတတ္တာ စ အသ္မိ် သာသနပဏ္ဍေ-ယာနိ ကာနိစိ နာမာနိ ဝိရုဒ္ဓါနိ၊ တာနိ ပန အနာဒါယေဝ ဧတေ ပဝေဏိယာဂတနိကာယိကာနိ-မာ ဂရဟိတ္ထ၊ မာ အဝမညိတ္ထ အနုကမ္ပမုပါဒါယ ဘာဝတ္ထမေဝ ပဋိဇာနန္တု။

တေရဟိ ခေါပန နေကရဋ္ဌာဘိပူဇိတာသာ နိခိလသိရီဓရ အာပရန္တာမရပုရိန္ဒာဓိပတိမကုဋမဏိ-
မောလိလင်္ကတပရမဓမ္မိကရာဇာဓိရညော ဝိဇိတေ တေနေဝ ဓမ္မိကေန ဓမ္မရညာ ယော တသ္မိ
သမယေ စေတသိကော ဝိရိယာဒုမ္ဘော နိက္ကမော ပရက္ကမော ဥယျာမော ဝါယာမော ဥဿာဟော
ဥဿောဠှိ ထာမော ဓိတိ အသိထိလပရက္ကမတာ အနိက္ခိတ္တဆန္ဒတာ အနိက္ခိတ္တဓုရတာ ဓုရသမ္ပဂ္ဂါ-
ဟော ဝီရိယံ ဝီရိယိန္ဒြိယံ ဝီရိယဗလံ သမ္မာဝါယာမောတိ ဒေသိတဧဝမာဒိဒုက္ကရောပမသမ္မာဝါယာ-
မာဒိဂုဏောဃဝတာယ စေဝ ပုညာနုဘာဝေန စ သဗ္ဗထာ သာသနုပတ္ထမ္ဘနကိစ္စေ ဥယျုတ္တပယုတ္တေန
ဓမ္မတော သကံ ရဋ္ဌံ ပကာသန္တေန တံတံဂုဏာနုရူပတော ဌာနန္တရပစ္စယဒါနာဒီဟိ သာသနာ-
ကာရကာနံ ဝိနယညူနံ ပေသလာနံ ဖာသုဝိဟာရာယ ကတသံဝိဓာနသာသနုပတ္ထမ္ဘံ နိဿာယ စ
တသ္မိံ ပန နဂရေ ဝသန္တာနံ သုပေသလာနံ သိက္ခာသဂါရဝါနံ သံဃရာဇဝရတ္ထရဓုရန္ဓရပ္ပမုခါနံ
တဒနုဝတ္တကထေရမဇ္ဈိမာဒီနံ သမ္မာပဋိပတ္တိဂုဏာနုဘာဝေန စ အမ္ဗာကမာစရိယပွဝေဏိဘူတော
သာသနဝံသေ သုဓောတမုတ္တကလာပေါ ဝိယ အတိဝိယ ဇေတရဟိ သောဘတိတိ ပရတော-
ဃောသေန သုဏာမာနာ မယံ ယထာဝိတ္ထာရေန အာဇာနန္တာပိ သဝနမတ္တေနေဝ ပသန္နာ
"အဟော သုခံ အဟော သုခံ"တိ ပီတိပါမောဇ္ဇဟုလာ စိရံ ဒီဃမဒ္ဓါနံ သာသနဝံသော
သမ္မာ ပဝတ္တတူတိ စ, ပဋိပတ္တိပူရကာပိ စ သာသနဓုရန္ဓရထေရဝရဒယော သမ္မာ သုခံ
ပရိဟရန္တူတိ စ, အထခေါ ဒုဒ္ဒိဋ္ဌိကာနံ ဝသေ အဝတ္တိတ္ဝာ အတ္တနော ပုညိဒ္ဓိဗလေနေဝ ဓမ္မေန
သကံ ရဋ္ဌံ ပသာသယန္တာသာ အမရပုရာဓိပတိရညော စ ပုညာဘိဝုဒ္ဓိ စိရံ ဒီဃမဒ္ဓါနံ အဘယော,
အဝေရော, အပရာဇိတော, ဓမ္မာသောကနရိန္ဒာဒီနံ ဝိယ သမ္မာ ပဝတ္တာဘူတိ ပတ္ထယာမ။

ကသ္မာတိ စေ? ဣဒါနိ ခေါပန သီဟဠဒီပေ ဧဂိလိသာဒီနံ ဒုဒ္ဒိဋ္ဌိကာနံ ဝသေ ဝတ္တန္တာ မယံ
ပရိပီဋိတတ္တာ အဗလာ, ဒုဗ္ဘလာ, ဒုက္ခေန ကသိရေန သာသနပဋိပတ္တိံ ပူရေမ၊တသ္မာ ရတနတ္တ-
ယမာမကာ ဓမ္မာဓိပတိဓမ္မိကရာဇာနော ယသ္မိံ ဒေသေ ဝသန္တိ၊ တေ ပညဝန္တာ အမှေဟိ
သဂါရဝေန အာဘိပတ္ထနီယံ။ တထာ ဟိ—

(၄) သဗ္ဗညုဝရသာသနောဒယရတော ကလျာဏဝဏ္ဏာကရော၊
သဒ္ဓမ္မတ္ထဖလာဒိဘာရဘရိတော ဒေဝဒ္ဒုမော ဘာသုရော။
ပတ္တော သန္တဇနာကုလာမရပုရေ သံဃသ သေဋ္ဌတ္တနံ၊
သမ္မာ ဇိဝတု စိတ္တခေဒရဟိတော သော သံဃရာဇာ စိရံ။

(၅) သဇ္ဇန္တု တုန္ဒဝိပိနံ ပရိတောသယန္တော၊
ဒုဇ္ဇန္တု ပံကဇဝနံ ပရိတာပယန္တော။
ပုညာကရာမရပုရမ္ဗရမန္တရသ္မိံ၊
သော သံဃရာဇသိတရံသိ စိရံ ဝိဘာတု။

(၆) သဗ္ဗညုဝံသဥဒယာစလမတ္ထကေန၊
ရတ္တညူသံဃဝရာဇနိသာကရော ယော။
ဓမ္မညူ သံဃကဏာဝရကစာရယုတ္တော၊
သော မြမ္မဝံသိကနိကာယနဘော ဝိဘာတု။

အယံ သံဃရာဇဿ ဝုဒ္ဓျာသိံသနာ။

(၇) သုရဂိရိ သသိဘာရောဒါတတေဇိဒ္ဓိခာရော၊
ပဝရဇနုပကာရော ဘူရိဘာခာရမိရော။
တိဝိဓရတနဘာရော မန္ဒိပါပါတိဟာရော၊
သ ဇယတု ဇယပူရော မြမွရာဇာ သုဓိရော။
အယံ မဟာရညော ဝုဒ္ဓါဘိသိ သနာ။

(၈) သံဃရာဇ နမော တုယ္ဟံ၊ ဂုဏာကရ ယတီသဘ။
နိဝေဒယာမ အမှာကံ၊ နိကာယဂတလက္ခဏံ။

ဣတော ကိရ ပုဗ္ဗေ ဝါလုကာတိတ္ထဂါမေ ပုပ္ဖါရာမဘိခာနသာမဏေရော ပန အညေဟိ ကတိပယသာမဏေရေဟိ သဒ္ဓိံ အမရပုရာ ဂန္ဆာ ဥပသမ္ပဒံ လဘိတ္ဝာ ဉာဏဝိမလတိဿောတိ-လဒ္ဓနာမော အမရပုရဝါသိဟိ တိဟိ ထေရေဟိ ဧကေန သာမဏေရေန သဒ္ဓိံ အတ္တဒသမော-လံကာယမာဂန္ဆာ အတိရေကပဉ္စဝဂ္ဂဂဏေဟိ ဥပသမ္ပဒါပေက္ခေ ဥပသမ္ပာဒေတ္ဝာ သာသနံ ပဂ္ဂ-ဏှိတုမုဿဟန္တော ပုနပိ ကတိပယဘိက္ခူဟိ သဒ္ဓိံ အမရပုရံ အဂမာသိ တတော ပစ္ဆာ ဟတ္ထ-တုဏ္ဍာဘိခာနဂါမနာမကော ဓမ္မရက္ခိတသာမဏေရော တိဟိ ဘိက္ခူဟိ ဧကေန စ သာမဏေရေန သဒ္ဓိံ အမရပုရံ အဂမာသိ ဧဝံ ဒ္ဝတ္တိက္ခတ္တုံ ဘိက္ခူ စ သာမဏေရာ စ ဂတာ။

အညေပိ လံကာဝါသိ "ဗောဓိရုက္ခာရာမတိဿော" နာမ ထေရော စ ဂုဏရတနတ္ထေရော စ အမရပုရေ ဒါနိ သာသနံ သုပရိသုဒ္ဓံ သုနိမ္မလန္တိ ပဋိပတ္တိံ ယေဝ ဂရုံကတ္ဝာ အဋ္ဌဟိ သာမဏေရေဟိ သဒ္ဓိံ ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗာနတော တိသတာဓိကာနံ ဒ္ဝိန္နံ ဝဿသဟဿာနမုပရိ ဧက-ပညာသတိမေ သံဝစ္ဆရေ ဟံသာဝတီနဂရံ သမ္ပတ္တာ၊ အထခေါ ဟံသာဝတီရာဇာနိယာ မဏ္ဍလိ-ကရာဇာ တံ သုတ္ဝာ ပစ္စုဂ္ဂမနံ ကတ္ဝာ သဒ္ဓါတပိတိသောမနဿော ထေရေဟိ သဒ္ဓိံ သမ္မော-ဒနီယံ ကထံ သာရဏီယံ ဝီတိသာရေတ္ဝာ အမှာကံ ဘန္တေ ဆဒ္ဒန္တနာဂရာဇသာမိရာဇာဓိရာဇ-သဒ္ဓမ္မဝံသမဟာဓမ္မရာဇဿ ဧတံ အာရောစာပေတ္ဝာ တုမှေ အမရပုရံ ပေသနတ္ထာယ ယာဝ အာဏာ အာဂစ္ဆဿတိ တာဝ ဣဓေဝ ဝသထာတိ ဝတ္ဝာ တသ္မိံ နဂရေ ဂဏာစရိယဿ သန္တိကေ ဝသာပေတ္ဝာ သင်္ဃံ အကာသိ။

အထ ခေါ မဟာရာဇာဓိရာဇဝရေနာဏတ္တော ဟံသာဝတီနဂရေ မဏ္ဍလိကရာဇာ ဒ္ဝိထေရဒသ-မေသု သာမဏေရေသု ဓမ္မရတနော စ ဓမ္မသာရော စာတိ ဒ္ဝိဟိ သာမဏေရေဟိ သဒ္ဓိံ အမရပုရံ ပတ္ဝာ မဟာဓမ္မရာဇာဓိရာဇာနံ ဥပသင်္ကမ္မ လံကာဒီပတော ဒ္ဝိတ္ထေရပမုခါ ဣမေ သာမဏေရာ ဥပသမ္ပဒံ အာဂန်္ဆာနာ အာဂတာ အညေ ဟံသာဝတိယံ ပဋိနိဝတ္တာတိ အာဟာ၊ တဒါ ပန-မဟာဓမ္မရာဇာဓိရာဇာ တသ္မိံ သမယေ သံဃရာဇေန သဒ္ဓိံ မန္တေတ္ဝာ "ဥိးမေဝုံ" ဣတိ လဒ္ဓနာမ-ဓေယျေန ဓမ္မဝိနယကုသလေန သာသနကာမိနာ ပဋိဗလေန ရာဇမဟာမစ္စေန တေသမုပ-သမ္ပဒံ ဒါပေတုံ အာဏာပေသိ အထ ခေါ ပန ဟံသာဝတိယာ ပရိသုဒ္ဓကလျာဏိသီမာယ အတိ-ရေကဝီသတိဘိက္ခုသံဃံ သန္နိပါတေတ္ဝာ မေဓာနန္ဒတ္ထေရမုပဇ္ဈာယံ အာစာရတ္ထေရံ စ ဉာဏကမ္မ-ရတ္ထေရံ စ ကမ္မဝါစာစရိယေ ကတ္ဝာ ယထာဝုတ္တပဏ္ဍိတာမစ္စောပိ သမ္မုခီ ဟုတ္ဝာ တေ ဥပသမ္ပာ-ဒေသုံ ဧဝံ လဒ္ဓုပသမ္ပဒါ ဒသဘိက္ခူ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ သုခေနာဂန္ဆာ လံကာယမေဝ သမ္ပတ္တာ ဣတိ ဣမေ ဒ္ဝေ ထေရပမုခါ အတိရေကဒသဝဂ္ဂါ ကေသမ္ဘောဂါ ဟုတ္ဝာ ဥပသမ္ပါဒေန္တာနံ အမှာကံ နိကာယေ ဒါနိ ပညာသာတိရေကသတပမာဏော သံဃော သံဝိဇ္ဇတိ။

သီဟဠဒီပေ ကိရ အညေပိ ဗဟုတရာ မြန်မာ့ဝံသိကာ ဝသန္တိ တေသမန္တရေ သမုပ္ပန္နံ သီမာသံကရံ ပစ္စယတော ဂဟေတ္ဝာ အညေနညံ ဝိဝဒမာနာ တေ ဒါနိ ဒ္ဝေ ပက္ခိကာ ဟုတ္ဝာ ဝသန္တိ၊အထ စ ပန အမရပုရဝါသိနောပိ ဟံသာဝတိဝါသိနောပိ ထေရာနုထေရာဒယော ဧကသာသနဝံသိကာကာရေန ကေသမ္ဘောဂိနေကဒိဋ္ဌပုဗ္ဗတ္တာ မယမ္ပိ လံကာဝါသိဟိ အသံကရိကမြန်မာ့ဝံသိကေဟိ သဒ္ဓိံ ယဒါ ကဒါစိ ကေသမ္ဘောဂါ ဝိဟာရမ၊ တသ္မာ အာဒိတော ပဋ္ဌာယ အမှေပိ မြန်မာ့ဝံသိကာတ္တဝ ဝေါဟရန္တိ ဣဒံ အမှာကံ နိကာယိကနာတိဝိတ္ထာရနိဒဿနံ။

တထာပိယသ္မန္တော ဘဒန္တာ ယထာဝုတ္တနိယာမေန အမှာကံ သာသနဝံသိကမူလဘူတာနံ အမရပုရဝါသီနံ ဘဒန္တာယသ္မန္တာနံ သံဃရာဇဝရတ္ထရဓုရန္ဓရပပွမုခါနံ ထေရာနုထေရာဒီနံ သာသနဝံသော တေရဟိ ကထံ ပဝတ္တိဿတီတိ၊ အပိ စ ရာဇာဓိရာဇဝရပရမဓမ္မိကရညော ယထာပဝတ္တိံ စ မယံ နိဿံသယံ ဇာနိတုံ စေဝ တေ ပုညဝန္တေ ပဿိတုံ စ ဣတော စိတော သန္ဒေသပဏ္ဏာဟရဏေနာပိ ဓမ္မဝိနယာဂတမဓုရပဋိသန္ထာရံ ကာတုံ စ ကေန နုခေါ ကထံ နုခေါ လစ္ဆာမာတိ ပုနပ္ပုနံ စိန္တယန္တာပိ ဝိဒေသဂမနဿ ဒုက္ကရတ္တာ ဒုက္ခံ ဝိဟာရမ၊ တသ္မာ ဘဒန္တာယသ္မန္တာ အနုကမ္ပံ ပဋိစ္စ ဣဒါနိ အမရပုရေ အမှာကံ သာသနဝံသပဋိပတ္တိပဝတ္တာဒယော ပဋိလိခိတ္ဝာ မမေဝ ပေသေတုံ ယာစာမိ။

အထ စ ပနိဒါနိ အမှေဟေဝ အာဂစ္ဆန္တော သံဃရတနသာမဏေရောပိ အမှာကံ သာသနဝံသိကပုဗ္ဗေ ဝုတ္တကလျာဏိတိဿတ္ထေရဝရဿ အန္တေဝါသိကော, သော သဒ္ဓါ ပသန္နော သိက္ခာကာမော တဿာစရိယောပိ ဒိဝင်္ဂတော၊ ဧသော ခေါ အမှာကံ ဥပသင်္ဃမ္မ ဒ္ဝိတ္တိကမ္မတ္တုံ တေဒဝေါစ "အဟံ ဘန္တေ ဝိဒေသဂမနံ ဣစ္ဆာမိ အမှာကံ သာသနဝံသံ ပရိပါလယန္တော ထေရာနုထေရာဒယော ပဿိတ္ဝာ ဝန္ဒိတ္ဝာ ပဋိသန္ထာရံ ကတ္ဝာ သစေ ဘန္တေ တုမှေ ဣစ္ဆထ ဥပသမ္ပဒေတ္ဝာပိ အာဂမိဿာမိ၊ တံ မေ ဟိတာယ သုခါယ ဘဝိဿတိ 'ဒေထ ဘန္တေ ပဋိညံ စေဝ သာသနပဏ္ဏံ"တိ ယာစိ။ တသ္မာ မယံ သာဓုတိ ပဋိညံ ဒတ္ဝာ ဣဒံ သန္ဒေသပဏ္ဏမ္ပိ တဿ အဒမှ၊ တသ္မာ အယံ သံဃရတနော ဘဒန္တာယသ္မန္တာနံ ထေရဝရာဒီနံ သန္တိကမုပသင်္ကမ္မ ယံ ယံ ဝဒိဿတိ, တေ သဗ္ဗေယေဝ အတ္ထတော အနုပရိက္ခိတ္ဝာ ယံ အာယသ္မန္တာနမ္ပိ ယထာနုရူပံ ရုစ္စေယ္ယ၊ ဧတေသံ အနုကမ္ပာယ တံ တထေဝ ကာရာပေတုံ စေဝ ကာရာပိတံ နိယာမမ္ပိ လိခိတ္ဝာ အမှေ ပဋိပေသေတုံ ယာစာမိ။

ပုနာပရမ္ပိ နိဝေဒယာမိ ဣမသ္မိံ သီဟဠဒီပေ ဒါနိ သိယာမနိကာယိကာ မရမ္မဝံသိကာနံ အမှာကံ ဗဟုသော ဂရဟန္တိ တံ တုမှာကံ ဘဒန္တာနံ အတိသခ်ေပေန ဇာနာပေမ၊ တုမှေ အာယသ္မန္တာ ပန ပေါရာဏကသီဟဠူပသမ္ပဒါဝံသတော အာဂတဘာဝံ ဝဒေထ ဧဝံ သန္တေ ပေါရာဏကသီဟဠူပသမ္ပဒါယ ပုနပ္ပုနံ ဒဋ္ဌကမ္မာဘာဝေါ ကလျာဏိပွကရဏေပိ ဒိဿတိ ဣဒါနိ ပန မရမ္မဝံသိကာနမ္ပိ ရာမညဝံသိကာနမ္ပိ ဥပသမ္ပဒါယ ဒဋ္ဌကမ္မံ ဝိဇ္ဇတိ တေသု တံ စိရကာလတော ပဋ္ဌာယ ဝိဇ္ဇမာနဘာဝေါ ပညာယတိ တထာပိ အမှာကံ ဥပသမ္ပဒါ ပေါရာဏကသီဟဠူပသ္မပဒါပရမ္မရာယေဝါတိ ဝဒန္တိ တံ အမှေ ကေန သဒ္ဒဟာမိ၊ ယဒိ တုမှာကံ ဒ္ဝိန္နမ္ပိ နိကာယာနံ ဥပသမ္ပဒါ ပေါရာဏကသီဟဠူပသမ္ပဒါ ဘဝေယ္ယ၊ န တေသု ဒဋ္ဌကမ္မံ ဝိဇ္ဇတိ၊ အပိ စ ရာမာဓိပတိ မမ္မစေတိယရညာ ရာမညဒေသေ ပတိဋ္ဌာပိတသီဟဠူပသမ္ပဒါဂဟိတာနံ ဘိက္ခူနံ စိဝရဗန္ဓနံ အတ္ထိ ဘမုကာယ သမုဋ္ဌိတလောမေဟိ သဒ္ဓိံ ကေသော့ရောဟနမ္ပိ အတ္ထိ ယဒိ တုမှာကံ ဥပသမ္ပဒါ

သာယေဝုပသမ္မဒါ ဘဝေယျ, တုမ္ဟေပိ တာဒိသာယေဝ ဘဝိတမ္ဗာတိအာဒိနာ နယေန အနေကဝိဟိတံ ဝိဝါဒကထံ အမ္ဟေဟိ ကထေန္တိ၊ တမိ သာရတော ပစ္စေန္တော ကေစ္စေ မရမ္မဝံသိကာပိ ဒဋ္ဌကမ္မတ္ထာယ တထေဝ ဝိဝဒန္တိ၊ ဒဋ္ဌကမ္မာမိဿကပရိသုဒ္ဓိုပသမ္မဒါပဝတ္တာအညနိကာယော အမရပုရေ အတ္ထိတိ စ ဝဒန္တိ အမ္ဟေ တံ န သဒ္ဒဟာမ၊ တသ္မာ သံဃရာဇဝရတ္ထရဓုရန္ဓရာဒယော ဘဒန္တာ အမှာကံ အနုကမ္ပံ ဥပါဒါယ ဣမသ္မိံ ဒီပေ ဝိဝဒန္တာနံ ဒုလ္လဒ္ဓိကာနံ ဧတေသံ ဝိဝါဒမောစနတ္ထာယ ဒဋ္ဌကမ္မံ အကရောန္တော မဟိန္ဒပရမ္ပရာဂတအညနိကာယော အပရန္တာမရပုရေ အတ္ထိတိ ဝါ နတ္ထိတိဝါ မရမ္မရာမညဝံသိကေဟိ ဒဋ္ဌကမ္မံ သာရတော ပဝတ္တနဘာဝံ ဝါ အပဝတ္တနဘာဝံ ဝါ လိခါပေတ္ဝာ တဒနုရူပံ ဩဝါဒါနုသာသနံ ဒတ္ဝာ သဗ္ဗေ လံကာဝါသိမရမ္မဝံသိကာ ဒဋ္ဌကမ္မံ နိဿာယ အဝိဝဒန္တာ ဧကလဒ္ဓိကာ ဝိဟရန္တိုတိ အာဏံ ပတိဋ္ဌာပေတ္ဝာ လိခါပေတ္ဝာ သံဃရာဇဝရတ္ထရဓုရန္ဓရာဒိနံ ဝိနယညူနံ နာမေန စေဝ သစေ ဣစ္ဆေယျာထ ဘဒန္တာ ထေရဝရာ ရာဇာဓိရာဇဿ စ နာမေန ဟတ္ထသညံ ဒတ္ဝာ လဉ္ဆေတ္ဝာ မယှံ နာမဿ ပေသေတုံ ဒုတ္တိက္ခတ္တုံ ယာစာမိ။

ယဒိ ပနာယသ္မန္တော ဣမဿ ပဋိသာသနံ ဒဒန္တာ အာဘိပတ္ထိတမတ္ထံ သမ္ပါဒေယျုံ, တံ ဘဝေယျ မရမ္မသီဟဋ္ဌကေနိကာယိကာနံ သန္ဒေသပေသနေန စေဝ ကဒါစိ ကရဟစိ ဂမနာဂမနေန စ မိတ္တာသန္ထဝေါ စေဝ ဧကနိကာယိကဘာဝေါ စ ယဇ္ဇေဝံ ဒဋ္ဌတရော ဘဝေယျ ဧကံသေနေဝ သဗ္ဗာဿ သာသနာဘိဝုဒ္ဓိယာ ယတော အမ္ဟေ န သက္ခိဿာမ တတ္ထ တတ္ထ ဝိပ္ပကတာနိ စေဝ အာလုလိတာနိ စ ယာနိ ကာနိစိ ဓမ္မဝိနယပေါတ္ထကာနိ ဣတောစိတော အာဟရိတ္ဝာ စ သံသန္ဒေန္တာ သမေတုံ၊ တသ္မာယသ္မန္တော အသ္မိံ သာသနပဋ္ဌာ အတ္ထဗျဉ္ဇနာဒီဟိ ဝိရုဒ္ဓါနိ ပဒါနိ အာနာဒါယေဝ အပ္ပမာဒေန ပဋိသာသနံ ပေသေတု။

(၁) ဗုဒ္ဓဿ ခေါ ဘဂဝတော၊ ပရိနိဗ္ဗာနကာလတော။
ဒ္ဝိန္နံ ဝဿသဟဿာနံ၊ ဧကာဓိကစတုဿတေ။

(၂) ဝဿေ စ ပေါဋ္ဌပါဒသ္မိံ၊ မာသမ္ဟိ သုပ္ပတိဋ္ဌိတေ။
ဇုဏှပက္ခေ ဂုရုဝါရေ၊ ပေသိတန္တိ ဝိဇာနိယံ။

လံကာဂေါဠရာလျင်ဖွားရာဇာတိရှိသော ဘဒန္တဓိရာနန္ဒမဟာထေရ်မြတ်သည်လည်း သာသနာသက္ကရာဇ် ၁၄၀၄-ခုနှစ်တွင် ဥယျမမှာဘိဝံသ နတ်ရဲတောင်သာသနာပိုင်ထံ ရှည်လျားစွာသော သန္ဒေသတစောင်ကို ပေးပို့ ဆက်ကပ်စေခဲ့သည်။

(၁) အာသယာနုသယေဉာဏံ၊ ဗုဒ္ဓံ ဓမ္မံ သုဒေသိတံ။
သံဃံ စ တပ္ပဋိပန္နံ၊ ဝန္ဒာမိ သိရသာဒရံ။

(၂) ယဿာနုဘာဝတော ဒီပေ၊ နိကာယော မရပုရတ္ထေါ။
ဋ္ဌတော ဟိတာယ ပါဏိနံ၊ တံ စ ပါစရိယံ နမေ။

(၃) တိပေဋကောတိ လဉ္ဆနော – နေကဗျာကရဏာဒီသု။
ကုသလော ဓုရဓောရိယော၊ သာသနေ ဗုဒ္ဓဒေသိတေ။

(၄) ကာယစိတ္တုဇုကတာဟိ၊ သီလာစာရာဒိနာပိ စ။
သပရတ္ထပရော နိစ္စံ၊ သောဓေသိ ဇိနသာသနံ။

(၅) ရာဇာဘိသေကကာလမှာ၊ ယာဝ အဇ္ဇတနာ ပန။
နာသနေ အပရာဓိဿ၊ အနောကာသဿ ကာရကံ။

(၆) စတုသင်္ဂဟဝတ္ထူဟိ၊ ပဋ္ဌာဇ္ဇလာဒီဟိ။
အသမညော ဓရာဇူဟ၊ အဇ္ဇာနန္တိဂုဏဒ္ဓဟ။

(၇) သီရိပဏ္ဍိတသဒ္ဒေဟိ၊ မူလန္တေ ယောဇိတဝ္ဟယံ။
ရာဇာဓိရာဇံ သာသေတိ၊ ဘာဝနာဘိရတံ ဓုဝံ။

(၈) မရမ္မဝိသယေ လဲကာ–ဒီပါဒီသု နိဝါသိနံ။
မြမ္မဝံသိကသဇ္ဇေသံ၊ ဘိက္ခူနမနုသာသတိ။

(၉) တာရုပတိ ယထာကာသံ၊ မြမ္မရဋ္ဌမှိ သာသနံ။
မဟာပညော မဟာထေရော၊ ဇောတယေ ဂဏဇေဋ္ဌကော။

(၁၀) တံ သံဃရာဇပဝရံ သီရသာ နမေဟံ၊
ဥ ယျေသု ဓမ္မေသု မုနိဝ သေဋ္ဌံ။
အမှံ ပနာစရိယဝံသဓရံ သုမေဓံ၊
သဗ္ဗတ္ထ ပါကဋအသာဒိသကိတ္တိဃောသံ။

(၁၁) ဓုရေ ဝိပဿနာယံ စ၊ ဓုရေ ဂန္ထမှိ ဝါ ပန။
ပယုတ္တဝုဓုထေရေဓည၊ ဝန္ဒာမိ မြမ္မဝံသိကေ။

ဝိသုဒ္ဓဉာဏကရုဏာဓာရဗုဒ္ဓပစ္စေကဗုဒ္ဓအရိယသာဝကာနမုပ္ပတ္တိဋ္ဌာနတာယ ပသတ္ထဝရတရ-ဇမ္ဗုဒီပဿ ကိရိဋ္ဌမကုဋ္ဌသံကာသမရမ္မရဋ္ဌေ သဗ္ဗနဂရင်္သမပ္ပန္နာယ လောကိယသဗ္ဗမာနုသိကသမ္ပတ္တိ-နိစယဋ္ဌာနဘူတာယ ရတနပုဏ္ဏာဘိဓာနာယ ရာဇဓာနိယာ ကမ္မကိလေသဝိပါကဝဋ္ဋဘယတော အပဂတတ္တာ အဘယာချဝ္ဘဂဝတော ဇေတဝနာဒိအာရာမသဒိသတာယ အာရာမသင်္ခါတေ ကတဝိဟာရေ ဝါ အာယာမဝိတ္ထာရာဒိနာ စေဝ သုဝဏ္ဏရဇတာဒိဝိစိတ္တကမ္မမဟန္တတာယ ဝါ မဟန္တသီလက္ခန္ဓာဒိပရိပူရကာနံ ဝသနောကာသတော ဝါ သင်္ဃမဟန္တမုပဂတပရောသဟဿ-ဘိက္ခူနမာဝါသသုဝဏ္ဏလိမ္ပိတမဟာပါသာဒါလံကတတာယ ဝါ နေကနရပတိမကုဋ္ဌမဏိကိရဏနိ-ကရရဉ္ဇိတပါဒကမလယုဂလဿ သဒေဝသဒေဝန္တရဝိတတကိတ္တိနိကရဿ မဟန္တရာဇိဒ္ဓိသမန္နာဂ-တဿ မဟန္တဒါနသီလာဒီဟုပစိတပုညသဉ္ဇယဿ ဝိသုဒ္ဓခတ္တိယဝံသဇဿ သီရိပဝရဝိဇယာနန္တ-ယသပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇဿ နိစ္စမဟန္တဝတပဝတ္တနဋ္ဌာနတော ဝါ မဟန္တော,ကရဏသမ္ပတ္တျာ-ဒီဟိ စေဝ အာရက္ခသမ္ပတ္တျာဒီဟိ စ သတ္တာနံ ဘယဝိရဟိတဋ္ဌာနတော အဘယာချာဝေ့ သဒေသ-ဒေသန္တရရာဇရာဇမဟာမစ္စပုဒ္ဓသာသနိကအုပဒ္ဓသာသနိကဂဟဋ္ဌပဗ္ဗဇိမာဂတာနံ တေန တေန ကာရဏေန ရမ္မနဋ္ဌာနတော အာရက္ခသင်္ခါတေ ပသတ္ထဝရတရမဟာဘယာရာမနာမေ ဝိဟာရေ ဝသန္တဿ သဗ္ဗဥပဇ္ဈာယဂ်သံဃတ္ထေရဂုဏသမန္နာဂတဿ အမှာကံ ဂရုသမ္ဘာဝနီယညေယျဓမ္မာ-ဘိမုနိဝရဉာဏကိတ္တိသိရိဓဇမဟာသေနာပတိရာဇဂုရုနာမ သဗ္ဗမြမ္မဝံသိကသဓဂဏိန္ဒာဓိပတိနော ဘဒန္တာယသ္မတော သံဃရာဇမဟာထေရဝရဿ ပါဒဝန္ဒနေန ဇာနာပနတ္ထာယ လံကာဒီပေ

ဂါလုနဂရာသန္နေ ရတ်ဂမနာမဂါမေ မဏ္ဍလာရာမေ အဓုနာဝါ သမုပဂတေန လံကာဂေါဓသိရိ-သဒ္ဓမ္မဝံသပါလဓီရာနန္ဒာဘိဓာနေန လဒ္ဓသမ္မတိကေန အမရပုရနိကာယိကေန ဥပသမ္ပဒါယ တိံ သဝဿိကေန ထေရေန သာဒရဂါရဝေန ဣဒံ နိပစ္စကာရပုဗ္ဗင်္ဂံ သန္ဓေသပဏ္ဍံ ပေသိယတိ။

အထော သဒေသဒေသန္တရသာသနကဏ္ဍကမလန္ဓကာရဝေရာနံ သဟေတုကကုသလဝိပါက-ဇနိတ ယသိဿရိယ တေဇောဂုဏသမန္နာဂတ အမ္ဗာက မနာထ လံကာဒီပကတ္တာတ္ထပရတ္ထဂဝေသိနံ ပရမာတိဒ္ဓာဓာရံ ဘဒန္တမဟာထေရဝံရံ ဩကာသံ ကရောမိ၊ ယထာဘူတမတ္ထမေဝ အာရော-စေမိ ဣမသ္မိံ ဟိ သိရိလံကာဒီပေ ဒ္ဝေ နိကာယာ ဟောန္တိ၊ အမရပုရနိကာယော သျာမ-နိကာယော စေတိ၊ တတ္ထ အမရပုရနိကာယော နာမ သိရီပဝရဝိဇယာနန္တဿ တြိဘဝနာဒိ-တျာဓိပတိပဏ္ဍိတရာဇာဓိရာဇမဟာရာဇိနိ မြမ္မရဋ္ဌေ ရဇ္ဇမနုသာသနကာလေ အမရပုရာဘိဓာန-မဟာနဂရံ ဂန္ဓာ ဥပသမ္ပဇ္ဇိတ္ဝာ စ ဥပသမ္ပဒါ ဒဋ္ဌကမ္မံ ပတ္ဝာ စ အာဂတဉာဏဝိမလ-တိဿတ္ထေရ သဒ္ဓမ္မဝံသပါလသိရိမမ္မဂုန္ဓ ရာဇဂုရု ဂဏာစရိယတ္တေရာဒီဟိ ပဗ္ဗဇ္ဇုပသမ္ပဒါဒိကရဏ-ဝသေန ဝဘိုတမြမ္မဝံသိကဘိက္ခုသမူဟော ဝုစ္စတိ သျာမနိကာယော နာမ ကိတ္တိသိရိရာဇသိဟ-မဟာရဇော လံကာဒီပေ ရဇ္ဇာနုသာသနကာလေ သျာမရဋ္ဌတော အာဂတဥပါလိတ္တေရာဒီဟိ ပဗ္ဗဇ္ဇုပသမ္ပဒါဒိကရဏဝသေန ဝဘိုတဥပါလိဝံသိကဘိက္ခုသမူဟော ဝုစ္စတိ။ သော စ ခေါ သျာမနိကာယော အနေကာကာရေဟိ ပရလောကတ္ထိကာနံ ပိယသီလာနံ မနံ နုပီဏေတိ။

အမရပုရနိကာယေ သာလာဂမဇေဋကကုလတော, ကရာဝေဇေဋကကုလတော ဒုရာဝေ-ဇေဋကကုလတော ပဗ္ဗဇိတာနံ ဗဟုန္နံ ဧကီဘာဝေန ပဝတ္တသမူဟဝသေန စ ပစ္ဆာ သျာမ-နိကာယိကပဋိပတ္တိံ ဇိဂုစ္ဆိတ္ဝာ မူလဘူတသာလာဂမကုလိကထေရာနံ သန္တိကေ ပဗ္ဗဇ္ဇုပသမ္ပဒံ ပတ္တာနံ ဂေါယိဂမက္ကတိ ဝေါဟာရဂတကဿကကုလိကာနံ ဗဟုန္နံ ဧကီဘာဝေန ပဝတ္တသမူ-ဟေန စာတိ ပဋိပါဋိယာ စတ္တာရော သမူဟာ ဟောန္တိ။

သာလာဂမမနုဿာ နာမ ကောသလဇနပဒေ သာလာ နာမ ဗြာဟ္မဏဂါမတော အာဂန္ဓာ လံကာဒီပေ ဝါသမုပဂတဗြဟ္မဏာနံ ပဝေဏိယာ ဌိတာ အဇ္ဇာပိ သာလာဂါမတ္ထဝါစက "သလာ-ဂမ"ဣတိ သိဟဠဝေါဟာရေန ရာဇတောမုပေါတ္ထကာဒီသု ဝဝတ္ထိတမနုဿာ ဝုစ္စန္တိ၊ သာလိ, သာဂ်လိ,သာလိဂြာမာတိ တေသံယေဝ အန္တရေ ဧကေကောဠာသဿ ဝေါဟာရော ဒိဿတိ၊ ဧတေသု သမူဟေသု အန္တိမသမူဟော ဗဟုလံ သပရိဂမုအာဒိဒ္ဓရမလယရဋ္ဌဝါသိ၊ အညေ တယော သမူဟာ သမုဒ္ဒတီရေ ဝိထိယာ အာသန္နဂါမဝါသိနော၊ ဒ္ဝေတ္ဝာ တတိယသမူဟံ အညေ တယော သမူဟာ ဧကတောပိ ကမ္မာနိ ကရောန္တိ။

ဒုရတ္တာ ဝိသုံဘူတောပိ စတုတ္ထသမူဟော မူလသမူဟေ တာဝ အန္တောဂတော ဝိယ စတ္တာရောပိ ဝိသုံ ဝိသုံ ဥပသမ္ပဒါဒိကမ္မာနိ တတ္ထ တတ္ထပိ ကရောန္တိ၊ မူလသမူဟေယေဝ တာဝ ဓမ္မဓရာ ဝိနယဓရာ ပဝေဏိပါလကာ ဗဟုတရာ၊ အညသာမူဟိကေဟိ မူလဘူတသမူဟော ဝ သုန္ဒရတရော ဣတရေဟိ ဧတေသု သမူဟေသု ဓမ္မဝိနယံ အဇာနန္တော ဇာတိဝသေန အာ-စရိယပရမ္ပရာဝသေန ဗဟုမာနကာမတာယ မိဿကကထာ အာလာပသလ္လာပဥပလာပါဒိဟိ ဝိသတိံ သာနံ ဂဏံ ဗန္ဓိတ္ဝာ ကထဉ္စိ ပရိဟရန္တိ၊ တေန နိကာယော သုပရိသုဒ္ဓေါ နဟောတိ။

အနုညာတနယေန ပဗ္ဗာဇနီယာဒိကမ္မာရဟာနံ ကမ္မဝါစံ သာဝေတ္ဝာ ကမ္မကရဏမ္ပိ နပ္ပ-ဝတ္တတိ၊ နိဿယဒါယကဂါဟကာပိ ဒုလ္လဘာ၊ ကဒါစိ သံဃာဏံ ကရောတိ သာပိ ကဒါစိ

ဓမ္မိကာ ကဒါစိ အဓမ္မိကာ ဒုသိက္ခိတပဓာနမ္ပလိကေန တာဒိသေန သမ္ပဟေန ယထိစ္ဆိတမ္မိ ကရီယမာနတ္တာ တထာပိ ပုဗ္ဗကာလတော အတိရေကတရာ သိက္ခာကာမာ ကပ်ိယေ သေဝန္တာ ဘိက္ခု။ ဣဒါနိ တိဋ္ဌန္တိ။

အဟမ္ပန တ္တေကေနပိ ဓမ္မဝိနယေ ဝုဒ္ဓိပ္ပတ္တကာလတော ပဋ္ဌာယ ဒုပ္ပဋိပတ္တိနိဝါရဏေ သုပ္ပဋိပတ္တိဥဇုကရဏေ အနိက္ခိတ္တဆန္ဒော ဟောမိ၊ တဿ ပန ဝိရိယဿ မတ္ထကပ္ပတ္တိ ဝါ မနောသနမတ္တံ ဝါ န တာဝ ဇာတာ၊ ဓမ္မိကရာဇပုညဝန္တမဟာထေရပတ္ထမ္ဘဝိရဟအပ်တိရူပဒေသေ အခေတ္တေ ကတဿ ဝိရိယဿ သမဖလံ ဒိဿတိ၊ ဧဝံ သန္တေပိ ပုဒ္ဓသာသနဿ မနုဿတ္တဿ စ ဒုလ္လဘတ္တံ သလ္လက္ခေန္တေဟိ ဝိရိယမာရဘိတဗ္ဗမေဝါတိ သလ္လက္ခေမိ။

စတုသမ္ပဟိတေသု စေတေသု ဘိက္ခူသု မူလသမ္ပဟာဘိက္ခူနံ ဥပသမ္ပဒကမ္မကရဏတ္ထာယ နိယမိတော ဧကော ပဒေသော ဟောတိ **ဗလပိဋ္ဌိယနာမကော**၊ တတ္ထ မဟဒ္ဓနာမ ဂဏ်ါ စ ဟောတိ၊ သိလာထမ္ဘာနိ တတ္ထ နိခါတာနိ အဋ္ဌကရဏာယ ဥပသမ္ပဒါကမ္မကရဏကံ ဒိတသဗ္ဗသံဝစ္ဆရေသု အတိရေကသတမတ္တာဘိက္ခူနံ ပဟောနကံ ကမ္မေ နိဋ္ဌိတေ အပနယနာရဟံ ဥပေါသထာဂါရံ တဿံ နဒိယံ သိလာထမ္ဘမတ္ထကေ ကာရေတ္ဝာ တဒနုရူပဝေယျာဝစ္စေန သန္နိပတိတသဗ္ဗဘိက္ခူနံ သလမောန်ဒသောဝုသာအပ်ုဟာမိနာမကေန ဥပါသကေန အတ္တနောယေဝ ဃရေ သံဃတော လဒ္ဓဝရဝသေန စိရကာလတော ပဋ္ဌာယ ဒီယမာနံ ဒါနဝတ္ထုံ ဟောတိ၊ ဣတော ပန ပန္နရသမေ ဝသေ တတ္ထ ကိစ္စကာရကေဟိ ဥပေါသထာဂါရဋ္ဌကဿ ဖာသုကမာရောဟဏတ္ထာယ အဋ္ဌကမနာဟစ္စ ရတနဒ္ဒိရတနမတ္တံ အန္တရံ ဒဿေတ္ဝာ ဂါမေန သမ္ပန္နသေတုကတော အဟောသိ၊ တတော ပဋ္ဌာယ ပုနပိ ဒသဝဿံ ဧဝမေဝံ ကတော၊ န ကေနစိ တံ သလ္လက္ခိတံ၊ ဧဝံ သေတုရဇ္ဇုပါရောဟာဒီသု ဥဒကုက္ခေပဘဏ္ဍန္တရံ ပတ္ဝာ ဌိတေ သသံကရဒေါသောတိ ဣတော ဒဿမေ ဝဿေ ပုဗ္ဗေ လက္ခဏံ ဇာနမာနေနပိ မယာ သရိတော အထာဟံ အစိရာယိတ္ဝာ တံ ကာရဏံ အာယသ္မန္တံ အတ္တနော အာစရိယံ ကေဝိဟာရဝါသိံ ဂဏာစရိယမဟာထေရမာရောစေသိ၊ အဋ္ဌကထာဒီသု အာဂတတန္တိပကဋ္ဌာနာနိ ဒဿေသိ၊ သော စ မဟာထေရော အတ္ထံ သလ္လက္ခေသိ၊ ဧဝံတိ မယာ ဝုတ္တဝစနမ္ပိ သမ္ပဋိစ္ဆိ။

တဿံ အသုဒ္ဓသီမာယံ ဥပသမ္ပဒါဝေါဟာရပ္ပတ္တာသမီပဂါမဝါသိနော သန္နိပါတေတ္ဝာ ဒေါဒုန္နဝဂ္ဂတိ ဝေါဟာရံ ဂတဂါမေ ဂဏ်ါယံ ပုန ဥပသမ္ပဒါကမ္မဿ ကာရာပနေန ဇောသေသိ၊ တဿံ အဂ်ါယမ္ပိ ကရောဝေတိ ဝုတ္တသမ္ဘိကဘိက္ခူနံ ကမ္မကာရဏတ္ထာယ ကတအဋ္ဌကော တဒါ ဌိတော, သေတု ဂါမသမ္ပန္နေန အဋ္ဌကမနာဟစ္စ မဟာဒုဂဏ်ါယ သေတု ဝိယ ဌိတော, သယမေဝ တဒါ ဂဏာစရိယမဟာထေရော တံ သေတုံ အပနယာပေတ္ဝာ တံ ကမ္မံ ကာရေသိ၊ အထ ဒ္ဝေရပဒေသေ ဝါလုကာတိတ္ထနာမေ ဂါမေ ဝဿန္တောနမ္ပိ အသုဒ္ဓသီမာယ ဥပသမ္ပဒါဝေါဟာရမုပဂတာနံ ဥပသမ္ပဒါကမ္မကာရာပနတ္ထာယ ဂဏာစရိယမဟာထေရဿာနုညာယ **ဓမ္မာဓာရတိဿတ္ထေရာဒီနံ** သာသနံ ပေသေသိ၊ တံ သုတ္ဝာ သော ထေရော သံဃံ သန္နိပါတေတ္ဝာ "ဣတ္ထန္နာမေန ဧဝံ သာသနံ ပဟိတံ ကထံ အမ္ဟေဟိ ပဋိပဇ္ဇိတဗ္ဗံ"တိ ကထံ ဥပ္ပါဒေသိ အထ ကေစ္စေ ယထာ သာသနံ တထာပဋိပဇ္ဇိတဗ္ဗန္တိ အာဟံသု အထ တသ္သေဝ ထေရဿ သိဿော ဉာဏာနန္ဒတိဿော စ အညေ ဗလပိဋ္ဌိယေတိ ဝေါဟာရံ ဂတထေရော စ တဒနုဝတ္တကထေရာဒယော စ "န တထာ ပဋိပဇ္ဇိတဗ္ဗံ, သံဃမဇ္ဈေ တေန သဒ္ဒိံ ဓမ္မသာကစ္ဆံ ကရိဿာမာ"တိ ဝတ္ဝာ နိဝါရေတ္ဝာ ဒုဝေ ဝိဟာရေတိ နာမကေ သံဃံ သန္နိပါတေတ္ဝာ မယာ သဒ္ဒိံ ဝိဝါဒမာရဘိ်သု၊ တဒါ သန္နိပတိတသံဃမဇ္ဈေ

အဋ္ဌကထာဋီကာဒီသု အာဂတနယေန ယထာဝုတ္တာကာရေန အဋ္ဌကမနာဟစ္စာပိ သိမာပရိစ္ဆေဒဘဉ္ဇန္တရံ ပဝိသိတ္ဝာ ဂါမသမ္မုန္ဒသေတုအာဒိမှိ ဌိတေ သံကရဘာဝေါ မယာ ဝုတ္တော၊ အထ ဂဏ္ဌာစရိယမဟာထေရော အဋ္ဌကမနာဟစ္စ ဌိတောပိ သေတုကမ်ံ န ကောပေတိ၊ အဋ္ဌကထာနယော နိဿာရောတိ ဉာဏာနန္ဒတိဿာဒီနမေကေနာကာရေန ပက္ခေါ ဇာတော။

ပုန သံဝစ္ဆရေ ကာလတိတ္ထနာမပဒေသေ တာလရုက္ခဝတ္ထုနာမကာဝါသေပိ သံဃံ သန္နိပါတေတ္ဝာ ဉာဏာနန္ဒတိဿောယေဝ ဣမမတ္ထာယ မယာ သဒ္ဓိံ ဝိဝါဒမကာသိ၊ တတ္ထပိ သန္နိပတိတာ သံဃမဇ္ဈေ အဋ္ဌကထာဒီသု အာဂတနယေနေဝ သေတုအာဒိမှိ ယထာဝုတ္တာကာရေန ဌိတေ သံကရော ကမ်ံ စ ကုပ္ပတီတိ မယာ ပါကဋီကတော ပုန တတိယေ သံဝစ္ဆရေ ပညာမောလိဘိက္ခုနော နိဝါသေ ဗုဒ္ဓသာမအာဝါသေ သံဃသန္နိပါတကာလေ ဂဏ္ဌာစရိယမဟာထေရော စ အဟံ စ နိသီဒိတ္ဝာ ဂဏ္ဌာစရိယမဟာထေရေန ဝုစ္စမာနအသံကရဘာဝါနုရူပကထာယ သရဏပါလတ္ထေရပညာမောလိအာဒိကတိပယဘိက္ခူ။ နိယမေတ္ဝာ မယာ ဝုစ္စမာနာယ သံကရဘာဝါနုရူပကထာယ သိရိသုမနတိဿ, ပညာသိဟာဒိကတိပယဘိက္ခူ။ နိယမေတ္ဝာ အန္တရန္တရေ အတ္ထနော အတ္ထနော လဒ္ဓိယာနုရူပနယဒါနေန တေဟိ သံဃမဇ္ဈေ ကထာပယိမှ။

တဒါပိ ဝုတ္တနယေနေဝ တေ သိရိသုမနတိဿပညာသိဟာဒယော အဋ္ဌကမနာဟစ္စာပိ သိမာပရိစ္ဆေဒဘဉ္ဇန္တရံ သေတုရဇ္ဇုအာဒိမှိ ပဝိသိတ္ဝာ ဌိတေ သံကရော ကမ်ံ စ ကုပ္ပတီတိ ပကာသေသုံ၊ ဝစနပဋိဝစနေဟိ သဘာဃ အာစရိယာနံ ဝစနပထဆိန္ဒနေန ဒေါမနဿုပ္ပါဒနတ္ထံ ဧဝံ ကာရာပိတံ, ဧဝံ ဝါရေန ဝါရေန သဘာသု သံကရလက္ခဏဒီပကကထာယ ဝတ္တမာနာယ အနုက္ကမေန ဗဟူ ထေရာဒယော ဘိက္ခူ။ မယာ ဝုတ္တာကာရေန သံကရဒေါသံ သလ္လက္ခေသုံ။

ပုန ဣတော ဆဋ္ဌေ ဝဿေ အသုကဒိဝသေ အသုကဋ္ဌာနေ သံဃော သန္နိပတိဿတီတိ ဣမာယယေဝ သံကရကထာယ ပစ္စုတ္တရဋ္ဌာနာယ တတ္ထ အာဂန္တုဗုဒ္ဓိံ ဂဏ္ဌာစရိယမဟာထေရေနေဝ ဝါလုကာရာမတော အညတ္ထ ဌိတဿ မယ္ဟံ သာသနံ ပေသေသိ၊ အထာဟံ "သကပရိသမဇ္ဈေ ဧဝံ တိက္ခတ္တုံ မယာ ပစ္စုတ္တရံ ဒိန္နံ ဓမ္မဝိနယဓရပမုခပရိသာယ သဒ္ဓိံ သကပရိသံ ဧကေတော ကတ္ဝာ ဇာနာပေယ္ယ, ပါပုဏိဿာမိ, နော စေ န ပါပုဏိဿာမီ"တိ ပဋိသာသနံ ပါဟေသိံ၊ တဒါ တေ ဉာဏာနန္ဒတိဿာဒယော ဝိဝါဒကာရကာယေဝ ဒုဝေတိ ဝေါဟာရံ ဂတဂါမေ ဝိဟာရေ သန္နိပတိတ္ဝာ အတ္တနော ဝစနဂါဟကာနံ အညမညဉ္စတိမိတ္တသဒ္ဒိသတ္တတိမတ္တဘိက္ခူနံ မတိယာ "ဣတ္ထန္နာမော အဓမ္မံ အဝိနယံ ဒီပေတိ သံဃဘေဒကော'ယံ နေသော ယာဝ ပစ္စုတ္တရံ ဒေတိ, န တေန သဒ္ဓိံ ဓမ္မာမိသသမ္ဘောဂေါ ကာတဗ္ဗော"တိ အာဒိနာ အသန္ထာဂုဏရော်ပနကလေခနံ ဂဏ္ဌာစရိယမဟာထေရေန လိခါပေတ္ဝာ သံဃာဏာဝစနေန ယထာ ယသတ္ထေရံ ဝဇ္ဇီပုတ္တကာ မံ ပကာသေသုံ။

အထာဟံ ကတိပယဒိဝသေနေဝ တံ လေခနံ သံဃသ္သ ယုတ္တိကာမေန ဒတ္ဝာ ကောသမ္ဗေါဋနာမကေ ဂါမေ ဂနေဂေါဋ္ဌယ်လ်လနာမကေ ဝိဟာရေ အသုကဒိဝသေ သံဃော သန္နိပတိတ္ဝာ၊ ဣတ္ထန္နာမဿ အဓိကရဏဿ သမနာယာတိ ဂဏ္ဌာစရိယမဟာထေရသမာနဝဿိကရောဟဏဇနပဒဝါသိဓမ္မဝိနယဓရဓမ္မဒိန္နတ္ထေရေန လေခနာနိ ပဟိဏာပေတ္ဝာ ဂဏ္ဌာစရိယမဟာထေရဉာဏာနန္ဒတိဿာဒီနမ်ိ အဝိရာဓေတ္ဝာဝ တံ ဌာနံ ပါပုဏနတ္ထာယ လေခနာနိ ပဟိဏာပေသိံ၊ ဌပေတ္ဝာ ဂဏ္ဌာစရိယမဟာထေရဉာဏာနန္ဒတိဿာဒယော အညေ ဓမ္မဝိနယဓရာ

သိက္ခာကာမာ မူလသမူဟေ ပဓာနထေရာနုထေရာဒယော အတိရေကသတမတ္တာ ဥပသမ္ပန္နာ ဒ္ဝိသတသခ်္ဂါ ဗဟူ ဘိက္ခူ။ သန္နိပတိ ံသု၊ ဗဟုဇနကာယော သမာဂတော စိရေန တာဒိသော မဟာသန္နိပါတော နာဟောသိတိ ဝဒန္တိ။

တဒါ အဟံ သံဃမဇ္ဈေ အဒ္ဓကမနာဟစ္စာပိ ဥဒကုက္ခေပဗ္ဘန္တရံ ဂါမသမ္မဒ္ဒသေတုရဇ္ဇုပါ-ရောဟာဒီနံ ပဝိသိတ္ဝာ ဌာနံ ကမ္မကောပကရသီမာသံကရဒေါသောတိ အဋ္ဌကထာဒိတော သဉ္ဇာဟရဏကာရဏာနိ အာဟရိတ္ဝာ ပကာသေတ္ဝာ သုဋ္ဌုတရံ ဝိနိစ္ဆယံ ကာရာပေသိ ံ၊ သန္နိပတိတပရိသတိ ပဓာနဓမ္မဒိန္နတ္ထေရဝရော ဝုတ္တနယေန သံကရဒေါသဘာဝသဒ္ဒဟာပနာယ သန္နိပတိတသင္ဃဘိက္ခူဟိ မကစိဝတ္ထေ ဟတ္ထသညာကာရာပနဝသေန အတ္တနော အတ္တနော နာမာနိ လိခါပေတ္ဝာ ဂဏာစရိယမဟာထေရေန အနုရူပံ လိခါပိတံ လေခနံ ကေနစိ နသမ္ပဋိစ္ဆိတဗ္ဗံ, နသဒ္ဒဟိတဗ္ဗန္တိ ပဋိလေခနာနိ ဝဝတ္ထာပေတ္ဝာ ယာဝ တေ ဉာဏာနန္ဒတိဿာ-ဒယော ဓမ္မလဒ္ဓိယံ နပတိဋ္ဌဟန္တိ, ယာဝ စ တေ အသုဒ္ဓသီမာယံ ဥပသမ္ပဒါဝေါဟာရပတ္တာ အနုညာတနယေန ဥပသမ္ပဒ်ဿန္တိ, နတာဝ တေဟိ ဓမ္မာမိသသမ္ဘောဂေါ ဓမ္မလဒ္ဓိကေဟိ ဘိက္ခူဟိ ကာတဗ္ဗောတိ စ ယာဝ တေ ဓမ္မလဒ္ဓိယံ နပတိဋ္ဌဟန္တိ၊ "အဓမ္မဝါဒီ ဝုစ္စုတရော အဝန္ဒိယော"တိ အာဂတတ္တာ တေ ဓမ္မလဒ္ဓိကေဟိ နဝန္ဒိတဗ္ဗောတိ လေခနေ လိခိတ္ဝာ ပတ္ထဋ္ဌံ ကာရေသိ၊ တတော ပဋ္ဌာယ သဋ္ဌိသတ္တတိမတ္တာ တေ ဂဏာစရိယမဟာထေရာဒယော အပ-သက္ကဋ္ဌိတာ ဟောန္တိ။

အထ မြမ္မရဋ္ဌဂ်တဓမ္မက္ခန္ဓဘိက္ခုနော ဟတ္ထေ ဘဒန္တသံဃရာဇမဟာထေရဝရေန ပေသိတ-သီမာဝိနိစ္ဆယဿ ပကာသနေန သုဋ္ဌုတရံ ဓမ္မမေဝ ဝိနယမေဝ ဌိရတရံ ဇာတံ၊ ဒုတိယဝါရေ မဟာထေရေန ပဟိတသာသနပဏ္ဍာနိ ဝါ သံကရာသံကရဘာဝသလ္လက္ခဏာယ လဉ္ဆိတစိတ္တိကတ-ကမ္မာနိ ဝါ အမ္ဗေဟိ ဝါ အညေဟိ ဝါ ဗဟူဟိ နာ ဒိဋ္ဌာနိ၊ ဝိတ္ထာရေန စ နသုတံ အပိစ သီမာဝိနိစ္ဆယမေဝ သံကရာသံကရဘာဝဇာနနာနုရူပေန စိတ္တိကတကတိပယံ ပဏ္ဍာနိ စ ပေသိ-တာနိတိ သုတံ ဟောတိ၊ အထ တတိယဝါရေ သီမာသံကရဝါဒေန ဘိန္နဿ သံဃဿ သာမဂ္ဂိ-ကရဏတ္ထာယ ပရမာနုဒ္ဒိဟာရဝါသိနော အာယသ္မတော သိရိသုမနတိဿဿ ဗုဒ္ဓသာမကေ ဂါမေ တန္နာမကဝိဟာရဝါသိနော ပညာမောလိ စာတိ ဒ္ဝိန္နံ ဘိက္ခူနံ မဟာထေရာသဘေန-ယံ သာသနပဏ္ဍံ ပဟိတံ၊ တံ အာယသ္မတာ သိရိသုမနတိဿေန အမ္ဗာကံ သန္တိကေ ဝါစိတံ ဟောတိ၊ မယံ ပန ပုဗ္ဗကာလတော ပဋ္ဌာယ ဓမ္မာနုလောမတော တေဟိ သဒ္ဓိ ံ သာမဂ္ဂိ-မုပဂန္တုကာမာဝ ဌိတာ၊ ဂဏာစရိယမဟာထေရာဒယောပိ အတ္တနော ဒိဋ္ဌိ ံ ရုစိ ံ အဝိဇဟန္တာဝ အဓမ္မာဝိနယာနုလောမတော အမ္ဗေဟိ သဒ္ဓိ ံ သာမဂ္ဂိမုပဂန္တုကာမာဝ ကတိပယံဝါရေ တဒတ္ထာ-ယ ဝါယမန္တာ ဌိတာ မဟာထေရဿ အာနုဘာဝေန ဣမသ္မိ ံ ဝါရေ ဓမ္မဝိနယာနုလောမ-တော တံ သာမဂ္ဂိရသံ အနုဘဝေယ္ယာတိ စိန္တေန္တေဟိ အမ္ဗေဟိ အညဝါဒပက္ခိကဂဏာစရိယ-မဟာထေရာဒီဟိ သဒ္ဓိ ံ မဒ္ဒဝါနုရူပဝသေန ကတ္တဗ္ဗကာယဝစီကမ္မာဒယော ယထာသတ္တိ ံ ကတာ။

အထာယံ သံဃသာမဂ္ဂိကရဏတ္ထာယ မဟာထေရဝရေန ပဟိတသာသနလာဘီဟိ ပဋ္ဌိ-ပဋ္ဌိတဝိဓိဿ စ အသာမဂ္ဂိမုပဂတာနံ သမာနာနံ သာမဂ္ဂိပဋိဇာနန္တာနမေကစ္စာနံ ဘိက္ခူနံ ဇိမ္ဟာကပ္ပါဝဗောဓနာရဟာယ ယထာညတ္တာနိ စ လိခိယတိ၊ ယထာ လံကာဒီပေ ဌပေတ္ဝာ

နဂရာသန္နပဒေသေသု သာလာဂါမမနုဿာနံ နိဝါသဂါမေသု ဗဟုလံ သာလာဂါမကုလဇ-ဘိက္ခူနံ နိဝါသဂါမာ ဟောန္တိ, တထာ ဂေါယိဂမ, ကရာဝေ, ဒုရဝေတိ ဝေါဟာရဂတမနုဿာနံ နိဝါသဂါမေသု တံတံကုလဇဘိက္ခူနံ အာရာမာ ယသ္မိံ ယသ္မိံ သမူဟေ ယေန ကေနစိ ကာ-ရဏေန ဘေဒေါ ဘဝေယျ၊ တံတံသမူဟိကဘိက္ခူသုယေဝ တေသံ တေသံ ဘိက္ခူနံ နိဝါသာ-ရာမာဒိကာရကတံတံဂါမိကမနုဿေသု စ ဗလဝါ ဟောတိ၊ အယံ ဧေါ သံကရဝါဒေါ သာလာ-ဂါမသမူဟိကဘိက္ခူနမန္တရေ ဇာတတ္တာ ဘေဒေါပိ တေသံ နိဝါသဂါမေသု မနုဿေသု ဗလဝါ ဟောတိ၊ တသ္မာ မူလသမူဟိကသာလာဂါမကုလဇာတိပက္ခိကဘိက္ခူ သန္နိပါတေတ္ဝာ တေသံ နိဝါသာရာမေသု ယသ္မိံ ကိသ္မိဉ္စိ ပါကဋာရာမေ မူလတော ပဘုတိ သံဃေပေန ဝါ ဝိတ္ထာရေန ဝါ တိက္ခတ္တုံ ပဟိတာနံ သံဃရာဇမဟာထေရသာသနာနံ ဘာဝတ္ထံ ပကာသေတ္ဝာ သံကရာ-သံကရဘာဝဗောဓာရဟာနိ စိတ္တီကတပဏ္ဏာနိ ဒဿေတ္ဝာ သဗ္ဗသမဏာပရိသံ ဂဟဋ္ဌပရိသံ ဗောဓေတ္ဝာ အဓမ္မဝါဒိနော ဓမ္မဝါဒိတာယ ပတိဋ္ဌာပေတ္ဝာ ပဌမံ အဓမ္မဝါဒိဟိ ဓမ္မဝါဒိနံ သန္တိကေ အစ္ဆယဿ ဒေဿာပနေန ဓမ္မဝါဒိနော ခမာပေတ္ဝာ ဓမ္မဝါဒိဟိပိ တဒနုရူပံ ကာရာပေတ္ဝာ အသုဒ္ဓသီမာယ ဥပသမ္ပဒဝေါဟာရပ္ပတ္တာနံ ဘိက္ခုပဋိညာနံ အနုပသမ္ပန္နာနံ ဥပသမ္ပဒါယ ကာရာပနေန စေဝ သီမာလံကာရနယေန ပုဗ္ဗဝဿေ အဂဏေတ္ဝာ တတော ပဋ္ဌာယ ဝဿဂဏနာယ ကာရာပနေန တိပက္ခိကဘိက္ခူ တောသေတ္ဝာ အဓမ္မာဝိနယဝဗောဓနေန အပါယမဂ္ဂဋ္ဌိတဂဟဋ္ဌေပိ ဓမ္မဝိနယာဝဗောဓနေန တတော မောစေတ္ဝာ သံဃသာမဂ္ဂိံ ကာရေတ္ဝာ အကုဋိလဟဒယေဟိ သာဒရဂါရဝေဟိ မဟာထေရာ ယထာဘူတပဝတ္တိယာ သန္ဒေသပဏ္ဏံ ပဟိဏိတဗ္ဗံ ဟောတိ၊ နေဒိသာ သာမဂ္ဂိ တာဝ ကေနစိ ကာရာပိတာ။

သံကရဝါဒေန ဘိန္နသံဃာ သာမဂ္ဂိကရဏတ္ထာယာတိ ပါကဋံ ကတ္ဝာ သာလာဂါမမနုဿာနံ ဝါ တဇ္ဇာတိကဘိက္ခူနမာရာမာနံ ဝါ အပ္ပဝတ္တာနကကရာဝေမနုဿာနံ အမ္ဗလံဂါဋ္ဌနာမကေ ဂါမေ ကရာဝေတိ ဝေါဟာရမုပဂတဒုတိယသမူဟဘိက္ခူနံ နိဝါသာရာမေ ဆန္ဒာဂတိဝသေနာဂတာ အတိက္ကန္တာ အာသဇ္ဇိမာသာသာ သုက္ကပက္ခဒသမိယံ ဂုရွဝါရေ ဂါမောဒကုက္ခေပသီမာ သမ္မန္နဒေါသ-ပကာသကအဋ္ဌကထာနယာသာဂါဟကဂဏာစရိယမဟာထေရာဒီနံ စ သံဃရာဇမဟာထေရဝရေန ပဟိတသီမာဝိနိစ္ဆယေ ဒိဿမာနအဋ္ဌကထာနယမေဝ သာရတော ဂဟေတ္ဝာ ဌိတာနမမ္ပာကံ စ အဋ္ဌကမနာဟစ္စ ကေဂုံလဒ္ဓဂုံလာဒိပမာဏန္တရံ ဌပေတ္ဝာ ဂါမသမ္မန္နဿေတုအာဒိမ္ပိ ဥဒကုက္ခေပ-ပရိစ္ဆိန္နဋ္ဌာနဇ္ဈန္တရံ ပဝိသိတ္ဝာ ဖုသိတ္ဝာ ဌိတေ ကုန္နဒီအာဒိသု ဝိယ သေတုအာဒိနံ ကောဏေ သိမာ ပရိစ္ဆိဇ္ဇတိ၊ နတ္ထိ သံကရောတိ လဒ္ဓိကဝါဒိနံ ကာလကတဉာဏာနန္ဒတိဿာစရိယဓမ္မာဓာရ-တိဿာဒီနံ စ နိပက္ခိကာနံ စ ဓမ္မာဓမ္မဝစနေဟိ ကေ ဝါ ဓမ္မဝါဒိနော, ကေ ဝါ အဓမ္မဝါဒိနောတိ ကခ်ါပရေတာနံ ပဒုဋ္ဌစိတ္တာနံ သာလာဂါမိကာဒိမနုဿာနံ သန္နိပတနာယ မဟာထေရဿ သာသနလာဘိ သိရိသုမနတိဿော ဘိက္ခု မုခဿာသနေဟိ စ လေခနေဟိ စ ဇာနာပေသိ၊ ဂဏာစရိယမဟာထေရာဒယော ကတိပယာရာမဝါသိ ဘိက္ခူ စ မယံ စ ဉာဏာနန္ဒတိဿဿ ယထာဝုတ္တလဒ္ဓိမနုဝတ္တကစတုပဉ္စဘိက္ခူ စ အညေ ကရာဝေတိဝေါဟာရံ ဂတဿမူဟိကဘိက္ခူ စာတိ သဗ္ဗေ သဋ္ဌိသတ္တတိမတ္တာ ဘိက္ခူ တံဂါမဝါသိနော စ ဗဟူ မနုဿာ အညဂါမဝါသိနော စ အပ္ပကာ မာဂဓဘာဿာယ ကတပရိစယ **သလမောန်ဒါသောဝုသာ**အပ္ပုဟာမိ နာမ ဥပါသကာဒယော စ အပ္ပကာ, အာရက္ခတ္ထာယ စ သမီပါဓိကရဏသာလာယ ဝိနိစ္ဆယဋ္ဌာနန္တရနိယုတ္တမိစ္ဆာဒိဋ္ဌိက-ဂေလိဿာမစ္စေန သဒ္ဓိံ ဗုဒ္ဓသာသနိကမာဂဓဘာဿာယ ကတပရိစယဝိဇယဂုဏရတနအာဘယသိ-

ဟမုဒလိအမစ္စော ဂါမမနုဿကောလာဟလနိဝါရကကတိပယဂဟဋ္ဌာ စ တံ ဌာနံ သမ္ပတ္တာ အဟေသုံ။

တေသု ဘိက္ခုသံဃော တတ္ထ ဌိတာယ သာလာယ ဩသုရိတ္ဝာ နိသီဒိ သု၊ ဘိက္ခူနံ သမီပေ အာရက္ခကမိစ္ဆာဒိဋ္ဌိအမစ္စော စ သီဟဠမုဒဋ္ဌိအမစ္စော စ သလမောန်ဒသောဝုသာ အပ္ပုဟာမိ-အာဒယော ကတိပယပဓာနမနုဿာ စ တတော ပရံ အညမနုဿာ စ အဋ္ဌသု၊ တဒါ သီရိသုမနတိဿဘိက္ခု စ ပညာမောလိဘိက္ခု စာဒိ ဒ္ဝေ ဘိက္ခူ ဥဋ္ဌာယာသနာ သံဃရာဇမဟာ-ထေရဿ ဝယေန ဝုဿ္ဍတ္ထေရာနံ သန္တိကမုပဂမ္မ မြမ္မရဋ္ဌေ သံဃရာဇမဟာထေရဝရဝစနေန ဝန္ဒာမာတိ ဝန္ဒိ သု၊ ဝန္ဒိတ္ဝာ သံဃမဇ္ဈေ သီရိသုမနတိဿေန ဘိက္ခုနာ မဟာထေရဝစနေန ပဟိတံ တတိယသာသနပဏ္ဏံ ပါဋိဘာသာဝသေန မူလတော ပဘုတိ ယာဝ ပရိယောသာနံ ဝါစေသိ၊ အထ တဿေဝ သာသနပဏ္ဏဿ ဗျဉ္ဇနစ္ဆာယာယ ကဠိ သီဟဠဘာသာရုဠှံ လေခနံ မူလတော ယာဝ ပရိယောသာနံ ဝါစေသိ၊ ဝါစေတ္ဝာ သံဃရာဇုတ္တမေ ဂါရဝဝသေန သံဃော သမဂ္ဂေါ ဟောတူတိ သံဃံ ယာစိ ဂဏာစရိယမဟာထေရော သံဃရညော သာသနပ္ပကာရေန မယံ သမဂ္ဂါ ဟောမာတိ အဝေါစ၊ အန္တေဝါသိကာပိ အညေ, မယမ္ပိ တထာ အဝေါစုမ္ဟ၊ အထ အမ္ဗေဟိ သမာနလဒ္ဓိကာနံ ကတိပယဘိက္ခူ သံဃရာဇုတ္တမေန ပဌမဝါရေ ဒုတိယဝါရေ စ ပဟိတသာသနပဏ္ဏာနံ သခ်ေပတ္ထံ ဣမိဿံ ပရိသာယံ ဝါစေတ္ဝာ ပကာသေထာတိ သီရိသုမန-တိဿပညာမောလိဘိက္ခူ ယာစိ သု။

အထ တေ ဒ္ဝေ ဘိက္ခူ နံ မယံ တာနိ သာသနပဏ္ဏာနိ ဣဓ အာဟဋ္ဌာနီတိ အဝေါစုံ၊ အထ အမ္ဟာကမေဝ သမာနလဒ္ဓိကာနမညတရော မယ့် အန္တေဝါသီ ပညာသိဟော ဘိက္ခု "မယ့် ဟတ္ထေ ပဌမဝါရေ ပဟိတသီမာဝိနိစ္ဆယမတ္တံ ဝိဇ္ဇတိ၊ တတ္ထာဂတနယံ သံခေပေန ပကာသေဟိတိ ဝတ္ဝာ အန္ဓကမနာဟစ္စ ဥဒကုက္ခေပပရိစ္ဆေဒဗ္ဘန္တရေ ယတ္ထကတ္ထစိ ဂါမသမ္မန္နသေတုအာဒိမှိ ဖုသိတ္ဝာ ဌိတေ သံကရော, ကမ္မံ စ ကုပ္ပတီ"တိ အတ္ထပ္ပကာသကပါဌံ ဒဿေတ္ဝာ အဒါသိ သီရိသုမနော တံ ကတိပယဝါရေ ပါဋိဝသေန ဝါစေသိ၊ သီဟဠဘာသာယ အတ္ထံ န ပကာသေသိ၊ အထ ပညာသိဟောယေဝ တံ ဂဟေတ္ဝာ ဝါစေတ္ဝာ သီဟဠဘာသာယ အတ္ထံ ဒဿေသိ၊ အထ တ္တေကံ ပမာဏံ မာ ဝါစေထာ"တိ ပညာမောဠိအာဒယော ဒဠှံ နိဝါရေသုံ အထ အမ္ဟာကမေဝ သမာနလဒ္ဓိကာနမညတရာ ဘိက္ခူ "သံဃရညော ဣမိဿံ သာသနပဏ္ဏေ ဒဿိတသံကရဒေါသံ အာယသ္မန္တော ပဿထ, နော ဝါ"တိ အညသမာနလဒ္ဓိကေ ဘိက္ခူ ပုစ္ဆိ သု။

အထ အမ္ဟာကံ အသမာနလဒ္ဓိကပက္ခေ ဌိတသရဏပါလတ္ထေရပညာမောလိအာဒယော မယံ သလ္လက္ခေမာတိ အာဟံသု၊ အထ သီရိသုမနော တံ သလ္လက္ခိတာနံ နာမာနိ လိခိတုံ အာရဘိ၊ အထ ပညာမောလိအာဒယော အတ္တနော ပက္ခေ ဌိတာနံ အတ္ထသမ္ပတ္တာနံ စ ဒ္ဝေဝီသတိနာမာနိ လေခနေ လိခနတ္ထာယ အဝေါစုံ သီရိသုမနော တာနိ လိခိ၊ ဣဂ်လိယာနမန္တရေ စ ဣဒါနိ သီဟဠာနမန္တရေ စ ယော ကောစိ ယံ ဝဒတိ ဝါ လိခါပေတိ ဝါ၊ တဿ ဝစနဿ သဒ္ဒဟာပနာယ အတ္တနော နာမံ အံကေတ္ဝာ အတ္တနော ဟတ္ထေနေဝ ယသ္မိ ံ ကိသ္မိ ံစိ ပဏ္ဏေ သညာယ ဝါ လဉ္ဆနဿ ဝါ ကရဏံ စာရိတ္တံ။ တသ္မာ သံဃရညော သီမာဝိနိစ္ဆယေ ဒဿိတသံကရဒေါသဿ အတ္တနော အတ္တ-နော သဒ္ဒဟိတဘာဝံ ပကာသနာယ ဟတ္ထသညံ် ကရောထာတိ မယာ ဝုတ္တာ သရဏပါလတ္ထေရ-ပညာမောလိဘိက္ခုအာဒယော "န မယံ ဟတ္ထသညံ် ကရောမာ"တိ ဒဋ္ဌတရံ အာဟံသု၊ တေန မယံ တေ တေ ဓမ္မိကံ သာမဂ္ဂိမုပဂစ္ဆန္တီတိ တုဏှီ အဟုမ္ဟ။

အထ ဂဏ္ဌာစရိယော ပန ဂါမောဒကုက္ခေပသမ္မန္ဓနေ သံကရဒေါသောပိ နတ္ထိ၊ တတ္ထ ကတ-ကမ္မပို နှ ကုပ္ပတိတိ ဒဋ္ဌံ ကထမာရဘိ၊ ဂဏ္ဌာစရိယော ပနေတရဟိ ဝယော ဝုဏှော အမ္ပေသု ကေစ္စာနံ အာစရိယော, ကေစ္စာနံ အာစရိယသမော, အနုရူပေနာကာရေန ဝုစ္စမာနေပိ နသလ္လက္ခေတိ၊ နကောစိ တေန တတ္ထ ပဋိဝစနမဒါသိ၊ နိရတ္ထကတ္တာ၊ ရတ္တိယာ ပဌမော ယာမောပိ အတိက္ကန္တော နှ တတ္ထ အညာ ကထာ ဟောတိ၊ တ္တေကေန တံ ကိစ္စံ နိဋ္ဌမဂမာသိ မဟာထေရဿ သာသနလာဘိဟိ သာမဂ္ဂိကရဏာယ တသ္မိံ ဒိဝသေ အာရဒ္ဓကိစ္စဿ အတ္ထော တ္တေကောဝ၊ ဥပဓရိက္ခတု တိက္ခပညော မဟာထေရပညာမောလိအာဒီနံ စေတ္တ ပဝတ္တိပကတိံ။

အဟံ တဿံ ရတ္တိယံယေဝ အညံ ဂါမကာဝါသံ ဂတောမ္ဳိ ပုနဒိဝသေ သမာနာသမာန-လဒ္ဓိကဓမ္မာဓမ္မဝါဒီ ဂဏ္ဌာစရိယမဟာထေရသိရိသုမနတိဿပညာမောလိဘိက္ခု စ ကရုဝေတိ သမူဟိကာနမညတရော ဘိက္ခု စ "မာဒမ္မာမောဒရ"နာမ ဂံဂါပဒေသေ ကေတော ဟုတ္ဝာ ဝိနယကမ္မံပိ အာကံသူတိ သုတံ၊ နာဟံ တဿ ကမ္မဿ ကရဏ္ဌာနံ အဂမာသိံ ဥပေါသ-ထာဂါရံ ဝါ အဋ္ဌက် ဝါ အပနေတ္ဝာ သမဂ္ဂါ ဟောထာတိ သံဃရာဇုတ္တမေန သာသနံ ပေသိ-တံ နာညာ သာမိစိ ဝိမိ ဒဿိတာ "မယံ တထာ ကရောမ, သံဃရာဇုတ္တမဿ စ ဘိန္နသံဃဿ သာမဂ္ဂိ ကတာတိ သာသနံ ပေသိဿာမာ'တိ ဝဒန္တော သိရိသုမနတိဿာဒယော ဧဝံ ပဋိ-ပဇ္ဇန္တိ၊ မယံ ပန "နစေဝ သံဃရာဇထေရာသဘေန နိယမိတံ, ပဌမဝါရေ စ ဒုတိယဝါရေ စ သံကရာသံကရဘာဝါဝဗောဓကသာသနပဏ္ဍာနိ ဥဇုကမေဝ တေန မဟာထေရာသဘေန ပဟိ-တာနိ၊ တတိယဝါရေ ဝိတ္ထာရဝဿေန သံကရာသံကရဗောဓနကာရဏာနံ ပုဗ္ဗသာသနေဟိ ဒီပိ-တတ္တာ တာနိ အဒဿေတ္ဝာ သခ်ေပေန ဓမ္မဝိနယာနုလောမနယေန သံဃဿ သာမဂ္ဂိကရဏံ ပကာသေတ္ဝာ သာမဂ္ဂိယံ ဝိသေသတော အာနိသံသာနံ ပကာသနေန သာသနံ ပေသိတံ၊ တသ္မာ ပဋိပါဋိယာ ပေသိတေသု တီသု သာသနပဏ္ဍေသု အတ္ထေ သလ္လက္ခေတ္ဝာ အဓမ္မဝါဒိနံ ဓမ္မဝါဒိ-ဘာဝေ ပတိဋ္ဌာပနေန, အစ္ဆယဿ ဒဿာပနေန, အနုပသမ္မန္နာနံ ဥပသမ္ပါဒနာယ ဓမ္မဝါဒိသု အပ္ပသန္နမနုဿာနံ ဓမ္မဿ ပကာသနေန ပသာဒေတ္ဝာ ဥပသမ္ပဒါဝံသဿ ပါလနတ္ထာယ သာ-သနဿ သောဓနတ္ထာယ စိရဋ္ဌိတိယာ ပေါတ္ထကေသု ဒိဿမာနနယေန ဓမ္မာနုက္ကူလာယ သံဃ-သာမဂ္ဂိယာ ကာရာပနေန ပုညာနုမောဒနတ္ထာယ အတ္တနော သြဝါဒေ ဌာတဗ္ဗအမရပုရ-နိကာယိကသမူဟတ္တာ ကရဏာပုဗ္ဗင်္ဂမစိတ္တေန သံဃရာဇမဟာထေရာသဘေန သာသနံ ပဟိတံ၊ တထေဝ တံ ပဋိပဇ္ဇိတဗ္ဗ'န္တိ ဝဒါမ၊ သလ္လက္ခေမ။

တဒါ အမ္ဗလံ ဂေါဠသာလာယံ သံဃမဇ္ဈေ "သံကရဘာဝံ သလ္လက္ခေမ, တဿ သဒ္ဒဟ-နာယ ဟတ္ထသညံ ကရောမာ"တိ ဝုတ္တေ ပညာမောလိအာဒယော "ကိံ ဘန္တေ အမရပုရေ သံဃရာဇုတ္တမေန တီသု ပက္ခေသု ဝါဒိနံ 'တေသံ ဝါဒေါ ဓမ္မာနုလောမိကောတိ သန္နေဿေသု ဒဿိတော'တိ ပုဋ္ဌာ သမာနာ "နမယံ တံ ကဿစိ ဝဒါမ မာ တံ ပုစ္ဆထာ"တိ အာဒိ-ဝစနေန ပုဗ္ဗပကတိယာယေဝ ဣဒါနိ တိဋ္ဌန္တိ ဧတေဟိ သိရိသုမနတိဿပညာမောလိဘိက္ခုဟိ အဓမ္မဝါဒိနယဝါဒိဘိက္ခုဟိ အဓမ္မဝါဒိနယာဝဗောဓိတသာလာဂါမမနုဿာနံ ဗဟုန္နံ နိဝါသ-ဂါမေသု တေသံ ဓမ္မဝါဒိနယာဝဗောဓနေန ပသာဒါရဟေသု ပသာဒါယ ကတ္တုဗ္ဘကိစ္စံ ဓမ္မဝိနယ-ဝါဒိဟိ ဓမ္မဝိနယာဝဗောဓိတကရာဝေမနုဿာနံ ဗဟုန္နံ နိဝါသဂါမေ ကတံ အဓမ္မဝိနယဝါဒိနံ ဂါမောဒကုက္ခေပသမ္မဒ္ဓဒေါသမပဿန္တာနံ သာလာဂါမကုလဇာတာနံ ဗဟုန္နံ ဘိက္ခူနံ ဓမ္မ-ဝိနယာဝဗောဓနေန ဓမ္မဝိနယဝါဒိဟိ သာမဂ္ဂိကရဏာယ တေသံ အဓမ္မာဝိနယဝါဒိနံ ဗဟူနံ

မဇ္ဈေ ကာတဗ္ဗကိစ္စံ ပုဗ္ဗေဝ'မ့ဟိ ဓမ္မဝိနယေနာ'ဝဗောဓိတသီမာသမ္မဒ္ဓဒေါသာနံ ကရာဝေ-သမ္ဗဟိကာနံ ဗဟုန္နံ ဘိက္ခူနံ မဇ္ဈေ ကတံ မဟာထေရေန ပဌမဝါရေ ပဟိတသီမာဝိနိစ္ဆ-ယတ္ထာယ သဘာယ ပကာသနေန မဟာထေရဿ ဉာဏဝေယျတ္ထိ ကာရဏာကာရဏမုပ-ပရိက္ခန္ဓာနံ ပဏ္ဍိတဘိက္ခူနံ စေဝ ဗုဒ္ဓသာသနိကတာဒိသဂဟဋ္ဌာနံ မနုပ္ပသာဒံ စ ဇနေတ္ဝာ ဒုတိယဝါရေ တဒနုရူပကမေန ဂါမောဒကုက္ခေပသံကရာသံကရာကာရဒီပနာယ စိတ္တီကတရူပသဏ္ဌာ-နပဏ္ဏာဒိံ သဘာမဇ္ဈေ ဘိက္ခူနံ စ ဂဟဋ္ဌာနံ စ ဒဿေတ္ဝာ အဝိညာတဓမ္မဝိနယသဒ္ဒသက္ခ-လက္ခဏဂဟဋ္ဌပဗ္ဗဇိတာနံ ကခ််ိဆေဒနေန ပကာသေတ္ဝာ ကာတဗ္ဗကိစ္စံ အဓမ္မာဝိနယဝါဒိနံ မတပုဗ္ဗေဝဓယ သဗ္ဗသော ပဋိစ္ဆာဒေတ္ဝာ အပုကာသေတ္ဝာ ကတံ တတိယဝါရေ မဟာထေ-ရေန ပဟိတသာသနပဏ္ဍေပိ ဓမ္မဝိနယာနုလောမက္ကမေန သာမဂ္ဂိယာ ကရဏဿ နိယမနံ သလ္လက္ခေတ္ဝာ တေန ကမ္မေန ဓမ္မဝိနယာနုဂ္ဂဟာယ မဟာထေရေန တီသု ဝါရေသု ပဟိတ-သာသနပဏ္ဍေသု အတ္ထာနတ္ထံ သံသန္ဒိတ္ဝာ ဓမ္မဝိနယဝါဒိနံ ပေသလာနံ ပဂ္ဂဟာယ နိသမ္မကာရိ-တာယ ကတ္တဗ္ဗကိစ္စံ ပုဗ္ဗကာလေ ရာဇာဏတ္တိယာ သံဃသာမဂ္ဂိကရဏာယ ဂတသိသစ္ဆေဒကာမစ္စ-မနုကာရိနာ အန္ဓေန ဝိယ "သမဂ္ဂေါ ဟောတု သံဃရာဇမဟာထေရဂါရဝေနာ"တိ သာမဂ္ဂိ-ဝစနမတ္တေန အဓမ္မဝါဒိနံ ယေဝ ဗလဝဘူနာယ, တေသံ တောသနာယ အနိသမ္မကာရိတာယ ကတံ မရမ္မရဋ္ဌဝါသိနော ဘိက္ခူ ပုဗ္ဗကာလတော ပဋ္ဌာယ ဓမ္မိကမဟာရာဇာဏာယ စ ဓမ္မဝိနယ-ဓရမဟာထေရာနုသာသနာဟိ စ နိဿယန္တေဝါသိကဘာဝေန စာတိ ဧဝမာဒီဟိ အနေကေဟိ ပတိရူပဒေသဝါသိတာနုရူပကာရဏေဟိ ဓမ္မဝိနယာနုလောမေဟာကာရေဟိ သုသိက္ခိတာ ကာယ-ဝက််စိတ္တဝက််တာဟိ ဗဟုလံ အပဂတာ နတာဒိသံ ဇာနိတုံ သက္ကောန္တိ အညေန ယေနကေနစိ မုဂ္ဂသုပတုလ္လမိဿကပဝတ္တိဗဒ္ဓလေခနဒဿနမတ္တေန အထာဒိသာနံ သိလံ ဝါ သောဓေယ္ယ ဝါ ဇာနိတုံ အစ္ဆရိယမေဝ ဘဂဝတာ ဝုတ္တံ "သံဝါသေန ခေါ ဘိက္ခဝေ သီလံ ဝေဒိတဗ္ဗံ, တံ စ ခေါ ဒီဃေန အဒ္ဓုနာ, န ဣတ္တရံ, မနသိကရောတာ, နော အမနသိကရောတာ ပဉ္ဉဝတာ, နော ဒုပ္ပညေနာတိ။

အယံ စ ခေါ ပရမနုဒ္ဒိဟာရဝါသိ သိရိသုမနော လံကာဒီပေ ဒုဇ္ဇာနတရာနမညတရော, ပိယသီလေဟိ အနာသေဝိတော ဥဇုစိတ္တေန၊ ဣဂိလိဿဘာသာယ ကုသလေဟိ မိစ္ဆာဒိဋ္ဌိက-သိဟဋ္ဌပုရိသေဟိ သျာမနိကာယိကကဗ္ဗကာရီဟိ ဇကေတော ဟုတ္ဝာ တေသံ တေသံ ရဋ္ဌဝါသိနံ ရာဇရာဇမဟာမစ္စထေရာနုထေရာဒိနံ ပဿာဒါဝဟာကာရေန သန္တာသန္တမိဿကာရောပနဝုတ္တိယာ ပရိဝတ္တေတ္ဝာ လေခနာနံ ပဟိဏနေန ဝါ ပဟိဏာပနေန စ ပဿာဒါပနေန စေဝ ဘေဒါပနေန အတ္တနော ပေါရာဏိကဥပါလိဝံသိကပကတိယာ ဝံသံ ဂဏ် ယေနကေနစိ အာကာရေန ပရိဟာရိတု-ကာမော အမရပုရနိကာယိကေသုပိ ဂုဏဝန္တာနံ ဂုဏံ မက္ခေန္တော အတ္တနော ရုစိတကာဂုဏဝန္တာနံ ဂုဏံ ဝဏ္ဏေန္တော အထေတာ သစ္စသန္ဓော ဝသတီတိ အနေကေဟိ ဂဟဋ္ဌပဗ္ဗဇိတေဟိ ဝသေဝ'န္တေ-ဝါသိဟိ အာသေဝကဂါမဝါသိဟိ စ ဝုစ္စမာနော ပ'ဟံ ဘဂဝတော ဝစနေန ဧကန္တံ နိန္ဒိတဿ ဧကန္တံ ဝါ ပသံသိတဿာ'ဘာဝါပရိယေသိတုကာမတာယ စိရာယိ'။

ဣတော ကတိပယသံဝစ္ဆရတော ပုဗ္ဗေ အဟမ့ိ တံ သစ္စန္တိ, အာသေဝတံ ပရိဟာနိကရေ'-သောတိ နိဋ္ဌံ ဂတောမ့ိ၊ ခမတု ဘန္တေ မဟာထေရော, ဝေဇ္ဇာစရိယဿ ရောဂလက္ခဏပဋိစ္ဆာဒနေန မရဏမ့ိ ဟေဿတိ၊ ဧဝံ မဟာထေရဿ ဣဒိသာနံ အပုကဿာပိ ဘာဝဿ အနာရောစနေန အမှာကံ အနာဂတေ အန္ဓရာယော ဘဝေယ္ယာတိ သတိယာ ဥပ့ါဒနာယ ဧဝံ မယာ လိခိတံ

ဿော ပရမာနန္ဒဝိဟာရဝါသီ သိရိသုမနော မယ္ဟံ အနန္တေဝါသိကော သမာနောပိ အန္တေဝါသိ-
ကော ဝိယ ဌိတော၊ တထာပိ နု သက္ကောမိ ပရိဟာနိကရမနုဝတ္တိတုံ ဝါ ဣဟလောကတ္ထာယ
ယေဝ ယဿကဿစိ မုခမောလောကေတုံ ဝါ ဂဏာစရိယမဟာထေရော သဗ္ဗထာပိ မယ္ဟံ
ဥပကာရကော, တံ နိဿာယာဟံ ဇေတ္တကမ္ပိ သာသနေ ဝုဒ္ဓိပ္ပတ္တောသ္မိ တထာပိ အဓမ္မိကေ ကိစ္စေ
တမနုဝတ္တိတုမသက္ကောန္တော တိဋ္ဌာမိ သဗ္ဗာမရပုရသျာမနိကာယိကာ တံ ဂဏာစရိယမဟာထေရံ
ဣဒါနိ ဇေဝံဘူတေ ကာလေပိ ဂရုကရောန္တိ ယသ္မိံ ကိသ္မိဉ္စိ ဒုက္ခေ ဇာတေ အန္တရန္တရေ အဟမ္ပိ
တမုပသံကမာမိ၊ ဿော စ မဟာထေရော မယ္ဟံ အဖာသုကရောဂါဒိအန္တရာယေ ဇာတေ အာဂစ္ဆတိ၊
မယ္ဟံ စိတ္တေ ဥပနာဟော တသ္မိံ နတ္ထိ, တထာ ဣမသ္မိံပိ။

ဣဒါနိ ကရာဝေတိဝေါဟာရံ ဂတဘိက္ခုသမ္ဘူဟိကာနမေကံ ဘိက္ခုံ အာရဗ္ဘ အနုလောမပါရာ-
ဇိကာပတ္တာဓိကရဏံ မြမ္မရဋ္ဌံ ဂန္ဓာဂတဓမ္မခန္ဓာစရိယသရဏပါလတ္ထေရမာရဗ္ဘ အညမဓိကရဏံ စ
ဥပ္ပန္နာနိ ဒ္ဝိသုယေဝါဓိကရဏေသု အနုဝိဇ္ဇကာနံ မတိအနုဝတ္တကတ္တာ တေ မယိ ဇေတရဟိ
အပ္ပသန္နာ ဝိယ ဌိတာ ပရမာနန္ဒဝိဟာရဝါသီ သိရိသုမနတိဿောပိ တသ္မိံ တသ္မိံ ကိစ္စေ အတ္တနော
ရုစိမနုဝတ္တကတ္တာ မယိ အပ္ပသန္နော ဂဏာစရိယမဟာထေရပညာမောလိအာဒယော ပုဗ္ဗေဝ
သံကရဝါဒကထာယ အတ္တနော အနုဝတ္တကတ္တာ မယိ အပ္ပသန္နာ။

ဥပါလိဝံသိကာနံ အာယသ္မာ သုမင်္ဂလော ဘိက္ခု တန္ဒိကာယိကာနံ သဒ္ဒသတ္ထကဗ္ဗဗာဟိရ-
သတ္ထကောဝိဒါနမညတရော သောပိ အဋ္ဌကမနာဟစ္စ အဗ္ဘန္တရံ ဌပေတ္ဝာ ဥဒကုက္ခေပဗ္ဘန္တရေ
ဂါမသမ္မဒ္ဒသေတုအာဒိမ္ပိ ဌိတေ ကုန္နဒီအာဒီသု ဝိယ သိမာ ပရိစ္ဆိဇ္ဇတိ၊ နတ္ထိ သံကရော, ကမ္မ-
ကောပေါ စ နတ္ထိတိ မဟာထေရေ သိမာဝိနိစ္ဆယဿ လံကာဒီပံ ပဟိတကာလတော ပစ္ဆာ ဒဋ္ဌံ
အတ္တာနမုပဂတေ ဗောဓေတိ ပုဗ္ဗေ တထာ သေတုအာဒိမ္ပိ ဥဒကုက္ခေပဗ္ဘန္တရံ ပဝိသိတ္ဝာ ဖုသိတ္ဝာ
ဌိတေ သံကရော တတ္ထ ကတ္တဗ္ဗကမ္မံ စ ကုပ္ပတိတိ ဝဒန္တော ဌိတော သိရိသုမနတိဿသ
အန္တေဝါသိကာပိ တဿ သန္တိကေ သဒ္ဒသတ္ထံ သိက္ခန္တိ မာဂဓလေခနာနိပိ တေန သိရိသုမနတိဿော
ဂန္ထာပေတိ၊ သောပိ သုမင်္ဂလော ပုဗ္ဗေ မယာ သဒ္ဒိံ မိတ္တဘာဝေ ဌိတော ဣဒါနိ ဝိသဒိသလဒ္ဓိ-
ကတာယ စေဝ, အတ္တနော မတိမနုဝတ္တကတ္တာ စ ဣဒါနိ မယိ အပ္ပသန္နော ဝိယ ဒိဿတိ၊
မယာ သဒ္ဓိံ အပ္ပသန္နာ အသမာနဓာတုသရူပကာ ဇတေ သဗ္ဗေ ဧကတော ဟုတ္ဝာ မန္ဒေန္တေတရဟိ
တိဋ္ဌန္တိ၊ တသ္မာ မဟာထေရော အမ္ဟာကံ ဉာဏကရဏဓာရော ဇတေဟိ ပဟိယမာနလေခနပဋိ-
လေခနာဒီသု မယ္ဟမပရာဓံ လိခေယျုံ၊ မံ ယေဝ ပုစ္ဆိတ္ဝာ ပဂ္ဂဟံ ဝါ နိဂ္ဂဟံ ဝါ ကရောတု၊ သမ္ဗဋ္ဌိစ္ဆတု
အနုကမ္ပမုပါဒါယ၊ သစေ ဧဝံ အကတ္ဝာ ပဝတ္တိဒဿနမတ္တေန မဟာထေရာဒယော ဝါ မဟာ-
ဓမ္မိကရာဇာတ္တမော ဝါ မယိ အပ္ပသာဒံ ဇနေယျ၊ မယ္ဟမ္ပိ ပတိဋ္ဌာဝိရဟိတတာယ အန္တရာယော။

အမရပုရနိကာယေ ဝါ သျာမနိကာယေ ဝါ အကေရာဋ္ဌိယာ ဘိက္ခာကာမာ မမံ သဒ္ဒာ-
နန္တာပိ ဘိက္ခူ မယိ အပ္ပသန္နာ နတ္ထိ၊ ပသန္နာယေဝ တာဒိသာ၊ မမံ အသဒ္ဒာနန္တာပိ နတ္ထိတိ
မညာမိ၊ တေသမ္ပိ အန္တရာယော လံကာဒီပိကာနံ ဗဟုန္နံ ဤဒိသမီဒိသဒုဗ္ဗစတာဒိဒေါသဒဿ-
နေန "ကော အတ္ထော ဇေတေ သမတ္ထသိဒ္ဓိယာ ဥဿာဟကရဏေနာ"တိ မာ အပ္ပေါသုက္ကတာ
မဟာထေရဿ ဝါ မဟာဓမ္မရညော ဝါ ဓမ္မာနုဘာဝေနေဝ ဟောတု။ ဘဂဝတာပိ အပ္ပကေ
သမာနေ အပ္ပရဇက္ခဇာတိကေ နိဿာယ ဝိရိယမာရဘိတ္ဝာ ဓမ္မော ဒေသိတော ဓမ္မဂရုကာနံ
လံကာဒီပိကာနံ မြမ္မရဋ္ဌကသံဃရာဇာဏာ ရာဇာဏာ ဝိယ ဗလဝတိတိ စိန္တေတဗ္ဗာ ဟောတိ၊

အမရပုရနိကာယေ ဝါ သျာမနိကာယေ ဝါ အကေရာဋ္ဌိယာ ဘိက္ခာကာမာ မမံ သဒ္ဒာ-
နန္တာပိ ဘိက္ခူ မယိ အပ္ပသန္နာ နတ္ထိ၊ ပသန္နာယေဝ တာဒိသာ၊ မမံ အသဒ္ဒာနန္တာပိ နတ္ထိတိ
မညာမိ၊ တေသမ္ပိ အန္တရာယော လံကာဒီပိကာနံ ဗဟုန္နံ ဤဒိသမီဒိသဒုဗ္ဗစတာဒိဒေါသဒဿ-
နေန "ကော အတ္ထော ဇေတေ သမတ္ထသိဒ္ဓိယာ ဥဿာဟကရဏေနာ"တိ မာ အပ္ပေါသုက္ကတာ
မဟာထေရဿ ဝါ မဟာဓမ္မရညော ဝါ ဓမ္မာနုဘာဝေနေဝ ဟောတု။ ဘဂဝတာပိ အပ္ပကေ
သမာနေ အပ္ပရဇက္ခဇာတိကေ နိဿာယ ဝိရိယမာရဘိတ္ဝာ ဓမ္မော ဒေသိတော ဓမ္မဂရုကာနံ
လံကာဒီပိကာနံ မြမ္မရဋ္ဌကသံဃရာဇာဏာ ရာဇာဏာ ဝိယ ဗလဝတိတိ စိန္တေတဗ္ဗာ ဟောတိ၊

ကုဋ္ဌိလဟဒယေဟိ မဟာထေရသာ သာသနပဏ္ဏာနံ အတ္ထာနိ ပဋ္ဌိစ္စဘဒိတာနိ သမာနာနိပိ သဗ္ဗသော အပဋ္ဌိစ္ဆန္နာနိ တိက္ခတ္တုမေဝ ပဟိတသာသနပဏ္ဏာနိ ဓမ္မဂရုကာနံ မနပ္ပဗောဓာယ, ပါပဏ္ဍာသယာနံ အဝိနယဒီပကာနံ အနောကာသာယ ပဝတ္တာနိ။

ဣဒါနိ တေ ဓမ္မာနုလောမသာမဂ္ဂိမနုပဂတာပိ အာယတိ ံ စိရေနာပိ အနာဂတေ တေသံ-ယေဝ သာသနာနံ အာနုဘာဝေန ဓမ္မတောဝ သာမဂ္ဂိမုပဂမေယျုံတိ စိန္တေမ၊ သစေ မဟာ-ရညော သန္တိကာ ဒီပိဿရဿ တာဒိသသာသနပဏ္ဍေန သဒ္ဒိ ံ ဓမ္မဝိနယဓရေ ထေရေ လံကာဒီပံ ပဟိဏေယျ၊ န စိရေနေဝ ဓမ္မာနုလောမသာမဂ္ဂိမုပနေတ္ဝာ သဗ္ဗံ နိကာယံ သောဓေတုံ စိရံ အမရပုရနိကာယံ ဇောတေတုံ သက္ကုဏေယျုံ ဧဝံ မယမ္ပိ သက္ကောမ၊ စိရံ နိကာယံ ပါလေတုန္တိ သလ္လက္ခေမ လံကာဒီပိကာ ဗုဒ္ဓသာသနိကာ ဒါနိ အပုညဝန္တာ၊ တသ္မာ ဧတေသံ ဥဿာဟေန တာဒိသော အတ္ထော သမိဇ္ဈတီတိ မယံ န စိန္တေမ၊ သစေ သိဇ္ဈေယျ မဟာရညော စေဝ မဟာ-ထေရဿ ပရလောကတ္ထကာမတာယ အာနုဘာဝေန သမိဇ္ဈေယျာတိ မနသိကရောမ။

မြမ္မာဒိရဋ္ဌဿရာဇရာဇာ၊ ရာဇေတု သ္ဝရော ဝိဟစ္စမန္ခံ။
ဝေရိ ံ ပဗောဓံ ပဒုမာကရံ သံ၊ ကရံ ပဗောဒံ ဇနတံ သ သေနိ ံ။

သက္ကသီဟဿ ဘဂဝတော ပရိနိဗ္ဗာနတော စတုသတာဓိကာနံ ဒ္ဝိန္နံ ဝဿသဟဿာနမုပရိ စတုတ္ထေ ဝဿေ သာဝဏမာသကာလပက္ခကောဒသမိယံ ရဝိဒိနေ ပဟိတမိဒန္တိ။

(ဤသဝဏ်လွှာများကို သီဟိုဠ်ပါဠို သန္နေသာဝလိကျမ်းမှ မြန်မာအက္ခရာပြန်၍ သုတ်သင်ပြီး ဖော်ပြပါသည်။ ပါဠိတတ် သမိုင်းပညာရှင်တို့အား များစွာ ကျေးဇူးပြုနိုင်ပါသည်၊ ကျမ်းကြီး လေးမည်ဖြစ်၍ အနက်, မြန်မာ မပြန်တော့ပါ။)

ဆရာတော်၏ ကြိုးပမ်းချက်များ

ဆရာတော်သည် သာသနာပိုင်မဖြစ်မီက ဂဏဝါစကစာချဘဝမှစ၍ ဝါကျသွား ဝါကျလာ အသွယ်သွယ်, အနုသန္ဓေ စုဒ် စောဒနာအမျိုးမျိုးတို့ဖြင့် နိကာယ် ၅-ရပ်ကို နိုင်နင်းစွာ ချပို နည်းပေးတော်မူသဖြင့် နိုင်ငံတွင်းပြင် အလွန်ပင် ကျော်ကြားတော်မူသည်။

နိုင်ငံတွင်း တပည့်များ

ထိုခေတ်က ဆရာတော်၏အထံတပည့်ခံဘူးသော စာတတ်ပုဂ္ဂိုလ်တို့ မြားမြောက်စွာ ပေါ် ပေါက်ခဲ့သည်။ အထူးသဖြင့် သုဒဿနဝရ မဟာဓမ္မသာမိရာဇာဓိရာဇဂုရု ဘွဲ့တော်နှင့် သုဒဿနဓဇ-အတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တော် ဟူသော ဘွဲ့တော် ၂-ထပ်ရ ဒုတိယ စံကျောင်းဆရာတော်, ပညာသာမိသိရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်ရ တတိယ မောင်းထောင်ဆရာတော် အရှင်ပညာသာမိ, နန္ဒသာရသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရုဘွဲ့တော်ရ အရှင်နန္ဒဓဇဆရာတော်နှင့် ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကြီးနှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၏အဓိပတိ တိပိဋကပါရဂ်တ အရှင်ဂန္ဓသာရ စသည်တို့သည် နတ်ရဲတောင် သာသနာပိုင်ဆရာတော်ဘုရားကြီး၏ တိပိဋက ဓမ္မအမွေအနှစ်တို့ကို ကောင်းစွာ ပိုင်ပိုင်ရရှိလိုက်သော တပည့်မြတ် တပည့်ကျော်တို့ ဖြစ်ကြသည်။

သီဟိုဠ်တပည့်များ

သီဟိုဠ်ကျွန်းမှလည်း ရာမညဂိုဏ်းတည် အရှင်ဂ္ဂနွာသဘ မဟာထေရ်နှင့် အရှင်ပညာတိဿ, အရှင်သုန္ဒရ, အရှင်သရဏပါလ စသည့် ထေရ်ကျော် မဟတ်တို့သည် ကျေးဇူးရှင် နတ်ရဲတောင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ တပည့်မြတ်တို့ ဖြစ်ကြသည်။

ယိုးဒယားတပည့်များ

ဆရာတော်၏ သီလ, သမာဓိ, ပညာ ရနံ့တို့သည် နိုင်ငံရပ်ခြားတိုင် သင်းပျံ့ကြိုင်လှိုင်သည့် အလျောက် ယိုးဒယားနိုင်ငံမှလည်း မြားမြောက်စွာတို့ လာရောက်ကြ၍ ပညာရင်နှီ သောက်ပူလာကြကုန်၏၊ ၎င်း ယိုးဒယားတပည့်တို့တွင် အရှင်ဓမ္မဒွတ်မထေရ်, အရှင်ကေသွန်မထေရ်, အရှင်ကြံတခွတ်မထေရ် စသည်တို့သည် ဆရာတော်ထံတွင် ဥတ္တိစတုတ္ထကမ္မဝါစာ သိက္ခာတင်ယူကြကာ ပရိယတ် ပဋိပတ် ၂-ရပ်ကို ဆည်းပူးနည်းယူကြသော ထင်ရှားသော တပည့်များဖြစ်ကြသည်၊ ထိုကြောင့်ပင် ဆရာတော်သည်—

လင်္ကာဒီပကတာနမ်ပိ၊ ပရဒီပနိဝါသိနံ။
ဓမ္မာယုဒ္ဓါနံ ဝါစကော၊ ပဋိပတ္တိနိယာမကော။

ဟူ၍ မဟာနိဒ္ဒေသ အဋ္ဌကထာ နိဿနိဂုံးဦး ဖော်ပြခဲ့သည်၊ ဤသို့ဖြင့် နတ်ရဲတောင် သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ကြယ်တာရာများအလယ် တင့်တယ် စမွယ်သည့် ကမ္ဘာ့တန်းဆာ စန်းရတနာကြီးသဖွယ် တပည့်တပန်း များမြောက်စွာတို့အလယ် တင့်တယ် ဧမွယ်တော်မူခဲ့လေသည်။

ဥယျဓမ္မော ထေရသေဋ္ဌော၊ သုသောဘိ ဇိနသာသနေ။
ဝေမဇ္ဈေ တာရကာနံ'ဝ၊ သသင်္ကော စန္ဒိမာ တထာ။

ဆရာတော်၏ သာသနာ့လုပ်ငန်းများ

ဆရာတော်သည် သာယာဝတီမင်းလက်ထက် သက္ကရာဇ် ၁၂၀၁-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅-ရက်နေ့တွင်တကြိမ်, မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၁၅-ခုနှစ် ကဆုန်လတွင် တကြိမ် သာသနာပိုင် ၂-ကြိမ်ဖြစ်ခဲ့ရသည်နှင့်အမျှ သာသနာ့လုပ်ငန်းများစွာတို့ကို ပြုလုပ်ရသော တာဝန်များမှာ များပြားလှသည်၊ ၎င်းတို့ကား သံဃာအချင်းချင်း ဖြစ်ပွါးသည့်ဝိနည်းသိက္ခာပုဒ်မှု, ဝိဝါဒကဲ့ပြားမှုများ, ပဌမပါရာဇိက ဒုတိယပါရာဇိက-စသော အာပတ္တာဓိကရဏ်းမှုများ ဆုံးဖြတ်မှု စသည်နှင့် သာသနာဖက်ဆိုင်ရာ အနယ်နယ်အစိုစို အမြိုမြို အရွာရွာတို့၌ ဂိုဏ်းထောက်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ်ခန့်မှုစသည် ဖြစ်ကုန်သည်။

စာချခြင်းနှင့် ကျမ်းဂန်များပြုစုခြင်း

ဆရာတော်သည် ဝိရိယလွန်စွာကြီးမားတော်မူသည်၊ သာသနာပိုင်မဖြစ်မီ သက်တော် ၄၁-နှစ်အတွင်း စာပေပရိယတ် ချပို့နိုင်သည်မှာ များစွာ မအံ့သြထိုက်ဟု ယူဆဖွယ်ရာဖြစ်သော်လည်း သာသနာပိုင်ဖြစ်ပြီးနောက် စာချခြင်း ကျမ်းရေးခြင်းတို့မှာ လွန်စွာပင် ရင်သတ်ရှုမော အံ့သြစရာကောင်းလှသည်၊ ဆရာတော်ပြုစုတော်မူသော ကျမ်းများမှာ—

၁။ သုရာဇမဂ္ဂဒီပနီကျမ်း၊
၂။ အတ္ထဃဏဘဝိနီစ္ဆယကျမ်း၊
၃။ စိတ္တနိဂ္ဂဟကျမ်း၊
၄။ သီဟိုဠ်သန္ဒေသကထာကျမ်း၊
၅။ မူရာရပ္ပကျမ်း၊
၆။ မဂ္ဂါမဂ္ဂပဋိပဒါကျမ်း၊
၇။ မဇ္ဈိမပဏ္ဏာသပါဠိတော်နိသျ၊
၈။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာနိသျ၊
၉။ ဥပရိပဏ္ဏာသပါဠိတော်နိသျ၊
၁၀။ ဥပရိပဏ္ဏာသအဋ္ဌကထာနိသျ၊
၁၁။ မဟာနိဒ္ဒေသအဋ္ဌကထာနိသျ၊
၁၂။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနိသျ၊
၁၃။ သဗ္ဗာသဝသုတ် စောဒနာစာစပ်ဝိဂြိုဟ်ကျမ်း–

စသည်တို့ ဖြစ်သည်။

ဖော်ပြပါကျမ်းများအနက် မဇ္ဈိမပဏ္ဏာသနိသျကို မန္တလေးမဟာဝိသုတာရုံတိုက် မဟာတုလ္ထတ်ဘုံစံကျောင်းနေ နန္ဒသာရသိရိသဒ္ဓမ္မဓဇ ဓမ္မရာဇာဓိရာဇဂုရုဘွဲ့ရ အရှင်နန္ဒဓဇဆရာတော်ချစဉ် ရေးမှတ်ထားသည်ဟု နိဂုံးမူသည်။

မဟာနိဒ္ဒေသအဋ္ဌကထာနိသျကို အမရပုရမြို့ အဘယာရုံတိုက်, ဝိဇိတာရုံတိုက်တို့၌ သီတင်းသုံးခိုက် ရေးသားကြောင်း နိဂုံး၌ ဖော်ပြထားသည်၊ ဆရာတော်သည် ဤစာရေးရ မြတ်ပုညကြောင့် အရိမေတ္တေယျဘုရားလက်ထက်တွင် ခိပ္ပါဘိညာ အဘိညာဏ်နှင့် ပြည့်စုံ၍ ဘဝနှောင်အိမ်မှ လွတ်ရလိုကြောင်း ဆုတောင်းကြောင်း—

ကတေန တေန ပုညေန၊ ခိပ္ပါဘိညေန သာဝကံ။
ပတ္ထာ မေတ္တေယျဿြဝါဒေ၊ မောစေယံ့ ဘဝဗန္ဓနာ။

ဟူသော မဟာနိဒ္ဒေသအဋ္ဌကထာနိသျ နိဂုံးဆုတောင်းဂါထာဖြင့် သိသာသည်။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိသျရေးချိန်

ဆရာတော်သည် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိသျကိုလည်း အမရပုရနန်းမြို့တော် အဘယာရုံကျောင်းတိုက်, ဝိဇယာရုံကျောင်းတိုက်တို့၌ သီတင်းသုံးခိုက်တွင် ရေးသားကြောင်း—

"ဇမ္ဗုဒီပဿ၊ ဇမ္ဗူဒိပ်၏။ ကေတုဘူတေ၊ တံခဏသဖွယ်ဖြစ်သော။ မရမ္မရဋ္ဌေ၊ မြန်မာတိုင်းကြီး၌။ အမရပုရာဇဋ္ဌာနိယေ၊ အမရပုရမင်းနေပြည်၌။ အဘယာရုံမဝိဇယာရုံမေသု၊ အဘယာရုံကျောင်းတိုက်, ဝိဇယာရုံကျောင်း တိုက်တို့၌။ ဝသန္တေန၊ နေသော။ ဥယျဓမ္မာဘိဝံသသိရိပဝရာလင်္ကာရဓမ္မသေနာပတိထေရေန၊ ဥယျဓမ္မာဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ

သာသနာပိုင် ဆရာတော်သည်။ ရစိတော၊ စီရင်အပ်သော။ သဒ္ဓမ္မပဂ္ဂကာသိနိယာ၊ သော။ ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာယ၊ ၌။ အဘိညာနိဒ္ဒေသဝဏ္ဏနာယ၊ ၏။ နိဿယော၊ သည်။ နိဋ္ဌိတော၊ ၏"—

ဟူသောစကားဖြင့် ထင်ရှားလှသည်၊ ဆရာတော်သည် သဲအင်းသာသနာပိုင် သူရိယဝံသာဘိ-သီရိပဝရာလင်္ကာရ ဓမ္မဒေသနာပတိထံမှ အဆုံးအဖြတ်အဝဝကိုရရှိကြောင်း ဝန်ခံလျက် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိသျ ဂန္ထာရမ္ဘ၌—

ယဿ ဆေကော၀ မူလမ္ပိ၊ ဝိနိစ္ဆယမ၀ိန္ဒိဟံ။
တံ သာဒရေန ဝန္ဒာမိ၊ ထေရမ္ပိ ယတိပုင်္ဂဝံ။

ဟူသောဂါထာဖြင့် ရှိခိုးဦးချ ပဏာမမူခဲ့သည်။

သင်္ဃာသဝသုတ် စောဒနာကျမ်းနှင့် စာစပ်ဝိဂြိုဟ်ကျမ်း

ဆရာတော်၏ ကျမ်းများအနက် သင်္ဃာသဝသုတ် စောဒနာစာစပ် ဝိဂြိုဟ်ကျမ်းသည်လည်း စာချုပ်ဂိုလ်တို့ အထွတ်အမြတ်ထားထိုက်သော ကျမ်းကောင်းဖြစ်သည်၊ အဓိပ္ပါယ်ပြော၍ အတက် အထက် ဝေဝေဆာဆာဖြင့် စာချလိုသူတို့ လက်မလွတ်သင့်သော ကျမ်းဖြစ်သည်၊ ဆရာတော်၏ ချစဉ်အတိုင်း တပည့် ဒုတိယစံကျောင်းဆရာတော်သည် တပည့်တပန်းတို့အား စုဆောင်းစေ၍ တည်ရှိသော ကျမ်းစာဖြစ်သည်၊ ပေမှကူး၍ ပဌမဆုံး ၁၂၅၈-ခုနှစ် တန်ဆောင်မုန်းလတွင် မန္တလေးမြို့ မြဝတီမောင်ကလေး စာပုံနှိပ်တိုက်၌ ရိုက်ခဲ့သည်၊ စာမျက်နှာ ၁၈၄-ရှိသည်၊ စာအုပ်ဆိုက် ဒီမိုင်းဆိုက်ဖြစ်သည်၊ ၎င်းကျမ်းဖြင့် ဆရာတော်၏ နည်းနာနယ စာရည်ဝပုံ စကား ပရိယာယ်ကြွယ်ဝပုံတို့ကို သိသာနိုင်သည်၊ ဤသို့ဖြင့် ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ရေးသားပြုစုလျက် ဘုရားရှင်သာသနာတော်ကို ထွန်းလင်းတောက်ပစေပြီ။

ဥယျဓမ္မော ဝိဘာဝီ စ၊ ကောဝိဒေါ ဂန္ထလေခနေ။
အနေကေပိ စ ကတ္တာန၊ ဇောတေသိ ဇိနသာသနံ။

ဆရာတော်သည် ပဋ္ဌမသံဂါယနာတင်စဉ် မဇ္ဈိမနိကာယ် ၃-ကျမ်းပါဠိ,အဋ္ဌကထာနှင့် မဟာ-နိဒ္ဒေသပါဠိ, အဋ္ဌကထာ, ပဋိသမ္ဘိဒါမဂ်ပါဠိ, အဋ္ဌကထာတို့ကို ပြင်ဆင်တင်သွင်းတော်မူသည်။

နတ်နန်းရွှေဘုံ ခိုလှုံပြီ

ထီးဆောင်းမင်းအပေါင်းတို့၏ ဦးတိုက်ရာ ပူဇော်ရာ ဥယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိ-ရာဇဂုရု ဘွဲ့တံဆိပ်တော်နှင့် ဥယျဓမ္မာဘိဝံသသိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာ-ဓိရာဇဂုရု ဘွဲ့တံဆိပ်တော်, ဥယျဓမ္မာဘိမုနိဝရာဇကိတ္တိသိရိဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာ-ဓိရာဇဂုရု ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ် ၃-ထပ်ရ သံဃဦးကိုင် သာသနာပိုင်ဆရာတော် အရှင်ဥယျဓမ္မသည် ပရိယတ္တိဓမ္မဘဏ္ဍာ ရတနာတို့ကို အရှင်ဂန္ထာဘိရက္ခိတသော တပည့်ကြီးတို့ အား မဆုံးပင် အပ်နှင်းတော်မူခဲ့ပြီး, သင်္ကရာဇ် ၁၂၂၇-ခုနှစ် တပို့တွဲလဆန်း ၁၂-ရက်နေ့ သက်တော် ၆၆-နှစ် သီကျွတ်ဝါတော် ၄၇-ဝါအရတွင် ဂုဏ်တော်ရနံ့ သင်းပျံ့ပျံ့ကြောင့် ဆိုင်းငံ့ မျော်လင့် အသင့်စောင့်ဆိုင်းနေကြသော ဒေဝါဒေဝီတို့၏ ပင့်လျှောက်ချက်ကို နှစ်သက်ကြည်ဖြူ

ခံယူတော်မူ၍ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရုမကျောင်းတိုက်ကြီးမှ ဖဲခွါပြီး နှတ်ထီးရွှေဘုံ ခိုလှုံခဲ့လေပြီ။

ဥေ့ယျမမွော မဟာထေရော၊ သံဃရာဇမုရန္ဓရော။
ဆကော ပရမဆကော စ၊ နိကာယောဒမ်ဂမ္ဘီရေ။

ပရိယတ္တိဓရော စေဝ၊ ပဋိပတ္တိနိယောဇကော။
ရာဇိတော ရာဇဒိန္နေဟိ၊ ဥပါဓိဟိ အနေကဓာ။

သောပိ နာမ မဟာထေရော၊ သမွတ္တော မစ္ဆုနော ဝသံ။
တသွာ သဗ္ဗသခ်ိရေသု၊ အလမေဝ ဝိရဇ္ဇိတုံ။

ပခုက္ကူမဟာဝိသုတာရာမဝိဇ္ဇာယတနကြီးကို စတင်တည်ထောင်တော်မူခဲ့သော

ရေစကြိုဆရာတော်ဘုရားကြီး အခွင့်ဂန္ဆံသာရမဟာထေရ်

ရေစကြိုဆရာတော်ဘုရားကြီးသည် နိကာယ် ၅-ရပ် ပိဋကတ်ဒေသနာတော်၌ လွန်စွာကျမ်းကျင်နိုင်နင်းသည့် ဆရာတော် ဖြစ်တော်မူသည်၊ ထို့ကြောင့်ပင် ပခုက္ကူမဟာဝိသုတာရာမ နိကာယတက္ကသိုလ်ကြီးကို စတင်တည်ထောင်နိုင်ခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ပခန်းကြီးမြို့ အလယ်ကန်တိုက်အပါအဝင် ညောင်ပင်ရွာတွင် ဘခင် ဦးလူပု, မိခင် ဒေါ်မင်းခဲတို့မှ ၁၁၉၄-ခုနှစ် တပေါင်းလဆုတ် ၁၁-ရက် ည ၂-နာရီကျော်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်၊ ဘခင် ဦးလူပုမှာ ယောမြို့ဝန်ကြီး ဦးနိုး၏သား ဖြစ်သည်။

အရှင်ဂန္ဆသာရအလောင်း သန္ဓေမယူမီ မိခင်အိပ်မက်

အရှင်ဂန္ဆသာရလောင်းလျာ ပဋိသန္ဓေယူမည့်ညဉ့်တွင် မိခင် ဒေါ်မင်းခဲသည် ရေမိုးချိုးနှံသာလိမ်းပြီး ဘုရားအာရုံပြု၍ အိပ်စက်စဉ် နေအိမ်၏ အရှေ့စူးစူးမှ ကိုယ်လုံးဆွတ်ဆွတ်ဖြူသော ဆင်ဖြူတော်ကြီးတစီး ဝင်လာသည်ကို ဆီး၍ ရင်ဝယ်ပိုက်ရသည်ဟု အိပ်မက်မြင်မက်ခဲ့သည်၊ အလောင်းတော်သန္ဓေယူမည့်အခါတွင် မယ်တော်မာယာ အိပ်မက်ပမာ လွန်စွာမှ အတိတ်ကောင်း နိမိတ်ကောင်း အိပ်မက်ဖြစ်လေသည်။

သန္ဓိဂ္ဂဟာဏကာလေပိ၊ အဒက္ခိ သုပိနံ ဝရံ။
သဗ္ဗသေတံ မဟာဟတ္ထိံ၊ ဂဏ္ဘိတ္ဝာ ဌပယိ ဥရေ။

သူငယ်ဘဝ ထူးခြားချက်

ဖွားခါစဖြစ်သော မဟာဝိသုတာရာမာဓိပတိ ပုရိသဝိသိဋ္ဌလောင်းလျာ ရုပ်ရေရှုပကာယတင့်တယ်စွာသော သတ္တိသားမြတ်ကို မောင်ထပ်ဟု မိဘတို့က မှည့်ခေါ်ကြသည်၊ ဖွားမြင်ပြီးနောက် တခါတရံမျှ ငိုယို ပူဆာပူလောင် ပြုလုပ်ဘူးသည်မရှိရကား မိခင်သည် တနေ့တွင် တနေ့လုံး နို့ချိုတိုက်ကျွေး ပိုက်ထွေးယုယခြင်း မပြုပဲ ထားလေ၏၊ ထေရလောင်းလျာ သူငယ်ကလေးမှာ မျက်နှာအိုခြင်း, ငိုခြင်းအလျင်းမရှိပဲ မိမိ၏လက်ချောင်းကလေးကိုသာ နို့စို့သကဲ့သို့ စို့လျက် ပကတိတည်ငြိမ်စွာ နေလေသည်၊ ထိုအခြင်းအရာကို သိကြသော အိမ်နီးချင်းအားလုံး ဆွေမျိုးအားလုံးတို့မှာ တပြုံးပြုံးနှင့် ပြောပြမပြီး ချီးမွမ်းကြကုန်၏။

ဧကသ္မိံ ဒိဝသေ မာတာ၊ နာဒါသိ ထညပေယျကံ။
အာဒေဝနံ အကတ္ဝာန၊ အဂ်္ဂလိနာဘိတော သယိ။

ကျောင်းအပ်ပညာသင်

ဆရာတော်လောင်းလျာ မောင်ထပ် ၁၁-နှစ်သားအရွယ်တွင် အလယ်ကန် မဂ်လာကျောင်းဆရာတော်ထံတွင် မိဘတို့က အပ်နှံကြသဖြင့် သင်ပုန်းကြီး, မင်္ကလာသုတ်, ဘုရားရှိခိုး, အောင်ခြင်း

ဆရာတော် ရှင်ဂန္ဓသာရ မဟာထေရ်

ရှစ်ပါး, ဆုံးမစာ, ရတနာရှေချိုင့်, နမက္ကာရ, ပရိတ်ကြီး, ဇာတ်ကြီးဆယ်ဖွဲ့ အစရှိသည်တို့ကို အသက် ၁၅-နှစ်အတွင်း ကောင်းမွန်ကျနစွာ သင်ယူခဲ့လေသည်။ သင်အပ်သမျှလည်း ရှေခွက်၌ တည်သော ခြင်္သေ့ဆီကဲ့သို့ မမေ့မပျက် အားလုံးနှုတ်တက်လျက် ရှိသည်သာမက စာဖတ် စာရေးမှု၌ ကျွမ်းကျင် တတ်မြောက်လာလေပြီ။

ကောဒသမို့ သမ္ပတ္တော၊ သိက္ခိတဗ္ဗံ သုသိက္ခိတံ။
အတီဝ ကောဝိဒေါ အာသိ၊ ဝါစနေ လိခနေပိ စ။

သာမဏေဘုံ ခိုလှုံခြင်း

နိကာယဏ္ဍဝ ပါရဂူလောင်းလျာ မောင်ထပ် ၁၅-နှစ်အရွယ်တွင် မယ်တော် ခမည်းတော်တို့က ပဗ္ဗဇ္ဇမင်္ဂလာ ပွဲတော်သဘင် ဆင်ယင်ကြကာ သာသနာတွင်း သွတ်သွင်း ချီးမြှောက်ကြသဖြင့် အလယ်ကန်မင်္ဂလာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ အနှစ်အမြှုတေ ဘုရားအမွေတော်ကို ခံယူကြကာ သာမဏေဘုံ ခိုလှုံခဲ့လေသည်။ဥပဇ္ဈာယ်ဆရာတော်က သာမဏေ၏ အရည်အသွေးကို အကဲခတ်၍ ရှင်ဂန္ဆသာရ-ဟု မှည့်ခေါ်သတ်မှတ် ပညတ်တော်မူလေသည်။

ပန္နရသမို့ သမ္ပတ္တော၊ ပဗ္ဗဇ်ဇံ ဇိနသာသနေ။
ဂန္ဆသာရောတိ နာမံ တု၊ ဥပဇ္ဈာယော သုကိတ္တယိ။

မဟာဝိသုတာရာမာဓိပတိလောင်းလျာ အရှင်ဂန္ဆသာရသည် ဥပဇ္ဈာယ်ဖြစ်တော်မူသော မင်္ဂလာကျောင်း ဆရာတော်ထံ၌ နှစ်ခြုက်စိတ်စဲ့ အားအန်ခဲလျက် စာပွဲသဘင် နေ့စဉ်ဝင်ကာ သင်ကြားနေထိုင်ခဲ့၍ သာမဏေ ၁-ဝါရလတ်သော် မယ်တော်ခမည်းတော်တို့ ဖျားသီးရွာသို့ ပြောင်းရွှေ့ နေထိုင်ကြသဖြင့် သာမဏေရှင်ဂန္ဆသာရကိုလည်း ဥပဇ္ဈာယ်ဆရာတော်ကို လျှောက်ထား၍ ပင့်ခဲ့ကြလျက် ဖျားသီးရွာ ဇေယျာဘုံသာ ဆရာတော်ဘုရားကြီး ဦးအာစာရထံ အပ်နှံကြသဖြင့် ဆရာတော် ဦးအာစာရထံတွင် များစွာ ပရိယတ္တိ ဓမ္မကွန် စာပေကျမ်းဂန်တို့ကို အားအံကြိုးစား သင်ကြားနာယူခဲ့ရာ သာမဏေဘဝနှင့်ပင် အနာဂတ်တွင် နိကာယတက္ကသိုလ်ကြီး၏ အဓိပတိဖြစ်မည့်နိမိတ်ကို ပြသည်မည်အောင် အရည်အသွေး ပြည့်ဝသည့် သာမဏေကျော်ဖြစ်၍ ဘုရားရှင်သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နိုင်လေသည်။

သာမဏေရော သမာနော၀၊ ဒက္ခော ဗျတ္တော သုပေသလော။
နာနာသတ္ထေသု သိက္ခိတ္ဝာ၊ မုနိန္ဒသာသနဿရော။

ဥပသမ္ပဒဘုံ ခိုလှုံခြင်း

အလယ်ကန်မင်္ဂလာကျောင်း ဖျားသီးဇေယျာဘုံသာကျောင်းတိုက်၌ သာမဏေအဖြစ်ဖြင့် ၄-နှစ် ၄-ဝါရသောအခါတွင် အသက် ၁၉-နှစ်နှင့် ၂-လပတ်သည်နှင့် အသက် ၂၀-ပြည့်ဖြိုးကြွယ်ရာ သာသနာသက္ကရာဇ် ၂၃၉၅-ခု ကောဇာသက္ကရာဇ် ၁၂၁၃-ခုနှစ်ဝယ် အကြီးတော် ဦးသာရဲနှင့် မိကြီးတော်ရင်း ဒေါ်မင်းဘဲတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဗန်ကျီနယ် တရားမြို့ စမွါယ်ရုံကျောင်းတိုက် ခဏ္ဍသိမ်တော်တွင် ဖျားသီးရွာ ဇေယျာဘုံသာ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ဝတ္ထု၊ ဥတ္တိ, အနုသာသန, သိမာ, ပရိသ-အကုပ္ပဂုဏ် ၅-အင်စုံ၍ လုံးစုံသမ္ပတ္တိ ဥတ္တိ ဒေါသ

စသည်မရှိ နိဗ္ဗိစ္ဆိကိစ္ဆ နိဿံသယဖြင့် မဟာပုရိသ ပုဂ္ဂလအာဇာနည် ဆု ရွယ်ရည်မှန်း ရဟန်းအဖြစ်ကို ရယူတော်မူလေသည်။

ဦးသာ၌ ဂဟပတိ စ၊ ဒေါ်မင်းဘဲ ဃရသာမိနီ။
ဂန္ဆသာရံ နုဂ္ဂဟေသုံ၊ ဗုဒ္ဓသေဋ္ဌဿ သာသနေ။

ဆရာတော် ဦးဝရသမ္ဘောဓထံတွင် ပညာသင်ခြင်း

ဤသို့ဖြင့် ဆုကြိုးရည်မှန်း ရဟန်းမြတ်အဖြစ်ကို ယူပြီးသည်မှ နိဿယဂဟေတမ္ပ ဒဟရခေတ် အသစ်ကာလ ၅-ဝါရသည်တိုင်အောင် ကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာတော်ဘုရားထံ၌ ဂန္ဆန္တရ အဝဝကို အစ္စာရဒ္ဓဝီရိယ အသလ္လီနစိတ်ဖြင့် ဓုရ ၂-ပါးကို အားသွန်ကြိုးပမ်း ပွါးများအားထုတ်ပြီးလျှင် ၅-ဝါလွန်သောအခါ သာယာနုပျို ရေစကြို့မြို့၌ သိုက်မြိုက်ရံပတ် ပျားပန်းခတ်သို့ ပိဋ္ဌကတ္တယ ရသချိုမြတ် ဝတ်ယက်စုတ်ချွေ အုပ်တွေ့ထူပြော သောတုဇနတို့အား စာပေပို့ချ ဓမ္မာနုဂ္ဂဟ ဩဝါဒဖြင့် သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းရွက်လျက်ရှိတော်မူသော ဓမ္မပဒ-မဟာဋ္ဌကာပါဠ်, ပဋိသန္ဓိဝိနိစ္ဆယကျမ်းစသည့် ပါဠိမြန်မာ ကျမ်းပြုပုဂ္ဂိုလ်ကျော် ဆရာတော် ဦးဝရသမ္ဘောဓိထံ၌ ၂-နှစ်ကြာမျှ စာပေပိဋ္ဌကတ်ပရိယတ်၌ အမြတ်တနိုး အားကြိုးလုံလ နယဂ္ဂါဟ ပြုတော်မူခဲ့သည်။

ပဉ္ဇဝသော သမာနော၀၊ ဂန္ဆသာရော တပေါဓနော။
ဂန္ဆာန ဝရသမ္ဘောဓိ၊ ဥတ္တရိ ဥဂ္ဂဏှိ တဒါ။

ဆင်တဲ အရှင်ဣန္ဒာသဘထံ

ရဟန်းတော် အရှင်ဂန္ဆသာရသည် နိကာယတက္ကသိုလ် ဗဟိုစာချကျောင်းတိုက်ကြီး ဦးစီးရန် ငယ်ငယ်ကပင် ရည်ရွယ်ဟန် ရှိခဲ့သည့်အတိုင်း နည်းအမျိုးမျိုး ရရှိရေးကို တွေးကြံကာ အရှင် ဝရသမ္ဘောဓိထံမှ တိပိဋကတ်တောနက်ဂန္ဓိုင် မဟာမြို့အတွင်း ချဉ်းနင်းရန် နည်းနာနယကို ရယူပြီး ဆင်တဲအရှင်ဣန္ဒာသဘထံ ၉-လကြာမျှ နည်းခံသင်ယူကာ အရည်အချင်းကို မြင့်သည်ထက် မြင့်အောင် ဆောင်ရွက်တော်မူလေသည်။

ဣန္ဒာသဘံ ဥပဂမ္မ၊ နာနာနယဂဝေသကော။
ဥဂ္ဂဏှိ နဝမာသေဟိ၊ တေပိဋကနယံ ဝရံ။

ဇာတိရပ်ရွာ ဝါကပ်ခြင်း

အရှင်ဂန္ဆသာရသည် ကျေးဇူးပင်လယ် ဆယ်ဆကြွယ်သည့် မယ်တော် ခမည်းတော်တို့ကို ချီးမြှောက်ရန်လည်း စိတ်စောရင်း ရှိသည့်အတိုင်း အရှင်ဣန္ဒာသဘမထေရ်ထံ နည်းခံပြီး ဝါလနီးလတ်သော် မယ်တော် ခမည်းတော်တို့၏ စံရာဌာနီ ဖျားသီးရွာ ဇေယျာဘုံသာကျောင်း၌ ကိန်းအောင်း ယာပထ မျှတ၍ ဒီပပွသာဒက မဟာမဟိန္ဒ တေဇခိုင်ဖြိုး ရဟန္တာမထေရ်မြတ်ကြီး သည် ပါဠလိပုတ်နန်းမြို့တော်မှ ဇာတိဌာန ဝေဠုသကဋ္ဌ ဉာတတ္ထအကျိုး သည်ပိုးရွက်ဆောင်၍ ဝေဠုသဂိရိကျောင်းမှာ ၁-ဝါမှီတင်း သီတင်းသုံးတော်မူသောထုံးကို နှုလုံးပြုကာ ဉာတတ္ထ

အကျိုး ရည်မြော်ကိုးကာ ၁-ဝါဆိုတော်မှ၍ မိဘ ၂-ဦးတို့ကို တရားဓမ္မ ဟောပြလျက် ကျေးဇူးတော် အနန္တကို ဆပ်တော်မူလေသည်။

မာတရံ ပိတရံ စာပိ၊ ဥပကာရမဟာဂိရိ ံ။
ဓမ္မာမတေန တောသေသိ၊ ယထာ ဟိ မဟိန္ဒော သုဓီ။

သာသနာပိုင်ဆရာတော် ဦးဥေယျထံ နည်းခံခြင်း

ရဟန်းတော် အရှင်ဂန္ဆသာရသည် ရဟန်းသိက္ခာ ဂ-ဝါအရွယ်တွင် ပဗ္ဗဇ္ဇာစရိယဖြစ်သော ညောင်ပင်ရွာ မင်္ဂလာကျောင်း ဆရာတော်, ဥပဇ္ဈာစရိယဖြစ်သော ဖျားသီး ဇေယျာဘုံသာ ဆရာတော်ဘုရားကြီးတို့ကို ပန်ကြားပြီး ရတနာပုံ မန္တလေးနေပြည်တော်သို့ကြွ၍ တောင်ပြင် အသောကာရာမကျောင်းတိုက် လေးထပ်ကျောင်း၌ ၂-လမျှ သီတင်းသုံးတော်မူပြီး အရှေ့ပြင် တိုက်တော်၌ ၂-ဝါသီတင်းသုံးတော်မူ၍ စာပေပိဋကတ် သင်ကြား ချပို့တော်မူသည်။

အရှင်ဂန္ဆသာရသည် ရဟန်းသိက္ခာ ၁၀-ဝါ ရပြီးနောက် ဥေယျဓမ္မာလင်္ကာရ မဟာဓမ္မ-ရာဇာဓိရာဇဂုရုဟူသော ပဌမဘွဲ့တံဆိပ်တော်, ဥေယျဓမ္မာဘိဝံသသိရိပဝရာလင်္ကာရ ဓမ္မသေနာ-ပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဒုတိယဘွဲ့တံဆိပ်တော်, ဥေယျဓမ္မာဘိမုနိဝရာဇာကိတ္တိ-သိရီဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော တတိယဘွဲ့တံဆိပ်တော်တို့ဖြင့် တင့်တယ်စွမ်းတော်မူသည့် သံဃိဿရ သံဃာ့ဦးကိုင် သာသနာပိုင်ဆရာတော် ဦးဥေယျထံ နေ့ဝါ ညဝါ ဆို၀ါဖြင့်ချည်း နောက်ဆုံး အချောသတ် နိကာယ် ၅-ရပ် ပိဋကတ်သုံးသွယ် အပြာကျယ်စွာကို ကောင်းစွာ ကူးခပ်နိုင်သည်အထိ ဝိရိယာဓိက သမ္မာဆန္ဒဖြင့် သင်ယူခဲ့လေသည်။

ဒသဝဿော သမာနော၀၊ ဂန္ဆသာရော ယတီသဘော။
ပုနော၀ိ သံဃရာဇဿ၊ ဥဂ္ဂကို ပိဋကတ္တယံ။

သာသနာပိုင်၏ ဗျာဒိတ်

နတ်ရဲတောင် သာသနာပိုင် ဆရာဘော်ဘုရားကြီးသည် ရဟန်းတော် ရာပေါင်းများစွာ ဝန်းရံလျက် ကေသရာဇာ ခြင်္သေ့မင်းပမာ တင့်တယ်စွာထိုင်လျက် ပရိယတ္တိပို့ချစဉ်—

"ဂန္ဆသာရမည်သော ငါ၏ တပည့်သားသည် လေးပါးသော ပစ္စည်းကို မငဲ့မညှာမူ၍ အလှူခံမလိုက်ပဲ သာသနာတော်ကို စောင့်ရှောက်လိမ့်မည်ဟု မိန့်ခွန်းတော် ဝဲ့ချီးပတော်မူခဲ့ဘူးသည်။"

ထိုကဲ့သို့ မိန့်မြွက်တော်မူခဲ့ဘူးကြောင်း ဆရာတော်ကိုယ်တိုင် ကခ်ါနိဿယ ပဏာမ၌ ဖော်ပြခဲ့သည်၊ ၎င်းပြင် ဆရာတော် အရှင်ဂန္ဆသာရသည် မိမိအား နေ့ဝါညဝါ သဒ္ဒနယ, ဒဿနဒီပန, ပကာသန, ဝိဘာဝန, အနုဘာဝန ကိရိယာပဥ္စက ဥဒ္ဓရဏနယအစရှိသော နည်းဥပဒေကို ခဲ့ဝေကျန ညွှန်ပြပေးတော်မူသော သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် အခြား ဆရာတော်တို့ကို အကြိမ်ကြိမ်ဦးနှိမ်ခဲ့ကြောင်း—

နာနာနယေသု ကောသလ္လံ၊ ဝန္ဒိတ္ဝာ ရာဇပူဇိတံ။
သံဃရာဇံ ဗဟုက္ကာရံ၊ သေသေပိ သိရသာ နမေ။

ဟူသော ကခ်ါနိဿယ ပဏာမဖြင့် သိသာလေသည်။

မူလပဏ္ဏာသအဋ္ဌကထာ နိဿယရေးရန် အမိန့်တော်

အရှင်ဂန္ဆသာရသည် ရဟန်းသိက္ခာ ၁၂-ဝါအရတွင် ဂန္ဆန္တရ အဝဝဋ္ဌ လွန်စွာကျမ်းကျင်တတ်မြောက်သည့် ဂုဏ်စသည့် သတင်းတို့ကြောင့် မင်းတုန်းမင်းတရားကြီးနှင့် မဟေသီ မိဖုရားခေါင်ကြီးတို့၏ တိုက်တော် စလင်းကျောင်းကို တင်လျှုကိုးကွယ်တော်မူမှုနှင့် ပဌမစာတော်ချအဖြစ် ပစ္စည်း ၄-ပါး ထောက်ပံ့ကိုးကွယ်မှုကိုခံယူကာ အရပ်ရပ်မှကြွလာသော စာသင်သားတို့အားစာပေဒီပခြဆဲရှိစဉ် ဘဒန္တဥေ္ဇာယျခမ္မသံဃိဿရသံဃဦးကိုင် သာသနာပိုင်ဆရာတော်ဘုရားကြီးကမိန့်ဟ ထုတ်ဖော် ဘွဲ့အမည်ကို ခေါ်တော်မူပြီးလျှင် သင်သည် အရှည်နောင်ခါ သာသနာကိုကောင်းစွာ စောင့်ရှောက် ချီးမြှောက်ရစ်ရမည်၊ သုံးလီသော ပိဋကတ်တွင် သုတ္တန္တပိဋက မဇ္ဈိမနိကာယဝဏ္ဏနာ ပပဉ္စသူဒနီ အမည်ရှိသော မူလပဏ္ဏာသအဋ္ဌကထာ၏ မှီရာ အတ္ထနိဿယကို ရေးသားပြုပြင် စီရင်ရစ်ရမည်ဟု ဝစီမုခ အာဘိယာစက မိန့်ဟသံချို့ အကြိမ်ကြိမ် မှာဆို မိန့်တော်မူခဲ့ဘူးသည်။

ရာဇဂုရုတံဆိပ်တော်ကို ပယ်မြစ်ခြင်း

ကျေးဇူးရှင်သာသနာပိုင်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၂၇-ခုနှစ်တွင် နတ်ပဲ့သဘင်ဝင်စံတော်မူခဲ့သည်၊ အရှင်ဂန္ဆသာရသည် ကျေးဇူးရှင်သာသနာပိုင်ဆရာတော်၏ မူလပဏ္ဏာသအဋ္ဌကထာနိဿရေးရန် မိန့်ကြားချက်ကို ဦးထိပ်ရွက်ပန်ဆင်ကာ စာဝါများချရင်း အကြားအကြားတွင် မူလပဏ္ဏာသအဋ္ဌကထာနိဿကို ရေးသားစီရင်ဆဲတွင် ပဉ္စမသံဂါယနာတင် ဘုရင်မင်းမြတ်နှင့် ညာနတ်ဒေဝီ မဟေသီမိဖုရားခေါင်ကြီးတို့က များစွာကြည်ညိုခြင်း သဒ္ဓါပသန္နဖြစ်ကြကာ "ဂန္ဆသာရာဘိဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော တံဆိပ်နာမံတော်ကပ်လှူပူဇော်ကြရန်နှင့် တိုက်တော်သီးခြား တည်ထားကိုးကွယ်ရန် ရည်မှန်းခြင်းရှိကြသဖြင့် နန်းတော်သို့ပင့်၍ လျှောက်ထားချက်ကို အလျှင်းပင်ငဲ့ကွက်တော်မမူပဲ ရာဇဝတ္ထုဘာ အာဒီနဝကို ရှုဆင်ခြင်၍ ပယ်မြစ်တော်မူခဲ့သည်၊ သို့ဖြစ်၍ ဆရာတော်အရှင်ဂန္ဆသာရ၏ လောကဂုဏ်ပကာသနတို့၌ မကပ်ငြိပဲ စိတ်ထားတော်စင်ကြယ်မြင့်မြတ်ပုံမှာ အံ့သြချီးကျူးဖွယ်စင်စစ်မှန်လှတော့သည်။

မဟာဂုရုဥပါဓိမ္မိ၊ မဟာထေရော ပဋိက္ခိပိ။
လောကိယေန္ဒုပလိတ္တော စ၊ အဟော တဿ ဝိသုဒ္ဓတာ။

သစ်ဆိမ့်တိုက်အတွင်းရှိ ကျောင်းတင်ခြင်းကိုခံယူခြင်း

မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့သည် တံဆိပ်တော်နှင့် တိုက်တော်သီးခြားကိုးကွယ်မှုကို ပယ်မြစ်တော်မူသဖြင့် သစ်ဆိမ့်တိုက်အတွင်း ကျယ်ဝန်းလှစွာသော ကျောင်းတော်ကြီးကို ဆောက်လုပ်စေကြပြီး ရေမြေသခင် ဘုရင်မင်းမြတ်နှင့်တကွ ညာနတ်ဒေဝီ မဟေသီမိဖုရားခေါင် တောင်နန်းမတော်ကြီး, မိုးမိတ်မင်းသမီး, ကျောက်ပန်းတောင်း မင်းသမီး, ပခန်းမင်းကြီး, ရေစကြို စားတော်ဝန်ကြီးတို့က အသီးအသီး အဝဝ ပစ္စယဒါယကာ ပျူငှါနှစ်သက် ကိုယ်စီထွက်၍ ဝှန်တက်သဒ္ဓါ ဝိဟာရမဟပူဇော မဂ််လာဖြင့် ဒကာင်းစွာတင်လှူ ကိုးကွယ်ကြလေသည်။

မဟာပုညော မဟာရာဇာ၊ ပူဇယိ ထေရကုဥ္ဇရံ။
သုဝိသာလံ ဝိဟာရမ္ပိ၊ သာသနဿ ဘိဝုဒ္ဓိယာ။

မင်းပရိသတ်များ မချဉ်းကပ်ဝံ့ကြခြင်း

ယင်းသို့ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးနှင့် ညာနတ်ဒေဝီ မဟေသီမိဖုရားခေါင်ကြီး, မိုးမိတ်မင်းသမီး, ကျောက်ပန်းတောင်း မင်းသမီး, ပခန်းမင်းကြီး, ရေစကြိုစားတော်ဝန်ကြီးတို့ကြက်သီးဝှန်တက် နှစ်သက်ကြည်ညိုကြသော်လည်း ပစ္စည်းလေးပါးဖြင့်သာ သဒ္ဓါအလျောက် ထောက်ပံ့လှူဒါန်းကြရ၏၊ ရာဇဝင်လွှာ အာဒီနဝါနုပဿီဂုဏ်, ကျောက်ထီးအလား လေးစားအပ်သော ဂရုဂါရဝတာဂုဏ်, ဝတ္တာ, ဝါဒီဝရယုတ္တမုတ္တဝါဒီဂုဏ်, ပရိယတ္တိဝိသာရဒ, ပဋိပတ္တိသမ္မန္န, အစ္စာရဒ္ဓဝီရိယဂုဏ် ကြွယ်ဝလျက် စွယ်လှမာတင် မုနိဝင်အာသောက် ပေါက်သား အာဇာနည်အရည်မြောက်ပြီး ဆင်ပြောင်ကြီးကဲ့သို့ အနီးတိုးလစ် ခက်ရာခက်ဆစ် ထိုးပစ်မရဲ ကပ်နိုင်ခဲသော ဒုပ္ပဓံသိယဒူရာသဒဂုဏ်တို့ဖြင့် လွှမ်းခြုံထင်ပေါ် ကြားသိဘော်မူကြသည်နှင့် နန်းတော်အိမ်တော်သို့ မကြာမကြာပင့်ခေါ်ခြင်း, ကျောင်းသို့ သွားရောက်ချဉ်းကပ်ခြင်းနှင့် ငြဲတိုက်သံဆင့်, သံတော်ဆင့်, နန်းမတော်ဝန်, မိုင်းခိုင်း အတွင်းဝန်ကြီးတို့လည်း အနီးထံမှောက် သွားရောက်ဆွေးနွေးခြင်းစသည်တို့ကို မပြုဝံ့ကြ မပြုရဲကြလေကုန်။

ထေရဿ ထိရမာရဇ္ဇာ၊ ဘူပါလပရိသာ ဇနာ။
ဂန္တုံ အဝိသဟာယေဝ၊ အဂ္ဂဂ္ဂထေရသန္တိကံ။

သီပေါမင်း ဆက်လက်ကိုးကွယ်ခြင်း

ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် သာသနာတော် စည်ပင်ပွင့်လင်းကြောင်း တိုင်းပြည်နိုင်ငံ သာယာဝပြောကြောင်းစသော ကောင်းသောလုပ်ငန်းတို့ကို ပြုလုပ်ဆဲ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် ဝါခေါင်လဆုတ် ၁၀-ရက်နေ့မှစ၍ ပြင်းစွာမကျန်းမမာသဖြင့် သာသနာရေးတိုင်းပြည်ရေးတို့ကို ဆောင်ရွက်စေရန် သက္ကရာဇ် ၁၂၂၀-ပြည့်နှစ် နတ်တော်လဆုတ် ၁၂-ရက်စနေနေ့ နံနက် ၄-ချက်တီးကျော်အချိန်တွင် လောင်းရှည်မြို့စား မင်းသမီးနန္ဒာဒေဝီမှ ဖွားမြင်ခဲ့သော သီပေါမြို့စားသားတော်ကို ၁၂၄၀-ပြည့်နှစ် တော်သလင်းလဆုတ် ၉-ရက်နေ့တွင် အိမ်ရှေ့မင်းအဖြစ်အပ်နှင်းလေသည်၊ ဖော်ပြပါ ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆-ရက်နေ့ ပဥ္စမသံဂါယနာတင် ဘုရင်မင်းမြတ်ကြီး နတ်ရွာစံသဖြင့် သားတော်မဟာဥပရာဇာသည် ထိုနှစ် သီတင်းကျွတ်လဆန်း ၇-ရက်နေ့တွင် ရွှေဆီး, ရွှေနန်း သိမ်းမြန်း စိုးစံတော်မူ၍ ခမည်းတော်နည်းတူ အရှင်ဂန္ဓသာရအား ဆက်လက်ကိုးကွယ်လေသည်။

မင်းတုန်းရာဇေ နိရုဒ္ဓမ့ိ၊ သီပေါရာဇာပိ ပူဇယိ။
ပုဗ္ဗေဝ ထေရသေဋ္ဌဿ၊ အဂ္ဂဂ္ဂပစ္စယေဟိပိ။

ရေစကြိုမြို့သို့ ကြွတော်မူခြင်း

ဆရာတော်အရှင်ဂန္ဓသာရသည် သက္ကရာဇ် ၁၂၄၁-ခုနှစ်တွင် ရေစကြိုဝန်မင်းကြီးက ဆရာတော် ဦးဝရသမ္မောဓိသီတင်းသုံးခဲ့ရာ ကျောင်းတိုက်၌ ကျောင်းကြီး, ကျောင်းမ, ပြာသာဒ်, စနှစ်, ဘောဂ, အရံအဂှ်တိုက်ကျောင်းများနှင့်တကွ လှပတင့်တယ် ကြီးကျယ်မှမ်းမံတည်ထောင် ဆောင်စေပြီးလျှင် ဆရာတော်ဘုရားကြီးကို အမှီပြု၍ သုဂတိဘဝ အမတခေမာရောက်လိုပါသောကြောင့် ရေစကြိုမြို့သို့ကြွ၍ ဆရာ့နေရာ စဉ်လာမပျက် ဆက်လက်သဖြင့် အသင့်မျှတ ဂန္ဆမုရ, ဝိပဿနာမုရ, နှစ်ကိစ္စဖြင့် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်းတော်မူပါဟု လျှောက်ထားတောင်းပန်

ချက်ကို နှစ်သက်ကြည်ဖြူလက်ခံယူကာ မူလပဏ္ဏာသ အဋ္ဌကထာနိသျ့ကြီးကို ရေးစီရင်ပြီးနောက် သက္ကရာဇ် ၁၂၄၁-ခုနှစ်တွင် မန္တလေးမြို့တော်၌ ၂၈-ဝါတိုင်တိုင် သီတင်းသုံးတော်မူပြီးမှ ရဟန်းသိက္ခာ ၃၆-ဝါအရတွင် နောက်ပါသံဃာများစွာနှင့်တကွ ရေစကြိုမြို့သို့ ကြွတော်မူ၍ အောင်မြေသာယာမင်္ဂလာမင်းကျောင်းတိုက်ကြီး၌ သီတင်းသုံး၍ ဂန္ထဓုရ,ဝိပဿနာဓုရ ၂-ပါးကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလေသည်။

ရေစကြိုမဟာမစ္စေန၊ သက္ကစ္စ မဘိယာစိတော။
အနုဂ္ဂဟံ ဟိ သော ထေရော၊ အဂဉ္ဆိ ရေစကြိုပုရံ။

ပခုက္ကူမြို့ ပန်းစွာကျောင်းတိုက်သို့ ကြွတော်မူခြင်း

ဤသို့ဖြင့် ဆရာတော်အရှင်ဂန္ဓသာရသည် ရေစကြိုမြို့ အောင်မြေသာယာကျောင်းတိုက်ကြီး၌ သီတင်းသုံးကာ ဂန္ထဓုရ, ဝိပဿနာဓုရတို့ဖြင့် ဘုရားရှင်သာသနာကို နေအစင်း လအစင်း ရာထောင်မက လင်းလက်စေခဲ့လေသည်။

သို့ရာတွင် ၁၂၅၈-ခုနှစ် ရောက်သောအခါ သံဃာတော်အရှင်မြတ်တို့၏ ဂေါစရဂါမ် မှီတင်းကျရာ ရေစကြိုမြို့သည် ပင်ကိုကပင် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်သတင်း တဝင်းဝင်းတောက်၍ ထက်အောက်ကျည ြမို့ရွာခရိုင် နိုင်ငံအရပ်ရပ်မှ လာရောက်ကြသော သံဃာ့ဝန်ကို မငြိုမငြင် မျှတရအောင် ထမ်းဆောင်ခြင်းငှါ မနိုင်လာသည့်အပြင် မြို့ရွာအလုံး ဆုံးပါးပျက်စီးမီးသင့်လောင်လေသော် တပည့်သံဃာတော်တို့မှာ ဘုရားရှင် ၁၂-ဝါအရ ဝေရဉ္ဇာပြည်မှာကဲ့သို့ လှည့်လည်ကြွလှမ်း သလုံးစွမ်းဖြင့် ပင်ပန်းအောင် ဆွမ်းခံကြရသော်လည်း ဘောဇနသပ္ပါယ မဖြစ်သဖြင့် ပဲခုက္ကူမြို့မှ ပဲစားကြီး ဦးရွှေတောင် အစရှိသော လူကြီးလူကောင်းတို့က ပခုက္ကူမြို့၌ သီတင်းသုံး၍ ပရိယတ္တိသာသနာ ဖြန့်ချီပါရန် လျှောက်ထားသဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူကာ ၁၂၅၈-ခုနှစ်တွင် ပခုက္ကူမြို့ ပန်းစွာတိုက်သို့ကြွ၍ မယ်မင်းခင်ကျောင်းသစ်ပေါ်၌ သီတင်းသုံးကာ ၇-ဝါကြာမျ အနယ်နယ်အစုံစုံ အမြို့မြို့ အရွာရွာမှ ကြွလာခိုမှီကြသော စာသင်သားတို့အား မအားနိစ္စ စာပို့ချကာ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလေသည်၊ ဆရာတော်သည် မယ်မင်းခင်ကျောင်းပေါ်မှာပင် စာချရင်း ကခ်ါဝိတရဏီအဋ္ဌကထာနိသျ့,ကခ်ါဝိတရဏီအဋ္ဌကထာစာစပ် ပကိဏ္ဏကစာစပ်တို့ကို ရေးတော်မူခဲ့သည်။

ဦးရွှေတောင် သင္ဇနာဒီဟိ၊ ဥပါသကေဟိ ယာစိတော။
ထေရော ပန်းစွာဘိဓာနမှိ၊ အာရာမမှိ ဝသီ တဒါ။

မဟာဝိသုတာရာမကျောင်းတိုက်ကြီး တည်ပြီ

ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် ဖော်ပြပါ ပန်းစွာကျောင်းတိုက်၌ ၇-ဝါကာလပတ်လုံး သီတင်းသုံးတော်မူပြီး အရှင်ကေလာသဘအမည်ရှိသော တပည့်ကြီးကို သံဃာအားလုံး အပ်နှင်းခဲ့ပြီး ရေစကြိုသို့ ကြွ၍ ဝါကပ်တော်မူသည်။

ဦးစံပေါ် ဒေါ်ငွေတို့ အကြံ

ပခုက္ကူမြို့ စျေးဟောင်းရပ်၌ ဦးစံပေါ် ဒေါ်ငွေ ဟူသော ဇနီးမောင်နှံ သူတော်စင် ၂-ဦးတို့ နေထိုင်လျက် ရှိကြသည်၊ သူတို့သည် ဥစ္စာဓန ကြွယ်ဝကြသည့်အလျောက် သဒ္ဓါတရားလည်း ပေါ

ပြည့်ဝသည့် ဦးစံပေါ်မှာ အလောင်းတော် ဝေဿန္တရာမင်းကဲ့သို့ ဒါနမှုပြုရာ၌ တင်းတိမ်အားရသည်ဟု မရှိပေ၊ ဇနီးသယ် ဒေါ်ငွေမှာလည်း ယသောဓရာအလောင်း, မဒ္ဒီဒေဝီပမာ ဦးစံပေါ်နှင့် စိတ်စေတနာတူမျှ၍ သဒ္ဓါဘာရပြည့်ဝသည့် ပါရမီဖြည့်ဖက် ပါရမီရှင် အမျိုးသမီးတဦးဖြစ်ခဲ့သည်၊ သူတို့ ၂-ဦးမှာ "ငါတို့ ကိုးကွယ်ဆီးကပ်နေသည့် ကောင်းမှုပြုရာ ပုညတိတ္ထ, ပုညဘူမိ,ပုညပတြကြီးဖြစ်တော်မူသည့် ကျေးဇူးရှင် အရှင်ဂန္ဓသာရအရှင်မြတ် ရေစကြို့မြို့သို့ ပြန်ကြွသွားခဲ့ပြီ၊ ဆရာတော်ဘုရား ပြန်လည်၍ မကြွမလာပါလျှင် တို့တတွေနှင့် မြို့သူမြို့သားတို့ကိုသိုလ်ကောင်းမှု ယုတ်လျော့ခဲ့တော့မည်၊ ငါတို့သည် ထိုကျေးဇူးရှင် အရှင်ဂန္ဓသာရကို မှီ၍ကောင်းမှုမျိုးစေ့ စိုက်ပျိုးကြရပါကုန်မူကား အတိုင်းမသိ ကောင်းမြတ်ကြရာ၏ ဟု ကြံစည်စိတ်ကူးကြလေသည်။

ဂဏဝါစကများနှင့် ဆရာတော်ကြီးအား လျှောက်ခြင်း

ဦးစံပေါ် ဒေါ်ငွေတို့သည် ကြံစည်ပြီး ပန်းစွာတိုက်သို့ ချက်ချင်းသွားရောက်ကြကာ ဂဏ-ဝါစကရဟန်းတော်တို့ကို အရှင်ဘုရားတို့ ပခုက္ကူမှာ အမြဲသီတင်းသုံးကြ၍ သာသနာကို စောင့်ရှောက်ကြပါကုန်မူ တပည့်တော်များ မြေကွက်သစ်ကိုဝယ်၍ ကျောင်းတိုက်သစ်တည်ကာ လှူဒါန်းလိုကြပါသည်ဟု လျှောက်ထားကြပြီး ရေစကြို့ဆရာတော်ကြီးထံသို့လည်း ရှေးနည်းတူ ချဉ်းကပ်လျှောက်ထားကြပြန်ရာ ငါကား အသက် ၇၀-ရှိပြီ ပစ္ဆိမအရွယ်သို့ ရောက်လေပြီ ဂဏဝါစကစာချများဖြစ်သော ရှင်နန္ဒိယ,ရှင်ပညာ, ရှင်အဂ္ဂဓမ္မ,ရှင်နန္ဒဝံသတို့ လက်ခံလျှင် သင်တို့သဘောအတိုင်း အရံသစ်ကို စီမံလှူဒါန်းနိုင်ကြသည်ဟု အမိန့်ရှိတော်မူလိုက်လေသည်။

မြေနေရာ ဝယ်ယူပြီ

ဦးစံပေါ်, ဒေါ်ငွေတို့သည် ဆရာတော်ဘုရားကြီး အမိန့်သံနှင့် ဂဏဝါစကဆရာတော်တို့၏ ပဋိညဉ်ရလျှင် က-တော့မလို ခုန်တော့မလောက် လွန်စွာဝမ်းမြောက်ကြကာ ခန်တောရွာ အရှေ့ဖက်တောင်, မြောက်, အရှေ့ ၄-မျက်နှာတို့၌ ပြလမ်းမဖြင့် ပိုင်းခြားလျက်ရှိသော မင်္ဂလာသီရိဘူမိလက္ခဏာနှင့် ပြည့်စုံသော လယ်မြေကို ပိုင်ဆိုင်သူ မြေရှင် ဆရာမောင်, ကိုစံရာ, ကိုဖိုးဦး, ကိုမြတ်သာ, ကိုမြတ်လူ, ကိုစံကျော်, ဆရာမြင့်, ကိုထပ်-တို့ထံမှ အသပြာငွေ ၁၀၀၀-ကျပ်ဖြင့် ဝယ်ယူကြလေသည်။

ကျောင်းတိုက်ကြီး ပနက်ချပြီ

ဦးစံပေါ်-ဒေါ်ငွေတို့သည် မြေနေရာဝယ်ယူကြပြီး အရှေ့မျက်နှာမှ ၃၆၄-တောင်၊ အနောက်မျက်နှာမှ ၄၆၉-တောင်၊တောင်မျက်နှာမှ ၄၆၂-တောင်၊ မြောက်မျက်နှာမှ ၃၈၈-တောင်၊ ပတ်လည်အဝန်း ၁၆၈၃-တောင် ကျယ်ဝန်းသော မြေမျက်နှာပြင်ကို ကောဇာသက္ကရာဇ် ၁၂၆၅-ခု တပို့တဲ့လဆုတ် ၄-ရက် ကြာသပတေးနေ့နံနက် ၄-ချက်တီးကျော် ၄-ခြာ, တပါဒ်, ၁၂-ဗီဇနာ, ၅-ပြန်, ၃-ခရာ,မကာရလဂ်, ကံစန်း, နက္ခတ် ၂၁-လုံးထက်လက်စီးလျက် နေရိပ် ၂၂-ဖဝါး အချိန် သဒ္ဓါတိနက္ခတ်မှန်းတည့်မတ်၍ တပါဒ်ပြည့်အခါ၌ တြင်းသံ,နဝင်းသံတို့ကိုနာခံ၍ အရှေ့မြောက်ထောင့်၌ ရှေ့ပနက်ကို တနင်းလာသား, အရှေ့တောင်ထောင့်၌ ဌေပနက်ကို အင်္ဂါသား, အနောက်တောင်ထောင့်၌ ကြေးပနက်ကို ဗုဒ္ဓဟူးသား, အနောက်မြောက်ထောင့်၌ ကျောက်ပနက်ကို စနေသားတို့ကို စိုက်မှတ်စေကြကာ ပနက်ချပဲ့ ကျင်းပကြလေသည်။

ပရိတ်ရွတ်, ကမ္မဝါဖတ်, မြေသန့်ခြင်း

ဤသို့ဖြင့် ပနက်ချပြီးနောက် ထိုစဉ်က—

၁။ ပခုက္ကူမြို့ ဂိုဏ်းအုပ် လယ်ပြင်ဆရာတော် အရှင်ကလျာဏ၊

၂။ ပခုက္ကူမြို့ ဂိုဏ်းထောက် ခန်တော တိုက်အုပ်ဆရာတော် အရှင်စန္ဒိမာ၊

၃။ ပခုက္ကူမြို့ ရွှေဂူတိုက် ရတနာဇီမာန်အုင်္ဂကျောင်းဘုန်းကြီး အရှင်ပညာဝံသ၊

၄။ မဟာဝိသုတာရာမတိုက်သစ် တိုက်အုပ်ဘုန်းကြီး အရှင်နန္ဒိယ၊

၅။ တိုက်ကြပ်ဘုန်းကြီး အရှင်ပညာ၊

၆။ တိုက်ကြပ်ဘုန်းကြီး အရှင်နန္ဒဝံသ၊

၇။ တိုက်ချုပ်ဘုန်ကြီး အရှင်ဝိမလ—

စသော မထေရ်မြတ်တို့သည် ပခုက္ကူမြို့မှ ကိုရန်အောင်, ကိုရန်ကင်း, ကိုရန်လင်း, ကိုရန်မှား, ကိုရန်ဝေး, ကိုအောင်ကြီး, ကိုအောင်ရ, ကိုအောင်ခဲ, ကိုအောင်စံ, ကိုအောင်ဘ, ကိုထွန်းအေး, ကိုထွန်းပေါ်, ကိုထွန်း, ကိုရွှေတောင်, ကိုကြင်ဘော့်, ကိုမြတ်သာ, ကိုကျော်, ကိုရွှေသိန်း စသော လူကြီးမင်းတို့အစုံအညီ ပထဝီဇယမင်္ဂလာ ဂါထာမန္တန် မန္တရား ပရိတ်မေတ္တာ ကမ္မဝါစာ တို့ကို ဖတ်ရွတ်တော်မူကြကာ ကျောင်းတိုက်ကြီး၏ နေရာ မြေသန့်မင်္ဂလာပွဲကြီး ကျင်းပလေသည်။

ဆရာတော်ကြီးနှင့် သံဃာတော်များ သီတင်းသုံးပြီ
ကျောင်းများ ရေတွင်းများ ဆောက်လုပ်စီမံခြင်း

ဦးစံပေါ်-ဒေါ်ငွေအမှူးရှိသော ဒကာ, ဒကာမတို့သည် ပရိဝုဏ်မျဉ်းတားခတ်ပြီး အသီးအသီး စိတ်တူကိုယ်မျှ ကျောင်းများ ရေတွင်းများ စီမံဆောက်လုပ်ကြပြီး သာသနာသက္ကရာဇ် ၂၄၇၈-ခု ကောဇာသက္ကရာဇ် ၁၂၆၆-ခု ဒုတိယဝါဆိုလဆန်း ၁၄-ရက်နေ့တွင် အရှေ့ပန်းစွာတိုက်မှ ဆရာတော်ဘုရားကြီး နံသင့်စကားနှစ် ရုပ်ပွါးဘုရား ၂-ဆူနှင့် ဓမ္မက္ခန္ဓာ ပေစာများကို ထီးဖြူ စိုက်မိုးကာပြီး သံဃာတော် ၁၆၀-ကျော်တို့နှင့်တကွ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို ပင့်ဆောင် ကိုးကွယ်ကြလေသည်။ (ပခုက္ကူသာသနာဝင်ကျမ်း ၅၃၊၅၄-၌ ဒုတိယဝါဆိုလဆန်း (၈)ရက်နေ့တွင် ကြွရောက် သီတင်းသုံးသည်-ဟု လာရှိသည်မှာ မှတ်တမ်းသစ်အရဖြစ်ရာ ဤ၌ ဖော်ပြသည်မှာ မှတ်တမ်းဟောင်းအရဖြစ်၍ ပိုပြီးသင့်သည်)။

စမ္မက္ခန္ဓကသာရေန၊ နိမိတံ ပဋိမာဒ္ဒယံ။
ပုရေ ကတ္တာ ဓမ္မက္ခန္ဓံ၊ သသံဃော တမုပါဂမိ။

ခဏ္ဍသိမ်သမုတ်ခြင်း

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် သံဃာတော်အရှင်မြတ်တို့ ကံကြီး,ကံငယ်ဆောင်ရွက် လွှဲယ်ရန် တိုက်,လယ်မြေ ၁-ကေခန့်အရပ်ကို သတ်မှတ် ပိုင်းခြားစေ၍ တိုက်ဒကာကိုပင် အစိုးရ

မင်းတို့ထံ ဝိသုဂါမ သိမ်မိန့်ခံစေပြီးလျှင် အကြိမ်များစွာ ဥပသမ္ပဒကံ, ဥပုသ် အစရှိသော ကံကြီး, ကံငယ်တို့ကို ဆောင်ရွက်တော် မူကြရသည်။

ကျေးဇူးရှင် ရေစကြို့ ဆရာတော်ဘုရားကြီးသည် လင်္ကာပေသလ, သီဟိုဠ်ကာမဖြစ်သော ရှာသစ်ဘုန်းကြီး အရှင်သုဘောဂ လျှောက်ထား တောင်းပန်ချက်အရ နောင်လာဆက်ပွါး တပည့်သားတို့ နားလည်စေခြင်းအကျိုးငှါ တိုက်ရိုသံဃာအားလုံး သိမ်နှုတ်ကမ္မဝါ, သိမ်သမုတ် ကမ္မဝါစာတို့ကို အချိုးတကျ အာဂုံနှုတ်တက် သင်ကြားစေ၍ သီမာသင်္ကေတရ ဒေါသအတွက် ယုံမှားသံသယ ကင်းရအောင် တိုက်သစ်မြေကို အရပ်အားလုံး၌ ဟတ္ထပါသ်ချင်းစပ်မျှ အထပ်ထပ် အကြိမ်ကြိမ် သိမ်နှုတ်ကမ္မဝါစာဖြင့် နှုတ်သိမ်းစေတော်မူကာ တိုက်ဒကာကြီး ဦးစံပေါ်-တိုက်အမကြီး ဒေါ်ငွေတို့ကို သိမ်ဒကာ, သိမ်အမပြုစေတော်မူ၍ သာသနာသက္ကရာဇ် ၂၄၄၈-ခုနှစ် ကောဇာသက္ကရာဇ် ၁၂၄၆-ခုနှစ် တပေါင်းလဆုတ် ၁၁-ရက်နေ့တွင်—

၁။ လယ်တွင်းကိုးခရိုင်ဂိုဏ်းချုပ်ဆရာတော်၊

၂။ မအူဂိုဏ်းချုပ်ဆရာတော်၊

၃။ စိုင်သေဆရာတော်၊

၄။ ကျက်ဆူကျင်းဆရာတော်၊

၅။ ပခုက္ကူမြို့ ဂိုဏ်းချုပ်လယ်ပြင်ဆရာတော်ဘုရားကြီး—

အစရှိသော မြို့ပေါ်ရှိ ဆရာတော် သံဃာတော်တို့နှင့်တကွ အဝေး, အနီး-ဆရာတော် ၂၀၀-ကျော်တို့ စုံညီစွာ နေ့ ၁၁-ချက်တီးကျော်အချိန်ဝယ် တိုက်လယ်ဝိသုဂါမမြေအတွင်း အရှေ့အနောက် အလျားအတော် ၁၂၀, တောင်မြောက်အနံ ၈၅-တောင်ရှိသော မြေကို ခဏ္ဍသိမ်အဖြစ် ပိုင်းခြားမှတ်သားတော်မူ၍ အရပ် ၈-မျက်နှာတို့၌ ရေနိမိတ်ကို ပါဠိဘာသာ, မြန်မာဘာသာ, ပါဠိမြန်မာ ၂-ပါးအစုံ ဟူသော ၃-ပါးသော နိမိတ်ကြားနည်းတို့ဖြင့် ၃-ဦး ၃-ပတ် ၃-ထပ်စေ့အောင် ကြားစေပြီးမှ သမာနသံဝါသကသီမကမ္မဝါစာကို ဗျတ္တ, ပဋိဗလပုဂ္ဂိုလ်တို့ကို ရွေးကောက်၍ ပဌမကမ္မဝါစာ, ဒုတိယကမ္မဝါစာ အစရှိသည်ဖြင့် ပုဂ္ဂိုလ်လဲလှယ် ဖတ်ရွတ်စေလျက် သတ္တမမြောက် ကမ္မဝါစာကို ရေစကြို့ဆရာတော်ဘုရားကြီးကိုယ်တိုင် ဖတ်တော်မူပြီးမှ အဝိပ္ပဝါသသီမကမ္မဝါစာကိုလည်း ရွေးနည်းတူ ပဌမ, ဒုတိယ အစရှိသည်ဖြင့် ဖတ်ကြားစေ၍ ရေစကြို့ဆရာတော်ဘုရားကြီး အပြီး အဆုံးနိဂုံးသတ် ဖတ်ကြားတော်မူရကား ခဏ္ဍသိမ်တော်သည် အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စွာ အောင်မြင်ခြင်းသို့ ရောက်လေသည်။

သမ္မန္နီ ခဏ္ဍသီမမ္ပိ၊ မဟာထေရော ယတီသဘော။
လောကဂ္ဂသာသနေ ဝုဒ္ဓိ-ကာမော ဝိစက္ခဏော သုဓီ။

သိမ်အောင်သည့်နိမိတ်ထူး

သီဟိုဠ်ကျန်း၌ မဟိန္ဒထေရ် မဟာသိမ်ကြီးနှင့်တကွ သိမ်အားလုံး သမုတ်ပြီးသောအခါ မဟာပထဝီမြေကြီး တုန်လှုပ်သကဲ့သို့ အရှင်ဂန္ဓသာရ မဟာထေရ်အမှူးရှိသော သံဃာတော်တို့ သိမ်သမုတ်ပြီးသောအခါ မွန်းတိမ်းခါစဖြစ်သော်လည်း မိုးကောင်းကင်တခွင်လုံး ပြတန်မျက်နှာကြက်

သဖွယ် မိုဃ်းသားတိမ်တိုက်ဖြင့် မိုးမရွာပဲ ဖုံးကွယ်စေကာ သိမ်အောင်မြင်သည့် အထိမ်းအမှတ်ကို မိုဃ်းနတ်သိကြားတို့ ထင်စွာ ပြကြကုန်သည်။

အဗန္ဓိ ခတ္တာသိမံ စ၊ တသ္မိံ ယေဝ ဒိနေ သုဓိ။
မေဃစ္ဆန္နော အဟောသိ စ၊ သိမာဗန္ဓေ သမာပိတေ။

မဟာသိမ်သမုတ်ခြင်း

ရေစကြိုဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်တို့သည် ခတ္တာသိမ်၏ မြောက်ဖက် သမုတ်မည့် မဟာသိမ်အတွင်း ဆောက်လုပ်ထားသော မဏ္ဍပ်၌ စုဝေးသီတင်းသုံးတော်မူကြသည်။

သီမန္တရိက်

ဆရာတော်ဘုရားကြီးသည် အနံ ဂ-တောင်ရှိသော မြေအရပ်ကို ခတ္တာသိမ်, မဟာသိမ်တို့၏ အကြား သီမန္တရိကဲ့မြေ အပိုင်းအခြား မှတ်သားစေ၍ မဟာသိမ်၏ အတွင်းနိမိတ်ဖြစ်သော ရေနိမိတ်တို့ကို နိမိတ်ရှိရာသို့သွား၍ မကြားစေပဲ သံဃာအလယ်၌ နိမိတ်မေးသူ ဖြေသူတို့ကို အသီးအသီး မေးဖြေစေတော်မူ၍ ပါဠို, မြန်မာ, ၂-ပါးစုံ ဟူသော ၃-ပါးသော နိမိတ်ကြားနည်းတို့ဖြင့် ၃-ဦး ၃-ပတ် ၃-ထပ်စေ့အောင် ကြားစေတော်မူပြီးမှ မဟာသိမ်၏ အပြင်နိမိတ်ဖြစ်သော တိုက်ပရိဝုဏ် မြင်းတား၏အတွင်းစ ပတ်လည်အရပ် ဂ-မျက်နှာတို့၌ ရေနိမိတ်တို့ကိုလည်း ရှေးနည်းတူ ကြားစေတော်မူပြီးလျှင် ခတ္တာသိမ်ကို သမုတ်တော်မူသည့် နည်းတူ သမာနသံဝါသကသိမ်ကမ္မဝါစာ, အဝိပ္ပဝါသသိမကမ္မဝါစာတို့ကို ပဌမ, ဒုတိယ အစရှိသည်ဖြင့် ပုဂ္ဂိုလ်လဲလှယ်ဖတ်ရှတ်စေ၍ သတ္တမမြောက်ကမ္မဝါစာကို ရေစကြိုဆရာတော်ဘုရားကြီး အပြီးဆုံး နှုံးသတ် ဖတ်တော်မူသဖြင့် မဟာသိမ်တော်သည်လည်း ဝိဂတဒေါသ, ဒဋ္ဌိကမ္မ, သုပရိသုဒ္ဓ, သဗ္ဗဂ်လက္ခဏာစုံလင်သဖြင့် အောင်မြင်ခြင်းသို့ ရောက်လေသည်။

မဟာဝိသုတာရာမတိုက်တော်ကြီး ရေစက်ချလှူပြီ

ဤသို့ဖြင့် ကျောင်းတိုက်အင်္ဂါ အတော်အသင့်စုံလင်ပြီဖြစ်သော တိုက်တာ တိုက်တာအရာမ်ကြီးကို သာသနာသက္ကရာဇ် ၂၄၇၉-ခုနှစ် ကောဇာသက္ကရာဇ် ၁၂၆၇-ခုနှစ် ဝါဆိုလဆုတ် ဂ-ရက်နေ့၌ ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီးကိန်းဝပ်တော်မူရာ အလယ်ကျောင်းကြီးပေါ်တွင်–

၁။ ရွှေဘိုဘုန်းကြီး အရှင်ဝိလာသဂ္ဂ၊
၂။ ။ အရှင်အာစရ၊
၃။ တိုက်ချုပ်ဘုန်းတော်ကြီး အရှင်ဝိမလ၊
၄။ ညောင်ကန်ဘုန်းကြီး အရှင်ဇဝန၊
၅။ ယင်းတော်ဘုန်းကြီး အရှင်အာလောက၊
၆။ ဝန်းသိုဘုန်းကြီး အရှင်စန္ဒိမာ၊
၇။ တိုက်အုပ်ဘုန်းကြီး အရှင်နန္ဒိယ၊
၈။ တိုက်ကြပ်ဘုန်းကြီး အရှင်နန္ဒဝံသ၊

၉။ ငါးသရောက်ဘုန်းကြီး အရှင်ဇဝန၊
၁၀။ ညောင်တုန်းကျောင်းဘုန်းကြီး အရှင်သောမ၊
၁၁။ ဘုံကျောင်းဘုန်းကြီး အရှင်သုမန—

ဟူသော သံဃာတော်များနှင့် ပဲ့စားကြီး ဦးရွှေတောင်, ဦးပဲလှော်, ဦးသာကွမ်း, ဦးရွှေဝ, ဦးဘိုးချမ်း, ဦးရွှေသိုက်, ဦးအုံးပင်, ဦးထိုက်, ဦးဖိုးလှ, ဦးချင်းအို-စသော လူပုဂ္ဂိုလ်များ ရွှေတွင် တိုက်ဒကာ ဦးစံပေါ်, တိုက်အမ ဒေါ်ငွေတို့က မင်္ဂလာ မဟာဝိသုတာရာမ တိုက်ခတော်ကြီးအရာမ်မြေကို ရေစက်သွန်းချလှူလိုကြောင်း ကျေးဇူးရှင် ရေစကြိုဆရာတော် ဘုရားကြီးအား လျှောက်ထားလျှင်—

ဆရာတော်ဘုရားကြီးက မောင်စံပေါ်နှင့် မိငွေတို့ ကျောင်းလှူခြင်းသည်—

၁။ ပုဂ္ဂလိကလှူဒါန်းခြင်း၊
၂။ ဂဏကလှူဒါန်းခြင်း၊
၃။ သံဃိကလှူဒါန်းခြင်း၊
၄။ ဂိုဏ်းပုဂ္ဂိုလ်တသက်လှူဒါန်းခြင်း၊
၅။ ကျောင်းကန် သံဃာတည်သမျှ လှူဒါန်းခြင်း၊
၆။ သာသနာစဉ်ဆက်လှူဒါန်းခြင်း၊

မျိုးတို့တွင် အဘယ်မျိုးကဲ့သို့ လှူလိုသနည်း၊ မိမိ ကြည်လင်ရာ လှူနိုင်သည်ဟု မိန့်တော်မူလေသည်။

ထိုအခါ တိုက်ဒကာ ဦးစံပေါ်နှင့် ဒေါ်ငွေတို့က ထူးမြတ်သော အကျိုးရှိသည်ကို အလိုရှိပါသည်၊ သာသနာစဉ်ဆက် မုတ္တစတ္တသံဃိကလှူဒါန်းပါရစေဘုရားဟု လျှောက်ထားလေသော် ဆရာတော်ကြီးက လွန်စွာ ဝမ်းမြောက်တော်မူကာ—

ဗိမ္မိသာရမင်းက ဝေဠုဝန်ကျောင်းတိုက်ကြီးကို ဘုရားအမှူးရှိသော စာတုဒ္ဒိသသံဃာအား လှူဒါန်းသည်၊ အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတိုက်ကြီးကိုလည်း ဘုရား အမှူးရှိသော စာတုဒ္ဒိသသံဃာအား လှူဒါန်းသည်၊ ဝိသာခါဒါယိကာမကြီးက ပုဗ္ဗာရုံကျောင်းတိုက်ကြီးကိုလည်း ဘုရားအမှူးရှိသော သံဃာအားပင် လှူဒါန်းသည်၊ မောင်စံပေါ် မိငွေတို့၏ လှူဒါန်းခြင်းသည်လည်း အထက်ပါ ဗိမ္မိသာရမင်း, အနာထပိဏ်, ဝိသာခါတို့၏ လှူဒါန်းပုံနှင့် တူသည်၊ ရှေးသူဟောင်း မင်းကောင်းမင်းမြတ် သူတော်မြတ်တို့ကဲ့သို့ ကိုယ်ထိလက်ရောက် လှူဒါန်းရမည်စသည်ဖြင့် သွန်သင် ဆုံးမ ညွှန်ပြတော်မူပြီး တိုက်ဒကာ ဦးစံပေါ်ကို ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး၏ လက်တော်၌ ရေစက်သွန်းချစေ၍—

ဣမာဟံ ဘန္တေ အာရာမံ၊ သုဝိသာလံ မနောရမံ။
စာတုဒ္ဒိသဿ သံဃဿ၊ ဒဒါမိ ပဋိဂ္ဂဏှထ။

ဆရာတော် အရှင်သူမြတ်ဘုရား လွန်စွာ ကျယ်ဝန်းလှစွာသော နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းသော ဤကျောင်းတိုက်ကြီးကို အာဂတာနာဂတ စာတုဒ္ဒိသသံဃာအား ပေးလှူပါ၏

ဘုရား၊ အရှင်မြတ်တို့သည် သံဃာ့ကိုယ်စား လက်ခံတော်မူပုံကုန်ဘုရား-ဟု ဆို၍ လှူဒါန်းကြလေသည်။

သာဓုသံ တခဲနက်

ရေစက်ချပြီးသည်၏ အဆုံး၌ ကောင်းချီးပေးကြသော ရဟန်းရှင်လူတို့၏ သာဓုသံကြီးသည် တခဲနက် ကျယ်လောင်စွာ ပေါ်ထွက်လေတော့သည်။

ဂန္ဆသာရဿ ဟတ္ထမို့၊ ဒက္ခိဏောဒက မာကိရီ။
ဩသာနေ သာဓုနာဒေါ စ၊ ဧကဋ္ဌနော ပဝတ္တတိ။

မဟာဝိသုတာရာမ ဝေါဟာရ

ကျောင်းတိုက်ကြီး၏အမည်ကိုလည်း ကျေးဇူးတော်ရှင် ဆရာရင်းဖြစ်တော်မူသော ဥယျ-ဓမ္မာဘိမုနိဝရညာဏကိတ္တိသီရိဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု နတ်ရဲတောင်သာသနာပိုင် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူသည့် မန္တလေးမြို့ အရှေ့ပြင် ကျောင်းရုံ ၂၀-ကျော်ရှိ မဟာဝိသုတာရာမတိုက်ကြီး၏အမည်ကို အပြီးသတ် မှည့်ခေါ် သတ်မှတ်တော်မူလေသည်။

သံဃာတော်အရှင်မြတ်တို့အား ကျောင်းဆောက် လှူဒါန်းခြင်းသည် မြတ်ပါပေသည်ဟု သုံးလှုံ့ထွတ်ထား ဘုရားမြတ်စွာ ချီးမွမ်းထောမနာအပ်လေသည်။

ဝိဟာရဒါနံ သံဃဿ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။
(စူဠဝဂ္ဂပါဠိတော်၊ ၂၉၂။)

ကျောင်းကန်အဆုံးမ်လှူဒါန်းမှု၏ အကျိုးအာနိသင်ကို ဘုရားရှင်တို့ကိုကြဉ်၍ ပါးစပ် ခံတွင်း အသောင်းရှိသော အဘယ် မည်သော ယောကျ်ားသည် ကုန်စင်အောင် ဟောနိုင်လိမ့်မည် နည်း၊ ကုန်စင်အောင် မဟောနိုင်ရိုး မှန်လှတော့သည်။

အာဝါသဒါနဿ ပနာနိသံသံ၊ ကော နာမ ဝဏ္ဏံ ပုရိသော သမတ္ထော။
အညတြ ဗုဒ္ဓါ ပန လောကနာထာ၊ ယုတ္တော မုခါနံ နဟုတေန စာပိ။
(ဗုဒ္ဓဝံသဋ္ဌကထာ၊ ၂၅။)

ရွှေဘုံပေါ် ပေါက်၊ ထိတ်ကြောက်လန့်ကင်း၊ ဘေးရန် ရှင်း၏၊ ကြောက်ခြင်းယက္ခ၊ ပါပမဖက်၊ ဘဝဆက်သိ၊ မြဲသတိသည်၊ ကုဋ္ဌီကျောင်းလှူ ရှစ်မျိုးတည်း။
(သမင္တဒေါသာဒိဒီပနီ-မှ)

သက်န်းရောင် ပြောင်ပြောင်ဝင်း ထွန်းလင်းရာ

ထိုအချိန်မှစ၍ အဘိနဝါရာမသဒ္ဓမ္မသြဇဝန္တ, ရသဝန္တဖြစ်သော မဟာဝိသုတာရာမ နာမ သမိုက် တိုက်တော်ကြီးသည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးနှင့်တကွ တိုက်အုပ်, တိုက်ကြပ်, စာချုပ်ဂိုလ်ကျော်တို့၏ ဂန္ဆဓုရ, ဝိပဿနာဓုရ နှစ်ဝန်းတန်သော သာသနာ့ဝန်ကို အလွန် အကျူးအထူးသည်ပိုးရွက်ဆောင်ကြခြင်းဟူသော ဓမ္မာနုဂ္ဂဟ သာသနာနုဂ္ဂဟ သဒ္ဓမ္မသြဇရသချို မြက် ဝတ်ယက်ဝတ်မှုန်ကို တလုံလဲလဲ မှိုဝဲဆည်းကပ် ပျားပန်းခတ်သို့ အရပ်လေးမျက်နှာမှ လာ

ရောက်ကြကုန်သော တပည့်တပန်း.ရဟန်းပရိသတ်တည်းဟူသော ပျားပိတုန်းတို့သည် အုန်းအုန်း ဆူညံ အသံမစဲ ဝတ်မှုန်ဝဲလျက် စာပွဲသဘင် နေ့စဉ်ဝင်ကြ ကျင်းပကြ၍ အရပ်လေးမျက်နှာမှ လာ ရောက်ကြကုန်သော ရဟန်းတို့၏ ကွေးခြင်း, ဆန့်ခြင်း,သွားလာခြင်းကြောင့်ဖြစ်သော လေတို့သည် ထက်ဝန်းကျင်မှလာခြင်း, သက်န်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပခြင်း ဖြစ်လေသတည်း။

ရေစကြိုမြို ၁-ဝါဆိုခြင်း

ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် ၅-ဝါပတ်လုံး သီတင်းသုံးတော်မူ၍ ပရိယတ္တိ ဝန်ကို အားသွန်ကြိုးပမ်းတော်မူပြီး ၁၂၇၁-ခုနှစ်သို့ ရောက်သောအခါ ရေစကြိုမြို့သူမြို့သား‌တို့ကို ချီးမြှောက်တော်မူရန် ၁-ဝါပြန်၍ သီတင်းသုံးတော်မူသည်။

ရေစကြို မဟာထေရော ဟိ၊ ရေစကြိုဝါသိကော ဇနေ။
အနုဂ္ဂဟံဝ တတ္ထော၀၊ ဧကဝဿံ ဝသီ သုခီ။

၁၂၇၂-ခုနှစ်သို့ ရောက်သောအခါ ပခုက္ကူမြို့ မဟာဝိသုတာရုံမကျောင်းတိုက်ကြီးသို့ တဖန် ပြန်ကြွတော်မူ၍ အသက်ထက်ဆုံး သီတင်းသုံးတော်မူသည်။

ဆရာတော်အရှင်ဂန္ဓသာရ၏ ကျမ်းစာများ

ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်မြားမြောက်စွာတို့ကိုလည်း နောင်လာနောက်သားတို့ အကျိုးများရန် ပြုစီရင်တော်မူခဲ့သည်၊ ကျမ်းဂန်ရေးရာ၌ တချို့ကျမ်းတို့ကို ကိုယ်တိုင်ရေး၍ တချို့ကျမ်းတို့ကို စာဆိုသူတို့ကို ရေးစေ၍ ပြုစေတော်မူသည်။

ၛင်းကျမ်းတို့ကား—

၁။ ပကိဏ္ဏကစာစပ်၊
၂။ ကခ်ါဝိတရဏီအဋ္ဌကထာနိဒါန်းစာစပ်၊
၃။ ကခ်ါဝိတရဏီအဋ္ဌကထာနိသျ၊
၄။ ဒီဃနိကာယ် ပါဠိတော် ၃-ကျမ်းနိသျ၊
၅။ မဇ္ဈိမနိကာယ် ပါဠိတော် ၃-ကျမ်းနိသျ၊
၆။ မဇ္ဈိမနိကာယ်အဋ္ဌကထာ ၃-ကျမ်းနိသျ၊
၇။ သံယုတ္တနိကာယ်ပါဠိတော် ၅-ကျမ်းနိသျ၊
၈။ အင်္ဂုတ္တရနိကာယ်ပါဠိတော် ၁၁-ကျမ်းနိသျ၊
၉။ ဇနိပါတ်အစ မဟာနိပါတ်အဆုံးရှိသော ဇာတ်အဋ္ဌကထာနိသျ၊
၁၀။ ပါရာဇိကဏ်ပါဠိတော်နိသျ၊
၁၁။ ပါစိတ်ပါဠိတော်နိသျ၊
၁၂။ မဟာဝါပါဠိတော်နိသျ၊
၁၃။ ပါရာဇိကဏ်အဋ္ဌကထာနိသျ၊

၁၄။ ပါစိတ်အဋ္ဌကထာနိသျ့၊

၁၅။ မဟာဝါအဋ္ဌကထာနိသျ့၊

စသည်တို့ ဖြစ်ကုန်သည်။

ဖော်ပြပါကျမ်းများအနက် ကခ်ါဝိတရဏီအဋ္ဌကထာနိသျ့ကို အရှင်သီလအမည်ရှိသော သက်တော် ၇၀-ကျော်ရှိ နတ်ထောင့် ဂိုဏ်းထောက်ဆရာတော်ကြီး တောင်းပန်သဖြင့် ရေးရကြောင်းနိသျ့ ပဏာမတွင် ဖော်ပြခဲ့သည်၊ ၎င်းပြင် ပညာဝံသအမည်ရှိသော စွန်သိုက်ရွာသား အနီးနေ တပည့်တပါးကို ချပို့ပေးရင်း ရေးစေခဲ့သည်၊ ၎င်းကခ်ါနိသျ့ရေးပြီးချိန်မှာ ၁၂၆၄-ခုနှစ် ဖြစ်လေသည်။

ကခ်ါဝိတရဏီနိဒါန်းစာစပ်

ကခ်ါဝိတရဏီနိဒါန်းစာစပ်ကို ရွှေဘိုမြို့ ငါးရာနဲ့ရွာဇာတိ အရှင်ဝိလာသဂ္ဂကိုပင် ဆိုစေ၍ ရေးသားရကြောင်း—

အတ္ထာနတ္ထော ကောသလ္လံ၊ သမ္မန္နံ စ ဝိလာသဂ္ဂံ။
သာသနဿ ဝိရုဇ္ဈိယာ၊ သုဇနဿ စ အတ္ထာယ။

ဟု ဆရာတော်ကိုယ်တိုင် ဖော်ပြတော်မူခဲ့သည်။

မဇ္ဈိမပဏ္ဏာသပါဠိတော်နိသျ့ကို မိတ္ထိလာမြို့ လက်ပန်းခါးကော့ရွာဇာတိ အရှင်ဓမ္မနန္ဒအမည်ရှိသောရဟန်းတော်သည် ဆရာတော်ဘုရားကြီး ချရိုးပို့စဉ်အတိုင်း ရေးသားထားခဲ့သည်။ ဒုကနိပါတ်ဇာတ်အဋ္ဌကထာနိသျ့ကို ကျောက်ကန်ရွာဇာတိရှိသော အရှင်သုန္ဒရမည်သော လေးဝါရရဟန်းတော်သည် ဆရာတော်ဘုရားကြီး ချရိုးအတိုင်း ဆရာတော်ဘုရားကြီး အမိန့်အတိုင်း ရေးသားအပ်ကြောင်း ကျမ်းဦးဌ် ဖော်ပြထားသည်၊ ထို ၄-ဝါရ အရှင်သုန္ဒရသည်—

ဗုဒ္ဓါဒိမနန္တဂုဏံ၊ နတ္ဝာ ရတနတ္တယံ။
သုဝါစေန္တံ သာဋ္ဌကထံ၊ ပဉ္ဇနိကာယမာဂမံ။

ရက္ခန္တံ သာသနံ ဝီရံ၊ ဂရုမိွ တေန ပေသိတော။
သုန္ဒရောတိ ဂရုဟော၊ ကတနာမော သုတေသကော။
တဗ္ဗာစိတနယေနေဝ၊ လိခံ ဇာတကနိသျ့။

ဟူသော ပဏာမပဒ္ဓိညာဉ်ကို ဒုကနိပါတ်ဇာတ်အဋ္ဌကထာကျမ်းဦးဌ် ဖော်ပြခဲ့သည်။ မူလပဏ္ဏာသ-အဋ္ဌကထာနိသျ့ကိုမူ ကျေးဇူးရှင် ဆရာသခင်ဖြစ်တော်မူသော နတ်ရဲတောင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အမိန့်အရ မန္တလေးနေစဉ်ကပင် ရေးသားစီရင်၍ ပြီးဆုံးခဲ့သည်။

ဂုဏ်တော်အသွယ်သွယ်

ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီးသည်—

ပိယော ဂရု ဘာဝနိယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စဋ္ဌာနေ နိယောဇကော။

ယမ္မိ တောနိ ဌာနာနိ၊ သံဝိဇ္ဇန္တိဓ ပဂ္ဂလေ။
သော မိတ္တော မိတ္တကာမေန၊ အတ္ထကာမာနုကမ္ပတော။
အပိ နာသိယမာနေန၊ ဘဇိတဗ္ဗော တထာဝိဓော။

ဟူသော အဂ်ုတ္တရနိကာယ် ၇-နိပါတ်၊ ၄၊၀၈၊ ၆-သုတ်။ (အံ၊ ၂။၄၂၂)နှင့်အညီ—

၁။ လဇ္ဇီပေသလသိက္ခာကာမဖြစ်သော ပုဂ္ဂိုလ်မှန်, ပုဂ္ဂိုလ်မြတ်တို့ ချစ်နှစ်သက်အပ်သော ပယဂုဏ်၊

၂။ ကျောက်ထီးတန္တ္ရ အလေးပြုအပ်သော ဂရုဂါရဝဂုဏ်၊

၃။ ဗြဟ္မစိုရ်မေတ္တာတရား ပွါးများအပ်သော ဘာဝနီယဂုဏ်၊

၄။ ယုတ္တမုတ္တဝါဒီ ပါပဂရဟိတဝါဒီဝရဖြစ်သော ဝတ္တာဂုဏ်၊

၅။ အကြောင်းအကျိုး ဖော်ပြ၍ ဆိုဆုံးမသည်ကို သည်းခံနိုင်, ပေးအပ်သော ဩဝါဒ အနုသာသနီအတိုင်း လိုက်နာပြုကျင့်နိုင်သော ဝစနက္ခမဂုဏ်၊

၆။ သီလ, သမာဓိ, ပညာအစုအနှစ် ရုပ်နာမ်နှစ်ပါး ဝေဘန်ပိုင်းခြား နက်နဲသော တရားစကားကို ဟောပြောတတ်သော ဂမ္ဘီရဉ္ဇ ကထံ ကတ္တာဂုဏ်၊

၇။ ရဟန်း, ရှင်လူ သူခပ်သိမ်းတို့ကို အရာမဟုတ်သည်၌ တားမြစ်၍ အရာဟုတ်သည်၌ တိုက်တွန်းနှိုးဆော်တော်မူတတ်သော နော စဋ္ဌာန နိယောဇကဂုဏ် ဟူသော ကလျာဏမိတ္တအင်္ဂါ ၇-ဖြာသော ဂုဏ်တို့နှင့် ပြည့်စုံသည်သာမက—

၈။ နှိပ်အပ် နှိပ်သင့် နှိပ်ထိုက်သော တပည့်သားတို့အား အပြစ်အားလျော်စွာ နှိပ်ကွပ်ဆုံးမတော်မူခြင်း, ချီးမြှောက်အပ် ချီးမြှောက်သင့် ချီးမြှောက်ထိုက်သော တပည့်သားတို့အား ဂုဏ်အားလျော်စွာ ချီးမြှောက်အားပေးတော်မူခြင်းတည်းဟူသော နိဂ္ဂဟေတမ္ဗ နိဂ္ဂဟဂုဏ်, ပဂ္ဂဟေတမ္ဗ ပဂ္ဂဟဂုဏ်နှင့် ပြည့်စုံတော်မူသည့်ပြင်—

၉။ သာသနာတော်မြတ်ကြီး၏အကျိုး သူတပါး၏အကျိုးကို သည်ပိုးရွက်ဆောင်တော်မူသည့်အရာမှာ မဟာပထဝီမြေကြီးကို ထက်အောက်ပြောင်းပြန် မှောက်လှန်ပြီးလျှင် မြေဆီမြေလွှာ မြေသြဇာကို ယူငင်ကျေးမွေးမည့်သဖွယ် ကြီးကျယ်သော အာသာဆန္ဒတော်မြတ် ရှိတော်မူရကား သာသနဟိတကာရီ, ပရဟိတကာရီဂုဏ်နှင့် ကုံလုံပြည့်ဝတော်မူသည်။

၁၀။ ၎င်းပြင် ဆရာတော်ဘုရားကြီးသည် စုဒိတက, စောဒကတို့ ဝင်ရောက်စွဲဆိုလာလျှင်လည်း အဂတိ ၄-ပါး မလားမရောက်ပဲ တရားနှင့်အညီ စီရင်ဆုံးဖြတ် ဟောပြောတတ်သော ဝိနယဓရ, ဝိနိစ္ဆယညာဏီပုဂ္ဂိုလ်ကြီးလည်း ပြီသတော်မူလှပါပေသည်။

၁၁။ အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော—

ဟူသော ဒေသနာတော်အရ မိမိ ကိုယ်တိုင်ကလည်း သိက္ခာပုဒ်တော်များကို ရိုသေစွာ စောင့်ထိန်းကျင့်သုံးတော်မူလျက် စောင့်ထိန်းအပ်သော သီလတည်းဟူသော မြေပေါ်မှ ရပ်တည်တော်မူကာ သမာဓိတည်းဟူသော ကျောက်ပျဉ်တွင်

ဝိပဿနာပညာတည်းဟူသော ဓားကို သွေး၍ ထိုဓားဖြင့် ကိလေသာတည်းဟူသော တောအုပ် တောရွှေ့ကို ခုတ်ဖြတ်ရှင်းလင်းတော်မူသော သာသနာပြု ပုဂ္ဂိုလ်ကြီးလည်း မှန်လှပါပေသည်၊ ဤသို့ဖြင့် ကျေးဇူးရှင် ရေစကြို့ဆရာတော်ဘုရားကြီးသည် လောကုတ္တရာဂုဏ်တော်အပေါင်း မြားမြောက်စွာတို့၏ တည်ရာဖြစ်ရကား လောကဥသျှင် ငါးမာရ်အောင် ဘုရား သာသနာတွင် စင်စစ် မှန်မြတ်သော ပုဂ္ဂိုလ်ကြီး မှန်လှတော့သည်။

ဧဝံ ရေစကြို့ထေရော ဟိ၊ ဝိသိဋ္ဌဂုဏဓာရကော။
လောကဂ္ဂသာသနေ သော ဟိ၊ အစ္ဆန္တဥတ္တမော ဘဝေ။

ကျက်သရေတော်အမျိုးမျိုး

ဖော်ပြပါ ဂုဏ်တော်အနန္တတို့ကြောင့် ကျေးဇူးရှင် ရေစကြို့ဆရာတော်ဘုရားကြီး၏ ကျက်သရေတော်သည် သိမ်သမုတ်ပွဲ,ရဟန်းခံပွဲ,ဥပုသ်ပဝါရဏာပွဲ,နွေစဉ်ဆင်ယင်မြဲဖြစ်သော စာပွဲတော် သဘင်စသည်တို့၌ မင်းမှူးမတ်အစည်းအဝေး၌ ဘုရင်ကောင်းမင်းတို့၏ ကျက်သရေကဲ့သို့ငင်း, ထီးဆောင်းမင်း မြားမြောက်စွာတို့၏အလယ်တွင် လေးကျန်းသနင်း စကြာမင်း၏ ကျက်သရေကဲ့သို့ငင်း, တာဝတိံသာနတ်သဘင်တွင် သိကြားမင်း၏ အသရေကဲ့သို့ငင်း, ဗြဟ္မာအစည်းအဝေးတွင် မဟာဗြဟ္မာမင်းကြီး၏ ကျက်သရေကဲ့သို့ငင်း, ဆင်ပေါင်းမြားမြောက်စွာ ဝန်းရံသော ဆဒ္ဒန်ဆင်မင်းကဲ့သို့ငင်း, ကြယ်တာရာပေါင်း ခြံရံအပ်သော ရွှေလမင်းကဲ့သို့ငင်း နှိုင်းခိုင်းထိုက်တော့သည်။

ဇနာဓိပေါ ယထာ ရာဇာ၊ အမစ္စပရိဝါရိတော။
ဧဝံ ရေစကြို့ထေရောပိ၊ သောဘတိ သံဃမဇ္ဈဂေါ။

စက္ကဝတ္တီ ယထာ ရာဇာ၊ ရာဇူဟိ ပရိဝါရိတော။
တထေဝ ဂန္ဆသာရောပိ၊ သောဘတိ သံဃမဇ္ဈဂေါ။

သက္ကောဝ ဒေဝရာဇာပိ၊ ဒေဝေဟိ ပရိဝါရိတော။
သုသောဘတိ မဟာထေရော၊ ဘိက္ခူဟိ ပရိဝါရိတော။

သေယျထာပိ မဟာဗြဟ္မာ၊ ဗြဟ္မေဟိ ပရိဝါရိတော။
ထေရိန္ဒော ဂန္ဆသာရော စ၊ သောဘတိ ဇိနသာသနေ။

ဆဒ္ဒန္တော နာဂရာဇာ'ဝ၊ နာဂေဟိ ပရိဝါရိတော။
သံဃိန္ဒော သော မဟာထေရော၊ ယတီဟိ ပရိဝါရိတော။

စန္ဒော ယထာ သသင်္ကော ဟိ၊ တာရကာဟိ ပရိဝါရိတော။
သောဘနော သော မဟာထေရော၊ သုသံဃပရိဝါရိတော။

လောကီလုပ်ငန်း၌ မငဲ့ခြင်း

ဆရာတော်ဘုရားကြီးသည် သက်တော်နှင့်အမျှ ပရိယတ်, ပဋိပတ် လုပ်ငန်းဖြင့် အချိန်ကို အသုံးချတော်မူခဲ့သည်၊ မနက်ခင်းအရုဏ်တက် ဆံပြုတ် စသည် မျှတရုံ ဘုဉ်းပေးတော်မူပြီး

အချိန်တိုင်း စာဝါချုပ်ခြင်းကိစ္စဖြင့် အသုံးပြုတော်မူသည်၊ ညတိုင်းလည်း ညဝါမျှားချုပ်ပြီး, ကမ္မဋ္ဌာန်းဘာဝနာဖြင့် ညဉ့်အချိန်ကို အသုံးပြုတော်မူသည်၊ တညဉ့်လုံး တယာမ်မျှလောက်သော တိုတောင်းလှသော အချိန်ကလေးတွင်သာ ကျိန်းစက်တော်မူသည်။ ဒကာ, ဒကာမတို့နှင့် ဆက်သွယ်မှုများ လုံးဝမထားသည်သာမက ပရိတ်ရွတ်ဆွမ်းစဉ်စသော လုပ်ငန်းတို့၌ ကြောင့်ကြမစိုက်ပဲ ဆွမ်းစားကျောင်း ဘုန်းကြီး, အလုပ်အကျေး တပည့်များအားသာ အပြီးလွှဲထားတော်မူသည်။ ထို့ကြောင့် စင်ကြယ်သန့်ရှင်း ရန့်သင်းကြိုင် စိတ်နှလုံးကို မွေ့လျော်စေနိုင်သော ပဒုမ္မာကြာပန်းသည် ရေ၌ဖြစ်ထွန်း ပေါက်ရောက်လင့်ကစား ရေဖြင့် မလိမ်းကျန်မကပ်ငြိသကဲ့သို့ ကျေးဇူးရှင်ရေစကြို ဆရာတော်ဘုရားကြီးသည်လည်း သာသနာပြုစုရန် လောကသားတို့အတွက် ထူးခြားစွာ ပေါ်ပေါက်လာရသော်လည်း လောကီလုပ်ငန်းတို့နှင့် လိမ်းကျန် ကပ်ငြိတော်မမူပါချေ။

ယထာပိ ဥဒကေ ဇာတံ၊ ပုဏ္ဍရီကံ ပဝဍ္ဎတိ။
နောပလိမ္ပတိ တောယေန၊ သုစိဂန္ဓံ မနောရမံ။

တထာ လောကေဝ သဉ္ဇာတော၊ ထေရော လောကေ ပဝဍ္ဎတိ။
နောပလိမ္ပတိ လောကေန၊ တောယေန ပဒုမံ တထာ။

စက်ဒတော်ရာ အဖူးသွားရင်း သဘော်ပေါ် စာချခြင်း

ဆရာတော်သည် သက်တော် ၇၄-နှစ်လောက်တွင် မင်းဘူးခရိုင် နမ္မဒါမြစ်အနီးရှိ ဘုရားရှင် ခြေတော်ရာနှင့် သစ္စဗန္ဓတောင်ထိပ်ရှိ ဘုရားရှင် ခြေတော်ရာတို့ကို ဖူးမြင်လိုသော ဆန္ဒဖြင့် ရေလမ်းမှ သဘော်ဖြင့် မင်းဘူးအထိ ကြွတော်မူလေသည်၊ မင်းဘူးမှ စကုသို့ ကားဖြင့်ကြွ၍ စကုမှ စက်တော်ရာသို့ လှည်းဖြင့် ကြွတော်မူသည်၊ ဆရာတော်သည် ခြေတော်ရာအဖူးကြွရသော်လည်း စာဝါများ အပျက်မခံလိုသဖြင့် စာဆိုနေသော တပည့်ရဟန်းတော်များကိုပါ ခေါ်တော်မူ၍ အသွားအပြန် သဘော်ခန်း၌ စာချ၍သာ ကြွတော်မူသည်။ ထို့ကြောင့် ဆရာတော်၏ ပရိယတ္တိဝန်ဆောင်ပုံမှာ နောင်လာနောက်သားတို့ မလိုက်နိုင်အောင်ပင် လွန်ကဲထူးချွန်တော်မူလှပါပေသည်။

ကေဒါ ဂန္ဆသာရော ဟိ၊ ပါဒက်ဒဿနံ ဂတော။
သိရီမတော မုနိန္ဒဿ၊ လောကဂ္ဃဿ ယသဿိနော။

တဒါ ထေရော ကရောန္တော၀၊ ဝါစနံ သိဿကံ ဗဟုံ။
ပုညဿ ပုညတိတ္ထဿ၊ သာသနဿာဘိဝုဒ္ဓိယာ။

တပည့်ကောင်းဆရာ

မအူဆရာတော် အရှင်နာရဒမဟာထေရ်

ဆရာတော်ဘုရားကြီးသည် မိမိကိုယ်တိုင် နိကာယဃ္ဌဝပါရဂူ ပညာရှိသုခမိန်တဆူ ဖြစ်တော်မူသည့်အလျောက် ပညာရှိသုခမိန် တပည့်ပေါင်း များများစားစား ပေါ်ထွန်းစေခဲ့သည်၊ ၎င်းတပည့်များအနက် မအူဆရာတော်မူ-ဟု ထင်ရှားသော ပါရာဇိကဏ် အဋ္ဌကထာနိသျစသော ကျမ်းပေါင်းများစွာတို့ကို ပြုစုရင်တော်မူခဲ့သော လင်္ကာပေသလ, သိက္ခာကာမ ဖြစ်တော်မူသော မအူလေးရှာ

မဟာဝိဇိတာရာမ ဆရာတော်ဘုရားကြီး အရှင်နာရဒမဟာထေရ်သည်လည်း ကျေးဇူးရှင်ရေစကြို ဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်သည်။ မအူဆရာတော်ဘုရားကြီးသည် ကျမ်းဦးအစ ဂန္ဆာရမ္ဘဋ္ဌ်—

ဂန္ဆသာရေန သာရေန၊ ယ္ဟာဟံ နိသ္သေန ယေန စ။
အနုဂ္ဂဟိတော ဂဟိတော၊ တမိဳ ဓမ္မေန မေ နမေ။

ဂန္ဆသာရေန၊ ဂန္ဆသာရဟူသော အမည်ရှိတော်မူသော။ ယေန နိသ္သေန၊ အကြင်မှီ၍ နေအပ်သော ဆရာတော်ဘုရားကြီးသည်။ သာရေန၊ အမြတ်အားဖြင့်။ ယ္ဟာဟံ ယော အဟံ၊ အကြင်ငါ့ကို။ ယေန နိသ္သေန စ၊ အကြင်မှီအပ်သော လေးပါးသောပစ္စည်းဖြင့်ရင်း။ ယေန ဓမ္မေန စ၊ အကြင်ပရိယတ်ဖြင့်ရင်း။ အနုဂ္ဂဟိတော၊ ချီးမြှောက်တော်မူအပ်ဘူးပေပြီ။ သော နိဿယော စ၊ ထိုမှီအပ်သော လေးပါးသော ပစ္စည်းကိုလည်းကောင်း။ သော ဓမ္မော စ၊ ထိုပရိယတ်ကိုလည်းကောင်း။ တေန မယာ၊ ထို ငါသည်။ သာရေန၊ အမြတ်အားဖြင့်။ ဂဟိတော၊ ယူအပ်ပြီ။ တဿ မေ၊ ထို ငါ၏။ ဂန္ဆ သာရံ၊ဂန္ဆသာရဟူသော အမည်ရှိတော်မူသော။ တမိဳ နိသ္သံ၊ ထိုမှီ၍ နေအပ်သော ဆရာတော်ဘုရားကြီးကိုလည်း။ နမေ နမာမိ၊ ရှိခိုးပါ၏။

ဤသို့ ရိုသေမြတ်နိုး ရှိခိုးပူဇော်တော်မူခဲ့သည်။

ချောင်းဦးမြို့ အဂ္ဂမဟာပဏ္ဍိတ ဓမ္မာရုံဆရာတော် အရှင်ဒီပမာလာ

ပရမတ္ထ ဝိသောဓနီဋ္ဌီကာသစ်စသော ကျမ်းပေါင်း များစွာတို့ကို ပြုစီရင်တော်မူခဲ့သော ဂန္ဆန္တရဝိဒူ ဆရာတဆူဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင်ဒီပမာလာသည်လည်း ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဆသာရ မဟာထေရ်၏ တပည့်ဖြစ်သည်၊ ဓမ္မာရုံဆရာတော် အရှင်ဒီပမာလာသည်လည်း ပရမတ္ထ ဝိသောဓနီကျမ်း ဂန္ဆာရမ္ဘဋ္ဌ်—

ဂန္ဆသာရံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။
ဂဏဝါစကအာစေရံ၊ ဂုရုံ ဝန္ဒာမိ သိရသာ။

ဟူသော ဂါထာဖြင့် ရိုသေမြတ်နိုး ရှိခိုးပူဇော်တော်မူခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်

ဋီကာကျော်နိသျ အစရှိသော ကျမ်းများစွာကို ပြုစီရင်တော်မူခဲ့သော မဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ နိုင်ငံတော်မဟာနာယက, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်သည်လည်း ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး၏ ဓမ္မဘဏ္ဍာ ရတနာအမွေအနှစ်တို့ကို အပ်နှင်းခြင်းခံရသော တပည့်ကြီး ဖြစ်လေသည်၊ ထို့ကြောင့်ပင် မဟာဝိသုတာရာမထေရ အပဒါန်ကျမ်း ဆရာတော်အရှင်ပညာ၏ ဆရာစာရင်းဌ်—

ပိတာမဟော ဂဟဋ္ဌော စ၊ နန္ဒမာလော သဂါမိကော။
နာဂရုဇဝါသီ ဉာဏော၊ သိရီ စ ဒီပသေတိဘော။
ငန်းမြာဝါသီ စ မေဓာဝီ၊ ဂန္ဆသာရော ဟိတေသကော။
မဏ္ဍလေခါရိယဝံသော၊ အာဒိစ္စောတျဋ္ဌတဂုရု။

ဟု ဖော်ပြခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်အဂ္ဂဓမ္မာဘိဝံသ

အဘိဓာန်နိသျသစ် မောဂ္ဂလ္လာန်နိသျ, မောဂ္ဂလ္လာန်ပဥ္စိကာနိသျ, အမရကောသနိသျ-စသော ကျမ်းပေါင်း များများကို ပြုစီရင်တော်မူခဲ့သော ရှေကျင်နိကာယ, ဓမ္မသေနာပတိ, အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသမဟာထေရ်သည်လည်း ဆရာတော် အရှင်ဂန္ဆသာရ၏အထံ၌ နိကာယ် ၅-ရပ်ကို သင်ယူတတ်မြောက်သည့် တပည့်ဖြစ်သည်၊ ထို့ကြောင့်ပင် အဘယာထေရပုတ္တိ၌—

အဂ္ဂေါ ဒ္ဝိဝဿမတ္တေန၊ ဂန္ဆတ္ထေရဿ သန္တိကေ။
နိကာယေ ဥဂ္ဂဏှိတ္ဝာန၊ တေသု ဆေကော မဟာဝိဒူ။

ဟု ဖော်ပြထားလေသည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်

ဒီဃနိကာယ်ပါဠိအဋ္ဌကထာနိသျ အစရှိသော ကျမ်းများစွာကို ပြုစုတော်မူခဲ့သော ညောင်ဦးဆရာတော်, ညောင်တုန်းဆရာတော်ဟု ကျော်စောတော်မူသော ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်သည်လည်း ရေစကြိုဆရာတော်ဘုရားကြီး၏ ဓမ္မအမွေကို ခံယူရသော တပည့်ရင်း ဖြစ်တော်မူသည်။

အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်

မဟာဝိသုတာရာမိကဂဏဝါစကနိကာယာဓိပတိနှင့် မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏ အဓိပတိသက်တော်ရှည် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော်ကြီးသည်လည်း ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး၏တပည့်ရင်း ဖြစ်လေသည်။

အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနမဟာထေရ်

ပခုက္ကူမြို့ မဟာဝိဇယာရာမကျောင်းတိုက်ကြီးကို စတင်တည်ထောင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနဆရာတော်ဘုရားကြီးသည်လည်း ရေစကြိုဆရာတော်ဘုရားကြီး၏ ဓမ္မဘဏ္ဍာ ရတနာအမွေတို့ကို ရယူခဲ့သော မဟာထေရ်မြတ် ဖြစ်လေသည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်ရာဇိန္ဒ

ရန်ကုန်မြို့ ပုဇွန်တောင်အရှေ့ပိုင်း ဘုရားဖြူကျောင်းတိုက်ကြီး၏ အဓိပတိ သာသနဇဟုသုတ ပကာသနီ အစရှိသော ကျမ်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ အရှင်ရာဇိန္ဒသည်လည်း ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး၏ တပည့်ရင်း ဖြစ်လေသည်၊ ၎င်းပြင် မန္တလေး မစိုးရိမ် အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏ၊ ရန်ကုန်ဘုရားကြီးဆရာတော် အရှင်ကောဏ္ဍည စသည်တို့သည်လည်း ဆရာတော် အရှင်ဂန္ဆသာရ၏ တပည့်များ ဖြစ်ကြလေသည်၊ ဤသို့စသည်ဖြင့် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် မိမိကိုယ်တိုင် ပညာရှင်ဖြစ်၍သာလျှင် ပညာရှင် တပည့်ပေါင်း များများစွာဖြင့် သဗ္ဗညုတပညာရှင် ဘုရားသခင် သာသနာတော်၌ တင့်တယ်စမွယ်တော်မူပါပေသည်။

မဇ္ဈိမနိကာယ် အခေါက်-၄၀.

ဆရာတော်သည် ကျေးဇူးရှင် နတ်ရဲတောင် သာသနာပိုင်ဆရာတော်၏ ဩဝါဒအတိုင်း မဇ္ဈိမနိကာယ်ကို အထပ်ထပ် အခေါက်ခေါက် ချပို့ကြည့်ရှု၍ နှံသျှရေးခဲ့ရာ ချခဲ့သော အခေါက်ပေါင်း ၄၀-တိုင်မြောက်ခဲ့လေသည်။

ဘဝနတ်ထံ ပို့လွှန်တော်မူပြီ

ဤသို့ဖြင့် ဘုရားရှင်သာသနာတော်ကို စည်ပင်အောင်ထမ်းဆောင်တော်မူဆဲတွင် ကိုယ်ရောင်ရောဂါ ကပ်ရောက်လာသဖြင့် ဆေးဆရာအမျိုးမျိုးတို့ ကြိုးစား၍ ကုသငြားသော်လည်း ပကတိပျောက်ကင်းသည်မရှိခဲ့ပေ၊ ဆရာတော်ဘုရားကြီးသည် ချပို့မြဲ စာဝါတို့ကိုလည်း နေ့စဉ်အမြဲ ချပို့တော်မူလျက်ရှိသည့်အတိုင်း ပို့လွှန်တော်မူရာ သီတင်းကျွတ်လဆုတ် ၂-ရက်နေ့ မနက်ပိုင်း စာဝါ, နေ့လယ် ၁၂-နာရီ စာဝါများကို ချပို့တော်မူရင်း မိမိသည် ဤဝေဒနာမှ ထမည်မဟုတ်၊ ပို့လွှန်ခဲ့သော် ကျောင်းကြီးအောက်ထပ်မှာ ၃-ရက်, တိုက်ပြင် ၄-ရက် အားလုံး ၇-ရက်ထားပြီး ရက်တိုးနှင့် သင်္ဂြိဟ်ရမည်ဟု မှာထားတော်မူပြီးလျှင် ဝစ္စကုဋီသို့ ကြွတော်မူ၏၊ ဝစ္စကုဋီမှ ပြန်အကြွတွင်မှ ရုတ်တရက် ရှောင်တခင် ဖောက်ပြန်လာ၍ ၁၂၇၆-ခု သီတင်းကျွတ်လဆုတ် ၂-ရက်နေ့တွင် သမ္မုတိမရဏ အသံမူဇွ ကာလံကရဖြင့် ဇီဝကင်းပြတ် နတ်တို့ဌာန ပြောင်းကြွ စံလွှန်တော်မူလေသည်။

သံဝေဂယူဘွယ်

ပခုက္ကူသာသနာ့ကြိုးကိုင် မဟာဝိသုတာရာမကျောင်းတိုက်ကြီးကို စတင်ဖန်ဆင်းသူ, သီလ, သုတ စွယ်စုံပြောင်မြောက်လှသည့် ပညာရှင် ဘုရားသခင့် သာသနာ့ဝန်ဆောင်, ဘုရားဟောကျမ်းစာများနှင့် အခြားသော ကျမ်းဂန်များ, ဗျာကရဏ်းကျမ်းတို့၌ မေ့နှောက်ချောက်ချားဉာဏ်ကစားနိုင်သည့် တိပိဋကဝိဒူ, ဗျာကရဏဝိညူဖြစ်တော်မူသော အရှင်ဂန္ဓသာရ တရားစစ်သူကြီးသော်မှ သေမင်းရန်ကို လက်မြောက်အရုံးပေးရလျှင် ငါတို့ကဲ့သို့သော လူသာမန်တို့၌ကား သေမင်းရန်ကို လက်မြောက်ရမည့်အရေး တွေးတော ပြောဆိုဖွယ် မရှိပါပြီတကားဟု သံဝေဂဉာဏ် သက်ဝင်သင့်လှပေသည်။

ဂန္ဓသာရော မဟာထေရော၊ ဝိသုတာရာမမာပကော။
သီလဝါ သုတဝါ ပညော၊ ဓုရဝါဟီ ဗဟုဿုတော။
ပါဝစနေ စ သတ္ထေ စ၊ ဗျာကရဏေ ဝိသာရဒေါ။
သောပိ မစ္စုဝသံ ပတ္တော၊ မာဒိသေသု ကထာဝ ကာ။

အတိတ်နိမိတ်များ

ဆရာတော် အရှင်ဂန္ဓသာရ ပို့လွှန်တော်မူလတ်သော် ဆရာတော် သီတင်းသုံးရာ အလယ်ကျောင်းတော်ကြီး၏ အရှေ့မျက်နှာစာ၌ရှိသော ပိတောက်ပင်သည် အချိန်မဲ့ အခါမဲ့ အပွင့်တွေတဝေဝေ ပွင့်ခဲ့သည်၊ ကျောင်းတိုက်တွင်း၌ ဘေးမဲ့ပေး၍ မွေးမြူထားသော ဥဒေါင်းသည်လည်း မရှင်မလန်း ဝမ်းနည်းပူဆွေးပြီး သောကမီးတောက်၍ အသက်စွန့်ရှာသည်၊ တိုက်တွင်း၌

ရေတွင်းကြီးငယ်တို့မှ ရေများစွာ ယိုထွက်ကြသည်၊ ကျောင်းတိုက်ပတ်ဝန်းကျင် ကုက္ကိုတန်းရပ်မှ ကုက္ကိုပင်အားလုံး သွေ့ခြောက်ကြကုန်သည်။

အနောကာနိ အဗ္ဘုတာနိ၊ ဥပ္ပဇ္ဇန္တိ ဝိသေသတော။
လောကမ္ဟိ တီဝပသိဒ္ဓေ၊ ဂန္ဆသာရေ ဒိဝင်္ဂတေ။

ဝိကသိ ပိယကော သာခီ၊ အကာလေပိ စ သဗ္ဗသော။
မောရောပိ သောကသလ္လေန၊ သမပ္ပိတစ္စယော ဘဝေ။

ဥဒပါနေသု အမ္မူနိ၊ ဂလန္တိ စ အနေကဓာ။
ဘဏ္ဍိလာ ပိစ သုက္ခန္တိ၊ အာရာမဿ သမန္တတော။

သာဓုကီဠနပွဲသဘင်

ယင်းသို့ ကမ္မဇရုပ် ချုပ်တော်မူလေလျှင် ဝိညာဉ်မစပ်, ဥတုဇရုပ်ကလာပ်ကို ပူဇော်ညွတ်ခဲ့ငိုယိုကြလျက် ပြင်ဆင်ကြပြီးလျှင် ဆရာတော်ဘုရားကြီး မိန့်မှာသည့်အတိုင်းပင် ၇-ရက်အတွင်း သင်္ဂြိုဟ်ကြမည်ဟု စျာပနကော်မီတီက ပိုင်းခြား သတ်မှတ်ထားသော်လည်း အများသဘောမတူကြသဖြင့် တပေါင်းလသို့ ပြောင်းရွှေ့ ရက် သတ်မှတ်ကြ၍ သံဃိဿရ, သံဃဉီးကိုင် သာသနာပိုင်ဆရာတော်ဘုရားကြီးတို့၏ အလောင်းကို ပူဇော်ကြသကဲ့သို့ ပူဇော်ကြကာ သာဓု-ကီဠန ပွဲကြီးသဘင် ဆင်ယင် ကျင်းပ၍ သင်္ဂြိုဟ်ကြလေသည်။

ခမ်းနားစွာ ကျင်းပကြခြင်း

ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီး၏ အလောင်းကို ရှေ့ချခေါင်း, ဌေးသားခေါင်း, ကျောက်စီ ဌေးသားခေါင်း, ရှေ့သားခေါင်း, စိန်စီဌေးသားခေါင်း, ကြေးခုတင်ကြီး, ဌေးသားသလွန်, မှန်စီရှေ့ချသလွန်, မလွိကာတန်ဆာ, ရှေ့ချည်ထိုးနဂါး, ဌေးသားနဂါး, ဌေးသားကြာကလာပ်, ဌေးသားပြာသာဒ်, ဌေးသားဝေါယာဉ်, ဌေးသားရထား, ကနက်ဂဒဏ်, ဂျပန်ထီးဖြူတော်ကြီး ဂ-လက်, လောင်တိုက်ကြီး, တလားကြီး, တလားငယ်, ပြာသာဒ်ထည်ရေ ၁၀၀ တို့ဖြင့် ၁၂၇၆-ခု တန်ဆောင်မုန်းလဆန်း ဂ-ရက်နေ့တွင် ခမ်းဖွင့်သဘင် ဆင်ယင်ကျင်းပကြပြီး ကာ ၎င်းနှစ် တပေါင်းလဆန်း ဂ-ရက်နေ့မှစ၍ အလောင်းတော်ကို စံတော်မူရာ ကျောင်းတော်ကြီးမှ တိုက်ကြီးမြောက်ဂုက်လပ်ရှိ မဏ္ဍပ်၌ ပင့်ယူပူဇော်ကြပြီး၍ ပွဲသဘင် အမျိုးမျိုးတို့ဖြင့် မြေမိုးဖြန်းဖြန်း အံ့ဘနန်းမျှ အဆန်းတကြယ် လဲလှယ်နေ့ည သာဓုကီဠနသဘင် ဆင်ယင်ကျင်းပကြပြီးလျှင် တပေါင်းလဆုတ် ၁-ရက် တနင်္ဂနွေနေ့တွင် ဝေဟင်စွင့်စွင့် ကြီးမြင့်မှန်မြတ်လှစွာသော လောင်တိုက်တော်ကြီးထက်သို့ စက်ယန္တရား လေယာဉ်ပျံရထားဖြင့် ကြွားကြွားနှင့်တွန့်ပျံကွန့်တင်ဆောင်ပြီးမှ လက်နက်စိန်ပြောင်း ချက်ပေါင်းများစွာ ပစ်ဖောက်ပူဇော်ပြီးလျှင် မီးတင်မီးဓာတ် တေဇောလွှတ်၍ ရိုးဓာတ်မြေကျ စျာပနပွဲကို ခြိမ့်ခြိမ့်သဲ ကျင်းပကြလေသည်။

ဂန္ဆသာရစေတီ

စျာပနပွဲပြီးသောအခါ ရိုးကောက်ပွဲကျင်းပ၍ ဆရာတော်ဘုရားကြီး၏ အရိုးတော်ဓာတ်ကို ဌာပနာကြကာ မဟာဝိသုတာရုမ ကျောင်းတိုက်ကြီးဒကာ ဦးစံပေါ် ကျောင်းတိုက်အမကြီး

ဒေါင့်ငေ့, သမီး-ဒေါ်နှင်းအေးနှင့် အမျှား ဒကာ-ဒကာမတို့ စုပေါင်းပြီး ပခုက္ကူမြို့ မြောက်ဖက်ရှိ ကူတောင်ထိပ်တွင် စေတီကြီး တည်ထားကိုးကွယ်ခဲ့ကြသည်၊ စေတီမြတ်ကြီး၏ ထီးတော်ကိုမူ မန်ကျည်းချောင်းရပ် ပိုးကုန်သည် ဦးအေးမြ-ဒေါ်ပိုးတို့က တင်လှူခဲ့ကြလေသည်၊ ဆရာတော် အရှင်ဂန္ဆသာရ မဟာထေရ်မြတ်၏ အရိုးဓာတ်တို့ကို ဌာပနာထားသည့် အတွက် **ဂန္ဆသာရစေတီ** ဟု ပခုက္ကူသာသနာဝင်တွင် ထင်ရှားလေသည်၊ ဤသို့လျှင် ပခုက္ကူသာသနာတွင် ထင်ရှားလှသော ဂန္ဆသာရစေတီကို အောက်ပါ ဝန္ဒနာဂါထာဖြင့် ရှိခိုးဦးညွတ် ပူဇော်ရာသတည်း။

စေတိယံ ဂန္ဆသာရံ ဟိ၊ ဂန္ဆဓာတုနိဓာနကံ။
သန္ဓာယ ဂန္ဆသာရမ်ပိ၊ ဝန္ဒာမိ သိရသာဒရံ။

ဂန္ဆသာရစေတီတော်လည်း ကြည့်။

မန်လည်ဆရာတော် မဟာဝိသုတာရာမတိုက်သို့ကြွ၍
ဆရာတော် အရှင်ဂန္ဆသာရ ကျိန်းစက်ရာ ခုတင်ကို ကန်တော့ခြင်း

မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီး စသော ကျမ်းပေါင်း ၃၀-ကျော်ကိုပြုစုခဲ့သည့် သီလဝန္တ, သိက္ခာကာမစသော ဂုဏ်တို့ဖြင့် ကျော်စောလှသော မန်လည်မြို့ ပြာသာဒ်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇဝန(မန်လည်)ဆရာတော်ဘုရားကြီးသည် ၁၂၈၁-ခုနှစ်တွင် ပုသိမ်,ရန်ကုန်မြို့များသို့ ဇရလမ်းဖြင့်ကွစဉ် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ကြွတော်မူသည်။ မဟာဝိသုတာရာမတိုက်ကြီးရှိ အရှင်ဂန္ဆသာရ စံတော်မူခဲ့သော အလယ် (သာသန-ဇောတိပါလ) ကျောင်းကြီးပေါ်သို့ ကြွရောက်၍ ဆရာတော် အရှင်ဂန္ဆသာရ ကျိန်းစက်တော်မူခဲ့သော ညောင်စောင်းတော် (ခုတင်)ကို ဦး ၃-ကြိမ်ချ၍ ကန်တော့တော်မူခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်နှင့်လည်း သာသနာရေးကိစ္စများကို ဆွေးနွေးတော်မူခဲ့သည်။ ဆရာတော်အား ဖူးမြော်ကန်တော့၍ ရောက်ရှိလာကြသောတိုက်တာ သံဃာတော်များအားလည်း ဩဝါဒပေးတော်မူခဲ့သည်။

ကေဒါ ထေရသေဋ္ဌော ဟိ၊ မန်လည်တိ အဘိပါကဋ္ဌော။
အာရာမံ ဝိသုတံ ပတ္တာ၊ ထေရမဋ္ဌံ ဘိဝန္ဒိ သော။
ဩဝါဒမ်ပိ စ သံဃဿ၊ အဒါသိ ထေရကုဋ္ဌရော။
ဗဟုလေ သာသနဿာပိ၊ ကိစ္စေ ထေရေန မန္တယိ။

လယ်တီဆရာတော် ကြွရောက်ဖူးမြင်ခြင်း

မုံရွာမြို့ လယ်တီ ဆရာတော်ဘုရားကြီးသည်လည်း ဆရာတော် အရှင်ဂန္ဆသာရထေရ်သက်တော် ထင်ရှားရှိစဉ်က ပခုက္ကူမြို့သို့ ကြွရောက်ဘူးသည်၊ ဆရာတော် အရှင်ဂန္ဆသာရနှင့် သာသနာရေးအကြောင်းများ ဆွေးနွေးသည်၊ ဩဝါဒရလိုကြောင်းကိုလည်း လျှောက်သည်၊ ဆရာတော် အရှင်ဂန္ဆသာရက လယ်တီဆရာတော်အား တရားဟောသည်ထက် ပိဋကတ်စာဝါကြီးများကြိုးစား၍ ချသင့်ကြောင်း အမိန့်ရှိသည်၊ လယ်တီဆရာတော်သည် ဆရာတော် အရှင်ဂန္ဆသာရထေရ် ပျံလွန်ပြီး ၁၂၈၀-ခုနှစ်ကလည်း ပခုက္ကူမြို့သို့ ကြွရောက်တော်မူဘူးသည်။

မဟာဝိသုတာရုမိက ဂဏဝါစကနိကာယကြီး၏ ဂဏမဟာဝိနာယက, အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် အရှင်ပညာ မဟာထေရ်

အင်္ဂမဟာပဉ္စိတ ဆရာတော် အရှင်ပညာ မဟာထေရ်

ဆရာတော် အရှင်ပညာမဟာထေရ်သည် ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး၏ နိကာယ် ၅-ရပ် ချပို့ရေးနှင့်တကွ မဟာဝိသုတာရုံမ သာသနာ့ဗိမာန်တော်ကြီးကို လှဲအပ်ခြင်း ခံရသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် သာသနာ့အာဇာနည် မဟာထေရ်မြတ်ကြီး ဖြစ်တော်မူသည်။

ဇာတိချက်ကြေ မွေးရပ်မြေ

ဆရာတော်သည် မြင်းခြံခရိုင် ပုပ္ပါးတောင်အနီး တောင်ဆင်းနယ် ခွေးပြုတ်ရွာ၌ အဘဦးပြေ့ အမိဒေါ်မင်းဂုဏ်တို့မှ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် ကဆုန်လဆန်း ၂-ရက်၊ ကြာသပတေးနေ့ ၂-နာရီ အချိန်တွင် သတိသမ္ပဇဉ် ယှဉ်တော်မူ၍ ချမ်းမြေ့ကြည်နူး နိမိတ်ထူးဖြင့် မီးရှူးသန့်စင် ဖွားမြင် တော်မူခဲ့လေသည်။

မြေတုန်လှုပ် ပဲ့တင်သံမြည်ဟီးခြင်း

ယူဇနာပေါင်း ၂-သိန်း ၄-သောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အလွန်တရာ လေးလံလှစွာသော မြင့်မိုရ်တောင်, ဟိမဝန္တာတောင်, ကေလာသတောင်-အစရှိသော တောင်ကြီး တောင်ငယ် အသွယ်သွယ်နှင့် တောနက်ဂနိုင် မဟာမြို့ပြင်အပေါင်းနှင့် သမုဒ္ဒရာ ၄-စင်းတည်းဟူသော ဝန်ကြီးကို ထမ်းဆောင် သည်ပိုး၍ ထားနိုင်လင့်ကစား လောကဥဿျောင် အခေါင်အထွဋ် မထေရ်မြတ်လောင်းလျာ၏ လွန်စွာပြန့်ကျယ် ပင်လယ်မြေထု မေရုမက ကြီးမြတ်လှသော ဂုဏ်တော် ကျေးဇူးတော်ဝန်ကို သည်ပိုး ရွက်ဆောင်ခြင်းငှါ မစွမ်းနိုင်ပါသဖြင့် ထေရလောင်းလျာ ဖွားမြင်ရာခဏ၌ ပဲ့တင်သံမြည်ဟီးကာ လေ,ရေ,ပါခုန် သိမ့်သိမ့်တုန်အောင် တဟုန်တည်း လှုပ်ရှားလေတော့သည်။

ဂရုဘာရံ မေရုရာဇံ၊ သာဂရဥ္စ ဟိမာလယံ။
နဂညံ ပါဒပံ သဗ္ဗံ၊ သမတ္ထာ ဝဟိတုံ မဟီ။

ဇာတက္ခဏေ ဂုဏုဗ္ဘေဂံ၊ ဘာရာတိဘာရသမ္မတံ။
နေတုံ အသယှမာနာဝ၊ သံကမွိ ဥစ္စနာဒိနိ။

လျှပ်စစ်လျှပ်ပန်းတို့ လင်းလက်ထွန်းတောက်ခြင်းနှင့် မိုးရွာခြင်း

ဆရာတော်လောင်းလျာ ဖွားမြင်ရာခဏ၌ မြေပထဝီသာ လှုပ်သည်မဟုတ်သေး၊ မိုးသက်လေ မိုးတိမ်တိုက် တည်းဟူသော လူပျို ကာလသားတို့နှင့် ရှစ်ခွင်ဒီသာ ရပ်မျက်နှာတည်းဟူသော သမီးပျိုလှကညာတို့သည်လည်း ရောင်ဝါပြိုးပြက် တဝင်းဝင်းလင်းလက်သော လျှပ်နွယ်လျှပ်ပန်းတို့ဖြင့် ဆန်းကြယ်စွာ တန်ဆာဆင်ကုန်လျက် ဘယ်ယိမ်းညာနွဲ့ စိမ်းလဲ့ညိုမှောင် တောင်တောင် မြောက်မြောက် ရွှေနောက်ပြေးလွှား ကစားမြူးခုန်ကြလေကုန်၏၊ သံဃနာထ ထေရလောင်းလျာ ပေါ်လာခြင်းကို အရင်းမူလျက် ချီးကျူးသြဘာ ထောမနာပြုသည့်အနေဖြင့် အဖွဲဂါထာ ကဗျာ

သီချင်းတို့ကို သီဆိုကျူးရင့် သံကုန်လွှင့်ကြကုန်သည်သာမက တစတစ တမြမြလျှင် ရွာချတောက်လျှောက် အိုးသွန်မှောက်သို့ မိုးပေါက်ထန်သဲ့ အရွဲ့ရွဲ့ဖြင့် မစဲအစဉ် ထက်ကောင်းကင်မှ ရေယာဉ်ယှက်သန်း ငွေရည်ဖျန်းသည့်နှယ် ချိုင့်ဝှမ်းကုန်းခေါင် မြစ်ချောင်းထူးအိုင် အဆိုင်ဆိုင် တို့၌ ဖြိုင်ဖြိုင်ဓိုးဓိုး ရေယာဉ်စီးအောင် ထန်သည်းစွာလှ ရွာချသွန်းလောင်းလျက် ရှိလေသည်။

မာလုတမ္မုဓရာ ယုဝါ၊ နစ္စယန္တော ဒိသင်္နာ။
ဂါယိ သု ထုတိသံဂီတံ၊ ဝိဘူသိတ သတေရတာ။
ဝုဋ္ဌဓာရံ ပဝတ္တေန္တော၊ ဒေဝေါ ပါဝသိ တာဝဒေ။
ထလံ နိန္နဥ္စ ပူရေသိ၊ မဟောဃော တေန သန္ဒတိ။

အတိတ်ကောင်း နိမိတ်ကောင်း

ဖွားမြင်ပြီး၍ ၅-လ ၁၁-ရက်သားသာရှိရာ သီတင်းကျွတ်လပြည့်နေ့အခါ၌ ထေရလောင်းလျာသူငယ်ကလေးသည် မာတာမိခင်၏ လှုံလပယောဂဖြင့် သန့်ရှင်းစင်ကြယ်စွာ ရေမိုးချိုးပြီးဖြစ်လေ၏၊ အမွှေးအကြိုင် နံ့သာမျိုးစုံတို့ဖြင့် လိမ်းကျံမှုန်းထုံပြီးလည်း ဖြစ်လေ၏၊ စင်ကြယ်ဖြူဆွတ် အဝတ်သစ်အထည်သစ် တည်းဟူသော အခင်းအနှီးရှိ၍ ပက်လက်အိပ်တတ်သောသူငယ်ဘဝ၌ တည်ရှိလေ၏။ ဤသို့လျှင် စင်ကြယ်သန့်ရှင်းသော အိပ်ရာခင်းထက်၌ ချမ်းသာစွာ သိပ်ထားသော်လည်း တစုံတရာမခံသာသောအန္တရာယ် နှိပ်စက်သကဲ့သို့ ကောင့်ကာ, လိမ်ကာ လူးလွန့်ကာဖြင့် မကြာခဏ လက်ခြေခါးတို့ကို ထိုမှ ဤမှ လှုပ်ရှားစေ၏။

သည်းချာမျက်ချယ် ပုလဲသွယ်ကို မျက်ကွယ်မပေး စိတ်မအေးပဲ အရေးယူလျက် ရှိသော မွေးမိခင်သည် သားငယ်၏လှုပ်ရှား ဖောက်ပြန်ကောင့်လှုန် လူးလွန့်သည်ကို တွေ့မြင်ရ၍ အကြောင်းဘယ်သို့ဘယ်ပုံ ဘယ်လိုနည်းဟု သက်ဝယ်မှား စိတ်ထွေပြားသဖြင့် အဆောတလျင် ကပ်ဝင်ချီမြှောက်၍ စူးစမ်းဆင်ခြင်လေပြီ။

ဂုံညင်းခန့် လောက်ကောင်များ

ဟေဋ္ဌာ ပိဒ္ဓေ တဒါ ဇာတော၊ ကုန္ဒဿ မုကုလံ ယထာ။
ကပွါသပိစုသက်္ခသော၊ ဝိသုဒ္ဓေါ ကိမိသဥ္ဇယော။

မျက်လုံးကလေးကလယ်ကလယ်နှင့် ပက်လက်အိပ်လျက်ရှိသော ထေရလောင်းလျာ၏ ကျောတည့်တည့်၌ သင်းခွေပန်းငုံ ဝါဂွမ်းပုံအစုကဲ့သို့ နုနုနယ်နယ် စင်ကြယ်ဖြူဖွေး လုံးထွေးလျက်ရှိသော ဂုံညင်းခန့်ပမာဏ ပိုးရွှအစုသည် သဘာဝအလျောက် ပေါ်ပေါက်ဖြစ်ပွါးလျက်ရှိလေ၏။

သားငယ်ကို မြှောက်ချီကြည့်ရှုရာတွင် မကြာမီခဏအတွင်း၌ ထိုမျှလောက် ကြီးပွါးခြင်းသို့ ရောက်နိုင်သော ပိုးရွှအစုကိုမြင်ရလျှင် အံ့ဖွယ်အထူး မဖြစ်ဘူးသော အခြင်းအရာ၌ စိတ်ဝင်စားလျက်ရှိသော ထေရမယ်တော်သည် ထိုထို့ကျို့ကျို့ အလီလီကို မြည်တမ်းကာ ကြံစည်စဉ်းစားလျက်—

သုဒ္ဓါယံ မုတ္တာပုဠ္ဍော၀၊ ဧထ ပဿထိမံ ကိဠံ။
ဒါနေ၀ သုစိသန္ထာရေ၊ သယာပေမိ ပိယံ ပုတ္တံ။

အို ဆွေမျိုးညာတကာ လူများစုတို့ ကျမသား ကျောအောက်က ပိုးရွှအစုကို ကြည့်ရှုလှည့် ကြစမ်းပါကုန်၊ ယခုကလေးပင် စင်ကြယ်လှစွာသော အိပ်ရာအခင်းပေါ် ၌ ရေမိုးချိုး ပန်းနံ့သာ လိမ်းကျံပြီးသော ချစ်သားငယ်ကို ကျမကိုယ်တိုင် သိပ်ထားပြီးခါစဖြစ်ပါ၏၊ ထေရလောင်းလျာ၏ မယ်တော်မမင်းဂုဏ်၏ စကားကြောင့် အိမ်နားနီးချင်းနှင့် ဆွေရင်းမျိုးချာ ရွာသူအပေါင်းတို့ သောင်းသောင်းအုတ်အာ ချဉ်းကပ်လာကြ၍ အုံသြစဖွယ် စမွယ်ပန်းဥ ဝါဂွမ်းစုကဲ့သို့ ဖြူနုစင်ကြယ်သော ပိုးရွှအစုကို ကြည့်ရှုကြကာ အတိတ်အကြောင်း နိမိတ်ကောင်း ယူကြ၍ သောင်းပြောင်းထွေထူး ကိုယ့်စိတ်ကူးဖြင့် ကြားဘူးနားဝ ရှိသမျှကို ပြောပြကြကုန်၏။

အဘိုး၏ ဟောကိန်း

ထိုအခါ အကြောင်းဥပါယ် အသွယ်သွယ်တွင် ကျွမ်းကျင်လိမ္မာသော ထေရလောင်းလျာ၏ အဘိုးက ချစ်သမီး တောင်တောင်အီအီ မကြံစည်ပါလင့်၊ ပိုးလောက်ဖြူနု ကျောအောက်စုသော ငါ့မြေးတော်ကား သာမန်ယောကျ်ား အညံ့စားမဟုတ်၊ တလောကလုံး၏ ထောက်ရာတည်ရာ မှီခိုအားထားရာ မချတ်ကေန် အမှန်စင်စစ်ဖြစ်လိမ့်မည်၊ ပြည့်စုံလုံလောက်သော လောကီဂုဏ်, လောကုတ္တရာဂုဏ်တို့၏ တည်ရာစင်စစ် ဖြစ်ပေလိမ့်မည်။

ပဋိဝေါ ဟိ ပုလဋ္ဌေန၊ ပုဏ္ဏာဘာဝဿ ကာရဏံ။
ဂုဏေနာပိ မဟန္တဿ၊ လောကေန အဘိသမ္မတံ။

ချစ်သမီး ယုတ္တိယုတ္တာနှင့် ပြောပြမယ်၊ သဘောကျအောင် နားထောင်ပါ၊ ပိုးလောက်ဟူသည် ကြီးပွါးမြင့်မောက် လုံလောက်ပြည့်ဝခြင်းဟူသော ပုလအနက်သဘောအားဖြင့် ပြည့်စုံလုံလောက်ခြင်း၏ အကြောင်းနိမိတ် ဉာပကဟိတ်ဟူ၍ ပညာရှိသူ လူအများတို့၏ နှုတ်ဖျား အသီးသီး၌ သမုတ်ပြီး ဖြစ်ခဲ့လေ၏၊ ဤသို့ဖြင့် ဉာဏ်မှီသမျှ အကောင်းဆ၍ ပြောပြလေ၏။

နာမည်မှည့်ခြင်း

နိကာယဏ္ဍဝပါရဂူထေရလောင်းလျာသည် မိဘ ၂-ပါး အဘိုးအဘွား သားချင်းဆွေမျိုးတို့၏ အလယ်၌ ညီးငယ်ခြင်းမရှိ ပြည့်ပြည့်တင်းတင်း ပြုစုခြင်းဖြင့် ဆင်းရဲမရောက်အောင် ဝိုင်းအုံစောင့်ရှောက်သဖြင့် အဆက်ဆက်အားဖြင့် ကူးစက် ချီမ ယုယ ပိုက်ထွေး မွေးမြူခြင်းကို မှီ၍ သုခအစဉ် မငြိုငြင်ပဲ ပြောင်စင်ကြီးမြောက်၍ လာလေ၏။

အရွယ်နှင့်မလိုက် ကြုံကြိုက်သမျှ လောကမျက်မြင် ထင်လာသရွေ့ ကြားသရွေ့နှင့် တွေ့လာသမှု အစုစုကို ရှုလို ကြည့်လို သိလို တတ်လို စူးစမ်းလိုသော နဂိုရင်ခံတိ ဗုဒ္ဓိစရိုက် ဉာဏ်အကြိုက်ဖြစ်၍ မေးလိုက် မြန်းလိုက် စူးစမ်းလိုက်နှင့် စဉ်တိုက်မနား ဤသို့အားဖြင့် များစုံသော အမေးပုစ္ဆာပြဿနာများကို ပြုလေ့ရှိလေသည်၊ အမှတ်တမဲ့ သူ့ကိုဂရုမစိုက်ပဲ ပြောလိုက် ဖြေလိုက်သော စကားများသည် ရွှေနောက် မထပ်မညီရှိခဲ့သော် ထိုပြောသူကို အပြစ်ဖော်ပြလျက် စောဒကဝင်တတ်လေသည်။

ရွှေနောက် ၂-ရပ်စပ်၍ အသင့်ယုတ္တိရှိပါမူ စိတ်ဖြင့် နှစ်သက်မြတ်နိုးရာ ထိုထိုအဓိပ္ပါယ်များသည် ကျောက်ဖျာထက်တွင် တင်အပ်သော အက္ခရာအရေးအသားကဲ့သို့ ထေရ်ရလောင်းလျာ၏

နှလုံးအိမ်တည်းဟူသော ရွှေခွက်၌ မပျော်မပျက် အသက်ဆုံးသည်တိုင်အောင် ကောင်းစွာ တည်ရှိလေ၏။

သူများက မေးလာသော အမေးစကား ဆွေသောစကားများကို ယုတ်တရက်အဖြေပေး၍ အလျဉ်းသင့်အောင် ချေဆိုနိုင်သဖြင့် သူငယ်၏အမည်ကို မောင်ပေါ်ဉာဏ်ဟု အမည်နှင့်အရည် လိုက်လျောအောင် မှည့်ခေါ် သတ်မှတ်ကြလေသည်။

ဌာနသော ဉာဏစာရဿ၊ ပဋိစ္စ ပဋိဘာဏတံ။
အတ္ထာနုဂတနာမေန၊ မောင်ပေါ်ဉာဏ်ဣတိ အဝှယော။

အစစ္စာပညာသင်ခြင်း

ထေရလောင်းလျှာ ၄-နှစ်သားလောက် အရွယ်တော်ရောက်ရာ တခါတွင် ထေရလောင်းလျှာ၏ အဘိုး ဦးဘိုးလယ်သည် ရှေးဟောင်းစာပေများ မှတ်သားထားရာ ပရပိုက်တခုကိုကြည့်ရှု၍ နေလေ၏၊ ထေရလောင်းလျှာ မောင်ပေါ်ဉာဏ်သည်လည်း ဦးကြည့်၍ တအောင့်ကြာမှ စဉ်းစားပြီး မေးမြန်းသည်မှာ—

(ထေရလောင်းလျှာ) အဘ ဘဘ ဤစာအုပ်နက်ကြီးထည်းမှာ ဝိုင်းစက်စက်နှင့် နှစ်သက်စဖွယ် တင့်တယ်သော အရေးအကြောင်းတို့ဟာ ဘာတွေပါတုံး—

(အဘိုး) အဘပြောပါ့မယ် ငါ့မြေးတော် ပြောသည့်အတိုင်း အဲဒီအရေးအကြောင်းတွေဟာ လှပပေတယ်၊ တင့်တယ်ပေတယ်၊ အဲဒီဟာကို စာလို့ခေါ်တယ်ကွဲ့ ငါ့မြေးရဲ့ဟု အဖြေပေး၏။

(ထေရလောင်းလျှာ) အဲဒီစာကို ကျနော့်သင်မပေးချင်ဘူးလား ဘဘသင်ပေးလျှင် ကျနော် သင်ချင်ပါသည်ဟု ပြောလေ၏။

(အဘိုး) ဒီလိုဆို ကောင်းပြီ ဘဘသင်ပေးမည်ဟု ဝန်ခံကာ—

နမော ဗုဒ္ဓါယ ပဏာမနှင့်တကွ ၁၀-လုံးမျှသော အက္ခရာတို့ကို ကောင်းစွာ ချပို့သင်ကြားပေးလေ၏၊ ထိုသို့ သင်ကြားပေးရာ ခဏ၌ လျင်မြန်သွက်လက် ထက်မြက်သော ဉာဏ်စွမ်းရှိသော အမျိုးသားအား အနည်းငယ် ၁၀-လုံးမျှသော အက္ခရာသည် လွယ်ကာခဏ အနည်းငယ်မျှသော လှုံ့လဖြင့် ရွရွညက်ညက် နှုတ်တက်လေရာ ၂-ရက် ၃-ရက်အတွင်း၌ ဗျည်းအက္ခရာအားလုံးကို နှုတ်တက်ရွရွ အာဂုံရလေသည်။

ဆရာတော်အရှင်နန္ဒမာလာထံသို့

ထေရလောင်းလျှာ အသက် ၁၁-နှစ်သားအရွယ်လောက်တွင် ခွေးပြုတ်ရွာ ကျောင်းထိုင် ဆရာတော် ဝမ်းကွဲနောင်တော် အရှင်နန္ဒမာလာထံတွင် မိဘတို့ အပ်နှံကြသဖြင့် သင်ပုန်းကြီး, မင်္ဂလသုတ်, နမက္ကာရ, ပရိတ်-စသည် စာများကို တနှစ်အတွင်း သင်ယူခဲ့ရာ ကျောင်းသားအားလုံးအနက် ဉာဏ်ထက်မြက်သော ကျောင်းသားအဖြစ် ထင်ရှားလေသည်။

ကောဒသပမာဏမို့၊ ဒါရကော နန္ဒသန္ဓိကေ။
သိက္ခိတပ္မေ သိက္ခိတ္ဝာန၊ ပါကဋ္ဌော ဒါရကန္တရေ။

ဆရာတော်အရှင်ဉာဏထံသို့

အရှင်နန္ဒမာလာထေရ် အောက်မြို့ကျေးရွာသို့ သက်ဆိုင်ရာဒကာဒကာမတို့ ပင့်လျှောက်သဖြင့် ကြွသွားရာ ခွေးပြုတ်ရွာ၌ ကျောင်းထိုင်ဘုန်းကြီး မရှိလေသဖြင့် ခွေးပြုတ်ရွာမှ ၄-မိုင်ခန့်ကွာသော နဂါးရစ်ရွာကျောင်း ဘုန်းကြီး ဦးဉာဏ(လူမည် ဦးဇံဝ)ဟု ထင်ရှားသော ဆရာတော်ထံ မိဘတို့ အပ်နှံကြပြန်ရာ ဉာဏ်ထက်သော ကျောင်းသားမှန်းသိသဖြင့် မောဂ္ဂလိပုတ္တတိဿသူငယ်ကို စောင့်ရှောက်သော ထေရ်တို့ထုံး နှလုံးမူကာ နိကာယ် ၅-တန်၏ အခြေခံဖြစ်သော သဒ္ဒါ, သဂြိုဟ်-စသော ကျမ်းတို့ကို သင်ကြားပေးတော်မူလေသည်။

တတော ပစ္ဆာ ဘဒန္တသ္သ၊ ဉာဏသ္သ သန္တိကံ သုဓီ။
ဥဂ္ဂဏ္ဍိ သဂ်ဟဥ္စာပိ၊ ကစ္စာယန မထာပရံ။

ပဗ္ဗဇ္ဇာခုံ ခိုလှုံခြင်း

ဂဏပါမောက္ခ, နိကာယဏ္ဍဝပါရဂ်တ ဖြစ်မည့် အညောက်အညှန့် တလွန်လွန် တလူလူ တံခွန်ထူလျက် ရှိသော အမျိုးသား မောင်ပေါ ဉာဏ်သည် မွေးဖွားသည်မှ ၁၄-နှစ်မြောက် အရွယ်တွင် နဂါးရစ်ကျောင်းဆရာတော် အရှင်ဉာဏထံတွင် ရှင်သာမဏေဝတ်ကာ ၁၀-ဖြာသော သိက္ခာသီလကို အမြဲးကို စောင့်ရှောက်သည့် စမရမည်သော တိဗက်ယက်နွားပမာ ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ကာ ဘုရားမြတ်စွာ၏ကျေးဇူးတော် အနန္တကို ပေးဆပ်တော်မူလေသည်၊ ရှင်မေဓာဟူသော အတ္ထာနုဂတဘွဲ့နာမကိုလည်း ဥပဇ္ဈာယ်ဆရာတော်က ပေးလေသည်။

သမ္ပတ္တေ စုဒ္ဒသမေပိ၊ ဘဒန္တဉာဏသန္တိကေ။
မေဓာဘျာနန္တထ္ထနာမေန၊ အလတ္ထ ပဗ္ဗဇ္ဇံ ဝိဒူ။

ဆင်ဖြူကျွန်း စေတီလှကျောင်းတိုက် အရှင်ဓမ္မသီရိထံသို့

နဂါးရစ် ဆရာတော် အရှင်ဉာဏသည် သံဃနာယက ထေရလောင်းလျာ ရှင်မေဓာကို ရှင်ကေလာသ, ရှင်ဣန္ဒဟူသော သာမဏေများနှင့်အတူ ဆင်ဖြူကျွန်းမြို့ စေတီလှကျောင်းတိုက် (ယခု မဟာဝိသုတာရာမတိုက်) အရှင်ဓမ္မသီရိထံ ကိုယ်တိုင်ကြွရောက်၍ အတတ်ပညာသင်ပေးရန် အပ်နှင်းသဖြင့် အရှင်ဓမ္မသီရိထံ၌ ပညာသင်၍ တနှစ်ကျော်လောက်ရှိသောအခါ ဆင်ဖြူကျွန်း တမြို့လုံး ကျောက်ကြီးရောဂါ နှိပ်စက်ရာတွင် ရှင်မေဓာကိုလည်း မည်ဘမထောက် စွဲရောက် နှိပ်စက်လေသည်။

ထိုအခါတွင် အရှင်ဓမ္မသီရိဆရာတော်၏ ကရုဏာဂုဏ်ကို အမှီပြု၍ သုံးစွဲအပ်သော ဆေးဝါး ဓာတ်စာကြောင့် မကြာမီအတွင်း ကျောက်ရောဂါပျောက်ကင်းခဲ့လေသည်၊ အနာမှ ထမြောက်၍ လမ်းလျှောက်နိုင်စဖြစ်ချိန်တွင် မိမိနေရပ် ဥပဇ္ဈာယ်ထံ ချဉ်းကပ်၍ ကျောက်ရောဂါကြောင့် ဆုတ်ယုတ်သော အားအင်ဗလကို အစားထိုးကာ အားယူလေသည်။

ငမြာဆရာတော် အရှင်မေဓာထံသို့

နဂါးရစ်ဆရာတော် အရှင်ဉာဏသည် ငမြာရွာ စာသင်တိုက်၌ ပညာသင်နေသော တပည့် ဦးဣန္ဒက ရွာလာ၍ တဖန် ငမြာပြန်ကြွသောအခါ ငမြာဆရာတော်ထံသို့ ဂဏမဟာဝိနာယက

ထေရလောင်းလျာ ရှင်မေဓာကိုလည်း ငမြာရွာ စာသင်တိုက်သို့ ထည့်လိုက်ကာ ပညာသင်စေလေသည်။

ရှင်မေဓာမှ ရှင်ပညာသို့

ငမြာဆရာတော်သည် အရှင်မေဓာဟူသော မိမိတွဲနှင့် ထပ်တူဖြစ်နေရကား သံဃနာယကဂဏပါမောက္ခ ထေရအလောင်းတော်၏ ရှင်မေဓာဟူသော အမည်ကို အရည် အသွေးနှင့် လိုက်လျောညီအောင် ရှင်ပညာဟု ပြင်၍ မှည့်ခေါ်လေသည်၊ ရှင်ပညာဟူသော နာမည်သည်သာ လောကအတွင်း ထွင်းဖောက်ကာ လွန်စွာ ကျော်စော ထင်ရှားလေသည်။

ဂရုနာမံ သမံ ဟိတ္ဝာ၊ ပဋိစ္စ ညာတပညတံ။
ဒိန္နော ပညောတိ ပဇ္ဇောတော၊ သောဘတိ စ စိရံ ဇလံ။

ငမြာရွာ ပညာသင်ဖက်များ

ငမြာရွာတွင် ပညာသင်ကြားသောအခါ နဂါးရစ်ဆရာတော်၏ တပည့်များဖြစ်ကြသော အရှင်အာဒိစ္စ, အရှင်ဣန္ဒ အမည်ရသော ရဟန်းတော်တို့သည် ကိုရင်ပညာဟု သုတိသာသည့် မဟာဝိသုတာရာမနိကာယတက္ကသိုလ်ကြီး၏ အဓိပတိလောင်းလျာနှင့် အတူတက္ခ စာသင်ဖက်များဖြစ်ကြ၍ ကြီးစဉ်ငယ်လိုက် နည်းညွှန်လမ်းပြ ဆုံးမစောင့်ရှောက်လျက် ရှိကြလေသည်။

ပခုက္ကူ အတတ်မြို့တော်သို့

အဂ္ဂမဟာပဏ္ဍိတ မဟာဝိနာယက လောင်းလျာ ရှင်ပညာသည် ၁၆-နှစ် ပျိုမြစ်နုနယ် အရွယ်တော်ခေတ်တွင် နဂါးရစ် ဆရာတော်၏ တပည့်ရင်း ငမြာစာသင်တိုက်၌ စာသင်ဖက်ဖြစ်သော အရှင်အာဒိစ္စ အမည်ရသော ရဟန်းတော်ကို ရှေ့ဆောင်ပြု၍ ပခုက္ကူ ပိဋကတ်မြို့တော် ပန်းစ္စာကျောင်းတိုက်၌ နိကာယ် ၅-ရပ် ပါဠိတော်တို့ကို အဋ္ဌကထာ, ဋီကာတဲ့ဖက်၍ ချပို့နေတော်မူသော နိကာယ် ၅-ဖြာ သမုဒ္ဒရာကမ်းကူး လင်းယာဉ်မှူးကြီးဖြစ်တော်မူသော ရေစကြိုဆရာတော်ကြီးထံမှောက်သို့ ရောက်ရှိ၍ ပညာသင်ကြားလေသည်။

ရေစကြိုဆရာတော်ဘုရားကြီးထံ ဋီကာကျော် ဋီကာလှ ဆိုဝါရခြင်း

အဂ္ဂမဟာပဏ္ဍိတ, ဂဏာဓိပတိ, နိကာယဏ္ဌဝပါရဂူ အရှင်ပညာထေရ် လောင်းလျာ ရှင်ပညာဆိုက်ရောက်ရာအခါ၌လည်း ပခုက္ကူသာသနာသည် ပင်လုံးကျတ်ပုင့် တင့်တယ် စည်ကားခိုက်ဖြစ်ခဲ့သည်၊ ကျေးဇူးတော်ရှင် ရေစကြိုဆရာတော်ဘုရားကြီးသည် ပိဋကတ်သုံးသွယ် နိကာယ် ၅-ရပ် ပါဠိ,အဋ္ဌကထာ, ဋီကာ တဲ့ဖက်၍ ချပို့တုန်း အရွယ်ကောင်းခိုက် ဉာဏ်မီးတောက်ခိုက်အခါလည်း ဖြစ်၏။ တနေ့ စာဝါ ၄-ကြိမ်အနက် မနက် စာဝါမှာ ဋီကာကျော် ဋီကာလှ စာဝါဖြစ်လေသည်။

ဋီကာကျော်ကျမ်း ပေါ်ထွန်းချိန်

ဋီကာကျော်ကျမ်းဟု အမည်တွင်သော အာဘိဓမ္မတ္ထဝိဘာဝိနီကျမ်းသည် သာသနာ သက္ကရာဇ် ၁၇၀၀-၁၈၀၀ အတွင်းတွင် ထင်ရှားခဲ့သော အရှင်သာရိပုတ္တရာ၏တပည့် အရှင်သုမင်္ဂလသာမိ

ထေရ် ရေးသားခဲ့ရာ မြန်မာပြည်၌ ဌီကာကျော်အမည်ဖြင့် ကျော်ကြားသည်သာမက ဝါကျသွား ဝါကျလာ လှသဖြင့်လည်း ဌီကာလှဟု ထင်ရှားလေသည်။

ရေစကြိုဆရာတော်ဘုရားကြီးသည် နံနက်ခင်း လင်းစတွင် နက္ခတ်တာရာ ကြယ်တာရာ ဝန်းရံခသည့် ရှေလမင်းပမာ များစွာသော စာလိုက်သံဃာတို့ ဝန်းရံလျက် အဘိဓမ္မတ္ထဝိဘာဝိနီ ဌီကာကျော် စာဝါကို ပုဗ္ဗာပရာနုသန္ဓေ, ကျမ်းရိုးတက်, ထွက်နည်း, ကျမ်းရိုးငါးတန် ပြန်လှန် ထုတ်ဖော်နည်း, ပုစ္ဆာဝါကျ, ဝိဿဇ္ဇနာဝါကျခင်းနည်း, ထုတ်နည်း, စောဒကာဘောဂ, ပရိဟာရာဘောဂထုတ်နည်း, ဥပမာဂဗ္ဘ, ဥပမာပိဋ္ဌယောဇနာနည်းစသည်တို့ဖြင့် ကျနစ္စာ ချပြီးတော် မူလျက်ရှိရာ တနေ့တွင် စာဆိုသူလစ်လပ်သဖြင့် ရေစကြိုဆရာတော်ဘုရားကြီးက—

နာဂတော ပါဠကော ဒါနိ၊ ကော သင်္ကောတိ ပဌေတဝေါ။
ဝေဂေနေဝ ဟိ ကောစိပိ၊ ဗျတ္တော ဘဏတု ဒါနိ မေ။

ယနေ့ ဤစာဝါတွင် စာဆိုသူ ခရီးသွားသဖြင့် စာဆိုသူလစ်လပ်၍ နေခဲ့သည်၊ အဘယ်သူစာဆို ဝံ့သနည်း၊ စာဆိုစွမ်းနိုင်သူ စာခံရှိ၍ ထက်မြက်သူသည် မနှေးမြန်စွာ ငါ့စာဝါ စာဆိုလှည့်လော့ဟု ဆင့်ခေါ် ကြွေးကြော်လိုက်သောအခါ စာသင်တိုက်သို့ ရောက်သစ်ဖြစ်သော ၁၆-နှစ်သားအရွယ် နုနယ်လှစွာသော ရှင်ပညာသည် ကေသရာဇာခြင်္သေ့မင်းပမာ ရဲမာန်ပါပါ ထတဲ့ခါ တပည့်တော် စာဆိုမည် ဖြစ်ပါကြောင်း လျှောက်ထားလေသော် ရေစကြိုဘုန်းမော် မထေရ်ကျော်က ယခင်က ကျောက်ရောဂါကြောင့် ကိုယ်ခန္ဓာ မလန်းမဆန်းဖြစ်၍ ရုပ်ရေရှုပကာယ မစိုပြေလှသေးသော စာဆိုမည့်သူ ရှင်ပညာကို သည်လူလားကွဲ စာဆိုမှာဟု ဂရဟာမကင်းသည့်စကားကို မြှက်ကြား တော်မူလိုက်ကာ ဖြစ်ပမလားကွဲ စမ်းကြည့်သေးတာပေါ့ဟု မိန့်တော်မူပြီး ဝါကျဖြောင့်ဖြောင့် မထောင့်မလိမ် ငြိမ်ငြိမ်သက်သက် အနက်ချို့ချို့ တိုတိုတုတ်တုတ် စုဒ်, သုဓ်အဖွင့် သင့်တော်ရုံ ခတ်ဆဆဖြင့် ပို့ချတော်မူလေသည်။

သံဃနာထလောင်းလျာ၏ စွမ်းရည်

သရုပ်မပေါ်ခင် အထင်မှားလျက်ရှိသော်လည်း စာဝါစ၍ ချလိုက်လျှင်ပင် ထင်ထင်လင်းလင်း သန့်ရှင်းချိသာ သံဝါဟီးဟီး ပဲ့တင်တီးသကဲ့သို့ ကြီးမားခန့်ညားသော လေသံဖြင့် မှန်မှန် လေးလေး မှေးမှေးမပြတ် ပို့ချအပ်တိုင်းသော စကားအစဉ်တို့ကို ပရိသတ်အလယ်၌ အနည်း ငယ်မျှ ချို့ချွတ်ခြင်းမရှိပဲ လိုက်၍ဆိုနိုင်သည့်ပြင် ကျနသေသပ်စွာ ဉာဏ်ဖြင့် မှတ်ယူနိုင်သည်သာ မက နောက်တခေါက်ဆိုသောအခါတွင်ကား ဆရာထေရ်ကျော် အထံတော်မှ အထောက်အကူ မယူတော့ပဲ တယောက်ထီးတည်း အပြီးတိုင်ရောက် တောက်လျှောက်မဆိုင်း မြင်းကောင်း စိုင်းသကဲ့သို့ မချွတ်မယွင်း လုံးကြွင်းလုံးကျ မရှိစေရပဲ ကျနစ္စာ ဆိုစွမ်းနိုင်သဖြင့် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးနှင့် စာလိုက်သံဃာ မြားမြောက်စွာတို့က—

အဟော အစ္ဆရိယော ပညော၊ သပ္ပညော သုဝိသာရဒေါ။
အဓုနာ ပညဝန္တာနံ၊ အဂ္ဂညော ဟိ ဘဝိဿတိ။

တကယ့်ယောကျ်ားကောင်းအာဇာနည်ပြီသသည့် ပညာရှိသာမဏေပါတည်း၊ သန္ဓေခတ်ခံမှ ပညာဉာဏ်ပါရမီရင့်ကျက်သည့် ထက်မြက်သော ပညာရှင်ပါပေတည်း၊ သားတို့သနင်း ခြင်္သေ့မင်း ပမာ ပိဋ္ဌကတ်ကျမ်းစာ၌ လွန်စွာ ရဲရင့်သူပါတည်း၊ စာဆိုသူ ရှင်ပညာသည် ယခုခေတ်အခါတွင်

ပေါ်ထွန်းသည့် ပညာရှင်များအနက် ပညာရှင်ထိပ်သီး ဖြစ်လိမ့်မည်တကားဟု ပြောဆိုကြကာ များစွာပင် ရင်သတ်ရှုမော အံ့သြကြလေသည်။

နိကာယ် ၅-ရပ်ကို သာမဏေဘဝဖြင့် ကျန်စစ် သင်ယူခြင်း

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယာဓိပတိ လောင်းလျာ ရှင်ပညာသည် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးထံ၌ အဘိဓမ္မတ္ထဝိဘာဝိနီအမည်ရှိသော ဋီကာကျော်မှစ၍ နိကာယ် ၅-ရပ်ပါဠိကို အဋ္ဌကထာ, ဋီကာတဲ့ဖက်ကာ ကြီးစွာသော လုံ့လဥဿာဟဖြင့် ဆိုဝါဖြင့် သင်ယူခဲ့သည့်အတွက် သာမဏေဘဝဖြင့်ပင် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး နတ်ရဲတောင် သာသနာပိုင်ထံမှ ရခဲ့သော နည်းနာနယ အဝဝတို့သည် ရှင်ပညာ၏ နှလုံးအိမ်၌ အားလုံးလိုလို ရောက်ရှိခဲ့လေရကား ကိုရင်ဘဝနှင့် ပန်းစွာတိုက်၌ စာစု၍ ချပို့တော်မူခဲ့လေသည်။

ရဟန်းအဖြစ်သို့ ရောက်ခြင်း

၁၂၅၉-ခုနှစ်တပေါင်းလဆုတ် ၅-ရက်နေ့တွင် နဂါးရစ်ဆရာတော် အရှင် ဉာဏထေရ်ကို ဥပဇ္ဈာယ်ပြု၍ တောင်ဆင်းနယ် ဆင်လူးအိုင်ရွာ ဦးချုပ်, ဒေါ်လှဖူးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်း ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်လေသည်။

ဂဏဝါစက စာချဖြစ်ခြင်း

ဆရာတော်အရှင်ပညာမဟာထေရ်သည် ရဟန်းဖြစ်ပြီးနောက်၌လည်း ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီးထံ၌ပင် ဆက်လက်၍ နည်းခံသင်ယူခဲ့ရာ ဆရာတော်၏ နည်းနာဉာဏ်အလုံးစုံရရှိသဖြင့် ရဟန်း ၄-ဝါအရတွင် ဂဏဝါစက စာချအဖြစ်ဖြင့် ရေစကြိုဆရာတော်ဘုရားကြီးက ချီးမြှင့်မြောက်စားတော်မူလေသည်။

စတုဝဿော သမာနော၀၊ ဝိသိဋ္ဌော ဝါစကော ဘ၀ိ။
ဝိသိဋ္ဌံ နိဿယံ ကတ္တာ၊ ဝိသိဋ္ဌဗုဒ္ဓသာသနေ။

မန္တလေးမြို့ မင်းရွာဆရာတော်ထံသို့

ရဟန်းသိက္ခာ ၇-ဝါအရတွင် မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက် ညဝါအကျော် မင်းရွာဆရာတော် အရှင်အရိယာဝံသထံတော်၌ ယမိုက်, ပဋ္ဌာန်းစသော အဘိဓမ္မာ ညဝါများကိုလည်း အပတ်တကုတ် အားထုတ်ကြိုးပမ်း သင်ယူတော်မူကာ အဘိဓမ္မာညဝါအတွက် သရဖူဆောင်း တတ်မြောက်တော်မူခဲ့လေသည်။

အရိယဝံသထေရဿ၊ ထိရဿ တိက္ခဉာဏိနော။
အဘိဓမ္မံ ဥဂ္ဂဏှိတ္ဝာ၊ အဘိဓမ္မေ ဝိဒူ အဟု။

မန္တလေးမြို့ ရွှေရေးဆောင်ဆရာတော်
ဦးကြည်ထံသို့

ဆရာတော် အရှင်ပညာမဟာထေရ်သည် သူရိယာဝံသာဘိသိရီပဝရလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ သဲအင်းသာသနာပိုင် ဆရာတော်, ဥယျာဓမ္မာဘိမုခဝရ-

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာ မဟာထေရ်

ဉာဏကိတ္တိသိရီဓဇမမ္မသေနာပတိ • မဟာဓမ္မရာဇာဓိရာဇဂုရု—စသည့် တံဆိပ်တော် ၃-ထပ်ရ ဆရာတော်တို့၏ အနှယ်၌ မီးရှူးတိုင်အလား ထင်ရှားလှသော ရှေရေးဆောင်ဆရာတော် ဦးကြည် အမည်ရှိသော အရှင်အာဒိစ္စရံသီထံ၌လည်း ဆရာ့လက်သုံး ဖြတ်ထုံးဝိနိစ္ဆယမျှားနှင့်တကွ သိမ်မွေ့နက်နဲခက်ခဲလှသော သဒ္ဒနယ, အတ္ထနယတို့ကို လက်ဆုပ်လက်ကိုင် ပိုင်နိုင်စွာ သင်ယူတော်မူခဲ့လေသည်။

အာဒိစ္စရံသိနာမဿ၊ ထေရဿာပိ ယသဿိနော။
ဥဂ္ဂဏှိ ဂမ္ဘီရေ ဌာနေ၊ မဟုဿာဟေန ကောဝိဒေါ။
အမိပခုက္ကူသို့

ဆရာတော် အရှင်ပညာမဟာထေရ်မြတ်သည် မန္တလေးတောင်ပြင် ကြည်တလုံးဟု အလွန် ကျော်စောထင်ရှားတော်မူလှသော ဆရာတော် ဦးကြည်အမည်ရှိသော အရှင်အာဒိစ္စရံသီထံ၌ ဖြတ်ထုံးအမျိုးမျိုး စသည်တို့ကို သင်ယူခဲ့ပြီး ဆရာတော် အရှင်အာဒိစ္စရံသီကို ရှိခိုးဦးချ၍ ပိဋကတ် အတတ်မြို့တော် မိမိအမြဲနေရာ အမိပခုက္ကူမြို့သို့ ပြန်ကြွတော်မူခဲ့လေသည်။

သိက္ခိတပ္ပေ သုသိက္ခိတ္ဝာ၊ အာဒိစ္စရံသိ သန္တိကေ။
ဝန္ဒိတ္ဝာပိ သကာစေရံ၊ ပစ္စာဂမိ သကံ ပုရံ။
အရှင်ပညာနှင့်တိုက်တာအလှဲခံ ၄-ပါး

ရေစကြို ဆရာတော်ဘုရားကြီးသည် မဟာဝိသုတာရာမတိုက်ကြီး တည်တော်မူ၍ မကြာမီပင် သီဟိုဠ်ကျွန်း၌ ရှေးက မဟာဝိဟာရကျောင်းတိုက်ကြီးအလား ခမ်းနားလှသော မဟာဝိသုတာ-ရာမ တိပိဋကတက္ကသိုလ်ကြီးကို လှဲအပ်ရာ ရှင်ကျော် ၄-ပါးတွင် အရှင်ပညာလည်း တပါး ပါဝင် တော်မူခဲ့သည်၊ ၎င်း ၄-ပါးတို့ကား—

၁။ အရှင်ပညာ (အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ)
၂။ အရှင်နန္ဒိယမဟာထေရ် (ဆရာတော်ကြီး ရှိစဉ်က ပျံလွန်)
၃။ အရှင်နန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်)
၄။ အရှင်အဂ္ဂဓမ္မ (အဂ္ဂမဟာပဏ္ဍိတ ရှေကျင်နိကာယ ဓမ္မသေနာပတိ အဘယဂိရိမ ဆရာတော်)

တို့ ဖြစ်ကြသည်၊ ထိုသို့ ဖြစ်ကြောင်းကို—

ပညာယ ပညပညာတော၊ နန္ဒိယော နန္ဒဗုဒ္ဓိကော။
ဝံသေ ဓဇော နန္ဒဝံသော၊ အဂ္ဂဓမ္မော ဓုရဂ္ဂဟော။

ဟူသောဂါထာဖြင့် မဟာဝိသုတာရာမထေရုပဒါန်၌ လာရှိသည်သာမက အဘယဂိရိမ ထေရုပ္ပတ္တိ၌လည်း—

ပညာ စဂ္ဂမမ္မော စေဝ၊ တတိယော နန္ဒိယော ·တထာ။
နန္ဒဝံသော စ တေ အာသုံ၊ ဝါစကာ စူပနာယကာ။
ထေရော ဟိ ပိဋ္ဌကေ ဆေကော၊ စတ္တာရော သကသိဿကေ။
ဥစ္စိနိယာ'နုဂ္ဂဟေသိ၊ သကာရာမဿ ဝုဒ္ဓိယာ။
ဟူ၍ ဖော်ပြခဲ့သည်။

မဟာဝိသုတာရာမတိုက်ကြီး၏ အဓိပတိဖြစ်ပြီ

ဆရာတော် အရှင်ပညာမဟာထေရ်သည် ပခုက္ကူမြို့၌ ဂန္ဆဲရတာဝန်, ဝိပဿနာဓုရတာဝန်တို့ကို ဆောင်ရွက်လျက်ရှိစဉ် ၁၂၇၆-ခုနှစ် သီတင်းကျွတ်လဆုတ် ၂-ရက်နေ့တွင် ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး ဘဝနတ်ထံ စံလွန်တော်မူသဖြင့် ဘုရားရှင်လက်ထက် ကောဿလတိုင်း သာဝတ္ထိမြို့တော်၌ ဇေတဝန်ကျောင်းတိုက်ကြီးအလား ခမ်းနားတင့်တယ် ကြီးကျယ်လှသော မကွေးတိုင်း၏မြို့တော် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏ အဓိပတိမဟာနာယက ဖြစ်လာလေသည်။

ပညော ဟိ နာယကော အာသိ၊ ဂန္ဆသာရေ ဒိဝင်္ဂတေ။
ဝိသုတာရာမနာမဿ၊ ဝိဿဝိဇ္ဇာလယဿ စ။

ပဌမပြန် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်ဖြစ်ခြင်း

၁၂၉၉-ခုနှစ် ပဌမပြန် စုံစမ်းစစ်ဆေးရေး ကော်မီတီ၌ ပါဝင်တော်မူခဲ့သည်။ ဆရာတော် ပါဝင်ခဲ့သဖြင့် သာသနာ လွန်စွာ ကျေးဇူးများလေသည်။ ကော်မီတီအဖွဲ့ဝင် ဆရာတော် ခပ်များများက ဓမ္မာစရိယစာချတန်း စာမေးပွဲ၌ ပါရာဇိကကဏ္ဍအဋ္ဌကထာ, သီလက္ခန္ဓဝဂ္ဂ-အဋ္ဌကထာ, အဋ္ဌသာလိနီအဋ္ဌကထာ ဟူသော ကျမ်းကြီး ၃-ကျမ်းကိုသာ ပြဋ္ဌာန်းလိုကြရာ ဆရာတော်သည် မိမိကျက်စားနေကျဖြစ်သည့် နိကာယ ၅-ရပ် ပါဠိတော်, အဋ္ဌကထာတို့ကို ဓမ္မာစရိယစာချတန်း၌ ထည့်သွင်းမေးမြန်းရန်အဆိုကို တင်ပြဆွေးနွေးခဲ့၍ ဆရာတော် အလို အတိုင်း ထမြောက်အောင်မြင်ခဲ့သဖြင့် သာသနာ၌ ယခုအခြေထိ နိကာယ ၅-ရပ် နိုင်နင်းသူ အများအပြား ပေါ်ပေါက်လာနိုင်ခြင်း ဖြစ်လေသည်။

နိယောဂိ မဏ္ဍလေ စေဝ၊ ပရိက္ခက သဘာယ စ။
ကိစ္စံ သော'ကာသိ မုနိန္ဒ–သာသနဿာဘိဝုဒ္ဓိယာ။

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး ပေါ်လာပြီ

သက္ကရာဇ် ၁၂၉၀-ခုနှစ် သီတင်းကျွတ်လဆုတ် ၅-ရက်နေ့တွင် မဟာဝိသုတာရာမ အနှယ် အဆက်မှ ဆရာတော် အရှင်ကောဏ္ဍည အဂ္ဂမဟာပဏ္ဍိတ, မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒ စသော ဆရာတော်တို့ တိုင်ပင်၍ ဤမည်သော မဟာဝိသုတာရာမိက ဂဏဝါစက နိကာယအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်တော်မူကြသည်။

အဋ္ဌနဝုတိကေ ဝဿေ၊ ဒ္ဝိသတေကသဟဿကေ။
ကတ္တိကေ ပဌမမာသေ၊ ကာဠပက္ခေ စ ပဉ္စမေ။
ဒိနေ ဟိ ဝိသုတာရာမ–နိကာယောယံ သမုဇ္ဇဝိ။

ရည်ရွယ်ချက် ၃-ခု စည်းကမ်းချက် ၂-ခု

ဤသည့် မဟာဝိသုတာရာမိကဂဏဝါစကနိကာယ အဖွဲ့ကြီးကို အောက်ပါရည်ရွယ်ချက် ၃-ခု ဖြင့် ဖွဲ့စည်းခဲ့သည်။

ရည်ရွယ်ချက် ၃-ခုတို့ကား—

၁။ ပရိယတ်, ပဋိပတ်နှင့် ဆိုင်သော စည်းမျဉ်းများ ပြုလုပ်ပြီးလျှင် ထိုစည်းမျဉ်းများအတိုင်း အဖွဲ့ဝင်သံဃာတို့ လိုက်နာကြသဖြင့် ဤ မဟာဝိသုတာရာမိကဂဏဝါစကနိကာယသည် သာသနာ ၅၀၀၀-ကုန်ဆုံးသည်တိုင်အောင် ပရိယတ်, ပဋိပတ်, ပဋိဝေဓ-ဟု ဆိုအပ်သော ၃-ပါးသော သဒ္ဓမ္မတို့ကို တပည့်စဉ်ဆက် စောင့်ရှောက်ရန်။

၂။ အဖွဲ့ဝင် မဟာထေရ်ကြီးများနှင့် အနုထေရ်များသည် ပခုက္ကူမြို့မှာဖြစ်စေ အခြားမြို့မှာဖြစ်စေ မကြာခဏ စည်းဝေး ပေါင်းဆုံကြသဖြင့် အဖွဲ့ဝင်ထေရ်သံဃာချင်း ရှေးကထက်တိုး၍ တပါးအပေါ် တပါး ကြည်ညိုချစ်ကျွမ်းဝင် ခင်မင်ခြင်းဖြစ်စေရန်။

၃။ အရေးကြီးသော သာသနာရေးကိစ္စပေါ် ပေါက်ခဲ့သော် အဖွဲ့ဝင်သံဃာတို့ တလုံးတစည်းတည်း အားပေးခြီးမြှောက်သင့်က ခြီးမြှောက်ရန်, နှိမ်နင်းသင့်က နှိမ်နင်းရန်တို့ ဖြစ်ကုန်သည်။

စည်းကမ်းချက် ၂-ခု

ဤ မဟာဝိသုဘာရာမိက ဂဏဝါစက နိကာယကြီး၏ စည်းကမ်းချက် ၂-ခုကား—

၁။ မဟာဝိနာယက ဆရာတော်ကြီးများ၏ အဆုံးအမ သြဝါဒကို တိတိကျကျ လိုက်နာနိုင်ခြင်း။

၂။ တိုက်သံဃာဖြစ်စေ, တကျောင်းတည်းသံဃာဖြစ်စေ အနည်းဆုံး ၂၁-ပါး အရေအတွက် ရှိသော သံဃာများကို အုပ်ချုပ်ထိန်းသိမ်းနိုင်သော ဂဏဝါစက ဖြစ်ခြင်းဟူသော အချက်အလက်တို့ ဖြစ်ကုန်သည်။ ဖော်ပြပါ စည်းကမ်းချက်တို့ဖြင့် ဖွဲ့စည်းခဲ့သော မဟာဝိသုတာရာမိက ဂဏဝါစက နိကာယအဖွဲ့ကြီး၌ ဖွဲ့ကာစတွင် ရန်ကုန်, မန္တလေး, ရွှေဘို, ကျောက်ဆည်, ဆီမီးခုံ, မြင်းခြံ, ရေနံချောင်း, မကွေး, သရက်, ပြည်, ညောင်တုန်း, သထုံ, သာယာဝတီ, တောင်တွင်းကြီး စသည့် မြန်မာနိုင်ငံ တနိုင်ငံလုံး, မြို့အသီးသီးရှိ တိုက်ကြီး ၄၆-တိုက်မှ သီလဝန္တ, သိက္ခာကာမ, ဝိနယဂရုက မဟာဝိသုတာရာမဝံသိက ဆရာတော်များ ပါဝင်တော်မူကြသည်။ အနှစ် ၂၀-မြောက် သြဝါဒခံယူပူဇော်ပွဲတွင် နိကာယအဖွဲ့ဝင် ၂၅-ခရိုင်, မြို့ပေါင်း ၆၂-မြို့မှ စာသင်တိုက်ခဲ့ပေါင်း ၁၅၂-တိုက်နှင့် ကျောင်းပေါင်း ၁၅၀၀-ကျော် ပါဝင်၍ အလွန်ကြီးကျယ်သည့် မဟာနိကာယကြီး ဖြစ်လာတော့သည်။

အရှင်ပညာမဟာထေရ် နိကာယာဓိပတိ ဖြစ်ခြင်း

၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ဂ-ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီး၌ ကျင်းပပြုလုပ်သော နိကာယ်အစည်းအဝေးကြီး၌ မဟာဝိသုတာရာမိကဂဏဝါစက အရှင်မြတ်တို့၏ ကိုယ်စား ဂဏဘာရနိတ္ထာရက ဂိုဏ်းဝန်ဆောင် မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်အရှင်နာရဒက ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော် ဘုရားကြီးအား

ပဌမ ဂဏမဟာဝိနာယက နိကာယာဓိပတိအဖြစ် လက်ခံပါမည့်အကြောင်း လျှောက်ထားချက်ကို သာသနာအတွက် နှစ်သက်ကြည်ဖြူ လက်ခံတော်မူခဲ့လေသည်၊ ထို့ကြောင့် ဆရာတော် အရှင် ပညာ မဟာထေရ်သည် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဦးစွာပဌမ ဂဏမဟာဝိနာယက ဂဏာဓိပတိလည်း ဖြစ်တော်မူပါပေသည်။

နိကာယပါရမိပ္ပတ္တော၊ ထေရော ပညာ သနာမကော။
အဟောသိ ဟိ နိကာယမ့ိ၊ အဓိပတိဓုရန္ဓရော။

ဆရာတော်အရှင်ပညာလင်္ကာ မဟာဝိသုတာရာမတိုက် သံဃာဦးရေ

ဆရာတော်သည် ကျေးဇူးရှင် ရေစက်ခံ ဆရာတော်ဘုရားကြီး အစရှိသော ဆရာမြတ်တို့ထံမှ ရခဲ့သော နည်းနာနယ အဝဝကို အခြင်းအချန်မရှိ တိတိကျကျ နည်းပေး၍ နိကာယ် ၅-ရပ်ကို ပါဠိအဋ္ဌကထာ ဋီကာ တဲ့ဖက်ကာ အလောင်းတော်ဇနကမင်းအလား ကြီးမားလှစွာသော လုံလဝီရိယဖြင့် ချပို့သင်ပြပေးရာ စာလိုက်သံဃာဦးရေမှာ နှောင်းတော် သာသနာဝင်၌ မကြားဘူးအောင် များပြားလှသည်၊ မဟာဝိသုတာရာမတိုက် အုလျား ၎၄-ခန်း အနံ ၇-ခန်းရှိ ကျောင်းတော်ကြီး မဆန့်အောင် များပြားလှသည်၊ မဟာဝိသုတာရာမတိုက်၌ သံဃာ ၉၇၃-ပါးရှိရာ ၁၃၀၀-ပြည့်နှစ်တွင် ဆရာတော်စာဝါ၌ စာလိုက်သံဃာ ၇၀၀-၈၀၀-ရှိကြောင်း အဆင့်ဆင့် သိရလေသည်။ သို့ကလောက် များမြောက်လှစွာသော သံဃာတော်အားလုံး နားလည်အောင် ကြားလောက်သော ကျယ်ဟိန်းသန့်ရှင်းသော အသံတော်ရှိတော်မူသည့် ဗြဟ္မာသရလက္ခဏာမှာ—

"ဆဲရေးဆိုမည် ရှောင်ခဲ့သည်ကြောင့် ပါးရှည်ပြန့်လျှာ သံဗြဟ္မာသို့ လက္ခဏာ ၂-ပါး ဆိုစကားကို အမျှားယူကြ"ဟူသော ဒီ၊ ခု။ ၁၄၁။ အားလျော်သော လင်္ကာအရ ဆရာတော်၏ ဘဝကြီးငယ်က ဖရှသဝါစာမှ ရှောင်ခဲ့သည်မှာ ထင်ရှားလှသည်၊ ဆရာတော်၏ ဘုန်းကံကြောင့် စာဆိုကောင်း, အသံကောင်း, ဉာဏ်ကောင်း, တပည့်တပန်း ရဟန်းသာမဏေများ ပေါ်ပေါက်ဖြစ်ထွန်းခဲ့ကုန်သည်၊ ဆရာတော် အရှင်ပညာ၏ လင်္ကာ ၁၃၀၀-ပြည့်နှစ်တွင် မဟာဝိသုတာရာမတိုက်၌ သံဃာတော် ၉၇၃-ပါးအထိ များပြားလေသည်။ ထိုအခါ ဆရာတော် အရှင်ပညာမဟာထေရ်သည် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကဲ့သို့ရင်း, မဟာဝိသုတာရာမကျောင်းတိုက်ကြီးသည် ပါဋလိပုတ်ပြည် အသောကာရုံကျောင်းတိုက်ကြီးကဲ့သို့ရင်း, တနည်းအားဖြင့် ဆရာတော် အရှင်ပညာသည် သီဟိုဠ်သာသနာဘခင် အရှင်မဟိန္ဒကဲ့သို့ရင်း, မဟာဝိသုတာရာမကျောင်းတိုက်ကြီးသည် သီဟိုဠ်ကျန်း အနုရာဓမြို့ရှိ မဟာဝိဟာရကျောင်းတိုက်ကြီးကဲ့သို့ရင်း ဘုရားရှင်သာသနာတော်တွင် လွန်စွာ တင့်တယ်လှလေသည်။

တဒါ ပညာ မဟာထေရော၊ မောဂ္ဂလိ ထေရကုဋ္ဌရော။
ယထာ အသောက အာရာမော၊ ဝိသုတော သောဘိ သာသနေ။

ဒီပပွသာဒကော ပုဗ္ဗေ၊ လံကာယံ ထေရကုဋ္ဌရော။
မဟိန္ဒော ဝိယ သော ထေရော၊ ဝိရောစိ ဗုဒ္ဓသာသနေ။

တဒါ ဝိသုတအာရာမော၊ မဟာဝိဟာရသန္နိဘော။
လောကေ ဟိ ပါကဋော အာသိ၊ ဝိရောစိ ဇိနသာသနေ။

ကျမ်းဂန်ပြုစုခြင်း

ဆရာတော်သည် ကြီးမားမြင့်မြတ်သော ပရိယတ်ဝန်ဆောင် ပညာရှိ သုခမိန်ကြီးဖြစ်သည့် အလျောက် များပြောက်စွာသော ဝိနိစ္ဆယများနှင့် ကျမ်းဂန်တို့ကိုလည်း စာဝါများအကြားတွင် ရေးသားစီရင်တော်မူခဲ့သည်။ ၎င်းကျမ်းတို့မှာ—

၁။ သီမာဝိနိစ္ဆယကျမ်း၊
၂။ မဂ်လာဒီဝိနိစ္ဆယကျမ်း၊
၃။ ဋ္ဌိကာကျော်နီသျသစ်၊
၄။ သမ္မောဟဝိနောဒနီအဋ္ဌကထာနီသျသစ်၊
၅။ ကခ်ီဋ္ဌိကာသစ် နီသျသစ်—

စသော ကျမ်းဂန်များကို ပြုစုတော်မူခဲ့သည်။

သီမာဝိနိစ္ဆယကျမ်း

၎င်းကျမ်းများအနက် သီမာဝိနိစ္ဆယကျမ်းမှာ ကျွိုက်ထိုမြို့ မယ်ဇယ်ဆရာတော်ဘုရားကြီး၏ တိုက်တွန်းတောင်းပန်ချက်အရ ၁၃၀၀-ပြည့်နှစ်က ဆုံးဖြတ်ရေးသားခဲ့သော "အညဂါမအန္တောကရဏ ဝိသုံဂါမဋ္ဌိတသမ္မတသီမာဝိနိစ္ဆယစာတမ်း" ဖြစ်လေသည်၊ ယင်းကျမ်းသည် ပါဠို, အဋ္ဌကထာ, ဋ္ဌိကာ, ယောဇနာ, ဂဏ္ဌိတို့ကို ရင်းဖျားထက်အောက် မှေနှောက်၍ ရေးသားထားသော ကျမ်းဖြစ်ရာ အဘိုးတန် ကျမ်းစာဖြစ်သည်၊ ဆရာတော်၏ သီမာဝိနိစ္ဆယကျမ်းဦး၌—

ဗု၊ ဓံ၊ သံ၊ န။ တေန၊ အံ၊ န။ ဤမျှတိုတောင်းသော စကားရပ်ဖြင့် ဘုရား, တရား, သံဃာတော်အား ရှိခိုးခဲ့၍ ရတနတ္တယပဏာမကြောင့် အန္တရာယ်ပျောက်ရန် တောင့်တကြောင်းကို သိစေလေသည်။ ဆရာတော်သည် ပဋိညာဉ်ကို—

ဗုဒ္ဓဘာသာသာသနာအယူဝါဒရှိကြကုန်သော ရဟန်း, ရှင်, လူ ဧပ်သိမ်းသူတို့မှာ မိမိတို့ ဗဟုသုတဉာဏ်, ပညာ, သဒ္ဓါ-စွမ်းရှိသလောက် သာသနာတော်၏မဆုတ်မယုတ် တိုးတက်ပြန့်ပွါးရေး လုပ်ငန်းတာဝန်ကို အသီးအသီး ကိုယ်စီကိုယ်ငှ ဆောင်ရွက်ကြရာ၌—

၁—အချက်-ပါဠိတော်ပမာဏ၊
၂—အချက်-အဋ္ဌကထာပမာဏ၊
၃—အချက်-ဋ္ဌိကာ, ယောဇနာ, ဂဏ္ဌိပမာဏ၊

များကို ထိုက်သည့်အားလျော်စွာ ယုံကြည်အားထားလိုသူတို့အကျိုးငှါ သီမာဝိနိစ္ဆယအကျဉ်းမျ ရေးသားပေဦးအုံ့ဟု ပဋိညာဉ်ခံ၍ ရေးသားတော်မူခဲ့သည်။

မဂ်လာဒီဝိနိစ္ဆယကျမ်း

ဆရာတော်သည် မဂ်လသုတ် သုတေသနလုပ်လိုသူများနှင့် မဂ်လာဆိုင်ရာ အဆုံးအဖြတ်တို့ကို လိုလားသူတို့အတွက် မဂ်လာဒီဝိနိစ္ဆယကျမ်းကိုလည်း အဆုံးအဖြတ်များစွာတို့ဖြင့် တန်ဆာဆင်၍ ရေးသားစီရင်တော်မူခဲ့ရာ ရေးရန် တောင်းပန်သူမှာ ပခုက္ကူ လယ်ပြင်တိုက် ကျောင်းဒကာ

ဝင်းမြမွာယက်ကန်းစက်မျှားပိုင်ရှင် ဦးဝင်း တောင်းပန်သဖြင့် ရေးသားခဲ့ကြောင်း ဂန္ထာရမ္ဘဖြင့် သိသာသည်။

ပဏာမနှင့် အဘိယာစက, ပဋိညာဉ်တို့ကို—

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ နတ္ဝာ အာစေရမာဒရံ။
သုမင်္ဂလဝိဘာဂဉ္စ၊ မင်္ဂလသုတ္တနိဿယံ။

ယာစတောဟံ ကရဿာမိ၊ ပဒုက္ကုတ ပုရတ္ထိမေ။
ဝင်းမြမွာတျာဘိဓာနေန၊ ဥပါသကေန အာဒရံ။

ဝိနိစ္ဆယံ ဝိဘာဝေန္တော၊ သာဓိပ္ပါယမဟာပယံ။
ပုဗ္ဗာစရိယသီဟာနံ၊ နယံ နိဿာယ သာဓုကံ။
သဗ္ဗမင်္ဂလမိစ္ဆန္တာ၊ တံ မေ သုဏာထ သာဓဝေါ။

ဟူသော ဂါထာတို့ဖြင့် ရေးသား ဖော်ပြတော်မူခဲ့သည်၊ ဆရာတော်သည် မင်္ဂလာဒိဝိနိစ္ဆယ ကျမ်းကို သာသနာသက္ကရာဇ် ၂၄၈၉-ခုနှစ် ကဆုန်လဆုတ် ၁၄-ရက်နေ့တွင် ပြီးဆုံးကြောင်း—

ဇိနစက္ကေ ဓဇာဝါရံ၊ သမွတ္တော သာခသမ္မယော။
စုဒ္ဒသေ ကာလပက္ခဿ၊ နိဋ္ဌံ ဂတော သနိဿယော။
သင်္ကပ္ပါနုဿရာယေန၊ နိဋ္ဌေဝံ ဇန္တု သဇ္ဇနေ။

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့သည်။ ခရစ်သက္ကရာဇ် ၁၉၅၁-ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီ တိုက်က ရိုက်နှိပ်ခဲ့ရာ ကရောင်း ၁၆-ချိုးဆိုက် စာမျက်နှာ ၂၅၂-ရှိလေသည်။

ဋီကာကျော် နိဿယသစ်

ဆရာတော်၏ ကျမ်းများအနက် ဋီကာကျော်နိဿယမှာ လွန်စွာ ကျယ်ဝန်း ကောင်းမွန်စုံလင်လှသော ဂန္ထဝင်မြောက် ကျမ်းစာတခုဖြစ်သည်၊ ဆရာတော်သည် ရေစကြိုဆရာတော် အရှင်ဂန္ဓသာရ အစရှိသော ဆရာတော်ဘုရားကြီး အသီးသီးတို့၏ အထံမှ လဒ္ဓူပဒေသ နယဂ္ဂါဟ အာစရိယမုဒ္ဒါ လက်ကိုင် ရရှိသောနည်းတို့ကို နောင်လာနောက်သား စာချစာသင် အရှင်တို့အား သိစေလို ရစေလိုသော ဇော စေတနာကောင်းဖြင့် ရေးသားတော်မူခဲ့သည်။

ပါဝင်သော အချက်အလက်များ

ဤနိဿယ၌ ပုဗ္ဗာပရာနုသန္ဓေ, ကျမ်းရိုးတက်, ထုက်နည်း, ကျမ်းရိုးငါးတန် ပြန်လှန် ထုတ်ဖော်နည်း ပုစ္ဆာဝါကျ, ဝိဿဇ္ဇနာ ဝါကျခင်းနည်း, ထုတ်နည်း, စောဒကာဘောဂ ပရိဟာရ ဘောဂထုတ်နည်း, ဥပမာဂဟ, ဥပမာပိဋ္ဌယောဇနာနည်း, ဟေတုဂဟ ဟေတုပိဋ္ဌယောဇနာနည်း, သမ္ဘာဝနာဝါကျ, ဂရဟာဝါကျခင်းနည်း, အန္ဓယသာ ရှိရာ၌ ဗျတိရေကဝါကျ လှန်နည်း, နိဂဟ, နေယျတ္ထ, ဥဇုဝုတ်, ဝင်္ကဝုတ် အငုပ်ကို ဖွင့်ဖော် ပြန်လှန်ခြင်း, စောဒက ဆရာ၏ ပြစ်တင် စောဒနာပုံ, ပရိဟာရ်ဆရာ၏ ပယ်ရှားဖြေဆိုပုံ, ဟိ, စ, ပန, စပန-နှင့် အပိစ, အထ, နနုစ, ကာမဉ္စ, ယဒိစ-နှင့် ဇဝဉ္စ, ယဒိပိ, ကိဉ္စိ, ကိဉ္စာပိ, သစေပိ-အစရှိသော နိပါတတ္ထတို့ကို ကျနစ်စာ ယောဇနာခြင်း၊ ဟောတိ စေတ္ထ, ပဒံ ပန ဝုတ္တံ, ဝုတ္တဉ္စေတံ, ဝုတ္တဉ္စ, အယံ ပနေတ္ထ သင်္ဂဟော,

တေနာဟု ပေါရာဏာ, ယောဇနာသမ္မန္ဓော, အဓိပ္ပါယော, ဧသေဝ နယော, ယထာဟ, ဧဝဥ္စသတိ, တထာဟိ ဝဒန္တိ-အစရှိသော ပုဒ်ပဒ ဝါကျတို့၌ ပါဠိသေသမျှား ထည့်သွင်း၍ ယောဇနာပုံစသည်တို့ ပါဝင်လေသည်။

ဆရာတော်သည် ဋီကာကျော် နိဿယကို အရည်ဝါသီ ဆရာတော် အရှင်အာလောကမဟာထေရ် (တကောင်းနယ် ဆရာတော် အရှင်အာလောကမဟာထေရ်) တောင်းပန်သဖြင့် ရေးသားကြောင်း—

တဿာနုဘာဝေန အသေသဘာဝါ၊
အာရညကေနေဝ ဘဒန္တအာလော-
ကတ္ထေရသီဟေန နိယောဇိတတ္တာ။
အာသီသမာနေန စိရဋ္ဌိတိ ဝါ။

ဟူသော ဂါထာဖြင့် ထင်ရှားလေသည်၊ ဖော်ပြပါ ဋီကာကျော်နိဿယမှာ ၁၃၀၅-ခုတွင်မှ ဝိထိပိုင်း ပြီးဆုံးသည်အထိ ပဌမအုပ်ရိုက်နှိပ်၍ ပြီးဆုံးခဲ့သည်၊ ကျန်အုပ်များမှာ ဆက်လက်၍ ယခုတိုင် မရိုက်ရသေးဘဲရှိရာ စာပေဘဏ်တိုက် ဟာကွက်တခုပင် ဖြစ်လေသည်။

သမ္မောဟဝိနောဒနီအဋ္ဌကထာနိဿယ

သမ္မောဟဝိနောဒနီအဋ္ဌကထာနိဿယကို ချပို့တော်မူရင်း ရေးခဲ့ရာ ပဋိစ္စသမုပ္ပါဒ် ဝိဘင်း အရောက်တွင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ထင်ရှားပြကာ ပံ့လွန်တော်မူခဲ့ရာ စာအုပ်မှာ လက်စသတ် မသွားခဲ့ပါတော့ချေ။ ကခ်ါဋီကာသစ်နိဿယသစ်မှာ ပြီးဆုံးခဲ့သော်လည်း ပုံနှိပ်မူ စာအုပ်အဖြစ် မရောက်သေးဘဲ လက်ရေးမူဖြင့်သာ တိုက်တွင်း၌ တည်ရှိလေသည်။

ဤသို့ဖြင့် ဆရာတော်သည် ကျမ်းဂန် ရေးသား၍ သာသနာပြုခဲ့သော ဂန္ထကာရကပုဂ္ဂိုလ် တဆူအဖြစ်ဖြင့်လည်း သာသနာတွင် လွန်စွာထင်ရှား ကျော်ကြားလှပါပေသည်။

ဧဝံ အနေကဂန္ထေပိ၊ သာသနဿာဘိဝုဒ္ဓိယာ။
အကရီ သော မဟာထေရော၊ ပါကဋော သာသနမ္ဟရေ။

အိန္ဒိယနိုင်ငံသို့ ကြွတော်မူခြင်း

ဆရာတော်သည် ၁၂၉၁-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်နှင့်အတူ ဘာရတနိုင်ငံခေါ်သော အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူ၍ ဘုရားရှင် သစ္စာ၄-ပါးတရား ထိုးထွင်း၍ သိမြင်တော်မူရာ ဗောဓိပင်နှင့် ရွှေပလွင်, အနိမိသကုန်းတော်, စင်္ကမနကုန်းတော်, ရတနာ-ဃရအိမ်, ဆိတ်ကျောင်းညောင်ပင်, မုစလိန္ဒာအိုင်, လင်းလွန်းပင်နေရာ, ဗာရာဏသီမိဂဒါဝုန်, ရာဇဂြိုဟ်, သာဝတ္ထိ, သင်္ကဿ, ကုသိနာရုံ, လုမ္ဗိနီဥယျာဉ်တော် စသည်တို့သို့ ကြွရောက်၍ ဖူးမြော်ဦးချ သံဝေဂ ယူတော်မူခဲ့သည်။

ဂန္ဓာ ဘာရတရဋ္ဌံ စ၊ ပုညတိတ္ထံ အနပ္ပကံ။
ဝန္ဒိတ္ဝာ ပူဇယိတ္ဝာန၊ ပုညံ အနပ္ပကံ အကာ။

သီဟိုဠ်သို့ ကြွတော်မူခြင်း

အိန္ဒိယနိုင်ငံမှာဆင့် သီဟိုဠ်နိုင်ငံသို့လည်း ဆက်လက်ကြွတော်မူပြီး သီဟိုဠ်နိုင်ငံအတွင်း ထင်ရှားသော ပုညတိတ္ထ ပုညဘူမိများ ဖြစ်ကြသည့် ကိုလံဘိုအနီး ကလျာဏီစေတီတော်, အနုရာဓမြို့မှ မဟာဝိဟာရကျောင်းတိုက်ကြီးအတွင်းရှိ မဟာစေတီတော်, လောဟမဟာပါသာဒ ပြာသာဒ်, ဒက္ခိဏသာခါမဟာဗောဓိပင်, ထူပါရာမစေတီတော်, အဘယဂိရိကျောင်းတိုက်ကြီး အတွင်းမှ အဘယဂိရိစေတီတော်, ဇေတဝနကျောင်းတိုက်ကြီးအတွင်းမှ ဇေတဝနစေတီတော်, မရိစဝဋ္ဋိကျောင်းဝန်းတွင်းမှ မရိစဝဋ္ဋိစေတီတော်, စေတီယတောင်မှ စေတီပုထိုးများနှင့်တကွ ကန္ဒီမြို့မှ ဘုရားရှင်၏ စွယ်တော်တိုက်အစရှိသော ပူဇနီယ, ပုညပတြဌာနများသို့လည်း ကြွရောက်၍ ဖူးမြော်ကန်တော့ပူဇော်ကာ ဘုရားရှင်၏ အနန္တကျေးဇူးတို့ကို ပေးဆပ်တော်မူခဲ့လေသည်။

လံကာဒီပံပိ ဂန္ဓာန၊ မဟာထေရော ဘိပူဇယိ။
ပူဇနေယ္ယေ ဝိသိဋ္ဌေ စ၊ ပူဇာဘာဇနမုတ္တမေ။

ဆရာတော်၏ တောင်တန်းသာသနာပြုအဆို

ဆရာတော်သည် ၁၃၀၈-ခုနှစ်တွင် ရန်ကုန်မြို့သို့ နောက်ဆုံး ကြွတော်မူသည်၊ ၁၃၀၈-ခုနယုန်လဆန်း ၂-ရက်နေ့ (ဒုတိယနေ့) ဂိုဏ်းပေါင်းစုံ မဟာသံဃအစည်းအဝေးကြီးတွင် ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီး၏ နိုင်ငံတော် မဟာနာယကအဖြစ်ဖြင့် ကိုယ်တိုင် ဂိုဏ်းပေါင်းစုံ မဟာသံဃအစည်းအဝေးကြီး၌ တောင်တန်းသာသနာပြုအဖွဲ့ တဖွဲ့ ဖွဲ့စည်း၍ တောင်တန်းနယ်ဒေသ သာသနာပြုရန် အဆိုတရပ်တင်သွင်းရာ ဆရာတော်များအားလုံး အတည်ပြုကြကာ တောင်တန်းသာသနာပြုအဖွဲကြီး ဖွဲ့စည်းပြီး သာသနာပြုခဲ့ရာ များစွာ ကျေးဇူးများလှပေသည်၊ သို့ဖြစ်၍ ဆရာတော်အရှင်ပညာ မဟာထေရ်မြတ်ကြီးကို တောင်တန်းသာသနာပြု လုပ်ငန်းကို စတင်သူ အာဒိကမ္မိကပုဂ္ဂိုလ်အဖြစ် သာသနာတော်၌ မှတ်တမ်းတင်သင့်လှပေသည်။

ပစ္စန္တေ ဂိရိဒုဂ္ဂေပိ၊ သာသနောဘာသကာရကော။
သာသနဝုဒ္ဓိကာမော သော၊ လက္ခိတဗ္ဗော ဟိ သာသနေ။

နွားသားရှောင်ကြဉ်ရေးတရား

၁၃၀၇၊ ၁၃၀၈-ခုတွင် တိုင်းသူပြည်သားတို့ နွားသတ္တဝါများကို သတ်ဖြတ်ကာ နွားသားများစားသုံးကြသည်ကို သိတော်မူရ၍ စိတ်တော်တုန်လှုပ်ကာ ကြီးစွာသော ကရုဏာတရားဖြင့် လယ်တီဆရာတော်ဘုရား၏ထုံး နှလုံးမူလျက် တိုင်းသူပြည်သားများ နွားသားရှောင်ကြဉ်ကြရန် ရောက်ရာမြို့ရွာတို့၌ ဟောတော်မူ၍ နွားသားကို အလှူခံတော်မူ၏၊ နွားသားစားခြင်းမှ ရှောင်ကြဉ်ကြရန် မေတ္တာရပ်ခံစာများ ရိုက်နှိပ်ပြီး အမြို့မြို့အရွာရွာတို့သို့ ပေးပို့ဖြန့်ချိတော်မူသည်။

ဤသို့ဖြင့် ဆရာတော်သည် နွားသတ္တဝါများအပေါ်၌ပင် လွန်စွာကရုဏာကြီးမားတော်မူသည်ဖြစ်ရကား သဗ္ဗညုဘုရားအလောင်းတော် ဖြစ်လေမလားဟု တွေးတောစရာ ဖြစ်လေတော့သည်။

ဧဝံ ဟိ သော မဟာထေရော၊ ပညာဝုယော သပညကော။
ဂေါဏေသု ကရုဏာယုတ္တော၊ ဗောဓိသတ္တော နု ဗောဓိကော။

ဆရာတော်၏ ဝိနယဂရုကဂုဏ်

ဆရာတော်သည် ဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ် ဥပဒေတော်၌လည်း လွန်စွာအလေးဂရု ပြုတော်မူသည်၊ သာသနာတော်အတွက် ထိုထိုမြို့ရွာ နိဂုံးတို့သို့ သိမ်သမုတ်,ရဟန်းခံအတွက် ခရီးထွက်ရသော်လည်း သဟသေယျသိက္ခာပုဒ်မှ လွတ်အောင် သဘော်,မီးရထားစသည်တို့၌ ကျိန်းစက်တော်မမူပဲ ထိုင်မှီသော ဣရိယာပုထ်ဖြင့်သာ စီးနင်းလိုက်ပါတော်မူသည်။

ဆရာတော်သည်—

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ နာဘိန္ဒေ သီလသံဝရံ။

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ပဌမ၊ သီလနိဒ္ဒေသ၊ ၃၅-လာ ဂါထာအား လျော်စွာ အသက်ဇီဝိန်ကို စွန့်ရစေကာမူ ပါတိမောက္ခသံဝရသီလတည်းဟူသော အဝတ်တန်ဆာ ဒွါရယာကို ကောင်းစွာ သုတ်သင် ပွတ်တိုက်တော်မူပြီး လောကဥက္ကဋ္ဌ ပညတ်တော်မူသည့် ဥပဒေတော် နီတိစည်းမျဉ်း သီလသံဝရကို ဖောက်ဖျက်တော်မူရှိး ရှိတော်မမူပါပေ။

ဆရာတော်၏ ချီးကျူးဘွယ်ရာဝိရိယ

ဆရာတော်သည် အလွန်ကြီးမားသော ဝိရိယပိုင်ရှင် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေသည်။အချိန်တိုင်း ပရိယတ္တိဓမ္မကွန်ကို ချပို့တော်မူခြင်းဖြင့် ဘုရားရှင်၏ပရိယတ္တိသာသနာတော်ကံပေါင် ကံသင်းကို ဆည်ဖို့တော်မူခဲ့သည်၊ ပြုလုပ်စရာ ပေါ်လာလျှင်လည်း ငါဟာ သံဃဉီးစီးမထေရ်ကြီးပဲ-ဟု လျစ်လျူ ရှုတော်မူရှိး မရှိပါချေ၊ သက္ကရာဇ် ၁၃၀၀-ပြည့်နှစ်တွင် ပခုက္ကူ၌ ရေလွှမ်းရာ မဟာဝိသုတာရာမတိုက်ကြီးပါ မဟာရာမ် တံတိုင်းကြီးကျိုးပြီး ရေလွှမ်းမှုခံရလေသည်၊ ရေကျသွားသောအခါ ရွံ့ဗွက်အတိ ပြီးနေသော မဟာဝိသုတာရာမ မြေအပြင်ကို တပည့်သံဃာတော်များနှင့် အတူတကွ သဲခြောက်များ ကိုယ်တိုင်ထမ်း၍ လောင်းဖို့တော်မူလေသည်။ထို့ကြောင့် ဆရာတော်သည် အလောင်းတော်သုမေဓာတူစွာ ဝိရိယအရာ ပမာပြုသင့်သောပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူပါပေသည်။

ဆရာတော်၏သည်းခံမှုခန္တီဂုဏ်

ဆရာတော်၏ သည်းခံမှုခန္တီဂုဏ်မှာလည်း မျှားစွာ အတုယူစရာ ကောင်းလှတော့သည်၊ အစားအစာ အာဟာရတို့၌လည်း မျှားစွာသည်းခံနိုင်သည်သာမက တဖက်သားက အန်တု ရန်မူသည်ကိုလည်း လွန်စွာ သည်းခံနိုင်သည်။ တညတွင် ကျောင်းတိုက်ကြီး၌ ဦးသုန္ဒရမည်သော ကိုယ်တော်တပါး ညပဲ့ သွားကြည့်ရာ ည ၁-နာရီလောက် ကျောင်းတိုက်တွင်း မိမိနေရာကျောင်းရောက်ရာတံခါးပေါက် ခေါက်သော်လည်း လှုပ်မည့်သူမရှိသဖြင့် မီးတင်းကုပ်အတွင်းမှ ပေါက်ဆိန်ကိုယူပြီး ကျောင်းတံခါးကို ပေါက်ခဲ့ပြီး ကျောင်းတွင်း ဝင်လေသည်။ ၎င်းအကြောင်းသည် တိုက်အတွင်းတမုဟုတ်ချင်း ပြန့်နှံ့လေသည်။ ဆရာတော်လည်း သိသဖြင့် ထိုကျောင်းဥပစာသို့ ကြွတော်မူပြီး ကျောင်းတံခါး ပုဆိန်နှင့် ခွဲတဲ့ ဦးပဉ္စင်း လာခဲ့ရမည်-ဟု အမိန့်ရှိတော်မူသည်။ ပုဆိန်နှင့်ခွဲသော ဦးပဉ္စင်းသည် ဓားမြောင်ယူခဲ့ကာ ဆရာတော်အား ရန်ပြုအံ့သော အမူအရာကို ပြလေ၏။ ဆရာတော်သည် သည်းခံတော်မူကာ—

မင့်မှာ ပဲ့ကြည့်ပြစ် ဖြင့်ပင် နှင်ပစ်ထိုက်နေပြီ၊ သံဃိကကျောင်းကို ဤကဲ့သို့ ဖျက်ဆီးခြင်းသည် လွန်စွာ အပြစ်ကြီးလေးသည်၊ တိုက်တွင်းမှ ယခု ထွက်သွားရမည်-ဟု အမိန့်ပေးလေ၏။ ပြစ်မှု ကျူးလွန်သူ ဦးပဉ္စင်းသည် ဓားမြောင်ကိုစွန့်ပစ်ကာ ထွက်သွားလေ၏။ ၎င်းဦးပဉ္စင်းသည် ကိုယ့် အရပ် ပြန်ရောက်သောအခါ သူတပါး၏ ဥပစ္ဆေဒက ဒဏ်ချက်ကြောင့် ကွယ်လွန်လေသည်။ ဤသို့ဖြင့် ဆရာတော်သည် မိမိအပေါ် ရန်ပြုသူကိုပင် သည်းခံတော်မူပြီး မေတ္တာကရုဏာ ရေစင်ဖြင့်ပင် တရားအလျောက် ဆုံးမတော်မူသည်။

ဝေ ပစ္စတ္ထကေ ထေရော၊ မေတ္တာယ စ ဒယာယ စ။
သြဝါဒအနုသိဋ္ဌိမို့၊ အဒါသိ ထိရသဏ္ဌိတော။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော် အလှူခံရရှိခြင်း

ဆရာတော်သည် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ် စသည်တို့ဖြင့် လှမ်းခြုံ ကျော်ကြား လွန်စွာ ထင်ရှားတော်မူရကား ၁၂၉၇-ခုနှစ်တွင် အင်္ဂလိပ်အစိုးရ လှူဒါန်း ဆက်ကပ်အပ်သော မြင့်မြတ် အထက်တန်းကျသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူလေသည်။

တဒါ အင်္ဂလိရာဇာပိ၊ မဟာထေရံ သုပူဇယိ။
အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေနပိ။

နတ်ပဲ့သဘင် ဝင်စံပြီ

သက္ကရာဇ် ၁၃၀၈-ခုနှစ် ဝါတွင်းတွင် ဆရာတော်သည် ပါရာဇိကဏ် ပါဠိတော်ကို အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ တဲ့ဖက်၍ချတော်မူသည်သာမက ညနေတွင် အာဘိဓမ္မပိဋကဝိဘင်းပါဠိတော်ကို အဋ္ဌကထာနှင့် မူလဋီကာ တဲ့ဖက်၍ ချပို့တော်မူခဲ့သည်။ သို့သော် ၎င်းစာဝါတို့ကား ဆရာတော် အာဘို နောက်ဆုံး စာဝါများ ဖြစ်ကုန်တော့သည်။ တော်သလင်းလဆန်းကစ၍ အူရောင် ငန်းဖျား ရောဂါ စွဲကပ်လာသဖြင့် စာဝါကို ရပ်ဆိုင်းရတော့သည်၊ စွဲကပ်လာသည့်ဝေဒနာ ပျောက်ရန် အတွက် သမားတော်အမျိုးမျိုးဖြင့် ကုသသော်လည်း နောက်ဆုံးမှာ ကုသ၍ မရတော့ပဲ ၁၃၀၈-ခု တော်သလင်းလဆုတ် ၆-ရက်နေ့ နံနက် ၂-နာရီ မိနစ် ၄၀-အချိန်တွင် နတ်ပဲ့သဘင် ဝင်စံ မြန်းကြွတော်မူလေသည်။

တိတ်နိမိတ်များ

ဆရာတော်သည် အလွန်ကြီးမားသော ဘုန်းကံ ပါရမီနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ထူး ဖြစ်သည်။ ဆရာတော် မကျန်းမာစဉ် တော်သလင်းလဆုတ် ၂-ရက်နေ့၌ တကြိမ် မဟာပထဝီ မြေကြီး ပြင်းစွာ တုန်လှုပ်သည်၊ လဆုတ် ၅-ရက်နေ့၌ ပခုက္ကူမြို့တွင် ထင်ရှားလှ၍ တန်ခိုးကြီးဘုရားကြီး ဖြစ်သည့် သီဟိုဠ်ရှင်မြတ်စွာဘုရားမှ ရောင်ခြည်တော် လွှတ်သည်-ဟု သတင်းဖြစ်ကာ သီဟိုဠ်ရှင် မြတ်စွာဘုရား ဝင်းအတွင်း လူပရိသတ်ကြီး ကျိတ်ကျိတ်တိုး စည်ကားပြီး မြို့လူထု လှုပ်လှုပ် ရှားရှားဖြစ်၍ နေတော့သည်။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူရာ ခဏ၌လည်း နှစ်သိန်းလေးသောင်း ထုပေါင်းယူဇနာ ကြီးစွာသော ဤမဟာပထဝီမြေကြီးသည် သီးသင့်ပြင်းပြစွာ မခံသာသောသဘောဖြင့် အရှေ့,

အနောက်, တောင်, မြောက် ဘာသာသည် ယိမ်းနွဲ့ကာဖြင့် လွန်စွာ တုန်လှုပ်လေသည်။ ပုံတော်မူသည်မှစ၍ စျာပနပွဲရက် ၂၁-ရက်အတွင်း မိုးကြီးသည်းထန်စွာ ရွာသွန်းလေသည်၊ ကျောင်းဆင်းသောနေ့တွင် ဆရာတော်ဘုရား၏ အလောင်းတော်ကို ဒူးဆစ်မျှရေဆင်း၍ ထီးဖြူရုံတော်သို့ ပင့်ဆောင်၍ ပူဇော်ရပြီး နောက်ဆုံး ရိုးမြေကျသောနေ့တွင် တမိုးလုံးအုံမိုင်း၍ နေလေသည်၊ ဤသို့ဖြင့် နိကာယဏ္ဏဝပါရဂူ ဆရာတော်ဘုရားကြီး အရှင်ပညာမဟာထေရ်မြတ် ဖွားတော်မူသောအခါ မကျန်းမာရာအခါ ပုံလွန်တော်မူရာအခါ စျာပနပွဲကျင်းပရာအခါတို့၌ မြေလှုပ်ခြင်း တော်လှဲခြင်း လျှပ်စစ်လက်ခြင်း မိုးရွာခြင်းစသော အံ့ဘွယ်သရဲ နိမိတ်တို့ ထင်ရှားဖြစ်ကုန်သည်။

ဝိဇာယနေ ဂိလာနေ စ၊ ထေရိန္ဒသာ ဒိဝင်္ဂတေ။
ဣတိ အနေကဝဏ္ဏာသု၊ အဘ္ဘုတာနိ ပဒိသရေ။

သံဝေဂယူဖွယ်

ဇာတသာ မရဏံ နိစ္စံ၊ ပရိတ္တံ လဟုဇီဝိတံ။
တိဏဂ္ဂေ ဥဿာဝဗိန္ဒု၊ သူရိယေ ဥဂ္ဂတေ ယထာ။

ထုလ္လမ္ဗုသိတကေ ဒေဝေ၊ ဝဿန္တေ ဒကပုဗ္ဗုဋ္ဌံ။
ခိပ္ပမေဝ ဝိဂစ္ဆတိ၊ ဧဝံ မစ္စာန ဇီဝိတံ။

လူနတ်ဗြဟ္မာ ခဲ့ရာမရှိ ပကတိဖြင့် ဇာတိဓမ္မ လက်ကိုင်ရသော် ဓနဥစ္စာ မွန်မြတ်စွာကို ပဏ္ဏာဆက်သွင်း တံစိုးနှင်း၍ ငြင်းသော်မရ ရှောင်မရတည့်၊ ဇာတဇာတာ ဖြစ်တိုင်းသာလျှင် မှန်စွာမုချသေကုန်ကြ၏၊ လူတို့အသက် ချင့်တွက်စာနာ ပမာဏိုင်းထောက် မြက်ဖျားရောက်သည့် ဆီးပေါက်ဗီဇ၌ နှင်းငွေ့လည်း မေရုခါးလည် တောင်ဥဒည်မှ ရောင်ခြည်ဖြန့်လှမ်း နေရောင်သန်းက ကုန်ခန်းပျက်စီး အချည်းနှီး ဖြစ်သကဲ့သို့ ထိုနည်းပမာ လျင်စွာပျက်စီး နည်းသောကာလ နည်းသော ပမာဏ ရှိလေစွဉ့်တကား။

ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ပညာမဟာထေရ်၏
သဒ္ဓမ္မ-အသဒ္ဓမ္မ သြဝါဒ မိန့်ခွန်း

သတ္တိမေ ဘိက္ခဝေ သဒ္ဓမ္မာ။

ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဓမ္မာ၊ သူတော်ကောင်းတို့၏ တရားတို့သည်။ ဣမေ သတ္တာ၊ ဤ ခုနစ်ပါးတို့ ပင်တည်း။ ကတမေ သတ္တာ၊ အဘယ် ခုနစ်ပါးတို့လေနည်း။

(၁) သဒ္ဓါ—ရတနာသုံးပါး ကံ, ကံ၏အကျိုး၌ ယုံကြည်ခြင်းရှိသူ။
(၂) ဟိရိမာ—ဒုစရိုက်တရားတို့ကို ပြုကျင့်ခြင်းမှ ရှက်ခြင်းရှိသူ။
(၃) ဩတ္တပ္ပီ—ဒုစရိုက်တရားတို့ကို ပြုကျင့်ခြင်းမှ လန့်ခြင်းရှိသူ။
(၄) ဗဟုဿုတော – ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ တို့၌ များစွာ အကြားအမြင် ရှိသည်ဖြစ်၍ စာတတ် စာပို့ချတတ်သူ။
(၅) အာရဒ္ဓဝီရိယော—ကောင်းသောတရားတို့၌ အားထုတ်အပ်ပြီးသော လုံ့လရှိသူ။

(၆) သတိမာ—မမေ့မလျော့သော သတိအမြဲရှိသူ။

(၇) ပညဝါ—အပြားအားဖြင့် ဟုတ်တိုင်းမှန်စွာ သိတတ်သော ပညာရှိသူ။

သတ္တိမေ ဘိက္ခဝေ အသဒ္ဓမ္မာ။

ဘိက္ခဝေ၊ ရဟန်းတို့။ အသဒ္ဓမ္မာ၊ သူတော်မဟုတ် သူယုတ်တို့၏ တရားတို့သည်။ ဣမေ သတ္တာ၊ ဤ ခုနစ်ပါးတို့ပင်တည်း။ ကတမေ သတ္တာ၊ အဘယ် ခုနစ်ပါးတို့လေနည်း။

(၁) အသဒ္ဓါ—ရတနာသုံးပါး ကံ, ကံ၏အကျိုးဌ္ဌ ယုံကြည်ခြင်း မရှိသူ။

(၂) အဟိရိကော—ဒုစရိုက်တရားတို့ကို ပြုကျင့်ခြင်းမှ ရှက်ခြင်း မရှိသူ။

(၃) အနောတ္တပ္ပီ—ဒုစရိုက်တရားတို့ကို ပြုကျင့်ခြင်းမှ လန့်ခြင်း မရှိသူ။

(၄) အပ္ပဿုတော—ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ တို့ဌ္ဌ များစွာအကြားအမြင် မရှိသည်ဖြစ်၍ စာမတတ်သူ။

(၅) ကုသီတော—အမှုကိစ္စတို့ဌ္ဌ တပိန်ပိန် တလိန်လိန် အိပ်နေ၍သာ ပျင်းရိသူ။

(၆) မုဋ္ဌဿတိ—သတိစွန့်လွှတ် လူသွပ်သူနှင့်တူသူ။

(၇) ဒုပ္ပညော—ဟုတ်မဟုတ် မှန်မမှန် နှိုင်းချိန်စဉ်းစားတတ်သောဉာဏ် မရှိသူ။

မြတ်စွာဘုရား၏သာသနာတော်၌ ထမ်းဆောင်လာကြသော ရဟန်းဟု သမုတ်ခံရသော သူတို့သည် ဘုရား တရား သံဃာ ရတနာသုံးပါး ကံ, ကံ၏အကျိုးတို့ကို ယုံကြည်လေးစားလျက် အကုသိုလ် တရားတို့ကို ပြုလုပ်ရမှာ ရှက်ကြောက်ပြီး မိမိကိုယ်တိုင် စတုပါရိသုဒ္ဒိ သီလရှိအောင် နေရမည်၊ သီလရှိအောင် နေပြီးနောက် လုံ့လကြိုးကုတ် အားထုတ်၍ ပရိယတ္တိကိုသင်ယူ ပဋိပတ္တိ ပဋိဝေဓ အသိဉာဏ်တွေ့ များလာပြီးလျှင် လောကမှာ ပညာရှင်ကြီးတဆူဖြစ်အောင် စိတ်ဓာတ် မြင့်မြင့်မြတ်မြတ်ထား၍ ပြုလုပ်ကြရမည်။

ဘုရား တရား သံဃာတော်၌ မကြည်ညို စာပေပရိယတ္တိကို မသင်ယူဘဲ လူပျက် လူသွမ်း လူရူးတို့ကဲ့သို့ အကုသိုလ် ဒုစရိုက်အမှုတို့ကို ပြုရမှာ မရှက်ကြောက်ပဲ သာသနအမှိုက် သာသနသစ်ငုတ် သာသနယောက်သွားပုပ် လုပ်မနေရာ။ ဤသို့ပြုလုပ်လျှင် သာသနာတော်ကို ဖျက်ဆီးသော ပုဂ္ဂိုလ်သည် သူတပါးမဟုတ် ဤသူပင်တည်း။ သာသနာဂုဏ်ယုတ်အောင် လုပ်သောသူသည် သူတပါးမဟုတ် ဤသူပင်တည်း။ သာသနအမှိုက်ဆိုတာ ဤသူပင်တည်း။ သာသနသစ်ငုတ်ဆိုတာ ဤသူပင်တည်း။ သာသနယောက်သွားပုပ်ဆိုတာ ဤသူပင်တည်း။ သာသနဒုဿီလဆိုတာ ဤသူပင်တည်း။ သာသနအလဇ္ဇီဆိုတာ ဤသူပင်တည်း။ ဤသို့ သူက ငါက မျက်စောင်းထိုး လက်ညှိုးလေးတထိုးထိုးနဲ့ ပစ္စက္ခဂုဏ်ယုတ် မျက်နှာပုပ်သိုးသိုးနှင့် နေရ၏။ သေလျှင်လည်း အပါယ်လေးရွာ ထိုက်ရာ လားရာ၏။

ဆရာသမား ရတနာသုံးပါးတို့ဌ္ဌ ကြည်ညိုလေးစား၍ ဆရာ့အဆုံးအမကို တသွေမလွန် နာခံယူပြီး သီလစောင့်စည်းလျက် ပရိယတ္တိ အပြီးတိုင်ရောက်အောင် လုံးပမ်းကြိုးကုတ် အားထုတ်သင်ယူသူ ပညာရှိတဆူဖြစ်လာ၍ ချပို့နေပါမူ ဤသူကား ဆရာသမား ရတနာသုံးပါးဌ္ဌ ကြည်ညိုလေးစားလေစွ့။ ဤသူကား ဆရာ့စကားကို မြေဝယ်မကျ နားထောင်လေစွ့။ ဤသူကား

သီလ ရှိပါပေစ့်။ ဤသူကား ပရိယဲတို့ ပိဋကတ် တတ်မြောက်အောင် သင်ယူ၍ ချပို့နိုင်ပါပေစ့်။ ဤသူကား ပြည်သူအများ အားထားမှီခိုရာ ပညာရှိကြီးတဆူ ဖြစ်ပါပေစ့်။ ဤသို့ ပစ္စက္ခဂုဏ် သတင်းကြ ချီးမွမ်းလာကြ၏။ ဘဝတပါး ရွှေရှားသွားရပါမူ နတ်ပြည် ဗြဟ္မာ့ပြည် နိဗ္ဗာန် ထိုက်ရာ စံမြန်းရာ၏။

ထို့ကြောင့် သင်သောတုဇနတို့သည်လည်း ဆရာ့ဆုံးမစကားကို တသွေမတိမ်း လိုက်နာလျက် အစွမ်းတတ္တ ဗဟိဒ္ဓ နှစ်ဖြာ ရောဂါကင်းကွာ၍ သာသနာတော်၏ အခြေခံ ပရိယတ္တိ ဗိမာန်ကြီး မားမားမတ်မတ် ကြီးပွါး ထွန်းကားလာအောင် အင်တိုက်အားတိုက် အားသွန်လိုက်၍ ပစ္စုပ္ပန်သံသရာ နှစ်ဖြာအကျိုး ဆထက်ထမ်းပိုး တိုးပွါးအောင် အားထုတ်နိုင်ကြပါစေကုန်သတည်း။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာမဟာထေရ်၏
(ပခုက္ကူ၊ စာသင်နည်း နိဿယည်း) ဩဝါဒမိန့်ခွန်း

အခန်း (၁)

စာပေ ပရိယတ္တိသင်ယူရာ၌ မူလအခြေခံဖြစ်သော သဒ္ဒါဘက်၌ သဒ္ဒါဗာလာဝတာရ ရူပသိဒ္ဓိ သုတ်စဉ် ပုဒ်စစ် စသည် မသင်ယူရသေးသူ ဖြစ်အံ့—

(က) ရှေးဦးစွာ နွေဘက် သဒ္ဒါ ဗာလာဝတာရ ရူပသိဒ္ဓိ တက်ဆို။

(ခ) ညဘက် သုတ်စဉ် သုတ်နက် ရုပ်တွက် သို့မဟုတ် ပုဒ်စစ် သဒ္ဒါစစ် သုတ်စစ်ဆို ရုပ်တွက် သဒ္ဒါဘက်ဆိုင်ရာ နိယံများဆို ဂိုဏ်းပြေး။

(ဂ) စာဝါကြီးဘက်က ဝိနည်းပါဠိတော်နှင့် အဋ္ဌကထာ တဲ့တက် နွေစဉ်စာစပ်ပေး စာစပ်နိယံလည်း အရက္ခက်ဆောင်ထား ဤသို့ တဲ့ဘက် ပြုလုပ် အားထုတ်ခဲ့ပါလျှင် သဒ္ဒါလည်း မြင် ပါဠိတော် အဋ္ဌကထာတို့၏ မြန်မာအနက် အဓိပ္ပါယ်လည်း လျင်လျင်မြန်မြန် ကျွမ်းကျင်လာနိုင်သည်။

အခန်း (၂)

နာမ်ရုပ်နှင့်စပ်သော အဘိဓမ္မာတို့၌ မသင်ယူ မကျွမ်းကျင်သေးသောသူဖြစ်မူ—

(က) နွေဝါ သင်္ဂြိဟ် တက် ဆို သရုပ်ခွဲ။

(ခ) ညဘက်၌လည်း သရုပ်ခွဲ မာတိကာ ဓာတုကထာ ဝိထိလက်ရိုး ပဋ္ဌာန်း သုံးချက်စုနှင့် အဘိဓမ္မာဘက်ဆိုင်ရာ အကျဉ်းမှတ်စုလက်ာများ အရက္ခက်ထား။

(ဂ) စာကြီးဘက်၌ ဒီဃနိကာယ အပါအဝင် သီလက္ခန္ဓဝဂ္ဂ မဟာဝဂ္ဂ ပါထေယျဝဂ္ဂ ပါဠိတော်နှင့် အဋ္ဌကထာကျမ်း အစဉ်လိုက် တက်ဆို။

(ဃ) သို့မဟုတ် အဘိဓမ္မာခုနစ်ကျမ်းပါဠိတော်နှင့် အဋ္ဌကထာဖြစ်ကြသော အဋ္ဌသာလိနီ, သမ္မောဟဝိနောဒနီ, ပဥ္စပကရဏတို့ကို ကျမ်းစဉ်လိုက် တက်ဆို-စာစပ် ဤသို့ တဲ့ဖက်စပ်ဆိုင်ရာ ပြုလုပ် အားတိုက်သင်ယူခဲ့ပါလျှင် အဘိဓမ္မာသုတ္တန်ဘက်ဆိုင်ရာ နာမ် ရုပ်

ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် ဗောဓိပက္ခိယတရား စသည်တို့နှင့် ပဌာန်း နှစ်ဆယ့်လေးပစ္စည်း အကျဉ်းအဝိပ္ပါယ်နှင့် ပါဠိတော်အဋ္ဌကထာပါဠိအနက်ကို လွယ်လွယ်ကူကူ ကွက်ကွက်ကင်းကင်း မြင်နိုင်သည်။

အခန်း (၃)

ပဒတ္ထ ဝစနတ္ထ ပုဒ်၏အနက် ဝိဂြိုဟ်၏အနက် အမျိုးမျိုး သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ စောဒနာ သောဓနာ သခ်ဳပ ဝိတ္ထာရ သာမည ဝိသေသ ဒဋ္ဌိယ ဒဋ္ဌိကရဏ စသော ဝါကျတို့ကို ကွင်းကွင်း ကွက်ကွက်မြင်အောင် ချပို့ပြုလုပ်နည်းမှာ—

(က) ဆရာက ပို့ချစဉ်ကပင်လျှင် အတ္ထသံဝဏ္ဏနာဆိုတဲ့ ဖွင့်ပြအပ်သော အနက်၊ သို့မဟုတ် အနက်ကို ဖွင့်ပြကြောင်းဖြစ်သော စကားရပ်သည် သံဝဏ္ဏေတဗ္ဗဖြစ်သော ပုဒ်ပါဠိ, ဝစန၏ အနက်ပင်တည်းဟု ပြောဆို၍ အဖွင့်အတိုင်း အနက်နည်း အမျိုးမျိုးသွင်း၍ ချပို့ပေးရသည်။ သဘောမကျလျှင် အနည်းငယ် ရှင်းပြရသည်၊ ဉာဏ်ထက်သူမှာ အနက်ရလျှင် အဓိပ္ပါယ်သဘောကျသွားသည်။ ရှည်ရှည်လျားလျားကြီး ရှင်းပြစရာ မလိုတော့ပေ။

(ခ) စောဒနာ သောဓနာ နည်းပြရာ၌ အဋ္ဌကထာတွင် ပါတိုင်းသော်ငင်း၊ သို့မဟုတ် လိုရာဖြည့်စွက်၍သော်ငင်း ထုတ်ဆောင်ချပို့ပေးရသည်၊ သို့မဟုတ် စောဒနာ လုံးလုံးမပါလျှင် ဌပနာ ပုစ္ဆာအာဘော်အကြောင်း စောဒနာ တိက စတုက ပဉ္စက စသည့် နည်းကို ထုတ်ဆောင်၍ ချပို့ပြီးလျှင် သောဓနာဟု ဆိုအပ်သောအဖြေ၌ အဋ္ဌကထာ ရှိတိုင်းသော်ငင်း၊ လိုရာဖြည့်စွက်၍သော်ငင်း စုံလင်စွာ ချပို့ပေးရသည်။ ဉာဏ်ထက်သူမှာ အနက်ရလျှင် ဤသည်ကား စောဒက ဆရာစကား၊ ဤသည်ကား အဖြေပရိဟာရသောဓနာဆရာစကားဟု သဘောပေါက်သွားသည်။ ဉာဏ်မလိုက်သူမှာ သာမည ၅-မိနစ် ၁၀-၂၀-၃၀-မိနစ်လောက် ရှင်းပြလိုက်လျှင် သဘောကျသွားသည်။ ၁-နာရီ ၂-နာရီ ရှည်လျားစွာ ပြောစရာမလို။

(ဂ) သခ်ဳပဝိတ္ထာရ စသည် ဝါကျနည်းပြရာတို့၌လည်း—

(ဟိ) ထိုအကျဉ်းကို အကျယ်ခဲ့၍ ဆိုလိုက်ဦးအံ့။

(ပန) သာမညမှတပါး ဝိသေသကို ဆိုဦးအံ့။

(စ သစ္စံ) ငါဆိုအပ်ခဲ့ပြီးသော ဒဋ္ဌိယစကားရပ်သည် ဆိုအပ်လတံ့သော ဤဒဋ္ဌိကရဏ စကားရပ်ဖြင့် မှန်ကန်ပေ၏။

ဤသို့ အနက်ချစဉ်ကပင်လျှင် တိတိကျကျ မိမိရရ ထည့်သွင်းချပေးလိုက်သောကြောင့် ဉာဏ်ထက်သူဖြစ်လျှင်—

(ပဌမနည်း) ရွေဝါကျစကားရပ်ကား အကျဉ်းသခ်ဳပစကား၊ နောက်ဝါကျ စကားရပ်ကား ဝိတ္ထာရစကား၊

(ဒုတိယနည်း) ရွေဝါကျစကားရပ်ကား သာမည၊ နောက်ဝါကျစကားရပ်ကား ဝိသေသ၊

(တတိယနည်း)　ရွှေဝါကျစကားရဖ်ကား ဒဋ္ဌိယ၊ နောက်ဝါကျစကားရပ်ကား ဒဋ္ဌိကရဏ၊ ဤသို့ ဝါကျစုံတဲ့ ထိထိမိမိ သိရှိလာသည်။ သဘောမပေါက်၍ မသိသေးလျှင် စဉ်းငယ် အတန် ရှင်းလင်းလိုက်က သဘောပေါက်သွားတော့သည်။ အချိန်ကုန်ခံ၍ ရှည်ရှည်လျားလျားကြီး ပြောနေစရာမလို။

(ဃ) သံဝဏ္ဏနာ နည်းဘက်ဆိုင်ရာ ကျမ်းငယ်များမှာမူ သံဝဏ္ဏနာဖွင့်စကားပြေနှင့် နည်းလေးဆယ်ကို ညဝါလုပ်ဆို၊ သို့မဟုတ် အရကျက်ထား၊ စုဒ် စောဒနာနှင့် ဝါကျဘက် ဆိုင်ရာမှာမူ ဂန္ဆဘရဏပါဠိနှင့် ဋီကာဂန္ဆဋ္ဌိတို့ကို တက်ကျက်၊ စံကျောင်းနိယံ ဘုရားကြီးနိယံ ဝါကျဆိုရိုး စသည်တို့ကို ညဝါဆို၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော သူ့အခက်းနှင့် သူ့အခက်း လျော်ညီစွာ ကိုက်ညီအောင် သင်ယူသွားခဲ့ပါမူ ပိဋကတ်ကျမ်းဂန်အရာ၌ မခက်ခဲဘဲ လွယ်ကူစွာ မုချဆတ်ဆတ် တတ်မြောက် ကျမ်းကျင်လာပါလိမ့်မည်။

အမှာစကားချပ်—

(၃) အခက်းကို (၁) အခက်းနှင့်လည်း တွဲနိုင်သည်၊ (၂) အခက်းနှင့်လည်း တွဲနိုင်သည်၊ ဥပုသ်နေ့ စာဝါပိတ်သော်လည်း သဒ္ဒါငယ်ဘက်ဆိုင်ရာ စာလေးမျှားနှင့် ဓမ္မပဒအဋ္ဌကထာ စသည်တို့ကိုတော့ တဝါစီ ချပို့ကြသေးသည်။

အခက်း (၄)

သဒ္ဒါဘက် အခြေခံ၊ အဘိဓမ္မာဘက် အခြေခံ ရှိထားသူများမှာ—

(က) ဝိနည်း,သုတ္တန်,အဘိဓမ္မာ ပိဋကတ်သုံးပုံ နိကာယ်ကြီး ငါးရပ်, ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းမြတ်များကို တနေ့သုံးဝါ စုံတွဲလျက် ဆိုနိုင်သည်။ စာအခြေခံရှိသူမှာ ၃-နှစ်လောက် ထိထိမိမိ အားထုတ်သင်ယူခြင်းနှင့်—

(ခ) အချို့လွယ်ကူသော ပါဠိတော်နှင့် အဋ္ဌကထာများ အကြားညှပ်၍ ချပို့လိုက်ပါမူ စာချတဆူဖြစ်၍ တိုက်တာတည်ထောင် အုပ်ချုပ်လျက် မြို့နယ်သာသနာပြု ထေရ်မဟန် တပါး ဖြစ်နိုင်ပေသည်။

မဟာဝိသုတာရာမိကဂဏ်ဝါစကနိကာယကြီး၏
မဟာဂဏ်ဝိနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု

ဆရာတော် အရှင်သုန္ဒရ မဟာထေရ်

ဆရာတော်ဘုရားကြီးသည် သာသနာတွင် နေ့လအသွင် ထင်ရှားကျော်စောတော်မူသည့် ဆရာတော်တပါး ဖြစ်တော်မူသည်၊ မဟာဝိသုတာရာမသာသနာဝင်တွင် ရွှေတန်းမှ မှတ်တမ်းတင်ရမည့် ဆရာတော် ဖြစ်တော်မူသည်။

မိဘ ဌာနနှင့် ကာလ

ဆရာတော်သည် မြင်းခြံခရိုင် ပုဂံနယ် ပုဂံစောင်းရွာ၌ အဘ ဦးလွန်းမောင် အမိ ဒေါ်ငွေညွှန့် တို့မှ ၁၂၄၁-ခုနှစ် သီတင်းကျွတ်လဆုတ် ၁၁-ရက် သောကြာနေ့တွင် မီးရှူးသန့်စင် ဘွားမြင်တော်မူလေသည်။

မွေးချင်း ၆-ယောက်

ဆရာတော်နှင့် တမိဝမ်းတွင်း ရွှေနောက်ဆင်းသူမျှားမှာ ယောကျ်ားကလေး ၃-ယောက်, မိန်းမလေး ၃-ယောက်အားဖြင့် ၆-ယောက် ဖြစ်သည်၊ အကြီးဆုံးမှာ ဒေါ်ရွှေသွယ် ဖြစ်သည်၊ ဒေါ်ရွှေသွယ်အောက်တွင် သံဃမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု, လောင်းလျာ ယခု အဋ္ဌပွဘိသခင် အရှင်သုန္ဒရ မဟာထေရ် ဖြစ်သည်၊ ရုပ်ရည်ရူပကာယလည်း ပြည့်တင်းချောမွေ့ အရေအဆင်းတော်လည်း ကောင်းမွန် တင့်တယ်သည်၊ မိဘတို့ နာမည်မှည့် မင်္ဂလာပွဲတွင် မောင်ရွှေပြောင်းဟု မှည့်ခေါ်ကြသည်။

မောင်ရွှေပြောင်းကွတိ ကန္တမ်ပိ၊ ကိတ္တေသုံ အဘိဓာနကံ။
ဓညလက္ခဏသမ္ပန္နံ၊ ဒါရကံ သုန္ဒရံ သုဘံ။

ကျောင်းအပ် ပညာသင်

ဆရာတော်သည် ၁၁-နှစ်သားအရွယ်တွင် မိခင်, ဘခင် ကျေးဇူးရှင်တို့က ငသယောက်မြို့နယ် ရွှေဥမင်တောကျောင်းဆရာတော် ဦးသမ္ဘဝထံတွင် အပ်နှံကြသဖြင့် ကလေးတို့ သင်အပ် သင်သင့် သင်ထိုက်သော စာပေများကို သင်ယူခဲ့ရာ သင်သမျှ မမေ့မပျောက် မှတ်မိသဖြင့် ကျောင်းသားလူရည်ချွန်ဖြစ်၍ ထင်ရှားလေသည်။

ဧကောဒသမိ သမ္ပတ္တော၊ သမ္ဘဝထေရသန္တိကေ။
သိက္ခိတဗ္ဗေ သုသိက္ခိတ္ဝာ၊ ဒက္ခော သုပါကဋ္ဌော အဟု။

ကျောင်းအပ် ပညာသင်

ဆရာတော်သည် ၁၁-နှစ်သားအရွယ်တွင် မိခင်, ဘခင် ကျေးဇူးရှင်တို့က ငသယောက်မြို့နယ် ရွှေဥမင်တောကျောင်းဆရာတော် ဦးသမ္ဘဝထံတွင် အပ်နှံကြသဖြင့် ကလေးတို့ သင်အပ် သင်သင့် သင်ထိုက်သော စာပေများကို သင်ယူခဲ့ရာ သင်သမျှ မမေ့မပျောက် မှတ်မိသဖြင့် ကျောင်းသားလူရည်ချွန်ဖြစ်၍ ထင်ရှားလေသည်။

ဧကောဒသမိ သမ္ပတ္တော၊ သမ္ဘဝထေရသန္တိကေ။
သိက္ခိတဗ္ဗေ သုသိက္ခိတ္ဝာ၊ ဒက္ခော သုပါကဋ္ဌော အဟု။



မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ မဟာဂဏဝိနာယက, အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်အရှင်သုန္ဒရ မဟာထေရ်

ပဗ္ဗဇ်မင်္ဂလာပွဲကြီးယင်

အသက် ၁၆-နှစ်သားအရွယ်တွင် မိဘတို့သည်—

ယော တု ပုတ္တံ ဓီတရံ ဝါ၊ ပဗ္ဗဇ္ဇာပေတိ သာသနေ။
သော သာသနဿ ဒါယာဒေါ၊ ပစ္စယဒါယကော အပိ။

ဟူသည်နှင့်အညီ ဒီပစက္ကဝတီ သိရီဓမ္မာသောကမင်းကြီးထုံး နှလုံးမူကာ ပဗ္ဗဇ်မင်္ဂလာသဘင် ဆင်ယင်ကျင်းပ သာသနာတွင်း သုတ်သွင်းကြသဖြင့် ရှေ့ဦမင်တောရကျောင်းဆရာတော် အရှင်ကလျာဏမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လေးကျန်းသနင်း စကြာမင်းထက်ပင် ဆထက်လွန်ကျူးထူးမြတ်လှသည့် ရှင်သာမဏေအဖြစ်ကို ကောင်းစွာရရှိလေသည်၊ ဥပဇ္ဈာယ်ဆရာတော်သည် ကိုယ်အမူရာ,နှုတ်အမူရာနှင့် ပြည့်ဝစုံလင် ကောင်းမွန်လှသော ဂုဏ်ဟိတ်ကိုစွဲ၍ ရှင်သုန္ဒရဟူသော ဘွဲ့နာမည်ကို မှည့်ခေါ်တော်မူလေသည်။

ပတ္တော သောဋ္ဌသဝဿမို့၊ ဒါရကော ဇိနသာသနေ။
စောဒိတော ပုဗ္ဗပုညေန၊ အာလတ္ထ ပဗ္ဗဇ္ဇံ ဝရံ။

သာမဏေသီလ လုံခြုံစွာ စောင့်ထိန်းခြင်း

ရှင်သုန္ဒရသည် "ဒသသီဆယ်ပါး ဘုရားမုခပါဋ္ဌ ရှင်ကျင့်ဝတ်ကို စောင့်ကြပ်မြဲထွေ ညီလှစေ" ဟူသော ဆုံးမစာအတိုင်း ရှေးရှေးဘဝက ဆည်းပူးခဲ့သော ပါရမီသမ္ဘာရကြောင့် ရရှိသော သာမဏေဘဝကို လွန်စွာ ချစ်မြတ်နိုးလျက် သိက္ခာသီလ ယင်းဆယ်ဝကို ကျနသေချာစွာ စောင့်ထိန်း၍ ပိဋ္ဌကတ်အခြေခံ ကျမ်းဂန်များကို သင်ယူလေတော့သည်။

သိက္ခာသု ပရိပူရေန္တော၊ ဥဂ္ဂဟံ နေကပေါတ္ထကံ။
သမ္မုဒ္ဓသာသနဿေဝ၊ ရက္ခဏတ္ထံ သုနိစ္ဆိတော။

ငတရော်ဆရာတော် အရှင်အာလောကထံ

အဘိဓဇမဟာရဋ္ဌဂုရု, နိကာယာဓိပတိ, လောင်းလျာ သာမဏေ ရှင်သုန္ဒရသည် ထိုခေတ်က စာပေကျမ်းဂန်၌ ကျော်ကြားလှသော ပခန်းအရှေ့ ငတရော်ရွာ၌ သီတင်းသုံးလျက် ပရိယတ္တိစာပွဲသဘင်ယင် ကျင်းပတော်မူလျက်ရှိသော မင်းတုန်းမင်းလက်ထက် ပဌမစာချဆရာတော် အရှင်အာလောကထံ ကြွရောက်၍ ၂-ဝါတိုင် ပညာသင်ခဲ့သည်၊ ငတရော်ဆရာတော် အရှင်အာလောကသည် သဲအင်းသာသနာပိုင်ဆရာတော်သည် ဗားကရာသာသနာပိုင် ဆရာတော် လောင်းလျာအား ကျနစွာ ပညာသင်ပေးတော်မူသကဲ့သို့ အဘိဓဇမဟာရဋ္ဌဂုရု ဓမ္မသေနာပတိလောင်းလျာ ရှင်သုန္ဒရသာမဏေအား ကျနစွာ ပညာသင်ပေးတော်မူလေသည်။

သုန္ဒရော တီဝ သုန္ဒရော၊ သမ္ဘဝဿ ယသဿိနော။
သုန္ဒရတိက္ခဉာဏဿ၊ ဒုဝဿံ တာဝ သိက္ခိ သော။

ရေစကြို ဆရာတော်ဘုရားကြီးထံ

ဆရာတော်လောင်းလျာသည် ငတရော်ဆရာတော်ထံ၌ ၂-နှစ်တိုင် ပညာဆည်းပူးခဲ့ပြီး နိကာယဃ္ဏဝပါရဂူဟု လွန်စွာကျော်ကြားလှသည့် အရှင်ဂန္ဆသာရထံ ပညာဆည်းပူးလိုပြန်သဖြင့်

ကြီးမားလှသည့် ဝိရိယ, ထန်ပြင်းသော သဒ္ဓါဗလဝဖြင့် ရေစက်ကြိုဆရာတော် အရှင်ဂန္ဓသာရစံရာပခုက္ကူပန်းစွာကျောင်းတိုက်သို့ ရောက်ရှိကာ ၁-နှစ် ပညာသင်ကြားသည်။

ဥပသမ္ပဒဘုံ ခိုလှုံခြင်း

၁၂၆၀-ပြည့်နှစ် တပေါင်းလဆန်း ၁၀-ရက် သက်တော် ၁၉-နှစ် ၅-လ အရောက်တွင် တောင်သာမြို့နယ် ဇောင်ချမ်းရွာ သူကြီးမင်း ဘကြီးတော် ဦးဆောက်, မိကြီးတော် ဒေါ်လှထွန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တောင်သာမြို့နယ် ကန်မြဲရွာ ခဏ္ဍသိမ်တော်၌ ရှေဥမင်တောရဆရာတော် အရှင်ဝိမလမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာစုံညီစွာဖြင့် ၂၂၇-သွယ် ကိုယ်ဝယ်ဆင်မြန်းသည့် ရဟန်းဘဝ ဒုလ္လဘကို ကောင်းစွာရရှိခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတ္ဝာန၊ ဝိမလံ ထေရပုင်္ဂံ။
ဒုလ္လဘံ အလဘိ မိရော၊ သုဒ္ဓရော သုဒ္ဓရေ ဌိတော။

မင်္ဂလေးမြို့တော်သို့

"ဝိဒျာရထိတျဇေ သုခံ"ဟူသော သက္ကတနိတိဆရာတို့၏ ဥပဒေအတိုင်း အရှင်သုဒ္ဓရသည် ရဟန်းဒကာ ရဟန်းအမတို့နှင့် မိဘတို့ပျော်ကြရာ ရပ်ရွာ၌ ချမ်းသာစွာမနေပဲ ဆင်းရဲမည်ကို ပမာဏမပြုမူ၍ မင်္ဂလေးအခနောက်ပြင် ခင်မကန်ကျောင်းတိုက်သို့ ကြွ၍ ၁-ဝါဆိုကာ ပညာသင်ကြားတော်မူခဲ့သည်။

မင်္ဂလေးနဂရံ ဂန္ဓွာ၊ သုဒ္ဓရော သုဒ္ဓရာသယော။
အသိက္ခီ သော ခင်မကန်တိ-ပရိဝေဏေ သုဝိဿုတော။

ဂန္ဓသာရမဟာထေရ်ထံ နောက်တခေါက်

ဆရာတော်လောင်းလျာ အရှင်သုဒ္ဓရသည် မင်္ဂလေးမှ ပခုက္ကူပန်းစွာတိုက်သို့ တဖန်ပြောင်းကြွလာခဲ့ပြီး ရောက်မဆိုက် ဆရာတော်အရှင်ဂန္ဓသာရ ဆရာတော်ဘုရားကြီးထံဝိနည်းမဟာဝဂါကို စ၍ ဆိုဝါဖြင့် သင်ယူခဲ့သည်၊ စာလိုက်သံဃာတော်များကလည်း သန့်ရှင်းကြည်လင် ပြီပြင်လှစွာသော အသံ, ထက်မြက်လျင်မြန်သော ဉာဏ်ပညာဖြင့် ဆိုစွမ်းနိုင်ရကား များစွာသဘောကျ ကျေနပ်ကြလေသည်၊ ဆရာတော်ဘုရားကြီးကလည်း စာဆို၍ မကြာမီ သက်နှံးကြီးတထည် ပေးစွန့်ချီးမြှောက်၍ "ငါ့ရှင် သာသနာကို နတ်ရဲတောင်သာသနာပိုင်နှင့် တို့များမခြားအလားတူ စောင့်ရှောက်ရမည်၊ ပိဋကတ်ကို ကြိုးစားသင်ယူရမည်"ဟု အမိန့်ရှိကာ ချီးမြှောက်တော်မူလေသည်။

ဂန္ဓသာရော နန္ဒဉ္စဏော- အနန္တဂန္ထဝါစကော။
ထောမေတ္ဝာ သုဒ္ဓရံ ဗျတ္တံ၊ သံဃာဋိမဒဒိ တဒါ။

ဆရာတော် ဦးဒီပထံ

ဆရာတော်သည် ရေစကြို ဆရာတော်ကြီးထံ စာဆိုရင်း ချောင်းဦး အရှင်ဒီပထံ (ပရမတ္ထဝိသော-ဓနီဋီကာကျမ်းပြု) ၌လည်း ကစ္စည်းသဒ္ဒါကြီးနျာသကျမ်းတို့ကိုလည်း ဆိုဝါဖြင့် သင်ယူခဲ့သေးသည်။

ဘဒန္တဒီပထေရဿ၊ ဒီပဿ ဝီရညာဏိနော။
ပညာဒီပံ သုဇောတေတုံ၊ ဗျာကရဏမသိက္ခိ သော။

မိုးနံကုန်း ဆရာတော်ထံ

ပျော်ဘွယ်မြို့ မိုးနံကုန်းဆရာတော် အရှင်ဇယန္တထံ၌လည်း အရှင်ဒီပနှင့်အတူ ကြွရောက်၍ ၆-လကြာမျှ နည်းခံတော်မူခဲ့သေးသည်။

ဆရာများထံ နည်းနာခံ

ကန်မြဲဇောင်ချမ်း အရှင်ဣန္ဒာစက္ကထံ၌လည်း ၂-နှစ်ကြာမျှ ပညာသင်ကြားခဲ့သည်၊ ၎င်းနောက် ထနောင်းတိုင် အရှင်တ်ကွထံ၌လည်း ပညာသင်ကြားခဲ့သေးသည်၊ မန္တလေးတောင်ပြင်မြင်းဝန်တိုက်၌လည်း ၁-ဝါသီတင်းသုံး၍ ဝါကျသွားအဖြာဖြာ, အနုသန္ဓေအထွေထွေ, ကျမ်းရိုးအသွယ်သွယ် အဓိပ္ပါယ်အဖြာဖြာ ဌပနာပဥ္စက ဌပနာဆက္က-စသည့် နည်းနာနယ အဝဝကိုလည်း ကျနစ္စာ သင်ယူခဲ့သည်၊ ဆရာတော်မန္တလေးနေခိုက် မန္တလေး ပလိပ်ကပ်ရောဂါများ ဖြစ်သဖြင့် မိတ္ထိလာတောရကျောင်းသို့ ခေတ္တကြွ၍ သီတင်းသုံးဘူးသည်။

ဤသို့ဖြင့် ဆရာတော်သည် နိကာယ်ငါးရပ် ပိဋကတ်ကို နိုင်နင်းရေးအတွက် ပညာသင်ရသည်မှာ ပင်ပန်းတော်မူလှချေပြီ။

မဟာဝိသုတာရာမ ဝိဇ္ဇာပီဌသို့

ဆရာတော်သည် မဟာဝိသုတာရာမ သံဃဗိမာန်ကြီးကို ဖန်တည်းတည်ထောင်စတင် မပါမရှိခဲ့ပါချေ။ မဟာဝိသုတာရာမဝိဇ္ဇာပီဌကြီး တည်ထောင်ပြီး ၄-နှစ်လောက်အကြာတွင်မှ ပခုက္ကူသို့ ရောက်ရှိခဲ့သည်၊ ဆရာတော်မှာ ဆရာတော်အရှင်ပညာထေရ်နှင့် လွန်စွာ ရင်းနှီးသည်၊ ဆရာတော်အရှင်ပညာမဟာထေရ်ထံ စာပေးပြီးမှ ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့ ရောက်ရှိခြင်းဖြစ်သည်၊ ဆရာတော်သည် မဟာဝိသုတာရာမတိုက်ရောက်လျှင်ရောက်ခြင်း သာသနာလက်ဝဲရကျောင်း၌ သီတင်းသုံးတော်မူရသည်၊ နောက်မှ ဓမ္မာလက်ဝဲရကျောင်း ရေစကြို ဆရာတော်ကြီး၏ အမိန့်အရ ရွှေရသည်၊ ဓမ္မာလက်ဝဲရကျောင်း၌ ဆရာတော် အရှင်ပညာမဟာထေရ်ထံတွင် ဝိနည်းပိဋကတ်နှင့် ဒီဃနိကာယ်ကို ဆိုဝါဖြင့် သင်ယူတော်မူရသည်။

ဂဏဝါစက စာချဖြစ်ပြီ

အရပ်ရပ်ဆရာတော်များထံမှ ရအပ်သော နည်းဥပဒေသတို့ဖြင့် ပညာရှိတဦး ဖြစ်ခဲ့ပြီဖြစ်ရာ ရဟန်းသိက္ခာ ၁၀-ဝါအရွတွင် မဟာဝိသုတာရာမတိုက်ကြီး၌ ဂဏဝါစက စာချ ဖြစ်လေသည်။

သမ္မတ္တေ ဒသဝဿမ္ဩ၊ သုန္ဒရော ဝါစကော ဘဝိ။
ပိဋကေ အတိဗျတ္တော စ၊ နာနာနယေသု ကောဝိဒေါ။

ပညာရှိ တပည့်တပန်းများ

ဆရာတော်သည် မဟာဝိသုတာရာမဝိဇ္ဇာပီဌကြီး၌ နှစ်ပေါင်းများစွာ နိကာယ် ပိဋကတ်ကို မပြတ်ချပို့တော်မူခဲ့သဖြင့် ပညာရှိ တပည့်ပေါင်း များများစားစား ပေါ်ထွန်းခဲ့သည်၊ ၎င်းတို့မှာ-

(၁) အရှင်ဇနကာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ဓာရုံဆရာတော် အမရပုရမြို့။

(၂) အရှင်ကလျာဏာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ၊ဝေယံဘုံသာတိုက် အနောက်ပြင် မန္တလေး။

(၃) အရှင်နန္ဒမာလာ အဂ္ဂမဟာပဏ္ဍိတ၊ရတနာဗိမာန်ကျောင်း ချမ်းသာကြီးတိုက် အနောက်ပြင် မန္တလေး။

(၄) အရှင်ပညာဝံသ အဂ္ဂမဟာပဏ္ဍိတ၊ ဘုရားဖြူတိုက် ပုဇွန်တောင် ရန်ကုန်။

(၅) အရှင်ဥတ္တရာဇီဝ အဂ္ဂမဟာပဏ္ဍိတ၊ ဒီပါရုံဘုရားကြီး ကျောင်းတိုက် ရေကြည်မြို့ ပုသိမ်ခရိုင်။

(၆) အရှင်ကုန္ဒြိယ အဂ္ဂမဟာပဏ္ဍိတ၊ ကုန္ဒြိယာရာမတိုက် အရှေပြင် မန္တလေး။

(၇) အရှင်သောဘိတ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဝိသုတာရာမကျောင်းသစ် ကိုးဆောင်မြင်းခြံ။

(၈) အရှင်နေမိန္ဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ မဟာဝိသုတာရာမ ပခုက္ကူ။ စသည်တို့ ဖြစ်ကုန်သည်။

ဒုတိယ အဓိပတိ

ဆရာတော်သည် သိက္ခာဝါ ၂၀-ကျော်တွင် မဟာဝိသုတာရာမတိုက်ကြီး၏ ဒုတိယ အဓိပတိ ဖြစ်၍ သာသနာရေးကိစ္စ အဝဝကို ဆောင်ရွက်တော်မူသည်၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်သည် သံဃာဂိုဏ်းကို အရှင်မဟိန္ဒထေရ်အား လွှဲအပ်သကဲ့သို့ အရှင်ပညာမဟာထေရ်သည် တိုက်ရှိ သံဃာတော်အား နည်းပေးလမ်းပြ ဩဝါဒပေးမှု စသည့် သံဃာ့ကိစ္စအဝဝကို အရှင် သုန္ဒရထေရ်အား လွှဲအပ်တော်မူသည်၊ လဆန်း ၈-ရက် သံဃာ့အစည်းအဝေး၊ လဆုတ် ၈-ရက် သံဃာ့အစည်းအဝေးများတွင် ဆရာတော်အရှင်သုန္ဒရချည်းသာ ဩဝါဒပေးမှု စသည်ကို ပြုရသည်သာ များလေသည်။ ဤသို့ဖြင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာမဟာထေရ်သည် ဆရာတော် အရှင်သုန္ဒရ(အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု)အား လွှန်စွာ လေးမြတ်ချစ်ခင်တော်မူပါပေသည်။

ဧဝံ ပညာယ ပညာတော၊ ထေရော ပညာ သနာမကော။
သုန္ဒရတ္ထေရသေဋ္ဌမ္ပိ၊ အတီဝ ဝိဿဋ္ဌော ဘဝိ။

အနှစ် ၂၀-ကျော်

ဤသို့ဖြင့် ဆရာတော်သည် နန္ဒိယ, ကိမိလထေရ်တို့ပမာ ဆရာတော် အရှင်ပညာမဟာထေရ်နှင့် အတူတကွ ရင်းနှီးစွာ ဒုတိယ ဆရာတော်အဖြစ် အခါအားလျော်စွာ သံဃာတော် ၈၀၀-၉၀၀-၁၀၀၀-လောက်ရှိသော မဟာဝိသုတာရာမတိုက်ကြီးကို အုပ်ချုပ်,စာပေပို့ချတော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၀-ကျော်ခဲ့လေသည်။

အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော်ဘုရားကြီးကို ဓနုဖြူမြို့ တောင်ပေါ် ကျောင်း
ဆရာတော်ဘုရား၊ ညောင်ရမ်းဆရာတော်ဘုရား၊ မစိုးရိမ်ဆရာတော်ဘုရားတို့နှင့်အတူ ဖူးမြင်ရပုံ

မဟာဝိသုတာရာမတိုက်ကြီး၏ အဓိပတိ

၁၃၀၈-ခုနှစ် တော်သလင်းလဆုတ် ၆-ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင် ပညာမဟာထေရ် ဘဝနှတ်ထံ ပို့လွန်တော်မူသဖြင့် သီဟိုဠ်ကျွန်း ရှေးက မဟာဝိဟာရ ကျောင်း တိုက်ကြီးနှင့် တိဿမဟာရာမ ကျောင်းတိုက်ကြီးတို့ကဲ့သို့ ခမ်းနား ကြီးကျယ်လှသော မဟာ-ဝိသုတာရာမဝိဇ္ဇာပီဌကြီး၏ အဓိပတိ ဓုရန္ဓရ ပဓာနနာယက ဖြစ်လာတော့သည်၊ ရေစကြို ဆရာ တော်ဘုရားကြီးက တိုက်တာလဲစဉ် ပါဝင်သော အရှင်နန္ဒဝံသ အဂ္ဂမဟာပဏ္ဍိတနှင့်အတူ စိတ်တူ ကိုယ်မျှ တကွတိုက်တာကို အုပ်ချုပ်လျက် သာသနာပြုတော်မူသည်။

သုန္ဒရော နာယကော အာသိ၊ ပညာထေရေ ဒိဝင်္ဂတေ။
ဝိသုတာရာမနာမဿ၊ ဝိဇ္ဇာပီဌဝရဿ စ။

တဒါ ဟိ သော မဟာထေရော၊ နန္ဒဝံသေန ဓီမတာ။
အာရာမံ သဟ ပါလေန္တော၊ ဇောတေသိ ဇိနသာသနံ။

မဟာဝိသုတာရာမဂဏဝါစကနိကာယကြီး၏ ဂဏမဟာဝိနာယက ဖြစ်တော်မူခြင်း

၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ၉-ရက်နေ့တွင် ကျင်းပအပ်သော မဟာဝိသုတာရာ-မိကဂဏဝါစကနိကာယ အစည်းအဝေးကြီး၏ ဒုတိယနေ့တွင် ခမာ, ဇာဂရိယ, ဥဒ္ဒါန, သံဝိဘာဂ, ဒယာ, ဣက္ခဏာ ဟူသော ဂုဏ်တော် ၆-ပါးတို့၏ စုဝေးရာ အရှင်သုန္ဒရဆရာတော်ဘုရားကြီးအား "မဟာဝိသုတာရာမိကဂဏဝါစက နိကာယကြီး"၏ ဂဏမဟာဝိနာယကအဖြစ် အရှင်ပညာ မဟာ ထေရ် အရှင်နန္ဒဝံသမဟာထေရ်တို့နှင့် အတူတကွ သံဃာထု၏ ရွေးချယ်တင်မြှောက်ခြင်းကို ခံယူ ခဲ့လေသည်။

နိကာယပါရသမ္ပတ္တော၊ သုန္ဒရော ထေရကုဉ္ဇရော။
ပတ္တော အဓိပတိဋ္ဌာနံ၊ ပုဗ္ဗကမ္မေန စောဒိတော။

ပဌမပြန်နာယက

၁၃၁၂-ခုနှစ်မှစ၍ ပဌမပြန်စာဖြေသူများတို့၏ ဆရာတဆူ ဖြစ်တော်မူရကား ပဌမပြန်စာမေး ပွဲကြီး၏ နာယကဆရာတော်အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူခဲ့ရလေသည်။

ပဌမပြန်တိညာတာယ၊ ပရိက္ခဏသဘာယ စ။
နာယကော စာပိ သော အာသိ၊ ပရိက္ခဏဝိစက္ခဏော။

ဆဋ္ဌသံဂါယနာဩဝါဒစရိယ, သံဃမဟာနာယက ဝန်ဆောင်အဖွဲ့ဝင်

သက္ကရာဇ် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ၁၃၂၃-ခု တပို့တွဲလဆန်း ၁၂-ရက်နေ့အထိ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ အထောက်အပံ့ဖြင့် ဆင်ယင်ကျင်းပအပ်သော ဆဋ္ဌသံဂါ-ယနာ ပါဠိ, အဋ္ဌကထာ, ဋီကာသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ဩဝါဒစရိယတာဝန်, သံဃ နာယကတာဝန်, ဝန်ဆောင်အဖွဲ့ဝင် တာဝန်တို့ကို ထမ်းဆောင်တော်မူခဲ့သည်။

အလှည့်ကျ သံဃမဟာနာယက

၁၃၁၇-ခု ကဆုန်လဆန်း ၇-ရက်နေ့မှစ၍ ၁၃၁၇-ခု ပဌမဝါဆိုလဆန်း ၁၃-ရက်နေ့အထိ ကျင်းပသော ကမ္ဗောဇလ၀ (တတိယ) သန္နိပါတနှင့် ၁၃၁၇-ခု နတ်တော်လဆန်း ၂-ရက်နေ့မှစ၍ ၁၃၁၇-ခု တပို့တဲ့လဆန်း ၅-ရက်နေ့အထိ ကျင်းပသော သျှမ (စတုတ္ထ)သန္နိပါတ, ၁၃၁၈-ခု တန်ခူးလဆန်း ၁၃-ရက်နေ့မှစ၍ ၁၃၁၈-ခု ကဆုန်လဆန်း ၁၀-ရက်နေ့အထိ ကျင်းပအပ်သော သီရိလင်္ကာ (ပဉ္စမ) သန္နိပါတတို့၌ အလှည့်ကျ သံဃမဟာနာယကအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

တီသုပိ သန္နိပါတေသု၊ သုန္ဒရော သံဃနာယကော။
မဟာနာယကဘာရမ္မိ၊ ဝါရေန အ၀ဟီ သုဓီ။

အဋ္ဌကထာသံဂါယနာနှင့် မဟာသံဃနာယက

နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ အထောက်အပံ့ဖြင့် ပါဠိတော်သံဂါယနာပြီးစီးပြီးနောက် ၁၃၁၈-ခု နတ်တော်လဆုတ် ၉-ရက်နေ့မှစ၍ ၁၃၂၁-ခု တပေါင်းလဆန်း ၆-ရက်နေ့အထိ အဋ္ဌ-ကထာအုပ်ပေါင်း ၅၂-အုပ်ကို သန္နိပါတ ၄-ကြိမ်ခွဲ၍ သံဃာတော်မြတ်များ သံဂါယနာတင်ခဲ့ကြသည်၊ အဋ္ဌကထာသံဂါယနာ ပဌမသန္နိပါတ ၁၃၁၈-ခု နတ်တော်လဆုတ် ၉-ရက်နေ့မှစ၍ ၁၃၁၈-ခု တပို့တဲ့လဆန်း ၁-ရက်နေ့အထိ အဋ္ဌကထာ ၆-အုပ် စာမျက်နှာ ၂၁၅၁-ကို သံဂီတိကာရက ၃၀၀-ကျော်တို့ သံဂါယနာတင်တော်မူခဲ့ကြသည်။ ၁၃၁၉-ခု တန်ဆောင်မုန်းလဆုတ် ၅-ရက်နေ့မှစ၍ ၁၃၁၉-ခု တပို့တဲ့လဆန်း ၄-ရက်နေ့အထိ အဋ္ဌကထာ ၁၃-အုပ် စာမျက်နှာ ၄၆၅၅-ကို ဒုတိယသန္နိပါတအဖြစ်ဖြင့် သံဂီတိကာရက ၃၀၀-တို့ သံဂါယနာတင်တော်မူခဲ့ကြသည်။ ၁၃၂၀-ခု တန်ဆောင်မုန်းလဆုတ် ၅-ရက်နေ့မှစ၍ ၁၃၂၀-ခု တပို့တဲ့လဆန်း ၃-ရက်နေ့အထိ အဋ္ဌကထာ ၁၅-အုပ် စာမျက်နှာ ၅၃၀၇-ကို တတိယသန္နိပါတအဖြစ်ဖြင့် သံဂီတိကာရက ဆရာတော် ၃၀၀-တို့ သံဂါယနာတင်တော်မူခဲ့ကြသည်၊ သက္ကရာဇ် ၁၃၂၁-ခု တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့မှစ၍ ၁၃၂၁-ခု တပေါင်းလဆန်း ၆-ရက်နေ့အထိ အဋ္ဌကထာ ၁၇-အုပ် စာမျက်နှာ ၇၁၂၀-ကို စတုတ္ထသန္နိပါတအဖြစ်ဖြင့် သံဂီတိကာရက ၂၀၀-တို့ သံဂါယနာတင်တော်မူခဲ့ကြသည်၊ ဆရာတော် အရှင်သုန္ဒရမဟာထေရ်သည် ဖော်ပြပါသန္နိပါတများတွင် ပဌမသန္နိပါတနှင့် တတိယသန္နိပါတ စတုတ္ထသန္နိပါတများ၌ အလှည့်ကျသံဃမဟာနာယကအဖြစ် ဆောင်ရွက်တော်မူသည်။

တီသုပိ သန္နိပါတေသု၊ သံဂီတိဋ္ဌကထာယ စ။
မဟာနာယကဘာရမ္မိ၊ ဝါရေန အ၀ဟီ သုဓီ။

ဋီကာသံဂါယနာနှင့် သံဂီတိကာရက

ဋီကာကျမ်းမကြီး ၂၆-အုပ်ကို ၂-ကြိမ်ခွဲ၍ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသံဂီတိမဟာပါသာဏ လိုဏ်ဂူတော်၌ သံဂါယနာတင်ကြရာ ၁၃၂၂-ခု တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့မှစ၍ ၁၃၂၂-ခု ပြာသိုလဆုတ် ၁၃-ရက်နေ့အထိ ဋီကာ ၁၂-အုပ် စာမျက်နှာ ၅၁၂၀-ကို ပဌမသန္နိပါတဖြစ်၍ သံဂီတိကာရက သံဃာတော် ၁၅၀-တို့ သံဂါယနာတင်တော်မူကြသည်။

၁၃၂၃-ခု တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့မှစ၍ တပို့တဲ့လဆန်း ၁၂-ရက်နေ့အထိ ဦးကာ ၁၅-အုပ် စာမျက်နှာ ၆၀၅၂-ကို သံဂီတိကာရက ၁၅၀-တို့ ဒုတိယဦးကာသန္နိပါတဖြစ်၍ သံဂါယနာတင်ခဲ့ကြသည်၊ ထိုဦးကာသန္နိပါတများတွင် ဆရာတော်သည် အလှည့်ကျကျမ်းတွင် သံဂါယနာတင်မှီ မကြွရောက်ပဲ နောက်မှကြွရောက်သဖြင့် သံဂီတိကာရက, ဝန်ဆောင်သံဃအဖွဲ့ဝင်ဖြစ်၍ ပါဝင်ဆောင်ရွက်တော်မူသည်။

ဦးကာသံဂီတိကာလေပိ၊ သုန္ဒရော သံဃနာယကော။
သံဂီတိကာရကော စေဝ၊ ဘာရဝါဟီ ဝိသာရဒေါ။

ယိုးဒယားနိုင်ငံသို့ ကြွတော်မူခြင်း

၁၃၁၉-ခု ပြာသိုလဆန်း ၇-ရက်နေ့တွင် ယိုးဒယားနိုင်ငံသို့ သာသနာရေးမစ်ရှင်အဖွဲ့၏ ပဓာနနာယကဖြစ်၍ ကြွတော်မူခဲ့သည်၊ ဆရာတော်သည် အဖွဲဝင်များနှင့်တကွ ယိုးဒယားပြည်တွင် ဘန်ကောက်မြို့နှင့်တကွ လန်းပန်း, ချင်ရိုင်း, ဇင်းမယ်စသော ဒေသများသို့ လှည့်လည်ကြွရောက်၍ သာသနာရေးကိစ္စများကို စုံစမ်းဆွေးနွေးတော်မူခဲ့သည်၊ ၎င်းပြင် ယိုးဒယားသာသနာပိုင် ဆရာတော် ယိုးဒယားသံဃာ့လွှတ်တော်မှ သံဃာ့ဝန်ကြီးများနှင့်လည်း သာသနာရေးကိစ္စများကို ဆွေးနွေးခဲ့သည်၊ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တော်ရှိ မြဘုရား, ရွှေဘုရား, အယုဒ္ဓယမြို့ဟောင်းရှိ ရွှေးဟောင်းဘုရားပုထိုးများ, နဂေါရ်ပထုံမြို့မှ ဘုရားကြီးတို့ကိုလည်း ဖူးမြော်ဦးခိုက်တော်မူခဲ့သည်၊ ဆရာတော် ယိုးဒယားကြွစဉ် စာရေးသူသည် ၇-ဝါရ ပဉ္စင်းလတ်ဘဝဖြင့် ပစ္ဆာသမဏဖြစ်၍ လိုက်ပါရလေသည်။

မဟာထေရော ဂဏာစရော၊ ဂန္ဓာဒုန သျာမရဋ္ဌကံ။
အကာ သာသနကိစ္စာနိ၊ သာကစ္ဆံ ဝိဝိဓမ်ပိ စ။

ဆင်းတုတော်များနှင့် ပိဋကတ်များ

ယိုးဒယားမှ လှူဒါန်းလိုက်သော ဆင်းတုတော်များ ရှေချပန်းတင်ခုံ, ယိုးဒယားမူ ပိဋကတ်များကို မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ ပင့်ဆောင်ကိုးကွယ်တော်မူခဲ့သည်။

သမ္မုဒ္ဓပဋိမာပိ စ၊ ပိဋကာနိ ဗဟူနိပိ။
အာနေတွာ ဝိသုတာရာမံ၊ ပတိဋ္ဌာပေသိ ဗုဒ္ဓိမာ။

နိုင်ငံတော်ဘာသာ အကြံပေးအဖွဲ့

သြဝါဒါစရိယ ဆရာတော်များ၏ဥက္ကဋ္ဌ

ဆရာတော်သည် ၁၉၆၁-ခုနှစ် အက်ဥပဒေအမှတ် ၁၇-အရ ဖွဲ့စည်းအပ်သော ဗုဒ္ဓဘာသာသာသနာတော်မြတ်ကြီးကို နိုင်ငံတော်ဘာသာသာသနာအဖြစ် ပြဋ္ဌာန်းသတ်မှတ်ရေးဆိုင်ရာ အကြံပေးအဖွဲ့၏ သြဝါဒါစရိယဆရာတော်များ၏ သဘာပတိဥက္ကဋ္ဌတာဝန်ကို ဆန္ဒာ, ဒေါသာ, ဘယာ, မောဟာဟူသော အဂတိတရား မလိုက်ပါပဲ ဆောင်ရွက်တော်မူခဲ့သည်။

တဒါ သမ္မတရာဇာနော၊ သာသနံ ရဋ္ဌသာသနံ။
အကံသု ဇိနစက္ကဿ၊ စိရကာလာဘိဝုဒ္ဓိယာ။

အထ ခေါ ဥပဒေသဿ-ကာရိကာယ သဘာယ စ။
အာစေရမက္ကာလံ နာမ၊ အာသိ မရမ္မမက္ကာလေ။

တဿ ဥက္ကဋ္ဌာတော စ၊ ဝိသာရဒေါ ဗဟုဿုတော။
သုန္ဒရော အာသိ သပ္ပညော၊ သုန္ဒရေန သုစေါဒိတော။

သာသနာ့သန့်ရှင်းပြန့်ပွါးရေး အစည်းအဝေးကြီး၏
ဝ
သဘာပတိ

တော်လှန်ရေးအစိုးရလက်ထက် ၁၃၂၆-ခုနှစ် တပေါင်းလပြည့် (၁၉၆၅-ခု၊ မတ်လ ၁၇-ရက်) နေ့တွင် စတင်ကျင်းပပြုလုပ်သည့် သံဃာတော် ၂၀၀၀-ကျော်ပါဝင်သည့် သာသနာ့သန့်ရှင်းပြန့်ပွါးရေး အစည်းအဝေးကြီး၏ သဘာပတိတာဝန်ကို ယသထေရ်, မောဂ္ဂလိပုတ္တထေရ် သီဟိုဠ်ကျွန်း အော-ဒီ ၁၂-ရာစုနှစ် သံဃသာမဂ္ဂီအစည်းအဝေးပွဲကြီး၌ ပရက္ကမဗာဟုမင်းကြီး၏ မင်းဆရာ အစည်းအဝေးသဘာပတိ အရှင်မဟာကဿပထေရ်တို့ကဲ့သို့ ထမ်းဆောင်တော်မူခဲ့သည်။

ပညဝန္တံ ယသတ္ထေရံ၊ ကာဠာသောကော နရိဿရော။
သီလဝန္တံ ဓုရံ ကတ္ဝာ၊ ပုညဝန္တံ ဗဟုဿုတံ။

ဧဝံ သုန္ဒရတ္ထေရမ္ပိ၊ မရမ္မဝိသယိဿရာ။
ဓုရံ ကတ္ဝာ လောကဂ္ဂဿ၊ သာသနံ နိမ္မလံ ကရုံ။

မောဂ္ဂလိပုတ္တံ တိဿံဝ၊ ဓမ္မာသောကော ဒိသမ္ပတိ။
သီလဝန္တံ ဓုရံ ကတ္ဝာ၊ ကောသာရက္ခံ မဟေသိနော။

တထာ သုန္ဒရထေရမ္ပိ၊ မရမ္မဒေသပါလကာ။
ဓုရံ ကတ္ဝာန ဗုဒ္ဓဿ၊ သာသနံ သောဘနံ ကရုံ။

ကဿပံ တံ မဟာထေရံ၊ သံဃဿ ပရိဏာယကံ။
ကတ္ဝာ ပရက္ကမော ရာဇာ၊ သာသနံ သောဘနံ အကာ။

တထာ မရမ္မရာဇာနော၊ သုန္ဒရံ သုန္ဒရံ ဝိဒုံ။
ပုဗ္ဗင်္ဂံ ဓုရံ ကတ္ဝာ၊ သောဘေန္တိ ဇိနသာသနံ။

ဆရာတော် ထမ်းဆောင်တော်မူခဲ့သော တာဝန်အရပ်ရပ်

ဆရာတော်၏ သာသနာတော်အတွက် ဆောင်ရွက်ချက်တို့မှာ လွန်စွာများပြားလှကုန်သည်၊ ၎င်းတို့ကို စုပေါင်း၍ ဖော်ပြရသော်—

၁။ ပါဠိပညာရေးအဖွဲ့ကြီး၏ နာယကတာဝန်၊

၂။ ပါဠိတက္ကသိုလ် စုံစမ်းရေးအဖွဲ့ကော်မိတီတာဝန်၊

၃။ ဆဋ္ဌသံဂါယနာဩဝါဒါစရိယတာဝန်၊

၄။ ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ဝင်တာဝန်၊

၅။ ဆဋ္ဌသံဂါယနာ သံဃမဟာနာယကတာဝန်၊

၆။ နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်၊

၇။ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုလုပ်ရေးအဖွဲ့၏ ဩဝါဒါစရိယဆရာတော်များ၏ ဥက္ကဋ္ဌတာဝန်၊

၈။ ယိုးဒယားနိုင်ငံသာသနာရေးမစ်ရှင် ခေါင်းဆောင်တာဝန်၊

၉။ ရန်ကုန်မြို့ ဘုရားဖြူဝိနယာနုဂ္ဂဟစာပြန်ပဲကြီး၏ ဥက္ကဋ္ဌတာဝန်၊

၁၀။ ရန်ကုန်မြို့ ဘုရားကြီးတိုက် ခြောက်ထပ်ကြီးဘုရား တည်ဆောက်ရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌတာဝန်၊

၁၁။ တော်လှန်ရေးအစိုးရ လက်ထက် သာသနာ့သန့်ရှင်းပြန့်ပွါးရေး အစည်းအဝေးကြီး၏ သဘာပတိတာဝန်၊

၁၂။ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ မဟာဝိနာယက ဓမ္မသေနာပတိတာဝန် စသည်တို့ကို ထက္ကြ, နိုးကြား, သနား, သည်းခံ, ဝေဘန်, ကြည့်ရှု ဟူသော နာယကဂုဏ် ၆-ပါးနှင့် ပြည့်စုံစွာ ဆောင်ရွက်တော်မူခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ဆရာတော်သည် မဟာဝိဇ္ဇာပီဋကြီးဖြစ်သည့် မဟာဝိသုတာရာမနိကာယ တက္ကသိုလ်ကြီး၏ အဓိပတိ မဟာနာယကဂုဏ်, စာသင်တိုက်ခွဲပေါင်း ၁၅၀-ကျော်နှင့် ကျောင်းခွဲပေါင်း ၁၅၀၀-ကျော်ရှိ သံဃာတော် သောင်းပေါင်းများစွာရှိသော မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏမဟာဝိနာယကဂုဏ်, သီလ, သမာဓိ, ပညာဂုဏ်တို့ဖြင့် လွှမ်းခြုံကျော်ကြားရကား ၁၃၁၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရတို့ လျှုဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ခံယူရရှိတော်မူသည်။

ဧဝံ ဂုဏေဟိ နေကေဟိ၊ ဥပေတံ ထေရကုဉ္ဇရံ။
အဂ္ဂမဟာပဏ္ဍိတောတိ၊ ဥပါဓိနာဘိပူဇယိ။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တော်

မြန်မာပြည် ပုဂံ,ပင်းယ,အင်းဝခေတ်တို့၌ သာသနာ့ဒါယကာမင်းမြတ်တို့သည် ရဟန်းပုဂ္ဂိုလ်နှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တော်အဆောင်အယောင် အမျိုးမျိုးတို့ကို ဆက်ကပ်ခြင်း, ပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ကုန်းဘောင်ခေတ်၌မူ ပညာရှိရဟန်းပုဂ္ဂိုလ်တို့အား မင်းဆရာအဖြစ်ဖြင့် (ရာဇဂုရု) နှင့် (ရာဇာဓိရာဇဂုရု) ဘွဲ့တံဆိပ်တော်ကို လှူဒါန်းပူဇော်ခဲ့ကြသည်၊ သီပေါမင်းတရားကြီး လက်ထက်တွင် (ရာဇာဓိရာဇဂုရု) ဘွဲ့တံဆိပ်တော်ကိုပင် ငါးဆင့်ထား၍ လှူဒါန်းခဲ့သည်၊ အင်္ဂလိပ်ခေတ်၌ကား ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ် မခွဲခြားပဲ အဂ္ဂမဟာပဏ္ဍိတဘွဲ့ကိုသာ ၁၉၁၅-ခုနှစ်မှစ၍ ဆက်ကပ်လှူဒါန်းခြင်း, ပေးအပ်ချီးမြှောက်ခြင်းတို့ကို ပြုခဲ့ကြသည်၊ လွတ်လပ်သောခေတ်၌လည်း ပြည်ထောင်စုအစိုးရတို့က အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တို့ကို လှူဒါန်းကြကုန်သည်၊

အဘိဓဇမဟာရဋ္ဌဂုရွဘွဲ့တော်မှာ ရှေးက သာသနာပိုင်ဘွဲ့ ဓမ္မဆေနာပတိဘွဲ့နှင့် ထပ်တူဖြစ်သည်၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်လည်း ရှေးရှေးက သံဃဦးကိုင် သာသနာပိုင်ဆရာတော်ကြီးတို့အတူ မြန်မာပြည် သံဃာ့ဦးရေ အများဆုံးရှိသော မဟာဝိသုတာရုမိက ဂဏဝါစက နိကာယကြီး၏ ဂဏမဟာဝိနာယက အဓိပတိဖြစ်ရကား သက္ကရာဇ် ၁၃၂၂- (၄-၁-၆၁) နှစ်တွင် ဆရာတော်အား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရတို့က ထပ်ဆင့်လှူဒါန်းပူဇော်ကြပြန်လေသည်။

ဂုဏောဃေဟိ သမ္ပန္နဿ၊ ထေရဿ စ ယသဿိနော။
နိကာယပါရပတ္တဿ၊ နိကာယေသု သုဝိညုနော။

အဘိဓဇမဟာရဋ္ဌ-ဂရုပါမိဝရေနပိ။
ပူဇေသုံ မြန်မာ့ဘူပါလာ၊ ပူဇာဝိဓိသု ကောဝိဒါ။

ဆရာတော်သည် သမတအိမ်တော် အဘိဓဇမဟာရဋ္ဌဂုရွဘွဲ့တံဆိပ် ဆက်ကပ်ပဲ့ဌ် ရာဇောဝါဒကထာကိုလည်း မြွက်ကြားခဲ့သည်၊ ၎င်းရာဇောဝါဒကထာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁၉၆၁ ခုနှစ်၊ အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ဆက်ကပ်ရာ
မင်းပွဲသဘင်၌ ပခုက္ကူမြို့ မဟာဝိသုတာရုမိက ဂဏဝါစက နိကာယာဓိပတိ ဓမ္မဆေနာပတိ
မဟာဂဏဝိနာယကဆရာတော်ဘုရားကြီး၏ ရာဇောဝါဒကထာ

အက္ကောဓနဿ ဝိဇိတော၊ ဌိတဓမ္မဿ ရာဇိနော။
သုခံ မနုဿာ အာသေထ၊ သိတစ္ဆာယာယ သံဃရေ။

အက္ကောဓနဿ၊ ရန်တုံ့မမူ ရန်သူမထား မျက်ပွါးမဝင် အာဃာတ ကင်းစင်ခြင်းလျှင် ရှေသွားရှိသည်ဖြစ်၍ ဒါန,သီလ,ပရိစ္စာဂ,အဇ္ဇဝ,မဒ္ဒဝ,တပ,အဝိဟိံသ,ခန္တီ,အဝိရောဓန-ဟူသော မင်းကျင့်ဆယ်ပါး တရားလက်ကိုင်ရှိသည်ဖြစ်၍။ ဌိတဓမ္မဿ ရာဇိနော၊တည့်တည့်မတ်မတ် ရပ်တည်သော ကိုယ်ကျင့်တရားရှိသောမင်း၏။ဝိဇိတော၊ တိုင်းပြည်ခရိုင် နိုင်ငံအတွင်း၌။ မနုဿာ၊ မှီတင်းနေထိုင်သူ ဗိုလ်လူအပေါင်းတို့သည်။ သိတစ္ဆာယာယ သံဃရေ၊ ကိုယ်ပိုင်ဥစ္စာ ကိုယ့်အိမ်ရာတည်းဟူသော ဆွေပုံမျိုးစု ကယုကယင် ကြည်လင်အေးမြ သာယာလှသော သုခရိပ်သာ လူ့ခန်းဝါ၌။ သုခံ-အာသေထ၊ မကြောင့်မကြ သောကကင်းကွာ ချမ်းသာစွာ နေထိုင်ကြကုန်ရာ၏။—ဟူသော ပဏ္ဍာသနပါ၀တ ဥမ္မာဒန္တီဇာတနှင့်အညီ—

တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သူများသည် ပေးလှူမှု၊ ငါးပါးသီလ လုံခြုံမှု၊ စွန့်ကြဲပေးကမ်းမှု၊ ဖြောင့်မတ်မှု၊ နူးညံ့ယဉ်ကျေးမှု၊ (၈)ပါး သီလ ဥပုသ်စောင့်မှု၊ အာဃာတမထားဘဲ မေတ္တာရောက်မှု၊ မညှဉ်းဆဲမူ၍ ကရုဏာရှိမှု၊ သည်းခံမှု၊ မဆန့်ကျင်မှု-ဆိုတဲ့ ရာဇဓမ်တရားများကို ရာထူးဌာနန္တရအလျောက် ထိန်းသိမ်းစောင့်ရှောက်မှသာ တိုင်းသူပြည်သား အများချမ်းသာပေမည်။

(ရွှေဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားတသိုက် ဖြောင့်ဖြောင့်လိုက်၏) ဟူသော ၎င်းဇာတ်လာ ဥပမာကိုလည်း တိုက်ရိုက်အားဖြင့်ဖြစ်စေ ပြောင်းပြန်သဘောအားဖြင့် ဖြစ်စေ အဓိပ္ပါယ် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်လျက်ခွဲလျက် လေးလေးနက်နက် ဆင်ခြင်စဉ်းစားပြီး

လျှင် တရားထိန်းကျောင်း မင်းကောင်းမင်းမြတ်ဆိုတဲ့ ဓမ္မိဿရ ဓမ္မရာဇာ ဘွဲ့တံဆိပ်မျှားကို အလို အလျောက် သဘာဝက အပ်နှင်းလာလောက်အောင် အဂတိတရား မလိုက်စားပဲ မင်းကျင့်တရား နှင့် ပြည့်စုံအောင် အသီးအသီး ကျင့်ဆောင်ကြကုန်ရာသည်။

မဟာရုက္ခဿ ဖလိနော၊ ပက္ကံ ဆိန္နတိ ယော ဖလံ။
ရသဉ္ဇဿ ဝိဇာနာတိ၊ ဗီဇဉ္ဇဿ နု နဿတိ။
မဟာရုက္ခူပမ ရဇ္ဇ၊ ဓမ္မေန ယော ပသာသတိ။
ရသဉ္ဇဿ ဝိဇာနာတိ၊ ရဇ္ဇဉ္ဇဿ နု နဿတိ။

ယော၊ အကြင်သူသည်။ မဟာရုက္ခဿ ဖလိနော၊ အသီးရှိသော သရက်ပင်ကြီး၏။ ပက္ကံ ဖလံ၊ အစိမ်းအနုမဟုတ် အမှည့်အရင့်ဖြစ်သော သရက်သီးကို။ ဆိန္နတိ၊ ဆွတ်ခူးဖြတ်ယူအံ့။ သော၊ ထိုသူသည်။ ရသဉ္ဇဿ ဝိဇာနာတိ၊ ထိုသရက်ပင်၏ ချိုသောအရသာကိုလည်း သိရ ခံစားရလေ၏။ ဗီဇဉ္ဇဿ နု နဿတိ၊ ထိုသရက်ပင်၏ မျိုးစေ့ကိုလည်း ဖျက်ဆီးရာ မရောက်တော့ပေ။

ယော၊ အကြင်မင်းသည်။ မဟာရုက္ခူပမံ ရဇ္ဇံ၊ သီးပွင့်စုံလင် သရက်ပင်ကြီးနှင့်တူသော တိုင်းပြည်ကို။ ဓမ္မေန ပသာသတိ၊ အဂတိမလိုက်စားပဲ တရားသဖြင့် အုပ်ချုပ်ငြားအံ့။ သော၊ ထိုမင်းသည်။ ရသဉ္ဇဿ ဝိဇာနာတိ၊ တိုင်းပြည်အရသာ အခွန်ဘဏ္ဍာတည်းဟူသော အဆီသြဇာကိုလည်း သုံးဆောင်ခံစားရလေ၏။ ရဇ္ဇဉ္ဇဿ နု နဿတိ၊ မိမိတိုင်းပြည်လည်း မပျက်စီးနိုင်။ –ဟူသော မဟာဗောဓိဇာတ်တော်နှင့်အညီ—

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အနှံ့အရသာ လွန်စွာပြည့်စုံသော အသီးရှိသော သရက်ပင်ကြီးနှင့် တူပေသည်။

တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သူတို့သည် သရက်ပင် ပိုင်ရှင်နှင့် တူပေသည်။

မင်းတို့၏ အုပ်ချုပ်ပုံ အုပ်ချုပ်နည်းသည် သရက်ပင်ပိုင်ရှင်၏ အသီးကို သုံးဆောင်နည်းနှင့် တူပေသည်။

အသေးစိတ်အားဖြင့် မင်းတို့၏ အဂတိလိုက်စား၍ အဓမ္မအုပ်ချုပ်နည်းသည် သရက်ပိုင်ရှင်၏ သီးစိမ်း-သီးနုတို့ကို ဆွတ်ခူး၍ သုံးဆောင်ခြင်းနှင့် တူပေသည်။

မင်းတို့၏ အဂတိမလိုက်စားပဲ တရားသဖြင့် အုပ်ချုပ်မှုသည် သရက်ပိုင်ရှင်၏ မှည့်ရင့်ပြီးသော အသီးကို ဆွတ်ခူးသုံးဆောင်ခြင်းနှင့် တူပေသည်။

ထို့ကြောင့် အသီးနုကို ဆွတ်ခူးသုံးဆောင်သော သရက်ပိုင်ရှင်သည် ချို့မြိန်သော အရသာကို မခံစားရရုံမျှမက အစဉ်အဆက် ပေါက်ပွါးမည့် မျိုးစေ့ကိုလည်း ဖျက်ဆီးရာရောက်သကဲ့သို့ ထို့အတူ အဂတိလိုက်စား၍ အဓမ္မအုပ်ချုပ်သော မင်းများသည် တိုင်းပြည်နှင့် စပ်လျဉ်းသည့် မင်းအရသာကို ပြည့်ပြည့်စုံစုံ မခံစားရဘဲ နောင်လာနောက်သား အများပြည်သူတို့ စာရိတ္တ မကျိုင်ပျက်အောင် ရွေဆောင်လမ်းပြ နည်းနိဿယပေးသကဲ့သို့ဖြစ်၍ တတိုင်းတပြည်လုံး ဦးမနိုင် ပဲ့မနိုင် ထိန်းသိမ်းမရ အဓမ္မတရားတို့ လွှမ်းမိုးနှိပ်စက်သဖြင့် အဆက်ဆက်အားဖြင့် ပျက်စီးခြင်း မလှ ပျက်စီးကြလေရာ၏။

အခါနိုင်တိုင်ရောက်မှ မှည့်ရင့်သော သရက်သီးကို ဆွတ်ခူးသုံးဆောင်သော သရက်ပိုင်ရှင်သည် ချိုမြိန်သော အရသာကို သုံးဆောင်ခံစားရရုံမျှမက အစဉ်အဆက် ပေါက်ပွါးမည့် သရက်မျိုးစေ့မျှားကို မပျက်ပြားအောင် ထိန်းသိမ်းစောင့်ရှောက်ရုံသာမက သရက်ပင်ကို ကိုယ်တိုင် မလိုက်စားဘဲ တရားသဖြင့် အုပ်ချုပ်သော မင်းတို့သည် တိုင်းပြည်နှင့် စပ်လျဉ်းသည့် မင်းအရာသာ မင်းချမ်းသာမျှားကို ပြည့်ပြည့်ဝဝ ခံစားရရုံမျှမက နောင်လာနောက်သား အမျှားပြည်သူတို့ကိုလည်း စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကောင်းမွန်အောင် ရွေဆောင်လမ်းပြ နည်းနိဿယပေးသကဲ့သို့ဖြစ်၍ ဒိဋ္ဌာနုဂတိအားဖြင့် စဉ်လာမပျက် ဆက်ဆက်ကြီးပွါး၍ စည်ပင်ဖွံ့ဖြိုးသော တိုင်းကြီးပြည်ကြီးအဖြစ်သို့ ရောက်လေရာ၏။

သို့ဖြစ်ပါ၍....ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့သည် တိုင်းသူပြည်သား အမျှားရှင်လူတို့ကို ကျေသားရင်သား မခွဲခြားဘဲ သနားကြင်နာမှု အသီးအသီးပြုကြပြီးလျှင် ကိုယ်ကျိုးသက်သက် ငဲ့ကွက်မှု မထားမူ၍ အဂတိလိုက်စားခြင်းကို ကင်းလွတ်အောင် ရှောင်ရှား၍ တရားသဖြင့် အုပ်ချုပ်ထိန်းသိမ်းလျက် လောက,သာသနာ နှစ်ဖြာကောင်းကျိုး ပွါးတိုးအောင် ဆောင်နိုင်ကြပါစေသတည်း။ ။ဘုဉ္ဇာ-ခုနှစ်၊ ပဌမဝါဆိုလဆန်း(၄)ရက်။ (၁၈-၆-၆၁)

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု "ဆရာတော် အရှင်သုန္ဒရမထေရ်"၏

ဂါရဝဝါစမဂ်လာ သြဝါဒမိန့်ခွန်း

သာသနာတော်ထမ်းဆောင်ကြသော ရဟန်းတော်များသည်—

(၁) ဂါရဝမဂ်လာ၊

(၂) နိဝါတမဂ်လာ၊

(၃) သန္တုဋ္ဌိမဂ်လာ၊

(၄) ကတညုတမဂ်လာ၊

ဤမဂ်လာလေးပါးတို့နှင့် ပြည့်စုံစေရမည်။

(၁) ဂါရဝမဂ်လာ ပြည့်စုံလိုသောရဟန်းသည်—

(က) သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကို မြင်ရာအရပ်က ထိုင်လျက်သော်လည်းကောင်း၊ ခြေစုံရပ်လျက်သော်လည်းကောင်း လက်အုပ်ချီမိုး ရှိခိုး၍ ရိုသေစွာ နေရမည်။

(ခ) သို့မဟုတ် ပရိနိဗ္ဗာန်စံပြီးသော ဘုရားရှင်၏ဓာတ်တော်။

(ဂ) ဘုရားရှင်၏ရုပ်ပွါးတော်။

(ဃ) ဘုရားရှင်၏အသုံးအဆောင် ကျောင်း, ဗောဓိပင်, သင်္ကန်း, သပိတ်စသည်တို့ကို ဘုရား တရား သြဝါဒများလိုက်နာ၍ မြင်ရာအရပ်က လက်အုပ်ချီမိုး ရှိခိုးလျက် အရိုအသေပြုရမည်။

မဟာဝိသုတာရုမိက ဂဏဝါစကနိကာယကြီး၏ မဟာဂဏဝိနာယက, ဓမ္မသေနာပတိ,
အာဘိဓမ္မမဟာရဋ္ဌဂုရု ကျေးဇူးရှင် သက်တော်ရှည် အရှင်သုန္ဒရဆရာတော်ဘုရားကြီး

(ဂ) သာသနာပ ပုဒ်တော်မူကြသော သက်တော်ထင်ရှား ပစ္စေကဗုဒ္ဓါဘုရား, ယင်း ဘုရားတို့၏ ဓာတ်တော်နှင့် သက်နှံးကျောင်းစသော အသုံးအဆောင်တို့ကို လက်အုပ်ချီမိုး ရှိခိုးလျက် အရိုအသေပြုရမည်။

(စ) သဗ္ဗညုတမြတ်စွာဘုရား၏ သားတော်ဖြစ်ကြသော တပည့်သာဝကသံဃာတော်၊

(ဆ) ဥပဇ္ဈာယ်မဟာထေရ်၊

(ဇ) ဩဝါဒါစရိယ၊

(စျ) ကမ္မဝါစာစရိယ၊

(ည) ဓမ္မာစရိယ၊

(ဋ) နိဿယာစရိယ၊

(ဌ) အမိ-အဖ၊ အစ်ကိုကြီး-အစ်မကြီး—

စသည်တို့၌ မြင်ရာအရပ်က လက်အုပ်ချီမိုး ရှိခိုးလျက် အရိုအသေပြုရမည်။

ရိုသေသူ၏အကျိုးကား

ဘုရား ပစ္စေကဗုဒ္ဓ သာဝက ဥပဇ္ဈာယ် ဆရာအမျိုးမျိုးတို့၌ အရိုအသေ အလေးအမြတ် ပူဇော်ခြင်း ပြုသောသူသည် အကျိုးအားဖြင့်—

(၁) မျက်မှောက်ထင်ထင် ဘုန်းကြီး သက်ရှည်သည်။

(၂) ဇသသည်၏ အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရသည်။

(၃) နတ်ပြည်မလားသော်လည်း လူ့ပြည်ပြန်ဖြစ်လျှင် မြင့်မြတ်သော ဥစ္စာ ဂုဏ် သိရ် အခြံအရံ ကျော်ကြားသော မင်း စသည်အမျိုးတို့၌ ဖြစ်တတ်သည်။

(၄) လူချစ်လူခင် ပေါများတတ်သည်။

မရိုသေသူ၏အပြစ်

အရိုအသေပြုသင့်သော ဘုရား တရား သံဃာ ဥပဇ္ဈာယ်ဆရာတို့၌ မရိုမသေ မလေးမစား ထော်လော်ကန့်လန့် ပြုလုပ်တတ်သော သူသည်—

(၁) မျက်မှောက် ဘုန်းကြီး သက်မရှည် လျင်မြန်စွာ သေရသည်။

(၂) သေသော် အပါယ်သို့ လားရောက်ရသည်။

(၃) အပါယ်မှလွတ်၍ လူဖြစ်သော် ဆင်းရဲနွမ်းပါး ဒုက္ခနှိပ်စက်မှုများ မစင်ဘင်ကျုံး အမျိုးတို့၌ ဖြစ်ရသည်။

(၄) လူချစ်လူခင်နည်း၍ လူမုန်းများ အောဇနလုံးနာ ခံရသည်။

(၂) နိဝါတမဂ်လာ

နိဝါတဟူသည်ကား—

(၁) နှိမ့်ချသော စိတ်ရှိသည်အဖြစ်နှင့် နှိမ့်ချသောအကျင့် နှိမ့်ချသောအသက်မွေးခြင်း ရှိသည်၏အဖြစ်ပင်တည်း။ (မှန်၏။)

(၂) ပယ်သတ်အပ်သော မာန်ရှိလျက်- ပယ်သတ်အပ်သော ဒြပ်ရှိပြီး နှိမ့်ချသော စိတ်ရှိသော သူသည်—

(က) ခြေသုတ်ဖုံ၊

(ခ) ဦးချိုက်ချိုးသော နွားလားကြီး၊

(ဂ) အစွယ်ကျိုးမြွေမျိုးနှင့် တူသည်ဖြစ်၍ ပြေပြစ်သိမ်မွေ့နူးညံ့သော စကား၊

(ဃ) နားချမ်းသာ ချစ်စဖွယ်သော စကားမျှားကို ပြောဆိုတတ်သည်။

(၃) သန္တုဋ္ဌိမဂ်လာ

ရသမျှသော ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲခြင်းသည် သန္တုဋ္ဌိမည်၏။ ထိုသန္တုဋ္ဌိသည် (၁၂)မျိုးရှိ၏။

၁၂-မျိုးတွင် သင်္ဂန်း၌ ၃-မျိုး၊

(၁) ယထာလာဘသန္တောသ = ကောင်းကောင်းဆိုးဆိုး ရသမျှသောသင်္ဂန်းဖြင့် ရောင့်ရဲခြင်း။

(၂) ယထာဗလသန္တောသ = မကျန်းမာ၍ အားအလျောက် ပေါ့ပါး ပါးလွှာသော သင်္ဂန်းဖြင့် ရောင့်ရဲခြင်း။

(၃) ယထာသာရုပ္ပသန္တောသ=ဝိနည်းတိစီဝရိုက်၊ ဓုတင်တိစီဝရိုက်၊ ပံသုကူဆောင်၍ အကောင်းကိုပင် သင့်လျော်ဖွယ်သော သင်္ဂန်းဖြင့် ရောင့်ရဲခြင်း။

ဆွမ်း၌ (၃) မျိုး

(၁) ယထာလာဘသန္တောသ=သပိတ်တလုံးသာ ပေါ့ပေါ့ပါးပါး သုံးစွဲရသော ပိဏ္ဍပါတ်၊ ပတ္တပိဏ်၊ ကောသနိုက်ဆောက်တည်၍ ကောင်းကောင်းဆိုးဆိုး ရသမျှသော ဆွမ်း ဆွမ်းဟင်း ခဲဖွယ် စားဖွယ်တို့ဖြင့် ရောင့်ရဲခြင်း။

(၂) ယထာဗလသန္တောသ=မကျန်းမာ၍ အားအလျောက် ကျည်ကလွယ်သော ဆွမ်းတို့ဖြင့် ရောင့်ရဲခြင်း။

(၃) ယထာသာရုပ္ပသန္တောသ=ထောပတ်ဆွမ်း၊ အမဲ-ငါးစသော ဆွမ်းဟင်းကောင်းကိုပယ် သင့်လျော်ဖွယ်သောဆွမ်း, ဆွမ်းဟင်းတို့ဖြင့် ရောင့်ရဲခြင်း။

ကျောင်း၌ (၃) မျိုး

(၁) ယထာလာဘသန္တောသ=ကောင်းကောင်းဆိုးဆိုး ရသမျှသော ကျောင်းဖြင့် ရောင့်ရဲခြင်း။

(၂) ယထာဗလသန္တောသ=မကျန်းမာသည်ဖြစ်၍ မိမိရောဂါအစွမ်းအားဖြင့် လျောက်ပတ်သောကျောင်းဖြင့် ရောင့်ရဲခြင်း။

(၃) ယထာသာရုပ္ပသန္တောသ=ရုက္ခမူလိက၊ အဋ္ဌောကာသိက၊ ယထာသန္ထတိက ဆောက်တည်၍ ကျောင်းကောင်းကို စွန့်ပယ်၍ လျောက်ပတ်သော ကျောင်း ညံ့ညံ့ကလေးဖြင့် ရောင့်ရဲခြင်း။

ဆေး၌ (၃) မျိုး

(၁) ယထာလာဘသန္တောသ=ကောင်းကောင်း ဆိုးဆိုး ရသမျှသော ဆေးဖြင့် ရောင့်ရဲခြင်း။

(၂) ယထာဗလသန္တောသ=ရောဂါရှိသည်ဖြစ်၍ အနာနှင့် သင့်လျော်သော ဆေးဖြင့် ရောင့်ရဲခြင်း။

(၃) ယထာသာရုပ္ပသန္တောသ=ထောပတ်ဆီဦးစသော ဆေးကောင်းကိုပယ်၍ သင့် လျော်ရုံဆေးဖြင့် ရောင့်ရဲခြင်း။

ဤကား သန္တောသ (၁၂) မျိုးတည်း။

(၄) ကတညုတမင်္ဂလာ

အနည်းငယ်ထောက်ပံ့မှု

(၁) က။ အနည်းငယ်သော သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးပစ္စည်းအထောက်အပံ့။

ခ။ ကိုယ်နှုတ်စိတ် အမှုအရာ အထောက်အပံ့။

ဂ။ စာပေပရိယတ္တိ ပို့ချ အဆုံးအမ ဟောပြောပေးသော အထောက်အပံ့။

များစွာထောက်ပံ့မှု

(၂) က။ များစွာသောသင်္ကန်း, ဆွမ်း, ကျောင်း, ဆေးပစ္စည်း အထောက်အပံ့။

ခ။ ကိုယ် နှုတ် စိတ် အမှုအရာ အထောက်အပံ့။

ဂ။ စာပေ ပရိယတ္တိ ပို့ချ အဆုံးအမ ဟောပြောပေးသော အထောက်အပံ့ တစုံတခုဖြင့် ပြုအပ်သော ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့သည်၏ အဖြစ်ဖြင့် သိတတ်သောသူ၏အဖြစ်နှင့် သိသည့်အတိုင်း ပြန်ဆပ်သောသူ၏ အဖြစ်သည် ကတညုတာ မည်၏။

တနည်း

ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်စသော သတ္တဝါတို့၏ ဆင်းရဲအမျိုးမျိုးကို တားမြစ်တတ် ပိတ်ပင်တတ်သည်၏အဖြစ်ကြောင့် ကုသိုလ်ကောင်းမှုတို့သည် ယင်းသတ္တဝါတို့အား လွန်စွာ ကျေးဇူးများကုန်၏။ ထိုကြောင့် ကုသိုလ်ကောင်းမှုတို့ကိုပြု၍ အမျှပေးဝေကြကုန်သောသူတို့၏ ကျေးဇူးကို အဖန်ဖန်အောက်မေ့သူ၏အဖြစ်သည် ကတညူတာ မည်၏။

ဤသို့ ရသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲလျက် ကိုယ် နှုတ် စိတ်တို့နှင့် ယှဉ်သော မေတ္တာပွါးတတ် ပရိယတ္တိ ပို့ချတတ် အဆုံးအမပေးတတ် ဆရာမြတ်တို့အား ဤကျေးဇူးတွေကို မြော်ကိုး၍ နာယကဆရာများအပေါ် နှိမ့်ချသော စိတ်ထားနှင့် ကျေးဇူးဆပ်သောအားဖြင့် သြဝါဒ အဆုံးအမ နာယူရန် မေတ္တာရှေထား မိန့်ကြားတော်မူလိုက်သည်။

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ အနှစ် (၂၀) မြောက်
သြဝါဒ ခံယူပူဇော်ပွဲကြီးတွင် ကျေးဇူးရှင် မဟာဝိနာယကဆရာတော်ဘုရားကြီး၏
မိန့်ကြားတော်မူအပ်သော သြဝါဒကထာ မိန့်ခွန်းတော်

(၁) ကောဓံ ဝမိတ္တာ နာ ကဒါစိ သောစတိ၊ မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။
သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊ ဧတံ ခန္တိံ ဥတ္တမမာဟု သန္တော။

ကောဓ၊ အမျက်ဒေါသကို။ ဝဓိတ္တာ၊ ပယ်သတ်ပြီး၍။ ပယ်သတ်ပြီးသည်ရှိသော်။ နာ ကဒါစိ သောစတိ၊ ဘယ်အခါမှ စိုးရိမ်ကြောင့်ကြ ပူပန်ရမည်မဟုတ်။ မက္ခပ္ပဟာနံ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းဟူသော ကျေးဇူးကန်းမှုကို ပယ်ဖျောက်နိုင်ခြင်းကို။ ဣသယော ဝဏ္ဏယန္တိ၊ ရသေ့ရဟန်းတို့ ချီးမွမ်းကြကုန်၏။ သဗ္ဗေသံ၊ အယုတ်,အလတ်,အမြတ်မဟူ အလုံးစုံသောသူတို့၏။ ဝုတ္တံ ဖရုသံ၊ ကြမ်းကြုတ်ယုတ်မာ ဆဲရေးလာသောစကားကို။ ခမေထ၊ အတုံ့မပြန် အောင့်အည်းသည်းခံရာ၏။ ဧတံ ခန္တိံ၊ ဤသို့စောင့်စည်း အောင့်အည်းသည်းခံခြင်းကို။ ဥတ္တမံ၊ မြတ်သော သည်းခံခြင်းဟူ၍။ သန္တော၊ ရှေးရှေးသူဟောင်း သူတော်ကောင်းတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

ဤသို့ စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်တော်ဝယ် သိကြားမင်း မေးလျှောက်သည့် ပြဿနာ (၃)ချက်ကို ဘုရားအလောင်းတော် သရဘင်္ဂရသေ့ ဖြေဆိုသည့် အဖြေ စကားရပ်များအရ ကြမ်းကြမ်းကြုတ်ကြုတ် အယုတ်တမာ ဆဲရေးလာသော်လည်း မည်သည့် ပုဂ္ဂိုလ်အားသော်မျှ ကောဓအမျက် မထွက်စေပဲ အချင်းချင်း သည်းခံမှု ခန္တီဂုဏ်တည်းဟူသော လက်နက်သည် ဤကမ္ဘာလောကဌ် ပေါ်ရှိသမျှ လက်နက်ဆန်း လက်နက်ကောင်း ဆိုသည်တို့ထက် အဆအရာ အထောင်မက လွန်ကဲမှန်မြတ်သည့် သူတော်ကောင်းလက်နက်ကြီး ဖြစ်ကြောင်းကို ပြဆိုထားပေသည်။

(၂) ထိုမှတပါးလည်း—

နာ ဟေတမတ္ထံ မဟတီပိ သေနာ၊ သရာဇိကာ ယုဇ္ဈမာနာ လဘေထ။
ယံ ခန္တိမာ သပ္ပုရိသော လဘေထ၊ ခန္တီဗလသ္မိပသမန္တိ ဝေရာ။

ဟူ၍ ခန္တီကျေးဇူး အကျိုးထူးကို ချီးကျူးသောအားဖြင့် ဟောကြားဖြေဆိုထားပေသေးသည်။

ဟိ၊ အကျိုးကျေးဇူး ထူးမြတ်ပုံကို ဆိုဦးအံ့။ သပ္ပုရိသော၊ ယောကျ်ားသူမွန်တဦးသည်။ ခန္ဓိမာ၊ သည်းခံမှုဟူသော စွမ်းအားလက်နက် စွဲကိုင်လျက်ရှိပါမူ။ ယံ အတ္ထံ၊ အကြင်လက်နက် မှီခို လိုအပ်ဖွယ်ကောင်း အကျိုးအပေါင်းကို။ လဘေထ၊ ရနိုင်ရာ၏။ တေံ အတ္ထံ၊ လက်နက် စွဲမှု အကြောင်းပြုသည့် ထိုအကျိုးစုမျိုးကို။ သရာဇိကာ မဟာတီ သေနာ၊ ဘုရင်ကိုယ်တိုင် ဦးစီး၍ ကြီးမားသော အကွေ့ဘိနီ ရဲစစ်သည်အပေါင်းသည်။ ယုဇ္ဈမာနာပိ၊ ကိုယ်နှင့် အသက် ငဲ့ကွက်မထား တိုက်ခိုက်ခြေးသော်လည်း။ နံ လဘေထ၊ လိုအင်ပြည့်ဝ စိတ်တိုင်းကျအောင် မရနိုင်ရာ။ ဝေရာ၊ တို့ပြန်ခုခံ ရန်ဟူသမျှ ရန်စဆိုသည်တို့သည်၊ ခန္တီဗလသာ၊ ခွေး-လုံ မဘက် သည်းခံခြင်းလက်နက်အားဖြင့်သာလျှင်။ ဥပသမန္တိ၊ အစဉ်ကွယ်ပျောက် ငြိမ်းအေးခြင်းသို့ ရောက်နိုင်ကုန်၏။ -—

ဟူရကား.... သာသနာ့ဝန်ထမ်း ရဟန်းလောကဌ သပ္ပုရိသကိုဏ်းဝင် အရှင်ကောင်းများပီပီ အကွေ့ဘိနီ စစ်ကြီးချီ၍မျှ မရနိုင်သည့် အကျိုးထူးကို ရနိုင်သည့် သံသရာတခွင် နိဗ္ဗာန်ဝင် သည်အထိ ရန်ငြိမ်းစေကြောင်း လက်နက်ကောင်း ခန္တီဂုဏ်ဖြင့် လူချင်း ရှင်ချင်း အချင်းချင်းတို့ ရန်တင်းမပြု သည်းခံမှု ရှိကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပေသည်။

(၃) ထိုမှတပါးလည်း—

ကာယေန ဝါစာယ စ ယောဓ သညတော၊ မနသာ စ ကိဉ္စိ န ကရောတိ ပါပံ။
န အတ္တဟေတူ အလိကံ ဘဏေတိ၊ တထာဝိဓံ သီလဝန္တံ ဝဒန္တိ။

ဣဓ၊ ဤလောကဌ်။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ကာယေန ဝါစာယ စ သညတော၊ ကာယ ဝစီ နှစ်လီသော ဒွါရဖြင့်လည်း မကောင်းမှု ဒုစရိုက်မှ လုံခြုံအောင် စောင့်စည်း ပိတ်ဆို့အံ့။ မနသာ စ ကိဉ္စိ ပါပံ န ကရောတိ၊ မနောဒွါရဖြင့်လည်း တစုံတခု မကောင်းမှုကို မပြုငြားအံ့။ အတ္တဟေတု၊ မိမိတယောက်ကောင်းကျိုး မြော်ကိုးငဲ့ကွက်ခြင်းဟူသော အကြောင်းကြောင့်။ န အလိကံ ဘဏေတိ၊ စကားလှည်းလဲ့ စဉ်းလဲဖောက်ပြန် မမှန်သည်ကို မဆိုမပြောအံ့။ တထာ-ဝိဓံ၊ ထိုသို့ ဒွါရသုံးပေါက် ပြစ်မရောက်အောင် စောင့်ရှောက် ထိန်းသိမ်းနိုင်သည့် ပုဂ္ဂိုလ်ကို။ သီလဝန္တံ ဝဒန္တိ၊ သီလကျေးဇူး အထူးရှိသူဟု ခေါ်ဆိုသမုတ်ကြကုန်၏။—

ဟူသော သရဘင်္စတုတ္ထပဒ္ဒဂါ အဖြေလွှာစကားနှင့် လျော်ညီစွာ ကိုယ်နှုတ်စောင့်စည်းမှု စိတ်ကို ထိန်းသိမ်းမှုဟူသော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံစေလျက် သီလဝန္တ လင်္ကာပေသလ သိက္ခာကာမ ဓမ္မဂရုဖြစ်သော ရှင်ကောင်း ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ မိမိတို့ပါဝင်နိုင်အောင် အစဉ်မပြတ် သတိချပ်နိုင်ကြပါစေကုန်။

(၄) ထိုမှတပါးလည်း—

ဂမ္ဘီရပဉ္ဉံ မနသာဘိစိန္တယံ၊ နစ္စာဟိတံ ကမ္မ ကရောတိ လုဒ္ဒံ။
ကာလာဂတံ အတ္ထပဒံ န ရိဉ္စတိ၊ တထာဝိဓံ ပဉ္ဉဝန္တံ ဝဒန္တိ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဂမ္ဘီရပဉ္ဉံ၊ သတ္တုဘဿဆဇာတ်၊ သမ္ဘဝဇာတ်၊ မဟာဥမင်္ဂဇာတ်တို့ ဦးလာသော ပြဿနာကဲ့သို့ ပါဠို-အနက်အားဖြင့် ကွယ်ဝှက်နက်နဲ ခက်ခဲသောပြဿနာကို။ မနသာဘိစိန္တယံ၊ စိတ်ဖြင့်ကြံဆ အမှန်အကန်သိရ၍ နေ-လ-ဆူဆူ ဖြူသည့်အလား ထင်ရှား

စေနိုင်သည်ဖြစ်၍။ အစ္စာဟိတံ လုဒ္ဒံ ကမ္မံ၊ အလွန်အကျိုးယုတ်သည့် ကြမ်းကြုတ်ရက်စက်သူတပါးမျက်ရည်ထွက်စေတတ်သော အမှုကိုလည်း။ န ဂရောတိ၊ မပြုမလုပ်ငြားအံ့။ ကာလာဂတံ အတ္ထပဒံ၊ လှူသင့်ကျင့်သင့် စောင့်သုံးသင့်ရာအခါ၌ လှူခြင်း, ကျင့်ခြင်း, စောင့်သုံးခြင်းဟူသော တိုက်ဆိုင်လာသည့်ကိစ္စစုကို။ န ရိဉ္စတိ၊ မကင်း-မဆိပ် မလိပ်မလည်း စေငြားအံ့။ တထာဝိဓံ၊ ထိုသို့ ရှောင်သင့်-ပြုသင့် နှိုင်းချင့်ဝေဘန် ဆင်ခြင်ဉာဏ်ရှိသော ပုဂ္ဂိုလ်ကို။ ပညဝန္တံ၊ ပညာကဲမှန် တံခွန်ထူနိုင်သူဟူ၍။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။—

ဟူသော သရဘင်္ဂ ပဉ္စမပဉ္စာ အဖြေလွှာ စကားနှင့် လျော်ညီစွာလည်း အရာရာတွင် ခေါင်းဝင်ကိုယ်ဆန် ဉာဏ်ကွန်ရက်ဖြန့်ပြီးလျှင် (ဝန်နှင့်အား-မြားနှင့်လေး)ကျေးဇူးရှိ,မဲ့ ပြဲ.ပြဲ.လင်းလင်း ထိုးထွင်းသိမြင် ဆင်ခြင်နိုင်သောဉာဏ် ပညာတို့ဖြင့် သာသနာရေးကိစ္စတို့၌ စေ့စေ့ငုငြာ ကြည့်ရှုမြော်မြင်နိုင်ကြသည့် ရဟန်းပညာရှိတို့၏ အဖြစ်ဖြင့် ဂုဏ်ယူနိုင်လောက်အောင် မြဲမြဲကြံ့ကြံ့ သတိချပ်နိုင်ကြပါစေကုန်။

(၅) ထိုမှတပါးလည်း—

ယော ဝေ ကတညူ၊ ကတဝေဒိ ဓီရော၊ ကလ္ယာဏမိတ္တော ဒဠှဘတ္တိ စ ဟောတိ။
ဒုခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ၊ တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။

ယော အကြင်ပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ ကကညူ စ၊ မိမိတို့၌ သူတပါးတို့ပြုခဲ့ဘူးသော ကျေးဇူးကုဏ်ကို သိလေ့ရှိသည်လည်းကောင်း။ ကတဝေဒိ စ၊ ကျေးဇူးတုံ့ဆပ်သောအားဖြင့် သူ့ကျေးဇူးကို ထင်စွာပြုလေ့ရှိသည်လည်းကောင်း။ ဓီရော စ၊ မှန်ကန်သောအနက်သဘောကို ယူဆနိုင်သည်လည်းကောင်း။ ကလ္ယာဏမိတ္တော စ၊ သူတော်ကောင်းသာ ရွေးချယ်ပေါင်းသင်းတတ်သည်လည်းကောင်း။ ဒဠှဘတ္တိ စ၊ သူတော်ကောင်းကိုသာ မြဲမြဲကြံ့ကြံ့ ဆည်းကပ်မှီဝဲတတ်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်ငြားအံ့။ ဒုခိတဿ၊ ဒုက္ခရောက်ဆဲသဟဲ့-မိတ်ဆွေဖြစ်သူ၏။ ကိစ္စံ၊ ဒုက္ခနှင့်စပ် ပြုအပ်သမျှ အမှုကိစ္စကို။ သက္ကစ္စံ ကရောတိ၊ မိမိတာဝန်ဟူ၍ အားသွန်ကြိုးကုတ်ကောင်းစွာပြုလုပ်ငြားအံ့။ တထာဝိဓံ၊ ထိုကျေးဇူးသိတတ် ကျေးဇူးဆပ်၍ မိတ်မြတ်ဆွေကောင်းအပေါင်းဆန့်သူကို။ သပ္ပုရိသံ၊ လောကအလယ် တင့်တယ်မှန်မြတ်သော ယောကျ်ားဟူ၍။ ဝဒန္တိ၊ ဆိုတော်မူကုန်၏။—

ဟူသော သရဘင်္ဂ ဆဋ္ဌပဉ္စာ အဖြေလွှာနှင့်အညီ ကျေးဇူးရှင် ဆရာသမားတို့အထံမှ ကျေးဇူးကို ခံယူခဲ့ကြရသည့်အတိုင်း၊ ယခု အစည်းအဝေးပွဲကြီးသို့ မိမိတို့၏ ကိစ္စကို ပဓာနမထား၁ဲ့ အညီအညွတ် လာရောက် စည်းဝေးခြင်းကို ထောက်၍ ကတညုတ-ကတဝေဒိတာဂုဏ်နှင့် ပြည့်စုံကြသည့် သပ္ပုရိသဂိုဏ်းဝင် သူတော်စင်ချည်း ဖြစ်ကြောင်းကို ကောင်းစွာ သိရှိကြပြီး ဖြစ်ပေသည်။

သို့ရာတွင် နောင်အစဉ်သဖြင့် အလားတူဖြစ်သော တပါးသော ကျေးဇူးပြုသူတို့ အပေါ်၌လည်း ထို ကတညုတ-ကတဝေဒိတာဂုဏ်နှင့် ပြည့်စုံစေခြင်းအားဖြင့် သပ္ပုရိသ ကျင့်စဉ်ကြီးကို ဤ လောက၌ အစဉ်ကြီးပွါး ထွန်းကားစေရစ်ကြပါစေကုန်။

(၆) ထိုမှတပါးလည်း—

ဇတေဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊ သဒ္ဓေါ မုဒု သံဝိဘာဂီ ဝဒညူ။
သဂ်ါဟိကံ သခိလံ သဏှဝါစံ၊ တထာဝိဓံ နော သိရိ နော ဇဟာတိ။

မဟာဂဏဝိနာယက, အဘိဓေမဟာရဋ္ဌဂုရု သက်တော်ရှည် အရှင်သုန္ဒရဆရာတော်ဘုရားကြီး

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဧတေဟိ သမ္ဗေဟိ ဂုဏေဟိ ဥပေတော၊ စတုတ္ထပဋ္ဌမဆဋ္ဌတို့၌ ဆိုအပ်ခဲ့ပြီးသော ကျေးဇူးဂုဏ် အလုံးစုံတို့နှင့် ပြည့်စုံသည်။ သဒ္ဓေါ၊ သက်ဝင်ယုံကြည်မှု သဒ္ဓါတရား ရှိသည်။ မုဒု၊ နူးညံ့ပျော့ပျောင်း ချစ်ဖွယ်ကောင်းသော စကားရှိသည်။ သံဝိဘာဂီ၊ မိမိသုံးဆောင်မည့် အဘို့မှ ခွဲခြမ်းပေးဝေလေ့ ရှိသည်။ ဝဒညူ၊ တောင်းခံသူတို့၏ စကားရိပ်ကို နားလည်သိရှိတတ်သည်။ ဟောတိ၊ ဖြစ်ငြားအံ့။ သင်္ဂါဟိကံ၊ သင်္ဂဟတရား လေးပါးဖြင့် ချီးမြှောက်ထောက်ပံ့တတ်သော။ သခိလံ၊ ချို့အေးသာယာ နာယူဖွယ်သော စကားလည်းရှိသော၊ သဏှဝါစံ၊ နူးညံ့ပြေပြစ် မထစ်မငေါ့သော စကားလည်းရှိသော။ တထာဝိဓံ၊ ထို့သို့ ကျေးဇူး ဂုဏ်ထူးရှိသော ပုဂ္ဂိုလ်ကို။ နော၊ စင်စစ်ကေန် အမှန်အားဖြင့်။ သိရီ၊ ခြံရံပြန့်ပြော ကျော်စောသတင်း တင့်တယ်ခြင်း အသရေသည်။ ဒနာ ဇဟာတိ၊ မပျောက်မကွယ် မစွန့်ပယ်နိုင်။—

ဟူသော သရဘင်္သတ္တမပဉ္ဉာ အဖြေလွှာစကားအရ လောကသားတို့ လိုလားအပ်သည့်–

(၁) ခြွေရံသင်းပင်း ပေါများခြင်း၊

(၂) ကျေးဇူးသတင်း ကျော်စောခြင်း၊

(၃) လောကအလယ် ဂုဏ်မငယ်ဘဲ တင့်တယ်ဖွယ်ရာမှု ရှိခြင်း—

ဟူသော လောကအမြတ် ကျက်သရေဂုဏ်သည် သီလ-ပညာ ဟူသော သပ္ပုရိသလက္ခဏာ ရှိသူတို့ အပေါ်၌သာ စွဲမှီရပ်တည်နိုင်သောကြောင့် သာသနာတော်ကြီး၏ ကျက်သရေတန်ခိုး တိုးပွါးခြင်း၏ အကြောင်းအင်္ဂါ လက္ခဏာများကို မိမိတို့သန္တာန်ဝယ် အခြေခံရှိစေကြပြီးလျှင်–

(၇) ယာဝကိဝဉ္စ ဘိက္ခဝေ ဘိက္ခူ။ ယေ တေ ဘိက္ခူ။ ထေရာ ရတ္တညူ စိရပဗ္ဗဇိတာ သံဃပိတရော သံဃပရိဏာယကာ၊တေ သက္ကရိဿန္တိ ဂရုံကရိဿန္တိ မာနေဿန္တိ ပူဇေဿန္တိ၊ တေသဉ္စ သောတဗ္ဗံ မညိဿန္တိ ဝုစ္စိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ နော ပရိဟာနိ။

ဟူသော ဒေသနာတော်အရှိကို သတိပြုကြ၍ သံဃာ့ရှေ့ဆောင် သံဃာ့ခမည်းတော်ဖြစ်တော်မူကြကုန်သော ထေရ်ကြီးဝါကြီးတို့၏ စကားကို လေးစားနာယူကြလျက် နိဗ္ဗာန်အမြိုက် ဆိုက်သည်အထိ သံသရာတခွင် အစဉ်ကြီးပွါးကြောင်း ကောင်းသောအကျင့် ပဋိပတ်၌ တည့်တည့်မတ်မတ် ရပ်ဘည်ခြင်းဟူသော ကံပေါင်းကံသင်းများဖြင့် ဒလဟောကျဆင်းလျက်နေသော သာသနာ့ဂုဏ်သိရ် အရှိန်အဝါများကို ဟန့်တားကာဆည်းနှိုင်ကြရန် ဤအစည်းအဝေးကြီးမှ သြတ္တပ္ပအရင်းခံ မြော်မြင်ဉာဏ်ကိုယ်စီထွက်အောင် လေးနက်စွာ တိုက်တွန်းနှိုးဆော်လိုက်ပေသည်။

မဟာဝိသုတာရာမတိုက်

အင်္ဂုမဟာပဉ္စတ္ထိတ ဆရာတော် အရှင်နန္ဒဝံသ မဟာထေရ်

ဆရာတော်သည် လွန်စွာနက်နဲစူးရှသည့် ဉာဏ်ပညာနှင့်ပြည့်စုံတော်မူသည့် သာသနသောဓက သာသနရက္ခက ဆရာတော်တပါး ဖြစ်တော်မူပါပေသည်။

ဖွားသန့်စင်ရာဌာနမှန်

ဆရာတော်ဘုရားကြီးသည် မြင်းခြံခရိုင် ပုဂံမြို့နယ် ဆင်သားမွေးရွာ ခမည်းတော် ဦးအိုးနှင့် မယ်တော် ဒေါ်ဖိုးတို့၏ ဝမ်းကြာတိုက်မှ ၁၂၄၄-ခုနှစ် နတ်တော်လဆန်း ၂-ရက် စနေနေ့ ည ၃-ချက်တီးအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။

မွေးချင်းမျှားအနက်အကြီးဆုံး

ဦးအိုး, ဒေါ်ဖိုးတို့မှာ သားသမီး ၃-ယောက်ထွန်းကားခဲ့ရာ ဆရာတော်လောင်းလျှာသည် မွေးချင်း ၃-ဦးအနက် အကြီးဆုံး ဖြစ်လေသည်၊ ကျန် ၂-ဦးမှာ အမျိုးသမီး ၂-ဦးဖြစ်ရာ တဦးမှာ မဖွားမယ် ဖြစ်၍ ညီမအငယ်ဆုံးမှာ မအပ် ဖြစ်လေသည်။

နာမည်မှည့်ခြင်း

ဆရာတော်လောင်းလျှာသည် ရုပ်ရေရှုပကာယလည်း လွန်စွာကောင်းမွန်သည်၊ အသားအရေမှာ ဝါဝါဝင်းဝင်း ဥရုအသွေးအဆင်းဖြင့် တင့်တယ်လှပ သုဝဏ္ဏဝဏ္ဏလက္ခဏာကို ရသည်ဟု ဆိုနိုင်သည်၊ အသံမှာလည်း သာယာသည်, နာပျော်ဘွယ်ရှိသည်, မည်ဟိန်းသည်၊ နာမည်မှည့် မင်္ဂလာတွင် မိဘနှင့် ဆွေမျိုးသားချင်း မိတ်ဆွေတို့က ရှု၍မဝ သတိုးသားလှရတနာကို မောင်ထွန်းလှဟု အမည်နာမ ခေါ်ဝေါ်သတ်မှတ်ကြသည်။

မောင်ထွန်းလှ ဣတိ ကန္တမိ၊ ကိတ္တေသုံ အဘိဓာနကံ။
ဘာဝမိ္မ တေ စ သန္ဓာယ၊ သဟာယဉာတကာဒယော။

မင်းသားလုပ်မည်, ဘုန်းကြီးလုပ်မည်

ဦးအိုး, ဒေါ်ဖိုးဟူသော မိဘ ၂-ဦးတို့သည် သားလှရှေ့သွေး လူကလေးကို အရေးတယူပြုစုခဲ့ကြသည်၊ ရုပ်ရေရှုပကာယနှင့် အသံ၏ သာယာမြည်ဟိန်းပုံစသည်တို့ကို ထောက်ဆပြီး ငါတို့ရင်သွေး သားကလေးမောင်ထွန်းလှသည် သာမန်လူသား အညံ့စား မဖြစ်နိုင်ပေ၊ လူ့လောကတွင် ပေါ်လွင်ထင်ရှား ထူးခြားသည့်ယောကျ်ားအာဇာနည် ဖြစ်လိမ့်မည်၊ ငါတို့ မိဘ ၂-ဦးတို့သည် ငါတို့ရင်သွေး သားကလေး အထွတ်အထိပ်သို့ ထူးထူးခြားခြား ပေါက်ပေါက် ရောက်ရောက် ရောက်၍ လူလားမြောက်ပြီးမှ ခန္ဓာဟောင်းကို စွန့်လိုက်သည်ဟု ခဏခဏ မိဘ ၂-ဦးတို့ ဆွေးနွေးပြောဆို တိုင်ပင် ညည်းညူကြကုန်၏။

ဟေဟိတိ ဒါရကော နော ဟိ၊ သုဝိသိဋ္ဌော သုပါကဋ္ဌော။
ဝိသိဋ္ဌတ္တာဋ္ဌ ပဿိတ္ဝာ၊ မရိဿာမာတိ စိန္တယုံ။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်နန္ဒဝံသ မဟာထေရ်

ဤသို့ဖြင့် ဦးအိုး ဒေါ်ဖီး မိဘ ၂-ဦးတို့သည် အရိပ်တကြည့်ကြည့်နှင့် သားလှလူကလေး နှလုံးသွေးကို ကောင်းမွန်စွာ အစားအစာ နို့ချိုကျွေး၍ စောင့်ရှောက်ခဲ့ကြရာ တဖြည်းဖြည်း ကြီးပြင်းလှသောအခါ မိဘတို့က သာကလေး မောင်ထွန်းလှကို ဆွကြသည်၊ ကလိကြသည်၊ မေးမြန်းကြသည်။

(မိဘများ) လူကလေး ယခု မေမေတို့ ဖေဖေတို့ တောင်သူလုပ် အသက်မွေးကြတယ်၊ လူကလေးကြီးလျှင် ဘာလုပ်စားမည်လဲ။

(မောင်ထွန်းလှ) မေမေ ဖေဖေ့ကျနော်ကြီးလျှင် ဘုန်းကြီးလုပ်မည်, သို့မဟုတ် မင်းသားလုပ်စားမည်ဟု မောင်ထွန်းလှက အဖြေပေး၏။

(မိဘများ) လူလေးရယ် မိဘတို့က တောင်သူပဲ လူကလေးလဲ ကြီးလျှင် တောင်သူ လုပ်ရမှာပေါ့ ဘယ်နယ် ဘုန်းကြီးလုပ်လို့, မင်းသားလုပ်လို့ ဖြစ်မှာလဲ။

(မောင်ထွန်းလှ) မလုပ်ဘူး ကြီးလျှင် တောင်သူမလုပ်ဘူး ဘုန်းကြီးလုပ်မယ်, သို့မဟုတ် မင်းသားလုပ်မယ်ဟုသာ အဖြေပေးလေ၏။ ဤသို့စသည် မိဘတို့ဆွတိုင်း မေးတိုင်း ဘုန်းကြီး လုပ်မည်, မင်းသားလုပ်မည်ဟုသာ အဖြေပေး၏။

အဟံ သံဝစုကာလမှိ၊ ပဗ္ဗဇ်္ဇိဿာမိ သာသနေ။
ဥဒါဟု နာဠကေနေဝ၊ ဇီဝိဿံ ဘုဝနန္တရေ။

မိခင်ကွယ်လွန်ခြင်း

သားကလေး မောင်ထွန်းလှ လူလားမြောက် လူရည်ချွန်ဖြစ်မည်ကို မြော်လင့်ခဲ့ကြသူ မိဘ ၂-ဦးအနက် မိခင် ဒေါ်ဖီးမှာ မြော်လင့်ခဲ့သည့်အတိုင်း မဖြစ်ရှာပေ၊ မယ်တော်မာယာသည် အလောင်းတော် ၇-ရက်သားကလေးကို ထားခဲ့၍ ကွယ်လွန်သကဲ့သို့ ဆရာတော်လောင်းလျာ မောင်ထွန်းလှ၏ မိခင်ကြီး ဒေါ်ဖီးသည်လည်း ဆရာတော်လောင်းလျာအောက် မဖွားမယ်ကို ဖွားမြင်ခဲ့သေးသည်၊ မအပ် ဖွားမြင်ပြီးနောက် ၅-ရက်မြောက်တွင်ကား ဒေါ်ဖီးမှာ သားကလေး မောင်ထွန်းလှ လူလားမြောက်ရန် ထားဦးတော့ ၄-နှစ်သားလောက်တွင် ကွယ်လွန်အနိစ္စရောက်ရှာလေသည်၊ ကြံစည်ချက် လိုလားချက် အားလုံးသည် လိုရာမရောက် မပြီးမြောက်ပဲ လွဲချော်ခဲ့လေပြီ၊ ကျေးဇူးရှင်ဆရာတော်ကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ ဦးစီးနာယက, ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ အဓိပတိ ဓုရန္ဓရ, ညောင်တုန်းမြို့ သုံးထပ်တိုက်ကြီး၏ အဓိပတိဖြစ်ချိန်တိုင်အောင် မိခင်ကြီး အသက်ရှင်၍ မြင်သွားရပါမူ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ချမ်းသာသုခကို ခံစားရမည်သာတည်း။

ထေရကုံရေ အဝဓုပိ၊ ဇနိတိ ကာလံကရိ။
ထေရဘာဝမှိ ပဿေယျ၊ လဘေယျ နပွကံ သုခံ။

ဘခင် နောက်အိမ်ထောင်

ဆရာတော်လောင်းလျာ၏ ဘခင် ဦးအိုးသည် ဒေါ်ဖီးကွယ်လွန်ပြီးနောက် ဒေါ်ဖီး၏ ညီမ ဒေါ်ကွမ်းရုံနှင့် အိမ်ထောင်ပြုလေသည်၊ ဒေါ်ကွမ်းရုံ၌ ဦးဖိုးညို,ဒေါ်ဖွားခင်,ဒေါ်ဖွားခြုံအားဖြင့်

သားသမီး ၃-ယောက် ထွန်းကားခဲ့သည်၊ ဆရာတော်လောင်းလျှာသည် မိထွေး၏ အုပ်ချုပ်မှု အောက်တွင် နေရခြင်းတည်းဟူသော အခြေအနေကပင် သာသနာတော်သို့ ရောက်အောင် ပို့ဆောင်သော အကြောင်းတခုအဖြစ် ပါဝင်နိုင်လေသည်။

တောင်သူလုပ် နွားကျောင်း

ဆရာတော်လောင်းလျှာ မောင်ထွန်းလှသည် တဖြည်းဖြည်း ကြီးပြင်းလာသဖြင့် ၁၀-နှစ်ကျော် လောက်ကစ၍ ဘခင်နှင့် တောအုံကနားလိုက်၍ တောင်သူခွင် ကူညီရသည်၊ ထွန်ချတ်လျှင် နွားကျောင်းရသည်၊ ဤသို့ဖြင့် ဆရာတော်လောင်းလျှာသည် နွားဖြူ, နွားပြာ, နွားဝါတို့ကို အဖော်လုပ်ရင်း အရွယ်တော်ခေတ် ၁၅-နှစ်သို့ တိုင်ခဲ့သည်။

တရားသံဝဂ ရရှိခြင်း

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

နွားကျောင်းသားသူငယ်သည် နှင်တံတဖျာဖြင့် နွားတို့ကို နွားစာကျက်သို့ မောင်းနှင်သည့် နည်းတူ အိုခြင်းတရားနှင့် သေခြင်းတရားတို့သည် သတ္တဝါတို့၏ အသက်ကို မောင်းနှင်ကုန်၏– ဟူသော (ဓမ္မပဒ၊ ဥပေါသထိက ဣတ္ထိနံ ဝတ္ထု။ ၃၃)နှင့်အညီ ကိုယ်တိုင် နွားကျောင်းသား ဘဝဖြစ်ပြီး တဖြည်းဖြည်း ကြီးရင့်၍ ကျောင်းနေသက်နှင်းဝတ်ရန်အတွက် ဗုဒ္ဓကုံရဘုရားလောင်း လျှာ တိဟိတ်ပဋိလ် လူပျိုဖြစ်စ မောင်ထွန်းလှအား တရားသံဝဂ ရစေတော့သည်။

ကုလားတဲကျောင်းသို့

ဆရာတော်လောင်းလျှာ မောင်ထွန်းလှတို့ခေတ်က ဆင်သားမွေးရွာသည် အိမ်ခြေ ၁၀၀-လောက်သာ ရှိလေသည်၊ ထိုစဉ်က ဆင်သားမွေးရွာ၌ ဘုန်းတော်ကြီးကျောင်းမျှားလည်း မရှိသဖြင့် ဆင်သားမွေးရွာမှ သူငယ်မျှား ကုလားတဲကျောင်းစသည် အဆက်ရှိရာသို့ သွား၍ ကျောင်းနေပညာ သင်ကြားရပါကုန်သည်။

၁၅-နှစ်သားအရွယ်ရှိပြီဖြစ်သော ဆရာတော်လောင်းလျှာ မောင်ထွန်းလှကိုလည်း ဆင်သား မွေး အနောက်ဖက် မိုင်ဝက်လောက်ကွာသော ကုလားတဲရွာ ဘုန်းကြီး ဦးအုံကြီးကျောင်းသို့ ဘခင်က လိုက်ပို့အပ်နှံသဖြင့် "နမော ဗုဒ္ဓါယ သိဒ္ဓံ"-ကစ၍ သင်ပုန်းကြီး, မင်္ဂလသုတ်, စသည်တို့ကို သင်ယူရသည်။

ကုလားတဲ ပရိဝေဏမှိ၊ ထေရဏ်ရော သုသိက္ခတိ။
ဦးအုံကြီး ဣတိ ချာတဿ၊ ထေရဿ ဗာလပေါတ္ထကံ။

မောင်ထွန်းလှသည် ရှေးရှေးသောဘဝအထူးက ဖြည့်ဆည်းပူးခဲ့သည့် ပါရမီသမ္ဘာရပိုင်ရှင် ပညာဓိကဘုရားအလောင်းတော်သခင်လည်း ဖြစ်ရကား သင်ပုန်းကြီး, မင်္ဂလသုတ်စသောစာမျှား သည် ၂-လ၊ ၃-လအတွင်း နှုတ်မှာရွရွ အာဂုံရခဲ့လေသည်။

ညောင်ဦးရွှေစေတီတိုက်သို့

ဗုဒ္ဓကုံရလောင်းလည်းဖြစ် ပခုက္ကူမဟာဝိသုတာရာမဝိဇ္ဇာပီဋကြီး၏ အဓိပတိလောင်းလျာလည်းဖြစ်သော မောင်ထွန်းလှသည် ဝီရိယမှာ လိုလေသေး မရှိပါချေ၊ ကုလားတဲကျောင်းနေစဉ် မိုးကြီးစွေသဖြင့် အမြဲမပြတ် ကျောက်သင်ပုန်း၌ စာရေးလေ့ကျင့်ရင်း သင်ပုန်းချရာနေရောင်ခြည် မရသဖြင့် သင်ပုန်းမချောက်နိုင်၍ မီးတင်းကုပ်တဲသို့ သွားပြီး သင်ပုန်းမီးကင်လေ၏၊ ထိုကုလားတဲကျောင်း ကပ္ပိယ ဘိုတာရေးဆိုသူက ဆင်သားမွေးသားများ လုပ်လိုက်မှဖြင့် အရာနှင့်ကြောင်းကြောင်း ကျောက်သင်ပုန်း မီးကင်ရသလား, မင်းလူဖျင်း စာတတ်မည့်အကောင် မဟုတ်ပါဘူးဟု အကြောင်းမဲ့ ဂရဟာသံဖြင့် ငေါက်ငမ်းလေ၏၊ ထိုအခါ မောင်ထွန်းလှက နာကျည်းလှသဖြင့် ငါ ကုလားတဲကျောင်း မနေဘူးဟု ဆုံးဖြတ်ကာ ဆင်သားမွေးသို့ ချက်ချင်းပြန်သွား၍ အိမ်ရောက်သောအခါ ဘခင်ကို ခွင့်ပန်ပြီး ညောင်ဦးမြို့ ရွှေစေတီကျောင်းတိုက် ဦးလေးဘုန်းကြီး ဦးဝိသုဒ္ဓထံသို့ သွားလေသည်။

သင်္ကန်းဝတ်ပြု

ဦးလေးဘုန်းကြီး ဦးဝိသုဒ္ဓသည် မောင်ထွန်းလှကို သင်္ကန်းဝတ်ပေးကာ သာသနာဘောင်သို့ အရောက် ချီးမြှောက်၍ ရှင်နန္ဒဝံသဟူသောဘွဲ့ကိုလည်း မှည့်ခေါ်လေသည်၊ ထိုအခါ ရွှေစေတီတိုက်၌ ဆရာတော်လောင်းလျာနှင့် ဝမ်းကွဲတော်များ ဖြစ်ကြသော ဆရာတော်လောင်းလျာထက် ၅-နှစ်လောက် အသက်ကြီးသော ရဟန်းတော်ဦးပညိန္ဒ သာမဏေ ရှင်ကောသရတို့ ရောက်ရှိနေထိုင်နှင့်ကြသည်၊ ဆရာတော်လောင်းလျာ ရွှေစေတီတိုက်သို့ ရောက်၍ မကြာမြင့်မီ ဦးပညိန္ဒသည် မန္တလေးသို့ ပညာသင် သွားလေသည်။

ဆရာတော်လောင်းလျာ၏အကြံ

ထိုအခါ ဆရာတော်လောင်းလျာအား အကြံအစည်ဖြစ်သည်မှာ အင်း...ငါ၏အစ်ကို ဝမ်းကွဲတော် ဦးပညိန္ဒ မန္တလေးသို့ သွား၍ ပညာသင်သည်၊ ငါကမူ မန္တလေးမသွားပဲ ပခုက္ကူပန်းစွာတိုက် တိပိဋကဝိဒူ လိုက်ဆူကျော်ကြား အရှင်ဂန္ဓသာရဆရာတော်ဘုရားထံ ချဉ်းကပ်၍ ပညာရည်နှံ့ သောက်ပို့ရလျှင် အဆင်ပြေအချိုးကျပြီး ထိပ်ထိပ်ကဲ့ ပညာရှိတဦး ထူးခြားစွာ ဖြစ်နိုင်ပေမည်၊ ငါကမူကား ဒီဃဒသီ အရှည်မြင်မြော် ရေစကြိုဆရာတော် အရှင်ဂန္ဓသာရထံသို့သာ ချဉ်းကပ်ရပေမည်ဟု အလောင်းတော်ဗောဓိသတ်သည် ခဏချင်း ဆုံးဖြတ်ပြီး—

အဟံ ဟိ ဂန္ဓသာရဿ၊ တိပိဋကသုဝိညုနော။
သန္တိကေ ဥဂ္ဂဏှိတ္ဝာန၊ ဟေဿံ သပ္ပညပဏ္ဍိတော။
ဣတိ ဟိ ဗောဓိသတ္တော်န၊ ခဏေနေဝ သုနိစ္ဆိတော။

ဂန္ဓသာရစံရာပန်းစွာစာသင်တိုက်သို့

ပဏ္ဍိတော သုတသုမဂ္ဂေါ၊ ယတ္ထ အတ္ထိတိ စေ သုတော။
မဟုဿာဟေန တံ ဌာနံ၊ ဂန္တ္ဗွံဝ သုတေသိနာ။

ဟူသော နိတိကျမ်းတတ် ဆရာမြတ်တို့၏ ဥပဒေနိတိအားလျော်စွာ ဆရာတော်လောင်းလျာသည် ရှေးအခါက ဤသုတေသီအလောင်းတော်တို့ပင် ဗာရာဏသီစသည့် ဧဝေးလှစွာ ရပ်ဌာနီမှ

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်စသည့်ဝိဇ္ဇာဌာနများသို့ပညာသင်သွာ့းရောက်သောထုံးကို နှလုံးမူကာ လောကီလောကုတ္တရာ ဗဟုသုတ, ပရိယတ် ပဋိပတ် ဗဟုသုတပြည့်ဝလုံလောက် စွယ်စုံမြောက်သည့် တစ်ခေါ်လောက်သော ပညာရှင်ထိပ်သီး အရှင်ဂန္ဓသာရမဟာထေရ် သီတင်းသုံးစံပျော်စာပဲတော်သဘင် ဆင်ယင်ကျင်းပရာ ပုညတိတ္ထကြီးဖြစ်သည့် ပခုက္ကူမြို့ ပန်းစွာကျောင်းတိုက်သို့ ပိဋကတ် ၅-နိကာယ်ကို လက်ဝယ်အရောက်ရယူသင်ရန် ထက်သန်လှစွာသော ဇယာကျိုးမြတ် အာဇာနည်တို့၏ လှုံ့လဖြင့် ၁၂၆၁-ခုနှစ် သက်တော် ၁၇-နှစ်သားအရွယ်တွင် ရှေးဘဝများစွာက ပါရမီတိုက်တွန်းသဖြင့် ဆိုက်ရောက်ခဲ့သည်။

သတ္တရသေဝ ဝဿမို့၊ သမ္ပတ္တော ထေရသန္တိကံ။
ဂန္ဓသာရံ ဂန္ထဝါစံ၊ ကရောန္တံ ထေရကုဉ္ဇရံ။

အရှင်ဂန္ဓသာရထံ ဥပဇ္ဈာယ်ယူ တပည့်ခံခြင်း

အရှင်မဟာကဿပသည် မဂဓတိုင်း မဟာတိတ္ထပုဏ္ဏားရွာမှ ဘုရားထံလာခဲ့ရာ ရာဇဂြိုဟ်မြို့တော်နှင့် နာလန္ဒအကြား ၆-ပါးသော ရောင်ခြည်တော်ကွန့်မြူးလျက် ကြိုဆိုနေတော်မူသော ဘုရားရှင်မြင်လျှင် မြင်ခြင်း လက်အုပ်ချီ ဦးတော်တင်ကာ "သတ္ထာ မေ ဘန္တေ ဘဂဝါ သာဝကော-ဟမသ္မိ၊ သတ္ထာ မေ ဘန္တေ ဘဂဝါ သာဝကောဟမသ္မိ" ဘုန်းတော်နေဝန်း ထိန်ထိန်ထွန်းပါသည့် မြတ်စွာဘုရား မြတ်စွာဘုရားသည် တပည့်တော်ဆရာ ဖြစ်တော်မူပါဘုရား၊ တပည့်တော်သည် မြတ်စွာဘုရား၏ တပည့်သားပါဘုရား၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် အောင်သူတကာတို့၏ဘုရင် အရှင်မြတ်ဘုရား အရှင်ဘုရားသည် တပည့်တော်၏ဆရာ ဖြစ်တော်မူပါဘုရား တပည့်တော်သည် မြတ်စွာဘုရား၏ တပည့်ပါဘုရားဟု လျှောက်ထားသကဲ့သို့—

ညောင်ဦးမြို့ ရွှေစေတီ ရဂုံသင်္ဃိမ်းမှ ကြွမြန်းတော်မူခဲ့သော မဟာဝိသုတာရာမိက နိကာ-ယာဓိပတိလောင်းလျာ ရှင်နန္ဒဝံသသည် ပခုက္ကူ ပိဋကတ် အတတ်မြို့တော် ထေရ်ကျော်ပါကဋ္ဌ တိပိဋကဘုရင် အရှင်ဂန္ဓသာရစံရာ ပန်းစွာကျောင်းတိုက်သို့ ရောက်ဆိုက်လာခဲ့ပြီး ပန်းစွာတိုက် မယ်မင်းခင်ကျောင်းပေါ်တွင် ရွှေဂူအတွင်းစမွယ်နေသော ကေသရာဇာခြင်္သေ့မင်း သဖွယ် ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်လှစွာသော ပေစာထုပ်များစွာတို့၏ အလယ်၌ စမွယ်တော်မူလျက်ရှိသော ကျေးဇူးရှင်ရေစကြိုဘုန်းမော် ဆရာတော်ဂန္ဓသာရကို မြင်လျှင်မြင်ခြင်း "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" နိုင်ငံအတွင်း သတင်းပို့ကျော် ရေစကြိုဘုန်းမော်ဘုရား အရှင်ဘုရားသည် တပည့်တော်၏ ကြီးငယ် ၂-ရပ် ပြစ်မကပ်အောင် ဆုံးမတတ်သည့် ဆရာတော်ဖြစ်တော်မူပါဘုရား၊ တိပိဋကဘုရင်ဟု တိုင်းခွင်မဆုံ ပြန့်နှံ့ကျော်ကြား အရှင်ဘုရား အရှင်ဘုရားသည် တပည့်တော်၏ အပြစ်ကြီးအပြစ်ငယ် အရပ်ရပ်ကို ကပ်၍ရှုတတ် ဆုံးမတတ်သော ဆရာဖြစ်တော်မူပါဘုရား၊ ဒီဃဒဿီ အရှည်မြင်မျှော် အိုဆရာတော်ဘုရား ဆရာတော်ဘုရားသည် တပည့်တော်၏ မကောင်းတားမြစ် လမ်းကောင်းလှစ်လျက် အားသစ်ကြောင့်ကြ ဥဿာဟဖြင့် ဆုံးမသွန်သင်မည့် ဥပဇ္ဈာယ် ဆရာတော်ဖြစ်တော်မူပါဟု လျှောက်ထား၍ တပည့်ရင်းအဖြစ် ခံယူလိုက်တော့သည်။

ဆရာတော်ဘုရားကြီးကလည်း "ပါသာဒိကေန သမ္မာဒေဟိ" သင်သာမဏေသည် ကြည်ညိုဖွယ်ကို ဆောင်တတ်သော ကာယသမာစာရ, ဝစီသမာစာရ, မနောသမာစာရနှင့် ကောင်းစွာ

ပြည့်စုံစေပါလေ၃ဟု မိန့်တော်မူကာ ရှင်နန္ဒဝံသ၏ ဥပဇ္ဈာယ်ဆရာအဖြစ်ကို လက်ခံတော်မူလိုက်တော၃သည်။

ကစ္စည်းသဒ္ဒါကြီး ၁၆-ရက်ဖြင့် သင်ယူခြင်း

ဂဏာဓိပတိလောင်းလျာ ရှင်နန္ဒဝံသသည် ငါ့မှာ အရတော်ပေစ့၃ ငါ့မှာ တကယ်တမ်း အရတော်ပေစ့၃၊ ငါ့မှာ လူဘ၀ကို၊ ကောင်းစွာလှလှ အရတော်လှချပြီဟု ဥဒါန်းအကြိမ်ကြိမ်ကျူးကာ ဆရာတော်၏ စေခိုင်းချက်အရ ကျောင်းဘုန်းကြီးချထား၀ေးသည့် နေရာတွင် နေရာယူကာ ရောက်ပြီး၍ မကြာမီ စာချငယ်တပါးထံ တပည့်တော် သဒ္ဒါကြီး မတက်ရသေးသဖြင့် အမြန်ချပေးဖို့ လျှောက်ထားလေရာ လက်ခံသဖြင့် ထိုစာချဆရာတော်ကလေးထံ သဒ္ဒါကြီးကို ၁၆-ရက်ဖြင့် အာဂုံနှုတ်တက်အရကျက်ခြင်း, သုတ်ပြီး,ရုပ်ပြီး သင်ယူခြင်းဖြင့် ဗျာကရဏ်းသင်ယူမှု ရခဲ့လေသည်၊ စာရှုသူတို့ စဉ်းစားကြည့်ကြစမ်းကုန်၊ ထေရလောင်းလျာသည် ဒီမိုင်းဆိုက် စာမျက်နှာ ၂၀၀-ကျော်နီးပါး သုတ်စဉ်ပေါင်း ၆၇၃-ရှိသော ကစ္စည်းသဒ္ဒါကြီးကို ၁၆-ရက်ဖြင့် သင်ယူခဲ့ပြီ။ ထိုသံဃနာထ ထေရလောင်းလျာ၏ ထက်မြက်ပုံမှာ့မဖြစ်စဖူး အသစ်အထူး ဖြစ်ပါတော့သည်၊ လူသာမန်တို့ ကြံစည်ရသဖြင့် ကြက်သီးမွေးညှင်းထလောက်ပါတော့သတည်း။

သောဋ္ဌသဟိ ဒိနေဟေ၀၊ ကစ္စာယနဥဂ္ဂဏှိ သော၀။
တဿ ဗျတ္တဿ ဘာ၀ေါ တု၊ အဗ္ဘုတော လောမဟံသနော၀။

ဆရာတော်ကြီးထံ ပရိ၀ါစာဆို

မဟာ၀ိနာယကထေရလောင်းလျာ ရှင်နန္ဒဝံသသည် ကစ္စည်းသဒ္ဒါကြီးကို ၁၆-ရက်ဖြင့် ညက်ညက်ကျေစေခဲ့ပြီးနောက် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး ချတော်မူအပ်သော ပရိ၀ါစာ၀ါကို စာဆိုသူ၏အနီးတွင် လိုက်၍နေလေသည်၊ စာဆိုသူလွဲမှားပါက ထောက်မ၍ ပေးရာ စာထောက်သံကိုကြားရသော ရေစကြိုဆရာတော်ဘုရားကြီးက စာထောက်သူ ဘယ်သူလဲဟု မေးရာ အနီးအနားရှိ စာလိုက်စာနာတို့လျှောက်ထားမှုကြောင့် ကောင်းစွာသိရှိလေတော့သည်။

စာစပ်ခိုင်းခြင်း

ရေစကြိုဆရာတော်ဘုရားကြီးသည် စာထောက်သူ မဟာ၀ိနာယက ထေရလောင်းလျာ ရှင်နန္ဒဝံသအား ပရိ၀ါပါဠိတော်ကို စာစပ်ရန်အမိန့်ရှိသဖြင့် စာစပ်ရတော့သည်၊ စာစပ်သူအဖြစ်ဖြင့် စာ၀ါကို လွှန်စွာကြိုးပမ်းခဲ့သော ရှင်နန္ဒဝံသသည် စာစပ်၍ ၁-လလွန်သောအခါ စာဆိုသူ စာ၀ါပိုင်ရှင် ဖြစ်လာတော့သည်၊ ဆရာတော်လောင်းလျာ ရှင်နန္ဒဝံသသည် ပညာဓိကဘုရားအလောင်းတော်ပီသစွာ လွှန်စွာကြိုးစားတော်မူသည်။

အုန်းသီးခေါင်းအုံး စာပြန်ခြင်း

ဆရာတော်လောင်းလျာ ပညာရှင်၏ စာကြိုးစားပုံ ဝီရိယမှာ အခြားသူ လိုက်နာနိုင်ဖို့ဝေးစွာ့ကြံတွေးရန်ပင် မ၀ံ့ပါချေ၊ ကစ္စည်းသဒ္ဒါကြီး, ပုဒ်စစ်, သဒ္ဒါစစ်, သံ၀ဏ္ဏနာ နည်းလေးဆယ်,၀ါကျသွား ၀ါကျလာအဖြာဖြာ ဟိ စ ပန စသော နိပါတ်စွဲများ ရှည်လျားသော အနက်များကို ညတွင်အလွတ်ပြန်လေသည်၊ ဆရာတော်လောင်းလျာသည် စာပြန်ရင်း အိပ်ပျော်သွားတတ်သဖြင့်

အုန်းသီးကိုခေါင်းအုံးခေါင်းခုပြု၍ စာပြန်ခဲ့ကြောင်းမှာ ပခုက္ကူစာသင်တိုက်သမိုင်းတွင် ဥဒါန်းတွင် ရစ်တေ့သည်။

ကတ္ဝာန နာဠိကေရမိ၊ ဥဿီသကံ မဟာသုဓိ။
သဇ္ဈာယီ ရတ္တိယံ စေဝ၊ ဧဝံ သုပါကဋ္ဌော ဘဝိ။

အဆင်းရဲခံနိုင်ခြင်း

ဆရာတော်သည် ပညာတတ်ရန် တခုကိုသာ ရှေးရှုခဲ့သည်၊ပညာမရှိပဲ လူ့လောကထဲ နေရန် အကျိုးမရှိဟု တွက်ကိန်းချခဲ့သည်သာမက—

အဇရာမရံဝ ပညော၊ ဝိဇ္ဇာမတ္ထဥ္စ စိန္တယေ။
ဂဟီတ ဣဝ ကေသေသု၊ မစ္စုနာ ဓမ္မမာစရေ။

ဟူသော ဟိတောပဒေသ ဥပဒေသအတိုင်း ပညာသင်လုပ်ငန်း၌ မိမိကိုယ်ကို ယုင်းယိုမရှိ ပကတိ ကြံခိုင် မအိုနိုင်,မသေနိုင်သကဲ့သို့ သဿေပိုက်၍သာ စူးစိုက်ကြိုးပမ်းခဲ့သည်၊ ပခုက္ကူပန်းစ္စာ တိုက်၌ ရေစကြိုဆရာတော်ဘုရားကြီးထံ ပညာသင်စဉ် ဆုံမ်းဟင်းများ မျတအောင် မရရှိခဲ့ရှာပေ၊ မဝတဝ ရသမျှဆုံမ်းကို ရေနှင့်မျောကာ ဘုဉ်းပေးသုံးဆောင်ရရှာသည်၊ အစာအာဟာရက မဝ, လုပ်ငန်းက များပြားလှသဖြင့် ခန္ဓာကိုယ် ကြုံလှိုပိန်ချုံးခဲ့သည်၊ ကွန်ရက်အကြော ပြိုင်းပြိုင်းထသော ကိုယ်ကာယဖြင့် လူ့လောကတွင် ကြာရှည်စွာ နေရတေ့မည် မဟုတ်ဟုပင် သီတင်းသုံးဘော်တို့က ထင်ကြေးပေးခဲ့ကြသည်။

သာမဏေဘဝ စာချဖြစ်ခြင်း

မဟာဝိနာယက ထေရလောင်းလျာ ရှင်နန္ဒဝံသသည် ဓကျးငှးရှင် ရေစကြိုဆရာတော်ကြီးထံနှင့် ဆရာတော်အရှင်ပညာလောင်းလျာ စာချဆရာတော်ကလေးထံ၌ သည်းစွာသော လုံ့လဖြင့် သင်ယူခဲ့သဖြင့် ပိဋကတ်စာပေပို့ချနိုင်စွမ်းရည် ဂဏဝါစက,စာချအရည်အချင်း ရရှိပြီး ဖြစ်လေသည်၊ မျတအောင် မသုံးဆောင်ရ၍ ခန္ဓာကိုယ်လည်း ကြုံလှိသဖြင့် ဆုံမ်းစားကျောင်းဘုန်းကြီးဦးဝိမလက ဆရာတော်ကြီးအား ဆင်သားမွေး ရှင်နန္ဒဝံသတေ့ ဤနည်းနှင်နှင် သွားပါက ရေတိမ်တွင် နစ်ပါလိမ့်မည်ဟု လျှောက်ထားရာ ဆရာတော်ကြီးက စာ ၁-ဝါ ၂-ဝါ ချရမည်၊ ကိုယ်တိုင်လည်း စာသင်ရဦးမည်၊ဆုံမ်းစားကျောင်းတက် ဆုံမ်းစားရမည်ဟု အမိန့်ရှိတော်မူသဖြင့် ကိုရင်ဘဝမှစ၍ စာချကလေး ဖြစ်လေသည်၊ ထေရလောင်းလျာ၏ စွမ်းရည်မှာ လက်ဖျစ်ရိုက်မြေတုန်ဟည်းအောင် အံ့ချီးခြင်းငှါ ထိုက်လှတေ့သည်။

သာမဏေရော သမာနော၀၊ ဝါစကော ပဥ၀ါ သုဓီ။
ဇေဿ ဓီရဘာ၀ေါ စ၊ အစ္ဆရိယဗ္ဘုတဗ္ဗကော။

ဥပသမ္ပဒံ ခိုလှုံခြင်း

နိကာယဏ္ဍဝပါရဂူ သီဟိုဠ်သာသနာပြု အရှင်မဟိန္ဒသည် သံဃာ့မဟာနာယက အရှင်မဟာ-မောဂ္ဂလိပုတ္တတိဿထေရ်ကို ဥပဇ္ဈာယ်ပြုပြီး အတိဒုလ္လဘရဟန်းဘဝကို ရသကဲ့သို့ နိကာယဏ္ဍဝပါရဂူ ဂဏဝါစကမြန်မာသာသနာပြု ရှင်နန္ဒဝံသသည်လည်း သံဃာ့မဟာနာယက အရှင်ဂန္ဓသာရ

မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့ ကုန်သည် ဦးဘိုးချမ်း၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၂၆၃-ခု တပေါင်းလဆုတ် ၃-ရက်နေ့တွင် မြင့်မြတ်သော ရဟန်း ပဉ္စင်းအဖြစ်သို့ ရောက်လေသည်။

ဂန္ဆသာရံ မဟာထေရံ၊ ပိဋကတ္တယကောဝိဒံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ ဒုလ္လဘမလဘီ သုဓီ။

အဘိဓမ္မတ္ထသင်္ဂဟ ၄-ရက်ဖြင့် အရကျက်ခြင်း

စာချဆရာတော်ကလေး အရှင်နန္ဒဝံသသည် သုတ်ပါထေယျမှတပါးသော ပိဋကတ်ကို အဋ္ဌ-ကထာ, ဋီကာနှင့်တကွ သင်ယူခဲ့၍ သာမဏေဘဝမှစ၍ စာချဖြစ်သဖြင့် ဂန္ဆဓုရဝန်ကို အားသွန်ကြိုးပမ်းခဲ့သော်လည်း လိုနေသေးသည်မှာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းပင် ဖြစ်သည်၊ အများအား ဖြင့် အခြားစာသင်သားတို့ အစစ္စာ သင်လေ့သင်ထ ရှိသော်လည်း မြင်နိုင်ခဲ့၍ သိမ်မွေနက်နဲလှ သော အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို အရှင်နန္ဒဝံသ ငယ်စဉ်က မသင်ခဲ့ရသဖြင့် ကျေးဇူးရှင် ဆရာ တော်ကြီးထံ သဘောသကန် သရုပ်တို့ကို ၄-ရက်မျ ဆွေးနွေးရင်း ၄-ရက်အတွင်းမှာပင် အာဂုံ ကျက်ကာ အရဆောင်ခဲ့ကြောင်း စာရေးသူတို့ ဆရာတော်ထံ စာလိုက်ရင်း မိန့်ကြားချက်ကို မှတ်သားခဲ့ရဘူးလေသည်၊ ဆရာတော်၏ ပညာပါရမီတော်မှာ သာမန်လူသား မတုအားဖွယ် ကြီးကျယ်များမြတ်လှပါပေသည်။

စတူဟိ ဒိဝသေဟေဝ၊ ဝါစုဂ္ဂတမကာသိ သော။
သင်္ဂဟံ ဒုဒ္ဒသံ သဏ္ဌံ၊ ဂမ္ဘီရတ္ထူပနိဿိတံ။

သုတ်ပါထေယျပါဠိ အဋ္ဌကထာ ၁၅-ရက်

ရဟန်းသစ် ဂဏဝါစကာ အရှင်နန္ဒဝံသသည် ကိုယ်တိုင်လည်း ဝိနည်းပိဋကတ်နှင့် သုတ်သီလကွန် သုတ်မဟာဝါစသည်တို့ကို ပါဠိ အဋ္ဌကထာ ဋီကာ တဲ့ဖက်၍ ချပို့တော်မူသည်၊ သို့သော် သုတ် ပါထေယျပါဠိတော်နှင့် အဋ္ဌကထာကို ဆိုဝါဖြင့် မသင်ခဲ့ရသဖြင့် မကျေမနပ်ဖြစ်ခဲ့သည်၊ သို့ဖြစ်၍ အရှင်ပညာဂဏဝါစက (အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်)ထံ အချိန်များများတောင်း၍ ဆိုဝါဖြင့် သင်ယူခဲ့ရာ ၁၅-ရက်အတွင်း သုတ်ပါထေယျပါဠိ အဋ္ဌကထာ ပြီးဆုံးလေသည်၊ ယင်း သုတ်ပါထေယျပါဠိတော်သည် ဒီဃနိကာယ်အဝင်အပါ ပါထိကသုတ် ဥဒုမ္ဗရသုတ်စသော အား ဖြင့် သုတ်ပေါင်း ၁၁- သုတ် စာမျက်နှာ ဆဋ္ဌသံဂါယနာမူ ၂၆၀-ရှိ၍ အဋ္ဌကထာမှာ ဆဋ္ဌသံဂါယနာ မူ စာမျက်နှာ ၂၅၁-ရှိလေသည်၊ ၂၆၀+၂၅၁=၅၁၁၊ ၂-ရပ်ပေါင်း ၅၁၁- စာမျက်နှာရှိ ဓမ္မက္ခန္ဓာ ကျမ်းစာကို ၁၅-ရက်တွင်း သင်ယူနိုင်စွမ်းသော ဝီရိယနှင့် ဉာဏ်စွမ်းမှာ အလောင်းတော်ဖြစ်၍ သာ စွမ်းနိုင်သည်ဟု မှတ်ချက်ချသင့်ပေသည်။

ပန္နရသဒိနေဟေဝ၊ ပါထိကံ စ သမုဂ္ဂဏှိ။
ပညဿ ပညဝန္တဿ၊ သန္တိကေ ဝီရိယဝါ သုဓီ။

မန္တလေးမြို့ဆရာများထံ နည်းခံခြင်း

ဆရာတော်သည် ပခုက္ကူ၌ ဂဏဝါစကတာဝန်ကို ထမ်းဆောင်ရင်း မန္တလေးသို့ကြွပြီး ဆရာတော်များထံ နည်းခံလိုသေးရကား ရဟန်းသိက္ခာ ၇-ဝါအရတွင် ဥပဇ္ဈာယ်ဆရာတော်

အရှင်ဂန္ဆသာရကို ရှိခိုးဦးတင်ပြီး မန္တလေးမြို့ အရှေ့ပြင် ခင်မဏ်မင်းရွာဆရာတော်ထံ၌ ညဝါများကို အားရကျေနပ်အောင်သင်ယူပြီး, သုဓမ္မာဝင်တိုက်တော် ကျောက်ပန်းတောင်းဆရာတော် ထံတွင်လည်း လ-အနည်းငယ် နည်းခံယူတော်မူခဲ့သည်၊ ၎င်းမှတဖန် တောင်ပြင်ကြည်တလုံးဟု ကျော်ကြားထင်ရှားလှသော ရွှေရေးဆောင်ဆရာတော် အရှင်အာဒိစ္စရံသီ ဘွဲ့တော်ချီသော ဦးကြည်ထံ၌လည်း ဖြတ်ထုံးဝိနိစ္ဆယများကို ကျနစွာ သင်ယူခဲ့ပြီး ရဟန်း ၁၀-ဝါလောက်တွင် အသစ်တည်ဆောက်ပြီးဖြစ်သော ပခုက္ကူ။ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ ပြန်ကြွ၍ ဂန္ဆဓုရဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလေသည်။

မန္တလေးနဂရံ ဂန္ဆာ၊ သန္တာနံ သန္တိကေ သုဓီ။
ဥဂ္ဂဏှိ မဟုဿာဟေန၊ နာနာနယဝိနိစ္ဆယံ။
တတော ဝိသုတအာရာမံ၊ မနုညံ လောကပါကဋံ။
ပစ္စာဂန္ဆာန ထေရော ဟိ၊ ဝါစေသိ ပိဋကံ ဝရံ။

ဘခင်ကွယ်လွန်ခြင်း

ဆရာတော်သည် မန္တလေးမှ ပြန်ရောက်၍ ဆင်သားမွေးရွာ ဘခင်ကြီး ရင်ကျပ်ဝေဒနာ အသည်းအသန်ဖြစ်ကြောင်း လူလွှတ်အကြောင်းကြားသဖြင့် ဘခင်ထံကြွတော်မူ၍ နောက်ဆုံး ချီးမြှောက်တော်မူသည်၊ ဘခင်ထံမှောက် ရောက်လျှင်ရောက်ခြင်း ဘခင်က ဦးပဉ္စင်း တပည့်တော် တော့ နေရမှာမဟုတ်တော့ပါဘူး၊ ဦးပဉ္စင်း ယခုတွေ့ရဒါ နောက်ဆုံးဖြစ်မှာပါပဲ တပည့်တော်အား တရားသာဟောပါဟု မပီတပီ လေးလေးဆေးဆေး လျှောက်ထားသော ဘခင်၏စကားကြောင့် ဘခင်အနားမှ သီတင်းသုံးကာ မင်္ဂလသုတ်, မေတ္တာသုတ်, ရတနသုတ်, ဗောဇ္ဈင်သုတ်, ဓမ္မစက္ကာသုတ် စသည့် တရားတော်ဒေသနာအမျိုးမျိုးတို့ကို ဟောရွတ်ကာ မြင်းမိုရ်တောင်ဦး မကကြူးပါတဲ့ ကျေးငှူးအရှင် မွေးဘခင်ကို နောက်ဆုံးချီးမြှောက်တော်မူခဲ့လေသည်။

ပိတု ဂိလာနကာလမှိ၊ ဝါစကော ထေရကုဋ္ဌရော။
ပိတုနော သန္တိကေ ဌတွာ၊ နာနာဓမ္မမဘာဏိ သော။

ဘခင်ကြီးသည် အသက် ၆၀-ကျော်တွင် ဆရာတော်၏ နောက်ဆုံးချီးမြှောက်အပ်သော တရားဒေသနာအမြို့က်ဆေးကို နာခံမှီဝဲရင်း ခန္ဓာဟောင်းကို စွန့်ခဲ့လေသည်။ ဆရာတော်သည် ဘခင်စျာပနကို ရက်တိုဖြင့်သင်္ဂြိဟ်ပြီး ကြာရှည်မနေပဲ ပခုက္ကူသို့ ပြန်ကြွခဲ့တော့သည်။

ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက် အလှူခံခြင်း

ဆရာတော်သည် သာသနာပြုလိုစိတ် လွန်စွာပြင်းပြတော်မူသည်၊ ပခုက္ကူမြို့ မဟာဝိသုတာ ရာမကျောင်းတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံးတော်မူပြီး သက္ကရာဇ် ၁၂၀၄-ခုနှစ်လောက်တွင် ကျောင်းအမကြီး ဒေါ်ဒွေးဇု, ဒေါ်ဒွေးဥတို့ ဆောက်လုပ်လှူဒါန်းအပ်သော ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်သစ်ကြီးကို စာတုဒ္ဒိသသံဃိကကျောင်းတိုက်ကြီးအဖြစ် အလှူခံတော်မူပြီး ၁၃၀၂-ခုနှစ်အထိ သီတင်းသုံးတော်မူကာ အနယ်နယ် အစုံစုံ အမြို့မြို့ အရွာရွာမှ ရောက်ရှိလာကြသော စာသင်သား ရဟန်း သာမဏေတို့အား အောက်ခြေစာဝါများမှစ၍ နိကာယ်စာဝါကြီး များအထိ ကြီးမားသောလုံလဖြင့် ချပို့သင်ပြပေးတော်မူသည်။

ဆရာတော် ညောင်ဦး၌ သီတင်းသုံးစဉ် သံဃာတော်များမှာ ၃၀၀-ကျော်အထိ များပြားလေသည်၊ ဤသို့ဖြင့် ဆရာတော်အရှင်နန္ဒဝံသ မဟာထေရ်သည် ညောင်ဦးမြို့၌ ကြာမြင့်စွာ သီတင်းသုံးကာ ဘုရားမြတ်စွာ သာသနာကို ကောင်းစွာစည်ပင်အောင် ဆောင်ရွက်တော်မူခဲ့သည်။

ဧဝံ အတိဝိသိဋ္ဌော စ၊ ပါကဋ္ဌော ထေရပုင်္ဂဝေါ။
ညောင်ဦးပုရေ ဝသိတ္ထာ စ၊ ဇိနသာသနဇောတကော။

ညောင်တုန်းမြို့ သုံးထပ်တိုက်ကို အလှူခံခြင်း

သုဝဏ္ဏဘူမိသာသနာပြု သောဏထေရ်, ဥတ္တရထေရ်တို့မှ စတင်ဆက်ပွါးခဲ့သော ဆရာတော် ဘုရားသည် သောဏထေရ်, ဥတ္တရထေရ်တို့အလားပင် ဘုရားရှင်သာသနာ လွန်စွာပြန့်ပွါးစေသော ဇောစေတနာအဟုန်ဖြင့် အောက်ရပ်ဌာနဖြစ်သော ညောင်တုန်းမြို့သို့ ကြွတော်မူပြီး ဒါယိကာမကြီး ဒေါ်အုံးပေါ လှူဒါန်းအပ်သော သူတော်ကောင်းတို့ နှစ်ထောင်းဝမ်းသာခြင်းကို ဖြစ်စေတတ်သော သာသနပါလ သုံးထပ်တိုက်ကြီးကို သံဃိကအလှူခံတော်မူပြီး ၁၃၀၂-ခုနှစ်မှ စ၍ ၁၃၀၆-ခုတိုင်အောင် ယင်းကျောင်းတိုက်၌ သီတင်းသုံးတော်မူပြီး ကြီးမားလှသော ဝိရိယဉာဏဟုဖြင့် ဂန္ဆဓုရဝန်, ဝိပဿနာဓုရဝန်တို့ကို အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူကာ ဘုရားရှင်သာသနာကို စည်ကားပြန့်ပွါးအောင် ဖြန့်တော်မူခဲ့လေလည်။

ညောင်တုန်းဝှနဂရေ ရမ္မေ၊ အာရာမေ သာဓုနန္ဒနေ။
သာသနံပါလနာမမှိ၊ ပဿာရိ ဇိနသာသနံ။

ထိုကဲ့သို့ ညောင်ဦးမြို့, ညောင်တုန်းမြို့တို့၌ ကြာမြင့်စွာ သီတင်းသုံးတော်မူကာ သာသနာပြုတော်မူခဲ့သဖြင့် သာသနာတွင် ညောင်ဦးဆရာတော်ဟူ၍ရင်း, ညောင်တုန်းဆရာတော်ဟူ၍ရင်း လွန်စွာကျော်စော ထင်ရှားသတည်း။

ရန်ကုန်မြို့ ဘုရားကြီးတိုက်၌ သီတင်းသုံးတော်မူခြင်း

၁၃၀၇-ခုနှစ်တွင် ကျန်းမာရေးအရနည်းသဖြင့် ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍညထေရ်လျှောက်ထားချက်အရ ရန်ကုန်မြို့ ဘုရားကြီးတိုက်သို့ကြွတော်မူ၍ သီတင်းသုံးတော်မူရင်း ကျမ်းကျင်သောဆရာဝန်များနှင့် ဆေးကုတော်မူလျက် ၁၃၀၈-တိုင် ၂-ဝါဆိုတော်မူသည်။ ထိုကဲ့သို့ ဆေးကုတော်မူရင်းပင် ကျန်းမာရေးရခိုက် စာဝါများကို ချပို့တော်မူသည်။ ပခုက္ကူသီတင်းသုံးခိုက်လည်း ရန်ကုန်ဘုရားကြီးတိုက်၌ ရံဖန်ရံခါ ကြွရောက်သီတင်းသုံးတော်မူ၍ စာပို့ချတော်မူသည်။ ဤသို့ဖြင့် ထိရဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ဌာနများစွာတို့၌ သီတင်းသုံးတော်မူလျက် ဘုရားရှင်သာသနာစည်ပင်ရန် သာသနာနုဂ္ဂဟလုပ်ငန်းတို့ကို ပြုတော်မူခဲ့ပြီ။

ဧဝံ ဟိ ထိရဂုဏော်ဟိ၊ ဥပေတော ဗုဒ္ဓသာသနေ။
ဗဟူသု ဝိဟရိတ္ထာန၊ အကာ သာသနနုဂ္ဂဟံ။

ပခုက္ကူ ပိဋကတ်အတတ်မြို့တော်၌ ပြန်လည် သီတင်းသုံးခြင်း

ဆရာတော်သည် ၁၃၀၈-ခုနှစ် တော်သလင်းလဆုတ် ၆-ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ် ပို့လွန်တော်မူသဖြင့် ပခုက္ကူ ပိဋကတ်အတတ်မြို့တော် မဟာဝိသုတာရာမ

ကျောင်းတိုက်သို့ကြွရောက်၍ သီတင်းသုံးတော်မူကာ နိကာယ် ၅-ဖြာ ဒေသနာကို မပြတ်ချပို့ နည်းပေးတော်မူကာ နိကာယ် ၅-ရပ် ပိဋကတ်စည်တော်ကြီးကို ခိုင်မြဲတည့်မတ်သောစိတ်ဖြင့် ဆော်ရွမ်းတီးခတ်တော် ရိုက်နှက်တော်မူလေပြီ။

ပခုက္ကူနဂရံ ထေရော၊ အာဂန္ဆာ ဓမ္မဒုန္ဒုဘိံ။
ပဥ္စနိကာယသခ်ိတံ၊ ပဟရိ ထိရစေတသာ။

ပခုက္ကူကိုဏ်းကြီး၏ ဂဏမဟာဝိနာယက

၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ဂ-ရက်နေ့တွင် ပခုက္ကူပိဋကတ်အတတ်မြို့တော် မဟာဝိသုတာရာမနိကာယတက္ကသိုလ်ကြီး၌ ကျင်းပအပ်သော နိကာယ်အစည်းဝေးကြီး၌ အရှင် နန္ဒဝံသမဟာထေရ်အား မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏမဟာဝိနာယက ဆရာတော်အဖြစ် အရှင်ပညာမဟာထေရ် အဂ္ဂမဟာပဏ္ဍိတ, အရှင်သုန္ဒရမဟာထေရ် အဘိဓဇ-မဟာရဋ္ဌဂုရုတို့နှင့်အတူ သံဃာထု၏ ရွေးကောက် တင်မြှောက်ခြင်း ခံယူတော်မူခဲ့ရလေသည်။

နန္ဒဝံသော မဟာထေရော၊ တိပိဋကဝိသာရဒေါ။
အဟောသိ ဟိ နိကာယမ္ပိ၊ အဓိပတိ ဓုရန္ဓရော။

ဆရာတော်သည် ဆန္ဒ, ဒေါသ, ဘယ, မောဟအစရှိသည့် အဂတိတရားသို့ မလား မရောက်ပဲ ပခုက္ကူကိုဏ်းကြီး ဂဏာဓိပတိတာဝန်ကို သက်ဆုံးတိုင် ထမ်းဆောင်ခဲ့ရာ ဆရာတော် အခြံအရံ အကျော်အစောသည် လဆန်းပက္ခတွင် ပေါ်ထွန်းထွက်ပြူ ဥဒယ်မူသည့် ကျွန္ဒစန္ဒ လဗိမာန်အလား တနေ့တခြား ပြည့်ဖြိုး တိုးပွါးခဲ့လေသည်။

ဆန္ဒော ဒေါသော ဘယော မောဟော၊ ယော ဓမ္မံ နာတိဝတ္တတိ။
အာပူရတိ တဿ ယသော၊ သုက္ကပက္ခော စန္ဒိမာ။

(ပရိဝါရပါဠိ၊ မဟာသင်္ဂါမ၊ ဝိ၊ ၅၊ ၂၉၆)

အိန္ဒိယနိုင်ငံသို့ ကြွ၍ ဘုရားဖူးခြင်း

ဆရာတော်သည် ကိုယ်တိုင် ပညာဓိက ဘုရားလောင်း သူတော်ကောင်းကြီးဖြစ်ရကား ဘုရားနှင့်စပ်သော ဒဿနိယဌာန, သံဝေဇနိယဌာန စသည်တို့သို့ ကိုယ်တိုင်ကြွရောက်၍ ဖူးမြင်လိုသော ဇောစိတ္တုပ္ပါဒ် ပြင်းပြတော်မူလှသဖြင့် ၁၂၉၁-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့တွင် အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူကာ ဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်, ဘုရားမြတ်စွာ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ရတော်မူရာ မဟာဗောဓိပလ္လင်တော်, မြတ်စွာဘုရား ဓမ္မစက္ကာတရားဟောတော်မူရာ ဗာရာဏသီပြည် မိဂဒါဝုန်တော, မြတ်စွာဘုရားရှင် ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူရာ ကုသိနာရုံမလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော် စသော ဒဿနိယဌာန, သံဝေဇနိယ-ဌာနများနှင့် လွန်စွာ စိတ်ကြည်လင်ဘွယ်ရာကောင်းလှသည့် သာဝတ္ထိ, ရာဇဂြိုဟ် စသော ထိုထို ဌာန အနှံ့အပြားသို့ ကြွရောက်ဖူးမြော်တော်မူလေသည်။ ဆရာတော်သည် သတ္တဌာန စေတီများကို ကိုယ်တိုင် ရေးသား ရွတ်ဆို ဖူးမြော်တော်မူခဲ့သည်။

သတ္တဋ္ဌာန ဘုရားရှိခိုး

မဟာဗောဓိ အနိမ္မိသံ၊ စက်မံ ရတနာဃရံ။
အဇပါလံ မုစလိန္ဒံ၊ ရာဇာယတနံ နမာမဟံ။

အဟုံ၊ ခန္ဓာအာယတန ဓာတ်စုမျှကို နာမသမုတ် အကျွန်ုပ်သည်။ မဟာဗောဓိ၊ တထောင့် ငါးရာ ကိလေသာကို လေးဖြာမြို့က်မင် စိတ်သံလျက်ဖြင့် ချိုးဖျက်ရာဟူ ကျွန်းဇမ္ဗူ၌ ပွါးလူအစ ပျက်ပြန်ကလည်း နောက်မှပျက်လတ် ဘုရားမြတ်တို့ မစွန့်အပ်သော ဗောဓိစေတီတော်ကိုဂုဏ်း။ အနိမ္မိသံ၊ ဗောဓိညောင်ပင် ရှေ့ပလ္လင်ကို ကြည်လင်ဝင်းပြောင် အဆင်းရောင်ဖြင့် မျက်တောင်မခတ် မမှိတ်လတ်ပဲ မတ်တတ်ရပ်ကာ ရှုစားတော်မူရာ အနိမိသ စေတီတော်ကိုဂုဏ်း။ စက်မံ၊ ဗောဓိပင်မြောက် ရှေ့အနောက်ဟု ပြန်ခေါက်လူးလာ စင်္ကြံကြွတော်မူရာ ရတနာစက်မစေတီတော်ကိုဂုဏ်း။ ရတနာဃရံ၊ အဘိဓမ္မာရတနာကို ကောင်းစွာရှုမြင် သမ္ဗဉ်ဖြင့် ဆင်ခြင်တော်မူရာ ရတနာဃရစေတီတော်ကိုဂုဏ်း။ အဇပါလံ၊ သုဇာလျှုကမ်း နွားနို့ဆွမ်းကို ရှင်လန်းစံရာ အဘိဓမ္မာနှင့် ချမ်းသာဝိမုတ် ပရိဘုတ်လျက် လောကုတ်မေဒနီ တရားဆီကို အိအိဝဝ ခံစားရာဌာနဖြစ်သော အဇပါလစေတီတော်ကိုဂုဏ်း။ မုစလိန္ဒံ၊ မိုး ၇-ရက် ရွာသွန်းဆက်၍ အချက်ထင်ရှား သတိထားသည့် နဂါးပါးပျဉ်း မိုးဖန်ဆင်းလျက် ဝပ်စင်းညွတ်ခ ပူဇော်ရသည့် မုစလိန္ဒစေတီတော်ကိုဂုဏ်း။ ရာဇာယတနံ၊ တပုဿ ဘလ္လိက ညီနောင်နှစ်ဝတို့ တကွမှုံဆွမ်း ပေးလှူကမ်းရာ ရာဇာယတနစေတီတော်ကိုဂုဏ်း။ နမာမိ၊ စေတနာဗလဝ သဒ္ဓါအစလဖြင့် ဉာဏပြည့်ဖြိုး လက်ကြာမိုးလျက် ရှိခိုးပါ၏ဘုရား။

တနည်း—

ဆရာတော်ရေး သတ္တဋ္ဌာနဘုရားရှိခိုး

ပဌမံ ဗောဓိပလ္လင်္ကံ၊ ဒုတိယဉ္စ အနိမ္မိသံ။
တတိယံ စက်မံ သေဋ္ဌံ၊ စတုတ္ထံ ရတနာဃရံ။

ပဉ္စမံ အဇပါလဉ္စ၊ မုစလိန္ဒဉ္စ ဆဋ္ဌမံ။
သတ္တမံ ရာဇာယတနံ၊ ဣမေ သတ္တ အဟံ ဝန္ဒေ။

ပဌမံ၊ ပေါင်းသတ္တာဟ ခုနစ်ဝတ္ဝင် အစစ္စာသော။ မဟာဗောဓိပလ္လင်္ကဉ္စ၊ တရာအတောင် ဝန်းစောက်ဆောင်သည့် ညောင်ဗောဓိပင် ရှေ့ပလ္လင်ကိုဂုဏ်း။ ဒုတိယံ၊ ဗောဓိပင်နောက် ယူဆထောက်က နှစ်ဆူမြောက်ဖြစ်သော။ အနိမ္မိသဉ္စ၊ ဗောဓိပင်ရှေ့မြောက် တောင်အစောက်၌ မြက်ပေါက်ပလ္လင် ဗောဓိပင်ကို ကြည်လင်ဝင်းပြောင် အဆင်းရောင်ဖြင့် မျက်တောင်မခတ် မမှိတ်လတ်ပဲ မတ်တတ်ရပ်ကာ ရှုစားတော်မူရာ အနိမိသစေတီတော်ကိုဂုဏ်း။ တတိယံ၊ ရှေ့နှစ်ပါးနောက် ယူဆထောက်က သုံးဆူမြောက်ဖြစ်သော။ သေဋ္ဌံ၊ အလွန်အကြူး အထူးချီးမွမ်းအပ်သော။ စက်မဉ္စ၊ ဗောဓိအနိမိသ ကြားဌာန၌ နေ့ညခုနစ်ရက် မပျက်ကွက်ပဲ ဆက်ဆက် စင်္ကြံကြွတော်မူရာ ရတနာစက်မစေတီတော်ကိုဂုဏ်း။ စတုတ္ထံ၊ ရှေသုံးဆူနောက် ယူဆထောက်က လေးဆူမြောက်ဖြစ်သော။ ရတနာဃရံ၊ နှစ်ဆယ့်လေးပစ္စည်း ပဋ္ဌာန်းနည်းကို သိပ်သည်းသေချာ ဆင်ခြင်တော်မူရာ ရတနာဃရစေတီတော်ကိုဂုဏ်း။ ပဉ္စမံ၊ ရှေ့လေးဆူနောက် ယူဆထောက်က ငါးဆူမြောက်ဖြစ်သော။ အဇပါလဉ္စ၊ ဝိမုတ္တိသုခ မြိုက်ရသကို သတ္တရက်မျှား မြဲခံစားလျက် တပါးတည်းသာ

စံနေတော်မူရာ အဇပါလစေတီတော်ကိုဝင်း။ ဆဋ္ဌမံ၊ ရွှေငါးဆူနောက် ယူဆထောက်က ခြောက်ဆူမြောက်ဖြစ်သော။ မုစလိန္ဒဥ္စ၊ ကျည်းပင်အောက်နေ နဂါးမြို့သည် စရေတွက်ချက် ခုနစ်ရက်တိုင် သဆက်ပါးပျဉ်း မိုးဖန်ဆင်း၍ အချင်းခပ်သိမ်း ဘေးမလိမ်းပဲ အေးငြိမ်းချမ်းသာ ခံစားတော်မူရာဖြစ်သော မုစလိန္ဒစေတီတော်ကိုဝင်း။ သတ္တမံ၊ ရွှေခြောက်ဆူနောက် ယူဆထောက်က ခုနစ်ဆူမြောက်ဖြစ်သော။ ရာဇာယတနဥ္စ၊ ဥက္ကလာတိုင်းသား ကုန်သည်မျိုးနှင့် သိကြားမာဃဆက်ကပ်ခလျက် ဒါနမုံဆေး အလှူပေး၍ အရေးသင့်စွာ ဘုဉ်းပေးရာဖြစ်သော ရာဇာယတနစေတီတော်ကိုဝင်း။ ဣတိ၊ ဤသို့။ ဣမေ သတ္တာ၊ ဤသို့ပေါင်းထား ခုနစ်ပါးဟု ဘုရားမာရ်အောင်မြတ်ဘုန်းခေါင်၏ သုံးဆောင်စံစားရာ သတ္တဋ္ဌာန ပရိဘောဂစေတီတော်တို့ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒေ၊ ခြေ, လက်, နဖူး, တတောင်, ဒူး ဟု ငါးဦးတည်ရိုး ကော်ရော်မျိုးဖြင့် ရှိခိုးပါ၏ ဘုရား။

ဤဖော်ပြပါ သတ္တဋ္ဌာနဘုရားရှိခိုးမျှားကား ဆရာတော် ဗုဒ္ဓဂယာရောက်စဉ် သတ္တဋ္ဌာနစေတီတော်များကို ကြည်ညိုလှသဖြင့် ရေးသားပူဇော်တော်မူအပ်သော ဂါထာများ ဖြစ်လေသည်၊ စာရှုသူတို့ သဒ္ဓါပသန္နဖြစ်စေရန် ဆရာတော်၏ ခရီးစဉ်လမ်းပြကျမ်းမှ ဖော်ပြအပ်ပါသည်။

ပရိနိဗ္ဗာန်ဆင်းတုတော်အား တိစီဝရိက်စသည် ပူဇော်ခြင်း

ဆရာတော်သည် ဝိရိယ, ပညာ စသည်တို့သာ လွန်ကဲကြီးမားသည်မဟုတ်သေး သဒ္ဓါတရားလည်း လွန်စွာကြီးမားတော်မူသည်၊ အိန္ဒိယနိုင်ငံ ဘုရားဖူးကြွတော်မူစဉ် ကုသိနာရုံရောက်ခိုက် မြောက်သို့ ဦးခေါင်းပြုကာ လက်ျာနံတောင်းဖြင့် လျောင်းတော်မူဟန် ဆင်းတုတော်မြတ်ကြီးအား ရှေးဦးစွာ ဆွမ်းတော်, ပန်းတော်တို့ လှူဒါန်းပါရ မြတ်ပုည၏ အဖို့ဘာဂကို အမိ, အဘ, ဆရာသမား အစထား၍ သတ္တဝါအားလုံးတို့အား အမျှဝေခဲ့ကြောင်း အောက်ပါ ပါဠိဘာသာ အမျှဝေစာတမ်းကို ဆရာတော်ရေး မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

ဣမာဟံ ဗုဒ္ဓပူမာဏ တိစီဝရဒါန ပိဏ္ဍပါတဒါန ပူဖ္ဖပူဇာပတ္တိ၊
မာတာပိတုအာစရိယေ အာဒိံကတ္ဝာ သဗ္ဗသတ္တာနံ ဒေမိ။

ဆရာတော်၏ အမျှဝေစာတမ်း

ဆရာတော်သည် ပရိနိဗ္ဗာန် ဝင်စံကြွသွားတော်မူသည့် သက်တော်ထင်ရှား ဘုရားမြတ်အား ရည်မှန်း၍ ပရိနိဗ္ဗာန် ဝင်စံတော်မူဟန် ဆင်းတုတော်မြတ်ကြီးအား တိစီဝရိက်သင်္ကန်းနှင့် ဆွမ်းတော်, ပန်းတော်တို့ လှူဒါန်းပါရ မြတ်ပုည၏ အဖို့ဘာဂကို အမိ, အဘ, ဆရာသမား အစထား၍ သတ္တဝါအားလုံးတို့အား အမျှဝေခဲ့ကြောင်း အောက်ပါ ပါဠိဘာသာ အမျှဝေစာတမ်းကို ဆရာတော်ရေး မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

ဣမာဟံ ဗုဒ္ဓပူမာဏ တိစီဝရဒါန ပိဏ္ဍပါတဒါန ပူဖ္ဖပူဇာပတ္တိ၊
မာတာပိတုအာစရိယေ အာဒိံကတ္ဝာ သဗ္ဗသတ္တာနံ ဒေမိ။

လုမ္ဗိနီသွားစဉ်

ဆရာတော်၏မိုးတွင်းအဓိဋ္ဌာန်စာတမ်း

ဆရာတော်သည် အခြားအဖော်များနှင့်အတူ နောတန္ဒဝဘူတာမှ ၁၂၉၁-ခုနှစ် နတ်တော် လဆန်း ၁၄-ရက်နေ့တွင် ဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်သို့ လှည်းများဖြင့် ကြွတော်မူသည်၊ ည ၆-နာရီအချိန်တွင် ခွန်ကိုင်းခေါ်သော ရွာသို့ရောက်၍ ကုလားသူဌေး တဦးပိုင်မြေအိမ်၌ တည်းခိုရလေသည်၊ ဆရာတော်နှင့်ဘုရားဖူးအဖွဲဝင်တို့သည် မြေအိမ်၌ တံမြက် များလှည်းပြီး ကောက်ရိုးများခင်းလျက် ကောက်ရိုးပုံပေါ်၌ အိပ်ရာခင်းကြီးများ ခင်း၍ ခြုံထည်များ ခြုံ၍ မီးများပျိုးပြီး အိပ်ကြရ၏၊ ဆရာတော်၏ သင်္ကန်းများမှာလည်း လမ်းမှာ မိုးဖွဲ ၃-ကြိမ် မိုခဲ့သဖြင့် မိုးစွတ်ရာ မီးကင်သော်လည်း ကောက်ရိုးမီးဖြစ်၍ မခြောက်နိုင်ပဲ ချမ်းအေးစွာ ကျိန်းစက်တော်မူရလေသည်။

သွားရာခရီး ရွေတူရူအရပ်၌ မိုးများ သည်းထန်စွာ ရွာသွန်းသည်ကို မြင်သဖြင့် စိုးရိမ်လှ၍ မိုးသက်လေကျ မိုးများရွာလတ်သော် "မယံ ဗုဒ္ဓဿ ဘဂဝတော အာဘိဇာတိဋ္ဌာနဘူတံ သံဝေဇနီယံ လုမ္ဗိနီစေတိယံ ဝန္ဒိတုံ အာဂတာ၊ ယဒိဒံ ဝစနံ သစ္စံ၊ သစ္စာနုဘာဝေန ဒေဝေါ သီဃံ အမ္ဟေဟိ အပက္ကမိတ္ဝာ ဂစ္ဆတု၊ ဗုဒ္ဓါနုဿတိယာ ဓမ္မာနုဿတိယာ သံဃာနုဿတိယာ စတုန္နံ ဗြဟ္မဝိဟာရာနံ ဝိပဿနာယ စ အာနုဘာဝေန ဒေဝေါ သီဃံ အမ္ဟေဟိ အပက္ကမိတ္ဝာ ဂစ္ဆတု-ဟု ဆရာတော်သည် သစ္စာဓိဋ္ဌာန်ပြုတော်မူလေသည်၊ ဆရာတော်၏ အဓိဋ္ဌာန်ကြောင့် ၃-ကြိမ်လုံး မိုးကွင်း၍ သွားလေတော့သည်။

ဤသို့ဖြင့် စတုပါရိသုဒ္ဓိသီလ ၄-ဖြာတို့နှင့် ကောင်းစွာ ပြည့်စုံတော်မူသော ဆရာတော်၏ စိတ်အလို အဓိဋ္ဌာန်တိုင်း ဖြစ်တော်မူသည်မှာ—

ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ-ဟူသော အင်္ဂုတ္တိရ်ဒါနုပပတ္တိသုတ် (အံ၊၃။၇၁)စသည်တို့နှင့် ကိုက်ညီလှပါပေသည်။

သီဟိုဠ်နိုင်ငံသို့ ကြွတော်မူခြင်း

၁၂၉၁-ခုနှစ် နတ်တော်လဆုတ် ၁၁-ရက်နေ့တွင် အိန္ဒိယနိုင်ငံ မဒရတ်မြို့မှ သီဟိုဠ်ကျွန်းသို့ ဆက်လက်ကြွတော်မူ၍ သီဟိုဠ်ကျွန်း အနုရာဓမြို့ရှိ မဟာစေတီ, ထူပါရာမစေတီ, ဇေတဝနစေတီ, လင်္ကာရာမစေတီ, မရိစဝဋ္ဋိစေတီ, ဣဿရမုနိဘုရားကျောင်းတော်, အာဘယဂိရိစေတီ, ဇေတဝန စေတီ, ဒက္ခိဏာသာခါ မဟာဗောဓိ, လောဟမဟာပါသာဒ-စသော ပူဇနီယဋ္ဌာနများ, စေတိယ တောင်မှ အမ္ဗတ္ထလစေတီ, သီလာစေတီ, မဟိန္ဒရုပ်ထုတော် စသည့် စေတီ ပုထိုး ဆင်းတုများ, ပုလတ္ထိပုရမှ ဆင်းတုတော်များ ဒမ္မုလဘုရားကျောင်းတော်,စတုတ္ထသံဂါယနာတင်ရာ အာလောက လိုဏ်ဂူတော် ကန္ဒီမြို့မှ စွယ်တော်တိုက်, ကိုလံဘိုမြို့အနီး ကလျာဏီစေတီ-စသည်တို့ကိုလည်း ဖူးမြော်တော်မူခဲ့သည်။

လံကာဒီပံ ဂန္ဓာနု စ၊ မဟာထေရော ယတီသဘော။
စေတိယေ ပူဇယိတ္ဝာန၊ ကုသလံ နပ္ပကံ အကာ။

ကျမ်းဂန်ပြုစုတော်မူခြင်း။

ဆရာတော်သည် အနာဂတ်သာသနာအတွက် ကျေးဇူးများမည့် ကျမ်းဂန်ပေါင်း များစွာနှင့် ဝိနိစ္ဆယများစွာတို့ကို ပြုစုတော်မူခဲ့လေသည်၊ ၎င်းတို့ကား—

၁။ ရွှေစည်းခုံသမိုင်းခေါ် စေတိယုပ္ပတ္တိကထာကျမ်း၊
၂။ အိန္ဒိယသိဟိုဠ်ခရီးစဉ်ခေါ် မဂ္ဂင်္ဂမဒီပနီကျမ်း၊
၃။ ပဥ္စဗျာကရဏပုစ္ဆာဝိဿဇ္ဇနာကျမ်း၊
၄။ သိဂ်ါလောဝါဒသုတ်နိဿျနှင့် သရူပတ္ထဝိဘာဝိနီကျမ်း၊
၅။ သုတ်သီလက္ခန်ပါဠိတော်နိဿျ၊
၆။ သုတ်သီလက္ခန်အဋ္ဌကထာနိဿျ၊
၇။ သုတ်မဟာဝါပါဠိတော်နိဿျ၊
၈။ သုတ်မဟာဝါအဋ္ဌကထာနိဿျ၊
၉။ သုတ်ပါထေယျပါဠိတော်နိဿျ၊
၁၀။ သုတ်ပါထေယျအဋ္ဌကထာနိဿျ၊
၁၁။ ကစ္စာယနသဒ္ဒ်ပပါဋ်နိဿျ၊
၁၂။ သက်တော်ရှည်ဘုရားသမိုင်း၊
၁၃။ ဥပသမ္ပဒကမ္မဝါစာနိဿျသစ်၊
၁၄။ ကထိန်အမေးအဖြေ၊
၁၅။ ဥပုသ်အမေးအဖြေ၊
၁၆။ ပဝါရဏာအမေးအဖြေ၊
၁၇။ အနုဝါဒါဒိကရဏ်းအဆုံးအဖြတ်၊
၁၈။ အဒိန္နာဒါန်အဆုံးအဖြတ်၊
၁၉။ ရဟန်းခံ ကမ္မဝါစာဖတ်နည်း၊
၂၀။ ဗဒ္ဓသိမ် ဂါမသိမ် ဆက်စပ်ရာ၌ အဆုံးအဖြတ်၊
၂၁။ ဒို့သန္တကအဆုံးအဖြတ်၊
၂၂။ အာရာမအဋ္ဌဝိနိစ္ဆယကျမ်း၊
၂၃။ ကထိနစီဝရဝိနိစ္ဆယ၊
၂၄။ ဓမ္မတာသဘာဝပဝေသနဝိနိစ္ဆယ၊
၂၅။ သတ္တာဟကရဏီယဝိနိစ္ဆယ၊
၂၆။ သဘာဂဝတ္ထုနိမိတ္တေန နိမိတ္တပ္ပဝေသနဝိနိစ္ဆယ၊
၂၇။ စကြာရတနာအဆုံးအဖြတ်၊
၂၈။ အဘိဓမ္မဗုဒ္ဓဘာသိတဝိနိစ္ဆယ၊

၂၉။ သံဃဘေဒဝိနိစ္ဆယ၊
၃၀။ အနန္တရိက ဂါမဏီမာဝိနိစ္ဆယ၊
၃၁။ လန်ဒန်ပုစ္ဆာ ၆-ချက် အဖြေကျမ်း၊
၃၂။ ဝိဝါဒါဓိကရဏဝိနိစ္ဆယ၊
၃၃။ ကထိနာယတ္တဝိနိစ္ဆယ၊
၃၄။ ကမ္မဝါစာပါဠိကူပဒေသဒီပနီ၊
၃၅။ ပဉ္စဝီသတိပုစ္ဆာဝိဿဇ္ဇနာကျမ်း၊
၃၆။ ကူဋကဟာပနဝိနိစ္ဆယကျမ်း၊
၃၇။ မဟာဝိသုတာရာမဂုဏ်တော်ဖွင့်ကျမ်း၊
၃၈။ ဆအသာဓာရဏဉာဏ်တော်တရားစာ၊
၃၉။ အဒ္ဓမအဒ္ဓမသတ္တာဟဝိနိစ္ဆယကျမ်း၊
၄၀။ နေတ္တိပါဠိတော်နိဿျ၊
၄၁။ နေတ္တိအဋ္ဌကထာနိဿျ – စသည်တို့ ဖြစ်လေသည်။

ပညာရှိတပည့်တို့၏ ဆရာ

ဆရာတော်သည် မြန်မာပြည် အနှံ့အပြားရှိ တပည့်ပေါင်း များမြောက်စွာတို့၏ ဆရာတဆူလည်း ဖြစ်တော်မူသည်။

၁။ ဘဒန္တ ကောဏ္ဍည အဂ္ဂမဟာပဏ္ဍိတ ဘုရားကြီးတိုက်ဆရာတော် ရန်ကုန်။
၂။ ဘဒန္တတိက္ခ အဂ္ဂမဟာပဏ္ဍိတ ပဋ်လှသိမ်ကုန်းကျောင်းတိုက် ပြည်မြို့။
၃။ ဘဒန္တဇနကာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ဓာရုံကျောင်းတိုက် အမရပုရမြို့။
၄။ ဘဒန္တကလျာဏာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ မဟာဝေယန်ဘုံသာကျောင်းတိုက် မန္တလေး။
၅။ ဘဒန္တရေဝတ အဂ္ဂမဟာပဏ္ဍိတ ဒေဝသာဂရသိမ်ကုန်းတိုက် ရန်ကုန်။
၆။ ဘဒန္တနန္ဒမဠ္ဠ။ အဂ္ဂမဟာပဏ္ဍိတ ချမ်းသာကြီးတိုက် အနောက်ပြင် မန္တလေး။
၇။ ဘဒန္တသောဘိတ အဂ္ဂမဟာပဏ္ဍိတ ကိုးဆောင်တိုက် မြင်းခြံမြို့။
၈။ ဘဒန္တနန္ဒိယ တိပိဋကဓရ ပါဠိ-မြန်မာ အဘိဓာန်ပြု တာဝန်ခံ တိုက်အုပ်ဆရာတော် မဟာဝိသုတာရာမတိုက် ပခုက္ကူ။—စသည်တို့သည် ဆရာတော်ဘုရားကြီး၏ တပည့်ရင်းများ ဖြစ်ကြသည်။

ထို့ကြောင့် ဆရာတော်သည် သီလဝန္တ သိက္ခာကာမ ကလျာဏဓမ္မ ဇနသာရ ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူ၍ သီလဝန္တ သိက္ခာကာမ ကလျာဏဓမ္မ ရဟန်းတပည့် များစွာအခြံအရံနှင့် ပြည့်စုံ

တော်မူသည့် သာရသာရ ပရိဝါရ ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်၊ တော်မူလျက် သာရအစစ် ဖြစ်တော်မူ၍ ဘုရားရှင်သာသနာအလယ်၌ တင့်တယ် စမွယ်တော်မူလေပြီ။

သယံယေဝ စ သာရော၀၊ သာရေဟိ ပရိ၀ါရိတော၀။
ဟုတ္ဝာ ဝိရောစိ သော၁ သာရော၊ သာရဿ သာသနမ္မရေ။

ဂုဏ်တော်အသွယ်သွယ်

ဆရာတော်သည် ဘုရားရှင်သာသနာတော်၀ယ် သီလ, သမာဓိ, ပညာဟူသော ဂုဏ်တော် အသွယ်သွယ်တို့ဖြင့် ရှေးက သာသနာ့၀န် အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူခဲ့ကြသော သာ၀က ကြီးများပမာ တင့်တယ်တော်မူခဲ့လေသည်။

ဆရာတော်၏ သီလ ဂုဏ်တော်

ဆရာတော်သည်—

ကိကီ၀ အဏ္ဍံ စမရီ၀ ၀ါလဓိ၊
ပိယံ၀ ပုတ္တံ နယနံ၀ ဧကံ။
တထေ၀ သီလံ အနုရက္ခမာနကာ။
သုပေသလာ ဟောထ သဒါ သဂါရ၀ါ။

ဟူသော ဝိသုဒ္ဓိမဂ် ၁၊ ၃၄-စသည် ဂါထာအားလျော်စွာ ဥကို ခင်မင်သော ရစ်မကဲ့သို့၎င်း၊ အမြီးအတွက် အသက်စွန့်သော စမရီသားကောင် (တိဗက်ယက်နွား) ကဲ့သို့၎င်း၊ မျက်လုံး တလုံးသာရှိသူသည် မိမိ၏မျက်စိကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်သကဲ့သို့၎င်း အသက်ကို စွန့်ရစေကာမူ—(ပါတိမောက်လာ သိက္ခာပုဒ် ဥပဒေတော် ၂၂၇-သွယ်နှင့် "ကိုးထောင်တရာ၊ ရှစ်ဆယ်သာ၊ သခ်ျာ ကုဋ္ဌေထုတ်။ ငါးသန်းသုံးသောင်း၊ ခြောက်ထောင်ဆောင်း၊ များတောင်း သိက္ခာပုဒ်")ဟူသော လက်ာအားလျော်စွာ ကုဋ္ဌေ ကိုးထောင်ကျော် သိက္ခာပုဒ်တို့ကိုလည်း ဖောက်ဖျက်တော်မမူပဲ ကောင်းစွာ စောင့်ရှောက်တော်မူ၍ ဘုန်းဟော့မြတ်စွာ သာသနာ၀င်တွင် မှတ်တမ်းတင်ထိုက်အောင် စောင့်ရှောက်တော်မူပါသည်၊ ၎င်းပြင် ဆရာတော်သည် စက္ခု, သောတ, ဃာန, ဇိ၀္ဟာ, ကာယ, မနော မချောမပြေ ဣန္ဒြေတို့၌ လွန်စွာ ယဉ်ကျေးအောင် စောင့်ရှောက်သည့် ဣန္ဒြိယသံ၀ရသီလနှင့်လည်း ပြည့်စုံတော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည်သာမက အသက်မွေးမှုအတွက် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တို့ကို ချိုးဖျက်တော်မမူခြင်း၊ ကုဟန, လပန, နေမိတ္တိကစသည်တို့မှ ဝေးကွာတော်မူသဖြင့် အာဇီ၀ပါရိသုဒ္ဓိ သီလဖြူစင် အရှင်မြတ်ကြီး လည်း ဖြစ်တော်မူသည်။

သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး လေးပါးသော ပစ္စည်းတို့ကို သုံးဆောင်ရာ၌ သတိ သမ္ပဇဉ်ဖြင့်ယှဉ်၍ သုံးဆောင်တော်မူသည်သာမက ပစ္စဝေက္ခဏာ ပွါးများ ဆင်ခြင်လျက် သုံး ဆောင်တော်မူရကား ပစ္စယသန္နိဿိတသီလတည်းဟူသော အဆင်တန်းဆာတို့နှင့်လည်း ပြည့်စုံ တော်မူသည့် ပုဂ္ဂိုလ်မှန် ပုဂ္ဂိုလ်မြတ်ကြီး စစ်မှန်လှတော့သည်၊ ဤသို့ဖြင့် ဆရာတော်သည် သီလလေး သွယ် ဟူသော ခြယ်လှယ်ဖွယ်ရာ တန်းဆာမှန်ဖြင့်လည်း တင့်တယ်တော်မူလှသည့် ဘုရားရှင်

သာသနာပြုတိုက်တော်၌ လေ့လာစရာ ကြည်နူးစရာ ဖူးမြော်စရာ မြတ်နိုးစရာ ကျက်သရေဆောင် ဆရာတော်ဘုရားကြီးပါတည်း။

ဧဝံ ဟိ နော မဟာထေရော၊ စတုဿီလသုသောဘနော။
သာသနေ လောကနာထဿ၊ မာနိတမ္ဗော သိရိန္ဓရော။

ဆရာတော်၏ သမာဓိဂုဏ်တော်

ဆရာတော်သည် သမာဓိသခင်လည်း ဖြစ်တော်မူသည်၊ ဆရာတော်သည် ဂန္ဆဓုရဝန်ကို အားသွန်၍နေပါမူ ဂန္ဆဓုရတည်းဟူသော အာရုံ၌သာ ဧကဂ္ဂတာကျ သမာဓိရတော်မူ၍ နေလေသည်၊ သို့မဟုတ် ကမ္မဋ္ဌာန်း ဘာဝနာပွါးများ နှလုံးသွင်းနေပါက ကမ္မဋ္ဌာန်းအာရုံတည်းဟူသော အာရုံတခု၌သာ စွဲလမ်းကပ်ငြိတော်မူလေသည်။

သေလော ယထာ ဧကတ္တနော၊ ဝါတေန နာ သမီရတိ။
ဧဝံ နိန္ဒာပသံသာသု၊ နာ သမိဉ္ဇန္တိ ပဏ္ဍိတာ။

ဟူသော ဓမ္မပဒ၊ လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု (ဓမ္မ၊ ၂၅)အား လျော်စွာ ပကတိပင်ကိုယ် လေမုန်တိုင်းဖြင့် မတုန်လှုပ် မယိမ်းယိုင်သည့် တခဲနက်ကျောက်တောင်ပမာ ကဲ့ရဲ့ခြီးမွမ်းမှုစသော လောကဓံလေဖွေ့သော်လည်း ရွှေယိုင်တော်မမူပါပေ၊ ဤသို့ စသည်ဖြင့် ချီးကျူးမကုန် သမာဓိတော်ဂုဏ်တို့ဖြင့်လည်း သာသနာတွင် လွန်စွာကျော်ကြားပါပေသည်။

ဧဝံ ဟိ နော မဟာထေရော၊ သမာဓိဂုဏသံယုတော။
သာသနေ လောကနာထဿ၊ အတီဝ ပါကဋော ဘဝိ။

ဆရာတော်၏ ပညာဂုဏ်တော်

ဆရာတော်သည် လွန်စွာသိမ်မွေ့သော ပရမတ္ထသဘာဝဓမ္မတို့၌ လွန်စွာစူးရှထိုးထွင်းသိမြင်သော တိက္ခပညာ, နက်နဲသော ဂမ္ဘီရပညာ, ခန္ဓာ, အာယတန, ဓာတ်စသောတရားတို့၌ အနိစ္စ, ဒုက္ခ,အနတ္တ-အားဖြင့် လျင်မြန်စွာသိစွမ်းနိုင်သော ဇဝနပညာ,မပျောက်မပျက် အသက်ထက်ဆုံးမှတ်စွမ်းနိုင်သော ဒဋ္ဌပညာ,မြေကြီးအထုပမာ လွန်စွာကြီးမားသော ဘူရိပညာနှင့်လည်း ပြည့်စုံတော်မူပါပေသည်၊ ဤသို့ဖြင့် တိက္ခ,ဂမ္ဘီရ,ဇဝန,ဒဋ္ဌ,ဘူရိ အစရှိသည့် ပညာတော်အမျိုးမျိုးနှင့် ပြည့်စုံတော်မူသဖြင့် စင်စစ် ထူးကဲမှန်မြတ်သော အာဇာနည်ပုဂ္ဂိုလ်မြတ်ကြီးဖြစ်တော်မူပါပေသည်။

တိက္ခဂမ္ဘီရပညော စ၊ ဇဝနပညော တထေဝ စ။
ဒဋ္ဌဘူရိ စ သော အာသိ၊ ဝိသိဋ္ဌာဇာနီယော ဝိဒူ။

ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည် ဂန္ဆဓုရ,ဝိပဿနာဓုရများ အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူရင်း—

၁။ နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်၊
၂။ ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ဝင်တာဝန်၊
၃။ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယတာဝန်၊

၄။ ဆဋ္ဌသံဂါယနာ သြသာနသောဓကတာဝန်၊

၅။ ဗုဒ္ဓဝင်စာမူတည်းဖြတ်ရေးအဖွဲဝင်တာဝန်၊

၆။ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ ဂဏမဟာဝိနာယကတာဝန်-

စသည့် တာဝန်တို့ကိုလည်း ဘုရားမြတ်စွာသာသနာတော် စည်ပင်ရန်အတွက် ဆောင်ရွက်ပြုလုပ် တော်မူခဲ့လေသည်။

ဓုရန္တရေ မဟာထေရော၊ သြဝါဒါဒိ ဓုရာနိပိ။
အကာသိ မဟုဿာဟေန၊ သာသနဿာဘိဝုဒ္ဓိယာ။

ပညာဓိကဘုရားအလောင်းတော်

ဆရာတော်သည် ပညာဓိကဘုရားအလောင်း သူတော်ကောင်းကြီး ဖြစ်ပါပေသည်။ဆရာတော် သည် သာသနာတော်ဆောင်ရွက်ခဲ့သော ကောင်းမှုတော်အမျိုးမျိုးတို့ကြောင့် လူစည်းစိမ်, နတ် စည်းစိမ်, ဗြဟ္မာစည်းစိမ်နှင့် ပကတိသာဝကအဖြစ်, မဟာသာဝကအဖြစ်,အဂ္ဂသာဝက,ပစ္စေကဗုဒ္ဓါ အဖြစ်တို့ကို တောင့်တရည်စူးတော်မမူပါခဲ့။

ဆရာတော်သည် ကျမ်းစာဒေးခြင်း,စာပေပို့ချခြင်း,ကမ္မဋ္ဌာန်းဘာဝနာ ပွါးများခြင်း, သက်န်း သပိတ် ပရိက္ခရာစသော ဒါနလှူဒါန်းမှုစသည့်ကောင်းမှုတော် အစုစုတို့ကြောင့် ပညာဓိကသဗ္ဗညု ဘုရားအဖြစ်ကို တောင့်တတော်မူခဲ့သည်။ ထိုသို့ ဆုတောင်းတော်မူကြောင်းကို—

ဧတေန ပုညကမ္မေန၊ ပညာဓိကော ဘဝါမဟံ။
ဗုဒ္ဓတ္တံ ပါပုဏိတ္ဝာန၊ သန္တာရေဿံ သဒေဝကံ။

အဟံ၊ ငါသည်။ ဧတေန ပုညကမ္မေန၊ ဤကောင်းမှုကံကြောင့်။ ပညာဓိကော၊ လွန်ကဲသော ပညာရှိသောဘုရားသည်။ ဘဝါမိ၊မချွတ်မလွဲ အမြဲကေန် အမှန်မုချ ဖြစ်ရပါလို၏။ ဗုဒ္ဓတ္တံ၊ဘုရား၏ အဖြစ်သို့။ ပါပုဏိတ္ဝာန၊ ကောင်းစွာရောက်၍။ သဒေဝကံ၊ နတ်နှင့်တကွဖြစ်သော လူအပေါင်းကို။ သန္တာရေဿံ၊ သံသရာဝဲ ကြဃထဲမှ ထုတ်ဆဲ့ကယ်တင်ရပါလို၏–ဟူသော ရွှေစည်းခုံသမိုင်း ကျမ်း သစ်နိဂုံး, ဒီဃနိကာယ်နိဿနိဂုံးတို့ဖြင့် သိသာလေသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲတော်

ဆရာတော်သည် ၁၃၁၃-ခုနှစ်တွင် ဆရာတော်၏ သီလဂုဏ် မေရု, သမာဓိဂုဏ် မြေအထု, ပညာဂုဏ် သမုဒ္ဒရာတို့ကြောင့် နိုင်ငံတော်အစိုးရတို့၏ အဂ္ဂမဟာပဏ္ဍိတဘွဲတံဆိပ်တော် ဆက်ကပ် လှူဒါန်းခြင်းကို ခံယူတော်မူရသည်။

သီလသမာဓိပညာဒိ-အနေကေဟိ ဂုဏေဟိပိ။
အဗ္ဘုဂ္ဂတံ မဟာထေရံ၊ နိကာယဏ္ဏဝပါရဂုံ။

အဂ္ဂမဟာပဏ္ဍိတောတိ-ဂရုပါဓိဝရေနပိ။
ပူဇေသုံ မြန်မာ့ဘုပါလာ၊ ဥပါဓိဒါနကောဝိဒါ။

ဆရာတော်အား မိတ်ဥပ်ရောဂါ နှိပ်စက်ပြီ

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ၁၃၁၉-ခုနှစ် ကဆုန်လဆုတ် ၃-ရက်နေ့ ညနေ ၃-နာရီမှစ၍ မိတ်ဥပ်ရောဂါသည် ဆရာတော် ဇီဝိန်ကြွသည်တိုင်အောင် ပြင်းထန်စွာ နှိပ်စက်စပြုလာတော့သည်။

ဆရာတော်၏ နောက်ဆုံး စာဝါများ

ဆရာတော်သည် ပုံလွန်တော်မမူမီ ကဆုန်လဆုတ် ၃-ရက်နေ့ နံနက် ၉-နာရီအချိန်မှစ၍ ၁၀-နာရီခွဲတိုင်အောင် မူလပဏ္ဏာသပါဠိတော်ကို အဋ္ဌကထာ တဲ့ဖက်ကာ ချပို့တော်မူသည်၊ ၁၂-နာရီမှစ၍ ၁-နာရီခွဲခါနီးအထိ ဓမ္မသင်္ဂဏီပါဠိတော်ကို အဋ္ဌသာလိနီအဋ္ဌကထာ, မူလဋီကာ တဲ့ဖက်၍ ချပို့တော်မူသည်၊ ၎င်းစာဝါသည် ဆရာတော်အဖို့ နောက်ဆုံးစာဝါ ဖြစ်တော့သည်၊ ၁-နာရီခွဲအချိန်တွင် ပါရာဇိကပါဠိတော်ကို အဋ္ဌကထာနှင့် ဝိမတိဝိနောဒနီဋီကာ တဲ့ဖက်လျက် စဲ့မှိစပြုလာပြီဖြစ်သော ဝေဒနာကို သည်းခံလျက်သာ ချပို့တော်မူပါသည်၊ ၎င်းစာဝါသည်လည်း ဆရာတော်၏ နောက်ဆုံးစာဝါ ဖြစ်ပါတော့သည်။ ၃-နာရီအချိန်လောက်တွင်ကား ဆရာတော်သည် မိတ်ဥပ်ရောဂါဒဏ်ကို ခံတော်မူရပြီး စာဝါအကြား ပြုတော်မူမြဲဖြစ်သော ဘုရားရှိခိုးမှုစသည်တို့ကို ထုံးစံအတိုင်း ပြုတော်မူသည်။

ည ၇-နာရီခွဲ အချိန်မှစ၍ ၁-နာရီကျော်ကျော် ပဒသမ္မန္ဓခေါ် စာစပ်ကျမ်းကို မြားမြောက်စွာသော စာလိုက်သံဃာတို့အား ချပို့တော်မူသည်။

ကျိန်းပါသော်လည်း ပျော်တော်မမူ

ဆရာတော်သည် မိနစ် ၃၀-ခန့် ဝတ်ပြုခံတော်မူပြီး ဘုရားဝတ်တက်တော်မူ၍ ၉-နာရီအချိန်မှစ၍ ကျိန်းပါသော်လည်း နှစ်နှစ်ခြိုက်ခြိုက် ပျော်တော်မမူပဲ ရှိတော့သည်။

ကဆုန်လဆုတ် ၄-ရက်နေ့ နံနက် ၉-နာရီ အချိန်တွင် ချနေကျ မူလပဏ္ဏာသပါဠိတော်ကို အဋ္ဌကထာတဲ့ဖက်၍ ပို့ချတော်မူသေးသည်၊စာဝါသည်လည်း စာလိုက်သံဃာ များးမြောက်စွာတို့အား နောက်ဆုံး နူတ်ဆက်သည့် စာဝါသာ ဖြစ်တော့သည်။

ရေချိုးပြီး မိတ်ဥပ်ရောဂါ ပြင်းထန်ပြီ

ဆရာတော်သည် ဆွမ်းစားကျောင်းမှ ဆွမ်းဘဉ်းပေးတော်မူပြီး သီတင်းသုံးရာ သာသနဇော-တိပါလကျောင်းကြီးသို့ ဖြည်းဖြည်းသာသာ ကမ္ဘာန်းဘာဝနာ ပွါးများကာ ကြွတော်မူသည်၊ ရေချိုးခန်းသို့ဝင်၍ ကိုယ်လက်သုတ်သင်ပြီး သာသနဇောတိပါလကျောင်း ခန်းမ၌ သလွန်ပေါ်၌ လျောင်းတော်မူသည်။

အာဗာဓေ မေ သမုပ္ပန္နေ၊ သတိ မေ ဥဒပဇ္ဇထ။
အာဗာဓော မေ သမုပ္ပန္နော၊ ကာလော မေ နပ္ပမဇ္ဇိတုံ——

ဟူသော ဥတ္တိယထေရဂါထာ (ထေရ၊ ၂၂၆)လာ အရှင်ဥတ္တိယထေရ် ကျူးရင့်တော်မူသကဲ့သို့ ဆရာတော်သည် သခ်ါရတရားတို့၏ ဓမ္မတာသဘာဝကို ရှုဆင်ခြင်တော်မူကာ သတိသမ္ပဇဉ်ဖြင့်

အမြဲယှဉ်တော်မူလျက်ရှိပြီး ညနေ ၆-နာရီအချိန်တွင် ကျောင်းကြီးအပေါ်ထပ် ကျိန်းစက်တော်မူရာအခန်းသို့ တပည့်တပန်း ရဟန်းတော်တို့ဖြင့် တဲ့ယူအားပြုရှာလျက် ယိမ်းယိုင်ဘယ်ညာ ရှေတောင်ကြီးပြိုတော့မှာကဲ့သို့ အားနွဲ့ကာ တက်ကြွတော်မူ၍ ညောင်စောင်းထက်၌ လျောင်းတော်မူကာ မိန့်ခွန်းတော် တစုံတရာမဟပါပဲ ပွါးများဆင်ခြင်တော်မူမြဲဖြစ်သည့် ဘာဝနာကမ္မ-ဋ္ဌာန်းကို ဆင်ခြင်တော်မူလေသည်။

တုသိတာနန်း ကြွမြန်းတော်မူပြီ

ကဆုန်လဆုတ် ၅-ရက်နေ့ နံနက်တွင် ဆန်ပြုတ်အနည်းငယ် ဘုဉ်းပေးတော်မူပါသေးသည်၊ ထိုင်းနောက်တွင်ကား ဆရာတော်သည် တစုံတရာ မိန့်ဟတော်မမူပဲ လျောင်းတော်မူရင်း ဝေဒနာကို သည်းခံကာ ကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်းတော်မူသည်၊ သက်ဆိုင်ရာ ဒကာ,ဒကာမတို့နှင့် တိုင်ပင်ကာ တပည့်ကြီးငယ်တို့က ဆရာ,ဆရာဝန်ပင်ခေါ်၍ ကုသပါသော်လည်း မရတော့ပဲ ၁၃၁၉-ခု ကဆုန်လဆုတ် ၅-ရက်နေ့သည် ၁၀-နာရီအချိန်တွင် ဘုရားအလောင်းတော်တို့ ပျော်စံရာ တုသိတာနန်းမသို့ မြန်းကြွတော်မူလေသည်။

သံဝေဂယူဖွယ်

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သင်္ခါရာ၊ မြင်တွေ့သမျှ သင်္ခါရစုပုံ အလုံးစုံတို့သည်။ အနိစ္စာ ဝတ၊ ပြိုကွဲပျက်စဲ မမြဲပါကုန်စ္ဒ တကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ပြီးလျှင် ပျက်သုဉ်းရသောသဘောလျှင် အဆုံးရှိကုန်၏။ ဥပ္ပဇ္ဇိတ္ဝာ၊ အကြောင်းပြည့်စုံ ပေါင်းကာဆုံလျက် ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ နေခြည်ဝင်းတောက် ဆီးနှင်းပေါက်သို့ ချုပ်ပျောက်ကြကုန်၏။ တေသံ၊ တေဘူမက သင်္ခါရတရားတို့၏။ ဝူပသမော၊ ချုပ်ငြိမ်းရာမှန် နန်းနိဗ္ဗာန်သည်သာလျှင်။ သုခေါ၊ ကြည်သာအေးမြ ဘေးမခပဲ ချမ်းမြေ့လှပါတော့သတည်း။

ဆရာတော်၏ စျာပန

ကျေးဇူးရှင်ဆရာတော်ဘုရား၏အလောင်းတော်ကို ပခုက္ကူမြို့ မဟာဝိသုတာရုမိကဂဏဝါစက နိကာယ စည်းမျဉ်းနှင့်အညီ ၂၁-ရက်ထား၍ နောက်ဆုံးပူဇော်ဘွယ်တို့ဖြင့် ပူဇော်ကြပြီး သံဃာတော်ပေါင်း တထောင်ကျော်နှင့် လူထုပရိသတ် ထောင်ပေါင်းများစွာ ခန်တောသုသာန်သို့ လိုက်ပါပို့ကြ၍ နောက်ဆုံး၌ နှံသာထင်းပုံတင်၍ မီးသင်္ဂြိဟ်၍ ရိုးတော်ကောက်ပဲ့ကျင်းပ၍ အရိုးတော်ခတ်ကို ပခုက္ကူမြောက်ဖက် ကူတောင်ပေါ်ရှိ ဂန္ဓသာရစေတီ၌ ဖောက်ထုင်းဌာပနာထားကြလေသည်။

ဆရာတော်၏ အံ့ဖွယ်ရာအဖြစ်များ

ဆရာတော်နှင့် ဇီးကွက်

ဆရာတော်သည် ဝါတော် ၂၀-မှစ၍ ညောင်ဦးမြို့ မဟာဝိသုတာရုမကျောင်းတိုက်၌နှစ်ပေါင်းများစွာ သီတင်းသုံးတော်မူခဲ့သည်၊ တချိန် နွေရာသီပူအိုက်လှသောအခါ ညအချိန် ဝစ္စကုဋိသို့

ကြွတော်မူ၏၊ ဝစ္စကုဋ္ဌီမှပြန်အကြွ ဆရာတော်သီတင်းသုံးရာ ဓမ္မောဘာသကျောင်း ရောက်ခါနီး တွင် ဆရာတော်အား ဆက်လက်မကြွရန် ဇီးကွက်တကောင်သည် ဆရာတော်၏မျက်နှာရှေ့မှ ပျံသန်းရောက်ရှိ တောင်ပန် ၂-ဖက်ခတ်၍ တားမြစ်၍ အနီးရှိမောတ်တိုင်ထိပ်၌ နားနေ၏၊ ဆရာတော်သည် အသင့်ပါရှိသော လက်နှိပ်မောတ်မီးဖြင့် ဇီးကွက်ရှိရာသို့ မီးထိုး၍ကြည့်ပြီး ရှေဆက်လက်ကြွမည်အပြုတွင် ဇီးကွက်သည် ရှေးနည်းအတူ မျက်နှာရှေ့မှောက်သို့ ပျံသန်းရောက်လာပြန်၍ အတောင် ၂-ဖက်ခတ်၍ မကြွရန် တားမြစ်ပြန်၏၊ ထိုအခါ ဆရာတော်စိတ်တွင် သံသယရှိသဖြင့် ရှေတည့်တည့် လက်နှိပ်မောတ်မီးဖြင့် ထိုးလိုက်သောအခါ ယက္ကန်းတိုင်လောက်ရှိသော မြေပွေးကြီးသည် ခွေလျက်ရှိတော့သည်၊ဆရာတော်သည် မြေပွေးကြီးကို တော်သင့်ရာသွားစေပြီး ဇီးကွက်ကို အစာကျွေးရန် ဖမ်းစေရာ ဖမ်းမရပဲ ဇီးကွက် ဇီးကွက်ဟု အသံပြုလျက် အဝေးသို့ ပျံသန်းသွားလေတော့သည်။

စာရှုသူတို့ ကြည့်ကြစမ်းကုန်၊ ဆရာတော်၏ သီလတန်ခိုးကြောင့် ဇီးကွက်ဟန်ဆောင်လာသော နတ်ဟု ထင်မှတ်စရာ ငှက်သတ္တဝါ၏ပုံမှာ လက်ဖျစ်တီး၍ အံ့ချီးထိုက်လှပါတော့သည်။

ထေရဿ သီလတေဇေန၊ ဥလူကဿ နိဝါရဏံ။
အာရောဟဏံ ဝိဟာရံ ဟိ၊ ကာမံ အစ္ဆရိယံ ဘဝေ။

ဆရာတော်၏ နိုးကြားမှုဂုဏ်တော်

ဆရာတော်သည် လွန်စွာအအိပ်အနေ နည်းတော်မူသည်၊ နေ့စဉ် ည ၉-နာရီကျိန်းတော်မူ၍ နံနက် ၁-နာရီခွဲတွင် ကျိန်းစက်ရာမှ ထတော်မူကာ ဘုရားဝတ်ပြုပြီး စင်္ကြံကြွရင်း ဘုရားရှင် နှစ်သက်ချီးကျူးတော်မူအပ်သည့် ကမ္မဋ္ဌာန်းဘာဝနာဖြင့် လင်းသည့်အထိ အချိန်ကုန်စေတော်မူသည်၊ ထို့ကြောင့် ဆရာတော်သည် ဇာဂရိယာနုယောဂိပုဂ္ဂိုလ်ကြီး ပြီသပါပေသည်၊ ၎င်း အချက်သည်လည်း ချီးကျူးထိုက်လှသည်သာ၊ နေ့စဉ် ၁-နာရီခွဲထရန်မှာ မလွယ်ကူလှပါ၊ ဆရာတော်သည် ပါရမီထူးခြားသည့် ပုဂ္ဂိုလ်ထူးဖြစ်သဖြင့် နေ့စဉ်မှန်မှန် လွယ်ကူစွာ ထတော်မူ၍ ကမ္မဋ္ဌာန်းဘာဝနာမှု ပြုလုပ်နိုင်ခြင်း ဖြစ်လေသည်။

အတိပါတော၀ ဥဋ္ဌာယ၊ မဟာထေရောဘိယုဇ္ဇယိ။
စင်္ကမန္တောဝ သောကာသိ၊ ဘာဝနံ ဗုဒ္ဓသေဝိတံ။

ဆရာတော်နှင့် စာဝါချမှု

ဆရာတော်သည် ပရိတ်ရွတ် ဆွမ်းစဉ်စသည့် လုပ်ငန်းများ၌ အလွန်ကြောင့်ကြနည်းတော်မူသည်၊ ရဟန်းခံ သိမ်သမုတ်စသော ကံကြီးဆောင်တို့၌သာ မလွဲသာ၍ ကြွတော်မူရသော်လည်း ပြန်ကြွလာသောအခါ ရောက်မဆိုက် မှီရာအချိန် စာချတော်မူမြဲ ဖြစ်တော်မူသည်၊အဝေးအလှန်မှ ပြန်ကြွလာစေကာမူ ခရီးအပန်း သီးသန့်မဖြေပဲ စာဝါချလျက်သာ ဖြေတော်မူသည်။

သီမာသမ္မုတိအာဒိသု၊ ဂစ္ဆန္တော တု မဟာမတိ။
ပစ္စာဂန္ဆာန ပတ္တော၀၊ ဝါစေသိ ဝါစိတမ္ဗကံ။

ဆရာတော်၏ ဘုရားဝတ်ပြုမှု

အကြိမ်ကြိမ် ဘုရားရှိခိုး

နေ့စဉ် စာဝါချုပြီးတိုင်း ၁၅-မိနစ်ခန့် ဘုရားရှိခိုးမြဲ ဖြစ်သည်၊ စာဝါကား တနေ့လျှင် ၄-ဝါလောက် ချတော်မူရာ စာဝါအကြိမ်နှင့် အမျှ ဘုရားရှိခိုးသော အကြိမ်အရေအတွက် တူမျှလေသည်၊ နံနက်,ည ဝတ်တက်ရှိခိုးသော အကြိမ်နှင့် ပေါင်းလျှင် ဘုရားရှိခိုးသော အကြိမ် ၆-ကြိမ်မျှလောက် ရှိလေသည်။

ငရုံမင်းပရိတ် ချက်ချင်းအရကျက်ခြင်း

ဆရာတော်သည် လွန်စွာ ဉာဏ်ထက်မြက်ကြောင်း ဆရာတော်၏ လုပ်ငန်းတို့က သက်သေခံလေသည်၊ ရေစကြို ဆရာတော်-ဘုရားကြီး ပန်းစွာတိုက်၌ သီတင်းသုံးတော်မူစဉ် ဆရာတော်သည် ရဟန်းငယ်ဘဝမျှသာ ရှိသေးသည်၊ ပခုက္ကူ၌ မိုးခေါင်သဖြင့် တနေ့ ငရုံမင်းပရိတ်ရွတ်ရန် ဒကာများက ရေစကြို-ဆရာတော်ဘုရားကြီးအား ၂-နာရီလောက် လာရောက်လျှောက်ကြသည်၊ ၄-နာရီလောက် ရွတ်ရန်ကို ၂-နာရီလောက်မှ လာရောက်လျှောက်ခြင်းသည် လွန်စွာ နောက်ကျ၏၊ သို့သော် ဆရာတော်လောင်းလျှာ ရဟန်းငယ်မှာ—

ပုနာပရံ ယဒါ ဟောမိ၊ မစ္ဆရာဇာ မဟာသရေ။
ဥဏ္ဍော သူရိယသန္တာပေ၊ သရေ ဥဒက ခီယထ။

စသော ငရုံမင်းပရိတ် မစ္ဆရာဇာစရိယ ၉-ဂါထာကို ချက်ခြင်းအရကျက်၍ ရေစကြို-ဆရာတော် ဘုရားကြီးနှင့်အတူ ငရုံမင်းပရိတ် ရွတ်တော်မူခဲ့သည်။

ဤသို့ဖြင့် ဆရာတော်၏ ဇဝနပညာအတွက် သက်သေသာဓကတွေ့ ပေါများလှပေသည်။

ရဟန်းလေးဝါက ဒီဃနိကာယ်ရေးရန် တောင်းပန်ကြခြင်း

ဆရာတော်သည် ဉာဏ်ထက်မြက်သဖြင့် ရဟန်း ၄-ဝါအရလောက်ကပင် ဒီဃနိကာယ် နိဿ-မျိုးကို ရေးနိုင်ရန် အသိဉာဏ်စွမ်းကို ရရှိခဲ့သဖြင့် သီတင်းသုံးဖော်တို့က ဒီဃနိကာယ်ပါဠိတော် နိဿ အဋ္ဌကထာနိဿရေးရန်ကို တောင်းပန်ခဲ့ကြသည်၊ ထိုစဉ်က ဆရာတော်သည် ယခု ငယ်ပါသေးသည် ကြီးလျှင် အဆင်ပြေက ရေးဖြစ်ပါလိမ့်မည်ဟု မယုတ်မလွန် ပဋိညာဉ် ပေးခဲ့ကြောင်း ပါထိကနိဿအဆုံး နိဂုံး၌ တွေ့ရသည်၊ ဂါထာရမ္ဘ၌လည်း—

သခ်ေပတ္တာ စ သောတူဟိ၊ သမ္မာ ဉာတုံ သုဒုက္ကရာ။
တသ္မာ သဗြဟ္မစာရီနံ၊ ယာစနံ သမနုဿရံ။

သဗြဟ္မစာရီနံ၊ သီတင်းသုံးဖော်တို့၏။ ယာစနံ၊ရဟန်း ၄-ဝါ ရစဉ်ခါက ညီညာဖြဖြ တောင်းပန်ကြခြင်းကို-စသည်ဖြင့် ဖော်ပြတော်မူခဲ့သည်။

ဒီဃနိကာယ် ၄၈-ခေါက်တိုင်မြောက်ခြင်း

ဆရာတော်၏ ဉာဏ်တော်မှာလည်း သာမန်လူတို့ မတုပနိုင်သကဲ့သို့ ဝီရိယမှာလည်း သာမန်လူအလှေးတို့ မတွေးဝံ့အောင် ကြီးမားလွန်ကဲလှပါပေသည်၊ ဒီဃနိကာယ်နိဿရေးရန် ဦးတည်

ခဲ့ပြီး သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျဟူသော ဒီဃနိကာယ် ပါဠိတော်ကျမ်းကို အဋ္ဌကထာတဲ့ဖက်၍ ချပို့ခဲ့ရာ နိသျံရေးပြီးသည်အထိ ၄၈-ခေါက်တိုင်မြောက်ကြောင်း ဆရာတော်ထံ စာလိုက်ရင်း မိန့်ကြားချက်ကို ကြားခဲ့ရဘူးလေသည်။

ဒီဃနိကာယံ ဝါစေသိ၊ နိရန္တရံ မဟာဝိဒူ။
အဋ္ဌတာလီသဝါရာနိ၊ အဘဝူ ဣတိ သော ဗြဝီ။

ကျေးဇူးရှင်-ဆရာတော်ဘုရားကြီးသည် ဥပုသ်နေ့တိုင်း သံဃပရိတ်သတ်အား အဖိုးတန် သြဝါဒမိန့်ခွန်းတော်တို့ကို ပြောဟောလေ့ ရှိတော်မူရာ မကြာမကြာ မိန့်ကြားလေ့ရှိသော မိန့်ခွန်းတော်—

အညာဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာနဂါမိနီ။
ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေကမနုဗြူဟယေ။

ဓမ္မပဒ-ဗာလဝဂ္ဂ (ဓမ္မပဒ၊ ၂၄)။

လာဘူပနိသာ၊ လာဘ်ရခြင်း၏အကြောင်း မကောင်းသောအကျင့်သည်။ အညာဟိ၊ နိဗ္ဗာန် ရောက်ကြောင်း ကောင်းမြတ်သော အကျင့်မှ တမျိုးတခြား တပါးသည်သာလျှင်တည်း။ နိဗ္ဗာနဂါမိနီ၊ နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သော အကျင့်သည်။ အညာဟိ၊ လာဘ်ရခြင်း၏အကြောင်း မကောင်းသောအကျင့်မှ တမျိုးတခြား တပါးသာတည်း။ ဧဝံ၊ ဤသို့။ ဧတံ ပဋိပဒံ၊ လာဘ်ရခြင်း၏အကြောင်း မကောင်းသောအကျင့် နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်သောအကျင့် ဤ အကျင့်နှစ်ပါးကို။ ဗုဒ္ဓဿ၊ တခုမကြွင်း ခပင်းဥဿုံ ကုန်အောင်စုံသော သခ်ၤတ, အသခ်ၤတ, တရားတို့ကို ထိုးထွင်းသိတော်မူတတ်သော မြတ်စွာဘုရား၏။ သာဝကော၊ အဆုံးအမကို လိုက်နာတတ်သော။ ဘိက္ခု၊ ဘုရားသားတော်ဖြစ်သော ရဟန်းသည်။ အဘိညာယ၊ ဟုတ်တိုင်းမှန်စွာ ဉာဏ်ဖြင့်သာသိ၍။ သက္ကာရံ၊ တရားနှင့်မလျော် လေးပါးသောပစ္စည်းတို့ဖြင့် ကောင်းစွာ ရိုရိုသေသေပြုခြင်းကို။ နာဘိနန္ဒေယျ၊ မနှစ်သက်ရာ။ ဝိဝေကံ၊ ကာယ ဝိဝေက, စိတ္တဝိဝေက, ဥပဓိ ဝိဝေကကို။ အနုဗြူဟယေ၊ အစဉ်ပွါးများရာ၏။

ဂါထာ၏ အဓိပ္ပါယ်ကား

(၁) လာဘ်ရခြင်း၏အကြောင်း မကောင်းသောအကျင့်သည် နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သော အကျင့်မှ တမျိုးတခြား တပါး။

(၂) နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်သော အကျင့်သည်လည်း လာဘ်ရခြင်း၏ အကြောင်း မကောင်းသောအကျင့်မှ တမျိုးတခြား တပါးအားဖြင့် နှစ်ပါးရှိ၏။

(၁) လာဘ်ရကြောင်း

ထိုနှစ်ပါးတို့တွင် ဖြစ်ပေါ်လာသော လာဘ်သည်—

(၁) အဓမ္မိကလာဘ်　(၂) ဓမ္မိကလာဘ်အားဖြင့် နှစ်မျိုး ပြားပြန်၏။

(၁) အဓမ္မိကလာဘ်

(ထိုနှစ်မျိုးတို့တွင်) (၁) အဓမ္မိကလာဘ်ကို ဖြစ်စေလိုသော ရဟန်းသည် အနည်းငယ်သော အကုသိုလ်ကံကို ပြုခြင်းငှါ လိုလားလျက် (က) ကိုယ်၏ကောက်ခြင်း (ခ) နှုတ်၏ကောက်ခြင်း (ဂ) စိတ်၏ကောက်ခြင်း ဤအမှုအရာတို့ကို ပြုလုပ်ရ၏။

ကောက်ပုံကား

အကြင် အခါ ကိုယ်, နှုတ်, စိတ်တို့ဖြင့် ကောက်သည်ဖြစ်၍ လာဘ်မြော်ဒကာဒကာမတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ အစေအပါးခံခြင်း၊ ဆေးကုခြင်း၊ အရိယာယောင်ဆောင်ခြင်း စသော အကုသလ အမှုလုပ်ငန်းကို ပြုလုပ်၏။ ထိုအခါမှာ ပေးကမ်း ချီးမြှင့်ပြုလုပ်လိုက်သော ဒကာဒကာမတို့အထံမှ လာဘ်ဖြစ်ပေါ်လာတတ်၏။

ဥပမာအားဖြင့် ထင်စွာပြလိုက်ဦးအံ့

နို့နှင့်ဆန် ရောကျိုချက်အပ်သည်ဖြစ်၍ ပြစ်ခဲနေသော နို့ဃနာခွက်၌ လက်ချောင်းကို ဖြောင့်ဖြောင့်ထား၍ ထိုးစိုက်လိုက်လျှင် နို့ဃနာတုံးမပါ၊ နို့ဃနာဆီကလေး လက်ချောင်း၌ စွတ်ပေရုံမျှသာဖြစ်၏။ လက်ချောင်းကို ကောက်ကောက်ပြုပြီး နို့ဃနာခွက်၌ချ၍ ထိုးကော်လျက် မြောက်ချိလိုက်သည်ရှိသော် နို့ဃနာတုံး နို့ဃနာခဲပါလာသလို ထိုနည်းတူစွာ (က) ကိုယ်၏ကောက်ခြင်း (ခ) နှုတ်၏ကောက်ခြင်း (ဂ) စိတ်၏ကောက်ခြင်းတို့ဖြင့် ပုဒ္ဓပဋိကုဋ္ဌအနေသနတို့ကိုပြုမှသာ ဖြစ်ပေါ်လာသော လာဘ်သည် မတရားသော လာဘ်မည်၏။ ဤလာဘ်ကို အလှူ။ မခံကောင်း။

(၂) ဓမ္မိကလာဘ်

(က) ဖြောင့်မတ်၍ သီလရှိလျက် ရုပ်ချောခြင်းနှင့် ပြည့်စုံခြင်း၊

(ခ) ဝိနည်းတိစီဝရိက် ဓုတင် တိစီဝရိက်ပံသုကူဓုတင် ပိဏ္ဍပါတ် ပတ္တပိဏ် ကောသနိက်ဓုတင်တို့ကို ဆောင်ခြင်း၊

(ဂ) ပရိယတ္တိပဋိပတ္တိပဋိဝေဓတို့ကို မျှားစွာအကြားအမြင်ရှိသည်ဖြစ်၍ စာတတ်ခြင်း။

(ဃ) အခြံအရံ ပရိသတ်များခြင်း၊

(င) တောရကျောင်းဆောက်တည်ခြင်း၊

ဤသို့ သဘောကောင်းသော ဤသို့ သဘောရှိသော အကြောင်းတို့ဖြင့် ဖြစ်ပေါ်လာသည့် လာဘ်သည် ဓမ္မိကလာဘ် မည်၏။ ဤလာဘ်ကိုကား အတိုင်းအရှည်ကြည့်၍ အလှူခံရာ၏။

(၂) နိဗ္ဗာန်ရောက်ကြောင်း

(၁) နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောအကျင့်ကို ကျင့်လိုသောရဟန်းသည် ကိုယ်, နှုတ်, စိတ်ဖြင့် ကောက်ကျစ်ခြင်းတို့ကို ပယ်ရာ၏။

ကျင့်ရပုံကား

(၂) လာဘ်လာဘကို မြေပွေး, မြွေဟောက်ရန်သူတို့ကဲ့သို့ သဘောထား၍—

(က) မကန်းဘဲ ကန်းချင်ယောင် ဆောင်ရာ၏၊

(ခ) မအာဘဲ အချင်ယောင် ဆောင်ရာ၏၊

(ဂ) နားမထိုင်းဘဲ နားထိုင်းချင်ယောင် ဆောင်ရာ၏၊

(ဃ) ဒကာ ဒကာမတွေ အပေါ်၌ မကောက်ကျစ် မစဉ်းလဲရာ၊

(င) မလှည့်ပတ်ရာ။

ဤသို့ အဖဘုရားစကား နားထောင်သော တပည့်သားရဟန်းသည် မတရားသဖြင့် ဖြစ်ပေါ်လာသော ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ခြင်းကို မနှစ်သက်ရာ၊ တရားသဖြင့်ဖြစ်သော ပစ္စည်းလေးပါးကို မတားမြစ်ရာ၊ သို့သော် သင့်တော်ရုံသာ ခံယူရာ၏။

(၃) ဝိဓေက

(က) ကိုယ်၏ ဆိတ်ငြိမ်ခြင်းဟု ဆိုအပ်သော အပေါင်းအဖော် တပည့်သားမြေးတို့မှ ကင်းကွာ နေရာ၏။

(ခ) စိတ်၏ ဆိတ်ငြိမ်ခြင်း ဟု ဆိုအပ်သော သမာပတ်ရှစ်ပါးဝင်စား၍ သမာဓိလုပ်ငန်း ကမ္မဋ္ဌာန်း အားထုတ်နေရာ၏။

(ဂ) ဥပဓိခန္ဓာငါးပါး၏ ဆိတ်ငြိမ်ခြင်းဟု ဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြု၍ နေရာ၏။

ဤသည်ကား ဂါထာအဓိပ္ပါယ်တည်း။ တို့ရှေးဦးစွာ ရေစက်ကို ဆရာတော်ဘုရားကြီးသည် မန္တလေးတိုက်တော်၌ စာသင်စဉ် ဘုရင်မင်းမြတ်နှင့် တိုင်းသူပြည်သားတို့သည် တောင်မြို့မှ မြောက်မြို့သို့ ပြောင်းရွှေ့၍ မြို့ကိုတည်ဆောက်နေချိန်အခါ မင်းနှင့် တိုင်းသူပြည်သားတို့သည် စာသင်သားရဟန်းသံဃာတော်များအား ဟင်းလျာချက်ပြုတ်၍ မလောင်းလှူနိုင်ကြ၊ သုံးပင်မျှသာရှိသော ချဉ်ပေါင်ရွက်စည်းလေးကိုသာ လောင်းလှူကြရသည်။ မြို့တည်ဆောက် မပြီးမချင်း လောင်းလှူကြသော ဤချဉ်ပေါင်ရွက်စည်းနှင့် ဆွမ်းကိုသာ ရေဖြင့် ကူသောက်စားရ၏။ ချဉ်ပေါင်ရွက်မှတပါး ဟင်းလျာရရန် မတရား မကျင့်ကြံပေ။ သည်းခံပြီး စာပေပရိယတ်ကိုသာ ကြိုးစားအားထုတ်သင်ယူ၏။ ထိပ်ခေါင်တင်သာသနာပိုင်ဆရာတော် အရှင်ဥေယျမဟာထေရ်ထံ စာသင်ယူနေသောအခါ သာသနာပိုင် ထိပ်ခေါင်တင်ဆရာတော်အရှင်က ပစ္စည်းလာဘ်လာဘ မမက် ဝီရိယဖြင့် ပရိယတ္တိသင်ယူသည်ကို မြင်သောကြောင့် စာပေပရိယတ္တိကို ကိုယ်တိုင်ချပြပေး သည့်အပြင် လိုတဲ့ပစ္စည်း ထောက်ပံ့ပေး၍ ဆုံးမစကား ပြောကြားသည်မှာ—

ထိပ်ခေါင်တင်အမိန့်။ ။ဂန္ဓ—နှင် ငါ့စကား နားထောင်မလားဟု အမိန့်တော်ရှိသည်။

အရှင်ဂန္ဆသာရ။ ။နားထောင်ပါမည်ဘုရားဟု လျှောက်ထား၏။

ထိပ်ခေါင်။ ။ငါ့စကား နားထောင်လျှင် ဆွမ်းစား, ဆွမ်းစဉ် ပရိတ်ရွတ် သုမင်္ဂလ, ဒုမင်္ဂလ အလှူအတန်း မလိုက်ပဲ သာသနာတော်ကြီးပွါးရန်အတွက် စာချရမည်ဟု အမိန့်ရှိသည်။

အရှင်ဂန္ဆသာရ။ ။ထိပ်ခေါင်တင် အမိန့်ရှိတိုင်း သာသနာတော်ကြီးပွါးရန်အတွက် စာချပါမည် ဘုရားဟု ဝန်ခံ၏။ တို့ဆရာတော်ဘုရားကြီးသည် ထိပ်ခေါင်တင် သာသနာပိုင် ဆရာတော်ဘုရား ဩဝါဒအမိန့်အတိုင်း မန္တလေးတိုက်တော်၌နေစဉ် အလှူ အတန်းမလိုက်ဘဲ စာကိုသာ ပို့ချခဲ့သည်။

ရေစကြိုသို့ ရောက်ပြန်လည်း အလှူအတန်းမလိုက်ပဲ စာကိုသာ ပို့ချခဲ့သည်။ ပခုက္ကူသို့ ရောက်ပြန်သောအခါ၌လည်း မြို့အုပ်၊ဝန်ထောက်၊ခုံမင်းစသည်တို့က ဆွမ်းစား ဆွမ်းစဉ်,ပရိတ်ရွတ် ရှင်ပြုအလှူတို့ကို ပင့်သော်လည်း မလိုက်၊ စာကိုသာ ပို့ချခဲ့သည်။

တပည့်များအား ဆုံးမပုံ

၁။ စာပေပရိယတ္တိကို အမြဲသင်ယူလိုက်နာရန်နှင့် အမြဲတမ်း ချပို့ရမည်။

၂။ (က) ရဟန်းခံ၊
(ခ) သိမ်သမုတ်၊
(ဂ) တတိုက်လုံး သံဃာကုန်ပင့်လျှင် လိုက်နိုင်သည်။

၃။ (က) သုမင်္ဂလ ဒုမင်္ဂလ မလိုက်ရ၊
(ခ) လှည်းမစီးရ၊
(ဂ) တရားမဟောရ၊
(ဃ) ဂိလာနအကြောင်းမရှိပဲ အကြည်ညိုပျက်အောင် ဆေးမရှူရ။

ဤအချက်တို့ကို အမြဲတမ်း ဆုံးမလေ့ရှိတော်မူသည်။ ဆရာတော်ဘုရားကြီးသည် ဤနည်း အတိုင်း မိမိကိုယ်တိုင်လည်း ကျင့်ကြံ၊ မိမိတပည့်သားမြေးတို့ကိုလည်း အမြဲတမ်း ဆုံးမလေ့ ရှိတော်မူသည်။

ထို့ကြောင့် ငါ့ရှင်တို့သည်လည်း ဆရာတော်ဘုရားကြီး ဆုံးမသည့်အတိုင်း တသွေမတိမ်း လိုက်နာကျင့်ကြံရန်သော်၎င်း၊ ထိုသို့မှ မျှားစွာမလိုက်နိုင်လျှင် တတ်နိုင်သမျှ ဝိနယနှင့်လျော်ညီစွာ ဆရာတော်ဘုရားကြီး ပြုစု-ပျိုးထောင်သွားသော ပဋိပတ္တိသီလဘာဝနာအကျင့်နှင့် ပရိယတ္တိ သာသနာတော်ကြီး ဗမာနိုင်ငံတွင် ပြန့်နှံ့ ကျယ်ဝန်းစွာ ထွန်းကားလာသလို ထွန်းကားလာအောင် ပြုစုပျိုးထောင် ရှက်ဆောင်နိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တဆူ ဖြစ်ပေါ်လာရန် ကြိုးစား အားထုတ်ကြကုန်ရာသတည်း။

ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက် တိုက်အုပ်ဆရာတော်
အရှင်ဂန္ဓမာ မဟာထေရ်

ပခုက္ကူမြို့ မဟာဝိသုတာရုံကျောင်းတိုက်

တိုက်အုပ်ဆရာတော် ဂဏမဟာဝိနာယက

အရှင်ဂန္ဓမာ မဟာထေရ်

ဆရာတော်၏အဆင်းတော်သည် ရွှေအဆင်းပမာ ဝါဝင်းထိန်ပြေ ကျက်သရေရှိသကဲ့သို့ အသံခေတ် သဒ္ဒနိကာယ်သည်လည်း ဩဇာရှိလှသည့်အပြင် သန့်ရှင်းသာယာ နာပျော်ဘွယ် ရှိပေသည်၊ ဆရာတော်သည် မဟာဝိသုတာရုံတိုက်ကြီး၏ မျက်နှာဖုံး စာချအဖြစ်ဖြင့် နာမည်ကျော်သည်သာမက ဆန်းကြယ်၍ ဥပမာ ဥပမေယျ စုံလင်စွာ အကြောင်းပရိယာယ် အသွယ်သွယ်တို့ဖြင့် တရားဟောကောင်းလှသဖြင့် ဘုရားရှင်သာသနာတော်တွင် ဒုတိယ ကုမာရကဿပဟုလည်း ဆိုထိုက်ပါသည်၊ ၁၂၅၄-ခုနှစ် တပေါင်းလဆန်း ၁၃-ရက် တနင်းလာ နေ့တွင် စစ်ကိုင်းခရိုင် ငါးဇွန်မြို့နယ် သားကျင်ရွာ အဘ ဦးထွန်းအေး အမိ ဒေါ်မယ်စံတို့မှ ဖွားမြင် တော်မူခဲ့လေသည်၊ ၁၃-နှစ်သားအရွယ်တွင် သားကျင်ရွာကျောင်းဆရာတော် အရှင်သုန္ဒရ ထေရ်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်ခဲ့သည်၊ ရှင်ဂန္ဓမာဟု ဥပဇ္ဈာယ်ဆရာတော်က မှည့်ခေါ်တော် မူသည်၊ ဥပဇ္ဈာယ်ဆရာတော်ထံတွင် ကစ္စည်းသဒ္ဒါကြီး, အဘိဓမ္မတ္ထသင်္ဂဟ, မာတိကာ ဓာတုကထာ အရကောက်စသောကျမ်းများကို သင်ယူတော်မူခဲ့၍ ငယ်ရွယ်စဉ်ကပင် ပိဋကတ်သုံးရန် အခြေ ခံကို ကောင်းစွာရရှိတော်မူခဲ့သည်၊ ၁၂၇၄-ခုနှစ် တပေါင်းလဆန်း ၁၂-ရက်နေ့တွင် ဝါကျမြောင် တောရဆရာတော် အရှင်သာဂရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော် မူသည်။

မဟာဝိသုတာရုံသို့

ဆရာတော်သည် ၁၂၇၅–ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရုံတိုက် ရေစကြို့ဆရာတော် ဘုရားကြီးထံမှောက် ရောက်၍ ပညာသင်ကြားခဲ့သည်၊ ၎င်းပြင် ဆရာတော် အရှင်ပညာမဟာထေရ် နှင့် ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော်အရှင်ကောဏ္ဍည မဟာထေရ်တို့ထံတွင် ဆို၀ါဖြင့် နိကာယ် ၅–ရပ်ကို တဖက်ကမ်းခပ် တတ်မြောက်အောင် သင်ယူတော်မူခဲ့သည်၊ မန္တလေးမြို့ တောင်ပြင် အောင်မြေရွှေဘုံသာတိုက်၌လည်း တ၀ါသီတင်းသုံး၍ ပညာသင်ကြားတော်မူခဲ့သည်။

ဂဏ၀ါစကတိုက်အုပ်ဖြစ်ခြင်း

ရဟန်းသိက္ခာ ၉-၀ါအရတွင် ဂဏ၀ါစက စာချဖြစ်တော်မူ၍ များစွာသော သံဃာတော် တို့အား ဂန္ထန္တရ အ၀ဝကို ပို့ချတော်မူသည်သာမက တိုက်တာသံဃာတော်တို့အား သြ၀ါဒ ပေးခြင်း ဒကာ,ဒကာမတို့အား တရားဓမ္မဟောပြောခြင်း ကိစ္စကိုလည်း ပြုတော်မူသည်၊ ဆရာတော်သည် ညောင်ဦးမြို့ မဟာဝိသုတာရုံမတိုက်တည်ထောင်စဉ် ခေါင်းဆောင်အဖြစ်ကြ၍ ၂-နှစ် စာချခဲ့သည်၊ ခရိုင်သြ၀ါဒါစရိယတာ၀န်ကို ထမ်းရွက်ခဲ့၍ မဟာဝိသုတာရုံမိုက ဂဏ၀ါစက နိကာယကြီး၏ ဂဏဘာရနိတ္ထာရကနှင့် ဂဏမဟာဝိနာယကလည်း ဖြစ်တော်မူသည်။ ၁၃၁၉-ခုနှစ် ဥပုသ်နေ့ တနေ့တွင် ဇေတ၀န် ကျောင်းတိုက်ကြီးအလား ခမ်းနား ကြီးကျယ်လှသော မဟာဝိသုတာရုံမကျောင်းတိုက်ကြီးကို အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် အရှင်သုန္ဒရဆရာတော်

ဘုရားကြီးက လွှဲအပ်ရာ ဆရာတော် ၃-ပါးအနက် ဆရာတော် အရှင်ဂန္ဓမာထေရ် ပါဝင်ကြောင်းမှာ—

ဂန္ဓမာထေရသီဟော စ၊ နန္ဒိယော မာဃိန္ဒော တထာ။
ဣတိ တိဏ္ဏံ မဟာရာမံ၊ အဒါသိ ဒါနကောဝိဒေါ။

ဟူသော ဂါထာဖြင့် ထင်ရှားလေသည်။

ဂုဏ်တော်အသွယ်သွယ်

ဆရာတော်သည် တိုက်တာဝေယျာဝစ္စကိုလည်း လွန်စွာ ဆောင်ရွက်တော်မူသည်၊ တိုက်တွင်းရှိ စောင်းတန်းလေးသွယ်, ကျောင်းကြီး ကျောင်းငယ်တို့ကို ဆောက်လုပ်ရာ၌ စံနစ်တကျဖြစ်ရန်လည်း ဆရာတော်စီမံခဲ့သည်၊ ပြိုကျပျက်စီးနေသည့် ကျောင်းကန် စသည်တို့ကို ပြင်ဆင်ခြင်း ခဏ္ဍဖုလ္လပဋိသင်္ခရဏ အမှုစသည်တို့ကို ပြုတော်မူသည်၊ ဆရာတော်သည် အရှင်သောဏကုဋိကဏ္ဏထေရ်ပမာ လွန်စွာ ကောင်းမွန်သော အသံရှိသည်အဖြစ်တည်းဟူသော ကလျာဏဝါက္ကရဏတာဂုဏ် အရှင်ကုမာရကဿပသဖွယ် ဆန်းကြယ်စွာ တရားဓမ္မ ဟောပြောတတ်သည်၏ အဖြစ်တည်းဟူသော စိတြဓမ္မကထိကတာဂုဏ် သခ်္ဂါအရေအတွက်အားဖြင့် များလှစွာသော သံဃာတို့အား စာပေကျမ်းဂန် အတန်တန်ပို့ချ သင်ပြပေးသည့် အဖြစ်တည်းဟူသော ဂဏဝါစကတ္တဂုဏ် စသည်တို့နှင့် ကုန်လုံပြည့်ဝသည်သာမက သီလဝန္တ, သိက္ခာကာမ-ဖြစ်တော်မူသည့်ပြင် မဟာဝိသုတာရာမကျောင်းအရာမ်တည်းဟူသော သာသနဗိမာန်တော်ကြီး၏ အဖိုးတန် သားကောင်းရတနာတပါးလည်း ဖြစ်တော်မူပေသတည်း။

ဂန္ဓမာထေရသေဋ္ဌော ယော၊ ဝိဿုတော ဂန္ထဝါစကော။
သုစိတြကထိကော စေဝ၊ ကုမာရကဿပေါ ယထာ။

မဉ္ဇုဿရော စ သော အာသိ၊ ဘဒ္ဒိယော သာဝကော ဣဝ။
သော အတီဝ စိရံ ကာလံ၊ သောဘေတု ဇိနသာသနံ။

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏

ဂဏဘာရနိတ္ထာရက တိုက်အုပ်ဆရာတော်

အင်္ဂုတ္တိုရနိကာယ မဟာဋီကာ

ဆရာတော်သည် ကျေးဇူးတော်ရှင် တိပိဋကဝိညူ ဆရာတော်ဘုရားကြီးတို့၏ ချရိုး ပို့စဉ် နည်းနာနယ အဝဝကို လက်ဆုပ်လက်ကိုင်ရရှိသော မထေရ်မြတ် ဖြစ်တော်မူသည်၊ ဆရာတော်၏ အတုင်းဓာတ်နှလုံးအိမ်မှ ထုတ်လာသောစကားတို့လည်း အကာမရှိ အနှစ်အတိပြီးသဖြင့် ဆရာတော်ထံမှ အဖိုးတန် မိန့်ခွန်းသံ ဩဝါဒသံတို့ကို အဖန်ဖန် နာခံချင်ကြသည်။

ပိဋကတ်သုံးပုံပါဠိကို အဋ္ဌကထာ ဋီကာတဲ့ဖက်၍ ချပို့ရာ၌လည်း သမုဒ္ဒရာပင်လယ်ရေကြောင်း လူစွမ်းကောင်း ကပ္ပတိန်ပမာ လွန်စွာ ကျမ်းကျင်လိမ္မာသည့် တိပိဋကကပ္ပတိန်ကြီးလည်း ဖြစ်တော်မူသည်။

ဖွားမြင်ခြင်း

ဆရာတော်သည် မိတ္ထိလာခရိုင် သာစည်မြို့နယ် မန်ကျည်းကန်ရွာ ဘခင် ဦးဆပ်နှင့် မိခင် ဒေါ်ကောက်တို့မှ ၁၂၆၅-ခု ဝါခေါင်လဆုတ် ဂ-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့သည်။

ကျောင်းနေ ပညာသင် သာမဏေဝတ်, ပခုက္ကူရောက်

ဂ-နှစ်သားအရွယ်တွင် လောကဓာတ်ကျောင်း၌ ပညာသင်ကြားပြီး ၁၂-နှစ်သားအရွယ်တွင် သာမဏေဝတ်ခဲ့၍ ပိဋကတ်အခြေပြုကျမ်းစာများကို သင်ယူခဲ့သည်၊ ၁၆-နှစ်သားအရွယ်တွင် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဘိ-ဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်-တို့ထံတွင် ပိဋကတ်ကို အဋ္ဌကထာ ဋီကာတဲ့ဖက်၍ ဆိုဝါဖြင့် သင်ယူခဲ့သည်။

တိဏ္ဏမ္ပိ ထေရသေဋ္ဌာနံ၊ သန္တိကေ နန္ဒိဝဗုနော။
နန္ဒိယော ပိဋကေ သိက္ခိ၊ ပိဋကေ အတိကောဝိဒေါ။

ဥပသမ္ပဒဘုံသို့

၁၂၇၄-ခုနှစ် ပခုက္ကူမြို့ ဈေးဟောင်းရပ် ရတနသိဒ္ဓိဆီစက်ပိုင်ရှင်များ ဖြစ်ကြသော ဒါယိကာမကြီး ဒေါ်မြစ်, ဒေါ်ချစ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သူကောင်းတည် တောရဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မဟာဝိသုတာရာမသိမ်တော်ကြီး၌ ရဟန်းအဖြစ်ကို ရရှိတော်မူခဲ့သည်။

ဥပဇ္ဈာယံ ကရိတ္ဝာန၊ သူကောင်းတည်ထေရပုင်္ဂံ။
ဒုလ္လဘမလဘိ ထေရော၊ နန္ဒိယော နန္ဒသန္နိဘော။

ဂဏ္ဌဝါစကစာချဖြစ်ခြင်း

ဆရာတော်သည် ငယ်ငယ်ကစ၍ ကြီးစွာသော လုံ့လဖြင့် ပိဋကတ်ကို သင်ယူခဲ့သဖြင့် ရဟန်းသိက္ခာ ၅-ဝါအရတွင် ဂဏ္ဌဝါစကစာချအဖြစ် ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ ချီးမြှောက်တော်မူကြသဖြင့် မြားမြောက်စွာသော သံဃာတော်တို့အား စာပေပို့ချရလေသည်။

ပဉ္စဝဿော သမာနော၀၊ နန္ဒိယော နန္ဒိယော ဝိဒူ။
ဂဏာဃ ဝါစကော ဟုတ္ဝာ၊ ဝါစေသိ သိဿကေ ဗဟူ။

မန္တလေး အမရပုရသို့

ဂဏ္ဌဝါစက စာချဖြစ်ပြီးနောက် ၆-ဝါမှစ၍ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် သူဌေးဆရာတော်ထံတွင် ၁-ဝါ, အမရပုရမြို့ တူးမောင်းတိုက် ညဝါအကျော် ဆရာတော်ဦးနန္ဒိယ ထံတွင် ညဝါအတွက် ၁-ဝါ, မန္တလေးမြို့ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးနာရဒ ထံတွင် ၁-ဝါ အသီးသီး နေထိုင်ကာ နှေဝါ ညဝါများ, ဖြတ်ထုံးများကို ကျနစွာ သင်ယူခဲ့ရာ ညဝါများနှင့် မန္တလေးစာချနည်းတို့ကို သရဖူဆောင်း တတ်မြောက်တော်မူခဲ့လေသည်။

မန္တလေး နဂရေ စေဝ၊ တထာမရပုရေပိ စ။
သန္တိကေ ထေရသေဋ္ဌာနံ၊ သဉ္ဇိနိ နိစ္ဆယံ ဗဟုံ။

ပခုက္ကူသို့ ပြန်ကြွခဲ့ခြင်း

ဤသို့ဖြင့် ဆရာတော်သည် မန္တလေး, အမရပုရမြို့တို့၌ ပညာဆည်းပူး အောင်ပန်းဆွတ်ခူးခဲ့ပြီး ပခုက္ကူမြို့ အမိမဟာဝိသုတာရာမ ဝိဇ္ဇာပီဋကြီးသို့ ပြန်ကြွတော်မူ၍ ရဟန်းအမကြီး ဒေါ်မြစ်, ဒေါ်ချစ်တို့ လှူဒါန်းအပ်သော ရတနသိဒ္ဓိတိုက်ကျောင်း၌ ယာပိုက်မျတကာ နှေဝါ ညဝါများကို အလောင်းတော် ဇနက ဝီရိယအလား ချပို့တော်မူလေသည်။

ရတနသိဒ္ဓိနာမမ်၊ ဝိဟာရမှိ မနောဟရေ။
ဝါစေသိ ပိဋကေ စာပိ၊ ရဇနီ ဝါစိတဗ္ဗကေ။

ဘာရတတိုင်းသို့ ကြွတော်မူခြင်း

ဆရာတော်သည် ရဟန်းသိက္ခာ ၁၅-ဝါအရတွင် ဘာသာပေါင်း များစွာနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု အမြုတေတို့၏ စုဝေးရာဖြစ်သော ဘာရတ, ဘာရတဝဿမည်သော အိန္ဒိယနိုင်ငံသို့ ကြွတော်မူ၍ ဗာရာဏသီမြို့၌ ၁-နှစ် သီတင်းသုံးတော်မူကာ သက္ကတဘာသာကို လေ့လာသင်ယူတော်မူခဲ့သည်၊ ဆရာတော်သည် မဇ္ဈိမဒေသရှိ ဘုရားရှင်အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ရတော်မူရာဖြစ်သည့် ဗောဓိပင်နှင့် ပလ္လင်တော်, သတ္တဋ္ဌာနစေတီတော်များ, သာဝတ္ထိ, ရာဇဂြိုဟ်စသော ထိုထိုရှေးဟောင်းမြို့တို့၌ တည်ရှိသော ကျောင်းတော်ရာ စသည်တို့ကိုလည်း ကြွရောက်ဖူးမြော် သံဝေဂယူတော်မူခဲ့သည်။

ဂန္ဓာ ဘာရတရဋ္ဌံ စ၊ သက္ကတံ သမယန္တရံ။
ဉဂ္ဂဏ္ဍိ ကေဝဿံ စ၊ ဝိဟရိ ဝိဟာရေ ဝိဒူ။



တိုက်အုပ် ဆရာတော် အရှင်နန္ဒိယ မဟာထေရ်

ဂဏဘာရနိဒ္ဓာရကတာဝန် ထမ်းဆောင်ခြင်း

၁၃၁၄-ခုနှစ် မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ အစည်းအဝေးကြီးမှစ၍ ဂဏမဟာဝိနာယက ဆရာတော်ဘုရားကြီးမျှားနှင့် ဂိုဏ်းဝင်သံဃာတို့၏ ခွင့်ပြုချက်အရ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏဘာရနိဒ္ဓာရကတာဝန်ကို ထမ်းရွက်တော်မူရလေသည်။

ဘာရနိဒ္ဓာရဘာရမ်ပိ၊ လဘိတ္ဝာ ထေရကုဉ္ဇရော။
နိကာယဝုဒ္ဓိဘာဝါယ၊ အကာ နေကာယိကံ ဗဟုံ။

သံဂါယနာတင် ဆောင်ရွက်ခြင်း

ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီး၌လည်း သံဂီတိဝိဓာယကတာဝန်, မူလဝိသောဓကတာဝန်, ဆဋ္ဌသံဂီတိကာရကတာဝန်, ပဋိဝိသောဓကတာဝန်တို့ကိုလည်း ရွေတန်းမှ ပါဝင်ဆောင်ရွက်ခဲ့လေသည်။

ဆဋ္ဌသံဂီတိကာလေပိ၊ မြန်မာရဋ္ဌေ ပဝတ္တိတေ။
ဝိဓာယကော စ သော အာသိ၊ မူလဝိသောဓကောပိ စ။

သံဂီတိကာရကော စေဝ၊ ပဋိဝိသောဓကော တထာ။
ဣတိ အနေကဋ္ဌာနေသု၊ သံဂီတိယာ ဓုရန္ဓရော။

နိုင်ငံတော်ဝိနည်းဓိရ်တာဝန်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဝိနည်းဓိရ် အရှင်နန္ဒဝံသ မဟာထေရ်မြတ် ၁၃၁၉-ခုနှစ်တွင် ပျံလွန်တော်မူသဖြင့် ဆရာတော် အရှင်နန္ဒဝံသနေရာတွင် နိုင်ငံတော်ဝိနည်းဓိရ် တာဝန်ကို နိုင်ငံတော်သမတ၏ အပ်နှင်းခြင်း ခံရလေသည်။

သကလမြန်မာ့ရဋ္ဌဿ၊ သုဝိနိစ္ဆိယဒါယကော။
ဝိနယဓရော စ သော အာသိ၊ ဥပါလိ ဒုတိယော ဝိယ။

သာသနာ့သန့်ရှင်းရေး ဦးစီးအဖွဲဝင်

တော်လှန်ရေးအစိုးရလက်ထက် ၁၃၂၆-ခု တပေါင်းလပြည့် (၁၉၆၅-ခု မတ်လ ၁၇-ရက်)နေ့တွင် စတင်ကျင်းပပြုလုပ်ခဲ့သည့် သာသနာ့သန့်ရှင်းပြန့်ပွါးရေး အစည်းအဝေးကြီး၏ ဦးစီးအဖွဲဝင်တာဝန်ကို အော-ဒီ ၁၂-ရာစု ပရက္ကမဗာဟုမင်းကြီး၏ ဆရာတော် သာရတ္ထဒီပနိဒ္ဓိကာအဂ်ံတို်ရ်ဒ္ဓိကာ စသည့် ကျမ်းပြု ဝိနိစ္ဆယညူ အရှင်သာရိပုတ္တရာထေရ်ကဲ့သို့ ဆောင်ရွက်တော်မူလေသည်။

ယဒါ မရမ္မရာဇာနော၊ အကရုံ ဇိနသာသနံ။
သုဝိသုဒ္ဓဝိရုဠ္ဟာယ၊ စန္ဒော ပန္နရသော ယထာ။
တဒါ ဟိ နန္ဒိယော ထေရော၊ ပဓာနိကသဘာယ စ။
သာမာဇိကော စ သော ဟုတ္ဝာ၊ အကာ သာသနနုဂ္ဂဟံ။

တိပိဋကဓရ ပါဠိမြန်မာအဘိဓာန်အဖွဲ့ တာဝန်ခံ

ဆရာတော်သည် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့၏ လျှောက်ထားချက်အရ ပခုက္ကူ၊ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၌ ၁၃၂၈-ခုနှစ် ဝါခေါင်လမှ စတင်ရေးသား ပြုစုရသော မဟာဝိသုတာရာမ ဂဏဝါစက တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့၏ တာဝန်ခံဆရာတော်ဖြစ်၍လည်း ရှေ့တန်းမှ ဆောင်ရွက်တော်မူသည်။

သုဝဏ္ဏဘူမိပရိယတ္တိအသင်း နာယက

၁၃၂၂-ခုနှစ်မှစ၍ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိအသင်းကြီး၏ ပရဒေသိနာယကအဖြစ်ဖြင့် အသင်းဝင်ဒါယကာများ၏ ဆန္ဒကို လိုက်လျောကာ ပုစ္ဆာထုတ်ခြင်း ပုစ္ဆာစစ်ခြင်းများကို ပြုလုပ် ဆောင်ရွက်ရလေသည်။

သုဝဏ္ဏဘူမိနာမာယ၊ သမီတိယာ ဝိသာရဒေါ။
နာယကော စာပိ သော အာသိ၊ နန္ဒိယော နန္ဒကော ယထာ။

ကျမ်းဂန်များ ပြုစုတော်မူခြင်း

ဆရာတော်သည် ပါဠိတော်များကို အဋ္ဌကထာ ဋီကာတဲ့ဖက်၍ စာချတော်မူသဖြင့် အားလပ်ချိန်မှာ များစွာမရှိပါချေ၊ သို့သော် ဆိုင်ရာ ဆရာသမား, ဒကာများတို့၏ စေခိုင်း လျှောက်ထားချက်တို့ကြောင့် ကျမ်းဂန်များ ဝိနိစ္ဆယများကို ရေးသားတော်မူခဲ့သည်။

ၾကွင်းတို့မှာ—

(၁) မအူဆရာတော်ဘုရားကြီး မဟာထေရပွတ္တိဒီပနီကျမ်း၊

(၂) မဟာဝိသုတာရာမထေရာပဒါန်ကျမ်း၊

(၃) ဗြဟ္မယာစနအဖြေကျမ်း၊

(၄) မဟာသမယသုတ်များ ပါဠိတော်နိဿယနှင့် အဖွင့်အကျယ်ကျမ်းစသည်တို့ ဖြစ်ကြသည်။

မဟာထေရပွတ္တိဒီပနီ

ဖော်ပြပါကျမ်းများအနက် မအူဆရာတော်ဘုရားကြီး၏ မဟာထေရပွတ္တိဒီပနီမှာ ၁၃၀၁-ခုနှစ် ဆရာတော် ပုံလွှန်တော်မူပြီးစက ရေးသားသော ကျမ်းဖြစ်သည်၊ ၎င်းကျမ်းကို ဆရာတော်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ၏ အမိန့်ရှိ စေခိုင်းသဖြင့် ရေးသားခဲ့ကြောင်း ဆရာတော်က စာရေးသူအား မိန့်ဘူးပါသည်။ ဆရာတော်သည် ကျမ်းဦးအစး မင်္ဂလာစရာအခန်း၌—

ဗဟုဿုတော'ဓမ္မဓရော၊ ကောဿာရက္ခော မဟေသိနော၁။
စက္ခု သဗ္ဗဿ လောကဿ၊ ပူဇနီယော ဗဟုဿုတော၁။

ဟူသော အာနန္ဒထေရဂါထာပါဠို ၃၄၇-စာမျက်နှာဂါထာဖြင့် မအူဆရာတော်ဘုရားကြီးအား ဗဟုဿုတဂုဏ်, ဓမ္မဓရဂုဏ်, ဘုရားမြတ်စွာ၏ ကောဿာရက္ခဂုဏ်, ပူဇနီယဂုဏ်-တို့ဖြင့် ချီးကျူးဖော်ပြထားသည်။ တဖန်ဆက်လက်၍—

ဇာတိပဝတ္တိသဠိတာ၊ ယာ သာ ပူဇာ မယာ ကတာ၁။
အဓိဝါသေတု တံ ပူဇံ၊ ဒေတု မေ ထေရမဂ်လံ။

ဟူသော ဂါထာဖြင့် ဇာတိဖြစ်စဉ် ပဝတ္တိဖြစ်စဉ်ဖြင့် ပူဇော်မှုကို လက်ခံပါရန် လျှောက်ထားစကားပျိုးကာ ကျမ်းကို စ၍ ရေးတော်မူသည်၊ ဖော်ပြပါကျမ်းစာအုပ်မှာ ကရောင်း ၁၆-ချိုး ၁၄၇-မျက်နှာ ရှိလေသည်၊ စာအုပ်အစအဆုံး၌ ကျမ်းပြုသူနာမည် ဖော်ပြခြင်း မရှိခဲ့ပေ။

မဟာဝိသုတာရာမ ထေရာပဒါန်

မဟာဝိသုတာရာမ ထေရာပဒါန်ခေါ် ထေရုပ္ပတ္တိဒီပနီကျမ်းကို အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်,အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရမဟာထေရ်-တို့၏ တိုက်တွန်းအမိန့်ရှိချက်အရ ရေးသားခဲ့ရကြောင်း—

ဧဝမ္မိ ဂရုတ္ထေရာနံ၊ အာဏာတ္တိံ သိရသာ ဝဟံ။
ယထာဗလမနောသက္က၊ ဝိရိယော ဂုဏကိတ္တနေ။

ဟူသောဂါထာဖြင့် ဆရာတော်ကိုယ်တိုင် ဖော်ပြတော်မူခဲ့သည်၊ ယင်းကျမ်း၌ ဂါထာတကြော့ မြန်မာတကြော့ ရေးသားထားသည်၊ ဂါထာ ၂၅၂-ဂါထာ ပါရှိသည်၊ ဂါထာများမှာ လွန်စွာပြောင်မြောက် ကောင်းမွန်လေသည်၊ ယင်းကျမ်း၌ ကျမ်းဆရာ၏နိဂုံးကို လျှို့ဝှက်စွာ—

ရတိ' နယတိ ယန္တဿ၊ သိဒ္ဓိ သမ္မတဝါသိနာ။
ဂုရုနော ထေရာပဒါနံ၊ သိဿေန ကိတ္တိတံ ဣဒံ။

ဟူသောဂါထာဖြင့် ဖော်ပြခဲ့သည်။

ဗြဟ္မယာစနကထာ အဖြေကျမ်း

ဂုင်းပြင် ဆရာတော်သည် ၁၃၁၈-ခုနှစ်က ဗြဟ္မယာစနကထာ ဘာသာပြန်ကောက်နှုတ်ချက်ရှင်းတမ်းကိုလည်း ရေးသားခဲ့သည်၊ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက ဆဋ္ဌသံဂါယနာဝန်ဆောင်အဖွဲ့အား ဘုရားရှင်အား သဟမွတိဗြဟ္မာမင်းကြီး၏ တရားဟောရန် တောင်းပန်ခြင်းနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားအပ်သော ပြဿနာများကို ဖြေကြားရန်တာဝန်ရှိသော အဂ္ဂမဟာပဏ္ဍိတ ဝန်ဆောင်သံဃာ့အဖွဲ့ဝင် ဆရာတော်အရှင်နန္ဒဝံသထေရ်၏ တိုက်တွန်းချက်အရ ရေးသားခြင်း ဖြစ်သည်၊ စာမူကို ပုံမနှိပ်မီ ဆရာတော်အရှင်နန္ဒဝံသထံသို့ ဆက်ကပ်ရာ ဆရာတော်အရှင်နန္ဒဝံသမဟာထေရ်က များစွာကျေနပ် နှစ်သက်တော်မူ၍ အောက်ပါစာကို ၁၃၁၈-ခု၊ တန်ခူးလဆုတ် ၆-ရက်နေ့က ဆရာတော်အရှင်နန္ဒိယထံ ပေးပို့လေသည်။

ဤမျှလောက် အတိုင်းအရှည်ရှိသော ဗြဟ္မယာစနကထာ ဖြေရှင်းချက်စာတမ်းအစဉ်ဖြင့် ဥဇုကတာ ရိုးသားဖြောင့်မတ်သောသဘော, အစလသဒ္ဒါ=မတုံမလှုပ် စိတ်ချယုံကြည်သော သဒ္ဒါဖြင့် ကြည့်ရှုလေ့လာစုံစမ်းပါက ဗြဟ္မယာစနကထာဌ် ယုံမှားသံသယဝိစိကိစ္ဆာ ငြောင့်တံသင်းမှ လွတ်ကင်းကွယ်ပျောက်လိမ့်မည်ဟု ယုံကြည်မိ၏။

ဤဗြဟ္မယာစနကထာဖြေရှင်းချက် စာတမ်းကား မိမိကိုယ်တိုင်ရေးသားရန် အခွင့်မသာလှသောကြောင့် တပည့်ဂဏဝါစက အရှင်နန္ဒိယကို တိုက်တွန်းအပ်သည်ဖြစ်၍ ၎င်းရှင်နန္ဒိယ ရေးသားအပ်သော စာတမ်းပေတည်း၊ ဤစာတမ်းအတိုင်းပင် မိမိလည်း သဘောတူ၏၊ နှစ်သက်ကျေနပ်၏။

ဤစာအုပ်ကို မန္တလေးမြို့ ကဝိလက္ခဏစာအုပ်ဆိုင် နံပါတ်(၁၀)စီရုံ စျေးချို, ဦးလုံးနှင့် ဒေါ်ကြည်ကြည် သားသမီးတစုတို့က ရိုပ်နှိပ်၍ ဓမ္မဒါန ပြုလေသည်။

မဟာသမယသုတ်များ ပါဠိတော်နိဿယနှင့်
အဓိပ္ပါယ်အဖွင့်ကျမ်း

ဆရာတော်အရှင်နန္ဒဝံသ သက်တော်ထင်ရှားရှိစဉ်ကပင် မဟာသမယသုတ်များ နိဿယအဖွင့်ကျမ်းကို ရေးသားပြီးစီးခဲ့သည်၊ စာမူကို ဆရာတော် အရှင်နန္ဒဝံသက များစွာကျေနပ်အားရတော်မူသည်၊ မဟာသမယသုတ်နိဿယကို ရန်ကုန်သတင်းစာတိုက်ပိုင်ရှင် ဦးအောင်မြင် လျှောက်ထားတောင်းပန်၍ ရေးသားတော်မူခဲ့သည်၊ ဆရာတော်သည် ပဏာမအာဘိယာစက,

ပဋ္ဌညာဉတို့ကို—

သမယံ ယော သမယတိ၊ မဟိတော မဟာသမယော။
သမယေ ဒေဝဒေဝါနံ၊ သန္တာသ တာသ မေ နမော။

နတ္ထာ မဟာသမယာသ၊ ကာသံ နိဿာယ နိဿယံ။
ဓမ္မာဘိသမယေသီနံ၊ သာဓူနံ သာဓုယာစနာ။

ဟူသော ၂-ဂါထာဖြင့် ရေးသားတော်မူခဲ့သည်၊ဤဂါထာများဌ် နိဿယံ-ငြမ်းကြီးပမာမှိရာဆင့်ဆင့် အဖွင့်သံဝဏ္ဏနာဆိုင်ရာကျမ်းစုကို၊ ဝါ၊ ဝိသုတာရုံ တိုက်ရှေဘုံဝယ် ပဉ်,သုန်,နန် လျှင် ကျေးဇူးရှင်တို့၏ သွန်သင်ပြသ သဲလွန်စကို-ဟူသော စကားဖြင့် ကျေးဇူးရှင်ဆရာတော်တို့၏ အမည်တော်များကို အတိုချုံး၍ ဖော်ပြလေသည်၊ ဆရာတော်သည် သမ္မာပရိဗ္ဗာဇနိယသုတ်, ပုရာဘေဒသုတ်, ကလဟဝိဝါဒသုတ်, စူဠဗျူဟသုတ်, မဟာဗျူဟသုတ်, တုဝဋ္ဋကသုတ်တို့၏ နိဿယ အဓိပ္ပါယ်ကိုလည်း မင်္ဂလာဦးအောင်မြင့်စသော ဒါယကာများ တောင်းပန်သဖြင့် ရေးသားခဲ့သည်၊ ပဏာမနှင့် ပဋ္ဌညာဉ် ဂါထာများဌ် စရိုက် ၆-ပါးနှင့် သုတ် ၆-သုတ် တွဲစပ်၍ ပြည့်စုံစွာ ဖော်ပြ၍ အာဘိယာစက စသည်တို့ကိုလည်း သိသာစေခဲ့သည်၊ ကျမ်းဦး ဂါထာများမှာ—

(၁) သယဉ္ဆာပိ သုဝိသုဒ္ဓါ၊ ဝိသုဒ္ဓပရိဝါရိတော။
ပရိသုဒ္ဓေ ရတ္တိဘာဂေ၊ ဩကာသေ ယော ဝိရောစယိ။

(၂) မဟန္တံ ဒေဝသမိတိံ၊ ဒိသွာ ဘာဂေ ဒုဝေ အကာ။
တတ္ထ သဗ္ဗေ ပရိဂ္ဂယ္ဟ၊ ဆ ဘာဂေ ဝိဘဇီ ပုန။



ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော်
အရှင်နန္ဒိယ မဟာထေရ် 298

(၃) နေသံ စရိတသပ္ပါယံ၊ ဒေသနံ ဥပဓာရယိ။
သမ္မာပရိဗ္ဗာဇနီယံ၊ ရာဂရတ္တာန ဒေသယိ။

(၄) ကလဟံ ဒေါသစာရီနံ၊ မူဋ္ဌာနမာဟ ဗျူဟကံ။
စူဋ္ဌံ ဝိတက္ကစာရီနံ၊ သဒ္ဓါနံ ထ တုဝဋ္ဋကံ။

(၅) ဗုဒ္ဓိမတံ ပုရာဘေဒံ၊ အဇ္ဈာသယာနုရူပကံ။
နိမ္မိတေန ကတံ ပဋ္ဌံ၊ ပဗျာကာသိ သယံ တဒါ။

(၆) တာဟံ နတ္ဝာ ကရိဿာမိ၊ ဆန္နံ သုတ္တာန နိဿယံ။
မဟာသမယသဒ္ဒါနံ၊ သရံ သာဓူန ယာစနံ။

တို့ ဖြစ်လေသည်။

ၛင်းစာမူကို ၁၃၂၃-ခုနှစ်က စာရေးသူ ရန်ကုန် ကမ္ဘာအေး ဇမ္မူဒီပ ကျောင်းဆောင်၌ နေခိုက် ပခုက္ကူ ခေတ္တပြန်လာစဉ် ဆရာတော်ထံမှ စာမူကို ရန်ကုန်ယူခဲ့ပြီး မင်္ဂလာ-ဦးအောင်မြင့် အား ပေးအပ်ခဲ့သည်၊မင်္ဂလာ-ဦးအောင်မြင့်မှတဆင့် ရန်ကုန်သတင်းစာတိုက်ပိုင်ရှင် ဦးအောင်မြင့် သို့ မူပေးရာ စာအုပ် ၂၀၀၀-ဣစ္ဆာသယ-ပုံနှိပ်တိုက်၌ ရိုက်နှိပ်စေခဲ့ရာ မကြာမီ ကုန်သွားသဖြင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှာ ၁၃၂၈-ခုနှစ်က ရိုက်ခဲ့ပြန်ရာ များစွာထင်ရှားသော စာမူ ဖြစ်လာတော့သည်။

ပျို့ကဗျာ

ဆရာတော်သည် ပျို့ကဗျာ,ရတု,မော်ကွန်း စသည်တို့၌လည်း ကျွမ်းကျင်တတ်မြောက်တော်မူ သည်၊ "မင်္ဂလာမင်္ဂို့၊ ကြွံကြွံခိုင်သား၊ ရောင်ဆိုင်လေးထွေ၊ စကြာဗေ့"ဟု အစချီသည့် မဟာ-ဝိသုတာရာမတိုက် သိမ်ကျောင်းတော်ကြီး ဘွဲ့မော်ကွန်းဖြင့် ဆရာတော်၏ ပျို့ကဗျာအရည်အချင်း ကို အကဲဖြတ်နိုင်သည်။

တိုက်တာအလွဲခံ ၃-ပါး

အဘိဓဇမဟာရဋ္ဌဂုရု-ဆရာတော်ဘုရားကြီးက ၁၃၁၉-ခုနှစ် ဥပုသ်နေ့တနေ့တွင် ဥပုသ်ပြုအပြီး သံဃာတော် ၄၀၀-ကျော်အလယ်၌ မဟာဝိသုတာရာမတိုက်ကြီးကို လွဲအပ်တော်မူရာ ဆရာတော် ၃-ပါးအနက် ဆရာတော် ပါဝင်ခဲ့သည်၊ ၃-ပါးတို့မှာ—

(၁) ဆရာတော်-အရှင်ဂန္ဓမာမဟာထေရ်၊

(၂) ဆရာတော်-အရှင်နန္ဒိယမဟာထေရ်၊

(၃) ဆရာတော်-အရှင်မာဃိန္ဒမဟာထေရ်(ပုံလွန်)တို့ ဖြစ်ကြလေသည်၊

ထိုသို့ ဖြစ်ကြောင်းကို—

ဂန္ဓမာထေရသီဟော စ၊ နန္ဒိယော မာဃိန္ဒော တထာ။
ဣတိ တိဏ္ဏံ မဟာရာမံ၊ အပေသိ အပုနာ ဝိဒူ။

ဟူသော ဂါထာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

အခမဲ့ ရထားသင်္ဘောလက်မှတ်

ဆရာတော်အား နိုင်ငံတော်အစိုးရက ဆရာတော်၏ သီလ, သမာဓိ, ပညာ-ဂုဏ်တို့ကို ယုံကြည်သဖြင့် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ပဌမတန်းမှ တပည့်တဦးကို တတိယတန်းမှ မီးရထား, မီးသင်္ဘော စီးနင်းခွင့် လက်မှတ်ကို ၁၃၂၃-ခုနှစ်က ဆက်ကပ်လှူဒါန်းလေသည်။

ဘဒန္တနန္ဒိယော ထေရော၊ နာယကော ဂဏဝါစကော။
သပ္ပညော သာရဝါစော စ၊ နိကာယောဒဓိပါရဂေါ။

သုနန္ဒီ ဇနကော စေဝ၊ နန္ဒိယော နန္ဒိယော ယထာ။
အတိစိရံ ဟိ သော ထေရော၊ ဇောတေတု ဇိနသာသနံ။



တိုက်အုပ် ဆရာတော် အရှင်နန္ဒိယ မဟာထေရ်

ဂဏဘာရနီတ္ထာရကတာဝန် ထမ်းဆောင်ခြင်း

၁၃၁၄-ခုနှစ် မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ အစည်းအဝေးကြီးမှစ၍ ဂဏမဟာဝိနာယက ဆရာတော်ဘုရားကြီးများနှင့် ဂိုဏ်းဝင်သံဃာတို့၏ ခွင့်ပြုချက်အရ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏဘာရနီတ္ထာရကတာဝန်ကို ထမ်းရွက်တော်မူရလေသည်။

ဘာရနီတ္ထာရဘာရမ်ပိ၊ လဘိတ္ထာ ထေရကုဉ္ဇရော။
နိကာယဝုဒ္ဓိဘာဝါယ၊ အကာ နေကာယိကံ ဗဟုံ။

သံဂါယနာတွင် ဆောင်ရွက်ခြင်း

ဆဋ္ဌသံဂါယနာမဟာမဟာမသဘင်ကြီး၌လည်း သံဂီတိဝိဓာယကတာဝန်, မူလဝိသောဓကတာဝန်, ဆဋ္ဌသံဂီတိကာရကတာဝန်, ပဋိဝိသောဓကတာဝန်တို့ကိုလည်း ရွေတန်းမှ ပါဝင်ဆောင်ရွက်ခဲ့လေသည်။

ဆဋ္ဌသံဂီတိကာလေပိ၊ မြန်မာရဋ္ဌေ ပဝတ္တိတေ။
ဝိဓာယကော စ သော အာသိ၊ မူလဝိသောဓကောပိ စ။

သံဂီတိကာရကော စေဝ၊ ပဋိဝိသောဓကော တထာ။
ဣတိ အနေကဋ္ဌာနေသု၊ သံဂီတိယာ ဓုရန္ဓရော။

နိုင်ငံတော်ဝိနည်းဓိရ်တာဝန်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဝိနည်းဓိရ် အရှင်နန္ဒဝံသ မဟာထေရ်မြတ် ၁၃၁၉-ခုနှစ်တွင် ပျံလွန်တော်မူသဖြင့် ဆရာတော် အရှင်နန္ဒဝံသနေရာတွင် နိုင်ငံတော်ဝိနည်းဓိရ် တာဝန်ကို နိုင်ငံတော်သမတ၏ အပ်နှင်းခြင်း ခံရလေသည်။

သကလမြန်မာ့ရဋ္ဌဿ၊ သုဝိနိစ္ဆိယဒါယကော။
ဝိနယဓရော စ သော အာသိ၊ ဥပါလိ ဒုတိယော ဝိယ။

သာသနာ့သန့်ရှင်းရေး ဦးစီးအဖွဲဝင်

တော်လှန်ရေးအစိုးရလက်ထက် ၁၃၂၆-ခု တပေါင်းလပြည့် (၁၉၆၅-ခု မတ်လ ၁၇-ရက်)နေ့တွင် စတင်ကျင်းပပြုလုပ်ခဲ့သည့် သာသနာ့သန့်ရှင်းပြန့်ပွါးရေး အစည်းအဝေးကြီး၏ ဦးစီးအဖွဲဝင်တာဝန်ကို အော-ဒီ ၁၂-ရာစု ပရက္ကမဗာဟုမင်းကြီး၏ ဆရာတော် သာရတ္ထဒီပနီဋ္ဌိကာ အဂ်ုံတ္တိရ်ဋ္ဌိကာ စသည့် ကျမ်းပြု ဝိနိစ္ဆယညူ အရှင်သာရိပုတ္တရာထေရ်ကဲ့သို့ ဆောင်ရွက်တော်မူလေသည်။

ယဒါ မရမ္မရာဇာနော၊ အကရုံ ဇိနသာသနံ။
သုဝိသုဒ္ဓဝိရုဠ္ဟာယ၊ စန္ဒော ပန္နရသော ယထာ။

တဒါ ဟိ နန္ဒိယော ထေရော၊ ပဓာနိကသဘာယ စ။
သာမာဇိကော စ သော ဟုတ္ဝာ၊ အကာ သာသနုဂ္ဂဟံ။

တိပိဋကပါဠိမြန်မာအဘိဓာန်အဖွဲ့တံဝန်ခံ

ဆရာတော်သည် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့၏ လျှောက်ထားချက်အရ ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၌ ၁၃၂၈-ခုနှစ် ဝါခေါင်လမှ စတင်ရေးသား ပြုစုရသော မဟာဝိသုတာရာမ ဂဏဝါစက တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့၏ တာဝန်ခံဆရာတော်ဖြစ်၍လည်း ရှေ့တန်းမှ ဆောင်ရွက်တော်မူသည်။

သုဝဏ္ဏဘူမိပရိယတ္တိအသင်း နာယက

၁၃၂၂-ခုနှစ်မှစ၍ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိအသင်းကြီး၏ ပရဒေသိနာယကအဖြစ်ဖြင့် အသင်းဝင်ဒါယကာများ၏ ဆန္ဒကို လိုက်လျောကာ ပုစ္ဆာထုတ်ခြင်း ပုစ္ဆာစစ်ခြင်းများကို ပြုလုပ် ဆောင်ရွက်ရလေသည်။

သုဝဏ္ဏဘူမိနာမာယ၊ သမီတိယာ ဝိသာရဒေါ။
နာယကော စာပိ သော အာသိ၊ နန္ဒိယော နန္ဒကော ယထာ။

ကျမ်းဂန်များ ပြုစုတော်မူခြင်း

ဆရာတော်သည် ပါဠိတော်များကို အဋ္ဌကထာ ဋီကာတဲ့ဖက်၍ စာချတော်မူသဖြင့် အားလပ်ချိန်မှာ များစွာမရှိပါချေ၊ သို့သော် ဆိုင်ရာ ဆရာသမား, ဒကာများတို့၏ စေခိုင်း လျှောက်ထားချက်တို့ကြောင့် ကျမ်းဂန်များ ဝိနိစ္ဆယများကို ရေးသားတော်မူခဲ့သည်။

ထင်းတို့မှာ—

(၁) မအူဆရာတော်ဘုရားကြီး မဟာထေရုပ္ပတ္တိဒီပနီကျမ်း၊

(၂) မဟာဝိသုတာရာမထေရာပဒါန်ကျမ်း၊

(၃) ဗြဟ္မယာစနအဖြေကျမ်း၊

(၄) မဟာသမယသုတ်များ ပါဠိတော်နိဿယနှင့် အဖွင့်အကျယ်ကျမ်းစသည်တို့ ဖြစ်ကြသည်။

မဟာထေရုပ္ပတ္တိဒီပနီ

ဖော်ပြပါကျမ်းများအနက် မအူဆရာတော်ဘုရားကြီး၏ မဟာထေရုပ္ပတ္တိဒီပနီမှာ ၁၃၀၁-ခုနှစ် ဆရာတော် ပို့လွန်တော်မူပြီးစက ရေးသားသော ကျမ်းဖြစ်သည်၊ ၎င်းကျမ်းကို ဆရာတော်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ် အမိန့်ရှိ စေခိုင်းသဖြင့် ရေးသားခဲ့ကြောင်း ဆရာတော်က စာရေးသူအား မိန့်ဘူးပါသည်။ ဆရာတော်သည် ကျမ်းဦးအစး မင်္ဂလာစရာအခန်း၌—

ဗဟုဿုတော၊ ဓမ္မဓရော၊ ကောဿာရက္ခော မဟေသိနော။
စက္ခု သဗ္ဗဿ လောကဿ၊ ပူဇနီယော ဗဟုဿုတော။

ဟူသော အာနန္ဒထေရဂါထာပါဠိ ၃၄၇-စာမျက်နှာဂါထာဖြင့် မအူဆရာတော်ဘုရားကြီးအား ဗဟုဿုတဂုဏ်, ဓမ္မဓရဂုဏ်, ဘုရားမြတ်စွာ၏ ကောဿာရက္ခဂုဏ်, ပူဇနီယဂုဏ်-တို့ဖြင့် ချီးကျူးဖော်ပြထားသည်။ တဖန်ဆက်လက်၍—

ဇာတိပဝတ္တိသဉ္ဉိတာ၊ ယာ သာ ပူဇာ မယာ ကတာ။
အဓိဝါသေတု တံ ပူဇံ၊ ဒေတု မေ ထေရမဂ်လံ။

ဟူသော ဂါထာဖြင့် ဇာတိဖြစ်စဉ် ပဝတ္တိဖြစ်စဉ်ဖြင့် ပူဇော်မှုကို လက်ခံပါရန် လျှောက်ထားစကားပျိုးကာ ကျမ်းကို စ၍ ရေးတော်မူသည်၊ ဖော်ပြပါကျမ်းစာအုပ်မှာ ကရောင်း ၁၆-ချိုး ၁၄၇-မျက်နှာ ရှိလေသည်၊ စာအုပ်အစအဆုံး၌ ကျမ်းပြုသူနာမည် ဖော်ပြခြင်း မရှိခဲ့ပေ။

မဟာဝိသုတာရာမ ထေရာပဒါန်

မဟာဝိသုတာရာမ ထေရာပဒါန်ခေါ် ထေရုပ္ပတ္တိဒီပနီကျမ်းကို အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်,အာဘိဓမ္မဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရမဟာထေရ်-တို့၏ တိုက်တွန်းအမိန့်ရှိချက်အရ ရေးသားခဲ့ရကြောင်း—

ဇေမိဂ် ဂရုတ္ထဆရာနံ၊ အာဏာတ္တိံ သိရသာ ဝဟံ။
ယထာဗလမနောသက္က၊ ဝိရိယော ဂုဏကိတ္တနေ။

ဟူသောဂါထာဖြင့် ဆရာတော်ကိုယ်တိုင် ဖော်ပြတော်မူခဲ့သည်၊ ယင်းကျမ်း၌ ဂါထာတကြော့ မြန်မာတကြော့ ရေးသားထားသည်၊ ဂါထာ ၂၅၂-ဂါထာ ပါရှိသည်၊ ဂါထာများမှာ လွန်စွာပြောင်မြောက် ကောင်းမွန်လေသည်၊ ယင်းကျမ်း၌ ကျမ်းဆရာ၏နိဂုံးကို လျှို့ဝှက်စွာ—

ရတိ နယတိ ယန္တဿ၊ သိဒ္ဓိ သမ္မတဝါသိနာ။
ဂုရုနော ထေရာပဒါနံ၊ သိဿေန ကိတ္တိတံ ဣဒံ။

ဟူသောဂါထာဖြင့် ဖော်ပြခဲ့သည်။

ဗြဟ္မယာစနကထာ အဖြေကျမ်း

ဂုဏ်းပြင် ဆရာတော်သည် ၁၃၁၈-ခုနှစ်က ဗြဟ္မယာစနကထာ ဘာသာပြန်ကောက်နှုတ်ချက်ရှင်းတမ်းကိုလည်း ရေးသားခဲ့သည်၊ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက ဆဋ္ဌသံဂါယနာဝန်ဆောင်အဖွဲ့အား ဘုရားရှင်အား သဟမွတိဗြဟ္မာမင်းကြီး၏ တရားဟောရန် တောင်းပန်ခြင်းနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားအပ်သော ပြဿနာများကို ဖြေကြားရန်တာဝန်ရှိသော အဂ္ဂမဟာပဏ္ဍိတ ဝန်ဆောင်သံဃာ့အဖွဲဝင် ဆရာတော်အရှင်နန္ဒဝံသထေရ်၏ တိုက်တွန်းချက်အရ ရေးသားခြင်း ဖြစ်သည်၊ စာမူကို ပုံမနှိပ်မီ ဆရာတော်အရှင်နန္ဒဝံသထံသို့ ဆက်ကပ်ရာ ဆရာတော်အရှင်နန္ဒဝံသမဟာထေရ်က များစွာကျေနပ် နှစ်သက်တော်မူ၍ အောက်ပါစာကို ၁၃၁၈-ခု၊ တန်ခူးလဆုတ် ၆-ရက်နေ့က ဆရာတော်အရှင်နန္ဒိယထံ ပေးပို့လေသည်။

ဤမျှလောက် အတိုင်းအရှည်ရှိသော ဗြဟ္မယာစနကထာ ဖြေရှင်းချက်စာတမ်းအစဉ်ဖြင့် ဥဇုကတာ ရိုးသားဖြောင့်မတ်သောသဘော, အစလသဒ္ဒါ=မတုံမလှုပ် စိတ်ချယုံကြည်သော သဒ္ဓါဖြင့် ကြည့်ရှုလေ့လာစုံစမ်းပါက ဗြဟ္မယာစနကထာဌ် ယုံမှားသံသယဝိစိကိစ္ဆာ ငြောင့်တံသင်းမှ လွတ်ကင်းကွယ်ပျောက်လိမ့်မည်ဟု ယုံကြည်မိ၏။

ဤဗြဟ္မယာစနကထာဖြေရှင်းချက် စာတမ်းကား မိမိကိုယ်တိုင်ရေးသားရန် အခွင့်မသာလှသောကြောင့် တပည့်ဂဏဝါစက အရှင်နန္ဒိယကို တိုက်တွန်းအပ်သည်ဖြစ်၍ ၎င်းရှင်နန္ဒိယ ရေးသားအပ်သော စာတမ်းပေတည်း၊ ဤစာတမ်းအတိုင်းပင် မိမိလည်း သဘောတူ၏၊ နှစ်သက်ကျေနပ်၏။

ဤစာအုပ်ကို မန္တလေးမြို့ ကဝိလက္ခဏစာအုပ်ဆိုင် နံပါတ်(၁၀)စီရုံ စျေးချို, ဦးလုံးနှင့် ဒေါ်ကြည်ကြည် သားသမီးတစုတို့က ရိုပ်နှိပ်၍ ဓမ္မဒါန ပြုလေသည်။

မဟာသမယသုတ်များ ပါဠိတော်နိဿယနှင့်
အဓိပ္ပါယ်အဖွင့်ကျမ်း

ဆရာတော်အရှင်နန္ဒဝံသ သက်တော်ထင်ရှားရှိစဉ်ကပင် မဟာသမယသုတ်များ နိဿယအဖွင့်ကျမ်းကို ရေးသားပြီးစီးခဲ့သည်၊ စာမူကို ဆရာတော် အရှင်နန္ဒဝံသက များစွာကျေနပ်အားရတော်မူသည်၊ မဟာသမယသုတ်နိဿယကို ရန်ကုန်သတင်းစာတိုက်ပိုင်ရှင် ဦးအောင်မြင် လျှောက်ထားတောင်းပန်၍ ရေးသားတော်မူခဲ့သည်၊ ဆရာတော်သည် ပဏာမအာဘိယာစက, ပဋိညာဉ်တို့ကို—

သမယံ ယော သမယတိ၊ မဟိတော မဟာသမယော။
သမယေ ဒေဝဒေဝါနံ၊ သန္တဿ တဿ မေ နမော။

နတ္ထာ မဟာသမယဿ၊ ကဿံ နိဿာယ နိဿယံ။
ဓမ္မာဘိသမယေသီနံ၊ သာဓူနံ သာဓုယာစနာ။

ဟူသော ၂-ဂါထာဖြင့် ရေးသားတော်မူခဲ့သည်၊ဤဂါထာမျှား၌ နိဿယံ-ငြမ်းကြီးပမာမှိရုဆင့်ဆင့် အဖွင့်သံဝဏ္ဏနာ ဆိုင်ရာကျမ်းစုကို၊ ဝါ၊ ဝိသုတာရုံ တိုက်ရှေဘုံဝယ် ပဉ်,သုန်,နန် လျှင် ကျေးဇူးရှင်တို့၏ သွန်သင်ပြသ သဲလွန်စကို-ဟူသော စကားဖြင့် ကျေးဇူးရှင်ဆရာတော်တို့၏ အမည်တော်များကို အတိုချုံး၍ ဖော်ပြလေသည်၊ ဆရာတော်သည် သမ္မာပရိဗ္ဗာဇနိယသုတ်, ပုရာဘေဒသုတ်, ကလဟဝိဝါဒသုတ်, စူဠဒုက္ခက္ခန္ဓသုတ်, မဟာဒုက္ခက္ခန္ဓသုတ်, တုဝဋ္ဋကသုတ်တို့၏ နိဿယ အဓိပ္ပါယ်ကိုလည်း မင်္ဂလာ ဦးအောင်မြင့်စသော ဒါယကာများ တောင်းပန်သဖြင့် ရေးသားခဲ့သည်၊ ပဏာမနှင့် ပဋိညာဉ် ဂါထာများ၌ စရိုက် ၆-ပါးနှင့် သုတ် ၆-သုတ် တွဲစပ်၍ ပြည့်စုံစွာ ဖော်ပြ၍ အာဘိယာစက စသည်တို့ကိုလည်း သိသာစေခဲ့သည်၊ ကျမ်းဦး ဂါထာများမှာ—

(၁) သယဉ္ဆာပိ သုဝိသုဒ္ဓါ၊ ဝိသုဒ္ဓပရိဝါရိတော။
ပရိသုဒ္ဓေ ရတ္တိဘာဂေ၊ သြကာသေ ယော ဝိရောစယိ။

(၂) မဟန္တံ ဒေဝသမိတိံ၊ ဒိသွာ ဘာဂေ ဒုဝေ အကာ။
တတ္ထ သဗ္ဗေ ပရိဂ္ဂယ္ဘ၊ ဆ ဘာဂေ ဝိဘဇီ ပုန။

ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက် တိုက်အုပ်ဆရာတော်
အရှင်မာဃိန္ဒ မဟာထေရ်

တိုက်အုပ်ဆရာတော်

အခွင်မာဃိန္ဒ မဟာထေရ်

ဆရာတော်သည် ပခုက္ကူဆရာတော်တို့၏ အနွယ်အဆက်၌ မိုးရွှေးတိုင်ကြီးပမာ လွန်စွာကျော်ဇော ထင်ရှားခဲ့သည်၊ စာချပလ္လင်ပေါ်တက်မိလျှင် ရှေ့ဂူမှထွက်သော ကေသရာဇာခြင်္သေ့မင်းပမာ ရဲတင်းမာန်ပါပါ စာဝါကို နှိုင်နှိုင်နင်းနင်း အဝါးဝစွာ ပို့ချလေ့ရှိတော်မူသည်။

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဒေါင်းလယ်ရွာ အဘ-ဦးသာဖွယ်၊ အမိ-ဒေါ်ပေတို့မှ သက္ကရာဇ် ၁၂၆၅-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃-ရက် ကြာသပတေးနေ့တွင် တတိယမြောက်ဖွားမြင်သော သားရတနာ ဖြစ်သည်၊ ဖခင်-ဦးသာဖွယ်မှာ ဆရာတော်လောင်းလျာ ဂ-နှစ်သားတွင် ကွယ်လွန်ရှာသဖြင့် မိမိသားငယ်ကို သင်္ကန်းဝတ်အသွင်အပြင်ကလေးဖြင့် ဖူးမြင်ခွင့်ရမသွားရှာခဲ့ပေ၊ ဆရာတော်၏ ငယ်နာမည်မှာ မောင်ဖိုးမိတ် ဖြစ်သည်၊ ဂ-နှစ်သားအရွယ်တွင် မိခင်က ဒေါင်းလယ် အိုင်းမ ရွာဦးကျောင်းဆရာတော် အရှင်အာစိဏ္ဏထံတွင် အပ်နှံ၍ ပညာသင်ကြားစေခဲ့သည်၊ ၁၂-နှစ်သားအရွယ်တွင် အရှင်အာစိဏ္ဏထံ၌ပင် သာမဏေဝတ်ခဲ့သည်၊ လျင်မြန်စူးရှသည့် တိက္ခဉာဏ်ရည်ကို စွဲ၍ ရှင်ပညာတိက္ခဟု ခေါ်တွင်လေသည်၊ ၇-ရက်သာ ကိုယ်ရင်ဝတ်ပြီး လူဝတ်လဲကာ လောကဓာတ်ကျောင်းတွင် ၁၅-နှစ်သားအထိ ၇-တန်းတိုင်ရောက်အောင် ပညာသင်ခဲ့သည်၊ ဆရာတော်အရှင်အာစိဏ္ဏသည် "နိကာယဏ္ဏဝပါရဂူ"ဦးရီးတော် ပခုက္ကူဆရာတော် အရှင်ပညာ ဒေါင်းလယ်ရွာသို့ ကြွလာချိန်တွင် မောင်ဖိုးမိတ်ကိုခေါ်၍ ဆရာတော်ကြီးထံ အပ်နှံလိုက်လေသည်၊ မောင်ဖိုးမိတ်သည် ၁၂၈၁-ခုနှစ် နယုန်လ၌ ပခုက္ကူမဟာဝိသုတာရုမတိုက်ကြီးသို့ ရောက်သည်၊ ဆရာတော်သည် အရှင်နန္ဒဝံသထေရ်ထံ ရှင်သာမဏေဝတ်စေပြီးမှ ကိုယ်တိုင် ဥပဇ္ဈာယ်ပြုတော်မူ၍ ရှင်မာဃိန္ဒ-ဟူသော ဘွဲ့တော်ကိုလည်း ပေးတော်မူသည်။

သာမဏေကျော်

ရှင်မာဃိန္ဒသည် ဆရာတော် အရှင်နန္ဒဝံသထံတွင် ပိဋကတ်အခြေပြုကျမ်းစာများကိုသင်ယူ၍ ဆရာတော်အရှင်ပညာထံတွင် သင်္ဂြိဟ်, ဋီကာကျော်, ပါရာဇိကဏ်ပါဠိ, အဋ္ဌကထာ စသော ကျမ်းများကို ဆိုဝါဖြင့် သင်ယူခဲ့ရာ နောက်တခေါက်တွင် ဆရာတော်၏ အထောက်အကူ မယူတော့ပဲ သိန္ဓောမြင်းစိုင်းသကဲ့သို့ လျင်မြန်ဖြတ်လတ်စွာ ဆိုစွမ်းနိုင်သဖြင့် စာဆိုကောင်းသော သာမဏေအဖြစ် နာမည်ကျော်ခဲ့သည်၊ ၁၂၈၄-ခုနှစ် တပေါင်းလဆန်း ၁၀-ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဦးရီးတော်ဆရာတော် အရှင်ပညာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်၊ ဆက်လက်၍ ရဟန်း ၅-ဝါအထိ ဆရာတော်အရှင်ပညာထံတွင် နိကာယ် ၅-ရပ် ပိဋကတ်ကျမ်းစာများကို ဆိုဝါဖြင့်ချည်း သင်ယူခဲ့သည်၊ ရဟန်း ၅-ဝါရတွင် ဂဏဝါစက စာချဖြစ်၍ စာလိုက်သံဃာ မြားမြောက်စွာတို့အား စာချပို့တော်မူသည်၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်အရှင်သုန္ဒရ, စာချဆရာတော် အရှင်ကုမာရ, တောင်သာနယ် နွားပြင်းရွာ တောင်ပေါ်ကျောင်းဆရာတော်နှင့် မန္တလေးဘုရားကြီးတိုက် ဆရာတော်များထံ ပညာသင်ကြားတော်မူခဲ့ဘူးသည်၊ ၁၃၁၉-ခုနှစ် ဥပုသ်နေ့ တနေ့တွင် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော်ဘုရားကြီးက မဟာဝိသုတာရုမတိုက်ကြီးကို လွှဲအပ်ရာ ဆရာတော် ၃-ပါးအနက် ဆရာတော် အရှင်

မာဃိန္ဒထေရ်လည်း ပါဝင်ခဲ့သည်၊ ဆရာတော်သည် ၃၉-နှစ်တိုင် မဟာဝိသုတာရုမတိုက်ကြီး၌ ပရိယတ္တိသာသနတာဝန်ကို ထူးချွန်စွာ ဆောင်ရွက်တော်မူရင်း မဟာဝိသုတာရုမိက ဂဏဝါစက နိကာယကြီး၏ ဂဏဘာရနိတ္ထာရကတာဝန်, ဝိနိစ္ဆယဋ္ဌာန ခရိုင်ဝိနည်းမိုရ်တာဝန်, ဆဋ္ဌသံဂါယနာ မူလဝိသောဓကတာဝန် ဆဋ္ဌသံဂါယနာ ပဋိဝိသောဓကတာဝန် စသော သာသနတာဝန်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။

မီးသင်္ဘော် မီးရထား အခမဲ့စီးခွင့်

ဆရာတော်၏ သာသနကိစ္စ တာဝန်များကို စွမ်းစွမ်းတမန် ဆောင်ရွက်မှုတို့ကြောင့် ဆရာတော် အား ၁၃၂၃-ခုနှစ်တွင် နောက်လိုက်တပည့်တယောက်ပါ ရိုးရိုးတန်းမှ စီးနင်းခွင့်နှင့်တကွ မြန်မာ တပြည်လုံးရှိ မီးရထား, မီးသင်္ဘော်များတွင် အထက်တန်းမှ အခမဲ့ စီးနင်းခွင့် လက်မှတ်ကို နိုင်ငံတော်အစိုးရက ကပ်လှူခဲ့သည်။

နတ်ပွဲသဘင် ဝင်ခဲ့ပြီ

ဤသို့လျှင် သာသနကိစ္စ အဝဝကို လွန်ကဲသော ဆန္ဒာဓိပတိဖြင့် ဆောင်ရွက်တော်မူခဲ့သော တိုက်အုပ်ဆရာတော်အရှင်မာဃိန္ဒသည် ၁၃၂၈-ခုနှစ် ကဆုန်လဆန်း ၁၄-ရက်နေ့ သက်တော် ၆၃-နှစ် ဝါတော် ၄၃-ဝါအရတွင် နတ်မင်းကွန္ဒာ အပင့်လာသဖြင့် ချနေကျစာဝါများကို ရပ်တန့်ကာ နတ်ပြည်သို့ ကြွသွား အနားယူတော်မူခဲ့လေပြီ။

မာဃိန္ဒော သီလဝါ ဓီရော၊ သုတော သုဂတသာသနေ။
ထေရော ထိရဂုဏောပေတော၊ ဉာတော ဒေဝါန သန္တိကေ။

ဂိုဏ်းဝန်ဆောင်,ဓမ္မာစရိယ, ဂဏဝါစက, ပရိယတ္တိပဌမကျော်
အရှင်နာယက မဟာထေရ် 303

ကိုဏ်းဝန်ဆောင် ဂဏဝါစက ဓမ္မာစရိယ ပဌမကျော်

ဆရာတော် အခြင်နာယက မဟာဇထေရ်

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရုမ စာသင်တိုက်ကြီး၏ ဂဏဝါစက စာချ ဆရာတော်ဖြစ်တော်မူသည့်ပြင် မဟာဝိသုတာရုမိက ဂဏဝါစက နိကာယကြီး၏ ကိုဏ်းဝန်ဆောင် ဆရာတော်လည်း ဖြစ်တော်မူသည်။

ကာလ ဒေသ မိဘ

ဆရာတော်သည် ၁၂၆၉-ခုနှစ် တန်ဆောင်မုန်းလဆန်း ၅-ရက် စနေနေ့တွင် ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ညောင်ရွာသစ်၌ အဘ ဦးသာလှိုင် အမိ ဒေါ်ဖွားမှိတ်မှ ဖွားမြင်သော ၁၀-ယောက်မြောက် သားရတနာ ဖြစ်တော်မူသည်။

ဘခင်ထံ သင်ပုန်းကြီးသင်

ငယ်စဉ်က အစဆုံး ဘခင် ဦးသာလှိုင်ထံတွင် ကလေးတို့စာ သင်ပုန်းကြီးကို သင်ယူခဲ့သည်၊ ဆရာတော်လောင်းလျှာသူငယ်သည် မပျင်းမရိ ဘခင်၏ထံတွင် ကောင်းစွာသင်ယူခဲ့လေသည်။

ပိတုနော သန္တိကေယေဝ၊ ဗာလအာယတ္တပေါတ္ထကံ။
သမ္မာ သော အသိက္ခိ ဉာဏီ၊ ဉာဏသံဝဠုကာရဏံ။

၇-တန်းအောင်ပြီ

ဘခင်ထံတွင် သင်ပုန်းကြီးကုန်ပြီးမှ ဝါဘင်းရွာ ဆရာဦးသာကျန်၏ စာသင်ကျောင်း၌ ၁၂၇၀–ပြည့်နှစ် တပေါင်းလဆန်း ၃–ရက်နေ့၌ ကျောင်းနေ၍ ၁၁-နှစ်သားအရွယ်မှစ၍ ပညာသင်ခဲ့လေသည်၊ ၁၂၇၆-ခုနှစ် အသက် ၁၇–နှစ်သားအရွယ်တွင် မြန်မာစာ ၇-တန်း အောင်ခဲ့လေသည်။

သတ္တရသေဝ ဝဿေ စ၊ ထေရက္ခိရော ဇယော ဘဝိ။
ဝိသိဋ္ဌံ သတ္တမံ ပန္တိ်၊ ဝိသိဋ္ဌဉာဏိကော သုဓီ။

သာမဏေဘုံ ခိုလှုံခြင်း

အသက် ၁၅-နှစ် ၁၈–နှစ် အရွယ်တော်ခေတ်တွင် သမ္ဘာရုရွာ မူလကျောင်းကြီးဆရာတော် ဦးလေးဘုန်းကြီး အရှင်အာသဘကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဝတ်ခဲ့သည်။

ဥပဇ္ဈာယံ ကရိတ္ဝာန၊ အာသဘံ ထေရကုဉ္ဇရံ။
ဝရံ အလတ္ထ ပဗ္ဗဇ္ဇံ၊ ခေမကာမောဝ နာယကော။

အရှင်ပညာဇောတထံ ပညာသင်ခြင်း

သာမဏေဝတ်ပြီး မကြာမြင့်မီ ရေစကြိုဆရာတော်ဘုရားကြီး၏ တပည့်ကြီးတပါးဖြစ်သည့် ကျမ်းဂန်တတ် ကင်းပန်းရွာ မြောက်ကျောင်းဆရာတော် အရှင်ပညာဇောတထံ ရောက်ရှိရာ ရှင်နာ-ယကဟူသောဘွဲ့ကို အရှင်ပညာဇောတက ပေးလေသည်၊ ၂-နှစ်တိုင် ပိဋကတ်အခြေပြု ကျမ်းဂန်များကို သင်ယူခဲ့ရသဖြင့် ပိဋကတ်အခြေကို ကောင်းစွာရရှိခဲ့လေသည်။

ပညာဇောတာသာ ထေရသာ၊ ထိရဂုဏောဒယာသာ စ။
ပါဒမူလေ ဒုဝသံ စ၊ အသိက္ခိ သိက္ခိတဗ္ဗကံ။

ရဟန်းဘဝဒုလ္လဘကို ရရှိခြင်း

၁၂၇၈-ခုနှစ် တပေါင်းလဆန်း ၈-ရက်နေ့တွင် ကင်းပန်းရွာ မြောက်ကျောင်း ခဏ္ဍသိမ်တော်၌ ညောင်ကန်ရွာ အရှေ့ကျောင်းဆရာတော် အရှင်အာဒိစ္စမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကဒရက-သံဃာတော် ၂၀-ပါးတို့ဖြင့် မြင့်မြတ်သည့် ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

ဤသို့ဖြင့် ဝိနယဂရုက, သိက္ခာကာမ, လဇ္ဇီပေသလ ဖြစ်တော်မူသော ဂဏဝါစက, ဓမ္မဝါစရိယ ပဌမကျော်, ဂိုဏ်းဝန်ဆောင် အရှင်နာယက မဟာထေရ်မြတ်၏ ရဟန်းဥပဇ္ဈာယ်သည် ဆရာတော် အရှင်အာဒိစ္စ, သာမဏေဥပဇ္ဈာယ်သည် အရှင်အာသဘဖြစ်ကြောင်း မှတ်သားအပ်လေသည်။

နာယကာသ ဥပဇ္ဈာယော၊ အဟု အာဒိစ္စသတ္ထုမော။
ပဗ္ဗဇေသိ အာသဘော တု၊ ဥရုဉာဏပရက္ကမော။

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးသို့

ဆရာတော်လောင်းလျာ အရှင်နာယက ပဉ္စင်းပျံသည် ရေစကြို ဆရာတော်ဘုရားကြီး၏ တပည့် အရှင်ပညာဇောတထံ၌ ရဟန်း ၁-ဝါဆက်၍ ပညာသင်ကြားနေစဉ် နိကာယ် ၅-ရပ် ပိဋကတ်သင်ယူ ချပ်ပို့မှုအရာတွင် တိုင်းခွင်မဆံ့ ပယ်နှံ့ကျော်ကြားလှသည့် ပခုက္ကူမဟာဝိသုတာ ရာမကျောင်းတိုက်ကြီးသို့ ရဟန်းသိက္ခာ ၁-ဝါအရ ၁၂၈၉-ခု နတ်တော်လလောက်တွင် ရောက်ရှိ၍ ပညာသင်ယူတော်မူခဲ့သည်။

နာယကော ဧကဝေသော၁၀၊ ဝိဿုတံ ဝိသုတာလယံ။
ပိဋကံ သိက္ခိတုံယော၀၊ သမ္ပတ္တော လောကပါကဋံ။

မန္တလေးနှင့် အမရပုရမြို့သို့

ပညာသင်မှု၌ အားရသည်ဟု မရှိရကား ပခုက္ကူ၌ ၃-နှစ် ၆-လခန့် သီတင်းသုံး ပညာသင်ကြားပြီးမှ မန္တလေးမြို့သို့ကြွ၍ မန္တလေးအနောက်ပြင် မစိုးရိမ်တိုက် အဘိဓမ္မနယူပဒေသကျောင်း အဂ္ဂမဟာပဏ္ဍိတ သာသနာ့တံခွန်ကျမ်းပြူ အရှင်ပညာဝံသာဘိ ကဝိဓဇ မဟာထေရ်၏ အထံတော်၌ နေထိုင်ကာ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သူရိယဆရာတော်ဘုရားထံ၌ ယမိုက်, ပဋ္ဌာန်းကို သင်ယူတော်မူခဲ့သည်။ ၁၂၉၆-ခုနှစ် ဝါဆိုဦးတွင် အမရပုရခေါ် တောင်မြို့သို့ကြွ၍ ၁-ဝါဆိုကာ မဂ်လာရာမတိုက်သစ်ဆရာတော် အရှင်ဓမ္မသာမိ, ၎င်းတိုက် စာချဆရာတော် အရှင်ဥက္ကံသတို့၏

ထံ၌ ယမိုက်, ပဋ္ဌာန်းတို့ကို ထပ်မံ သင်ယူပြန်သည်၊ ၎င်းပြင် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင် ဝိမလထံ၌လည်း ပဋ္ဌာန်းညဝါအတွက် နည်းခံခဲ့သေးသည်၊ မန္တလေးမြို့ တောင်ပြင် ဘုရားကြီး တိုက်၌ ၁-နှစ်ကျော် သီတင်းသုံးတော်မူလျက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်နာရဒ, ဆရာ တော် အရှင်ဥယျတို့၏ထံ၌လည်း မန္တလေး စာချုနည်းကို ရအောင် သင်ယူခဲ့လေသည်၊ ဤသို့ဖြင့် အပင်ပန်းခံတော်မူကာ ဌာနအသီးသီးတို့၌ ဆရာအမျိုးမျိုးတို့ထံ နည်းနာနယ အသွယ်သွယ် ကြီးကျယ်များမြတ်လှသော အနှစ်တော်ပညာကို သင်ယူတော်မူခဲ့လေသည်။

ဧဝံ နာယကထေရော စ၊ ဌာနာဌာနံ ပုရာပုရံ။
ပညာယ ပဋ္ဌဘာဝါယ၊ ဝိစရံ သိက္ခနံ အကာ။

မုံရွာနှင့် ရေဦးမြို့သို့

ဆရာတော်လောင်းလျာ ရဟန်းတော် အရှင်နာယကသည် မုံရွာမြို့ အရွှေလယ်တီတိုက်သစ် ဆရာတော် ပဌမကျော် အရှင်ဝါယမာဘိသိရိထံ၌ရင်း ရေဦးမြို့ လေးထပ်ကြီးတိုက်ဆရာတော် အရှင်ဒေဝိန္ဒထံ၌ရင်း ပညာသင်ယူခဲ့ဘူး၍ ၁၃၀၂-ခု တန်ဆောင်မုန်းလဆန်း ၁၂-ရက် တနင်္ဂနွေ နေ့တွင် ပခုက္ကူ။ ပိဋကတ်အတတ်မြို့တော်ရှိ ကျေးဇူးရှင် ထိပ်ခေါင်တင် ဝညာရှင် ထိပ်သီးတို့၏ စံပျော်ရာ မဟာဝိသုတာရာမဝိဇ္ဇာယတနကြီးသို့ ပြန်လည်ရောက်ရှိတော်မူသည်။

ဒေဝိန္ဒဝါယမာနမ္ပိ၊ သန္တိကေ နာယကော သုဓီ။
စိနိတ္ဝာ အပ္ပကံ ကာလံ၊ ပစ္စာဂဉ္ဆိ သကံ ပုရံ။

အောင်မြင်တော်မူခဲ့သော စာမေးပွဲများ

ဆရာတော်လောင်းလျာသည် စာမေးပွဲများကို အောင်မြင်တော်မူခဲ့သည်၊ ၎င်းတို့မှာ—

၁။ ၁၂၉၀-ပြည့်နှစ် ပဌမငယ်၊

၂။ ၁၂၉၂-ခုနှစ် ပဌမလတ်၊

၃။ ၁၂၉၃-ခုနှစ် အမျိုးသား ပရိယတ္တိပဌမလတ်၊

၄။ ၁၂၉၄-ခုနှစ် ပဌမကြီးတန်း၊

၅။ ၁၂၉၇-ခုနှစ် အမျိုးသား ပရိယတ္တိပဌမကျော်၊

၆။ ၁၂၉၈-ခုနှစ် ပဌမကြီးတန်း ခရေပင့်အမှတ်ဖြင့် ဒုတိယအကြိမ်အောင်၊

၇။ ၁၃၁၀-ခုနှစ်တွင် အစိုးရစာချတန်း စာမေးပွဲကို ဒုတိယအမှတ်အများဆုံးရ၍ ဂုဏ်ထူးဆောင်ကျမ်း အားလုံးနှင့် အောင်မြင်သဖြင့် သာသနဓဇသိရိပဝရ-ဓမ္မာစရိယဘွဲ့ကိုလည်း ရရှိခဲ့လေသည်၊ ဆရာတော် လောင်းလျာသည် မန္တလေးမစိုးရိမ်တိုက်၌ သီတင်းသုံးစဉ် မစိုးရိမ်တိုက်တွင်း ကျင်းပသော ဒွေမာတိကာ ဝိနည်းစာမေးပွဲ, ဝိနည်းငယ်လေးဆောင် အာဂုံပြန် စာမေးပွဲများကိုလည်း အောင်မြင်တော်မူခဲ့သည်။

ဂဏဘာရနိတ္ထာရက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အရှင်နေမိန္ဒထေရ်

ဆရာတော် အရှင်နေမိန္ဒသည် ဘုရားသာသနာတော်တည်းဟူသော ပြတိုက်ဗိမာန်တော်ကြီး၌ အဖိုးတန်လှသည့် ဖူးမြင်စရာ, တန်ဘိုးထားစရာ ရတနာတာပါးဖြစ်သည်သာမက အရှင်နေမိန္ဒ၏ ဖြစ်စဉ်ဖြစ်ရပ်ကိုလည်း သုတေသန ပြုသင့်လှပေသည်။

ဖွားမြင်ခြင်း

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကလောင်းလျှာ ဆရာတော် အရှင်နေမိန္ဒသည် ၁၂၀၉-ခုနှစ် ပြာသိုလဆုတ် ဂ-ရက်နေ့တွင် အာဇာနည်ရှင်ရဟန်းတို့ ပေါ်ထွန်းမြဲဖြစ်ရာ ပခုက္ကူခရိုင် မြို့ငြိမ့်နယ် ဘင်းကန်ရွာ ဦးဘိုးတစ်-ဒေါ်ဖွားတုတ်တို့မှ မိုးရွှေးသန့်စင် ဖွားမြင်၍ ဂွေးပင်တွင်းရွာ၌ ကြီးပွါးခဲ့သည်။

အရှင်နေမိန္ဒ၏ ရုပ်လက္ခဏာ

အရှင်နေမိန္ဒသည်—

ပဥ္စဒီဃံ စတုရဿံ၊ ပဥ္စသုခုမဆဋ္ဌောန္နတံ။
သတ္တရတ္တံ တြိဂမ္ဘီရံ၊ တြိပိတ္ထိဏ္ဍံ ပသံသတေ။

ဟူသော သာမုဒ္ဒြိကလက္ခဏာကျမ်းလာ ဂါထာနှင့်—

"အရှည် ငါးပါး၊ ပိုင်းခြား ပြဆို၊ အတိုကား လေး၊ အသေးစတု၊ သိမ္မ မှတ်ချင့်၊
အမြင့် ခြောက်လီ၊ အနီ ခုနစ်၊ တွက်စစ်သိုးသန့်၊ ကြီးပြန့် သုံးထွေ၊ နက်စေ သုံးဖြာ"—

ဟူသော နဝဒေးစပ်ဆိုသည့် သာမုဒ္ဒြိကပျို့နှင့်အညီ လက်ရုံး, နှာခေါင်း, မျက်လုံး, ပုဆစ်ဒူးဝန်း, ပါးစောင်တို့၏ ရှည်ခြင်း၊ လည်တိုင်, ခြေသလုံးစသည်တို့၏ တိုခြင်း၊ အရေ, ဆံပင်, မွေးညင်း, သားအဆက်အစပ်, လက်ချောင်း, ခြေချောင်းတို့၏ နူးညံ့ခြင်း၊ ရင်အုပ်, ပခုံးစသည့် ၆-ပါးတို့ မြင့်မောက်ခြင်းစသည့် ကောင်းမြတ်သော အင်္ဂါလက္ခဏာနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်ထူးဖြစ်လေသည်။ ထို့ကြောင့် မိဘ ၂-ဦးတို့သည် လုမ္ဗိနီဥယျာဉ်၌ အလောင်းတော်ဖွားမြင်ကြောင်း သိရသည့် သုဒ္ဓေါဒနမင်းကြီးပမာ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။

ပိတရော ဟဋ္ဌတုဋ္ဌော စ၊ ဇာတေ ထေရကုံရေ ဝရေ။
သိဒ္ဓတ္ထံ လုမ္ဗိနီ ဇာတံ၊ ဝနေ သုဒ္ဓေါဒနော ယထာ။

နာမည်မှည့်မင်္ဂလာ

တိပိဋကဓရလောင်းလျှာ၏ မိဘ ၂-ဦးနှင့် ဆွေမျိုးတို့သည် သားလှသည်းချာ၏ လက္ခဏာကို ကြည့်ရှုကြပြီး ထွန်းထွန်းပေါက်ပေါက် တန်ခိုးအရှိန်ဝါနှင့် ပြည့်စုံမည်ကို အတိတ်ကောက်ကြကာ နာမည်မှည့်မင်္ဂလာပွဲတွင် မောင်ထွန်းရှိန်ဟု မှည့်ခေါ်သတ်မှတ်ကြလေသည်။

မောင်ထွန်းရှိန်ဣတိ ကန္တမ်ပိ၊ ကိတ္တေသုံ အာဘိဓာနကံ။
အနာဂတေပိ ဝုဒ္ဓိံ စ၊ သန္ဓာယ ဉာတကာဒယော။

တိပိဋကဓရလောင်းလျာကို မိဘတို့ စောင့်ရှောက်ကြခြင်း

ကျေးဇူးရှင် မိဘ ၂-ပါးတို့သည် ရုပ်ရေလက္ခဏာနှင့် ပြည့်ဝစုံလင်သည့် ပုရိသာဇာည တိပိဋက ဓရလောင်းလျာ သားကလေးကို ယုယပိုက်ထွေး မွေးမြူခဲ့ကြသဖြင့် ကြီးပြင်းလာ၍ ၆-နှစ်သား အရွယ်တွင် ဂေါပင်တွင်း ပေတောကျောင်းဆရာတော် အရှင်နာရဒထံ အပ်နှံကြသဖြင့် ကလေးတို့ သင်အပ် သင်သင့် သင်ထိုက်သည့် အတတ်ပညာများကို သင်ယူခဲ့လေသည်။

ဇာတိယာ စ ဆဝဿမ်ပိ၊ အသိက္ခိ သိက္ခိတဗ္ဗကံ။
မူလမ်ပိ နာရဒဿေဝ၊ ထေရဿ တိက္ခဉာဏိနော။

သာမဏေဘုံ ခိုလှုံခြင်း

ပါရမီရှင် တိပိဋကဓရလောင်းလျာ မောင်ထွန်းရှိန်သည် ပဌမဆင့် ရှင်သာမဏေဘာဝကို ၁၂၉၇-ခုနှစ် ၁၀-နှစ်သားအရွယ်တွင် အရှင်နာရဒထေရ်ကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေ ဝတ်ခဲ့သည်၊ ရှင်နေမိန္ဒဟူသော ဘွဲ့မည်ကို ဥပဇ္ဈာယ်ဆရာတော်က မှည့်ခေါ်လေသည်၊ ထို့ကြောင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပုဂ္ဂိုလ်ကျော် အရှင်နေမိန္ဒ၏ သာမဏေဥပဇ္ဈာယ်ကို မေးမြန်းခဲ့သော် သီလဝန္တ, သိက္ခာကာမ, အရှင်နာရဒဟူသော အဖြေပေးရာ၏။

နေမိန္ဒတ္ထေရသေဋ္ဌဿ၊ တိပေဋကဓရဿ တု။
သာမဏေရုပဇ္ဈာယော၊ ကော နာမော ဇိနသာသနေ။
ဣတိ စေ ကောစိ ပုစ္ဆေယျ၊ ကထေယျ နာရဒေါဣတိ။

ပညာသင်ခြင်း

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက နိကာယသာဂရ ပါရဂူလောင်းလျာ ရှင်နေမိန္ဒသည် ကျေးဇူးရှင် ဆရာတော် အရှင်နာရဒထံတော်၌ သင်္ဂိုဟ်, သဒ္ဒါ, ဋီကာကျော်, ဒွေမာတိကာ, ကခ်ါ, ဝိနည်း ၅-ကျမ်းစသည်တို့ကို ပခုက္ကူ။ မဟာဝိသုတာရုမ စာသင်တိုက်ကြီးမရောက်မီ ၁၅-နှစ်အတွင်း ဆို ဝါဖြင့် သင်ယူပြီးဆုံးခဲ့သည့်ပြင် မြို့မြို့နယ် ဝိနည်းစာပြန်ပဲ့များကိုလည်း ပြန်ဆို အောင်မြင် ခဲ့သည်။

ပန္နရသန္တရေယေဝ၊ နေမိန္ဒော နေရုဉာဏိကော။
ဗဟဝေါ ဝိနယေ သိက္ခိ၊ သိက္ခာသု စ ကတာဒရော။

ဘခင်ကွယ်လွန်ခြင်း

သိရောမဏိ အတိဝိသိဋ္ဌမမ္မာစရိယ, ဂဏဝါစက, ဓမ္မဘဏ္ဍာဂါရိကလောင်းလျာ ရှင်နေမိန္ဒ သာမဏေငယ်၏ဘခင် ဦးဘိုးတစ်သည် ဘုန်းစကံစနှင့် အညွှန့်တလူလူ သဗ္ဗညုသာသနာဝန်ဆောင် ရှင်နေမိန္ဒ၏ သာသနာ့တံခွန် လူရည်ချွန်အဖြစ်ကို မြော်လင့်စောင့်စားရင်း ပစ္စယာနုဂ္ဂဟဖြင့် လှူဒါန်းချီးမြှောက် မြေထောင်မြှောက်ခဲ့သည်၊ သို့သော် ဘခင်ဦးဘိုးတစ်မှာ သားလှမြက်ရှင်

ရှင်နေမိန္ဒ သာသနာ့တံခွန် လူရည်ခွန်မဖြစ်မီ ရှင်နေမိန္ဒ ၁၃-နှစ်သားအရွယ် နုနယ်ငယ်လျသည့် ကိုရင်ငယ်ကို စွန့်ခွါကာ ကွယ်လွန်ခဲ့ရှာလေသည်၊ အကယ်၍သာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ပိုင်ရှင် ဆရာတော်ဖြစ်ချိန် မဟာဝိသုတာရာမ ဂဏဝါစကနိကာယကြီး၏ ဂိုဏ်းဝန် ဆောင် ဂဏာဘာရနိတ္ထာရက ဆရာတော်ဖြစ်ချိန်တို့ကို တွေ့မြင်သွားရပါမူကား များစွာဝမ်းမြောက် ရွှင်လန်းခြင်း ဖြစ်မည်သာတည်း။

ထေရကံ့ရေ အဝဓုပိ၊ ဇနကော နိဓနံ ဂတော။
ထေရဘာဝမွိ ပဿေယျ၊ လဘေယျ နပ္ပကံ သုခံ။

ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ကြီးသို့

သက်တော် ၁၇-နှစ်သားအရွယ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီးသို့ ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ်ထံတွင် ပါရာဇိကဏ်ပါဠိတော်ကို စာစပ်၍ ဋီကာကျော်ကို ဆိုဝါဖြင့် သင်ယူရသည်၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရမဟာထေရ်ထံတွင် ဒီဃနိကာယ်,အဘိဓမ္မာပိဋကတ်,ဝိသုဒ္ဓိမဂ် စသည်တို့ကို ဆိုဝါဖြင့် သင်ယူခဲ့သည်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာမဟာထေရ်က အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရမဟာထေရ်နှင့် ဆုံမိသောအခါ ဂေးပင်တွင်း ကိုရင် မောင်နေမိန္ဒ လွန်စွာဉာဏ်ထက်မြက်သည်၊ နေပုံထိုင်ပုံမှစ၍ အားလုံး ကောင်းမွန်သေသပ်သည်၊တပည့်တော်တို့ ကောင်းမွန်စွာပြုစု၍ ပညာသင်ပေးသင့်သည်ဟု ပြောဆိုခဲ့ဘူးသည်။

သာမဏေရော ဟိ နေမိန္ဒော၊ ပဏ္ဍိတော တိက္ခဉာဏိကော။
တသ္မာ ဟိ ရက္ခိတဗ္ဗော သော၊ ပညာထေရော သုကိတ္တယိ။

အဘိဓဇဆရာတော်ဘုရားအနီး

အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရမဟာထေရ်သည် အရှင်နေမိန္ဒကို မိမိသီတင်းသုံးရာ သုဝဏ္ဏဝတီကျောင်းပေါ်၌ နေစေကာ အရှင်နာဂသိန်အား အရှင်ဓမ္မရက္ခိတထေရ်က ပညာသင်ပေးသည့်ထုံးကို နှလုံးမူကာ ကောင်းစွာ စောင့်ရှောက်၍ ပညာသင်ပေးတော်မူလေသည်။

ရဟန်းဘဝ ဒုလ္လဘသို့ ရောက်ခြင်း

အရှင်နေမိန္ဒသည် ပိဋကတ်ကိုသင်ယူရင်း စာမေးပွဲဖြေဆိုခဲ့ရာ ၁၃၀၈-ခုနှစ်နှင့် ၁၃၀၉-ခုနှစ်တွင် ပဌမငယ်,ပဌမလတ် စာမေးပွဲများကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်လေသည်၊ ၁၃၀၉-ခု ဝါဆိုလဆုတ် ၁-ရက်နေ့တွင် မဟာဝိသုတာရာမိကဂဏဝါစက နိကာယာဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ ဂဏမဟာဝိနာယကအဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီးကို အနုသာဝကပြုကာ မဟာဝိသုတာရာမတိုက် သိမ်တော်ကြီး၌ ပခုက္ကူမြို့ ခံတောရပ် အရွှေပိုင်း ဘကြီးတော်အရင်းဖြစ်သည့် ဦးဘိုးမြစ်,ဒေါ်ဖွားရှင် သမီး မခင်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို ရခဲ့လေသည်၊ ၁၃၂၁-ခုနှစ်တွင်လည်း မြင်းခြံမြို့ မိတ္ထိလာလမ်း အောင်ကျော်ဇော စက်များပိုင်ရှင် ဦးဘကံ,ဒေါ်တင်တင်အေး, သမီး မအေး, မဌေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သိမ်ထပ်ဒဋ္ဌိကမ္မ ပြုပြန်သည်။

နေမိန္ဒော ဥပသမ္ပန္နော၊ ဝိသုတေ သီမမဏ္ဍလေ။
ဥပဇ္ဈာယော နေမိန္ဒသ၊ သုန္ဒရော နာယကော အဟု။
နန္ဒဝံသော တဒါ အာသိ၊ နုသာဝကော ဝိစက္ခဏော။

ဓမ္မာစရိယသိရောမဏိ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ထေရဒလောင်းလျာ အရှင်နေမိန္ဒသည် ၁၃၁၃-ခုနှစ်တွင် ပဌမကြိမ်းတန်းကို အထက်တန်းမှ အောင်မြင်ခဲ့ပြီး ၁၃၁၄-ခုနှစ် ၅-ဝါအရတွင် ဓမ္မာစရိယစာချတန်း၌ တန္ခစ်တည်း ၉-ကျမ်းလုံး ပြီးဆုံးအောင်မြင်သဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယ သိရောမဏိ ဘွဲတဆပကို ရရှိခဲ့လေသည်။

ပဉ္စဝဿော သမာနော၀၊ နေမိန္ဒော ယတိကုဉ္ဇရော။
သိရောမဏိဥပါဓိမ္မိ၊ လဘိ သံသုဒ္ဓဉာဏိကော။

ဗုဒ္ဓသာသနဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ

အရှင်နေမိန္ဒသည် ၁၃၁၆-ခုနှစ် ၇-ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွေးချယ်ပဲ့ဥ်စာမျက်နှာ ၂၂၆၀-ရှိ ဝိနယပိဋကကို အထောက်အမလွှတ်ကင်းစွာ ပြန်ဆိုတော်မူနိုင်သည့်ပြင် သဘော ရေးဖြေပဲ့တင်လည်း ပါရာဇိက ဂ၅-မှတ်, ပါစိတ် ဂ၅-မှတ် မဟာဝါ ၉၂-မှတ် စူဠဝါ ဂ၇-မှတ် ပရိဝါ ၉၀-မှတ်ရရှိတော်မူသဖြင့် နိုင်ငံတော်အစိုးရ၏ ဗုဒ္ဓသာသနဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒဘွဲ့ ဆက်ကပ်ခြင်းကို ခံယူရလေသည်၊ ဤသို့ဖြင့် အရှင်နေမိန္ဒသည် ရဟန်းသိက္ခာ ဂ-ဝါအရတွင် ဝိနည်းပိဋကဆောင် ပုဂ္ဂိုလ်အဖြစ် အရှင်ဥပါလိထေရ်အလား သာသနာတွင် ထင်ရှားလေသည်။

အဋ္ဌဝဿော သမာနော၀၊ ဝိနယောဒဓိပါရဂေါ။
ဥပါလိတ္ထေရသဒ္ဒေါ၀၊ ပါကဋ္ဌော သာသနမ္ဗရေ။

ချီးကျူးပူဇော်ခြင်း

အရှင်နေမိန္ဒထေရ် ဗုဒ္ဓသာသနဝိသိဋ္ဌ ဝိနယဓရမဟာဝိနယကောဝိဒ ဘွဲ့တံဆိပ်ရသောအခါ ရန်ကုန်မြို့ နိုင်ငံတော်သမတအိမ်တော်နှင့် သာသနာ့ရိပ်သာတို့၌ဌင်း, ပခုက္ကူမဟာဝိသုတာရာမတိုက်၌ဌင်း ချီးကျူးပူဇော်ကြကာ မြို့သူမြို့သား ဒကာ,ဒကာမများစွာတို့ ကောင်းမှုဗဟုလိုက်ပျိုးကြလေသည်။

ရန်ကုန်နဂရသေဋ္ဌမှိ၊ ပခုက္ကူနဂရေပိ စ။
နေမိန္ဒံ မဘိပူဇေသုံ၊ ပုညကမ္မေ ရတာ နရာ။

ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ

၁၃၁၇-ခုနှစ်နှင့် ၁၃၁၈-ခုနှစ် တိပိဋကဓရရွေးချယ်ပဲ့ဥ်စာမျက်နှာ ၇၇၉-ရှိ သုတ္တန်ပိဋကတ် ဒီဃနိကာယ်ကို အထောက်အမလွှတ်ကင်းစွာ အာဂုံပြန်ဆိုနိုင်သည့်ပြင် သဘော ရေးဖြေပဲ့လည်း အောင်မြင်သဖြင့် ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏက ဗုဒ္ဓသာသနဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်

တော်ကို နိုင်ငံတော်သမတ၏ ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရလေသည်၊ ထို့ကြောင့် အရှင်နေမိန္ဒသည် ဘုရားရှင်၏ဖွားဖက်တော် ညီတော်အာနန္ဒာကဲ့သို့ သုတ္တန်ပိဋကတည်းဟူသော သမုဒ္ဒရာပင်လယ်၌ တဖက်ကမ်းခပ် တတ်မြောက်သောပုဂ္ဂိုလ်ဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သုတ္တန္တသာဂရေ စေဝ၊ ပါရင်္ဂတော ဗဟုဿုတော။
အာနန္ဒတ္ထေရသီဟော၀၊ သမ္မုဒ္ဒသဟဇာတိကော။

ဗုဒ္ဓသာသနဝိသိဋ္ဌ အာဘိဓမ္မိက အဘိဓမ္မကောဝိဒဘွဲနှင့် ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ တိပိဋကကောဝိဒ

၁၃၁၉-၁၃၂၁ တိပိဋကဓရရွေးချယ်ပွဲ၌ စာမျက်နှာ ၄၉၈-ရှိအဘိဓမ္မာပိဋကကို အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်သည့်ပြင် သဘောရေးဖြေပွဲ၌လည်း အောင်မြင်တော်မူသဖြင့် နိုင်ငံတော် အစိုးရ၏ ဗုဒ္ဓသာသနဝိသိဋ္ဌ အာဘိဓမ္မိက အဘိဓမ္မကောဝိဒနှင့် ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ တိပိဋကကောဝိဒ အောင်လက်မှတ်ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းကို ခံယူရရှိလေသည်၊ ဤသို့ဖြင့် အရှင်နေမိန္ဒသည် ဘုရားရှင်သာသနာတော်၌ လက်ျာတော်ရံတပည့်ကြီး အရှင်သာရိပုတ္တရာကဲ့သို့ လည်း အဘိဓမ္မာနှင့်တကွ ပိဋကအားလုံး၌ လိမ္မာကျွမ်းကျင် ပညာရှင်ပုဂ္ဂိုလ အာဇာနည်အဖြစ် မောက်မှန်းထိုးသင့်ပါသတည်း။

အဘိဓမ္မေ သုဂမ္ဘီရေ၊ ဝိသိဋ္ဌဉာဏဂေါစရေ။
ဆေကော ပရမဆေကော စ၊ သာရိပုတ္တောဝ သာသနေ။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်

ဤသို့ဖြင့် အရှင်နေမိန္ဒသည် ထက်သန်ကြီးမားသော ဝီရိယဖြင့် ကြိုးပမ်းမှုကြောင့် စာမျက်နှာ ၈၀၂၀-ရှိ သင်ရိုးပိဋကတ် ၃-ပုံကို အာဂုံရော ရေးဖြေပါ ထူးခြားစွာ အောင်မြင်သဖြင့် နိုင်ငံတော်အစိုးရသည် ၁၃၂၁-ခုနှစ်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ကို အရှင်နေမိန္ဒအား ဆက်ကပ်လှူဒါန်းခဲ့လေသည်။

ပူဇော်ပဲ့ ချီးကျူးပဲ့မျှား

အရှင်နေမိန္ဒ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဖြစ်သောအခါ ရန်ကုန်မြို့ သမတအိမ်တော်, သာသနာ့ရိပ်သာ, အဘိဓမ္မာပြန့်ပွါးရေးအသင်း, ရန်ကုန်မြို့ ဝိနယာနုဂ္ဂဟအသင်း, ပုည်ကုသလ အသင်း, အလုံနယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်း, မော်လမြိုင် သုသမာဓိရ အသင်း, မြင်းခြံ, ပခုက္ကူတို့မှလည်း ပူဇော်ပဲ့ ချီးကျူးပဲ့မျှားကျင်းပ၍ အရှင်နေမိန္ဒအား ပူဇော် ချီးကျူးကြသည်မှာ ကြည်နူးစရာကောင်းလှသည်။

ဣစ္စေဝံ သုဂုဏောပေတံ၊ နေမိန္ဒံ ထေရကုဉ္ဇရံ။
သီလဝန္တံ ကောသာရက္ခံ၊ သမ္မုဒ္ဒသာသနဒ္ဓဇံ။

ဓမ္မဘဏ္ဍာဒိနေကေဟိ၊ ဥပါဓိဟိ အနေကဓာ။
ပူဇယုံ မြန်မာ့ဘူပါလာ၊ ဥပါဓိဒါနကောဝိဒါ။

(ပခုက္ကူသာသနာဝင်၊ ဂဖ)

နိုင်ငံတော်အစိုးရ၏အလှူ

ဆရာတော် အရှင်နေမိန္ဒအား နိုင်ငံတော်အစိုးရက နောက်ပါ တပည့် ၂-ဦးနှင့် မီးရထား, မီးသင်္ဘော (ဗမာအစိုးရပိုင် ပင်လယ်ရေကြောင်း သင်္ဘောများနှင့်တက္က) လေယာဉ်ပျံအခမဲ့ စီးနင်းခွင့်လက်မှတ်ကိုလည်း အမြဲတမ်း လှူဒါန်းသည့်အပြင် ဆင်စွယ်ယပ်တောင်နှင့် အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော် ၃-လက်တံဆိပ်ပါရှိသော အောင်လံတော်ကိုလည်း ဆက်ကပ်၍ တလလျှင် ဆွမ်းဆန်တော်အတွက် ၂၇၅-ကျပ်၊ ဖိ၀-ပြားနှင့် မယ်တော်အတွက် ၃၀-အထောက်အပံ့ကိုလည်း လှူဒါန်းလေသည်၊ အရှင်နေမိန္ဒသည် အားလုံး မိခင်ကြီးအား ပေးစွန့်၍ မာတုပေါသနကိစ္စကို ပြုလုပ်တော်မူရာ အလောင်းတော် ဗောဓိသတ်ပမာ လွန်စွာချီးကျူးဖွယ်ရာ ကောင်းလှပေသည်။

ဒတ္တာန မာတုယာ သဗ္ဗံ၊ အကာ မာတု သုပေါသနံ။
ဗောဓိသတ္တော စ သာမော၀၊ လက္ခိတဗ္ဗော ဟိ သာသနေ။

ဆဋ္ဌသံဂါယနာ တာ၀န်များ

ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီးတွင် ဆဋ္ဌသံဂီတိကာရကတာ၀န်, မူလ၀ိသောဓကတာ၀န်, ပဋိ၀ိသောဓကတာ၀န်တို့ကို ဆောင်ရွက်ခဲ့သည်။

သံဂီတိသဘာယံ စေ၀၊ ဆဋ္ဌသံဂီတိကာရကော။
မူလ၀ိသောဓကော စေ၀၊ ပဋိ၀ိသောဓကော ပိစ။
ဟုတ္ဝာ သောဘတိ နေမိန္ဒော၊ လောကဂ္ဂသာသနေ ၀ရေ။

ဂဏ၀ါစကနှင့် ဂဏဘာရနိတ္ထာရက

မဟာဝိသုတာရာမ စာချုတိုက်ကြီး၌ သက်တော် ၂၅-နှစ်မှစ၍ ဂဏ၀ါစက တာ၀န်ကိုဌင်း ၁၃၂၂-ခုနှစ် တပို့တဲ့လ၌ ကျင်းပသော မဟာဝိသုတာရာမိက ဂဏ၀ါစက နိကာယ အစည်းအ၀ေးကြီးမှ ပေးအပ်သော မဟာဝိသုတာရာမိက ဂဏ၀ါစက နိကာယကြီး၏ ဂဏဘာရနိတ္ထာရကဂုဏ်း၀န်ဆောင် တာ၀န်ကိုဌင်း ဆောင်ရွက်ကာ သာသနာတော်ကို ချီးမြှောက်တော်မူလေသည်။

ဂဏဿ ၀ါစကော စေ၀၊ ဘာရနိတ္ထာရကော ပိစ။
ဟုတ္ဝာန သော ဟိ နေမိန္ဒော၊ အကာ သာသနနုဂ္ဂဟံ။

တုကတ္ထနီးချုပ်

ဆရာတော်-အရှင်နေမိန္ဒသည် ဝိရိယကို ရှေသွားပြုကာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကတည်း ဟူသော ဘွဲ့တံဆိပ်ကို ဆွတ်ခူးရယူခဲ့ပြီ၊ သင်သည်လည်း ဝိရိယစွဲကိုင်၍ ပညာရှိ ပြုလုပ်ပါလေ၃။

ပုဗ္ဗင်္မံ ကရိတ္ဝာန၊ ဝိရိယံ နေမိန္ဒော ဝိဒူ။
တုဝမ္ပိ စ တထာ ကတ္ဝာ၊ ဘ၀ ပဏ္ဍိတဇာတိကော။

မဟာဝိသုတာရာမတိုက် အစဆုံး

တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ်

ဆရာတော်သည် ကျေးဇူးရှင် ရေစကြို-ဆရာတော်ဘုရားကြီး တိုက်တာတည်ထောင် သာသနာပြုစုရေး၌ လုနှစ်ဘကျေးဇူးများသော ဆရာတော်ဖြစ်သည်၊ ဆရာတော်သည် ရေစကြိုအရွေဖက် ရှေ့တခြောင်းရှာ ဇာတိဖြစ်လေသည်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာထက် သက်တော် ဝါ ကြီးလေသည်။

ပန်းစ္ဘာတိုက်၌စာချ

ဆရာတော်သည် ပန်းစ္ဘာတိုက်၌ ထိုစဉ်က ရှိခဲ့ဘူးသော ဇာကျောင်း၌ သီတင်းသုံး၍စာချသည်၊ ရေစကြိုဆရာတော်ဘုရားကြီး မဟာဝိသုတာရာမတိုက်ကြီး တည်ထောင်စဉ် တိုက်တာ သံဃာ့ ဝေယျာဝစ္စကို များစွာပြုလုပ်ခြင်း, စာပေချပို့ခြင်း စသည်တို့ကို များစွာလုပ်ဆောင်ခဲ့သော တိုက်တာ၏ ကျေးဇူးရှင်ဆရာတော်တပါး ဖြစ်လေသည်။

မကုဋ္ဌကျောင်းနေ

မဟာဝိသုတာရာမတိုက်သစ်၌မူ ကိုရန်မင်းဆောက်လုပ်သော မကုဋ္ဌကျောင်း၌ သီတင်းသုံး၍ စာချမှုနှင့် တိုက်တာ ဝေယျာဝစ္စတို့ကို ပြုလုပ်သည်၊ တိုက်ကြီးတည်စဉ် ပရိတ်ရွတ်ကမ္မဝါစာ ဖတ်ရသော သံဃာများတွင် ပါဝင်ခဲ့သည်။

တိုက်အုပ်လွှဲ

ရေစကြိုဆရာတော်ဘုရားကြီးသည် ဆရာတော် ဦးနန္ဒိယအား တိုက်အုပ် ဆရာတော်အဖြစ် ရှေးဦး တပါးတည်းသာ လွှဲအပ်သည်၊ ထိုစဉ်က ဆရာတော် အရှင်ပညာ, ဆရာတော် အရှင်နန္ဒဝံသ တို့မှာ တိုက်ကြပ်ဆရာတော်များ ဖြစ်ကြသည်၊ တိုက်ချုပ်မှာ ဆရာတော် ဦးမလ ဖြစ်လေသည်။

တိုက်အုပ်၄-ပါးလွှဲ

နောက်မှ ရေစကြိုဆရာတော်ဘုရားကြီးက ဆရာတော် အရှင် နန္ဒိယနှင့်တကွ အရှင် ပညာ, အရှင်အဂ္ဂဓမ္မ, အရှင်နန္ဒဝံသအားဖြင့် ၄-ပါးတို့ကို တိုက်အုပ်အဖြစ် လွှဲအပ်တော်မူသည်။

ပုံလွှန်တော်မူခြင်း

မရဏံ ဓုဝသဿတံ-ဟူသော ဒေသနာအတိုင်း မဟာဝိသုတာရာမတိုက် အစဆုံး တိုက်အုပ် ဆရာတော် အရှင်နန္ဒိယသည် ကျေးဇူးရှင် ရေစကြိုဆရာတော် သက်တော် ထင်ရှားရှိစဉ်ပင် ဝမ်းရောဂါဖြင့် နတ်ပွဲသဘင် ဝင်စံတော်မူခဲ့လေပြီ။

သံဝေဂယူဖွယ်

သွားကျိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်း ရင့်ရော်မှု ဇရာတရား, ပင်ပန်းကြီးစွာ ရောဂါဘယ ခံစားရမှု ဗျာဓိတရား, သေမင်းအကြိုက် လိုက်ပါရခြင်း သေဆုံးမှု မရဏတရားတို့သည် ဤကမ္ဘာ လောကကြီး၏ မဟာဘေးဘယများ ဖြစ်ကြသည်၊ ယင်း မဟာဘေးဘယကြီးများနှင့် ရင်မဆိုင်ရသည့် အရပ်ဟူ၍ မရှိရိုးမှန်လှပေသည်။

ဇရာဗျာဓိစီ မတျုစီ၊ လောကသျာသျ မဟာဘယမ်။
နာသ္တိဒေဓယတြာသျ-တဒ္ဘယံ နောပပဒျတေ။

(သုန္ဒရနန္ဒ၊ ၁၅၊ ၄၆။)

ကိုရင့်ရွာ ဆရာတော်

အရှင်မာလာ မဟာဇော်ရဲ့

ဆရာတော်သည် ရေစကြို့ဆရာတော်ဘုရားကြီး၏ ပိဋကတ်ချပို့နည်းနှင့်တကွ သာသနာပြုနည်းတို့ကို ချီးမြှောက်အပ်နှင်းခြင်းခံရသည့် တပည့်ကြီးတပါး ဖြစ်လေသည်။

ဖွားမြင် ရှင်ရဟန်းပြု

အင်းဝမြို့၌ အဘ-ဦးဖိုးခေါင်, အမိ-ဒေါ်ကြွက်တို့မှ ၁၂၂၀-ပြည့်နှစ် ပြာသိုလဆုတ် ၁-ရက်နေ့တွင် ဖွားမြင်တော်မူသည်၊ အရွယ်ရောက်သော် ရှင်သာမဏေပြု၍ သက်တော် ၂၀-တွင် မန္တလေးမြို့ စလင်းတိုက်၌ စလင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝကို ရရှိခဲ့သည်၊ ဘွဲ့တော်မှာ အရှင်မာလာ ဖြစ်လေသည်။

ပဉ္ဉာသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ပိဋကတ်ကို ကျနစ္စာ သင်ယူလိုသဖြင့် ရေစကြို့ဆရာတော်ဘုရားကြီးနှင့်အတူ ရေစကြို့သို့ကြွတော်မူ၍ ၅-နှစ်တိုင် ဆိုဝါဖြင့် ပိဋကတ်ကို သင်ယူခဲ့သည်။

ဘဒန္တမာလာနာမော ဟိ၊ ထေရော ထိရေသု သဏ္ဌိတော။
ဂန္ဆဿ ထေရသေဋ္ဌဿ၊ ဥဂ္ဂဏှိ ပိဋကတ္တယံ။

မန္တလေးမြို့ ဘုရားကြီးတိုက်၌လည်း ၃-နှစ်ကြာမျှ ပဉ္ဉာသင်ကြားခဲ့သည်။

ကိုရင့်ရွာ မဟာဝိသုတာရာမတိုက်တည်ခြင်း

ရဟန်းသိက္ခာ ၁၈-ဝါအရတွင် ကိုရင့်ရွာ၌ မဟာဝိသုတာရာမအမည်ဖြင့် စာသင်တိုက်တည်ထောင်ဖွင့်လှစ်ကာ သံဃာတော် ၂၀-ကျော်တို့အား စာပေပို့ချကာ သာသနာ ပြုတော်မူခဲ့သည်။ မန္တလေး, ပခုက္ကူ, ရွှေဘို မဟာဝိသုတာရာမတိုက်တို့ကို ထောက်၍ စတုတ္ထမဟာဝိသုတာရာမတိုက်ဟု ကျောင်းတိုက်တွင် ကျောက်စာကပျည်း ထိုးထားလေသည်။

ဝိနည်းသိက္ခာပုဒ်၌ လွန်စွာလေးစားတော်မူသည်၊ နေလွဲသောအခါ ကွမ်စားဆေးသောက်ခြင်းမှ ရှောင်ကြဉ်တော်မူသည်၊ ခြိုးခြံခေါင်းပါးသော အကျင့်နှင့်လည်း ပြည့်စုံတော်မူသည်၊ ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားကြီးတိုက် ဆရာတော် နိုင်ငံကျော်မဟာထိကဆရာတော် အရှင်နန္ဒဝံသသည် ဖော်ပြပါ ဆရာတော် အရှင်မာလာမဟာထေရ်၏ တပည့်ရင်း ဖြစ်လေသည်။

ဘဝနတ်ထံ ဝင်စံခြင်း

ဂန္ဆဓုရ, ဝိပဿနာဓုရဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူရင်း သက်တော်-၆၆ ဝါတော် ၄၆-ဝါအရ ၁၂၀၆-ခုနှစ်တွင် နတ်ပွဲသဘင် ဝင်တော်မူခဲ့လေပြီ။

သံဝေဂယုဖွယ်

သတ္တဝါအားလုံးတို့သည် သေဆုံးပျက်ပြုန်းရကုန်လတ့ံ၊ အသက်ဝိညာဉ်ရှင်ရခြင်းသည် သေဆုံးရခြင်းလျှင် အဆုံးရှိချေ၏၊ သတ္တဝါအားလုံးတို့သည် ကောင်းကျိုး မကောင်းကျိုးသို့ ကပ်ရောက်ကြကုန်သည်ဖြစ်၍ မိမိတို့ကံအလျောက် သွားရကုန်လတ့ံ၊ မကောင်းမှုရှိသူတို့သည် ငရဲသို့ သွားရောက်ရကုန်လတ့ံ၊ ကောင်းမှုရှိသူတို့သည် သုဂတိဘုံဘဝသို့ သွားရောက်ရကုန်လတ့ံ။

သဗ္ဗေ သတ္တာ မရိဿန္တိ၊ မရဏန္တံ ဟိ ဇီဝိတံ။
ယထာကမ္မံ ဂမိဿန္တိ၊ ပုညပါပဖလူပဂါ။
နိရယံ ပါပကမ္မန္တာ၊ ပုညကမ္မာ စ သုဂ္ဂတိ ံ။

(သံ၊ ၁။ ၉၈။ နေတ္တိ။ ၇၉။)

မအူမူ ပါရာဇိကဏ်အဋ္ဌကထာနိဿစသည့် နိဿကျမ်းပြု ပုဂ္ဂိုလ်ကျော်

အခြင်နာရဒ မဟာထေရ်

ဝိနည်းသင်ဘူးသူတိုင်း မအူဆရာတော်ကို ကြည်ညိုကြသည်၊ လေးစားကြသည်၊ ဆရာတော်သည် မဟာဝိသုတာရုမသာသနာဝင်၌ မီးရှူးတိုင်အလား ထင်ပေါ်ကျော်ကြားသည့် ပညာရှိစာဆိုတော်သုခမိန်ကြီး ဖြစ်တော်မူပါပေသည်၊ဝိနည်းလေးစားမှု အရာတွင်လည်း ဘုရားသာသနာနောက်ပိုင်း နောက်ခေတ် အရှင်သာရိပုတ္တရာ, အရှင်မဟာကဿပ, အရှင်ဥပါလိတို့နည်းတူ မော်ကွန်း ထူသင့်လှပေသည်။

ဇာတိဌာနေ မွေးရပ်မြေ

ဆရာတော်သည် အမိမြန်မာနိုင်ငံ၏ မဇ္ဈိမတိုက်ခေါ်ထိုက်သည့် ပခုက္ကူခရိုင်, ရေစကြို့မြို့အပိုင် ကျောက်ဖူးရွာတွင် ရတနာ ၃-ရပ်ကို မပြတ်မလပ် ဆည်းကပ် ကိုးကွယ်ကြသည့် ဥပါသကာ, ဥပါသိကာများဖြစ်သော အဖ-ဦးခ, အမိ-ဒေါ်သံတို့မှ ၁၂၂၉-ခုနှစ် နယုန်လဆန်း ၁၄-ရက် စနေနေ့အဝင် ၃-ချက်တီးကျော်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။

ဆရာတော်အလောင်း ပဋိသန္ဓေနေစဉ် မိခင်အိပ်မက်

လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက အရှင်နာရဒ ထေရလောင်းလျာ ပဋိသန္ဓေနေစဉ် ဘုန်းရှိသူ ထေရလောင်းလျာ၏မိခင် ဒေါ်သံ၌ ထူးဆန်းသောအိပ်မက် မြင်ခဲ့သည်၊၎င်းအိပ်မက်မှာ မြင့်သော တောင်ထိပ်သို့ တက်၍ ဆံပင်တို့ကို ဖြီးရသည်။ ခေါင်းဖြီးရသည်ဟူသော အိပ်မက်ပင် ဖြစ်သည်။ ဤအိပ်မက်သည် ဝိနယဂရုက ဝိဇိတာရုမ ထေရလောင်းလျာ ပဋိသန္ဓေနေကြောင်း အိပ်မက်ကောင်းပင် ဖြစ်လေသည်၊ စင်စစ်အားဖြင့်မူ အများ၏အားကိုးလောက်သည့် အဘိုးတန် အတိဇာတသား သန္ဓေရှိပြီဖြစ်ကြောင်း မဖြစ်ခင် ကြိုတင်သိစေခြင်း ပုဗ္ဗနိမိတ် နတ်သိကြားတို့ ဆောင်ပြသော ဒေဝတောပသံဟာရအိပ်မက်ပင် ဖြစ်လေသည်။

မိခင်၏ ချင်ခြင်း

ပုရိသုတ္တမ ယောကျ်ားမြတ်အာဇာနည် အရှင်ထေရ်မြတ်လောင်းလျာ ပဋိသန္ဓေနေစဉ် ဘုန်းကံရှင် မိခင်၌ ချင်ခြင်းဖြစ်သည်မှာလည်း ထူးဆန်းလှပေသည်၊အမြဲတမ်း ဘုရား,တရား,သံဃာ ရတနာ ၃-ပါးနှင့် စပ်သည့် တရားသံကို ကြားနာလိုခြင်း, တရားစာဖတ်လိုခြင်း, ဘုရားဝတ်တက်လိုခြင်း, ရဟန်းသံဃာတော်တို့ကို ဖူးမြင်လိုခြင်း စသော အလိုဆန္ဒအာသာတို့သာ နေ့ညမပြတ်ဖြစ်သဖြင့် မိန်းမချင်းကပင် အာဇာနည်ထေရလောင်းလျာ၏ မိခင်အား ရှင်မဝမ်းထည်းအလောင်းအလျာ ကိန်းအောင်းပြီစသည်ဖြင့် ထင်မြင်ချက်ပေးကြသည်၊ တချို့ကလည်း ရှင်မဝမ်းထည်း သာသနာပြုမင်းလောင်း ခိုအောင်းပြီ စသည်ဖြင့်လည်း ထင်မြင်ချက်ပေးကြမည်မှာ မြေကြီးလက်ခတ်မလွဲတည်း။

တသ္မေဝံ ဒေဟဋ္ဌော အာသိ၊ မဟာပုညာယ မာတုယာ။
ဂန္ဓကာမာ ဝိဟာရံ စ၊ သဒ္ဓမ္မံ သောတုမိစ္ဆသိ။
ပဿိတုံ သမဏော စေဝ၊ ပဋိတုံ ဓမ္မပေါတ္ထကေ။
ဣတိ ဟိ ဒေဟဋ္ဌော အာသိ၊ အစ္ဆရိယဗ္ဘုတဗ္ဘကော။

နာမည်မှည့်မက်လာပွဲတော်သဘင်

လင်္ကာပေသလ သိက္ခာကာမ, သာသနဓုရန္ဓရ, နိကာယဏ္ဍာဝပါရဂူ ဖြစ်တော်မူမည့် ထေရ-လောင်းလျာကို ဖွားမြင်၍ မကြာမြင့်မီ ဦးခ ဒေါ်သံတို့သည် ဆွေမျိုးဉာတကာတို့နှင့် မိတ်ဆွေရင်းချာများတို့ကို ဖိတ်ခေါ် ကျွေးမွေး၍ ဝါဝင်းထိန်ပြေ ကျက်သရေရှိနေသည့် ရုပ်ရေရှုပကာယပိုင်ရှင် ပါရမီရှင်ထေရလောင်းလျာသူငယ်ကို မြင်သူတိုင်း ရွှင်ပျဝမ်းမြောက်ကြသည်၊ အမျိုးသီးတို့ထုံးစံတိုင်း သူတို့များ တော်လှုပေသည်၊ ငါတို့လဲ သည်လိုသားမျိုး လိုချင်စမ်းပါဘိ စသည်ဖြင့် ပြောပြကြသည်မှာလည်း ဘခင်ဦးခနှင့် မိခင်ဒေါ်သံတို့မှာ နားလှုံမတတ် ဖြစ်လေသည်။

မောင်ထွန်းဟု နာမည်မှည့်ခြင်း

ဦးခ,ဒေါ်သံတို့မှာ အလင်းမှ အလင်းသို့သာ ချီတက်မည့် ဇောတိဇောတိပရာယဏ မဟာ-ဂန္ဓကာရက ထေရလောင်းလျာ၏အလှုင် သမီးမရွက် ၆-နှစ်အရွယ်နှင့် သားမောင်သာလှိုင် ၃-နှစ် အရွယ် ရင်သွေး ၂-သွယ်တို့ ရှိနှင့်ကြပြီး ဖြစ်လေသည်၊ ဦးခ,ဒေါ်သံတို့သည် မိတ်ဆွေရင်းချာ ဉာတကာတို့နှင့် တိုင်ပင်ကြကာ ပဋိသန္ဓေနေစတွင် မြင်မက်သောအိပ်မက် ထူးခြားသော ချင်ခြင်း ဖြစ်ပုံအချက်အလက်တို့ဖြင့် ရှိပြီးသား ရင်သွေးများထက် ထူးထူးခြားခြား ထွန်းထွန်းပေါက်ပေါက် ဖြစ်ပေါ်လာသည့် တမိုပေါက် တယောက်ထွန်းကိုစဲ့၍ မောင်ထွန်းဟူ၍ အနှတ္ထသညီ နာမည်ကို မှည့်ခေါ်သတ်မှတ်ကြလေသည်။

မောင်ထွန်း ဣတိ ဝိသိဋ္ဌမို၊ ကိတ္တေသုံ အဘိဓာနကံ။
သုဝိသိဋ္ဌမို သန္ဓာယ၊ သဟာယဉာတကာဒယော။

သူငယ်တို့ဘဝ ထူးခြားချက်

သားလှမျက်ရွဲ ပုလဲဥသခင် မိခင်ဘခင်တို့မှာ က-တော့မလို ခုနှံတော့မလောက် လွန်စွာ ဝမ်းမြောက်ကြပြီး ချစ်မိသောပုတ္တာသိနေဟသည် အရေထူပါး အသားကြောမျှင် စူးဝင်ရိုးလျှောက် ခြင်ဆီပေါက်အောင် စုံ့ရောက်တည်ရှိနေကြရကား သားငယ်၏အလိုစရိုက်ကို လိုက်လျောပြုစု နိုင်အောင် အရိပ်တကြည့်ကြည့် အမြဲမပြတ် အကဲခပ်လျက် ရှိကြလေ၏။

ထူးဆန်းသောအချက် ပေါ်ထွက်လာသည်မှာ မိခင်၏လက်တွင်းဝယ် နို့ချိုတိုက်ကျွေးရာ အခါမှတပါး တခြားသောအခါတို့၌ မပျော်မရွှင် ငြိုငြင်ပူဆာလျက် ရှုန်းကာဖယ်ကာ လွန်စွာ ငိုကြွေးခြင်း ဘခင်၏ရင်ခွင်လက်တွင်းရောက်မှ မပူမဆာ မျက်နှာရွှင်လန်း မြည်တမ်းငိုကြွေးခြင်း မရှိ ပကတိအတိုင်းသာ တည်နေခြင်း သူစိမ်းပြင်ပတို့ ထိန်းယ ချီပိုးသော အခါတွင်လည်း ယောကျ်ားတို့၏အထိန်းအယကိုသာ ညှင်သာစွာလက်ခံလျက် မိန်းမတို့၏ ချီပိုးထိန်းယခြင်းကို အလျှင်းမနှစ်သက် လက်ဖြင့်တို့ထိခြင်းကိုမှ မခံလို ငိုယိုငြင်းဆန်ခြင်းတို့ ဖြစ်လေသည်၊ ဖော်ပြပါ

ထူးခြားချက်များသည် တချိန်တွင် သာသနာ့ဝန်ထမ်း ရဟန်းပြု၍ ဝိနယဂရုက သီလသုပေသလ ပုဂ္ဂိုလ်ဖြစ်မည်ကို ပြသခြင်း ဖြစ်လေသည်။

ဂဟဏံ မာတုဂါမာနံ၊ ဒါရကာသ နာ ရုစ္စတိ။
ဣဒဉ္ဉိ ဥပသမ္ပဇ္ဇေ၊ သီလပေသနလက္ခဏံ။

ရဟန်းတော်တို့မြင် ရှင်လန်းခြင်း

တနေ့ မိခင်ဒေါသံသည် ဝိဇိတာရာမ ထေရလောင်းလျာ သူငယ်ကလေးကို ရင်ခွင်တွင် နို့ချိုတိုက်ကျွေးစဉ် ဆွမ်းခံဝင်ကြွလာသော ရဟန်းတော်တို့ကို မိခင်က လက်ညှိုးတည်းဟူသော ပန်းညွှန်ဖြင့် ညွှန်ပြရာ သူငယ်မှာ လွန်စွာဝမ်းမြောက်ဝမ်းသာရှိပြီး စူးစိုက်စွာကြည့်ပြီးလျှင် ရဟန်းဝတ်မည်ဟူသော အတွေးအခေါ်တို့ကို ရယူတွေးခေါ်လျက် ရှိလေသည်၊ တစုံတခု အလိုမကျ၍ ငိုယိုသောကာလတွင် အဝါရောင်ဖန်ရည်စွမ်းသည့် အဝတ်စကလေးပေးထားလျှင် အငိုတိတ်တော့သည်။

သားသား ဘုန်းကြီးလုပ်မည်

တဖြည်းဖြည်းကြီးပြင်း၍ စကားစမြည် မပီကလာ ပီကလာသာ ပြောတတ်စတွင်လည်း ထေရ-လောင်းလျာမောင်ထွန်းကား မေမေ့ဖေဖေ သားကြီးလျှင် ဘုန်းကြီးလုပ်မည် ကျနော်ကြီးလျှင် ဘုန်းကြီးလုပ်မည်ဖြင့်သာ မကြာမကြာ ပြောလေ့ရှိလေသည်။

ကျောင်းအပ်ပညာသင်ခြင်း

သာသနဓုရန္ဓရ ထေရလောင်းလျာသည် ရှေးဦးစွာ မိဘတို့အပ်နှံသည်ကို မစောင့်ဆိုင်းပဲ အခြားကလေးအဖော်များနှင့်အတူ ပုဆိုးခါးဝတ် အင်္ကျတ်လုံခြုံ မြဲလောက်ရုံအရွယ်ရောက်တွင် မိမိ အလိုဆန္ဒအလျောက် ကျောင်းသားအဖြစ်ကို ခံယူလိုက်လေတော့သည်။ ထိုသို့သော သားငယ်၏ ဆန္ဒကိုသိကြသော မိဘတို့သည် အသက်အရွယ် နုနယ်လှသေးသည့် မအူဆရာတော်လောင်းလျာ မောင်ထွန်းကို ကျောက်ဖူးရွာ ဘုရားကြီးတိုက်သို့ လိုက်ပို့အပ်နှံကြရလေသည်၊ ထိုခေတ်က မြန်မာပြည်တဝှမ်းလုံး ကျောင်းသုံးအဖြစ် ခေတ်စားလျက်ရှိသော သင်ပုန်းကြီး, မင်္ဂလသုတ်, နမက္ကာရ, ပရိတ်ကြီး, အောင်ခြင်းဂါထာ, ရတနာရှေချိုင့်, လောကနီတိ, ဇာတ်ကြီးဆယ်ဘွဲ့စသည်တို့ကို ၁၄-နှစ်သားအတွင်း ကောင်းစွာ နှုတ်တက်အာဂုံရ သင်ယူ၍ သာသနာတော်ရောက်ရန် အရေးကိုသာ စောင့်စားမျှော်လင့်လျက် ရှိလေသည်။

ဒဟရော သော သမာနော၀၊ သိက္ခန္တော နေကပေါတ္ထကံ။
အာသီသန္တော ဟိ လောကဂ္ဂ-သာသနေ ပဗ္ဗဇေတ၀ေ။

ပဗ္ဗဇ္ဇာဘုံ ခိုလှုံပြီ

ထေရလောင်းလျာ ၁၃-နှစ်သားအရွယ်လောက်တွင် ပဗ္ဗဇ္ဇာမင်္ဂလာသဘင် ဆင်ယင်ကျင်းပကာ ကျောက်ဖူးရွာ ဘုရားကြီးတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေ၀တ်ခဲ့သည်၊ ဥပဇ္ဈာယ် ဆရာတော်က ထေရလောင်းလျာ သာမဏေကို ရှင်နာရဒဟု မှည့်ခေါ်သတ်မှတ်တော်မူသည်။

တေရသဝဿသမ္ပတ္တော၊ သာမဏေရတ္တနံ လဘိ။
အတီဝ ဂရုကော အာသိ၊ သာမဏေရသိက္ခာသု စ။

ပညာသင်ကြားခြင်း

သာသနအာဇာနည် မထေရ်လောင်းလျာ ရှင်နာရဒသည် ကျေးငှူးရှင် ဥပဇ္ဈာယ်ဆရာ ဖြစ်သော ကျောက်ဖူးဆရာတော်ထံ၌ လိင်, ဒဏ်, သေခိယ, ခန္ဓကဝတ်နှင့်တကွ သဒ္ဒါ, သဒ္ဒိုဟ်, အဘိဓာန်, အလင်္ကာ, ဆန်း, မာတိကာ, ဓာတုကထာအရကောက် ညဝါ, ပုဒ်စစ်, သဒ္ဒါစစ် သံဝဏ္ဏနာ, နည်းလေးဆယ် စသည်တို့ကို ၃-နှစ်တိုင်ရုံမျှဖြင့် နှုတ်တက်ရွရွ အာဂုံရ သင်ယူခဲ့သည်။

တိဝဿဘ္ဗန္တရေယေဝ၊ သာမဏေရော သမုဂ္ဂဏှိ။
ဝိဝိဓေ ဗဟုလေ ဂန္ထေ၊ ဥပဇ္ဈာယဿ သန္တိကေ။

သုံးထောင်ပိုင်ဆရာတော်ထံ ဗေဒင်သင်

ဆရာတော်လောင်းလျာ သာမဏေ ရှင်နာရဒသည် ထိုအချိန်က ခေတ်စားလျက်ရှိသော ဗေဒင်အတတ်ကိုလည်း သင်သင့် တတ်သင့်သည်ဟု သဘောပိုက်ပြီး ကျက်ဆူကျင်းရွာ သုံးထောင်ပိုင်ဆရာတော်ထံသို့ ရွှေပြောင်းပြီး ကိုးကြောင်းခရိုင် ဗေဒင်လက်ရိုးတို့ကို ကြိုးစား၍ သင်ကြားခဲ့ရာ တနှစ်အတွင်း ဗေဒင်ကျမ်း မြားမြောက်စွာကို မေ့နှောက်နိုင်သော ဗေဒင်ပညာရှိ တဦးအဖြစ်သို့ ရောက်လေသည်။

ဧကဝဿံ ဝသိတ္ဝာန၊ သုံးထောင်ပိုင်ထေရသန္တိကေ။
ဝေဒဂန္ထေ စ သိက္ခိတ္ဝာ၊ ပါရဂူ ဝေဒကောဝိဒေါ။

ရွာထောင်ရွာ ဆပ်သခင်း ပစ္စိမာရုံသို့

မအူဆရာတော်လောင်းလျာ ရှင်နာရဒသည် ဗေဒင်ကျမ်းတို့၌ မေ့နှောက်နိုင်လောက်သော အသိဉာဏ်ကို ရရှိပြီးနောက် သုံးထောင်ပိုင်ဆရာတော်ကို ကန်တော့ပြီး ရွာထောင်ရွာ ဆပ်သခင်း ပစ္စိမာရုံတိုက် ဆရာတော်ကြီးထံ၌ ဝိနည်းငယ်လေးဆောင်နှင့်တကွ မာတိကာ အဋ္ဌကထာ ခေါ်သော ကခ်ေါဝိတရဏီအဋ္ဌကထာကို အထွက်အတက်, အနက်အဓိပ္ပါယ်နှင့်တကွ သာမဏေ ဘဝဖြင့် သင်ယူခဲ့ရာ သာမဏေဘဝဖြင့်ပင် ပိဋကတ်သွားရန် အခြေခံကို ကောင်းစွာပိုင်ပိုင် ရရှိခဲ့လေသည်။

ရွာထောင်ရွာ ဂါမေ ပဓာနဿ၊ ပစ္စိမာရာမသာမိနော။
သန္တိကေ ဝိနယေ စာပိ၊ အသိက္ခိ တိကဉ္စာဏိကော။

ဥပသမ္ပဒဘုံ ခိုလှုံပြီ

သက်တော် ၂၀-ရှိရာ ၁၂၄၈-ခုနှစ်တွင် ရွာထောင်ရွာ ဦးကဲသာ-ဒေါ်ခတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပစ္စိမာရုံကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော အထက်တန်း ရဟန်းပဥ္စင်း အဖြစ်သို့ ရောက်တော်မူခဲ့သည်။

အသက်အရွယ် နုနယ်ငယ်လျ.ကလေးဘဝမှစ၍ ဘယ်အခါ သာကိယဇာတ် မြင့်မြတ်လှသည့် ပဗ္ဗဇိတ ဒုလ္လဘကို ရရှိပါအံ့နည်းဟု မျော်လင့်တောင့်တ ရည်မှန်းခဲ့သော နိကွမဇ္ဈာသယဓာတ်ခံ ရင့်သန်တော်မူသည့်အလျောက် ရောက်အပ် ရအပ်သော ရဟန်းအဖြစ်ကို စကြာမင်းစည်းစိမ် ကျက်သရေထက် ဆထက်ထောင်ရာ သာလွန်နှစ်သက်တော်မူလေသည်။

ကဒါဟံ ဥပသမ္ပန္နံ၊ လဘေယ္ယံ ဇိနသာသနေ။
ဣတိ သုပတ္ထိတံ ဌာနံ၊ သမန္တတော သုပူရိတံ။
စက္ကဝတ္တိသိရိတောပိ၊ အနေကဂုဏဥတ္တရိံ။
ဝရံ မေ သုဋ္ဌု လဒ္ဓန္တိ၊ ပမောဒိ နာရဒေါ သုဓီ။

ဥပဇ္ဈာယ်ထံ နည်းခံသင်ယူခြင်း

ရဟန်းသစ် အရှင်နာရဒသည် လူ့ဘဝကို ကောင်းစွာလှလှ အရတော်ချေပြီ, ဘုရားရှင်၏ သာသနာတော်သည် လွန်စွာချမ်းမြေ့ အေးကြည်လှပါပေစွ စသည်ဖြင့် ပိတ်၍မလုံ မြုံ၍မရ ဥဒါန်းစကား အကြိမ်ကြိမ်ဟလျက် ဥပဇ္ဈာယ်ဆရာတော်ထံ၌ ဝိနည်းပိဋကတ်ကို အဋ္ဌကထာ, ဋီကာတဲ့ဖက်၍ ဝီရိယလုံ့လ မြင်းမိုရ်တမျှဖြင့် ၂-နှစ်ကြာမျှ နည်းခံသင်ယူတော်မူလေသည်။

မူလမှိ ဥပဇ္ဈာယဿ၊ ဝိနယပိဋကံ ဝရံ။
သာဋ္ဌကထံ သဋီကဉ္စိ၊ ဥဂ္ဂဏှိ ဒုဝဿံ သုဓီ။

ကိုင်းရှာ ဘုံသာတိုက် ဦးပုည်ထံ

ကိုင်းရှာဘုံသာတိုက် ဆရာတော်ဦးပုည်ထံတွင် ၁-နှစ်ကြာမျှ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အဘိဓမ္မ အဋ္ဌကထာများကို လေ့လာတော်မူခဲ့သည်။

ချောင်းဦးမြို့ ရွှေတောင်ကျောင်းသို့

ကိုင်းရှာ ဘုံသာတိုက်၌ သီတင်းသုံးပြီးနောက် မုံရွာခရိုင် ချောင်းဦးမြို့ ရွှေတောင်ကျောင်း ဆရာတော်အထံ၌ ၁-နှစ်ကြာမျှ သုတ္တန်ပိဋကတ်ကို လေ့လာဆည်းပူးတော်မူခဲ့သည်။

မန္တလေးမြို့တော်သို့

ရွှေတောင်ကျောင်း ဆရာတော်ကို ဦးတင်ပြီး ဖဲခွါခဲ့၍ မန္တလေးမြို့ တိုက်တော်ဆရာတော်, ကျက်ဆူကျင်းဆရာတော်တို့ထံတွင် အဘိဓမ္မအဋ္ဌကထာ, အဘိဓမ္မာ ဋီကာတို့ကို ၂-နှစ်ကြာမျှ လေ့လာ ဆည်းပူးတော်မူခဲ့သည်၊ ဤသို့ဖြင့် မအူဆရာတော်လောင်းလျာ ပဉ္စင်းပျို အရှင် နာရဒ သည် အတတ်ပညာ စာပေအတွက် ဆရာပေါင်းများစွာတို့၏ ဦးနှောက်ပေါင်း များစွာတို့မှ အသိဉာဏ်ကို ပင်ပန်းစွာ ရှာဖွေသင်ယူ၍ ဝိနည်းနိသျကျမ်းဂန်များပြုစုရန် စုဆောင်းခဲ့ရလေသည်။

ဧဝံ ဟိ အဓိကေနေဝ၊ ဝါယာမေန သုသဉ္ဆိတော။
ဌာနာဌာနံ စ ဂန္ဆာန၊ အကာသိ သိက္ခနံ ဗဟုံ။

ရေစကြို ဆရာတော်ဘုရားကြီးထံသို့

အရှင်နာရဒသည် ဉာဏ်မီးတောက်စ ၅-ဝါ လွန်မြောက်သောအခါတွင် ပခုက္ကူမြို့ ပန်းစ္ဓာကျောင်းတိုက်၌ ယာပိုက်လေးလီ မျည်ရှင်ပြုံး သီတင်းသုံးလျက် နိကာယ် ၅-ရပ်ကို မပြတ်မလပ် ချပို့လျက်နေတော်မူသော တိပိဋကဘုရင် အရှင်ဂန္ဆသာရထံမှောက်သို့ ရောက်ရှိ၍ နောက်ဆုံး အချောသပ် ပိဋကတ်သုံးသွယ် ပင်လယ်ကူးနည်းကို ထန်သည်းကြီးမားသော လုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

စက္ကဝဋ္ဌဇာတ်သည် တတိယ သံဂါယနာ သံဃမဟာနာယက မောဂ္ဂလိပုတ္တတိဿထေရ်လောင်းလျာအား ကျနစ္ဓာ ပိဋကတ်ကို လက်ထပ်သင်ပေးသကဲ့သို့၎င်း, အရှင်မဟာမောဂ္ဂလိပုတ္တ-တိဿထေရ်သည် ဒီပပွသာဒက သီဟိုဠ်သာသနာပြုလောင်းလျာ အရှင်မဟိန္ဒထေရ်အား ပိဋကတ် ၃-ပုံပါဠိနှင့်ဘက္ခ မဟာအဋ္ဌကထာကို လက်ထပ်သင်ပေးသကဲ့သို့၎င်း, အရှင်ဓမ္မရက္ခိတထေရ်သည် မိလိန္ဒပဉ္ဉကျမ်းကြီးကို ဟောမည့် အရှင်နာဂသိန်အား ၃-လအတွင်း ပိဋကတ် ၃-သွယ် နိကာယ် ၅-ဖြာကို ကျနစ္ဓာ သင်ပေးသကဲ့သို့၎င်း တိပိဋကဘုရင် အရှင်ဂန္ဆသာရသည် မဟာဝိဇိတာရုမ ထေရလောင်းလျာ အရှင်နာရဒအား နှစ်အနည်းငယ်အတွင်း ပိဋကတ် ၃-သွယ်, ၅-နိကာယ်ကို ရဟန်းငယ် အရှင်နာရဒ၏ နှလုံးအိမ်သို့ အရောက်အပ်နှင်း သင်ကြားပေးကာ ဓမ္မာနုဂ္ဂဟဖြင့် ထူးခြားစွာ ချီးမြှောက်တော်မူသည်သာမက ပစ္စည်းလေးပါးဖြင့်လည်း ချီးမြှောက်တော်မူပြီး ဂဏဝါစက စာချအဖြစ်ဖြင့်လည်း ချီးမြှောက်တော်မူသည်။ ထို့ကြောင့်ပင် အရှင်နာရဒသည် ပါရာဇိကဏ်အဋ္ဌကထာ နိဿ ဂန္ဆာရမ္ဘ၌—

ဂန္ဆသာရေန သာရေန၊ ယွာဟံ နိသ္သေန ယေန စ။
အနုဂ္ဂဟိတော ဂဟိတော၊ တမ္မိ ဓမ္မေန မေ နမေ။

ဟူသော အာစရိယပဏာမဂါထာဖြင့် ရိုသေမြတ်နိုး ရှိခိုးပူဇော်တော်မူခဲ့သည်။

ရေစကြို မင်းအိုတိုက်သို့

နိကာယ် ၅-ရပ် ပိဋကတ်ပါဠိနှင့်တကွ အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရအမျိုးမျိုးကို ဒိုးကဲ့သို့မွေ့အာဂုံကျသော ဆရာတော်ကလေး အရှင်နာရဒသည် ရေစကြိုမြို့ ကျောင်းဒကာ ဦးစိန်နှင့် အခြား ဒကာ, ဒကာမတို့၏ ပင့်လျှောက်ချက်အရ ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားထံ အမိန့်ခံ၍ ရေစကြိုမြို့ မင်းအိုတိုက်၌လည်း ၅-ဝါ သီတင်းသုံးပြီး ဝေနီးချဉ်းကပ် ဝန်းရံပတ်သည့် ပရိသတ်ပေါရယ် စာသင်တပည့်တို့၏အလယ်၌ နိကာယ် ၅-ရပ် ပိဋကတ်ကို မပြတ်နေ့ည ချပို့တော်မူလျက် သာသနာနုဂ္ဂဟ ကုသိုလ်ထူးကို ဆည်းပူးတော်မူခဲ့လေသည်။

ရေစကြို နဂရေ ရမ္မေ၊ မင်းအိုက္ကတိ သုပါကဋ္ဌေ။
အာရာမေ စ ဝသိတ္ဝာန၊ အကာ သာသနနုဂ္ဂဟံ။

အင်းစိန်မြို့သို့

အင်းစိန်မြို့သို့လည်း ကြွရောက်၍ တနှစ်ကြာမျှ ဆန်းကျမ်း ကလာပ်ကျမ်းတို့ကို လေ့လာသင်ကြားတော်မူခဲ့သည်။

ပခုက္ကူသို့ နောက်တကြိမ်

ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး ကျန်းမာတော်မမူသဖြင့် အင်းစိန်မြို့မှ ပခုက္ကူသို့ ကြွရောက်၍ ဂဏဝါစကတာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလေသည်။

တောမြိုင်ခွင်ဝင် ဓုတင်ကျင့်တော်မူခြင်း

ဆရာတော် အရှင်နာရဒသည်—

ပဝိဝိတ္တော အသံသဋ္ဌော၊ ပန္တသေနာသနေ ရတော။
အာရာဓယန္တော နာထဿ၊ ဝနဝါသေန မာနသံ။

စသော ဝိသုဒ္ဓိမဂ်၊ ပဌမ၊ ဓုတင်္ဂနိဒ္ဒေသ ၇၁-လာ ဂါထာအား လျော်စွာ အပေါင်းအဖော် လူရှင်တို့နှင့် မရောနှောပဲ တောရကျောင်း၌ မွေ့လျော်လျက် သဗ္ဗညုဘုရားရှင်၏ ရွှေစိတ်တော်ကို နှစ်သက်စေလိုသော ဆန္ဒတော်ဖြင့် ကျေးဇူးရှင် ရေစကြို့ဆရာတော်ဘုရားကြီးကို လျှောက်ထားပြီးလျှင် ရှာငယ်ရှာ မြင်းတန်းကုန်း တောကျောင်း၌ ကိန်းအောင်းမှီခို ၁-ဝါဆိုတော်မူလျက် ဗြဟ္မစိုရ် လေးဆိုင်း ကသိုဏ်း ၁၀-ဖြာ ဘာဝနာနှင့် လက္ခဏာ ၃-ရပ် ဝိပဿနာစဉ် ဓုတင်ကျင့်ဝတ် မချွတ်မြဲမြံ ခိုင်းခဲ့သမျှ သန္တောသတို့ဖြင့် မျှတရှင်ပြုံး သီတင်းသုံးတော်မူလျက် ရွှေသွားနောက်လိုက် သိုက်မြိုက်မလို ကြွချိုပမာ တခြောင်းသာသို့ ရှောင်ခွါဖော်နည်း တကိုယ်ချည်းဖြင့် တောထည်းဝင်ခို ချမ်းသာပို၏ စသည်ဖြင့် ဥဒါန်းကျူးတော်မူသည်မှာ—

ပုရတော ပစ္ဆတော ဝါပိ၊ အပရော စေ န ဝိဇ္ဇတိ။
အတီဝ ဖာသု ဘဝတိ၊ ဧကဿ ဝသတော ဝနေ။

စသည့် ထေရဂါထာပါဠိ ၃၀၁-လာ သိဒ္ဓိမဟာသောကမင်း၏ညီ ကေဝိဟာရီထေရ် လောင်းလျာတိဿမင်းသား ဥဒါန်းကျူးပုံနှင့် တူလှပါပေသည်။

ဆုတောင်းပြည့်ကျောင်းတိုက်သို့

ဆရာတော်၏ ပရိယတ္တိဓမ္မဂန္ထကောဝိဒဂုဏ်တို့သည် ဖုံးကွယ်မလုံ ခြုံ၍မရ အုံပါကြွသောကြောင့် များလှပေါရယ် သောတုငယ်တို့အတွက် မအူအလယ်ရှာ သူကြီးမင်း ဦးငွေရောင်စသော ဒကာအပေါင်းတို့၏ ညွှတ်ပျော်းဝပ်တွား လျှောက်ထားပင့်ဆောင်ကြသဖြင့် ဆုတောင်းပြည့်ကျောင်းတိုက်ဆရာတော် ဦးဆီး၏ကျောင်း၌ သီတင်းသုံးကာ ပရိယတ္တိကျမ်းစာများကို ချပို့တော်မူလေသည်။

ရွှေချူမှော်တိုက်သို့

ဆုတောင်းပြည့်တိုက် ဆရာတော် ဦးဆီး၏ကျောင်းသည် စာသင်သားဦးရေနှင့် မမျှအောင် ကြပ်တည်းလှသဖြင့် ၎င်းရှာဒါယကာ ဦးလိန်း၏ပင့်လျှောက်ချက်အရ ကျယ်ဝန်းသော ရွှေချူမှော်တိုက်သို့ လိုက်ပါကြွတော်မူလျက် ဂန္ဆဓုရင်္ဂန်ကို ဂ-နှစ်ကြာအောင် ထမ်းဆောင်တော်မူလေသည်။

မဟာဝိဇိတာရာမတိုက်ကြီး အုံလှူခံပြီ

ထိုသို့ ရွှေချူမှော်တိုက်ဝယ် ယာပိုက်လေးလီ မျည်ရှင်ပြုံး သီတင်းသုံးတော်မူလျက် မပျက်နေ့ည စာပဲ့သဘင် ဆင်ယဉ်ကျင်းပတော်မူရာ ဝန်းကျင်လှည့်ရံ နည်းနာခံသည့် အခြေခံပရိသတ်တို့သည် ပျားပန်းခတ်သို့ ချဉ်းကပ်ခစား များထက်များ၍ တိုးပွါးလာရောက်ကြပြန်ရကား နေရာထိုင်ခင်း ကျဉ်းမြဲကျဉ်းသဖြင့် မနေလောက်ပဲရှိ၍ ဦးရွှေခန့်, ဦးရွှေဆိုင်အမှူးရှိသော ဒကာအပေါင်းတို့က တိုက်တာသီးခြား တည်ထားကိုကွယ်လိုပါကြောင်း လျှောက်ထားချက်ကို နှစ်သက်ကြည်ဖြူ လက်ခံတော်မူကာ ဖော်ပြပါ ဦးရွှေခန့်, ဦးရွှေဆိုင်အမှူးရှိသော ဒကာ, ဒကာမတို့က ကတိုးစုရွာတောင်ဘက် ထန်းတောဥယျာဉ်နှင့်တကွ စည်မျက်နှာအသွင် ၄-ကေကျယ်ဝန်းသော မြေအပြင်ကို—

ဣမံ ဘန္တေ မနောရမ်မံ၊ သံဃဿ အနုရူပကံ။
သောဘိတံ တာလရုက္ခေဟိ၊ ဝိလောစနရဿာယနံ။
အနုကမ်မံ ဥပါဒါယ၊ ဒဒါမ ပဋိဂ္ဂဏှထ။

ဟူ၍ ရေစက်သွန်းချ လှူဒါန်းကြလေသည်။

မဟာဝိဇိတာရာမအမည်တွင်ခြင်း

ထိုသို့လှူဒါန်းပြီးသောအခါ ဒါယကာ, ဒါယိကာမအသီးသီးတို့က အားရဝမ်းမြောက်စေတနာ ကိုယ်စီပေါက်ကြ၍ ဆောက်လုပ်လှူဒါန်းအပ်သော အရံကျောင်းကြီး ၆-ဆောင်, အုတ်တိုက်ကျောင်းကြီး ၁-ဆောင်နှင့် စာချအလယ်ကျောင်းကြီးတို့ကို အလှူခံတော်မူပြီး မဟာဝိသုတာရာမဝံသိက "မဟာဝိဇိတာရာမ" ဟူသောအမည်ကို မှည့်ခေါ်သတ်မှတ်တော်မူလေသည်။

မဟာဝိဇိတာရာမ၌ ၁၆-နှစ် သီတင်းသုံးခြင်း

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ မဟာဝိဇိတာရာမကျောင်းတိုက်ကြီး၌ ၁၆-နှစ် အာသက်ဆုံးတိုင် သီတင်းသုံးတော်မူလျက် မဟာဝိသုတာရာမာဓိပတိ တိပိဋကဘုရင် ဒီဃဒဿီ ရေစကြိုဘုန်းမော် အရှင်ဂန္ဓသာရဆရာတော် စသော ဆရာတော်တို့မှ ရအပ်သော လဒ္ဓါပဒေသ, ပရမ္မရာဘတဝိနိစ္ဆယ အာစရိယမုဋ္ဌိ လက်ရှိလက်ကိုင် ပိုင်နိုင်သောနည်းနိသျတို့ကို သခ်္ဂါအရေအတွက်အားဖြင့် များလှစွာသော စာသင်သားတို့အား ဝိရိယမြေအထုဖြင့် ချပို့သင်ကြားကာ ပရိယတ္တိဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလေသည်။

ကျမ်းဂန်ပြုစုတော်မူခြင်း

ဆရာတော်သည် စာဝါများချရင်း အနာဂတ်သာသနာအတွက် သာသနာတော်၏ အသက်သွေးခဲဖြစ်သည့် ဝိနည်းပိဋကတ်၏ နိသျကျမ်းစာများကိုလည်း ပြုတော်မူခဲ့သည်၊ ဆရာတော်၏ ဝိနည်း အဋ္ဌကထာနိသျများကို ကျနစ္စာ ကြည့်ရှုလေ့လာခြင်းဖြင့် ပညာရှိ ကဝိပုဂ္ဂိုလ်တယောက် ဖြစ်နိုင်လေသည်။ ဆရာတော်သည် နိသျရေးရာ၌—

၁။ ရွှေနောက်ဝါကျ စပ်မိအောင် အနုသန္ဓေကို ပြခြင်း၊

၂။ ဝိဂြိုဟ်ဝစနတ်တို့ဖြင့် စုံလင်စွာ မိမိ၏ အနက်တို့ကို နှစ်သက်ယုံကြည်စေခြင်း၊

၃။ အဓိပ္ပါယပိဏ္ဍတ္ထန္ဒ်တက္ခ ဓာတ္ဝတ္ထပစ္စယတ္ထတို့ကို ပေါ်လွင်ထင်ရှားစေခြင်း၊

၄။ မပြည့်သောဝါကျ ဂမျမာန်ဝါကျတို့၌ အဇ္ဈာဟာရပါဌသေသတို့ဖြင့် ပြည့်ဝလောက်လုံ ပြည့်စုံစေခြင်း၊

၅။ ဝါကျအလျောက် တည်ရာထောက်၍ နိပါတ်ရောက်အနက်တို့ကို ပြက်ပြက်ထင်ထင် မြင် စေခြင်း၊

၆။ ပမာပမေ၊ တူမျှလေ၊ မသွေတဖက်သာ။
မတူလေက၊ ၂-ထွေပြ၊ နေရကျမ်းဂန်မှာ။
ကတ္တားကံသာ၊ အများလာ၊ ထားရာ နောက်လိုင်ဝုစ်။
ပါဠိဖြစ်က၊ ပုဒ်တစ်မှ၊ ပစ်ချနေအဟုတ်။ စသော နိယာမ်တို့ဖြင့် ပါဠိသွား အဋ္ဌကထာ သွား သိအောင် ညွှန်ပြခြင်း၊

၇။ ကျမ်းဂန်အဆို အမိန့် မတူရာ ထိုထို နိကာယ်ဆောင်တို့၏ အလိုကို ရှင်းပြခြင်းစသော အထူးထူးသောနည်းတို့ဖြင့် ဆန်းကြယ်စွာ စီရင်တော်မူခဲ့သည်။

ဆရာတော်၏ ဂါထာအရေးအသား

အနက်ယောဇနာသည့် ပုဒ်တိုင်းကို ဝိဂြိုဟ်ဝစနတ် လှစ်ခြင်းစသည်ဖြင့် ပါဠိစာပေ နိုင်နင်းပုံ, ဗျာကရဏ်းနိုင်နင်းပုံတို့ကို သိသာနိုင်သည်သာမက ဂါထာအရေးအသားလည်း လွန်စွာကောင်း မွန် ပြောင်မြောက်လေသည်၊ ဆရာတော်သည် ပါရာဇိကဏ်အဋ္ဌကထာ ပဏာမ၌—

ပတိတသဒ္ဒရစိတံ၊ သိလိဋ္ဌပဒသန္ဓိကံ။
ပသာဒဂုဏသံယုတ္တံ၊ ယမကံ မတမေဒိသံ။

ဟူသော သုဗောဓာလင်္ကာရဥပဒေအတိုင်း ထင်ရှားပေါ်လွင်သော သဒ္ဒါတို့ဖြင့် ဖွဲ့စီအပ်, ပုဒ်အစပ် နီးနီး ကပ်ကပ်လည်းရှိ, ပသာဒဂုဏ်နှင့်လည်းယှဉ်သော ယမကကို ပါဒတိုင်း သုံးစွဲကာ ရေးသား ထားတော်မူသည်။

ဗုဒ္ဓပဏာမ

မဟာဒယံ ဒယံ ပေစ္စ၊ ကရုပဒံ ပဒံ သင်္ဇ။
တထာဂတံ ဂတံ ခေင်္ဇ၊ နမာမဟံ မဟံ ကစ္စ။

အဟံ၊ ငါသည်။ မဟာဒယံ၊ ကြီးသော ကရုဏာရှိတော်မူသော။ ဒယံ၊ ကရုဏာတော်သို့။ ပေစ္စ၊ ရောက်တော်မူ၍။ ကရုပဒံ၊ လက်တော်သို့ ရောက်ပြီးသော။ ပဒံ၊ နိဗ္ဗာန်ကို။ သင်္ဇ၊ စွန့် တော်မူ၍။ ခေင်္ဇ၊ ကိုယ်တော်၏ ပင်ပန်းသည်၏ အဖြစ်သို့။ ဂတံ၊ ရောက်တော်မူပြီးသော။ တထာဂတံ၊ မြတ်စွာဘုရားကို။ ကစ္စ၊ အရှိအသေပြု၍။ မဟံ မဟန္တော၊ ပူဇော်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ နမာမိ၊ ရှိခိုးပါ၏။

ဓမ္မပဏာမ

မဂ္ဂံ အဃပွဟံ ပဟံ၊ အဂ္ဂံ မဟပ္ဖလံ ဖလံ။
ပဒဉ္စ အမတံ မတံ၊ ဓမ္မဉ္စ မဟိတံ ဟိတံ။

အဟံ၊ ငါသည်။ အဃပွဟံ၊ ကိလေသာတို့ကို ပယ်တတ်သော။ မဂ္ဂံပိ၊ မဂ်ကိုလည်းကောင်း။ အဂ္ဂံ၊ မြတ်သော။ မဟပ္ဖလံ၊ ပူဇော်အပ်သော အကျိုးဖြစ်သော။ ဖလဉ္စ၊ ဖိုလ်ကိုလည်းကောင်း။ အမတံ၊ သေခြင်း၏ မရှိရာဖြစ်သော။ မတံ၊ သိအပ်သော။ ပဒဉ္စ၊ နိဗ္ဗာန်ကိုလည်းကောင်း။ မဟိတံ၊ ပူဇော်အပ်သော။ ဟိတံ၊ အစီးအပွါးဖြစ်သော။ ဓမ္မဉ္စ၊ ပရိယတ်ကိုလည်းကောင်း။ နမာမိ၊ ရှိခိုးပါ၏။

သံဃပဏာမ

သိလာဒိနုပေတံ ပေတံ၊ နမာမိ နဂ်ဏံ ဂဏံ။
အဋ္ဌန္နသမူဟံ မူဟံ၊ ဟန္တာရမုတ္တမံ တမံ။

အဟံ၊ငါသည်။ သိလာဒိနာ၊သိလအစရှိသည်နှင့်။ ဝါ၊ သိလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနနှင့်။ ဥပေတံ၊ပြည့်စုံတော်မူသော။ အနဂ်ဏံ၊ကိလေသာမရှိသော။ အဋ္ဌန္နံ၊ ရှစ်ယောက်ကုန်သော။ အရိယာနံ၊အရိယာတို့၏။သမူဟံ၊အပေါင်းဖြစ်သော။ မူဟံ၊ တွေဝေစေတတ်သော။ တမံ၊ မောဟ တည်းဟူသော အမိုက်ကို။ ဟန္တာရံ၊ ပယ်ဖျောက်တတ်သော။ ဥတ္တမံ၊ မြတ်သော။ တံ ဂဏံပိ၊ ထိုဂိုဏ်းကိုလည်း။ နမာမိ၊ရှိခိုးပါ၏။

အာစရိယပဏာမ

ဂန္ဆသာရေန သာရေန၊ ယှာဟံ နိသ္သေန ယေန စ။
အနုဂ္ဂဟိတော ဂဟိတော၊ တမ္ပိ ဓမ္မေန မေ နမေ။

ဂန္ဆသာရေန၊ဂန္ဆသာရဟူသောအမည်ရှိတော်မူသော။ယေန နိသ္သေန၊အကြင်မှီ၍နေအပ်သော ဆရာတော်ဘုရားကြီးသည်။ သာရေန၊အမြတ်အားဖြင့်။ ယှာဟံ ယော အဟံ၊ အကြင်ငါ့ကို။ ယေန နိသ္သေန စ၊ အကြင်မှီအပ်သော လေးပါးသောပစ္စည်းဖြင့်လည်းကောင်း၊ ယေန ဓမ္မေန စ၊ အကြင် ပရိယတ်ဖြင့်လည်းကောင်း၊ အနုဂ္ဂဟိတော၊ ချီးမြှောက်တော်မူအပ်ဘူးပေပြီ၊ သော နိသ္သေ စ၊ ထိုမှီအပ်သော လေးပါးသော ပစ္စည်းကိုလည်းကောင်း။ သော ဓမ္မော စ၊ ထိုပရိယတ်ကိုလည်းကောင်း။ တေန မယာ၊ ထို၎ငါသည်။ သာရေန၊ အမြတ်အားဖြင့်။ ဂဟိတော၊ ယူအပ်ပြီ။ တဿ မေ၊ ထို၎င်၏။ ဂန္ဆသာရံ၊ ဂန္ဆသာရဟူသော အမည်ရှိတော်မူသော။ တမ္ပိ နိသ္သံ၊ ထိုမှီ၍ နေအပ်သော ဆရာတော်ဘုရားကြီးကိုလည်း။ နမေ-နမာမိ၊ ရှိခိုးပါ၏။

ပဋိညာဉ်

အဋ္ဌိတဿ ဌိတဿ တု၊ ဝိနယဿ နယဿတ္ထံ။
ဘာသာဘာသာပဝတ္တနံ၊ နိဿယံ နိဿယံ ကဿံ။

နတ္ထာ၊ရှိခိုးပြီး၍။ အဟံ၊ ငါသည်။ နိဿယံ၊ မှီနေအပ်သော ဆရာကို။ နိဿာယ၊ မှီ၍။ အဋ္ဌိတဿ၊ ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂဟု ဆိုအပ်ကုန်သော ၂-ပါးသောအဘို့တို့၌

တည်တော်မမူသော။ ဌိတဿ၊ မဇ္ဈိမပဋိပတ် အကျင့်မြတ်၌ တည်တော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဝိနယဿ၊ ဝိနည်း၏။ ဘာသာဘာသာပရိဝတ္တန်၊ မြန်မာဘာသာဖြင့် မာဂဓဘာသာကို ပြန်ဆိုရာဖြစ်သော။ နိဿယံ၊ မှီရာဖြစ်သော။ အတ္ထံ၊ အနက်ကို။ နယဿ၊နည်း၏။ ဝသေန၊ အစွမ်းအားဖြင့်။ ကဿံ၊ ပြုပေအံ့။

ဖော်ပြပါ ဂါထာများမှာ ၄-ပါဒလုံး၌ ယမကကိုအသုံးပြု၍ ရေးသားထားတော်မူသည်မှာ—

ကမလံ ကမလံ ကတ္တုံ၊ ဝနဒေါ ဝနဒေါမူရံ။
သုဂတော သုဂတော လောကံ၊ သဟိတံ သဟိတံ ကရံ။

ဟူသော ဂါထာနှင့် တူလေသည်။

ဆရာတော်ပြုစုခဲ့သော ကျမ်းများကို သိသမျှ ဖော်ပြရသော်—

၁။ ပါရာဇိကဏ်ပါဠိတော်နိသျ၊
၂။ ပါစိတ်ပါဠိတော်နိသျ၊
၃။ မဟာဝဂ်ပါဠိတော်နိသျ၊
၄။ စူဠဝဂ်ပါဠိတော်နိသျ၊
၅။ ပရိဝါရပါဠိတော်နိသျ၊
၆။ ပါရာဇိကဏ်အဋ္ဌကထာနိသျ၊
၇။ ပါစိတ်အဋ္ဌကထာနိသျ၊
၈။ မဟာဝဂ်အဋ္ဌကထာနိသျ၊

စသည်တို့ဖြစ်သည်၊ ဖော်ပြပါကျမ်းများအနက် ပါဠိတော်နိသျများမှာ စာအုပ်မဖြစ်သေးပဲ ရေးပြီး ပါစိတ်အဋ္ဌကထာနိသျမှာလည်း ပျောက်ဆုံးခဲ့သည်၊ ပါရာဇိကဏ်အဋ္ဌကထာနိသျ ပ-ဒု တ-စ-မ-တို့နှင့် မဟာဝဂ်အဋ္ဌကထာနိသျသာ စာအုပ်အဖြစ်သို့ ရောက်ခဲ့လေသည်။

ပဋိပတ် လုပ်ငန်း

ဆရာတော်သည် ပရိယတ်လုပ်ငန်းကို သက်စွန်ကြိုးပမ်း ထမ်းဆောင်တော်မူရင်း ပဋိပတ္တိအလုပ်ကို အလစ်ပေးတော်မမူခဲ့ချေ၊ စာဝါချိန်, စာရေးချိန်, အားလပ်ခိုက်နှင့် ညဉ့်ဦးပိုင်း, မနက်စောစောပိုင်းတို့၌ ပဋိပတ်အကျင့်ဖြင့် အချိန်ကို အသုံးပြုတော်မူပါသည်၊ ဤသို့ဖြင့် ကျေးဇူးရှင် မအူဆရာတော်ဘုရားကြီးသည် မြေကြီးအထုအလာ ပညာကြီးမားတော်မူသော ဘုရားရှင် သာသနာတော်၌ ပရိယတ်, ပဋိပတ်ကို အသက်တမျှမြတ်နိုးတော်မူသော ပရိယတ္တိမာမက, ပဋိပတ္တိမာမကပုဂ္ဂိုလ်ကြီး မှန်လှတော့သည်။

ဘဒန္တနာရဒေါ ထေရော၊ ပရိယတ္တိသုမာမကော။
မာမကော ပဋိပတ္တိယာ၊ ဘူရိပညဿ သာသနေ။

မြေနီကုန်းရွာ၌ ဝါဆိုတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် မြေနီကုန်းရွာ ဒကာ,ဒကာမတို့၏ ဖင့်လျှောက်ချက်အရ ထို မြေနီကုန်း ဒကာ,ဒကာမတို့၏ သဒ္ဓါတရားကို စောင့်ရှောက်တော်မူသောအားဖြင့် ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းကန်ဘုရား သိမ်တိုက်များကို ကြွရောက်အလှူခံတော်မူကာ ထို မြေနီကုန်းရွာ၌ ၁-ဝါဆိုတော်မူ၍ ရဟန်းလုပ်ငန်းကို ကြိုးပမ်းထမ်းဆောင်တော်မူခဲ့သည်။

ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့

၁၂၉၃-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ် ပင့်လျှောက်သဖြင့် ကျေးဇူးရှင် တိပိဋကဘုရင် အရှင်ဂန္ဆသာရစံတော်မူခဲ့ရာ ပုဇွန်ရပ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ ဓမ္မပူဇာပြုအံ့သောငှါ ကြွတော်မူ၍ နောက်ဆုံး ၁-နှစ်လုံး သီတင်းသုံးတော်မူခဲ့သည်၊ ထိုစဉ်က ဆရာတော်သည် မဟာဝိသုတာရာမတိုက် အလယ်ကျောင်းကြီးပေါ် သီတင်းသုံးကာ ဒီဃနိကာယ် အဝင်အပါ သီလက္ခန္ဓဝဂ္ဂပါဠိတော်ကို အဋ္ဌကထာ တဲ့ဖက်၍ ချပို့တော်မူခဲ့လေသည်။

ဘဒန္တနာရဒေါ ထေရော၊ ဝိသုတာရာမဝံသိကော။
ဝိသုတံ ပုန အာဂမ္မ၊ ပုဇယီ ထေရမုတ္တမံ။

ဒကာ, ဒကာမတို့အား လောကွတ်ပျူငှါ ပြုရိုးမရှိ

ကျေးဇူးရှင် မအူဆရာတော်ဘုရားကြီးသည် ကိုယ်တော်ထံသို့ ချဉ်းကပ်လာသော ဒကာ, ဒကာမတို့အား ကိုယ်တော်ကပင် စတင်နှုတ်ဆက်ကာ လောကွတ်ပျူငှါ ပြုရိုးထုံစံ မရှိပါချေ၊ ဆရာတော်ဘုရားကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အလယ်ကျောင်းတော်ကြီး ပြာသာဒ် ဆောင်ခန်းမကြီးပေါ်၌ သီတင်းသုံးလျက် ကိုယ်တော်မြတ်ကိစ္စကို ပြုလုပ်မြဲ ဖြစ်သည်၊ ဆရာတော် သီတင်းသုံးရာ ပြာသာဒ်တော်ကြီးနှင့် ဓမ္မာလင်္ကာရကျောင်းဒကာကြီး ဆေးဆရာဦးသောင်းသည် ဆရာတော်ကြီး၏ အနီးထံပါးသို့ ညွှတ်တွားပျတ်ဝပ် ချဉ်းကပ်ခစား၍ အာလာပ, သလ္လာပ မိန့်ဟ တော်မူအံ့နှိုးနှိုး မြောက်ကိုးစောင့်စားလျက်နေသော်လည်း ဆရာတော်ဘုရားကြီးထံမှတခွန်းတပါဒမျှ လောကွတ်ပျူငှါ စကားလုံးကိုမရပဲ ဖဲခွါခဲ့ရသည်၊ ထို့ကြောင့် ဆရာတော်ဘုရားကြီးသည် မြေမှုန့်, မြူမှုန့်တို့မှ ဖြစ်ထွန်းသော ရှေသည် မြေမှုန့်,မြူမှုန့်တို့ဖြင့် မလိမ်းမကျံ မကပ်ငြိသကဲ့သို့ လောက အတွင်း၌ ဖြစ်ထွန်းပေါ် ပေါက်ခဲ့သော ကျေးဇူးတော်ရှင် မအူဆရာတော်-ဘုရားကြီးသည် လောကီ လုပ်ငန်း,လောကီအပြစ်တို့ဖြင့် မလိမ်းကျံ မကပ်ငြိပါချေ။

ပံသုတော ကဠေနံ ဇာတံ၊ ဝိသုဒ္ဓံ နိမ္မလံ သုစိ။
ပံသုအန္တရပတ္တာမို့၊ နောပလိမ္ပတိ ပံသုနာ။

တထာ လောကမို့ သဠာတော၊ ထေရော လောကေ ပဝဇ္ဈတိ။
နောပလိမ္ပတိ လောကေန၊ ပံသုနာ ကဠေနံ ယထာ။

ဆရာတော်၏ စက္ခုန္ဒြေ စောင့်စည်းမှု

ဆရာတော်သည် စက္ခုန္ဒြေဖြင့် အထွေထွေအာရုံကို ယူရိုး,ကြည့်ရိုးထုံးစံ ရှိတော်မမူပါချေ။ ကျောင်းတွင်း, ရွာတွင်း, မြို့တွင်း စသည်တို့၌ မထူးခြားလှပဲ အမြဲ ၄-တောင်ထက်ကျော်၍

ကြည့်ရှုတော်မမူပါပေ၊ ကျေးဇူးရှင် ရေစကြို-ဆရာတော်ထံ ပညာသင်စဉ် ရဟန်းငယ် ဘဝကပင် အလွန်စက္ခုန္ဒြေ ကောင်းလှသဖြင့် ရေစကြို-ဆရာတော်ဘုရားကြီးက မအူကျောက်ရုပ်ဟု သုတိ-သညာ ပေးတော်မူခဲ့သည်၊ ဆရာတော်သည် မိမိထံ လာရောက်ချဉ်းကပ် ဖူးမြော်သော ဒကာ, ဒကာမတို့၌လည်း မည်သူမည်ဝါဟု အမှတ်ပြုတော်မမူပါခေ။

ဆိုင်းဘုတ်ကို တခါမျှ မော့၍ မကြည့်ခြင်း

ဆရာတော်သည် ၁၂၉၃၊ ၁၂၉၄-ခုနှစ်တို့၌ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ သီတင်း သုံးတော်မူစဉ် ဖက်ပင်အိုင်-ဆရာတော်ကြီး ပခုက္ကူ-မဟာဝိသုတာရာမတိုက်သို့ ခေတ္တကြွရောက် တော်မူလာ၍ ဇေယျသုခတိုက်ကျောင်းပေါ်၌ သီတင်းသုံးတော်မူ၏၊ ဖက်ပင်အိုင်-ဆရာတော်ကြီး က မအူဆရာတော်-ဦးနာရဒနှင့် တွေ့လိုသဖြင့် ပင့်ပေးပါဟု အမိန့်ရှိသဖြင့် ဦးပဉ္စင်းတပါး မအူဆရာတော်ထံ ချဉ်းကပ်ပြီး ဖက်ပင်အိုင်ဆရာတော်ကြီး ဇေယျသုခ တိုက်ကျောင်းပေါ်မှာ သီတင်းသုံးလျက် ရှိပါသည်၊ ဖက်ပင်အိုင် ဆရာတော်က ဆရာတော်နှင့် တွေ့လို၍ ဇေယျသုခတိုက် ကျောင်းပေါ်သို့ ကြွတော်မူပါရန်ဘုရားဟု လျှောက်ထားရာ မအူ-ဆရာတော်က ဇေယျသုခတိုက် ကျောင်း ငါမသိ ဘယ်နားက ကျောင်းပါလဲဟု မေးတော်မူရာ အပင့်လာသော ဦးပဉ္စင်းက ဆရာတော် နေ့စဉ်ရေသုံးသပ်မြဲဖြစ်သော ရေချိုးအိမ်၏ မြောက်ဖက်က ကပ်လျက်ရှိသော တိုက်ကျောင်းပါဘုရားဟု လျှောက်ထားမှ သိတော်မူသည်။

ဆရာတော်သည် နေ့စဉ် ဇေယျသုခတိုက်ကျောင်း ဆိုင်းဘုတ်အောက်မှ ဖြတ်၍ ရေချိုးအိမ်သို့ ကြွတော်မူသော်လည်း တခါမျှ ဇေယျသုခတိုက်ကျောင်းဟူသော ဆိုင်းဘုတ် ကဗျည်းကို မော်ကြည့်တော် မမူခဲ့ပါခေ၊ ထို့ကြောင့် မအူဆရာတော်ဘုရားကြီး၏ စက္ခုန္ဒြေစောင့်စည်းမှုသည် သီဟိုဠ်ကျွန်း၌ သာသနာသင်္ဂရာဇ် ၃၂၅၅-လောက်တွင် နန်းတက်သည့် ကာကဝဏ္ဏတိဿမင်း လက်ထက် စိတ္တလတောင် ကုရဏ္ဍကလိုဏ်၌ သီတင်းသုံးသည့် လိုဏ်အထက်ရှိ ဘုရား ၇-ဆူ တော်ထုတ်ခဏ်း ပန်းချီကို တခါမျှ မကြည့်ဘူးသော စိတ္တဂုတ္တထေရ်နှင့် နှိုင်းခိုင်းထိုက်တော့သည်၊ (စိတ္တဂုတ္တထေရ်ဝတ္ထု။ ဝိသုဒ္ဓိမဂ်၊ ပဌမအုပ်။ ၃၆-ကြည့်)။

ဝိနယဂရုကတာဂုဏ်

ဆရာတော်သည် ဘုရားရှင် သိက္ခာပုဒ် ဥပဒေတော်၌ အလွန် အလေးဂရု ပြုတော်မူသည်၊ စာသင်ကြစဉ် ရဟန်းငယ်ဘဝကပင် အနာမာသဝတ္ထုကို ကိုင်ခံတော်မမူသဖြင့် ဆိုင်ရာဒကာတို့က သီတင်းသုံးမည့်နေရာသို့ အရောက်လိုက်ပို့ကြ၍ ကပ္ပိယကာရက သင့်လျော်ရာ အပ်နှံ ခဲ့ကြရသည်။

ဆရာတော်သည် ဘဝနှတ်ထံ ဝင်စံတော်မူသည်အထိ အနာမာသကို မကိုင်တွယ်ဘူးသည် သာမက ထိုခေတ်က သုံးသည့် မူးစေ့မတ်စေ့စသည်ကို သိတော်မမူပါခေ။

စတုပါရိသုဒ္ဓိသီလ ပြည့်ဝကုန်လုံ

ဆရာတော်သည် အဥအတွက် အသက်စွန့်ကာ အဥကို စောင့်ရှောက်သော ရစ်မ, အမြီး အတွက် အသက်စွန့်၍ မိမိအမြီးကို စောင့်ရှောက်သော တိဗက်ယက်နွား စမရီသား, မျက်စိ တလုံးသာရှိသောသူသည် တလုံးသော မျက်စိကို အမြဲတစေ ယုယနေသူကဲ့သို့ အသက်ဇီဝိန်ကို

စွန့်ရစေကာမူ စတုပါရိသုဒ္ဓိခေါ်သော သီလ ၄-ပါးကို မဖောက်မဖျက်ပဲ အမြဲတန်း သက်တော်နှင့် အမျှ စောင့်ရှောက်တော်မူကာ သာသနာတော်၏ အသရေကို ဆောင်တော်မူခဲ့လေသည်။

ဘဝနှတ်ထံ ပြန်လွှန်တော်မူခြင်း

ဤသို့ စသည်ဖြင့် ရေးချီမကုန် ဂုဏ်တော် အနန္တတို့နှင့် ပြည့်စုံတော်မူသော ကျေးဇူးရှင် မအူဆရာတော်ဘုရားကြီးသည် သက်တော် ၇၁-နှစ် ၁၀-လ ၀ါတော် ၅၂-၀ါအရ ၁၃၀၀-ပြည့်နှစ် တွင် ဘဝနှတ်ထံ ဝင်စံတော်မူလေသည်။

သံဝေဂယူဖွယ်

ဘဒန္တနာရဒေါ ထေရော၊ ဝိဇိတာရာမဇ္ဈာသရော။
ဗဟုဿုတော ဝိဘာဝီ စ၊ ကောသာရက္ခော မဟေသိနော။

သောပိ နာမ မဟာထေရော၊ နာတိတော ဇဂဓမ္မတံ။
သိဿေ ဟိတ္ဝာ ပလုဇ္ဇိတ္ထ၊ ဟာ နိစ္စာ ဇဂဓမ္မတာ။

ပရိယတ္တိဗဟုဿုတ, ပဋိပတ္တိဗဟုဿုတနှင့် ပြည့်စုံလုံလောက်သော ထင်စွာပြူတတ်သော ဉာဏ် ပညာရှင်လည်းဖြစ်သော, ဘုရားရှင်တရားဘဏ္ဍာတိုက်စိုးကြီးလည်းဖြစ်တော်မူသော ဝိဇိတာရာမ ကျောင်းတိုက်ကြီး၏သခင် ထိုသည့်အရှင် နာရဒဆရာတော်ဘုရားကြီးသည်ပင်လျှင် လောက၏ ထုံးတမ်းစဉ်လာ အနိစ္စဓမ္မတာကို မလွန်ဆန်နိုင်ပါသဖြင့် တပည့်များစွာကို စွန့်ခွါ၍ ပျက်စီးဆုံးရှုံး ပျံလွန်တော်မူရပြီ၊ လောက၏ အနိစ္စဓမ္မတာသည် စက်ဆုတ်ရှုရာဖွယ် ကေန် မှန်လှတော့သည် တကား။

အတိတ် နိမိတ်များ

ဆရာတော် ပျံလွန်တော်မူခါနီးဖြစ်လတ်သော် မီးစုအသွင် ကောင်းကင်ပြင်မှ ရောင်ထင်လှုံဖြာ သြဇာကျခြင်း, လ, နေငပုပ်ဖမ်းခြင်းတို့ ဖြစ်သည်သာမက၊ မဟာပထဝီ မြေကြီးသည်လည်း ဝဲယာရွေ့နောက် ထက်အောက်ခြောက်ထွေ့ တုန်လှုပ်လေတော့သည်။

သြဇာပါတော၊ စ စန္ဒဂ္ဂါ- ဟာဒယော စ ဗဟူပိ စ။
သံကမ္ပိ မေဒနီ စာပိ၊ နာရဒမ္ပိ ဒိဝင်္ဂတော။

ဆရာတော်

အရှင်အာလောက မဟာထေရ်

ဆရာတော် အရှင်အာလောကမဟာထေရ်သည် မဟာဝိသုတာရာမ စာသင်တိုက်ကြီး၌ လွန်စွာကျေးဇူးများသည့် ဆရာတော်ကြီး ဖြစ်တော်မူသည်၊ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ပညာမဟာထေရ်, အရှင်နန္ဒဝံသမဟာထေရ်, အရှင်သုန္ဒရမဟာထေရ်အစရှိသည် တို့ပင် လေးမြတ်ကော်ရော်ခြင်းကို ခံယူရသည့် ဂါရဝပတြဆရာတော် ဖြစ်ပေသည်။

ဇာတိဌာနေ မွေးရပ်မြေ

ဆရာတော်သည် ရမည်းသင်းအုပ်ချုပ် ယင်းတော်နယ်၊ တောင်လယ်ရွာတွင် ၁၂၃၀-လောက်တွင် ဖွားမြင်သည်၊ သာသနာပြု ပုဂ္ဂိုလ်ထူး ဖြစ်သည်၊ သက်တော် ၂၀-တွင် ရဟန်းဖြစ်၍ ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ငယ်စဉ်ကပင် ရောက်ရှိသီတင်းသုံးလေသည်။

ပညာသင်ခြင်း

ဆရာတော် အရှင်အာလောကသည် ကျေးဇူးရှင် ရေစကြို့ဆရာတော်ဘုရားထံ၌ ပညာသင်ကြားသည်၊ မိမိအောက် သက်တော်ငယ်သော ဆရာတော် ဦးပညာထံတွင်လည်း ပိဋကတ်ကို ဆိုဝါဖြင့် သင်ယူသည်၊ ဆရာတော်သည် မင်းရွာဆရာတော် အရှင်အရိယဝံသထံ၌လည်း နှစ်ဝါ, ညဝါမျှား သင်ယူသည်၊ အထူးသဖြင့် ဆရာတော်သည် ညဝါအရာ လွန်စွာကျွမ်းကျင်တတ်မြောက်တော်မူသည်။

တိုက်ကြီးရေစက်ချစဉ်က ဆရာတော်ကြီးအနီး တည်ရှိခြင်း

ဆရာတော်အရှင်အာလောကသည် မဟာဝိသုတာရာမတိုက်ကြီးကို ဦးစံပေါ်–ဒေါ်ငွေတို့က ရေစက်ချလှူဒါန်းသောအခါ ဆရာတော်ကြီးအနီးတွင် တည်ရှိလေသည်။

ယဒါ ကာလေ စ အပ္ပေန္တိ၊ အာရာမံ ဝိသုတာဝုယံ။
တဒါ ထေရဿ အာသန္နေ၊ နိသီဒိ ပိတိဝေဂဝါ။

ဂဏဝါစက တာဝန်ထမ်းဆောင်ခြင်း

ဆရာတော် အရှင်အာလောကသည် ဂဏဝါစက စာချအဖြစ်ဖြင့် ဓမ္မမဇ္ဈကျောင်း၌ရင်း၊ အလယ်ကျောင်းကြီးပေါ်၌ရင်း၊ သီတင်းသုံး၍ များသောအားဖြင့် ညဝါများကို ချပို့တော်မူသည်၊ နှစ်ဝါများကိုမူ အနည်းငယ်သာ ချပို့သည်။

အားလုံး၏ ကြည်ညိုမှု ရရှိခြင်း

ဆရာတော်အရှင်အာလောကကို ဆရာတော်အရှင်ပညာမဟာထေရ်နှင့်တကွ ပရိသတ်အားလုံး လွန်စွာအလေးအမြတ်ပြုတော်မူကြသည်၊ ပခုက္ကူတိုက်၌ သီတင်းသုံးခဲ့သောနှစ်ကို ရေတွက်လျှင် အနှစ် ၂၀-လောက်ရှိမည်ဟု သိရလေသည်။

တောရကျောင်းဌိ ဓုတင်ကျင့်ခြင်း

နာဂေါဝ ယူထာနိ ဝိဝဇ္ဇယိတ္ဝာ၊
သဠာတခန္ဓော ပဒုမီ ဥဋ္ဌာရော။
ယထာဘိရန္တံ ဝိဟာရံ အရညေ၊
ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။

ဟူသော သုတ္တနိ။ ၅၃။ အပ၊၁။၁၁။ တို့နှင့်အညီ အဖော်အပေါင်းမှ ဖဲခွါ၍နေသော ဆင်ပြောင်ကြီးကဲ့သို့ ဆရာတော်အရှင်အာလောကသည်လည်း ရဟန်းသံဃာတော်, ဒကာ, ဒကာမ အဖော်တို့နှင့် ဖဲခွါကာ ၁၂၉၇-ခုလောက်က စ၍ ညောင်ဦးနယ် သူကောင်းတည်ရှာ, တောင်တောရကျောင်းဌိ သီတင်းသုံး၍ ဓုတင်ကျင့်ဝတ်တို့ဖြင့် မွေ့လျော်တော်မူခဲ့လေသည်။

ဋီကာကျော်နိသျရေးရန် တောင်းပန်ခြင်း

ဆရာတော် အရှင်အာလောကမဟာထေရ်သည် သာသနာတော်၌ ဋီကာကျော် ပခုက္ကူ ချနည်း နိသျည်းတဆောင် ကျန်ရှိစေလိုသောဆန္ဒတော်ဖြင့် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာထေရ်-အား လျှောက်ထားခဲ့ရာ ဆရာတော်အရှင်ပညာထေရ်ကလည်း ဆရာတော်အရှင်အာလောက တောင်းပန်ချက်ကို မပယ်မြစ်ပဲ ရေးသားစီရင်တော်မူခဲ့သည်။

တဿာနုဘာဝေန အသေသဘာဝါ၊
အာရညကေနေဝ ဘဒန္တအာလော-
ကတ္ထေရသီဟေန နိယျောဇိတတ္တာ၊
အာသီသမာနေန စိရဋ္ဌိတိ ဝါ။

ဟူသောဂါထာဖြင့်လည်း နိသျဂန္ထာရမ္ဘ၌ ဖော်ပြခဲ့သည်။

နတ်ပဲ့သဘင် ဝင်စံခြင်း

ဆရာတော်သည် တောရကျောင်း၌ နောက်ဆုံး နေမကောင်းဖြစ်နေရာ တကောင်းနယ် ရွာကျောင်းဘုန်းတော်ကြီး အရှင်နေမိန္ဒက ပင့်၍ ရွာကျောင်း၌ ကုသရာ မရတော့ပဲ သက်တော် ၈၅-တွင် နတ်ပဲ့သဘင် ဝင်တော်မူခဲ့လေပြီ။

သံဝေဂယူဖွယ်

ဇာတိဖြင့် ရှေးဦးစွာဆက်သွယ် စတင်ခဲ့ရသောဘတ္တဝါသည် စုတေသေလွန်ရန်အတွက် ရှေ့သို့သာ ချီတက်သွားရသည်၊ နောက်သို့ ဆုတ်ရိုးထုံးစံကား မရှိပါချေ။

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။
အဇ္ဇာဠ္ဍိတောဝ သော ယာတိ၊ သ ဂစ္ဆံ န နိဝတ္တတိ။

(ဇာတကပါဠိ။ ပဌမ။ ၃၅၃။)

ချောင်းဦးမြို့ ဓမ္မာရုံဆရာတော်

အဋ္ဌမဟာပဏ္ဍိတ အရှင်ဒီပမာလာ

ဆရာတော်အရှင်ဒီပမာလာသည် ရေစကြို့ဆရာတော်ဘုရားကြီး၏ တပည့်ရင်း ဖြစ်သည်၊ ပခုက္ကူ၌ ပိဋကစာပေများ ထွန်းကားကာစ၌ ပခုက္ကူရောက်ရှိ၍ ပညာသင်, စာချ သာသနာပြုခဲ့သောမထေရ်မြတ် ဖြစ်သည်၊ ချောင်းဦး ဦးဒီပဟုသာ ကျော်ကြားခဲ့သည်။

ဒေသ မိဘ ကာလ

ဆရာတော်လောင်းလျာသည် ချောင်းဦးမြို့တွင် အဘ ဦးကောင်းပုံ အမိ ဒေါ်ခရာတို့မှ ၁၂၃၅-ခုနှစ် သီတင်းကျွတ်လဆန်း ၁၃-ရက် စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်နာမည်မှာ–မောင်ရင်ဆောင် ဖြစ်သည်။

သာမဏေဝတ် ရဟန်းပြုခြင်း

၁၁-နှစ်သားအရွယ်တွင် သာမဏေဝတ်ကာ သက်တော် ၂၀-တွင် ရဟန်းဒကာ ဦးသာမိုး, ရဟန်းအမ ဒေါ်စကောတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ချောင်းဦးမြို့ ကံဆွယ်တိုက်၌ ရဟန်းခံခဲ့လေသည်။

အရှင်ဂန္ဆသာရထံမှောက်သို့ ရောက်ရှိခြင်း

ရဟန်းဖြစ်ပြီးနောက် ၄-ဝါလောက်တွင် ပခုက္ကူမြို့ ပန်းစွာကျောင်းတိုက်၌ ပရိယတ္တိစာပုံသဘင် ဆင်ယင်ကျင်းပ စာပို့ချလျက်ရှိသော အရှင်ဂန္ဆသာရ ထံမှောက်သို့ ရောက်ရှိ၍ ပါဠိ, အဋ္ဌကထာ, ဋီကာများကို နှစ်ပေါင်းများစွာ ဆိုဝါဖြင့် သင်ယူခဲ့သည်၊ လွန်စွာဉာဏ်ထက်မြက်သည့်ပြင် ရှင်းလင်းပြတ်သားစွာ စာဆိုနိုင်သဖြင့် စာလိုက်သံဃာများက သဘောကျ ကျေနပ်ကြသည်၊ ဆရာတော်ဘုရားကြီးကလည်း အရှင်ဒီပ၏ဉာဏ်စွမ်းဉာဏ်စကို ရိပ်စားမိသဖြင့် နည်းစုံခင်း၍ လက်ထပ်သင်ပြပေးတော်မူကာ ချီးမြှောက်တော်မူလေသည်။

ဂန္ဆသာရော သုဒီပေါ ဟိ၊ ဒီပံ ဓိရံ မဟာသယံ။
သိက္ခာပေတွာ နိကာယမ္ပိ၊ ပဂ္ဂဟိ ပဂ္ဂဟေ ဝိဒူ။

အရှင်ဂန္ဆသာရကို ရှိခိုးပူဇော်ခြင်း

အရှင်ဒီပါလင်္ကာရသည် ကျေးဇူးရှင် အရှင်ဂန္ဆသာရထေရ်အား လွန်စွာလေးမြတ်တော်မူသည်၊ အရှင်သုမင်္ဂလသာမိသည် မိမိဆရာ အရှင်သာရိပုတ္တရာအား—

သာရိပုတ္တံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။

စသော ဂါထာဖြင့် ဋီကာကျော် ဂန္ဆာရမ္ဘ၌ ရှိခိုးပူဇော်ခဲ့သည့်နည်းတူ ကျေးဇူးရှင် ဆရာတော် အရှင်ဂန္ဆသာရမဟာထေရ်အား—

ဂန္ဆသာရံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။
ဂဏဝါစက အာစေရံ၊ ဂုရုံ ဝန္ဒာမိ သိရသာ။

ဟူသော ဂါထာဖြင့် ပရမတ္ထဝိသောဓနီဋီကာသစ် ဂန္ဆာရမ္ဘ၌ ရှိခိုးပူဇော်ခဲ့သည်၊ ဆရာတော် အရှင်ဒီပမာလာသည် ရမည်းသင်းမြို့ မြောက်လက် မိုးနံကုန်းရွာ ဒကွံဏာရာမတိုက် ဂိုဏ်းချုပ်ဆရာတော် အရှင်ဇယန္တမဟာထေရ်ထံ၌လည်း နည်းခံခဲ့သေးသည်။

ဓမ္မာရုံတိုက်၌ စာချခြင်း

ဒကာ, ဒကာမအပေါင်းတို့ လှူဒါန်းအပ်သော ချောင်းဦးမြို့ ဓမ္မာရုံတိုက်၌ သီတင်းသုံးလျက် အနယ်နယ်မှ ချဉ်းကပ်လာသော စာသင်သားတို့အား ပခုက္ကူ အရှင်ဂန္ဆသာရထံမှ နည်းနာနယ အဝဝကို ချပို့သင်ပြပေးတော်မူခဲ့သည်။

ဂန္ဆသာရံ သုနိဿာယ၊ ဂန္ဆေသု အတိကောဝိဒေါ။
ဝါစေသိ ဗဟဝေါ သိဿေ၊ ဓမ္မာရုံသိပ္ပမန္ဒိရေ။

ကျမ်းဂန်ပြုစုခြင်း

အားလပ်ချိန်၌ သာသနာကျေးဇူးများမည့် ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ—

၁။ ပရမတ္ထဝိသောဓနီကျမ်း၊
၂။ ဝိနိစ္ဆယစာတမ်း၊
၃။ သဒ္ဒမေဒိနီကျမ်း–

စသည်တို့ ဖြစ်သည်။

အဂ္ဂမဟာပဏ္ဍိတဘွဲတော်

ဆရာတော်၏ သီလဝန္တ, သိက္ခာကာမဂုဏ်, ဂဏဝါစကဂုဏ်, ဂန္ဆကာရကဂုဏ်တို့ကြောင့် ၁၂၈၃-ခုနှစ်တွင် အင်္ဂလိပ်အစိုးရတို့က အဂ္ဂမဟာပဏ္ဍိတဘွဲတံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းလေသည်။

မဟာပဏ္ဍိတလဉ္ဆန၊ ပူဇယုံ ဒါနကောဝိဒါ။
ဒီပါလင်္ကာရထေရံ တံ၊ သီလဝန္တံ ဗဟုဿုတံ။

ဘဝနတ်ထံ ဝင်စံခြင်း

ဤသို့ သာသနာ့ဝန် အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူခဲ့သော သီလဝန္တ, သိက္ခာကာမ ဖြစ်တော်မူသော ချောင်းဦးမြို့ ဓမ္မာရုံကျောင်းတိုက်ကြီး၏ အဓိပတိ, အဂ္ဂမဟာပဏ္ဍိတ အရှင်ဒီပါလင်္ကာရသည် ၁၂၉၆-ခုနှစ်တွင် ရန်ကုန်မြို့ ကုက္ကိုင်းလမ်း မဟာဓမ္မာရုံကျောင်းတိုက်၌ ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

သံဝေဂယူဖွယ်

ဆင်, မြင်း, ရထား, ခြေသည်အားဖြင့် စစ်အင်္ဂါလေးပါးဖြင့် ခြံရုံအပ်ကုန်သော ဘုရင်မင်း အချို့တို့သည် ရန်သူတို့၏လက်မှ လွတ်မြောက်နိုင်ကြကုန်လင့်ကစား သေမင်း၏လက်မှမူကား မလွတ်မြောက်နိုင်ကြပါကုန်ချေ။

ဟတ္ထီဟိ အဿေဟိ ရထေဟိ ပတ္တိဘိ၊
ပရိဝါရိတာ မုစ္စရေ ဧကစ္စေယျာ။
န မစ္စုနော မုစ္စိတုမုဿဟန္တိ။

(အယောဃရဇာတ်၊ ၎ာ၊ ၁။ ၃၅၄။)

ရေစကြိုမြို အောင်မြေသာယာသူဌေးတိုက် အဂ္ဂမဟာပဏ္ဍိတ

အချင်စာရိန္ဒာသဘာ မဟာထေရ်

ရေစကြိုဆရာတော် အရှင်စာရိန္ဒာသဘာသည် ရေစကြိုဘုန်းမော် ဆရာတော် အရှင်ဂန္ဓသာရ မဟာထေရ်တည်းဟူသော ကေသရာဇာခြသေ့မင်းမြတ် ကိန်းဝပ်ရာ အောင်မြေသာယာကျောင်းတိုက်တည်းဟူသော ရွှေဂူ၌ ဆက်လက်၍ ကိန်းဝပ်ကာ နိကာယ် ၅-ရပ် ပိဋကတ်တို့ကို သက်ဆုံးတိုင် ပို့ချတော်မူခဲ့သော မထေရ်မြတ်ကြီး ဖြစ်တော်မူလေသည်။

ဒေသ မိဘ ကာလ

ဆရာတော်သည် စစ်ကိုင်းခရိုင် မြောင်မြိုနယ် ငါးပါယ်ရွာ ကျောင်းဒါယကာ ခမည်းတော် ဦးစံဝိုင်း မယ်တော် ဒေါ်ရွှေမယ်တို့မှ ၁၂၃၆-ခု နတ်တော်လဆန်း ၁၄-ရက် အင်္ဂါနေ့ ၁-ချက် တီးကျော်အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။

အကြိမ်ကြိမ် ရဟန်းခံ သိမ်ထပ်ခြင်း

၁၂၅၅-ခု တပေါင်းလဆန်း ၁၀-ရက်နေ့တွင် မြောင်မြိုနယ် ဆူးလေကုန်းရွာ ဦးမြှင်း ဒေါ်ခယာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောက်ရစ်မြို ဂိုဏ်းချုပ်ဆရာတော်ဘုရားကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝကို ကောင်းစွာ ရရှိခဲ့လေသည်။

၁၂၅၆-ခုနှစ် တပို့တဲ့လဆန်း ၁၀-ရက်နေ့တွင် ခမည်းတော် မယ်တော်တို့က ပရိက္ခရာရှစ်ပါး လှူဒါန်းပြီး သိမ်ထပ်ပြန်သည်၊ ၁၂၅၇-ခုနှစ် နတ်တော်လဆန်း ဂ-ရက်နေ့တွင် ရေစကြိုမြို မြို့တော်ဝန် ဦးဖိုးစိန် ဇနီး ဒေါ်ခင်ခင်လတ်တို့က ပရိက္ခရာရှစ်ပါး လှူဒါန်း၍ သိမ်ထပ် ရဟန်းခံပြန်သည်၊ ဤသို့ဖြင့် ဆရာတော်သည် ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါသည့် ပုညဝန္တဆရာတော် ဖြစ်လေသည်။

ဧဝံ အနေကဝါရမ္ပိ၊ ပရိက္ခာရ မဒံသု စ။
ဒါယကာ ပုညကာမာ စ၊ ပဋိစ္ဆ အာဇညံ ဝိဒုံ။

ပညာသင်ခြင်း

ရေစကြိုဆရာတော် ဆရာတော်အရှင်ဂန္ဓသာရထံ၌ ဆရာတော်အရိုက်အရာ ခံနိုင်လောက်အောင် ပိဋကတ်ကို သင်ယူခဲ့သည်၊ မန္တလေးမြို့၌လည်း ပညာသင်ကြားဘူးသည်။

အောင်မြေသာယာကျောင်းတိုက်ကြီး

ပခုက္ကူခရိုင် ရေစကြိုမြို့မှ အောင်မြေသာယာကျောင်းတိုက်ကြီးသည် သာသနာဝန်ဆောင် ပုဂ္ဂိုလ်တို့၏ ပျော်ရွှင်စံရာကျောင်းတိုက်ကြီးအဖြစ် သာသနာသမိုင်းတွင် ထင်ရှားခဲ့သည်။ ဤကျောင်းတိုက်ကြီး၌ မမွေပဒ မဟာဋီကာ, ပဋိသန္ဓိဝိနိစ္ဆယ, အာဘိဓမ္မတ္ထ သင်္ဂဟ်ဂဏ္ဌိ စသော

ကျမ်းပေါင်းများစွာကို ပြုစီရင်ခဲ့ဘူးသူ အရှင်ဝရာမ္မေဘိန္နင့် မဟာဝိသုတာရာမ အာဒိမာပက အရှင်ဂန္ဆသာရ အစရှိသော ပညာရှင်တို့ သီတင်းသုံးတော်မူခဲ့ကြဘူးသည်။ ရေစကြို ဝန်မင်းများ အဆက်ဆက် ဆောက်လုပ် မွမ်းမံ ခြယ်လှယ်သော ကျောင်းတိုက်ကြီး ဖြစ်လေသည်။ အရှင် စာရိန္ဒာသဘလက်ထက်၌ မော်လမြိုင်ကျန်းမြို့ သဘော်ပိုင်, မြေပိုင်ရှင်, စက်သူဌေး ဦးချင်း ဒေါ်လှဝင်းတို့က လေးထပ်တိုက်, သုံးထပ်တိုက်, နှစ်ထပ်တိုက်, ဆွမ်းစားတိုက်တို့ကို စောင်းတန်း သုံးသွယ်, မဟာရုံတံတိုင်း ပတ်ပတ်ဝိုင်းစေကာ သိန်းပေါင်းများစွာသော ငွေအသုံးကို စွန့်လွှတ်၍ သံဃိက လှူဒါန်းလေသည်။

အရှင်စာရိန္ဒာသဘ အဓိပတိ ဖြစ်ခြင်း

အရှင်စာရိန္ဒာသဘသည် ၁၂၅၉-ခုနှစ် တပေါင်းလဆန်း ၁-ရက်နေ့တွင် ၉-မြို့ဂိုဏ်းချုပ် ရေစကြို့ဆရာတော်ဘုရားကြီးက အောင်မြေသာယာကျောင်းတိုက်ကြီးကို အရှင်စာရိန္ဒာသဘ အား လွှဲအပ်သဖြင့် အရှင်စာရိန္ဒာသဘသည် အောင်မြေသာယာကျောင်းတိုက်ကြီး၏ အဓိပတိ ဖြစ်လာတော့သည်။

ဝယသာ တရ္ဂဏော စာပိ၊ ဗာဟုသစ္စေန ထာမဝါ။
တသ္မာ ဂရူနမာဝါသေ၊ အဓိပတိ ဓုရံ လဘိ။

ဂိုဏ်းချုပ်ဖြစ်ခြင်း

ရဟန်းသိက္ခာ ၂၇-ဝါအရ ၁၂၈၈-ခုနှစ် ပြာသိုလဆုတ် ၁-ရက်နေ့တွင် မန္တလေးမြို့ တောင်ခွင် သာသနာပိုင် ဆရာတော်ကြီး၏ ဂိုဏ်းချုပ်အဖြစ် ခန့်ထားခြင်းခံတော်မူရလေသည်။

ဆောင်ရွက်ချက် အမျိုးမျိုး

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင်–

၁။ ပါဠိဝိသောဓကအဖွဲ့ သဘာပတိတာဝန်၊

၂။ ဆဋ္ဌသံဂီတိကာရကတာဝန်၊

၃။ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယတာဝန်၊

၄။ ဆဋ္ဌသံဂါယနာ သံဃဉ်မဟာနာယကတာဝန်၊

၅။ နိုင်ငံတော် မဟာနာယကတာဝန်—

စသည်တို့ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

နာယကတ္တာမုရာဒိကေ၊ နာနာဆာရေပိ အာဝဟိ။
နာထဿ ဘူရိပညဿ၊ သာသနဿာဘိဝုဒ္ဓိယာ။

အဂ္ဂမဟာပဏ္ဍိတ

၁၃၂၀-ခုနှစ်တွင် နိုင်ငံတော်အစိုးရတို့က သီလဝန္တ, သိက္ခာကာမဖြစ်သော အရှင်စာရိန္ဒာ-သဘအား အဂ္ဂမဟာပဏ္ဍိတဘွဲ့ဖြင့် လေးမြတ်ကော်ရော် ပူဇော်ခဲ့ကြသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရူပါဓိဝရေန စ။
ပူဇေသုံ ရဋ္ဌာဓိပတီ၊ ပူဇာဘာဇနမုတ္တမံ။

ဓုရ ၂-ပါးကို ပွါးများခြင်း

ရဟန်းကိစ္စ ၂-ဓုရ၌ လွန်စွာ မွေ့လျော်တော်မူသည်၊ ကျေးဇူးရှင် ရေစကြိုဘုန်းမော်မထေရ်မြတ်ထံမှ ရအပ်သော နည်းနာနယ အဝဝတို့ကို ကောင်းစွာ သင်ပြ ချပို့ပေးမှုကြောင့် အောင်မြေသာယာကျောင်းတိုက်ကြီးသည် ရဟန်းသံဃာတော် များများမြောက်စွာတို့၏ သက်ဆိုးရောင်တို့ဖြင့် ဝါဝင်းထိန်ပြေ ကျက်သရေရှိခဲ့သည်။

ကိကီဝ အဏ္ဍံ ရက္ခေယျ၊ စာမရီ ဝိယ ဝါလမိ။

ဟူသည်နှင့်အညီ ဥအတွက် အသက်စွန့်သော ရစ်မ, အမြီးအတွက် အသက်စွန့်သော စမရီသားကောင်တို့ပမာ အသက်ကိုစွန့်ရစေကာမူ သီလသံဝရကို မဖောက်ဖျက်ဘဲ အသက်ထက်ဆုံး ဘုန်းဘုရား သာသနာဝန်ကို ကောင်းစွာ အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သည်။

ဘဝနတ်ထံ ပျံလွန်ရပြီ

ဤသို့ သီလ, သုတ စွယ်စုံလှသည့် အရှင်စာရိန္ဒာသဘသည် ၁၃၂၈-ခု တပေါင်းလဆန်း ၅-ရက် ည ၁၀-နာရီအချိန် သက်တော် ၉၃-နှစ် ဝါတော် ၇၃-ဝါအရတွင် ဘဝနတ်ထံ ဝင်စံကြွတော်မူလေသည်။

သံဝေဂယူဘွယ်

ဤရူပကာယသည် ဆွေးမြေ့ အိုမင်းတတ်၏၊ အနာရောဂါတို့၏ တည်ရာလည်း ဖြစ်၏၊ ယိုယွင်းပျက်စီးတတ်၏၊ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိရကား ထိုကိုယ်ရူပကာယသည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတံ့။

ပရိဇိဏ္ဏမိဒံ ရူပံ၊ ရောဂနိဋ္ဌံ ပဘင်္ဂုရံ။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

(ဓမ္မပဒ ဥတ္တရာထေရိဝတ္ထု၊ ခု၊ ၁။ ၃၅)

ရန်ကုန်မြို့ ဘုရားဖြူဆရာတော်

အင်္ဂမဟာပဏ္ဍိတ အရှင်ရာဇိန္ဒ မဟာထေရ်

ဆရာတော်သည် ၁၂၄၆-ခုနှစ် သီတင်းကျွတ်လဆန်း ၄-ရက်နေ့တွင် မြင်းခြံခရိုင် ပုဂံမြို့ အရှေ့လက် ငသယောက်နယ် နှောပင်ရွာ၌ အဘဦးညွန့် အမိဒေါ်ညိုအေးတို့မှ ဖွားမြင်ခဲ့သည်၊ ငယ်စဉ်ကမှစ၍ ငသယောက်ရှေမြင်တင်ကျောင်းတိုက် ဆရာတော် အရှင်စန္ဒိမာထံတွင် ပညာသင်ကြား၍ မန္တလေးမြို့ မိုးကောင်းတိုက်, မဟာဝေယန်ဘုံကျော် မိုးကောင်းဆရာတော်ထံတွင် သာမဏေ ဝတ်ခဲ့သည်၊ ထို့နောက် ငသယောက်သို့ ကြွရောက်ပြီး ရဟန်းပြုလေသည်၊ ရဟန်းပြုပြီးနောက် တဖန် မန္တလေးမိုးကောင်းတိုက်, ဟင်္သာတမြို့ မြစ်ကွေတိုက်တို့သို့ ကြွရောက်၍ ပညာသင်ကြားသည်။

ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီးသို့

ပိဋကတ်အခြေရခဲ့ပြီးဖြစ်သော အရှင်ရာဇိန္ဒသည် ပခုက္ကူမဟာဝိသုတာရာမတိုက်သို့ ကြွရောက်ပြီး သာသနာလက်ံဝရကျောင်း၌ သီတင်းသုံးလျက် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဆသာရနှင့် အရှင်ဇဝနမထေရ်မြတ်တို့ထံ ပိဋကတ်ကို ဆိုဝါလိုက်ဝါဖြင့် သင်ယူတတ်မြောက်ခဲ့လေသည်။

ဝိသုတာရာမသမ္ဘတ္တော၊ ရာဇိန္ဒော ရာဇနန္ဒနော။
ဗဟဝေါ သိက္ခိတဗ္ဗေပိ၊ အသိက္ခိ သိက္ခိတာပရော။

ဆရာတော်သည် ၁၂၇၄-ခုနှစ်မှစ၍ မန္တလေးမြို့ မစိုးရိမ်တိုက် ပရိယတ္တိနယူပဒေသကျောင်း၌ သီတင်းသုံး၍ စာပေပို့ချတော်မူခဲ့သည်၊ ပရိယတ္တိသာသနဟိတအသင်းကြီး၏ သက္ကသီဟမူလ-ဓမ္မာစရိယဘွဲ့ဖြင့် ကိုယ်းကွယ်ခြင်းကို ခံယူရရှိလေသည်၊ ၁၂၈၅-ခုနှစ်တွင် ရန်ကုန်မြို့ ပုဇွန်တောင်အရှေ့ပိုင်း ဘုရားဖြူကျောင်းတိုက်၌ အဓိပတိဖြစ်၍ သီတင်းသုံးကာ ဓုရ ၂-ပါးကို ပို့ဆောင်းအားသစ်တော်မူသည်။ ၁၂၉၉-ခုနှစ်တွင် ရာဇိန္ဒာဘိ ကဝိဓဇာလင်္ကာရ သာသနကရဟူသော သံဃဒတ္တိယဘွဲ့ကို ခံယူတော်မူရပြီး ၁၃၀၀-ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ခံယူရရှိတော်မူလေသည်၊ ဆရာတော်သည် ၁၃၀၂-ခုနှစ် နတ်တော်လဆုတ် ၁၀-ရက်နေ့တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့သည်၊ ဆရာတော်သည် ကျမ်းဂန်များစွာကိုလည်း ပြုစုတော်မူရာ သိသမျှ ဖော်ပြရသော်—

၁။ သဒ္ဒတ္ထရတနာဝလိ မဟာပါဋိအဘိဓာန် (စတုတ္ထတွဲ)၊

၂။ သာသနဗဟုသုတပကာသနီကျမ်း၊

၃။ လောကာယတာဒိဝိနိစ္ဆယကျမ်း၊

၄။ မဟာမင်္ဂလဒီပနီကျမ်း၊

၅။ ဝိဝဋ္ဋနယဒီပနီကျမ်း၊

၆။ ဗြဟ္မဝိဟာရဒီပနီကျမ်း၊

၇။ နဝဂုံပေါသထဒီပနီကျမ်း၊
၈။ မာတာပိတုဂုဏဒီပနီကျမ်း၊
၉။ ကလျာဏီကျောက်စာပါဠိနိဿျ၊
၁၀။ သာသနဂုဏဒီပနီကျမ်း၊
၁၁။ နိဗ္ဗာနတ္ထပကာသနီကျမ်း၊
၁၂။ ကာလာမသုတ်နိဿျ၊
၁၃။ ကဝိပိယဒီပနီနိဿျ၊
၁၄။ ဝိနယဓရအဋ္ဌုပ္ပတ္တိ၊
၁၅။ ကျောက်စာပါဠိနိဿျ၊
၁၆။ ဝိနယဓရချိန်ခွင်ကျမ်း၊
၁၇။ ဘိက္ခုနီ အဆုံးအဖြတ်ကျမ်း၊
၁၈။ စေတိယင်္ဂဏ ပဋိသင်္ခရဏပွဒီပိကာစာတမ်း စသည် ဖြစ်လေသည်။

ဆရာတော်သည် လယ်တီဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ အဘိဓာန်ကျမ်းပြုရသော မထေရ်မြတ်တို့တွင် ပါဝင်ခဲ့သည်၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဟူသော အဝဏ်အဘိဓာန်ကြီးကို ပါဠိဘာသာဖြင့် တာဝန်ယူခဲ့သည့်အလျောက် ရေးသားခဲ့ရာ သဒ္ဒတ္ထရတနာဝလိအဘိဓာန်နိဒါန်းတွင်—

တတ္ထ သောမာဘိသီရိ စ၊ သူရိယော စေဝ ရာဇိန္ဒော။
ဉာဏောတိ စတုရော ထေရာ၊ ပါဠိယတ္ထေသု ဗျတ္တိကာ။

စသည်ဖြင့် မှတ်တမ်းတင်ထားသည်ကို တွေ့ရလေသည်။ ဆရာတော် အရှင်ရာဇိန္ဒ၏ ဆရာစဉ်ကို ပြရာ၌ အရှင်ဂန္ဆသာရ ရေစကြိုဆရာတော်ဘုရားကြီးမှစ၍ ရေတွက်ထားသည်ကို ဆရာတော်၏ သာသနဗဟုဿုတပပွကာသနီကျမ်း ၂၁၇-၌ တွေ့ရလေသည်။

ဆရာတော်၏ဆုတောင်း

ဆရာတော်သည် ကျမ်းစာရေးရသော ကုသိုလ်ကောင်းမှုနှင့် အခြားကောင်းမှုကြောင့် သာသနာပြုမင်းတို့၏ အဖော်ဖြစ်ရလိုကြောင်း သာသနာကို ဖိနှိပ်သူတို့အား တရားသဖြင့် ဆုံးမလိုကြောင်း—

ဣမိနာ ပုညကမ္မေန၊ အညေန ကုသလေန စ။
သာသနံ ပဂ္ဂဏှန္တာနံ၊ ဆဋ္ဌနံ သဟာယော ဟောဿံ။
သာသနံ နိဂ္ဂဏှန္တာနံ၊ ဓမ္မေနာဟံ ဒမေယျ စ—

ဟူသော ဂါထာဖြင့် သာသနဗဟုဿုတပပွကာသနီကျမ်းနိဂုံး၌ တွေ့ရှိရလေသည်။

ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်
အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသ မဟာထေရ်

ဆရာတော် အရှင်ပညာဝံသသည်လည်း မဟာဝိသုတာရုမိက ဂဏဝါစက နိကာယဝင်ဖြစ်၍ ဂန္ဆဓုရ,ဝိပဿနာဓုရဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နေသော သာသနဘာရဝါဟီ မထေရ်မြတ် ဖြစ်တော်မူသည်။

ကာလ ဒေသ မိဘ

ဆရာတော်သည် ၁၂၅၄-ခုနှစ် နယုန်လဆန်း ဂ-ရက် ကြာသပတေးနေ့တွင် မြင်းခြံခရိုင်, ညောင်ဦးမြို့နယ် ငသယောက်တိုက်နယ် နှောပင်တွင်းရွာ အဖ ဦးဘိုးငြိမ်း, အမိ ဒေါ်ဆိုးမယ် တို့မှ ဖွားမြင်ခဲ့သည်။

ရှင်ရဟန်း ပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် သက်တော် ၁၅-နှစ် အရွယ်တွင် နှောပင်တွင်းရွာ ဆရာတော်ကြီးထံတွင် ရှင်သာမဏေ ဝတ်ခဲ့၍ ၁၂၇၃-ခုနှစ် တပေါင်းလပြည့်နေ့တွင် ငသယောက်မြို့ ရှင်ပင်သိမ်တော်ကြီးဝယ် ဆင်ဖြူဆိပ် တောကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီး ပဗ္ဗဇိတ ဒုလ္လဘာကို ကောင်းစွာ ရရှိခဲ့လေသည်။

ပခုက္ကူ မဟာဝိသုတာရုမတိုက်ကြီး၌ ပညာသင်ခြင်း

သာမဏေဘဝ ငယ်စဉ်ကစ၍ ပခုက္ကူမြို့ မဟာဝိသုတာရုမတိပိဋကဝိဇ္ဇာပိဋကြီးသို့ ရောက်ရှိကာ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဆသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်တို့ထံ ပိဋကတ်အခြေပြုကျမ်းစာမျှားနှင့်တကွ နိကာယ်ငါးရပ် ပါဠိတော်မျှားကို အဋ္ဌကထာ တဲ့ဖက်၍ ဆိုဝါ လိုက်ဝါဖြင့် ပါရဂူမြောက် သင်ယူခဲ့လေသည်။

ဝိသုတာရုမဝါသီနံ၊ ထေရုနံ ထိရသီလိနံ။
နိကာယေပိ စ သိက္ခိတွာ၊ နိကာယပါရဂူ အဟု။

မန္တလေး၌ ပညာသင်ခြင်း

မန္တလေးတောင်ပြင် ရွှေရေးဆောင်ဆရာတော် ဦးကြည်, ညောင်ကန်ဆရာတော် အရှင်ဣန္ဒ, ဘုရားကြီးတိုက်ဆရာတော် အရှင်အာစာရ, ဆရာတော် အရှင်နန္ဒိယ, အရှင်ဇာဂရ, ဘုံတော်ဆရာတော် အရှင်ဃောသိတတို့ထံတွင်လည်း မန္တလေး စာချုနည်းကို သင်ယူခဲ့သေးသည်။

မဟာဝိဇယာရာမတိုက်၌ စာချဖြစ်ခြင်း

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင် ဇဝနထံတော်တွင်လည်း ပညာဆည်းပူးခဲ့၍ ဆရာတော်ဘုရားကြီးက ဂဏဝါစကအဖြစ် ချီးမြောက်တော်မူသဖြင့် ၂-နှစ်တိုင် မဟာဝိဇယာရာမတိုက်၌ စာချတော်မူခဲ့လေသည်။

မဟာဝိဇယအာရာမေ၊ ပါကဋ္ဌေ ယတိနန္ဒနေ။
ဒုဝဿံ စ ဝသိတ္ဝာန၊ ဂန္ထာနံ ဝါစကော ဘဝိ။

ရန်ကုန်မြို့ ကြွတော်မူခြင်း

၁၂၀၅-ခုနှစ်မှစ၍ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူကာ စာလိုက်သံဃာ မြားမြောက်စွာတို့အား နိကာယ် ၅-ရပ် ပါဠိအဋ္ဌကထာ ဋီကာတို့ကို ကြီးမားသော ဝီရိယဖြင့် ချပို့တော်မူ၍ သာသနာတော်ကို ချီးမြှောက်တော်မူလေသည်။

ရန်ကုန်ဝုနဂရေ ရမ္မေ၊ ဘုရားဖြူဣတိ ဝိဿုတေ။
အာရာမေ ဝါစကော သန္တော၊ သာသနာနုဂ္ဂဟံ ကရိ။

ဘုရားဖြူတိုက် အဓိပတိ ဖြစ်ခြင်း

ဘုရားဖြူတိုက်၌ တိုက်အုပ်စာချအဖြစ်ဖြင့် ကြာမြင့်စွာ သာသနာနုဂ္ဂဟကုသိုလ်ထူး ဆည်းပူးတော်မူခဲ့ရာ ၁၃၀၂-ခုနှစ် နတ်တော်လဆုတ် ၁၀-ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ အရှင်ရာဇိန္ဒ ဘဝနတ်ထံ ဝင်စံတော်မူသဖြင့် ဘုရားဖြူတိုက်ကြီး၏ အဓိပတိဖြစ်တော်မူ၍ မဟာဝိသုတာရာမိကဂဏဝါစကနိကာယဝင်အဖြစ်၌ တည်တော်မူကာ ဂန္ထဓုရ,ဝိပဿနာဓုရ ၂-ပါးကို အားထုတ်ပွါးများတော်မူလေသည်။

ပညာဝံသော ပဓာနော၀၊ ရာဇိန္ဒမှိ ဒိဝင်္ဂတေ။
ဘုရားဖြူသုပသိဒ္ဓမှိ၊ ဝိဇ္ဇာပီဌေ ဝိနာယကော။

ကျမ်းဂန်ပြုစု အားထုတ်မှု

အနာဂတ်သာသနာအတွက်—

၁။ ဗုဒ္ဓဝဂေဏိကျမ်း၊
၂။ ကစ္စာယနသာရဝိဘာဝိနီကျမ်း၊
၃။ တိဝန္ဒနာဒိဝိဘာဝိနီကျမ်း၊
၄။ ဓာတုကထာဝိဘာဝိနီကျမ်း၊
၅။ မဂ်လသုတ္တတ္ထဂမ္ဘီရကျမ်း၊
၆။ ကျိုက်ကမာစိန် စေတီတော်သမိုင်း၊
၇။ ဘုရားဖြူရှင်ကျင့်ဝတ်—စသော ကျမ်းဂန်များကိုလည်း ရေးသားတော်မူ၍လည်း သာသနာ ပြုတော်မူခဲ့သည်။

ဝိဘာဝိနီ အဇနကာနိ၊ အညာနိ ပေါတ္ထကာနိပိ။
လိခိတ္ဝာန မဟာထေရော၊ သာသနောဘာသကာရကော။

ဆောင်ရွက်ချက် အမျိုးမျိုး

၁။ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ နာယကတာဝန်၊

၂။ ဆဋ္ဌသံဂါယနာသြဝါဒါစရိယတာဝန်၊

၃။ နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်၊

၄။ စေတိယင်္ဂဏအသင်းကြီး၏ သြဝါဒါစရိယတာဝန်၊

၅။ ဝိနယာနုဂ္ဂဟစာပြန်ပွဲကြီး၏ နာယကတာဝန်၊
စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။

နာယကာဒိအနေကာနိ၊ ဘာရာနိ ဝိဝိဓာနိပိ။
အဝဟိ သာသနေ ဝုဒ္ဓိ- ကာမော ပညာဝံသော သုဓီ။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော် ရရှိခြင်း

သာသနာရေးကိစ္စအဝဝကို အားကျိုးမာန်တက် ဆောင်ရွက်တော်မူသည့်ပြင် ပရိယတ္တိဆေက, ဂန္ထကာရကဂုဏ်, သီလဝန္တသိက္ခာကာမ ဂုဏ်တို့ဖြင့် လွှမ်းခြုံကျော်ကြားရကား ၁၃၂၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရလေသည်။

အဂ္ဂမဟာပဏ္ဍိတောတိ၊ အဂ္ဂဂ္ဂလဒ္ဓုနေနပိ။
မဟာထေရံ ဘိပူဇေသုံ၊ ဘူဘုဇော ရဋ္ဌပါလကော။

နီတိ

သိဒ္ဓိဘူသယ တေ ဝိဇော၊
ပညာအတတ် တန်ဆာမြတ် လျောက်ပတ်ပြီးစီးစွာ။

နု စ ဝိဇ္ဇာသမော ဗန္ဓု၊
ပညာကဲ့သို့ မိတ်ဆွေတို့ ယှဉ်ဘို့မရှိပါ။

(စာဏက္ကနီတိ)

ရန်ကုန်မြို့ သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူဆရာတော်

အင်္ဂမဟာပဏ္ဍိတ အခွင့်ဉာဏ်ဩဘာ မဟာထေရ်

ရန်ကုန်မြို့ သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူကျော်း ဆရာတော် အရှင်ဉာဏိကမဟာထေရ်သည် ပခုက္ကူနယ် ဇာတိသားဖြစ်သည့်အပြင် ပခုက္ကူမဟာဝိသုတာရုံမတိုက်၌ သီတင်းသုံး၍ ပညာသင်ယူခဲ့သည့် မဟာဝိသုတာရုံမိုက ဂဏဝါစကနိကာယဝင် ဆရာတော်လည်း ဖြစ်တော်မူသည်။

ဖွားမြင် ရှင်ရဟန်းပြု

ဆရာတော်လောင်းလျှာသည် ပခုက္ကူခရိုင် မြို့ငြိမ့်နယ် ဘင်းကန်ရွာ၌ အဘဦးပေါ်လာ, အမိဒေါ်မှန်အုံတို့မှ ၁၂၄၈-ခု ဦးတန်ခူးလဆုတ် ၂-ရက် အင်္ဂါနေ့ညနေ ၃-နာရီအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ သက်တော် ၁၄-နှစ်သားအရွယ်တွင် မြင်းခြံမြို့ စမ်းကျတောရ ဆရာတော်ထံတွင် ရှင်သာမဏေဝတ်ခဲ့၍ ၁၂၆၇-ခုနှစ် လဆုတ် ၃-ရက်နေ့ သက်တော် ၂၀-အရွယ်တွင် စမ်းကျဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

ပညာသင်ကြားခြင်း

ဘင်းကန်ရွာ မူလဆရာတော်ဘုရားကြီး, ဘင်းကန်ရွာ ဦးဇင်္ဂန္ဒက, မြင်းခြံစမ်းကျတောရ ဆရာတော်, မော်လမြိုင်မြို့ ဝဇိရာရုံမကျောင်းတိုက် ရတနာဘုံမြင့်ဆရာတော်, မန္တလေးမြို့၌ ကျော်ကြားသော ဆရာတော်များထံ ပညာသင်ကြားခဲ့သည်။

မဟာဝိသုတာရုံမတိုက်ကြီးသို့

ဆရာတော် အရှင်ဉာဏိကသည် ပခုက္ကူ မဟာဝိသုတာရုံမတိုက်ကြီး၌လည်း ၁-နှစ်ကျော်လောက် ပိဋကတ်ကို သင်ယူခဲ့သဖြင့် ပခုက္ကူချုနည်းနိသျှည်းကို ရရှိတတ်မြောက်ခဲ့လေသည်။

ဝိသုတာရုံမအာရုံမေ၊ သာဓုနံ စိတ္တတောသနေ။
သိက္ခိတ္တာ ဉာဏိကော ဉာဏော၊ ဗျတ္တော ပိဋကပါရဂူ။

ဆရာတော်လောင်းလျှာသည် ရဟန်းသိက္ခာ ၈-ဝါမှစ၍ သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူကျောင်း၌ ပါဠိ, အဋ္ဌကထာကို လာလာသမျှသော စာသင်သားတို့အား ပို့ချတော်မူခဲ့သည်၊ ဆရာတော်သည် ၁၃၀၁-ခုနှစ် တပေါင်းလပြည့်နေ့မှစ၍ နှစ်ကျိပ်ရှစ်ဆူကျောင်းနာယက ဖြစ်လာတော်မူသည်၊ ဆရာတော်သည် သီဟိုဠ်နိုင်ငံ, ယိုဒယားနိုင်ငံ, ကမ္ဘောဒီးယားနိုင်ငံ, လာအိုနိုင်ငံတို့သို့လည်း ကြွရောက်တော်မူ၍ သာသနာရေးကိစ္စများ ဆွေးနွေးတော်မူခဲ့သည်။

ဆရာတော်သည်—

၁။ ရန်ကုန်မြို့ သရက်တောကျောင်းတိုက်ကြီး၏ ဂရန်ထိန်း ဥက္ကဋ္ဌ၊

၂။ တိပိဋကဓရ ရွှေးချယ်ရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊

၃။ ဆဋ္ဌသံဂါယနာဝန်ဆောင်အဖွဲ့ ဒုတိယ-ဥက္ကဋ္ဌ၊
၄။ တောင်တန်းသာသနာပြုအဖွဲ့ ဒုတိယ-ဥက္ကဋ္ဌ၊
၅။ ဓမ္မကထိကအဖွဲ့ကြီး၏ ဩဝါဒါစရိယ၊
၆။ နိုင်ငံတော်ဝိနည်းဓိုရ်၊
၇။ ရွှေတိဂုံဆူးလေ,ဗိုလ်တထောင် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယတာဝန်—
စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်၊ ဆရာတော်သည် ၁၃၁၈-ခုနှစ်တွင် အဂ္ဂမဟာ-ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိသည်။

ပခုက္ကူနိကာယဓဇ အစည်းဝေးပွဲ အကျိုးဆောင်

ပခုက္ကူမြို့ မဟာဝိသုတာရုံမ ကျောင်းတိုက်ကြီး၌ ၁၃၂၂-ခုနှစ်၊ တပို့တွဲလဆုတ် ဂ-ရက်နေ့ ၉-ရက်နေ့တို့၌ မဟာဝိသုတာရုံမိက ဂဏဝါစက နိကာယအစည်းအဝေးကြီး ခမ်းနားစွာ ကျင်းပသည်၊ ထို အစည်းအဝေးပွဲကြီးသို့ တက်ရောက်ရန် ရန်ကုန်မြို့လုံးဆိုင်ရာ မဟာဝိသုတာရုံမိက ဂဏဝါစက နိကာယအဖွဲ့ဝင်များသည် ၁၃၂၂-ခုနှစ်၊ တပို့တွဲလဆန်း ၂-ရက်နေ့နံနက်တွင် ရန်ကုန်မြို့သာသနာ့ရိပ်သာ ဖလ်ယဉ်-ဓမ္မာရုံ၌ ကျင်းပရာ ဆရာတော် အရှင်ဉာဏိကသည် အစည်းအဝေး၏ အကျိုးဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ (အစည်းအဝေး၏ ဥက္ကဋ္ဌမှာ ဒေဝသာဂရ-သိမ်ကုန်းတိုက် အဂ္ဂမဟာပဏ္ဍိတ-ဆရာတော် အရှင်ရေဝတဓမ္မ ဖြစ်သည်)။

ပုံလွန်တော်မူရပြီ

ဆရာတော် အရှင်ဉာဏိကသည် ၁၃၂၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄-ရက်နေ့တွင် ဘဝနတ်ထံ ဝင်စံခဲ့လေသည်။

သံဝေဂယူဖွယ်

ရဟန်းတို့ သခ်ါရတရားတို့သည် မမြဲကြ, အမြဲမတည်ကြ, သာယာအပ်သောသဘော မရှိကြ ပါကုန်ချေတကား။

အနိစ္စာ ဘိက္ခဝေ သင်္ခါရာ,အနဿာသိကာ ဘိက္ခဝေ သင်္ခါရာ။

(သတ္တသူရိယသုတ်၊ အံ၊ ၂။ ၄၇၄)။

ရန်ကုန်မြို့ ဘုရားကြီးတိုက်

အင်္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍည မဟာထေရ်

အရှင်ကောဏ္ဍညမဟာထေရ်သည် ခန္ဓီသောရစ္စ အစရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံသည့် ပညာရှင် မဟာထေရ်မြတ်တပါး ဖြစ်တော်မူသည်၊ မဟာဝိသုတာရာမ သာသနာဝင်တွင် ထင်ရှားလှသဖြင့် မှတ်တမ်းတင်ထိုက်သော ဆရာတော်လည်း ဖြစ်တော်မူသည်။

ဖွားမြင်တော်မူခြင်းနှင့် နာမည်မှည့်ခြင်း

ဆရာတော်သည် ၁၂၄၈-ခုနှစ် ပြာသိုလဆန်း ၁၀-ရက် တနလ်ာနေ့ နံနက် ၂-နာရီအချိန်တွင် ဟံသာဝတီခရိုင် ခရမ်းမြို့အပိုင် ညောင်ပင်ရွာတွင် အဘ-ဦးကျောက်ဖူး, အမိ-ဒေါ်ရွှေရင်တို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်၊ နာမည်မှည့် မင်္ဂလာပဲ့တော်တွင် မိဘတို့က ဆရာတော် အရှင်မြတ်လောင်းလျာ၏ လှုပချောမွေ့သော ရုပ်ဆင်းအင်္ဂါကို ထောက်ထား၍ ကျော်ကြားမည့် အမှတ်နိမိတ်ကို စွဲမှတ်ကြကာ မောင်ကျော်လှဟု ခေါ်ဝေါ် သတ်မှတ်ကြသည်။

အာယတိ ထနပေါသော ဟိ၊ သုပါကဋ္ဌော ဘဝိဿတိ။
ဣတိ သံမန္တယိတ္ဝာန၊ မောင်ကျော်လှဣတိ ကိတ္တယုံ။

ကျောင်းအပ်ပညာသင်

အတိဇာတ ချစ်မဝသည့် နုနယ်ငယ်လျ ၆-နှစ်မျှသာရှိသေးသော မောင်ကျော်လှကို မိဘတို့က ညောင်ပင်ရွာ သုံးထပ်ကျောင်း ဆရာတော် ဖားကူးဂိုဏ်းလုံးဆိုင်ရာ စာချုန်တော်ရ ဂိုဏ်းထောက် ဆရာတော် အရှင်တေဇဝန္တ မဟာထေရ်၏ ထံတော်၌ အပ်နှံကြသဖြင့် သင်ပုန်းကြီး, မင်္ဂလသုတ်, နမက္ကာရ, အပြင်အောင်ခြင်း, အတွင်းအောင်ခြင်း, ပရိတ်, ဇာတ်ကြီးဆယ်ဘွဲ့အစရှိသော ထိုခေတ်က သင်ရိုးအစဉ်အလာရှိသည့် ကျမ်းစာများကို ကျမ်းကျင် တတ်မြောက် အရွယ်နှင့် မလိုက်အောင် ပေါက်ရောက်စွာ သင်ယူခဲ့သည်။

ပဗ္ဗဇ္ဇာမင်္ဂလာသဘင် ဆင်ယင်ခြင်း

ကျောင်းသားအပေါင်းအနက် ဉာဏ်ကောင်း, ဉာဏ်ထက်လှသော ဂဏမဟာဝိနာယက, အဂ္ဂ-မဟာပဏ္ဍိတ-ဆရာတော်လောင်းလျာ မောင်ကျော်လှသည် ၁၄-နှစ်အရွယ်တွင် မိဘ ၂-ပါးတို့က သာမဏေ ပရိက္ခရာ စုံလင်စွာဖြင့် မြတ်စွာဘုရား သာသနာတွင်း သွတ်သွင်းချီးမြှောက်ကြသဖြင့် ရှင်သာမဏေ ဖြစ်ခဲ့သည်၊ ဥပဇ္ဈာယ်ဖြစ်သော အရှင်တေဇဝန္တ သည် ရတ္တညူမဟတ္တ ဧတဒဂ်ဘွဲ့ရ အညာသိကောဏ္ဍညထေရ်၏ ဘွဲ့တော်ကိုယူ၍ ရှင်ကောဏ္ဍည ဟု မှည့်ခေါ် ဆတ်မှတ်တော်မူသည်၊ ရှင်ကောဏ္ဍည သည် ဥပဇ္ဈာယ်ဆရာတော်ထံ၌ပင် သာမဏေဘဝဖြင့် ကစ္စည်း သဒ္ဒါကြီး, အဘိ-ဓမ္မတ္ထသင်္ဂြိဟ်, အဘိဓာန်, ဆန်း, အလင်္ကာ, မာတိကာ, ဓာတုကထာစသော နွေဝါ ညဝါများကို မနေမနား ကြိုးစား အားသစ် သင်ယူသဖြင့် သာမဏေဘဝဖြင့် ပိဋကတ်သုံးသွယ် ပင်လယ်ကူး



ရန်ကုန်မြို့ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ကောဏ္ဍည
မဟာထေရ်

ခပ်နိုင်ရန် အခြေခံကောင်းကို ဇကောင်းစွာပိုင်ပိုင် ရရှိကာ ဘုရားရှင်မြတ်စွာ သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ခဲ့လေသည်။

ကောဏ္ဍညော သာမဏေရော၀၊ နာနာသတ္ထ သမုဂ္ဂဏှိ။
သုမိ ဝိသာရဒေါ စေ၀၊ ဗျတ္တော ဗျတ္တာသ သာသနေ။

ဥပသမ္ပဒဘုံ ခိုလှုံခြင်း

ပိဋကတ်အခြေပျိုး ကျမ်းဂန်အမျိုးမျိုးတို့၌ ဒိုးကဲ့သို့မှေ့ အာဂုမ်ကျခဲ့သော အရှင်ကောဏ္ဍည သာမဏေသည် အသက် ၂၀-အတွင်း ချဉ်းနင်းမိရာ ၁၂၆၇-ခု ဥတုဟေမန္တ တပေါင်းလဆန်း ၁၃-ရက်နေ့တွင် ညောင်ပင်ရွာ သုံးထပ်ကျောင်း ခဏ္ဍသိမ်တော်၌ ဂိုဏ်းထောက်ဆရာတော် အရှင်တေဇ၀န္တကို ဥပဇ္ဈာယ်ပြု၍ မြေပိုင်ရှင် ဦးလုံထော် - ဒေါ်ညိုပုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သမဏဇာတ် မြင့်မြတ်လှသည့် ဥပသမ္ပဒဘုံသို့ ခိုလှုံဝင်ရောက်တော်မူခဲ့လေသည်။

ဆက်လက်ပညာသင်ခြင်း

ရဟန်းသစ်အရှင်ကောဏ္ဍညသည် ညောင်ပင်ရွာ သုံးထပ်ကျောင်း၌ ကျေးဇူးရှင် ဥပဇ္ဈာယ် ဆရာတော် အရှင်တေဇ၀န္တ, စာချဆရာတော် ဦးသြဘာသ, ဦးနန္ဒမေဓာ, ဦးရေ၀တတို့ထံ၌ ကခ်ီ, ဋီကာကျော်, ယမိုက်, ပဋ္ဌာန်းစသော ကျမ်းဂန်တို့ကို ၄-နှစ်အတွင်း ပေါက်ရောက်နိုင်နင်းစွာ သင်ယူတတ်မြောက်ခဲ့လေသည်။

မန္တလေးသို့ကြွ ပညာသင်ခြင်း

ရဟန်းတော်အရှင်ကောဏ္ဍညသည် နေညဉ်မပျက် သင်ဆောင်လေ့ကျက်၍ သက္ကရာဇ် ၁၂၇၂-ခု နှစ်တွင် ဥပဇ္ဈာယ်ဆရာတော်၏ အခွင့်ကိုယူ၍ မန္တလေးမြို့တော်သို့ ကြွရောက်ပြီး မန္တလေးမြို့တောင်ပြင် ဘုရားကြီးတိုက်ဆရာတော် အရှင်ဉာဏ, အရှင်ဇာဂရ, ရွှေရေးဆောင်ဆရာတော် ဦးကြည်တို့အထံတော်၌ တနှစ်တိုင် ပညာရင်နှီးကို သောက်စို့တော်မူခဲ့သည်၊ ၎င်းနောက် တောင်ငူခရိုင် ရေတာရှည် ပုဂံတောင်တောရ၌ သီတင်းသုံးခိုက်ဖြစ်သော ဥပဇ္ဈာယ်ဆရာတော်ထံသို့ တဖန် ချဉ်းကပ်ရောက်ရှိနေထိုင်ရင်း တောင်ငူမြို့ မြို့ရိုးတိုက် ဆရာတော် အရှင်တိက္ခမဟာထေရ် အထံတွင် ၂-ဝါမျှ နည်းခံတော်မူခဲ့သည်။

ပခုက္ကူမဟာဝိသုတာရာမ ဝိဇ္ဇာပီဋကြီးသို့

၁၂၇၆-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာပီဋကြီးသို့ရောက်ရှိကာ ကျေးဇူးရှင် ရေစက်ဆရာတော်ဘုရားကြီးနှင့် ထိုခေတ်က စာချအကျော်များ ဖြစ်တော်မူကြသော အရှင်ပညာမဟာထေရ် အရှင်နန္ဒဝံသမဟာထေရ်မြတ်တို့ထံတွင် နိကာယ် ၅-ရပ် ပိဋကတ်ပါဠိကို အဋ္ဌကထာ ဋီကာတဲ့ဖက်ကာ ဆိုဝါလိုက်ဝါအမျိုးမျိုးဖြင့် ကြိုးပမ်းအားသစ်သင်ယူတော်မူသဖြင့် ၁၂၇၇-ခုနှစ် ရဟန်းသိက္ခာ ၁၀-ဝါအရတွင် မဟာဝိသုတာရာမတိုက်ကြီး၌ ဂဏဝါစက စာချအဖြစ် ချီးမြှောက်ခြင်းကို ခံယူခဲ့လေသည်။

ဝိသုတာရာမနာမမှိ၊ ဝိဇ္ဇာပီဋေ သုပါကဋေ။
သမွတ္တော ဒဿဝဿမှိ၊ ကောဏ္ဍညော ဝါစကော ဘဝိ။

အရှင်ကောဏ္ဍညသည် မဟာဝိသုတာရာမသံဃဗိမာန် အရာမ်တော်ကြီး၌ ၁၆-နှစ်တိုင်တိုင် ဂဏဝါစက စာချတာဝန်ကို ထမ်းဆောင်ရင်း တိုက်တာစီစဉ်အုပ်ချုပ်ရေး တိုက်တာတည်ထောင်ရေး တာဝန်ဟူသမျှတို့ကို နေ့ညဉ့်မပြတ် ကျေးဇူးဆပ်သည့်အနေဖြင့် ဆောင်ရွက်တော်မူခဲ့သည်။

ရန်ကုန်မြို့၌ စာသင်တိုက်ဖွင့်ခြင်း

၁၂၈၉-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၅-ရက်နေ့တွင် ဥပဇ္ဈာယ်ရင်း အရှင်တေဇဝန္တ ဘဝနတ်ထံ ဝင်စံတော်မူသဖြင့် နတ်တော်လတွင် ပခုက္ကူမှကြွလာပြီး ဥပဇ္ဈာယ်ဆရာတော်အလောင်းကို ၁၂၈၉-ခုနှစ် တပေါင်းလဆန်း ၁၅-ရက်နေ့တွင် နောက်ဆုံးစျာပနပွဲအပြီးသတ် ကျင်းပလေသည်၊ စျာပနပွဲအပြီးတွင် ပုဇွန်တောင် နော်မံကျောင်းကြီးဒါယကာ ဆာဦးဖိုးသာ, ပိန်းကန်ကျောင်းဒါယကာကြီး ဦးမှတ်, အေးရွာကျောင်း ဒါယကာကြီး ဦးသာအိုးတို့ ပင့်လျှောက်ချက်အရ ခေမာသီဝံတောကျောင်း (ယခု သာသနာ့ရိပ်သာအနီးရှိ ဓမ္မာရုံကျောင်းတိုက်) ၌ ဝါဆိုရှိ စာသင်သား ၅၀-ကျော်တို့အား ပရိယတ္တိဓမ္မပို့ချကာ စာပဲ့သဘင် မစဲနေ့ ဆင်ယင်ကျင်းပခဲ့ပြီး ၁၂၉၂-ခုနှစ်တွင် တော်ကူးလေးပြာသာဒ်ကျောင်းသို့ ရွှေပြောင်းဝါဆိုတော်မူသည်။

ဘုရားကြီးတိုက်၌ သီတင်းသုံးပြီ

ရန်ကုန်မြို့ တာမွေမှ သူဌေးကြီးဆာဖိုးသာသည် ငါးထပ်ကြီးဘုရား မြောက်ဖက် ပေ ၁၅၀၀-လောက်အကွာ ၄-ကေရှိ မြေကွက်လပ်၌ အများပြည်သူတို့ ကြည်ဖြူကော်ရော်ပူဇော်နိုင်ရန် တောင်ဖက် မျက်နှာမူ၍ ပေ ၆၅-ပေ အလျားပေ ၂၃၅-ရှိ ရွှေသာလျှောင်းဘုရားဆင်းတုတော်ကြီးကို ၁၂၆၉-ခုနှစ်တွင် အပြီးသတ် တည်ထားကိုးကွယ်ခဲ့လေသည်၊ ၎င်းဆင်းတုတော်မြတ်ကြီးသည် ၆-ထပ် ၆-ဆင့် မြင့်သော ကုန်းမြေမြင့်ပေါ်၌ တည်ထားသောကြောင့် ခြောက်ထပ်ကြီးဘုရားဟု တွင်သတတ်၊ ဘုရားဒကာကြီး ဆာဖိုးသာသည် ခြောက်ထပ်ကြီးဘုရား၀င်း၌ အလျား ပေ-၆၀၊ အနံ ပေ-၅၀ရှိ စရပ်ကြီးတဲ့ဆောင်နှင့် အလျားပေ ၆၀- အနံပေ ၁၅-ပေရှိ တန်းလျားတန်ဆောင်း စသည်များကိုလည်း ဆောက်လုပ်လှူဒါန်းလေသည်၊ ၎င်းအပြင် ခြောက်ထပ်ကြီးဘုရား၀န်း၌ပင် ရန်ကုန်မြို့ ဦးကြာခိုင်, ဒေါ်ကလေးတို့က အလျားပေ ၄၀-အနံပေ ၃၀-ရှိ ပြာသာဒ် ၃-ဆောင်တဲ့ အုဋ္ဌတန်ဆောင်းကိုလည်း လှူဒါန်းခဲ့ကြသည်။ ကျောင်းဒကာကြီး ဆာဖိုးသာသည် ၁၂၉၂-ခုနှစ်တွင် အရှင်ကောဏ္ဍညမဟာထေရ်ကို ပင့်လျှောက်၍ ခြောက်ထပ်ကြီး ဘုရား၀န်း အတွင်းရှိ တန်ဆောင်းများပေါ်၌ သီတင်းသုံးစေလေသည်။

အရှင်ကောဏ္ဍညသည် နောက်ပါသံဃာတော် ၈၀-ကျော်ဖြင့် ပဌမဆုံး ခြောက်ထပ်ကြီးဘုရား၀န်းအတွင်းရှိ ဖော်ပြပါတန်ဆောင်းများပေါ်၌ သီတင်းသုံးကာ ပခုက္ကူမဟာဝိသုတာရာမ-တိုက်မှ လေ့လာအပ်ခဲ့သော နိကာယ် ၅-ဖြာ ဒေသနာ အတိဂမ္ဘီရပါဋိကို အဋ္ဌကထာဋီကာတဲ့ဖက်၍ အလောင်းတော်မြတ်၏ ဝီရိယဖြင့် နေ့ညမစဲ ချပို့သင်ပြပေးတော်မူလေသသည်။

ကျောင်းဒကာကြီး ဆာဖိုးသာသည် ဆွမ်းစားကျောင်း, ၈-ပေ ပတ်လည်ရှိ ရေတွင်းဘုရားယင်ပြင် အုဋ္ဌတမံတလင်းများ စသည်တို့ကို ဆောက်လုပ်ခင်းကျင်း လှူဒါန်းရုံမျှမက ကျောင်းသုံး ပရိဘောဂပစ္စည်းများကိုလည်း လှူဒါန်းလေသည်။

သံဃာဓနကျောင်းဆောင်များ အလှူခံခြင်း

ဆရာတော် စာပို့ချုပ်မှူးသတင်းကြောင့် တနေ့တခြား သံဃာများပြားလာသည်နှင့်အမျှ သီတင်းသုံးရန်ကျောင်းများလည်း ဒကာ,ဒကာမတို့က ဆောက်လုပ်လှူဒါန်းကြသည်၊ ၁၂၉၄-ခုနှစ်၌ သာသနပါလကျောင်း၊ ၁၂၉၄-ခုနှစ်၌ပင် မနောရမ္မကျောင်း၊ ၁၂၉၆-ခုနှစ်၌ ဓမ္မရက္ခိတကျောင်း၊ ၁၂၈၉–ခုနှစ်တွင် သာသနရက္ခိတကျောင်း၊ ၁၂၉၉-ခုနှစ်တွင် သာသနဇောတိကကျောင်း၊ ၁၃၀၀-ပြည့်နှစ်တွင် ပိဋကကျောင်းစသည်တို့ကို ဆိုင်ရာ ဒကာ,ဒကာမတို့၏ သဒ္ဓါတရားကို ငဲ့ကွက်ကာ သံဃိကအလှူခံတော်မူသည်။

သံဃာတော် ၆၀၀-ကျော်

ဆရာတော်နှင့်တကွ ဂဏဝါစက စာချဆရာတော်တို့၏ စာချတာဝန် အားသွန် ကြိုးပမ်းမှုကြောင့် ၁၃၀၀-ပြည့်နှစ်တွင် သံဃာတော် ၃၀၀-ကျော်အထိ တိုးတက်စည်ကား များပြားခဲ့ပြီး၊ စစ်ပြီးခေတ်တွင် သံဃာတော် ၆၀၀-ကျော်အထိ သီတင်းသုံးလျက်ရှိပြီး ကြီးကျယ်သောစာသင်တိုက်ကြီးအဖြစ် ကျော်ကြားထင်ရှားခဲ့သည်၊ ကျောင်းဒကာကြီး ဆာဖိုးသာမှာမူ ၁၂၉၅-ခုနှစ်တော်သလင်းလဆွဲ ဘုရားရှင်အလျင် နတ်ပွဲသဘင်ဝင်ရသော ဝေဠုဝန်ကျောင်းတိုက်ဒကာ ဗိမ္မိသာရမင်းကြီးနှင့် ဇေတဝန်ကျောင်းဒကာ အနာထပိဏ်သူဌေးပမာ ဆရာတော်အရှင်ကောဏ္ဍညအလျင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်၊ ဆရာတော်သည် ဝိရိယကဲလွန်သည့် ဆရာတော်ဖြစ်တော်မူသည်သာမက ဆင်းရဲပင်ပန်းမှုကိုလည်း လွန်စွာသည်းခံနိုင်လေသည်၊ ဘုရားကျောင်းတိုက်တည်ထောင်စတွင် စာသင်သားရဟန်းတို့ကို ကျောင်းပေါ်၌သီတင်းသုံးစေပြီး မိမိကိုယ်တိုင်ကမူ ကျဉ်းမြောင်းလှသော တန်ဆောင်းတည်း၌ သီတင်းသုံးကာ စာဝါများ ချပို့တော်မူသည်။

ဆောင်ရွက်ချက်အမျိုးမျိုး

ဆရာတော်သည် များပြားလှစွာသော စာဝါများကို ချပို့သည်သာမက အောက်ဖော်ပြပါကိစ္စတို့ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

၁။ တိပိဋကရွေးချယ်ရေးအဖွဲကြီး၏ဥက္ကဋ္ဌ၊

၂။ ဆဋ္ဌသံဂါယနာဝန်ဆောင်အဖွဲကြီး၏ ဒုတိယဥက္ကဋ္ဌ၊

၃။ နိုင်ငံတော်ဝိနိစ္ဆယဌာနတာဝန်ခံ၊

၄။ ပဌမပြန်အဖွဲကြီး၏ မဟာနာယက၊

၅။ စေတိယင်္ဂဏအသင်းကြီး၏ ဩဝါဒါစရိယ၊

၆။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ၏ ဩဝါဒါစရိယ၊

၇။ ဆူးလေစေတီတော်ဂေါပကအဖွဲ၏ ဩဝါဒါစရိယ၊

၈။ ဗိုလ်တထောင်ဘုရားကြီး ဂေါပကအဖွဲ၏ ဩဝါဒါစရိယ၊

၉။ ပခုက္ကူ မဟာဝိသုတာရုံက ဂဏဝါစက နိကာယကြီး၏ တတိယမဟာဝိနာယက၊

၁၀။ ကျောင်းထိုင်ဆရာတော်များအဖွဲ့ကြီး၏ဥက္ကဋ္ဌ၊
၁၁။ ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရာကြီးတိုက် ဦးစီးနာယကဟု၊
၁၂။ ဆဋ္ဌသံဂါယနာ သြသာနသောဓေယျပတ္တပါဠကအဖွဲ့၏ ဥက္ကဋ္ဌ၊

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ဤသို့စသည် များပြားလှစွာသော အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်ချက် အမျိုးမျိုးတို့ကြောင့် နိုင်ငံတော်အစိုးရသည် ဆရာတော် အရှင်ကောဏ္ဍညမဟာထေရ်အား ၁၃၁၄-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို သဒ္ဓါကြည်ဖြူ ကပ်လှူပူဇော်လေသည်။

ခြောက်ထပ်ကြီးဘုရား ပြင်ဆင်မွမ်းမံခြင်း

၁၃၁၉-ခုနှစ် တော်သလင်းလဆန်း ၂-ရက်နေ့မှစ၍ ခြောက်ထပ်ကြီးဘုရားပြုပြင်ရန် ကော်မီတီဖွဲ့၍ အားထုတ်လုံးပမ်းလျက်ရှိတော်မူသည်၊ ၁၃၁၉-ခု တန်ဆောင်မုန်းလဆန်း ၁၁-ရက်နေ့တွင် ချပ်သင်းသူဌေး ဦးဘတင်,အတွင်းဝန်ဦးသန်းစိန်, အင်ဂျင်နီယာချုပ် ဦးကျော်စိန်အစရှိသော ပရိသတ်တို့နှင့်အတူတက္ခ ပဲခူးရွှေသာလျောင်းဘုရားကြီးကို သွားရောက်ဖူးမြော်တော်မူသည်။

ထေရာသဘော ဟိ ကောဏ္ဍညော၊ ဂတော ပဲခူး ပုရံ ဝရံ။
နိပန္နပဋိမံ သေဋ္ဌံ၊ ဝန္ဒနတ္ထံ သုနိစ္ဆတော။

ဘဝနတ်ထံပျံလွှန်တော်မူပြီ

ဆရာတော်သည် ပဲခူး ရွှေသာလျောင်းဆင်းတုတော်ကြီး ဖူးမြော်ပြီး ပြန်ရောက်၍ ၁၂-ရက်တနင်္ဂနွေနေ့ နံနက် ၅-နာရီ မိနစ် ၃၀-တွင် ဘုရားရဟန္တာအရှင်တို့သော်မှ လွှန်ဆန်မရသော မရဏသဘောအရ ကမ္မဇရုပ်ချုပ်ငြိမ်း ဘဝဟောင်းကို ရုပ်သိမ်းတော်မူလေသည်။

ဘဒန္တော ကောဏ္ဍညတ္ထရော၊ ဇိနသာသနဇောတကော။
ဆကော ပဉ္စနိကာယေသု၊ ပဉ္စနိကာယဝါစကော။
ဒက္ခော သာသနကိစ္စေသု၊ ပဋိမာရူမနာယကော။
သောပိ နာမ မဟာပညော၊ နာတိတော လောကဓမ္မတံ။
ဟိတ္ဝာ သိဿေ ပလုဇ္ဇိတ္ထ၊ ဟာ နိစ္စာ လောကဓမ္မတာ။

စျာပနပဲ့သဘင်

ဆရာတော်၏ အလောင်းကို ပခုက္ကူနိကာယစည်းမျဉ်းအရ ၂၁-ရက်ထားလျက် မဏ္ဍပ်အမျိုးမျိုး, ပဲ့အဖုံဖုံ, တလားလောင်တိုက် ပြာသာဒ်စသည် စုံလင်စွာဖြင့် သာဓုကီဠနသဘင်ပဲ့ကြီးယင်၍ နောက်ဆုံး သင်္ဂြိုဟ်ကြသည်၊ အရိုးဓာတ်တို့ကို ပခုက္ကူသို့ပင့်ယူ၍ ဂန္ဓသာရစေတီတော်တွင် ဖောက်ထွင်းဌာပနာထားလေသည်။

ဂုဏဝဏ္ဏနာများ

ဆရာတော် အရှင်ကောဏ္ဍည ပျံလွန်တော်မူသောအခါ နိုင်ငံတွင်းရှိ ပညာရှင်များထံမှ ဂုဏဝဏ္ဏနာဂါထာများ, သံဝေဂဂါထာများ မြားမြောက်စွာ ပေးပို့ကြရာ တချို့ကို ဤ၌ ဖော်ပြအပ်ပါသည်။

မဟာပညာဗလ စာပြင်မှူးချုပ် ဆရာဉာဏ်၏

ဂုဏဂီတိများ

၁။ ရန်ကုန်ပုရဝရေ ရမ္မေ၊ ဘုရားကြီးတိုက် ဣတိဿုတော။
အာရာမေ ယော မဟာထေရော၊ သံဃနာယကတံ ဂတော။

၂။ သာသနုဇ္ဇောတကာမော သော၊ တိပေဋကဓရဿဝေ။
ဟုတ္ဝာ ပုဗ္ဗင်္ဂမော ထေရော၊ ဇောတေသိ ဇိနသာသနံ။

၃။ တထာ သော ဆဋ္ဌသံဂီတိ၊ ဘာရဝါဟ သဘာယ စ။
ဥပပဗ္ဗခာနတံ ပတ္တော၊ သောဘေသိ ဇိနသာသနံ။

၄။ တထာ ထေရာနမောသာန- သောဓကာနံ သဘာယ စ။
သဘာပတိဓုရေ ယုတ္တော၊ ပဂ္ဂဟီ ဇိနသာသနံ။

၅။ ဣတိ သော နေကဓာ ထေရော၊ ရတ္တိန္ဒိဝ မတန္ဒိတော။
သောဓေတုံ သာသနံ သတ္ထု၊ အကာ ဒဠှပရက္ကမံ။

၆။ အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂရုပါဓိဝရေန တံ။
ပူဇနီယတရံ ထေရံ၊ ပူဇယုံ ရဋ္ဌပါလကာ။

၇။ ဇဒိပိ နိဓနံ ယာတိ၊ သဒ်္ဓါရာ နဟိ သဿတာ။
တသ္မာ သဗ္ဗသဒ်္ဓေသု၊ အလမေဝ ဝိရဇ္ဇိတုံ။

၁။ ရမ္မေ၊ နှလုံးမွေ့လျော် ရွှင်ပျော်စရာ သာယာစွာထသော။ ရန်ကုန်ပုရဝရေ၊ ရန်ကုန် ရန်ကုန် သိမ့်သိမ့်တုန်အောင် ဆန်စုန်ကျော်ကြား လွန်ထင်ရှားသည့် စည်ကားစွာလှ ရာဇဓာနီ မင်းနေပြည်ကြီး၌။ ဘုရားကြီးတိုက်ဣတိဿုတော၊ ဘုရားကြီးတိုက်ဟု ကမ္ဘည်းတပ်ဆင် ဝန်းကျင် ကျော်ကြား ထင်ရှားပေါ်လွင်ပေထသော။ အာရာမေ၊ ခမ်းနားကြီးကျယ် တင့်တယ်သပ်ယပ် ကျောင်းတိုက်မြတ်၌။ ယော မဟာထေရော၊ အကြင်မဟာထေရ်မြတ်ကြီးသည်။ သံဃနာယကတံ၊ လင်္ကာထေရ်ပေါင်း သံဃာကောင်းတို့၏ ထိပ်ဆောင်းဦးစီး ကြီးမှူးဥက္ကဋ္ဌ နာယကအဖြစ်သို့။ ဂတော၊ ထင်ရှားမသွေ ရောက်တော်မူခဲ့လေပြီ။

၂။ သော ထေရော၊ ဘုရားကြီးတိုက် မကိုင့်ထွတ်ထိုး ထိုကျေးဇူးရှင် မဟာထေရ်မြတ်ကြီး သည်။ သာသနုဇ္ဇောတကာမော၊ သာသနာရောင် တောက်ပြောင်ထိန်လင်း ထွန်းပခြင်းကို ထန်ပြင်းပဏီမိ အလိုတော်ရှိသည်ဖြစ်၍။ တိပေဋကဓရဿဝေ၊ နှစ်စဉ်ကျင်းပ ပိဋကသုံးပုံ နှုတ်ဝှေ ဆောင်စွမ်း ရှင်ရဟန်းရွေးချယ်ရာ မဟာတိပိဋကဓရမမ္မသဘင်ကြီး၌။ ပုဗ္ဗင်္ဂမော၊ ဦးစီးအချုပ် မဟုက္ကဋ္ဌ ပဓာနရွေဆောင်ပုဂ္ဂိုလ်ကြီးသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဇိနသာသနံ၊ ကမ္ဘာ့ကမ္ဘာ ကြာကြီး

ကြာလည်း လွန်စွာလွန်စွ ကြုံခဲလှသည့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို။ ဇောတေသိ၊ တန္ဓေတခြား တက်နေလားသို့ ထွန်းကားပွင့်လင်းစေတော်မူခဲ့လေပြီ။

၃။ တထာ၊ ထိုမှတပါး။ သော၊ ဘုရားကြီးတိုက် မကိုဋ္ဌထွတ်ထိုး ထိုကျေးဇူးရှင် မဟာထေရ်မြတ်ကြီးသည်။ ဆဋ္ဌသံဂီတိဘာရဝါဟသဘာယ စ၊ ဆဋ္ဌသံဂါယနာ သံဃာ့ဝန်ဆောင်အဖွဲ့ကြီး ၌လည်း။ ဥပပ္ပဓာနတံ၊ ဒုတိယဥက္ကဋ္ဌ ဥပပ္ပဓာနစစ် အာဏာပိုင်အဖြစ်သို့။ ပတ္တော၊ အမျှားသံဃာရေးကာတင်မြောက် ရောက်တော်မူသည်ဖြစ်၍။ ဇိနသာသနံ၊ ဘုရားမြတ်သာသနာတော်ကြီးကို။ သောဘေသိ၊ ကမ္ဘာ့အလယ် တင့်တယ်စေတော်မူပြီ။

၄။ တထာ၊ ထို့အတူ။ သြသာနသောဓကာနံ၊ ပိဋ္ဌကတ်ကျမ်းစာ နက်နဲစွာကို သေချာစေ့ငုပုံနှိပ်လုချိန် နောက်ဆုံးကြိမ်၌ နှိုင်းချိန်သုတ်သင် ပြင်ဆင်တော်မူကြကုန်သော။ ထေရာနံ၊ သြသာနသောဓေယျ ပါဋ္ဌကဖွဲ့ဝင် ထေရ်အရှင်ကြီးတို့၏။ သဘာယ စ၊ ညီညာပေါင်းစည်းအဖွဲ့ကြီး၌လည်း။ သဘာပတိဓုရေ၊ သဘာပတိ ရာထူးကြီး၌။ ယုတ္တော၊ ဝန်ဆောင်သံဃာ့အဖွဲ့မှ ဆန္ဒအလျောက် ရွေးကောက်တင်မြောက်အပ်သည်ဖြစ်၍။ ဇိနသာသနံ၊ ဘုရားမြတ်စွာ သာသနာတော်မြတ်ကြီးကို။ ပဂ္ဂဟိ၊ အားပေးစောင့်ရှောက် ချီးမြှောက်တော်မူလေပြီ။

၅။ ဣတိ၊ ဤသို့။ သော ထေရော၊ ဘုရားကြီးတိုက် မကိုဋ္ဌထွတ်ထိုး ထိုကျေးဇူးရှင် မဟာထေရ်မြတ်ကြီးသည်။ ရတ္တိန္ဒိဝံ၊ နေ့ရောညဉ့်ပါ အခါမစဲ အမြဲမပြတ်။ အတန္ဒိတော။ ငြီးငွေ့ပျင်းရိခြင်း အလျင်းရှိတော်မမူပဲ။ သတ္ထု၊ လူနတ်တို့ဆရာ ဗြဟ္မာတို့မကိုဋ္ဌ သုံးတိုက်ထိပ်တင် ဘုရားရှင်၏။ သာသနံ၊ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ်ကြီးကို။ သောဓေတုံ၊ သန့်စင်ရှင်းလင်းသုတ်သင်ခြင်းငှါ။ အနေကဓာ၊ မနဲ့မနား အထွေထွေအားဖြင့်။ ဒဋ္ဌပရက္ကမံ၊ ပြင်းစွာကြိုးကုတ်အားထုတ်ခြင်းကို။ အကာ၊ မုချမသွေ ပြုတော်မူလေပြီ။

၆။ ရဋ္ဌပါလကာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို စီမံစောင့်ကြပ် အစိုးရမင်းမြတ်တို့သည်။ ပူဇနီယတရံ၊ အလွန်အမင်း ပူဇော်ခြင်းငှါ ထိုက်တော်မူသော။ တံ ထေရံ၊ ဘုရားကြီးတိုက် မကိုဋ္ဌထွတ်ထိုး ထိုကျေးဇူးရှင် မဟာထေရ်မြတ်ကြီးကို။ အဂ္ဂမဟာပဏ္ဍိတောတိ ဂရုပါမိ-ဝရေန၊ အဂ္ဂမဟာပဏ္ဍိတဟူသော လေးစားမြင့်မြတ် သွန်းခတ်ထုနှိပ် ဘွဲ့တံဆိပ်ဖြင့်။ ပူဇယုံ၊ လေးမြတ်ကော်ရော် ပူဇော်ကြလေကုန်ပြီ။

၇။ ဧဒိပိ၊ ဤသို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးသော်မှလည်း။ နိဓနံ၊ မလွဲရှောင်သာ ဓမ္မတာလမ်း စုတိစခန်းသို့။ ယာတိ၊ ကေန်လျှောကျ ကြွမြန်းတော်မူရတုံသေး၏။ သခ်ါရာ၊ ကံ, စိတ်, ဥ, အာ ကြောင်းလေးဖြာတို့ ပေါင်းကာစီရင် ပြုပြင်အပ်သမျှ သခ်ါရတရားတို့သည်။ နှ ဟိ သဿတာ၊ နှ သဿတာ ဧဝ၊ အကျိတ်အခဲ အမြဲမတည်နိုင်ကုန်သည်သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗသခ်ံတေသု၊ ဖြစ်ပြန်ပျက်မြဲ မလွဲတံထွာ ဓမ္မတာသဘာဝ သခ်ါရတရား ဟူသမျှတို့၌။ ဝိရဇ္ဇိတုံ၊ တပ်မက်မဲ့ကင်း ပယ်စွန့်ခြင်းငှါ။ အလမေဝ–အလံ ဧဝ၊ သင့်လျော် လျောက်ပတ်ကောင်းမြတ်လှသည်သာလျှင်ကတည်း။

မဟာပညာဗလ ပဌမကျော် ဦးကြီးဖေ ချီးကျူးသည့်
အရှင်ကောဏ္ဍည အဂ္ဂမဟာပဏ္ဍိတ
ဂုဏ်ဝဏ္ဏနာ ဂါထာများ

၁။ ဘဒန္တကောဏ္ဍညတ္ထေရော၊ ပခုက္ကူဂဏနာယကော။
ဂဂနေ ပုဏ္ဏစန္ဒောဝ၊ ပါကဋော ဗုဒ္ဓသာသနေ။

၂။ တိပိဋကဓရသဠာတော၊ ဆဋ္ဌသင်္ဂီတိပဝတ္တဝေါ။
သြသာနသောဓကော ဆဋ္ဌေ၊ ပဋ္ဌမေ ဝိယ ဇာဂရော။

၃။ အဂ္ဂမဟာပဏ္ဍိတောတိ၊ ဂုဇဒတ္တိယလဉ္ဆနော။
အဟော အနိစ္စတံ ပတ္တော၊ ဂုဏောဘာသောဝ သေသကော။

၁။ သာဓဝေ၊ အို-သူတော်ကောင်း အပေါင်းတို့။ သာဓဝေ၊ ဘုရားဆုံးမ သြဝါဒကထာ ဓမ္မာနုဓမ္မ ပဋိပတ် အကျင့်မြတ်ကို မလပ်ကြိုးကုတ် အားထုတ်ပေတော်း အို-သူတော်ကောင်း အပေါင်းတို့။ ဘဒန္တကောဏ္ဍညတ္ထေရော၊ ဘုရားကြီးတိုက်ကြီး၏ ဦးစီးနာယက အရှင်ကောဏ္ဍညဟု နာမကျော်ဟီး မထေရ်မြတ်ကြီးသည်။ ပခုက္ကူဂဏနာယကော၊ ရေစကို ဆရာတော်ဘုရားကြီး အရှင်ဂန္ဆသာရ အစစ္စာဖန်တီးသည့် ပခုက္ကူကိုဏ်းကြီး၏ ဦးစီးလမ်းပြ မဟာနာယကလည်း ဖြစ်တော်မူပါပေ၏။ ဂဂနေ၊ အင်္ဂလာဝေဟင် မိုးကောင်းကင်၌။ ပုဏ္ဏစန္ဒောဝ၊ ကြည်လင်အေးမြ သရဒအခါ ထွက်ပေါ်ကာတင့်ရှန်းလျက် အရောင်တော့ အဆင့်ဆင့်ထွန်းပေသည့် လပြည့်ဝန်းကြီး ကဲ့သို့။ ဗုဒ္ဓသာသနေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်၌။ ပါကဋော၊ သိလရောင် သမာဓိရောင် ပညာရောင် ဘုန်းကံရောင်တို့ဖြင့် တပြောင်ပြောင် အမြင်ကြွားလျက် ထင်ရှားတော်မူပါပေ၏။

၂။ ဆဋ္ဌသင်္ဂီတိပဝတ္တဝေါ၊ ဆဋ္ဌသံဂါယနာတင်ရာတွင် အချက်အချာမူလ ပဓာနအကြောင်းရင်းဖြစ်ပေသော။ တိပိဋကဓရသဠာတော၊ သာသနာတော် ၂၀၀၀-ကျော် နောက်ဖျားတွင် သတင်းကြားရန်ပင် ခဲယဉ်း အလျင်းပင် မပေါ်ဘူးပေသည့် တိပိဋကဓရသာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးကို ကြီးမှူးကာဆောင်ရွက်သဖြင့် ကောင်းစွာဖြစ်ထွန်း ပေါ်ထွက်စေတော်မူပါပေ၏။ ပဋ္ဌမေ၊ ငါးကြိမ်မြောက် သံဂါယနာတင် မဟာဓမ္မသဘင်ကြီး၌။ ဇာဂရော ဝိယ (ဇာဂရာတိဓဇ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု) တံဆိပ်တော်ရ ဒက္ခိဏာရာမဘုရားကြီး ဆရာတော် အရှင်ဇာဂရမထေရ်မြတ်ကြီးကဲ့သို့။ ဆဋ္ဌေ၊ ၆-ကြိမ်မြောက် သံဂါယနာတင် မဟာဓမ္မသဘင်ကြီး၌။ သြသာနသောဓကော၊ ၅-ရပ်နိကာယ် ၃-သွယ်ပိဋကတ် ပုဒ်ပါဠိအက္ခရာ ဂါထာဗန္ဓ စုဏ်တိယနှင့် ဝါကျပေါင်းရုံး နောက်ဆုံးဆင်ခြင် ပြင်ဆင်သုံးသပ် တည်းဖြတ်တော်မူပါပေ၏။

၃။ အဂ္ဂမဟာပဏ္ဍိတောတိ၊ ဘဒန္တကောဏ္ဍည အဂ္ဂမဟာပဏ္ဍိတဟူ၍။ ဂုဇဒတ္တိယလဉ္ဆနော၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရတို့က ညွှတ်ခကော်ရော် ပူဇော်လှူဒါန်း တင့်ဆန်းခတ်နှိပ်အပ်သည့် ဘွဲ့တံဆိပ်လည်း ရှိတော်မူပါပေ၏။ သော ဘဒန္တကောဏ္ဍညတ္ထေရော၊ ဘုရားကြီးတိုက်ကြီး၏ ဦးစီးနာယက အရှင်ကောဏ္ဍညဟု နာမကျော်ဟီး ထိုမထေရ်မြတ်ကြီးသည်။ အနိစ္စတံ၊ တေဘူမက သခါရတို့ ဓမ္မသဘောကို မအုပ်ထိန်းနိုင်သဖြင့် ကွယ်လွန်ချုပ်ငြိမ်းရသည်၏ အဖြစ်သို့။ အဟော ပတ္တော၊ ဘုရား ပစ္စေကဗုဒ္ဓါ စကြာပိုင်စိုး ဘုန်းရှင်ကံရှင် စည်းစိမ်ရှင် တန်ခိုးရှင် အာဏာရှင်အမျိုးမျိုးတို့သော်မှ ပုန်းလျှိုးကာ တနယ်စခန်းသို့ မဖျောက်နိုင်ပဲ

သြော်-မဖယ်တန်း တကယ်တန်း ရောက်ရပါတော့သည်တကား။ ဂုဏောဘာသောဝ၊ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်စသော ဂုဏ်တော် ကျေးဇူးတော် အရောင်အလင်းသည်သာလျှင်။ အဟော သေသကော၊ ဘုရားကြီးဆရာတော် ဘုရားကြီးဆရာတော်ဟု အမည်ကျော်ပြီး ထင်ပေါ်ခဲ့သမျှ သီလရှိသည် သမာဓိရှိသည် ပညာရှိသည် လုံ့လဝီရိယရှိသည် ဘုန်းကံရှိသည်ဟု အမည်ဂုဏ်သကတ်တို့မှာ ကမ္ဘာတွင် အဖုံဖုံလျှပ်ပြီး လူ့တန်းတခွင်မှာဖြင့် ဥဒါန်း တွင်လောက်အောင် လင်းလှုံသစ်၍မို့, သြော်-ကြွင်းကျန်ရစ်ပါတော့သည်တကား။

ရန်ကုန်မြို့ ဘုရားကြီးတိုက်

မဟာဝိသုတာရုမ ဂဏဝါစက နိကာယကြီး၏

ဂဏအနုဝိနာယက အဋ္ဌမဟာပဏ္ဏိတ

အခြင်အာစိဏ္ဏမဟာဇာတ်

ဆရာတော်အရှင်အာစိဏ္ဏမဟာထေရ်သည် သာသနာတော်ဝင် ထင်ရှားသည့် မဟာဝိသုတာရုမိက ဂဏဝါစကနိကာယကြီး၏ အနုဝိနာယကဆရာတော်တပါး ဖြစ်တော်မူပါပေသည်။

မီးရှူးသန့်စင် ဖွင့်မြင်ခြင်း

ဆရာတော်သည် ဟံသာဝတီခရိုင် ခရမ်းမြို့အပိုင် စပါယ်ကုန်းရွာ ဆန်ကုန်သည်ကြီး အဘဦးစံဘော်မယ်တော် ဒေါ်ငြိမ်းမြတို့မှ ၁၂၅၈-ခု နှောင်းတန်ခူးလဆန်း ၁၀-ရက် တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွင့်မြင်တော်မူလေသည်။

ပဗ္ဗဇ္ဇာဘုံ ခိုလှုံခြင်း

ဆရာတော်သည် သက်တော် ၉-နှစ်သားအရွယ်တွင် ဦးလေးတော် ဦးဝ,ဒေါ်ငွေနုတို့က သာသနာ့အမွေခံယူကြကာ ပဗ္ဗဇ္ဇာမင်္ဂလာသဘင် ဆင်ယင်ကျင်းပကြ၍ သာသနာတော်၌ သုတ်သင်းကြသဖြင့် ညောင်ပင်ရွာ သုံးထပ်ကျောင်းဆရာတော် အရှင်နန္ဒမေဓာကို ဥပဇ္ဈာယ်ပြု၍ ရှင်အဖြစ်သို့ ရောက်ခဲ့သည်၊ ဥပဇ္ဈာယ်ဆရာတော်ထံတွင် ပိဋကတ်အခြေခံကျမ်းစာများကို သင်ယူခဲ့လေသည်။

သမ္ပတ္တေ နဝဝဿမှိ၊ ပဗ္ဗဇ္ဇိ ဇိနသာသနေ။
လောကေကလောကနာထဿ၊ စက္ကဝရဘိဝုဒ္ဓိယာ။

ဥပဇ္ဈာယဿ ပါဒမှိ၊ ဥဂ္ဂဏှိ ဂဏှိတမ္ဗကံ။
ဝိသဒဉာဏေနာစိဏ္ဏော၊ အာဒိစ္စပန္ဓုသာသနေ။

ရဟန်းအဖြစ်သို့ ရောက်ခြင်း

ဆရာတော်သည် ၁၂၇၇-ခုနှစ်တွင် နယ်ပိုင်ဝန်ထောက် ဦးမောင်, မင်းကတော် ဒေါ်ဖော့ဦးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပုဂံတောင်တောရကျောင်းဆရာတော် ဦးတေဇဝန္တကိုပင် ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝဒုလ္လဘကို ရရှိတော်မူလေသည်။

တေဇဝန္တံ ဓိတိမန္တံ၊ ပုညဝန္တံ ဗဟုဿုတံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ အာစိဏ္ဏော ဒုလ္လဘံ လဘိ။

ပညာသင်ကြားခြင်း

သာမဏေဘာဝ ငယ်စဉ်ကပင် ပိဋကတ်အခြေခံရရှိပြီးဖြစ်သဖြင့် ကျေးဇူးရှင်ဥပဇ္ဈာယ်ဆရာတော်နှင့်တကွ မန္တလေး ပခုက္ကူစသော သာသနာထွန်းကားရာဒေသရှိ ပရိယတ္တိပါရဂူ တံခွန်ထူသည့် ဆရာတော်ကြီးများထံတွင် ပါဠိ,အဋ္ဌကထာ,ဋီကာစသော အထက်တန်းကျမ်းဂန်ကြီးများကို ကျမ်းကျင်တတ်မြောက်အောင် သင်ယူတော်မူခဲ့သည်။

ဒဟရကာလတောယေဝ၊ သိက္ခိတ္ဝာ ပါဒပေါတ္ထကံ။
တံ တံ ဒေသံ ဟိ ဂန္ဆာန၊ ဥဂ္ဂဏှိ ပိဋကတ္တယံ။

သာသနာပြုတော်မူခြင်း

အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ ပရိယတ္တိစာသင်တိုက်ကြီးများ တည်ထောင်ဖွင့်လှစ်ကာ တပည့်စာသင်သား ရဟန်းတော်တို့အား စာပေကျမ်းဂန် အတန်တန်ကို ထက်သန်လှစွာသော ဝီရိယဖြင့် ချပြီတော်မူခဲ့သည်၊ တပည့်ဒကာ, ဒကာမတို့အားလည်း တရားဒေသနာဟောပြခြင်း စသည်ဖြင့် သဒ္ဓါတရားကိုတိုးပွါးစေကာ ပန်းဝတ်သောက်သုံး ပျားပိတုန်းပမာ ကျင့်ဆောင်တော်မူလေသည်၊ အောက်ပါဓမ္မပဒဂါထာအားလျော်စွာ တူလှပါသည်။

ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓမဟေဌယံ။
ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီ စရေ။

ပဓာနစာချ

ရွှေဂုံတိုင် ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၏ ပဓာနနာယက စာချဆရာတော်ဖြစ်၍လည်း အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ကောဏ္ဍညနှင့်အတူ သာသနာတာဝန်ကို ထမ်းဆောင်တော်မူလေသည်။

ဆရာတော် ဦးအာစိဏ္ဏအပေါ် ဆရာတော်ဦးကောဏ္ဍညစေတနာ

အဂ္ဂမဟာပဏ္ဍိတဘုရားကြီးတိုက် နာယကဆရာတော် အရှင်ကောဏ္ဍညသည် အရှင်အာစိဏ္ဏအား များစွာ ကျေနပ်အားရတော်မူသည်၊ အရှင်အာစိဏ္ဏသည် မျက်စိရောဂါ စွဲဝင်သည်မှာ အတော်ကြာမြင့်ခဲ့သည်၊ စာပေပရိယတ်ဌာသာ ချထားသော မျက်လုံးရှိသဖြင့် မျက်လုံးပင်ပန်းခဲ့ခြင်းဖြစ်သည်၊ ဘုရားကြီးဆရာတော် အရှင်ကောဏ္ဍညသည် အရှင်အာစိဏ္ဏကို ခေါ်၍ မျက်စိရောဂါကုသစေပြီး ၁၃၁၀-ခုနှစ်မှစ၍ ရန်ကုန်ဘုရားကြီးတိုက်၌ ဝါဆိုစေသည်။

တိုက်တာအုပ်ချုပ်ရေး

ဘုရားကြီးဆရာတော် အရှင်ကောဏ္ဍညမဟာထေရ်သည် အရှင်အာစိဏ္ဏအား တခြားကြွရန် ခွင့်ပေးတော်မမူပဲ ကိုယ်စားပြု၍ စာသင်သား ရဟန်းသာမဏေများ အုပ်ချုပ်ရေးကိစ္စကို တဖြည်းဖြည်း လွှဲပြောင်းပေးတော်မူလေသည်။

ဆရာတော် တခြားကြွလျှင် အရှင်အာစိဏ္ဏလဲ့

ဆရာတော်အရှင်ကောဏ္ဍညထေရ်သည် ရံဖန်ရံခါ ပခုက္ကူမြို့သို့ ကြွ၍ အလယ်သိမ်ကျောင်းတော်ကြီး ဆောက်လုပ်ရေးဌာန အသောကာရုံကျောင်းတော် ဆောက်လုပ်ရာဌာန စီမံခန့်ခဲ့သူ အရှင်ဣန္ဒဂုတ္တထေရ်ကဲ့သို့ စီမံခန့်ခဲ့တော်မူရသည်၊ ဤသို့ ပခုက္ကူနှင့် အခြားမြို့ရွာများသို့ ကြွစရာရှိလျှင် အရှင်အာစိဏ္ဏအား တိုက်တာသံဃာ ရွေမျောက်၍ လဲ၍ ကြွသွားတော်မူလေ့ရှိသည်၊ ဤသို့ဖြင့် ဆရာတော် အရှင်ကောဏ္ဍညသည် ဆရာတော် အရှင်အာစိဏ္ဏအပေါ် လွန်စွာ ယုံကြည်စိတ်ချ, လေးမြတ်တော်မူကာ ချီးမြှောက်တော်မူခဲ့လေသည်။

ဧဝံ အာစိဏ္ဏထေရံ ဟိ၊ ပဂ္ဂဟေသိ အနေကဓာ။
တသ္မိံ အတိပသန္နော စ၊ ကောဏ္ဍညော ယတိပုင်္ဂဝေါ။

ဆောင်ရွက်ချက် အသွယ်သွယ်

ဂန္ထဓုရဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူရင်း—

၁။ ဆဋ္ဌသံဂါယနာ ဖြစ်မြောက်ရေး ရက္ခိတအဖွဲ့ အမှုဆောင်တာဝန်၊

၂။ တောင်တန်းသာသနာပြုအဖွဲ့ကြီး၏ အမှုဆောင်တာဝန်၊

၃။ ဂျပန်ပြည်ဆိုင်ရာ ဓမ္မဒူတဝိဇ္ဇာလယဩဝါဒါစရိယတာဝန်၊

၄။ တိပိဋကဓရအဖွဲ့ကြီး၏ ဥက္ကဋ္ဌတာဝန်၊

၅။ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏအနုဝိနာယကတာဝန် စသည်တို့ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

ဂဏအနုဝိနာယကတာဝန်

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ ဂဏအနုဝိနာယကတာဝန်ကို ဆဋ္ဌအကြိမ် ပခုက္ကူပိဋကတ်အတတ်မြို့တော် မဟာဝိသုတာရာမကျောင်းတိုက်ကြီး၌ ကျင်းပတော်မူအပ်သော သံဃာတော် ၁၅၀၀-ကျော် တက်ရောက်သော အစည်းအဝေးကြီးတွင် လက်ခံတော်မူခဲ့လေသည်၊ ဤသို့ဖြင့် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်အာစိဏ္ဏမဟာထေရ်သည် ဘုရားရှင်သာသနာတော်ကို စည်ပင်စေခြင်းအကျိုးငှါ ဂဏအနုဝိနာယကစသော ကြီးမားများပြားဖြင့်သော တာဝန်တို့ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ဝိနာယကဓုရဒီနိ၊ အနေကာနိ ဗဟူနိပိ။
ဇိနသာသနဝုဒ္ဓတ္ထံ၊ ဝဟတိ သုဒ္ဓစေတသာ။

ဘုရားကြီးကျောင်းတိုက်ကြီး၏ အဓိပတိ

၁၃၁၉-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂-ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ကောဏ္ဍညမဟာထေရ် ပျံလွန်တော်မူသဖြင့် ခမ်းနားကြီးကျယ်လှသော ရန်ကုန်မြို့ ဘုရားကြီးကျောင်းတိုက်၏ အဓိပတိမဟာနာယက ဖြစ်လာလေသည်။

အာစိဏ္ဏော နာယကော အာသိ၊ ကောဏ္ဍညမ့ို ဒိဝင်္ဂတေ။
ဘုရားကြီးကုတိချာတဿ၊ ဝိဿဝိဇ္ဇာလယဿာ စ။

ကျမ်းဂန်ပြုစုခြင်း

ဒကာ, ဒကာမများနှင့် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့အား ကျေးဇူးပြုမည့် ကျမ်းဂန်တို့ကို ပြုစုတော်မူသည်၊ ၎င်းတို့မှာ—

၁။ အိမ်တွင်းအုပ်ချုပ်ရေး ဥပဒေကျမ်း၊
၂။ ကမ္ဘာဦးနှင့် ကမ္ဘာပျက်ကျမ်း၊
၃။ သတိပဋ္ဌာနဒီပနီကျမ်း၊
၄။ သံယုတ်ဂါထာ ယောဇနာကျမ်း၊
၅။ အံသကာသာဝါဒိဝိနိစ္ဆယကျမ်း၊
၆။ သောဠသဂါထာ ဝါကျအထွက်အတက်, စုဒ်, စောဒနာကျမ်း၊
၇။ ထေရာဂါထာနိဿကျမ်း၊
၈။ ထေရီဂါထာနိဿကျမ်း၊
၉။ ဆန္ဒသခေ်ပကျမ်း၊
၁၀။ ဘုရားကြီးတိုက်ဆရာတော် ထေရပုတ္တိကျမ်း၊
၁၁။ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သမိုင်း အကျဉ်းကျမ်း စသည်တို့ ဖြစ်လေသည်။

ဤသို့ဖြင့် အရှင်အာစိဏ္ဏမဟာထေရ်သည် ကျမ်းပြုမူလုပ်ငန်း၌ ကျမ်းကျင်တတ်မြောက်တော်မူသည့် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ် ဖြစ်ပါပေသည်။

ဧဝံ ဘဒန္တအာစိဏ္ဏော၊ အာဇညော ဂန္ဓကာရကော။
ဒက္ခော ဗျတ္တော သုဝိညူ စ၊ သယမ္ဘူသာသနဒ္ဓရော။

အဂ္ဂမဟာပဏ္ဍိတ

ဆရာတော်၏ သီလဝန္တ, သိက္ခာကာမ, ပရိယတ္တိဓုရန္ဓရ, ပဋိပတ္တိမာမက ဂုဏ်ပေါင်းစုံတို့ကို ယုံကြည်လေးမြတ်ပါသဖြင့် နိုင်ငံတော်အစိုးရတို့က အရှင်အာစိဏ္ဏအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်ဖြင့် လေးမြတ်ကော်ရော် ပူဇော်လေသည်။

ဧဝံ ဘဒန္တအာစိဏ္ဏံ၊ အာစိဏ္ဏံ ပိဋ္ဌကတ္တယေ။
အနေကဂုဏမာရဗ္ဘ၊ မရမ္မဝိသယိဿရာ။

အဂ္ဂမဟာပဏ္ဍိတောတိ၊ ဝိသိဋ္ဌဂရုပါဓိနာ။
အကံသု ဂရုသမ္မာနံ၊ ပူဇာဘာဇနမုတ္တမံ။

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ အနုဝိနာယက

ရန်ကုန်မြို့ သိမ်ကုန်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်

အရှင်ရေဝတာဓမ္မ မဟာထေရ်

ဆရာတော် အရှင်ရေဝတဓမ္မသည် ကျေးဇူးရှင် ရေစကြို့ဆရာတော်ဘုရားကြီး၏ တပည့်ရင်းတို့တွင် ပါဝင်ထင်ရှားခဲ့သည်၊ ရန်ကုန်မြို့မှ ညောင်တုန်းမြို့စသည်တို့၌ သာသနာဖြန့်, သာသနာပြုစုသည့် မဟာဝိသုတာရာမဝံသိက ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

ဖွားရာကာလ ဒေသ မိဘ

ဆရာတော်သည် သက္ကရဇ် ၁၂၄၅-ခုနှစ် နတ်တော်လဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့ နံနက် ဂ-နာရီ အချိန်တွင် မြင်းခြံခရိုင် တောင်သာမြို့ ဇောင်ချမ်း, ကံမြဲရွာ အာဘ ဦးသာဖြူ, အမိဒေါ်လှဘူးတို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

ကျောင်းအပ်ပညာသင်

ဆရာတော်လောင်းလျာ သတိုးသားကို ၁၀-နှစ်သားအရွယ်တွင် မိဘတို့က မြို့ဘကျောင်းတိုက် ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီးထံတော်၌ အပ်နှံ၍ ပိဋကတ်အခြေပြုကျမ်းစာများကို သင်ယူခဲ့ရသည်။

ပဗ္ဗဇ္ဇာ ခိုလှုံခြင်း

သက်တော် ၁၅-နှစ် အရွယ်တော်ခေတ်တွင် မြို့ဘကျောင်းတိုက် ဂိုဏ်းအုပ်ဆရာတော် အရှင်ကလျာဏမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေပြုခဲ့သည်၊ရှင်ရေဝတဓမ္မဟူသော ဘွဲ့မည်ကိုလည်း ဥပဇ္ဈာယ်ဆရာတော်က ပေးအပ်မှည့်ခေါ်သည်။

ကလျာဏံ စ မဟာထေရံ၊ ကလျာဏေန စ သံယုတံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ အလတ္ထ ပဗ္ဗဇ်ံ ဝိဒူ။

ပညာသင်ကြားခြင်း

ဥပဇ္ဈာယ်ဆရာတော် အရှင်ကလျာဏမဟာထေရ်ထံတွင် ပိဋကအခြေခံကျမ်းစာများကို သင်ယူခဲ့ပြီး ထနောင်းတိုင်ရွာ ဇေတဝန်ကျောင်းတိုက်၌ စာလိုက်သံဃာတော် ၁၀၀-ကျော်တို့အား စာပေပို့ချလျက်ရှိသော ဆရာတော် အရှင်တိက္ခထံတွင် ပိဋကတ်သင်ရိုး နေ့ဝါ,ညဝါအမျိုးမျိုးကို ကျနစွာ သင်ယူတော်မူခဲ့သည်။

ကလျာဏထေရ တိက္ခာနံ၊ ထိရာနံ ပိဋကတ္တယေ။
အနေကဂန္ထမုဂ္ဂဏှိ၊ ဥဂ္ဂဟိတပရော ဟိ သော။

ဋီကာ ၅-ပိုင်း နှုတ်ရဆောင်ခြင်း

ဆရာတော်လောင်းလျာ ရှင်ရေဝတဓမ္မသည် ဋီကာကျော်ကျမ်း၏ ၅-ပိုင်းပါဠိကို ကိုရင်ဝတ်နှင့် နှုတ်ရဆောင်ခဲ့သည်၊ ဆရာတော်လောင်းလျာကျက်ခဲ့သော ဋီကာကျော်မှာ စာမျက်နှာ ၁၂၂-ရှိလေသည်၊ ဆရာတော်လောင်းလျာသည် ဋီကာကျော် ၅-ပိုင်းသာ မဟုတ်သေး၊ အခြား သဒ္ဒါ, သဂြိုဟ်, မာတိကာ ဓာတုကထာ စသည်တို့ကိုလည်း နှုတ်ၦဆောင်ပေသည်။

ဆရာတော် ဦးကြည်ထံသို့

မန္တလေးတောင်ပြင် ရွှေရေးဆောင် ဦးကြည်အမည်တွင်သော ဆရာတော် အရှင်အာဒိစ္စရံသီထံတွင် ရွှေရေးဆောင်နိယံများနှင့်တကွ ဓမ္မသင်္ဂဏီအဋ္ဌကထာ, မူလဋီကာကျမ်းတို့ကို ရှင်သာမဏေဘဝနှင့်ပင် သင်ယူခဲ့သဖြင့် ရှင်သာမဏေကျော်ဟူသော ဘွဲ့ထူးဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ခေါ်ဝေါ်ချီးပွဲခြင်းကို ခံယူခဲ့ရလေသည်။

သာမဏေရော သမာနော၀၊ ဗဟူ ဂန္ထေ အသိက္ခိ သော။
ပဥ္စကံ ပရိစ္ဆေဒမ်ပိ၊ ဝိဘာဝိနီ သမညိနော။

၀ါစုဂ္ဂတမ်ပိ ဂန္ထဿ၊ အကာသိ ထိရစေတသာ။
တဿ ဉာဏဿ ဥက္ကံသ-ဘာ၀ေါ ဧဒိသကော ဘ၀ေ။

ဥပသမ္ပဒဘုံ ခိုလှုံခြင်း

ဆရာတော်လောင်းလျာသည် သက်တော် ၂၀-ရှိ ၁၂၆၅-ခုနှစ်တွင် ကျုံရစ်ကျောင်း ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်လေသည်။

မန္တလေး ပြန်ကြွ

ဆရာတော်လောင်းလျာသည် ရဟန်းပြုပြီးသောအခါတွင်လည်း မန္တလေးမြို့ ရွှေရေးဆောင်တိုက်သို့ ပြန်ကြွ၍ ကျေးဇူးရှင် ဆရာတော်ဦးကြည်ထံ၌ဂင်း, ကြည်ဝန် ဆရာတော်စသည့် ထင်ရှားသော ဆရာတော်ကြီးများ ထံတော်၌ဂင်း ဂန္ထန္တရအဝဝနှင့် ဆုံးဖြတ်ချက်အမျိုးမျိုးတို့ကို ၄-နှစ်ကြာမျှ ထပ်မံသင်ကြား ဆည်းပူးပြန်လေသည်။

စတုဝဿံ ဝသိတ္ဝာန၊ မန္တလေး နဂရေ ဝရေ။
ဂန္ထေ ဝိနိစ္ဆယေ စာပိ၊ ဥဂ္ဂဏ္ဟိ ဥဂ္ဂဟေ ဝိဒူ။

ဆရာတော် အရှင်ဒီပထံသို့

ဆရာတော်လောင်းလျာသည် အလောင်းတော်တို့ ဝိရိယဖြင့် ရဟန်းသိက္ခာ ၄-ဝါအရတွင် မန္တလေးမြို့မှ စစ်ကိုင်းမြို့နယ် ချောင်းဦးဆယ်ရွာ ဓမ္မာရုံကျောင်းကြီး စာချအကျော် ဆရာတော် အရှင်ဒီပထံမှောက်သို့ ရောက်၍ အဘိဓမ္မာနှင့် သုတ္တန်ပိဋကတ်များကို ၂-နှစ်တိုင် သင်ယူ ဆည်းပူးတော် မူခဲ့သေးသည်။

ရေဝတော ဒီဃထေရဿ၊ ပညာဒီပဓရဿ စ။
ဒုဝဿံ သန္တိကေ သိက္ခိ၊ ဘိဓမ္မံ သုတ္တန္တမ်ိ စ။

ပခုက္ကူပိဋကတ်အတတ်မြို့တော်သို့

ရဟန်းသိက္ခာ ၆-ဝါအရတွင် ဆရာတော်လောင်းလျာသည် ပခုက္ကူပိဋကတ် အတတ်မြို့တော် မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးသို့ ရောက်၍ ကျေးဇူးတော်ရှင် ရေစကြို ဆရာတော် ဘုရားကြီး အရှင်ဂန္ဆသာရနှင့် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့၏ အထံ၌ နိကာယ် ၅ရပ်ကို ဆိုဝါ့လိုက်ဝါဖြင့် ၃-နှစ်တိုင် သင်ယူခဲ့၍ တိပိဋကပါရဂူ အဖြစ်သို့ ရောက်ရှိလေသည်။

ပခုက္ကူ နဂရံ ပတ္ဝာ၊ တိဏ္ဏန္နံ ထိရသီလိနံ။
ထေရာနံ ပါဒမူလေပိ၊ အသိက္ခိ ပိဋကံ ဝရံ။

ဤသို့ဖြင့် မန္တလေး ပခုက္ကူနည်း နှစ်ဝတို့၌ လွန်စွာကျွမ်းကျင် တတ်မြောက်တော်မူရကား မန္တလေးမြို့ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ရေဝတာလင်္ကာရာဘိဓာ ပရိယတ္တိ-ဆေကဝိသာရဒ သာသနာပြု သုဓမ္မာဆရာတော်ဟူသော ဘွဲ့ပုံလက်မှတ်စာချွန်တော်ကို ချီးမြှင့်ခြင်းကို ခံယူရလေသည်။

အလင်္ကာရာဘိဓာဒါ၊ ထုတိပတ္တံ မဒါသိ စ။
ရေဝတာသ စ သံဃိန္ဒော၊ ထုတိပုဗ္ဗင်္ဂံ ဝိဒူ။

ညောင်တုန်း ကျုံရစ်ကျောင်းသို့

ရဟန်းသိက္ခာ ၉-ဝါအရတွင် ရဟန်းဒကာ, ရဟန်းအမတို့၏ ပင့်လျှောက်ချက် အရ ညောင်တုန်းမြို့ ကျုံရစ်ရွာကျောင်း၌ စာလိုက်သံဃာ ၅၀-ကျော်တို့အား ၂-နှစ်ကြာမျှ စာပေ ပို့ချကာ ဘုရားမြတ်စွာ၏ ပရိယတ္တိသာသနာကို ထွန်းလင်းစေခဲ့လေပြီ။

ကျုံရစ်ဂါမေ ဝသိတ္ဝာန၊ ရေဝတော ပေသလော ဝိဒူ။
ဝိဒုနော သာသနဿာပိ၊ ဘိဝုဒ္ဓိယာ ဘိယျုယျိ။

ဇောင်ချမ်း ကံမြဲရွာသို့

အနုထေရ်အဖြစ်သို့ရောက်၍ သာသနာတွင် ထင်ရှားလာပြီဖြစ်သော ဆရာတော် အရှင်-ရေဝတမမွသည် ဇောင်ချမ်း ကံမြဲရွာ ဒကာ, ဒကာမတို့၏ ပင့်လျှောက်ချက်ကို နှစ်သက်ကြည်ဖြူ လက်ခံယူကာ ဇောင်ချမ်း ကံမြဲရွာသို့ ကြွတော်မူ၍ ၎င်းရွာ ကျောင်းတိုက်၌ ၇-နှစ်ပတ်လုံး သီတင်းသုံးကာ ပျားပိတုန်းပမာ ခိုမှီရစ်သီချဉ်းကပ်လာသော စာသင်သား သံဃာ ၁၀၀-ကျော်တို့အား မြတ်ဘုရား၏ သာသနာရောင် ထွန်းပြောင်ထိန်လင်း စေလိုခြင်းကိုလည်း အရင်းပြုလျက် ဝိရိယတောင်အထုဖြင့် ပိဋကတ် ၃-သွယ် ၅-နိကာယ်ကို ချပို့သင်ကြား ပေးတော်မူလေသည်။

နိဂဂါမေ ဝသိတ္ဝာန၊ ထေရော ထိရဂုဏောဒယော။
လောကနာထဿ စက္ကဿ၊ ဝုဒ္ဓိကာမော ဟိတတ္ထိကော။
ဂန္ဆေပိ ဗဟဝေါ စေဝ၊ ဝါစယီ သိဿကေ ဗဟူ။

ညောင်တုန်းမြို့သို့

ရဟန်းသိက္ခာ ၁၉-ဝါသို့ အရောက်တွင် ညောင်တုန်းမြို့ ဒကာ, ဒကာမတို့၏ ပင့်လျှောက်ချက်အရ ၁၂၀၅-ခုနှစ်တွင် ညောင်တုန်းမြို့ မဟာဝိသုတာရာမ စာသင်တိုက်ကြီးကို တည်ထောင်ဖွင့်လှစ်ကာ ပခုက္ကူ မဟာဝိသုတာရာမ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးတို့၏ အဆုံးအမ ဥပဒေသ သြဝါဒ၌တည်၍ စာသင်သား သံဃာတော် ၁၀၀-ကျော်တို့အား ကြီးမားသော ဆန္ဒာဓိပတိဖြင့် ပိဋကစာဝါမျှားကို ၂၀-နှစ်ပတ်လုံး ချပို့သင်ကြားပေးတော်မူလေသည်။

ညောင်တုန်းဝှနဂရေ ရမ္မေ၊ ဝိသုတေ သာဓုနန္ဒနေ။
အဓိပတိဓုရေ ဌတ္ဝာ၊ အကာ သာသနပဂ္ဂဟံ။

အခြားကျောင်းတိုက်များ၏ နည်းပေးညွှန်ပြ သြဝါဒါစရိယ

ရန်ကုန်မြို့ အလုံ အောင်မင်္ဂလာပါဋိတက္ကသိုလ်ကျောင်းတိုက်နှင့် အလုံ ဇမ္ဗုရတနာပါဋိတက္ကသိုလ်ကျောင်းတိုက်, တာမွေ နန္ဒဝံပါဋိတက္ကသိုလ်ကျောင်းတိုက်တို့ကို ကြီးမှူးအုပ်ချုပ်တော်မူကာ သြဝါဒညွှန်ပြ၍ သာသနာကျိုးကို သည်ပိုးခဲ့လေသည်၊ ဤသို့ဖြင့် ဆရာတော်သည် များစွာသော ကျောင်းတိုက်ရှိ များစွာသော သံဃာတော် အရှင်မြတ်တို့၏ သံဃာထေရ်လည်းဖြစ်လေသည်။

ဇေဝံ ဟိ ရေဝတော ထေရော၊ သံဃတ္ထေရော သုပါကဋ္ဌော။
လောကဂ္ဂသာသနေ သသီ၊ ဝိရောစိ ဂဂနေ ယထာ။

ဆောင်ရွက်ချက် အမျိုးမျိုး

သာသနာနေဝန်း ထွန်းလင်းစေသော ဇောစေတနာဖြင့်—

၁။ နိုင်ငံတော် သြဝါဒါစရိယတာဝန်၊

၂။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ နာယကတာဝန်၊

၃။ တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီး၏ နာယကတာဝန်၊

၄။ ဝိနိစ္ဆယအာဏာပဒေပြင်ဆင်ရေး ကော်မီတီအဖွဲ့ဝင်တာဝန်၊

၅။ ဓမ္မဒူတဝိဇ္ဇာလယ အုပ်ချုပ်ရေးနာယကတာဝန်၊

၆။ ဆဋ္ဌသင်္ဂီတိ ပါဠိဝိသောဓကတာဝန်၊

၇။ ဓမ္မိကာရုံပါဠိဝိသောဓကအဖွဲ့ဝင်တာဝန်၊

၈။ ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိပဋ္ဌမပြန်စာမေးပွဲကြီး၏ မဟာနာယကတာဝန်၊

၉။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာပြု ဓမ္မကထိကအဖွဲ့ချုပ်ကြီး၏ ဒုတိယဥက္ကဋ္ဌတာဝန်၊

၁၀။ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ဝင်တာဝန်၊

၁၁။ ပါဠိတက္ကသိုလ်ကျောင်းတိုက် စစ်ဆေးရေးတာဝန်ခံတာဝန်၊

၁၂။ ဓမ္မိကာရုံပါဠိတက္ကသိုလ် ကျောင်းအုပ်တာဝန်၊

၁၃။ ဆဋ္ဌသံဂါယနာ သံဃမဟာနာယကတာဝန်၊

၁၄။ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏအနုဝိနာယကတာဝန်-စသည် တို့ကိုလည်း ထမ်းဆောင်တော်မူခဲ့လေသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ဤသို့ဖြင့် ဆရာတော်သည် သာသနာရေး, ဘာသာရေးကို မနေမနားအားပေးဆောင်ရွက်တော်မူ၍ သီလဖြူစင် ကျမ်းကျင်ပိဋကတ် အရပ်ရပ်ဂုဏ် လွှမ်းခြုံကျော်ကြားတော်မူရကား ၁၃၁၆-ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို သဒ္ဓါကြည်ဖြူ ကပ်လှူတော်မူခဲ့လေသည်။

ဘဝနတ်ထံ ပျံလွန်ခြင်း

ဆရာတော်သည် ၁၃၂၅-ခုနှစ်တွင် ပြုလက်စသာသနာလုပ်ငန်းတို့ကို ထားရစ်ကာ ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

သံဝေဂဃဖယ်

သေမင်းနှင့်မိတ်ဖွဲ့၍ လွတ်အောင်လုပ်ရန် လမ်းမရှိပါချေ၊ တံစိုးလက်ဆောင်ဖြင့် သေဘေးမှ လွတ်အောင်လုပ်၍လည်း မဖြစ်နိုင်၊ စစ်ပြိုင်၍ အောင်နိုင်ရရှိးလည်း မရှိ၊ နောက်ဆုံး သတ္တဝါအားလုံးတို့သည် သေမင်းလျှင် လည်းလျောင်းရာ ရှိကြရပေသည်။

မစ္စုနာ သင်္ဂရော နတ္ထိ၊ လဒ္ဓဂ္ဂါဟော နု ဝိဇ္ဇတိ။
ယုဒ္ဓံ နတ္ထိ ဇယော နတ္ထိ၊ သဗ္ဗေ မစ္စုပရာယဏာ။

(ဇာတက၊ ဋ္ဌ။ ပဥ္စမ။ ၁၀၄)

ရန်ကုန်မြို့ မြသိန်းတန်ဆရာတော်

အရှင်ဣန္ဒာဘာသ မဟာထေရ်

အရှင်ဣန္ဒာဘာသမဟာထေရ်သည် မဟာဝိသုတာရာမိက နိကာယဝင်ဖြစ်၍ ထင်ရှားသော မထေရ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင် သာမဏေဝတ် ရဟန်းပြု

ဆရာတော်သည် ၁၂၆၇-ခုနှစ် ဝါဆိုလဆန်း ၂-ရက်နေ့တွင် ပခုက္ကူခရိုင် ရေစကြို့မြို့နယ် ရွာသစ်ရွာ အဘ-ဦးစံယူ၊ အမိ-ဒေါ်စုတို့မှ ဖွားမြင်ခဲ့သည်၊ ၁၂၇၆-ခုနှစ် ၁၀-နှစ်သားအရွယ်တွင် ဦးသုဘောဂထံတွင် ရှင်သာမဏေဝတ်ကာ သက်တော် ၂၀-တွင် ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် သိမ်တော်၌ သရက်တောတိုက် ဝဲပုံကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်လေသည်။

ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့

ပခန်းကြီး ပေတောကျောင်း ဆရာတော် ဦးနန္ဒမေဓာ,ဆင်မရဲကျောင်းဦးဣန္ဒဝံသ, မန္တလေးမြို့ တိုက်တော် ရွှေရေးကျောင်းဆရာတော် ပဌမကျော် အဂ္ဂမဟာပဏ္ဍိတ ဦးတိသာသန, မင်္ဂလာ တိုက်ဟောင်းဆရာတော်တို့ထံ၌ ပညာသင်ခဲ့သည်၊ ပခုက္ကူမဟာဝိသုတာရာမတိုက် အဂ္ဂမဟာ-ပဏ္ဍိတ အရှင်ပညာမဟာထေရ်ထံ၌ ပိဋကတ်တို့ကို သင်ကြားတတ်မြောက်ခဲ့သည်၊ဆရာတော်သည် ငယ်, လတ်စာမေးပွဲများကိုလည်း အောင်မြင်ခဲ့သည်။

ပညာဘိဓာနထေရဿ၊ သုဝိဿုတသုဝိညူနော။
သန္တိကေ ပိဋကေ သိက္ခိ၊ ဣန္ဒောဘာသော ယတီသဘော။

ရန်ကုန်မြို့ မြသိန်းတန်ကျောင်းတိုက် အဓိပတိဖြစ်ခြင်း

မူလက မြသိန်းတန်ကျောင်းသည် ရေကျော်ကျောင်းအမည်ဖြင့် ထင်ရှားခဲ့သည်၊ အဂ္ဂမဟာ-ပဏ္ဍိတဆရာတော် ဦးစိန္တာသည် ၁၂၀၃-ခုနှစ်က မြသိန်းတန်ကျောင်းအမည်တပ်၍ ၁-နှစ်သီတင်း သုံးခဲ့ပြီး ဆရာတော်ဦးပရမဒၶး လွှဲအပ်ခဲ့သည်၊ ၁၃၀၁-ခုနှစ် ဒုတိယဝါဆိုလဆုတ် ၉-ရက်နေ့ ဆရာတော်ဦးပရမ ပျံလွန်တော်မူပြီးနောက် ဆရာတော် ဦးဣန္ဒောဘာသသည် မြသိန်းတန်-ကျောင်းတိုက်၏ အဓိပတိနာယက ဖြစ်လာတော့သည်။

ဣန္ဒော သော နာယကော အာသိ၊ ပရမမှိ ဒိဝံ ဂတော။
မြသိန်းတန်တိ ပသိဒ္ဓဿ၊ သံဃာရာမဝရဿ စ။

ရန်ကုန်မြို့ မြသိန်းတန်ကျောင်းတိုက် ဆရာတော် အရှင်ဣန္ဒဝဏ္ဏာဘိသ
မဟာထေရ်

ဆောင်ရွက်ချက် အသွယ်သွယ်

ဆရာတော်သည်—

၁။ ရန်ကုန်မြို့ အရှေ့ပိုင်း မြို့နယ် ဝိနည်းဓိရ်တာဝန်၊

၂။ ဆဋ္ဌသံဂါယနာ အာရက္ခအဖွဲ့ခေါင်းဆောင်တာဝန်၊

၃။ ဗိုလ်တထောင်ဝတ္တကမြေ အင်္ဂလိပ်အစိုးရထံမှ ပြန်လည်ရရှိရေးတာဝန်၊

၄။ ဆဋ္ဌသံဂါယနာ သုတ်ပါဠေယျပါဠို ဝိသောဓကအဖွဲ့တာဝန်၊

၅။ မဟာဝိသုတာရုံက ဂဏဝါစကနိကာယအဖွဲ့ဝင်တာဝန်၊
စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။

ဘဝနတ်ထံ ဝင်စံခြင်း

ဖော်ပြပါ လုပ်ငန်းတို့၏ပိုင်ရှင် သာသနာပြုဆရာတော် အရှင်ဣန္ဒောဘာသ မဟာထေရ်မြတ်သည် သက်တော် ၄၉-နှစ်ရှိရာ ၁၃၁၆-ခုနှစ် နတ်တော်လဆန်း ၆-ရက်နေ့တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

သဝေဂယူဖွယ်

မြစ်လက်တက်, မြစ်ငယ်, ချောင်း, အင်းအိုင်တို့၏ ရေအလျဉ်သည် ကုန်ခန်းသည့်ပမာ သတ္တဝါတို့၏ အသက်ဝိညာဏ်သည် ကုန်ခန်းရ၏၊ နေ့ညဉ့်တို့သည် ကုန်လွန်ရကုန်၏၊ အသက်ဇီဝိတိန္ဒြေသည် ချုပ်ပျက်ရ၏။

အစ္ဈယန္တိ အဟော ရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ သြဒကံ။
(သဂါထာဝဂ္ဂသံယုတ်၊ ဒုတိယအာယုသုတ်၊ သံ၊ ၁။ ၁၁၀)

ဆရာတော် အရှင်ဣန္ဒောဘာသ ပို့လွန်တော်မူပြီးနောက် မြသိန်းတန်ကျောင်းတိုက်၏ နာယကဖြစ်လာသူမှာ ဆရာတော်၏ညီရင်း အရှင်ပညာသီဟမထေရ်မြတ် ဖြစ်လေသည်၊ ဆရာတော် အရှင်ပညာသီဟသည်လည်း နောင်တော်၏ အရိုက်အရာကို ခံယူကာ ကျောင်းတိုက်ရှိ သံဃာတော် ၂၀-ကျော်လောက်ကို အုပ်ချုပ်လျက် စာပေပို့ချ, သြဝါဒပေးခြင်း စသည်ဖြင့် သာသနာပြုတော်မူလျက် ရှိလေသည်၊ ဆရာတော်သည် ဝိနယာနုဂ္ဂဟစာမေးပွဲကြီး၏ နာယကအဖွဲ့ဝင်လည်း ဖြစ်တော်မူသည်။

ပညာသီဟော ပဓာနော ဟိ၊ ဣန္ဒောဘာသေ ဒိဝံဂတေ။
မြသိန်းတန်ပရိဝေဏာဃ၊ ဝိဇ္ဇာဌာနဝရဿ စ။

အရှင်ကောသရထေရ်နှင့် ဒွိသန္တကပြဿနာ

ဆရာတော် အရှင်ပညာသီဟသည် မိမိ၏ သက်တော် ၆၀-ပြည့် မွေးနေ့ အထိမ်းအမှတ် ၁၃၂၉-ခု နတ်တော်လဆန်း ၈-ရက်နေ့၌ ပရိယတ် အရည်အသွေးပြည့်ဝသည့် ဓမ္မာစရိယ ဂဏ-ဝါစက အရှင်ကောသရနှင့် ဒွိသန္တက ပြဿနာတော်မူသည်။

ပညာသီဟော ဝိဒုရော ဟိ၊ ကောသရေန သုဓီမတာ။
အာရာမံ သန္တကံ ကတ္ဝာ၊ သာသနဒုဂ္ဂဟံ အကာ။

ဓမ္မာစရိယ ဂဏဝါစက အရှင်သောဘန

ပခုက္ကူခရိုင် မြိုင်မြို့နယ် ကံနက်ရွာမှ အဘ ဦးဘိုးသွယ် ဒေါ်ငြိမ်းမယ်တို့မှ ၁၂၈၄-ခုနှစ်၌ ဘွားမြင်ခဲ့ပြီး ၁၃၁၁-ခုနှစ်က ဓမ္မာစရိယဘွဲ့ ရရှိခဲ့သော အရှင်သောဘနသည်လည်း မြသိန်းတန် ကျောင်း၌ စာချတာဝန် ထမ်းဆောင်ကာ သာသနာပြုလျက် ရှိလေသည်၊ အရှင်သောဘနသည် ဆဋ္ဌသံဂါယနာ၌ ထူးချွန်စွာ ဆောင်ရွက်ခဲ့သဖြင့် ၁၃၁၈-ခုနှစ်က မီးရထား မီးသင်္ဘော်လက်မှတ် အထက်တန်းစီးနင်းခွင့်လက်မှတ်ကို အလှူခံရရှိခဲ့လေသည်။

သောဘနော သောဘနေ သူရော၊ ဒက္ခော သံဂီတိကာရကော။
ဂဏသ္မ ဝါစကော သော ဟိ၊ ဇောတေတု ဇိနသာသနံ။

ရန်ကုန်မြို့ ကြည့်မြင်တိုင် ကျောင်းကြီးတိုက်

ဘုံပျံဆရာတော် အခွင့်ပညာသာဓိ မဟာထေရ်

ဆရာတော်သည် တောင်တန်းသာသနာပြုသမိုင်း, ဆဋ္ဌသံဂါယနာသမိုင်း, မဟာဝိသုတာရုမသမိုင်းတို့၌ ထင်ရှားသော မထေရ်မြတ် ဖြစ်သည်၊ ဆရာတော်သည် ဟင်္သာတခရိုင် အင်ပူမြို့အနီး ရေတွင်းကုန်းရွာကြီး၌ အဘ-ဦးဆိုင် အမိ-ဒေါ်သက်နှင်းတို့မှ ၁၂၆၇-ခု ပြာသိုလဆန်း ၁၁-ရက် နေ့တွင် ဖွားမြင်တော်မူလေသည်။

သာမဏေဝတ် ရဟန်းပြုခြင်း

ဆရာတော်သည် ၁၁-နှစ်သား အရွယ်တွင် ရှင်ပြု၍ သာသနာဘောင်သို့ ခေတ္တ ဝင်ရောက်ခဲ့သည်၊ ၁၄-နှစ်သားတွင် တဖန်ရှင်ပြု သာမဏေဘောင်သို့ အရွယ်အစဲ့ ရောက်ရှိခဲ့လေသည်၊ ၁၂၀၆-ခုနှစ် နှောင်းတန်ခူးလဆုတ် ၃-ရက် သောကြာနေ့တွင် ဟင်္သာတခရိုင် ကွင်းကောက်ရွာ ရွှေကျောင်းခဏ္ဍသိမ်တော်၌ ရွှေကျောင်းဆရာတော် အရှင်သီလဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်ရှိလေသည်။

သီလဝံသံ ဓိတိမန္တံ၊ သီလေန အဘိပါကဋံ။
ဥပဇ္ဈာယံ ကရိတွာန၊ ဒုလ္လဘံ ပါပုဏိ သုဓီ။

ပခုက္ကူမဟာဝိသုတာရုမတိုက်ကြီးသို့

ဆရာတော်သည် ရွှေကျောင်းဆရာတော်ထံ၌ ဝိနည်း ၅-ကျမ်း, အဘိဓမ္မာ ကျမ်းများကို သင်ကြားနာယူ၍ ၁၂၀၉-ခုနှစ်မှစ၍ ၄-နှစ်တိုင် မန္တလေး အမရပုရမြို့တို့၌ နေ့ဝါညဝါသင်ကြားပြီး ၁၂၁၂-ခုနှစ်မှစ၍ ၃-နှစ်တိုင် ပခုက္ကူမြို့ မဟာဝိသုတာရုမ ဝိဇ္ဇာပိဋကကြီး၌ နိကာယ် ၅-ရပ် ပိဋကတ်ကို သင်ကြားတတ်မြောက်ခဲ့သည်၊ ထိုစဉ်က ပခုက္ကူ မဟာဝိသုတာရုမတိုက်ကြီး၌ တည်ရှိခဲ့သော ပါဠိစကားပြောအဖွဲကြီး၌ အမှုဆောင်အဖြစ်, ဥက္ကဋ္ဌအဖြစ်တို့ကို ဆောင်ရွက်တော်မူခဲ့သည်၊ ပါဠိစာပေ အရေးအသား အပြော ၂-မျိုးလုံး၌ ကျွမ်းကျင်တတ်မြောက်လေသည်။

ဝိသုတာရုမသခ်ါတေ၊ အာရုမေ အတိပါကဋေ။
ဥဂ္ဂဏှိတွာန ထေရော ဟိ၊ ပိဋကေသု ဝိသာရဒေါ။
ပါဠိဘာသာယ ဆေကော စ၊ လေခနေ, ကထနေပိ စ။
ဒက္ခော ဝိညူ စ သော အာသိ၊ ကိစ္စကာရီ သဘာယ စ။

နာယကအဖြစ်သို့

ဆရာတော်သည် ၁၃၀၉-ခုနှစ် ဝါဆိုလဆန်း ၁-ရက်နေ့မှစ၍ သံဃာတော် ၁၀၀-ကျော်ရှိသော ရန်ကုန်မြို့ ကြည့်မြင်တိုင်ကျောင်းကြီးတိုက် ဘုံပျံကျောင်းသို့ ကြွရောက်၍ နာယကဆရာတော်အဖြစ်ဖြင့် သီတင်းသုံးတော်မူခဲ့သည်၊ မဟာဝိသုတာရုမိက ဂဏဝါစကနိကာယဝင်ဖြစ်၍ လည်း ပိဋကတ်ကို ချပို့တော်မူခဲ့သည်။

ဆရာတော်သည် သာသနာရေးဆိုင်ရာ တာဝန်များစွာတို့ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်၊ ၎င်းတို့ကား—

၁။ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယအဖွဲ့ဝင်တာဝန်၊

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ကျောင်းထိုင်ဆရာတော်များ အဖွဲ့ချုပ်ကြီး၏ တွဲဘက်အကျိုးတော်ဆောင်နှင့် ရန်ကုန်အနောက်ပိုင်း အကျိုးတော်ဆောင်တာဝန်၊

၃။ စေတိယင်္ဂဏအာသင်း စာမေးပွဲ၏ စာထောက်စာမတာဝန်၊

၄။ ဝိနယာနုဂ္ဂဟစာထောက်စာမတာဝန်၊

၅။ တိပိဋကဓရ စာထောက်စာမ ပုစ္ဆကနာယကတာဝန်၊

၆။ ဆဋ္ဌသံဂီတိကာရက ဝေယျာဝစ္စကရအကျိုးဆောင်တာဝန်၊

၇။ ဝေယျာဝစ္စကရပဝတ္တိသမ္ပဝေဒက, ကထာဝိဿဇ္ဇကသံဂီတိဝိဓေယျက, အာရက္ခအဖွဲ့များ ခေါင်းဆောင်တာဝန်၊

၈။ သံဂီတိဘာဏကစစ်ဆေးရေးအဖွဲ့ဝင်တာဝန်၊

၉။ ပါဠိမူလဝိသောဓကတာဝန်၊

၁၀။ ပါဠိပဋိဝိသောဓကတာဝန်၊

၁၁။ ဆဋ္ဌသံဂီတိကာရကတာဝန်၊

၁၂။ ဆဋ္ဌသံဂါယနာပါဠိကခေါင်းဆောင်တာဝန်၊

၁၃။ တောင်တန်းသာသနာပြုအဖွဲ့ ဒုတိယဥက္ကဋ္ဌတာဝန်၊

၁၄။ ဝိနိစ္ဆယဋ္ဌာန ရန်ကုန်ခရိုင် ဝိနည်းဓိုရ်တာဝန်၊

၁၅။ မဂ်လာဗျူဟာအသင်းချုပ် သြဝါဒါစရိယတာဝန်၊

၁၆။ ဆူးလေမြတ်စွာဘုရားကြီး ဂေါပကအဖွဲ့ကြီး၏ သြဝါဒါစရိယတာဝန်၊

၁၇။ ဗိုလ်တထောင်မြတ်စွာဘုရား ဂေါပကအဖွဲ့ကြီး၏ သြဝါဒါစရိယတာဝန်—

စသည်တို့ ဖြစ်လေသည်။ ဆရာတော်၏ ၁၃၁၈-ခု တပေါင်းလ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယအစည်းဝေးတွင် မြွက်ကြားခဲ့သည့် ထုတိကထာကိုလည်း ဤ၌ ဖော်ပြအပ်ပါသည်။

ဘုံပျံဆရာတော်အရှင်ပညာသာမိ၏ ထုတိကထာ

"ပခုက္ကူက စာချဒါ အနက်မဟုတ်ပါ အပြောကလေးပါ"—

ဟူသော ရှုံ့ချပြစ်တင် မထီမဲ့မြင်စကားသည် ရှေ့မြို့တော်ရှိ ကဝိဆိုသူတို့၏ နှုတ်ဖျားဌ္ဌ ကျက်စားခဲ့ဘူးလေသည်။

သို့ရာတွင် ဤစာရေးသူသည် ရှေ့မြို့တော်ဌာနဌ္ဌ အားရအောင် သင်ယူပြီးနောက် မိမိနေရပ်သို့ အစုန်သဘော်ဖြင့်ပြန်လာရာ ပခုက္ကူနေဆဲဖြစ်သောမိတ်ဟောင်းတဦးနှင့်ဆုံမိ၍ ပခုက္ကူအကြောင်း

ဆိုးကောင်းနှစ်ခု စပ်စုမိကြရာ ရှေ့မြို့တော်ရှိ ကဝိဂါထာ၏ အပြာကလေးပါဆိုသည့် စကားကို သန္နိဋ္ဌာန်ချထားရာမှ သံသယလမ်းကြောင်းသို့ ရှေ့ပြောင်းလိုက်ပါတော့သည်၊ ထိုမျှမက ကလျာဏမိတ်ဟောင်းကြီးကလည်း ဃဋ္ဋိကာရန့် ဇောတိပါလတို့ထုံး နှလုံးမူလျက် ငါ့ရှင် ပခုက္ကူမရောက်လျှင် သင်စာမတတ်သေး အရပ်မပြန်နဲ့အုံး လာလိုက်ခဲ့ဟု အတင်းအဓမ္မ သဘော်ပေါ်မှဆွဲချ၍ ဇီကုတ်နတ်ပြည်တင်သလို ခေါ်သွားသဖြင့် ကျောင်းတိုက်ကြီးအတွင်းသို့ ရောက်လေတော့၏။

ကျောင်းတိုက်ကြီးအတွင်း၌ စာသင်သား သံဃာ(၉၀၀)ကျော်မျှတို့ကို တွေ့ရသဖြင့် ဤမျှများပြားသော သံဃာတော်တို့ ဤမျှဒုက္ခခံ၍ နေကြခြင်းသည် အကြောင်းမဲ့ မဟုတ်တန်ရာဟု အပြာကလေးပါဆိုသော ဆရာတို့၏ မျက်နှာကို ကွက်ခနဲ မြင်မိပါသည်။

ထိုစဉ်က စာချဆရာတော်များသည် စာဝါအသီးသီးတို့ကို ချပို့တော်မူကြသည့်အနက် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး "အရှင်ပညာ"ထေရ်သည်—

၁။ ဓမ္မသင်္ဂဏိပါဠိတော်,အဋ္ဌသာလိနီ,မူလဋီကာ၊

၂။ စူဠဝါပါဠိတော်,ဂဠ်းအဋ္ဌကထာ,ဋီကာ၊

၃။ မဇ္ဈိမပဏ္ဏာသပါဠိတော်,အဋ္ဌကထာ၊

စာဝါများကို ပို့ချဆဲ ဖြစ်တော်မူသည်၊ မိမိသည်လည်း ရှေ့မြို့တော်မှရခဲ့သည့် သံသယဆောဂါသူငယ်နာမစင်သေးသည့်အလျောက် စုံထောက်သည့်အနေဖြင့် ဆရာတော်ဘုရားကြီး ချသမျှ စာဝါအကုန်ကို စုံအောင် လိုက်မိလေသည်၊ ထိုအခါ တွေ့ရသော ထူးခြားချက်များကို အနည်းငယ် ဖော်ပြပါမည်။

၁။ ကိရိယာတခုတွေ့လျှင် တိုက်ရိုက်ပင် မပါသော်လည်း ဖြစ်သင့်သမျှ ကတ္တားကံစသည့် ကာရက (၆)ပါးကို အလဲအလှယ်ထား၍ ဉာဏ်ကစားတော်မူခြင်း။

၂။ ခဲရာခက်ဆစ်ဖြစ်နေသောအရာတို့၌ အဓိပ္ပါယ်ပေါ်လွင်အောင် ဟေတုမန္တ ဂမျမာန်နည်းတို့ဖြင့် လှည့်လည်ပြီး အပြန်ပြန် အလှန်လှန် အနက်သမ္မန်တော်မူခြင်း။

၃။ ခြသေ့လည်ပြန် နည်းစသည်ဖြင့် ဝါကျအထွေထွေ အပြားပြားတို့ကို ကူးပြောင်းလွှန်လူး၍ ဉာဏ်ကွန့်မြူးတော်မူခြင်း။

၄။ တခုသော သံဝဏ္ဏေတမ္ဗပုဒ်ကို တွေ့လျှင် ထိုထိုအဋ္ဌကထာ ဋီကာအစောင်စောင်တို့၌ ဖွင့်ပြအပ်သော နည်းမျိုးစုံတို့ကို ကုန်စင်အောင် ထည့်သွင်းပြီး အနက်ယောဇနာတော်မူခြင်း ကြောင့် ရှိသမျှအဋ္ဌကထာနှင့် ဋီကာကျမ်းအဖုံဖုံတို့ကို နှုတ်ငုံများရနေလေရော့သလားဟု များစွာ တွေးတောပြီး အံ့သြဘွယ်ရာများကို တွေ့ရှိရခြင်း။

၅။ ကျမ်းဂန်အသွားအလာတွက် နယဂါဟအကျိုးငှါ နယဒါန နည်းပေးပုံ ကျနတော်မူလှခြင်း စသည်တို့ပင် ဖြစ်သည်။

ထိုအခါ ပခုက္ကူ၌ ခပ်ကြာကြာနေလျှင် အမှန်ပင်အကျိုးရှိလိမ့်မည်ကို ကိုယ်တွေ့မျက်မြင်ဖြစ်၍ နေနိုင်သမျှနေရန် နေရပ်သို့ စာပြန်ရလေတော့သည်၊ (၃) လ ရည်ရွယ်သော်လည်း (၃) နှစ်မျှ

ကြာလေတော့သည်။ (၃) နှစ်အတွင်း မှတ်သားထားမိသမျှ အများအပြားတို့အနက် ကတ္တားငါးဖြာ ကိရိယာတို့ကို ဝေဆာပြည့်စုံအောင် ချပို့တော်မူပုံများကို ကျေးဇူးဆပ်သောအနေဖြင့် အနည်းငယ် ဖော်ပြပါဦးမည်။

[ ] မှတ်ချက် ဤလက်သည်းကွင်းအတွင်းရှိ ဘုံပုံဆရာတော်၏ အလွန်မှတ်သားဘွယ် ကောင်းသည့် ဆရာတော်ဘုရားကြီး ပို့ချနည်းများကို ဤစာစောင်တွင် နေရာမရသဖြင့် ဝမ်းနည်းစွာ ချန်လှပ်ခဲ့ရပါသည်။

တညသောအခါ ဆရာတော်ဘုရားကြီးအား ဝတ်ပြုစဉ် "အဓိပ္ပါယ်မပြောပဲ စာချခြင်းသည် စာသင်သားများကို ဖျက်ဆီးပစ်ရာရောက်သည်"ဟု အခွါဆရာတော်များ မိန့်ကြားပုံကို လျှောက်ရာ ငါလဲ အဓိပ္ပါယ်ပြောရတာ ဖတ်ဖတ်မောနေပြီ၊ ဆရာဆရာခေါ်မှ အဓိပ္ပါယ်ပြောတာ မဟုတ်ပါဘူး ဆရာခေါ်တယ်ဆိုတာ လူမမာမသက်သာမှ ခေါ်ရတယ်၊ နှာစေးလဲ ဆရာခေါ် ချောင်းဆိုးလဲ ဆရာခေါ်ဆိုလျှင် ဘယ်တော့ပြီးနိုင်မှာလဲဟု မိန့်ကြားတော်မူ၏။

ထိုမှတပါး ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သည့် အမျိုးမျိုးသော ဩဝါဒများအနက် ယခုမျက်မြင်ခေတ်နှင့် အလွန်ဆီလျော်၍ စဉ်းစားမျှော်တွေးတိုင်း တရေးရေး သတောကျနေသော ဩဝါဒကို ပြလိုပါသည်။

"တို့ သာသနာတော်ကြီး အစာမကျေတော့ဘူး ဝမ်းဗောဝမ်းရောင်လိုက်နေတဲ့ လူမမာ နာတာရှည်ကြီးဖြစ်နေပြီ"ဟူသော အချက်ပင် ဖြစ်သည်၊ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူစဉ်က ကျယ်ကျယ်ပြန့်ပြန့် မစဉ်းစားမိချေ၊ သို့ရာတွင်—

(၁) ယခုအခါ အခွါစာသင်ပုံ ချပို့ပုံများသည် ဟိုကျော် သည်လှားနှင့် လိုရင်းမျှလောက်ကိုသာ သင်ကြားသဖြင့် စာတတ်ပုံ နူးနူးနပ်နပ် မရှိခြင်း။

(၂) ကမ္မဋ္ဌာန်းတရား ပြဿနာများ၌လည်း စာတတ်လျှင် စာခံသည်ဟု ကျမ်းဂန်ကို ပုတ်ခတ်၍ အထပ်ထပ် နားသွင်းထားခြင်းကြောင့် ပိုမိုနူးညံ့ရမည့်အစား တရားပေါက်သူတို့၏ စိတ်ဓာတ်သည် မာဆတ်ဆတ်ဖြစ်၍ နေကြခြင်း။

(၃) သာသနာဝန်ထမ်း ရဟန်းများ၏ အတိုးအဆုတ်သည် ဝင်သက်က နည်းပါးပြီး ထွက်သက်ကသာ များလျက်ရှိခြင်း။

(၄) ရဟန်းခံပွဲ ဆင်နွှဲကြသော်လည်း ဒုလ္လဘများသာဖြစ်၍ သာသနာတော်တွင်းသို့ တသွတ်သွတ်ဝင်ကြသော်လည်း တပြတ်ပြတ်ပင် ထွက်လျက် ရှိကြခြင်း—

စသည်တို့ကို အမြင်အားဖြင့် အထင်အရှား တွေ့ရမှ ဆရာတော်ဘုရားကြီး၏ ဩဝါဒ မိန့်ခွန်းတော်သည် အတော်ပင် နက်ကျယ်၍ အဓိပ္ပါယ်ရှိလှပါတကားဟု အကြိမ်ကြိမ် စဉ်းစားမိပါသည်။

ဤကဲ့သို့ ဆရာတော်ဘုရားကြီးထံ ပညာရင်နှီ့ သောက်စို့နေထိုင်စဉ်က စာချပုံ ထူးခြားချက်များနှင့် ဩဝါဒစကား မိန့်ကြားတော်မူချက်များကို အများအပြား မှတ်သား၍ ထားပါသော်လည်း အကြောင်းအခွင့် သင့်သမျှကိုသာ ဖွင့်ဟရေးသားအပ်ပါသတည်း။

ဤကဲ့သို့ မရေတွက်နိုင်လောက်အောင် များမြောင်လှသော ဂုဏ်အင်္ဂါတို့နှင့် စုံလင်စွာ ပြည့်ဝခြင်းကြောင့် သာသနာ့သမိုင်း အစဉ်တွင် ဗုဒ္ဓဂိုဏ်းဝင် ဖြစ်တော်မူကြကုန်သော သံဃာ

တော်အရှင်မြတ်တို့သည် ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ကြီး တည်းဟူသော ပန်းပေါင်းစုံလှိုင်လှိုင်ပေါသည့် မြို့ငတောရကုံ ပန်းရိပ်မြုံကြီးသို့ မခိုလှုံ မလာမရောက် ပန်းဝတ်မှုန် မစို့မသောက်ကြသော ပျားပိတုန်းတည်းဟူသော စာသင်သား သောတုဇနများမှာ နည်းပါးလှပေသည်။

သို့ရာတွင် နိကာယကိုဏ်းဝင် စာရင်းတွင်မူကား ကျောင်းနှင့် ကျောင်းတိုက်ပေါင်း ၁၃၀၀-ကျော်မျှသာ ရှိချေသည်။

ဤမျှ များပြားသော သာသနယောဓ မဟာဝိသုတာရာမထေရဝံသ ဖြစ်တော်မူကြသည့် သာသနာစောင့်အရှင် ထေရ်သခင်တို့သည် မဟာဝိသုတာရာမတိုက်ကြီး၏ အာနိသင်ကို အမှန်ပင် ခံယူကြရသည်ဖြစ်သောကြောင့် သာသနာတော်တွင် စွဲစွဲငဲ့ငဲ့ မြင့်မြင့်မားမား ရပ်တည်တော်မူနိုင်ကြကုန်၏၊ ထို့ကြောင့် ကျေးဇူးရှင်ဆရာတော်ကြီးတို့အား အောက်ပါ ဂါထာများဖြင့် ညွတ်တွားဝန္ဒနာ ရှိခိုးလိုက်ရပါကြောင်း။

၁။ အနန္တဂုဏသမ္ပန္နံ၊ နိကာယပ္ပဘဝံ အဟံ။
ပိတာမဟာမဟာထေရံ၊ ဝန္ဒာမိ ဂန္ဆသာရကံ။

၂။ တတော ဝသိ ပညာဝံသော၊ ဒက္ခော တိက္ခော ဂရုနိဘော။
သော စာရာမံ နုပါလေန္တော၊ သာသနဋ္ဌိတိကာမကော။

၃။ တဿ ကာလေ ဗဟူ သိဿာ၊ အာဂါ အဓုဒ္ဓဝါသိကာ။
ဘမရာ ဂဏသန္နိဘာ၊ ပညာ ရေဏု နိကာမကာ။

၄။ အာရာမေ ဂဏအာကိဏ္ဏော၊ သာသနဿ ဓဇူပမေ။
ဝသန္တော နရသီဟဂ္ဂေါ၊ ဇောတေတိ ဇိနသာသနံ။

၅။ သဟဿာဓိကသိဿာ ဝါ၊ ကေဒါ ထောကဥိနကာ။
မဇ္ဈေ ဌတ္ဝာ နိယောဇေန္တော၊ ပမာနုဝဓုမတ္တကာ။

၆။ နယဒါနေန တေ သိဿေ၊ တ္တောကေ စ သမုဇ္ဇိတံ။
ဝိစိတ္တဉာဏသမ္ပန္နံ၊ ထေရံ ဝန္ဒာမိ အာဒရံ။

ဘုံပျံဆရာတော်
အရှင်ပညာသာမိ
ကျောင်းကြီးတိုက်
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့ သရက်တောတိုက်, ဖျာပုံတိုက်သစ်ဆရာတော်
စံပြအဘိဓာန်နှင့် သုတေသနအဘိဓာန်ကျမ်းပြု
အရှင်ဩဘာသာဘိဝံသ

အရှင်ဩဘာသာဘိဝံသသည် မဟာဝိသုတာရာမဂဏဝါစကနိကာယဝင် ပညာရှင်တပါး ဖြစ်တော်မူသည်၊ အရှင်ဩဘာသာဘိဝံသသည် စံပြ မြန်မာ အဘိဓာန်ကျမ်း, သုတေသန သရုပ်ပြအဘိဓာန်ကျမ်းတို့ကို ပြုခြင်းဖြင့် အမိမြန်မာပြည်၏ စာပေဘဏ္ဍာ ဟာကွက်ကို ဖြည့်စွက် ခဲ့သည်။

အရှင်ဩဘာသာဘိဝံသသည် ၁၂၆၈-ခုနှစ်တွင် မအူပင်မြို့ ခနောင်ထော်ရွာ အဖ ဦးဘိုးသိန်း အမိ-ဒေါ်ဒေါ်ညွန့်တို့မှ ၁၂၆၈-ခုနှစ် ဝါဆိုလဆုတ် ၁၁-ရက်နေ့တွင် မီးရှူးသန့်စင် ဖွားမြင်သည်၊ လူနာမည်မှာ မောင်အေးမောင် ဖြစ်သည်၊ ရှင်, ရဟန်းပြုပြီးနောက် ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ကြီး၌ နှစ်ပေါင်းများစွာ သီတင်းသုံး၍ ပိဋကတ်ကို အဋ္ဌကထာဋီကာတဲ့ဖက်ကာ ပါရဂူ မြောက် သင်ယူတတ်မြောက်ခဲ့သည်။

ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီး၌—

၁။ ဆဋ္ဌသံဂီတိဝိဓာယကတာဝန်၊

၂။ ဆဋ္ဌသံဂီတိကာရကတာဝန်၊

၃။ မူလဝိသောဓကတာဝန်၊

၄။ ပဋိဝိသောဓကတာဝန်၊

၅။ အဘိဓာန်ဌာန ပဋိဝိသောဓကတာဝန်၊

၆။ ဖျာပုံမြို့ မြန်မာစာပေကြီးပွါးရေးအသင်းကြီး၏ ဥက္ကဋ္ဌတာဝန်၊

စသည်တို့ကို ထမ်းဆောင်တော်မူခဲ့သည်။ အရှင်ဩဘာသာဘိဝံသသည်—

၁။ စံပြမြန်မာအဘိဓာန်ကျမ်း၊

၂။ သုတေသနသရုပ်ပြ အဘိဓာန်ကျမ်း၊

စသည်တို့ကို ပြုစုရင်တော်မူလေသည်။ အရှင်ဩဘာသာဘိဝံသသည် သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူကျောင်း၌လည်း သီတင်းသုံးတော်မူသည်။

ဩဘာသော ပဏ္ဍိတော ဗျတ္တော၊ သာသနောဘာသကာရကော။
သံဂီတိကာရကော စေဝ၊ သံဂီတိယာ ဝိဓာယကော။

မူလဝိသောဓကော စာပိ၊ ပဋိဝိသောဓကော တထာ။
ကောသဿ ကရဏော စာပိ၊ အနေကကိစ္စကာရကော။
အတီဝ သုစိရံ ကာလံ၊ ဇောတေတု ဇိနသာသနံ။

ရန်ကုန်မြို့ သုံးထပ်တိုက်ဆရာတော်

အရှင်အရိယဝံသ မဟာဇဏ္ဍီရ

အရှင်အရိယဝံသသည် ပခုက္ကူ မဟာဝိသုတာရုံတိုက်ကြီး၌ ပိဋကတ်သင်ကြားတတ်မြောက်ခဲ့သည့်ပြင် မဟာဝိသုတာရုံတိုက်၌ ဂဏဝါစက စာချတာဝန် ထမ်းဆောင်ခဲ့သော မထေရ်မြတ်လည်း ဖြစ်လေသည်။

မထေရ်မြတ်သည် ဟင်္သာတခရိုင် ကွင်းကောက်ရွာနေ မြေပိုင်ရှင် ဦးထွန်းညိမ်း, ဒေါ်ဖြူတို့မှ ၁၂၇၂-ခု ဒုတိယဝါဆိုလဆန်း ၅-ရက်နေ့၌ ဖွားမြင်ခဲ့၍ ကွင်းကောက်အလယ်တန်းကျောင်း၌ ၁၃-နှစ်သားအရွယ် ၇-တန်းအထိ ပညာသင်ကြားခဲ့သည်၊ ၁၄-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်ခဲ့သည်၊ ဟင်္သာတခရိုင် ခြောက်ရွာ တောင်ကျောင်းဆရာတော် ဦးကဝိန္ဒ, ဟင်္သာတမြို့ ပိုးစာတော တိုက်အုပ်ဆရာတော် ဦးကလျာဏတို့ထံ ပိဋကတ်အခြေပြုကျမ်းစာများကို သင်ယူခဲ့သည်။

စာမေးပွဲများ အောင်မြင်ခြင်း

၁၅-နှစ်သားအရွယ်တွင် ရန်ကုန်မြို့ ရှင်သာမဏေအာဂုံပြန်ပွဲ၌ လိင်, ဒဏ်, သေခိယ, စုဒ္ဒသခန္ဓကဝတ်ပါဠိအနက်, ကစ္စည်းသဒ္ဒါရှစ်စောင်ပါဠိ, သင်္ဂြိဟ်အောက်ငါးပိုင်းပါဠိတို့ကို ပြန်ဆိုရသည့် ပဌမလတ်တန်းကို အောင်မြင်ခဲ့သည်၊ ၁၆-နှစ်သားအရွယ်တွင် ပဌမငယ်, ၁၇-နှစ်သားအရွယ်တွင် ပဌမလတ်, ၁၉-နှစ်သားတွင် ပဌမကြီးတန်းကို ဖြေဆိုအောင်မြင်ခဲ့သည်။

ရဟန်းဖြစ်ခြင်း

၁၂၉၁-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့တွင် ဟင်္သာတခရိုင် ခြောက်ရွာတောင်ကျောင်းသိမ်၌ သာမဏေဥပဇ္ဈာယ်ဖြစ်သည့် ခြောက်ရွာတောင်ကျောင်းဆရာတော် (နောက် အဂ္ဂမဟာပဏ္ဍိတ ပိုးစာတောဆရာတော်)ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်။ ၁၂၉၂-ခုနှစ်တွင် ဥပဇ္ဈာယ်ဆရာတော်နှင့် ဟင်္သာတပိုးစာတောတိုက်၌ ပြောင်းဖွေသီတင်းသုံးလေသည်။

ပခုက္ကူ မဟာဝိသုတာရုံတိုက်ကြီးသို့

၁၂၉၃-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရုံတိပိဋကဝိဇ္ဇာလယကြီးသို့ ပြောင်းဖွေသီတင်းသုံးကာ မဟာဝိနာယကဆရာတော်ဘုရားကြီးများနှင့် ဂဏဝါစကဆရာတော်များထံ ပိဋကတို့ကို ဆိုဝါ,လိုက်ဝါဖြင့် သင်ယူခဲ့လေသည်၊ ၁၂၉၇-ခုနှစ်တွင် မဟာဝိသုတာရုံမိုက ဂဏဝါစက စာချအဖြစ် ချီးမြှင့်ခြင်း ခံရလေသည်၊ ဂဏဝါစကဖြစ်ပြီးနောက် တနှစ်စာချ၍ သီတင်းသုံးလေသည်။

ဝိသုတာရုံမ အာရုံမေ၊ သန္တာနံ အရိယော ဝိဒူ။
သန္တိကေ စ နိကာယေပိ၊ ဥဂ္ဂကို့ တိက္ခဉာဏိကော။

ဂဏဝါစကဌာနမ်ိဳ၊ ပတ္တာန ဝါစယီ ဗဟူ။
သိဿဂဏော ဝိဒ္ဓတ္တာမ်ိဳ၊ ပါပေသိ ဝိသုတေ သုတေ။

ဆရာတော်သည် မန္တလေးမြို့ တောင်ပြင်ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ စသော ဆရာတော်များနှင့်, မြင်းခြံခရိုင် ဖက်ပင်အိုင် ဆရာတော် ဦးမေဓိယ ထံ၌လည်း ပညာဆည်းပူးခဲ့သည်၊ ၁၃၀၃-ခုနှစ်တွင် ဟင်္သာတ ပိုးစာတောတိုက်၌ ပြန်ကြွ၍ စာပေပို့ချခဲ့သည်၊ ၁၃၀၈-ခုနှစ်တွင် အစိုးရမမှာစရိယ စာချုတန်းကို ဂုဏ်ထူး ၆-ကျမ်းနှင့်တကွ အောင်မြင်လေသည်၊ ဆဋ္ဌသံဂါယနာတွင် ထေရဂါထာပါဠိဝိသောဓကနှင့် အဂုံတွရပါဠိပဋိဝိသောဓက တာဝန်များကိုလည်း ဆောင်ရွက်ခဲ့သည်၊ ၁၃၁၆-ခုနှစ်မှစ၍ ရန်ကုန်မြို့ မဂ်လာတောင်ညွန့် သုံးထပ်တိုက်သစ်၌ စာသင်တိုက်ဖွင့်လှစ်ကာ ပခုက္ကူ,မန္တလေး ၂-နည်းဖြင့် စာပေပို့ချ သာသနာပြုလျက် ရှိပါသည်၊ ပခုက္ကူ မဟာဝိသုတာရုမိက ဂဏဝါစက နိကာယဝင်ဖြစ်၍လည်း ပခုက္ကူ ဆရာတော်များ၏ ဩဝါဒအတိုင်း သာသနာပြုလျက် ရှိလေသည်။

အရိယဝံသထေရော ဟိ၊ တိပေဋကဝိသာရဒေါ။
ဂဏသ္သ ဝါစကော စေဝ၊ ဝိသုတ ဝံသပါလကော။
သော ဝဿသတံ ကာလံ၊ သောဘေတု ဇိနသာသနံ။

ရန်ကုန်မြို့ ကုက္ကိုင်း တေဇိန္ဒြာရာမဆရာတော်

အရှင်တေဇိန္ဒ မဟာဇောရဲ့

အရှင်တေဇိန္ဒသည် မဟာဝိသုတာရာမိကဂဏဝါစကနိကာယဝင် ဖြစ်တော်မူသည်၊ ဆရာတော်သည် ၁၂၀၃-ခုနှစ် သီတင်းကျွတ်လဆုတ် ၁၃-ရက်နေ့တွင် ဘင်္ဂလားအဝကျွန်း ဘဇူရွာ၌ အဘဦးစံချစ် အမိ ဒေါ်လှညီတို့မှ ဖွားမြင်သည်၊ သက်တော် ၇-နှစ်သား အရွယ်မှစ၍ ၎င်းရွာ ဘုန်းတော်ကြီးကျောင်း၌ မြန်မာ, ကုလားစာ, အင်္ဂလိပ်စာ, ဗေဒင်ပညာများကို သင်ကြားခဲ့၍ ၁၄-နှစ်သား အရွယ်တွင် ရန်ကုန်မြို့ မင်္ဂလာရာမကျောင်းတိုက် ဆရာတော်-ဦးသုဇာတထံသို့ ရောက်လာကာ သာမဏေဝတ်ခဲ့သည်၊ ခေတ်ပျက်သောအခါ ပုသိမ်, သံတွဲ, ရမ်းဗြဲမြို့တို့သို့လည်း ရောက်ရှိ၍ ပညာသင်ကြားခဲ့သည်။

အရှင်တေဇိန္ဒသည် ရမ်းဗြဲကျွန်း လိပ်တင်ရွာ ချောင်းဗျားကျောင်း၌ တရွာလုံးစုပေါင်း ရဟန်း ၁၀၁, ရဟန်းအမများ ပြုလုပ်၍ ခရီးမြောက်ကြသဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်။

မဟာဝိသုတာရာမတိုက်သို့

ရဟန်းဖြစ်ပြီးနောက် မင်းတုန်း, ပြည့်, ကျောက်တန်း, ရန်ကုန်မြို့တို့၌ သီတင်းသုံးပြီး ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ ကြာမြင့်စွာ သီတင်းသုံးကာ ဆိုဝါ, လိုက်ဝါတို့ဖြင့် ပိဋကတ်ကို သင်ယူခဲ့သည်။

ဝိသုတာရုံမ အာရာမေ၊ တေဇိန္ဒော တေဇင်္ကမော။
ဗဟဝေါ ပိဋကေ သိက္ခိ၊ ဝိဿုတာနံ ယသဿိနံ။

မိတ္ထိလာမြို့ ကန္နားတိုက်၌လည်း ဂဏဝါစက စာချုတာဝန်ကို ဆောရွက်ခဲ့ဘူးသည်၊ ၁၃၁၄-ခုနှစ်မှစ၍ ရန်ကုန်မြို့ ကုက္ကိုင်းလမ်းဆုံ၌ တေဇိန္ဒာရာမကျောင်းတိုက်ကို တည်ထောင်ပြီး သံဃာတော် ၁၀၀-ကျော်မျှကို စောင့်ရှောက်အုပ်ချုပ်၍ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင် အဖြစ်၌ တည်ခါ သာသနာစည်ပင်ရေးကို ပြုခဲ့လေသည်။

တေဇိန္ဒော တေဇသမ္ပန္နော၊ နေကဂန္ထဝိသာရဒေါ။
ဟုတ္ဝာန လောကနာထဿ၊ သာသနဝုဒ္ဓိကာရကော။

မန္တလေးမြို့ အဂ္ဂမဟာပဿိတ အဘယာရာမဆရာတော်

အရှင်အရှင်ဓမ္မာဘိဝံသ မဟာထေရ်

အရှင်အဂ္ဂမမ္မာဘိဝံသသည် ကျေးဇူးရှင်ရေစကြို့ဆရာတော်ဘုရားကြီး၏ တပည့်ရင်း ဖြစ်တော်မူသည်၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးထံ ဆိုဝါဖြင့် ပိဋကတ်ကို သင်ယူခဲ့ကာ ပခုက္ကူသာသနမြေမှ ပေါက်ဖွားခဲ့သော ဆရာတော် ဖြစ်တော်မူသည်။

ဖွားမြင်ခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် တပေါင်းလဆန်း ၁၁ ရက် တနင်္ဂနွေနေ့တွင် မြင်းခြံမြို့နယ် ဗလုံရွာတွင် အဘ-ဦးရွှေဇင်, အမိ-ဒေါ်ရွှေမွဲတို့မှ ဖွားမြင်တော်မူခဲ့သည်၊ မိဘတို့က မောင်မြတ်ကျော်ဟု အမည်မှည့်ခေါ်သည်။

ကျောင်းအပ်ပညာသင်

မိဘတို့က ၃-နှစ်သားအရွယ်တွင် ဗလုံဆရာတော် အရှင်နန္ဒမဥ္ဇုထံ အပ်နှံသဖြင့် အရှင်နန္ဒမဥ္ဇုက အဝတ်ဖြူလဲစေကာ ဖိုးသူတော်ကလေးအသွင်ဖြင့်နေကာ ကလေးတို့ပညာကို သင်ပေးလေသည်။

နန္ဒမဥ္ဇုပသိဒ္ဓဿ၊ ထေရဿ ဗာလပေါတ္ထကံ။
သန္တိကေ စ သမုဂ္ဂံ့၊ သိတဝတ္ထဓရော၀ သော။

သာမဏေဝတ်ခြင်း

၁၀-နှစ်သား အရွယ်တွင် မိဘတို့က ပဗ္ဗဇ္ဇာမင်္ဂလာ ဆင်ယင်ကျင်းပကြကာ သာသနာတွင်း သွတ်သွင်းကြသဖြင့် ဆရာတော်အရှင်နန္ဒမဥ္ဇုကို ဥပဇ္ဈာယ်ပြု၍ သာမဏေ ဝတ်ခဲ့သည်၊ ရှင်အဂ္ဂ ဟူသော ဘွဲ့ကိုလည်း ဥပဇ္ဈာယ်ဆရာက မှည့်ခေါ်သည်။

ဒသဝဿိမှိ သမ္ပတ္တော၊ သာမဏေရတ္တနံ လဘိ။
အဂ္ဂေါတိ အဂ္ဂနာမမ္ပိ၊ ဥပဇ္ဈာစရိယော ဒဒိ။

ရေစကြို့ဆရာတော်ဘုရားကြီးထံမှောက်

ရှင်အဂ္ဂသည် အောက်ခြေစာများကို ဥပဇ္ဈာယ်ဆရာတော်ထံတွင် သင်ယူ၍ ရဟန်းပြုပြီးနောက် ၁-ဝါ ရလတ်သော် တိပိဋကပါရဂူ တိုင်းခွင်မဆန့် ပြန့်နှံ့ကျော်ကြားတော်မူသော ရေစကြို့ဆရာတော်ဘုရားကြီးထံ ရောက်၍ ပညာသင်သည်၊ ဆရာတော်ဘုရားကြီးသည် ရဟန်းတော်အရှင်အဂ္ဂကို ကျနစ်စာ ပိဋကတ်စာ၀ါများ ချပို့ပေးတော်မူသည်၊ ဘွဲ့ကိုလည်း အရှင်အဂ္ဂဓမ္မ ဟု ခေါ်တွင်စေသည်။

ရေစကြိုမဟာထေရော ဟိ၊ အဂ္ဂံ အဂ္ဂပညံ ဝိဒူ။
သိက္ခာပေသိ ပိဋကမ္ပိ၊ အညံ အနပ္ပကမ္ပိ စ။

ဆရာတော်ကြီးက လွန်စွာအားရခြင်း

ရေစကြို ဆရာတော်ဘုရားကြီးသည် အရှင်အဂ္ဂမမ္မ၏ အရည်အချင်းကို လွန်စွာအားရတော်မူသဖြင့် ပန်းစွာတိုက်ကြီးမှ ပြောင်းရွှေ့၍ အသစ်တည်ထောင်ဖန်ဆင်းအပ်သော မဟာဝိသုတာရုမတိုက်ကြီးကို လှဲအပ်ရာတွင် အရှင်အဂ္ဂမမ္မပါဝင်ခဲ့လေသည်၊ ထိုသို့ဖြစ်ကြောင်း—

ပညာထေရဝရော စေဝ၊ အဂ္ဂေါ နန္ဒဝံသော တထာ။
နန္ဒိယော စာတိ စတုန္နံ၊ အာရုမံ အပ္ပယီ သုဓီ။

ဟူသော ဂါထာဖြင့်လည်း မှတ်တမ်းတင်အပ်ပါသည်။

မန္တလေးပညာသင် ဂဏဝါစကစာချဖြစ်

အရှင်အဂ္ဂမမ္မသည် တိုက်တာကိုလှဲအပ်ရာ ဥပနာယကတို့တွင် ပါဝင်သည်မှန်သော်လည်း ပခုက္ကူမှ ၉-ဝါအရတွင် ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးကို ရှိခိုးဦးချကာ မန္တလေးသို့ကြွ၍ ပညာသင်ကြားတော်မူသည်၊ မန္တလေးမြို့တွင် အရွှေပြင်ခင်မကန်တိုက် အရှင်အရိယဝံသနှင့် မိုးထားသာသနာပိုင်, မိုင်းခိုင်ဆရာတော်, ဝိသုဒ္ဓါရုံဆရာတော်တို့ထံ၌လည်း ပညာသင်ကြားတော်မူသည်၊ သက္ကသီဟစာမေးပွဲတွင် စာသင်တန်း, စာချတန်း ၂-တန်းလုံးတွင် နံပါတ် ၁-ဖြင့်ချည်း အောင်မြင်တော်မူလေသည်၊ ဝိသုဒ္ဓါရုံတိုက်၌ ဂဏဝါစက စာချအဖြစ် ဝိသုဒ္ဓါရုံဆရာတော်ကြီးက ချီးမြှောက်တော်မူသည်။

ဘာသန္တရ ပါရဂူဖြစ်ခြင်း

အရှင်အဂ္ဂမမ္မသည် အိန္ဒိယနိုင်ငံ, သီဟိုဠ်နိုင်ငံတို့သို့လည်း ကြွ၍ သက္ကတပညာရပ်များ တဖက်ကမ်းခပ် တတ်မြောက်အောင် သင်ယူတော်မူခဲ့သဖြင့် ဘာသန္တရပါရဂူ ပုဂ္ဂိုလ်လည်း ဖြစ်တော်မူခဲ့လေသည်။

အဘယာရာမ ဆရာတော် အမည်တွင်ခြင်း

အရှင်အဂ္ဂမမ္မသည် ဝိသုဒ္ဓါရုံတိုက် သုဝဏ္ဏဝတီအုပ်ချုပ်ရေးဝန်ဌေး ကြာမြင့်စွာ သီတင်းသုံး၍ စာပေပို့ချတော်မူသည်၊ မန္တလေးမြို့ သူဌေးဦးမင်း-ဒေါ်ဝင်းတို့က ၁၂၀၆-ခုနှစ်တွင် စိန်ပန်းရပ်၌ ဥယျာဉ်မြေ ၅-ကေကို ဝယ်ယူကြပြီး အလယ်တိုက်ကြီး, ဆွမ်းစားကျောင်း, သိမ်ကျောင်း, ရေတွင်း အာရာမ် တံတိုင်းတို့ကို တည်ဆောက်စေခဲ့ရာ ၁၂၀၈-ခုနှစ်တွင် ပြီးဆုံး၍ အဘယာရာမတိုက် ဟုကဗျည်းတပ်ကာ ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက ဒုတိယဝိသုဒ္ဓါရုံ ဒီပဲရင်းဆရာတော်ထံ ရေစက်သွန်းချ လှူဒါန်းလေသည်။

၁၂၀၉-ခုနှစ် ဝါဆိုလဆန်း ၁၃-ရက်နေ့တွင် ဒီပဲရင်းဆရာတော်ကြီးက သံဃာများစွာဖြင့် ကိုယ်တိုင်လိုက်ပို့ကာ အဘယာရာမတိုက်သစ်ကို အရှင်အဂ္ဂမမ္မာဘိဝံသအား အပ်နှင်းချီးမြှောက်တော်မူလေသည်၊ ထိုအခါကစ၍ အဘယာရာမဆရာတော်ဟု လွန်စွာကျော်ကြားလေသည်။

ဆရာတော်အရှင်ပညာနှင့် အရှင်အဂ္ဂဓမ္မ

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော်ဘုရားကြီး အရှင်ပညာမဟာထေရ်နှင့် အဘယာရာမဆရာတော်တို့သည် သက်တော်အားဖြင့်လည်း တူကြသည်၊ အဇ္ဈာသယအားဖြင့် စာပေသမားအချင်းချင်း တူကြရကား သာသနာရေးကိစ္စများကို အဘယာရာမတိုက်၌ အကြိမ်များစွာ ဆွေးနွေးတော်မူခဲ့ကြသည်။ အရှင်ပညာသည် ပခုက္ကူပိဋကတ်အတတ်မြို့တော် မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၌ ပရိယတ္တိစည်တော်ကို တီးခတ်ကာ သာသနာတွင် နေမင်းအလား ထင်ရှားတင့်တယ်ခဲ့လေသည်၊ အဘယာရာမဆရာတော်သည်လည်း မန္တလေးရွှေမြို့၌ အဘယာရုံကျောင်းရွှေဘုံ၌ သက္ကတစာဝါများ ပိဋကတ်စာဝါများကို ချပို့ကာ သာသနာတွင် ရွှေလမင်း သဖွယ် တင့်တယ်ခဲ့လေသည်။

ပညာထေရော မယူဓေါ၀၊ အဂ္ဂေါ ဟိ စန္ဒိမာ ယထာ။
နာထဿ သာသနာကာသေ၊ တေ သမ္မာ သောဘယုံ တဒါ။

ကျမ်းဂန်ပြုစုခြင်း

ဆရာတော်သည် စာဝါများအကြား ကျမ်းဂန်မြားမြောက်စွာကိုလည်း ရေးသားတော်မူသည်၊ ၎င်းတို့မှာ—

၁။ အဘိဓာန်နိသျသစ်၊
၂။ မောဂ္ဂလ္လာန်နိသျသစ်၊
၃။ မောဂ္ဂလ္လာန်ပဥ္စိကာနိသျ၊
၄။ သမ္မန္ဓစိန္တာစာကိုယ်ဋီကာနိသျ၊
၅။ ဏ္ဍာဒိဝုတ္တိနိသျ၊
၆။ မုဂ္ဓဗောဓနိသျ၊
၇။ အမရကောသနိသျ၊
၈။ ဟိတောပဒေသနိသျ၊
၉။ သာရတ္ထဝိလာသိနီနိသျ၊ (ပဥ္စိကာဋီကာနိသျ)
၁၀။ ကာတန္တနိသျ၊
၁၁။ ကာဗျဒသဒဏ္ဍိနိသျ၊
၁၂။ ရဃုဝံသကဗျာနိသျ၊
၁၃။ မေဃဒူတကဗျာနိသျ၊
၁၄။ ဝိသုံဂါမသိမာဝိနိစ္ဆယ–စသည်တို့ ဖြစ်သည်။

ဤသို့ဖြင့် ဆရာတော်သည် မာဂဓ,သက္ကတကျမ်းပြုပုဂ္ဂိုလ်ကြီးဖြစ်၍လည်း သာသနာကောင်းကင်ပြင်တွင် ထင်ရှားလှပါပေသည်။

၉ဝံ ဟိ မာဂဓဓ ဧစဝ၊ သက္ကတေ သုဝိသာရဒေါ။
ကာရကော နေကဂန္ထာနံ၊ ပါကဋော သာသနမ္ဗရေ။

အဂ္ဂမဟာပဏ္ဍိတနှင့် ဓမ္မသေနာပတိ

ခရစ်သက္ကရာဇ် ၁၉၃၄-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူခံ ရရှိတော်မူသည်၊ ၁၂၉၄-ခုနှစ် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးတွင် တွဲဖက်ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိအဖြစ်ဖြင့် အမျှားသဘောတူ တင်မြှောက်ခြင်းကိုလည်း ခံယူရတော်မူသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်သည် မော်လမြိုင်မြို့ တံတားဦးမြို့ စစ်ကိုင်းမြို့တို့၌လည်း သီတင်းသုံးတော်မူဘူးသည်၊ ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ဥမင်ကိုးဆယ်တောင်ထိပ်, ရွှေဥမင်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ၁၃၀၅ ခုနှစ် နတ်တော်လဆုတ် ၆-ရက်နေ့တွင် နတ်ပွဲသဘင် ဝင်တော်မူခဲ့လေပြီ။

သံဝေဂယူဘွယ်

ဤသို့ဖြင့် ပညာဉာဏ်ရှိသူသည် ယုတ်မာလှသည့်ပြင် လွန်နိုင်ခဲလှပြီး မမြဲသောသဘောကို သိ၍ အရှည်အစဲ့ မမြဲတည်နေ မသေရတော့သည့် နိဗ္ဗာန်အမြိုက်ဓာတ်သို့ ဆိုက်ကပ်ရန် အားထုတ်ရာသည်၊

၉ဝံ အနိစ္စတံ ဇမ္မိ ံ၊ ဥ တ္ဝာ ဒုရဘိသမ္ဘဝံ။
တံ ပတ္တုံ ဝါယမေ ဓီရော၊ ယံ နိစ္စံ အမတံ ပဒံ။

(ပါရာဇိကဏ်အဋ္ဌကထာ၊ ပဌမ၊ ၂၉)

အမရပုရ မဟာဂန္ဓာရုံတိုက် အဂ္ဂမဟာပဏ္ဍိတ

ဆရာတော် အရှင်ဇနကာဘိဝံသ မဟာထေရ်

ဆရာတော် အရှင်ဇနကာဘိဝံသသည် မဟာဝိသုတာရာမတိုက်ကြီး၌ နိကာယ်ကြီးများကို သင်ယူ, ချပို့ခဲ့သူ သာသနာ့အာဇာနည် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင်ခြင်းနှင့် ရှင်ရဟန်းဖြစ်ခြင်း

ဆရာတော်လောင်းလျာသည် ရွှေဘိုခရိုင် သရိုင်ရွာနေ ဘခင်ဦးဇောတိနှင့် မိခင်ဒေါ်အုန်းလှိုင် တို့မှ ၁၂၆၁-ခု တပို့တဲ့လဆုတ် ၁၄-ရက်နေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်၊ ပဌမဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ထံတော်မှ နောက်ဆုံး ဥပဇ္ဈာယ်ယူ မြင့်မြတ်သောတပည့် ရှင်ရဟန်း ဖြစ်လေသည်။

စကားပြီသချိန်မှစ၍ အချို့စာများကို ဆရာတော်၏အဘိုးက နှုတ်တိုက်ချပေးလေသည်။

ဂ-နှစ်သား သဒ္ဒါသင်

ပင်းကျောင်းဆရာတော်ထံတွင် ဂ-နှစ်သား သဒ္ဒါကြီး စသင်ခဲ့၍ ၉-နှစ်သားတွင် ဥဏှာဒ် တက်ပြီး သဒ္ဒါကြီး ပြီးဆုံးလေသည်၊ ဆရာတော်သည် ၁၅-၁၆-နှစ်တွင် အစိုးရစာမေးပွဲ ပဌမငယ်, ပဌမလတ်တန်းတို့ကို အောင်မြင်ခဲ့သည်၊ ရဟန်း ၆-ဝါရပြီး ဝိသုဒ္ဓါရုံတိုက်၌ သီတင်းသုံးစဉ် ပဌမကျော်နှင့် သက္ကသီဟစာချတန်းကို အောင်မြင်တော်မူခဲ့လေသည်။

ပခုက္ကူ၊အတတ်မြို့တော်သို့

၁၈-နှစ်သားအရွယ်တွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်နိကာယ ဓမ္မသေနာပတိ မြောင်းမြဆရာတော်၏ စေလွှတ်မှုကြောင့် ပခုက္ကူပိဋကတ်အတတ်မြို့တော် မဟာဝိသုတာရာမ တိုက်ကြီးသို့ ရောက်၍ ပညာသင်ကြားခဲ့သည်၊ ပဌမကြိုးတန်းကိုလည်း ပခုက္ကူမဟာဝိသုတာရာမ တိုက်မှပင် ဖြေဆိုအောင်မြင်လေသည်။

ဆရာတော်များထံ စာဆိုခြင်း

ဆရာတော်သည် တုပ်ကွေးရောဂါကြောင့် မန္တလေး ဝိသုဒ္ဓါရုံသို့ တဖန် ပြန်ကြွပြီး ရဟန်း ဖြစ်ပြီးမှ ပြန်ရောက်သည်၊ ဆရာတော်လောင်းလျာသည်—

အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်၊ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် အရှင်သုန္ဒရမဟာ-ထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့ထံ၌ ပိဋကတ်ကို ၃-နှစ်တိုင် ဆိုဝါဖြင့် သင်ယူခဲ့သည်။

အမရပူရမြို့-ဂန္ဓာရုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ
မဟာထေရ်

ရဟန်း ၃-ဝါ စာချဖြစ်

ရဟန်းသိက္ခာ ၃-ဝါအရတွင် မဟာဝိသုတာရာမတိုက်ကြီး၌ ဂဏဝါစက စာချဖြစ်တော်မူခဲ့လေသည်၊ ဆရာတော်သည် မဟာဝိသုတာရာမတိုက် ဓမ္မမဇ္ဈကျောင်း၌ သီတင်းသုံး၍ ၃-ဝါမျှ စာချပြီးနောက် မန္တလေးသို့ပြန်ကြွ၍ သကျသီဟ စာသင်တန်းအောင်ပြီးမှ ပခုက္ကူပြန်ကြွ၍ ၁-ဝါ စာချတော်မူပြန်သည်၊ ဤသို့ဖြင့် ဆရာတော်လောင်းလျာသည် ပခုက္ကူ၌ ၄-ဝါမျှ သီတင်းသုံးကာ စာပို့ချတော်မူခဲ့သည်။

စတုဝဿံ ဝသိတ္ဝာန၊ ဇနကော သော မဟာဝိဒူ။
ဂဏဿ ဝိသုတာရာမေ၊ ဂန္ထာနံ သုဋ္ဌုဝါစကော။

ဘူမိနက်သန် အောင်မြေမှန်

မဟာဝိသုတာရာမဝိဇ္ဇာယတနကြီးသည် ဆရာတော် အရှင်ဇနကာဘိဝံသ၏ ဘူမိနက်သန် အောင်မြေမှန်ဖြစ်ကြောင်း ဆရာတော်သည် ရူပသိဒ္ဓိဘာသာဋီကာနိဂုံး စသည်၌ ကိုယ်တိုင်ဖော်ပြခဲ့သည်၊ ဆရာတော်ဘုရားကြီးမျှားက ပိဋကတ်ပညာ သင်ပေးရုံမျှမက သိမ်သမုတ်, ရဟန်းခံသံဃာကံတို့၌ နောက်တော်ပါအဖြစ် အရှင်ဇနကကို ခေါ်ဆောင်၍ ကံဆောင်သောအခါ ထိုင်ပုံကမ္မဝါစာဖတ်ပုံ စသည်တို့ကို လက်ထပ်သင်ပြပေးတော်မူသည်။ ဤသို့ ဆရာတော်သည် ပခုက္ကူ၊ ဆရာတော်ကြီးမျှားထံ ပိဋကတ်နှင့်တကွ သာသနာ့အခြေခံ လုပ်ငန်းအားလုံးကို သင်ယူခဲ့ရသူ မဟာဝိသုတာရာမဝံသိကပုဂ္ဂိုလ် ဖြစ်တော်မူလေသည်။

ဇနကော သီလသမ္ပန္နော၊ သဗ္ဗဂန္ထဝိသာရဒေါ။
နေကာနိ သိက္ခိတမ္ဘာနိ၊ အသိက္ခိ သိက္ခာတာပရော။

ဆရာတော်သည် အဘယာရာမဆရာတော်ထံ၌လည်း သက္ကတကျမ်းစာမျှားကို သင်ယူတော်မူခဲ့ရကား ဘာသန္တရကောဝိဒပုဂ္ဂိုလ်လည်း ဖြစ်တော်မူသည်၊ ဆရာတော်သည် မဟာဂန္ဓာရုံတိုက်ကို စာသင်တိုက်ကြီးအဖြစ်သို့ရောက်အောင် သံဃာတော် ၆-ပါးဖြင့် အစပျိုးကာ ကြီးမားသော လုံ့လဖြင့် တည်ထောင်ခဲ့ရာ ယခုမူ သံဃာတော် ၂၀၀-ကျော် သီတင်းသုံးရာ စာသင်တိုက်ကြီးအဖြစ်သို့ ရောက်ခဲ့သည်။

မဟာဂန္ထကာရကအဖြစ်

ဆရာတော်သည် ကျမ်းစာရေးသားမှု၌ လွန်စွာ ကျမ်းကျင်တော်မူရာ ပြုစုခဲ့သော ကျမ်းမျှားမှာ—

၁။ ရတနဂုဏ်ရည်၊
၂။ အခြေပြုသဒ္ဒါ၊
၃။ အခြေပြုသဒ္ဒါ၊
၄။ သဒ္ဒါဟ်ဘာသာဋီကာ၊
၅။ ဝိထိနှင့် ၃-ချက်စု ဘာသာဋီကာ၊

၆။ ကိုယ်ကျင့်အဘိဓမ္မာ၊
၇။ ပါတိမောက်ဘာသာဋီကာ၊
၈။ ရူပသိဒ္ဓိဘာသာဋီကာ (ပ၊ဒု)၊
၉။ ကစ္စည်းဘာသာဋီကာ (ပ၊ဒု)၊
၁၀။ အနာဂတ်သာသနာရေး၊
၁၁။ ရုပ်ပုံရှင်ကျင့်ဝတ်၊
၁၂။ အခြေပြုမင်္ဂလသုတ်၊
၁၃။ ဗြဟ္မဇာလသုတ်ဘာသာပြန်၊
၁၄။ ဗုဒ္ဓဝင်အာမေးအဖြေ၊
၁၅။ ဘုရားဥပဒေတော်ကြီး၊
၁၆။ မူလတန်းသဒ္ဒါနှင့် ပါဠိသိက္ခာ၊
၁၇။ ကခ်ီဘာသာဋီကာ (ပ၊ဒု)၊
၁၈။ အလင်္ကာဘာသာဋီကာ၊
၁၉။ ဘာသာသွေး၊
၂၀။ ပါရာဇိကဏ်ဘာသာဋီကာ (ပ, ဒု, တ, စ)၊
၂၁။ သဒ္ဒတ္ထဘေဒစိန္တာဘာသာဋီကာ၊
၂၂။ ကစ္စာယနသာရဘာသာဋီကာ၊
၂၃။ ဋီကာကျော်နိသျ၊
၂၄။ သီလက္ခန်ဘာသာဋီကာ၊
၂၅။ အဋ္ဌသာလိနီဘာသာဋီကာ၊
၂၆။ မူလဋီကာနိသျ၊
၂၇။ ပါစိတ်ဘာသာဋီကာ၊
၂၈။ မဟာဝါဘာသာဋီကာ၊
၂၉။ စူဠဝါဘာသာဋီကာ၊
၃၀။ ပရိဝါဘာသာဋီကာ – စသည်တို့ ဖြစ်သည်။

ဤသို့ဖြင့် ကျမ်းဂန်မြားမြောက်စွာတို့ကို ပြုတော်မူသဖြင့်လည်း မဟာဂန္ဆကာရကပုဂ္ဂိုလ် အဖြစ် လွန်စွာကျော်ကြား ထင်ရှားလေသည်။

အနေကေ စာပျနဂ္ဂေ စ၊ ဂန္ဆေ စာပိ အကာရယိ။
မဟာဂန္ဆာနံ ကတ္တာတိ၊ ရဋ္ဌေ သော အာဘိပါကဋ္ဌော။

ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည်—

၁။ ဆဋ္ဌသံဂါယနာဝန်ဆောင်အဖွဲဝင်တာဝန်၊

၂။ ဆဋ္ဌသံဂါယနာဩသာနသောဓကတာဝန်၊

၃။ မှော်ဘီ သာသနာ့သန့်ရှင်းပြန့်ပွားရေး (၁၃၂၆-ခုနှစ် တပေါင်းလပြည့်နေ့တွင် စတင် ပြုလုပ်သည့်) အစည်းအဝေးကြီး၏ ဦးစီးအဖွဲဝင်တာဝန် စသည်တို့ကို ထမ်းဆောင် တော်မူခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတ

ဆရာတော်သည် ၁၃၁၂-ခုနှစ် (၄၊ ၁၊၅၁) တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကိုလည်း အလှူခံ ရရှိတော်မူသည်။

ပခုက္ကူသို့ အကြိမ်ကြိမ် ကြွတော်မူခြင်း

ဆရာတော်အရှင်ဇနကာဘိဝံသသည် ပခုက္ကူမှ ကျေးဇူးရှင်ဆရာတော် ၃-ပါးတို့ကို ဓမ္မပူဇော ပြုအံ့, ပူဇော်အံ့, ကန်တော့အံ့သောငှါ ၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ဂ-ရက် နေ့တွင် ကြွရောက်ခဲ့ဘူးသည်၊ တဖန် ၁၃၂၉-ခုနှစ် တပေါင်းလဆန်း ၉-ရက်နေ့ကလည်း တပါး တည်းသာကျန်ရှိတော့သော ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ သက်တော် ၉၀-ရှိ ဆရာတော်ဘုရားကြီး အရှင်သုန္ဒရကို ပူဇော်ဖူးမြော်အံ့သောငှါ ကြွရောက်တော် မူခဲ့သည်။

တိုက်တွန်းချက်

"ဒင်္ဂံ ပဂ္ဂဏှ ဝီရိယံ၊ မာ နိဝတ္တ အာဘိက္ကမ"။

သင်သည် လုံ့လ ဝီရိယကို မြဲမြံစွာချီမြှောက် (စွဲကိုင်) ပါလော့၊ နောက်သို့ မဆုတ်ပါလင့်၊ ရှေသို့သာ တက်ပါလော့။

(ဗုဒ္ဓဝံသပါဠိ၊ သုမေဓပတ္ထနာ။၃၁၄)

မန္တလေးမြို့ မဟာဝေယန်ဘုံသာတိုက်

အဂ္ဂမဟာပဏ္ဍိတ အရှင်ကလျာဏာဘိဝံသ မဟာထေရ်

ဆရာတော်အရှင်ကလျာဏာဘိဝံသသည် မြန်မာသာသနာ့သမိုင်းနှင့် မဟာဝိသုတာရုမ သာသနာဝင်သမိုင်းတွင် မော်ကွန်းတင်ထိုက်သော ဆရာတော်တပါး ဖြစ်တော်မူသည်။

ကာလဒေသမိဘ

ဆရာတော်သည် သရက်ခရိုင်, ဆင်ပေါင်ဝဲမြို့အပိုင် ချောင်းကောက်ရွာနေ အဘဦးဟန်, မယ်တော်ဒေါ်ထိုက်တို့မှ သက္ကရာဇ် ၁၂၆၅-ခုနှစ် တပို့တွဲလဆန်း ၁၃-ရက် တနလ်ာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

ဘူမိနက်သန် အောင်မြေမှုန်

ဆရာတော်ဘုရား မွေးဖွားရာဒေသသည်ကား ရှေးကျမ်းပြု ဆရာတော်ကြီးမျှားနှင့် စာဆိုတော်ကြီး ဦးကြင်၌၏ ဇာတိချက်ကြွေ မွေးရပ်မြေနယ်ပယ်ဖြစ်သည့်အလျောက် ပညာရှိကဝိမုန်တို့ပေါ်ထွန်းရာ ဘူမိနက်သန် အောင်မြေလည်း မှုန်လှပေသည်။

သပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံခြင်း

ဆရာတော်သည် ၉-နှစ်သားအရွယ်တွင် မိဘတို့က သမုဒ္ဒရာပမာ လွန်စွာ ကျယ်ဝန်းနက်နဲလှစွာသော နိကာယ် ၅-ရပ် ပိဋကတ် ၃-ဖြာကို ကျနပိုင်ပိုင် မွေနှိုင်ရန်ရည်ရွယ်၍ ပခုက္ကူမြို့ မဟာဝိသုတာရုမ ကျောင်းတိုက်ကြီး၌ ဆရာတော်ဘုရားကြီးများထံ အပ်နှံခဲ့သည်၊ ထို့ကြောင့် ဆရာတော် လောင်းလျှာသည် မဟာဝိသုတာရုမ ဆရာတော်ဘုရားကြီးများ တည်းဟူသော ပညာရှင်သူတော်ကောင်းတို့ကို မှီရသည့်အတွက် သပ္ပုရိသူပနိဿယစက်နှင့် ပြည့်စုံသူပုဂ္ဂိုလ်ထူး ဖြစ်သည်၊ ၉-နှစ်သားမှစ၍ အောက်ခြေစာမျှားကို ဆရာတော်ဘုရားကြီးများ၏ ခြေတော်ရင်းတွင် သင်ယူခဲ့ရသည်။

သာမဏေပြု အားထုတ်မှု

၁၂၇၇-ခုနှစ် ၁၂-နှစ်သားအရွယ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရုမစာချုတိုက်ကြီး အဓိပတိ နိုင်ငံတော် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဝတ်ခဲ့သည်၊ သာမဏေ၏ ကောင်းမြတ်သော ကိုယ်အမူအယာ, နှုတ်အမူအယာကို ထောက်ဆ၍ ရှင်ကလျာဏဟု မှည့်ခေါ်တော်မူသည်။

ပညဝန္တံ မဟာထေရံ၊ ပညာနာမံ မဟာယသံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ အလတ္ထ ပဗ္ဗဇ္ဇံ သုဓီ။

ကလျာဏမပိ နာမမ်ိဳ၊ အဒါသိ ထေရကုဉ္ဇရော။
ကလျာဏမုပါဒါယ၊ ကလျာဏဝရသာသနေ။

မန္တလေးမြို့ အနောက်ပြင် မဟာဝေယန်ဘုံသာတိုက် အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် အရှင်ကလျာဏာဘိဝံသမဟာထေရ်၊

အရှင်ဖညာဏံ နိကာယ်များ သင်ယူခြင်း

သာမဏေရှင်ကလျာဏသည် ရုပ်ရူပကာယ ကောင်းမွန်လှသည်၊ ရုပ်ရူပကာယ ကျက်သရေဖြင့် ကောင်းမြတ်သော အတွင်းစိတ်နေကိုလည်း ဖော်ပြသည်၊ ရှေးရှေးဘဝက ပညာဉာဏ်ထက်ရန် ပြုစုခဲ့သော ကောင်းမှုများသည် ယခုဘဝ၌လည်း အကျိုးပေါ်လွင်လာကာ လွန်စွာဉာဏ်ကောင်းဉာဏ်ထက်မြက်သည်၊ ထို့ကြောင့်ပင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်ထံ၌ သာမဏေဘဝဖြင့် မဇ္ဈိမနိကာယ် ၃-ကျမ်းပါဠိတော်များ, အင်္ဂုတ္တိုရ်ပါဠိတော် ၁၁-ကျမ်း ပါဠိတော်တို့ကို အဋ္ဌကထာတဲ့ဖက်၍ ဆိုဝါဖြင့်ချည်း သင်ယူနိုင်လေသည်။

မဇ္ဈိမာဂမပါဠိ˚ စ၊ အင်္ဂုတ္တရုဂမမို့ စ။
ဝဏ္ဏနာသဟိတံ ယေဝ၊ အသိက္ခိ တိက္ခဉာဏိကော။

အရှင်နန္ဒဝံသထံ သင်ယူခြင်း

ဆရာတော်လောင်းလျာ ရှင်ကလျာဏသည်—

ယေ တပ္ပါဒရဇောကိဏ္ဏာ၊ တေဝ သာဓူ ဝိဝေကိနော။

ဟူသော သုဗောဓာလင်္ကာရကျမ်းဆရာတို့ အဆိုအမိန့်အားလျော်စွာ ဂုဏ်အပြစ်ကို စိစစ်ဝေဖန်နိုင်သည့် ဝိနည်းဓိုရ်ပညာရှိတဦးဖြစ်ရန် ရည်သန်၍ ဆရာတော်အရှင်နန္ဒဝံသ ခြေရင်း၌လည်း ဝိနည်း ၅-ကျမ်း ပါဠိတော်ကို အဋ္ဌကထာ,ဋီကာတဲ့ဖက်၍ သင်ယူပြန်သေးသည်။

ဘဒန္တနန္ဒဝံသဿ၊ သန္တိကေ နန္ဒိဝဗုနော။
ကလျာဏော ဟိ သမုဂ္ဂဏှိ၊ ဝိနယပိဋကံ ဝရံ။

ဆရာတော် ၄-ပါးထံ

အဘိဓမ္မာ ၇-ကျမ်း, သံယုဘ် ၅-ကျမ်း ပါဠိတော်များကို အဋ္ဌကထာ, ဋီကာအချို့နှင့်တကွ, အရှင်ပညာမဟာထေရ်, အရှင်ဇဝနမဟာထေရ်, အရှင်သုန္ဒရမဟာထေရ်,အရှင်နန္ဒဝံသ မဟာထေရ်တို့ထံ တလှည့်စီ သင်ယူတော်မူခဲ့သည့်ပြင် သဒ္ဒါ, အဘိဓာန်, ဆန်း, အလင်္ကာ, ဗျာကရဏ်းကျမ်းတို့ကိုလည်း အာဂုံဆောင်ခြင်းဖြင့် စာပေပိဋကတ်၌ ကျမ်းကျင်တတ်မြောက်တော်မူလေသည်။

စတုန္နံ ထေရသေဋ္ဌာနံ၊ တိပိဋကသုဝိညုနံ။
သံယုတ္တံ အဘိဓမ္မံ ဝါ၊ သိက္ခိတ္ဝာ တေသု ကောဝိဒေါ။

သာမဏေကျော်

ဤသို့ဖြင့် ရှင်ကလျာဏသည် ပခုက္ကူပိဋကတ်အတတ်မြို့တော် မဟာဝိသုတာရာမပိဋကတ်တက္ကသိုလ် ဗဟိုရ်စာချုတိုက်ကြီး၌ ကိုရင်ဝတ်နှင့် ပိဋကတ် ၃-သွယ် နိကာယ် ၅-ရပ်ကို တတ်မြောက်အောင် ဆိုဝါဖြင့် သင်ယူသဖြင့် ဘုရားရှင်လက်ထက်က သောပါကသာမဏေ, ပဏ္ဍိတသာမဏေ, ဒဗ္ဗသာမဏေ, သံကိစ္စသာမဏေ, ရေဝတသာမဏေတို့ကဲ့သို့ဌင်း, ဓမ္မာသောကမင်း၏ ဆရာ နိဂ္ဂြောဓသာမဏေကဲ့သို့ဌင်း ပခုက္ကူသာသနာ စာသင်သားလောကတွင် လွန်စွာကျော်စောထင်ရှားလေသည်။

တဿ ကလျာဏဘာဝံ စ၊ တိက္ခဉာဏဘာဝမ်ဴ စ။
ပဋိစ္စ ပါကဋ္ဌော အာသိ၊ ပခုက္ကူသာသနမ္ဗရေ။

သာမဏေဘဝ စာချဖြစ်ခြင်း

ဆရာတော်သည် ပခုက္ကူစာပေပို့ချနည်းကို ကိုရင်ဘဝဖြင့်ပင် အာစရိယမူဋ္ဌ ကောင်းစွာရရှိသဖြင့် နိကာယဏ္ဍဝပါရဂူ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဆရာတော်ဘုရားကြီးက သာမဏေရှင်ကလျာဏအား ဂဏဝါစကစာချအဖြစ် ချီးမြှင့်တော်မူသဖြင့် ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီး၌ ကိုရင်ဝတ်နှင့် ရဟန်းသာမဏေတို့ကို စာပေပို့ချရလေသည်။

သာမဏေရော သမာနော၀၊ ကလျာဏော အဘိပါကဋ္ဌော။
ဂဏသ ဝါစကော အာသိ၊ ဝိသုတသိပ္ပမန္ဒိရေ။

ပဉ္ဇင်းရဟန်း အထက်တန်းသို့

ဂဏဝါစကစာချကိုရင် ရှင်ကလျာဏသည် အသက် ၂၀-ချိန်ရွယ်အကျ သက္ကရာဇ် ၁၂၇၅-ခုနှစ် သီတင်းကျွတ်လဆုတ် ၇-ရက်နေ့တွင် မုံရွာခရိုင် ဆားလင်းကြီးမြို့အပိုင် ပန်းထူးကြီးရွာ ကုန်သည်ကြီး ဦးဘဆင့် ဒေါ်မယ်တို့၏ ပစ္ဆိမယာနုဂ္ဂဟဖြင့် ပန်းထူးကြီးရွာ ဖောင်တော်ကျောင်း မင်္ဂလာခဏ္ဍသိမ်တော်၌ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ပညာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လောကိယသမ္မဒါတို့ထက် အထက်တန်းကျသော ရဟန်းပဉ္ဇင်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်၊ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်နန္ဒဝံသသည် အနုသာသကဖြစ်တော်မူသည်။

ပညဝန္တံ မဟာထေရံ၊ ပညာယ အဘိပါကဋ္ဌံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ အလတ္ထ ဥပသမ္ပဒံ။

တန္ဒစ်တာမျ စာပို့ချ

ခန့်ညားသပွါယ် ထယ်ဝါလှသော ခန္ဓာကိုယ်ရူပကာယကို ရောင်ဝါတင့်ဆန်း မြတ်သက်နိုး ဆင်မြန်းကာ ရဟန်းဘဝ၌ ပျော်မွေ့နေသော အရှင်ကလျာဏ၏ သွားပုံလာပုံ နေပုံထိုင်ပုံစသည့် ဣရိယာပုထ်တို့မှာ လွန်စွာ တင့်တယ် အချိုးကျလှသည်၊ လွန်စွာအချိုးကျလှသောအမူအရာဖြင့်သာ ကျေးဇူးရှင်ဆရာတော်တို့၏ ခြေရင်း၌ ၁-ဝါမျှ သီတင်းသုံး၍ စာပေပို့ချတော်မူသည်။

သုဒ္ဒုလ္လဘံ လဘိတ္ဝာန၊ ကလျာဏော မဟာသုဓီ။
ဝါစေတိ ဝိဝိဓေ ဂန္ထေ၊ ဥပဇ္ဈာယဿ သန္တိကေ။

ယမိုက် ပဋ္ဌာန်း ညဝါများ သင်ယူခြင်း

ရဟန်း အရှင်ကလျာဏသည် ၁၂၇၆-ခုနှစ်တွင် ကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာတော်နှင့် ဓမ္မာစရိယဆရာတော်တို့ကို ရိုသေဝပ်လျှိုး ရှိခိုးပြီး အမရပုရမြို့ မင်္ဂလာရာမတိုက်သို့ ကြွရောက်ကာ အဘိဓမ္မာ ညဝါပါရဂူဆရာကြီး ဦးအုံး, အရှင်ဝိမလ, အရှင်ဓမ္မသာမိတို့အထံ၌ အဘိဓမ္မာယမိုက်, ပဋ္ဌာန်းညဝါတို့ကို အစွာရဒ္ဓလှုံလဖြင့် သင်ယူခဲ့သည်။

ဦးအုံးဣတိ ပသိဒ္ဓဿ၊ အဘိဓမ္မသုဝိညူနော။
သန္တိကေ ယမကဋ္ဌာပိ၊ ပဋ္ဌာနံ နယသာဂရံ။
ရတ္တိသဏ္ဌာယံ ကတ္ဝာန၊ အဘိဓမ္မဝိဒူ အဟု။

ဆန်းကျမ်း သင်ယူခြင်း

ကျမ်းကြီးပဋ္ဌာန်း ကျမ်းငယ်ဆန်း ဟူ၍ ကျော်ကြားခဲ့သော ပဋ္ဌာန်းကျမ်းကို သင်ယူပြီး နောက် ဆန်းကျမ်းကိုလည်း မန္တလေးတောင်ပြင် ဆန်းတတ်အကျော် ဗန်းမော်တိုက်အုပ်ဆရာတော် အရှင်ဥတ္တမအထံ၌ ပတ္ထာရပုံစံမျှားနှင့် ဆန်းဋီကာကျမ်းတို့ကိုပါ ဆရာနည်းကျကျ လေ့လာဆည်းပူး သင်ယူခဲ့လေသည်။

ဥဂ္ဂဏှိ ဆန္ဒသတ္ထမှိ၊ ဥတ္တမဆန္ဒဝိညူနော။
ကလျာဏော ဆန္ဒသတ္ထေသု၊ ဝိဂတသာရဒေါ အဟု။

ရွှေရေးဆောင်တိုက်သို့

အရှင်ကလျာဏာသည် ၁၂၀၇-မှစ၍ ၃-နှစ်တိုင်တိုင် တောင်ပြင်ကြယ်တလုံးဟု မြန်မာပြည်အလုံး အုပ်ဖုံးကျော်ကြားတော်မူသည့် ဆရာတော် ဦးကြည်ထံတွင် နေထိုင်ကာ ဝါကျသွား ဝါကျလာ အမျိုးမျိုး, အနုသန္ဓေအထွေထွေ, ကျမ်းရိုးအသွယ်သွယ်, အဓိပ္ပါယ်အဖြာဖြာ, ဌပနာ-ပဋ္ဌက ဌပနာဆက္ကစသည့် နည်းနာနယ အဝဝကို ကျန်စစ် သင်ယူရင်း အစိုးရစာမေးပွဲများကိုလည်း ဖြေဆိုခဲ့ရာ အငယ်,အလတ်,အကြီး စာမေးပွဲတို့၌ အထက်တန်းကျည်း အောင်မြင်ခဲ့လေသည်။

အာဒိစ္စရံသိနာမဿ၊ ပါကဋ္ဌဿ သုဝိညူနော။
ကလျာဏော ဝသိတ္ဝာန၊ တိဝဿမှိ သမုဂ္ဂဏှိ။

အနောက်ပြင် ဘေးမဲ့ကျောင်းတိုက်သို့

ဆရာတော်သည် ၁၂၉၀-ပြည့်နှစ်တွင် ပရိယတ္တိသာသနဟိတကာရီအသင်းကြီး၏ ဥက္ကဋ္ဌ အောင်နန်းရိပ်သာရပ် ပိုးကုန်သည်ကြီး ဦးဘိုးငြိမ်း ဒေါ်ခတို့၏ ပင့်လျှောက်ချက်အရ မန္တလေးမြို့ အနောက်ပြင် ဘေးမဲ့ကျောင်းတိုက်သို့ ပြောင်းရွှေကာ ၁၂၉၆-အထိ ၆-နှစ်တိုင် စာပေပရိ-ယတ္တိဓမ္မကို မြားမြောက်စွာသော စာသင်သားတို့အား ပို့ချတော်မူသည်။

သက္ကသီဟ မူလဓမ္မာစရိယ

ဆရာတော်အရှင်ကလျာဏာသည် ရဟန်းသိက္ခာ ၇-ဝါအရတွင် ပရိယတ္တိသာသနဟိတ အသင်းကြီး၏ ပရိယတ္တိသာသနဟိတ (သက္ကသီဟ) မူလဓမ္မာစရိယအဖြစ် ကိုးကွယ်ခြင်းကို ခံယူရလေသည်။

သတ္တဝဿမှိ သမွတ္တေ၊ ကလျာဏော ဝိစက္ခဏော။
ဘူတော ပရိယတ္တိသာသန-ဟိတဿာစရိယော သုဓီ။

စကုတိုက်သို့

ဆရာတော်သည် ၁၂၉၇-၁၂၉၈-ခုနှစ် ၂-နှစ်တိုင် အနောက်ပြင် စကုတိုက်သို့ ပြောင်းရွှေကာ စာပေပို့ချတော်မူပြန်သည်။

စာလိုက်သံဃာ ၅၀၀-ကျော်

ဆရာတော်သည် စကုတိုက်၌ သီတင်းသုံးချိန် စာဝါများချပို့စဉ် စာလိုက်သံဃာတော်များမှာ ၃၀၀-၄၀၀-မှ ၅၀၀-ကျော်အထိ များပြားကာ ဆရာတော်၏ ပရိယတ်သတင်းဂုဏ်သည် တိုင်းပြည်တုန်အောင် ကျော်ကြားလှသည်။

ထေရဿ ဝါစနကာလေ၊ အာရာမေ စကုဝိဿုတေ။
ပရောပဉ္ဆသတံ ဘိက္ခူ၊ ဥဂ္ဂဏှိ သု သမာဂတာ။

မဟာဝေယန်ဘုံသာတိုက် အောင်နန်းရိပ်သာသို့

ဆရာတော်သည် ၁၂၉၉-ခုနှစ်တွင် ပရိယတ္တိသာသနဟိတကာရီ အသင်းကြီး ဥက္ကဋ္ဌ ပိုးကုန်သည်ကြီး ဦးဘိုးငြိမ်း ဒေါ်ခတို့ ဆောက်လုပ်လှူဒါန်းအပ်သော မန္တလေး အနောက်ပြင် မဟာဝေယန်ဘုံသာကျောင်းတိုက်အတွင်းရှိ အောင်နန်းရိပ်သာအုဋ်ကျောင်းသို့ ပြောင်းရွှေကာ သက်ဆုံးတိုင် အလောင်းတော်၏ ဝိရိယပမာ ကြီးစွာသော ဝီရိယဖြင့် ဂန္ထဓုရဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလေသည်။

အောင်နန်းရိပ်သာဝိဟာရေပိ၊ ဝိတ္ထိဏ္ဏော သာဓုနန္ဒနေ။
ဗဟုလေ သမဏော စာပိ၊ ဝါစေသိ ဝါစိတပ္ပကံ။

တပည့်ပေါင်း ၁၂၀၀-ကျော်

ဆရာတော်သည် အောင်နန်းရိပ်သာကျောင်း၌ အမြဲသီတင်းသုံးတော်မူလျက် နေ့ဝါ ညဝါ များပို့ချခြင်း, အဆုံးအဖြတ်ပေးခြင်း, အမေးအဖြေပြုလုပ်ပေးခြင်းတို့ကြောင့် ငယ်, လတ်,ကြီး တန်းများနှင့် သက္ကသီဟဓမ္မာစရိယ, စေတိယင်္ဂဏ ဓမ္မာစရိယ, အစိုးရဓမ္မာစရိယအောင် တဓည့်ပေါင်း ၁၂၀၀-ကျော်အထိ ပေါ်ပေါက်ဖြစ်ထွန်း စေခဲ့လေသည်။ ဆရာတော်သည် ရဟန်းပျို အဖွဲကြီး၏ ဥက္ကဋ္ဌတာဝန်ကိုလည်း ၁၃၀၀ ပြည့်နှစ်ကစ၍ ဆောင်ရွက်ခဲ့သည်။

မန္တလေးခရိုင် ဝိနည်းဓိုရ်

သာမဏေဘဝကပင် ဝိနည်းပိဋကတ်, ဝိနည်းသိက္ခာပုဒ် ဥပဒေတော်၌ ကျမ်းကျင်တတ်မြောက်နိုင်နင်းတော်မူခဲ့သည့်အလျောက် ၁၃၁၂-ခုနှစ်တွင် ဝိနိစ္ဆယဌာနအက်ဥပဒေအရ မန္တလေးခရိုင် ဝိနည်းဓိုရ်တာဝန်ကို မန္တလေးသံဃာထု၏ကိုယ်စား ဆောင်ရွက်တော်မူခဲ့သည်။

ဝိနယဓရဘာဝံ စ၊ ပတ္ဘာ သော မဟာသုဓီ။
အဂတိ အဂန္ဆာန၊ နိစ္ဆိနိ နိစ္ဆယမ္ပိ စ။

ပဌမပြန်နာယက

၁၃၁၃-ခုနှစ်မှစ၍ နှစ်ပေါင်းများစွာ ပဌမပြန်စာဖြေသူများစွာတို့၏ ဆရာတဆူ ဖြစ်တော်မူသဖြင့်လည်း ပဌမပြန်စာမေးပွဲကြီး၏ နာယကအဖွဲဝင်ဆရာတော် အဖြစ်ဖြင့်လည်း နိုင်ငံတော်အစိုးရ၏တာဝန်ပေးခြင်းကို ခံယူတော်မူရသည်။

ပဌမပြန်တိ ဉာတာယ၊ ပရိကမ္မကာသဘာယ စ။
နာယကောစာပိ သော အာသိ၊ ပရိကမ္မကဝိစက္ခဏော။

ပါဠိတက္ကသိုလ် အဓိပတိ

၁၃၁၃-ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ဝေယန်ဘုံသာစာသင်တိုက်ကို ဝေယန်ဘုံသာပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးအဖြစ် တည်ထောင်ဖွင့်လှစ်ကာ သီဟိုဠ်ကျန်း ဝိဇ္ဇာဒယတက္ကသိုလ်ကြီး၏အဓိပတိ ဒေါက်တာအရှင်သောရတမဟာထေရ်, ဒီလစ်အရှင်ဝိမလဓမ္မမဟာထေရ်တို့အလား ကြီးမားသော ဝိရိယဥဿာဟဖြင့် ဝေယန်ဘုံသာပါဠိတက္ကသိုလ်ကြီး၏ အဓိပတိတာဝန်ကို ပံ့လွှန်တော်မူသည်အထိ ဆောင်ရွက်တော်မူခဲ့လေသည်။

ပဓာနော စာပိ သော အာသိ၊ ဝေယန်ဘုံသာ သုတဿ စ။
ပါဠိဝိဇ္ဇာပီဠဘူတ- ဝိဿဝိဇ္ဇာလယဿ စ။

ဘာရတ, သီဟိုဠ်လေ့လာရေးအဖွဲဥက္ကဋ္ဌ

၁၃၁၄-ခုနှစ်တွင် အိန္ဒိယနိုင်ငံ, သီဟိုဠ်နိုင်ငံရှိ ဗုဒ္ဓဘာသာအဆောက်အဦ ကျောင်းကန်ဘုရားစေတီပုထိုးများကိုလေ့လာရန် သာသနာရေးမစ်ရှင်အဖွဲတဖွဲကို နိုင်ငံတော်အစိုးရက စေလွှတ်ခဲ့သည်၊ ဖော်ပြပါ ဓမ္မဒူတ သာသနာရေးမစ်ရှင်အဖွဲတွင် ဆရာတော်သည် သဘာပတိဥက္ကဋ္ဌဖြစ်၍ အိန္ဒိယနိုင်ငံ, သီဟိုဠ်နိုင်ငံရှိ ဘုရား ပုထိုး စေတီ ကျောင်းကန်များကို ကြွရောက်လေ့လာဖူးမြော်သံဝေဂယူတော်မူခဲ့သည်။

ဘာရတဩဒီပါသု၊ သုဒ္ဓူတမဏ္ဍလဿ စ။
နာယကဘာဝမာပန္နော၊ ဥက္ကဋ္ဌော အဂ္ဂတံ ဂတော။

ဆဋ္ဌသံဂါယနာ ဆောင်ရွက်ချက်များ

ဆရာတော်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၁၆-ခု၊ ကဆုန်လပြည့်နေ့မှစ၍ ကျင်းပသော ဆဋ္ဌသံဂါယနာတွင်—

၁။ မဇ္ဈိမပဏ္ဏာသ မူလဝိသောဓကအဖွဲ၏ ဥက္ကဋ္ဌအဖြစ်ဖြင့်၎င်း၊
၂။ ပဋိဝိသောဓကအဖွဲဝင် အဖြစ်ဖြင့်၎င်း၊
၃။ ကထာဝိဿဇ္ဇကအဖွဲဝင် အဖြစ်ဖြင့်၎င်း၊
၄။ ဆဋ္ဌသံဂါယနာဩဝါဒါစရိယ အဖြစ်ဖြင့်၎င်း၊

ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။

ဆဋ္ဌသံဂီတိကာလေပိ၊ မရမ္မရဋ္ဌေ ပဝတ္တိကေ။
မူလဝိသောဓကော စေဝ၊ ပဋိဝိသောဓကော တထာ။
ဩဝါဒါစရိယဘူတော စ၊ ကထာဝိဿဇ္ဇကော ပိစ။
ဣတိ အနေကဋ္ဌာနေသု၊ ဘာရဝါဟိ ဝိသာရဒေါ။

နိုင်ငံတော်ဘာသာ အကြံပေးအဖွဲ့ ဩဝါဒါစရိယ

ဆရာတော်သည် ၁၉၆၁-ခုနှစ် အက်ဥပဒေအမှတ် ၁၇-အရ ဖွဲ့စည်းအပ်သော ဗုဒ္ဓဘာသာ သာသနာတော်ကြီးကို နိုင်ငံတော်ဘာသာ သာသနာအဖြစ် ပြဋ္ဌာန်းသတ်မှတ်ရေးဆိုင်ရာ အကြံပေးအဖွဲ့၏ ဩဝါဒါစရိယဆရာတော်အဖြစ်ဖြင့်လည်း ဆောင်ရွက်တော်မူခဲ့သည်။

တဒါ သမ္မတရာဇာနော၊ သာသနံ ရဋ္ဌသာသနံ။
အကံသု ဇိနစက္ကဿ၊ စိရကာလာဘိဝုဒ္ဓိယာ။

အထ သော ဥပဒေသဿ၊ ကာရိကာယ သဘာယ စ။
ဩဝါဒါစရိယဘူတော စ၊ ဓုရန္ဓရော ဗဟုဿုတော။

ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ

ဆရာတော်သည် ၁၃၂၂-ခုနှစ်မှစ၍ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌအဖြစ် ထမ်းဆောင်တော်မူခဲ့လေသည်။

ကျမ်းပြုစုတော်မူခြင်း

ဆရာတော်သည် အားလပ်ချိန်တွင် ကျမ်းစာများကို ရေးသားစီရင်ခြင်းဖြင့်လည်း ဂန္ထကာရက ပုဂ္ဂိုလ်ကျော်များစာရင်းတွင် ပါဝင်နိုင်လေသည်၊ ဆရာတော်ပြုစုတော်မူသော ကျမ်းများမှာ—

၁။ ပဒဝေါဟာရ ဝိဘာဝနီကျမ်း၊
၂။ ဆန်းဋ္ဌီကာနိဿျ၊
၃။ အလင်္ကာနိဿျ၊
၄။ ဆန်းအလင်္ကာအဓိပ္ပါယ်ကျမ်း၊
၅။ လောကလမ်းညွှန်ကျမ်း၊
၆။ သဗ္ဗညုတဉာဏ်ဆိုတာ ဘာလဲကျမ်း၊
၇။ အိန္ဒိယ,သီဟိုဠ်သွား မှတ်တမ်းကျမ်း၊
၈။ စာချုတန်း အထွက် အတက် ဝါကျဖွင့် အကျယ်ကျမ်း

စသည်တို့ ဖြစ်လေသည်၊ ထို ကျမ်းများအနက် လောကလမ်းညွှန်ကျမ်းမှာ မှိုရာ,မမှိုရာ လမ်းညွှန်၍ ထားခြင်းနှင့် ပူဇော်ရာ ပြည်ထဲရေးရာ,ကမ္ဘာ့ရေးရာ,နေ,လ,နက္ခတ်တာရာ သွားရေး,လာရေး စသည်တို့ကို အကိုးအကား စုံလင်စွာ ရှင်းလင်းလမ်းညွှန်ထားသဖြင့် လောကီ,လောကုတ္တရာ မှိုခိုအားထားလောက်သော ကျမ်း ဖြစ်လေသည်။

သဗ္ဗညုတညာဏ်ဆိုတာ ဘာလဲ ကျမ်းမှာ ၁၃၀၈-ခုနှစ်က ရန်ကုန်မြို့ ရွှေတိဂုံစေတီဘုရား၏ အလယ်ပစ္စယံ ဒိုက်ဦးဇရပ်၌ ကျောင်းသားညီလာခံကျင်းပစဉ် ဇောက်ထိုးအမည်ဖြင့် သဗ္ဗညုတညာဏ်ဆိုတာ ရှိသလား အစချီလျက် ဗုဒ္ဓဘုရားရှင်၏ အပေါ်၌ စွပ်စွဲချက်ပေါင်း ၉-ချက်ဖြင့် နံရံကပ် သတင်းစာကြီးတစောင် ပေါ်ခဲ့သည်၊ ထို စွပ်စွဲချက်ကြောင့် ဗုဒ္ဓဘာသာလူထုကြီး ကြိမ်မီးအုံးသို့ ယူကျုံးမရ ဖြစ်ကြသည်၊ ထိုကြောင့် ၎င်းစွပ်စွဲချက်ကို ဝေဖန်ဖြေရှင်းရန် ရဟန်းပျို အဖွဲကြီး စသည်တို့မှ ဆရာတော် ဦးကလျာဏ အား တညီတညွတ်တည်း လွှဲအပ်ကြသဖြင့် ဖြေရှင်းရေးသားခဲ့သော ကျမ်းစာတစောင် ဖြစ်လေသည်၊ ဤသို့ဖြင့် ဆရာတော်သည် ကျမ်းဂန်ပြု ပုဂ္ဂိုလ် ဝါဆူဖြစ်၍ ဒက္ခ ဗျတ္တ ဝိညူဖြစ်ပြီး သယမ္ဘူမြတ်ဘုရား၏ သာသနာ့ဝန်ဆောင် ဖြစ်ပါသတည်း။

ဇေံ ဘဒန္တကလျာဏော၊ ဝိသိဋ္ဌဂန္ထကာရကော။
ဒက္ခော ဗျတ္တော စ ဝိညူ စ၊ သယမ္ဘုသာသနဒ္ဓရော။

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ အမှူဆောင်

ဆရာတော်သည် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ အဖွဲကြီး၌ ပခုက္ကူ မဟာဝိသုတာရာမတိုက်မှ ဂဏဝါစကများနည်းတူ နိကာယကြီး၏ အမှူဆောင် ဆရာတော်အဖြစ်ဖြင့် တာဝန်ယူ၍ ကျရောက်လာသော သာသနကိစ္စကို ပြုလုပ်တော်မူသည်။

နိကာယကိစ္စသမ္ပတ္တော၊ ထေရော ထိရေသု သဏ္ဌိတော။
ကရံ နိကာယကိစ္စာနိ၊ ဝိဝိဓာနိ ဗဟူနိပိ။

ပခုက္ကူသို့ အကြိမ်ကြိမ် ကွန်ခြင်း

ဆရာတော်အရှင်ကလျာဏသည် မိမိအတွက် ဘူမိနက်သန် အောင်မြေမှန်သည့် ပခုက္ကူ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးသို့ အကြိမ်ကြိမ် ကွန်ရောက်တော်မူခဲ့သည်၊ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး စဘင်စည်းဝေရာ ၁၃၀၀ ပြည့်နှစ် တန်ဆောင်မုန်းလ, ဒုတိယ အကြိမ် ကျင်းပရာ ၁၃၀၁-ခု နတ်တော်လတို့၌လည်း ကွန်ရောက်၍ အစည်းအဝေးများ၌ အကြိမ်ကြိမ် ထုတိကထာ မြွက်ကြားခဲ့သည်၊ ဆရာတော် အရှင်ပညာ ပျံလွန်တော်မူစဉ် ၁၃၀၈-ခုနှစ် သီတင်းကျွတ်လ သာဓုကီဠန ရက်အတွင်း ကွန်ရောက်၍ ကျေးဇူးရှင် ဆရာတော်အား နောက်ဆုံး ပူဇော်၍ တရက် တိုက်တွင်းသံဃာတော်များနှင့် ပင့်သံဃာများ ၁-ထောင်နီးပါးကို ဆွမ်းလှူဒါန်းခဲ့သည်၊ ၎င်းပြင် နိကာယကြီး စည်းဝေးရာ တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌ-အကြိမ်တို့၌လည်း ကွန်ရောက်ကာ ထုတိကထာများ မြွက်ကြားလေသည်၊ ဤသို့ဖြင့် ကောင်းမြတ်သော ဂုဏ်၌မှီသော ကောင်းမြတ်သော ပညာရှင် အရှင်ကလျာဏသည် ကျေးဇူးရှင် ဆရာတော်တို့အား လေးစားကြည်လင် တာဝန်ကို ကျေပြန်အောင် ဆောင်ရွက်တော်မူသည်သာမက သာသနကိစ္စတို့ကိုလည်း ဥပေက္ခာပြု လျစ်လျူရှုမိုးမရှိပဲ ကောင်းမွန်စွာ ပြုလုပ်ဆောင်ရွက်တော်မူပါပေသည်။

ဇေံ ဘဒန္တကလျာဏော၊ ကလျာဏဂုဏနိဿိတော။
ကလျာဏံ စိန္တယိတ္ဝာန၊ ကလျာဏမကရီ သုခီ။

အဂ္ဂမဟာပဏ္ဍိတဘွဲတော်

ဆရာတော်သည် အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်ချက် အမျိုးမျိုးနှင့် သီလ, သမာဓိဂုဏ်, ပညာဂုဏ်တို့ဖြင့် လွှမ်းခြုံကျော်ကြားတော်မူရကား အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်

တော်ကို ၁၃၁၆-ခုနှစ်တွင် နိုင်ငံတော်အစိုးရတို့က သဒ္ဓါရှင်လန်း လှူဒါန်းဆက်ကပ်ခြင်းကို ခံယူရလေသည်။

တဿ ကလျာဏဘာဝံ စ၊ သီလာဒိသုဂုဏမ္ပိ စ။
ပဏ္ဍိတံ အတိဗျတ္တံ စ၊ သန္တံ သပ္ပညကောဝိဒံ။
သန္ဓာယ မြန်မာရာဇာနော၊ မရမ္မဝိသယိဿရာ။
အဂ္ဂမဟာပဏ္ဍိတေန၊ ဥပါဓိနာ ဘိပူဇိသုံ။

ဘဝနတ်ထံ ပျံလွှန်တော်မူပြီ

ဤသို့လျှင် သာသနသမိုင်းဝင် မြန်မာ့သာသနာ၏ ပညာရှိကြီး သုခမိန်ကြီး, လောကီ, လောကုတ္တရာဘွဲ့တော် ဂုဏ်တော်အမျိုးမျိုးတို့၏ ပိုင်ရှင် မဟာဝိသုတာရာမဝံသိက ဆရာတော် အရှင်ကလျာဏသည် ၁၃၂၄-ခု ဝါခေါင်လဆန်း ၅-ရက်နေ့ ၃-နာရီ စာဝါပင်ချတော်မူနိုင်သေး သော်လည်း ၁၃၂၄-ခု ဝါခေါင်လဆုတ် ၆-ရက်နေ့နံနက် ၈-နာရီအချိန်တွင် နတ်မင်းဣန္ဒာ၏ ပင့်လျှောက်ချက်ကို လက်ခံတော်မူကာ နတ်ပြည်သို့ကြွသွား အနားယူခဲ့လေသည်။

သံဝေဂယူဖွယ်

ယနေ့ကပင်လျှင် အားထုတ်ပြုလုပ်သင့်သော ကုသိုလ်ကောင်းမှု အစုစုကို ပြုလုပ်သင့်သည်၊ နက်ဖြန်သေရမည်,ဟု အာဘယ်သူ သိချိမ့်မည်နည်း၊ များစွာသော မီး,အဆိပ်,ဓားလက်နက် အစ ရှိသော စစ်သည်တော် တပ်မတော်ရှိသော သေမင်းနှင့် ချိန်းချက်ထားမှု မရှိပါချေ။

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညော မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

(ဥပရိပဏ္ဏာသ။ ၂၂၆-စသည်)။

၁၃၁၈-ခုနှစ် ပခုက္ကူမြို့မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ (ပဉ္စမသန္နိပါတ) သြဝါဒခံယူပူဇော်ပဲ့ကြီးတွင် ဆရာတော်အရှင်ကလျာဏာဘိဝံသ မိန့်ကြားတော်မူခဲ့သော ထုတိကထာ

သဒ္ဓါက-အဆာပါလာသော စာသင်သားတိုင်းသည် ပခုက္ကူမဟာဝိသုတာရာမတိုက်၌ ၄-၅ နှစ် နေ၍ တနေ့လျှင် စာကို ၃-၄ ဝါ လိုက်နာကြိုးစားပါလျှင် ၄-၅ နှစ်အတွင်းမှာပင် မချုတ်မယွင်း သင်ရိုးပိဋကတ်သုံးပုံ၊ ပါဠိအဋ္ဌကထာများနှင့်တကွ ကျန်နိကာယကြီးတို့ကိုပါ ကုန်စင်ထွင်းဖောက် ဉာဏ်အလင်းပေါက်၍ စာသင်ခြင်းကိစ္စ ပြီးမြောက် ခရီးရောက်မည်မှာ အမှန်ဖြစ်ပါတော့သည်။

ပခုက္ကူ မဟာဝိသုတာရာမတိုက်ရှိ စာချဆရာတော် ကြီးငယ်များသည်ကား ပါဠိတော်နှင့် အဋ္ဌကထာကို အမြဲတမ်းဒွန်တဲ့လျက် တခါတရံ ဋီကာပါတဲ့လျက် ပို့ချလေ့ရှိကြပါသည်၊ မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ နိကာယ်ကြီးတို့ကိုပါ ကုန်စင်အောင် မပြတ်ပို့ချရိုးပြုသော ဌာနသည်ကား ပြည်ထောင်စု မြန်မာနိုင်ငံတော် တဝှန်းလုံးတွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ ဌာနတခုတည်း သည်သာ မူလ-ပဘဝ အစဌာနအဖြစ်ဖြင့် ယခုတိုင်အောင် ထွန်းပြောင်လျက် ရှိပါတော့သည်။

ပါဠိတော်ကြီးများကို အဓိက.ထားကာ အမြဲတမ်းပို့ချလျက်ရှိသောကြောင့် လေ့ကျက်သင်ကြား စာသင်သား အများတို့၏နားမှာ ရှင်တော်ဘုရား၏ စကားကို အချိန်မခြား နေ့စဉ်ကြားနေပါတော့သည်၊ ဘုရားရှင်ကို နေ့စဉ်ပင် ဖူးမြင်ဦးတင်နေရသကဲ့သို့ ဖြစ်ပါတော့သည်၊ ဘုရားရှင်၏ ဂုဏ်တော်ပန်းကို ဆင်မြန်းသိုင်းခြုံ ဦးလှိုင်သောနေ့ထူး နေ့မြတ်ချည်း ဖြစ်နေပါတော့သည်၊ ထို့ကြောင့် (ပခုက္ကူမဟာဝိသုတာရုံတိုက်သို့ ရောက်မှ ဘုရားနှင့်တွေ့ရသည်) ဆိုသော ဥဒါန်းစကားကို ပခုက္ကူမဟာဝိသုတာရုံတိုက်မှာ စာပေသင်ကြားသွားကြသော နောင်တော်ညီတော်ဖြစ်တော်မူကြသော စာသင်သားတိုင်း၏ နှုတ်ဖျားခွ် အမြဲတမ်းပြောကြားရိုး သုံးနှုန်းရိုးဖြစ်နေပါတော့သည်။

အဘယ်မည်သော အကြောင်းများကြောင့် စာသင်သား အပေါင်းတို့က မင်းနေပြည်တော်ဖြစ်သော မန္တလေးနှင့်တန်းတူ ပခုက္ကူ မဟာဝိသုတာရုံစာသင်တိုက်ကြီးကို မျက်စိကိုအကုန်ဖွင့်နားစုံစွင့်ကာ အလေးတမူ အရေးယူလာကြရပါသနည်း။

အဖြေကား ရှင်းလင်းလွယ်ကူလှပါတော့သည်။

၁။ ကြီးမားပြင်းထန်လှစွာသော (ဆန္ဒဝီရိယ) တော်တို့ဖြင့် ပခုက္ကူ မဟာဝိသုတာရုံတိုက်ကြီးကို တည်ထောင်တော်မူခဲ့သော ကျေးဇူးတော်ရှင် ရေစကြို့ဆရာတော်ဘုရားကြီးနှင့်တကွ နောက်နောက် အဆက်ဆက်သော ဆရာတော်ဘုရားကြီးများသည်(ရာဇဝတ္ထုဘ-ဂီဟိသံသဋ္ဌလောကိယကိစ္စ) အဝဝတို့ကို တံတွေးပေါက်ပမာ စွန့်ခွါပယ်ရှားတော်မူကြ၍ (ဂန္ထဓုရ) တခုတည်းခွဲသာ အားသွန်ခွန်စိုက် နှလုံးပိုက်တော်မူကြခြင်း။

၂။ ရဟန်းခံသိမ်သမုတ် ကိစ္စမှတပါး အခြားကိစ္စတို့ကြောင့် စာပေပို့ချမှုကို အပျက်မခံပဲ စာချ မှန်ကန်တော်မူကြခြင်း။

၃။ နိကာယ်ကြီး ငါးရပ်တို့ကို အထပ်ထပ် အဖန်ဖန် ခေါက်တုံ့ခေါက်ပြန် အမြန်ဆုံးလျှပ်စစ်နည်းဖြင့် အစဉ်မပြတ် ပို့ချတော်မူကြခြင်း။

၄။ အဓိပ္ပါယ်ပြောရန် အချိန်ကို သီးသန့်မထားတော့ဘဲ ပြောရမည့် အဓိပ္ပါယ်သွား အဆုံးအဖြတ်များကို စာကိုယ်အတွင်း ဝင်အောင်သွင်းလျက် (ဝါ–ဝါ) (တနည်း) (တနည်း) တို့ဖြင့် နားမငြီးနိုင်အောင် ပို့ချတော်မူလေ့ရှိကြခြင်း။

၅။ အုပ်ချုပ်ရေးမှာ စံနမူနာယူလောက်အောင် ကျန်ကောင်းမွန်လှခြင်း။

၆။ ဂိလာန စာသင်သားများ အပေါ်၌ မိဘပမာ ကြင်နာယုယစွာ ပြုစုစောင့်ရှောက်တော်မူကြခြင်း။

၇။ မိုးရွာသွန်းရာအခါစသည်တို့၌ ဆန် ဆီ ဆား စသောပစ္စည်းများ တိုက်တာသံဃာ-တော်များအား ပေးဝေလေ့ရှိခြင်းစသော အကြောင်းရင်းများသည် တနေ့တခြားဒီရေအလားသို့ တိုးတက်စည်ကား တိုက်တာကြီးပွါးခြင်း၏ မူရင်း ပဘဝ အဓိကဖြစ်သော အကြောင်းအရာများ ဖြစ်ပါတော့သည်။

ပခုက္ကူဆရာတော်ဘုရားကြီး၏
မှတ်သားနာယူဘွယ်ရာ ဩဝါဒထူး

၁။ စာတတ်ခြင်း၏အင်္ဂါလက္ခဏာကား အမျှားအပြားမရှိ တပါးသာတည်း။ တပါးဟူသော်ကား ရုပ်ပြီးခြင်းပင်တည်း။

အဓိပ္ပါယ်ကား

ပိဋကသုံးဖြာ ပါဠိဘာသာ ဟူသမျှမှာ သဒ္ဒါဉာဏ် အရင်းခံပါဘို့ရာ အရေးအကြီးဆုံးဖြစ်သော သော့ချက်အင်္ဂါ တရပ်ဖြစ်သည်၊ သို့ဖြစ်၍ ပါဠိဘာသာအရာရာ၌ ရုပ်ပြီးရန်အရေးကြီးသည်၊ ရုပ်မပြီးလို့သာ စာမတတ်ဘဲ ဖြစ်နေကြသည်၊ ရုပ်ပြီးလျှင် အမှန်ပင် စာတတ်ရမည်၊ ရုပ်ပြီးအောင် လုပ်ကြဟု တိုက်တွန်းလိုရင်းဖြစ်သည်။

၂။ ညဝါကို ပိုင်နိုင်ခြင်း၏အင်္ဂါလက္ခဏာကား အမျှားအပြားမရှိ တပါးသာတည်း၊ တပါးဟူသော်ကား သင်္ဂြိဟ်သရုပ်ကို အဟုတ်ကျေပြန်ခြင်းပင်တည်း။

အဓိပ္ပါယ်ကား

သင်္ဂြိဟ်သရုပ်ကို ထုံးလိုချေ ရေလိုနှောက်ပြီးလျှင် ငလုံး-ဂျင်နိုင်တဲ့နည်းကဲ့သို့ သင်္ဂြိဟ်သရုပ်ကို ကျေညက်အောင် ချေထားပါဟု ဆိုလိုပေသည်၊ ထိုသို့ဖြစ်လျှင် မာတိကာမှစ၍ ပဋ္ဌာန်းအထိ ဘာမျှ ကြောက်ဖွယ် လန့်ဖွယ် စိုးရိမ်ဖွယ်မရှိ ခလုတ်မထိ ဆူးမငြိဘဲ ညဝါဉာဏ်ကို အမြင်သန့်သန့်ဖြင့် ရယူဆွတ်ခူးနိုင်ပေမည်ဟု မိန့်မြွက်လိုရင်းဖြစ်သည်။

၃။ တို့မျှားက သင်တို့အား ပိဋကတ်အသိဉာဏ်တည်းဟူသော (ခား)သံလျက်ကို ထက်မြက်-အောင် သွေးချေပေးခဲ့လေပြီ၊ ထိုသံလျက်(ခား)ဖြင့် ဗူးသီးခရမ်းသီးမျှားကိုတော့ လှီးဖြတ်ခုတ်ထစ် စားမပစ်ကြနဲ့။

အဓိပ္ပါယ်ကား

တို့မျှားက ပေးထားသော ပိဋကတ်အသိဉာဏ်ဖြင့် (ဂန္ဆဓုရ ဝိပဿနာဓုရ)ကိစ္စနှစ်ဝတ္ထုဒွသာ အသုံးမချပဲ ဓုရနှစ်ပါးမှအပ(ဗာဟိရ လောကိယကိစ္စ ကာမကိစ္စ)မျှားအတွက် အသုံးချမပစ်ကြနဲ့လို့ ဆိုလိုပေသည်။

ပခုက္ကူဆရာတော်ဘုရားကြီးမျှား၏(ဩဝါဒထူး)မျှားအနက် မိမိအနှစ်သက်ဆုံးဖြစ်၍ ကိုယ်တိုင်လိုက်နာကျင့်သုံးခဲ့သော အဘိုးအနဂ္ဃထိုက်ဘန်လှစ္စာသော အနှစ်သာရပြည့်ဝ ဩဇာဝန္တဖြစ်သော (ဩဝါဒထူး)သုံးခုမျှကိုသာ တင်ပြလိုက်ပါသတည်း။

ဆရာတော် ဦးကလျာဏ (အဂ္ဂမဟာပဏ္ဍိတ)
မဟာဝေယန်ဘုံသာတိုက် ပါဠိတက္ကသိုလ်ကျောင်း
အနောက်ပြင် မန္တလေးမြို့။

မန္တလေးမြို့ ချမ်းသာကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ

အရှင်နန္ဒမဉ္ဇုဘိဝံသ မဟာထေရ်

အရှင်နန္ဒမဉ္ဇုဘိဝံသမဟာထေရ်သည် သီလဝန္တ, သိက္ခာကာမ ဖြစ်သော မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင် ဆရာတော်တပါး ဖြစ်တော်မူသည်။

ဆရာတော်သည် ပခုက္ကူခရိုင် မြိုင်မြို့နယ် အိုရင်းရွာ ဆေးဆရာကြီး ဦးလူထွန်းနှင့် ဆရာကတော် ဒေါ်တု-တို့မှ ၁၂၆၄-ခုနှစ် တန်ခူးလဆန်း ၁-ရက် စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည့် တတိယမြောက် သားရတနာဖြစ်လေသည်။

လက်ဦးဆရာများ

"လက်ဦးဆရာ ဆိုထိုက်စွာသား ပုဗ္ဗာစရိယ မိန္ဒင့်ဖ" ဟူသောစကားအတိုင်း မိဘတို့က ငယ်စဉ်ကပင် စကားပြောတတ်အောင်, ကလေးရည်ဝအောင်, ရဟန်းသံဃာမြင် ဦးတော်တင်တတ်အောင် လမ်းကြောင်းပေးကြသည်၊ သင်ပေးကြသည်၊ ထို့ကြောင့်ပင် မိခင်, ဘခင်ကျေးဇူးရှင်တို့ကို ပုဗ္ဗာ-စရိယဟု သဗ္ဗညုဘုရား ဟောကြားတော်မူခဲ့လေသည်။

ကျောင်းအပ်ပညာသင်

ဆရာတော်လောင်းလျာ ဂ-နှစ်သား အရွယ်သို့ ရောက်သောအခါ "မကောင်း မြစ်တာ ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝန်ခိုးရင်း ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဘခင် မယ်တို့တာ"-ဟူသော လက်ံာအတိုင်း မိဘတို့က အိုရင်းရွာကျောင်း ဆရာတော်ဦးနာရဒထံ အပ်နှံကြသဖြင့် ဆရာတော်လောင်းလျာ သူငယ်အား သင့်တင့်လျောက်ပတ်သော နမော ဗုဒ္ဓါယ သိဒ္ဓမ် မန္တာန် အစချီသည့် သင်ပုန်းကြီး, မင်္ဂလသုတ်, ပရိတ်-စသည်တို့ကို သင်ကြားပေးရာ ရက်အနည်းငယ်အတွင်း တတ်မြောက်လေသည်။

အိုရင်းဂါမေ ပဓာနဿ၊ နာရဒထေရသန္တိကံ။
ဒါရကော တာဝ ဥဂ္ဂဏှိ၊ ဒါရကပတိရူပကံ။

သာမဏေသိက္ခာ ၁၀-ဖြာ စောင့်ထိန်းခြင်း

ဆရာတော်လောင်းလျာသည် အသက် ၁၃-နှစ်အရွယ်တွင် မိဘတို့က ပဗ္ဗဇ္ဇာမင်္ဂလာသဘင် ဆင်ယင်ကျင်းပကြသဖြင့် ဆရာတော်ဦးနာရဒနှင့် ဆရာတော်ဦးသုဇာတတို့ထံ ရှင်သာမဏေအဖြစ် သို့ ရောက်ခဲ့ကြသည်၊ သာမဏေဘွဲ့တော်မှာ ရှင်နန္ဒမဉ္ဇု ဖြစ်လေသည်၊ ရှင်နန္ဒမဉ္ဇုမှာ ရောင်ဝါတင့်ဆန်း မြတ်သင်္ကန်းဖြင့် တင့်တယ်လှပ ငြွှန်ရေရှုစွာ သာမဏေသိက္ခာ ၁၀-ဖြာကို ကောင်းစွာ စောင့်ရှောက်ခွင့်ရလေသည်။

တေရသဝဿသမ္ပတ္တော၊ သာမဏေရတ္တနံ လဘိ။
နန္ဒမဉ္ဇုတိ အဒါသိ၊ နာမံ နာမဝိဒူ သုဓီ။

အတတ်ပညာသင်

ကျေးဇူးရှင် ဆရာတော်များဖြစ်ကြသော ဆရာတော် ဦးနာရဒနှင့် ဦးသုဇာတတို့က သာသနာတော်၏ အညွှန့်အညွှာက် သာမဏေ ရှင်နန္ဒမဠ္ဍိကို လိုင်, ဒဏ်, သေခြိယ, စုဒ္ဓသခန္ဓကဝတ်စသော သင်အပ် သင်သင့်သည့် သာမဏေဝိနည်း ဥပဒေကျမ်းများနှင့်တကွ ပိဋကတ်သုံးသွယ်၏ အခြေခံများဖြစ်သော သဒ္ဒါ, သင်္ဂိုဟ်တွဲဖက်၍ သင်ကြားပေးလေသည်။

"အထုံပါရမီ ဆက်တိုင်းမို့ ဉာဏ်ရည်တလက်လက်"ဟု ဆိုရလောက်အောင် ရှင်နန္ဒမဠ္ဍိကို ရှင်မှာ ပါရမီရှင်တဦးဖြစ်သည့်အတိုင်း သင်ကြားပေးသမျှကို အရွယ်နှင့်မလိုက်အောင် မှတ်မိသဖြင့် ကိုရင်ငယ်ဘဝနှင့်ပင် ပိဋကတ်အခြေခံ ကျမ်းစာများကို တတ်မြောက်ခဲ့လေသည်။

တရုဏော စ သမာနော၀၊ ပိဋကပါဒ ပေါတ္ထကံ။
ထိရာနံ ထေရသေဋ္ဌာနံ၊ သန္တိကေ ဥဂ္ဂဏှိ ဝိဒူ။

သက္ကသီဟဓမ္မာစရိယ ဦးတိက္ခထံ

ရှင်နန္ဒမဠ္ဍိသည် အသက် ၁၇-နှစ်အရွယ်တော်ခေတ်တွင် မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးတိုက် မြို့အုပ်ကျောင်းဆရာတော် သက္ကသီဟဓမ္မာစရိယ ဦးတိက္ခထံသို့ ရောက်ရှိကာ ဘေဒစိန္တာ, ကစ္စာယနသာရ, ဂန္ထာဘရဏ, ဇာလိနီစသော သဒ္ဒါငယ်ကျမ်းများနှင့် ရူပသိဒ္ဓိ,ကခ်ါ, ဋီကာကျော်, အဘိဓာန်-စသော ကျမ်းများကို ဆိုဝါဖြင့် သင်ယူတတ်မြောက်လေသည်။

နန္ဒမဠ္ဍိမနုညော ဟိ ၊ မနုညထိရစေတသော။
မေဓာ၀ိနော ဟိ တိက္ခဿ၊ ဥဂ္ဂဏှိ သန္တိကေ သုဓီ။

ချမ်းသာကြီးဆရာတော်က ရှင်နန္ဒမဠ္ဍိအား ပေးသည့်ဩ၀ါဒ

ဆရာတော်ဦးတိက္ခသည် သက်တော်ကြီး၍ မင်းကွန်းဖက်၌ တောထွက်နေသော အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် ဆရာရင်းဖြစ်သော ချမ်းသာကြီးဆရာတော်ထံ ကန်တော့သွားတိုင်း ရှင်နန္ဒမဠ္ဍိကို ခေါ်၍ သွားလေ့ရှိသည်၊ ရှင်နန္ဒမဠ္ဍိ၏ အရည်အသွေးကို သိနှင့်ပြီးဖြစ်သော ချမ်းသာကြီးဆရာတော်ဘုရားကြီးက ရှင်နန္ဒမဠ္ဍိအား—

၁။ လောက, ဓမ္မ, ဆဇ္ဈ သုံးဌာနကို ကျွမ်းကျင်မှုရှိရမည်၊
၂။ စာတတ်လက္ခဏာ မှတ်စရာ ၃-ဖြာ ဒုလ္လဘာ၊
ကျော်နင်းနိုင်ဘိ ပညာရှိ ကဝိမှတ်ကုန်ကြ။

ဒုလ္လဘ ၃-ပါးကား

က။ မရသေးသောစာကို ရအောင် ကျက်ရန် ခဲယဉ်းခြင်း၊
ခ။ ရပြီးသောစာကို ဆောင်ထားနိုင်ရန် ခဲယဉ်းခြင်း၊
ဂ။ ဆောင်ထားသောစာကို အနက်အဓိပ္ပါယ်သိရန် ခဲယဉ်းခြင်းတို့ ဖြစ်သည်။

၃။ ငယ်ဦးမှ ကြီးရာသည် ကြီးလွယ်က ငယ်တတ်စ့၊
၄။ ကြိုးစားအားထုတ်၍ မသင်ကြားလျှင် ပညာရှိ မဖြစ်နိုင်၊
၅။ အစွမ်းသတ္တိရှိ၍ လုံ့လနည်းသူသည် အစွမ်းသတ္တိနည်း၍ လုံ့လကြီးသူ၏ အောက်သို့ ကျရောက်မြဲဖြစ်သည်၊
၆။ အတတ်ပညာရှိသော်လည်း အကျင့်စာရိတ္တပျက်ယွင်းလျှင် အသုံးမဝင်၊
၇။ ဆန္ဒရှိသောအမှုကို ဉာဏ်လုံ့လဖြင့် ကြံစည်ပြုလုပ်လျှင် အောင်မြင်နိုင်သည်၊
၈။ အကောင်းကို ပြုသူကား သူတပါးရှိသေခြင်းကို ခံရလိမ့်မည်၊
၉။ ဝတ္တရားအတိုင်းပြုလျှင် အပြစ်ကင်းရာသည်၊
၁၀။ ဂတိမတည်သူသည် အမှန်ကိုပြောငြားသော်လည်း ယုံကြည်ခြင်းကို မခံရ—

ဟူသော ဩဝါဒ ၁၀-ပုဒ်ကို ပေးလိုက်လေသည်၊ ရှင်နန္ဒမဉ္ဇူသည် ဖော်ပြပါ ဩဝါဒတို့ကို ဦးထိပ်ပန်ဆင် မှတ်ယူကာ အမြဲကျင့်သုံးလေသည်။

ရဟန်းဘဝ ဒုလ္လဘသို့

ရှင်နန္ဒမဉ္ဇူသည် သက္ကရာဇ် ၁၂၀၄-ခုနှစ် ကဆုန်လဆုတ် ၁၀-ရက်နေ့တွင် အိုရင်းရွာကျောင်း ခဏ္ဍသိမ်တော်၌ ထနှောင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ အိုရင်းရွာ ဦးသိန်း-ဒေါ်သက်မယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို ရရှိခဲ့လေသည်၊ ရှင်နန္ဒမဉ္ဇူမှ ဦးနန္ဒမဉ္ဇူ ဖြစ်လာသော ရဟန်းသစ်သည် ၂၂၇-သွယ် သိက္ခာပုဒ်တော်များနှင့် သေမကွဲ ရှင်မကွာ လုံခြုံစွာ စောင့်ထိန်းရမည်ကို ဝမ်းမြောက်ဝမ်းသာလျက် ရှိလေပြီ၊ ဣန္ဒြေစောင့်စည်းမှုမှာလည်း ဣန္ဒြေယ သံဝရအရာ တေဒဂ်ရ ဘုရားရှင်၏ ညီတော်မင်းနန်ပမာ ဥပမာပြုသင့်လှပေသည်။

သုဒုလ္လဘံ လဘိတ္ဝာန၊ နန္ဒမဉ္ဇူယတီသဘော။
သံဝရော ဣန္ဒြိယေသုပိ၊ ယထာ ဟိ နန္ဒကော သုဓီ။

ဆရာများစွာတို့ထံ နည်းနာခံ

ရဟန်းတော်သစ် အရှင်နန္ဒမဉ္ဇူသည် မန္တလေးသို့ ပြန်ကြွတော်မူ၍ ချမ်းသာကြီးတိုက် ဆရာတော် ဦးလက္ခဏ, ချမ်းသာကြီးတိုက် မြို့အုပ်ကျောင်းဆရာတော် ဦးတိက္ခ, ဘုရားကြီးတိုက် ဆရာတော် ဦးပခန်း, ခေမာသီဝံဆရာတော်,အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်,ခင်မကန် တိုက်သူဌေးဆရာတော်, စံကျောင်းဆရာတော်, တောင်သမန်တိုက်ဆရာတော် ဦးဝိမလ, စကူတိုက် ဇေတဝန်ဆရာတော်, ဘုရားကြီးတိုက် ကဗျာနန်ဆရာတော်စသည့် ကျမ်းတတ် ဆရာတော်များထံ နည်းခံ သင်ယူတော်မူခဲ့သဖြင့် ရဟန်း ၄-ဝါအတွင်း မန္တလေးနည်းအတွက် ပြည့်စုံလုံလောက် ပါရဂူမြောက်အောင် တတ်မြောက်တော်မူခဲ့သည်။

နေကေသံ ဓိတိမန္တာနံ၊ ထေရာနံ သန္တိကေ ဝိဒူ။
ဥဂ္ဂဏှိ ဂမ္ဘီရေ ဌာနေ၊ ဂမ္ဘီရတ္ထုပနိဿိတေ။

အမရပုရ၌ ညဝါဆို

အရှင်နန္ဒမဉ္စုသည် ၅-ဝါရသောအခါ အမရပုရမြို့သို့ကြွ၍ မင်္ဂလာတိုက်ဟောင်း ဆရာတော် အရှင်ဝိမလထံ ညဝါပဋ္ဌာန်းကျမ်းနှင့် မင်္ဂလာတိုက်သစ်ဆရာတော် အရှင်ဓမ္မသာမိထံ ညဝါယမိုက် ကျမ်းတို့ကို ဆရာနည်းရ သင်ယူ၍ သရဇ္ဈာယ်ရွတ်အံ နှုတ်ရပြန်ဆိုခဲ့လေသည်။

ဝိမလဓမ္မသာမိနံ၊ အာဘိဓမ္မသုဝိဒ္ဒုနံ။
သန္တိကေ ပဋ္ဌာနဥ္စာပိ၊ ယမကဉ္စ အသိက္ခိ သော။

ဗန်းမော်၌ ဆန်းကျမ်းသင်ယူခြင်း

အရှင်နန္ဒမဉ္စု ပညာသင်မှု၌ ရောင့်ရဲမှု မရှိပါချေ၊ “ကျမ်းကြီး ပဋ္ဌာန်း ကျမ်းငယ် ဆန်း” ဟူသည့်အတိုင်း အခက်ဆုံးကျမ်းကြီး ပဋ္ဌာန်းကို ပြီးမြောက်ခဲ့သော်လည်း ကျမ်းငယ်အခက်ခဲကို လွန်မြောက်လိုသဖြင့် မန္တလေး တောင်ပြင် ဗန်းမော်တိုက် ဆန္ဒပါရဂူဆရာတော် အရှင်ဥတ္တမထံတွင် ဝုတ္တောဒယအမည်ရသော မာဂဓဆန်းကျမ်းကို ဋီကာနှင့်တကွ ဆိုဝါဖြင့် သင်ယူ၍ ဆန်းကျမ်းအတွက် တဖက်ကမ်းခပ် တတ်မြောက်အောင် သင်ယူခဲ့လေသည်။

ထေရဿ ဥတ္တမဿာပိ၊ ဆန္ဒသတ္ထသုဝိညုနော။
သန္တိကေ ဆန္ဒသတ္ထမ္ပိ၊ ဥဂ္ဂဏှိ ဥဂ္ဂဟေ ဝိဒူ။

မဟာဝိသုတာရာမဝိဇ္ဇာယတနကြီးသို့

အရှင်နန္ဒမဉ္စုသည် ရဟန်းသိက္ခာ ၅-ဝါအရ ၁၂၈၈-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ အမည်ရသော ဝိဇ္ဇာယတနကြီးသို့ရောက်၍ သာသနာလက်ံာရကျောင်း၌ သီတင်းသုံး၍ စာချဆရာတော်ကလေး အရှင်အဂ္ဂဝံသထံတွင် ဆိုဝါဖြင့် သင်ယူရသည်။

အရှင်သုန္ဒရထံ

ၚင်းနောက်တွင် ယခု သက်တော်ထင်ရှားရှိတော်မူသည့် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရထံ ပါဠို အဋ္ဌကထာတို့ကို သင်ယူရသည်။

သုန္ဒရဿ စ ထေရဿ၊ နိကာယေသု သုဝိညုနော။
သန္တိကေ ပိဋကေ သိက္ခိ၊ နန္ဒမဉ္စု ဝိသာရဒေါ။

အရှင်ပညာမဟာထေရ်ထံ

အရှင်နန္ဒမဉ္စုသည် အရှင်အဂ္ဂဝံသနှင့် ဆရာတော် အရှင်သုန္ဒရတို့ထံ၌ ပခုက္ကူနည်းအတွက် အခြေစိုက်မိသောအခါ နိုင်ငံအလုံး အုပ်ဖုံးကျော်ကြား စာသမားပညာရှင်တို့၏သရဖူ လှိုက်ဆူ ကျော်ကြား အရှင်ပညာဆရာတော်ဘုရားထံ ပိဋကတ်ကို ဆိုဝါဖြင့် သင်ယူခဲ့ရာ ၅-နှစ်အတွင်း နိကာယ် ၅-ရပ် ပိဋကတ်သမုဒ္ဒရာအတွင်း သက်ဆင်းနိုင် မျှော်နှောက်ချောက်ချားနိုင်လေသည်။

သပ္ပညဿ သုဝိညုဿ၊ ပညာယ ပါကဋဿ စ။
ပညာယ ဘာရဝါဟဿ၊ ထေရဿ သန္တိကေ ပိစ။

နန္ဒနော နန္ဒမဋ္ဌပိ၊ ဥဂ္ဂဏှိ ပိဋကတ္တယံ။
သယံ ဝ ဘာဏကော ဟုတွာ၊ သာသနဿာဘိဝုဒ္ဓိယာ။

ပိဋကတ်သမုဒ္ဒရာ ကူးခပ်နိုင်ခြင်း

ပခုက္ကူစာသင်နည်းမှ ရေမကူးတတ်သူအား ရေကူးနည်းကို ကုန်းပေါ်တွင် သင်ပြပေးသည့် နည်းမျိုးမဟုတ်ဘဲ ရေသို့ချကာသင်ကြားပေးမှ ကူးနိုင်သကဲ့သို့ ပိဋကတ် ၃-ပုံ ပါဠိတော်, အဋ္ဌကထာ,ဋီကာကျမ်းများကို နည်းမျိုးစုံတန်ဆာဆင်၍ ပို့ချသောနည်းဖြစ်သည်၊ အရှင်နန္ဒမဋ္ဌသည်လည်း လက်တွေ့ပိဋကတ်ပင်လယ်၌ သက်ဆင်း၍ သင်ခဲ့ရသဖြင့် လွယ်ကူစွာ နိကာယ် ၅-ရပ် သမုဒ္ဒရာကို ကူးခပ်နိုင်လေသည်။

ဂဏဝါစက စာချဖြစ်ခြင်း

အရှင်နန္ဒမဋ္ဌသည် ပခုက္ကူ မဟာဝိသုတာရာမသိပ္ပါယတနကြီး၌ ပိဋကတ် ၃-ပုံ ချပို့နည်းကို လက်ရှိပိုင်ပိုင် ရရှိသဖြင့် ရဟန်းသိက္ခာ၁၀-ဝါအရတွင် ဓမ္မာစရိယ, ဂဏဝါစကစာချအဖြစ် မဟာဝိသုတာရာမ ဝိဇ္ဇာယတနာဓိပတိ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ချီးမြှောက်မှုကို ခံယူရလေသည်။

နန္ဒမဋ္ဌ သုမဋ္ဌ တု၊ ဝိသုတသိပ္ပမန္ဒိရေ။
ပိဋကေ ဥဂ္ဂဏှိတွာန၊ ဂဏဿ ဝါစကော ဘဝိ။

မန္တလေးမြို၌ ကျောင်းထိုင်နာယက

ကဒါ ခွါဟံ ဘဝိဿာမိ၊ သံဃဿ ဂန္ထဝါစကော။
သပ္ပညော ပဏ္ဍိတော ဗျတ္တော၊ လောကေကနာထသာသနေ။

ဘုရားမြတ်စွာ သာသနာတော်၌ ဉာဏ်ပညာနှင့်ပြည့်စုံသည့် ပညာရှင် သံဃာတော်အား သင်ကြားပြသ ဂဏဝါစက စာချရဟန်းတော် ဘယ်ချိန်ဘယ်ခါ ဖြစ်ရပါမည်နည်းဟူသော အရှင်နန္ဒမဋ္ဌ၏ မျှော်လင့်ချက်သည် အထွတ်အထိပ်ရောက် ပြည့်စုံလုံလောက်ခဲ့ပြီ။

သုလဒ္ဓံ ဝတ မေ ဒါနိ၊ ဒုလ္လဘံ ဇီနသာသနေ။
အနေကေ ဗဟုလေ ဂန္ထေ၊ ကထေတုံ ပဿိတုမ္ပိ စ။

အရှင်နန္ဒမဋ္ဌသည် လွန်စွာ ဝမ်းမြောက်ကာ ယခု ငါ့မှာ ဘုရားမြတ်စွာ သာသနာတော်၌ ရဟန်းဘဝ ဒုလ္လဘကို ကောင်းစွာအရတော်ပေပြီ, ပါဠိအဋ္ဌကထာ ဋီကာကျမ်းစာ မြားမြောက်စွာကို ချပို့ရုတ်ဖတ် ကြည့်ရှုခြင်းငှါ အခါကောင်းကို ကောင်းစွာမုချ ရခဲ့ပြီဟု တွေးတောစိတ်ကူးကြည်နူးခဲ့၍ ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ၃-နှစ်တိုင် စာပေပို့ချတော်မူခဲ့ပြီး ကျေးဇူးရှင် မြို့အုပ်ကျောင်းဆရာတော် ဦးတိက္ခပ္ပါလွန်သဖြင့် ၁၂၉၇-ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးတိုက် မြို့အုပ်ကျောင်း၌ သီတင်းသုံးလျက် မဟာဝိသုတာရာမိက နိကာယဝင်ဖြစ်၍ စာပေပို့ချလေသည်။

သက္ကသီဟမူလဓမ္မာစရိယဖြစ်ခြင်း

ပခုက္ကူ၊ မန္တလေး ၂-နည်းလုံး နည်းပေး၍ စာပေပို့ချရာ စာလိုက်သံဃာများ လွန်စွာသဘော ကျကြသည်၊ အခါအားလျော်စွာ စာလိုက်သံဃာ ၂၀၀-ကျော် ၂၅၀-ကျော်အထိ များပြားခဲ့သဖြင့် မန္တလေးမြို့၌ စာလိုက်သံဃာအများဆုံး ဆရာတော်များတွင် ပါဝင်ကာ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ၁၃၀၀-ပြည့်နှစ်တွင် "ဘဒန္တ နန္ဒမဉ္ဇူဘိဝံသ ပရိယတ္တိသာသနဟိတ မူလစာချ" ဟူသော ဘွဲ့တော်နာမဖြင့် အပ်နှင်းကာ ကိုးကွယ်ခြင်းကို ခံယူရသည်။

ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည်

၁။ ပါဠိတက္ကသိုလ်ကထိကတာဝန်၊

၂။ ပါဠိတက္ကသိုလ်ကျောင်းအုပ်တာဝန်၊

၃။ မန္တလေးအနောက်မြို့မ ဝိနိစ္ဆယဋ္ဌာနဝိနည်းဓိရ်တာဝန်၊

၄။ ဆဋ္ဌသံဂါယနာတွင် မူလဝိသောဓကတာဝန်၊

၅။ ဆဋ္ဌသံဂါယနာပဋိဝိသောဓကတာဝန်၊

၆။ မဟာဝိသုတာရာမိကဂဏဝါစကနိကာယကြီး၏ ဂဏအနုဝိနာယက တာဝန်

တို့ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

ဂဏအနုဝိနာယကတာဝန်

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏအနုဝိနာယကတာဝန်ကို ဆဋ္ဌအကြိမ် ပခုက္ကူ မဟာဝိသုတာရာမ အလယ်သိမ်ကျောင်းတော်ကြီးပေါ်၌ ကျင်းပအပ်သော ၁၃၂၂-ခု တပို့တဲ့လဆုတ် ဂ-ရက်နေ့ အစည်းအဝေးတွင် လက်ခံတော်မူခဲ့သည်၊ ဤသို့ဖြင့် ဆရာတော် အရှင်နန္ဒမဉ္ဇူသည် ဘုရားမြတ်စွာ သာသနာစည်ပင်ရန် ဂဏအနုဝိနာယကစသော တာဝန်တို့ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ဝိနာယကခုရာဒီနိ၊ အနေကာနိ ဗဟူနိပိ။
ဇိနသာသနဝုဒ္ဓတ္ထံ၊ သံဝဟိ သုဒ္ဓစေတသာ။

ကျမ်းဂန်ပြုစုတော်မူခြင်း

ဆရာတော်သည် အနာဂတ်သာသနာအတွက်—

၁။ ဆန်းနိသျှန့် ဆဒ္ဒမေဒနီကျမ်း၊

၂။ အလင်္ကာရတ္ထမေဒနီကျမ်း၊

၃။ ဗျဥ္ဇနဗုဒ္ဓါဒိမေဒနီကျမ်း၊

၄။ မာတိကတ္ထမေဒနီကျမ်း—

စသည်တို့ကိုလည်း ရေးသားစီရင်တော်မူခဲ့ရာ ကျမ်းဂန်ပြုစု၍ သာသနာပြုသည့် သာသနကရ ပုဂ္ဂိုလ်မြတ်လည်း ဖြစ်လေသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ဆရာတော်၏ သီလဝန္တသိက္ခာကာမဂုဏ်, ဂန္ထဝါစကဂုဏ်, ဂန္ထကာရကဂုဏ်, စသည်တို့ကြောင့် နိုင်ငံတော်အစိုးရသည် ၁၃၂၀-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ပုံတံဆိပ်ကို ခတ်နှိပ်လှူဒါန်းတော်မူလေသည်။

တိုက်တွန်းချက်

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏအနုဝိနာယက အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမဠုကဲ့သို့ ကြီးမြတ်လှသော လုံလဝီရိယဖြင့် ဘုရားမြတ်စွာ သာသနာကို စည်ပင်အောင် ပြုစုစွမ်းဆောင်နိုင်ရန် ကြိုးစားနိုင်ကြပါစေ။

နန္ဒမဠုပမံ ကတွာ၊ ဇိနသာသနဝုဒ္ဓိယာ။
သာဓဝေါ အနုယုဉ္ဇန္တု၊ ဥရုဝီရပရက္ကမာ။

မန္တလေးမြို့ ကုန်ဒိယာရာမ (ရွှေဂူ)တိုက်

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဇာနိန္ဒာဘိဝံသ

ဆရာတော်သည် မဟာဝိသုတာရာမိက ဂဏဝါစကနိကာယဝင် အရှင်မြတ်တပါးဖြစ်သည့်အပြင် မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီးများထံ ပိဋကတ်ကို ကျန်စစ်ာ သင်ယူတတ်မြောက်ခဲ့သည့် တိပိဋကဝိညူပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူသည်။

ဖွားမြင်တော်မူခြင်း

ဆရာတော်သည် မိတ္ထိလာခရိုင် ပျော်အိုင်ရွာ၌ အဘ ဦးဖိုးငယ်, အမိ ဒေါ်ငြိမ်းပုံတို့မှ ၁၂၆၇-ခုနှစ် ဝါခေါင်လဆန်း ၇-ရက် တနင်္ဂနွေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်၊ ဆရာတော်သည် မွေးချင်း ၆-ယောက်အနက် ပဉ္စမမြောက် အတိဇာတသားရတနာ ဖြစ်လေသည်။

မိတ္ထိလာပုရသေဋ္ဌမှိ၊ ပျော်အိုင်ဂါမေ မနောရမေ။
ထေရကုံရော သုဇာတော စ၊ ပုညကမ္မေန စောဒိတော။

ကျောင်းအပ် ပညာသင်

သက်တော် ၆-နှစ်သားမှ ၁၃-နှစ်သားအထိ ရပ်ရွာကျောင်း သံကြိုးရဆရာတော်ဘုရားကြီး အရှင်အာစာရထံ မိဘတို့အပ်နှံကြသဖြင့် မြန်မာစာပေ အခြေပါဒနှင့် ကစ္စည်းသဒ္ဒါကြီး အဘိ-ဓမ္မတ္ထသင်္ဂဟ်စသော ကျမ်းစာများကို သင်ယူခဲ့လေသည်။

ဆဗ္ဗဿတော၀ ပဋ္ဌာယ၊ ထေရကုံရော အသိက္ခိ သော။
သံကြိုးရထေရမူလမှိ၊ ကစ္စာယနာဒိကံ ဗဟုံ။

သာမဏေ၀တ်ခြင်း

သက်တော် ၁၃-နှစ် ပျိုမျစ်နုနယ် အရွယ်တော်ခေတ်တွင် သံကြိုးရဂိုဏ်းထောက်ဆရာတော် အရှင်အာစာရထေရ်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေ၀တ်ခဲ့ပြီး ပျဉ်းမနားမြို့ ကန်ဦးကျောင်းတိုက် ဆရာတော်ထံတွင် ၁၅-နှစ်သားအထိ ပိဋကတ်အခြေခံကျမ်းစာများကို သင်ယူခဲ့သည်။

ဥပဇ္ဈာယံ ကရိတ္ဝာန၊ အာစာရံ သုဒ္ဓစာရံ ဝိဒုံ။
မုနိနော သာသနေ သေဋ္ဌ-သာမဏေရတ္တနံ လဘိ။

ပျဉ်းမနားနဂရေ ရမ္မေ၊ ကန်ဦးထေရဿ သန္တိကေ။
ဒုဝဿမွိ သမုဂ္ဂဏှိ၊ ဇိနသာသနဝုဒ္ဓိယာ။

မဟာဝိသုတာရာမ တိပိဋက ဝိဇ္ဇာလယကြီးသို့

၁၅-နှစ်သားအရွယ်တွင် ပခုက္ကူ။ ပိဋကတ်အတတ်မြို့တော် မဟာဝိသုတာရာမ တိပိဋက ဝိဇ္ဇာ-လယကြီးသို့ ရောက်၍ ကျေးဇူးတော်ရှင် မဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်



မန္တလေးမြို့ အရှေ့ပြင်ကုန်းယာဆုမတိုက် အဂ္ဂမဟာပဏ္ဍိတ
အရှင်ကုန်းယ မဟာထေရ်

ပညာမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် အရှင်သုန္ဒရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, ထိုစဉ်က ဂဏဝါစကများဖြစ်ကြသော အရှင်နာရဒထေရ်, အရှင်ကုမာရထေရ်, အရှင်အဂ္ဂဝံသထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသတို့ထံ ပါဠိ အဋ္ဌကထာတို့ကို သက်တော် ၂၂-နှစ်အထိ ၇-နှစ်တိုင်တိုင် ဆိုဝါ, လိုက်ဝါ ၂-မျိုးလုံးဖြင့် သင်ယူခဲ့သည်။

ဝိသုတာရာမနာမမ်ဳိ၊ ဝိဇ္ဇာဌာနေ သုပါကဋ္ဌေ။
တိပိဋကံ သမုဂ္ဂဏ္ဍိ၊ သတ္တသံဝစ္ဆရံ သုဓီ။

ပခုက္ကူ၌ ၅ ရဟန်းပြုခဲ့ခြင်း

သက္ကရာဇ် ၁၂၀၆-ခုနှစ် တန်းခူးလဆန်း ၁၀-ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ ခဏ္ဍသိမ်တော်ကြီး၌ ဆရာတော်အရှင်ပညာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လောကိယသမ္မဒါတို့ထက် မြင့်မြတ်အထက်တန်းကျသော ရဟန်းပဉ္စင်းအဖြစ်ကို ရရှိခဲ့လေသည်။

ပညံ နာမ မဟာထေရံ၊ နိကာယသိန္ဓုပါရဂံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ အလတ္ထ ဥပသမ္ပဒံ။

မန္တလေး၌ ပညာသင်ခြင်း

"နတ္ထိ ဝိဇ္ဇံ သမံ မိတ္တံ"ဟူသော နိတိဆရာတို့၏ ဥပဒေသအားလျော်စွာ ယှဉ်ပြိုင်မရနိုင်သည့် အတတ်ပညာတည်းဟူသော မိတ်ဆွေကောင်းကို ရှာ၍ အားမရသေးရကား မန္တလေးမြို့၌ သက်တော် ၂၃-နှစ်သားမှစ၍ သက်တော် ၂၈-နှစ်တိုင်အောင် အနောက်ပြင် မစိုးရိမ်တိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သူရိယာဘိဝံသ, မိုးကောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု-ဆဋ္ဌသံဂီတိ မဟာနာယက အရှင်ရေဝတ ညောင်ရမ်းဆရာတော်ထံ၌ဌင်း, တောင်ပြင် ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်နာရဒထံ၌ဌင်း ဂန္ထန္တရ အဝဝကို ကျနစွာ သင်ယူခဲ့လေသည်။

သူရိယရေဝတာနမ္ပိ၊ နာရဒဿာပိ သန္တိကေ။
ဥဂ္ဂဟေတ္ဝာ နာနာနယေ၊ ဆေကော ဝိသာရဒေါ အဟူ။

စာပေပရိယတ်ပို့ချခြင်း

ရဟန်းသိက္ခာ ဂ- ဝါအရမှစ၍ မန္တလေးမြို့ အရှေ့ပြင်ခင်မကန်တိုက် စာလိုက်သံဃာ များမြောက်စွာတို့အား ၇-နှစ်ကြာမျှ စာပေပို့ချလျက် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့ရာ စစ်ဖြစ်လာသောအခါတွင် တောင်ငူမြို့သို့ ပြောင်းရွှေကာ စာပေပို့ချတော် မူခဲ့သည်။

ခင်မကန် ပရိဝေဏေ စ၊ တောင်ငူဝှနဂရေပိ စ။
ဝသိတ္ဝာ နေကသိဿာနံ၊ ဂန္ထာနံ ဝါစကော သုဓီ။

ကုန္ဒြိယာရာမရွှေဂူတိုက်

မူလက ကုန္ဒြိယာရာမရွှေဂူတိုက်သည် ရွှေဂူတိုက်အမည်ဖြင့်သာ တည်ရှိခဲ့သော ကျောင်းတိုက်ဖြစ်သည်၊ မင်းတုန်းမင်းကြီးလက်ထက်ကပင် အရွှေပြင်၌ တည်ထားခဲ့သော ကျောင်းတိုက်

ဖြစ်သည်၊ ဤရွှေဂူကျောင်းတိုက်၌ ရှေးက အလယ်ကျောင်းမရှိ သိမ်နှင့်တကွ ကျောင်း ၃-ကျောင်း သာရှိသည်ဟု တဆင့် သိရလေသည်၊ ဤရွှေဂူတိုက်၌ အစဆုံးသီတင်းသုံးသော ဆရာတော်မှာ မန္တလေးတောင်ခြေပြည်ကျောင်းတိုက်မှ ကြွလာသော တံဆိပ်ရ အရှင်ယသဖြစ်သည်၊ ၎င်းမထေရ်သည် သီပေါမင်း ပါတော်မူသောအခါ ကျောင်းတိုက်ကိုထားခဲ့၍ အခြားအရပ်သို့ အပြီးပြောင်း ကြွသွားလေသည်၊ အင်္ဂလိပ်မင်းလက်ထက်တွင် ကျောင်း ၁-ကျောင်းသာရှိ၍ သံဃာတော် ၃၀-လောက် သီတင်းသုံးဘူးကြောင်း သိရလေသည်။

ဣန္ဒြိယာရုမရွှေဂူတိုက်ဖြစ်ခြင်း

ဆရာတော်သည် ရဟန်းသံဃာတပါးမျှပင် မရှိတော့သော ရွှေဂူတိုက်ဟောင်းကို မိမိဘွဲ့နှင့် သမာသ်တွဲစပ်ကာ ဣန္ဒြိယာရုမရွှေဂူဟု ကမ္မည်းတပ်ကာ ပြုပြင်တည်ထောင်၍ မြားမြောက်စွာသော သံဃာတော်တို့အား ပခုက္ကူနည်း မန္တလေးနည်း ၂-နည်းစလုံးဖြင့် စာပေပို့ချလေသည်၊ ပါဠိတက္ကသိုလ်ခေတ်တွင် ပါဠိတက္ကသိုလ်ကျောင်းတိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ကာ စာပေပို့ချသဖြင့် ဓမ္မာစရိယစာချတန်းအောင် တပည့်များ များစွာထွန်းကားခဲ့လေသည်။

မဟာဝိသုတာရုမိက ဂဏဝါစက နိကာယဝင်

မဟာဝိသုတာရုမိက ဂဏဝါစက နိကာယဝင်အဖြစ်ဖြင့် ကျေးဇူးတော်ရှင် နိကာယာဓိပတိ ဆရာတော်ဘုရားကြီးတို့၏ ဩဝါဒအတိုင်း နာယူ၍ စံနစ်တကျ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သည်။

ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည်—

၁။ ဣန္ဒြိယာရုမရွှေဂူကျောင်းတိုက်၏ အဓိပတိအဖြစ်တာဝန်၊

၂။ မြားမြောက်စွာသော သံဃာတို့အား စာပေပို့ချသည့် ဂဏဝါစကတာဝန်၊

၃။ ပါဠိတက္ကသိုလ်ကျောင်းအုပ်တာဝန်၊

၄။ မန္တလေးခရိုင် ဝိနည်းဓိုရ်တာဝန်၊

၅။ ဆဋ္ဌသံဂါယနာတွင် ဥပရိပဏ္ဏာသပါဠိဝိသောဓကအဖွဲ့၏ဥက္ကဋ္ဌတာဝန်—

စသည်တို့ကိုလည်း ထမ်းဆောင်တော်မူလေသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

၁၃၂၃-ခုနှစ်တွင် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ဖြင့် လွန်မြောက်ကြားရကား နိုင်ငံတော်အစိုးရတို့ လျှောဒါန်းဆက်ကပ်အပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလျှော်ခံ ရရှိတော်မူခဲ့သည်။

တိုက်တွန်းချက်

ဝီရိယကို ရှေ့သွားပြု၍ အတတ်ပညာကို ကြိုးစားသင်ယူပါလော့၊ သေးငယ်လှစ္ဆာသော ပိုးရှဉ့ချင်းယင်သည်ပင်လျှင် သွားပါက ယူဇနာ ၁၀၀-အထိ သွားရောက်နိုင်၏၊ ဂဠုန်ဖြစ်လင့်ကစား မသွားပဲ နေပါက ခြေတလှမ်းမျှ မရောက်ပါချေ။

ဂစ္ဆံ ပိပီလိကော ယာတိ၊ ယောဇနာနံ သတာနိပိ။
အဂစ္ဆံ ဝေနတေယျောပိ၊ ပဒမေကံ န ဂစ္ဆတိ။

(သက္ကတနီတိကျမ်းများ)

မန္တလေးမြို့ မြတောင် တိုက်ကြပ်ဆရာတော်

အရှင်သောဓ မဟာထေရ်

ဆရာတော်သည် မဟာဝိသုတာရာမ ဂဏဝါစက နိကာယဝင်ဖြစ်၍ သာသနာပြုစုနေသည့် ဆရာတော်တပါး ဖြစ်သည်၊ ဆရာတော်သည် ၁၂၆၈-ခုနှစ် ကဆုန်လဆန်း ၁၃-ရက်နေ့ နံနက် ၄-ချက်တီးကျော် သောကြာနေ့တွင် မန္တလေးမြို့ ဆေးရိုးဝင်းရပ် ကုန်သည် ဦးသာလူ-ဒေါ်ဖွားခြုံ တို့မှ ဖွားမြင်ခဲ့သည်။

ကျောင်းနေ ပညာသင် သာမဏေဝတ် ရဟန်းဖြစ်

ဆရာတော်သည် ၁၂၇၅-ခုနှစ် အသက် ၇-နှစ်အရွယ်တွင် စတုတ္ထ မြတောင် ဆရာတော် အရှင် ဝိစာရထံ မိဘတို့အပ်နှံကြသဖြင့် စတင်ပညာသင်ကြားခဲ့သည်၊ ၁၂၈၀-ပြည့်နှစ် ၁၂-နှစ်သား အရွယ်တွင် ဖော်ပြပါ မြတောင် ဆရာတော်ထံ၌ပင် ရှင်သာမဏေ ဝတ်ခဲ့သည်၊ ၁၂၈၇-ခုနှစ် ဝါဆိုလဆန်း ၉-ရက်နေ့တွင် မန္တလေးမြို့ မဏိရတနာရာမ မြတောင်တိုက်၊ မဏိဥက္ကဋ္ဌ အာဘယရုံသီသိမ်တော်၌ ဓကျးဇူးရှင် စတုတ္ထ မြတောင်ဆရာတော် အရှင်ဝိစာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်။ အဂ္ဂမဟာပဏ္ဍိတ ပဌမ မြတောင် ဆရာတော်, အဂ္ဂမဟာ-ပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်, အရှင်ဂန္ဓမာ မဟာထေရ် (ယခု ပခုက္ကူ မဟာဝိသုတာရာမ-တိုက်အုပ်)ဆရာတော် စသည်တို့သည် ကမ္မဝါစာ ဆရာတော်များ ဖြစ်ကြသည်။

ဝိစာရံ တံ မဟာထေရံ၊ ဝိစာရဉာဏသံယုတံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ သောမော ဟိ ဒုလ္လဘံ လဘိ။
တဒါ ဟိ နန္ဒဝံသာဒိ- မဟာထေရာ ဝိသာရဒါ။
အနုသာဝကဘူတာ စ၊ ဒက္ခာနုသာသနေပိစ။

ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့

ဆရာတော်သည် ကျေးဇူးရှင် မြတောင်ဆရာတော် ဘုရား၏ အပ်နှံမှုကြောင့် ပခုက္ကူ မဟာဝိသုတာရာမ ဝိဇ္ဇာပီဋကြီးသို့ သာမဏေငယ်ဘဝ ၁၄-နှစ်သားမှ စ၍ ရောက်ရှိကာ ဆိုဝါ, လိုက်ဝါဖြင့် ပိဋကတ်ကို သင်ယူခဲ့ရသည်၊ ဆရာတော် အရှင်နန္ဒဝံသမဟာထေရ် သံဃာတော် ၄၀-ကျော်နှင့် ညောင်ဦးတိုက်သို့ ကြွသောအခါ ဆရာတော် ဦးသောမလည်း ပါဝင်ခဲ့၍ အဆက်မပြတ် စာဆို, စာလိုက်ခဲ့ရသည်။

ဂဏဝါစက စာချဖြစ်ခြင်း

ရဟန်း ၁-ဝါအရွတွင် ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်၌ ဂဏဝါစက စာချအဖြစ် ဆရာတော်က ချီးမြှင့်တော်မူသဖြင့် ၁-နှစ် စာပေ ပို့ချခဲ့ပါသည်၊ ဤသို့ဖြင့် မြတောင်တိုက်ကြပ် ဆရာတော် အရှင်သောမသည် ပခုက္ကူ ဆရာတော်များထံ ပိဋကတ်ကို သင်ယူတတ်မြောက်ခဲ့သည်။

ပခုက္ကူသိပ္ပဌာနမှိ၊ ပါကဋ္ဌေ အတိကောဝိဒေ။
အာစေရေ ဥပသက်မ္မ၊ ဥဂ္ဂဏှိတ္ဝာ ဝိဒူ အဟူ။

ဆရာတော်သည် ၁၂၀၉-ခုနှစ် ဝါဆိုဦးတွင် မန္တလေး မြတောင်တိုက်သို့ ပြန်ကြွ၍ ဆက်လက်နည်းခံကာ စာပေပို့ချကာ သာသနာပြုလေသည်၊ ၁၃၀၉-ခုနှစ်မှစ၍ မြတောင်တိုက် တိသန္တကအဖြစ် ခံယူ၍ အာရာမိဿရဖြစ်ခဲ့သည်၊ ဆရာတော်သည် ၁၃၁၂-ခုနှစ်မှစ၍ ဝိနိစ္ဆယအက်ဥပဒေနှင့် ဝိနိစ္ဆယခုံအက်ဥပဒေများ ဖျက်သိမ်းသည်အထိ ၁၄-နှစ်တိုင် မန္တလေး အနောက်ပြင်မြို့နယ် ဝိနည်းဓိုရ်ဖြစ်၍လည်း သာသနာဝန်ကို ထမ်းဆောင်ခဲ့လေသည်၊ ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရုံတိုက်သို့ အကြိမ်ကြိမ်ကြွရောက်လျက် သြဝါဒ ခံယူခဲ့သည်၊ နိကာယအစည်းဝေးများတွင်လည်း ထုတိကထာများ ပြောကြားခဲ့သည်၊ ၁၃၁၈-ခုနှစ် တပေါင်းလတွင် ကျင်းပသော မဟာဝိသုတာရုံမိုက ဂဏဝါစက နိကာယ အစည်းအဝေးကြီး၌ ဆရာတော် အရှင်သောမထေရ်သည် အောက်ပါ ထုတိကထာကို တင်သွင်းခဲ့သည်။

"သစ်တပင်ကောင်း ၄က်တသောင်း ခိုအောင်းပျော်ရာ ဥပမာ"

သစ်ပင်ကြီးများသည် ၄က်တို့၏ ဗိမာန်များဖြစ်ကြ၍ အားကိုးရာ ဌာနကြီး တခု ဖြစ်၏၊ အကိုင်းအခက် ပွင့်ရွက်သီးငုံ ပြည့်စုံကြီးပွါးသလောက် ၄က်အများတို့ ဝမ်းမြောက်ရွှင်ကြည် မှီခိုအားထားကြလေသည်။

သို့ရာတွင် ရာသီအလိုက် သီးကြပွင့်ကြသည် ဖြစ်၍ ဆဲန္နစ်ရာသီပတ်လုံး သီးကြပွင့်ကြသော သစ်ပင်များက ရှာမှရှားကြလေသည်၊ အကယ်၍အခန့်သင့်စ္ဝာ ညှာတန်ခိုင်ပြတ် ပင်လုံးကျတ်မပြတ် သီးပွင့်နေသော သစ်ပင်တပင်ကို တွေ့ရှိကြပါက ထိုဌက်များသည် ထိုသစ်ပင်မှ အာသာစွဲမြဲ မခွါနိုင်ကြတော့ပဲ ရစ်ဝဲဖန်ခါ ငိုင်းအုံလာကြမည်သာ ဖြစ်လေသည်၊ ထိုနည်းတူစ္ဝာ ဗုဒ္ဓရှင်တော်ဘုရားကြီးသည် ကပ္ပါလက််ာရကမ္ဘာ့တန်ဆာ မဟာကျက်သရေဆောင် သစ်ပင်ကြီးပမာ ဖြစ်ပါပေသည်၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ကား ၄က်ငယ်များပမာ ဖြစ်ကြလေသည်၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ မဂ်ဖိုလ်နိဗ္ဗာန်ဟုဆိုအပ်သော ဝိမုတ္တိချမ်းသာ အဖြာဖြာတို့သည်ကား ချို့မြိန်ကောင်းမြတ်သော သစ်သီး သစ်ပွင့်များပမာ ဖြစ်ကြလေသည်။

၄က်အများနှင့်တူကြသော လူနတ်ဗြဟ္မာတို့သည် လောကီလောကုတ္တရာ နှစ်ဖြာသော ဂုဏ်ကျေးဇူးဟူသော သစ်သီး သစ်ပွင့်ကို စားသုံးလိုပါမူ အခါမလင့်ပင် အမြဲသီးပွင့်လျက်ရှိတော်မူသော ဗုဒ္ဓရှင်တော်ဘုရားတည်းဟူသော ကမ္ဘာ့ကျက်သရေတော်ဆောင် မဟာသစ်ပင်တော်ကြီးသို့ အမြဲဆည်းကပ် ခစားကြရလေကုန်သည်။

ယခုအခါမှာ ဘုရားရှင် ပရိနိဗ္ဗာန် စံမြှုန်းတော်မူပြီး ဖြစ်လင့်ကစား "ယာဝ ဓမ္မဝိနယော တိဋ္ဌတိ၊ တာဝ အနတီတသတ္ထုကမေဝ ပါဝစနံ ဟောတိ" ဟူသော ပါဠိနှင့်အညီ ဗုဒ္ဓပါဝစန ပိဋကတ်သုံးသွယ် နိကာယ်ငါးတန် ဓမ္မက္ခန္ဓာအဖြာဖြာတို့သည် လဇီသူမွန် သီလဝန်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ တည်ရှိနေသေးသမျှကာလပတ်လုံး ရှင်တော်ဘုရားတည်းဟူသော ကမ္ဘာ့တန်ဆာ မဟာသစ်ပင်တော်ကြီးသည် မပြိုမလဲ ခိုင်မြဲစ္ဝာ တည်ရှိနေသေးသည့် ဗုဒ္ဓပါဝစနဘုရားမုက္ခပါဠိတော်များဖြစ်ပေသော ပိဋကတ်သုံးပုံ ငါးစုံနိကာယ် အသွယ်သွယ်သော ဂန္ထဓုရ ပရိယတ္တိဓမ္မပါဠိတော်များနှင့်တကွ အဋ္ဌကထာဋီကာကြီးတို့ကို ပိုင်နိုင်စ္ဝာ ပို့ချသင်ကြားနေကြသော အသံ

များသည် ယနေ့တိုင်အောင် ပခုက္ကူမြို့ မဟာဝိသုတာရာမ ပင်မတိုက်တော်ကြီးနှင့်တကွ ထိုထိုမြို့ရွာ အသီးသီးရှိ တိုက်ခွဲများ၌ မပြတ်မစဲ အမြဲတည်ရှိနေဆဲပင် ဖြစ်ပေသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ပကတိ ရူပကာယ ဘုရားရှင်ကြီးနှင့် လွဲခွဲရသော်လည်း တိုက်ခွဲ အရပ်ရပ်နှင့်တကွ ပခုက္ကူမြို့ မဟာဝိသုတာရာမ ပင်မတိုက်ကြီးတို့၌ သာမုက္ကံသိက ဗုဒ္ဓပါဝစနအစစ် ပိဋကတ်အနှစ်တည်းဟူသော ဓမ္မကာယဘုရားရှင်အပေါင်းတို့ ပွင့်တော်မူလျက်ရှိသည်ကို သွားရောက်ဆည်းကပ် လေးမြတ်ကော်ရော် ပူဇော်နိုင်သည်ဖြစ်၍ ကြေကွဲဝမ်းနည်းဖွယ်မလို ဓမ္မဝေနေယျသာဝကအဖြစ်သို့ ရောက်နိုင်ကြောင်း လက်ဆောင်ကောင်းစကား ပြောကြား ညွှန်ပြလိုက်ပါ၏။

သာဒုပ္ပဟုလရသဿာဒါ၊ ယတိဂ္ဂဏဒီဇာဂဏာ။
ဒုမဂ္ဂံ ဝိသုတာရာမံ၊ ဥပယန္တု ပမောဒယံ။

ပခုက္ကူရောက်မှ ဘုရားနှင့် တွေ့ရတယ်

အကျွန်ုပ်သည် သာမဏေအရွယ် ငယ်ငယ်ကပင် မြတောင်ဆရာတော်၏ စေလွှတ်ချက်အရ ပခုက္ကူသို့ရောက်လျှင် ရောက်ခြင်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ထံတော်တွင် ဝိနည်းမဟာဝဂ်ပါဠိတော်နှင့် အဋ္ဌကထာကို လိုက်နာပါသည်၊ ထိုအခါ ကျွန်ုပ်၏ စိတ်အစဉ်တွင် ထိုထို မြို့ရွာ နိဂုံး ဇနပုဒ်များသို့ မြတ်စွာဘုရား၏ နောက်တော်ပါးက ဘဝါးမကွာ ထက်ချပ်ပါလျက် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်များနှင့်တကွ ပညတ်ချက် သိက္ခာပုဒ်တော်များသည် မိမိအတွက် သက်သက်ဟောပြသည့် တရားတော် သိက္ခာပုဒ်တော်များ ဟု ထင်မြင်ယူဆနေမိပါတော့၏၊ အကျွန်ုပ်၏သန္တာန်၌ ဆီထိသော ဂွမ်းလှာပုံပမာရှိသည့် ဖရဏာ ပီတိတို့သည် တအိအိပေါ်လာရုံမျှမက မြတ်စွာဘုရားရှင်၌ လွန်စွာကြည်ညိုသောစိတ် ယိုဖိတ် လျံကျကာ "လာဘာ ဝတ မေ သုလဒ္ဓံ ဝတ မေ"ဟူ၍ပင် ဥဒါန်းကျူးရမလောက် ဖြစ်မိပါတော့၏။

ပခုက္ကူ နဂရမဂဂမ္မ၊ နိကာယေ သုဂ္ဂကိံ ယဒါ။
သမ္မုဒ္ဒေါ သမ္မုခါ ဒိဋ္ဌော၊ ဓမ္မကာယဝသာ တဒါ။

ပခုက္ကူချုနည်း နိဿယည်း

ပခုက္ကူသို့ရောက်လျှင် ထိုပခုက္ကူချုနည်း နိဿယည်းကို သင်ကြားအားထုတ်ရမည် ဖြစ်ပေသည်၊ အားထုတ်မိသောအခါတွင် အံ့သြချီးကျူးရမည် အမှန်ပင် ဖြစ်၏၊ ထိုနည်းကို ပဌမအစတွင် ပို့ချတော်မူပေသော ဆရာတော်မြတ်ကြီးကား ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် ရေစက်ကြီးဆရာတော်ဘုရားကြီးပင် ဖြစ်ပါ၏၊ ထိုဆရာတော်ဘုရားကြီးသည် မန္တလေးနေပြည်တော် "ဥယျဓမ္မာဘိမုနိဝရညာဏကိတ္တိသိရိဓဇမဟာသေနာပတိမဟာရာဇဓိရာဇဂုရု" သာသနာပိုင် ဆရာတော်ဘုရားကြီး၏ထံတော်၌ အခြေခံ သင်ရိုးသင်တန်းနှင့်တကွ ကျမ်းရိုးငါးချက် အထွက်အတက် စုဒ်စောဒနာ အဓိပ္ပါယ်ဝိနိစ္ဆယ စာစပ်သမ္မန် အတန်တန်တို့ကို နည်းမှန်ကျန နယမုဋ္ဌ မိမိရရ ရရှိသည့်အားလျော်စွာ သာသနာပိုင်ဆရာတော်ဘုရားကြီး ပို့ချတော်မူသော နည်းဥပဒေအတိုင်း အထွက် အတက်နှင့် ကျမ်းရိုးငါးချက်ဖြင့် ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ပြောဆိုပို့ချသော်လည်း စာတကျမ်း ပေါက်သောအခါတွင် ပြော၍အမောခံရသလောက် အကျိုးမရောက်ပဲ

ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ပို့ချနိုင်လောက်အောင် မဆိုထားဘိ အဓိပ္ပါယ် ပေါ်အောင်ပင် အနက်ထင်နိုင်သော စာသင်သားအနည်းငယ်မျှ မပေါ်ထွက်ခဲ့လေရကား ဤနည်းအတိုင်းသာ ဆက်လက်ပို့ချနေပါမူ စာတကျမ်းပေါက် ဆုံးခန်းရောက်သော်လည်း နိကာယ်အတွင်း ချဉ်းနင်းဝင်ရောက်၍ စာချနိုင်လောက်သူ ပေါ်ထွက်လာနိုင်ရေးသည် ဝေးလှပါဘိတော်း၊ ဤကဲ့သို့သော စာတတ်သူ မပေါ်ပြန်ကလည်း နိကာယဒေသနာနှင့်တကွ သာသနာတော်ကြီးပါ ပျောက်ချေတော့မည်၊ ထိုသာသနာတော်ကြီး အဓွန့်ရှည်ကြာတည်နိုင်ရန် အကြောင်းရင်းမူလ ပဘဝဖြစ်သော ပရိယတ္တိသာသနပါလက ဂဏ္ဌဝါစကပုဂ္ဂိုလ်များ အများအပြားပေါ်ထွက်ရန်နှင့် အမြန်ဆုံး ပေါ်ထွက်လာရန် အဘယ်နည်းကြံဖန်၍ ကျမ်းဂန်များကို ပို့ချရပါအုံနည်းဟူ၍ အနာဂတ် သာသနာတော်ရေးကို တွေးမြော်ရင်လေးတော်မူမိသည့်အတွက် အထွက်အတက်စသည် များစွာ ပြောဆိုပို့ချသော မူလနည်းဟောင်းကို ပယ်စွန့်တော်မူလျက် အဓိပ္ပါယ်ကို လွန်စွာမပြောတော့ပဲ အဓိပ္ပါယ်ပြောရမည့်အစား ပါဠိတော်ကို ကျေကျေညက်ညက် နှုတ်တက်လောက်အောင်ဆိုစေ၍ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကိုပါ တဲ့ဖက်လျက် [အဘိဓမ္မာ ပိဋကကိုမူ မူလဋီကာကိုပါ ချပို့သည်] ပခုက္ကူချနည်း နိဿယည်း အသစ်ကို စထွင်ပို့ချတော်မူလေသည်။

ယင်းသို့ သာသနာတော် အဓွန့်ရှည်စွာ တည်ရာတည်ကြောင်း ကောင်းသော သမ္မာဆန္ဒ-တော်ဖြင့် နေ့ရက်မပြတ် ကြိုးစားပို့ချတော်မူရာအခါ ဗမာတပြည်လုံးသို့ ပြန့်နှံ့ကျော်ကြားတော်မူကြသော ကျမ်းဂန်နိုင်နင်းသည့် တပည့်ကြီးများ အများအပြား ထွန်းကားပေါ်ပေါက်တော်မူခဲ့လေသည်။

ယခုအခါနှင်အထိ ထို"မဟာဝိသုတာရာမိက အာရာမိဿရ ပိဋကတ္တယဆေက ဂန္ထန္တရ-နိကာယပါရဂူ"ဖြစ်တော်မူကြသော ဆရာတော်များသည် မြန်မာပြည်အနှံ့အပြား ကြယ်တာရာ အလားကဲ့သို့ လွန်စွာများလှပါပေသည်။

ဤသို့လျှင် ထေရဝံသ ပတိဋ္ဌာပက သာသနဓဇ ပခုက္ကူမဟာဝိသုတာရာမိက ဂဏ္ဌဝါစက နိကာယဂိုဏ်းဝင် ထေရ်အရှင်တို့သည် ဆန္ဒဝီရိယ သဒ္ဓါ ပညာ စသည်တန်တန် အရင်းခံကြကုန်လျက် ငါးရပ်သော နိကာယ်ကြီးတို့ကို မပြတ်မလပ် အားထုတ်ပို့ချတော် မူကြကုန်သဖြင့် အမြို့မြို့ရှိ မဟာဝိသုတာရာမတိုက်ခဲ့များနှင့်တကွ ပခုက္ကူမြို့ မဟာဝိသုတာရာမပင်မတိုက်တော်ကြီးတို့၏ မွေးပျို့သင်းကြိုင် တက္ကြိုလှိုင်သော ဂုဏ်သတင်းတို့သည် ပြည်တွင်းမဆုံ အံ့ဖွယ်တခု ဖြစ်ခဲ့ပါသတည်း။

ထို့ကြောင့် သာသနာတော်အဓွန့်ရှည်စွာ တည်ရာတည်ကြောင်း နည်းကောင်းလမ်းမှန်ကို တရံမလစ် အားသစ်ရာဖြစ်သော ဤသည့်မဟာဝိသုတာရာမ မူလတိုက်တော်ကြီးနှင့်တကွ မဟာဝိသုတာရာမိက ဂဏ္ဌဝါစကနိကာယကြီးကို ဘုန်းမီးတန်ဆောင် အရောင်ပြိုးပြက် ထွန်းတက်တောက်ပနိုင်စေရန် ယထာဗလ ယထာသတ္တိ ရှိသည့်အလျောက် စောင့်ရှောက်ကူညီကြပါကုန်စို့၊ စောင့်ရှောက်ကူညီ နိုင်ကြပါစေကုန်သတည်း။

အရှင် သောမာသိရီ
ရတနာဘုံ ရွှေကျောင်း မြတောင်တိုက်
မန္တလေးမြို့။

မန္တလေးမြို့ မိုးကောင်းတိုက် ဇယဝတီကျောင်း

ဆရာတော် အခ္ခင်ပဏ္ဍိတမဟာထေရ်

ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရုမဠ် ရဟန်းသိက္ခာ ၇-ဝါက ဂဏဝါစကဖြစ်ခဲ့သော မထေရ်မြတ် ဖြစ်သည်၊ ဆရာတော်သည် ၁၂၇၅-ခုနှစ် တန်ခူးလဆုတ် ၁၁-ရက်နေ့တွင် မြင်းခြံခရိုင် တောင်သာမြို့နယ် ချောင်းဆုံရွာ၌ အဘ ဦးစံဝ, အမိ ဒေါ်ရွှေသွင်တို့မှ ဖွားမြင်ခဲ့သည်။

သာမဏေဝတ် ရဟန်းပြုခြင်း

၁၂၈၇-ခုနှစ်တွင် သာမဏေဝတ်၍ ၁၂၉၅-ခုနှစ်တွင် ဦးရွှေဒေါင်နှင့် ဇနီး သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပုထိုးဂိုဏ်းချုပ်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

မဟာဝိသုတာရုမတိုက်ကြီးသို့

သာမဏေဘဝမှစ၍ ပခုက္ကူ မဟာဝိသုတာရုမတိုက်ကြီးသို့ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, ဦးလေးတော်အရင်း ဖြစ်တော်မူသော အာဘိဓဇမဟာရဋ္ဌဂုရုဆရာတော် အရှင်သုန္ဒရ မဟာထေရ် စသည်တို့ထံတွင် ပိဋကတ်အခြေခံကျမ်းများနှင့်တကွ ပိဋကတ်ကို သင်ယူခဲ့ရသည်၊ ရဟန်းသိက္ခာ ၇-ဝါအရွယ်တွင် ပခုက္ကူ မဟာဝိသုတာရုမတိုက်ကြီး၌ ဂဏဝါစကစာချအဖြစ် ချီးမြှောက်ခြင်း ခံယူရသည်။

သတ္တဝဿော သမာနော၀၊ ပဏ္ဍိတော ဝါစကော ဘ၀ိ။
ပဏ္ဍိတာလယဘူတမ္ပိ၊ ဝိသုတသိပ္ပမန္ဒိရေ။

ညောင်ရမ်းဆရာတော်, ခင်မကန်စံကျောင်းဆရာတော်, မစိုးရိမ်ဆရာတော်, ဘုရားကြီးတိုက်ဆရာတော် ဦးနာရဒ, ချမ်းသာကြီးတိုက်ဆရာတော် ဦးနန္ဒမဠ္ဍ။တို့ထံ၌လည်း နည်းခံသင်ယူခဲ့သေးသည်။

၁၂၉၃-ခုနှစ်တွင် ပဌမငယ်, ၁၂၉၄-ခုနှစ်တွင် ပဌမလတ်, ၁၃၀၃-ခုနှစ်တွင် ပဌမကြီး, ၁၃၁၂-ခုနှစ်တွင် ဓမ္မာစရိယစာချတန်းတို့ကို အောင်မြင်ခဲ့သည်၊ ဆရာတော်သည် သက္ကသီဟဓမ္မာစရိယ, အစိုးရဓမ္မာစရိယဘွဲ့ရ တပည့်များစွာတို့၏ဆရာလည်း ဖြစ်သည်၊ ဆရာတော်သည် မဟာဝိသုတာရုမိက ဂဏဝါစက နိကာယကြီး၏ အမှူဆောင်လည်း ဖြစ်လေသည်၊ သက္ကသီဟမူလဓမ္မာစရိယဘွဲ့ကိုလည်း ၁၃၃၀-ခုနှစ်က ရရှိခဲ့သည်၊ ၁၃၁၈-ခုနှစ် အစည်းအဝေး၌ ထုတိကထာ တင်သွင်းခဲ့ရာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

အရှင်ပဏ္ဍိတာဘိဝံသ၏ ပခုက္ကူနည်းနှင့် စပ်လျဉ်းသည့်

ထုတိကထာ

ပခုက္ကူရောက်မှ ဘုရားနှင့် တွေ့ရတယ်။

ဤစကားသည် ပခုက္ကူစာသင်နည်းကို ဂုဏ်ပြုထားသောစကား ဖြစ်သည်၊ ဤစကားရပ် အဓိပ္ပါယ်ကို ပရိနိဗ္ဗာန်စံတော်မူပြီး ပကတိဘုရားရှင်ကိုရည်၍ဆိုသော မုချစကား မဟုတ်၊ ဥပမာစကားဖြစ်၍ စာပေနှင့် နီးစပ်သူများသာ ရိပ်စားမိကြပေလိမ့်မည်။

ဤစကား၏ ရည်ရွယ်ချက်ကား "မြတ်စွာဘုရား"ဟောကြား ပညတ်တော်မူအပ်သော [ဓမ္မ-ဝိနယ]ဘုရားစကားတော်များကို သင်ယူနာကြားခွင့် ရခြင်းပင် ဖြစ်၏။

ထိုဓမ္မဝိနယဟု ဆိုအပ်သော ဗုဒ္ဓဝစနသည် ပရိယတ္တိဓမ္မပင်ဖြစ်သော်လည်း ဘုရား၏ကိစ္စကို ပြီးစေတတ်သောကြောင့် သဒိသကပွနာအားဖြင့် ဘုရားပင် မည်ပေသည်။ ထို့ကြောင့်—

"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"ဟူ၍ မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော်မူခဲ့လေသည်။

အဓိပ္ပါယ်ကား "အာနန္ဒာ၊ ငါဘုရား ဟောကြားပညတ်အပ်သော ဓမ္မဝိနယသည် ငါဘုရား ပရိနိဗ္ဗာန်စံပြီးသည့်နောက် သင်တို့၏ ဆုံးမတတ်သောဆရာ ဘုရားအရာ၌ တည်ရစ်လိမ့်လတ့ံ၊ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ကား တပါးတည်း တဆူတည်းသာ၊ ယခုအခါ ငါဘုရား တဆူတည်းသာ သင်တို့အား ဆုံးမတော်မူ၏၊ ငါဘုရားလွန်သည့်နောက်၌ ဓမ္မကွန္ဓာဟူသော ဘုရားပေါင်း ဂဂ၀၀၀-တို့သည် သင်တို့ကို ဆုံးမရစ်လတ့ံ"ဟု စကားကျလေသည်။

ထို့ကြောင့် ပခုက္ကူရောက်မှ ဘုရားနဲ့ တွေ့ရတယ်ဟူသော စကား၏ အတွင်းငုတ်သော အနက်မှာ ပခုက္ကူရောက်မှ ဗုဒ္ဓဝစနပါဠိတော် နိကာယ်ကြီးများကို သင်ယူ နာကြားခွင့်ရသည်ဟူ၍ပင် ဖြစ်ပေသည်။

ဗမာပြည်ဝယ် ပရိယတ္တိစာပေသင်ရာ မြို့ကြီးအများရှိသော်လည်း စာသင်နည်းအနေဖြင့် ပခုက္ကူစာသင်နည်း အခြား စာသင်နည်းဟူ၍ နှစ်မျိုးသာ ထင်ရှားပေသည်၊ ထိုနှစ်မျိုးတွင် အခြား စာသင်နည်းမှာ ပိဋကတ်သုံးပုံ၏ အခြေပါဒ ဥပထမ္ဘကပစ္စည်းဖြစ်သော သဒ္ဒါ, သဒ္ဒါဟ်စသော ကျမ်းများ၌ သဒ္ဒါရေးဆိုင်ရာ အဓိပ္ပါယ်တို့ကို ဦးစားပေးသော သင်နည်းဖြစ်သည်၊ အောက်ခြေမလွတ်စေသော နည်းဖြစ်၍ အစကောင်းသောနည်းပင် ဖြစ်ပေသည်။

သို့ရာတွင် ဘုရားဟောပါဠိတည်းဟူသော ရည်ရွယ်ရင်း ပန်းတိုင်သို့ မရောက်တတ်ပဲရှိရလေသည်၊ ထို့ကြောင့် လယ်တီဆရာတော်ဘုရားက ၎င်းစာသင်နည်းကို သဒ္ဒါသဒ္ဒါဟ်ဆိုင်ရာက ရွေ့မတက်နိုင်သောကြောင့် အားမလိုအားမရဖြစ်၍ "ခိုတောင် ကူးတို့သူကြီးနှင့် တူသည်"ဟု အမိန့်ရှိဘူးလေသည် (လယ်တီဆရာတော်၏ ဥပမာ၌ ခိုတောင် ကူးတို့သူကြီးဟူသည် စစ်ကိုင်းဖက်

ခိုတောင်ဆိပ်နှင့် မန္တလေးမရမ်းခြံဆိပ်ကို အပြန်ပြန်အလှန်လှန် ကူးနေရသော ငှက်သမားကို ဆိုလိုပါသည်။)။

မှန်ပေသည် ယခုအခါ မန္တလေးရွှေမြို့တော်ကြီး၌ ပရိယတ္တိ၏ အနှစ်အရသာဖြစ်သော နိကာယ်ကြီးများကို သင်ယူလိုသော်လည်း ချပို့မည့်ဆရာတော်များ ပြောပလောက်အောင် မရှိသည့်အတွက် အခက်အခဲနှင့်ရင်ဆိုင်နေရသောစာသင်သားများကို ဝမ်းနည်းစွာတွေ့မြင်ရပေသည်။

ကျွန်ုပ်တို့သည် မန္တလေးစသော အခြားစာသင်နည်းကို ကဲ့ရဲ့ရွဲတ်ချလို၍ ဤသို့ဆိုသည်မဟုတ်ပေ၊ ဘုရားစကားတော်တည်းဟူသော လိုရင်းပန်းတိုင်သို့ မရောက်လျှင် ပရိယတ္တိကိစ္စ မပြီးသေးသည်ကို သိစေလိုခြင်းသာ ဖြစ်ပေသည်။

ပခုက္ကူစာသင်နည်းမှာ သဒ္ဒါသင်္ဂြိဟ်စသော အခြေခံကျမ်းများနှင့်သာ မပြီးစေဲ နိကာယ်ကြီးများကို ပေါက်ရောက်တွင်ကျယ်စွာ ပို့ချရင်း ထိုထို အဖွင့်ကျမ်းဂန်အရ စာချဆရာတို့ပြောရမည့် အဓိပ္ပါယ်ကို အနက်၌ ထည့်သွင်းပို့ချသဖြင့် သဒ္ဒါရေးဆိုင်ရာလည်း မလွတ်စေဲ အောက်ချခိုင်မာစေလေသည်၊ အနက်ဉာဏ်လည်း ကြီးထွားရင့်သန်စေသည်။

(၁) ပါဠိစာပေသင်ရာ၌ ပါဠိကို အနက်မှန်ထွက်အောင် ဘာသာပြန်နိုင်ခြင်း။ (၂) ပါဠိ၏ အဓိပ္ပါယ်သဘောတို့ကို နက်နက်နဲနဲသိရှိသဘောပေါက်ခြင်း, စာတတ်လက္ခဏာ နှစ်ပါးရှိသည်တွင် ပဌမအချက်သည် သဒ္ဒါသဘောဖြစ်၍ ယင်းလက္ခဏာနှင့်ပြည့်စုံက (၅၀) ရာခိုင်နှုန်း စာတတ်ပြီဟု ဆိုနိုင်ပေသည်၊ ထိုဘာသာပြန်ရေး၌ အနက်ထင်မှုနှင့် စာစပ်မြင်မှုသည် အရေးအကြီးဆုံးဖြစ်ပေသည်။

ထို့ကြောင့် အနက်ထင်ခြင်း စာစပ်မြင်ခြင်းသည် ပါဠိစာပေ တတ်မြောက်ရေး၌ အခြေခံအကြောင်းကြီး ဖြစ်လေသည်၊ ထိုအယူအဆကို စဲမြဲစွာယုံကြည်တော်မူကြသော ပဌမရေစက်ကို ဆရာတော်ဘုရားကြီးမှစ၍ ပခုက္ကူဆရာတော်အဆက်ဆက်တို့သည် လွယ်ကူသောနေရာ၌ သဒ္ဒါရေးဖြင့် အချိန်မကုန်စေဲ ဗုဒ္ဓဝစနဟူသောအနှစ်သာရကို လျင်မြန်စွာသိရှိစေလိုသော အာသီသဖြင့် နိကာယ်ကြီးများကို တွင်တွင်ပို့ချခဲ့ပေသည်။

အခြေခံနုသေးသော စာသင်သားတို့အား "အတွေ့အကြုံ"ဖြင့် စာမြင်စေအံ့ဟု ကြုံးဝါးဘိသကဲ့သို့ ကျမ်းပေါက်ခြင်းဖြင့် ဗဟုသုတကြွယ်ဝစေတော်မူကြသည်၊ ဝိနိစ္ဆယဉာဏ် ရင့်သန်စေတော်မူကြသည်။

"ဝိရာဂါယ ဓမ္မော ဒေသိတော နော သရာဂါယ မဒနိမ္မဒနာယ၊ ပိပါသ ဝိနယာယ အာလယ-သမုဃ္ဃါတာယ ဝဋ္ဋုပစ္ဆေဒါယ တဏှာက္ခယာယ ဝိရာဂါယ နိရောဓာယ နိဗ္ဗာနာယ ဓမ္မော ဒေသိ-တော"ဟူသော ဒေသနာတော်အရ မြတ်စွာဘုရား၏ တရားတော်များသည် ရာဂကင်းခြင်းငှါ မာနစသော တရားတို့ ခေါင်းပါးခြင်းငှါသာ ဖြစ်ရကား ဘုရားနှင့် ကိုယ်တိုင်တွေ့ရသော ပုဂ္ဂိုလ်တို့အား ရာဂ မာနစသော တရားတို့ ကင်းပျောက်ခေါင်းပါးသကဲ့သို့ ရာဂဝိနယ မာနနိမ္မဒနစသော အကျိုးငှါ ဟောထားခဲ့သော ပါဠိတော်ကြီးများကို သင်ကြားနာယူရသော စာသင်သားတို့သည် ဘုရားနှင့် တွေ့ရသကဲ့သို့ဖြစ်၍ အခြားစာသင်သားများနှင့် နှိုင်းစာလျှင် ကိုယ်အမူအရာ နှုတ်အမူအရာ ကျစ်လစ်ယဉ်ကျေး၍ စိတ်ထားနူးညံ့ကြသည်ကို အများအပြား တွေ့ရှိရပေသည်။

ထို့ကြောင့် (ပခုက္ကူရောက်မှ ဘုရားနှင့် တွေ့ရတယ်) ဟူသော စကားသည် ပခုက္ကူသာသနာ့သမိုင်းတွင် ဂုဏ်သတင်းတရပ်အနေဖြင့် ပြန့်နှံ့သော စကားဖြစ်ကြောင်းကိုလည်း, ပခုက္ကူနိကာယအနေဖြင့်လည်း ပခုက္ကူစာသင်နည်းကို ဂုဏ်ယူထိုက်သော စကားတရပ် ဖြစ်ကြောင်းကိုလည်း ထုတ်ဖော်ချီးကျူးလိုက်ပါသည်။

နိကာယမာမက ပဌမ ရေစကြိုဆရာတော်ဘုရားကြီး၏ ရည်မှန်းချက်မူကို မပျောက်မပျက် စေပဲ စာမေးပွဲပရိယတ္တိနည်းကို ဦးစားမပေးမူ၍ ပါဠိတော် အဋ္ဌကထာ ဋီကာကြီးများကိုသာ အစဉ်တစိုက် ပို့ချတော်မူခြင်းဖြင့် အနှစ်သာရကို လိုလားသော သာရတို့က သာရဂဝေသီ ပုဂ္ဂိုလ်တို့သည် ဆည်းကပ်မှီခိုရာ စင်စစ် ဖြစ်ပါစေသတည်း။

အရှင် ပဏ္ဍိတ

ဇယဝတီကျောင်း မိုးကောင်းတိုက်

မန္တလေးမြို့။

မြင်းခြံ မဟာဝိသုတာရာမ သာသနာဝင်

မြင်းခြံမြို့ပေါ်နှင့်တက္ခ မြင်းခြံနယ်ပယ်၌ ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးမှ ခွဲ၍ တည်ထောင်သော စာသင်တိုက်များနှင့် မဟာဝိသုတာရာမ ချရိုးပို့စဉ်အတိုင်း ပရိယတ္တိဝန် ဆောင်နေကြသည့် စာသင်ကျောင်းတိုက်ကြီးများ အများအပြားတည်ရှိကုန်သည်၊ မြင်ခြံမြို့ပေါ်၌ မဟာဝိသုတာရာမတိုက်သစ်, ကိုးဆောင်တိုက်ပခုက္ကူကျောင်းသစ်, ဆုတောင်းပြည့်ကျောင်းတိုက်, ပြောင်းပြအလယ်ကျောင်း, ဝေပုလ္လကျောင်း, ဂူနွေယကျောင်း, မဟာစည်သာသနာ့ရိပ်သာ, မင်းကျောင်းတိုက်မှ ဦးအာသဘကျောင်း, ထောင့်ကျောင်း, ကမ်းနားကျောင်းစသည်တို့သည် ပခုက္ကူနည်းအတိုင်း စာပေပို့ချ သာသနာပြုပြီး ပြုဆဲဖြစ်သော ကျောင်းတိုက်များ ဖြစ်ကြသည်။

မြင်းခြံ မဟာဝိသုတာရာမကျောင်းတိုက်

မဟာဝိသုတာရာမတိုက်သစ်သည် မြင်းခြံ၌ အစဦးစွာ တည်ထောင်သော စာသင်တိုက်ကြီး ဖြစ်လေသည်၊ အလယ်ကျောင်းမကြီးနှင့်တက္ခ အရံကျောင်းပေါင်းများစွာတို့ဖြင့် လှပတင့်တယ် ကျယ်ဝန်းသော ကျောင်းတိုက်ကြီး ဖြစ်လေသည်၊ အလယ်သိမ်ကျောင်းကြီးမှာ မြင်းခြံမြို့ ကျောင်းဒကာကြီး ဦးကျွန်းကျော်၊ ရန်ကုန်မြို့ ဒေါ်မမကြီးတို့နှင့် အများကောင်းမှုဖြစ်သည်၊ ၎င်းတိုက်၌ အတိုးတက်ဆုံးအချိန်က သံဃာတော် ၃၀၀-လောက် သီတင်းသုံးသွားဘူးကြောင်း တဆင့်သိရလေသည်၊ ၎င်းကျောင်းတိုက်တည်ထောင်သော မဟာထေရ်မြတ်မှာ အရှင်တိလောက မဟာထေရ် ဖြစ်လေသည်၊ ၎င်းမထေရ်ကို သိဟိုဠ်ကျွန်း ဝိဇ္ဇောဒယပရိဝေဏကို စတင်တည်ထောင်သူ ဗာလာဝတာရ ဋီကာကျမ်းပြု အရှင်သိရိသုမင်္ဂလထေရ်အလား မှတ်တမ်းတင်ထိုက်လေသည်။

ဆရာတော် အရှင်တိလောက မဟာထေရ်

ဆရာတော်လောင်းလျှာသည် မြင်းခြံခရိုင် ညောင်ဦးမြို့ ငသယောက်တိုက်နယ် မြောက်ကုန်းရွာ၌ အဘ ဦးသက်ထွန်း, အမိ ဒေါ်ကုယ်သာတို့မှ သက္ကရာဇ် ၁၂၄၇-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက် စနေနွေနံနက် ၄-ချက်တီးကျော်အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

ကျောင်းအပ်ပညာသင် သာမဏေပြုခြင်း

ဆရာတော်လောင်းလျှာသည် ၆-နှစ်သားအရွယ်တွင် မြောက်ကုန်းရွာ၏မြောက်ဘက် အင်းဝတောကျောင်းဆရာတော် အရှင်သုမနထံ၌ မိဘတို့အပ်နှံကြသဖြင့် ပညာသင်ကြား၍ မကြာမီ ရှင်တိလောကဘွဲ့မည်ဖြင့် ရှင်သာမဏေ ပြုခဲ့သည်။

ဝယသာ ဆဗ္ဘသောယေဝ၊ သန္တိကေ သုမနဿ သော။
သုသိက္ခိ သိက္ခိတဗ္ဗမ္ပိ၊ ပဗ္ဗဇ္ဇာဘိရတော အဟု။

ရေစကြို့ ဆရာတော် ဘုရားကြီးထံ

ရှင်တိလောကသည် ၁၃-နှစ်သား အရွယ်တွင် ပခုက္ကူမြို့ ပန်းစွာတိုက် ရေစကြို့ဆရာတော် ဘုရားကြီးထံ ရောက်ရှိ၍ နှစ်ပေါင်းများစွာ သီတင်းသုံးကာ ပညာသင်ကြား တတ်မြောက်သည်၊

မြင်းခြံမြို့ မဟာဝိသုတာရုံမတိုက်သစ် အလယ်သိမ်ကျောင်းတော်ကြီး

မြင်းခြံမှူး မဟာဝိသုတာရာမတိုက်သစ် တည်ထောင်ခဲ့သော
ဆရာတော် အရှင်တိလောက မဟာထေရ် 415

ဆရာတော် လောင်းလျှာသည် လွန်စွာ ဉာဏ်ထက်မြက် ဝိရိယလည်း လွန်ကဲသဖြင့် ကိုရင်ဝတ်နှင့် စာစရ် ပိုနိုင်သော အရည်အချင်းကို ရရှိသဖြင့် ဆရာတော်ကြီး အမိန့်အတိုင်း ရှင်သာမဏော, ရဟန်းငယ်တို့ကို ကိုရင်ဝတ်နှင့် စာချရလေသည်။

တိလောကော သာမဏေရော၀၊ ဗျတ္တော ဝိသာရဒေါ ဘဝိ။
၀ါစကော စာပိ သော အာသိ၊ ဂန္ဆသာရဿ သန္တိကေ။

ရဟန်းဘ၀သို့ ရောက်ခြင်း

ဆရာတော်လောင်းလျှာသည် သက်တော် ၂၀-ပြည့်ရာ ၁၂၆၇-ခုနှစ် နယုန်လဆန်း ၁၅-ရက်နေ့တွင် ပခုက္ကူမြို့ ကျောင်းဒါယကာကြီး ဦးရွှေတောင်နှင့် ဇနီးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဆသာရကို ဥပဇ္ဈာယ်ပြု၍ မဟာဝိသုတာရာမသိမ်တော်ကြီး၌ ရဟန်းအဖြစ်ကို ရရှိခဲ့လေသည်။

ဂန္ဆသာရံ နန္တဉာဏံ၊ အနေက ဂန္ဆ၀ါစကံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ အလတ္ထ ဒုလ္လဘံ သုဓီ။

၅-၀ါအထိ ပခုက္ကူ၌ စာချခြင်း

ဆရာတော်လောင်းလျှာသည် ရဟန်း ၅-၀ါအထိ မဟာဝိသုတာရာမတိုက်ကြီး၌ မြားမြောက်စွာသော စာလိုက်သံဃာတော်တို့အား ပါဠိတော်,အဋ္ဌကထာများကို ပို့ချကာ ဆက်လက်၍ သီတင်းသုံးခဲ့သည်။

ဝိသုတေ ဝသိတ္ဝာန၊ ပဉ္စ၀ဿံ မဟာသုဓီ။
ဂဏ၀ါစကဘာဝရမ္ပိ၊ အ၀ဟိ သုဒ္ဓစေတသာ။

နှားပျင်းရွာနှင့် မန္တလေးသို့

ဆရာတော်လောင်းလျှာသည် မြင်းခြံခရိုင် တောင်သာမြို့ နှားပျင်းရွာ ဇေတဝန်ကျောင်း ဆရာတော်၏ ထံတော်၌ အဘိဓမ္မာ ညဝါများကိုလည်း ၂-နှစ်တိုင် သင်ယူခဲ့ပြီး မန္တလေးမြို့ တောင်ပြင်ဘုရားကြီးတိုက်၌ သီတင်းသုံး၍ ဗျာကရဏ်းကျမ်းများကိုလည်း လေ့လာ သင်ယူခဲ့သေးသည်၊ မန္တလေးအနောက်ပြင် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ သက္ကတဘာသာကိုလည်း ၁-နှစ် သင်ယူခဲ့သည်။

၁၀-၀ါရ ပခုက္ကူပြန်ရောက်ခြင်း

ဆရာတော်သည် ၁၀-၀ါရသောအခါ ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့် မူလပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ပြန်လည်ကြွရောက်ကာ ၁-နှစ် စာပေပို့ချခဲ့လေသည်။

ဒိ၀ဂ်တေ မဟာထေရေ၊ ဝိဿုတံ ဝိသုတာလယံ။
ပစ္စာဂန္ဆာ တိလောကော သော၊ ၀ါစယိ ပိဋ္ဌကတ္တယံ။

မြင်းခြံမြို့ မဟာဝိသုတာရာမတိုက်သစ်သို့

ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ကြီး၌ သာသနာဝန်ဆောင်များ ဖြစ်တော်မူကြသော အဂ္ဂ-မဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် အရှင်သုန္ဒရ အစရှိသော မဟာထေရ်မြတ်တို့သည် မြင်းခြံမြို့ ပိဋကတ် အတတ်သင်ရာ ဝိဇ္ဇာဌာနကြီးတည်ဆောက်၍ သာသနာပြုရန်အတွက် မြင်းခြံနယ်သားလည်းဖြစ် စာပေပိဋကတ်လည်း တတ်ကျွမ်းသည့် ပိဋကတ္တယဆရာ, ဘာသန္တရကောဝိဒဂုဏ်တို့နှင့် ပြည့်စုံသည့် အရှင်တိလောကကို မြင်းခြံမြို့သို့ စေလွှတ်သဖြင့် ဆိုင်ရာဒကာ, ဒကာမတို့က အသင့်ဆောက်လုပ်လှူဒါန်းသည့် မြင်းခြံမြို့ ရထားလမ်းအနှေဖက်ရှိ မဟာဝိသုတာရာမတိုက်သစ်၌ ၁၂၇၈-ခုနှစ် ၁၁-ဝါအရတွင် သီဟိုဠ်သို့ သာသနာပြုကြွသည့် မဟိန္ဒထေရ်အလား ကြွရောက်သီတင်းသုံးကာ အနယ်နယ်မှ မှီခိုရောက်ရှိလာသည့် စာသင်သား ရဟန်းသာမဏေတို့အား ပိဋကတ်စာဝါများ, သက္ကတစာဝါများကို ချပို့ကာ သာသနာပြုခဲ့လေသည်။

ကောဒသဘိက္ခုဝဿော၊ တိလောကော ဝိသုတေ ဝသိ။
မြင်းခြံဝှနဂရေ သေဋ္ဌေ၊ မဟိန္ဒော ဝိယ သီဟဋ္ဌေ။

ဘဝနတ်ထံ ပျံလွှန်ခြင်း

ဆရာတော်သည် အချိန်ရှိသမျှ စာပေနှင့်သာ မွေ့လျော်ခဲ့သည်၊ သက်တော်နှင့်အမျှ ဂန္ဆဓုရဝန်ကို ပဓာနအားဖြင့် ထမ်းဆောင်တော်မူခဲ့ပြီး ၁၂၉၄-ခုနှစ် နတ်တော်လဆန်း ၁၄-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွှန်တော်မူခဲ့လေသည်။

သံဝေဂယူဇဉယ်

ကာမ, ရူပ, အရူပ-ခေါ်သော လောက ၃-ပါးနှင့် လောက ၃-ပါး၌ မှီနေသူတို့သည်လည်း အမြဲမရှိ အနိစ္စတို့ပါတကား၊ အရှင်တိလောကမဟာထေရ်မြတ်သည်လည်း အမြဲမရှိသဖြင့် စုတိ-ကမ္မဇရုပ် ချုပ်ခဲ့ပြီတကား၊ အားလုံးသော သင်သူတော်ကောင်းတို့သည် မပျို့မကဲ့ မပျက်စီးရာ ဖြစ်သည့် နိဗ္ဗာန်ကို တောင့်တကြကုန်ရာ၏။

အနိစ္စော ဝတာယံ လောကော၊ တန္နီဿိတာ ပဇာပိ စ။
ထေရဝရော တိလောကော စ၊ ပတ္ထေထ အမတံ ဓုဝံ။

အရှင်ပညာသာဓိဇေရ်

ဆရာတော်အရှင်တိလောက ပျံလွန်တော်မူပြီးနောက် မြင်းခြံမှို့ မဟာဝိသုတာရုမတိုက်သစ်ကြီး၏ အဓိပတိဖြစ်လာသော မထေရ်မြတ်မှာ အရှင်ပညာသာမိဇေရ် ဖြစ်လေသည်၊ အရှင်ပညာသာမိမထေရ်သည် ၁၃၀၀-ပြည့် မဟာဝိသုတာရုမိက နိကာယ အစည်းအဝေးကြီးသို့ ကြွရောက်၍ ကျေးဇူးရှင် နိကာယာဓိပတိဆရာတော်ဘုရားကြီးတို့၏ သြဝါဒကို ခံယူခဲ့လေသည်၊ ၁၃၀၇-ခု နယုန်လဆန်း ၁၄-ရက်နေ့တွင် ပျံလွန်တော်မူသည်။

ဒီဝင်္ဂတေ တိလောကမှိ၊ ပညာသာမိ ယတီသဘော။
အဟောသိ နာယကော ဇေရော၊ ဝိသုတာရုမမဏ္ဍလေ။

အရှင်ကုမာရ အဓိပတိဖြစ်ခြင်း

ဆရာတော် အရှင်ပညာသာမိ ဘဝနတ်ထံ စံလွန်တော်မူပြီးနောက် မြင်းခြံမြို့ မဟာဝိသုတာရုမတိုက်ကြီး၏ အဓိပတိဖြစ်လာသော ထေရ်မြတ်မှာ အရှင်ကုမာရမဟာထေရ် ဖြစ်လေသည်၊ အရှင်ကုမာရမဟာထေရ်သည် ၁၂၆၂-ခု နတ်တော်လဆုတ် ၁၂-ရက်နေ့တွင် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပဲချက်ရွာ ဦးသန့်-ဒေါ်ဘွင့်တို့မှ ဖွားမြင်သည်၊ ခရိုင်ဝိနည်းဓိုရ်, ဂဏဝါစက, ဆင်ဌေးဂီတိကာရက, ဆင်ဌေးဂီတိပါဋိဝိသောဓက စသည့် သာသနာဝန်ဆောင်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

ကုမာရော နာယကော အာသိ၊ ပညာသာမိဒိဝင်္ဂတေ။
ဝိသုတာရုမနာမဿ၊ ဝိဇ္ဇာလယဝရဿ စ။

မြင်းခြံမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော်
အရှင်ကုမာရ မဟာထေရ်

မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်

အင္ဂမဟာပဏ္ဍိတ အရှင်သောဘိတ မဟာထေရ်

အရှင်သောဘိတသည် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင်ဖြစ်၍ မြင်းခြံမြို့, မြင်းခြံခရိုင်၌ သာသနာပြုနေသော မထေရ်မြတ် ဖြစ်လေသည်။

ကာလ ဒေသ မိဘ

ဆရာတော်သည် ၁၂၇၁-ခုနှစ် တပေါင်းလဆုတ် ၃-ရက် သောကြာနေ့တွင် မြင်းခြံခရိုင် ပုဂံမြို့နယ် သီရိပစ္စယာရှာ အဘ-ဦးဘိုးခစ် အမိ-ဒေါ်ကျော့တို့မှ မီးရှူးသန့်စင် ဖွါးမြင်ခဲ့သည့် ဒုတိယမြောက် သားရတနာ ဖြစ်လေသည်။

ကျောင်းအပ် ပညာသင်ခြင်း

ဆရာတော်၏ မိဘတို့သည် ဆရာတော်လောင်းလျာငယ်စဉ် စဉ့်ကူးမြို့သို့ ရွှေ့ပြောင်း နေထိုင်ကြသည်၊ ၇-နှစ်သားအရွယ်တွင် ဆရာတော်လောင်းလျာသည် စဉ့်ကူးမြို့ မူလတန်းကျောင်း၌ စတုတ္ထတန်း အောင်မြင်သည်အထိ ကလေးတို့ပညာကို သင်ယူခဲ့လေသည်။

ဒါရကော သတ္တဝဿမှိ၊ ပါဌာလယေ သမုဂ္ဂဏှိ။
နိဋ္ဌာပေသိ စတုတ္ထမှိ၊ ပန္တိ ပန္တီသု ကောဝိဒေါ။

သာမဏေဝတ်ခြင်း

အသက် ၁၂-နှစ်သားအရွယ်တွင် သီရိပစ္စယာရှာ သာယာဝတေ့ကျောင်း ဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဝတ်ခဲ့သည်၊ ရှင်သောဘိတဟူသော အမည်ကိုလည်း ဥပဇ္ဈာယ်ဆရာတော်က မှည့်ခေါ်ပေးအပ်လေသည်။

ပညာဝံသံ မဟာထေရံ၊ သပ္ပညံ ဥတ္တမံ ဝိဒုံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ သာမဏေရတ္တိနံ လဘိ။

ပညာသင်ခြင်း

ထိုစဉ်က သာယာဝတေ့ကျောင်း၌ မန္တလေး မြတောင်ကိုက်မှ စာချ ဆရာတော်ကလေး အရှင်ဇနိတ ကြွရောက်နေထိုင်၍ စာချရာ သံဃာတော် ၂၀-ကျော်သီတင်းသုံး၍ ပညာသင်ကြလေသည်၊ အသက် ၁၃-နှစ်သားရှိသော ရှင်သောဘိတသည် အရှင်ဇနိတထံတွင် သဒ္ဒါကြီးသုတ်စဉ်, ဝိဘတ်သွယ်, စာစပ်နိယံတို့ကို သင်ယူခဲ့လေသည်။

တရုဏော စ သမာနော၀၊ သောဘိတော သောဘိတာသယော။
သိက္ခိ ကစ္စာယနဿာပိ၊ သုတ္တပါဌာဒိကံ ဗဟုံ။

ပခုက္ကူပိဋကတ်အတတ်မြို့တော်သို့

သာယာဝတေ့ကျောင်း၌ စာချနေသော အရှင်ဇနိတသည် နောက်ပါ သံဃာများစွာနှင့်တကွ ပခုက္ကူသို့ နိကာယ်များ သင်ယူရန်ကြွသောအခါ ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာဝံသက သာမဏေရှင်သောဘိတကို ပခုက္ကူသို့ အရှင်ဇနိတနှင့်အတူ ထည့်လိုက်လေသည်၊ ရှင်သောဘိတသည် နိကာယတ္ထဝပါရဂူ ဆရာတော် အရှင်ပညာမဟာထေရ်ထံတွင် ဥပဇ္ဈာယ်ယူ၍ ဆရာတော်၏ တပည့်ရင်းအဖြစ် ခံယူလေသည်။

ဆရာတော်ထံ ပညာသင်

အသက် ၁၆-နှစ်သားအထိ ဆရာတော် အရှင်ပညာထံတွင် ပိဋကတ်အခြေပြု ကျမ်းစာများနှင့် သဒ္ဒါငယ်, ဓမ္မပဒအဋ္ဌကထာများကို ဆိုဝါဖြင့် သင်ယူခဲ့လေသည်။

မန္တလေး ရန်ကုန်တို့သို့

ဆရာရင်း အရှင်ဇနိတနှင့်အတူ မန္တလေးမြို့ ဘုရားကြီးတိုက်, ရန်ကုန်မြို့ အောင်မြေဘုံစံတိုက်တို့၌ လိုက်ပါနေထိုင်၍ ပညာသင်ခဲ့လေသည်၊ ရှင်သာမဏော စာမေးပွဲများ, အစိုးရ အငယ်တန်းတို့ကိုလည်း အထက်တန်းမှ လွှယ်ကူစွာ အောင်မြင်ခဲ့လေသည်။

ရဟန်းဘဝ ရရှိခြင်း

၁၂၉၁-ခုနှစ် သက်တော် ၂၀-တွင် မြင်းခြံမြို့ ကိုးဆောင်တိုက်၌ နေထိုင်စဉ် မြင်းခြံမြို့ သမာဓိမြို့ဝန်မင်း ဆန်ကုန်သည် ဦးထွန်းခိုင် ဇနီး-ဒေါ်နန်းစိန် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဟသ်ာတမြို့ တလုပ်ထော် သမိုင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်။

သဒ္ဒနီတိကို ချခြင်း

ရဟန်းဖြစ်စ ဝါမရမီကပင် ကိုးဆောင်တိုက်၌ ကျေးဇူးရှင် ဆရာရင်းကို စောင့်ရှောက်ရင်း ၂၅-ပါးမျသော ရဟန်း သာမဏေတို့ကို သဒ္ဒနီတိ သုတ္တမာလာကျမ်းကို ချပို့တော်မူခဲ့သည်။

အဝဿော စ သမာနော၀၊ သုတ္တမာလံ သုဒုဒ္ဒသံ။
မဟုဿာဟေန ဝါစေသိ၊ ဝါစနေ အတိကော၀ိဒေါ။

ပခုက္ကူနောက်တခေါက်

ရဟန်းသိက္ခာ ၂-ဝါရသောအခါ ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက်သို့ နောက်တခေါက် ရောက်ရှိ နေထိုင်တော်မူပြန်သည်၊ ရောက်ရှိ၍ ၃-လလောက် ကြာသောအခါတွင် ဆရာတော် အရှင်ပညာထံတွင် ဆိုဝါရသဖြင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ, သမ္မောဟဝိနောဒနီအဋ္ဌကထာ, ကင်္ခါဋီကာသစ်, အဘိဓမ္မာပါဠိတော်များကို ဆိုဝါဖြင့်ချည်း သင်ယူခဲ့လေသည်။

ပညာ နာမ ထေရာ၊ ဝိသုတာ ယာသိနော။
ဥဂ္ဂဏှိ ဘာဏကော၀ေ၀၊ အနေကေ ပိဋကေ သုဓီ။

ပခုက္ကူနောက်တခေါက်

ရဟန်းသိက္ခာ ၂-ဝါရသောအခါ ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက်သို့ နောက်တခေါက် ရောက်ရှိ နေထိုင်တော်မူပြန်သည်၊ ရောက်ရှိ၍ ၃-လလောက် ကြာသောအခါတွင် ဆရာတော် အရှင်ပညာထံတွင် ဆိုဝါရသဖြင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ, သမ္မောဟဝိနောဒနီအဋ္ဌကထာ, ကင်္ခါဋီကာသစ်, အဘိဓမ္မာပါဠိတော်များကို ဆိုဝါဖြင့်ချည်း သင်ယူခဲ့လေသည်။

ပညာ နာမ ထေရာ၊ ဝိသုတာ ယာသိနော။
ဥဂ္ဂဏှိ ဘာဏကော၀ေ၀၊ အနေကေ ပိဋကေ သုဓီ။



မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘိတ မဟာထေရ် 420

၈၈၀၀စကစာချဖြစ်ခြင်း

ဆရာတော်လောင်းလျာသည် လွန်စွာဉာဏ်ထက်မြက်သဖြင့် ရဟန်းသိက္ခာ ၃-ဝါအရွယ်တွင် ပိဋကတ်ကိုနှုံ့စပ်နိုင်နင်းအောင်သင်ယူပြီးဖြစ်ရကား ရဟန်းသိက္ခာ ၅-ဝါရသောအခါတွင် ပခုက္ကူမဟာဝိသုတာရုံမတိုက်ကြီး၌ ၈၈၀၀စက စာချအဖြစ် ကျေးဇူးရှင် နိကာယဃ္ဏဝပါရဂူ ဆရာတော်ဘုရားကြီးများက ချီးမြှောက်တော်မူသဖြင့် မဟာဝိသုတာရုံမတိုက်၌ ၃-နှစ်တိုင် ပိဋကတ်ကို ချပို့တော်မူကာ သာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။

ပဥ္စဝဿော သမာနော၀၊ ဝါစကော ပါကဋော ဘဝိ။
ပိဋကံ ဝါစယိတ္ဝာန၊ အကာသာသနပဂ္ဂဟံ။

စာသင်တိုက်တည်ထောင်ဖွင့်လှစ်ခြင်း

ရဟန်းသိက္ခာ ၈-ဝါအရ ၁၂၉၉-ခုနှစ်မှစ၍ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ်ကို စာသင်ကျောင်းတိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ကာ မှီခိုဆောက်ရှိလာသော အခါအားလျော်စွာ ၂၀၀,၃၀၀-မျှရှိသော ရဟန်းသာမဏေတို့အား စာပေပို့ချခဲ့ကာ ပခုက္ကူကျောင်းသစ်၏ အဓိပတိတာဝန်ကို ထမ်းဆောင်တော်မူလေသည်။

အဋ္ဌဝဿော သမာနော၀၊ သောဘိတော နာယကော ဘဝိ။
ကိုးဆောင်အာရုံမသေဋ္ဌမှိ၊ ဝိဟာရေ ပခုက္ကူဝှယေ။

သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့

၁၃၁၂-ခုနှစ်တွင် အစိုးရဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ အောင်မြင်တော်မူသဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့တံဆိပ်ကိုလည်း ရရှိခဲ့လေသည်။

ဆောင်ရွက်ချက်အမျိုးမျိုး

ဆရာတော်သည်—

၁။ မဟာဝိသုတာရုံမိက ၈၈၀၀စကနိကာယကြီး၏ အမှုဆောင်တာဝန်၊

၂။ မြင်းခြံခရိုင်ဝိနည်းဓိရ်တာဝန်၊

၃။ ပါဠိတက္ကသိုလ်ကထိကတာဝန်၊

၄။ ဆဋ္ဌသံဂါယနာသံဂီတိကာရကတာဝန်၊

၅။ ဆဋ္ဌသံဂါယနာမူလဝိသောဓကတာဝန်၊

၆။ မြင်းခြံမြို့ မြို့မသံဃအဖွဲ့ကြီး၏ အမှုဆောင်တာဝန်၊

၇။ မြင်းခြံမြို့ သာသနဟိတအသင်းကြီး၏ ဩဝါဒစရိယတာဝန်—

စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။

ဂျပန်ပြည်သို့ ကြွတော်မူခြင်း

ဂျပန်ဗုဒ္ဓသာသနာ့အဖွဲ့ JAPAN BUDDHA SASANA SOCIETY. နှင့် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့တို့၏ ကြိုးပမ်းချက်အရ ဂျပန်ပြည် မိုဂျီမြို့၌ သံဃာရုမခေါ်သော ထေရဝါဒ ကျောင်းတိုက်တိုက်ပေါ် ပေါက်တည်ရှိခဲ့သည်၊ ထိုဂျပန်ပြည် မိုဂျီမြို့ သံဃာရုမကျောင်းတိုက်၌ သိမ်သမုတ်ရန် ၁၉၅၇-ခုနှစ်တွင် မြန်မာပြည်မှ ဆရာတော် ၅-ပါး သိမ်သမုတ်ကြွတော်မူရာ ပခုက္ကူ ကိုဏ်း၏ကိုယ်စား အရှင်သောဘိတ ပါဝင်ခဲ့သည်၊ ဂျပန်ပြည်သိမ်သမုတ်ကြွ ၅-ပါးတို့မှာ—

၁။ ဘဒန္တခေမာစာရ အဂ္ဂမဟာပဏ္ဍိတ ဝေဠုဝန်ကျောင်းတိုက် ဗဟန်း ရန်ကုန်၊

၂။ ဘဒန္တပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော် အနီးစခန်းချောင်စစ်ကိုင်း၊

၃။ ဘဒန္တသောဘန အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် သာသနာ့ရိပ်သာရန်ကုန်မြို့၊

၄။ ဘဒန္တဝိသုဒ္ဓ အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် အနောက်ပြင်မန္တလေး၊

၅။ ဘဒန္တသောဘိတ အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူကျောင်းသစ် ကိုးဆောင်တိုက် မြင်းခြံမြို့တို့ ဖြစ်လေသည်။

ဤသို့ဖြင့် အရှင်သောဘိတသည် ဂျပန်ပြည်ပြန် သာသနာပြု ပုဂ္ဂိုလ်အဖြစ်လည်း မှတ်တမ်းတင်ထိုက်တော့သည်။

ဂန္ဓာန သောဘိတော ထေရော၊ ဂျပန်ရဋ္ဌံ သုပါကဋ်။
ဗန္ဓိတ္ဝာ တတ္ထ သိမံ စ၊ အကာ သာသနပဂ္ဂဟံ။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ဆရာတော်သည် သီလ, သမာဓိ, ပညာ-ဂုဏ်တို့ဖြင့် လှုမ်းခြုံကျော်ကြားရကား ၁၃၂၁-ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့ လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို အလှူခံရရှိတော်မူသည်။

သီလာဒိဂုဏနေကေဟိ၊ လင်္ကတံ သောဘိတံ ဝိဒုံ။
ပူဇေသုံ မြန်မာ့ဘူပါလာ၊ ဥပါဓိပဏ္ဍိတေနပိ။

တိုက်တွန်းချက်

အဂ္ဂမဟာပဏ္ဍိတ မဟာဝိသုတာရုမိက ဂဏဝါစက နိကာယဝင် အရှင်သောဘိတထေရ်ကို ဥပမာပြု၍ စာပေပို့ချခြင်းအစရှိသော သာသနာ့ကိစ္စအဝဝကို ပြုလုပ်ကာ သာသနာတော်ချီးမြှောက်နိုင်ကြပါစေ။

သောဘိတံ ဥပမံ ကတ္ဝာ၊ ကရိတ္ဝာ ဂန္ထဝါစနံ။
ပဂုဏ္ဟန္တု စ စက္ကမို၊ စိရကာလာဘိဝုဒ္ဓိယာ။

တောင်သာမြို့ မဟာဝိသုတာရုံမသာသနာဝင်

တောင်သာမြို့နှင့် တောင်သာမြို့နယ်သည် ပခုက္ကူ၊ မဟာဝိသုတာရုံမိက ဂဏဝါစက နိကာယဝင် သံဃာတော် မြားမြောက်စွာတို့ သာသနာပြုရာဌာနအဖြစ် မဟာဝိသုတာရုံမသာသနာ့သမိုင်း တွင် ထင်ရှားလှသည်၊ တောင်သာမြို့နယ်မှ မဟာဝိသုတာရုံမ ဂဏဝါစက နိကာယဝင် ကျောင်း တိုက်ပေါင်း ၅၉-တိုက် နာမည်ကို မှတ်တမ်းမျှား၌ တွေ့ရှိရလေသည်။

ရေလယ်ဆရာတော် အရှင်နန္ဒမဟာထေရ်

ယင်းကျောင်းတိုက်မျှားအနက် တောင်သာမြို့ပေါ်မှ ရေလယ်ကျောင်းတိုက်သည်လည်း မဟာဝိသုတာရုံမိကဂဏဝါစကနိကာယကြီး စတင်ချိန်မှစ၍ နိကာယဝင် ဖြစ်ခဲ့သည်၊ ၎င်းကျောင်း တိုက်၌ ၁၂၀၉-ခုနှစ်ကစ၍ ပရိယတ္တိဝန် အားသွန်ကြိုးပမ်း ထမ်းရွက်နေသော အဓိပတိဆရာတော်မှာ မဟာဝိသုတာရုံမိက ဂဏဝါစက နိကာယကြီး၏ အနုဝိနာယက ဆရာဘော် အရှင်နန္ဒမဟာထေရ် ဖြစ်လေသည်။

ဖွားမြင် သာမဏေဝတ် ရဟန်းဖြစ်

ဆရာတော်လောင်းလျာသည် ပဲခူးခရိုင်,ကဝနယ် ပိုင်ကြုံရွာ၌ မြေပိုင်ရှင် အဘ ဦးထွန်းသာ ကြီး, အမိ ဒေါ်လွန်းမယ်တို့မှ သက္ကရာဇ် ၁၂၅၀-ပြည့် ပဌမဝါဆိုလဆုတ် ဂ-ရက် စနေနေ့၌ ဖွားမြင်ခဲ့သည်၊ ၆-နှစ်သားတွင် ပိုင်ကြုံရွာကျောင်းမကြီးဆရာတော် ဦးဝါသဝဏ်၌ ရောက်ရှိ ပညာသင်ကြား၍ ၁၂-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်ခဲ့သည်။ ၁၂၇၀-ပြည့်နှစ် သက် တော် ၂၀-တွင် ပိုင်ကြုံရွာဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ပခုက္ကူ၊ မဟာဝိသုတာရုံမတိုက်ကြီးသို့ ရောက်ရှိခြင်း

ဆရာတော်လောင်းလျာသည် ဥပဇ္ဈာယ်ခြေရင်း၌ သဒ္ဒါ,သင်္ဂြိဟ်, အဘိဓာန်, အလင်္ကာ, ဆန်း, ဝိနည်းပါဠိတော်, ဋီကာကျော်, အဋ္ဌသာလိနီစသော ကျမ်းမျှားကို သင်ယူခဲ့၍ အစိုးရပဌမပြန် စာမေးပွဲကို ဖြေဆိုခဲ့ရာ သာမဏေဝတ်နှင့် ၁၂၆၉-ခုနှစ်က ပဌမငယ်တန်း အောင်မြင်ခဲ့သည်၊ ၁၂၇၂-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရုံမကျောင်းတိုက်ကြီးသို့ရောက်၍ ပိဋကတ်ကို ဆိုဝါ, လိုက်ဝါတို့ဖြင့် ၅-နှစ်ကျော်မျှ သင်ယူခဲ့ရာ ပိဋကတ်၌ လွန်စွာ ကျွမ်းကျင်တတ်မြောက်လေသည်။

ဝိသုတာရုံမဝါသီနံ၊ သန္တိကေ နန္ဒိဝဗုနော။
ဗဟုဝေါ ပိဋကေ သိက္ခိ၊ နန္ဒော တေသု ဝိသာရဒေါ။

ပခုက္ကူ၌ စာချခြင်း

ဆရာတော်လောင်းလျာသည် ပခုက္ကူ၊ မဟာဝိသုတာရုံမတိုက်ကြီး၌ ကျေးဇူးရှင်ဆရာတော် တို့၏ အမိန့်အရ ၁-နှစ် စာချ၍ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခဲ့သည်။

ဇကဝဿံ ဝသိတ္ဝာန၊ ဝိသုတေ ကဝိနန္ဒနေ။
အနေကေသမွိ ဝါစေသိ၊ ပိဋကံ သာသနောဂဒံ။

ဆရာတော်လောင်းလျာသည် မန္တလေး ညောင်ကန်တိုက်နှင့် တောင်သာမြို့နယ် နွားပြင်းရွာ ဇေတဝန်ကျောင်းတိုက်တို့၌ နေ့ဝါ ညဝါများ လေ့လာခဲ့ဘူးသည်၊ ၁၂၇၂-ခုနှစ်တွင် ညောင်ကန် အလယ်တိုက်ကြီးပေါ်၌ အရှင်ဝိဇယ,အရှင်အဂ္ဂ-စသည်တို့နှင့်အတူ တိုက်တာ၏တာဝန်ယူ စာချခဲ့ ဘူးသည်။

တောင်သာမြို့ ရေလယ်တိုက်သို့

ဆရာတော်သည် ၁၂၈၉-ခုနှစ်တွင် တောင်သာမြို့ ရေလယ်ဆရာတော် အရှင်စန္ဒောဘာသ မဟာထေရ်နှင့် ဒကာ,ဒကာမတို့ ပင့်လျှောက်ချက်အရ ၎င်းကျောင်းတိုက်သို့ ကြွရောက်သီတင်း သုံးတော်မူ၍ ပခုက္ကူ,မန္တလေး ၂-နည်းဖြင့် စာသင်သား များစွာတို့အား ပိဋကတ်ကို ချပို့သင် ကြားပြသပေးတော်မူလေသည်။ ဆရာတော်သည် ၁၂၉၇-ခုနှစ်တွင် ဦးရေဝတ ပျံလွန်တော်မူ ပြီးနောက် ဆရာတော် ဦးစန္ဒောဘာသက ရေလယ်တိုက်တာကို လွှဲအပ်သဖြင့် ပဓာနနာယက ဖြစ်လာလေသည်။

နန္ဒော ဟိ နာယကော အာသိ၊ ရေဝတမှိ ဒိဝင်္ဂတေ။
ရေလယ်ဣတိ ပသိဒ္ဓဿ၊ ပရိဝေဏဝရဿ စ။

၁၂၉၈-ခုနှစ် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး စတင်ချိန်တွင် အစောဆုံး မဟာ-ဝိသုတာရာမိက ဂဏဝါစက နိကာယဝင် ဖြစ်ခဲ့သည်၊ ၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ဂ-ရက်နေ့တွင် စတင်ကျင်းပသော နိကာယအစည်းအဝေးကြီး၌ ကြွရောက်၍ မဟာဝိနာယကဆရာ တော်ဘုရားကြီးတို့၏ သြဝါဒကို ခံယူခဲ့လေသည်။

ဂဏအနုဝိနာယက ဆရာတော်ဖြစ်ခြင်း

ဆရာတော်သည် ၁၃၂၂-ခုနှစ် တပို့တွဲလဆုတ် ၉-ရက်နေ့ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယအစည်းအဝေးကြီး၌ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏအနုဝိနာယက ဆရာတော်အဖြစ် သံဃာထု၏ ရွေးကောက်တင်မြှောက်ခြင်းကို ခံယူရလေသည်၊ ဆရာတော်သည် ခရိုင်ဝိနည်းဓိရ်တာဝန်စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

ဘဒန္တနန္ဒထေရော ဟိ၊ ပိဋကေသု ဝိသာရဒေါ။
ဝိနာယကော စ သော အာသိ၊ နိကာယေ ဝိသုတာဝှယေ။
ထေရော ဝဿသတံ ကာလံ၊ ဇောတေတု ဇိနသာသနံ။

ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်

ဆရာတော် အရှင်ဝါယာမ မဟာဇာထေရ်

ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ပညာသင်-ရဟန်းပြု-စာချ၍ သီတင်းသုံးခဲ့သည့် မဟာဝိသုတာရာမ၏ သားကောင်းရတနာတပါး ဖြစ်တော်မူသည်။

ဖွားမြင် ကျောင်းနေ သာမဏေဝတ်ခြင်း

ဆရာတော်သည် ၁၂၅၅-ခုနှစ် နယုန်လဆုတ် ဂ-ရက် ဗုဒ္ဓဟူးနေ့ နံနက် ၅-နာရီအချိန်တွင် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ရသေ့တောင်ရွာ၌ အဘ ဦးလှိုင်-အမိ ဒေါ်မင်းသွယ်တို့မှ စတုတ္ထမြောက်ဖွားမြင်သည့် သားရတနာဖြစ်လေသည်၊ ၆-နှစ်သားအရွယ်မှစ၍ တည်ပင်တဲရွာကျောင်းဆရာတော် အရှင်ကေသရထံ ပညာသင်ကြားခဲ့သည်၊ ၁၂-နှစ်သားအရွယ်တွင် မိဘတို့၏ပစ္စယာနုဂ္ဂဟဖြင့် အရှင်ကေသရထံမှာ ရှင်သာမဏေဝတ်ခဲ့သည်။

ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့

သက်တော် ၁၅-နှစ်မှစ၍ ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ ကျေးဇူးတော်ရှင် ရေစကြို့ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့ထံတွင် ဂန္ထန္တရအဝဝကို ကျန်စွာ သင်ကြားတတ်မြောက်ခဲ့လေသည်။

တိဏ္ဏမ္ပိ ထေရသေဋ္ဌာနံ၊ ဂန္ထန္တရသုဝိညူနံ။
ဂန္ထန္တရံ သမုဂ္ဂဏှိ၊ ဥဂ္ဂဟေ အတိကောဝိဒေါ။

ရဟန်းဖြစ်ခြင်း

၁၂၇၄-ခု၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ တိပိဋကဘုရင် အရှင်ဂန္ဆသာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဂန္ဆသာရံ မဟာထေရံ၊ ဂန္ဆသာဂရပါရဂံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ အလတ္ထ ဥပသမ္ပဒံ။

အရှင်ဝါယာမ၏ ကမ္မဝါစာဆရာတော်များကား အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနမဟာထေရ်နှင့် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်စသည်တို့ ဖြစ်တော်မူကြသည်။

ဇဝနော စေဝ ပညော စ၊ နန္ဒဝံသော ဝိစက္ခဏော။
ဝိစက္ခဏာ သပ္ပညာ စ၊ တဿာနုသာဝကာ ဂုရူ။

ဂဏ္ဌဝါစက စာချဖြစ်ခြင်း

အရှင်ဝါယာမသည် သာမဏေဘဝကပင် ပိဋကကို သင်ယူတတ်မြောက်ခဲ့သဖြင့် ရဟန်းဝါမရမီ ပခုက္ကူ၊ မဟာဝိသုတာရာမသိပ္ပါယတနကြီးဌာ ဂဏ္ဌဝါစက စာချဖြစ်လေသည်။

အဝသော စ သမာနော၀၊ ဝါယာမော ဝါယာမော သုဓီ။
အာဘဝီ ဝါစကောယေ၀၊ ဝါစကော ပိဋကေ ဗဟူ။

ညောင်ဦးမြို့သို့

အရှင်ဝါယာမသည် ဒီပပွဿဒက အရှင်မဟိန္ဒထေရ်၏ သာသနာပြုဖက် ဣန္ဒိယ, ဥတ္တိယ, သမ္ဗလ ဘဒ္ဒသာလထေရ်တို့ကဲ့သို့ ညောင်ဦးသာသနာပြု အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ သာသနာပြုဖော်ပြုဖက်အဖြစ် ၁၂၀၄-ခုနှစ်က လိုက်ပါ၍ ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်၌ ဂန္ဆန္တရအဝဝကို ကူညီချပို့၍ သာသနာပြုခဲ့ရာ အရှင်နန္ဒဝံသ ညောင်တုန်းကြခါန်မှစ၍ ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ အဓိပတိ မဟာနာယကဖြစ်၍ သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။ ၁၃၃၁-ခု၊ နယုန်လတွင် ပျံလွန်တော်မူသည်။

ပက္ကန္တေ နန္ဒဝံသေ ဟိ၊ ဝိသုတာရာမနာယကော။
အဇ္ဇာပိ နာယကောယေ၀၊ ပုရေ ညောင်ဦးဘိဓာနကေ။

စဉ့်ကူမြို့ မဟာဝိသုတာရုံမဘာသာသနာဝင်

စဉ့်ကူမြို့၌လည်း မဟာဝိသုတာရုံမ ဂဏဝါစက နိကာယဝင်များ, မဟာဝိသုတာရုံမတိုက်ထွက် ဆရာတော်များ အများသီတင်းသုံး၍ သာသနာပြုလျက် ရှိလေသည်၊ ၎င်းတို့မှာ ဆရာတော် ဦးဥယျ, မဟာဝိသုတာရုံမတိုက် စဉ့်ကူမြို့၊ ဆရာတော်ဦးကုမာရ မဟာဝိသုတာရုံတိုက် စဉ့်ကူမြို့၊ ဆရာတော်ဦးမာလာ လေသာကျောင်း စဉ့်ကူမြို့၊ ဆရာတော်ဦးဝါသေဋ္ဌ တောင် ကျောင်း စဉ့်ကူမြို့ စမွယ်ရွာ၊ ဆရာတော်ဦးရေဝတ ပန်းဘဲကျောင်းသစ် စဉ့်ကူမြို့ စသည်တို့ ဖြစ်ကြသည်။

ဆရာတော် ဦးဥယျ

ဖော်ပြပါ ဆရာတော်များအနက် ဆရာတော်ဦးဥယျသည် မဟာဝိသုတာရုံမိက ဂဏဝါစက နိကာယ၏ အမှုဆောင်ဆရာတော်လည်းဖြစ်၍ စဉ့်ကူမြို့ပေါ်၌ အကြီးဆုံးစာသင်တိုက်၏ ဦးစီးနာယကလည်း ဖြစ်သည်။

ဖွားမြင် သာမဏေပြု ရဟန်းဖြစ်

ဆရာတော်သည် မြင်းခြံခရိုင် ညောင်ဦးမြို့နယ် ညောင်နီကျဉ်းမြောက်ရွာ၌ အဘ ဦးလုံး အမိ ဒေါ်ငြိမ်းပြေတို့မှ ၁၂၅၉-ခုနှစ် နယုန်လဆန်း ၂-ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်၊ ၁၂၇၂-ခုနှစ်တွင် ညောင်နီကျဉ်း ရွာထိပ်ကျောင်းဆရာတော် ဦးပဏ္ဍိတထံရောက်ရှိ၍ ပညာသင်ကြားလျက် ၁၂၇၅-ခုနှစ်တွင် ရှင်သာမဏေ ဝတ်ခဲ့သည်၊ ၁၂၇၉-ခုနှစ်တွင် ဆိပ်ဖြူမြို့ ကိုးထောင့်ကျောင်း ဆရာတော် ဦးသီရိကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုခဲ့သည်။

ပခုက္ကူ မဟာဝိသုတာရုံမတိုက်၌ ပညာသင်ခြင်း

ဆရာတော်သည် သာမဏေဝတ်နှင့် မန္တလေးမြို့ အနောက်ပြင် စကုတိုက်ဆရာတော် ဦးသဒ္ဓမ္မ ထံ၌လည်း ပညာသင်ကြားဘူးသည်၊ ရဟန်းဖြစ်ပြီးနောက်တွင် ပခုက္ကူမြို့ မဟာဝိသုတာရုံမ တိုက်သို့ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့ထံတွင် ပိဋကတ်ကို ဆိုဝါ လိုက်ဝါတို့ဖြင့် သင်ယူတတ်မြောက်ခဲ့သည်။

ဝိသုတေပိ သုဝိညူနံ၊ သန္တိကေ ဥယျဉ္ဇာဏိကော။
ဥယျေပိ ပိဋကေ သိက္ခိ၊ ဥယျော ဥယျေန အတ္ထိကော။

သာသနာပြုတော်မူခြင်း

ဆရာတော်သည် ညောင်ဦးမြို့ မဟာဝိသုတာရုံမတိုက်၌လည်း ၁၂၈၄-ခုနှစ်မှစ၍ ဂန္ဆန္တရ အဝဝကို ချပို့ခဲ့ဘူးသည်၊ ၁၂၈၉-ခုနှစ်တွင် စဉ့်ကူမြို့ မဟာဝိသုတာရုံမတိုက်ကြီးကို ဦးစီးနာယက ပြု၍ ရောက်ရှိလာသော စာသင်သား ရဟန်း သာမဏေတို့အား ပါဠိ, အဋ္ဌကထာ, ဋီကာများကို

ချပို့၍ ယခုတိုင် သာသနာ့ဝန် အားသွန်ဆဲ ရှိလေသည်၊ ဆရာ့တော်သည် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ အကြိမ်ကြိမ်ကြွရောက်၍ သာသနာရေးကိစ္စများ ဆွေးနွေးခဲ့သည့် သာသနဝုဋ္ဌိကာမီပုဂ္ဂိုလ်မြတ် ဖြစ်ပါပေသည်။

ဥယျော နာမ မဟာထေရော၊ စဉ်္ကူနဂရဝါသိကော။
ဝိသုတာရာမပါမောက္ခော၊ သာသနဝုဋ္ဌိကာရကော။
လောကဂ္ဂသာသနံ သော ဟိ၊ သမ္မာ ဇောတယတံ စိရံ။

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ ပဌမဆုံး ဂိုဏ်းဝန်ဆောင်
မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒ မဟာထေရ် 429

မကွေးမြို့ မဟာဝိသုတာရုမတိုက်ဆရာတော်

အခွင့် နာရေး မဟာဃောသ

ဆရာတော်သည် မဟာဝိသုတာရုမအနွယ်တွင် လွန်စွာထင်ရှားသည့် ဓဇူပမပါကဋ္ဌ ပုဂ္ဂိုလ်ထူး ပါပေတည်း။

ဒေသ မိဘ ကာလ နာမည်

ဆရာတော်သည် မင်းဘူးမြို့ စိုင်ရှင်ရွာ၌ အာဘဦးထွန်းမင်း, အမိဒေါ်မှုတို့မှ ၁၂၆၀-ပြည့်နှစ် တော်သလင်းလဆုတ် ၄-ရက် စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်၊ မွေးချင်း ၄-ယောက် အနက် တတိယမြောက် ထွန်းတောက်တေဇာ ပညာကြီးမားသည့် အတိဇာတ သားရတနာ ဖြစ်လေသည်၊ နာမည်မှည့် မင်္ဂလာသဘင်တွင် မိဘတို့က ဘုန်းလက္ခဏာနှင့် ပြည့်စုံသည့် ပါရမီရှင် သားလှလူကလေးကို မောင်ဒေါနဟု မှည့်ခေါ် အမည်ပေးကြလေသည်။

မောင်ဒေါနဣတိ နာမမိ၊ ကိတ္တေသုံ ပိတရော စ တေ။
ဓညလက္ခဏသမ္ပန္နံ၊ ပုတ္တေ ပဋိတပါရမိ ံ။

ဆရာတော်၏ မွေးချင်းတို့မှာ အမျိုးသား ၂-ယောက်, အမျိုးသမီး ၂-ယောက်ဖြစ်ရာ အစ်ကို ကြီးမှာ ရဟန်းဖြစ်၍ အရှင်ဣန္ဒာစာရ ဘွဲ့မည်ဖြင့် သာသနာပြုခဲ့၍ ပံ့လွန်တော်မူပြီး နှမများမှာ ဒေါ်တုပ်နှင့် ဒေါ်တင်ညွန့်တို့ဖြစ်ကြလေရာ ဒေါ်တုပ်မှာလည်း ကွယ်လွန်ရရှာပြီ။

ပိတရော သဟောဒရာ စ၊ ယထာကမ္မံ ဂတာ စ တေ။
သော စာပိ တိဒိဝံ ယာတော၊ လောကောပိ န ဟိ သဿတော။

မယ်တော်ကွယ်လွန်ခြင်း

ဆရာတော် လောင်းလျာ၏မယ်တော်မှာ မကွေးမြို့ တောင်ဖက် ချောင်းဖြူရွာသူဖြစ်၍ ဘခင်မှာ မြင်းကင်းရွာသား ဖြစ်သည်၊ မိခင်မှာ ဆရာတော်လောင်းလျာ လူလားမမြောက်ခင် နှမဒေါ်တင်-ညွန့်ကို ဖွားမြင်ပြီး ကွယ်လွန်ခဲ့ရှာသည်၊ ဆရာတော်လောင်းလျာသည် မိခင်၏ ဖျော်ဖြေယုယမှု, စောင့်ရှောက်မှုကို မရခဲ့ရှာပဲ ခမည်းတော်ဘခင် (အဘိုး)၏ မြင်းကင်းရွာသို့ ခေါ်ယူကျေးမွေး စောင့်ရှောက်မှုဖြင့် လူလားမြောက်ခဲ့ရသည်၊ မိခင်မှာ ကိုးလလွယ်၍ သဒန္ဓသားကို သယ်ဆောင် ယုယရခြင်းဆင်းရဲ မွေးဖွားရခြင်းဆင်းရဲဖြင့်သာ လက်စသတ်ရရှာသည်၊ သားလှလူကလေး၏ လွန်စွာကျော်ကြားသည့် အတိပါကဋ္ဌဖြစ်ချိန် မကွေးမြို့ မဟာဝိသုတာရုမတိုက်ကြီး၏ အဓိပတိ ဖြစ်ချိန်ကို ရှုမြင်၍ သားလှ၏ကျက်သရေအတွက် ဝမ်းမြောက်မှု, ချမ်းသာသုခကို မခံစားရပါချေ။

တရုဏော တဿ မာတာ ဟိ၊ အတိမဟောပကာရိကာ။
အပဿံ တဿ ဝုဋ္ဌိ ံပိ၊ ယာတာ ဟိ မစ္စုနော မုခံ။

ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာ မောင်ဒေါနသည် ဘခင်နှင့် အဘိုးတို့ အပ်နှံပေးချက်အရ ၅-နှစ်သားအရွယ် ငယ်ငယ်ကပင် မြင်းကင်းရွာ အလယ်ကျောင်းဆရာတော် အဂ္ဂဒီပမဟာထေရ်ထံ၌ ၁၀-နှစ်သား အရွယ်အထိ ပညာသင်ယူခဲ့လေသည်။

ထေရကုံရော သုဒီပဿ၊ ဒီပဿ တိကွဉ္ဇာဏိနော။
သိက္ခိတ္ဝာ သိက္ခိတဗ္ဗေ စ၊ တေသု ဆေကော ဝိဒူ အဟု။

မန္တလေး ရွှေရေးဆောင်တိုက်သို့

သက်တော် ၁၀-နှစ်သာရှိသေးသော မကွေးဆရာတော်လောင်းလျာ ရှင်နာရဒသည် နောင်တော်ရင်း အရှင်ဣန္ဒာစာရနှင့် အတူ ရတနပုဏ္ဏမည်သော မန္တလေးမြို့ ရွှေရေးဆောင်တိုက်သို့ လိုက်ပါ ကြွရောက်၍ ပိဋကတ်အခြေခံ ကျမ်းဂန်များကို နုနယ်သေးကွေး လူငယ်ကလေးဖြစ်၍ ၃-နှစ်တိုင် သင်ယူခဲ့သည်၊

ဣန္ဒာစာရေန စာရေန၊ သဂဗ္ဘေန သုဝိညုနာ။
ဂန္ဆာန ရတနာပုဏ္ဏံ၊ အသိက္ခိ သိက္ခိတဗ္ဗကံ။

သာမဏေဝတ်ခြင်း

ဆရာတော်လောင်းလျာ မောင်ဒေါနသည် ၁၃-နှစ်သားအရွယ်တော်ခေတ်တွင် ကျိုက်ပိုမြို့ မြစ်ကလေးတန်းကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဆယ်ဖြာသိက္ခာ ကိုယ်မှာဆင်ယင် ကိုရင် သာမဏေ ဖြစ်ခဲ့သည်၊ ရှင်နာရဒဟူသော ဘွဲ့မည်ကိုလည်း ဥပဇ္ဈာယ်က မှည့်ခေါ်လေသည်။

သမ္ပတ္တေ တေရသေယေဝ၊ အလတ္ထ ပဗ္ဗဇံ သုခီ။
သောဘိတထေရသေဋ္ဌဿ၊ သောဘဂ္ဂဿ ယသဿိနော။

မဟာဝိသုတာရာမ ဝိဇ္ဇာပီဋကြီးသို့

သာမဏေရှင်နာရဒသည် သက်တော် ၁၄-နှစ်သားအရွယ်တွင် အမိမြန်မာပြည်၏ ပိဋကတ်အတတ်သင်ရာဌာနချုပ်ဖြစ်သည့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ ဦးစီးနာယက အရှင်ဂန္ဆသာရမဟာထေရ်မြတ်၏ထံမှောက်သို့ ရောက်ရှိလေသည်၊ ရှင်နာရဒသည် မဟာဝိသုတာရာမတိုက်ကြီးသို့ရောက်စပင် လွန်စွာ ပျော်ရွှင်လေသည်၊ ရှေးသာသနာခေတ်ကောင်းစဉ်က အိန္ဒိယရဟန်းသာမဏေများ အသောကာရာမ စာသင်တိုက်ကြီးသို့ ရောက်၍ ဝမ်းမြောက် ရွှင်လန်းခြင်း ဖြစ်သကဲ့သို့ပင်း သီဟိုဠ်ရဟန်း သာမဏေများ မဟာဝိဟာရ ကျောင်းတိုက်ကြီးရောက်၍ ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်သကဲ့သို့ပင်း ရှင်နာရဒသည် လွန်စွာ ဝမ်းမြောက်နှစ်သက် ရွှင်လန်းအားတက်လျက်ရှိလေသည်။

ဝိသုတာရာမသမ္ပတ္တော၊ ဝေဒဇာတော ဟိ နာရဒေါ။
မဟာဝိဟာရ သောကာဒိ၊ ပတ္တာ တဒ္ဒေသိကာ ယထာ။

၁၅-နှစ်အရွယ် အင်္ဂုတ္တိရ် ဆိုဝါဖြင့် သင်ယူခြင်း

သာမဏေရှင်နာရဒသည် လွန်စွာ ဉာဏ်ထက်မြက်သည်၊ ရုပ်ရေရှုပကာယလည်း လွန်စွာကောင်းမွန်သည်၊ အသားအရေ ချောမွေ့ညက်ညောသည်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ပညာထံ၌ ၁၅-နှစ်သားအရွယ်တွင် အင်္ဂုတ္တရနိကာယ်ကို ဆိုဝါဖြင့် သင်ယူခဲ့သည်၊ စာဆိုကောင်းလှသဖြင့် စာလိုက်သံဃာ မြားမြောက်စွာတို့က မျှားစွာချစ်ခင်ကြသည်၊ ရင်သတ်ရှုမော အံ့သြကြသည်။

ပန္နရသေဝ ဝဿမှိ၊ ပညာထေရဿ သန္တိကေ။
အင်္ဂုတ္တရံ နိကာယမှိ၊ ဘာဏကောဝ သုသိက္ခိ သော။

၁၆-နှစ်သား စာစု၍ ချပို့ခြင်း

ထိုခေတ်က မဟာဝိသုတာရုမ သာသနာမြေတွင် ဉာဏ်ထက်သောအရာတွင် ယှဉ်၍မဖြစ်နိုင်ပါ၊ ဆရာတော် အရှင်ပညာထေရ်သည် ဝမ်းမြောက်စွာဖြင့် ရှင်နာရဒကို ကောင်းစွာ စောင့်ရှောက် စာပေပို့ချပေးပြီး မောင်နာရဒ မင်း ကိုရင်တော့ကို စာချပေးရမည်ဟု အမိန့်ရှိသဖြင့် ၁၆-နှစ်သားအရွယ်မှစ၍ အခြားသာမဏေများအား စာချ၍ ပေးရလေသည်၊ ကိုယ်တိုင်လည်း ပိဋကတ်ကို ကျနစွာ ဆက်လက်၍ သင်ယူလေသည်။

သောဋ္ဌသုဒ္ဒေသိကော ယေဝ၊ ဟုတ္တာန ဝါစကော ဘဝိ။
ဧဝံ ဟိ အတိဗျတ္တော စ၊ နာရဒေါ နာယကက်ံရော။

၁၈-နှစ် ဒီဃနိကာယ်ကို ပြန်ဆိုအောင်မြင်ခြင်း

သထုံမြို့၌ မဟာဝိဇ္ဇာဘဲ့ရ ကိုးခဏ်းပျို့ ဋီကာကျမ်းပြု ဦးကျော်ထွန်းနှင့် ဦးအောင်ဘန်း, ဦးဘို-စသော ဥပါသကာ သူတော်ကောင်းကြီး ဂ-ဦးတို့က တဦး ဝတ္ထုငွေ ၁၀၀၀-စီ ထည့်ဝင်လှူဒါန်းခြင်းဖြင့် ငွေ ဂ၀၀၀-မတည်၍ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတ အသင်းကြီးကို ၁၂၈၄-ခုနှစ် ဝါဆိုလတွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြ၍ ပရိယတ္တိစာမေးပွဲကြီးကျင်းပကာ ပရိယတ္တိသာသနာကို ပြုစုခဲ့ကြသည်၊ အသက် ၁၈-နှစ်သားသာရှိသေးသော ရှင်နာရဒသည် ဒီဃနိကာယ် အာဂုံပြန်၍ ဖြေဆိုအောင်မြင်ခဲ့လေသည်။

ဝါစုဂ္ဂတံ ကရိတ္ဝာန၊ ဒီဃာဂမံ သုဂမ္ဘီရံ။
ဇာတိယာ ဌာရသေယေဝ၊ နာရဒေါ ဟိ ဇယော ဘဝိ။

ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း

သူတော်ကောင်းတရား အပြည့်အဝ ကိန်းအောင်းလျက်ရှိသော သာမဏေ ရှင်နာရဒသည် သက်တော် ၁၉-နှစ် အရွယ်တော်ခေတ်တွင်—

ဓမ္မာရာမော ဓမ္မရတော၊ ဓမ္မံ အနုဝိစိန္တယံ။
ဓမ္မံ အနုဿရံ ဘိက္ခု၊ သဒ္ဓမ္မာ န ပရိဟာယတိ။

တရားလျင် မွေ့လျော်ရာရှိ, တရား၌လည်း မွေ့လျော်, တရားကို အဖန်ဖန် ကြံစည်တတ်, အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်ဟူသော ဓမ္မ-

ပဒ မမွာရာမဝတ္ထု (ခု၊၁။၆၆)အား‌လျော်စွာ စစ်ကိုင်းမြို့ ဂန္ဓာရုံဆရာတော် အရှင်ဥတ္တရမဟာ-ထေရ်(အဘိုးတော်စပ်သူ)၏ အထံ၌ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို လက်တွေ့ နည်းခံ သင်ယူအားထုတ်တော်မူခဲ့သေးသည်။

ပတ္တေ ကျေနဝိသမ့်၊ ကမ္မဋ္ဌာနံ ဘိယျုဇ္ဇယိ။
သန္တိကေ ဥတ္တရသ္သေဝ၊ ဥတ္တရေနေဝ အဋ္ဌိကော။

ရဟန်းဘဝ ဒုလ္လဘသို့

ဆရာတော် လောင်းလျှာသည် သက်တော် ၂၀-တင်းတင်းပြည့်ရာ ၁၂၀၀-ခုနှစ် ကဆုန်လတွင် ပခုက္ကူမြို့ စာတိုက်တန်းရပ် ရွှေနေ ဦးမောင်ကြီး, ဒေါ်အုံးပိုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး မဟာနာယက သီလဝန္တ, သတိမန္တ ဖြစ်တော်မူသော အဂ္ဂ-မဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရရှိခဲ့လေသည်။

သီလဝန္တံ သတိမန္တံ၊ ပညာနဝမံ မဟာယသံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ ဒုလ္လဘံ အလဘိ သုဓီ။

ရဟန်းသစ် အရှင်နာရဒ၏ သဒ္ဓါတရား

ရဟန်းသစ် အရှင်နာရဒသည် လွန်စွာ သဒ္ဓါတရား ကောင်းလှသည်၊ ရဟန်းဒကာ, ဒကာမတို့မှာ ပခုက္ကူမြို့၌ မျက်နှာကြီး ဓနရှင်ပုဂ္ဂိုလ်များဖြစ်ကြရာ ကိုယ်တိုင်လှူဒါန်းသော ပစ္စည်းဝတ္ထုများအပြင်, မိတ်ဆွေသင်္ဃာတို့ ကုသိုလ်ပါဝင်လှူဒါန်းကြသော သင်္ကန်း, ထီး, ဘိနပ်, ပရိက္ခရာစသည်တို့နှင့် ကရား, ပန်းကန်, ခွက်ယောက်, ကော်ဇော, အိပ်ယာခင်း, ခြင်ထောင် စသည်တို့မှာ လွန်စွာများပြားကုန်၏၊ သို့သော် ရဟန်းသစ် အရှင်နာရဒသည် မပေးရက်လို ဝန်တို့မှု မစွန့်ရက်ကို တွန်းလှန်၍ ပရိက္ခရာရှစ်ပါးမှ ကျန်သမျှကို အားလုံး လှူဒါန်းလိုက်လေသည်၊ ဤသို့ဖြင့် အရှင်နာရဒသည် ပညာသာထက်မြက်သည်မဟုတ် သဒ္ဓါတရားလည်း လွန်စွာထက်မြက်လေသည်၊ လောက၌ ဤကဲ့သို့ ပုဂ္ဂိုလ်မျိုး ရနိုင်ခဲသည်သာတည်း။

န ကေဝလဥ္ဉိ ပညာဝ၊ သဒ္ဓါပိ အဓိကော ဟိ သော။
လောကေဟိ ဒုလ္လဘော အာသိ၊ ဧဒိ ဥက္ကဋ္ဌတံ ဂတော။

ရဟန်း ၅-ဝါအထိ ဓုတင်ကျင့်

ရဟန်းသစ် အရှင်နာရဒသည် စတုပါရိသုဒ္ဓိသီလဆောင် ပြောင်တလက်လက်နှင့် သိမ်မှုထုက်သည့်နေ့မှစ၍ ရဟန်း ၅-ဝါတိုင် တိစီဝရိက်ဓုတင်, ကောသနိက်ဓုတင်, ပိဏ္ဍပါတ်ဓုတင်, သပဒါန-စာရိကဓုတင်, ပတ္တပိဏ်ဓုတင်, ခလုပစ္ဆာဘတ္တိကဓုတင်များကို ဆောက်တည်လျက် ကိလေသာအန္ဒုအလှောင်းတို့မှ ခေါင်းပါးအောင်ကျင့်တော်မူကာ သီးခြားကျောင်းငယ်ကလေး၌ သီတင်းသုံးခဲ့လေသည်။

မာန်နတ်ရန်ကို တိုက်ထုတ်ရန် ဝါဝင်းထိန်ပြေ သိမ်မွေ့နူးညံ့သော ခန္ဓာကိုယ်ကို ညှိုမှိုင်းသော တိစီဝရိက်ဖြင့် ဆင်ယင်ဖုံးလွှမ်း ဝတ်ရုံသည့်အသွင်အပြင်မှာ စစ်ပွဲ၌ ချပ်ဝတ်တန်စာ စစ်ဝတ်စုံဝတ်ဆင်ထားသော ဘုရင်မင်းကလေးသဖွယ် တင့်တယ်လှတော့သည်။



မကွေးမြို့ မဟာဝိသုတာရုံမတိုက် အလယ်ကျောင်းတော်ကြီး

မာရသေန ဝိဃဿတာယ၊ တိစီဝရဓရော ယတိ။
သန္နဒ္ဓကဝစော ယုဒ္ဓေ၊ ခတ္တိယောဝ သုသောဘတိ။

ပခုက္ကူဝိသုတာရာမ စာပို့ချ

ကာလအလျောက် ခုတင်ကျင့်ရင်း ပိဋကတ်ကိုလည်း ပါဠို အဋ္ဌကထာတဲ့ဖက်၍ ရဟန်း ၅-ဝါ တိုင် ချပို့တော်မူခဲ့ကာ ဘုရားရှင်၏ ကျေးဇူးတော်အနန္တနှင့် ဆရာသမားတို့၏ ကျေးဇူးတော် အသရေါ်ကို ပေးဆပ်တော်မူခဲ့လေသည်။

နာရဒေါ ဉာဏိကော ဓီရော၊ အာဂမေ စ သုဝါစယံ။
ပဋိဂ္ဂဟ္ဏာမိ ဗုဒ္ဓဿ၊ အကာ သဂ္ဂါရုနောပိ စ။

အရှင်နာရဒနှင့် အရှင်ဇနကာဘိဝံသ

အရှင်နာရဒနှင့် အရှင်ဇနကမှာ သက်တော်အားဖြင့် အရှင်နာရဒက အရှင်ဇနကထက် ၁-နှစ်မျှသာ ကြီးလေသည်၊ ပခုက္ကူ မဟာဝိသုတာရုမရုံမြို့၌ တပြိုင်တည်း ပေါက်ဖွားခဲ့သော အာဇာနည်ပုဂ္ဂိုလ်ထူးတို့ ဖြစ်ကြသည်၊ ရဟန်း ၂-ပါးတို့သည် အချင်းချင်း သင့်တင့်ရင်းနှီးကြကာ အမြဲတန်း မာဂဓဘာသာဖြင့် အာလာပ,သလ္လာပပြောဆိုကြ၍ နောင်အခါ ပါဠိစကားပြော အသင်း ပေါ်ပေါက်လာသည်အထိ ကျေးဇူးပြုအောင် ဆောင်ရွက်ခဲ့ကြလေသည်။

နာရဒေါ ဇနကော စာတိ၊ တေ ဥဘော ဝိသုတာလယေ။
ကေကာလေ ဟိ သမ္ဘူတာ၊ ပါဠိယာ အတိကောဝိဒါ။

မကွေးမြို့ မဟာဝိသုတာရာမတိုက်ကို တည်ထောင်ဖွင့်လှစ်ခြင်း

ဝိဇ္ဇာဌာနပတိဋ္ဌာနံ၊ တေသု တေသု အဝေက္ခိယ။
ပေသေသိ နာရဒံ ဗျတ္တံ၊ မကွေး နဂရမုတ္တမံ။

သာသနာ၌ အနာဂတ်တွင် နိကာယ်စာသင်တိုက်ကြီးများတည်ရစ်ရန် ဝိစာရဏာဉာဏ်ဖြင့် တွေးဆဆင်ခြင်တော်မူသည့် ဒီဃဒဿီအဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်သည် သတ္တိ ဗျတ္တိ စွယ်စုံရှိသည့် မကွေးနယ်ပယ်နှင့် အဆီလျော် အကိုက်ညီဆုံးလည်းဖြစ် မကွေး မင်းဘူး ဇာတိသွေးလည်းဖြစ်သည့် အရှင်နာရဒကို မကွေးမြို့သို့ ဆရာတော်ကိုယ်တိုင် လိုက်ပို့စေလွှတ်တော်မူသည်၊ ၁၂၀၄-ခု နတ်တော်လဆုတ် ၉-ရက်နေ့တွင် ဆိုင်ရာ ဒကာ, ဒကာမတို့၏ အကူအညီဖြင့် မကွေးမြို့၌ မဟာဝိသုတာရာမတိုက်သစ်ကို တည်ထောင်တော်မူကာ အနယ်နယ် အစုံစို့ အမြိုမြို့ အရာရာမှ ရောက်ရှိလာသော စာသင်သား ရဟန်းသာမဏေတို့အား ပိဋကတ်အခြေပြုကျမ်းစာများနှင့် တကွ နိကာယ် ၅-ရပ်ကို မပြတ်ပို့ချလာရာ မကွေးမြို့နှင့် နယ်ပယ်တွင် အကြီးကျယ်ဆုံး စာသင်တိုက်ကြီး ဖြစ်လာတော့ကာ ဘုရားရှင်သာသနာတော်သည် ပိုမိုရှည် စည်ကားတိုးတက်လာတော့သည်။

နာရဒေါ ပဏ္ဍိတော ဆေကော၊ ဇိနသာသနဇောတကော။
မဟုဿာဟေန ဇောတေသိ၊ ပုရေ မကွေးဘိဓာနကေ။

ဆရာတော်နှင့် သာသနာပြုဖက်များ

ဆရာတော် မကွေး ဝိသုတာရာမတည်ထောင်စတွင် အားသွန်ခွန်စိုက် ကူညီကြသော မထေရ်များကိုလည်း မှတ်တမ်းတင်သင့်ပါသည်၊ ၎င်းတို့ကား အရှင်ဣန္ဒာစာရထေရ်, အရှင်သုဇာတထေရ်, အရှင်ပညာသာမိထေရ်တို့ ဖြစ်ကြသည်၊ ဆရာတော် အရှင်သုဇာတထေရ်မှာ သထုံမြို့ နိဗ္ဗိန္ဒချောင်၌ ယခုတိုင် သီတင်းသုံးလျက် ရှိပါသေးသည်။

ဣန္ဒာစာရော သုဇာတော စ၊ ပညာသာမိတိမေ တယော။
ထေရဝရာ သပညာ စ၊ နာရဒဿုပထမ္ဘကာ။

အိန္ဒိယနိုင်ငံ, သီဟိုဠ်နိုင်ငံသို့ ကြွတော်မူခြင်း

သက်တော်ဝါတော် ငယ်သေးသော်လည်း လုပ်ငန်းအဝဝ သီတင်းဂုဏ်ဖြင့် တိုင်းတုန်ခဲ့ပြီ ဖြစ်သော မကွေးဆရာတော်ကလေး အရှင်နာရဒသည် ၁၂၈၉-ခုနှစ်တွင် အိန္ဒိယနိုင်ငံ, သီဟိုဠ်နိုင်ငံသို့ ကြွတော်မူ၍ ပူဇနီယဋ္ဌာန, သံဝေဇနီယဋ္ဌာနများစွာတို့ကို ဖူးမြော်ဦးချ သံဝေဂယူတော်မူခဲ့သည်။

ဘာရတတမ္ဗပဏ္ဏိမ္ပိ၊ ဂန္ဓာန နာရဒေါ ဝိဒူ။
ပုညတိတ္ထေဘိပူဇေသိ၊ ပူဇာဂါရဝဘာဇနေ။

တောထွက်ဓုတင်ကျင့်

"ရွှေသွားနောက်လိုက် သိုက်မြိုက်မလို ကြွချိုပမာ တချောင်းသာတည်း ရှောင်ခွါဖော်နည်း တကိုယ်တည်းဖြင့် တောထည်းဝင်ခို ချမ်းသာပို၏" ဟူသော တောထွက်ခဏ်း လင်္ကာအားလျော်စွာ ၁၂၉၀-ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၉-ရက်နေ့တွင် တောထွက်ဓုတင်ကျင့်တော်မူသည်၊ တပည့်တပန်းတို့ လိုက်ပင့်ကြပြီး မကွေးမြို့ မဟာဝိသုတာရာမတိုက်တွင်း၌ ပဓာနဃရခေါ်ကမ္မဋ္ဌာန်းကျောင်းကလေး ဆောက်လုပ်စေ၍ သီတင်းသုံးရန် လျှောက်ရတော့သည်၊ ဆရာတော်သည် ၁၂၉၉-ခုနှစ်အထိ ကမ္မဋ္ဌာန်းဘာဝနာဖြင့်သာ မွေ့လျော်တော်မူသည်။

ဂန္ဆဓုရံ အကတ္ဝာန၊ ကမ္မဋ္ဌာနံ ဘိယုဉ္ဇယိ။
ကမ္မဋ္ဌာနေ သုလဂ္ဂါ စ၊ ဥရုဝိရပရက္ကမော။

၁၂၉၃-ခုနှစ်တွင် ရဟန်းဘဝရောက်ချိန်မှ စတင်ကျင့်ကြံခဲ့သော ဓုတင်တို့တွင် ဆွမ်းနှင့်စပ်သော ဓုတင်များကို ကြိုးကြာကြိုးကြာ ဆောင်ရွက်တော်မူ၍ တိစီဝရိက်ဓုတင် ပံသုကူဓုတင်တို့ကို ဒုတိယကမ္ဘာစစ်ဖြစ်ချိန်အထိ ကျင့်ဆောင်တော်မူခဲ့သည်၊ တိုက်တွင်း၌ ဒကာ, ဒကာမတို့အား ကမ္မဋ္ဌာန်းတရားကိုလည်း ဥပုသ်နေ့, အဖိတ်နေ့တိုင်း ဟောတော်မူခဲ့သည်။

နာရဒေါ ဘာဝနာသတ္ထော၊ ဗဟဝေါ နာဂရေပိ စ။
ကမ္မဋ္ဌာနေ နိယောဇေသိ၊ တံ ဓမ္မမိ အဒေသယိ။

အရှင်အာဒိစ္စ ပကာသနိယကံပြုပဲ့သို့

သက္ကရာဇ် ၁၂၉၇-ခုနှစ် တော်သလင်းလဆန်း ၁၂-ရက်နေ့တွင် ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက် နာယက အရှင်အာဒိစ္စဝံသကို မြန်မာပြည်တပြည်လုံး သံဃာတော်များ တညီ

တည်ထောင်တည်းဖြစ်၍ ပကာသနိယက် ပြုကြသည်၊ ထိုအခါ အရှင်နာရဒသည် အထက်မြန်မာနိုင်ငံ ပခုက္ကူ နိကာယဝင်စာသင်တိုက်များ၏ ကိုယ်စားလည်ဖြစ်၍ ကြွရောက်တော်မူကာ ပကာသနိယက် ပြုပဲ့တင် အရေးကြီးသောကိစ္စများကို ဆောင်ရွက်တော်မူခဲ့လေသည်။

တဒါ မရမ္မရဋ္ဌေ စ၊ ပကာသနိယနာမကံ။
ကမ္မံ အကံသု ထေရဿ၊ အာဒိစ္စဝံသသညိနော။
တသ္မိ ံ ဟိ နာရဒေါ အာသိ၊ သာမာဇိကော ပဓာနိကော။

မဟာဝိသုတာရာမဂဏဝါစကနိကာယကြီး၏ ပဌမဆုံး ဂိုဏ်းဝန်ဆောင်

ဆရာတော်အရှင်နာရဒသည် မဟာဝိသုတာရာမ ဂဏဝါစက နိကာယကြီး ဖြစ်မြောက်ရန် ၁၂၀၁-၁၂၀၂-ခုနှစ်လောက်ကစပြီး ကြိုးပမ်းခဲ့သည်၊ ထိုသို့ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ပဲ ၁၂၀၇-ခုနှစ် သီတင်းကျွတ်လဆုတ် ၅-ရက်နေ့တွင်မှ စတင်ပေါ် ပေါက်ခဲ့လေသည်၊ ၁၃၀၀-ပြည့်နှစ် တန်ဆောင်မုန်းလဆုတ် ဂ-ရက်နေ့၌ ပဌမဆုံး နိကာယကြီးကို စတင်ကျင်းပခဲ့လေသည်၊ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ် အမှူးရှိသော ဂိုဏ်းဝင်သံဃာများ၏ "ဂဏ-ဘာရနိတ္ထာရက" ဂိုဏ်းဝန်ဆောင်အဖြစ် ပဌမဆုံး တင်မြောက်သိမ့်တ်ခြင်းခံရလေသည်။

ဘာရနိတ္ထာရကော စေဝ၊ နိကာယေ ဝိသုတာဝုယေ။
ပဌမော နာရဒေါ အာသိ၊ ဌာနာဌာနေသု ကောဝိဒေါ။

အသံလွှင့်တရားဟော သတင်းစာရေး

၁၃၀၂-ခုနှစ်တွင် သာသနာပြုဖေဘုဖက် အရှင်ပညာသာမိထေရ် ပံ့လွန်တော်မူသဖြင့် ပခုက္ကူမှ မကွေး မဟာဝိသုတာရာမတိုက်သို့ ပြန်ကြွ၍ စာချတော်မူရသည်၊ ရန်ကုန်မြို့ အစိုးရ အသံလွှင့်ဌာနမှ ဆိုင်ရာအရာရှိတို့က လျှောက်ထားသဖြင့် အနတ္တတရားတော်များကို ကြိမ်ဖန်များစွာ ဟောကြားရသည်၊ ပြန်ကြားရေးဌာနအရာရှိတို့၏ တောင်းပန်ချက်အရ အနတ္တတရားတော်ကို လေနတ်သားသတင်းစာ၌ အပတ်စဉ်ရေးသားရလေသည်။

မြသလွန်ကုန်းတော် ဗောဓိပင်ကျောင်းသို့

ဒုတိယကမ္ဘာစစ်၏ ဘေးရန်ကြောင့် တပည့်တပန်း ရဟန်းတော်တို့နှင့်အတူ ၁၃၀၃-၁၃၀၄-ခုနှစ်များတွင် မြသလွန်ကုန်းတော် ဗောဓိပင်ကျောင်း၌ ဝါကပ်သီတင်းသုံးတော်မူရသည်။

မြသလွန်စေတိယာသန္နေ၊ ပဗ္ဗတေ မေဃသန္နိဘေ။
အာရာမေ ဗောဓိရုက္ခာဝေ့၊ နိဇသိဿေဟိ သော ဝသိ။

ကျဲသိုးမြောင်ရွာသို့

၁၃၀၅-ခု ၁၃၀၆-ခုနှစ်တို့၌ စစ်ဘေးဒဏ် ပြင်းထန်ကာ မကွေးမြို့ပေါ်၌ သီတင်းသုံး၍ မဖြစ်တော့သဖြင့် မင်းဘူးမြို့ ကျဲသိုးမြောင်ရွာ အရှင်ကေလာသမဟာထေရ်၏ ကျောင်း၌ သီတင်းသုံးကာ ဓုရ ၂-ပါး ပွါးများအားသစ်တော်မူခဲ့လေသည်။

ကဲ့သိုးမြောင်ဂါမသေဌမို့၊ ကေလာသဿာပိ မန္ဒိရေ။
ဝသိတ္ဝာ ဓုရဒ္ဒယမို့၊ အကာသိ ထေရကုဋ္ဌရော။

သာသနာ ဥပဒေကြမ်းရေး

အဓိပတိ ဒေါက်တာဘမော် လက်ထက်တွင် ဂိုဏ်းပေါင်းစုံ မဟာသံဃာ့အဖွဲ့ကြီး၏ မဟာနာယက ဆရာတော် အပါး၂၀-အစည်းအဝေး၌ တင်ပြရန် သာသနာ့ဥပဒေမူကြမ်းကို အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်နန္ဒဝံသ မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ကောဏ္ဍညထေရ်တို့၏ ကိုယ်စား ရေးဆွဲတင်ပြတော်မူရသည်။

ဝိသတိယာ ပဓာနာနံ၊ မဟာသံဃသဘာယ စ။
သမာဂမေ သုနိတိမ်မို၊ သံလိခိ သုဒ္ဓစေတသာ။

ရန်ကုန်ဘုရားကြီးတိုက်၌ ဝါကပ်ခြင်း

၁၃၀၈-ခုနှစ်တွင် ဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍညနှင့် သာသနာရေးကိစ္စများ ဆွေးနွေးရင်း ရန်ကုန်မြို့ ဘုရားကြီးတိုက်၌ ဝါကပ်တော်မူ၍ စာချခြင်း တရားဟောခြင်းဟူသော လုပ်ငန်းများကို ပြုလုပ်တော်မူသည်။

ရန်ကုန်ပုရေ ပသိဒ္ဓမို၊ ဘုရားကြီးအာလယေပိ စ။
ဧကဝဿံ ဝသိတ္ဝာပိ၊ အကာ သာသနပဂ္ဂဟံ။

အရှင်ပညာအလောင်းတော် ပူဇော်ခြင်း

၁၃၀၈-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ ကျေးဇူးရှင်ရင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ပညာမဟာထေရ် ပျံလွန်တော်မူသဖြင့် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ကြွ၍ ဆရာတော်၏အလောင်းတော်ကို ပူဇော်ဦးချ ဓမ္မသံဝဂ ယူတော်မူခဲ့လေသည်။

အဝိညာဏကဒေဟံ စ၊ ပညာထေရယသဿိနော။
ဝန္ဒိတ္ဝာ ပူဇယိတ္ဝာန၊ အကာ သံဝေဂဘာဝနံ။

ဆရာတော်အရှင်ပညာ့စာဝါ ဆက်ချပို့ခြင်း

ကျေးဇူးရှင်ရင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာထေရ် ချလက်စစာဝါဖြစ်သည့် ဝိဘင်းပါဠိတော် ပဋိစ္စသမုပ္ပါဒဝိဘင်းကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ, မူလဋီကာတို့ တဲ့ဖက်ကာ စာရေးသူတို့ ယခု နေထိုင်ရာ ဆရာတော်အဆက်ဆက် သီတင်းသုံးသွားခဲ့သည့် သာသနဇောတိပါလ ကျောင်းကြီးပေါ်၌ မြားမြောက်စွာသော စာလိုက်သံဃာတို့အား ချပို့တော်မူလေသည်။

ပညာထေရေန ဝါစိတ-ဝိဘင်္ဂဒုဒ္ဒသမ္ပိ စ။
ဝဏ္ဏနာသဟိတံယေဝ၊ ဝါစေသိ ဝါစနေ ဝိဒူ။

စာချခြင်း တရားဟောခြင်း

၁၃၁၀-ခုနှစ်တွင် မက္ကဒူမြို့ မဟာဝိသုတာရာမတိုက်သို့ ပြန်လည်ကြွရောက်တော်မူ၍ စာပေပို့ချခြင်း, ကျမ်းစာများ ရေးသားခြင်း, တရားဟောခြင်းဖြင့် သာသနာပြုလုပ်ငန်းတို့ကို ပြုတော်မူခဲ့သည်၊ ၁၃၁၂-ခုနှစ်တွင် ထိုစဉ်က ဖ-ဆ-ပ-လ-ဝန်ကြီး ဦးကျော်ငြိမ်းလျှောက်ထားသဖြင့် ၂-ည တိတိ ရေဒီယိုမှ အသံလွှင့်ဟောပြောတော်မူခဲ့သည်။

ဆရာတော်ပြုစုခဲ့သောကျမ်းများ

ကျမ်းဂန်များကို အားလပ်ချိန်ယူ၍ ရေးတော်မူရာ ၎င်းတို့မှာ—

(၁) ဒီဋ္ဌဘေဒပဟာနဒီပနီကျမ်း၊
(၂) ပကိဏ္ဏကဝိဘာဝိနီကျမ်း၊
(၃) ဝန္ဒနာသာရမေဒနီကျမ်း၊
(၄) ဓမ္မဋ္ဌနသခ်ပ်ကျမ်း၊
(၅) ဝိပဿနာဉာဏ် ၁၀-ပါး အကျဉ်းကျမ်း၊
(၆) အနတ္တမှန်ပြကျမ်း၊
(၇) နိကာယပွဘာဝဒီပိကာကျမ်း – စသည်တို့ဖြစ်သည်။

အနေကေ စာပျုနလ္ဟေ စ၊ ဂန္ဆေ စာပိ အကာရယိ။
မုနိန္ဒသာသနဿေဝ၊ စိရကာလာဘိဝုဒ္ဓိယာ။

သာမဏေဖြစ်၍ တရားအားထုတ်ခြင်း

ဆရာတော်သည် ၁၃၁၄-ခုနှစ်တွင် ၂၂၇-သွယ်သော သိက္ခာနယ်ပယ်မှ ပြောင်းရွှေကာ သာမဏေသိက္ခာ ၁၀-ဖြာ၌ တည်လျက် ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ခဲ့လေသည်။

သံဝေဂယူဖွယ်

အို....စာရှုသူတို့ သံသရာတည်းဟူသော ဒန်း,သံသရာတည်းဟူသော ယောဉ်, သံသရာတည်းဟူသော ပုခက်၌ တက်ရောက်ကာစီး၍ နေရသော သတ္တဝါသည် တခါတလေ အမြင့်ရောက်လိုက်, တခါတလေ အနိမ့်ရောက်လိုက်နှင့် မတည်မမြဲ ဖောက်လဲဖောက်ပြန် ဖြစ်ရမြဲသာတည်း။ အို....စာရှုသူတို့ ဤသို့ဖြစ်ရခြင်းသည် ပုထုဇဉ်အပြစ်, ပုထုဇဉ်ဘဝ၏ အပြစ်သာတည်း။

သံသာရ ဒေါလအာရုဠ္ဟော၊ နရော ဥစ္စမ္ပိ ကေဒါ။
နီစမ္ပိ ကေဒါ ယာတိ၊ ဝဇ္ဇံ ပုထုဇ္ဇနတ္တနံ။

ဘဝနတ်ထံ ပျံလွှန်တော်မူခြင်း

အရှင်မြတ်သည် သက်တော် ၅၆-နှစ်အတွင်း ၁၃၁၅-ခု တပို့တွဲလဆန်း ၉-ရက်နေ့ အရုဏ်တက် အချိန်တွင် ဘဝနတ်နန်း စံမြန်း ခိုဝင်တော်မူခဲ့လေသည်။

ကြောက်စရာရန်သူ

ဤသို့ဖြင့် သာသနာတော်ကိစ္စ အဝဝတို့၌ ရဲရင့်ပြတ်သားစွာ ဆောင်ရွက်တော်မူခဲ့သော သာသနာ့သူရဲကောင်း ဗိုလ်ကြီး အရှင်နာရဒသည် သေမင်း၏စစ်မြေပြင်၌ သေမင်း၏လက်နက်စုံကြောင့် ကျဆုံးခဲ့ရပါပြီတကား၊ ကမ္ဘာလောကကြီး၌ သေမင်းဆိုသော ရန်သူသည် တကယ်ပင် ကြောက်မက်ဖွယ် ကောင်းလှပါတော့သည်တကား။

ပတိတော နာရဒေါ ဝိရော၊ မစ္စုသင်္ကိလေဘူတလေ။
လောကေဟိ မစ္စုဝိဒ္ဒေသီ၊ အတီဝ ဘာယိတဗ္ဗကော။

ဆရာတော်အရှင်ပဒုမနှင့် ဂဏဝါစကများ

ဆရာတော် အရှင်နာရဒသည် ကျောင်းတိုက်ကို ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဆရာတော် အရှင်ပဒုမအား မဆုကပင် လွှဲအပ်တော်မူခဲ့သည်၊ ဆရာတော် အရှင်ပဒုမသည်-စာချဆရာတော် ဦးဝိသောဘန, ဦးကေသဝန္တ, ဦးကုမာရ အစရှိသော အခြံအရံ ဂဏဝါစကတို့နှင့် ပရိယတ္တိ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလေသည်။

မင်းဘူးမြို့ မဟာဝိသုတာရာမတိုက်

ဆရာတော် အရှင် ဥတ္တမထေရ်

မင်းဘူးမြို့ မဟာဝိသုတာရာမကျောင်းတိုက်သည်လည်း ပခုက္ကူမဟာဝိသုတာရာမကျောင်းတိုက်ကြီးမှ ခွဲ၍ တည်ထောင်သော ကျောင်းတိုက် ဖြစ်လေသည်၊ သံဃာတော် ၄၀-ကျော် ၅၀-လောက် အခါအားလျော်စွာ သီတင်းသုံး၍ ပညာသင်ပြရာ ဝိဇ္ဇာဌာနလည်း ဖြစ်သည်၊ ၎င်းတိုက်ကို စတင်သော ဆရာတော်မှာ ဆရာတော်အရှင်ဥတ္တမ ဖြစ်သည်၊ ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် သာသနာဝံသကျောင်း၌ ကြာမြင့်စွာ သီတင်းသုံးကာ ပိဋကတ်ကို သင်ကြားတတ်မြောက်ခဲ့သော မထေရ်မြတ် ဖြစ်သည်၊ ဆရာတော်သည် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယအမှူဆောင် ဆရာတော်လည်း ဖြစ်တော်မူသည်။

ဥတ္တမော ယော မဟာထေရော၊ ဝိသုတာရာမဝံသိကော။
ဝိသုတသာသနေ သေဋ္ဌော၊ ဝိသုတာရာမဂါစကော။
သော စ ဝဿသတံ ကာလံ၊ ပါလေတု ဇိနသာသနံ။

စလင်းမြို့ မဟာဝိသုတာရာမဆရာတော်

အချင်ကိုင်္ဂြိုဟ်ထေရ်

စလင်းမြို့ မဟာဝိသုတာရာမစာသင်တိုက်ကို ဦးစီးတည်ထောင်သော ဆရာတော်မှာ ဓမ္မ·ကထိက, စာချ ၂-ဌာနလုံးဌ် ကျမ်းကျင်သော ဆရာတော်အချင်ကိုတို့ ဖြစ်သည်၊ ဆရာတော်သည် မုံရွာမြို့ လယ်တီတိုက်ဌ်လည်း ပညာသင်ကြားခဲ့ဘူးသည်၊ ဆရာတော်သည် ပါဠိပဌမကျော်ဘွဲ့ရ ပုဂ္ဂိုလ်လည်း ဖြစ်သည်၊ ပခုက္ကူမဟာဝိသုတာရာမတိုက်ဌ် ပညာသင်ကြား တတ်မြောက်ခဲ့ပြီး စလင်းမဟာဝိသုတာရာမ စာသင်တိုက်ကို တည်ထောင်ဖွင့်လှစ်ခြင်းဖြစ်သည်၊ မထေရ်မြတ်သည် အများသံဃာ၏ အကျိုးကိုလည်း လွန်စွာ ဆောင်ရွက်တော်မူသည်။

ဆရာတော်အချင်ကိုတို့၏ တပည့်များ

ဆရာတော်၏စွမ်းစွမ်းတမန် ဆောင်ရွက်မှုကြောင့် ပညာတတ်တပည့်တပန်း များစွာ ပေါ်ထွက်ခဲ့ရာ ချောက်မြို့ အေးစေတီအနီး စလင်းတိုက်ဆရာတော် အရှင်မေဓိယ, မင်းဘူးခရိုင် စကုနယ် ပါဒစေတီအနီး ဓမ္မိကတောကျောင်းဆရာတော် အရှင်ဓမ္မိကစသည်တို့သည် ဆရာတော်အချင်ကိုတို့ ၏ တပည့်များ ဖြစ်ကြသည်။

ဘဒန္တကိတ္တိထေရောပိ၊ ဝိသုတဝံသပါလကော။
ဝိသုတေပိ စ သိက္ခိတ္ဝာ၊ နာနာဂန္ထေသု ကောဝိဒေါ။
ဗဟဝေါ တဿ သိဿာ စ၊ ပဏ္ဍိတာ သတ္ထကောဝိဒါ။
သဖလော တဿ ဥဿာဟော၊ အဟော နော ဟိ ပသံသိယော။



စလင်းမြို့ မဟာဝိသုတာရုမတိုက် အရှင်ကိတ္တိ မဟာထေရ် 440

စကုမြို့ မဟာဝိသုတာရုံမ သာသနာဝင်

စကုမြို့သည် ကျေးဇူးရှင် မဟာဝိသုတာရုံမဆရာတော်ဘုရားကြီးတို့၏ တပည့်တပန်း ရဟန်းသံဃာတော်များစွာတို့ သာသနာပြုရာ မဟာဝိသုတာရုံမသာသနာဝင် ထွန်းပြောင်ရာဒေသ ဖြစ်သည်၊ ပခုက္ကူ မဟာဝိသုတာရုံမ ပရိဝေဏစာသင်တိုက်ကြီး၌ စကုနယ်မှ ရဟန်းသာမဏေများ အစဉ်မပြတ် ဆိုရလောက်အောင် ပညာသင် ရောက်ရှိလျက် ရှိလေသည်။

မဟာဝိသုတာရုံမိက ရွှေပန်းရုံတိုက်

မဟာဝိသုတာရုံမတိုက်မှ ခွဲ၍တည်ထောင်သော စာသင်တိုက်ခွဲများအနက် စကုမြို့ ရွှေပန်းရုံစာသင်တိုက်သည် ထင်ရှားသော စာသင်တိုက် ဖြစ်သည်၊ ၎င်းတိုက်ကို မဟာဝိသုတာရုံမိက နိကာယဝင် စာသင်တိုက်အဖြစ် အစပျိုးခဲ့သူ အာဒိမာပကပုဂ္ဂိုလ်မှာ သီလဝန္တ, သိက္ခာကာမ-အစိုးရဓမ္မာစရိယဘွဲ့ရ အရှင်စန္ဒဝံသပင် ဖြစ်လေသည်၊ အရှင်စန္ဒဝံသသည် ၁၂၇၈-ခုနှစ် ဝါခေါင်လဆန်း ၁၀-ရက် အရုဏ်တက် ၄-နာရီ မိနစ် ၄၀-တွင် စကုမြို့ ကျဲတဲရွာ အဘ ဦးမြတ်ငြိမ်း အမိ ဒေါ်တင်တို့မှ ဖွားမြင်ခဲ့သည်၊ အရွယ်ရောက်သော် သာမဏေဝတ် ရဟန်းပြုပြီး ပညာသင်ကြားခဲ့ရာ အစိုးရစာမေးပွဲ ပဌမငယ်, ပဌမလတ်, ပဌမကြီးတန်း စာမေးပွဲတို့ကို ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့လေသည်၊ ၁၃၁၅-ခုနှစ် နယုန်လ၌ ကျင်းပသော စာချတန်း စာမေးပွဲ၌ ဂုဏ်းထူဆောင်ကျမ်းများနှင့်တကွ အောင်မြင်သဖြင့် "သာသနဓဇသိရိပဝရဓမ္မာစရိယ"ဘွဲ့ကိုလည်း ရရှိခဲ့လေသည်။

ပခုက္ကူ မဟာဝိသုတာရုံမတိုက်၌ ပညာသင်ခြင်း

အရှင်စန္ဒဝံသသည် ကျဲတဲရွာ သုံးထပ်ကျောင်းဆရာတော်, လက်ပံတန်းမြို့ သဒ္ဓမ္မာဒယဆရာတော်, မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက်, စစ်ကိုင်းမြို့ လေးကျွန်းချမ်းသာချောင်ဆရာတော်စသည်တို့ထံ၌ ပညာသင်ကြားခဲ့ပြီး ပခုက္ကူ မဟာဝိသုတာရုံမတိုက်၌ နှစ်ပေါင်းများစွာ သီတင်းသုံး၍ ပိဋကတ်ကို သင်ကြားတတ်မြောက်ခဲ့လေသည်၊ ဓမ္မာစရိယဘွဲ့ မရမီကပင် စကုမြို့ ရွှေပန်းရုံတိုက်ကို မဟာဝိသုတာရုံမိက ဂဏဝါစကနိကာယဝင် စာသင်ကျောင်းတိုက် ဝိဇ္ဇာယတန အဖြစ် ပြောင်းလဲတည်ထောင်၍ စာသင်သားများစွာတို့အား စာပေပို့ချခဲ့သည့် သာသနာဝင် သမိုင်းထိုးထိုက်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

စန္ဒဝံသော မဟာထေရော၊ ဝိသုတာရုံမဝံသိကော။
ဝိသုတေ ဥဂ္ဂဟေတ္ဝာန၊ ဝိသုတော နာယကော ဘဝိ။
ပိဋကေသုပိ ဆေကော စ၊ နာနာဂန္ထဝိသာရဒေါ။
သော အတီဝ စိရံ ကာလံ၊ သောဘေတု သတ္ထုသာသနံ။

ဆင်ဖြူကျွန်း မဟာဝိသုတာရုံတိုက်

ဆရာတော် အရှင်ပညာသီဟ

ဆင်ဖြူကျွန်းမြို့ မဟာဝိသုတာရုံတိုက် ဆရာတော်သည်လည်း မဟာဝိသုတာရုံသာသနာဝင်သမိုင်းတွင် မှတ်တမ်းတင်ထိုက်သော ဆရာတော်ဖြစ်သည်။

အရှင်ပညာသီဟသည် ပွင့်ဖြူမြို့နယ် ညောင်ပင်သာရွာ၌ ၁၂၆၆-ခုနှစ်တွင် ဖွားမြင်သည်၊ ရှင်ရဟန်းပြုပြီး ပခုက္ကူ မဟာဝိသုတာရုံမ စာသင်တိုက်ကြီးသို့ရောက်၍ နှစ်ပေါင်းများစွာ ပညာသင်ကြားခဲ့သည်။

ဆိုဝါဖြင့် ပိဋကတ်ကို သင်ယူခြင်း

အရှင်ပညာသီဟသည် ပါရာဇိကဏ်အဋ္ဌကထာနိသျ စသော ဝိနည်းနိသျကျမ်းပြု မအူဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်တို့ထံတွင် ပိဋကတ်ကို ဆိုဝါဖြင့် သင်ယူခဲ့ရာ လွန်စွာ ဉာဏ်ထက်မြက်သဖြင့် တိုက်တာ ဦးစီးဆရာတော်တဆူ ဖြစ်နိုင်အောင် အရည်အချင်းကို ရရှိခဲ့သည်။ အရှင်ပညာသီဟသည် ကန်မြဲစောင်ချမ်း ဆရာတော်ဦးဂုဏထံတွင်လည်း ပညာသင်ကြားခဲ့သည်။

ဂဏဝါစက စာချတာဝန် ထမ်းဆောင်ခြင်း

ပခုက္ကူ မဟာဝိသုတာရုံတိုက်ကြီး၌ ရဟန်းသိက္ခာ ၁၀-ဝါပတ်ဝန်းကျင်လောက်တွင် ဂဏ-ဝါစကစာချဖြစ်၍ နှစ်ပေါင်းများစွာ မဟာဝိသုတာရုံတိုက် စေ့းကျောင်း၌ သီတင်းသုံး၍ စာချခဲ့သည်၊ စာလိုက်သံဃာလည်း လွန်စွာ များပြားလေသည်။

ဆင်ဖြူကျွန်း မဟာဝိသုတာရုံတိုက်ကို တည်ထောင်ခြင်း

သာသနဇောတနုတ္ထာယ၊ တေသု တေသု အဝေက္ခိယ။
ပညာထေရော အပေသေသိ၊ နာနာဒေသေသု ပဏ္ဍိတေ။

ဟူသည်နှင့်အညီ အရှင်ပညာမဟာထေရ်သည် နိကာယစာသင်တိုက်ကြီးများ တည်ထောင်၍ သာသနာထွန်းလင်းစေလိုသော ဇောဆန္ဒဖြင့် မြန်မာပြည်အနှံ့ စာသင်တိုက်တည်ရန် ပညာရှိတပည့်ရဟန်းတော်များ စေလွှတ်ရာတွင် ဆင်ဖြူကျွန်းမြို့အတွက် လျောက်ပတ်ဆုံးဖြစ်သော အရှင်ပညာသီဟထေရ်ကို ၁၃၀၁-ခုနှစ်တွင် ဆရာတော် အရှင်ပညာထေရ်ကိုယ်တိုင် လိုက်ပို့၍ မူလက စေတီလှကျောင်းတိုက်ဟူသော နာမည်ကိုပြောင်း၍ မဟာဝိသုတာရုံမကျောင်းတိုက်ဟူသော အမည်ဖြင့် စာသင်တိုက် တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည်၊ တည်ထောင်စတွင် စာသင်သား ၁၈-ပါးမှ အစပျိုးခဲ့ရာ ၁၃၁၃-ခုနှစ် ၁၃၁၄-ခုနှစ်တို့၌ စာသင်သား ၁၀၀-ကျော်အထိ တိုးတက်စည်ကားသည့် စာသင်တိုက်ဖြစ်လာတော့သည်။

ပညာသီဟံ အပေသေသိ၊ ဆင်ဖြူကျွန်းဘူမိမုတ္တမံ။
ဥတ္တမသာသနဿေဝ၊ ဇောတနုတ္ထာယ ဝုဒ္ဓိယာ။

အရှင်ပညာသီဟ ဥဿာဟ

အရှင်ပညာသီဟသည် ကြီးမားသော လုံလဝီရိယရှင် ပုဂ္ဂိုလ်မြတ် ဖြစ်သည်၊ မလွဲမကင်းသာသော သာရေးနာရေးကိစ္စများတွင်သာ အနည်းငယ် ကြောင့်ကြစိုက်၍ ပရိယတ္တိသာသနာ စည်ပင်ရန် ရည်ရွယ်ချက်တခုကိုသာလျှင် နှလုံးသွင်းကာ စာဝါကို မှန်မှန်ချပို့တော်မူခဲ့သည်၊ ဝတ်တက် ဝတ်ကပ်ခြင်းနှင့် ဗုဒ္ဓါနုဿတိဘာဝနာအလုပ်ကိုလည်း ပြုလုပ်လေ့ရှိတော်မူသည်။

ပခုက္ကူ။အကြိမ်ကြိမ်ကြွ

ဆရာတော်သည် ပခုက္ကူသို့ နိကာယအစည်းအဝေးကြီးများ စည်းဝေးသောအခါ,ကြွရောက်၍ ဓမ္မကထာများ ဟောပြောခဲ့သေးသည်၊ ဆရာတော်အရှင်ပညာ ပုံလွန်တော်မူရာ ၁၃၀၈-ခုနှစ်က ကြွရောက်၍ သံဝေဂယူခဲ့သေးသည်။

ပုံလွန်တော်မူခြင်း

ဤသို့ဖြင့် သီလဝန္တ, သိက္ခာကာမဖြစ်သော အရှင်ပညာသီဟသည် သက္ကရာဇ် ၁၃၁၅-ခုနှစ် လောက်တွင် မွေးရပ်ဌာနီ ညောင်ပင်သာ တောရွာကလေးတွင် ပုံလွန်တော်မူခဲ့သည်၊ ဘဝနှတ်ထံ ဝင်စံခဲ့လေသည်။

သံဝေဂယူဖွယ်

လောကဌ် သတ္တဝါတို့အား အသက်အပိုင်းအခြား, အနာရောဂါဝေဒနာ, သေရုအခါကာလ, ခန္ဓာကိုယ်ပစ်ချရဌာန, လားရာဘဝဟူသော ဤ ၅-ပါးတို့ကား အမှတ်အသား အပိုင်းအခြား မရှိပါကုန်ချေ။

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဠေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ နာယရေ။
(ဝိသုဒ္ဓိမဂ်၊ ပဌမ၊ ၂၂၈။ သံ၊ ဋ္ဌ၊ ၁။ ၂၉။ ဇာ၊ဋ္ဌ၊ ၂။ ၅၂။)

တောင်တွင်း မဟာဝိသုတာရုံမသာသနာဝင်

မဟာဝိသုတာရုံမကျောင်းတိုက်ကြီးမှ ခွဲ၍တည်ထောင်သော စာသင်ကျောင်းတိုက်ပေါင်း မြန်မာပြည်အနှံ့အပြားတည်ရှိရာ တောင်တွင်းကြီးမြို့၌လည်း လောကမှန်ကူတိုက်, ရွှေမောဓော ကျောင်းတိုက်, သီရိမင်္ဂလာကျောင်းတိုက်, ကန်တော်မင်ကျောင်းတိုက်, အသောကာရုံကျောင်း တိုက် စသောအားဖြင့် များစွာတည်ထွန်းလျက်ရှိကုန်ရာ ဖော်ပြပါကျောင်းတိုက် နာယကဆရာ တော်တို့၏ ဝီရိယကို ချီးကျူးသင့်ပေသည်။

အသောကာရုံဆရာတော်

အရှင်ခေမိန္ဒ မဟာထေရ်

အသောကာရုံဆရာတော် အရှင်ခေမိန္ဒမဟာထေရ်သည် တောင်တွင်းနယ်၌ ထင်ရှားသော မဟာဝိသုတာရုံမနိကာယဝင် သာသနာပြု အရှင်မြတ်တပါး ဖြစ်တော်မူသည်၊ ဆရာတော်သည် ၁၂၆၅-ခုနှစ် ကဆုန်လဆန်း ၉-ရက် တနင်းလာနေ့တွင် မကွေးခရိုင် တောင်တွင်းမြို့နယ် ငမင်ရွာ အဘ ဦးရွှေဘိုး အမိဒေါ်လှရင်တို့မှ ဖွားမြင်ခဲ့သည်၊ ၁၃-နှစ်သားအရွယ်တွင် ငမင်မြောက် ကျောင်းဆရာတော်ထံ ရှင်သာမဏေဝတ်၍ သက်တော် ၂၀-သက္ကရာဇ် ၁၂၇၅-ခုနှစ်၌ သရက်တန်း ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ခဲ့လေသည်။

ပခုက္ကူမဟာဝိသုတာရုံမတိုက်သို့

ဆရာတော်လောင်းလျှာသည် ငမင်မြောက်ကျောင်း ဂိုဏ်းထောက်ဆရာတော် အရှင်အာသဘ မဟာထေရ်, ငမင်မြောက်ကျောင်း အရှင်ဝိမလ မဟာထေရ် စသည့် ဆရာတော်များ, မန္တလေး ဘုရားကြီးတိုက် ဆရာတော်များ, တောင်မြို့ မင်္ဂလာတိုက်သစ်ဆရာတော်များထံ ပညာသင်ကြားပြီး ပခုက္ကူမြို့ မဟာဝိသုတာရုံမတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်နှင့် စာချဆရာတော် များထံ ပိဋကတ်ကို ကျန်စွာ သင်ယူတတ်မြောက်ခဲ့လေသည်။

ဝိသုတာရုံမဝါသီနံ၊ ဝိညူနံ သန္တိကေ ဝိဒူ။
ပိဋကံ ဥဂ္ဂဟေတွာန၊ ခေမိန္ဒော တေသု ကောဝိဒေါ။

မိုးညှင်းတောရဆရာတော်, ကြောင်ပန်းတောရဆရာတော်, ကနီဆရာတော်တို့၏အထံ၌လည်း ပဋိပတ်နည်းနာနယကို ခံယူ ဆည်းပူးခဲ့သေးသည်။

အသောကာရုံစာသင်တိုက် တည်ထောင်ခြင်း

ပျဉ်းမနားမြို့ ငွေတောင်ကျောင်းတိုက်၌ သီတင်းသုံးစဉ် တောင်တွင်းကြီးမှ မြေပိုင်ရှင် ဒကာမကြီး ဒေါ်သက်မွန်နှင့် ငမင်သူကြီးမင်း ဦးလေးအို, သူကြီးကတော် ဒေါ်သန်းတင်တို့၏ ပင့်လျှောက်ချက်အရ ၁၂၉၉-ခုနှစ်၌ အသောကာရုံကျောင်းတိုက်ကို တည်ထောင်၍ အရပ်လေး

မျက်နှာမှ ကြွရောက်လာသော စာသင်သား ရဟန်းသာမဏေတို့အား ပခုက္ကူ,မန္တလေး ၂-နည်း တို့ဖြင့် ဓမ္မ,ဝိနယကို သင်ပြပို့ချကာ သာသနာဝန်ကို ထမ်းဆောင်ခဲ့လေသည်။

မာပေတ္ထာန အသောကာဝံ့၊ အာဏာမံ ယတိနန္ဒိနံ။
ဝါစေတ္ထာန နိကာယေ စ၊ အကာ သာသနနုဂ္ဂဟံ။

ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည်—

၁။ ဆဋ္ဌသံဂါယနာပါဠိဝိသောဓကတာဝန်၊
၂။ ဆဋ္ဌသံဂီတိကာရကတာဝန်၊
၃။ ဝိနိစ္ဆယဝိနည်းဓိုရ်တာဝန်၊
၄။ ခုဒ္ဒကဝိနည်းဓိုရ်တာဝန်၊
၅။ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ အမှူဆောင်တာဝန်—

စသည်တို့ကို ဆောင်ရွက်တော်မူခဲ့သည်။

ဥပဒေသမာလာ

အတတ်ပညာတည်းဟူသော ဥစ္စာသည် ဥစ္စာအားလုံးတို့ထက် အကောင်းဆုံး ပဓာနကျသော ဥစ္စာဖြစ်လေသည်။

"ဝိဒျာဓနံ သဝ်ဓနာတ် ပြာဓာနာမ်"

(သက္ကတနီတိကျမ်းများ)

တောင်တွင်းကြီးမြို့ သီရိမင်္ဂလာတိုက်သစ်ဆရာတော်

အရှင်ရာဇိန္ဒမဟာထေရ်

အရှင်ရာဇိန္ဒမဟာထေရ်သည် ၁၂၆၈-ခုနှစ် ဝါဆိုလဆန်း ၁-ရက် ဗုဒ္ဓဟူးနေ့တွင် တောင်-တွင်းကြီးမြို့ အနောက်လက် ၁၀-မိုင်မျှ ဝေးကွာသော ဆုံကုန်းရွာ၌ ဦးဝကြီး ဒေါ်ငယ်တို့မှ ဖွားမြင်တော်မူသည်။

သာမဏေပြု ပညာသင် ရဟန်းပြု

ဆရာတော်လောင်းလျာသည် ၁၂-နှစ်သားအရွယ်တွင် ဆုံကုန်းကျောင်း အရှင်သုမနထံတွင် သာမဏေဝတ်၍ နောင်တော် အရှင်စက်္ကိန္ဒထံတွင် သဒ္ဒါ, သဂြိုဟ်, ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို သင်ယူခဲ့သည်၊ သက်တော် ၂၀-တွင် ဆုံကုန်းရွာနေ ဦးရီးတော် ဦးစော်ကဲ ဒေါ်အုန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကုက္ကိုရွာ အနောက်ကျောင်းဆရာတော် အရှင်ပရမကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဖြစ်ခဲ့သည်။

ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်ကြီးသို့

ဆရာတော်လောင်းလျာသည် ရဟန်း ၁-ဝါမှစ၍ မန္တလေးအနောက်ပြင် ခင်မကန်တိုက်၌ ၃-ဝါ၊ အမရပုရမြို့ မင်္ဂလာတိုက်ဟောင်း၌ ၁-ဝါ နှစ်ဝါ ညဝါများ သင်ကြားခဲ့ပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ ၅-နှစ်ကြာမျှ ပိဋကတ ၃-သွယ် နိကာယ် ၅-ရပ်ကို ကျနစ္စာ သင်ယူခဲ့လေသည်။

ဝိသုတာရာမအာရာမေ၊ ဝိဇ္ဇာပီဌေ သုပါကဋေ။
နိကာယေ ပဉ္စ ဥဂ္ဂဏှိ၊ ရာဇိန္ဒော ရာဇနန္ဒနော၁။

သီရိမင်္ဂလာတိုက်သစ်

ဆရာတော် အရှင်ရာဇိန္ဒ၏နောင်တော် အရှင်ဣန္ဒာဝရသည် ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ကြာမြင့်စွာ နိကာယ်ငါးရပ် တတ်မြောက်အောင် သင်ကြားပြီးနောက် ၁၂၇၇-ခုနှစ်တွင် တောင်-တွင်းကြီးမြို့ ခုံမင်းကြီး ဦးရန်အောင် ဒေါ်ဖွားဆောင်နှင့် သမီးဖြစ်သူ ဒေါ်ရွှေမေတို့ ဆောက်လုပ်လှူဒါန်းအပ်သော သီရိမင်္ဂလာတိုက်သစ်ကျောင်းအရာမ်ကို အလှူခံတော်မူ၍ ဓုရ ၂-ပါးကို ပွါးများအားသစ်တော်မူခဲ့ရာ သိက္ခာတော် ၂၇-ဝါအရတွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့သည်။ ဆရာတော် အရှင်ဣန္ဒာဝရမရှိသည့်နောက်တွင် ဆရာတော် အရှင်ရာဇိန္ဒသည် သီရိမင်္ဂလာတိုက်သစ်၏ ဦးစီးနာယက ဖြစ်လာတော့သည်၊ ဆရာတော် ဦးရာဇိန္ဒသည် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင်ဖြစ်လျက် မှီခိုရောက်ရှိလာသော စာသင်သားများစွာတို့အား စာပေပို့ချကာ သာသနာပြုတော်မူခဲ့သည်။

ဆရာတော်သည် သရဏာဂမနာဒိရှုဖွယ်ကျမ်း ပဌမတွဲ, ဒုတိယတွဲနှင့် ဆုတောင်းပြည့်စေတီတော်သမိုင်းစသော ကျမ်းဂန်များကိုလည်း ရေးသားစီရင်တော်မူခဲ့သည်၊ ဆရာတော်သည်

တောင်တွင်းကြီးမြို့-သီရိမင်္ဂလာတိုက်သစ်
ဆရာတော် အရှင်ရာဇိန္ဒ မဟာထေရ် 446

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ၏ အမှုဆောင်ဆရာတော်များးတွင်လည်း တပါး အပါ အဝင် ဖြစ်တော်မူသည်။

ရာဇိန္ဒော ပဏ္ဍိတော ဒက္ခော၊ မဂ်လာရာမက္ကသရော။
ဂန္ထကာရော စ သော အာသိ၊ ဂဏသ ဂန္ထဝါစကော။
သော ဝဿသတံ ကာလံ၊ သောဘေတု ဗုဒ္ဓသာသနံ။

နုတ်မောက်မြို့ ဖျောက်ဆိပ်ပင် ဆရာတော်များ

ကျေးငှူးရွာ ရေစကြို့ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရနှင့် တပည့်ကြီးများ၏ ဝီရိယစွမ်းအားကြောင့် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင် ကျောင်းတိုက်များနှင့် ပခုက္ကူ မဟာဝိသုတာရာမတိုက်ထွက်များ မြန်မာပြည် အနှံ့အပြား တည်ရှိ သီတင်းသုံးလျက် ရှိကြလေသည်။

နတ်မောက်မြို့မှ ဖျောက်ဆိပ်ပင်ကျောင်းတိုက် ဦးစီးဆရာတော်များလည်း ပခုက္ကူ မဟာဝိသုတာရာမနိကာယဝင် ဆရာတော်များ ဖြစ်တော်မူကြသည်၊ ကျောင်းတိုက်အတွင်း၌ တိုက်၂-လုံး သစ်သားကျောင်း ၅-ကျောင်း ရှိသည်၊ ကျောင်းတိုက်ကို စတင်တည်ထောင်သော မထေရ်မြတ်မှာ ဖျောက်ဆိပ်ပင်တိုက် အရှေဖက် ဖုန်းတော်ပြည့်ဇာတိ ဆရာတော် အရှင်နန္ဒိယ ဖြစ်လေသည်၊ ဆရာတော် အရှင်နန္ဒိယ လက်ထက်က သံဃာတော် ဂဝ-လောက် သီတင်းသုံးကြောင်း သိရသည်၊ ဆရာတော်အရှင်နန္ဒိယ ပျံလွန်ပြီးနောက် ဆရာတော် အရှင်ဝါသဝက ဆက်လက်၍ စာသင်တိုက်ကို အုပ်ချုပ်ပြီး သာသနာ ပြုခဲ့လေသည်၊ ဆရာတော် အရှင်ဝါသဝ ပျံလွန်ပြီးနောက် ဆရာတော် အရှင်သုမနက ဆက်လက်ဦးစီး၍ စာသင်တိုက်ကို တိုးတက်အောင် ဆောင်ရွက်တော်မူသည်၊ ၎င်းတိုက်မှ ဆရာတော်များတို့သည် ယေဘုယျအားဖြင့် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး၏ ပညာသင် တပည့်ကြီးများ ဖြစ်တော်မူကြလေသည်၊ ယခုအခါ သံဃာတော် ၅၀-လောက် ရှိလေသည်၊ ၎င်းတိုက်၌ ဂဏဝါစကအဖြစ် ဆောင်ရွက်ခဲ့သော ဆရာတော် အရှင်လာဘမှာ ဆဋ္ဌသံဂီတိကာရက ဆရာတော် ဖြစ်လေသည်၊ ၎င်းကျောင်းတိုက်၏ ဂေါစရဂါမ်ရွာတို့မှာ ဖုန်းတော်ပြည့်, အိုးဖို့, လက်ပန်တုန်းရွာတို့ ဖြစ်ကုန်သည်။

နတ်မောက်မြို့မှ မြို့မကျောင်းတိုက်နှင့် ဆရာတော်များ

မြို့မစာသင်တိုက်သည်လည်း ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင် ကျောင်းတိုက်ဖြစ်သည်၊ ကျောင်းတိုက်ကို စတင်တည်ထောင်သူမှာ ဆရာတော် အရှင်ပဏ္ဍိစ္စ ဖြစ်လေသည်၊ ဆရာတော်အရှင်ပဏ္ဍိစ္စသည် ဆရာတော် အရှင်ပညာထံ၌ ပညာသင်ကြား တတ်မြောက်ခဲ့သော မထေရ်မြတ် ဖြစ်လေသည်၊ ဆရာတော် အရှင်ပဏ္ဍိစ္စမှာ သက်တော် ၆၈-နှစ်အရောက် ၁၃၂၇-ခုနှစ် တပို့တွဲလက ပျံလွန်တော်မူခဲ့သည်၊ ရှေးက သံဃာ ၆၀-လောက် သီတင်းသုံးဘူးသော်လည်း ယခု ၁၅-ပါးလောက်သာ ရှိတော့သော စာသင်တိုက်ကလေး ဖြစ်လေသည်၊ အရှင်ပဏ္ဍိစ္စ ပျံလွန်ပြီးနောက် စာသင်တိုက်ကို ဆရာတော် အရှင်ကိတ္တိက ဆက်လက်၍ ဦးစီးလေသည်။

ဒီပက်ရာကျောင်းတိုက်

ယခုဒီပက်ရာကျောင်းတိုက် ဆရာတော်မှာ ဦးနန္ဒမာလာ ဖြစ်လေသည်၊ ယခင်က အရှင်သောဘိတဟု ထင်ရှားသော ဆရာတော်မှာ ဒီပက်ရာကျောင်းတိုက်၏ ဆရာတော် ဖြစ်သည်၊ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် ဖော်ပြပါ ဆရာတော်အရှင်သောဘိတထံတွင်

ငယ်စဉ်က ပညာသင်ကြားခဲ့ဘူးသည်၊ ဆရာတော်အရှင်သောဘိတ၏တပည့် အရှင်နန္ဒမာလာလက်ထက်တွင်မှ မဟာဝိသုတာရုမ ဂဏဝါစကနိကာယဝင် စာသင်တိုက် ဖြစ်လာသည်၊ သံဃာတော် ၂၅-ပါးလောက် သီတင်းသုံးလျက် ရှိလေသည်၊ ဤသို့ဖြင့် နတ်မောက်မြို့သည်လည်း မဟာဝိသုတာရုမဂိုဏ်းဝင် ဆရာတော် သံဃာတော်တို့ သီတင်းသုံး၍ သာသနာပြုရာဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

၉ဝံ ဟိ နတ်မောက်ဒေသေပိ၊ ဘိက္ခူ ဝိသုတဝံသိကာ။
ဗဟဝေါ ဥယျုတ္တာယေဝ၊ သာသနဿာဘိဝုဒ္ဓိယာ။

စစ်ကိုင်းတောင် ဇမ္ဗုပတိချောင်

စာချအကျော် ဒုတိယမရမ္မရဋ္ဌသာရဘွဲ့ရ

လယ်တီ အရှင်ပဒုမ ဆရာတော်

စစ်ကိုင်းတောင် ဇမ္ဗုပတိချောင်ကို တည်ထောင်ခဲ့သူ လယ်တီအရှင်ပဒုမသည်လည်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ ပညာသင်ကြား တတ်မြောက်ခဲ့သော ဆရာတော် ဖြစ်တော်မူသည်။

ဆရာတော်သည် မုံရွာခရိုင် အရာတော်မြို့နယ် အောင်သာရွာ အဘဦးဦး-အမိ ဒေါ်ဒေးကွန်း တို့မှ သက္ကရာဇ် ၁၂၄၇-ခုနှစ် ဝါခေါင်လဆုတ် ၂-ရက် ကြာသပတေးနေ့၌ ဖွားမြင်ခဲ့သည်၊ ဆရာတော်သည် အရိယသစ္စဒီပနီနိဂုံး၌လည်း ဌာနနှင့်ကာလကို—

နဂရေ မုံရွာနာမမ္ပိ၊ ဂါမေ အောင်သာဘိပါကဋ္ဌေ။
မုနိဝေဒကွိစန္ဒမ္ပိ၊ သာကေ ဇာတေန ယာ မယာ။

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့သည်၊ ၁၃-နှစ်သားအရွယ်တွင် မန္တလေးရွှေကျင်တိုက်မကြီး၌ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ပိဋကတ်အခြေခံပညာကို သင်ခဲ့ပြီး, မန္တလေးချမ်းသာကြီးတိုက်, ရန်ကုန်ရှားပင်တိုက်တို့၌ ပညာသင်ကြားခဲ့သည်။ သက်တော် ၂၀-တွင် အောင်သာရွာ ဒေါ်ဒေါ်-တင်၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်လေသည်။

မဟာဝိသုတာရာမဝိဇ္ဇာယတနကြီးသို့

အရှင်ပဒုမသည် မုံရွာမြို့ စောင်ချမ်းပင်ဆရာတော်ထံ၌ ပညာသင်ကြားပြီး ရဟန်းသိက္ခာ ၃-ဝါအရွတွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ ကျေးဇူးရှင် ရေစကြို့ဆရာတော် ဘုရားကြီး အရှင်ဂန္ဆသာရထံ ပိဋကတ်ကို ဆိုဝါဖြင့် သင်ယူတတ်မြောက်ခဲ့လေသည်။

ပဒုမော သော ပဓာနော ဟိ၊ ဂန္ဆထေရဿ သန္တိကေ။
ပိဋကေ ဥဂ္ဂဟေတ္ဝာန၊ ပိဋကေသု ဝိဒူ အဟု။

ရဟန်း ၅-ဝါအရွတွင် လယ်တီဆရာတော်ထံမှောက်ရောက်ပြီး ပညာသင်ကြား၍ လယ်တီ ဆရာတော်ဘုရားကြီးနှင့်အတူ သာသနာပြုရာမှ လယ်တီအရှင်ပဒုမဟု ကျော်ကြားခဲ့လေသည်။

၁၂၇၅-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ဇမ္ဗုပတိချောင်ကို တည်ထောင်၍ သီတင်းသုံး စာချ, တရားပြတော်မူခဲ့သည်၊ အရှင်ပဒုမသည် တရားဟော, စာချ, ဂါထာရေး, ကဗျာလင်္ကာရေး ကောင်းမွန်လှသော ဆရာတော်အဖြစ် ထင်ရှားလေသည်၊ "ပဒုမာလင်္ကာရမရမ္မရဋ္ဌကဝိဓဇ ဒုတိယမဟာရဋ္ဌသာရ"ဘွဲ့ကိုလည်း ၁၂၈၅-ခုနှစ်က ဆားနတ်အမိန့်ပြန်တမ်းနှင့် အဆောင်အယောင်များ ပေးအပ်ခြင်းခံရလေသည်၊ ၁၃၁၃-ခုနှစ် တပေါင်းလဆုတ် ၆-ရက်နေ့တွင် သက်တော် ၆၇-နှစ်အရွယ် သာမဏေဝတ်နှင့် ပျံလွန်တော်မူလေသည်။

သံဝေဂယူဖွယ်

သခ်ါရတရားအားလုံးတို့သည် ဖြစ်ပြီး၍ ပျက်ပြုန်းတတ်ရကား မမြဲပါကုန်၊ အနိစ္စအစစ် ဖြစ်ပါကုန်၏၊ သခ်ံတတရားအားလုံးတို့သည် ဖြစ်ပျက် ၂-ရပ် နှိပ်စက်အပ်သဖြင့် ဆင်းရဲပါကုန်၏၊ အလိုလိုက် အကြိုက်ပါရိုး ထုံးစံလည်း မရှိကြပါကုန်ချေ။

အနိစ္စာ သင္ခေ သခ်ါရာ၊ ဒုက္ခာနတ္တာ စ သခ်ံတာ။
(ပရိဝါ ၁၅၇)

ဆီမီးခုံမြို့ မဟာဝိသုတာရုံမတိုက်

ဆရာတော် အရှင်နာရဒ မဟာထေရ်

အရှင်နာရဒမဟာထေရ်သည် ဆီမီးခုံမြို့ မဟာဝိသုတာရုံမတိုက်ကြီးကို စတင်တည်ထောင်သူ ပုဂ္ဂိုလ်ထူးဖြစ်ရကား ဤမဟာဝိသုတာရုံမသာသနာဝင်တွင် မှတ်တမ်းတင်ထိုက်သော ဆရာတော် ဖြစ်ပါပေသည်။

ဒေသ မိဘ ကာလ

မြင်းခြံခရိုင် ဆီမီးခုံမြို့ ဆေးဆရာကြီး ဦးဖိုးသိုက် ဆရာကတော် ဒေါ်စပယ်တို့မှ ၁၂၄၉-ခုနှစ် ပြာသိုလဆန်း ၁၄-ရက် စနေနေ့နံနက် ၄-နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

အဓိကေ နဝတာလိသေ၊ ဒ္ဓိသတေကသဟဿကေ။
ဆီမီးခုံ သေဋ္ဌဒေသမှိ၊ ဝိဇာယိ နာရဒေါ ဝိဒူ။

ကျောင်းအပ်ပညာသင်

"ပဌမအရွယ် ငယ်သော်ကတည်း သိပ္ပဝေါင်အား တတ်မြောက်ငြားမူ တောသားရန်အောင် ခြသေ့ယောင်သို့ မရှောင်မည်ဟု တင်းတင်းမာမာ ပညာရဲရင့် ပဲ့လယ်တင့်လိမ့်"-ဟူသော ကိုးခဏ်း ပျို့နှင့်အညီ ထေရလောင်းလျာအား ပဌမအရွယ်တွင် အဇ္ဈတ္တမိတ်ဆွေဖြစ်သည့် အတတ်ပညာကို သင်ကြားဆည်းပူးစေလိုသဖြင့် မိဘ ၂-ဦးတို့က မြင်းခြံခရိုင် ဆီမီးခုံ အုန်းတောကျောင်းတိုက် လင်္ဂီပေသလ သိက္ခာကာမဖြစ်တော်မူသည့် ဆရာတော် အရှင်လက္ခဏထံ အပ်နှံကြသဖြင့် ဆရာတော် လောင်းလျာသူငယ်သည် အရှင်လက္ခဏထံ၌ သူငယ်တို့၏ဆိုင်ရာ ကျမ်းစာများကို သင်ယူခဲ့လေသည်။

သန္တိကေ လက္ခဏသာပိ၊ ထေရဿ ထိရသီလိနော။
ဥဂ္ဂဏှိ ဝိဝိဓေ နေကေ၊ ဗာလအာယတ္တပေါတ္ထကေ။

သာမဏေဝတ်ခြင်း

ထေရလောင်းလျာ ၁၄-နှစ်သားအရွယ်လောက်တွင် သာသနာအမွေရစေရန် ရည်သန်တောင့်တကြကာ မိဘ ၂-ပါးတို့က သာမဏေ ပရိက္ခရာစုံလင်စွာဖြင့် သာသနာတွင်းသွတ်သွင်းကြ၍ ဆရာတော် အရှင်လက္ခဏထေရ်ကို ဥပဇ္ဈာယ်ပြုလျက် သီလသိက္ခာ ၁၀-ဖြာစုံလင် ရှင်သာမဏေအဖြစ်ကို ရရှိခဲ့လေသည်၊ ရှင်နာရဒဟူသော ဘွဲ့နာမည်ကိုလည်း ဥပဇ္ဈာယ်ဆရာက ပေးအပ်မှည့်ခေါ်လေသည်။

လက္ခဏံ တံ မဟာထေရံ၊ လက္ခဏေသု သုကောဝိဒံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ သာမဏေရတ္တနံ လဘိ။
နာရဒေါတိ စ နာမမ္ပိ၊ အဒါသိ လက္ခဏော ဝိဒူ။



ဆီမီးခုံမြို့ မဟာဝိသုတာရုမတိုက် ဆရာတော် အရှင်နာရဒ မဟာထေရ်

ဥပဇ္ဈာယ်ထံ ပညာသင်

သာမဏေပြုပြီးနောက် ဥပဇ္ဈာယ်ဆရာတော်ခြေရင်း၌ပင် နေထိုင်ကာ ပစ္စဝေက္ခဏာ, လိင်, ဒဏ်, သေခိယ, စုဒ္ဒသခန္ဓကဝတ်ပါဠိအနက်တို့ကို သင်ယူပြီးနောက် ပိဋကတ် ၃-ပုံ၏ အခြေခံကစ္စည်းကျမ်းစသော ကျမ်းစာတို့ကို ကျက်အံသင်ယူခဲ့လေသည်။

ဥပဇ္ဈာယန္တိကေယေဝ၊ နာရဒေါ နာယကကုံရော။
အသိက္ခိ သော အနေကာနိ၊ ကစ္စာယနာဒိကာနိပိ။

ရဟန်းဘဝ ဒုလ္လဘကို ရရှိခြင်း

၁၂၆၉-ခု တပို့တွဲလဆုတ် ၃-ရက်နေ့ ၁-နာရီအချိန်တွင် ဆီမီးခုံမြို့ သာကောင်ရပ်ရှိ ရွှေစည်းခုံဘုရားကြီး၏ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသာအိုးနှင့် ဇနီးဒေါ်ဆင် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အုန်းတောတိုက် ဆရာတော် အရှင်လက္ခဏကိုပင် ဥပဇ္ဈာယ်ပြု၍ စတုပါရိသုဒ္ဓိသီလလေးဖြာကိုယ်မှာဆင်မြန်း ရဟန်းဘဝကို ရရှိတော်မူလေသည်။

ဝိသတိဝဿသမ္ပုဏ္ဏော၊ ထေရိန္ဒံ လက္ခဏာဝှယံ။
ဥပဇ္ဈာယံ ကရိတ္ဝာပိ၊ အလဘိ ဥပသမ္ပဒံ။

ပခုက္ကူ ပိဋကတ်အတတ်မြို့တော်သို့

ဂရုပဒေသဟီနောပိ၊ အတ္ထသာရံ နု ဝိန္ဒတိ။
အတ္ထသာရဝိဟီနော သော၊ သဒ္ဓမ္မာ ပရိဟာယတိ။

ဆရာသခင်တို့၏ နည်းဥပဒေသွန်ပြမှုကင်းလျှင် မြတ်သောအကျိုးကို မရနိုင်၊ မြတ်သောအကျိုးကို မရပါက သူတော်ကောင်းတရားမှ ဆုတ်ယုတ်၏ဟူသော နီတိဆရာတို့၏ ဥပဒေသကို ကောင်းစွာသိရှိနားလည်သော ဥပဇ္ဈာယ်ဆရာတော် အရှင်လက္ခဏာသည် ဂရုပဒေသကို ကောင်းစွာရရှိရန် ရဟန်းဖြစ်ပြီးနောက် ပခုက္ကူ ပိဋကတ်အတတ်မြို့တော် မဟာဝိသုတာရာမကျောင်းတိုက်အဂ္ဂမဟာပဏ္ဍိတ နိကာယလင်္ကာဝပါရဂူ လှိုက်ဆူကျော်ကြားသည့် အရှင်ပညာဆရာတော်ဘုရားထံ အပ်စာဖြင့် ပို့အပ်လေသည်။

စာဆိုဝါ ရရှိခြင်း

အရှင်နာရဒသည် ပခုက္ကူသို့ရောက်ရှိ၍ မကြာမြင့်မီ ဆရာတော်ဘုရားကြီးထံ ဆိုဝါရရှိကာ ဗျာကရဏ်းကျမ်းကြီးများနှင့်တကွ ပိဋကတ် ၃-သွယ် နိကာယ် ၅-ရပ်ကို အဋ္ဌကထာ, ဋီကာတွဲဖက်ကာ ကြီးစွာသော လုံ့လဥဿာဟဖြင့် ၄-နှစ်တိုင်သင်ယူခဲ့ရာ ပိဋကတ်ကို နိုင်နင်းသည့် ပညာရှိတဦး ဖြစ်လာတော့သည်။

ဝိသုတာရာမ အာရာမေ၊ ထေရာနံ သန္တိကေ ဝိဒူ။
ပိဋကံ စ သမုဂ္ဂဏှိ၊ ဝိဝိဓံ ဗျာကရဏမ္ပိ စ။

ဂဏဝါစက စာချဖြစ်ခြင်း

ဤသို့ဖြင့် ကြီးမားလှစွာသော လုံလဖြင့် ပိဋကတ်နှင့် ဗျာကရဏ်းကျမ်းစသည်တို့ကို သင်ယူခဲ့သဖြင့် ကျမ်းကျင်တတ်မြောက်တော်မူရကား ရဟန်းသိက္ခာ ၄-ဝါအရတွင် မဟာဝိသုတာရာမတိုက်ကြီး၌ ဂဏဝါစက စာချအဖြစ် ကျေးဇူးရှင် ဆရာတော်ကြီးများက ချီးမြှောက်တော်မူသဖြင့် မဟာဝိသုတာရာမတိုက်ကြီး၌ ပိဋကတ်ကို အဋ္ဌကထာတဲ့ဖက်၍ စာလိုက်သံဃာများစွာတို့အား ချပို့တော်မူလေသည်။

စတုဝဿော သမာနော၀၊ နာရဒေါ ဝါစကော ဘဝိ။
ဝါစယိ အနေကေသမို့၊ ပိဋကံ ပိဋကေ ဝိဒူ။

မန္တလေး ထနောင်းတိုင်တို့သို့

တိုင်းပြည်အရှင် ထီးဆောင်းဘုရင်တို့သည် ဥစ္စာပစ္စည်းဖြင့် အားရတင်းတိမ်ခြင်းမရှိသကဲ့သို့ ဂဏဝါစက အရှင်နာရဒသည်လည်း ပညာသင်မှု၌ အားမရ တင်းမတိမ်သေးရကား မန္တလေးမြို့ ဆရာတော်များထံနှင့် ထနောင်းတိုင် အရှင်လက္ခဏထံ၌လည်း နှစ်ဝါ ညဝါများ သင်ယူခဲ့သေးသည်။

ပခုက္ကူနောက်တခေါက်

မန္တလေး ထနောင်းတိုင်တို့၌ ပညာသင်ကြားဆည်းပူးပြီးနောက် ပခုက္ကူမြို့ မဟာဝိသုတာရာမဝိဇ္ဇာယတနကြီးသို့ ပြန်လည်ကြွရောက်တော်မူ၍ ကျေးဇူးတောင်ညို ဆယ်ဆင့်ပိုသည့် ကျေးဇူးရှင် ဆရာတော်တို့၏ ဩဝါဒကို နာခံရင်း ဂန္ထန္တရအဝဝကို ၄-နှစ်တိုင် ပို့ချတော်မူပြန်သည်။

နာရဒေါ ပုန အာဂမ့၊ ဝိဿုတံ ဝိသုတာလယံ။
သုခေနေ၀ နာနာဝိဓံ၊ ဂန္ထန္တရမို့ ဝါစယိ။

ဆီမီးခုံ မဟာဝိသုတာရာမဝိဇ္ဇာယတနတည်ထောင်ခြင်း

ဂရူပဒေသလာဘီ စ၊ အတ္ထသာရသမာယုတော။
သဒ္ဓမ္မံ ပရိပါလေန္တော၊ သဒ္ဓမ္မဿာ နု ဟာယတိ။

ဟူသော သဒ္ဒနီတိဆရာ၏ နီတိဥပဒေသအားလျော်စွာ ဆရာတော်အမျိုးမျိုးတို့၏ နယူပဒေသကို ကျနသေသပ်စွာ ရရှိသဖြင့် အနှစ်သာရ အရည်အသွေး ပြည့်ဝလုံလောက်သူ ဖြစ်ရကား ဘုရားရှင် ပိဋကတ်ဘဏ္ဍာတည်းဟူသော သူတော်ကောင်းတရား စောင့်ရှောက်ပါမူ တနေ့တခြား တက်သစ်စလက်သို့ တိုးပွါးမည်ကိုသိကြသော မူလ ဆီမီးခုံ အုန်းတောတို့က ဥပဇ္ဈာယ်ဆရာတော်နှင့်တကွ ဒကာ, ဒကာမတို့၏ မိမိဌာနီ၌ စာသင်တိုက် တည်ထောင်ဖွင့်လှစ်ပါရန် တိုက်တွန်းတောင်းပန်လျှောက်ထားချက်ကို စိတ်ထက်သန်စွာ ဝန်ခံကာ ဆီမီးခုံသို့ ပြန်ကြွလာ၍ ကျေးဇူးရှင်ဆရာတော်က ဂရုဘော်, လဟုဘော်နှင့်တကွ လှဲအပ်သော အုန်းတောကျောင်းတိုက်ကို ၁၂၀၄-ခုနှစ်မှစ၍ တိပိဋကမဟာဝိဇ္ဇာလယ ပိဋကတ် ၃-ပုံ စာသင်တိုက်ကြီးအဖြစ် ဖွင့်လှစ်ပြီး မဟာဝိသုတာရာမဟူသောကမ္ဘည်းဆိုင်းဘုတ်ကို တပ်ဆင်အမည်ပြောင်း၍မှည့်ကာ ရောက်ရှိမှီခိုလာသော စာသင်သား

ရဟန်းသာမဏေတို့အား အလောင်းတော်အလား ကြီးမားသောဝီရိယဖြင့် ပခုက္ကူနည်းအတိုင်း ပိဋကတ်ကို ချပို့သင်ကြား နည်းပေးတော်မူလေသည်။

စတုရာသီတိတိက္ကန္တေ၊ ဒ္ဒိသတေကသဟဿကေ။
ဆိမီးခုံနဂရေ ရမ္မေ၊ ဝိသုတောယံ သမုဇ္ဇဝီ။

ဆရာတော်၏ ကြိုးပမ်းမှု

ဆရာတော်၏ကြိုးပမ်း၍ စာပေပို့ချမှုကြောင့် ဝေးနီးရပ်ဌာန်မှ ဆရာတော် အရှင်နာရဒထံ မှီခိုဝင်ရောက်လာကြသော စာသင်သားဦးရေမှာ ၁၃၀-ကျော်အထိပင် များပြားစည်ကားခဲ့လေသည်။

ဘဝနတ်ထံ ဝင်စံခြင်း

ဆရာတော်သည် ပိဋကတ်ကို ချပို့သင်ကြားပေးခြင်း, ဘုရားဝတ်တက်ဝတ်ကပ် ကမ္မဋ္ဌာန်းဘာဝနာတရား ပွါးများမှုပြုလုပ်၍ ကောင်းတုံးအချိန် သက်တော် ၆၂-နှစ် သက္ကရာဇ် ၁၃၁၁-ခုနှစ် ပြာသိုလဆန်း ၁၄-ရက်နေ့တွင် ပြုလက်စသာသနာ့လုပ်ငန်းတို့ကို ထားရစ်ကာ ကိုယ်တိုင် တည်ထောင် အခြေပြုခဲ့သော မဟာဝိသုတာရာမ သံဃဗိမာန်ကြီးမှ မျက်နှာလွှဲကာ နတ်ပွဲသဘင် ဝင်စံကြွသွား အနားယူတော်မူခဲ့လေသည်။

သံဝေဂယူဖွယ်

ဘုရားရှင်သာသနာ၏ သူရဲကောင်းဗိုလ်ကြီးသည် သေမင်း၏စစ်မြေပြင်၌ သေမင်း၏လက်နက်စုံကြောင့် ကျဆုံးခဲ့ရရှာပါပြီ၊ သေမင်း၏ စစ်သည်တော်ရန်သူသည် တကယ်ပင်စက်ဆုပ်ရွံမုန်းဖွယ်ကောင်းလှပါတော့သည်။

နာရဒေါ ယောဓဝီရော စ၊ မစ္စုသင်္ဂါမဘူမိယံ။
ပတိ သော မစ္စုသတ္ထော၊ ဇေဂုစ္ဆော မစ္စုသတ္တုကော။

နာရဒစေတီ

တပည့် ဒကာ, ဒကာမအပေါင်းတို့သည် ဆရာတော်၏ ဥတုဇရုပ်ကလာပ်ကို သာဓုကီဠနသဘင် ခမ်းနားစွာ ဆင်ယင်ကျင်းပကြ၍ စုလစ်မှန်းချွန် အထုတ်တပ်ဆင်အပ်သော လောင်တိုက်ဖြင့် မီးသင်္ဂြိဟ်ပြီး ၁၃၁၁-ခု တပို့တွဲလဆုတ် ၂-ရက်နေ့နံနက်တွင် အရိုးတော် ဓာတ်တို့ကို ၉-တောင်မျှ အမြင့်ရှိသော စေတီတော်၌ ဌာပနာ၍ အမှတ်တရ တည်ထားခဲ့ကြသည်။

ဥတုဇထေရဒေဟမွိ၊ ကူဋာဂါရေန စျာပယိ။
အန္တော ကတ္တာန အင်္ဂီနိ၊ စေတိယံ စ အကာရယိ။

ဆီမီးခုံ ချမ်းသာကြီးတိုက် ဆရာတော်

အရှင်ဝိစိတ္တ မဟာဆေရ

ဆရာတော်အရှင်ဝိစိတ္တသည် ကျေးငှးရှင် ပခုက္ကူမဟာဝိသုတာရာမ ဆရာတော်ဘုရားကြီးတို့၏ လမ်းစဉ်အတိုင်း သာသနာပြုနေသည့် ဆရာတော်တပါး ဖြစ်တော်မူသည်။

ဖွားမြင်ခြင်း ပညာသင်ခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၂၆၉-ခု ဒုတိယဝါဆိုလဆန်း ဂ-ရက် ဗုဒ္ဓဟူးနေ့တွင် စစ်ကိုင်းခရိုင် မြောင်မြို့နယ် ကျောက်တန်း ၃-ရွာအနက် အရှေ့ရွာခေါ်သော ချမ်းသာရွာ၌ အဖ ဦးဘိုးခင် မိခင် ဒေါ်ပေါတို့မှ ဖွားမြင်တော်မူခဲ့သည်၊ ၁၂၇၆-ခုနှစ် ကဆုန်လပြည့်နေ့တွင် စစ်ကိုင်းခရိုင် မြောင်မြို့နယ် သနတ်ကုန်းရွာ အရှေ့ကျောင်းဆရာတော် ဦးဝိမလထံတွင် မိဘတို့က အပ်နှံကြသဖြင့် သူငယ်တို့ဆိုင်ရာ အတတ်ပညာကို သင်ယူခဲ့သည်။

ဒါရကော ဝိမလဿေဝ၊ ဝိမလဿ သုဝိညူနော။
ဗဟဝေါ ဗာလပေါတ္ထကေ၊ သိက္ခိတ္ဝာ တေသု ကောဝိဒေါ။

ရှင်သာမဏေပြုခြင်းနှင့် ပညာသင်ခြင်း ရဟန်းပြုခြင်း

ဆရာတော်လောင်းလျှာသည် ၁၂၈၂-ခုနှစ် ကဆုန်လပြည့်နေ့တွင် ရှင်ဝိစိတ္တာဘွဲ့မည်ဖြင့် ရှင်သာမဏေဝတ်ခဲ့ပြီး ပိဋကတ်အခြေပြု ကျမ်းများကို သာမဏေဘဝ ငယ်ရွယ်စဉ်ကပင် သင်ယူခဲ့သည်၊ ဆရာတော်လောင်းလျှာသည် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မအူလေးရွာ အောက်ဆိပ် နန်းတော်ရာတိုက် ဆရာတော် ဦးဥတ္တမထံ၌ဌင်း, ဦးလေးတော် ဆရာတော် ဦးတိက္ခထံ၌ဌင်း ရူပသိဒ္ဓိ, နေ့ဝါ, ညဝါ, အဘိဓာန်, သဒ္ဒါငယ်, ဓာတုတ္ထသင်္ဂြိဟ် စသော ကျမ်းများကိုလည်း သာမဏေဘဝဖြင့် သင်ယူခဲ့လေသည်။ ဤသို့ဖြင့် ဆရာသမားအသီးသီးတို့ထံ ကြိုးစား သင်အံမှုတို့ကြောင့် သာမဏေဝတ်နှင့်ပင် ပိဋကတ်ပင်လယ်သို့ ချဉ်းနင်းနိုင်ရန် အခြေကို ရရှိခဲ့လေသည်။

ဧဝံ ဟိ သာမဏေရော၀၊ ဝိစိတ္တော စိတြဉာဏိကော။
နိကာယတရဏာယာပိ၊ ဗျတ္တတံ ဒက္ခတံ လဘိ။

ရဟန်းဖြစ် ဆက်လက်ပညာသင်ခြင်း

ဆရာတော်လောင်းလျှာသည် ၁၂၈၈-ခုနှစ် တပေါင်းလဆုတ် ၃-ရက်နေ့တွင် သနတ်ကိုင်း အလယ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့သည်။

တောင်သာမြို့ ကျန်းရွာတောရဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်အဂ္ဂဝံသနှင့် လက်သည်းချင်ရွာ ဝေဇယန္တာတိုက် ဆရာတော် အရှင်ဓမ္မသိရိစသော ဆရာတော်တို့၏ထံ၌လည်း ရူပသိဒ္ဓိ, ကခ်ါ, ပါဠိဒေးနည်း, မာတိကာဓာတုကထာညဝါ စသည်တို့ကို သင်ယူခဲ့သည်၊ ၎င်းပြင် ဆရာတော်သည် မြင်းခြံမြို့ တန်ဆောင်းကြီးတိုက်ဆရာတော် ဦးဝိသုဒ္ဓ, ၎င်းတိုက် ဂဏဝါစက ဦးပဏ္ဍိတတို့၏ထံ၌လည်း ဝိနည်း ပိဋကတ်နှင့် ပဋ္ဌာန်း ၃-ချက်စုကို သင်ယူခဲ့သည်။

ဆီမီးခုံ မဟာဝိသုတာရာမတိုက်သို့

၁၂၉၄-ခုနှစ်တွင် ဆီမီးခုံ မဟာဝိသုတာရာမတိုက်ဆရာတော် အရှင်နာရဒထံတွင် ပခုက္ကူ ချုနည်း နိသျည်းအတိုင်း ပိဋကတ်ကို ၆-နှစ်တိုင် သင်ယူခဲ့ရာ ပိဋကတ်သုံးပုံ၌ ကျမ်းကျင်နှံ့စပ်သည့်ပိဋကဝိဒူ ပုဂ္ဂိုလ်တဆူ ဖြစ်လာတော့သည်။

ဝိစိတ္တော သုဝိစိတ္တောဝ၀၊ နာရဒတ္ထေရသန္တိကေ။
ပိဋကေ ဥဂ္ဂဟေတ္ဝာန၊ ပိဋကေသု ဝိဒူ အဟု။

ဆရာတော်လောင်းလျှာသည် ညဝါတက္ကသိုလ် အမရပုရမြို့သို့လည်း ကြွရောက်ကာ မင်္ဂလာရာမတိုက် တိုက်ဟောင်း, မင်္ဂလာရာမတိုက်သစ်ဆရာတော်များထံ ယမိုက် ပဋ္ဌာန်း ညဝါများကို သင်ယူခဲ့သေးသည်။ ဆရာတော် အရှင်ဝိစိတ္တာသည် ဆီမီးခုံမြို့ မဟာဝိသုတာရာမတိုက်၌ အနှစ် ၂၀-ကျော်မျှ သီတင်းသုံး၍ စာသင် စာချတာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

ချမ်းသာကြီးတိုက်သို့

၁၃၁၄-ခုနှစ် နယုန်လဆန်း ၃-ရက်နေ့တွင် မူလ မဟာဝိသုတာရာမတိုက်မှ ရှေးဟောင်း ချမ်းသာကြီးစေတီကို အစွဲပြု၍ ချမ်းသာကြီးတိုက်ဟု ခေါ်တွင်သော ချမ်းသာကြီးတိုက်သို့ ပြောင်းရွှေ့ကာ ကျေးဇူးရှင်ဆရာတော် အရှင်နာရဒ၏ ဓမ္မအမွေကို ခံယူလျက် အနယ်နယ် အစုိစို အမြိုမြို အရွာရွာမှ ခိုမှီ ကြွရောက်လာကြသော စာသင်သား ရဟန်းသာမဏေတို့အား ပိဋကတ်ကျမ်းစာများနှင့်တကွ, ဗျာကရဏ်းကျမ်းများ, ညဝါများကို ချပို့တော်မူ၍ ဘုရားရှင်၏ သာသနာကို ပြုစုတော်မူခဲ့လေသည်။

ဂန္ဆေ နေကေစ ဝါစေန္တော၊ ဝိစိတ္တော စိတြဝါစကော။
လောကဂ္ဂသာသနေ ဝုဒ္ဓိ-ကာမော ဘာရဝဟော သုခီ။

သာသနမူလိကစာမေးပွဲ

ဆရာတော်သည် သာသနမူလိကခေါ်သော စာမေးပွဲကို ဦးစီးကျင်းပတော်မူ၍ အောင်မြင်သူ စာပေထူးချွန်သော တပည့် ရှင်ရဟန်းတော်တို့အား သင်္ကန်း, ထီး, ဘိနပ် စသော ပစ္စည်းတို့ဖြင့် ချီးမြှောက်တော်မူလေ့ရှိသည်။

ဆောင်ရွက်ချက် အမျိုးမျိုး

၁။ ပခုက္ကူ၊ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ အမှုဆောင်တာဝန်၊
၂။ မြင်းခြံမြို့နယ် ဝိနည်းဓိုရ်တာဝန်၊
၃။ မြင်းခြံခရိုင် ပဌမပြန်ကြီးကြပ်ရေးအဖွဲဝင်တာဝန်၊
၄။ ဆီမီးခုံမြို့ သံဃာ့အဖွဲဥက္ကဋ္ဌတာဝန်၊
၅။ ဆီမီးခုံမြို့ရှိ ရွှေစည်းခုံစေတီတော်ဂေါပကအဖွဲ၏ ဩဝါဒါစရိယတာဝန်-
စသည်တို့ကိုလည်း ဆောင်ရွက်တော်မူလေသည်။

ကျမ်းဂန်ရေးသား အားပေးခြင်း

ကျမ်းဂန်များကို ရေးသားတော်မူ၍လည်း သာသနာရေးကို အားပေးတော်မူခဲ့သည်၊ ဆရာတော် ရေးသားသော ကျမ်းများမှာ—

၁။ ကစ္စည်းသုတ်နက်ကျမ်း၊

၂။ တိပိဋကပါဒနိရုတ္တိဒီပနီပါဋ္ဌ၊

၃။ ဘာဝနာကျင့်စဉ်ကျမ်း၊

၄။ ဩဝါဒဒီပနီကျမ်း – စသည်တို့ ဖြစ်သည်။

ဆန္ဒပြုချက်

ဤသို့ဖြင့် ပညာရှိပုဂ္ဂိုလ်တဆူ ဖြစ်သဖြင့် ဆန်းကြယ်သော ဉာဏ်ရှိသော သီလ, သုတ လုံလောက် ပြည့်ဝသည့် ဂန္ထကာရကတဆူလည်း ဖြစ်သော အရှင်ဝိစိတ္တာသည် နှစ်ပေါင်း များစွာ သာသနာတော်ကို ထွန်းပြောင်တင့်တယ်နိုင်ပါစေသတည်း။

ဝိစိတ္တော ယော မဟာထေရော၊ သပ္ပညော စိတြဝါစကော။
သီလဝါ ဗဟုဿုတော စ၊ အနေကဂန္ထကာရကော။
သော စ ဝဿသတံ ကာလံ၊ သောဘေတု ဇိနသာသနံ။

ကျောက်ဆည်မြို့ မဟာဝိသုတာရုမတိုက် ဆူးကုန်းကျောင်း

ဆရာတော် ဦးဇောတ မဟာထေရ်

ဆရာတော် ဦးဇောတသည် ကျောက်ဆည်မြို့ မဟာဝိသုတာရုမ စာသင်တိုက်ကို ဦးစီး အုပ်ချုပ်၍ သာသနာပြုနေသော ဆရာတော်ဖြစ်လေသည်။

ဆရာတော်သည် စစ်ကိုင်းခရိုင် မြောင်မြို့နယ် နန္ဒင်းကိုင်းရွာ၌ အဘ ဦးစာဥ,အမိ ဒေါ်အေးယုံ တို့မှ ၁၂၆၂-ခု တန်ခူးလဆုတ် ၁၁-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့သည်၊ ၁၃-နှစ်သားအရွယ်တွင် မြောင်မြို့နယ် ရွှေတခြောင်းရွာ ရွှေတခြောင်းကျောင်း၌ ရွှေတခြောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်ခဲ့သည်၊ ၁၂၈၁-ခု နယုန်လဆုတ် ၁-ရက်နေ့တွင် မြောင်မြို့နယ် ကျောက်တန်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်။

မဟာဝိသုတာရုမတိုက်သို့

ဆရာတော်သည် ငယ်ဆရာများထံမှ ပိဋကတ်အခြေခံကျမ်းစာများကို သင်ယူခဲ့ပြီး ပခုက္ကူ မဟာဝိသုတာရုမ ပါဠိဝိဇ္ဇာပိဋကြီးသို့ရောက်၍ နှစ်ပေါင်းများစွာ ပိဋကတ်ကိုသင်ယူခဲ့ရာ ကျမ်းကျင်တတ်မြောက်တော်မူလေသည်။

ဝိသုတာရုမအာရုမေ၊ သန္တာနံ သန္တိကေ ဝိဒူ။
ဗဟူ စ ပိဋကေ သိက္ခိ၊ ပိဋကေသု ဝိသာရဒေါ။

ဆရာတော်သည် မိတ္ထိလာ, မန္တလေး, အမရပုရမြို့တို့၌ ပညာသင်ကြားခဲ့ဘူးသေးသည်၊ ကျောက်ဆည်မြို့၌ မဟာဝိသုတာရုမ စာသင်တိုက်ကို တည်ထောင်ကာ ပခုက္ကူ၊စာချုနည်းကို ဦးစားပေး၍ ရောက်ရှိနေထိုင်သော စာသင်သားတို့အား စာပေပို့ချ၍ သာသနာ့ဝန်ဆောင်လျက် ရှိလေသည်၊ မဟာဝိသုတာရုမ ဂဏဝါစက နိကာယကြီး၏ အမှူဆောင်ဆရာတော်လည်းဖြစ်လေသည်။

ဘဒ္ဒန္တဇောတထေရော ဟိ၊ သာသနဇောတနတ္ထိကော။
ဟုတ္ဝာန ကျောက်ဆည်ဒေသမှိ၊ တိပေဋကမဝါစယိ။

မိတ္ထိလာ မဟာဝိသုတာရုံမ သာသနာဝင်

မိတ္ထိလာမြို့သည်လည်း မဟာဝိသုတာရုံမိက ဂဏာဝါစက နိကာယဝင်ကျောင်းတိုက် အများအပြားတည်ရှိရာမြို့အဖြစ် မဟာဝိသုတာရုံမသမိုင်းတွင် ထင်ရှားလေသည်၊ မိတ္ထိလာမြို့ပေါ်နှင့် နယ်၌တည်ရှိသော မဟာဝိသုတာရုံမိက ဂဏဝါစက နိကာယဝင်ကျောင်းတိုက်တို့မှာ ၅၅-တိုက်မျှ ရှိကုန်သည်၊ ထိုကျောင်းတိုက်များအနက် ရွှေစောလူးကျောင်းတိုက်နှင့် ရွှေကျောင်းတိုက်စသည်တို့မှာ ဗုဒ္ဓဘာသာဝင်ပရိသတ်အများဆုံး ဦးခိုက်ရာ ကောင်းမှုပြုရာ ပုညတိတ္ထများဖြစ်ကုန်သည်။

ရွှေကျောင်းဆရာတော်

အရှင် ဥတ္တမ မဟာထေရ်

ဆရာတော်သည် မဟာဝိသုတာရုံမိက ဂဏဝါစက နိကာယဝင်ဖြစ်၍ စာချုတရားပြ ၂-ကိုစွဖြင့် ဗုဒ္ဓ၏သာသနာ စည်ပင်သာယာရေးကို အားပေးသည့် မထေရ်မြတ် ဖြစ်လေသည်၊ ၁၂၀၂-ခုနှစ်တွင် ပျဉ်းမနားခရိုင် ဘုမရွာ၌ အဘ ဦးလူအုပ်,အမိ ဒေါ်အေးတုပ်တို့မှ ဖွားမြင်ခဲ့သည်၊ ၉-နှစ်သားအရွယ်တွင် ဘုမကျောင်းဆရာတော် အရှင်သောဘိတထံ သင်္ကန်းဝတ် ပညာသင်ခဲ့သည်၊ ပခုက္ကူ မဟာဝိသုတာရုံမတိုက်ကြီးသို့ သက်တော် ၁၁-နှစ်သားမှစ၍ ရောက်ရှိခဲ့ပြီး ကိုရင်ဝတ်နှင့် အမှီကောင်းရကာ ပိဋကတ်အခြေပြုကျမ်းစာများကို သင်ယူခဲ့ရသည်၊ သက်တော် ၂၀-တွင် ပခုက္ကူ မဟာဝိသုတာရုံမ သိမ်တော်ကြီး၌ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ပညာထေရံ ယတိဿရံ။
ဥတ္တမော ဥပသမွန္နော၊ ဥတ္တမဿာသနေ ဝရေ။

ပခုက္ကူမဟာဝိသုတာရုံမတိုက်ကြီး၌ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် စသည်တို့ထံ ဆိုဝါ,လိုက်ဝါဖြင့် ပိဋကတ်ကို သင်ယူတော်မူခဲ့သည်၊ ၁၃၁၃-ခုနှစ်တွင် ပခုက္ကူမှ ဖဲခွါခဲ့ပြီး မိတ္ထိလာမြို့၌ ရွှေကျောင်းစာသင်တိုက်နှင့် ရိပ်သာကိုတည်ထောင်ကာ ရှင်ရဟန်း ၃၀-ကျော်မျှနှင့် လူယောဂီ ၅၀-ကျော်မျှတို့ကို စာချ,တရားပြလျက်ရှိလေသည်။

ဥတ္တမော ဥတ္တမောယေဝ၊ ဥတ္တမာနံ ယသဿိနံ။
ဥတ္တမံ စ သုသိက္ခိတ္ဝာ၊ ဥတ္တမေ သာသနေ ရတော။

ရွှေဘို မဟာဝိသုတာရုံမ သာသနာဝင်

ရွှေဘိုမြို့သည် သက္ကရာဇ် ၁၁၅၅-ခု ပဌမဝါဆိုလဆုတ် ၆-ရက် ကြာသပတေးနေ့တွင် အလောင်းမင်းတရားကြီး စတင်တည်ထောင်ခဲ့သော မြို့ဖြစ်လေရာ ရတနာသိဃ်မြို့ ရတနာသီခမြို့ မုဆိုးဗိုလ်မြို့ဟူ၍လည်း ထင်ရှားလေသည်၊ မြို့တော်တည်စဉ် ၇-ဌာနအနက် ရွှေချက်သိုစေတီလည်း ပါဝင်ခဲ့သည်၊ ကျောင်းကန်,ဘုရားပုထိုးတို့မှာ ထိုစဉ်ကတည်းကပင် များစွာ ထွန်းကားသာသနာစည်ကားရာ ဖြစ်ခဲ့သည်၊ ဖော်ပြပါ ရွှေဘိုမြို့၌ ပခုက္ကူ။ မဟာဝိသုဇာရာမတိုက်ကြီး၌ ပညာသင်ကြား နည်းခံခဲ့သည့် မဟာဝိသုတာရာမဂိုဏ်းဝင် အရှင်မြတ်တို့ မျိုးစွာ သီတင်းသုံးလျက် ရှိကြသည်။

ဓမ္မသုခကျောင်းတိုက်

ဆရာတော် အရှင် ဝိလာသဂ္ဂ မဟာထေရ်

အရှင်ဝိလာသဂ္ဂမဟာထေရ်သည် ပိဋကတ်ကို ဆို၀ါလိုက်၀ါအဖြစ် ရေစက်ခံဆရာတော်ဘုရားထံ သင်ယူတတ်မြောက်ခဲ့သည်၊၁၂၄၀- ပြည့်ဘဲ့ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်နှင့် တရုယ်တည်းဖြစ်၍ တခါန်တည်းပင် ပန်းစွာတိုက် မဟာဝိသုတာရာမတိုက်တို့၌ ပညာသင်ခဲ့သည်၊ ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ကြီး၌ ဂဏဝါစက စာချတာ၀န်ကိုလည်း ထမ်းဆောင်ခဲ့သည်၊ ဆရာတော်သည် ရေစက်ခံဆရာတော်ဘုရားကြီး၏ စာရေးရဟန်းတော်အဖြစ်လည်း ထင်ရှားခဲ့သည်၊ တခါန်တွင် ရွှေဘိုသို့ ကြွ၍ ဓမ္မသုခစာသင်တိုက်ကို တည်ထောင်ပြီး ပရိယတ္တိသာသနာပြုခဲ့ရာ စာသင်သားဦးရေ ၁၀၀-လောက် ရှိခဲ့ဘူးကြောင်း သိရလေသည်၊ ၎င်းဓမ္မသုခတိုက်သည် တတိယ မဟာဝိသုတာရာမမည်လေသည်။

ပုရေ ရတနာသိခမ္ပိ၊ ဝိသုတဝံသိကာ ဗဟူ။
တေသု ဟိ ဝိလာသဂ္ဂေါပိ၊ ဝိသုတော ပဏ္ဍိတော ဝိဒူ။

ရွှေဘိုမြို့ ဘုံစံတိုက်

ဘုံစံတိုက်ဆရာတော်သည်လည်း မဟာဝိသုတာရာမအနွယ်မှ ပေါက်ဖွားသော မထေရ်မြတ်ဖြစ်သည်၊ ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ကြီး၌ ပညာသင်ကြားပြီး စာသင်တိုက် တည်ထောင်စာပေပို့ချသော ဆရာတော် ဖြစ်လေသည်၊ ဝိနယဂရုက, သိက္ခာကာမရှိ၍ သာသနာကျိုးကို လိုလားသော မထေရ်မြတ် ဖြစ်သည်၊ ဘုံစံကျောင်းတိုက်သည် အခါအားလျော်စွာ သံဃာ ၄၀-၅၀-လောက်ရှိကြောင်း သိရှိရလေသည်။

ဝေဠုဝန်ကျောင်းတိုက်နှင့် ဆရာတော်များ

ရွှေဘိုမြို့မှ ဝေဠုဝန်ကျောင်းတိုက်သည်လည်း မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင်ကျောင်းတိုက် ဖြစ်လေသည်၊ ဆရာတော် အရှင်စန္ဒိမာ လက်ထက်မှစ၍ ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ကြီးနှင့် စတင်ဆက်သွယ်ခဲ့ပြီး ကြီးပွါးလာသော ဝိဇ္ဇာဌာနကျောင်းတိုက်ကြီး ဖြစ်လာ

လေသည်၊ ဆရာတော် အရှင်စန္ဒိမာ ရဟန်းဘဝမှ ကွယ်လွန်ခဲ့ပြီးနောက် ဆရာတော် အရှင်ဉာဏိန္ဒ ဦးစီး၍ စာသင်တိုက်ကို အုပ်ချုပ်လေသည်၊ ပါဠိတက္ကသိုလ်ခေတ်တွင် အစိုးရ အသိအမှတ်ပြု ပါဠိတက္ကသိုလ်လည်း ဖြစ်ခဲ့သည်၊ အရှင်ဉာဏိန္ဒသည် ဒုတိယကမ္ဘာစစ်ပြီးစ ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ရောက်၍ အရှင်ပညာမဟာထေရ်ထံ ဝိနည်းပိဋကတ်ကို ဆိုဝါဖြင့် သင်ယူခဲ့သည်၊ အရှင်ပညာမဟာထေရ် ဘဝနတ်ထံ ဝင်စံပြီးနောက်တွင် ရွှေဘိုသို့ ပြန်ကြွ၍ ပခုက္ကူ၊ မန္တလေးနည်းဖြင့် စာချုတာဝန် ထမ်းဆောင်ခဲ့လေသည်၊ အရှင်ဉာဏိန္ဒသည် မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ အမှူဆောင်ဆရာတော်လည်း ဖြစ်လေသည်။

ဉာဏိန္ဒော ဉာဏဝါ မိဇ္ဈော၊ ဝိသုတဝံသပါလကော။
ဝါစကော စေဝ ဂန္ထဝန်၊ ပုရေ ရွှေဘိုဘိဓာနကေ။

ဒီပဲယင်း မဟာဝိသုတာရုံမ သာသနာဝင်နှင့်

အရှင်တိလောကာဘိဝံသထေရ်

ရှေဘိုခရိုင် ဒီပဲယင်းနယ်၌လည်း ပခုက္ကူ မဟာဝိသုတာရုံမအနွယ် သံဃာတော်များ များစွာသီတင်းသုံးတော်မူလျက် ရှိသည်၊ ထိုသံဃာတော်များအနက် အရှင်တိလောကာဘိဝံသ ဝိစိတြာရုံမတိုက် ထုံးဘိုဆရာတော်သည် ပခုက္ကူ၌ ကြာရှည်စွာ သီတင်းသုံးခဲ့သော မထေရ်မြတ်ဖြစ်သည်၊ ဆရာတော်သည် မန္တလေးမြို့စသည်တို့၌ ပညာသင်ကြားပြီးမှ ပခုက္ကူသို့ ကြွရောက်၍ ပညာသင်ခဲ့ခြင်း ဖြစ်သည်၊ ဒုတိယကမ္ဘာစစ်မဖြစ်မီက ပခုက္ကူ မဟာဝိသုတာရုံမတိုက်, ရတနသိန်ကျောင်း၌ သီတင်းသုံး၍ ပညာသင်ကြားခဲ့သော မထေရ်ဖြစ်သည်။

ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရုံမတိုက်၌ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ပညာမဟာထေရ်၏ ထံ၌ ဆိုဝါဖြင့် ပိဋကတ်ကို သင်ကြားတတ်မြောက်ခဲ့သည်၊ ဆရာတော် အရှင်ပညာမဟာထေရ်က ဂဏဝါစကစာချအဖြစ်ဖြင့်လည်း ချီးမြှောက်တော်မူသဖြင့် ကြာမြင့်စွာ ပခုက္ကူ မဟာဝိသုတာရုံမတိုက်၌ စာချတာဝန်ထမ်းဆောင်ခဲ့သော မထေရ်မြတ် ဖြစ်သည်။

ဝိသုတေ စ ဝသိတ္ဝာန၊ ဝိဿုတော ဝါစကော ဘဝိ။
တိလောကော တိလောကဂ္ဂဿ၊ သာသနမှိ ဓုရန္ဓရော။

ဆရာတော်သည် မဟာဝိသုတာရုံမ ဂဏဝါစက နိကာယဝင်ဖြစ်သည့်အလျောက် ပခုက္ကူသို့ နိကာယအစည်းအဝေးများတွင် အကြိမ်ကြိမ် ကြွရောက်ခဲ့ဘူးသည်။

၁၃၂၂-ခုနှစ် ဆဋ္ဌအကြိမ် နိကာယအစည်းအဝေးကြီး၌

“ဆရာတော်အရှင်တိလောက ဖော်ပြအပ်သော ထုတိကထာ”

စာသင်သားတို့ အားထားရာ

စာသင်သားလောက၌ မန္တလေး,ပခုက္ကူ, အမရပုရဟူသော ဌာနကြီး(၃)ရပ်သည် ပိဋကတ်အသိဉာဏ်ကို ပေးအပ်ရာဌာနကြီးများဟု သတ်မှတ်ထားကြ၏၊ သို့ရာတွင် ပခုက္ကူဌာနသည် ပိဋကတ်ပို့ချရာဝယ် အဓိပ္ပါယ်မပြောပဲ အနက်မျှကိုသာ ပို့ချသည်ဟု ဤစာရေးသူသည် ပခုက္ကူမြေမနှင်းမိမီကပင် သတင်းကြားခဲ့ရ၏၊ ထို့ကြောင့် ပခုက္ကူဌာနသို့ သွားရောက်၍ နေရန်မလိုဟု ဆုံးဖြတ်ခဲ့၏။

သို့သော် မန္တလေးမြို့တော်၌ အနေကြာသဖြင့် တနေရာသို့ ပြောင်းလိုစိတ် ဖြစ်ပေါ်လာ၍ အဆိုပါ ဌာန(၃)ခုအနက် ပခုက္ကူဌာနကို ရွေးချယ်ခဲ့ပြီးလျှင် မကြာမီပင် ပခုက္ကူမြို့ မဟာဝိသုတာရုံမတိုက်တွင်းသို့ ချဉ်းကပ်လျက် ဆရာတော်များ၏ နိသျည်းကို သိပ်သည်းစွာ ခံယူပါတော့သည်။

မန္တလေးမြို့၌ မန္တလေးနည်းအရ လေ့လာခဲ့ရသည့်(ဗုဒ္ဓါကို ဝိုင်္ဂိုဟ်တထောင်ပြုနည်း)မှစ၍ ပုဒ်တခုကို နည်းပေါင်းများစွာဖြင့် လေ့လာခဲ့ရသောဉာဏ်သည် ပခုက္ကူနည်းအရ ပါဠိ အဋ္ဌကထာ

ဌီကာတို့၌ ဝါကျပေါင်းများစွာကို ကြားနာလိုက်ရသည့်အချိန်ဝယ် အသိဉာဏ်ကျယ်ပြန်းလျက် ကျက်စားခွင့် ရနိုင်ပါတော့သည်။

ဗုဒ္ဓမြတ်စွာသည် ရတနာဃရဂ္ဂေအိမ်ခန်း၌ ပဋ္ဌာန်းမြတ်ဒေသနာ လေ့လာတော်မူဟန်ကို အဖန်ဖန် စိတ်ရောက်မိခဲ့ပါသည်။

သို့ဖြစ်ရကား....ပခုက္ကူနည်းသည် တချိန်တည်း တထိုင်တည်းဖြင့်ပင် ဝါကျပေါင်းများစွာ ကျော်လွန်ကာဖြင့် ပိဋကတ်ဉာဏ် အမြင်သန်စေရကား စာသင်သားလောကကြီး၏ အားထားမှီခိုရာ အခြုံအခြာသည်ကား ပခုက္ကူမြို့ မဟာဝိသုတာရာမ မူလတိုက်ဟောင်းကြီးပင် ဖြစ်သည်ဟု ကျွန်ုပ်တို့ ရဲရဲ ဝန်ခံလိုက်ပါ၏။

အရှင်တိလောကာဘိဝံသ
မဟာဝိစိတြာရာမတိုက်
ထုံးဘို-ဒီပဲယင်းမြို့
ဧရာဘိုခရိုင်။

ရေဦးမြို့ ဝါဆိုကျောင်းတိုက်

ဆရာတော် အရှင်မာဃဿိန္ဒ မဟာထေရ်

ဆရာတော်သည် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင်ဖြစ်၍ ရေဦးမြို့၌ သာသနာပြုနေသော မထေရ်မြတ်ဖြစ်သည်၊ သက္ကရာဇ် ၁၂၇၂-ခုနှစ်တွင် ရေဦးမြို့နယ် ကလင်ရွာ၌ ဖွားမြင်ခဲ့၍ ၁၂၉၁-ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်၊ ဆရာတော်သည် ရေဦးမြို့ လေးထပ်ကြီးတိုက် ဆရာတော် အရှင်ဒေဝိန္ဒမဟာထေရ်၏ တပည့်ရင်း ဖြစ်သည်၊ မန္တလေးမြို့ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်နာရဒမဟာထေရ်, အမရပုရမြို့ မဂ်လာရာမတိုက်သစ်ဆရာတော် အရှင်-ဓမ္မသာမိ, စာချဆရာတော် အရှင်ဥက္ကံသမဟာထေရ် စသည်တို့ထံ၌ နှစ်ဝါ,သုံးဝါ သင်ကြားတတ်မြောက်ခဲ့သည်၊ မုံရွာမြို့ အရှေ့လယ်တီတိုက်၌လည်း ပညာဆည်းပူးခဲ့ဘူးသည်။

ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်သို့

ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်ကြီးသို့လည်း ဒုတိယကမ္ဘာစစ်မဖြစ်မီကပင်ရောက်ရှိပြီး စျေးကျောင်း၌ သီတင်းသုံး၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အရှင်ဂန္ဓမာမဟာထေရ်, အရှင်မာဃိန္ဒမဟာထေရ်တို့ထံ ပိဋကတ်ကို သင်ယူခဲ့သည်၊ အထူးသဖြင့် စျေးကျောင်းစာချဆရာတော် အရှင်နာယကထံ၌ သုတ်, ဝိနည်း, အဘိဓမ္မာကျမ်းများစွာတို့ကို ဆိုဝါဖြင့် သင်ယူခဲ့သည်၊ စစ်အတွင်း၌ အရှင်နာယကမထေရ် ကံသစ်ရွာစသည်၌ လေယာဉ်ပျံရန် ဗုံးရန် ရှောင်ရန် သီတင်းသုံးစဉ် အတူကြွရောက်၍ ဆိုဝါဖြင့် သင်ယူခဲ့သည်။

မာဃိန္ဒော ဝိသုတာရာမေ၊ ထေရာနံ သန္တိကေပိ စ။
တိပိဋကံ သမုဂ္ဂဏှိ၊ ထေရော ထိရေသု သဏ္ဌိတော။

ဝိသေသတော စ ထေရဿ၊ နာယကဿ သုဝိညေနော။
ဂန္ဆေ စ ဗဟဝေါ သိက္ခိ၊ သိက္ခဏေ တီဝ ကောဝိဒေါ။

ပခုက္ကူ၌ ပညာသင်ပြီး ရွှေဘိုခရိုင် ရေဦးမြို့ ဝါဆိုကျောင်းတိုက်၌ နာယကဖြစ်၍ သံဃာတော် ၆၀-ကျော်မျှတို့ကို စာပေပို့ချခဲ့သည်၊ ဆရာတော်သည် မဟာဝိသုတာရာမိက နိကာယကြီး၏ အမှုဆောင်လည်း ဖြစ်တော်မူလေသည်။

ကသာခရိုင် မဟာဝိသုတာရုံမ သာသနာဝင်

ကသာခရိုင်သည် အထက်မြန်မာပြည် စစ်ကိုင်းတိုင်းအပါအဝင် ဖြစ်သည်၊ ယင်းကသာခရိုင်၌ ပခုက္ကူမဟာဝိသုတာရုံမ ကျောင်းတိုက်ကြီးမှခွဲ၍ တည်ထောင်သောစာသင်တိုက်များ, ကျောင်းများအနက် ဝန်းသိုမြို ခန္ဓီးစာသင်တိုက်သည် ကသာခရိုင်အတွင်း အကြီးကျယ်ဆုံး စာသင်တိုက်ဖြစ်သည်၊ ၎င်း ခန္ဓီးစာသင်တိုက်ကြီးသည် သံဃာတော် ၂၀၀-နီးပါး သီတင်းသုံး၍ ပညာသင်ကြားပို့ချရာ ဝိဇ္ဇာပီဌကြီးဖြစ်သည်။

ဆရာတော် အရှင် စန္ဒိမာ မဟာထေရ်

ဆရာတော် အရှင်စန္ဒိမာ မဟာထေရ်သည် ဖော်ပြပါ ခန္ဓီးစာသင်တိုက်ကြီးကို စတင် တည်ထောင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်လေသည်၊ ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရုံမတိုက် အာဒိမာပက အရှင်ဂန္ဓသာရ၏ တပည့်ကြီးတို့အနက် တပါးအပါအဝင် ဖြစ်သည်။

ဖွားရာ ကာလ ဒေသ မိဘ

ဆရာတော်သည် သက္ကရာဇ် ၁၂၃၇-ခု ကဆုန်လဆန်း ၇-ရက် အင်္ဂါနေ့တွင် ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် စန်းဒရားရွာ ဂါမဏိဝံသ အဘ ဦးပိုက်ထွေး အမိ ဒေါ်မင်းလယ်တို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

နာမည်မှည့်မင်္ဂလာ

ဆရာတော်လောင်းလျာ မန္ဒဒသကအရွယ် နာမည်မှည့်မင်္ဂလာပွဲတော်တွင် မိဘတို့က ရတနာရွှေထုပ်ကို ကောက်ယူရသကဲ့သို့ ရရှိသော သားကောင်းရတနာကို အမြတ်တနိုး မောင်ကောက်ရဟု မှည့်ခေါ်ကြလေသည်။

မောင်ကောက်ရတ္ထတိ နာမမ္မိ၊ အကံသု စ မနောရမံ။
ပဋိစ္စ တဿ ဘာဝမ္မိ၊ ဒမ္မတီ ဉာတကာဒယော။

ကျောင်းအပ်ပညာသင်

"ဝိဇ္ဇာ သဗ္ဗတ္ထ ဘူသနံ" ဟူသည်နှင့်အညီ ဌာနအားလုံး တန်ဆာတန္ဆာန်းဖြစ်သည့် အတတ်ပညာတည်းဟူသော ပန်းကုံးကို ဝတ်စေလိုသောဇောဆန္ဒဖြင့် မိဘတို့သည် သားလှမြသားကို ဂ-နှစ်သားအရွယ်တွင် စန်းဒရားရွာကျောင်း ဦးလေးဘုန်းတော်ကြီး အရှင်သုဇာတထံ၌ အပ်နှံကြသဖြင့် သူငယ်တို့ကျမ်းစာတို့ကို ၁၀-နှစ်သားအထိ သင်ယူလေသည်။

ပဌမံ သော ဝယဌော ဟိ၊ သုဇာတတ္ထေရသန္တိကေ။
ဗာလပေါတ္ထကနေကေ စ၊ သမုဂ္ဂကို ယထာဗလံ။

ဆရာတော်လောင်းလျာသည် အင်းကုန်းကျောင်း ဆရာတော် အရှင်နန္ဒိယဆံဌဲ့လည်း ပရိတ်ကြီးစသော ဗုဒ္ဓမန္တာန်များကို သင်ယူသေးသည်။

ထေရကုံရော ဝယဌော ဟိ၊ နန္ဒိယထေရသန္တိကေ။
ဒုတိယံ သော သမုဂ္ဂဏှိ၊ ပရိတ္တံ သာသနောဂဓံ။

သာမဏေဝတ်ခြင်း

အသက် ၁၃-နှစ် အရွယ်တော်ခေတ်တွင် ရှင်ပင်ဘုရား၏ သာသနာတော်တွင် မွေးဘခင်ကြီးက ပဗ္ဗဇ္ဇာမင်္ဂလာသဘင် ဆင်ယင်ကျင်းပကာ သာသနာတွင်း သွတ်သွင်းသဖြင့် သာမဏေဝတ်ခဲ့သည်၊ ဥပဇ္ဈာယ်ဆရာတော်က ရှင်စန္ဒိမာဟူသောဘွဲ့ကိုလည်း မှည့်ခေါ်တော်မူသည်၊ မိခင် ဒေါ်မင်းလယ်မှာ ဆရာတော်လောင်းလျာ ရှင်သာမဏေမဝတ်ခင် ကွယ်လွန်ခဲ့ရာ သားရတနာ၏ သာမဏေ အသွင်ကို မြင်ခွင့်မရရှာပေ။

တေရသဝဿကာလမ္ပိ၊ အလတ္ထ ပဗ္ဗဇ္ဇံ သုဓီ။
အဒဒိ စန္ဒိမာတိ ဝါ၊ နာမံ နာမဒကောဝိဒေါ။

အတတ်ပညာသင်ခြင်း

ဆရာတော်လောင်းလျာသည် ရှင်သာမဏေဝတ်ပြီးနောက် လူပြန်တော် ဆရာထွန်း စန်းဒရား ရွာကျောင်း ဦးလေး အရှင်သုဇာတစသော ဆရာတော်များထံ၌ ကစ္စည်းသဒ္ဒါကြီး, ဂန္ဆာဘရဏ, အဘိဓမ္မတ္ထသင်္ဂဟ်စသော လောကုတ္တရာကျမ်းများနှင့် လောကီဆိုင်ရာ ဗေဒင်ကျမ်း နက္ခတ်ကျမ်းတို့ကို သင်ယူခဲ့သည်။

အနေကေသံ ဂရူနမ္ပိ၊ သန္တိကေပိ သမုဂ္ဂဏှိ။
ကစ္စာယနာဒိကံ ဂန္ထံ၊ နက္ခတ္တဗေဒပေါတ္ထကံ။

ဥပသမ္ပဒံ ခိုလှုံခြင်း

ဆရာတော်လောင်းလျာသည် သက်တော် ၁၉-နှစ် ၆-လအရောက် ၁၂၅၆-ခု တန်ဆောင်မုန်းလဆုတ် ဂ-ရက် တနလ်ာနေ့တွင် ဝန်းသိုမြို့မ ခန္ဓီးကျောင်းတိုက် အနောက်ဖက် ဒေါင်းမြူးချောင်း ဥဒကုက္ခေပနဒီသိမ်၌ စန်းဒရားဆရာတော် အရှင်သုဇာတကို ဥပဇ္ဈာယ်ပြု၍ "ဝတ်, ဥ တ်, သိမ်, ကမ်, ပရိသံ-ငါးဇန်သမ္ပတ္တိ" ဟူသည်နှင့်အညီ သမ္ပတ္တိငါးဖြာ စုံလင်စွာဖြင့် မြင့်မြတ်သောရဟန်း ပဉ္စင်းအဖြစ်ကို ရရှိတော်မူခဲ့သည်။

သီလဝန္တံ ဇာတိမန္တံ၊ သုဇာတတ္ထေရမုတ္တမံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ အလတ္ထ ဥပသမ္ပဒံ။

ဝန်းသိုမြို့ မန္တလေးမြို့တို့၌ ပညာသင်ခြင်း

ပဉ္စင်းသစ် အရှင်စန္ဒိမာသည် ဝန်းသိုမြို့ ကျောင်းသစ် ဆရာတော် အရှင်နန္ဒိထံ၌ ဒဋ္ဌမာတိကာ, ခုဒ္ဒသိက္ခာ, မူလသိက္ခာကျမ်းတို့ကို သင်ယူပြီး မန္တလေးမြို့သို့ကြွ၍ တိုက်တော် ဆရာတော်ထံ၌ လည်း ကစ္စည်းသဒ္ဒါကြီး အဘိဓမ္မတ္ထသင်္ဂဟ် သဒ္ဒါငယ်, အဘိဓာန်, အဘိဓမ္မတ္ထဝိဘာဝိနီ, ပါရာဇိ-

ကဏ်ပါဠိ, အဋ္ဌကထာ, ပါစိတ်ပါဠိ, အဋ္ဌကထာတို့ကို ၅-ဖှစ်တိုင် သင်ယူသဖြင့် ကျမ်းဂန်များ တို့၌ ကျမ်းကျင်တတ်မြောက်ခဲ့လေသည်။

နဂရေ ဝန်းသိုနာမမှိ၊ မန္တလေး စ ပုရတ္တမေ။
သိက္ခိတပ္ပေ စ သိက္ခိတ္တာ၊ အနေကဂန္ထကောဝိဒေါ။

ရေစကြိုဘုန်းမော် အထံတော်သို့

ရဟန်းတော်အရှင်စန္ဒိမာသည် ၇-ဝါရပြီးနောက် ၁၂၆၃-ခုနှစ် ကဆုန်လတွင် တိုက်တော် ဆရာတော်ဘုရားကို လျှောက်ထားခွင့်ပန်ပြီး ပခုက္ကူမြို့ ပန်းစွာတိုက်၌ သီတင်းသုံးတော်မူသော ရေစကြိုဆရာတော်ဘုရားကြီးထံသို့ ချဉ်းကပ်ရောက်ရှိကာ—

ဥပဋ္ဌာဟံ ဂရုံ သမ္မာ၊ ဥဋ္ဌာနာဒိဟိ ပဋ္ဌဟိ။

ဟူသည်နှင့်အညီ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို ဥဋ္ဌာနအစရှိသော ကျင့်ဝတ် ၅-ပါးတို့ဖြင့် ပြုစုလျက် နိကာယ် ၅-ရပ်ကို ကျနစ်စွာ သင်ယူလေသည်၊ ရေစကြိုဆရာတော် ဘုရားကြီး မဟာဝိသုတာရာမ တိုက်သစ်ကြီးကို တည်ထောင်ဖွင့်လှစ်၍ ပြောင်းရွှေ့ သီတင်းသုံးတော်မူသော အခါ၌လည်း ဆရာတော်ဘုရားကြီးနှင့် အတူ ပြောင်းကြွသီတင်းသုံး၍ ဆက်လက်ကာ နိကာယ် ၅-ရပ်ကို သင်ယူခဲ့လေသည်။ ဤသို့ဖြင့် အရှင်စန္ဒိမာသည် ဆရာတော်ကြီးထံ၌ ၇-နှစ်ဝါတိုင်ကြာမျှ ပညာကို သင်ယူခဲ့သဖြင့် ပခုက္ကူချနည်း နိသျည်းကို ကောင်းစွာပိုင်ပိုင် ရရှိတော်မူခဲ့လေသည်။

သတ္တဝဿာနိ သော ထေရော၊ ထိရဿ ထိရသီလိနော။
ဂန္ထသာရဿ ဉာဏဿ၊ အသိက္ခိ သိက္ခိတပ္ပကံ။

နွားပြင်းရွာနှင့် ထနောင်းတိုင်, မန္တလေးနောက်တခေါက်

အရှင်စန္ဒိမာသည် နွားပြင်းရွာ, ထနောင်းတိုင်ရွာတို့၌ သီတင်းသုံး၍ ညဝါမျှားနှင့် ဆန်းကျမ်းကို သင်ယူခဲ့သေးသည်၊ မန္တလေးတောင်ပြင် ဒကို့ဏာရုမဘုရားကြီးတိုက်၌လည်း ၂-ဝါတိုင် သီတင်းသုံး၍ ပညာဆည်းပူး ပို့ချခဲ့သေးသည်။ ဤသို့ဖြင့် ဆရာတော်သည် အတတ်ပညာအတွက် အမြိုမြို အရွာရွာသို့ ကြွတော်မူ၍ ပညာဆည်းပူးခဲ့ရာ ပါရဂူမြောက် ပညာရှိတဦးဖြစ်လာတော့သည်။

ဇဝံ သော ဟိ ဂန္ထွာန၊ ဂါမာဂါမံ ပုရာပုရံ။
သိက္ခိတပ္ပံ စ သိက္ခိတ္တာ၊ သုဓီ ဝိစက္ခဏော ဝိဒူ။

ခန္ဓီးစာသင်တိုက်အဓိပတိ

ဤသို့ဖြင့် ဌာနအသီးသီးတို့၌ ပညာသင်ကြား တတ်မြောက်ခဲ့ကာ ၁၂၇၅-ခုနှစ် သက်တော် ၃၈၊ဝါတော် ၁၈-ဝါအရွယ်တွင် ဝန်းသိုမြို့ ခန္ဓီးတိုက်ကြီး၌ ကျေးဇူးရှင်ဆရာရင်း ပို့လွန်တော်မူသဖြင့် ဝန်သိုခန္ဓီးစာသင်တိုက်သို့ ပြန်ကြွကာ စာသင်သား ၂၅-ပါးနှင့်စ၍ သီတင်းသုံးလျက် ပခုက္ကူ စာချနည်းဖြင့် ဂန္ထဓုရတာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။

ထေရော ဟိ နာယကော အာသိ၊ တဿာစရေ ဒိဝံဂတေ။
ခန္ဓီးအာရုမသေဋ္ဌဿ၊ မဟာဝိဇ္ဇာလယဿာ စ။

ကျမ်းဂန်ပြုစု ကြိုးပမ်းမှု

ဆရာတော်၏ စာဝါများ ကြိုးပမ်း၍ချပို့မှုကြောင့် ဆရာတော်ကွယ်လွန်၍ နောက်ဝါတွင် သံဃာတော် ၃၅-ပါးအထိ များပြားလာလေသည်၊ ဤသို့ဖြင့် ဆရာတော်၏ ကျမ်းဂန်တို့၌ တတ်ကျွမ်းမှု ဂုဏ်သတင်းတို့ဖြင့် လွှမ်းခြုံကျော်ကြားရကား တဖြည်းဖြည်း သံဃာဦးရေ ဂဝ-ကျော် အထိ တိုးတက်များပြားလာပြီး စာသင်တိုက်ကြီးအဖြစ် ကျော်ကြားလာလေသည်။

အားလပ်ချိန်များတွင်—

၁။ ဒါရကောဝါဒစာတမ်း၊

၂။ သဒ္ဒသခ်ေပကျမ်း၊

၃။ ဂဏဘေဒနီကျမ်း၊

၄။ သုရာပါနပကာသနီကျမ်း၊

၅။ ဒုစ္စရိတာဒိဝိဘာဝိနီကျမ်း၊

၆။ ပဥ္စာသမူဟဝိသဇ္ဇနာကျမ်း—

စသည်တို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ဤသို့ဖြင့် ဆရာတော်သည် သာသနာတွင် ရနိုင်ခဲသည့် ဂန္ထကာရကဘွဲ့ထူးကိုလည်း ရယူဆွတ်ခူးတော်မူနိုင်ခဲ့လေသည်။

ဇေဋ္ဌ ခန္ဓီးထေရော စ၊ ဂန္ထေသု အတိကောဝိဒေါ။
ဂန္ထာနံ ကာရကော စေဝ၊ ဂန္ထကာရပဒံ လဘိ။

ပညာဓိက ဘုရားအလောင်းတော်

ဆရာတော်သည် ပရိယတ္တိလုပ်ငန်း အားလပ်ချိန်တွင် ကာယာနုပဿနာ-စသော သတိပဋ္ဌာန်-ကမ္မဋ္ဌာန်းလုပ်ငန်းကို ပြုလုပ်တော်မူသည်၊ ဝိနည်းသိက္ခာပုဒ်တို့၌ လွန်စွာ အလေးဂရု ပြုတော်မူသည့် ဝိနယဂရုက သိက္ခာကာမ ပုဂ္ဂိုလ်လည်း ဖြစ်တော်မူသည်၊ ဆရာတော် ကျမ်းစာပြုမှု, ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှုတည်းဟူသော ကောင်းမှုတို့ကြောင့် ပကတိသာဝက, မဟာသာဝက, အဂ္ဂသာဝက, ပစ္စေကဗုဒ္ဓါဆိုတို့ကို ပန်တော်မမူပါချေ၊ အမှန်စင်စစ်တမူ ဆရာတော်သည် ပညာ-ဓိက ဘုရားဆုကို ပန်ဆင်ခဲ့သည်မှာ—

"ဗောဓိသတ္တာ ပဂ္ဂလတို့ မချမပယ် ကိုယ်ဝယ်မြဲစွာ သဒ္ဓါသတိ ဟိရိဩတ္တပ် လေးရပ်ဖြာမှစို၍ တရားခိုလျက် မြို့ငှိုစခန်း ကိုယ်တော်မြန်း၍ တက်လမ်းစျာန်ဟုန် အမြဲထုံက ထက်ဘုံဖြာမှာ ခါခါရောက်ရ ဆုံးဘဝ၌ ကျတ်ထိုက်ဝေနေ ယျတတွေ့ကို အောင်မြေနိဗ္ဗာန် ပို့မည်ကြံသည် ဓိဋ္ဌာန် တည့်ညောင်နန်း ဆက်ကာမြန်း" ဟူသော ဒုစ္စရိတဝိဘာဝိနီကျမ်း စေတသိက်အလင်း နိဂုံး ဆုတောင်းဖြင့် သိသာသည်။

ဘဝနတ်ထံ ပျံလွန်ခြင်း

ဤသို့ဖြင့် ပညာဓိကဘုရားလောင်း သူတော်ကောင်းကြီး ဖြစ်တော်မူသော သီလဝန္တ သိက္ခာ-ကာမ လဇ္ဇီပေသလ ပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူသည့် ခန္ဓီးဆရာတော် အရှင်စန္ဒိမာသည်

သက်တော် ၅၈၊ သိက္ခာတော် ၃၈-ဝါအရ ၁၂၉၄-ခု ကဆုန်လဆုတ် ၁-ရက်နေ့တွင် တုသိတာနတ်ဘုံသို့ ခိုလှုံစံဝင် ပျော်ရွှင် ပြောင်းရွှေတော်မူခဲ့လေပြီ။

သံဝေဂယူဖွယ်

ကိလေသာရန်သူကို မအောင်သေးသမျှကာလပတ်လုံး သေမင်းရန်သူကို အောင်မြင်ရှိး ထုံးစံမဟုတ်ပါတကား။

ကိလေသသတ္တုံ အဇိတ္ထာ၊ အဇေယျော မစ္စုသတ္တုကော။

(မဟာဝံသ၊ ၃၂၊၁၁၈)

ဝန်းသိုမြို့ ခန္ဓီးစာသင်တိုက်

အင္ဂမဟာပဏ္ဍိတ အခ်ဳပ်သုဇနမဟာထေရ်

အရှင်သုဇနမဟာထေရ်သည် ပခုက္ကူ မဟာဝိသုတာရုမိက ဂဏဝါစက နိကာယဝင် အရှင်မြတ်တပါး ဖြစ်တော်မူပါပေသည်၊ ကျေးဇူးရှင် မဟာဝိသုတာရုမဆရာတော်ဘုရားကြီးတို့၏ အဆုံးအမ သြဝါဒတော်အတိုင်း သာသနာ့ဝန် ထမ်းဆောင်နေသော ဆရာတော် ဖြစ်တော်မူပါပေသည်။

ဖွားမြင်ရာ ကာလ ဒေသ မိဘ

ဆရာတော် လောင်းလျာသည် သက္ကရာဇ် ၁၂၅၆-ခုနှစ် တော်သလင်းလဆုတ် ဂ-ရက် သောကြာနေ့ ၄-ချက်တီးကျော်တွင် ပခုက္ကူခရိုင်, ထီးလင်းမြို့အပိုင် ကဇွန်းဒေါင့်ရွာ အာဘဦးလယ်ရောက်, အမိ ဒေါ်ရွှေမြင့်တို့မှ မီးရှူးသန့်စင် ဖွားမြင်တော် မူလေသည်၊ မွေးချင်း ၁၂-ယောက်အနက် ဒုတိယမြောက် သားရတနာဖြစ်လေသည်၊ မွေးချင်း ၁၂-ယောက်အနက် သား ၉-ယောက် သမီး ၃-ယောက်ရှိရာ သား ၅-ယောက်မှာ သာသနာ့ဝန်ထမ်း ရဟန်းများ ဖြစ်ကြသည်၊ဆရာတော်လောင်းလျာ၏ အမည်မှာ မောင်သာတိုး ဖြစ်လေသည်။

ပညာသင်ခြင်း

ဆရာတော်လောင်းလျာသည် သင်ပုန်းကြီးကို ဘခင်ထံတွင်သင်ယူ၍ ၁၀-နှစ်သားအရွယ်တွင် မိဘတို့က ကဇွန်းဒေါင့်ရွာ အနောက်ကုန်းကျောင်း ဆရာတော် အရှင်ဥယျထံ အပ်နှံကြသဖြင့် မင်္ဂလသုတ်မှစ၍ နမက္ကာရ ပရိတ် စသည်တို့ကို သင်ယူရသည်၊ ၁၁-နှစ်သားအရွယ်တွင် ကဇွန်းဒေါင့်ရွာ ဆရာတော် အရှင်ဥယျကိုပင် ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဝတ်ခဲ့သည်၊ သာမဏေဘွဲ့တော်မှာ ရှင်သိရိ ဖြစ်လေသည်၊ ဆရာတော်လောင်းလျာသည် ဂန့်ဂေါမြို့နယ် စင်ပုံရွာကျောင်း ဆရာတော်ဦးစန္ဒ, ထီးလင်းမြို့အပိုင် ကင်းပန်းရွာ ဆရာတော် အရှင်ဂန္ဓမာထေရ်တို့၏အထံ၌လည်း အောက်ခြေ စာများ သင်ယူသည်။

ပခုက္ကူ မဟာဝိသုတာရုမတိုက်သို့

အသက် ၁၇-နှစ်သားအရွယ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက်သို့ ရောက်၍ ၄-လခန့် ပညာဆည်းပူးသည်၊ ပဌမခန္ဓီးဆရာတော် အရှင်စန္ဒိမာထံတွင်လည်း ပညာသင်ကြားခဲ့သည်၊ ဝန်းသိုမြို့ ခန္ဓီးကျောင်းတိုက်သို့ ၁၈-နှစ်သားအရွယ်တွင် ရောက်ရှိခဲ့သည်၊ သက်တော် ၂၀-တွင် ရဟန်းဖြစ်ခဲ့သည်၊ ပခုက္ကူ မဟာဝိသုတာရုမတိုက်ထွက် ပဌမခန္ဓီးဆရာတော် အရှင်စန္ဒိမာထံတွင် ပိဋကတ်အခြေ ရရှိသည်သာမက ပခုက္ကူစာချုနည်းကိုလည်း ၆-ဝါအတွင်း ကောင်းစွာ ရရှိတော်မူသည်၊ ကျေးဇူးရှင် ပဌမခန္ဓီးဆရာတော်က ဆန်းချစဉ် ဂိုဏ်းမပြည့်သောကြောင့် အရှင်သုဇနဟု ပြောင်းလဲမှည့်ခေါ်တော်မူသည်။

မန္တလေးဌ် ပညာသင်ခြင်း

ဆရာတော်သည် မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက်, တောင်ပြင် ဘုရားကြီးတိုက်, အနောက်ပြင် ခင်မကန်တိုက်တို့ဌ်လည်း ပညာသင်ကြားတော်မူခဲ့သည်။

၁၂-ဝါ တိုက်အုပ်ဖြစ်ခြင်း

ရဟန်းသိက္ခာ ၁၂-ဝါအရတွင် ကျေးဇူးရှင် ပဌမ ခန္ဓီးဆရာတော်ဘုရားကြီး၏ အမိန့်အရ ဝန်းသို့ ခန္ဓီးစာသင်တိုက်သို့ ပြန်ကြွခဲ့၍ တိုက်အုပ်စာချအဖြစ် ချီးမြှောက်ခြင်းကိုလည်း ခံယူရသည်။

ခန္ဓီးတိုက်ကြီး၏ အဓိပတိဖြစ်ခြင်း

ဆရာတော်သည် ကျေးဇူးရှင်ဆရာတော် ၁၂၉၄-ခုနှစ်တွင် ပျံလွန်တော်မူသဖြင့် ခန္ဓီးစာသင်တိုက်ကြီး၏ အဓိပတိ မဟာနာယကဖြစ်လာတော့သည်။

သုဇနော နာယကော အာသိ၊ အာစေရမ့ို ဒိဝင်္ဂတေ။
ခန္ဓီးဣတိ ပသိဒ္ဓဿ၊ မဟာဝိဇ္ဇာလယဿ စ။

ဌာနများစွာတို့ဌ် သီတင်းသုံးခြင်း

ဒုတိယကမ္ဘာစစ်အတွင်း ဝန်းသို့နှင့် ၂-မိုင်ကွာ ကျောက်မြောင်းစခန်း, ကြိမ်ချောင်းကျောင်း, သစ်ရုပင်တောကလေး, ဆီးဖြူရိုးတောကျောင်း, ငါးရှဉ့်ဆုံလယ်တောကျောင်း, ပန်သို တောကျောင်းတို့ဌ်လည်း သီတင်းသုံးတော်မူဘူးသည်။

ကျက်သရေရှိလှသော ခန္ဓီးတိုက်ကြီး

ခန္ဓီးစာသင်တိုက်ကြီးသည် ဒုတိယကမ္ဘာစစ်အတွင်း ဗုန်းဒဏ်ကြောင့် အားလုံးပျက်စီးခဲ့ရာ ခန္ဓီးဂေါစရဂါမ် ဒကာ-ဒကာမတို့က ဖယ်ရှားရှင်းလင်းကြ၍ ယာယီကျောင်း ၂-ကျောင်း ဆောက်လုပ်ကာ ကျမိုင်းကုန်းဆရာဦးဘိုးရှား, ဆရာကတော် ဒေါ်ရင်တို့က လှူဒါန်းသော ယာယီသိမ်ကျောင်းသို့ ၁၃၀၇-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅-ရက်နေ့တွင် ကြိမ်ချောင်းရွာမှ ပင့်ဆောင်ကြလေသည်၊ ယခုမူ ဆရာတော် ပြန်လည်ကြွရောက်၍ ၃-နှစ်လောက်အတွင်း ခန္ဓီးစာသင်ကျောင်းတိုက်ကြီးသည် အလယ်ကျောင်းမကြီး, တိုက်ခံပြာသာဒ်ကျောင်းကြီး, တိုက်ခံသိမ်ကျောင်းတော်ကြီး, ရဟန်းပျိုကျောင်း, ပိဋကတ်တိုက်ကျောင်း အစရှိသော အဆောက်အဦပေါင်း များစွာတို့ကို မဟာရံတံတိုင်းကြီး ဝန်းရံကာ လွန်စွာ ကျက်သရေရှိလှပေသည်။

ခန္ဓီးသာသနာ့ရိပ်သာ

ဆရာတော်သည် ခန္ဓီးသာသနာ့ရိပ်သာကိုလည်း တည်ထောင်၍ ပဋိပတ္တိသာသနာကို ပြုစုတော်မူသည်၊ ဆရာတော်သည် ၁၃၁၈-ခုနှစ်တွင် သီဟိုဠ်နိုင်ငံ, အိန္ဒိယနိုင်ငံတို့သို့ ကြွတော်မူကာ ဒဿနီယ, သံဝေဇနီယဌာနများကိုလည်း ဖူးမြော်ဦးချ သံဝေဂယူတော်မူခဲ့သည်။



ဝန်းသို့မြို့ ခန္ဓီးစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်
အရှင်သုဇန မဟာထေရ် 472

ပခုက္ကူ။အကြိမ်ကြိမ်ကြွ

ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ကြီးသို့ အကြိမ်ကြိမ်ကြွ၍ နိကာယာဓိပတိ ဆရာတော်ဘုရားကြီးတို့၏ ဩဝါဒကို အကြိမ်ကြိမ် ခံယူတော်မူခဲ့သည်။

ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည်—

၁။ နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်၊

၂။ ဆဋ္ဌသံဂါယနာ သံဂီတိကာရကတာဝန်၊

၃၊ ဆဋ္ဌသံဂါယနာ သံဂီတိဘာဏကတာဝန်၊

၄။ ခန္ဓီးစာသင်တိုက်နှင့် ခန္ဓီးသာသနာ့ရိပ်သာတိုက်ကြီး၏ အဓိပတိတာဝန်၊

၅။ သာသနာ သန့်ရှင်းပြန့်ပွါးရေးဦးစီးအဖွဲ့ဝင်တာဝန်၊

၆။ ဝန်းသိုနယ်လုံးဆိုင်ရာ သုဓမ္မာဂိုဏ်း သံဃာများ၏ မဟာနာယကတာဝန်၊

၇။ မဟာဝိသုတာရာမိကနိကာယအဖွဲ့ဝင်တာဝန်—

စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။

ကျမ်းဂန်ပြုစုတော်မူခြင်း

ဆရာတော်သည်—

၁။ ပဌမဘာသာအလင်းပြကျမ်း၊

၂။ ဒုတိယဘာသာအလင်းပြကျမ်း၊

၃။ တတိယဘာသာအလင်းပြကျမ်း၊

၄။ သစ္စာအလင်းပြကျမ်း၊

၅။ သစ္စာဆောင်ပုဒ်၊

၆။ သစ္စသခ်ေပ၊

၇။ စတုသစ္စကမ္မဋ္ဌာန်း၊

၈။ ဥပုသ်စောင့်လက်စွဲ၊

၉။ ငြိမ်းချမ်းရေးလမ်းစဉ်၊

၁၀။ သုဂတိလမ်းညွှန်၊

၁၁။ ဝန်းသိုရုဇဝင်သစ်စသော ကျမ်းဂန်များစွာတို့ကို ပြုစုရေးတော်မူခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁၃၂၃-ခုနှစ်တွင် ဆရာတော်၏ သီလ, သမာဓိ, ပညာဂုဏ်, ဂန္ဆကာရကဂုဏ်, ဂဏဝါစကဂုဏ်တို့ကြောင့် နိုင်ငံတော်အစိုးရတို့ လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူသည်။

ဆန္ဒပြုချက်

ဤသို့ဖြင့် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယအဖွဲ့ဝင် ဆဋ္ဌသံဂီတိကာရက ဆဋ္ဌသံဂီတိဘာဏက ခရိုင်ဝိနည်းဓိုရ် သံဃထေရ် အဂ္ဂမဟာပဏ္ဍိတ အရှင်သုဇနမဟာထေရ် သက်တော်ရာကျော်တိုင် ဘုရားရှင် သာသနာတော်ကို ထွန်းလင်းအောင် စွမ်းဆောင်နိုင်ပါစေသတည်းဟု ဆန္ဒပြုအပ်ပါသည်။

ဘဒန္တသုဇနော ထေရော၊ ဝိသုတာရာမဝံသိကော။
သံဂီတိကာရကော စေဝ၊ ဆဋ္ဌသံဂီတိဘာဏကော။

ဝိနယညူ စ သော အာသိ၊ သံဃတ္ထေရဓုရန္ဓရော။
သော စ ဝဿသတံ ကာလံ၊ ဇောတေတု ဇိနသာသနံ။

လားရှိုးမြို့ မဟာဝိသုတာရုမ သာသနာဝင်

လားရှိုးမြို့နယ်၌လည်း မဟာဝိသုတာရုမိက ဂဏဝါစကနိကာယဝင် ကျောင်းတိုက်များနှင့် မဟာဝိသုတာရုမတိုက်ထွက် သံဃာတော်များ တည်ရှိသီတင်းသုံးလျက်ရှိရာ မှတ်တမ်းတင်သင့်ပေသည်။

လားရှိုး မဟာဗောဓာရုမ ဆရာတော်

အရှင်ကေသရ မဟာထေရ်

ဆရာတော်သည် မဟာဝိသုတာရုမသာသနာဝင်၌ ထင်ရှားသော မဟာထေရ်မြတ်ဖြစ်တော်မူသည်၊ ဆရာတော်သည် ရွှေဘိုခရိုင် ဝက်လက်မြို့ ဆားတောင်ရပ် ကျောင်းဒကာ ဦးချမ်းမြေ့, ကျောင်းအမ ဒေါ်သိန်းတို့မှ ၁၂၆၆-ခု ဝါဆိုလဆုတ် ၅-ရက်နေ့တွင် ဖွားမြင်ခဲ့သည်။

ကျောင်းနေ သာမဏေဝတ် ရဟန်းပြု

ဆရာတော်လောင်းလျာသည် ဂ-နှစ်အရွယ်တွင် နတ်ခံတွင်းဆရာတော်ထံ၌ မိဘတို့အပ်နှံကြသဖြင့် ပညာသင်ကြား၍ ၁၁-နှစ်သားအရွယ်တွင် နှတ်ခံတွင်းကျောင်းဆရာတော်ထံ၌ပင် ရှင်သာမဏော ဝတ်ခဲ့သည်၊ ၁၂၀၆-ခုနှစ် ကဆုန်လဆန်း ၁၃-ရက်နေ့တွင် မန္တလေးမြို့ အရှေ့ပြင် ရွှေးကြီးတန်းရပ် ဦးရွှေလူ ဒေါ်အေးဖြူတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ခင်မကန်တိုက် ညောင်ပင်သာဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုခဲ့သည်။

ပညာသင်ကြားခြင်း

၁၂၀၁-ခုနှစ်မှစ၍ မန္တလေး ဘုရားကြီးတိုက်၌ ၂-နှစ်၊ ၁၂၀၃-ခုနှစ်မှစ၍ အရှေ့ပြင် ခင်မကန်တိုက်၌ ၁၂၀၆-ခုနှစ်အထိ ပညာသင်ကြားခဲ့၍ ၁၂၀၇-ခုနှစ်မှစ၍ အမရပုရမြို့ မဂ်လာတိုက်တိုက်အုပ်ဆရာတော် အရှင်သဇာတကျောင်း၌ အဘိဓမ္မာ ညဝါများကို သင်ကြားခဲ့သည်။

ပခုက္ကူ၊ မဟာဝိသုတာရုမတိုက်ကြီးသို့

ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက်ကြီး၌ ၁၂၀၉-ခုနှစ်မှစ၍ ၃-နှစ် ပိဋကတ်ကို သင်ကြား၍ တတ်မြောက်ခဲ့လေသည်။

ဝိသုတေ စ ဝသိတ္ဝာန၊ ကေသရော ကေသရော ဝိဒူ။
ဗဟူ စ ပိဋကေ သိက္ခိ၊ သိက္ခနေ အတိကောဝိဒေါ။

ဆရာတော်သည် ၁၂၀၂-ခုနှစ်မှစ၍ မန္တလေး မစိုးရိမ်တိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ပညာသင်ကြားခဲ့သည်၊ ၁၂၀၈-ခုနှစ်တွင် အစိုးရ ပဌမငယ်တန်း, ၁၂၀၉-ခုနှစ်တွင် အစိုးရ ပဌမလတ်တန်း, ၁၂၁၃-ခုနှစ်တွင် အစိုးရ ပဌမကြီးတန်းတို့ကိုလည်း အောင်မြင်တော်မူခဲ့သည်သာမကသာသနာပိုင် ဝိနည်းစာပြန်ပွဲတွင် ဝိနည်းငယ် ၄-စောင်နှင့် ဥဘတောဝိဘင်း, ဝိနည်း ၅-ကျမ်း

တို့ကို ပြန်ဆိုအောင်မြင်တော်မူခဲ့သည့်ပြင် မစိုးရိမ် ဝိနည်းစာပြန်ပဲ့တင်လည်း နံပါတ် ၁-ဖြင့် အောင်မြင်တော်မူခဲ့ဘူးသည်။

ဆရာတော်သည် ၁၂၉၅-ခုနှစ်တွင် မန္တလေးမြို့ တောင်ပြင် မြင်းဝန်တိုက်, ၁၂၉၆-၉၇-ခုနှစ် တို့တွင် စစ်ကိုင်းတောင်ရိုး မိုးညှင်းချောင်၌ သီတင်းသုံးတော်မူခဲ့ဘူးသည်၊ ၁၂၉၈-၉၉-ခုနှစ် တို့တွင် ပုသိမ် ခါတော်မြို့ ရွှေကျင်တိုက်၌ စာချဘုန်းကြီးဖြစ်၍ ၂-နှစ်တိုင် စာပို့ချတော်မူခဲ့သည်။ ၁၃၀၀-ပြည့်နှစ်တွင် နောင်ခွင်ဆရာတော်ကြီးပေးအပ်သော မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရပ် ဒိုင်းဝန်မင်းတိုက်၌ ကျောင်းထိုင် တိုက်အုပ်ဖြစ်၍ သီတင်းသုံးတော်မူခဲ့သည်၊ ၁၃၀၈-ခုနှစ်မှစ၍ စစ်ကိုင်းတောင်ရိုး မိုးညှင်းချောင်၌ ၂-နှစ်, ၁၃၁၀-ခုနှစ်တွင် မန္တလေး အရှေ့ပြင် ခင်မကန်တိုက် ပဲခူးကျောင်း၌ သီတင်းသုံး၍ သာသနာ့ဝန် ထမ်းဆောင်ခဲ့သည်။

မဟာဗောဓိဆရာမဟာဓိပတိ

၁၃၁၁-ခုနှစ်တွင် ရှမ်းပြည် မြောက်ပိုင်း လားရှိုးမြို့ မဟာဗောဓိဆရာ့ ကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယကဖြစ်၍ သာသနာပြုတော်မူခဲ့သည်၊ ၁၃၁၃-ခုနှစ်တွင် မဟာဗောဓိဆရာ့ စာသင်တိုက်ကို တည်ထောင်တော်မူ၍ ၁၃၁၄-ခုနှစ်တွင် မဟာဗောဓိ သတိပဋ္ဌာန် သာသနာ့ ရိပ်သာကိုလည်း တည်ထောင်ဖွင့်လှစ်တော်မူခဲ့လေသည်။

ဆောင်ရွက်ချက်အမျိုးမျိုး

လားရှိုးမြို့ ပဌမပြန်စာမေးပွဲဥက္ကဋ္ဌတာဝန်, ဆဋ္ဌသံဂါယနာ ပဋိဝေသောဓကတာဝန်, ဆဋ္ဌသံဂါယနာ ဩသာနသောဓကတာဝန်, ဝိနည်းဓိရ်တာဝန်, မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ အမှူဆောင် ဆရာတော်တာဝန် စသည်တို့ကိုလည်း ဆောင်ရွက်ခဲ့လေသည်။

ယိုးဒယားနိုင်ငံသို့

၁၃၂၀-၂၁-ခုနှစ်တွင် ယိုးဒယားနိုင်ငံ လန်းပမ်းမြို့ ဝပ်စီကြုံ ကျောင်း၌ သီတင်းသုံး၍ သာသနာပြုတော်မူခဲ့သည်။

ကောသရော ယော မဟာထေရော၊ ဗောဓာရာမသာ ဣသရော။
ဝါစကော စာပိ ဂန္ထေ စ၊ သုဂမ္ဘီရေ ဂဏသာ စ။

ဝိနယဓရော စ သော အာသိ၊ ပဋိဝေသောဓကောပိ စ။
ယိုးဒယားရဋ္ဌေပိ ဇောတေသိ၊ နိမူလံ ဇိနသာသနံ။
သော အတီဝ စိရံ ကာလံ၊ သောဘေတု ဗုဒ္ဓသာသနံ။

ပျဉ်းမနား မဟာဝိသုတာရုံမ သာသနာဝင်

မဟာဝိသုတာရုံမိကဂဏဝါစက နိကာယကြီးသည် စာသင်တိုက်ခဲ့ပေါင်း ၁၅၀-ကျော်နှင့် ကျောင်းခဲ့ပေါင်း ၁၅၀၀-ကျော် ပါဝင်သည်သာမက ပခုက္ကူ မဟာဝိသုတာရုံမိကဂဏဝါစက နိကာယဝင်မဟုတ်ပဲ ပခုက္ကူထွက် ပညာရှိရဟန်းတော် သာသနာ့ဝန်ဆောင်တို့မှာ အတိအကျ ဖော်ပြ၍ မဖြစ်နိုင်လောက်အောင်ပင် များပြားလှကုန်သည်၊ ပျဉ်းမနားမြို့နယ်၌လည်း မဟာဝိသုတာရုံမိက ဂဏဝါစက နိကာယဝင်ကျောင်းများနှင့် ပခုက္ကူ မဟာဝိသုတာရုံမတိုက်ထွက် သာသနာ့ဝန်ဆောင်များ မြားမြောက်စွာ သီတင်းသုံးကာ သာသနာပြုလျက် ရှိလေသည်၊ နိကာယဝင်ကျောင်းတိုက်များမှာ ပျဉ်းမနား မဟာဝိသုတာရုံမတိုက်, မစိုးရိမ်တိုက်, ခေမာသီဝံတိုက်, အာဘယာရုံမတိုက်, ငွေတောင်ကျောင်း,ကန်စွယ်ကျောင်း, ရွာရွေကျောင်း, အိုင်ကျယ်ကျောင်း, ရေပြာကျောင်း-စသည်တို့ ဖြစ်ကုန်သည်။

ပျဉ်းမနားမြို့မှ မဟာဝိသုတာရုံမကျောင်းတိုက်ကြီး

ဖော်ပြပါ ကျောင်းတိုက်များအနက် မဟာဝိသုတာရုံမကျောက်းတိုက်ကြီးသည် သာသနာတွင် မြင့်မားသည့် စာသင်ကျောင်းတိုက် ဝိဇ္ဇာပီဋကများတွင် ပါဝင်ထင်ရှားသည့် ကျောင်းတိုက်ကြီး ဖြစ်လေသည်၊ ဓမ္မာစရိယ ဂဏဝါစက စာချဆရာတော်များစွာတို့ဖြင့် အနယ်နယ်အစုံစုံမှ ရောက်ရှိလာသည့် စာသင်သား ရဟန်းသာမဏေတို့အား ပိဋကတ်စာဝါများနှင့် ဗျာကရဏ်းကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်း စသည်တို့ကို ချပို့သင်ရာလည်း ဖြစ်သည်၊ ကျောင်းတိုက်ကြီးကို လယ်ဝေးမြို့နယ် သရက်ကုန်းရွာ ဦးရိုက်,ဒေါ်မိုး သားသမီးတစုတို့နှင့် အများပြည်သူတို့၏ကောင်းမှုဖြစ်သော မဟာရုံတတိုင်းကြီးဖြင့် ခမ်းနားစွာ တွေ့မြင်နိုင်သည့်ပြင် ကျောင်းတိုက်ကြီးအလယ်၌ ပျဉ်းမနားမြို့ ဦးတုတ်, ဒေါ်အေး, ဦးစွမ်, ဒေါ်ကျင်ကျော့ သားသမီးတစုတို့နှင့် အများကောင်းမှုဖြစ်သော ၂-သိန်းခွဲတန် ဇေတဝန်အလယ် သိမ်ကျောင်းတော်ကြီးနှင့် အရုံကျောင်းများဖြစ်ကြသော လယ်ဝေးမြို့ သရက်ကုန်းရွာ ဦးရိုက် ဒေါ်မိုး သားသမီးတစုတို့၏ သီရိမင်္ဂလာသိမ်ကျောင်း,ပျဉ်းမနားမြို့ တောင်သာဆရာကြီး ဦးထွန်းလှ ဒေါ်ဆယ်မိ သားသမီးတစုတို့နှင့် အများ၏ကုသိုလ်တော် သာသနရုံသီတိုက်ကျောင်း, ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်း ဦးစံညွန့်,ဒေါ်နု သားသမီးတစုတို့ လှူဒါန်းသော သာသနမဉ္ဇူသာကျောင်း, ပျဉ်းမနားမြို့ ပန်းခင်းရပ် ဦးဘိုတင် ဒေါ်မိ သားသမီးတစုတို့၏ ကုသိုလ်ဖြစ်သော သာသနဝံသကျောင်း, ပျဉ်းမနားမြို့ ကျောက်ချက်ရွာ ဦးညွန့် ဒေါ်သင့်တို့၏ သားသမီးတစုတို့၏ ကောင်းမှုများဖြစ်သည့် သာသနရက္ခိတကျောင်း, သာသနဟိတကာရီတိုက်ကျောင်း, အများကောင်းမှု သာသနဇောတိကတိုက်ကျောင်း, အေလာမြို့နယ် ရှမ်းရွာကျောင်းဒကာကြီး ဦးထိုက်, ဒေါ်ချယ် သားသမီးတစုတို့၏ သာသနဝိပုလကျောင်း, ပျဉ်းမနားမြို့နယ် ကျောက်ချက်ရွာ ဦးစာလေး ဒေါ်ဧရှမ သားသမီးတစုတို့၏ကုသိုလ် သာသနာလက်ံာရကျောင်း,လယ်ဝေးမြို့နယ် သရက်ကုန်းရွာ ဦးရိုက်,ဒေါ်မိုး သားသမီးတစုနှင့် ပျဉ်းမနားမြို့ ဦးတုတ် ဒေါ်အေး သားသမီးတစုတို့၏ သာသနပါလကျောင်း, ပျဉ်းမနားမြို့ တောင်သာဆရာကြီး ဦးထွန်းလှ ဒေါ်ဆယ်မိ သားသမီးတစုတို့နှင့် ဦးစွမ် ဒေါ်ကျင်ကျော့ သားသမီးတစုတို့၏ သာသနာမာမကကျောင်း စသည်တို့ဖြင့် တင့်တယ်လှပ ကျက်သရေရှိလှပေသည်၊ ကျောင်းတိုက်ရှိ သံဃာ

တော်အရှင်မြတ်တို့မှာ နေရာထိုင်ခင်းအတွက် ပင်ပန်းမှုမရှိပဲ့ သာသနာဝန်ကို စိတ်ချလက်ချ ထမ်းဆောင်နိုင်ကြသည်။

ပျဉ်းမနား မဟာဝိသုတာရာမဂီတိ

(၁) ပျဉ်းမနားဝိသုတေ ရမ္မေ၊ နဂရင်္ဂဟိ သောဘိတေ။
ဝိဿုတော ဝိသုတာရာမော၊ ပုညကာမေဟိ မာပိတော။

(၂) အာရာမော ဝိသုတော သော ဟိ၊ အတီဝ ရုစိရော ဘဝိ။
ယထာ ဟိ တာဝတိသမှိ၊ ဝိမာနော သက္ကအာလယော။

(၃) ပါကာရေန ပရိက္ခိတ္တော၊ ဒဿနေယျော မနောဟရော။
ရဇတဝဏ္ဏသန္နိဘော၊ နေတ္တဒွယရသာယနော။

(၄) ပရိဝေဏာဿ မဇ္ဈမှိ၊ ဇေတဝနသမညိတော။
အာလယော စာပိ မနုညော၊ နာနာသမ္ဘာရမဏ္ဍိတော။

(၅) ပရိက္ခိတ္တောဟိ နေကေဟိ၊ သံဃာဝါသာလယေဟိ စ။
အတီဝ သောဘနော အာသိ၊ ဇေတဝနသမော ဟိ သော။

(၆) ဝသန္တာ တတ္ထ ထေရာ စ၊ ပဏ္ဍိတာ သတ္ထကောဝိဒါ။
ဝိဒူရာ ပုညဝန္တာ စ၊ ပခုက္ကာ ဂဏဝံသိကာ။

(၇) အကသိရေန သံယုတ္တာ၊ ဒ္ဝီသု ဓုရဝရေသု စ။
တေ အတီဝ စိရံ ကာလံ၊ ဇောတေန္တာ ဇိနသာသနံ။

ဖော်ပြပါကျောင်းတိုက်၌ သံဃာတော်ပေါင်း ၂၀၀-ကျော်လောက် သီတင်းသုံးလျက် ရှိသည်၊ ကျောင်းတိုက်ကို စတင်တည်ထောင်သူ အာဒိမာပက ပုဂ္ဂိုလ်မြတ်မှာ ဂဏဝါစက, ဓမ္မကထိက, ဂန္ထကာရက အရှင်ကောသလ္လမထေရ်မြတ် ဖြစ်လေသည်။

ဆရာတော် အရှင်ကောသလ္လ မဟာထေရ်

ဖွားမြင် သာမဏေဝတ် ရဟန်းဖြစ်ခြင်း

ဆရာတော်လောင်းလျှာသည် မုံရွာခရိုင် ပုလဲမြို့နယ် လှော်ကားကြီးရွာ၌ ဆေးဆရာကြီး ဦးလူးနှင့် ဒေါ်ပန်းတို့မှ ၁၂၇၄-ခုနှစ် တပို့တဲ့လဆန်း ၅-ရက် တနလ်ာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ သက်တော် ၁၅-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ ၁၂၉၄-ခုနှစ် တပေါင်းလဆုတ် ၅-ရက်နေ့တွင် မူလသာမဏေ ဥပဇ္ဈာယ်ဖြစ်တော်မူသော လှော်ကားကြီးရွာ တောင်ကျောင်း ဆရာတော် ဦးစန္ဒာဝရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့

ဆရာတော်လောင်းလျှာသည် မူလဥပဇ္ဈာယ်ဆရာတော်, ရေစကြိုမြို့ ညောင်စောက်ရွာကျောင်း ဆရာတော် အရှင်မေဓာဝီ, မြင်းခြံငါးထပ်တိုက်ဆရာတော် အရှင်ဇဝန, ပန်းအိုင် မာလာယု

ကျောင်းတိုက်ဆရာတော် အရှင်ကလျာဏတို့ထံ ပိဋကတ်အခြေပြုကျမ်းများကို သင်ယူခဲ့ပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဗဟာထေရ် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ မဟာထေရ်, တိုက်အုပ်ဆရာတော်များ ဖြစ်ကြသော အရှင် နန္ဒိယမဟာထေရ်, အရှင်မာဃိန္ဒမဟာထေရ်တို့ထံ ပိဋကတ်ကို ဆိုဝါ,လိုက်ဝါတို့ဖြင့် သင်ယူတတ်မြောက်ခဲ့သည်။

မဟာဝိသုတအာရာမေ၊ သန္တောနံ စိတ္တတောသနေ။
ကောသလ္လော သိက္ခ သတ္ထေ စ၊ တေသု ဆေကော ဝိဒူ အဟု။

အရှင်ကောသလ္လ စာချခဲ့ရာ

ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးနှင့် ပျဉ်းမနားမြို့လယ်တိုက်တို့၌ ငယ်စဉ်ကပင် စာချခဲ့ဘူးသည်၊ ရဟန်းသိက္ခာ ၉-ဝါအရတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမတိုက်ကို ဦးစီးပြု၍ စာချခဲ့ရာ ၁၃၀၇-ခုနှစ်ကစ၍ ကြီးကျယ်သော စာသင်တိုက်ကြီး ဖြစ်လာတော့သည်။

ဆရာတော်၏ ဝိရိယ

စာသင်တိုက်ကြီးတခုကို ဦးစီးနိုင်လောက်အောင် အရည်အချင်းကို သာမန်ဝိရိယဖြင့် မရနိုင်ပါ၊ ဆရာတော်သည် ငယ်စဉ်ကစ၍ ဒဂုမာတိကာ, ကစ္စည်းသဒ္ဒါကြီး, အဘိဓမ္မတ္ထသင်္ဂြိဟ်, ပုဒ်စစ်, သဒ္ဒါစစ်, သံဝဏ္ဏနာ, နည်းလေးဆယ်, ဘေဒစိန္တာ, ကစ္စာယနသာရ, ဝါစ္စဝါစက, အဘိ-ဓာန်, အလင်္ကာ, ဆန်းစသော နေ့ဝါကျမ်းများနှင့် မာတိကာ,ဓာတုကထာ, ပဋ္ဌာန်းကုသလတိက် အရကောက်တို့ကို အာဂုံဆောင်၍ မိတ္ထိလာခရိုင် ပန်းအိုင်စာပြန်ပဲကြီး၌ ပြန်ဆို အောင်မြင်တော်မူခဲ့သည်။

ၛင်းပြင် ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ သီတင်းသုံးစဉ် နိယံရှစ်ကျမ်းနှင့် ရှေရေးဆောင်နိယံကို အာဂုံဆောင်လျက် ဆရာတော် အရှင်ပညာထေရ် ချပ်ုသည့်အတိုင်း ဋ္ဌီကာကျော်စိတ်ပိုင်းကို နှုတ်ရကျက်၍ ပခုက္ကူနည်းကို ရယူခဲ့လေသည်။

ဝါစုဂ္ဂတံ ကရိတ္ဝာန၊ ဂန္ဆေ စ ဗဟုလေ ဝိဒူ။
ဝိညူ ဝိစက္ခဏော စေဝ၊ သမ္မာသမ္ဗုဒ္ဓသာသနေ။

ပြုစုခဲ့သော ကျမ်းများ

ဆရာတော်သည်—

၁။ သောတုဇနလက်သုံး ဆန်းသင်ထုံးကျမ်း၊

၂။ နိဗ္ဗာန်တရားစာကျမ်း၊

၃။ စက္ကမဏ္ဍလပရိတ်နိဿကျမ်း၊

၄။ ဥပါသကဒီပနီကျမ်း၊

၅။ ရှေဗဟိုရ်စည်ဒေသနာ (ပဌမတွဲ)ကျမ်း တို့ကို ရေးသားပြုစုခဲ့လေသည်။

တိုက်တွန်းချက်

အိုရဟန်းတို့ သင်တို့သည် ဘုရားမြတ်စွာ သာသနာတော်၌ ဦးစွာမဆွ အားထုတ်ကြပါကုန်လော့၊ မတွန့်မဆုတ် အားထုတ်ကြပါကုန်လော့၊ အမြဲနိစ္စ ကြိုးပမ်းကြပါကုန်လော့။

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။

(သံ၊ ၁။ ၁၅၈)

ပြည်ခရိုင် မဟာဝိသုတာရာမ သာသနာဝင်

ပြည်မြို့သည် ကြာမြင့်စွာကမှစ၍ သာသနာတည်ထွန်းခဲ့ရာမြို့ ဖြစ်သည့်အလျောက် ဂိုဏ်းပေါင်းစုံသံဃာတို့ သီတင်းသုံးရာ ဖြစ်သည်၊ ပခုက္ကူ။ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင် ကျောင်းတိုက်များလည်း များစွာတည်ရှိရာ မဟာဝိသုတာရာမ ဂဏဝါစက နိကာယမှတ်တမ်းဌာ ပြည်ခရိုင်၌ မဟာဝိသုတာရာမ ဂဏဝါစက နိကာယဝင် ကျောင်းတိုက်ပေါင်း ၅၇-တိုက် တွေ့ ရှိရသည်။

ပြည်တက္ကသိုလ်ကျောင်းတိုက်

ဖော်ပြပါ နိကာယဝင်ကျောင်းတိုက်များအနက် မူလတက္ကသိုလ်ကျောင်းတိုက်သည် ပြည်ခရိုင်၌ ထင်ရှားသော ဝိဇ္ဇာဌာန ဖြစ်လေသည်၊ ပခုက္ကူနည်းအတိုင်း နိကာယ် ၅-ရပ်ကို သင်ကြားချပို ပေးသဖြင့် ခရိုင်အတွင်း နိကာယ်တတ် တပည့်တပန်းတို့ ပျံနှံ့ ပေါက်ပွါးလျက် ရှိသည်၊ ဒုတိယကမ္ဘာစစ် မဖြစ်မီက တည်ထောင်ခဲ့ရာ သံဃာတော် ၁၀၀-လောက် သီတင်းသုံးခဲ့ဘူးရာ လည်း ဖြစ်သည်၊ ၎င်းကျောင်းတိုက်ကို စတင်တည်ထောင်သော မထေရ်မြတ်မှာ အရှင်ပညော-ဘာသမဟာထေရ်မြတ် ဖြစ်လေသည်။

အရှင်ပညောဘာသမဟာထေရ်

ဆရာတော်သည် ပြည်ခရိုင် ရွှေတောင်မြို့နယ် ညောင်ပင်သာရွာ အဘ ဦးဘိုးကူ-အမိ ဒေါ်ရွှေသင်တို့မှ ၁၂၅၈-ခုနှစ်တွင် ဖွားမြင်သည်ဟု သတိပြုမိပေသည်၊ ဆရာတော်သည် ငယ်စဉ် ကမှစ၍ ကျောင်းနေ, သာမဏေဝတ်, ဥပသမ္ပဒဘုံ ခိုလှုံ ပညာသင်ကြားခဲ့သည်၊ ရွှေတောင်မြို့ ဒုရင်္ဂပိုကျောင်းတိုက်, တပ်တွင်းကျောင်းဆရာတော် အရှင်ပညာ, ညောင်တုန်းကျောင်း အရှင် စန္ဒိမာ, အရှင်သုဒဿနစသည့် ဆရာတော်များထံ ပိဋကတ်အခြေခံကျမ်းစာများကို သင်ယူ တတ်မြောက်ခဲ့သည်။

ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ကြီးသို့

ပခုက္ကူ။မြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ရောက်ရှိကာ ထိုစဉ်က ဂဏဝါစကစာချအကျော်များ ဖြစ်ကြသော ဆရာတော် အရှင်ပညာမဟာထေရ်, အရှင်သုန္ဒရမဟာထေရ်, အရှင်နန္ဒဝံသမဟာ ထေရ်, အရှင်ကောဏ္ဍညမဟာထေရ်, အရှင်ကုမာရမဟာထေရ်တို့ထံ ပိဋကတ်ကို သင်ကြား တတ်မြောက်ခဲ့သည်။

ဝိသုတာရာမအာရာမေ၊ အာရာမေ ယတိနန္ဒနေ။
အနေကေ ဥပသင်္ကမ္မ၊ တိပိဋကမသိက္ခိ သော။

ဆရာတော်သည် မန္တလေးဘုရားကြီးတိုက်၌လည်း ပညာသင်ကြားခဲ့သေးသည်၊ ပြည်မြို့ ရွှေဆံတော်ဘုရားအနောက်မုခ် ဘုရားကြီးတိုက်(ယခုဇောတိကာရုံ)၌လည်း ဂဏဝါစကစာချ တာဝန်ကို ထမ်းဆောင်ခဲ့ဘူးသည်၊ ဒုတိယကမ္ဘာစစ်မဖြစ်မီ ပြည်မြို့ဆေးရေးရပ်၌ ဂန္ဓာရတိုင်းမှ

သမိုင်းထင်ပေါ် တက္ကသိုလ်မြို့တော်နှင့် အမည်တူ ကျောင်းတိုက်တည်မှည့်ခေါ်၍ စာသင်တိုက် ဝိဇ္ဇာဌာနကို တည်ထောင်ကာ စာပေပို့ချခဲ့ရာ ပိဋကတ်ကျမ်းတတ်ဘုန်းကြီးများ များစွာပေါ်ထွန်း ခဲ့သည်၊ ဆရာတော်သည်—

၁။ ဥဇုမဂ္ဂဝါဒီကျမ်း၊

၂။ ဝါဆိုအလင်းပြကျမ်း—

စသည်တို့ကိုလည်း ပြုစီရင်တော်မူခဲ့ရာ ဂန္ဆဝင်ကျော်ပဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်သင့်ပေသည်။ ဆရာတော်သည် မဟာဝိသုတာရာမတိုက်ကြီးသို့ အကြိမ်ကြိမ်ကြွရောက်တော်မူ၍ သာသနာ တည်ရေးကို ဆွေးနွေးတော်မူခဲ့သည်၊ အခါအားလျော်စွာ ကျောင်းတိုက်သံဃာတော်အား ဆွမ်းဆန်တော်စသည်တို့ကို လှူဒါန်း၍လည်း သာသနာနုဂ္ဂဟကုသိုလ်ထူး ဆည်းပူးတော်မူရာ သာသနာတော်၏ တိုးတက်ကြီးပွါးမှုကို ပြုတော်မူသည့် ပဂ္ဂိုလ်ထူးအဖြစ်လည်း မှတ်တမ်းတင် သင့်လေသည်၊ ဆရာတော်သည် ပညာဓိကဘုရားဆုပန် စိတ်နေမြင့်မြတ်သော ပဂ္ဂိုလ်လည်း ဖြစ်သည်။

ပညောဘာသော သပညော စ၊ ပညာယ အဘိပါကဋ္ဌော။
လောကဂ္ဃသာသနေ ဝုဒ္ဓိ-ကာရကော သေဋ္ဌသမ္မတော။

ဇရွတောင်မြို့ ဗိုလ်ရုံကျောင်းဆရာတော်

ဘခွင်ဝိစာရ မဟာဆေရိ

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ စာသင်, စာချလုပ်ငန်းတို့ဖြင့် ပျော်မွေ့ခဲ့သည့် မထေရ်မြတ် ဖြစ်သည်၊ ဆရာတော်သည် ၁၂၆၈-ခုနှစ် တော်သလင်းလဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့တွင် ရွှေတောင်မြို့ တောင်ဖက် ကန့်လန့်ကုန်းရွာ၌ ဖွားမြင်ခဲ့သည်။

ကျောင်းနေ သာမဏေဝတ် ရဟန်းပြုခြင်း

ဆရာတော်သည် ၇-နှစ်သားအရွယ်မှစ၍ လက်ရဲတပ်ဘုန်းကြီးကျောင်း၌ ပညာသင်ကြားခဲ့သည်၊ ၁၄-နှစ်သားအရွယ်မှစ၍ သာမဏေ ဝတ်ခဲ့သည်၊ မင်းလှ ဇေယျဝတီ စာသင်တိုက်၌ ပညာသင်ကြားခဲ့၍ ၁၆-နှစ်သားအရွယ်တွင် အစိုးရပဌမငယ်တန်း, ၁၇-နှစ်သားအရွယ်တွင် မဇ္ဈမလတ်တန်း, တို့ကို အောင်မြင်ခဲ့သည်၊ ပဋိသန္ဓေနှင့် သက်တော် ၂၀-တွင် ရဟန်း ဖြစ်လေသည်၊ သက်တော် ၂၁-တွင် ပဌမကြီးတန်းကို အောင်မြင်ခဲ့သည်။

ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့

သက်တော် ၂၂-နှစ်တွင် ပခုက္ကူမြို့ မဟာဝိသုဘာရာမ ဝိဇ္ဇာပိဋကြီးသို့ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်နှင့် တိုက်အုပ်ဆရာတော် အရှင်ဂန္ဓမာမဟာထေရ်တို့ထံတွင် ဆိုဝါလိုက်ဝါဖြင့် ၅-နှစ်တိုင် ပိဋကတ်ကို သင်ယူခဲ့လေသည်။

ဝိသုတာရာမဝိညူနံ၊ သန္တိကေ ဝိစာရော ဝိဒူ။
နိကာယေ သုဗဟူ သိက္ခိ၊ သိက္ခနေ အတိကောဝိဒေါ။

ဆရာတော်သည် မဟာဝိသုတာရာမတိုက်၌ ဂဏဝါစက စာချအဖြစ်ဖြင့်လည်း ချီးမြောက်ခြင်း ခံယူခဲ့ရသည်၊ ၁၃-ဝါအရွတွင် ရန်ကုန်မြို့ ဇေယျဝတီတိုက်၌ စာချတာဝန်ကို ထမ်းဆောင်ခဲ့သည်၊ ၂၄-ဝါအရွတွင် ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီး၏ ဗိုလ်ရုံကျောင်းကြီးကို လက်ခံကာ စာပေပို့ချကာ သာသနာပြုလျက် ရှိလေသည်။

ရွှေတောင်မှ မဟာဝိသုတာရာမနိကာယဝင်များ

ရွှေတောင်မြို့၌ ဗိုလ်ရုံကျောင်းတိုက်သာမကပဲ အခြား မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင်ကျောင်းတိုက်တို့ကား များပြားလှကုန်၏၊ ဆရာတော် အရှင်ဣန္ဒဝံသ, သင်္ဃန်းကြီးကျောင်းတိုက်၊ သင်္ဃန်းကြီးတောင်၊ ဆရာတော် အရှင်ဝိဇယ ယောသိတာရုံကျောင်းတိုက် သရက်တော၊ ဆရာတော် အရှင်ပညာဝံသ, ဓမ္မိကာရုံကျောင်းတိုက်၊ သရက်တော ဆရာတော် အရှင်သုဒဿန ပေါ်တော်မူတိုက် ယောတောင်ရွာ၊ ဆရာတော် အရှင်သီဟ တက္ကသိုလ်တိုက်, ဒုရင်တပို ရွှေပန်းတော ဆရာတော် အရှင်အင်္ဂီရ ဝိဇိတာရုံကျောင်းတိုက် ရှမ်းတန်း ဆရာတော် အရှင်သုမန ဂန္ဓာရုံတိုက်၊ အရှင်ပညာဇောတ တက္ကသိုလ်တိုက် စသည်တို့သည် ရွှေတောင်နှင့် ရွှေတောင်

မြို့နယ်ရှိ မဟာဝိသုတာရာမတိုက်ခဲ့များ ဖြစ်ကုန်သည်၊ ဖော်ပြပါ ဆရာတော်တို့နှင့် ဆရာတော်တို့၏ တပည့်များသည် သီဟိုဠ်ကျွန်း မဟာဝိဟာရအနွယ်ဝင် အရှင်များပမာ ပခုက္ကူ မဟာဝိသုတာ-ရာမိကနိကာယကြီး ချရိုးပို့စဉ်အတိုင်း ပိဋကတ်ကိုချပို့သင်ကြားကြသော ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကြလေသည်။

ယထာ ဝုတ္တာ စ ထေရာပိ၊ ဝိသုတာရာမဝံသိကာ။
ဝိသုတံ အနုယတာဝ၊ ပါလေသုံ ဇိနသာသနံ။

ယထာ ပုရေ စ လံကာယံ၊ မဟာဝိဟာရဝံသိကာ။
သဝံသမနုပါလေသုံ၊ တထာ ဝိသုတဝံသိကာ။

ပေါင်းတည်မြို့ မဟာဝိသုတာရုမတိုက်တည် ဆရာတော်
အရှင်စန္ဒောဘာသ မဟာထေရ် 485

ပေါင်းတည်မြို့ မဟာဝိသုတာရုမ တိုက်တည်တာတည်

ဆရာတော် အရှင်စန္ဒောဘာသ ဗဟာထေရ်

ဆရာတော်သည် ပြည်ခရိုင် ပေါင်းတည်မြို့နယ် ညောင်ကုန်းရွာ မြေပိုင်ရှင် ကျောင်းဒကာကြီး အဘ ဦးစာနှင့် ကျောင်းအမကြီး အမိ ဒေါ်နန်းတို့မှ ၁၂၆၉-ခုနှစ် တန်ခူးလဆုတ်(၁၃)ရက် အင်္ဂါနေ့ည ၁၀-နာရီအချိန်တွင် ဖွားမြင်ခဲ့သည်၊ မိဘတို့သည် ဇောတိဇောတိပရာယဏအလင်းမှ အလင်းသို့သွားမည့် သားထူးရတနာကို မောင်စံလပေါ်ဟု ခေါ်ဝေါ် သတ်မှတ်ကြလေသည်။

မောင်စံလပေါ်သည် ၉-နှစ်သားအရွယ်တွင် ခေတ္တရုမြို့အနီး ဇေတဝန်တောရကျောင်း ဘထွေးတော် ဦးပဏ္ဍိစ္စထံ၌ ပညာသင်ကြားခဲ့သည်၊ ၁၂-နှစ်သားအရွယ်တွင် အရှင်ပဏ္ဍိစ္စထံ၌ပင် ရှင်သာမဏေ ဝတ်ခဲ့သည်၊ ရှင်စန္ဒောဘာသဟူသော ဘွဲ့မည်ကိုလည်း ဥပဇ္ဈာယ်ဆရာတော်က မှည့်ခေါ်လေသည်၊ ပိဋကတ် အခြေခံကျမ်းဂန်များကိုလည်း ဆရာတော် အရှင်ပဏ္ဍိစ္စထံမှာပင် သင်ယူခဲ့ရလေသည်၊ ရှင်စန္ဒောဘာသသည် ၁၂၀၈-ခုနှစ် တပို့တွဲလဆန်း ၁၃-ရက်နေ့တွင် ဇေတဝန်တောရဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

၁၂၀၈-ခုနှစ် တပေါင်းလဆန်း ၁၀-ရက်နေ့တွင် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်သို့ရောက်၍ ပညာသင်ကြားခဲ့သည်၊ မစိုးရိမ်တိုက်တွင် စာမေးပွဲများနှင့် အစိုးရ စာမေးပွဲ ငယ်, လတ်, ကြီး, ဓမ္မာစရိယ စာချတန်းတို့ကိုလည်း အောင်မြင်ခဲ့သည်။

မဟာဝိသုတာရုမတိုက်ကြီးသို့

အရှင်စန္ဒောဘာသသည် မစိုးရိမ်တိုက်၌ ၄-နှစ်ကြာမျှ သီတင်းသုံးတော်မူ၍ ၁၂၉၂-ခုနှစ် တန်ခူးလဆန်း ၁၀-ရက်နေ့တွင် ပခုက္ကူ။ မဟာဝိသုတာရုမတိုက်ကြီးသို့ ကူးရောက်တော်မူပြီး ဆရာတော် အရှင်ပညာမဟာထေရ်, အရှင်သုန္ဒရမဟာထေရ်, အရှင်နန္ဒဝံသမဟာထေရ်–တို့ထံ ပိဋကတ်ကို ဆိုဝါလိုက်ဝါဖြင့် သင်ယူတော်မူခဲ့သည်၊ ၁၂၉၇-ခုနှစ်တွင် မဟာဝိသုတာရုမတိုက်ကြီး၌ ဂဏဝါစကအဖြစ် ချီးမြှောက်ခြင်းခံယူတော်မူရလေသည်။

မြင်းခြံ၌ သာသနာပြုခဲ့ခြင်း

အရှင်စန္ဒောဘာသသည် ၁၂၉၉-ခုနှစ်တွင် သံဃာတော် ၅၀-လောက်တို့ဖြင့် ဆရာတော် အရှင်သောဘိတ မြင်းခြံမြို့ ကိုးဆောင်တိုက်အတွင်း ပခုက္ကူကျောင်းသစ် စာသင်တိုက် တည်ထောင်သောအခါ ပါဝင်ကူညီ၍ အားသွန်ခွန်စိုက် စာချလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ကာ ပရိယတ္တိသာသနာ ပြုတော်မူခဲ့လေသည်၊ ၁၃၀၄-ခုနှစ်တွင် ပေါင်းတည်သို့ ပြန်ကြွတော်မူ၍ ပေါင်းတည် နန်းဦးကျောင်းတိုက်၌ ဆရာတော် အရှင်ဥယျနှင့်အတူ သံဃာတော် ၅၀-မျှကို စာပေပို့ချတော်မူခဲ့သည်၊ ၁၃၀၈-ခုနှစ်တွင် ပေါင်းတည်မြို့ အနောက် ၄-မိုင်ကွာ ထန်းသုံးခွရွာမှ ဆွမျိုးတစုနှင့် ရပ်ရွာဒကာ, ဒကာမတို့၏ လျှောက်ထားချက်အရ ထန်းသုံးခွရွာ အရှေ့ကျောင်း၌ သံဃာတော် ၁၅-ပါးဖြင့် စာချ၍ သာသနာပြုတော်မူခဲ့ပြန်သေးသည်။

မဟာဝိသုတာရာမတိုက်ကြီး တည်ထောင်ခြင်း

ဆရာတော် အရှင်စန္ဒောဘာသသည် ၁၃၁၂-ခုနှစ် တန်ခူးလဆုတ် ၅-ရက်နေ့တွင် ပေါင်းတည်မြို့ အနောက်လမ်းနှင့် (၁၅) လမ်းထိပ်တွင် ရပ်ရွာ ဒကာ, ဒကာမတို့နှင့် မြို့ပေါ် ဒကာ, ဒကာမတို့ စုပေါင်း၍ လှူအပ်သော ၄-ကေ ၂-ဒသမ ၁၅-ရှိ မြေကွက်လပ်ကို အလှူခံ၍ မဟာဝိသုတာရာမ အမည်ဖြင့် စာသင်တိုက်ကြီးကို တည်ထောင်ဖွင့်လှစ်ကာ သံဃာတော် ၅၀-မျှကို စာချ၍ သာသနာပြုတော်မူခဲ့လေသည်၊ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၌ အမှုဆောင်တာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။

ထေရော ပေါင်းတည်ပသိဒ္ဓမ့ိ၊ နဂရင်ေ ဟိ သောဘိတေ။
အာရာမံ မာပယိတ္ဝာန၊ ဧောတေသိ ဇိနသာသနံ။

ဘဝနတ်ထံ ပုံလွှန်တော်မူခြင်း

ဆရာတော်သည် ပေါင်းတည်မြို့ မဟာဝိသုတာရာမတိုက်၌ အားသွန်ခွန်စိုက် သာသနာပြုရင်း ၁၃၂၇-ခုနှစ် ပြာသိုလဆုတ် ၇-ရက်နေ့တွင် စပင်ခိုင်ပြီး စာသင်တိုက်ကြီးမှ မျက်နှာလွှဲကာ တုသိတာနန်းမသို့ မြန်းကြွခဲ့လေသည်။

စန္ဒောဘာသော သပညော စ၊ ဝိသုတာရာမဣသာရော။
ဝိသုတံ ပဇဟိတ္ဝာန၊ ယာတော ဒေဝါနသန္တိကေ။

နာယကသုံးပါး

ဆရာတော် ဦးစန္ဒောဘာသ ပုံလွှန်တော်မူပြီးနောက် ဆရာတော်၏တူရင်း အရှင်ဝိသုဒ္ဓါစာရ၊ ဆရာတော် အရှင်ဝိစိတ္တ, ဆရာတော် အရှင်ကုဝေရ–တို့က ဆက်လက်၍ စောင့်ထိန်းတော်မူကြကာ ၅၀-မျှ အရေအတွက်ရှိသော သံဃာတော်တို့အား ပရိယတ္တိဓမ္မကို ချပို့၍ သာသနာပြုလျက် ရှိကုန်သည်။

ဝိသုဒ္ဓါ ထေရသေဋ္ဌော စ၊ ဝိစိတ္တော စိတ္တဣဿိကော။
ကုဝေရော စာတိ သပ္ပညာ၊ ဝိသုတာရာမပါလကာ။

မြောင်းမြို့မို့ ခါတော်မှီကျောင်းတိုက်

ဆရာတော် အခွင့်ဝိသုဒ္ဓမဟာထေရ်

ဆရာတော်သည် မဟာဝိသုတာရာမိက ဂဏဝါစကနိကာယဝင်ဖြစ်၍ မြောင်းမြို့၌ သာသနာပြုနေသည့် မထေရ်မြတ် ဖြစ်သည်၊ ၁၂၆၇-ခုနှစ်တွင် ဖွားမြင်၍ ၁၂၈၃-ခုနှစ်တွင် ရှင်သာမဏေဝတ် ခဲ့သည်၊ ၁၂၈၈-ခုနှစ် နယုန်လဆန်း ၁၀-ရက်နေ့တွင် ရဟန်းအဖြစ်သို့ ရောက်လေသည်။

ပခုက္ကူမဟာဝိသုတာရာမတိုက်သို့

ဆရာတော်သည် မန္တလေး ရန်ကုန်မြို့တို့၌လည်း ပညာသင်ကြားပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ ကြာမြင့်စွာ ပိဋကတ်နှင့် ဗျာကရဏ်းများကို သင်ယူတတ်မြောက်ခဲ့လေသည်။

ဝိသုတေ စ ဝသိတ္ဝာန၊ ဝိသုဒ္ဓေါ ဝိသုဒ္ဓစေတနော။
ဗဟဝေါ ပိဋကေ သိက္ခိ၊ ဝိဝိဓေ ဗျာကရဏေပိ စ။

ဆရာတော်သည် ပညာသင်ကြားပြီးနောက် မြောင်းမြို့မို့ ခါတော်မှီကျောင်းတိုက်၏ အဓိပတိဖြစ်ကာ စာပေပိဋကတ်ကို မှီခိုလာသော တပည့်တပန်းတို့အား ချပို့ကာ သီတင်းသုံးခဲ့လေသည်၊ မြောင်းမြို့၌ ပခုက္ကူအဆက်အနွယ် သံဃာများ အများအပြား သီတင်းသုံးလျက်ရှိရာ ပဇ္ဇော-တာရုံကျောင်းတိုက် ဆရာတော် အရှင်ဉာဏိကမဟာထေရ် (ဘာသန္တရကောဝိဒ)သည်လည်း ပခုက္ကူဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသထံ၌ ပညာသင်ကြား တတ်မြောက်ခဲ့သော မထေရ်ဖြစ်လေသည်၊ ၎င်းပြင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပဏ္ဍိတ ဇေယျမေဒနီကျောင်းတိုက် ဆရာတော်သည်လည်း ပခုက္ကူမဟာဝိသုတာရာမတိုက်ထွက် ဆရာတော် ဖြစ်လေသည်၊ (မြောင်းမြို့မို့ အဂ္ဂမဟာပဏ္ဍိတ ဇေယျမေဒနီဆရာတော် အရှင်ပဏ္ဍိတရှု။)

ရှေကျင်မြို့ ဗုဒ္ဓသာသန ဝိနယဓရ ဝိနယကောဝိဒ

အရှင်ဣန္ဒဝံသ မဟာထေရ်

ရှေကျင်မြို့ မန္တလေးကျောင်းတိုက် ဆရာတော် အရှင်ဣန္ဒဝံသသည် ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ အမှူဆောင် ဆရာတော်လည်း ဖြစ်တော်မူ၍ သာသနာပြုနေသော ဆရာတော် ဖြစ်တော်မူသည်။

ဆရာတော်သည် ၁၂၆၂-ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် တောင်ငူခရိုင် ရှေကျင်မြို့ ကွမ်းဆိပ်ရွာ ဦးဆောင်-ဒေါ်စိန်ညိုတို့မှ ဖွားမြင်ခဲ့သည်၊ ၁၂-နှစ်သားအရွယ်တွင် သူရဲသမိန်ဂိုဏ်း ဦးစီးနာယက အရှင်ဇဝနမဟာထေရ်ထံ ရှင်သာမဏေဝတ်ခဲ့၍ ၁၂၇၂-ခုနှစ် တန်ခူးလဆုတ် ၁-ရက်နေ့တွင် ညောင်ခြေထောက်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ခဲ့သည်။

ပခုက္ကူ အတတ်မြို့တော် မဟာဝိသုတာရာမတိုက်ကြီးသို့

ငယ်ဆရာ အရှင်ဇဝနစသော ဆရာတော်များ, ရန်ကုန်မြို့ မဟာအောင်မြေ ဘုံစံဆရာတော် အရှင်စန္ဒိမာ, အရှင်ဧက္ကိန္ဒ, မန္တလေးမြို့ ဘုရားကြီးတိုက် အရှင်ဣန္ဒာသဘစသော ဆရာတော်များထံ ပညာသင်ကြားခဲ့ပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ ပိဋကတ်တက္ကသိုလ်ကြီးသို့ ရောက်၍ ပိဋကတ်ကို ကျနစွာ သင်ယူတတ်မြောက်ခဲ့သည်။

ဝိသုတာရာမ အာရာမေ၊ သန္တာနံ စိတ္တတောသနေ။
တိပိဋကံ သမုဂ္ဂဏ္ဍိ၊ ဆေကော ဣန္ဒဝံသော အဟု။

ဝိနယဓရဝိနယကောဝိဒဘွဲ့တံဆိပ်တော်

ဆရာတော် အရှင်ဣန္ဒဝံသသည် ၁၃၁၇-ခုနှစ် တိပိဋကဓရရွှေးချယ်ပွဲတွင် ဗုဒ္ဓသာသနဝိနယဓရဘွဲ့ကို ရရှိတော်မူ၍ ၁၃၂၀-ခုနှစ်တွင် ဗုဒ္ဓသာသန ဝိနယကောဝိဒဘွဲ့ကို ရရှိတော် မူခဲ့လေသည်၊ ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယအစည်းအဝေးများတွင် ကြွရောက်၍ နိကာယာဓိပတိ ဆရာတော်ဘုရားကြီးများ၏ ဩဝါဒကို ခံယူလေ့ရှိသည်။

နိဒါန်း

မြေအပြင်၏တန်ဆာကား ဘုရင်မင်းမြတ်ဖြစ်သည်၊ အားလုံးသောအရာဝတ္ထု၏ တန်ဆာကား အတတ်ပညာ ဖြစ်လေသည်။

ပ္ဍ ထိဝျာဘူဂဏံ ရာဇာ၊ ဝိဒ္ဒါ သဝိသျ ဘူဂဏာမ်။
(သင်္ကတနီတိကျမ်းများ)

ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ

ဆရာတော် အချင်သုဒဿန မဟာထေရ်

ခရမ်းမြို့မှ ကိုင်းကုန်းကျောင်းတိုက်သည် ဟံသာဝတီခရိုင်အတွင်းရှိ စာသင်တိုက်များအနက် အကြီးကျယ်ဆုံး မဟာဝိသုတာရုံမိက ဂဏဝါစကဝင် ဓမ္မ, ဝိနယစာသင်တိုက်ကြီး ဖြစ်လေသည်၊ ၎င်းကျောင်းတိုက်သည် ခရမ်းမြို့လယ် ၃-ကေလောက်ရှိ မြေကွက်လပ်ပေါ်၌ သံဃာနေ ကျောင်းကြီးပေါင်း ၉-ကျောင်းတို့ဖြင့် အခါအားလျော်စွာ သံဃာတော် ၂၀၀, ၂၅၀-လောက် သီတင်းသုံးရာ ဝိဇ္ဇာဌာနကြီး ဖြစ်လေသည်။

ခရမ်းနဂရဝေမဇ္ဈေ၊ နာနာဝါသဝိဘူသိတေ။
ကိုင်းကုန်းတိ ဝိသုတာရုမေ၊ အတိသုတေ ဒ္ဒိဘူမကေ။

(ကိုင်းကုန်းဆရာတော်၏ ပါရမီဒီပနီနိဂုံး-၄၂)

အဂ္ဂမဟာပဏ္ဍိတ အရှင်သုဒဿန မဟာထေရ်

ဆရာတော်သည် မဟာဝိသုတာရုမ သာသနာ့အနွယ်တော်ကို စောင့်ရှောက်တော်မူသည့် ဆရာတော် ဖြစ်တော်မူသည်။

ဖွားမြင် သာမဏေဝတ် ရဟန်းပြုခြင်း

ဟံသာဝတီခရိုင်, ခရမ်းမြို့, သပြေကုန်းပိုင်း၌ အာဘဦးခင်, အမိဒေါ်အေးသာတို့မှ ၁၂၆၂-ခု သီတင်းကျွတ်လဆုတ် ၁-ရက်နေ့တွင် ဖွားမြင်တော်မူ၍ ၁၂၇၇-ခုနှစ်တွင် ကိုင်းကုန်းဆရာတော် အရှင်နန္ဒဇထံ ရှင်သာမဏေ ဝတ်ခဲ့သည်၊ ရှင်သာမဏေဘဝမှာ ရှင်သုဒဿန ဖြစ်လေသည်၊ ၁၂၈၁-ခုနှစ် တပေါင်းလဆန်း ၁၀-ရက် သောကြာနေ့တွင် ကိုင်းကုန်းခဏ္ဍသိမ်တော်၌ ကိုင်းကုန်းကံသာ ဆရာတော် အရှင်ခေမာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်လေသည်။

ဥပဇ္ဈာယံ ကရိတ္ဝာန၊ ခေမာထေရံ ဝိသာရဒံ။
ဒုလ္လဘံ အလဘီ မိရော၊ သုဒဿနော ဝိစက္ခဏော။

ပညာသင်ကြားခြင်း

ပညာသင်ကြား၍ ဂ-နှစ်သားအရွယ်တွင် စတုတ္ထတန်း ထူးချွန်စွာအောင်မြင်သဖြင့် ငွေတံဆိပ်ဆုကို ရရှိခဲ့သည်၊ ၁၅-နှစ်အရွယ်တွင် ၇-တန်းစာမေးပွဲ ဖြေဆိုပြီး ရှင်သာမဏေဝတ်ခဲ့၍ တောင်သာမြို့နယ် အရှင်ဝိဇယထံ၌ ရှင်သာမဏေအဖြစ်ဖြင့်ပင် သဒ္ဒါ, သင်္ဂြိဟ်, ရူပသိဒ္ဓိ, ပုဒ်စစ်, သဒ္ဒါစစ်, နိယံ, သဒ္ဒါငယ်ကျမ်းများ မာတိကာ, ဓာတုကထာ, ယမိုက်ကျမ်းတို့ကို သင်ယူခဲ့ပြီး အစိုးရစာမေးပွဲဖြေဆိုခဲ့ရာ ပဌမငယ်တန်း, ပဌမလတ်တန်းတို့ကို လွယ်ကူစွာ ဖြေဆိုအောင်မြင်ခဲ့လေသည်၊ ရဟန်းဖြစ်ပြီးနောက်တွင်လည်း အရှင်ဝိဇယထံ၌ပင် ကခ်ီ, ဋီကာကျော်, အဋ္ဌကထာတို့ကို ၃-ဝါ အတွင်း ကျမ်းရင်း ၃-ကျမ်း သင်ယူပြီးဆုံးခဲ့လေသည်။

ဝိဇယဿ သုဝိညုဿ၊ သန္တိကေ စ သုဒဿနေ၁။
ဂမ္ဘီရေ နပွကေ ဂန္ဆေ၊ သုသိက္ခိ တိက္ခဉာဏိကော၁။

ပခုက္ကာနည်းဖြင့် ပိဋကတ်ကို သင်ယူခြင်း

ရဟန်း ၃-ဝါရပြီးနောက် ဆရာရင်း ဦးဝိဇယ၏ အပ်နှံမှုကြောင့် ဆီမီးခုံမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒထံရောက်ရှိ၍ ပိဋကတ် ၃-ပုံကို အဋ္ဌကထာတွဲဖက်လျက် ၃-နှစ်တိုင် မဆုတ်မနစ်သော ဝီရိယဖြင့် သင်ယူတတ်မြောက်ခဲ့လေသည်။

ဘဒန္တနာရဒဿာပိ၊ ပိဋကေသု သုဝိညုနော၁။
ဗဟဝေါ ပိဋကေ သိက္ခိ၊ သိက္ခနေ အတိကောဝိဒေါ၁။

ဂဏဝါစက စာချဖြစ်ခြင်း

ရဟန်းသိက္ခာ ၆-ဝါရပြီးသောအခါ ကျေးဇူးရှင် အရှင်နာရဒမဟာထေရ်က ဂဏဝါစက စာချအဖြစ် ချီးမြှောက်သဖြင့် ဆီမီးခုံမြို့ မဟာဝိသုတာရာမတိုက်၌ များစွာသော စာလိုက်သံဃာတို့အား ၂-နှစ်တိုင် စာချရင်း ဘေဒစိန္တာ, ကစ္စာယနသာရ, ဝါစ္စဝါစက-စသော သဒ္ဒါငယ်ကျမ်းများကို ကိုယ်တိုင် ဆိုဝါဖြင့် ဆရာတော် အရှင်နာရဒထံ သင်ကြားရလေသည်၊ ဤသို့ အရှင်သုဒဿနသည် ဆီမီးခုံ မဟာဝိသုဘာရာမတိုက်၌ စာသင် ၃-နှစ် စာချ ၂-နှစ်အားဖြင့် ၅-နှစ်ကြာ သီတင်းသုံး၍ သာသနာကို ချီးမြှောက်ပြုစုခဲ့လေသည်။

ပဥ္စဝဿံ ဟိ သော ဓီရော၊ ဝသန္တော ဝိသုတေ ဝရေ။
သိက္ခာဝါစနကမ္မေန၊ အကာ သာသနပဂ္ဂဟံ။

မန္တလေးမြို့သို့

မန္တလေးမြို့ရှိ ပိဋကတ်ကျမ်းတတ် ဆရာမြတ်တို့ထံ နည်းခံလိုသေးရကား ကျေးဇူးရှင် ဆရာတော် အရှင်နာရဒအထံ ခွင့်ပန်ပြီး မန္တလေးမြို့သို့ ၁၂၈၉-ခုနှစ်တွင် ကြွတော်မူ၍ ဘုရားကြီးတိုက် ဟံသာဝတီဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဣန္ဒာသဘ, ရွှေရေးဆောင် ဆရာတော် ဦးကြည်, ဘုံကျော်တိုက် ဆရာတော် ဦးဃောသိတတို့ထံ ကျနစ်စာ နည်းခံသင်ယူခဲ့လေသည်၊ ၎င်းနောက် ဆန်းကျမ်းပါရဂူ ဗန်းမော်ဆရာတော် အရှင်ဥတ္တမထံ၌ ဆန်းကျမ်းကို သင်ယူပြီး, တောင်မြို့ မင်္ဂလာရာမတိုက် ဆရာတော်များထံ ဓာတုကထာ, ယမိုက်, ပဋ္ဌာန်းကျမ်းတို့ကို သင်ယူတတ်မြောက်ခဲ့လေသည်။

မန္တလေး နဂရေ စေဝ၊ အထောပိ အမရေ ပုရေ။
ဗဟုလေ သိက္ခိတဗ္ဗေပိ၊ သိက္ခိ သုဒဿနော သုဓီ။

ခရမ်းမြို့ ပခုက္ကူ။ မဟာဝိသုတာရာမအန္ဓယ် စာသင်တိုက်တည်ခြင်း

အရှင်သုဒဿနသည် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ကို ၁၂၉၁-ခုနှစ် ကဆုန်လဆုတ် ၁၀-ရက်နေ့က လွှဲအပ်ခြင်းကို ခံယူတော်မူခဲ့ရသည်၊ ဆရာတော် အရှင်စန္ဒာဝရအား ခေတ္တ အစောင့်ထား၍ ပညာသင်ကြားနေချိန် ၁၂၉၂-ခု တန်ဆောင်မုန်းလ၌ ကျောင်းဒကာများ ကြေးနန်း

ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် အရှင်သုဒဿနမဟာထေရ် 490

ရိုက် ပင့်ကြသဖြင့် စာသင်ဖက်ဖြစ်ကြသော ဆရာတော် အရှင်စက္ကိန္ဒ, ဆရာတော် အရှင်ဝိသုဒ္ဓ, ဆရာတော် အရှင်ဉာဏောဘာသတို့နှင့်အတူ ခရမ်းမြို့သို့ ပြန်ကြွကာ ကိုင်းကုန်း စာသင်တိုက်ကို တည်ထောင်၍ စာပေပို့ချခဲ့သည်၊ ပခုက္ကူ မဟာဝိသုတာရုမိက ဂဏဝါစက နိကာယကြီး၌ နိကာယဝင်အဖြစ် ရပ်တည်လျက် ပခုက္ကူစည်းမျဉ်းနှင့်အညီ တိုက်တာကို အုပ်ချုပ်ပြုစုသဖြင့် ဤမျှကြီးကျယ်သော စာသင်တိုက်ကြီး ဖြစ်လာသည်။

ပါဠိတက္ကသိုလ်

ကိုင်းကုန်းကျောင်းတိုက်ကြီးသည် ပါဠိဝိသဝိဇ္ဇာလယခေါ် ပါဠိတက္ကသိုလ်အဖြစ် ၁၃၁၉-ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ အသိအမှတ်ကို ခံယူလျက် ၁၃၂၆-ခုနှစ် ပါဠိတက္ကသိုလ် ဥပဒေတည်ရှိသမျှကာလတိုင် ပါဠိတက္ကသိုလ် ဖြစ်ခဲ့သည်။

ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည်—

၁။ ဆဋ္ဌသံဂါယနာတွင် ခရမ်းမြို့နယ် ပါဠိဝိသောဓကအဖွဲ့၏တာဝန်ခံတာဝန်၊
၂။ ခရမ်းမြို့နယ် ဘာဏကအဖွဲ့၏ တာဝန်ခံဆရာတော်အဖြစ် တာဝန်၊
၃။ မြို့နယ် သံဃဝိနိစ္ဆယ တာဝန်ခံတာဝန်၊
၄။ ခရမ်းမြို့ ဗုဒ္ဓသာသနအဖွဲ့၏ ဩဝါဒါစရိယ တာဝန်၊
၅။ ပဋိပတ္တိသာသနာ့ရိပ်သာ ဩဝါဒါစရိယ တာဝန်၊
၆။ ကျောင်းထိုင်ဆရာတော်များအဖွဲ့ ဥက္ကဋ္ဌတာဝန်၊
၇။ ကိုင်းကုန်း ပါဠိတက္ကသိုလ်အဖွဲ့၏ ဥက္ကဋ္ဌတာဝန်—

စသည်တို့ကိုလည်း ဆောင်ရွက်ခဲ့သဖြင့်လည်း သာသနာတော်၌ လွန်စွာထင်ရှားလေသည်။

အနေကေသုပိ ဌာနေသု၊ ဘာရဝါဟီ ဝိသာရဒေါ။
သုဒဿနော ဟိ လောကဂ္ဂ-သာသနေ အာဘိပါကဋ္ဌော။

လုပ်ငန်းများ

နေ့စဉ် စာဝါ ၃-ဝါ မှန်မှန် ချပို့တော်မူ၍ ကျောင်းကန် ဝေယျာဝစ္စကိုလည်း ပြုလုပ်လျက် အားလပ်ချိန်တွင် အရဟံဂုဏ်တော်နှင့် မေတ္တာဘာဝနာကို လက်ကိုင်ထား ပွါးများကြောင်းလည်း သိရလေသည်။

သာသနာရေးရာ ကိစ္စအဖြာဖြာကို ဆောင်ရွက်ရာ၌လည်း ဘုရားရှင် ရှေ့မျက်နှာတော်ကို ကြည့်၍ နှိမ့်သင့်သော ပုဂ္ဂိုလ်ကို တရားသဖြင့် နှိမ်နင်းဆုံးမခြင်း, ချီးမြှင့်သင့်သော ပုဂ္ဂိုလ်ကို တရားသဖြင့် ချီးမြှင့်ခြင်းတို့ကို—

နိဂ္ဂယှ နိဂ္ဂဟေတဗ္ဗေ၊ ပဂ္ဂဏှေယျ စ ပဂ္ဂဟံ။
သုသုခေနေဝ ဇောတေယျံ၊ သမွာသမ္ဘုဒ္ဓသာသနံ။

ဟူသော ဂါထာနှင့်အညီ ဆောင်ရွက်တော်မူကာ သာသနာပြုတော်မူခဲ့သည်။

ကျမ်းဂန်ပြုစု အားထုတ်မှု.

အနာဂတ်သာသနာအတွက် ကျမ်းဂန်မျှားကိုလည်း ရေးသားတော်မူခဲ့သည်၊ ၎င်းတို့မှာ—

၁။ ပါရမီဒီပနီကျမ်း၊

၂။ ပဗ္ဗဇ္ဇာဒီပကာသနီကျမ်း၊

၃။ အရဟံဂုဏာဝဏ္ဏနာဒီပနီကျမ်း၊

၄။ နဝင်္သီလ အဆုံးအဖြတ်ကျမ်း- စသည်တို့ ဖြစ်ကုန်သည်။

ပါရမီဒီပနီအာဒိ၊ ဗဟူ ဂန္ထေ စ ကာရယိ။
အနာဂတေပိ သမ္မုဒ္ဓ-သာသနဿာဘိဝုဒ္ဓိယာ။

အဂ္ဂမဟာပဏ္ဍိတဘွဲတံဆိပ်တော်

ဖော်ပြပါ ဆောင်ရွက်ချက် စသည်တို့နှင့် သီလ, သမာဓိ, ပညာမျှားစွာသော ဂုဏ်အပေါင်းတို့ ကြောင့် ၁၃၁၉-ခုနှစ်၌ နိုင်ငံတော်အစိုးရတို့ လှူဒါန်းပူဇော်အပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူလေသည်။

မဟာပဏ္ဍိတ လဉ္ဆေန၊ ပူဇယိ သု ဇနာဓိပါ။
သုဒဿနံ ဓီတိမန္တံ၊ လောကဂ္ဂသာသနေ ရတံ။

တိုက်တွန်းချက်

သင် သူတော်ကောင်းတို့သည် ရဲရင့်သူ ပညာရှင်တို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော ဝီရိယကို ခေါင်း ဆောင်ခန့်၍ ကိစ္စအားလုံးကို အောင်မြင်သည်အထိ ပြုလုပ်ကြပါကုန်လော့၊ ပညာရှင်အပေါင်း သူတော်ကောင်းတို့သည် ဝီရိယဖြင့် အောင်ပွဲအမျိုးမျိုးကို နှဲယူပြုလုပ်အပ်ခဲ့ပြီ မဟုတ်ပါလော့။

ပုဗ္ဗင်္မံ ကရိတ္ဝာန၊ ဝီရိယံ ဝီရသန္တကံ။
ကရောထ သမ္ဗကိစ္စာနိ၊ သုခီဟိ သုကတံ နနု။

ပခုက္ကူ၊ ကျန်းဦးဆရာတော်

အခြင်ဉာနဒွန်ရ မဟာထေရ်

ဆရာတော်သည် ဝိနယဂရုက သိက္ခာကာမ ဆရာတော်တပါး ဖြစ်တော်မူသည်။

ဖွားမြင် ရှင်သာမဏေဝတ် ရဟန်းပြုခြင်း

ဆရာတော်လောင်းလျာသည် ၁၂၄၆-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၉-ရက် အင်္ဂါနေ့ ၃-ချက်တီး ကျော်အချိန်တွင် ပခုက္ကူခရိုင် ကျန်းဦးရွာ အဘဦးချိန်, အမိဒေါ်အိမ်မူးတို့မှ ဖွားမြင်တော်မူခဲ့သည်၊ ၁၂၆၁-ခု နယုန်လဆုတ် ၁-ရက် တနင်္ဂနွေနေ့ နံနက် ၇-နာရီ ၅-မိနစ်အချိန် မန္တလေးမြို့အရှေ့ပြင် ခင်မကန်တိုက် ခဏ္ဍသိမ်တော်၌ မင်းရွာဆရာတော် အရှင်အရိယဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်၊ ဘွဲ့တော်မှာ အရှင်ဉာနဒွန်တရ ဖြစ်လေသည်။

ဥပဇ္ဈာယံ ကရိတ္ဝာန၊ မင်းရွာထေရံ မဟာဝိဒုံ။
ဉာနဒွန်တရောပသမ္ပန္နော၊ လောကဂ္ဂသာသနေ ဝရေ။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့

ဆရာတော်လောင်းလျာသည် သာမဏေဘဝမှစ၍ မန္တလေးခွဲ ကြာမြင့်စွာ ပညာသင်ကြားခဲ့ပြီးနောက် ပခုက္ကူ၊ မဟာဝိသုတာရာမတိုက် ရေစကြိုဆရာတော် အရှင်ဂန္ဓသာရ၏ အထံတော်၌ ပိဋကတ်ကို ကျနစွာ သင်ကြားတတ်မြောက်တော် မူခဲ့လေသည်။

သန္တိကေ ဂန္ဓသာရဿ၊ သာရဿ သာရသေနော။
သာရေ ဂန္ဆေ စ သိက္ခိတ္ဝာ၊ သာရေသု အတိကောဝိဒေါ။

အောက်ရပ်ဌာနီ ဒေးဒရဲမြို့စသည်တို့၌လည်း ပညာသင်ကြား ချပို့ခဲ့ဘူးသည်၊ ရဟန်းသိက္ခာ ဂ-ဝါအရတွင် ကျန်းဦးရွာ၌ ပြန်ကြွ သီတင်းသုံးတော်မူလေသည်၊ မူလကျောင်းမှာ ရေစားပျက်စီးသဖြင့် လယ်ယာစုရွာ၌ ကျောင်းသစ်တည်၍ သီတင်းသုံးတော် မူလေသည်၊ ဝိနည်းသိက္ခာပုဒ်တော်၌ လွန်စွာအလေးဂရု ပြုတော်မူသည်၊ ယခုသက်တော် ၇၅-နှစ် သိက္ခာတော် ၆၆-ဝါ ရတော်မူပြီ ဖြစ်သော်လည်း ကျန်းမာချမ်းသာစွာ ရှိတော်မူလျက် သိမ်သမုတ်ရဟန်းခံ စသော ကံကြီး ကံငယ်တို့၌ ကျမ်းကျင်စွာ ဆောင်ရွက်၍ ရဟန်းသာမဏေတို့အား ဂန္ဆန္တရအဝဝကို ချပို့တော်မူလျက် သာသနာ့ဝန်ကို ထမ်းဆောင်လျက် ရှိတော်မူသည်။

ဉာနဒွန်တရော မဟာထေရော၊ ဇိနသာသနကာရကော။
ဗျတ္တော သာသနကိစ္စေသု၊ ဘာရဝါဟီ ဝိသာရဒေါ။
သော အာတိဝ စိရံ ကာလံ၊ ဇောတေတု ဗုဒ္ဓသာသနံ။

ပခုက္ကူ။ မုံညွင်းကိုဏ်းသံဃနာယက ခရိုင်ဝိနည်းဓိုရ်

ဆဋ္ဌသံဂီတိကာရက အခွင့်ကလျာဏ မဟာထေရ်

အရှင်ကလျာဏမဟာထေရ်သည် ၁၂၄၉-ခုနှစ် သီတင်းကျွတ်လဆန်း ၁၀-ရက်နေ့တွင် ပခုက္ကူ ခရိုင် ကျောက်ဖူးရွာ ဦးရွှေလုံး, ဒေါ်ထုန်တို့မှ ဖွားမြင်တော်မူသည်၊ မထေရ်လောင်းလျာကို မိဘတို့က မောင်ချမ်းသာဟု မှည့်ခေါ်ကြသည်၊ ၇-နှစ်သားအရွယ်တွင် ကျောက်ဖူးရွာကျောင်း ဆရာတော်ထံ၌ ပညာသင်ကြားခဲ့သည်၊ ၁၅-နှစ်သားအရွယ်တွင် ဆရာတော် ဦးကေသရထံ ရှင်သာမဏေ ဝတ်ခဲ့သည်၊ ဥပဇ္ဈာယ်ဆရာတော် အရှင်ကေသရနှင့် မြေခြားကျောင်း အရှင်ကေလာသတို့ထံမှ ပိုဋ္ဌကတ် အခြေပြုကျမ်းစာများကို သင်ယူခဲ့သည်။

ဆရာတော် လောင်းလျာသည် ၁၂၆၈-ခု တပို့တွဲလဆုတ် ၅-ရက်နေ့တွင် ဂွေးပင်ရွာ အရွှေကျောင်း ခဏ္ဍသိမ်တော်၌ ဂွေးပင်တောရကျောင်းဆရာတော် အရှင် ကေသရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်။

ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီးသို့

ရဟန်းဖြစ်ပြီးနောက် မအူ သရက်တောကျောင်းတိုက်၌လည်း ပညာသင်ကြားခဲ့သည်၊ ၎င်းနောက် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ နိကာယသာဂရပါရဂူ အရှင်ဂန္ဆသာရ မဟာထေရ်, အရှင်ပညာမဟာထေရ်, အရှင်နန္ဒဝံသမဟာထေရ် စာချဆရာတော် အရှင်ဝိသုဒ္ဓ မဟာထေရ်တို့ထံ ပိဋ္ဌကတ်ကို ဆိုဝါလိုက်ဝါဖြင့် သင်ယူတတ်မြောက်တော်မူခဲ့သည်။

ဝိသုတာရာမအာရာမေ၊ ထေရာနံ ထိရသီလိနံ။
သန္တိကေပိ သမုဂ္ဂဏှိ၊ ဒုဒ္ဒသံ ပိဋ္ဌကံ ဝရံ။

ဆရာတော်သည် မန္တလေး, သမင်ခြံရွာ စသည်တို့၌လည်း ပညာသင်ကြားခဲ့သည်၊ ၎င်းမှနောက်၌လည်း ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ဆက်လက်ပညာသင်ကြားတော် မူသေးသည်၊ ၁၀-ဝါအရောက်မှစ၍ ကျောက်ဖူးရွာကျောင်း၌ အာရာမာဓိပတိဖြစ်၍ သီတင်းသုံးကာ ဓုရ ၂-ပါး အားသစ်တော်မူသည်၊ ဆဋ္ဌသံဂါယနာတွင်လည်း သံဂီတိကာရကအဖြစ် ဆောင်ရွက်ခွင့်ရတော် မူသည်၊ ၁၃၁၆-ခုကစ၍ ပခုက္ကူခရိုင် ဝိနည်းဓိုရ်တာဝန်ကိုလည်း ထမ်းဆောင်တော်မူရသည်၊ ၁၃၁၇-ခုနှစ်တွင် မုံညွင်းကိုဏ်းကြီး၏ နာယက ဖြစ်တော်မူသည်၊ ၁၃၃၀-ပြည့်နှစ် ကဆုန်လဆန်း ၂-ရက်နေ့တွင် ဘဝနတ်ထံ ဝင်စံတော်မူသည်။

(မြင့်မြင့်သမျှ သခ်ၤါရ စိတ်ကနှလုံးသွင်း)



ပခုက္ကူခရိုင် မုံညင်းကိုဏ်းသံဃနာယက အရှင်ကလျာဏ မဟာထေရ်

ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ပြင်ပရွာ ဆရာတော် အရှင်ပဏ္ဍိစ္စ
မဟာထေရ်

ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ပြင်ပရွာ

ဆရာတော် အရှင်ပဉ္ဇင်္ဒမဟာထေရ်

အရှင်ပဏ္ဍိစ္စ မဟာထေရ်သည် ကျေးဇူးတော်ရှင် ရေစကြို့ဆရာတော်ဘုရားကြီး၏ အလုပ်အကျေး, သံဃဝေယျာဝစ္စ ပြုလုပ်ခဲ့သူ ပညာရှိ, သီလဝန္တ, သိက္ခာကာမ မထေရ်မြတ်တပါး ဖြစ်တော်မူသည်။

ကာလ ဒေသ မိဘ

ဆရာတော်သည် သက္ကရာဇ် ၁၂၄၆-ခုနှစ် ပဌမဝါဆိုလဆုတ် ၃-ရက် ကြာသပတေးနေ့၌ ပခုက္ကူခရိုင် ထီးလင်းမြို့နယ် အညာဘန်းရွာ၌ ရတနာ ၃-ရပ်ကို လေးမြတ်ယုံကြည်ကြသည့် အဘ ဦးရန်မင်း, အမိ ဒေါ်အိမ်စောင်းတို့မှ ဖွားမြင်တော်မူခဲ့သည်၊ ဆရာတော်၏ ငယ်နာမည်မှာ မောင်ထွန်းအေး ဖြစ်လေသည်။

ကျောင်းနေ ပညာသင် ရှင်သာမဏေပြု

ဆရာတော်လောင်းလျာ မောင်ထွန်းအေးသည် ၁၀-နှစ်ကျော် အရွယ်တွင် အလယ်ကန်ရွာမင်းမြတ်ဖော်၏ကျောင်း၌ မိဘတို့အပ်နှံသဖြင့် ပညာသင်ကြားပြီးနောက် အညာဘန်းရွာမင်းထွန်းကျော်၏ကျောင်းသို့ ပြောင်းရွှေ့၍ အတတ်ပညာ သင်ကြားခဲ့သည်၊ (ဤ၌ မင်းဟူသည် ရဟန်းတော်များကို ဘုရင်မင်းတို့၏ အရာ၌ ထား၍ လူမည်၏ရွှေမှာ တပ်ကာ အဓိပ္ပာယ်အမြတ်ပြုသောအားဖြင့် ခေါ်ဝေါ်သော ယောဒေသ အသုံးအနှုန်းဖြစ်သည်) ထိုဆရာတော် ၂-ပါး၏ ဘွဲ့တော်များမှာ သိသူ မရှိကြပြီ၊ အသက် ၁၇-နှစ်သားအရွယ်တွင် ရှင်ပဏ္ဍိစ္စဟူသော ဘွဲ့မည်ဖြင့် ရှင်သာမဏေဝတ်ခဲ့ပြီး ပြင်ဆရာတော် အရှင်ပုညမဟာထေရ်၏အထံ၌ စာဆို၍ ပညာသင်လေသည်။

သတ္တာရသေဝ ဝဿမို့၊ သာမဏေရတ္တာနံ လဘိ။
ပဏ္ဍိစ္စမပိ နာမမို့၊ ဥပဇ္ဈာယော အဒါသိ စ။

ရေးစကြို့ဘုန်းမော် ဆရာတော်ထံသို့

၁၂၆၄-ခုနှစ် ရှင်ပဏ္ဍိစ္စသက်တော် ၁၈-နှစ်သားအရွယ်တွင် အရှင်ပုညမဟာထေရ်ကိုယ်တိုင် ပန်းစွာတိုက်၌ သီတင်းသုံးတော်မူလျက်ရှိသည့် ရေစကြို့ဘုန်းမော် ဆရာတော် အရှင်ဂန္ဓသာရထံသို့ လိုက်ပို့အပ်နှံသဖြင့် ဆရာတော်ကြီး၏ထံ၌ ပညာသင်ကြားရသည်၊ ၁၂၆၅-ခုနှစ်တွင် ဆရာတော်ဘုရားကြီး ရေစကြို့ပြန်ကြွတော်မူသောအခါတွင် ဆရာတော်ဘုရားကြီးနှင့်အတူ ရေစကြို့မြို့သို့လိုက်၍ ပြုစုလုပ်ကျွေးရင်း ဆိုဝါဖြင့် ပညာသင်ရသည်။

ရဟန်းပြုခြင်း

သာသနာသက္ကရာဇ် ၂၄၄၇-ခု ကောဇာသက္ကရာဇ် ၁၂၆၅-ခုနှစ် နတ်တော်လ သက်တော် ၁၉-နှစ် ၅-လအရောက်တွင် ပခုက္ကူမြို့ ပန်းစွာတိုက် ခဏ္ဍသိမ်တော်၌ ကျေးဇူးတော်ရှင် တိပိဋကာ

ဘုရင်ဟု တိုင်းခွင်ကျော်ကြားတော်မူသော ရေစကြိုဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့ ပေါင်လောင်ရှင်ရပ်နေ ဝီလံကျော့ဒေဝနှင့် ဒေါ်သုယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်၊ ဝီလံကျော့ဒေဝသည် အင်္ဂလိပ်လူမျိုး လမ်းအရေးပိုင် ဖြစ်သည်၊ ဗုဒ္ဓဘာသာပင် မဟုတ်သော်လည်း ဇနီးသယ်အလိုရှိတိုင်း ကုသိုလ်ကောင်းမှု ပြုခွင့်ပေးလေသည်၊ ရေစကြိုဆရာတော်ဘုရားကြီး ဆွမ်းဘုဉ်းပေးရန်အတွက် ဝီလံကျော့ဒေဝသည် ကိုယ်တိုင် ဆွမ်းဆက်ကပ်သည်ဟု ကြားဘူးလေသည်။

ဂန္ဆသာရံ မဟာထေရံ၊ အနန္တဂန္ဆဝါစကံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ ပဏ္ဍိစ္စော ဒုလ္လဘံ လဘိ။

ရဟန်းသစ် အရှင်ပဏ္ဍိစ္စ၏ အပြိုဆွတာဂုဏ်

အရှင်ပဏ္ဍိစ္စသည် ရဟန်းဖြစ်သစ်စမှစ၍ အလိုလောဘနည်းသည်၏ အဖြစ်တည်းဟူသော အပြိုဆွတာဂုဏ်နှင့် ပြည့်စုံတော်မူသည်၊ ရဟန်းခံပွဲ၌ သင်္ကန်း, ထီး, ဘိနပ်, မျက်နှာသုတ်စောင်-စသည့် သီးမျိုးစုံတို့ဖြင့် ၅၀၀-ကျော်တန် ပဒေသာပင်ကို မိမိတစုံတခုကိုမျှ မယူပဲ ကျေးဇူးရှင် ဆရာတော်ကြီးအား လှူဒါန်းလေသည်၊ ဆရာတော်ဘုရားကြီးသည်လည်း တပည့်တပန်းတို့အား ဝေဖန်၍ လှူဒါန်းချီးမြှင့်လေသည်၊ ဤသို့ဖြင့် မစ္ဆေရသူပုန်ရန်ကို ပုန်ကန်တိုက်ဖျက်၍ ထက်မြက်သောသဒ္ဓါဖြင့် လှူဒါန်းသည်မှာ ရဟန်းသစ် အရှင်ပဏ္ဍိစ္စအတွက် ချီးကျူးဖွယ်ရာ တခဏ်းတကျက် ဖြစ်လေသည်၊ အသက်အရွယ် ငယ်ငယ်ကလေးတွင် သို့ကလောက် အပြိုဆွတာဂုဏ်နှင့် ပြည့်စုံလျှင် သက်တော်အရွယ်ထောက် မထေရ်အဖြစ်သို့ ရောက်ရာ၌ကား အပြိုဆွတာဂုဏ်နှင့် ပြည့်စုံသည်အဖြစ်၌ ဆိုဖွယ်ရာမရှိပြီ၊ မုချပြည့်စုံမည်သာတည်း။

တရုဏော ဥပသမ္ပန္နော၊ ပဏ္ဍိစ္စော ပဏ္ဍိတာသယော။
အပြိစ္ဆော တရုဏောယေဝ၊ ထေရကာလေ ကထာဝ ကာ။

ရဟန်းခံပြီး ရေစကြိုဆရာတော်ဘုရားကြီးနှင့်အတူ ရေစကြိုသို့လိုက်ပါ၍ လုပ်ကျွေးပြုစုရင်း ပိဋကတ်ကို သင်ယူရသည်၊ ပခုက္ကူမဟာဝိသုတာရာမတိုက်သစ်ကြီးသို့ ရွှေပြောင်းသီတင်းသုံးရာ အခါ၌လည်း မဟာဝိသုတာရာမတိုက်ကြီးသို့လိုက်၍ ဆရာတော်ကြီးနားမှာနေလျက် ရေပူရေအေး လိုရာပေးဆက်ခြင်းစသည်ဖြင့် လုပ်ကျွေးမှုကိုပြု၍ ပိဋကတ်ကို ဆိုဝါဖြင့် သင်ယူရသည်၊ အရှင် အာနန္ဒာထေရ် ဘုရားရှင်အား လုပ်ကျွေးသည်နှင့် တူလှတော့သည်။

ပါဒေ ပါဒံ'နုဗန္ဓော၀၊ ဂန္ဆထေရဿူပဋ္ဌဟိ။
ဝေဒေဟမုနိ အာနန္ဒော၊ ယထာ လောကဂ္ဂသာသနေ။

အရှင်ပဏ္ဍိစ္စ သင်ယူခဲ့သော ကျမ်းများ

ရေစကြိုဆရာတော်ဘုရားကြီးထံ ဆိုဝါဖြင့် သင်ယူခဲ့သောကျမ်းများမှာ ဝိနည်း ၅-ကျမ်း ပါဠိတော်, အင်္ဂုတ္တိုရ် ၁၁-ကျမ်း ပါဠိတော်စသည် များလှသဖြင့် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံစသော မထေရ်မြတ်တို့ကပင် "မောင်ပဏ္ဍိစ္စက ငါတို့ထက် ဆရာတော်ကြီးထံ ဆိုဝါဖြင့် သင်ယူရသော ကျမ်းများ များလှပေသည်"ဟု ချီးကျူးဂုဏ်ပြုတော်မူကြသည်။

အရှင်ပဏ္ဍိစ္စကျင့်ဝတ်

ထိုစဉ်က အရှင်ပဏ္ဍိစ္စသည် မဟာဝိသုတာရာမတိုက်ကြီး၌ ဆရာတော်ကြီးအနီးမှနေ၍ ဆရာတော်ကြီး၏ ဝေယျာဝစ္စ, တိုက်တာ သံဃာ၏ ဝေယျာဝစ္စ, ဆွမ်းစားကျောင်း ဂဏဝါစကတို့၏ ဝေယျာဝစ္စတို့ကို ပြုလုပ်ရသည်၊ ဝေယျာဝစ္စများပြီး၍ အားလပ်ချိန်၌ ဆရာတော်ကြီးထံ စာလိုက် သံဃာ မြားမြောက်စွာတို့၏အလယ် စာဆိုရသည်၊ ထိုစဉ်က ဆွမ်းစားကျောင်း၌ ပဲစားကြီး ဦးရွှေတောင် ဆွမ်းဝတ်တခုသာ အမြဲရှိ၍ မကြာ မကြာ ဆွမ်းစားကျောင်းသို့ လှူလေ့ရှိသော ဆွမ်းဝတ် ၃-ဝတ်လောက် ရှိသည်၊ အရှင်ပဏ္ဍိစ္စသည် ဦးလတ်, ဦးကိုး, ဦးသန်းတို့နှင့် တိုင်ပင်၍ ဆွမ်းစားကျောင်း ဆွမ်းဝတ်များ စီစဉ်ရာ ဆွမ်းဝတ် ၃၀-လောက်ရှိသဖြင့် ဂဏဝါစကများ ချမ်းသာစွာ ဆွမ်းဘုဉ်းပေးနိုင်ကြပြီး စာချတာဝန်ကို ထမ်းဆောင်နိုင်ကြလေသည်။

မန္တလေးသို့ ကြွခြင်း

ဤသို့ဖြင့် ဆရာတော်ကြီးထံ၌ နှစ်ပေါင်းများစွာ နေထိုင်ကာ လုပ်ငန်းအဝဝကို လုပ်ဆောင်၍ ပိဋကတ်ကိုသင်ယူပြီး ညဝါအတွက် မန္တလေး မြင်းဝန်တိုက်၌ နေထိုင်စဉ် ၁၂၇၆-ခုနှစ် ရေစကြို ဆရာတော်ဘုရားကြီး မကျန်းမာတော်မူသဖြင့် အရှင်ဇဝန, အရှင်ပညာ, အရှင်သုန္ဒရ, အရှင်နန္ဒဝံသတို့တိုင်ပင်ကြပြီး ခေါ်ယူသဖြင့် မန္တလေးမှပြန်ကြွလာ၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား သက်ဆုံးတိုင် ပြုစုတော်မူလေသည်။

ဇဝဉ္စိ ပဏ္ဍိစ္စော ထေရော၊ ပဏ္ဍိတော ပဏ္ဍိတာသယော။
ယာဝဇီဝံ ဥပဋ္ဌာကော၊ ဂန္ဆသာရံ ယတိဿရံ။

တောရွာသို့

အရှင်ပဏ္ဍိစ္စသည် ရဟန်းသိက္ခာ ၁၂-ဝါလောက်တွင် ထီးလင်းမြို့နယ် ခပေါင်းတောရွာ၌ သီတင်းသုံး၍ သာသနာဝန်ကို အားသွန်ကြိုးပမ်းတော်မူခဲ့ရာ ၁၂၉၉-ခုနှစ်တွင် ကျေးဇူးရှင် ဆရာရင်း အရှင်ပုညမဟာထေရ် ပံ့လှန်တော်မူသဖြင့် ပြင်ပရွာ၌ သီတင်းသုံးတော်မူ၍ ရဟန်းသာမဏေများကို စာပေပို့ချခြင်း, ကမ္မဋ္ဌာန်း ဘာဝနာ ပွါးများခြင်းတို့ကို ပြုလုပ်၍ သာသနာပြုတော်မူခဲ့သည်။ ခရိုင် ဩဝါဒါစရိယလည်း ဖြစ်တော်မူသည်။

ဘဝနတ်ထံ ပံ့လှန်တော်မူခြင်း

ဆရာတော် အရှင်ပဏ္ဍိစ္စသည် သက်တော် ဂ၂-နှစ် ဝါတော် ဖဉ-ဝါအရ ၁၃၂၀-ခုနှစ် နတ်တော်လဆန်း ၄-ရက်နေ့တွင် ဘဝနတ်ထံ ဝင်စံတော်မူလေသည်။

ကြိုဆို

ကောင်းမှု ကုသိုလ်တို့သည် ဤပစ္စုပ္ပန်ဘဝမှ တမလွန် ဘဝသို့သွားသော ကောင်းမှုကုသိုလ် ပြုပြီးသော အရှင်ပဏ္ဍိစ္စမထေရ်မြတ်ကို ပြန်ရောက်လာသူ ချစ်ခင်သူကို ဆွမျိုးတို့က ကြိုဆိုကြသကဲ့သို့ ကြိုဆိုလျက်ရှိကြလေကုန်၏။

တထေဝ ကတပုညမ္မိ၊ အသ္မာ လောကာ့ ပရံ ဂတံ။
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယံ ဉာတီဝ အာဂတံ။

(ခမ္မပဒ၊ ပိယဝဂ်၊ နန္ဒိယဝတ္ထု။ ခု၊ ၁။ ၄၅)

ကြည်ညိုဖွယ်ရာများနှင့် အံ့ချီးဖွယ်ရာများ

ဆရာတော် ပျံလွန်တော်မူစဉ် သတိသမ္ပဇဉ်နှင့် ယှဉ်၍ ပျံလွန်တော်မူခြင်း, ဆရာသမား၏ ကျေးဇူးကို လွန်စွာ သိတတ်ခြင်း, စိတ်နှလုံး လွန်စွာ နူးညံ့ပျော့ပျောင်းခြင်း, သမထဝိပဿနာကို အမြဲ ဆင်ခြင် ပွါးများခြင်း, ပျံလွန်တော်မမူမီ အနှစ် ၂၀-အတွင်း ကိလေသာ အဝင် မခံခြင်း, အကယ် ဝင်ခဲ့လျှင် ခဏချင်း ရုပ် နာမ် ဓမ္မတို့၏ အနိစ္စသဘောကို ဆင်ခြင်၍ ဖြိုဖျက်တော်မူခြင်း စသည်တို့ကား စင်စစ် ကြည်ညိုဖွယ် ဖြစ်ရပ်တို့သာတည်း။ ဆရာတော်၏ သီလဂုဏ်ကြောင့် ပျံလွန်တော်မူသောအခါ ရုပ်ကလာပ်၌ ပုပ်စော်မနံ, ယင်ကောင်မနား, အံ့ချီးဖွယ် ရှိခဲ့သည်။

ပညာဓိကဘုရားဆု

ဆရာတော်သည် သာသနာ့ဝန်ထမ်း ကြိုးပမ်းရသော ကောင်းမှုအစုစုတို့ကြောင့် လူစည်းစိမ်, နတ်စည်းစိမ်, ပကတိသာဝက, မဟာသာဝက, အဂ္ဂမဟာသာဝက, ပစ္စေကဗောဓိဆုတို့ကို ပန်ဆင်တော် မမူပါချေ၊ စင်စစ်မူကား ပညာဓိက သမ္မာသမ္ဗောဓိဆုပန် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်လေသည်။

ပဏ္ဍိစ္စော ပဏ္ဍိတော ဗျတ္တော၊ ပညာဓိကော မဟာသယော။
သော စ အာဂါမိကာလေပိ၊ ဇနတံ တာရယိဿတိ။

ရေစကြိုဆရာတော်ဘုရားကြီး၏ အလုပ်အကျွေးတပည့်ကြီး

အခ္ခင်ပညာဓဇာတ မဟာထေရ်

ဆရာတော်သည် တိုင်းပြည်၏ အစွန်အဖျားတောရွာ၌ သီတင်းသုံးတော်မူသဖြင့် မီးခဲပြာဖုံးသဘောဖြင့် တိမ်မြုပ်၍နေသော်လည်း စင်စစ် သီလ,သမာဓိ,ပညာနှင့် ပြည့်စုံသော ကေန္တသာရပုဂ္ဂိုလ်မြတ်ကြီး မှန်လှပါပေသည်။ "ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော"ဟူသော ဒေသနာတော်အရ သီလ,သမာဓိ,ပညာပိုင်ရှင် ပုဂ္ဂိုလ်ထူးကို သိအပ် သိသင့် သိထိုက် မှတ်တမ်းတင်ထိုက်ပါပေသည်။

ဒေသ ကာလ မိဘ

ဆရာတော်သည် ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ကင်းပန်းရွာ၌ ၁၂၅၁-ခု ဝါဆိုလဆန်း ၁-ရက် ကြာသပတေးနေ့တွင် အဘ ဦးသက်ရှည်, အမိ ဒေါ်ကြူးတို့မှ မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သည်။

နာမည်မှည့်ခြင်း

ဆရာတော်လောင်းလျာ၏ အမည်ကို ကျယ်ဝန်းလှပတောက်ပြောင်သော မျက်လုံးမျက်ဖန်နှင့် ပြည့်စုံသဖြင့် မိဘတို့က မောင်ပြူးဟု မှည့်ခေါ်ကြသည်။

မောင်ပြူး ဣတိ အန္ဓတ္ထမ္ပိ၊ အဘိဓာနမကံသု စ။
နေတ္တံ စ သုဝိသာလမ္ပိ၊ ပဋိစ္စ ဇနကာဒယော။

ဇာတိသရဉာဏ် ရရှိခြင်း

ဆရာတော်လောင်းလျာသည် ဇာတိသရဉာဏ်ကို ရရှိသူအဖြစ် နယ်ပယ်၌ ထင်ရှားခဲ့သည်၊ ကင်းပန်းရွာ၏ မြောက်ဖက် ခရီး ၃-မိုင်ခန့် ဝေးကွာသော အင်းနားရွာမှ ခုံ လူကြီး ဦးသန်း ကွယ်လွန်၍ ဝင်စားသည်ဟု ဆိုလေသည်။ စကားပြောတတ်လျှင် အတိတ်ဘဝက အကြောင်းကို ပြောပြသဖြင့် အတိတ်ဘဝက သားဖြစ်ခဲ့ဘူးသူများနှင့် စကားပြောဘူးသည်ဟုလည်း ပြောကြသည်။

ဦးကံထားကျောင်း ပညာသင်

ဆရာတော်လောင်းလျာ မောင်ပြူးသည် ကင်းပန်းရွာ၌ ထိုစဉ်က ကုသိုလ်ဖြစ် ပညာသင်ကြားပေးသော ဦးကံထား၏ စာသင်ကျောင်း၌ သင်ပုန်းကြီး, မင်္ကလသုတ်စသည်တို့ကို ကုန်စင်အောင် သင်ကြားခဲ့သည်၊ ဦးကံထားသည် မောင်ပြူးအား လွန်စွာ သဘောကျသဖြင့် ည မောင်ပြူး အိမ်ပေါ်၌ စာပြန်သောအခါ အိမ်အောက်မှနေပြီး နားထောင်၍ဆုံးမှ အားရဝမ်းသာစွာ အိမ်ပြန်သွားလေ့ရှိသတတ်။

ဒဟရော ဒဟရေယေဝ၊ အသိက္ခိ ဗာလပေါတ္ထကေ။
ဦးကံထား သန္တိကေယေဝ၊ ပုဗ္ဗကမ္မေန စောဒိတော။

ဆရာတော် အရှင်ဂန္ဓမာထံသို့

ဦးကံထားကျောင်းမှထွက်သောအခါ မိဘတို့က ကင်းပန်းမြောက်ကျောင်း မြန်မာဘုရင်လက်ထက် ဂိုဏ်းထောက် ဆရာတော် အရှင်ဂန္ဓမာထံတွင် အပ်နှံကြသဖြင့် အရှင်ဂန္ဓမာထံ၌ ဆက်လက် ပညာသင်ခဲ့သည်။

သာမဏေပြုလုပ်ခြင်း

၁၄-နှစ်ကျော် ၁၅-နှစ်အရွယ်တော်ခေတ်တွင် ဆရာကြီး ဦးကံထား၏သား ဦးကျောက်လုံးက ရှင်ဒါယကာအဖြစ်ခံယူကာ ရှင်ပြုသဖြင့် အရှင်ဂန္ဓမာထံ၌ ရှင်သာမဏေဝတ်လေသည်။ ရှင်ပဏ္ဍိစ္စဟူသော အတ္ထာနုဂတဘွဲ့ကိုလည်း ပေးအပ်မှည့်ခေါ်တော်မူလေသည်။

ဂန္ဓမာထေရသေဋ္ဌံ စ၊ သီလဂန္ဓသုဝါသိတံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ အလတ္ထ ပဗ္ဗဇ္ဇံ ဝရံ။
ပဏ္ဍိစ္စမပိ နာမမ္မိ၊ အဒါသိ ထေရပုင်္ဂဝေါ။

အသက် ၁၆-နှစ်တွင် သဒ္ဒါ,သင်္ဂြိဟ် ပြီးဆုံးအောင် အရှင်ဂန္ဓမာထံ၌ သင်ယူလေသည်။

ရေစကြို အရှင်ဂန္ဆသာရထံသို့

အသက်အရွယ် ၁၆-နှစ်ပြည့်လတ်သော် ဆရာတော် အရှင်ဂန္ဓမာသည် ရှင်ပဏ္ဍိစ္စ၏ သဘော သဘာဝနှင့် ဉာဏ်အရည်အသွေး, ဥပဓိရုပ်လက္ခဏာကို ကြည့်ပြီးလျှင် ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက် ဆရာတော်အရှင်ဂန္ဆသာရထံ ကိုယ်တိုင်လိုက်ပို့အပ်လေသည်။

ဆရာတော် အရှင်ဂန္ဓမာသည် လွန်စွာ လူကဲခတ်ကောင်းလေသည်၊ ယခု ဝန်းသိုမြို့ အဂ္ဂမဟာပဏ္ဍိတ ခန္ဓီးဆရာတော် အရှင်သုဇနသည်လည်း ဆရာတော် အရှင်ဂန္ဓမာ၏ တပည့် ဖြစ်လေသည်၊ ၎င်းပြင် လွတ်တိုက်ကြသူ လွတ်သမားတယောက်ကို ဥပဓိရုပ်ထောက်ချင့်၍ ခဏလာခဲ့စမ်းဟု ခေါ်ပြီး ရောက်လျှင် ရှင်ရဟန်းပြုမည်လားဟု မိန့်တော်မူလျှင် ငြင်းဆန်ခြင်းမရှိပဲ လွတ်စင်၌ လွတ်တန်းလန်း ထားခဲ့၍ ရှင်ရဟန်းပြုခဲ့သည်၊ ထိုရဟန်းသည် သင်္ကန်းဖြင့် အရိုးထုပ်သွားလေသည်။

ရေစကြိုဆရာတော်ဘုရားကြီးသည်လည်း သာမဏေရှင်ပဏ္ဍိစ္စကို ကိုယ်တိုင် စာချပေးတော်မူကာ လွန်စွာ ချီးမြှောက်တော်မူလေသည်။

ဘွဲ့ပြောင်းတော်မူခြင်း

ရေစကြိုဆရာတော်ဘုရားကြီးက ကိုရင် ရှင်ပဏ္ဍိစ္စကို "ဗာဟုဂရုဿသာသနာပိုင် ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်မှာ အရှင်ပညာဇောတ ဖြစ်လေသည်၊ မင်းကြီးတဲ့အခါ သာသနာပိုင်ဖြစ်အောင် မူလပဏ္ဍိစ္စအမည်ကို ဖျောက်၍ ရှင်ပညာဇောတဟု မှည့်ရမည်"ဟု မိန့်တော်မူကာ ရှင်ပညာဇောတဟု တွင်စေလေသည်၊ ဆရာတော်ကြီး ပေးတော်မူသော ရှင်ပညာဇောတဟူသော ဘွဲ့ကား သက်ဆုံးတိုင် တွင်ပါပေသည်၊ သို့သော် သာသနာပိုင် မဖြစ်ပါချေ။

ဗာဟုဂရုသံဃရာဇဿ၊ နာမံ ဂဟေတ္ဝာ မဟာသုဓီ။
ပုဗ္ဗနာမံ အပနေတ္ဝာ၊ ပညာဇောတောတိ ကိတ္တယိ။

နိကာယ်ကြီးမျှားကို ဆိုရခြင်း

ရှင်ပညာဇောတသည် ရေစကြိုဆရာတော်ထံ၌ ကစ္စည်းသဒ္ဒါကြီးကို ထပ်၍ တက်ရသည့်ပြင် သာမဏေဘဝဖြင့်ပင် ဆရာတော်ဘုရားကြီးထံ၌ နိကာယ်ကြီးမျှားကို မျှားစွာသော သံဃာ ပရိသတ်အလယ် ဆိုဝါဖြင့် သင်ယူခဲ့ရသည်၊ စာဆိုအလွန်ကောင်းရကား ဆရာတော်ဘုရားနှင့် စာလိုက်သံဃာတို့က မျှားစွာ ကျေနပ်နှစ်သက်တော်မူကြလေသည်။

သာမဏေရော သမာနော၀၊ သံဃမဇ္ဈေ အသိက္ခိ သော။
ဟုတ္ဝာ ဘာဏကော၀ေ၀၊ နိကာယံ ဗုဒ္ဓဒေသိတံ။

တဒါ ရေစကြိုထေရော ဟိ၊ ဒီဃဒဿီ မဟာကဝိ။
အတီ၀ သန္တုဋ္ဌော အာသိ၊ ပီတိဖုဋ္ဌော နိရန္တရံ။

သုဏန္တော ပရိသာစေ၀၊ ဟဋ္ဌတုဋ္ဌာ ပမောဒိတာ။
အစ္ဆရိယာ၀ ဘာ၀ံ စ၊ ပညာဇောတဿ ဗျတ္တတံ။

အဂ္ဂုပဋ္ဌာက ဖြစ်ခြင်း

ဆရာတော်လောင်းလျှာ ရှင်ပညာဇောတသည် ဆရာတော်ဘုရားကြီး၏ အမှူကြီးငယ်နှင့် သံဃ-ဝေယျာဝစ္စကိုလည်း ပြုလုပ်ရသည်၊ ဆွမ်းစားကျောင်း ဂဏဝါစကဆရာတော်များ ချမ်းသာစွာ ဘုဉ်းပေးနိုင်ရန် ဟင်းစပ်ရသည်၊ ဆရာတော်ကြီးက သင်္ကန်း,ထီး,ဘိနပ်စသည်ကို ပေး၍ ချီးမြှောက်တော်မူသည်၊ စင်စစ်တမူကား ရှင်ပညာဇောတသည် ဆရာတော်ကြီးနှင့် သံဃာတော်အား လုပ်ကျွေးပြုစုရသူ အဂ္ဂုပဋ္ဌာကလည်း ဖြစ်လေသည်။

မဟာထေရံ စ သံဃံ စ၊ ပညာဇောတော ဥပဋ္ဌဟိ။
တသ္မာ စ အဂ္ဂုပဋ္ဌာကော၊ တဒါ သော ပါကဋော ဘ၀ိ။

ဦးကျောက်လုံး ရဟန်းခံလိုကြောင်း ဆရာတော်ကြီးအား လျှောက်ထားခြင်း

ပဋိသန္ဓေနှင့် အသက် ၂၀- ပြည့်ဖြိုးကြွယ်သောအခါ မူလက ရှင်ဒကာ ဦးကံထား၏သား ဦးကျောက်လုံးသည် ရှင်ပညာဇောတအား ကြည်ညိုရင်းရှိလှသဖြင့် ရေစကြိုဆရာတော်ဘုရားကြီးအား ရှင်ပညာဇောတ၏ ရဟန်းဒကာအဖြစ် ခံယူလိုကြောင်း လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်မှာ မောင်ကျောက်လုံး ပိုးသင်္ကန်း, ဖဲသင်္ကန်း,ကတ္တီပါသင်္ကန်း လှူနိုင်မှ ပေးနိုင်မည်၊ ငါ့ကိုရင်က ထောင်တန်သည်ဟု မိန့်တော်မူလေသည်။ (ထိုစဉ်က ငွေ ၁၀၀၀-သည် ငွေသား၁၂၅ဖြစ်၍ တန်ဘိုးရှိလှပေသည်။) ထိုအခါ ဦးကျောက်လုံးက ကံပေးသမျှပေါ့ဘုရားဟု လျှောက်ထားလေသည်။

(ဆရာတော်ဘုရားကြီးက ရှင်ပညာဇောတကို မြတ်နိုးတော်မူသဖြင့် ရှင်သာမဏေတော်ကြောင်း အဘိုးထိုက်တန်ကြောင်းကို သိရုံမျှ မိန့်တော်မူသည်ဟု မှတ်ရသည်။) ဆရာတော်ကြီးက ရဟန်းဒါယကာအဖြစ် ခွင့်ပေးတော်မူသည်၊ ကတ္တီပါသင်္ကန်း မပါသော်လည်း ပိုးသင်္ကန်း ဖဲသင်္ကန်း ပါသည်ဟု သိရလေသည်။

ရဟန်းဖြစ်ခြင်း

ဆရာတော်လောင်းလျာ ရှင်ပညာဇောတသည် သက္ကရာဇ် ၁၂၇၀-ပြည့်နှစ် နတ်တော်လတွင် ကျေးငှူးရှင် ရေစကြို့ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဦးကျောက်လုံး၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော အထက်တန်း ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ရှိလေသည်။

ဂန္ဆသာရံ မဟာထေရံ၊ သာသနေ အဘိပါကဋ်။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ ဒုလ္လဘံ အလဘိ သုဓီ။

ဆက်လက်ပညာသင်

ရဟန်းသစ် အရှင်ပညာဇောတသည် ရဟန်းသိက္ခာ ၃-ဝါရသည်အထိ ရေစကြို့ဆရာတော်ဘုရားကြီးထံတော်၌ ဆက်လက်ပညာသင်ကြားတော်မူသည်၊ အရှင်ပညာဇောတသည် မဟာဝိသုတာရာမစာချ ဝန်းသို့ဆရာတော် အရှင်စန္ဒိမာထံ၌လည်း ဆို၀ါဖြင့် ပညာသင်ကြားခွင့် ရရှိတော်မူသည်။

ဆရာတော်ကြီးက အရှင်ပညာဇောတ မိခင် ဒေါ်ကြူးအား
မိန့်ကြားပုံ

"သားတို့ရွပ်ရည် သီတာမည်သား ရေကြည်ချမ်းမြေ တပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစေတမ်းတည့်" ဟူသည်နှင့်အညီ သားရဟန်းတော် အရှင်ပညာဇောတကို လွမ်းအားပိုလှသဖြင့် လွမ်းမှုပူမှုတွေ ပြေပျောက်ဘို့ ဇာတိချက်ကြွေ မွေးရပ်မြေ ပင့်ရန် မိခင်ကြီး ဒေါ်ကြူးက ဆရာတော်ထံမှောက် လာရောက် လျှောက်ထားရာ ဆရာတော်ဘုရားကြီးက "ကြူးမ နင့်သားကို ငါ ပြန်မလွှတ်တော့ဘူး၊ နင့်သား သိပ်ဉာဏ်ကောင်းသည်"ဟု မိန့်တော်မူခဲ့ဘူးလေသည်။

ဤသို့ဖြင့် အရှင်ပညာဇောတသည် ကျေးငှူးရှင် ရေစကြို့ဆရာတော်ဘုရားကြီးထံတော်၌ ကိုရင်ဝတ်နှင့် ၄-ဝါ, ရဟန်း၀ါ ၃-ဝါ နှစ်ရပ်ပေါင်း ၇-ဝါတိုင်တိုင်နေထိုင်ကာ—

ဥဒ္ဒါနာ ဥပဒ္ဒါနာ စ၊ သုဿုသာ ပါရိစရိယာ။
သက္ကစ္စံ သိပ္ပုဂ္ဂဟဏံ၊ ဂရုံ အာရာဓယေ ဗုဓော။

ဟူသည်နှင့်အညီ ဆရာဝတ်၅-ဖြာကို ကောင်းစွာပြုကျင့်လျက် ပိဋကတ်ကျမ်းစာကို သင်ယူခဲ့၍ နိကာယ်တို့၌ လွန်စွာ ကျွမ်းကျင်တတ်မြောက်လေသည်။

သတ္တဝဿသမယံ ဟိ၊ ရေစကြို့ထေရဿန္တိကေ။
ဥဂ္ဂဏှိတ္ဝာ နိကာယေ စ၊ နိကာယေသု သုကောဝိဒေါ။

မန္တလေး ဝန်းသို မန်လည်မြို့တို့သို့

အရှင်ပညာဇောတသည် မန္တလေးဘုရားကြီးတိုက် ဆရာတော် အရှင်အာစရထံတွင်လည်း ၁-ဝါ ပညာသင်ကြားတော်မူခဲ့သည်၊ ဝန်းသို့မြို့ ခန္ဓီးစာသင်တိုက်၌လည်း ဆရာရင်း အရှင်စန္ဒိမာက

တိုက်တွန်းသဖြင့် ၁-ဝါဆို စာချတော်မူခဲ့သေးသည်၊ ၎င်းပြင် မန်လည်မြို့ ပြာသာဒ်ကျောင်း မန်လည်ဆရာတော်ဘုရားကြီး အရှင်ဇဝန မဟာထေရ်ထံတွင်လည်း ၁-နှစ် သီတင်းသုံးတော်မူ၍ ဆိုဝါဖြင့် ပညာသင်ကြားတော်မူခဲ့သေးသည်။

ကင်းပန်းရွာသို့ ပြန်ကြွလာခြင်း

ဤသို့ အရှင်ပညာဇောတသည် ရဟန်းဝါ ၆-ဝါ ကြာမြင့်ခဲ့သည်၊ ၆-ဝါရပြီးနောက် ကျေးဇူးရှင် ဆရာတော် ကျန်းမာတော်မမူသဖြင့် ဇာတိဌာန ကင်းပန်းရွာသို့ ပြန်ကြွခဲ့သည်၊ ကျေးဇူးရှင် ဆရာရင်းမှာလည်း ၁၂၇၇-ခုနှစ် ဝါခေါင်လဆုတ် ၁-ရက်နေ့တွင် ပျံလွန်တော်မူလေသည်။

ဆရာတော်ပျံလွန်တော်မူပြီးနောက် မိခင်အား ချီးမြှောက်ရင်း ကင်းပန်းရွာ ဆရာကျောင်း၌ ဆရာအရိုက်အရာကိုဆက်ခံကာ ကျောင်းထိုင်ဆရာတော်အဖြစ်ဖြင့် သီတင်းသုံးရသဖြင့် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ပြန်၍မနေထိုင်ဖြစ်တော့ချေ။

ဆရာတော် အရှင်ပညာဇောတ၏ရုပ်ရည်

အရှင်ပညာဇောတသည် သန့်ရှင်းဖြူစင် ဝါဝင်းသော အရေအဆင်း, မြင့်မားသောအရပ်ဖြင့် လွန်စွာတင့်တယ်လှပသော အဆင်းဂုဏ်နှင့် ပြည့်စုံတော်မူသည်၊ မျက်လုံးအနေအထားလည်း လွန်စွာကောင်းမွန်သည်၊ မျက်စိအလယ်၌ ပိဘုန်းရောင်အဆင်းကဲ့သို့ လွန်စွာညိုမှောင်နက်ကျော သော မျက်နက်ဝန်းရှိသဖြင့်—

“မျက်နက်ရွှန်းစည်၊ မျက်ကွင်းကြည်၊ ချစ်မည်လူဘိုင်းသာ”

ဟူသော ဆောင်ပုဒ်အတိုင်း ချစ်ခင်ကြည်ညိုသူ လွန်စွာ ပေါများလှသည်။

ဂိုဏ်းထောက်ရာထူးများ လက်မခံ

ဆရာ့အရာ ဂိုဏ်းထောက်ရာထူးကို ဂိုဏ်းသံဃာနှင့် ဂိုဏ်းတွင် အကြီးဆုံးဖြစ်တော်မူသော ကဇွန်းတောင်ကျောင်းဆရာတော် အရှင်သာဂရမဟာထေရ်က တိုက်တွန်းသော်လည်း လက်ခံတော်မမူချေ၊ ထီးလင်းနယ် ဂိုဏ်းထောက်အရာကို လက်ခံရန် ဝါဘင်းရွာ ဂိုဏ်းအုပ်ဆရာတော် အရှင်အာစာရမဟာထေရ်၏ တိုက်တွန်းချက်ကိုလည်း ပယ်တော်မူခဲ့သည်၊ ဤသို့ဖြင့် ဆရာတော်၏ ဂုဏ်ပကာသန၌ မက်မောမှု မရှိသည်မှာ လွန်စွာ ကြည်ညိုစရာ ကောင်းလှသည်။

ဧဝံ ပညာယ ဇောတေန္တော၊ ပညာဇောတော ယတီသဘော။
ဂုဏေ အနုပဂိဒ္ဓါ စ၊ အဟော တဿ အဂိဒ္ဓတာ။

ဆရာတော်၏ ဝိရိယ

ဆရာတော်သည် ဝိရိယကြီးမားတော်မူသည်၊ နေ့ခင်းတခန့်လုံး စာဖြင့်သာ မွေ့လျော်တော်မူသည်၊ တပည့်လက်သားများကိုလည်း စာမှန်မှန်ချပေးတော်မူသည်၊ ည-ည၌နက်သည်အထိ မီးဖြင့် စာကြည့်တော်မူ၍ မနက် ၃-နာရီအချိန်တွင် ကျိန်းစက်ရာမှ ထတော်မူ၍ စာကြည့်တော်မူ ပြန်သည်။

တရားရွတ်ခြင်း

ဓမ္မစက္ကပဝတ္တနသုတ်, အနတ္တလက္ခဏသုတ်, မဟာသမယသုတ်, အာဠဝကသုတ်, မဟာသတိပဋ္ဌာနသုတ်စသော သုတ္တန်များ, ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိ, ပဋိစ္စဝါရဝိဘင်္ဂပါဠိ, ပဥ္စဝါရဝိဘင်္ဂပါဠိတို့ကို နှုတ်တက်အာဂုံရတော်မူသဖြင့် ရွတ်တော်မူတတ်၏၊ ဓမ္မပဒပါဠိနှင့် ဇာတ်ပါဠိတော်အချို့ကို အရဆောင်တော်မူ၍ ဘုရားရှင်အား ပူဇော်တော်မူခဲ့လေသည်။

သုတ္တန္တာနိ အနေကာနိ၊ ပဋ္ဌာနေ အာဂတာနိပိ။
ဝါစုဂ္ဂတံ ကရိတ္ဝာန၊ သဗ္ဗာယီ ရတ္တိယံ သုဓီ။

ဘာသန္တရကောဝိဒဂုဏ်

ဆက္ကဋဘာသာကို တတ်သိကျွမ်းကျင်သည်သာမက, အင်္ဂလိပ်ဘာသာကိုလည်း အသင့်အတင့် ကျွမ်းကျင်တော်မူသည်၊ သို့သော် ပိဋကတ်ကဲ့သို့ ဘာသန္တရကို အလေးအမြတ်ပြုတော်မမူခဲ့ချေ။

တရားစကားကိုသာ ပြောဟောခြင်း

ဆရာတော်သည် သီတင်းသုံးဘော်ချင်း တွေ့ဆုံမိရာ, ဒကာ,ဒကာမတို့နှင့် တွေ့ဆုံမိရာတို့၌ တရားနှင့်စပ်သောစကားကို ဟောပြောလေ့ရှိလေသည်၊ ပြင်ပဗာဟိ လောကီစကားကို ပြောရိုးမရှိပါချေ။

ဆရာတော်၏ ဉာဏ်ပဋိဘာန်

ဆရာတော်၏ ဉာဏ်ပဋိဘာန်ကို ရေစက်ကြီးဆရာတော်ကြီး, ဆရာတော်အရှင်ပညာ, ဆရာတော်အရှင်သုန္ဒရမဟာထေရ်, ဆရာတော်အရှင်နန္ဒဝံသမဟာထေရ်တို့ကပင် မကြာမကြာ ချီးမွမ်း ပြောဆိုလေ့ရှိလေသည်။

ပညာဇောတသာ ဇောတသာ၊ တိက္ခဉာဏဘာဝမ်ပိ စ။
ထိရဘာဝံ စ သန္ဓာယ၊ ပသံသန္တိ ကဝိသဒ္ဓာ။

ထူးထူးခြားခြား ချီးကျူးဖွယ်

ထူးထူးခြားခြား ချီးကျူးဖွယ်ရာမှာ ဆရာတော် ပံ့လွန်တော်မူခါနီး မာရဏန္တိကဝေဒနာခံစားနေချိန်ဖြစ်၏၊ ဆရာတော်ဝေဒနာမှာ လွန်စွာပြင်းထန်သော်လည်း “အသလ္လီနေန စိတ္တေန ဝေဒနံ အဇ္ဈဝါသယိ” ဟူသော (ဒီ၊ ၂။၁၂၉)အား လျော်စွာ ဘုရားရှင်ပမာ ဒုက္ခဝေဒနာကို သည်းခံတော်မူ၍သာ နေလေသည်၊ ဆရာတော်ပံ့လွန်ခါနီး ဝေဒနာပြင်းထန်ချိန်တွင် တပည့်အရှင်-ဂါရဝက “ကျားစားခံရသော ရဟန်းငယ်၏ဝတ္ထုကို သဘောပိုက်တော်မူပါ”ဟု လျှောက်ထားသည်တွင် ဆရာတော်သည် နှစ်သက်တော်မူလှ၍ ပြုံးတော်မူသေးသည်။

ဘဝနတ်ထံ ဝင်စံခြင်း

ဆရာတော် ပံ့လွန်တော်မူခါနီးတွင် ဒကာတယောက်က ဆရာတော်၏ လက်တဖက်ကို ကိုင်၍ မမြဲခြင်းစသည်နှင့် စပ်သွယ်သော တရားသံပေါက်ကိုရွတ်စဉ် သဘောကျလှသဖြင့် အနိစ္စတာ အစ

ရှိသည်နှင့်ယှဉ်သော သခ်ါရတရားတို့ကို သုံးသပ် ဆင်ခြင်တော်မူလျက် သက္ကရာဇ် ၁၃၁၈-ခုနှစ် နတ်တော်လဆုတ် ၃-ရက် ကြာသပတေးနေ့ ညနေ ၄-နာရီ ၂၅-မိနစ်အချိန်တွင် နတ်ပုံသဘင် ဝင်စံတော်မူခဲ့လေသည်။

သံဝေဂယူဖွယ်

သတ္တဝါသခ်ါရတို့၏ မမြဲခြင်းသဘောတရားသည် တရွာပိုင်တရွာဆိုင် သဘောတရားလည်း မဟုတ်ပါချေ၊ တနိုဂုံး, တမြို့နယ်, တခရိုင်နှင့်သာ စပ်ဆိုင်သောတရားဓမ္မလည်း မဟုတ်ခဲ့ပါချေ၊ တမျိုးတနွယ်နှင့်သာ စပ်သွယ်သော သဘောသဘာဝလည်း မဟုတ်ပါချေ၊ အမှန်စင်စစ်မူကား လူ, နတ်, ဗြဟ္မာ အဝင်အပါ အားလုံးသောလောက၏ သဘောသဘာဝ ဓမ္မတာတရား မှန်လှပါပေသည်။

နာ ဂါမဓမ္မော နိဂမဿ ဓမ္မော၊ နာ စာပိယံ ဧကကုလဿ ဓမ္မော။
သကလဿ လောကဿ သဒေဝကဿ၊ ဧသော ဓမ္မော ယဒိဒံ အနိစ္စတာ။
(ကိသာဂေါတမီ ထေရီအပဒါန်။ ၂၄၆။)

ပညာဓိကဘုရားအလောင်း

ဆရာတော် အရှင်ပညာဇောတသည် တသက်ပန်ပြုစုထမ်းဆောင်ခဲ့ရသော ပရိယတ်, ပဋိပတ် စသော ကုသိုလ်ကောင်းမှုကြောင့် သာဝကဗောဓိစသည်ကို မပန်မဆင်ခဲ့ပဲ ပညာဓိကသမ္မာသမ္ဗုဒ္ဓ ဆုကို ပန်ဆင်ခဲ့ကြောင်း ဆရာတော်၏ တပည့်ရင်း ဆရာတော် အရှင်နာယကထံမှ သိရလေသည်။

ပညာဇောတော မဟာထေရော၊ ပညာဓိကော မဟာသုဓီ။
ဗုဒ္ဓတ္တံ သော ဟိ ပတ္ထေန္တော၊ အကာ သာသနပဂ္ဂဟံ။

ဂဏဘာဝရနီတ္ထာရက (ကိုဏ်းဝန်ဆောင်)

ပခုက္ကူမြို့ ရွှေကူတိုက်ဆရာတော် အရှင်ပဒုမ မဟာထေရ်

ဆရာတော်သည် ရေစကြို့ဆရာတော်ဘုရားကြီး၏ အလုပ်အကျွေးဖြစ်ခဲ့သည်၊ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ အာဒိကမ္မိက ကိုဏ်းဝန်ဆောင်လည်း ဖြစ်လေသည်။

ဆရာတော်သည် ပခုက္ကူမြို့ ရွှေကူရပ် အဘ ဦးထိုက် အမိ ဒေါ်ကြူတ်တို့မှ ၁၂၄၉-ခုနှစ်တွင် ဖွားမြင်လေသည်၊ မွေးချင်း ၄-ယောက်အနက် တတိယသားရတနာ ဖြစ်သည်၊ မူလနာမည်မှာ မောင်ဖိုးသန့် ဖြစ်လေသည်။

ဦးပုကြီးအမည်တွင်ခြင်း

မောင်ဖိုးသန့်သည် ၃-နှစ်သားလောက်မှစ၍ ရွှေကူတိုက် ဆရာတော် ဦးပညာဝံသ (ဦးသန့်)က ပုံပန်းအလိုက် ပုကြီးဟုခေါ်သည်မှစ၍ ဦးပုကြီးဟု နာမည်တွင်လေသည်။

ရှင်ရဟန်းပြုခြင်း

ဆရာတော်လောင်းလျှာသည် ဂ-နှစ်သားအရွယ်တွင် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်ဖြစ်၍ သက်တော် ၂၀-တွင် ရွှေကူရပ် ဦးချန်းလှ ဒေါ်အေးကြွယ် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်လေသည်။ ဘွဲ့တော်မှာ အရှင်ပဒုမ ဖြစ်လေသည်။

ပညာသင်ခြင်း

ဆရာတော်လောင်းလျှာသည် ကျေးငှူးရှင် ရွှေကူဆရာတော် ဦးပညာဝံသ (ဦးဖိုးသန့်)နှင့် ဦးသံတိုင်တို့ထံ၌ဌင်း, ရေစကြို့ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်အရှင်ပညာ, ဆရာတော် အရှင်နန္ဒဝံသတို့ထံ၌ဌင်း ပိဋကတ်ကို သင်ယူတတ်မြောက်ခဲ့လေသည်။

ရွှေကူတိုက်ဆရာတော်ဖြစ်ခြင်း

အရှင်ပဒုမသည် ကျေးငှူးရှင် ရွှေကူတိုက်ဆရာတော် ဦးသံတိုင် ဘဝနတ်ထံ ပျံလွန်တော်မူသဖြင့် ရွှေကူတိုက်ဆရာတော်အဖြစ် တာဝန်ယူကာ တိုက်တွင်းရှိ သံဃာ ၂၅-၃၀-ကျော်တို့ကို စာပေပို့ချပေးတော်မူရင်း ရွှေကူမြတ်စွာဘုရားကျောင်းတော် ဝေယျာဝစ္စကိုလည်း ပြုတော်မူရသည်။

ဂဏဘာဝရနီတ္ထာရကတာဝန်

ဆရာတော်သည် ဝိရိယကြီးမားလှသည်၊ တိုက်တာလုပ်ငန်းနှင့် မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး လုပ်ငန်းအတွက် တာဝန်ဆောင်နိုင်မည်ကို ဆရာတော်ဘုရားကြီးမျှားနှင့် ကိုဏ်းသံဃာက သိထားသဖြင့် အစဆုံး မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ ဂဏ-

ဂဏဘာဝရနိဋ္ဌာဂရက (ဂိုဏ်းဝန်ဆောင်) ပခုက္ကူမြို့ ရွှေကူတိုက်
ဆရာတော် အရှင်ပဒုမမဟာထေရ်

ဘာရနိတ္ထာရကအဖြစ် မကွေးဆရာတော် အရှင်နာရဒ, တိုက်အုပ် အရှင်ဂန္ဓမာတို့နှင့်အတူ ရွေးချယ်တင်မြှောက်ခြင်း ခံယူရသည်။

ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော် ဆောင်ရွက်ခဲ့သောကိစ္စများမှာ—

၁။ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယကြီး၏ ဂဏဘာရနိတ္ထာရကတာဝန်၊

၂။ မကွေးခရိုင် ဒုတိယသုဓမ္မာနာယကတာဝန်၊

၃။ အင်္ဂလိပ်အစိုးရ ကိုယ်စား တောင်ခွင်သာသနာပိုင်ပေးအပ်သော မင်္ဂလာသိဒ္ဓိဝရသံဃာ့ကိုဏ်းအုပ်တာဝန်၊

၄။ ရွှေကူမြတ်စွာဘုရား ဘဏ္ဍာတော်ထိန်းအဖွဲ့ကြီး၏ နာယကတာဝန် စသည်တို့ ဖြစ်လေသည်။

ဘဝနတ်ထံ ပို့လွှန်တော်မူခြင်း

ဤသို့ဖြင့် ပခုက္ကူမြို့၏ ကျက်သရေဆောင် ဂိုဏ်းဝန်ဆောင်အစရှိသော လုပ်ငန်းတို့ကို ဆောင်ရွက်စဉ် သင်္ကေတ် ၆၃၊ ဝါတော် ၄၄-ဝါအရောက် ၁၃၁၂-ခု တော်သလင်းလဆန်း ၁၀-ရက်နေ့နံနက် ၃-နာရီအချိန်တွင် ဘဝနတ်ထံ ပို့လွှန်တော်မူလေသည်။

သံဝေဂယူဖွယ်

အသစ်ဖြစ်ပေါ်လာခြင်း, ထင်ရှားဖြစ်ပေါ်လာခြင်းနှင့် ပြုပြင်ပေးရခြင်းသဘောရှိ၍ ပျက်စီးရခြင်းသဘောရှိသော တရားအားလုံးကို မပျက်ပြုန်းရန် လိုလားတောင့်တချက်သည် မဖြစ်နိုင်ရိုးမှန်လှတော့သည်။

ယံ တံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ၊
တံ ဝတ မာ ပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

(ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ၊ ၉၉။)

ဆရာတော်၏ အရိုးဓာတ်များ

စျာပနပွဲကို ခမ်းနားစွာကျင်းပပြီး ဆရာတော်၏ အရိုးဓာတ်တို့ကို ပခုက္ကူမြို့ မြောက်ဖက်ကူတောင်ပေါ်ရှိ ဂန္ဓသာရစေတီတွင် ဖောက်ထွင်း၍ ဌာပနာထားလေသည်။

ပခုက္ကူမြို့ စွန်သိုက်ရပ် လေသာတိုက်သစ်ဆရာတော်

အရှင်ဂန္ဓမာ မဟာထေရ်

အရှင်ဂန္ဓမာမဟာထေရ်သည် ပခုက္ကူမြို့ လေသာတိုက်သစ်၏ အဓိပတိဖြစ်၍ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယဝင်ဖြစ်လျက် သာသနာပြုနေသော ဆရာတော် ဖြစ်သည်။ ဆရာတော်သည် ၁၂၅၉-ခုနှစ်တွင် ပခုက္ကူခရိုင် ဆင်သေရွာ၌ ဖွားမြင်ခဲ့သည်၊ ၆-နှစ်သားတွင် ပညာသင်ကြားခဲ့ပြီး သက်တော် ၁၄-နှစ်တွင် ဆင်ဖြူကျန်းမြို့ အာနန္ဒာတိုက် အရှင်ဂမ္ဘီမည်သော ထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဝတ်ခဲ့သည်။

မဟာဝိသုတာရာမတိုက်ကြီးသို့

ဆရာတော်သည် သာမဏေဘဝ အရွယ်ကောင်းခါနီးကပင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ ပိဋကတ်အခြေပြုကျမ်းများနှင့် ပိဋကတ် ၃-ပုံကို သင်ယူတတ်မြောက်ခဲ့သည်။

ဝိသုတာရာမအာရာမေ၊ ပါကဋ္ဌေ ကဝိနန္ဒနေ။
ဝသိတ္ဝာ ဒဟရောယေဝ၊ ဥဂ္ဂဏှိ ပိဋကတ္တယံ။

သက်တော် ၂၀-တွင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်နန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မဟာဝိသုတာရာမသိမ်တော်ကြီး၌ ရဟန်းအဖြစ်သို့ ရောက်ရှိသည်၊ ဆရာတော်လောင်းလျှာသည် သထုံမြို့ ရန်ကုန်မြို့တို့၌လည်း သီတင်းသုံးဘူးသည်။

လေသာတိုက်သစ်

ပခုက္ကူမြို့ စွန်သိုက်ရပ်မှ ဦးဆိုးပေ,ဒေါ်လယ်တို့သည် ဆရာတော် ဦးဂန္ဓမာ၏ နောင်တော်ရင်းအရှင်ကေလာသမထေရ်မြတ်အား ကျောင်းတိုက်သစ်တည်၍ ပုဂ္ဂလိက လှူဒါန်းလေသည်၊ အရှင်ဂန္ဓမာသည် ရဟန်းသိက္ခာ ၉-ဝါမှစ၍ နောင်တော် အရှင်ကေလာသထံ နေထိုင်ကာ စာလိုက်သံဃာ ၃၀-ကျော် ၄၀-လောက်ကို စာပေပို့ချကာ သာသနာပြုခဲ့သည်၊ ၁၃၂၅-ခုနှစ်တွင် နောင်တော်ပျံလွန်သဖြင့် လေသာတိုက်သစ်ကြီး၏ နာယက ဖြစ်လာတော့သည်။

ထေရော ဟိ နာယကော အာသိ၊ ကေလာသမှိ ဒိဝင်္ဂတေ။
လေသာဘိနဝါရာမဿ၊ ဝိဇ္ဇာပီဌဝရဿ စ။

ဆောင်ရွက်ချက်များ

အရှင်ဂန္ဓမာသည် ဆဋ္ဌသံဂါယနာပါဠိဝိသောဓကတာဝန်, နေတ္တိဘာဏကတာဝန်, ဆဋ္ဌသံဂီတိကာရကတာဝန်, ခုံဝိနည်းဓိရ်တာဝန်, ပခုက္ကူမြို့မဟာနာယကတာဝန်, မဟာဝိသုတာရာမဂဏဝါစကနိကာယအဖွဲ့ဝင် တာဝန်စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်၊ ယခုအချိန်၌လည်း သံဃာတော် ၃၀-ကျော်တို့အား စာပေပို့ချ နည်းလမ်းပြကာ သာသနာပြုလျက် ရှိလေသည်။

ဂန္ဓမာထေရသေဋ္ဌော ဟိ၊ လေသာအာရာမက္ကဿရော။
ဝါစကော ဘိက္ခုသံဃဿ၊ အနေကကိစ္စကာရကော။
ဆဋ္ဌသံဂီတိယံ စေဝ၊ သောဓကာဒိ ဗဟူနိပိ။
ကတ္တာန သော မဟာထေရော၊ ဇောတေသိ ဇိနသာသနံ။

ပုဂံကျွန်းမြို့-သီဟိုဠ်ရှင် ဘုရားကြီးတိုက်ဆရာတော်
အရှင်နန္ဒဝံသ မဟာထေရ်

ပခုက္ကူ သီဟိုဠ်ရှင်ဘုရားကြီးတိုက် ဆရာတော်

အရှင်နန္ဒဝံသ မဟာဓဇရိ

ဆရာတော်သည် ဓမ္မကထိကလုပ်ငန်း, စာချလုပ်ငန်း ၂-ခုလုံးတို့၌ ကျွမ်းကျင်တတ်မြောက်သော ဆရာတော် ဖြစ်လေသည်၊ ဆရာတော်သည် ၁၂၆၂-ခု ကဆုန်လဆန်း ဂ-ရက် စနေနေ့နံနက်တွင် ပခုက္ကူခရိုင် ကိုရင့်ရွာ၌ အဘ ဦးသာညွှန်း, အမိ ဒေါ်ရွှေသက်တို့မှ ဖွားမြင်ခဲ့သည့် မွေးချင်း ၆-ယောက်အနက် ပဉ္စမမြောက် သားရတနာ ဖြစ်လေသည်။

ကျောင်းနေ သာမဏေဝတ် ရဟန်းပြု

ဆရာတော် လောင်းလျာသည် ၇-နှစ်သားအရွယ်တွင် ကိုရင့်ရွာ ဆရာတော် အရှင်မာလာထံ၌ ပညာသင်၍ ၁၂-နှစ်သားအရွယ်တွင် ရှင်ပြု၍ သက်တော် ၂၀-တွင် ကိုရင့်ရွာ ဆရာတော် အရှင်မာလာကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဖြစ်တော်မူလေသည်။

မဟာဝိသုတာရာမတိုက်ကြီးသို့

ရဟန်း ၁-ဝါရ ၁၂၀၂-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ရောက်၍ ၄-နှစ်တိုင် အရှင်ပညာစသော မထေရ်မြတ်တို့ထံ ပိဋကတ်ကို သင်ယူတတ်မြောက်ခဲ့သည်။

စတုဝဿံ ဝသိတ္ဝာန၊ ဝိဿုတေ ဝိသုတာလယေ။
ပိဋကံ ဥဂ္ဂဟေတ္ဝာန၊ နန္ဒဝံသော ဝိဒူ အဟု။

အရှင်နန္ဒဝံသသည် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဇေယျဝတီကျောင်းတိုက် ဆရာတော် ဦးဉာဏဝံသထံနှင့် မန္တလေးမြို့ ရွှေရေးဆောင်တိုက်, ဘုရားကြီးတိုက်, အမရပုရမြို့တို့၌လည်း နေ့ဝါ ညဝါများကို အာစရိယမုဋ္ဌရရှိအောင် သင်ကြား တတ်မြောက်ခဲ့လေသည်။

ဂဏဝါစက စာချဖြစ်ခြင်း

ရဟန်းသိက္ခာ ၁၄-ဝါအရတွင် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ပြန်ကြွခဲ့ရာ ကျေးဇူးရှင် ဆရာတော်ကြီးများက ဂဏဝါစက စာချအဖြစ် ချီးမြှင့်တော်မူသဖြင့် မဟာဝိသုတာရာမတိုက် ဓမ္မဘဏ္ဍာဂါရကျောင်း၌ စာလိုက်သံဃာ များစွာတို့အား စာချရလေသည်။

စုဒ္ဒသဝဿိကော ထေရော၊ နန္ဒဝံသော ဝိသာရဒေါ။
ဂဏဝါစကတံ ပတ္တော၊ ဝါစနေ အတိကောဝိဒေါ။

ပါဠိစကားပြောအဖွဲ့ ဥက္ကဋ္ဌ

ဆရာတော်သည် ပါဠိစာပေ အပြောအဆို အရေး အဖတ် လွန်စွာ ကျွမ်းကျင်ရကား မဟာဝိသုတာရာမတိုက်၌ ဂဏဝါစကဘာဝန်ကို ထမ်းဆောင်ရင်း ထိုစဉ်က မဟာဝိသုတာရာမတိုက်ကြီး၌

ရှိခဲ့ဘူးသော ပါဠိစကားပြော အဖွဲကြီး၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်တော်မူကာ ပါဠိစာပေ ထွန်းကားရေးကို မျှားစွာ အားပေးခဲ့လေသည်။

နန္ဒဝံသော တဒါ ဗျတ္တော၊ ဥက္ကဋ္ဌော သဗ္ဗပုဂ်ဝေါ။
ပါဠိသမိတိယာ အာသိ၊ ပါဠိယာ အတိကောဝိဒေါ။

ဆရာတော်သည် စစ်အတွင်းက ကိုရင့်ရွာ၌ ၁-ဝါ, ခုနစ်ရွာချောင် ကျောက်လှေခါး တောရ၌ ၁-ဝါ သီတင်းသုံးစံပျော် တရားဖြင့်မွေ့လျော်ခဲ့ဘူးသည်။

သီဟိုဠ် ရှင်ဘုရားကြီးတိုက် အဓိပတိ

သီဟိုဠ်ရှင်ဘုရားကြီးတိုက် ဆရာတော် ပံ့လွန်တော်မူသောအခါ ကျောင်းတိုက် အဓိပတိသည် ကျောင်းတိုက်ကို ဆရာတော် အရှင်ပညာထေရ်အား လှူဒါန်းလှဴအပ်လေသည်၊ ဆရာတော်သည် သတ္တိ, ဗျတ္တိ စွယ်စုံရှိသည့် ဓမ္မကထိက, စာချ ၂-ဌာနတို့၌ ကျမ်းကျင်တတ်မြောက်သည့် အရှင်နန္ဒဝံသကို ပျော်ရွှင်စရာ မြစ်ကိုင်းရပ် သီဟိုဠ်ရှင်ကျောင်းတိုက်သို့ နောက်ပါသံဃာတော် ၁၅-ပါးဖြင့် ၁၃၀၇-ခု နတ်တော်လဆန်း ၁-ရက်နေ့တွင် ဆရာတော် အရှင်ပညာ, ဆရာတော် အရှင်ဂန္ဓမာတို့ လိုက်ပို့ကြ၍ စာသင်တိုက် တည်ထောင်ဖွင့်လှစ်စေခဲ့လေသည်။ ဆရာတော်သည် ထိုအခါမှစ၍ သီဟိုဠ်ရှင်ဘုရားကြီး ဆရာတော်ဟု ကျော်ကြား ထင်ရှားလာလေသည်။

မြစ်ကိုင်းဒေသေ မနုညမ္ပိ၊ မနုညံ ဇိနသာသနံ။
ပတိဋ္ဌာပေဟိ တုဝန္တိ၊ နန္ဒဝံသံ အပေသယိ။

ဆောင်ရွက်ချက် အမျိုးမျိုး

ဆရာတော်သည်—

၁။ ဆဋ္ဌသံဂီတိ ကျောက်ဝှတ်ကဘာဏက ခေါင်းဆောင်တာဝန်၊

၂။ မဟာဝိသုတာရုမ ပါဠိအသင်း ဥက္ကဋ္ဌတာဝန်၊

၃။ ကျောက်ဝှတ်ကမူလဝိသောဓကတာဝန်၊

၄။ ဓမ္မကထိကတာဝန်၊

၅။ စာချတာဝန်-စသည်တို့ကို ကောင်းမြတ်သောဆန္ဒဖြင့် ထမ်းဆောင်တော်မူခဲ့သည်။

အိန္ဒိယ သီဟိုဠ်သို့ ကြွတော်မူခြင်း

ဆရာတော်သည် အိန္ဒိယနိုင်ငံ, သီဟိုဠ်နိုင်ငံတို့သို့လည်း ကြွတော်မူ၍ ဒဿနိယ, သံဃဇနိယ-ဌာန များစွာတို့ကို ဖူးမြော်ဦးချသံဃဂယူတော်မူခဲ့သည်။

ဘာရတံ သုပသိဒ္ဓံ စ၊ လင်္ကာဒီပံ မနောဟရံ။
နန္ဒဝံသော စ ဂန္ဆာန၊ အကာ သံဃဂဒဿနံ။

ထူးခြားချက်များ

ဆရာတော်သည် လက်၁, ကဗျာ အစီအကုံးလည်း ကောင်းမွန်သည်၊တရားဟောတော်မူသော အခါ လက်၁, သံပေါက်များ ရုတ်တရက်ရွတ်ဆိုစီကုံး၍ ချပြုပေးလေ့ ရှိလေသည်။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာထံ နေတ္တိကျမ်းကို စာချဖြစ်ပြီး ရဟန်း ၁၅-ဝါရမှ ၁၈-ဝါတိုင် ဆိုသဖြင့် သင်ယူခဲ့ရသဖြင့် ဆရာတော်၏ နေတ္တိချနည်းကို ကောင်းစွာ ရရှိသော ဆရာတော် ဖြစ်သည်၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်နန္ဒဝံသ ညောင်တုန်းမြို့, ညောင်ဦးမြို့တို့သို့ကြွစဉ် သီဟိုဠ်ရှင် ဘုရားကြီးတိုက်ဆရာတော် အရှင်နန္ဒဝံသသည် သာသနာပြုဖက်အဖြစ် အရှင်မဟိန္ဒထေရ်၏ သာသနာပြုဖက် အရှင်ဣတ္ထိယထေရ်, အရှင်ဥတ္တိယထေရ် စသည်တို့ပမာ လိုက်ပါရသည့် သာသနကရ, သာသနဝုဒ္ဓိကာမီ မထေရ်မြတ် ဖြစ်တော်မူသည်။

နန္ဒဝံသော မဟာထေရော၊ ပုဂံအာရာမက္ကဿရော။
သာသနဝုဒ္ဓိကာမော စ၊ ဝိစက္ခဏော ဝိသာရဒေါ။
သော အတီဝ စိရံ ကာလံ၊ ဇောတေတု ဇိနသာသနံ။

ပခုက္ကူမြို့ ရွေပေါက်ပင်တိုက်ဆရာတော်

အခ္ခင်ဝေပုဋ္ဌသာဓိ မဟာဇောတရ

ဆရာတော်သည် မန္တလေး, ပခုက္ကူတို့၌ ကျော်စောထင်ရှားသော စာချဆရာတော် ဖြစ်တော်မူသည်၊ စာချကိစ္စ၌သာလျှင် ကျမ်းကျင်တတ်မြောက်သည်မဟုတ်၊ စာပြင်ကိစ္စ, တိပိဋကဝိသေခနလုပ်ငန်းတို့၌လည်း လွန်စွာကျမ်းကျင်သဖြင့် ဆဋ္ဌသံဂါယနာတင်ချိန်တွင် နိုင်ငံတော်အစိုးရ၏ ပင့်ဖိတ်ချက်အရ ကမ္ဘာအေး ဇမ္ဗုဒီပကျောင်းဆောင်၌ သီတင်းသုံးကာ ၎-နှစ်တိုင်တိုင် ပါဠို, အဋ္ဌကထာ, ဋီကာ သံဂါယနာတင်မည့် စာမူများကို သုတ်သင်ပြင်ဆင်တော်မူခဲ့သည်၊ ဆရာတော်သည် ပခုက္ကူခရိုင် ညောင်ကြစ်ပင်ရွာ အဘ ဦးမုန်း အမိ ဒေါ်ပုတာတို့မှ ၁၂၇၉-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်လေသည်။ ၁၂၉၂-ခုနှစ်တွင် မဟာဝိသုတာရာမတိုက်နိကာယာဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု ဓမ္မသေနာပတိ ဆရာတော်ဘုရားကြီး အရှင်သုန္ဒရထံတွင် သာမဏေ ပြုခဲ့သည်၊ သူငယ်နှင့်မလိုက်အောင် ပြန့်ပြောမှန်မြတ် ကြီးကျယ်သည့် ဉာဏ်ပညာစွမ်းရည်ကို အကဲခပ်၍ "ရှင်ဝေပုလ္လ"ဟု နာမည်ပညတ် ခေါ်ဝေါ်သတ်မှတ်တော်မူလေသည်။

၁၂၉၉-ခုနှစ်တွင် ရဟန်းအဖြစ်သို့ရောက်၍ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ပညာ, အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်နန္ဒဝံသ, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ-တို့ထံတွင် ပိဋကတ်အခြေပြုကျမ်းများနှင့်တကွ နိကာယ် ၅-ရပ်, ပိဋကတ် ၃-ပုံ၊ ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းအားလုံးကို အဆုံးတိုင် သင်ယူတတ်မြောက်ခဲ့သည်၊ အစိုးရ ပဌမငယ်, ပဌမလတ်, ပဌမကြီး စာမေးပွဲတို့ကိုလည်း သွားရင်းဟန်လဲ့ လွယ်ကူစွာ ဖြေဆိုအောင်မြင်တော်မူခဲ့သည်၊၁၃၁၁-ခုနှစ်တွင် အစိုးရဓမ္မာစရိယ စာချတန်းကို ဂုဏ်ထူးနှင့်တကွ ကျမ်းအားလုံး ဖြေဆိုအောင်မြင်တော်မူသဖြင့် "သာသနဓဇသိရီပဝရဓမ္မာစရိယ"ဘွဲ့ကို ရရှိတော်မူခဲ့သည်၊ ၁၃၁၁-ခုနှစ်တွင်ပင် မန္တလေးမြို့အနောက်ပြင် မစိုးရိမ်တိုက် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးထံသို့ ရောက်၍ လိုအပ်သော အဘိဓမ္မာပဋ္ဌာန်းကျမ်းစာများကို သင်ကြားရင်း စာပေပို့ချတော်မူခဲ့သည်၊ ၁၃၁၃-ခုနှစ်တွင် မဟာဝေယန်ဘုံသာ ပါဠိတက္ကသိုလ်တာဝန်ခံ ကထိက စာချအဖြစ်ဖြင့် ၉-နှစ်ကျော် ပရိယတ္တိသာသနဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သည်။

ဆဋ္ဌသံဂါယနာ၌ ဆောင်ရွက်ချက်များ

ဆဋ္ဌသံဂါယနာတင်ချိန်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ ကမ္ဘာအေးသို့ ကြွရောက်သီတင်းသုံးတော်မူကာ ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းပေါင်း မြားမြောက်စွာတို့ကို အခြား ပြည်တွင်း ပြည်ပ ပညာရှိများနှင့် ညှိနှိုင်း၍ ပြင်ဆင်ရာ၌ ပဋိဝေသောဓက အဖြစ်ဖြင့်ရှင်း, သြသာနသောဓက အဖြစ်ဖြင့်ရှင်း ဆဋ္ဌသံဂီတိကာရကမူလဝိသောဓကအဖြစ်ဖြင့်ရှင်း လွန်ကဲသော လုံ့လ ဥဿာဟဖြင့် သုတ်သင် ပြင်ဆင်ဆောင်ရွက်တော်မူခဲ့သည်၊ ဆဋ္ဌသံဂါယနာတင်၍ ပြီးစီးသောအခါ ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော်ဘုရားကြီး၏ အမိန့်အရ ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့ ပြန်ကြွ၍ ဂဏဝါစက စာချအဖြစ် ဆောင်ရွက်ရင်း ထမကောက်ရပ် သီဟိုဠ်ရှင် ဘုရားလူကြီး, အဖွဲဥက္ကဋ္ဌ, ဘုရားဒကာ, ကျောင်းဒကာ, တန်ဆောင်းဒကာ-ဆရာလေး ဦးသိုက်ထွန်း



ပင့်လျှောက်ချက်အရ ၁၃၂၇-ခုနှစ် ဝါဆိုလဆန်း ၅-ရက်နေ့တွင် ရှေ့ပေါက်ပင်ကျောင်းတိုက်သို့ နောက်လိုက် နောက်ပါ သံဃာများနှင့်အတူတက္ခ ပြောင်းရွှေတော်မူကာ ဂန္ဆဓရ, ဝိပဿနာဓုရ ၂-ပါးကို ပွါးများလျက် ရှိသည့်ပြင် မဟာဝိသုတာရာမ ဂဏဝါစက အဘိဓာန်ပြုစုရေးအဖွဲ့ဝင် အဖြစ်ဖြင့်ဌင်း, မဟာဝံသကျမ်းကြီး စာမူကောင်းအဖြစ်ရောက်ရန် ပြင်ဆင်တည်းဖြတ်ရေးအဖွဲ့ဝင် အဖြစ်ဖြင့်ဌင်း ရှေ့တန်းမှ ထမ်းဆောင်ခဲ့လေသည်။

မီးရထား မီးသင်္ဘော အခမဲ့ စီးနင်းခွင့်လက်မှတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် ဆရာတော် အရှင်ဝေပုလ္လသာမိ၏ သာသနာတွင် ထူးချွန်စွာ ဆောင်ရွက်ချက်တို့ကို ယုံကြည်သဖြင့် နောက်ပါ တပည့်တဦးနှင့် မြန်မာတပြည်လုံးရှိ မီးရထား, မီးသင်္ဘောများတွင် ပဌမတန်းမှ အခမဲ့ စီးနင်းခွင့်လက်မှတ်ကို ၁၃၂၂-ခုနှစ်မှစ၍ လှူဒါန်းတော်မူသည်။

ဝေပုလ္လော ပဏ္ဍိတော ဗျတ္တော၊ ဝိဿုတော ဂဏဝါစကော။
ဂန္ဆသံသောဓကော စာပိ၊ ဆဋ္ဌသံဂီတိကာရကော။

ပေါက်ပင် မဟာဝိဟာရေပိ၊ အဓိပတိ ဓုရန္ဓရော။
သော စ ဝဿသတံ ကာလံ၊ စိရံ ဇောတေတု သာသနံ။

ပေါက်မြို့နယ် မဟာဝိသုတာရုံမ သာသနာဝင်

ပေါက်မြို့နှင့် ပေါက်မြို့နယ်သည်လည်း ပခုက္ကူ မဟာဝိသုတာရုံမိက ဂဏဝါစကနိကာယဝင် အရှင်မြတ်တို့ ကိန်းဝပ်စံပျော် သာသနာပြုရာဒေသ ဖြစ်လေသည်၊ မဟာဝိသုတာရုံမ တိပိဋကဝိဇ္ဇာလယကြီး တည်ရှိရာဌာနသည် ပခုက္ကူမြို့ ဖြစ်သည်၊ ပေါက်မြို့သည် ပခုက္ကူခရိုင်အတွင်း တည်ရှိသောမြို့ဖြစ်ရာ ပခုက္ကူ မဟာဝိသုတာရုံမ ဂဏဝါစက နိကာယဝင် သံဃာတော်တို့ မြားမြောက်စွာသီတင်းသုံး၍ သာသနာပြုခြင်းမှာ ထူးဆန်းလှသည်ဟု မဆိုထိုက်ပေ၊ ပေါက်မြို့သည် ပခုက္ကူမှ ၄၆-မိုင်ဝေးကွာသည့် ဗုဒ္ဓဘာသာဝင်တို့ချည်းသာ ပျော်ရွှင် ချမ်းမြေ့စွာ နေထိုင်ရာဌာနမှန် ဖြစ်လေသည်၊ ပေါက်မြို့ပေါ်နှင့် ပေါက်မြို့နယ်၌ မဟာဝိသုတာရုံမ ဂဏဝါစက နိကာယစာသင်တိုက်များနှင့် ကျောင်းခဲ့ပေါင်း ၁၀၀-ကျော်မျှရှိကြောင်း အစည်းအဝေးမှတ်တမ်းများအရ သိရလေသည်။

ပေါက်မြို့ စေတီယံတိုက် ဆရာတော် အရှင်ဒေဝိန္ဒမဟာထေရ်

ဆရာတော်သည် ရေစကြိုဆရာတော် အရှင်ဂန္ဆသာရ၏ တပည့်ကြီးတို့တွင် ပါဝင်ခဲ့သည်၊ သီလဝန်, ဂုဏဝန်, ပညဝန် ပုဂ္ဂိုလ်မြတ်တပါး ဖြစ်လေသည်။

ဖွားမြင် သာမဏေဝတ် ရဟန်းပြုခြင်း

ဆရာတော်လောင်းလျှာသည် ပခုက္ကူခရိုင် ပေါက်မြို့နယ် စဖဲရွာ၌ အဘ-ဦးလူမောင် အမိ-ဒေါ်မွန်တို့မှ ၁၂၄၁-ခုနှစ် ဝါဆိုလဆုတ် ၃-ရက်နေ့ ညနေ ၄-နာရီ ၁၅-မိနစ်အချိန်တွင် ဖွားမြင်တော်မူခဲ့သည်၊ ၁၅-နှစ်သားခန့်တွင် ရှင်သာမဏေဝတ်ခဲ့၍ ၁၂၆၀-ပြည့်နှစ် နှောင်းတန်ခူးလဆန်းတွင် ယင်းကုန်းဆရာတော် အရှင်သုမနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ အရှင်ဒေဝိန္ဒ ဖြစ်လေသည်။

ရေစကြိုဆရာတော် အရှင်ဂန္ဆသာရထံ ရောက်ရှိ ပညာသင်ခြင်း

ဆရာတော်လောင်းလျှာသည် စဖဲရွာ မြောက်ကျောင်း အရှင်ပဏ္ဍဝံစသော ဆရာတော်များထံ ပညာရင်နှီး သင်စို့ခဲ့သည်၊ ရဟန်းဖြစ်ပြီးနောက် ရေစကြိုဆရာတော် အရှင်ဂန္ဆသာရထံမှောက်ရောက်၍ ပိဋကတ်ကို ဆို၀ါ လိုက်၀ါတို့ဖြင့် သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

ဂန္ဆသာရဿ ထေရဿ၊ နန္တဂန္ဆသုဝိညုနော။
ပိဋကံ သိက္ခနံ ကတ္ဝာ၊ ဒေဝိန္ဒော ပဏ္ဍိတော ဝိဒူ။

အရှင်ဒေဝိန္ဒအား ကျေးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးက စာချအဖြစ် ချီးမြှင့်တော်မူသဖြင့် ပခုက္ကူ မဟာဝိသုတာရုံမတိုက်, မန္တလေးကျောင်း၌ သီတင်းသုံးကာ ကြာမြင့်စွာ စာပေပို့ချတော်မူခဲ့သည်။

မဟာဝိသုတာရာမဝံသိက စေတီယံကျောင်းတိုက်ကို တည်ခြင်း

ဆရာတော် အရှင်ဒေဝိန္ဒသည် ညီရဟန်းတော် အရှင်ကေတုနှင့်အတူ ၁၂၀၂-ခုနှစ် တပေါင်းလဆန်း ၁၀-ရက်နေ့တွင် ပေါက်မြို့မှ ဒကာ ဒကာမတို့သည် တည်ဆောက်အပ်သော ပေါက်မြို့ချောင်းမြောက်ဖက် လောကဒီပါစေတီအနီး တည်ရှိရကား စေတီယံတိုက် အမည်ရှိသော ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ ယောနယ် အနှံ့အပြားမှ ကြွရောက်လာကြသော စာသင်သား ရဟန်း သာမဏေတို့အား ပိဋကတ် အခြေခံကျမ်းများနှင့်တကွ ပိဋကတ် စာဝါကြီးများ နေ့ညမအား ချပို့ပေးကာ သာသနာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

နဂရေ ပေါက်ပသိဒ္ဓမှိ၊ အာရာမေ စေတိယာဝှယေ။
ပိဋ္ဌကေ ဝါစယိတ္ဝာန၊ ဒေဝိန္ဒော သာသနန္ဓရော။

ဆရာတော်၏ ဂုဏ်တော်များ

ဆရာတော်သည် “ရဟန်းကိစ္စ နှစ်ဓုရ၌ လုံ့လအားသည်း ဟိတ်ဟန်နည်း၍ ပစ္စည်း မသို စိတ်မတို ခင်ပျို့ကြီးပွါးကြောင်း”ဟူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်နှင့် ညီစွာ ဂန္ဆဓုရ, ဝိပဿနာဓုရဟူသော ဓုရ ၂-ပါး၌သာ လေ့ကျက်တော်မူသည်၊ ဒကာ-ဒကာမတို့အား မိမိအပေါ် ကြည်ညိုလာအောင် ဂုဏ်ပကာသနပြုလုပ်ခြင်းတို့မှလည်း လွန်စွာ ကင်းရှင်းတော်မူသည်သာမက သင်္ကန်း, ထီး, ဘိနပ်စသည့် ပစ္စည်းတို့ကိုလည်း ကိုယ့်ပစ္စည်း အမှတ်ဖြင့် ကြာရှည်စွာ သိမ်းဆည်းထားရိုးရှိတော်မမူပဲ ရသမျှကို လှူဒါန်း ပေးကမ်းတော်မူလေသည်။

ဆရာတော်နှင့် သူခိုးများ

ဆရာတော်သည် တခါက ကျောင်းပေါ်သို့ရောက်ရှိသော ပန်းကန်များကို ခိုးယူသော သူခိုးတို့ကို ‘မင်းတို့ ခိုးပြီးလျှင် ကိုရင်, ဦးပဉ္စင်း, ကျောင်းသားများမရှိရာ အပေါက်က သွားကြလေ၊ သူတို့သိလျှင် မင်းတို့ကို ရိုက်လိမ့်မည်’ဟု မိန့်တော်မူကာ သူခိုးများကိုသော်လည်း ရန်မှ ကာကွယ်တော်မူဘူးလေသည်၊ ဤသို့ဖြင့် ဆရာတော်သည် ခိုးသူများအပေါ်၌ပင် ကရုဏာ ထားတော်မူသည်၊ ချီးမွမ်းစရာ ကောင်းလှတော့သည်။

ဧဝံ ဒေဝိန္ဒထေရော ဟိ၊ စောရေသုပိ ဒယာပရော။
ထေရဿ ကရုဏာယုတ္တော၊ အဟော အစ္ဆရိယော စ ခေါ။

ဆရာတော်အိပ်ရာနှင့် ခွေး ၂-ကောင်

ဆရာတော်သီတင်းသုံးတော်မူရာ အိပ်ရာ၌ ခွေးနှစ်ကောင် သုံးကောင် တက်၍ အိပ်ရာမကြာမီ ဝေဒနာစွဲ၍ သေကုန်သည်ဟု ကြားဘူးလေသည်။ မိမိနှင့် မထိုက်တန်သော သီလဝန္တ ပုဂ္ဂိုလ်၏နေရာကို တက်မိခြင်းကြောင့် ဒဏ်သင့်သည်ဟု မှတ်ရာ၏။

ဒေဝိန္ဒထေရသေဋ္ဌဿ၊ သီလဂန္ဓသုဂန္ဓိနော။
အာသနေ စ သယိတ္ဝာန၊ သာနော မရိ သု တေ တဒါ။

ဘဝနတ်ထံ ဝင်စံခြင်း

ဤသို့ဖြင့် သီလ, သမာဓိ, ပညာတို့နှင့် ပြည့်ဝစုံလင်တော်မူသော အရှင်ဒေဝိန္ဒသည် ၁၂၉၇-ခုနှစ် ဒုတိယဝါဆိုလဆုတ် ၁၅-ရက်နေ့ သက်တော် ၅၇-နှစ် သိက္ခာတော် ၃၇-ဝါအရွယ်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

သံဝေဂယဖယ်

နုနယ် ရွှပ်ဆင်း ပျိုမျစ်ခြင်းကား အိုခြင်းနောက်ဆုံး ရှိချေ၏၊
ဥစ္စာ ဆင်မြင်း ပေါများခြင်းကား ယိုယွင်း နောက်ဆုံး ရှိချေ၏၊
ဝိညာဉ်ထင်လင်း သက်ရှင်ခြင်းကား သေခြင်း နောက်ဆုံး ရှိချေ၏။

ပေါက်မြို ညောင်ဝန်းရွာ သာသနဟိတကာရီစာချတိုက်

ဆရာတော် အရှင်ဣန္ဒက မဟာထေရ်

မဟာဝိသုတာရုမိက ဂဏဝါစက နိကာယဝင် ပညာရှင်များအနက် အရှင်ဣန္ဒကမဟာထေရ်လည်း ပါဝင်ခဲ့သည်၊ အရှင်ဣန္ဒကသည် ပခုက္ကူခရိုင် ပေါက်မြို့နယ် ညောင်ဝန်းရွာ အဘ ဦးသီး အမိ ဒေါ်ဂွမ်းပုံတို့မှ သက္ကရာဇ် ၁၂၆၀-ခုနှစ်တွင် ဖွားမြင်ခဲ့သည်၊ ငယ်စဉ်က ဝက်မီးကျောင်း ဆရာတော် အရှင်ပညာမထေရ်မြတ်ထံ၌ ကျောင်းသားဝတ်,သာမဏေဝတ်နှင့် ပညာသင်ကြားခဲ့သည်၊ ၁၂၇၉-ခုနှစ်တွင် ညောင်ဝန်းရွာ သူဌေး ဦးမြ, သူဌေးကတော် ဒေါ်မြစိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဝက်မီးကျောင်းခဏ္ဍသိမ်၌ နှံသာထန်းတောဦးကျောင်းဆရာတော် အရှင်ဇဝနမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ပခုက္ကူ မဟာဝိသုတာရုမတိုက်ကြီးသို့

ပခုက္ကူ မဟာဝိသုတာရုမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ အရှင်ပညာမဟာထေရ်, အရှင်သုန္ဒရမဟာထေရ်, အရှင်နန္ဒဝံသမဟာထေရ်မြတ်တို့ထံ၌ ပိဋကတ်ကို သင်ယူတတ်မြောက်ခဲ့သည်။

ဝိသုတာရုမနာမမှိ၊ ဝိဇ္ဇာပီဌေ သုပါကဋေ့။
ဝသိတ္ဝာန ဣန္ဒကော ထေရော၊ ဥဂ္ဂဏှိ ပိဋကတ္တယံ။

ဖက်ပင်အိုင်ဆရာတော် အရှင်ဒီပ, တောင်သာကျန်းရွာဆရာတော် အရှင်အဂ္ဂဝံသ, ကန်မြေစောင်ချမ်းဆရာတော် အရှင်သောဘိတ, တောင်မြို မင်္ဂလာတိုက်ဟောင်းဆရာတော်, မန္တလေးမြို တောင်ပြင်ဘုရားကြီးတိုက် ဆရာတော်များ, ကွမ်းရွာသုံးထပ်တိုက်ဆရာတော် အရှင်ဇာဂရ အစရှိသော ဆရာတော်များထံ၌လည်း နေ့ဝါ, ည၀ါများ သင်ယူခဲ့သေးသည်၊ ဆရာတော်သည် ပေါက်မြို့နယ် ညောင်ဝန်းရွာ၌ ပရိယတ္တိသာသနဟိတကာရီ စာသင်တိုက်ကို တည်ထောင်ကာ မဟာဝိသုတာရုမ ဂဏဝါစက နိကာယဝင်ဖြစ်၍ ပရိယတ္တိမူကို ပို့ချရင်း ၁၃၂၁-ခု ဝါမဆိုမီ သက်တော် ၆၁၊၀ါတော် ၄၁-ဝါအရတွင် နတ်ပဲ့သဘင် ဝင်စံတော်မူခဲ့လေသည်။

ဣန္ဒကော သော မဟာထေရော၊ ဝိသုတာရုမဝံသိကော။
နိမန္တိတော၁ ဣန္ဒေန၊ ယာတော ဣန္ဒသဘံ ဝရံ။

ဂန့်ဂေါမြို့ မဟာဝိသုတာရုမသာသနာဝင်

ဂန့်ဂေါမြို့နယ်၌ ကျေးရွာပေါင်း ၁၀၆-ရွာ ရှိလေသည်၊ ယင်းမြို့နယ်၌ ကျောင်းတိုက်ပေါင်း ဂ၀-ကျော်ရှိရာ မဟာဝိသုတာရုမတိုက်ခဲ့ ကျောင်းတိုက်များ များစွာ ပါဝင်လေသည်၊ ပိဉ်းကျောင်းနှင့် ပျားရွာမှ ကျောင်းတိုက်များသည်လည်း ရှင်,လူအများ ကောင်းမှုပြုရာ မဟာဝိသုတာရုမိက ဂဏဝါစက နိကာယဝင် ကျောင်းတိုက်များ ဖြစ်ကုန်သည်၊ ဂန့်ဂေါမြို့သည် မြစ်သာမြစ် အရှေ့ဖက်ကမ်း,အနောက်ဖက်ကမ်း၌ တည်ရှိသည့်ပြင် မြို့၏ ပတ်ဝန်းကျင် တောင်တန်းတောင်စဉ်တို့ဖြင့် လှပသောမြို့ ဖြစ်သည်၊ မြို့ပေါ်၌ အိမ်ခြေ ၃-ထောင် နည်းပါး လောက်ရှိ၍ ဘုန်းတော်ကြီး ကျောင်းတိုက်ပေါင်း ၁၆-တိုက် ရှိလေသည်၊ ၎င်းကျောင်းတိုက်

များအနက် ခင်သာကျောင်းတိုက် မြောက်ကုန်း တောင်ကျောင်း ဆရာတော် အရှင်ဇဝန, မြို့မ အရှေ့ကျောင်းတိုက်စသည်တို့သည် မဟာဝိသုတာရာမတိုက်ခွဲများ ဖြစ်ကြသည်။

မြို့မ အရှေ့ကျောင်းတိုက်

ဂန့်ဂေါမြို့မ အရှေ့ကျောင်းတိုက်မှာ မကြာမီကမှ ခွဲ၍ တည်ထောင်သော မဟာဝိသုတာ-ရာမိက ဂဏဝါစက နိကာယဝင် စာသင်တိုက်ခွဲ ဖြစ်သည်၊ မြို့မကျောင်းဆရာတော် ဦးပရမ ပျံလွန်တော်မူပြီးနောက် ဆရာတော် ဦးကေသရ ဆက်ခံ သာသနာ ပြုတော်မူသည်၊ ဆရာတော် ဦးကေသရသည် ၁၃၁၀-ခုနှစ် နယုန်လဆန်း ၄-ရက်နေ့က ပျံလွန်တော်မူခဲ့သည်၊ ဆရာတော် ဦးကေသရသည် ကျောင်းတိုက်ကို တပည့် ဂန့်ဂေါ မြောက်ကုန်းတောင်ကျောင်း ဆရာတော် အရှင်ဇဝန မထေရ်မြတ်အား လွှဲအပ်ခဲ့သည်၊ အရှင်ဇဝနသည် ပခုက္ကူ။ မဟာဝိသုတာရာမတိုက် ဆရာတော်ကြီးများထံ ကျောင်းတိုက်ကို လွှဲအပ်လိုကြောင်း ကျမ်းတတ်ပေတတ် ဂဏဝါစက ရဟန်း တော်တပါး ရလိုကြောင်း အကြိမ်ကြိမ်လျှောက်ထားခဲ့သဖြင့် တိုက်တာဦးစီး ဆရာတော်များက ၁၃၃၀-ခု နတ်တော်လဆန်း ၇-ရက်နေ့က ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃဘာဏကဘွဲ့နှင့် အစိုးရဂုဏ်ထူး ဆောင် ဓမ္မာစရိယဘွဲ့ရ ၁၄-ဝါရ ရဟန်းတော် အရှင်ဝိသုဒ္ဓကို နောက်ပါရဟန်းတော် ၄-ပါးနှင့် စေလွှတ်တော်မူခဲ့ကြသည်၊ ဖော်ပြပါ အရှင်ဝိသုဒ္ဓ အမှူးရှိသော ဓမ္မဒူတမဏ္ဍလအဖွဲ့နှင့်အတူ ဆရာတော်များ၏ အမိန့်အရ ဤကျမ်းပြုသူနှင့် ဓမ္မာစရိယသိရောမဏိဘွဲ့ရ ဓမ္မကထိက အရှင် ဝိမလတို့ လိုက်ပါ၍ ၁၃၃၀-ခု နတ်တော်လဆန်း ၁၀-ရက်နေ့တွင် အခမ်းအနားဖြင့် ကျောင်း တိုက်ကို လက်ခံပြီး စာသင်တိုက် ဖွင့်လှစ်လိုက်လေသည်။ (မဟာဝိသုတာရာမ ဒီဃဘာဏက ပုဂ္ဂိုလ်များကြည့်)

ဇဝနော ဒီဃဒဿီ စ၊ ဝိဿုတံ ဝိသတာလယံ။
အာဂမ္မ ဝိသုတိံကေဝ၊ အယာစိ ဝါစကံ ဝိဒုံ။

တေန စတုဿဟာယေဟိ၊ ဝိသုဒ္ဓံ သုဒ္ဓအာသယံ။
ဂန့်ဂေါနဂရံ ပေသေသုံ၊ ထေရာ ထိရေသု သတ္ထိတာ။

(ကျောင်းအပ်ပဲ့ ထုတိဝေဒလ္လဂါထာများမှ)

ပဉ္စမပိုင်း မဟာဝိသုတာရာမ သာသနာဝင် ပြီး၏။



ပခုက္ကူမြို့ မြောက်ဖက် ကူတောင်ပေါ်၌ တည်ထားကိုးကွယ်အပ်သော
ဂန္ဓသာရစေတီတော်

မဟာဝိသုတာရာမနိကာယ သာသနာဝင်

ဆဋ္ဌဝိဉ်းဒ်

ဂန္ဆသာရ စေတီတော်

ပခုက္ကူမြို့ မြောက်ဖက်ရှိ ကူတောင်ပေါ်တွင် တည်ရှိနေသည့် စေတီသည် ထူးခြားလှသော စေတီတဆူ ဖြစ်သည်၊ သီဟိုဠ်ကျွန်း အနုရာဓပြို့ အရှေ့ဖက် စေတီယတောင်ပေါ်တွင် သီဟိုဠ် သာသနာ့ဘခင် အရှင်မဟိန္ဒထေရ်၏ အရိုးဓာတ်တော်ကို ဌာပနာ၍ သာသနာသက္ကရာဇ် ၂၇၇-ခုနှစ် (ဘီ၊စီ၊ ၂၆၇)တွင် သီဟိုဠ်ဘုရင် ဥတ္တိယမင်း တည်ထားခဲ့ရာ ယနေ့တိုင် သီဟိုဠ်ဗုဒ္ဓဘာသာဝင်တို့ မမေ့နိုင်ဘဲ ရှိကြရလေသည်၊ ၎င်းပြင်—

“ဒီပပွသာဒကမဟိန္ဒမဟာရဟန္တ-
ထေရုတ္တမဿ ဝိနိဓာယ ဓာတု။
ကာရာပိတံ နရဝရေန ပနုတ္တိယေန၊
အမ္ဗတ္ထလချာပဝရံ ပဏမာမိ ထူပံ”—

ဟူသော ဂါထာဗန္ဓကို ကျူးရင့်၍လည်း ပူဇော်ကန်တော့ ဦးတင်ကြသည်။

ထို့အတူ ကူတောင်ပေါ်၌ တည်ထားကိုးကွယ်ခဲ့သော စေတီတော်သည်လည်း ပခုက္ကူသာသနာ့ကြီးကို၎င် ပခုက္ကူနိကာယ သာသနာပိုင် သီလ သမာဓိ ပညာ-ရန်တော်တို့ဖြင့် သင်းပုံကြို၎င် လိုင်သည့် ဘုန်းခိုင်ဘုရားကြီး၏ သားကြီးသြရသ အရှင်ဂန္ဆသာရထေရ်မြတ်၏ အရိုးဓာတ်တော်တို့ကို ဌာပနာ၍ တည်ထားခဲ့သော စေတီဖြစ်ခု များစွာသော လူရှင်တို့၏ ဦးခိုက်ရာ, ကုသိုလ်ပုည မျိုးစေ့ချရာ ‘ပုညတိဋ္ဌ’တခု အဖြစ် တည်ရှိလေတော့သည်။

ဂန္ဆသာရံ မဟာထေရံ၊ နိကာယဏ္ဏဝပါရဂံ။
ဓိတိမန္တံ သတိမန္တံ၊ ဝန္ဒာမိ သိရသာဒရံ။

ပညာသတိနှင့် မကွေမကွာ အမြဲယှဉ်တော်မူသည့် နိကာယ်ငါးရပ် ပိဋကတ်ကမ်းကူး လင်းယဉ်မှူးကြီး ဖြစ်တော်မူသော အရှင်ဂန္ဆသာရမဟာထေရ်မြတ်ကြီးအား ရှိခိုးပါ၏ဟု နှလုံးသွင်း၍ ရှိခိုးဦးချသည်။

ဂန္ဆက္ကမေသု၊ ကောဝိဒေါ၊ သာရတ္ထေသု စ နိပုဏော။
မဟာဝိသုတိကေ အမ္မေ၊ ထေရော နိစ္စံ ပသာသတု။

ဂန္ဆက္ကမေသု၊ စာနေ စာထား ပုဒ်သွား ပုဒ်လာ များစွာသော ကျမ်းဂန် အစဉ်တို့၌။ ကောဝိဒေါ၊ သူမတူအောင် လွန်စွာကျွမ်းကျင်လိမ်မာတော်မူလှပါပေသော။ သာရတ္ထေသု စ၊ မဖောက်မပြန် ဟုတ်မှန်ကောင်းမြတ်သော အနက်သဘောတို့၌လည်း။ နိပုဏော၊ သိမ်မွေ့သော ပညာဖြင့် လိမ်မာနိုင်နင်းတော်မူလှပါပေသော။ ထေရော၊ ကျေးဇူးတော်သခင် ထိပ်ခေါင်တင် မဟာထေရ် အရှင်သူမြတ်ကြီးသည်။ မဟာဝိသုတိကေ၊ မဟာဝိသုတာရာမ စာချုတိုက်ကြီးတို့၏

အတွင်း၌ မှီတင်းခိုအောင်းလျက်ရှိကြကုန်သော။ အမေ့၊ တပည့်ကြီးငယ်အပေါင်းတည်းဟူသော တပည့်တော်တို့ကို။ နိစ္စံ၊ အမြဲနိစ္စ။ ပသာသတု၊ ဆုံးမပဲ့ပြင် ကိုယ်ထင်ထင်ဖြင့် သွန်သင်မြဲ သွန်သင်တော်မူလွဲပါဦးဘုရားဟု အောက်မေ့အမှတ်ရ တောင့်တကြသည်။

သမိုင်းအကျဉ်း

ဆရာတော်ဘုရားကြီးသည် အသက်တော်နှင့်အမျှ ဓုရန္ဒစ်ပါး ပွါးများအားသစ်တော်မူခဲ့ပြီး ၁၂၇၆-ခုနှစ် သီတင်းကျွတ်လဆုတ် ၁၂-ရက်နေ့တွင် နတ်ပဲ့သဘင် ဝင်စံခဲ့သည်၊ ဆရာတော်ကြီး ပျံလွန်တော်မူသည်နှင့်တပြိုင်နက် ပခုက္ကူကုက္ကိုတန်းရပ်ကွက်ကြီးများ၌ရှိသော ကုက္ကိုပင်အားလုံး အလိုလိုသွေခြောက်၍ သေကြသည်၊ တိုက်တွင်းရှိ ရေတွင်းများမှာ ထိုအခါမှစ၍ သုံးမကုန် အောင် ရေယိုထွက်လာကြသည်၊ ကုက္ကိုပင်များမရှိသဖြင့် သန့်ရှင်းကျယ်ဝန်းသော ကွက်လပ်ကြီး၌ စျာပနပဲ့ကို ခမ်းနားစွာ ကျင်းပကြရသည်။

ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ၇-ရက်အတွင်းသင်္ဂြိဟ်ရန် စျာပနကော်မိတီက သတ်မှတ်သော်လည်း အများစုသဘောမတူသဖြင့် တပေါင်းလတိုင် ပြောင်းလွှဲသတ်မှတ်ကြရသည်၊ ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို သံဃိဿရ သံဃဦးကိုင် သာသနာပိုင် ဆရာတော်ဘုရားကြီးတို့၏ အလောင်းတော်ကို ပူဇော်ကြသကဲ့သို့ ၁၂၇၆-ခုနှစ် တန်ဆောင်မုန်း လဆန်း ဂ-ရက်နေ့တွင် ခန်းဖွင့်သဘင် ဆင်ယင်ကျင်းပ ခမ်းနားစွာပူဇော်ကြပြီးလျှင် ၎င်းနှစ် တပေါင်းလဆန်း ဂ-ရက်နေ့မှစ၍ အလောင်းတော်ကို စံတော်မူရာ ကျောင်းတော်ကြီးမှ ပင့်ယူ ပူဇော်ကြပြီး ပဲ့သဘင်အမျိုးမျိုးတို့ဖြင့် မြေမိုးဖြန်းဖြန်းကွဲမျှ အဆန်းတကြယ် လဲလှယ် နေ့ည သာဓုကီဠနပဲ့ကြီးသဘင် ဆင်ယင်ကျင်းပကြ၍ တပေါင်းလဆုတ် ၁-ရက်နေ့တွင် ဝေဟင်စွင့်စွင့် ကြီးမြင့်မှန်မြတ်လှသော လောင်တိုက်ထက်တော်ကြီးသို့ စက်ယန္တရား လေယာဉ်ပျံရထားဖြင့် တင်ဆောင်ပြီးမှ လက်နက်စိန်ပြောင်း ချက်ပေါင်းများစွာ ပစ်ဖောက်ပူဇော်ကြကာ မီးတင် မီးခတ် တေဇောလွှတ်၍ ရိုးခတ်မြေကျ စျာပနပဲ့ကြီးသဘင် ဆင်ယင်ကျင်းပကြလေသည်။

စေတီတည်ပြီ

စျာပနပဲ့ပြီးသောအခါ အရိုးကောက်ပဲ့ကျင်းပ၍ ဆရာတော်၏အရိုးတော်ခတ်ကို ဌာပနာ ကြကာ ကျောင်းတိုက်ဒါယကာကြီး ဦးစံပေါ်-ကျောင်းတိုက်အမကြီး ဒေါ်ငွေ့, သမီး ဒေါ်နှင်း-အေးနှင့် အများဒကာ,ဒကာမတို့စုပေါင်းပြီး စေတီတော်ကြီး တည်ထားကိုးကွယ်ခဲ့ကြလေသည်။ စေတီမြတ်ကြီး၏ထီးတော်ကိုမူ မန်ကျည်းချောင်းရပ် ပိုးကုန်သည် ဦးအေးမြ-ဒေါ်ပိုးတို့က တင်လှူခဲ့သည်၊ ဆရာတော် အရှင်ဂန္ဓသာရမဟာထေရ်၏ အရိုးခတ်ကို ဌာပနာထားသည့်အတွက် ဂန္ဓသာရစေတီဟု တွင်လေသည်။

တပည့်ကြီးများ၏ အရိုးခတ်

၎င်းနောက်တွင်မှ ၁၃၀၈-ခုနှစ်တွင် ပျံလွန်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာ ထေရ်၏အရိုးခတ်, ၁၃၁၉-ခုနှစ်တွင် ပျံလွန်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင် နန္ဒဝံသမဟာထေရ်၏အရိုးခတ်, ၁၃၁၉-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂-ရက်နေ့တွင် ပျံလွန် တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍည မဟာဝိသုတာရုမိက ဂဏဝါစက နိကာယ

ကြီး၏ စတုတ္ထမဟာဝိနာယကာ ဆရာတော်၏အရိုးဓာတ်, ဂဏဘာရနိတ္ထာရက ရွှေကူတိုက်ဆရာတော် အရှင်ပဒုမ၏အရိုးဓာတ်, အရှင်မာဃိန္ဒ မဟာဝိသုတာရာမတိုက်အုပ်ဆရာတော်၏ အရိုးဓာတ် တို့ကိုလည်း ဖော်ပြပါ ဂန္ဆသာရစေတီတော်၌ပင် ဖောက်ထွင်းဌာပနာခဲ့ကြလေသည်။

ဖော်ပြပါစေတီတော်ကြီးသို့ မဟာဝိသုတာရာမတိုက်မှ ဆရာတော်များနှင့် ဂဏဝါစက ဆရာတော်များသည် နှစ်စဉ် သီတင်းကျွတ်လဆုတ် ၁-ရက်နေ့တွင် ကြွရောက်တော်မူကြပြီး မီးရောင်စုံများ(ဆီမီး, ဖယောင်းတိုင်မီးစသည်)တို့ဖြင့် ပူဇော်ကြ၍ လဆုတ် ၂-ရက်နေ့ နံနက်တွင် ဆွမ်းတော်ကပ်ကြကာ ကျေးဇူးရှင်ဆရာတော်ကြီးတို့၏ ဂုဏ်တော်တို့ကို နှလုံးသွင်းပွါးများကြသည်။

အရှင်သာရိပုတြာသည် ဆရာဖြစ်သည့် အရှင်အဿဇိသီတင်းသုံးရာဖက်ကို ဦးခေါင်းထား၍ ကျိန်းစက်တော်မူသည်၊ အရှင်ရာဟုလာသည် ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတြာအား အမြဲနီစွ ရှိသေကော်ရော် ပူဇော်တော်မူခဲ့သည်၊ လောက,သာသနာ၌ မိမိအကျိုးစီးပွါးကို လိုလားသူသည် ဆရာသမားတို့ကို လေးမြတ်ကော်ရော် ပူဇော်ရာသည်၊ ဂုဏ်ကျေးဇူးအပေါင်းကိုလည်း အောက်မေ့ရာသည်။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္မသံ အတ္ထမတ္တနော။
အာစရိယေ'ဘိပူဇေယ္ယ၊ သရေယ္ယ ဝိဝိဓံ ဂုဏံ။

သန္နိပါတဖျားနှင့် အကြောင်းအရာအကျဉ်း

ပဌမ သန္နိပါတ

ပခုက္ကူမြို့ မဟာဝိသုတာရုမိက ဂဏဝါစက နိကာယကြီး၏ ပဌမအကြိမ် သံဃာ့အစည်းအဝေး (ပဌမ သန္နိပါတ) ကြီးကို ၁၃၀၀-ပြည့်နှစ် နတ်တော်လဆန်း ဂ-ရက်နေ့တွင် ပခုက္ကူ ပိဋကတ် အတတ်မြို့တော် မဟာဝိသုတာရုမတိုက်ကြီးတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။

ဖော်ပြပါ အစည်းအဝေးကြီး၌ မြန်မာပြည် အရပ်ရပ်မှ မဟာဝိသုတာရုမ စာသင်တိုက်ခဲ့ ပေါင်း ၄၂-တိုက်မှ ကျောင်းပိုင်,ကျောင်းထိုင် အာရုမိဿရ ဆရာတော်များနှင့် ဂဏဝါစက စာချ-ဆရာတော်များ အစုံအညီ ကြွရောက်တော်မူကြ၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ-မဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့၏ ရှေမှောက်တွင် တညီတညွတ်တည်း သြဝါဒခံယူ ပူဇော်ကန်တော့ကြပြီး သာသနာရေးကိစ္စအဝဝကို တိုင်ပင်ဆွေးနွေးတော်မူကြသည်၊ တိုက်သံဃာနှင့်တကွ တဆောင်ကျော် ရဟန်းပရိသတ်၊ ထောင်ပေါင်းများစွာသော လူပရိသတ်ကြီး ကျိတ်ကျိတ်တိုး ပြည့်ညပ်စည်ကားလှသည်၊ နတ်တော်လဆန်း ၁၀-ရက်နေ့တွင် ပဌမ သန္နိပါတ သံဃာ့အစည်း အဝေးကြီး ပြီးစီးအောင်မြင်လေသည်။

မဟာဝိသုတပါကဋ္ဌေ၊ အာရုမေ သာဓု နန္ဒနေ။
ပရောသဟဿံ ဘိက္ခူ စ၊ မန္တယိံသု သမာဂတာ။

ဒုတိယ သန္နိပါတ

ပခုက္ကူမြို့ မဟာဝိသုတာရုမိက ဂဏဝါစက နိကာယကြီး၏ ၂-ကြိမ်မြောက် သံဃာ့အစည်း အဝေးကြီးကို ၁၃၀၁-ခုနှစ် နတ်တော်လဆန်း ဂ-ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက်ကြီးတွင် ခမ်းနားစွာ ကျင်းပလေသည်။ ထို အစည်းအဝေးကြီးသို့ မြန်မာနိုင်ငံ အရပ်ရပ်ရှိ မဟာဝိသုတာရုမတိုက်ခဲ့ပေါင်း ၇၇-တိုက်မှ ကျောင်းပိုင်,ကျောင်းထိုင် အာရုမိဿရထေရ်များ နှင့် ဂဏဝါစက စာချဆရာတော်များ အစုံအညီ ကြွရောက်တော်မူကြ၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ-မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့၏ ရှေတော်မှောက်တွင် တညီတညွတ်တည်း သြဝါဒခံယူ ပူဇော်ကန်တော့ကြပြီး သာသနာရေးကိစ္စများကို တိုင်ပင်ဆွေးနွေးတော်မူကြသည်၊ ရဟန်းပရိသတ် ၁၀၀၀-ကျော်နှင့် လူထုပရိသတ်ကြီး ထောင်ပေါင်းများစွာ စည်းဝေးမိလေသည်၊ နတ်တော်လဆန်း ၁၀-ရက်နေ့တွင် ဒုတိယ သန္နိပါတ အစည်းအဝေးကြီး ပြီးစီးအောင်မြင်ခဲ့လေသည်။

ဧကဝဿမတိက္ကန္တေ၊ တိသတေကသဟဿကေ။
အာရုမေ ဝိသုတာနာမေ၊ မဟာဝိဟာရသန္နိဘေ။

အတိရေကသဟဿံ စ၊ ဘိက္ခူ သာသနမာမကာ။
မနုဿာ သောဂတာစာတိ၊ သန္နိပါတမကံသု တေ။

ဂဏမဟာဝိနာယက ဆရာတော်ဘုရားကြီးမျှားနှင့် အဝေးရောက် နိုကာယဝင်ဆရာတော်သံဃာတော်
များကို ၁၃၀၀-ပြည့်နှစ်က အစည်းအဝေးအပြီးတွင် ဖူးမြင်ရပုံ

တတိယ သန္ဓိပါတ

၁၃၀၃-ခုမှစ၍ ဖြစ်ပေါ်ခဲ့သော ဒုတိယကမ္ဘာစစ် ဘေးရန်ကြောင့် စာသင်တိုက်ကြီးများ ရပ်ဆိုင်းခဲ့ရသဖြင့် သံဃာ့အစည်းအဝေးကြီးများကို မစည်းဝေးပဲ ရပ်ဆိုင်းခဲ့ကြရာ ၉-နှစ်မျှ ကြာညောင်းခဲ့သည်။

၁၃၀၈-ခုနှစ်တွင်လည်း ဂဏမဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ် ပံ့လွန်တော်မူသဖြင့် နိကာယဝင်အားလုံး ဝမ်းနည်းခြင်းဖြစ်ကြ သံဝေဂရကြရသည်၊ ၁၃၁၀-ခုနှစ် နယုန်လဆန်း ဂ-ရက်နေ့တွင်မှ ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၌ ခမ်းနားစွာ တတိယ သန္ဓိပါတကို ကျင်းပကြရသည်။

ထို အစည်းအဝေးကြီးသို့ မြန်မာနိုင်ငံတော် အမြို့မြို့ အရွာရွာရှိ မဟာဝိသုတာရာမတိုက်ခဲ့ ပေါင်း ဂ၁-တိုက်တို့မှ အာရာမာဓိပတိ ဆရာတော်များ, စာချဆရာတော်သံဃာတော်များ မြားမြောက်စွာ တက်ရောက်စုဝေးမိကြသည်၊ ထို အစည်းအဝေးကြီး၌ ကျေးဇူးတော်ရှင် အဘိဓဇ-မဟာရဋ္ဌဂုရုဆရာတော် အရှင်သုန္ဒရ ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ-မဟာထေရ်တို့၏ ရှေမှောက်၌ တညီတညွတ်တည်း သြဝါဒခံယူပူဇော်ကန်တော့ကြပြီး သာသနာရေးကိစ္စများကို တိုင်ပင်ဆွေးနွေးတော်မူကြ၍ နယုန်လဆန်း ၁၀-ရက်နေ့တွင် တတိယ သန္ဓိပါတ သံဃာ့အစည်းအဝေးကြီး ပြီးဆုံးလေသည်။

တတိယေ သန္ဓိပါတေပိ၊ မဟာထေရာ ဝိစက္ခဏာ။
ဝိသာရဒါ စ ဗျတ္တာ စ၊ ဂဏာသာ ဂန္ထဝါစကာ။
သမာဂန္ဒွာန မန္တေသုံ၊ သမ္မုဒ္ဒမတကောဝိဒါ။

စတုတ္ထ သန္ဓိပါတ

၁၃၁၄-ခုနှစ် ဝါဆိုလဆန်း ဂ-ရက်နေ့တွင် မဟာဝိသုတာရာမတိုက် အလယ်သိမ်ကျောင်းတော်ကြီးကို ကျောင်းအမကြီး ဒေါ်ဆောင်ဘုံ, သား-ဦးစောဦး, သမီး-ဒေါ်သိမ်တို့က ရေစက်သွန်းချလှူဒါန်းခဲ့ကြသည်၊ ထို ကျောင်းရေစက်ချပွဲနှင့်အတူ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီးကို စတုတ္ထ သန္ဓိပါတ အဖြစ်ဖြင့် ခမ်းနားစွာ ကျင်းပခဲ့ကြရာ တိုက်ခဲ့အခွို့ (၅၄) တိုက်မှ ကျောင်းပိုင်ဆရာတော်များ, ဂဏဝါစက စာချဆရာတော်များ တက်ရောက်စုဝေးမိကြသည်၊ ဂဏမဟာဝိနာယက ဆရာတော်များဖြစ်သော အဂ္ဂမဟာပဏ္ဍိတ အရှင်သုန္ဒရ မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍည မဟာထေရ်တို့၏ ရှေ့မှောက်တွင် ညီညာဖြဖြ သြဝါဒခံယူကြပြီး သာသနာရေးကိစ္စများကို ဆွေးနွေးကြ၍ ဝါဆိုလဆန်း ၉-ရက်နေ့တွင် စတုတ္ထ သန္ဓိပါတ အစည်းအဝေးကြီးနှင့် အလယ်သိမ်ကျောင်းတော်ကြီး ရေစက်ချပွဲ ပြီးဆုံးအောင်မြင်လေသည်။

ဝိဟာရမဟာကာလမှိ၊ သန္ဓိပါတော သမာဝိ။
စတုတ္ထော ပါကဋော သော ဟိ၊ စတုတ္ထသင်္ဂီတိ ယထာ။

ပဉ္စမ သန္နိပါတ

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ပဉ္စမသန္နိပါတ အစည်းအဝေးကြီးကို ၁၃၁၀-ခုနှစ် တပေါင်းလပြည့် ၁၂-နာရီအချိန်မှစ၍ မြန်မာနိုင်ငံ ၂၅-ခရိုင်မှ နိကာယဝင်သံဃာတော်ပေါင်း ၁၅၀၀-ကျော်တို့ ပခုက္ကူ။ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ ကြွရောက်၍ သာသနာကိစ္စအဝဝကို ဆွေးနွေးတော်မူကြသည်။

ပဉ္စမေ သန္နိပါတမ္ပိ၊ ပဉ္စဝိသပဒေသတော။
ကောဝိဒါ ပိဋကေ ဆေကာ၊ ပတိ ံသု ဝိသုတာလယေ။
တဒါ ဝိသုတအာရာမော၊ အတီဝ သောဘနော ယထာ။
ပုဗ္ဗေ အသောကအာရာမော၊ ဓမ္မာသောကေန မာပိတော။

ဆဋ္ဌ သန္နိပါတ

မဟာဝိသုတာရာမိကဂဏဝါစက နိကာယကြီး၏ ဆဋ္ဌသန္နိပါတ အစည်းအဝေးကြီးကို ၁၃၂၂-ခုတပို့တွဲလဆုတ် ဂ-ရက် ၉-ရက်တို့တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ ကျင်းပခဲ့သည်၊ ထိုအစည်းအဝေးကြီး၌ ၂၅-ခရိုင်ရှိ တိုက်ခဲ့များမှ အာရာမာဓိပတိဆရာတော်များ, ဂဏဝါစက ဆရာတော်များ ၁၅၀၀-ကျော်နှင့် တိုက်တွင်းသံဃာ ၆၀၀-ကျော် နှစ်ရပ်ပေါင်း သံဃာတော် ၂၀၀၀-ကျော်တို့ တက်ရောက်ကြသည်၊ ထိုအစည်းအဝေးကြီး၌ ဂဏမဟာဝိနာယကဆရာတော် အရှင်ပညာမဟာထေရ်, အရှင်နန္ဒဝံသမဟာထေရ်, အရှင်ကောဏ္ဍညမဟာထေရ်တို့ နှတ်နှန်းရှေဘုံ ခိုလှုံတော်မူခဲ့ကြသဖြင့် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး တပါးတည်းသာ ဂဏမဟာဝိနာယကအဖြစ် ကျန်ရှိခဲ့ရာ ၎င်း ၁၃၂၂-ခုနှစ် တပို့တွဲလဆုတ် ဂ-ရက် အစည်းအဝေးကြီးတွင် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ ဓမ္မသေနာပတိ မဟာဂဏဝိနာယက အဖြစ် ရွေးကောက်တင်မြှောက်တော်မူကြသည်။

သုန္ဒရံ တံ မဟာထေရံ၊ သဗ္ဗဂန္ထဝိသာရဒံ။
သီလဝန္တံ မိတိမန္တံ၊ ဒီဃဒဿိ ံ မဟာဝိဒုံ။
ဥစ္စိနိ ံသု နိကာယမ္ပိ၊ ပါမောက္ခံ ဂဏပုဂ်ဝံ။
သမ္မဒ္ဒဿာသနေ ဝုဒ္ဓိ-ကာမာ ထေရဝရာ ဝိဒူ။

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ဂဏဘာရနိတ္ထာရက အရှင်ဂန္ဓမာ မဟာထေရ်ကိုလည်း မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏမဟာဝိနာယကအဖြစ် ရွေးကောက်တင်မြှောက်တော်မူကြသည်။

ဂန္ဓမာဝှ မဟာထေရံ၊ သီလဂန္ဓသုဝါသိတံ။
ဥစ္စိနိ သန္နိပါတမ္ပိ၊ နိကာယမ္ပိ ဝိနာယကံ။

ဂဏအနုဝိနာယက ဆရာတော်များ

၁။ ဆရာတော်ဘဒန္တရေဝတ အဂ္ဂမဟာပဏ္ဍိတ ဓမ္မိကာရုံပါဋိတက္ကသိုလ် ဒေဝသာဂရသိမ်ကုန်း ရန်ကုန်မြို့။

၂။ အရှင်နန္ဒမဟာထေရ် ရေလယ်ကျောင်းတိုက် တောင်သာမြို့ မြင်းခြံခရိုင်။

၃။ အရှင်ဝါသဝ မဟာဝိသုတာရာမတိုက် မြန်အောင်။
၄။ အရှင်ဝါယာမမဟာထေရ် မဟာဝိသုတာရာမတိုက်။
၅။ အရှင်ကေလာသ လေသာကျောင်းတိုက်သစ် ပခုက္ကူ။
၆။ အရှင်သံဝရမဟာထေရ် ရေလယ်ကြီးကျောင်း သရက်တောတိုတ် ရန်ကုန်။
၇။ အရှင်ဒီဗ္ဗ တောရကျောင်းတိုက် ဒေးဒရဲမြို့။
၈။ အရှင်အာစိဏ္ဏမဟာထေရ် အဂ္ဂမဟာပဏ္ဍိတ ဘုရားကြီးတိုက် ရန်ကုန်မြို့။
၉။ အရှင်ပဒုမာဘိဝံသမဟာထေရ် မဟာဝိသုတာရာမတိုက် မကွေးမြို့။
၁၀။ အရှင်နန္ဒမဠာ။ အဂ္ဂမဟာပဏ္ဍိတ ရတနာဇီမာန် ပါဠိတက္ကသိုလ် ချမ်းသာကြီးတိုက် အနောက်ပြင် မန္တလေး။

၎င်း ဆရာတော်များသည် ဆဋ္ဌသန်္ဂီပါတ၌ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏအနုဝိနာယကအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသော ဆရာတော်များ ဖြစ်ကြသည်။

ရေဝတော ဧစဝ နန္ဒော စ၊ ဝါသဝေါ, ဝါယာမော သုဓီ။
ကေလာသော, သံဝရော, ဒီဗ္ဗော၊ အာစိဏ္ဏော, ပဒုမော တထာ။
နန္ဒမဠာတိ ဧတေဝ၊ ဒသ အနုဝိနာယကာ။

ဂဏဘာဝရနိတ္ထာရက ဆရာတော်များ

မဟာဝိသုတာရာမ ဂဏဝါစက နိကာယကြီး၌ အစဆုံး ဂဏဘာဝရနိတ္ထာရကများမှာ မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒ မဟာထေရ်နှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်အုပ် ဆရာတော် အရှင်ဂန္ဓမာ, ရွှေကူတိုက်ဆရာတော် အရှင်ပဒုမတို့ ဖြစ်ကြသည်၊ မကွေးဆရာတော် အရှင်နာရဒမဟာထေရ်, ရွှေကူတိုက်ဆရာတော် အရှင်ပဒုမမဟာထေရ်တို့မှာ ဒေဝါကြင့်နိုး စံမြန်းကြကုန်ပြီ။

၁၃၂၂-ခုနှစ် တပို့တွဲလဆုတ် ဂ·ရက်နေ့ ဂိုဏ်းအစည်းအဝေးကြီးတွင် ထပ်မံတင်မြှောက်အပ်သော ဂဏဘာဝရနိတ္ထာရက ဆရာတော်များမှာ—

၁။ အရှင်နန္ဒိယမဟာထေရ် တိုက်အုပ်ဆရာတော် မဟာဝိသုတာရာမတိုက် ပခုက္ကူမြို့။
၂။ အရှင်ဓမ္မိကမဟာထေရ်ရွှေကူတိုက် ပခုက္ကူမြို့။ (အသစ်ဖြည့်စွက်အပ်သော)
၃။ အရှင်မာဃိန္ဒမဟာထေရ်တိုက်အုပ်ဆရာတော် မဟာဝိသုတာရာမတိုက် ပခုက္ကူမြို့။
၄။ အရှင်နာယကမဟာထေရ် ဂဏဝါစက, ပဌမကျော်, ဓမ္မာစရိယ စေ့းကျောင်း မဟာဝိသုတာရာမတိုက် ပခုက္ကူ။
၅။ အရှင်နေမိန္ဒထေရ် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဂဏဝါစက သုဝဏ္ဏဝတီကျောင်း မဟာဝိသုတာရာမတိုက် ပခုက္ကူတို့ ဖြစ်ကြလေသည်။

နန္ဒိယော, ဓမ္မိကောစေဝ၊ မာဃိန္ဒော, နာယကော တထာ။
နေမိန္ဒော စာတိ ပဠေတေ၊ နိကာယေ ဘာရဝါဟကာ။

မဟာဝိသုတာရုံမတိုက်တွင်းအဆောက်အဦများ

သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်, အဘယဂိရိကျောင်းတိုက်, ဇေတဝနကျောင်းတိုက် စသည်တို့၌ ရှိခဲ့ဘူးသော ကျောင်းများကို သီဟိုဠ်ကျွန်း သမိုင်းပညာရှင်တို့ မော်ကွန်းထိုး မှတ်တမ်းတင်ခဲ့ကြရာ ဂေဟနိမ္မာနအတတ်နှင့် သာသနယဉ်ကျေးမှုကို ပြုစုလေ့လာကြသူတို့ အတွက် အဖိုးတန်လာဘ်ကောင်းအကွက်ပင် ဖြစ်သည်၊ ပခုက္ကူ မဟာဝိသုတာရုမ ကျောင်းတိုက် ကြီးသည်လည်း ယခုအချိန်အခါ ပိဋကတ်ကို ချပို့ပေးရာ၌ မြန်မာ၌ မဆိုထားဘိ ကမ္ဘာ၌ပင် နှိုင်းယှဉ်စရာ မရှိခဲ့ပါပေ၊ သီဟိုဠ်၌ ဝိဇ္ဇောဒယ, ဝိဇ္ဇာလင်္ကာရ-စသော ယခုခေတ်စားနေသော စာသင်တိုက် ပရိဝေဏများ, တက္ကသိုလ်များသည် ထေရဝါဒပိဋကတ်ကို လေ့လာရာ, သုတေသန လုပ်ရာ, ချပို့သင်ပြရာ၌ မဟာဝိသုတာရုမတိုက်၌ လေ့လာသည့်နည်းနှင့် ကွာခြားလှပါသည်၊ ယိုးဒယား စူဠဉာလောင်ကွန်တက္ကသိုလ်-စသည်တို့၌လည်း ပခုက္ကူ မဟာဝိသုတာရုမ လေ့လာဟန် မျိုး ပိဋကတ်ကို လေ့လာသည်မဟုတ်ပါ၊ ကမ္မောဒီးယား လာအိုစ်တို့၌လည်း သီဟိုဠ် ယိုးဒယား တို့ထက်ပင် ပို၍နိမ့်ကျပါသည်။

မဟာရုံတန်တိုင်းကြီး

မဟာဝိသုတာရုမ ဝိဇ္ဇာပီဌသံဃာ့အရုမ်ကြီးကို ၉-ပေမြင့်၍ မဟာဆန်လှသော ပုံသဏ္ဌာန်ရှိသော တန်တိုင်းကြီးဖြင့် ဝန်းရံထားသည်မှာ လွန်စွာကျက်သရေရှိလှသည်၊ ဘုရားရှင် သက်တော် ထင်ရှားရှိတော်မူရာ ခေတ်အခါက ကောသလတိုင်း သာဝတ္ထိမြို့တော်၏ အရှေ့ဖက် ဝိသာခါ ဒါယိကာမကြီး၏ ပုဗ္ဗာရုံကျောင်းတိုက်တမျှ ပဏ္ဏာရ အချိုးကျလှတော့သည်၊ ဘော်သာခို ငွေရောင်အဆင်းအသွေး ဖြူဖြူဖွေးဖွေးဖြင့် တိုက်တင်းစံပျော် သံဃာတော်တို့၏ စိတ်နှလုံး အေးမြ ဖြူစင်ပုံကို ဖော်ပြနေတော့သည်၊ တန်တိုင်းကြီး၏ တန်ဖိုးမှာ သိန်းပေါင်း မြားမြောက်စွာရှိမည် ဟု မှန်းဆမိတော့သည်။

ဝိသုတာရုမပါကာရော၊ ရဇတက္ခန္ဓသန္နိဘော။
ပုဗ္ဗာရုမေ ပါကာရော၀၊ အတိ၀ သောဘနော အဟု။

နာရီစင်ကြီး

မဟာဝိသုတာရုမ သံဃာ့ဗိမာန်ကြီး၏ မြောက်အပေါက်ထွက်၌ စိုက်ထူဖန်တီး တည် ဆောက်၍ထားသော နာရီစင်မြင့်ကြီးမှာလည်း ပေ ၁၂၀-မြင့်ရာ မြန်မာပြည်ရှိ နာရီစင်များထက် ကြီးမြင့်သည်, ခေတ်မှီသည်, သားနားသည်၊ ညအချိန်တွင် ၃-မိုင်အတွင်း နာရီကြီး၏ ထိုးသံကို ကြားနိုင်လေသည်။

ဖော်ပြပါ နာရီစင်ကြီးကို ရန်ကုန်မြို့ အလုံ သစ်တောလမ်း သူဌေး ဦးစောဦး သူဌေးကတော် ဒေါ်သိမ်တို့က အသပြာ ၆-သောင်း စွန့်လှူကြကာ ၁၃၁၇-ခုနှစ်က လှူဒါန်းအပ်နှင်းခဲ့လေသည်၊



ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မြောက်ဖက်မုခ် ပဟိုနာရီစင်ကြီး



ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၏ တောင်ဘက်မုခ်
ပြာသာဒ်တော်ကြီး

နာရီစင် နာရီတိုင်ကြီးသည် တာဝတိ်သာ နတ်ပြည်၌ စိုက်ထူထားသည့် တုရိုက်းတိုင်သဖွယ် တင့်တယ်လှတော့သည်။

ဟောရာလောစနထမ္ဘော စ၊ အတိဥစ္စော မနောဟရော။
တောရဏံ တာဝတိ်သေဝ၊ မနုညော သောဘနော ဘဝိ။

မဟာဝိသုတာရာမတိုက်ကြီး၏ တောင်ဘက်မုခ်ဦး ပြာသာဒ်

ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ မြောက်ဖက်မုခ်သည် မြင့်မား, ခမ်းနားသော နာရီစင်ကြီးဖြင့် တင့်တယ်ဖွယ်ရာ ကျက်သရေရှိသကဲ့သို့ တောင်ဖက်မုခ်သည်လည်း မုခ်ဦးပြာသာဒ်ကြီးဖြင့် အဆင်ပြေ အချိုးကျ ပဏ္ဍာရလှပေသည်၊ မြောက်ဖက်နာရီစင်ကြီးမှာ အလယ်သိမ် ကျောင်းတော်ကြီးမှ စတင်ဆက်သွယ်ထားသော အုဋ်၌, ကျောက်, သံ, သွတ်တို့ဖြင့် ပြီးသော ၂-ထပ်စောင်းတန်းကြီးအဆုံး ကျောင်းတိုက်ကြီး၏ မြောက်အပေါက်၌ တည်ရှိခြင်း ဖြစ်သကဲ့သို့ တောင်ဖက်မုခ်ဦး ပြာသာဒ်မှာလည်း အလယ် သိမ်ကျောင်းတော်ကြီး၏ တောင်ဖက် ဆင်ဝင်မှ စတင်ဆက်သွယ်လာခဲ့သော အုဋ်,ကျောက်, သံ,သွတ်တို့ဖြင့်ပြီးသော တထပ် အုဋ်စောင်းတန်းကြီးအဆုံး တောင်ဖက် တံခါးဝ၌ တည်ရှိရာ ပုံတွင် မြင်ရသည့်အတိုင်း ခြုံးပန်းခြုံးနွယ် ပန်းပျောက်ပန်းခက်တို့ဖြင့် အချိုးကျလှပါသည်၊ ၎င်းပြာသာဒ်နှင့် အုဋ်စောင်းတန်းကြီးကို ဆောက်လုပ်လှုံ့ဒါန်းကြသူတို့မှာ ပခုက္ကူမြို့ စျေးဟောင်းရပ်မှ ကုန်သည်ကြီး ဒေါ်သန်း, ဒေါ်လုံး၊ ဦးညိုနှင့် ဇနီး ဒေါ်သိန်းရွှင်တို့ ဖြစ်ကြသည်။ ၎င်းတို့သည် မဟာဝိသုတာရာမတိုက်၌ သာသနဇောတိက တိုက်ကျောင်းနှင့် အလယ်သိမ်ကျောင်းတော်ကြီးရှိ အထက်ထပ်သို့တက်သော မြောက်ဖက်လှေကား အနောက်ဖက်စောင်းတန်း ကျောင်းအသုံးအဆောင် ဘီဒို-စသည်တို့ကိုလည်း လှုံ့ဒါန်းခဲ့ကြသည်၊ ၎င်းတို့၏ မဟာဝိသုတာရာမတိုက်ကြီး၌ စွန့်လွှတ် ကုသိုလ်ပြုသည့် ဌေမျှားမှာ ၂-သိန်းနည်းပါး ရှိမည်ဟု မှန်းဆမိလေသည်။

ဝိသုတဿ ဒက္ခိဏမ္ပိ၊ ပါသာဒေါ ဟိ မနောဟရော။
မာလာစိတ္တလတာကမ္မ–နာနာကာရေဟိ သောဘနော။

သာသနဇောတိပါလကျောင်းကြီး

၁၃၀၁-ခုနှစ်၌ အလယ်သိမ် ကျောင်းတိုက်တော်ကြီး ဆောက်လုပ်ကြမည် ဖြစ်သဖြင့် မူလ ကျောင်းဟောင်းကြီးကို တိုက်ကြီး၏ မြောက်ဖျား ပိဋကတ်တိုက်နေရာ၌ ဝတ္ထုငွေ့ တသောင်း နီးပါး အကုန်အကျခံ၍ ရွှေဆောက်ကြရသည်၊ ၎င်းကျောင်းကြီးပေါ်၌ ဆရာတော် အရှင်ဂန္ဓ-သာရမဟာထေရ်, မအူဆရာတော် အရှင်နာရဒမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာ ထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့ သီတင်းသုံးစံပျော် နေထိုင်တော်မူကြကာ ဓမ္မသဘင် ဆင်ယင် ကျင်းပတော်မူကြသည်၊ စာရေးသူသည် ဤဝိသုတာရာမ သာသနာဝင်ကျမ်း ကြီးကိုလည်း ဖော်ပြပါ သာသနဇောတိပါလကျောင်းပေါ်၌ နေထိုင်စဉ် ရေးသားရလေသည်၊ ကျောင်းကြီးသည် အရွှေအနောက် ၁၃-ခန်း တောင်မြောက်စမြင်အပါဝင် ၆-ခန်း ရှိလေသည်၊ ကျောင်းမှာမူ အမျှားစု ဆောက်သည့် ဘုံကျောင်းဖြစ်သော်လည်း ဘုရားခမ်းပြာသာဒ်မှာမူကား ပခုက္ကူမြို့ စျေးဟောင်းရပ် ဦးသောင်းနှင့် ဇနီး ဒေါ်အောင်တို့၏ ကောင်းမှုဖြစ်သည်။

ဇောတိပါလဝိဟာရောပိ၊ အစ္ဆန္တရုစိရော ဘဝိ။
နိဝုဋ္ဌော ထေရသေဋ္ဌေဟိ၊ ဂန္ဆာဒီဟိ မနီသိဘိ။

သဒ္ဓမ္မဇောတိကတိုက်ကျောင်း

မဟာဝိသုတာရာမတိုက်ကြီး မြောက်အပေါက်မှနေ၍ လက်ျာရစ်လည်၍ အရွှေလျှောက်သွား ကာ ကြည့်ရှု လေ့လာပါလျှင် သာသနဇောတိပါလ ကျောင်းကြီးကို တွေ့ရပါသည်၊ ၎င်း ကျောင်းကြီး၏ အရွှေဖက်၌ သဒ္ဓမ္မဇောတိကတိုက်ကျောင်းကို တွေ့နိုင်သည်၊ ဖော်ပြပါ သဒ္ဓမ္မ ဇောတိကတိုက်ကျောင်းကို တိုက်ဒကာကြီး ဦးစံပေါ်နှင့် ဒေါ်ငွေတို့က ဆောက်လုပ်လှူဒါန်းခဲ့ သည်၊ ၂-ထပ်တိုက်စမြင်နှင့်တကွ အလျား ၅-ခန်း အနံ ၅-ခန်း ရှိ၍ သံဃာတော် ၃၀-ကျော်လောက် ချောင်ချောင်လည်လည် နေနိုင်သော ကျောင်း ဖြစ်သည်၊ ၎င်းကျောင်း၌ ပဌမကျော် လယ်တီ ဦးကောဝိဒ (ပုပ္ပါး ဦးကျော်ရင်) ကြာမြင့်စွာ နေထိုင်သွားဘူးသည်၊ ယခု ဆရာတော် အရှင် ပညိန္ဒသီတင်းသုံး၍ စာချလျက် ရှိလေသည်။

သဒ္ဓမ္မဇောတိအာဝါသော၊ ဓမ္မကာမေဟိ မာပိတော။
သောဘနော ဝိတ္ထိန္နော စေဝ၊ နေတ္တဒ္ဒယရသာယနော။

ရတနာသိန်ကျောင်း

သဒ္ဓမ္မဇောတိကတိုက်ကျောင်း၏ တောင်ဖက်၌ ရတနာသိန်ကျောင်း တည်ရှိလေသည်၊ အလျား ၆-ခန်း အနံ ၄-ခန်းရှိ၍ အနောက်ဖက် ဆင်ဝင်လှည့်လျက် တင့်တယ်သပ်ယပ်သော ၂-ထပ် ကျောင်း ဖြစ်လေသည်၊ ကျောင်းဆောက်ခဲ့သူများမှာ ပခုက္ကူမှ ဦးဖိုးညွှန်း, ဒေါ်ရေဝိုင်းတို့ ဖြစ်သည်၊ ဦးဖိုးညွှန်း, ဒေါ်ရေဝိုင်းတို့သည် မိမိတို့ရဟန်းခံထားသည့် စာချဆရာတော် ဦးဇ္ဈန္ဒက ကို ရက္ခက, ဂေါပကအဖြစ် ရည်စူး၍ သံဃိက လှူဒါန်းသော ကျောင်း ဖြစ်သည်။ ဆရာတော် ဦးဇ္ဈန္ဒကသည် ၎င်းကျောင်း၌ သီတင်းသုံးကာ စာပေပို့ကတ် ချပို့ရင်း ၁၃၂၅-ခု ပြာသိုလဆုတ်



ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက် (မူလ)သာသနဇောတိပါလသိမ်ကျောင်းတော်ကြီး

၂-ရက်နေ့၌ ပျံလွန်တော် မူခဲ့သည်၊ ကျောင်းဒကာ, ကျောင်းအမများမှာ မဆုကပင် ကွယ်လွန် ကြလေသည်၊ သခ်ါရတရားတို့သည်, မမြဲအနိစ္စ မှန်လှကုန်တော့သည်။

ဦးဖိုးညွှင်း ဒေါ်ရေဝိုင်းစေဝ၊ ဣန္ဒကော ဝါစကောပိ စ။
သဗ္ဗေပိ နိဓနံ ယထာ၊ သခ်ါရာ နု ဟိ သဿတာ။

ဓမ္မစေတီယတိုက်ကျောင်း

ဓမ္မစေတီယတိုက်ကျောင်းသည် လှပတင့်တယ်သော တိုက်ကျောင်းကလေးဖြစ်သည်၊ ဒုတိယ ကမ္ဘာစစ်အတွင်းက ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့သော တိုက်နေရာ၌ ဈေးဟောင်းရပ် ဒေါ်မှိက ၁၃၂၀-ခုနှစ်ကစပြီး ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်း ဖြစ်သည်၊ ဆင်ဝင်တပ်, လသာ ဆောင် ၂-ဖက်ဖြင့် နှစ်သက်ပျော်မွေ့ဖွယ် ၂-ထပ်တိုက်ကျောင်းကလေး ဖြစ်သည်၊ ၎င်းတိုက် ကျောင်း၌ ဂဏဝါစက အရှင်ဇာဂရထေရ် စာချ သီတင်းသုံးလျက်ရှိသည်။

ဓမ္မစေတီယအာဝါသော၊ ဣဒ္ဓကေဟိ သုသန်းတော၊
ဒေါ်မှိဝှယမဟာပုည-ဥပါသိကာယ ကာရိတော။

ဈေးကျောင်း

ဈေးကျောင်းသည် ရတနာသိန်းကျောင်း၏တောင်ဖက်, အရှေ့ဖက်စောင်းတန်း မြောက်ဖက်၌ တည်ရှိသည်၊ မူလလက်မှန်မဆုတွင် ပခုက္ကူမြို့ ဈေးသူ, ဈေးသားများက စုပေါင်းဆောက်လုပ် သဖြင့် ဈေးကျောင်းဟု အနှတ္ထအမည်ရသည်၊ ဟောင်းနွမ်းရာအခါ၌ ကျောင်းအမကြီး ဒေါ်သိုက် က ဝတ္ထုကြေးငွေ ထောင်ပေါင်းများစွာကို စွန့်၍ ၁၂၉၇-ခုနှစ်ကုန်တွင် ကျောင်းဟောင်းကို ဖျက်၍ ၁၂၉၈-ခုနှစ် ဝါမဆိုမီ အပြီး ကျောင်းသစ်ကို ဆောက်လုပ်၍ မူလကအမည်ကိုပင် မှည့်ခေါ် သတ်မှတ်လေသည်၊ ကျောင်းအနေအထားမှာ ဖ-ခန်း ၎-ခန်း ဆင်ဝင်ထုတ်ထားပြီး အောက်ထပ် အုဋ္ဌန်ရုံကပ် အထက်ထပ်ပျဉ်ထောင်ဖြစ်၍ ဥတုအလိုက် သီတင်းသုံးရန် သင့်တော်သော ကျောင်း ဖြစ်သည်၊ ဈေးကျောင်းသည် တိုက်ထည်းတွင် စစ်ပြီးနောက်ခေတ် သံဃာအများဆုံး သီတင်းသုံးရာအဖြစ် ထင်ရှားသည်၊ ယေဘုယျအားဖြင့် ယောနယ်မှ သံဃာများ သီတင်းသုံးလေ့ရှိသည်၊ ၎င်းကျောင်း၌ စာချဆရာတော်မှာ မဟာဝိသုတာရာမိက ဂဏဝါစက-နိကာယ ဘာဂရနိတ္ထာရ, ဓမ္မာစရိယ, ဂဏဝါစက, ပရိယတ္တိပဌမကျော် အရှင်နာယက ဖြစ်လေသည်။

ပခုက္ကူ အာပဏိကေဟိ၊ သန္တေဟိ သုဋ္ဌု ကာရိတော။
တသ္မာ တန္နာမကော အာသိ၊ အာရာမေ ဝိသုတာဝှယေ။

မန္တလေးကျောင်း

မန္တလေးကျောင်းသည် ပခုက္ကူမှ မန္တလေးသို့ရောက်ရှိသော ဦးထွန်းမောင်နှင့် ဇနီး ဒေါ်ဖွား တို့က ဆောက်လုပ်လှူဒါန်းသော ကျောင်း ဖြစ်သည်၊ မိမိရောက်ရှိ နေထိုင်သော မန္တလေးမြို့ အမှတ်တရ ဖြစ်စိမ့်သောငှါ မန္တလေးကျောင်း ဟု မှည့်ခေါ်သည်၊ မန္တလေးကျောင်းသည်

၂-ဆောင်တွဲပြီး အလျား ၅-ခန်း အနံ ၅-ခန်း ၂-ထပ် သစ်သားကျောင်း ဖြစ်သည်။ သံဃာတော် ၄၀-ကျော်လောက် သီတင်းသုံးလောက်အောင် ကျယ်ဝန်းလေသည်။

မန္တလေးဣတိ အာဝါသော၊ မန္တလေးဝါသီဟိ ကာရိတော။
ဝိတ္ထိဏ္ဏောပိ တိဘုမွော စ၊ ဘိက္ခုသံဃနိသေဝိတော။

သီရိမာလာကျောင်း

သီရိမာလာကျောင်းသည် မန္တလေးကျောင်း၏ တောင်ဖက်၌ ကပ်လျက်တည်ရှိသည်၊ မူလကျောင်းအမကြီးမှာ ပခုက္ကူမြို့ စျေးဟောင်းရပ်မှ ဒေါသန် ဖြစ်လေသည်၊ ရွှေဆောင်ကိုမူ ပခုက္ကူမြို့ ထန်းတပင်ရွာဇာတိ ဒေါ်ရွှေမြိုင်က ဆောက်လုပ်လှူဒါန်းလေသည်၊ တောင်မြောက် ၅-ခန်း, အရှေ့အနောက် ၆-ခန်းရှိ၍ ကျယ်ဝန်းသော သစ်သားကျောင်းပင် ဖြစ်လေသည်။ ၎င်းကျောင်း၌ အရှင်သုမင်္ဂလ ဂဏဝါစက စာချ သီတင်းသုံးလျက် ရှိလေသည်။

သီရိမာလာဝိဟာရောပိ၊ သီရိနံ အာသယော ဘဝိ။
သီရိမန္တိဟိ ဒိန္နော စ၊ သုဓိနံ အာဝါသော ဟိ သော။

ကန်တော်ကျောင်း

ကန်တော်ကျောင်းသည် မြင်းခြံခရိုင် တောင်သာနယ် ကန်တော်ရွာ ကုသိုလ်ရှင်များ ဆောက်လုပ်သော ကျောင်းဖြစ်သဖြင့် ကန်တော်ကျောင်းဟု ထင်ရှားသည်၊ အလျား ၅-ခန်း အနံ ၄-ခန်း ရှိ၍ ဆင်ဝင်နှင့်တကွ စုလစ်မှမ်းချန် အထွတ်တင်ထားကာ လှပသာယာသော သစ်သားကျောင်းကလေးပင် ဖြစ်လေသည်၊ ၎င်းကျောင်း၌ ကန်တော်ရွာဇာတိ ဦးသုမန-ဂဏဝါစက သီတင်းသုံး စာချခဲ့ဘူးသည်။

ကန်တော်ဂါမေ ဝသန္တော်ဟိ၊ သန္တော်ဟိ သုဋ္ဌု ကာရိတော။
ကန်တော်ဝိဟာရနာမမ်ပိ၊ နာမဒါနေ ဝိဒူ အကာ။

တိပိဋကာလင်္ကာရတိုက်ကျောင်း

တိပိဋကာလင်္ကာရ တိုက်ကျောင်းသည် မဟာဝိသုတာရာမတိုက်ကြီး၏ အရှေ့တောင်ထောင့်၌ တည်ရှိသည်၊ တိုက်သက် အနှစ် ၃၀-ကျော်လောက် ရှိပြီ ဖြစ်သည်၊ ယင်း တိုက်ပေါ်၌ မဟာဝိသုတာရာမတိုက်ကြီး၌ စာချ ဆရာတော်အဖြစ် ထင်ရှားခဲ့သော ဆရာတော် အရှင်ကုမာရသီတင်းသုံး၍ စာပေပို့ချတော်မူခဲ့သည်၊ တိုက်ကို သံဃိက ဆောက်လုပ်လှူဒါန်းသူများမှာလည်း ဆရာတော် ဦးကုမာရ၏ ရဟန်းဒကာမ ဒေါ်ချုပ်၏ညီမ ဒေါ်တုပ်နှင့် အိမ်ရှင် ဦးစောလှိုင်တို့ ဖြစ်ကြသည်။ အလျား ၄-ခန်း အနံ ၃-ခန်းမျှသာရှိသော ၂-ထပ်တိုက် ဖြစ်လေသည်။

ဦးစောလှိုင် ပုညကာမော စ၊ ဒေါ်တုပ် စ ပုညကာမိနီ။
အဒံသု စ တိပိဋက-လင်္ကာရံ ရမ္မကမ်ပိ စ။

ဓမ္မာလင်္ကာရကျောင်း

ဓမ္မလင်္ကာရကျောင်းသည် သာသနဇောတိပါလ ကျောင်းကြီး၏ အရှေ့ထိပ် ဘုရားဆောင် ပြာသာဒ်ဒကာ ဦးသောင်းနှင့် ဒေါ်အောင်တို့က ဆောက်လုပ်လှူဒါန်းသောကျောင်း ဖြစ်သည်၊

အလျား ၆-ခန်း အနံ ၅-ခန်းရှိ ၂-ထပ်ကျောင်း ဖြစ်လေသည်၊ ယင်း ကျောင်းပေါ်၌ ယခု စာချဆရာတော် အရှင်ကုသလ စာပေပို့ချသီတင်းသုံးလျက် ရှိပေသည်၊ သံဃာတော် ၄၀-ကျော်လောက် သီတင်းသုံးလောက်အောင် ကျယ်ဝန်းသောကျောင်း ဖြစ်သည်၊ ဖော်ပြပါ ကျောင်းပေါ်၌ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ်တို့ ငယ်စဉ်က သီတင်းသုံးရာ နေရာမှန် ဖြစ်လေသည်၊ လယ်တီ ဦးကုလိသ (မင်းရှင်နောင် အမည်ခံ ဒဂုဏ် ဦးစိန်ဝင်း)လည်း ယင်း ဓမ္မာလင်္ကာရ ကျောင်းပေါ်၌ နေထိုင်ခဲ့သည်။

ဦးသောင်း စေဝ ဒေါ်အောင် စာပိ၊ ဥဘောပို့ ပုညမာမကာ။
ဓမ္မာလင်္ကာရနာမံ တံ၊ ဝိဟာရံပိ မကံသု စ။

သာသနာလင်္ကာရကျောင်း

သာသနာလင်္ကာရကျောင်းသည် ဓမ္မာလင်္ကာရကျောင်း၏ အနောက်ဖက် တောင်ဖက်အထွက် စောင်းတန်းကြီး အရှေ့ဖက်၌ ကပ်လျက်တည်ရှိသည်၊ ကျောင်းဟောင်းဒကာမှာ ဟင်္သာတနယ်မှ ဖြစ်သည်၊ ယင်း ကျောင်းပေါ်၌ အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနမဟာထေရ် (အရှေ့တိုက် ဆရာတော်)နှင့် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမဉ္ဇု ချမ်းသာကြီးဆရာတော်စသော ပညာရှင်တို့ သီတင်းသုံး၍ စာပေပို့ချတော်မူခဲ့ကြသည်၊ ယခုတိုက်သစ်မှာ မန်ကျည်းချောင်းရပ် ဒေါ်မိုက ဆောက်လုပ်လှူဒါန်းသည်၊ အလျား ၆-ခန်း အနံ ၄-ခန်း ၂-ထပ်တိုက်ဖြစ်သည်၊ ဆင်ဝင်လသာခန်းတို့ဖြင့် လှပတင့်တယ်သော တိုက်ကလေး ဖြစ်သည်။

သာသနာသ အလင်္ကာရော၊ ဝိဟာရော ရုစိရော အဟု။
ဒေါ်မိုပုညတ္ထိကာယေဝ၊ ဥပါသိကာယ ကာရိတော။

ဓမ္မမဉ္ဇူကျောင်း

ဓမ္မမဉ္ဇူကျောင်းသည် တောင်ဖက်စောင်းတန်း အနောက်ဖက်, တောင်ဖက်တံခါး အနီး၌ တည်ရှိလေသည်၊ ဘုံအဆင့်ဆင့်ဖြင့် တင့်တယ်လှပ ပဏ္ဏာရသော ကျောင်းကလေး ဖြစ်သည်၊ အနံ ၅-ခန်း, အလျား ၅-ခန်းရှိ ၂-ဆောင်တွဲကျောင်း ဖြစ်သည်၊ အောက်ထပ်မှ အုတ်နံရံကပ် ကွေ့နီသုတ်၍ အထက်၌ ပျဉ်ထောင်ကာထားလျက် နေထိုင်ရန် လျောက်ပတ်သောကျောင်း ဖြစ်သည်၊ ၎င်းကျောင်းပေါ်၌ ဆရာတော် အရှင်ဇနကာဘိဝံသ (အမရပုရဂန္ဓာရုံ)နှင့် မုံရွာမြို့အရှေ့လယ်တီဆရာတော် ပဌမကျော် အရှင်ဝါယာမ, ဆရာတော်အရှင်ဝိသုဒ္ဓါဘိဝံသ ဆဋ္ဌသံဂါယနာအကျိုးဆောင်တို့ သီတင်းသုံးသွားဘူးသည်၊ ဆောက်လုပ်လှူဒါန်းသူများမှာ ဦးဘ, ဒေါ်တင်တင်တို့ ဖြစ်လေသည်။

ဓမ္မမဉ္ဇူဝိဟာရော ဟိ၊ ပါကဋော ဝိသုတာလယေ။
အနေကေ ပဏ္ဍိတာ ထေရာ၊ တေ တတ္ထ နိဝသုံ ပုရာ။

ဓမ္မပိယကျောင်း

ဓမ္မပိယကျောင်းသည် ဓမ္မမဉ္ဇူကျောင်း၏ အနောက်ဖက်၌ တည်ရှိသည်၊ အရှေ့အနောက် ၃-ခန်း တောင်မြောက် ၄-ခန်းရှိ တိုက်ကျောင်ကလေး ဖြစ်လေသည်၊ ဆောက်လုပ်လှူဒါန်းသူမှာ ပခုက္ကူ စာတိုက်တန်းရပ်မှ ဒေါ်ပုံတန် မည်သော ဒါယိကာမကြီး ဖြစ်လေသည်။

ဒေါ်ပုံတန်တိ ပသိဒ္ဓါယ၊ ဥပါသိကာယ ကာရိတော။
ဓမ္မပိယဝိဟာရော ဟိ၊ ဘိက္ခုသံဃ နိဗသဝိတော။

သာသနပါလကျောင်း

ဓမ္မပိယကျောင်း အနောက်ဖက်၌ သာသနပါလကျောင်း တည်ရှိသည်၊ ၎င်းကျောင်းသည် အလျား ၅-ခန်း အနံ ၄-ခန်းရှိ၍ အောက်ထပ်အုင်္ဂန်ရံကပ် အထက်ထပ် ပျဉ်ထောင်ကာထားသော ကျောင်း ဖြစ်သည်၊ ယခင်က သာသနဇောတိကဘုန်းကြီး ဦးနန္ဒိယ စာချသီတင်းသုံးခဲ့ဘူးသည်၊ ဆောက်လုပ်သူများမှာ ပခုက္ကူမြို့ တပ်ကြားရပ်မှ ဦးသက်ရှည်နှင့် ဇနီးတို့ ဖြစ်လေသည်။

သာသနပါလအာဝါသော၊ ကေန္တေန မနောဟရော။
ဒ္ဒိဘူမကော စ သော အာသိ၊ ယတိဂဏနိသေဝိတော။

သာသနရက္ခိတကျောင်း

သာသနရက္ခိတကျောင်းသည် သာသနပါလကျောင်း၏ အနောက်ဖက်၌တည်ရှိသည်၊အလျား ၅-ခန်း အနံ ၄-ခန်းရှိ ၂-ထပ်ကျောင်း ဖြစ်သည်၊ ပခုက္ကူမြို့ စာရေးကြီး ဦးထွန်းမိုင်က သံဒိပ်မှ ကျောင်းဟောင်း ရွှေ့၍ ပြင်၍ ဆောက်လုပ်လှူဒါန်းသော ကျောင်းဖြစ်သည်၊ ယင်းကျောင်း ပေါ်၌ ဆရာတော်ဦးဝရသာမိဘိဝံသ (ယခု ပါဠိဂန္ထာရိ သုံးခွချောင် ဆရာတော်) နှင့် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် မျက်ရှုရွာဇာတိ ဆရာတော်ဦးတေဇနိယစသော စာချဆရာတော်များ သီတင်းသုံး၍ စာချခဲ့ကြဘူးသည်၊ ယခု ဦးဝိစာရ ဂဏဝါစက သီတင်းသုံး၍ စာချလျက်ရှိလေသည်။

သာသနရက္ခိတာဝါသော၊ ဣသိဂဏနိသေဝိတော။
နိဝုဋ္ဌော စ သပညေဟိ၊ ပသိဒ္ဓဝါစကေဟိ စ။

စိတ္တသုခကျောင်း

စိတ္တသုခကျောင်းသည် သာသနရက္ခိတကျောင်း၏ အနောက်ဖက်၌ တည်ရှိသည်၊ မဟာဝိသုတာရာမတိုက်ကြီး အနောက်တောင်ထောင့်ကျောင်း အဖြစ်လည်း ထင်ရှားသည်၊ ၎င်းကျောင်းကို ကျေးဇူးရှင်အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရထေရ်၏ နဝကမ္မဝတ္ထုငွေဖြင့် ဆောက်လုပ်သောကျောင်း ဖြစ်သည်၊ ဖော်ပြပါ စိတ္တသုခကျောင်းသည် အလျား ၅-ခန်း အနံ ၃-ခန်း ရှိသည်၊ တောင်ဖက်၌ လသာစမြင်ဖြင့် စိတ်တည်ကြည်အောင် လေညှင်း ဆောင်လျက်ရှိသည်၊ ၎င်းစိတ္တသုခကျောင်း၌ စာသင်သား သက်ကြီးရဟန်းတော်များ ဝိဝေက အကျိုးငှါ နေထိုင် သီတင်းသုံးရန်အတွက် နာမည်အလိုက် ကိုက်ညီလှတော့သည်။

သုခယတိ စ စိတ္တံ ဟိ၊ တ္ထေ စိတ္တသုခံ ဘဝေ။
တတ္ထ ဝိဝေကကာမာ ဟိ၊ နိဝသန္တိ ရမန္တိ စ။

ပရိယာဂါရကျောင်း

ပရိယာဂါရကျောင်းသည် ယောစပ် ၀ဲထောင့်ရှိက ဆောက်လုပ်သော ကျောင်းဖြစ်သည်။ ၀ဲထောင့်ကျောင်းဟူ၍လည်း အမည်ရသည်၊ ဖော်ပြပါ ပရိယာဂါရကျောင်း၌ ဝိဇ္ဇောဒယဆရာ

တော် ဦးပညာဝန္တ,ခရမ်းခမြိကာရုမဆရုတော် ဦးဥေယျ စသည့်ပုဂ္ဂိုလ်ကျော်များ သီတင်းသုံးသွားဘူးသည်၊ စာရေးဆရာ ဦးမာဃသည် ရဟန်းဘဝက ဖော်ပြပါကျောင်း၌ နေသွားခဲ့ကြောင်း ၎င်းထံမှသိရသည်၊ ၎င်းကျောင်းသည် ယခု မင်္ဂလာအေးကျောင်းနေရာ၌ တည်ရှိခဲ့ဘူးသည်၊

ပရိယာဂါရအာဝါသော၊ ဝဲထောင့်အာဝသထောတိ စ။
ဣတိ ဒ္ဒီဟိပိ နာမေဟိ၊ ပါကဋ္ဌော ဝိသုတာလယော။

မင်္ဂလာအေးကျောင်း

ပခုက္ကူမြို့ ကျောင်းအမကြီး ဒေါ်နှင်းအေးက ဆောက်လုပ်လှူဒါန်းသဖြင့် မင်္ဂလာအေးကျောင်းအမည်ရသော သစ်သား ၂-ထပ်ကျောင်းကလေး ရှိခဲ့ဘူးသည်၊ ၎င်းကျောင်းနေရာနှင့် ပရိယာဂါရကျောင်းနေရာ၌ မူလကျောင်းဟောင်း ၂-ကျောင်းကိုဖျက်၍ ပခုက္ကူမြို့၌ ထင်ရှားလှသောကျောင်းဒကာကြီး ဦးဖိုးထင်နှင့် ဒေါ်နန်းတို့က ဝတ္ထုငွေ ၅-သောင်းကျော် စွန့်လှူ၍ ၁၃၁၀-ခုနှစ်က အပြီးသတ်ဆောက်လုပ် လှူဒါန်းခဲ့သည်၊ မူလ ဒေါ်နှင်းအေး၏ မင်္ဂလာအေးကျောင်း အမည်ကိုပင် မှည့်ခေါ်သတ်မှတ်သည်။

တဖန် ၁၃၂၇-ခုနှစ်က ဝတ္ထုငွေ ၆-သောင်းကျော်ခန့်ကို စွန့်လှူကာ ဦးဖိုးထင် ဒေါ်နန်းသားသမီးတစုတို့က တထပ်တိုက် မင်္ဂလာအေးကျောင်း၏ နောက်ဖက်၌ ၂-ထပ်တိုက်တလုံးကို မင်္ဂလာအေးကျောင်းဟုပင် သမုတ်၍ ဆောက်လုပ်ခဲ့ကြသည်၊ ၁၃၃၀-ခု၊ နယုန်လဆုတ် ဂ-ရက်နေ့တွင် ကျောင်းရေစက်ချပွဲကို ခမ်းနားစွာ ကျင်းပ သံဃိကလှူဒါန်းလေသည်၊ ကျောင်းရေစက်ချပွဲ၌ သံဃာတော် ၃၄-ပါးပင့်လျက် တပါးလျှင် သင်္ဃန်းဒဿနဝကမ္မတွက် ဝတ္ထုငွေ ၁၀၀-စီ ကပ်ပြီးအပ်နှင်းလှူဒါန်းသည့်ပြင် ဓမ္မကထိကဆရာတော်အား ဝတ္ထု ၅၀၀-ကို တရားပူဇော်လှူဒါန်းသည်၊ သီဟိုဠ်ရှင် တန်ဆောင်းတော်အတွက် ဝတ္ထုငွေ ၅၀၀၀-သုံးထပ်တိုက်ကျောင်း ရေတွင်းအတွက် ၃၅၀၀-စသည်တို့ကိုလည်း လှူဒါန်းသည်၊ ဦးဖိုးထင် ဒေါ်နန်းတို့သည် ပခုက္ကူမြို့သာသနာနုဂ္ဂဟဆွမ်းလောင်းအသင်းတည်ရာမြေ သုံးထပ်တိုက်၌ ကျောင်းတဆောင်, သဲပုံစေတီတော်၌ ကျောင်းတဆောင်, ဆောက်လုပ်လှူဒါန်းခဲ့ကြသည့်ပြင် ပခုက္ကူစေတီယံတော်ပေါ် ကျောင်းမကြီး ရေကန်စသည်တို့ကိုလည်း လှူဒါန်းကြသောသူများဖြစ်ကြသည်၊ သူတို့ ၂-ဦး၏ သဒ္ဓါတရားမှာ အလောင်းတော်ဝေဿန္တရာ မဒ္ဒီဒေဝီတို့နှင့် နှိုင်းထိုက်တော့သည်။

ဦးဖိုးထင် ဒါယကော စေဝ၊ ဝေဿန္တရသမော ဟိ သော။
ဒေါ်နန်း ဥပါသိကာ စာပိ၊ မဒ္ဒီဒေဝီသမာ သိယာ။

အရိယဝံသကျောင်း

အရိယဝံသကျောင်းမှာ မင်္ဂလာအေးကျောင်း၏ မြောက်ဖက်၌ တည်ရှိသည်၊ အလျား ၄-ခန်း အနံ ၃-ခန်းမျှသာရှိသည့် သစ်သားကျောင်းကလေး ဖြစ်လေသည်၊ ၎င်းကျောင်း၌ ရှေးက စာချဘုန်းကြီး အရှင်အဂ္ဂဝံသ (ယခုဆရာကြီး ဦးအောင်တင်) နေထိုင်၍ စာချခဲ့ဘူးသည်၊ ဆရာကြီး ဦးအောင်တင်သည် ကိုယ်ကျင့်မင်္ဂလာစာအုပ်စသည်ကိုလည်း ရေးခဲ့သည်၊ အရိယဝံသကျောင်း မူလဒါယိကာမမှာ ပခုက္ကူမြို့မှ ဒေါ်သန့်ဖြစ်သည်၊ ဟောင်းနွမ်းနေပြီးဖြစ်သော မူလ

ကျောင်းကို ပခုက္ကူမြို့ စျေးဟောင်းရပ် ဦးဆင်အိုနှင့် ဒေါ်ငွေသယ်တို့က ပြင်ဆင်ဆောက်လုပ်လှူဒါန်းခဲ့သည်။

အရိယဝံသအာဝါသော၊ ဒေါသန္ဒုပညာယ ကာရိတော။
ဦးဆင်အို ဒေါ်ငွေသယ်ဣတိ- ဒမ္မတီဟိ'ဘိသင်္ခတော။

ကျေးတိုင်ကျောင်း

ကျေးတိုင်ကျောင်းသည် မြေတိုင်းဖက်မှ ကျေးတိုင်ရုံး စာရေးများ စုပေါင်းဆောက်လုပ်လှူဒါန်းကြသဖြင့် ကျေးတိုင်မည်လေသည်၊ ဖော်ပြပါ ကျေးတိုင်ကျောင်း၌ ယခု ပြည်ဇောတိ-ကာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးတေဇနိယစသော ပညာရှင်များ သီတင်းသုံးသွားခဲ့ဘူးသည်။ ကျေးတိုင်ကျောင်းမဆောက်မီ ညောင်တုန်းကျောင်းဟုတွင်သော ကျောင်းငယ်ကလေး ရှိသတတ်။

သာသနဇောတိကတိုက်ကျောင်း

ကာလကြာညောင်း၍ ဟောင်းနွမ်းနေပြီဖြစ်သော ကျေးတိုင်ကျောင်းကို ဖျက်၍ ၎င်းနေရာ၌ သာသနဇောတိကတိုက်ကျောင်းဟူသော အမည်ဖြင့် ဒါယိကာမကြီး ဒေါ်သန်းနှင့် မောင်များဖြစ်ကြသော ဦးညွန့်,ဦးညိုတို့နှင့် ဇနီးသားသမီးတို့က ဝတ္ထုငွေ ၄-သောင်းကျော်လောက် အကုန်အကျခံ၍ ၂-ထပ်တိုက်ကို ဆောက်လုပ်လှူဒါန်းလေသည်၊ ဖော်ပြပါ သာသနဇောတိကတိုက်ကျောင်း၌ ဆရာတော် အရှင်နန္ဒိယ ဂဏဝါစက သီတင်းသုံး၍ စာချလျက် ရှိလေသည်။

သာသနဇောတိကအာဝါသော၊ ဣဒ္ဓကာဒိမယော ဟိ သော။
သောဘနော ဒဿနီယော စ၊ ဘိက္ခုဂဏနိသေဝိတော။

ဓမ္မပါလကျောင်း

သာသနဇောတိကကျောင်း၏ မြောက်ဖက်၌ ဓမ္မပါလကျောင်း ရှိသည်၊ ၎င်းကျောင်းကို ပေါင်လောင်ရှင်ရပ် ဦးဘိုးလွဲ၏ ဇနီး ဒေါ်မြသီး၏ ဘခင် ဦးကျားကြီးက ဆောက်လုပ်လှူဒါန်းသည်၊ ဦးဘိုးလွဲ ဒေါ်မြသီးတို့ကလည်း နောက် ပြုပြင်ဘူးသည်၊ ၎င်းကျောင်းသည် အလျား ၅-ခန်း အနံ ၃-ခန်းသာရှိသော သစ်သားကျောင်းငယ် ဖြစ်သည်။

ဓမ္မပါလအာဝါသော ဟိ၊ ဒ္ဒိဘုမ္မော ဒါရုသင်္ခတော။
ဦးကျားကြီးစာဂဝန္တေန၊ သံဃဿ အဘိပူဇိတော။

ဓမ္မာဓာရကျောင်း

ဓမ္မပါလကျောင်း၏ မြောက်ဖက်၌ ဓမ္မာဓာရကျောင်း ရှိသည်၊ အလျား ၅-ခန်း အနံ ၃-ခန်းရှိ သစ်သားကျောင်း ဖြစ်သည်၊ မူလက ဆွမ်းစားကျောင်းကို ကျောင်းဒကာကြီး ဦးဖိုးထူးက ပြင်၍ ဆောက်သည်၊ ၎င်းကျောင်း၌ ဦးသူရိယ ဂဏဝါစကစာချ သီတင်းသုံးလျက် ရှိသည်။

ဓမ္မာဓာရအာဝါသော ဟိ၊ ဓမ္မဿ အာဓာရော ဘဝိ။
ဝုဋ္ဌပုဗ္ဗော သုဝိညူဟိ၊ ထိရဂုဏသုတေဟိပိ။

ရတနသိဒ္ဓိတိုက်ကျောင်း

ရတနသိဒ္ဓိတိုက်ကျောင်းသည် ဓမ္မာဓာရကျောင်း၏ မြောက်ဖက်၌ တည်ရှိသည်၊ ၎င်းတိုက်ကျောင်းသည် အရှေ့အနောက် ၆-ခန်း တောင်မြောက် ၃-ခန်းရှိ ၂-ထပ်တိုက် ဖြစ်သည်၊ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ်သည် ဖော်ပြပါ တိုက်ကျောင်း၌ ဂဏဝါစကဖြစ်စမှ စ၍ တိုက်အုပ်ဆရာတော်ဖြစ်ရာ ယခုအခါနှစ်ထိ သီတင်းသုံးလျက် ဓရ ၂-ပါးကို အားသစ်လျက် ရှိသည်။ မစိုးရိမ်တိုက် ပဌာန်းဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ, ပျဉ်းမနားစေ့းကုန်း မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်ကောသလ္လ,လာရှိုး ဗောဓာရုံ ဆရာတော် အရှင်ကေသရစသည် တို့သည် ဖော်ပြပါ ရတနသိဒ္ဓိကျောင်း၌ သီတင်းသုံးသွားသော ဆရာတော်များ ဖြစ်သည်။ စေ့းဟောင်းရပ်မှ ရတနသိဒ္ဓိဆီစက်ပိုင်ရှင် ဒေါ်ဇီးဆံနှင့် သမီး ဒေါ်ချစ်,ဒေါ်မြစ်တို့သည် တိုက်ကြီးကို ဆောက်လုပ်စေပြီး မိမိတို့ပိုင် ရတနသိဒ္ဓိဆီစက်အမည်ကို မှည့်ခေါ်ကာ သံဃိကလှူဒါန်းလေသည်။

ဒေါ်ဇီးဆံပုညကာမာ စ၊ တဿာပိ ဓီတရောပိ စ။
ကတ္ဝာ'ဒံသု ဝိဟာရမ္မိ၊ ရတနသိဒ္ဓိနာမကံ။

ဓမ္မောဒယကျောင်း

ရတနသိဒ္ဓိတိုက်ကျောင်းမြောက်ဖက်၌ ဓမ္မောဒယကျောင်း တည်ရှိသည်၊ ၎င်းကျောင်း ၂-ဆောင်တွဲကျောင်းဖြစ်ပြီး အရှေ့အနောက် ၇-ခန်း တောင်မြောက် ၅-ခန်းရှိ ၂-ထပ်ကျောင်းဖြစ်သည်၊ သံဃာ ၅၀-လောက် ချောင်ချောင်နေလောက်သည်၊ ကျောင်း၏မြောက်ဖက်၌လည်း ကျောင်းငယ် ၂-ကျောင်းရှိရာ ဓမ္မောဒယသံဃာတော်များ ချမ်းချမ်းသာသာနေ၍ စာကျက်စာပြန်ခြင်းတို့ကို ပြုလုပ်နိုင်သည်၊ ၎င်းဓမ္မောဒယကျောင်းကို ကုမ်းခြံကုန်းမြို့အပိုင် ရှမ်းစုရွာမှ ဆရာတော် ဦးနန္ဒိယ၏ မိဘများဖြစ်ကြသော ဦးသင့်-ဒေါ်အုံးခိုင်တို့က ဆောက်လုပ်လှူဒါန်းခဲ့ကြသည်၊ ၎င်းကျောင်းမှ ပညာရှင်များစွာ ပေါ်ထွက်ခဲ့သည်၊ ယခင်က စာချဘုန်းကြီး အရှင်ကေသရနှင့် ပဌမကျော်ဓမ္မာစရိယသိရောမဏိ,ဘီအေ ဦးပဏ္ဍိတ(ဦးမောင်ကလေး)ဤကျမ်းစာပြုသူ စသည်တို့သည် ဓမ္မောဒယကျောင်းထွက်များ ဖြစ်ကြသည်၊ ယခုလည်း ဆရာတော် အရှင်နေမိန္ဒ သီတင်းသုံး၍ နိကာယ်ကြီးများကို ချပို့ပညာပေးကာ သာသနာနုဂ္ဂဟကုသိုလ်ထူး ဆည်းပူးတော်မူလျက် ရှိလေသည်။

ဓမ္မောဒယအာဝါသော ဟိ၊ ဝိသာလော ယတိနန္ဒနော။
နေမိန္ဒော ဝါစကော တတ္ထ၊ နိကာယေသု သုကောဝိဒေါ။

မကုဋဇာလက်ံဝရကျောင်း

မကုဋဇာလက်ံဝရကျောင်းသည် ရတနသိဒ္ဓိတိုက်ကျောင်း၏အရှေ့ဖက်၌ တည်ရှိသည်၊ တိုက်တည်စကမှ တည်ရှိခဲ့သောကျောင်းဖြစ်ရာ ပညာရှင်အဆက်ဆက် သီတင်းသုံးခဲ့ကြောင်း ထင်ရှားလှသည်၊ မကွေးဆရာတော် အရှင်နာရဒသည် မကုဋဇာလက်ံဝရကျောင်း၌ သီတင်းသုံး၍ စာချခဲ့ဘူးသည်၊ စစ်ပြီးခေတ်တွင် မိတ္ထိလာဖက်မှ စာချဘုန်းကြီး အရှင်တိက္ခလည်း စာချခဲ့ဘူးသည်၊ ၎င်းကျောင်းကို ပဌမပခုက္ကူမှ ဦးရန်ကင်းက ဆောက်လုပ်လှူးဒါန်းခဲ့သည်၊ ဦးမောင်ကြီး(အမိန့်တော်ရ

ရွှေနေ)နှင့် ဒေါ်အုံးပိုတို့က နောက်ထပ်ပြင်၍ ဆောက်ခဲ့သည်၊ အလျား ၄-ခန်း အနံ ၃-ခန်းရှိ ၂-ထပ်ကျောင်းဖြစ်သည်။ မကုဋ္ဌာလက်ံာရဟူသော အမည်ကို ကျောင်းတိုက်တည်စ-တိုက်အုပ် ဆရာတော် အရှင်နန္ဒိယ မှည့်ခေါ်တော်မူသည်။

အာဝါသော မကုဋ္ဌော နာမ၊ ပေါရာဏော ဝိသုတာလယေ။
အနေကေ တတ္ထ ဝသိံသု၊ ဝါစကာ သိဿကာပိ စ။

သာသနဝံသကျောင်း

သာသနဝံသကျောင်းသည် မကုဋ္ဌကျောင်းနှင့် ဓမ္မာယတနကျောင်း၏အလယ်၌ တည်ရှိသည်၊ ၎င်းကျောင်းသည် အလျား ၄-ခန်း အနံ ၃-ခန်းရှိ ၂-ထပ်ကျောင်းဖြစ်လေသည်၊ ၎င်းကျောင်းကို မြန်အောင်က ဘုန်းကြီးတပါးနှင့် အရှင်သုန္ဒရမဟာထေရ်(ယခု အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘုရားကြီး)တို့ ဆိုင်ရာဒကာ,ဒကာမတို့၏ အကူအညီဖြင့် ဆောက်လုပ်ခဲ့သည်၊ ဖော်ပြပါ သာသနဝံသကျောင်း၌ အဂ္ဂမဟာပဏ္ဍိတ အဘယာရာမဆရာတော် သီတင်းသုံးတော်မူခဲ့ဘူးသည်၊ မင်းဘူးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်ဥတ္တမလည်း ဖော်ပြပါ သာသနဝံသကျောင်း၌ သီတင်းသုံးခဲ့ဘူးသည်။

သာသနဝံသအာဝါသော၊ ဒ္ဒိဘုမ္မော ဟိ မနောဟရော။
အဂ္ဂဓမ္မာဒိထေရေဟိ၊ ဝုဋ္ဌပုဗ္ဗော သုဓီဟိ ပိ။

ဓမ္မာယတနကျောင်း

ဓမ္မာယတနကျောင်းသည် သာသနဝံသကျောင်း၏ အရှေ့ဖက်၌ရှိသည်၊ မြောက်အပေါက်သို့ သွယ်တန်းဆောက်လုပ်ထားသော ၂-ထပ်စောင်းတန်းကြီး၏ အနောက်ဖက်၌ကပ်လျက် တည်ရှိသည်၊ ၎င်းကျောင်းသည် အလျား ၆-ခန်း အနံ ၄-ခန်းရှိ အောက်ထပ်အုဋ်နံရံကပ်, အထက်ထပ် ပျဉ်ကာဖြစ်သည်။ ၎င်းကျောင်းကို ပခုက္ကူမြို့တိုက်ကြီး၏တောင်ဖက်၌ နေကြသော ကျောင်းဒါယကာ ဦးလှဖေနှင့် ဒေါ်တုပ်ကလေးတို့က ဆောက်လုပ်လှူဒါန်းခဲ့သည်၊ ဆင်ဝင်ဘုံဆင့်မျှားဖြင့် လှပသည်၊ ၎င်းကျောင်း၌ ယခု ယိုးဒယားရောက်ဆရာတော် အရှင်အာသဘ စာချသီတင်းသုံးသွားဘူးသည်။

ဓမ္မာယတနအာဝါသော၊ ဒဿနီယော မနောဟရော။
ဦးလှဖေ,ဒေါ်တုပ်ဝှယေဟိ၊ ဒမ္မတီဟိ သုကာရိတော။

ဓမ္မာဘဏ္ဍာဂါရတိုက်ကျောင်း

ဓမ္မာဘဏ္ဍာဂါရကျောင်းသည် အလယ်သိမ်ကျောင်းတော်ကြီး၏ တောင်ဖက်စောင်းတန်း၏ အရှေ့ဖက်၌ တည်ရှိသည်၊ ၂-ထပ်တိုက်ဖြစ်သည်၊ ၎င်းဓမ္မာဘဏ္ဍာဂါရတိုက်ကျောင်းပေါ်၌ ပိဋကတ်များ ထားရှိသည်၊ စာအုပ်အလိုရှိသော စာသင်သားရဟန်းတော်များ ၎င်းတိုက်မှ ဥပုသ်နေ့တိုင်း စာအုပ်များကို ထုတ်ယူနိုင်ရန် ပိဋကတ်စာရေးရဟန်းတော်များ ထားရှိသည်၊ ၎င်းကျောင်းပေါ်၌ စာချအကျော် အရှင်အဂ္ဂဝံသထေရ် ပံ့လွန်သည်အထိ သီတင်းသုံးခဲ့သည်၊ ယခု သီဟိုဠ်ရှင် ဘုရားကြီးတိုက်ဆရာတော် အရှင်နန္ဒဝံသသည်လည်း ဤဓမ္မာဘဏ္ဍာဂါရကျောင်းတိုက်၌ သီတင်းသုံး

ခဲ့ဘူးသည်၊ ယခုဆရာတော် အရှင်ဧဝန ဂဏဝါစက သီတင်းသုံးလျက် ရှိသည်၊ ၎င်းကျောင်းကို နီဗွာန်မင်္ဂိုလ်ကို ရည်မှန်း၍ သာမာဆန္နဆီစက်ပိုင်ရှင် ဦးမောင်ကလေး, ဒေါ်မေတို့က ဆောက်လုပ် လှူဒါန်းခဲ့သည်။

ဓမ္မဘဏ္ဍာအဂါရော ဟိ၊ ဓမ္မာနံ အာသယော ဘဝိ။
ကဝိ တတ္ထ ဝသိတ္ဝာန၊ အကံသု သုဓုရမ္မိ စ။

တိလောကာလင်္ကာရတိုက်ကျောင်း

အလယ်တိုက်ကြီး၏ တောင်ဖက် တောင်စောင်းတန်း အနောက်ဖက်၌ တိလောကာလင်္ကာရ ၂-ထပ်တိုက်ကျောင်း တည်ရှိသည်၊ ၎င်းကျောင်း၌ တိုက်အုပ်ဆရာတော် အရှင်မာဃိန္ဒမဟာထေရ် အသက်ထက်ဆုံး သီတင်းသုံး၍ ဓုရ ၂-ပါး အာဒေးသစ်တော်မူခဲ့သည်၊ ဆရာတော်သည် မဟာဝိသုတာရာမတိုက်ကြီး၏ မျက်နှာဖုံးစာချအဖြစ် လွန်စွာ ကျော်ကြားခဲ့သည်၊ အလျား ၆-ခန်း အနံ ၄-ခန်းရှိ တိုက်ကြီးပင် ဖြစ်သည်၊ ၎င်း တိုက်ကျောင်းသည် ပါဠိစကားပြော အဖွဲ့ကြီး၏ တည်ရာဌာနလည်း ဖြစ်ဘူးသည်၊ ဦးဉာဏဗလ (အေ-ဗွီ ကောလိပ် ဆရာကြီး ဦးစိန်ရွှေ) သည်လည်း တိလောကာလင်္ကာရ တိုက်ကျောင်းထွက် ဖြစ်သည်၊ ၎င်း တိုက်ကျောင်းကို ဝါးခယ်မမှ ကရင်အမျိုးသမီးကြီးက ဆောက်လုပ်လှူဒါန်းသည်။

တိလောကအလင်္ကာရေ ဟိ၊ မာဃိန္ဒော ပဏ္ဍိတော ဝသိ။
ဗဟူ စ' ညေပိ ထေရာ စ၊ ဝသိ်သု ဝသနေ ဝိဒူ။

သုဝဏ္ဏဝတီတိုက်ကျောင်း

သုဝဏ္ဏဝတီကျောင်းသည် အလယ်သိမ်ကျောင်းတော်ကြီး၏ ရှေ့ အနောက်မြောက်ဖက် ကပ်လျက် တည်ရှိသည်၊ ၆-ခန်း ၄-ခန်း ၂-ထပ်အုဋ်တိုက်ကြီး ဖြစ်သည်၊ ယခင်က အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး နှစ်ပေါင်းများစွာ သီတင်းသုံး၍ စာချတော်မူခဲ့ဘူးသည်၊ ယခု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်နေမိန္ဒ သီတင်းသုံး စာချလျက် ရှိသည်၊ အထက်ဘုံဆင့်၌ ရှေချထားသဖြင့် သုဝဏ္ဏဝတီဟု ကိုက်ညီလိုက်လျောအောင် မှည့်ခေါ်ထားသည်၊ ၎င်း တိုက်ကျောင်းကို အောက်ရပ်ဌာန အိမ်မဲနေ ဇာတိပခုက္ကူသား, ပခုက္ကူသူများဖြစ်ကြသော ဦးငွေဘန်း, ဒေါ်အေးမြတို့က ၁၂၉၄-ခုနှစ်က အပြီးဆောက်လုပ် လှူဒါန်းခဲ့ကြသည်၊ တိုက်တည်စဉ် ကမ္မာဓိဋ္ဌာယကမထေရ်မှာ တိုက်အုပ် ဆရာတော် အရှင်ဂန္ဓမာ မဟာထေရ်မြတ် ဖြစ်တော်မူလေသည်။

သုဝဏ္ဏဝတီအာဝါသော၊ ရာမဏေယျော မနောဟရော။
ဦးငွေဘန်း, ဒေါ်အေးမြကွတိ၊ ဒမွတီဟိ သုကာရိတော။

ပိဋကတ်တိုက်

မဟာဝိသုတာရာမ အလယ်သိမ်ကျောင်းတော်ကြီး၏ အရှေ့ဖက်၌ ၃-ခန်း ၂-ခန်း ပိဋကတ်တိုက်ကလေးရှိခဲ့ဘူးသည်၊ ၎င်းတိုက်ကို စာကြည့်ပိဋကတ်တိုက်အဖြစ် အသုံးပြုသည်၊ ၎င်းတိုက်ကို ၁၃၂၆-ခုနှစ်က ပေါက်မြို ဦးကျော်ထူးနှင့် ဇနီး သားသမီးတို့က ဆောက်လုပ်လှူဒါန်းလေသည်။

ဆွမ်းစားကျောင်း

စာချဆရာတော်များ ဆွမ်းဘဉ်းပေးရာ ဆွမ်းစားကျောင်းကို ပခုက္ကူမြို့ ကုက္ကိုတန်းရပ်မှ ပဲစားကြီး ဦးဘိုးထူး သားသမီးတစုတို့က ဆောက်လုပ်လှူဒါန်းခဲ့သည်၊ ကျောင်းဒါယကာကြီး ဦးဘိုးထူးသည် လွန်စွာသဒ္ဓါတရား ပြည့်ဝသည်၊ ဘုရားတည်ခြင်း, ကျောင်းဆောက်ခြင်း, ရဟန်းခံခြင်း, ကထိန်ခင်းခြင်း, သင်္ကန်းကပ်ခြင်း စသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီး ၁၃၁၉-ခုနှစ်က နတ်ထံ ပြောင်းသွားခဲ့သည်။

ဦးဘိုးထူး ဒါယကော သော ဟိ၊ သဿတံ ပုညကာရကော။
ဇနဟိတံ စ ကတ္ဝာန၊ ဂတော ဒေဝသဟဗ္ယတံ။

ဇေယျသုခတိုက်ကျောင်း

ဇေယျသုခတိုက်ကျောင်းသည် အလယ်သိမ်ကျောင်းတော်ကြီး၏ အနောက်ဖက်၌ တည်ရှိသည်၊ ၆-ခန်း ၄-ခန်းရှိ တထပ်တိုက်ကျောင်းကလေး ဖြစ်သည်၊ ၎င်းတိုက်ကျောင်းကို ကုယ်လှန်သူ ပခုက္ကူမြို့ ဦးသိုက်ထွန်း-ဒေါ်တင်တင်တို့က ဆောက်လုပ်လှူဒါန်းသည်၊ ရှေးက တိုက်သံဃာ အတွက် ဆေးပေးရာဌာန ဖြစ်ခဲ့ဘူးသဖြင့် ဆေးရုံကျောင်းဟုလည်း ခေါ်ကြသည်၊ ဖော်ပြပါ ဇေယျသုခတိုက်ကျောင်းပေါ်၌ တိုက်အုပ်ဆရာတော် အရှင်ဂန္ဓမာ မဟာထေရ် သီတင်းသုံးစာချလျက် ရှိတော်မူသည်။

ဦးသိုက်ထွန်း-ဒေါ်တင်တင်ကွတိ၊ ဒမွတိပုညမာမကာ။
အဒံသု အာလယံ ရမ္မံ၊ ဇေယျံ ဒေဝသဘောပမံ။

အခြားအဆောက်အဦများ

မဟာဝိသုတာရာမတိုက်ကြီး၌ ဇရပ်ကြီး, ရေစင်ကြီး, မီးစက်, ရေစက်, ကုဋီ, ဆွမ်းစားကျောင်း ငယ်များ, ရေတွင်း, အဆောက်အဦများ ဝိဿမသာလာ ခေါ်သော အပန်းဖြေ ဇရပ်ကျောင်း ငယ်များစသည့် အဆောက်အဦတို့ များစွာ ရှိသေးသည်၊ ၎င်းတို့ကို ဤ၌ သီးခြားမပြသာ တော့ချေ။

ခုဒ္ဒကာ စ မဟန္တာ စ၊ အညေ ဗဟူပိ မန္ဒိရာ။
ကုဓ မယာ ဝိသေသေန၊ ဥပဓွတ္တိပိ နာ ဘာသိတာ။

အလယ်သိမ်ကျောင်းတော်ကြီး

မဟာဝိသုတာရာမ အလယ်သိမ်ကျောင်းတော်ကြီးသည် လွန်စွာ ကြီးကျယ်သည့် သာသနိက အဆောက်အဦကြီး ဖြစ်သည်၊ အမြင့်ပေ ၁၀၀၊ အလျားပေ ၁၆၅-ပေ အနံပေ ၁၂၀-ရှိသည်၊ မျက်မှောက်ခေတ် ကျောင်းတိုက်များ ရာဇဝင်တွင်လည်း မကြုံဘူးအောင် ကြီးကျယ်လှသည်၊ တံခါးပေါက်ပေါင်း ၄၀၀-ကျော်နှင့် မှန်လယ်ပေါင်း ၃၀၀-ကျော်လောက်ရှိ၍ လွန်စွာ ခေတ်မှီ သားနားလှသည်၊ တိုင်ပေါင်း ၁၀-လုံးမှာလည်း အားလုံး ဧရာချ ကျောက်စီထားသဖြင့် လွန်စွာ ကျက်သရေ ရှိလှသည်၊ မြေထပ် အပါအဝင် အထပ်ပေါင်း ၃-ထပ် ရှိသည်၊ သံဃာတော် ၂-ထောင်လောက် ချောင်ချောင်ချိချိ စည်းဝေးနိုင်လောက်အောင် ကျယ်ဝန်းသည်၊ ဆင်ဝင် ၄-ဖက်ဖြင့်လည်း တင့်တယ်လှပ အချိုးကျလှပေသည်၊ အရှေ့ဖက် ဆင်ဝင်မှာ ၂-ထပ်လုံး



ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အလယ်သိမ်ကျောင်းတော်ကြီး

ဘုရားခန်း အဖြစ် အသုံးပြုလျက် ရှိသည်၊ အောက်ထပ် ဆင်ဝင် ဘုရားခန်း၏ ဝဲယာ ၂-ဖက်တို့၌ နိကာယဏ္ဍဝပါရဂူ ဆရာတော်ဘုရားကြီးများ သီတင်းသုံးရန် အခန်း ၂-ခု ရှိလေသည်။ အောက်ထပ် ဆင်ဝင် ၃-ဖက်ကမူ ကျောင်းတော်ကြီးပေါ်သို့ တက်ရန် ကျွေပြား, ကျောက်ပြားများ ချယ်စီ မွမ်းမံ ခင်းထားသည့် လှေကားများ ဖြစ်သည်၊ ကျောင်းတော်ကြီး အပေါ်ထပ်သို့ တက်ရန် လှေကား ၂-စင်း ရှိလေသည်၊ အထက်ဆုံးထပ် အလယ်ခေါင်၌ ဟင်းလင်းဖုံ၍ ထားသည့် အကျည်ခုံပေါ်၌ တည်ထားသည့် ကျောင်းဒကာကြီး ဦးစောဦး, ကျောင်းအမကြီး ဒေါ်သိမ်တို့၏ ကောင်းမှု ဌေစေတီရှိသည်၊ ၎င်းဌေစေတီကို ဖူးမြင်ရခြင်းဖြင့်လည်း မရောင့်ရဲ အောင် ရှိလှသည်။ ကျောင်းကြီး၏ ပတ်ပတ်လည် စင်္ကြံမှာလည်း အချို့ကျ အဆင်ပြေလှသည်၊ စင်္ကြံပတ်လျှောက်ရင်း မဟာဝိသုတာရာမတိုက်တော်ကြီးအတွင်း၌ရှိသော ကျောင်းအားလုံးကို တွေ့မြင်နိုင်သည်သာမက အရှေ့, အနောက်, တောင်, မြောက် စောင်းတန်းများ, မုခ်ဦး ပြာသာဒ်များကိုလည်း ကောင်းစွာ တွေ့မြင်နိုင်လေသည်၊ ကျောင်းတော်ကြီးအပေါ်ထပ် အရှေ့ ထိပ်၌ သက်တော်ထင်ရှား ဘုရားအလား ကြည်ညိုဖွယ်မြော်၍ အားမရအောင် သပ္ပါယ်လှသော ဆင်းတုတော်ကြီး ကိန်းဝပ်လျက် ရှိသည်၊ ကျောင်းတော်ကြီး၏ အခြို့ တံခါးတို့မှာလည်း ရောင်စုံဖလ်မှန် တံခါးများဖြစ်ရာ အလှအဆန်းမှာ အံ့ဘနန်း ဖြစ်ရသည်။

သမိုင်းအကျဉ်း

ဖော်ပြပါ ကျောင်းတော်ကြီးကို ၁၃၀၁-ခုနှစ်က အုင်္ဂဖို တရာဖြင့် မြို့သူမြို့သားနှင့် ကျောင်းအမကြီး ဒေါ်ဆောင်ဘုံ သားဦးစောဦးနှင့် ဒေါ်သိမ်တို့၏ အများစု ထည့်ဝင်ကူညီမှုဖြင့် ဆောက်လုပ်ကာ ၁၃၁၄-ခုနှစ် ဝါဆိုလဆန်း ၈-ရက်နေ့၌ ရေစက်သွန်ချ သံဃိက လှူဒါန်းခဲ့သည်၊ ခေတ်တန်ဘိုးဌေအားဖြင့် ၂၅-သိန်းကျော်မျှ တန်မည်ဖြစ်ကြောင်း ခန့်မှန်းကြသည်၊ ကျောင်းကြီး၏ ကမ္မာဇဋ္ဌာယက ဆရာတော်မှာ ဣန္ဒဂုတ္တထေရ်အလား ဝိရိယကြီးမားသည့် အဂ္ဂမဟာပဏ္ဍိတ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဆရာတော် အရှင်ကောဏ္ဍညမဟာထေရ်မြတ် ဖြစ်တော်မူသည်၊ နတ်တို့ တန်ခိုးကြောင့်လည်းမဟုတ် ဘုရင်မင်းတို့ အာဏာစွမ်းရည်ကြောင့်လည်း မဟုတ်ပါပဲ အရပ်သူ အရပ်သားတို့၏ စွမ်းရည်ကြောင့် ကျောင်းတော်ကြီး ခမ်းနားစွာ ပေါ်ပေါက်လာရခြင်းမှာ အံ့ဩဖွယ်ရာ စင်စစ် ဖြစ်လေသည်။

ဒေဝိဒ္ဓိ စ ဝိနာယေဝ၊ ဌပေတ္ဝာ ဆုဇ္ဈလမ္ပိ စ။
သမုဇ္ဇဝိ ဝိဟာရောယံ၊ အဟော နော ဝိမှယာရဟော။

ကျောင်းတိုက်ကြီးတည်ထောင်ပုံနှင့် ကျောင်းတော်ကြီးပေါ်လာပုံကို ဖော်ပြသည့် ကျောင်းတော်ကြီး ရေစက်ချပွဲ၌ ဖတ်ကြားအပ်သော အောက်ပါ မော်ကွန်းကို ဤ၌ ဖော်ပြအပ်ပါသည်။

ကျောင်းတော်ကြီး ရေစက်ချပွဲ၌ ဖတ်ကြားအပ်သော
မဟာဝိသုတာရာမတိုက်
သိမ်ကျောင်းတော်ကြီးဘွဲ့ မော်ကွန်း

(၁) မင်္ဂလာမဏ္ဍိုင် ကြွံကြွံခိုင်သား ရောင်ဆိုင်လေးထွေ စကြာဇေဟု မေရွှစ်ဝှင့် ဖြိုးဖြိုးမြင့်သည့် ငါးဆင့်အာလိန် တောင်ဂိရိန်မှ ရောင်ရှိန်မှန်းသိပ် ဇမ္မူဒိပ်တွင် မာရ်နှိပ်သခင် ရှင်ပင်

အစု ဂင်္ဂါတုသည့် ဝါလုန္ဒိုင်းလျော် မြတ်ဇီနော်တို့ ဟောဘော်မြက်ကြား တရားတည်ရာ ဆိုထိုက် စ္စာသား မဟာနဂရ ပြည်မတမ္ဘတ် ပြည်သာဝတ်သို့ ညီညွတ်နိုင်းတူ သမိုင်းမူသည့် ရှေကူသမုတ် မြို့ပခုက်ကား သမ္မုဒ်သာသနာ ထွန်းအံ့ရာကြောင့် မဟာဘုန်းမို ရေစကြိုဟု နဂိုရိစဲမှတ် ရှောဘွဲ့ခတ် သည့် ထေရ်မြတ်သခင် ဉာဏ်ဦးထင်၍ ဤလျင်ဌာန ဤဒေသကား ဘုရာ့သာသနာ တည်ထိုက်ရာ ဟု မဟာဥဿာဟ ရှေလှံလဖြင့် ပါဒနှစ်ဆူ မြို့ရှေကူသို့ ရှေးရှုလွန့်လွန့် ချီ၍ကွန့်သော် အဝှန့် ဗိုလ်လူ ရှေမြို့သူတို့ ဝိဒူလောက ဘုရာ့ရှင်ပင် ကြွသည်ထင်လျက် စိတ်ရှင်မြူးမြူး တို့ကံထူး၍ နတ်မှူးဣန္ဒာ ပင့်ဆောင်လာဟု သဒ္ဒါနူးနူး ပဒုံဖူးဖြင့် ရှိဦးလက်တင် ကြိုပင့်ငင်လျက် လေးအင်ယာ ပိုက် မျှညီကြိုက်အောင် အခိုက်စံရာ ဖြစ်စိမ့်ဂျိလျှင် ပန်းစွာရိပ်ချမ်း ကျောင်းသခ်မ်းကို ခယမ်း ကြည်လင် လှူထားတင်၏ ကောင်းကင်တာရာ ကြယ်တကာနှင့် သော်တာရှေလ နှိုင်းမမျှအောင် ထွန်းပသောနှယ် သံဃာ့လယ်၌ နိကာယ်နှုတ်မြတ် ထုတ်ခြင်းခတ်အောင် မပြတ်စဲမြဲ စာတော်ပဲ့ကို ဆင်နွဲခြိမ့်ငြာ စာပဲ့နာတို့ နေရာမမျှ ကျဉ်းမြောင်းလှ၍ ဌာနဿပွါယ် မြေပြန့်ကျယ်၌ ရှေးချယ် မှတ်သား တိုက်သီးခြားကို တည်ထားလိုကြောင်း ခွင့်ပန်တောင်းသော် ငြိမ့်ငြောင်းဝစီ ကွန့်မချီ ဘဲ တုဏှီဘာဝေ ဆိတ်ဆိတ်နေက ဇေယျာသီရိ ပရာဇိသို့ ဘူမိနက်သန် ကြန်မင်္ဂလာ ရှေးချယ် ကာဖြင့် ကော်ဇာတွက်စစ် သင်္ကရာဇ်ဟု တစ်နှစ်ခြောက်ငါး နှစ်နောက်ဖျားဝယ် ဖြူထွားဝင်း တောက် လေးလုံးဆောက်သည် သံကောက်မာဃ ယှဉ်သည့်လ၌ ကာဠဆုတ်ပက် ကျော်လေးရက် ဟု ကြက်ဂုရုခြင်း နွေအတွင်းတွင် နေမင်းစက်ရောင် ဥဒီတောင်မှ ထွန်းပြောင်ပေါ်ထုတ် ကျော် လေးချက်၌ ပနက်လေးတွေ့ လကျိုခွေသည် ရှေငွေကြေးကျောက် အရှေမြောက်မှ စဉ်လျောက် ပတ်ဝိုက် နံသင့်ရိုက်က ဤတိုက်ဤတာ ပေါ်ထွန်းလာခဲ့ မဟာဝိသုတ အာရာမဟု နာမသမိုက် မော်ကွန်းစိုက်သည်။ ။ကျောင်းတိုက်လက်မှန် ခမ်းနားတည်း။

(၂) ဝိသုတာရုံ ရန်မျိုးလုံသား ရှောဘုံတိုက်တော် ပေါ်လာသည်မှ အရင်းစ၍ မြန်မာ့တိုင်းခွင် ထက်ဝန်းကျင်၌ ခုဋ္ဌင်ဘီရို စာတိုက်အိုဖြင့် ချောင်ကြိုချောင်ကြား ပိုးရှစားအောင် စွန့်ထား သိုသိပ် ရှေစာလိပ်နှင့် ကျမ်းအိပ်လုံးစုံ နိုးခွင့်ကုံ၏ မြူမှုံခါတွက် ချောင်မှထွက်၍ တက်ကျက် သင်အံ နိကာယ်သံဖြင့် ဆူညံရွန်းရွန်း တအုံးအုံးလျင် ပိတုံးပျားနှယ် သောတုငယ်တို့ နှုတ်ဝယ် တက်ရောက် တန်ခိုးတောက်၏ မျှလောက်သို့စင် ကျေးဇူးထင်သည့် အရှင်ဖုံးမို ရေစကြိုသည် ရှေကိုယ်ခန္ဓာ ရင့်ငြောင်းကြာမျှ ဓမ္မာစည်ကြီး ဖိမ့်ဖိမ့်ဟီးအောင် ခတ်တီးကြငြာ ပြုဆဲခါတွင် ဒေဝါဒေဝီ နတ်စုံညီတို့ ပင့်ချီဆောင်ယူ ကြွတော်မူ၍ ရိပ်ဖြူဒအားချမ်း ထေရ်သခ်မ်းကို အစွမ်း ရည်တူ ထေရ်တမူသို့ လွှင့်ထူလုံလ ဝန်မချဘဲ နိစ္စစောင့်ရှောက် သက်တိုင်ရောက်အောင် မဖောက် ဘယ်နှံ့ တည်တံ့တံ့ဖြင့် ပြုအံ့ရဲရဲ သစ္စာမြဲ၍ အပ်လွဲဆက်ခံ စိုးတိုက်စံသား နိယံသိမ်းအုပ် ထိန်း အချုပ်ဖြင့် လက်ဆုပ်ပြဋ္ဌိတည်း ဆရာ့နည်းသို့ ဖြတ်လှည်းသုတ်သင် ဆစ်ဖုဖြင်လျက် အတင် အစုဒ် အကုတ်အလှန် အကန်အကျောက် ပါရင်မြောက်သည် မုံသောက်မာတင် ဉာဏ်အရှင်ဟု သခင်လေးဘော် ရိုက်ရာပျော်တွင် သားကျော်မိဂရာဇ် အဆီရစ်သို့ စေးမြစ်ထူပြော ဒုဂ္ဂမောဟု တောကြီးသုံးထောင် ကျမ်းစောင်စောင်၌ ရှိမြောင်မလွတ် ဉာဏ်စိန်လွှတ်၍ ခုတ်ဖြတ်ဖယ်ရှင်း ရဲတင်းတင်းဖြင့် ချဉ်းနင်းဝင်ရောက် စွမ်းရည်မြောက်၍ ရှေမှောက်ဥရော် တိုင်းကြီးပျော်တို့ ပူဇော်ညွတ်ခ တင်ဆက်သသည့် အဂ္ဂမဟာပဏ္ဍိတာဟု လဉ္ဆာခပ်နှိပ် ဘွဲ့ရှေလိပ်ဖြင့် တံဆိပ်တော်ရှင် လက်ထက်တွင်ကား ဝန်းကျင်နိယံ နည်းနာခံသည် ခြေရံသောင်းသောင်း တပည့်ပေါင်းလည်း ခငြောင်းမိုးဝယ် နှံ့သည့်ကြယ်သို့ ပြည့်ကြွယ်လှည့်ဝုတ် သဲသဲရုတ်၏ ဂဏ္ဏာ၌ ဂဏဝါစီ ကေသ

ရီလည်း အသီတိမြောက် တိုက်ပေါင်းဆောက်လျက် ထက်အောက်မြန်ပြည် ပင့်လင်းစည်၏ မထေရ်ဘုန်းဟေ့ ဥပဒေဖြင့် သားမြေ့စဉ်ဆက် ခက်အလက်တို့ တိုးတက်ဖွံ့ထွား ကာလလျားအောင် ပေါင်းထားရုံးစည်း ထုံးရှေးနည်းဖြင့် ပမည်းနှိုင်းစာ ကျန်းလက်ဝယ် မဟာဝိဟာရ ဝါသိကတို့ နိကာယကြီး ဂိုဏ်းသီးသန့်သန့် ခြားခြကန့်သို့ ရဟန့်ထိပ်မှူး တို့ဘုန်းထူးကြောင့် ကျေးဇူးရှိထွေပေါ်ခဲ့လေ၏၊ စိန္ဓေမြတ်စွာ သာသနာဝယ် မဟာဝိသုတ ရာမိကနှင့် ဂဏဝါစက နိကာယဟု မြန်မာ့တိုင်းခွင် ကျော်စောထင်သည်။　။ထေရ်ရှင်ဥက္ကဋ္ဌ မြောက်ထားတည်း။

(၃) ဥက္ကဋ္ဌထေရ်ကျော် မြဲစံပျော်သား တိုက်တော်ချက်ဗေ့ လယ်မဇ္ဈိဋ္ဌ ပဝေဿတီး ရှိထပြီးသော ကျောင်းကြီးလက်မှန် နေကဝဏ်ကား မိုးယံးစွန်စွင့်စွင့် မားမားမြင့်လျက် ထပ်ဆင့်လည်ပေါ် ဆောင်မတော်နှင့် ငှက်ဆော်စုလစ် ဒေဝရာဇ်တို့ ဆန်းသစ်ထွေထူး ဖူးရယူးလျင် ပန်းချူးလိန်တန့် စိန်အမှန့်တည်း၊ ထိန်ကွန့်လျှမ်းပြောင် တော်ရနောင်ဟု စိုင်ပေါင်ကျေးခွေ ရှုန်းရှုန်းဝေ၏၊ နဘောစွင့်စွင့် တိမ်ဦးခွင့်သို့ တုရင့်မှန်ကင်း တဝင်းဝင်းနှင့် ထိန်လင်းပြာသာဒ် ဘုံအထွတ်မှ ငှက်မြတ်နားဦး ချယ်စိန်ဖူးကား သောက်ရှူးကြယ်ပြောင် ထွန်းသည့်ရောင်တည့် ဘုံဆောင်ခန့်ခန့် ကျယ်ပြန့်ပြန့်နှင့် ဗိမာန်နှစ်သွယ် လွန်တင့်တယ်လည်း ဘုန်းကြွယ်ထေရ်ကျော် ရှေးကံတော်တို့ ဖန်ဆော်ချိန်သင့် သမ္ဘာပင့်၍ မင့်ပနာဒတ် ဘုံပြာသာဒ်နှင့် ပုံကပ်နှိုင်းစာ ရိပ်ခန်းဝါဠ် မဟာထေရ်မြတ် ပရိသတ်နှင့် လျောက်ပတ်သပွါယ် စံစိမ့်ရွယ်သား အလယ်ရှိဟောင်း စံရှေကျောင်းကို ရှေ့ပြောင်းထပ်မံ မြဲမြံမြံလျင် မှမ်းမံချယ်လယ် နေရာဖယ်၍ အလယ်မဏ္ဍလင် ဤသိမ်ပြင်ဦး သံလျင်ထုတ်လျောက် သံတိုင်ဆောက်သား အုဠ်ကျောက်သန့်သန့် နှုန်းမခန့်အောင် အဝှန့်ရှည်စွာ ကြာကြီးကြာမျှ တည်ရာစင်စစ် ဘုံဆောင်သစ်ကို ပတ်ရစ်ဆိုင်းဆိုင်း ပရိုင်းမီးတား ကြွားရယားနှင့် တံခါးစောင်းတန်း အံ့မခန်းကို ဖန်ဆန်းချယ်သ ပြူလုပ်ကြသား လောကဗိုလ်ထု ဆောင်ဘွယ်မှုလည်း ဝိသုကမှာ ဒေဝိန္ဒာတို့ ဆင်းလာပြူပြင် ဖန်စီရင်သို့ အောင်မြင်ထွားမြောက် ဘွားဘွားပေါက်၏ မုံသောက်မာတင် ကျောင်းတော်ရှင်ကား ထက်ခွင်ဗြဟ္မာ အရိယာနှင့် ဒေဝါဒေဝီသူတို့ဆီကို ကြွချီတလှည့် စံပါလှည့်ဟု သည့်နှယ်မြွက်ကျူး လက်ဖူးအဥ္ဇလီ နတ်ပင့်ချီသော် ဝဇီရာသား ပတ္တမြားရောင်လို့ ရှေစကြုံ၌ အရုံဗြဟ္မာ နတ်များစွာနှင့် ရှေစကြာညွှန့် နတ်နန်းကွန့်၏ အညွှန့်အဆန်း လူ့ကြင့်နှင်းကို စံမြန်းတာရှည် ပျော်စိမ့်ရည်သည့် ပတ်လည်ဝန်းကျင် များလူရှင်လည်း သခင်ဘုန်းခေါင် ကျောင်းပြီးအောင်မျှ လူ့ဘောင်တင့်တင့် ဆိုင်းမလင့်ပဲ နတ်မင့်ဦးကင် နတ်ပလွင်ကို ခိုဝင်ဘီသြ အစံစောဟု နှမြောနွေရှည် လွှမ်းပွဲစည်၏၊ မကြည်နှလုံးယူကြုံးမရ တသသလျင် ထေရစံခန်း ကျောင်းသစ်ဆန်းကို မျော်မှန်းတိုင်းပင် ထေရ်ရုပ်သွင်၌ ထင်မြင်စံမြဲ လှိုက်လှိုက်လဲ့၍ ဤပဲ့ဤလမ်း ပူဇော်ခမ်းမှ တမ်းတမြော်ခေါ် ရှိပူဇော်၏ ကျောင်းတော်ခန့်ခိုင် အပြီးတိုင်၍ မြိုင်မြိုင်ညီးညီး ဝေးအနီးမှ ငယ်ကြီးမဟူ ရှင်လူထွန်းစည့် များတပည့်တို့ ဝန်းလှည့်ပေါင်းဆုံ ဆိုက်ရောက်ကြုံ၍ ရှေဘုံကျောင်းတော် သာမုခေါ်ဘို့ ပူဇော်သည့်ပဲ့ ဆင်ယင်နွဲ့၏ နတ်ထဲဘုံပြင် နတ်နန်းခွင်မှ ထေရ်ရှင်ကြည်ဖြူ ရှုတော်မူဟု ပြည်သူညွတ်ပြောင်း ခွင့်ပန်တောင်းသည်။　။ရှေကျောင်းမိုးစွန် ကြွားကြွားတည်း။

(၄) မိုးစွန်ကြွားကြွား ပုံလှူလွားသို့ ခမ်းနားကြီးကျယ် ချင့်စဖွယ်ကို စလယ်အဆုံး ပုလဲကုံးသို့ ပေါင်းရုံးသစ်သစ် သံပိုင်းလှစ်ပိန် သက္ကဆုဇ်ကောဇာ ထောင်သချှာနှင့် သုံးရာသွန်းသွန်းတခုစွန်းသား ငွေဝန်းဘုံမြတ် ယုံပြာသာဒ်နှင့် နက္ခတ်ဥတ္တရာ ချိန်တာရာတို့ ကြိမ်လာညီညီ မိန်ရာသီ၌ သုံးလီဆန်းရက် နေမင်းထွက်သည့် ငှက်ဂဠုန်နေ့ ကြုံအတွေ့တွင် ချမ်းမြေ့သာယာ မင်္ဂလာတိထီ

စုဒ်ကြိုက်ညီသော် မဟီတိုက်ပေါင်း တိမ်း၍စောင်းမျှ စည်မောင်းခရာ တံပြာတံရှည် အိုးစည် သောသောတရောသွေးသွေးကျေးလည်းရှင်ရှင် သံလွင်သာသာ တူရိယာနှင့် ဇေယျာတိတိ ဩဘာ ရှိအောင် ကွတိဟာသ တကွစုံလင် နှုတ်ခွဲထင်သည့် ပေဒင်ပဏ္ဍိတ် ပုရောဟိတ်လည်း ဘိသိက်တော် ခံ ပွဲညံညုံဖြင့် အောင်သံရင့်ရင့် ခါတော်မြှင့်၏ မြေပြင့်ညီညာ မဏ္ဍလာဌ် ရောင်ဝါပြိုးပြက် ရှေပနက်ကို စိုက်နှက်ချိန်သွင်း ပွဲဦးခင်း၏ ပင်မင်းသီရိ ပရာဇီဌ် ဗောဓိညောင်ရေ ကဆုံနွေဟု ဘုံငွေမဏ္ဍလီ စုံညီကျော်တက် တဆယ်ရက်ဌ် နံနက်အလင်း အရဏ်ကျင်းသော် ထိန်ဝင်းကဥ္စနာ ဘော်သာခွါနှင့် သန္တာရဲရဲ မြပုလဲက မျက်ရွဲသိဂီ စိန်ရတီတို့ ချယ်စီသွင်းခုတ် အမြစ်အဥ်ကို ရုတ်ရုတ်သဲလဲ ချသည့်ပွဲလည်း မြေကွဲလှုလှု ဗိုလ်ခြေစု၏ မေရုတောင်အောက် မြဲစွာဆောက်သည့် ခုံလှောက်သုံးသွယ် အမြစ်တွယ်သို့ ပြန့်ကျယ်စောက်စောက် သေလာရောက်အောင် ထွင်းဖောက် မြေသား ကျောက်ဖျာလွှာသို့ ချထားပတ်လည် ကျောက်မြစ်တည်၍ အကျည်ဘုံပြင် ခုံပလ္လင် လည်း လေဝင်လေထွက် ဇာလီခက်၏ ပုန်းညက်ငုံစိ ပွင့်တန်ချီသည့် သံဇ္ဈိဆန်းတက် ဆယ့်တရက်ဟု နံနက်ဆည်းစျာ နေရောင်ဖြာလျှင် ကမ္ဘာဆုံးတိုင် ကြွံကြွံခိုင်မည့် သံတိုင်မားမား မြင့်ကြွားကြွားကို ထောင်လွှားစိုက်ထူ နတ်တို့ကူ၏ နှိုင်းတူမယုတ် သဲထုတ်သံလျောက် မိုဃ်းစွန်မြောက်အောင် တင်မြောက်ကုတ်စဲ့ ကပ်လုံးမြဲလိမ့် ရဲရဲစွေးစွေး နီတွေးတွေးဖြင့် အသွေးသန္တာ ဖိုတရာဟူ မီးမှာ သွင်းဖုတ် နံရံအုဥ်နှင့် ကျောက်ထုတ်မြေညက် ဘိလပ်ထုတ်ကို ရောယှက်နှောက်မှေ့ အင်္ဂတေနှင့် ဂဟေသံသား ဆော်သည့်လွှာသို့ ကိုက်ထားဝန်းကျင် နံရံထင်၏ ဆင်ဝင်လေးသွယ် ဘဝင်္ဂကယ် အောင် ဖြူးသွယ်ကန့်မြောင် စမုတ်ဆောင်နှင့် နှာရောင်ကြွားကြွား လေးဖက်ထား၍ ကျောက် သားမဏိ ကွန်ကရိဟု နှိုင်းရှိစိန်လွှာ ဝရာမ်တာလည်း မာလာဖူးနွယ် ခြူးပန်းသွယ်၏ ငွေကြယ် ပွင့်ချပ် ချယ်စီကပ်သို့ သွင်းညှပ်ဝိုက်သန်း စိန်လက်ရန်းနှင့် စောင်းတန်းလေးထွေ ဖြိုးဖြိုးဝေလျှက် အောက်ခြေလှေခါး ပုလဲသားသို့ ဖြူထွားရောင်ဆင်း ကျောက်နုခင်း၏ လေညှင်းခံသောက် ပြူတင်းပေါက်နှင့် ထက်အောက်ရောယှက် ဖန်မှန်ကွက်သည့် စုံရွက်တံခါး မှန်လည်များလည်း ကိုးပါးနဝရတ် ဇောတိရဿသို့ ရောင်လွှတ်ကွန့်မြူး မြင်သော်မူးလိမ့် မီးရှူးမီးပန်း လျှပ်နွယ်တန်းသို့ ဝိုက်သန်းထွေးယှက် ဖိတ်ဖိတ်လက်၏ စက်ဉဏ္ဍာဒိန် ဆယ်သူရိန်တို့ ရောင်ရှိန်နှုံးနှန်း လောင်ခမန်း တည်း နတ်နန်းဘရဏီ ဆန်းပလီသို့ ပင့်ချိမဆုံး ကွန်းဆယ်လုံးလည်း စိန်တုံးပလွင် ခုံထက်တင်သို့ ကျောက်လျှင်နုထွား အောက်ခံထား၏ ရှေသားထိန်ဝင်း ဖြောင့်စင်းစင်းနှင့် ပွတ်သွင်းသည်တိုင် ကြွံကြွံခိုင်လိမ့် ပွင့်ဆိုင်ပြူးပြူး တိုင့်ထိပ်ဦး၌ ကြာဖူးယှက်တင် ကြာအိုးသွင်ဖြင့် ရောင်ရှင်ရဲရဲ စိန်မြခဲနှင့် ပုလဲမျက်စုံ မြွေးရစ်ခြုံသို့ ပန်းအုံပန်းကြ ပန်းလှထင်းထင်း ရိပ်ခြည်လင်း၏ အတွင်းနံရံ ဖိတ်ဖိတ်လျှံအောင် မွန်းမံချယ်ညီ ကြွေသားစိလျက် ကုဋီရေအိမ် မွေ့သိမ်တင့်ဆန်း ရေချိုးခန်း လည်း နွှန်းနှန်းထိုးနွယ် ကြွေဖြင့်ချယ်၏ ဆိုဖွယ်မျှားလျား ကျောင်းခမ်းနားကို ထက်ဖျားဗြဟ္မာ မိုဃ်းကလာ၍ လက်ံသီကုန်း စာဖွဲ့ထုံးလည်း အဆုံးပြီးတိုင် မရောက်နိုင်လိမ့် ရွှေဆိုင်ငွေထု တောင်မေရုသို့ နှိုင်းတူကြီးကျယ် လွန်ချမ်းကြွယ်လည်း သည့်နွယ်ဘုံဆောင် ဖြစ်မြောက်အောင်ကို လုပ်ဆောင်ရဲရဲ တတ်နိုင်ခဲ၏ လွန်ကဲထက်သန် ရှေ့ဖုန်းဖန်၍ မိုဃ်းစွန်ထက်ဖျား သိကြားဝတြဘူ နတ်ပေါင်းကူမှ ဤလူလောက ပေါ်လာရ၏ ကမ္ဘာ့အလယ် အုံချိုးဘွယ်ကို အာဘယ်တိတ်နှောင်း ဘယ်ထုံးဟောင်းမှ ဤကျောင်းနှင်နှင် တွေ့မမြင်လိမ့် သွင်ပြင်စံတု ယှဉ်ဖန်ပြူလည်း မရှုနိုင်းဆွယ် တောင်ပို့နွယ်နှင့် ပိုးငယ်ရည်မြူး နေရောင်ကြူးသို့ ညစ်ညူးမြုပ်တိမ် မာန်ကျိုးနိမ်လိမ့် ဤသိမ် ကျောင်းတော် စံဘုံကျော်ကား မိုဃ်းပေါ်ထိပ်ဖျား သိကြားနေတန် ဝေဇယန်ကို ပြောင်ဟန် ကြည့်စား ပြယ်သည့်လားတည်း ခမ်းနားသမျှ မင်လွှာခသော် အာကာ့မိုဃ်းပြင် ကျဉ်းလိမ့်ထင်၏



ကျောင်းအမကြီး ဒေါ်ဆောင်ဘုံနှင့် သား ဦးစောဦး-ဇနီးဒေါ်သိမ်တို့၏ ကုသိုလ် ဌေးစေတီတော်

ကျောင်းအမကြီး ဒေါ်သန်းသန်း၏ ကုသိုလ်
သီးမျိုးစုံ ရတနာပဒေသာပင်

ဂုဏ်အင်ရနံ့ ညာကျေလွန်သည့် အုံဖွယ်စတောင်း သည့်နယ်ကျောင်းကို နောက်နှောင်းရှည်စွာ ထွန်းစိမ့်ဂါဟု ဤစာမော်ကွန်း ကမ္မည်းညွှန်းသည်။ ။အဝှန်းကမ္ဘာ ထင်လျားတည်း။

အလယ်သိမ်ကျောင်းတော်ကြီးမှ ဌေစေတီတော်

ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်သိမ်ကျောင်းတော်ကြီးအထက်ထပ် အလယ်ဟင်းလင်းအပြင် ပလ္လင်တော်ပေါ်၌ ဌေစေတီတော်မြတ် ကိန်းဝပ်တော်မူလျက် ရှိပါသည်၊ ၎င်း ဌေစေတီတော်ကို ရန်ကုန်မြို့ အလုံသစ်တောလမ်း ကျောင်းအမကြီး ဒေါ်ဆောင်ဘုံနှင့် သား ကျောင်းဒကာကြီး ဦးစောဦးနှင့် ဇနီးဒေါ်သိမ်တို့က ဘုရားရှင်ဓာတ်တော်များ ဌာပနာကာ ၁၃၁၄-ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ဌေပိဿာချိန်များစွာနှင့် မိမိတို့ဝတ်ဆင်သော ရတနာများပါ အသုံးပြု၍ တည်ထားကိုးကွယ်ခဲ့ကြသည်၊ ၎င်း ဌေစေတီတော်မှာ လုံးပတ်ဘိနပ်တော် ၁၂-ပေ အမြင့်ပေ ၅-ပေမျှ ရှိလေသည်၊ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်လာသော သုတေသီပုဂ္ဂိုလ်သည် အောက်ပါ ဝန္ဒနာဂါထာဖြင့် ဖူးမြော်ကန်တော့ ဦးချရှိခိုးရာသည်။

ဝိသုတေ သုပတိဋ္ဌိတံ၊ ရတနေဟိ ဘိသင်္ခတံ၊
သမ္ဗုဒ္ဓဓာတုသံယုတ္တံ၊ ဝန္ဒေ စေတိယမုတ္တမံ။

အဟံ-ကျွတ်ဆုရည်ရော် တပည့်တော်သည်၊ ဝိသုတေ-ဝိသုတာရုံ ကျောင်းရှေဘုံ၌၊ ဝိသုတေ-မဟာဝိသုတာရာမ အလယ်သိမ်ကျောင်းတော်ကြီး၌၊ သုပတိဋ္ဌိတံ-ကြည်ညိုစဖွယ် တင့်တယ်စွာဘိတည်ရှိသော၊ ရတနေဟိ-ရှေ ဌေစိန် ကျောက် များမြောက်စွာသော ရတနာတို့ဖြင့်၊ အဘိသင်္ခတံ-ပြုပြင်စီမံ သွင်းထုတည်ဆောက်အပ်သော၊ သမ္ဗုဒ္ဓဓာတုသံယုတ္တံ-သဗ္ဗညုမြတ် ဓာတ်မွေတော်နှင့် စပ်ယှဉ်သော၊ ဥတ္တမံ-ပူဇော်ဦးညွတ် မွန်မြတ်လှစွာသော၊ စေတိယံ-သက်တော်ထင်ရှား ဘုရားကိုယ်စား စေတီတော်မြတ်ဘုရားကို၊ ဝန္ဒေ-ဆယ်လက်မြှောက်မိုး ရှိခိုးဦးချပါ၏ ဘုရား။

သီးမျိုးစုံ ရတနာပဒေသာပင်

ဖော်ပြပါ ဌေစေတီတော်မြတ်အား ပခုက္ကူမြို့ စေ့းဟောင်းရပ်မှ ကျောင်း အမကြီး ဒေါ်သန်းသန်းက မိမိဝတ်ဆင်သော ရှေရတနာများနှင့် ဌေအချိန် ငါးဆယ်သားကို သီးမျိုးစုံ ပဒေသာပင် သွန်းထု၍ မင်္ဂိုလ်နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပူဇော်ခဲ့လေသည်။

ဒေါ်သန်းသန်း တိ ပသိဒ္ဓါယ၊ ဥပါသိကာယ ပူဇိတော။
ရတနကပ္ပရုက္ခောပိ၊ မနုညော အတိသောဘနော။

မဟာဝိသုတာရာမတိုက် လက်ရှိဂဏဝါစက

ဆရာတော်များနှင့် စာဝါများ

ပရိယတ္တိသာသနာမူလ

ဘုရားရှင်၏ သာသနာတော်သည် ပရိယတ်, ပဋိပတ်, ပဋိဝေဓ အားဖြင့် ၃-ပါး အပြားရှိလေသည်၊ ယင်း ၃-ပါးအနက် ပရိယတ်သည် သာသနာတည်ခြင်း၏ အကြောင်းရင်းမူလ ပင်မဖြစ်သည်၊ ထို့ကြောင့် ပိဋကတ် ၃-သွယ် နိကာယ် ၅-ရပ် ပရိယတ်ကို မကွယ်မပျောက်အောင် စောင့်ရှောက် ချပို့တော်မူခဲ့ကြသော ရှေးရှေးသော ဂဏဝါစက စာချဆရာတော်များနှင့် ယခု လက်ရှိ ဂဏဝါစက စာချဆရာတော်များကို များစွာကျေးဇူးတင် ချီးကျူးသင့်ပေသည်။

သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမ္ပိ စ။
တမော ဘဝိဿတိ လောကော၊ သူရိယေ အတ္ထင်္ဂတေ ယထာ။

သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဌိတော မေဓာ၊ ယောဂက္ခေမာ န ဓံသတိ။

(အံ၊ ဋ၊ ၁။ ၇၂)

မဟာဝိသုတာရာမတိုက်ဂဏဝါစကများ

မဟာဝိသုတာရာမတိုက်ကြီး၌ မဟာဝိနာယက ဆရာတော်ဘုရားကြီးတို့သည် အရည်အချင်းပြည့်ဝသော ရဟန်းတော်များကို ဂဏဝါစက စာချဆရာတော်များအဖြစ် ချီးမြှင့် မြှောက်စားတော်မူမြဲ ဖြစ်ကုန်သည်၊ စာချဆရာတော်များသည် ဆရာတော်ကြီးများကဲ့သို့ တိုက်တာ၏ သာသနာလုပ်ငန်းများ၌ တာဝန်ရှိကြသည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ဝိနည်း, သုတ္တန်, အဘိဓမ္မာ နေ့စာဝါများ

စာချ ဆရာတော်များသည် တနေ့လျှင် အနည်းဆုံး ယေဘုယျအားဖြင့် ဝိနည်း, သုတ္တန်, အဘိဓမ္မာ စာဝါ ၃-ဝါ ချပို့ရလေသည်၊ ထို့ကြောင့် စာချဆရာတော် ၁၄-ပါး, ၁၅-ပါးလောက် ရှိသော မဟာဝိသုတာရာမတိုက်ကြီး၌ တနေ့လျှင် စာဝါ ၄၂-၄၅-ဝါမျှ အနည်းဆုံးရှိလေသည်။

ဗျာကရဏ်းစာဝါများ

စာချဆရာတော်များသည် စာသင်သား ရဟန်းသာမဏေများ ဗျာကရဏ်းဖက် ဆိုင်ရာ၌ မည့်သံရလေအောင် ကစ္စည်းသဒ္ဒါကြီး, ပဒရူပသိဒ္ဓိ, သဒ္ဒနီတိ စသော ဗျာကရဏ်းကျမ်းစာများကို ချတတ်ကြလေသည်။

ဗျာကရဏေသု ဒက္ခာ စ၊ ပဏ္ဍိတာ ဂဏဝါစကာ။
ဗျာကရဏေပိ ဝါစေန္တိ၊ ယထာကာလံ မဟာသုဓီ။



မဟာဝိသုတာရာမ တိပိဋကဝိဿဝိဇ္ဇာလယေ ဂဏဝါစကမဏ္ဍလံ

နောက်တန်း ဝဲမှ ယာသို့— ဦးကေလာသ,ဦးနာယက,ဦးနန္ဒိယ,ဦးပဏ္ဍိတ(က),ဆရာတော်ဘုရားကြီး,ဦးဂန္ဓမာ,ဦးဇဝန,ဦးပဏ္ဍိတ(ခ),ဦးနေမိန္ဒ။
ရှေ့တန်း ဝဲမှ ယာသို့ — ဦးဝိစာရ,ဦးသုမင်္ဂလ,ဦးပညိန္ဒ,ဦးကုသလ,ဦးသူရိယ, ဦးနေမိန္ဒ(တိပိဋကဓရ),ဦးဇာဂရ, ဦးကေလာသ(ဘီ-အေ ဂုဏ်ထူး)

အဘိဓာန် ဆန်း အလင်္ကာ စာဝါများ

ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး၌ စာဝါများမှာ လိုသည်ဟု မရှိဟု ဆိုရလောက်သည်၊ စာသင်သူ၏ ဝီရိယ,ဉာဏ်စွမ်းသာ ပဓာနဖြစ်ပါသည်၊ ပြည့်ဝစုံလင်သော မြို့တော်စေ့းရုံ၌ ငွေ့အသပြာဖြင့် လိုရာပစ္စည်း ဝတ္ထုကို ရယူနိုင်သကဲ့သို့ မဟာဝိသုတာရာမတိုက်ကြီး၌လည်း မိမိ၏ ဝီရိယ,ဉာဏ်စွမ်းဖြင့် လိုရာစာဝါကို ဆို, လိုက်, သင်ယူနိုင်လေသည်၊ ပါဠိဂါထာ အရေးအသား ဖက်၌ ကဝိတဆူဖြစ်နိုင်အောင် အဘိဓာန်, ဆန်း, အလင်္ကာစာဝါများလည်း ချရိုးရှိသဖြင့် ပါဠိ-ဂါထာအတတ် တဘက်ကမ်းခပ်လိုသူတို့အဖို့အတွက် အောင်ပွဲခံရာလည်း ဖြစ်ခဲလေသည်။

သန္ဓာယ စ ကဝိတ္တမ်ပိ၊ ဗဟူပိ ဂဏဝါစကာ။
အဘိဓာနံ စ ဆန္ဒံ စ၊ လင်္ကာရံ ကဝိနန္ဒနံ။
ဝါစေန္တိ စ ဉဿာဟေန၊ ဥရုဝိရပရက္ကမာ။

ဥစာဝါများ

ဥအခါနှိပ်တင်လည်း မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း, ပုဒ်စစ်, သဒ္ဒါစစ်, သံဝဏ္ဏနာ, နည်းလေးဆယ်, နိယံ-စသည်တို့ ချရိုးရှိကြသဖြင့် ဥဝါဆိုင်ရာ တတ်လိုကြသူ စာသင်သားတို့အတွက်လည်း မဟာဝိသုတာရာမတိုက်ကြီးသည် ဘူမိနက်သန် အောင်မြေမှုန်လှုတော့သည်။

ရတ်တိယမ်ပိ စ ဝါစေန္တိ၊ မာတိကာဒိ ဗဟုမ်ပိ စ။
နာနာပကရဏံ သဏ္ဌံ ၊ ဝါစကာ သုဒ္ဓစေတသာ။

သင်္ကတစာဝါများ

အခါအားလျော်စွာ ဘာသန္တရဝိဒူ စာချဆရာတော်များလည်း ပေါ်ထွန်းကြရာ မုဒ္ဓဗောဓ, သိဒ္ဓန္တကောမုဒီ, ပါဏိနီ, အမရကောသ-စသော သင်္ကတကျမ်းစာများကိုလည်း ဆည်းပူးနိုင်လေသည်။

မုဒ္ဓဗောဓဒိနေကေ စ၊ ဂန္ထေ ဘာသန္တရေပိ စ။
ဝါစေန္တိ ဝိသုတာရာမေ၊ ဘာသန္တရေ ဝိသာရဒါ။

ယခုလက်ရှိ ဂဏဝါစကများ

ယခုအခါနှိပ် မဟာဝိသုတာရာမတိုက်ကြီး၌ ပရိယတ္တိဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်ချပို့ဆဲ စာချဆရာတော်တို့မှာ-—

၁။ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ဘုရားကြီး၊
၂။ ဆရာတော် အရှင်ဂန္ဓမာ မဟာထေရ် တိုက်အုပ်စာချ၊
၃။ ဆရာတော် အရှင်နန္ဒိယမဟာထေရ် တိုက်အုပ်စာချ၊
၄။ ဆရာတော် အရှင်ဇဝန ဓမ္မဘဏ္ဍာဂါရကျောင်း၊
၅။ ဆရာတော် အရှင်နာယက. မဟာထေရ် စေ့းကျောင်း၊

၆။ အရှင်နန္ဒိယ(ငယ်)သာဿနဇောတိကကျောင်း၊
၇။ အရှင်ကေလာသ မင်္ဂလာအေးကျောင်း၊
၈။ အရှင်နေမိန္ဒ ဓမ္မောဒယကျောင်း၊
၉။ အရှင်ဇာဂရ ဓမ္မစေတိယတိုက်ကျောင်း၊
၁၀။ အရှင်ကုသလ ဓမ္မာလင်္ကာရကျောင်း၊
၁၁။ အရှင်ပညိန္ဒ သဒ္ဓမ္မဇောတိကကျောင်း၊
၁၂။ အရှင်သူရိယ ဓမ္မာဓာရကျောင်း၊
၁၃။ အရှင်နေမိန္ဒ(တိပိဋကဓရ)သုဝဏ္ဏဝတီကျောင်း၊
၁၄။ အရှင်သုမင်္ဂလ သီရိမာလာကျောင်း၊
၁၅။ အရှင်ကေလာသ(ငယ်) ဘီ-အေ(ဂုဏ်ထူး)သာသနဇောတိပါလကျောင်း၊
၁၆။ အရှင်ဝိစာရ သာသနရက္ခိတကျောင်း —

တို့ ဖြစ်ကုန်သည်။ ၎င်းဆရာတော်များ၏ အဖြစ်တော်စဉ်ကို ဆိုင်ရာ၌ ဖော်ပြထားသည်။

ဤသို့ဖြင့် မဟာဝိသုတာရာမကျောင်းတိုက်ကြီး တည်းဟူသော တောရကုံ ပိဋကဋ္ဌ လွန်စွာ ကျမ်းကျင်ကြကုန်သော ခြသေ့မင်းအသွင် ပညာရှင်တို့သည် မြင့်မောက်သော အသံတို့ဖြင့် အဖန်ဖန် ဟိန်းဟောက်ကြကုန်ပြီ။

ဝိသုတေ စ ဗျဟာရညေ၊ ထေရာ ဟိ ကဝိကေသရာ။
နဒန္တိ ဥစ္စနာဒေဟိ၊ ပိဋကေ အတိကောဝိဒါ။

ဖြူဖြူညက်ညက်ဝတ်စုံနှင့်ဖြစ်သော ဘဝင် ဌာနလေး ခရစ်ယာန်ဘဝင်များ

ဘုရားသခင်ကိုယ်တော်တိုင် ကောင်းကင်ဘုံမှဆင်းသက်လာ၍ ကယ်တင်ခြင်းတရားကို ဟောကြားတော်မူသည်။
ဤသည်မှာ ဘုရားသခင်ကိုယ်တော်တိုင် ကောင်းကင်ဘုံမှဆင်းသက်လာ၍ ကယ်တင်ခြင်းတရားကို ဟောကြားတော်မူသည်။

ပါဠိစကားပြောအဓွဲကြီး

ဘာသာစကားတို့တွင် အချင်းချင်း နီးကပ်စွာ စပ်သွယ်နေသော ဘာသာစကားများမှာ ၆-မျိုး ရှိလေသည်။ ၎င်းတို့မှာ—

၁။ သက္ကတဘာသာ

၂။ ပြာကြိုဋ္ဌဘာသာ

၃။ အပဘ္ဘံသဘာသာ

၄။ ပေသာစီဘာသာ

၅။ မာဂဓီဘာသာ

၆။ သောရသေနီဘာသာ—

အားဖြင့် ဘာသာ ၆-မျိုးဖြစ်လေသည်။

သက္ကတံ ပြာကရိတဉ္စာ–ပဘ္ဘံသော စ ပိသာစိကီ။
မာဂဓီ သောရသေနီ စ၊ ဆ ဘာသာ ပရိကိတ္တိတာ။

(ပြာကရိတလက္ခဏာကျမ်း)

ဖော်ပြပါ ဘာသာ ၆-မျိုးအနက် မာဂဓီဘာသာခေါ် ပါဠိဘာသာကို သရဖူဆောင်း တတ်မြောက်လျှင် ကျန် ၅-ဘာသာမှာ ကြိုးစားသူတို့အဖို့ လွယ်ကူစွာ တတ်မြောက်နိုင်သည်။

ပါဠိဘာသာ၏ အခေါ်အဝေါ်များ

ပါဠိဘာသာကို–

အရိယာတို့ ခေါ်ဝေါ် ပြောဆို သုံးစွဲသည့်အတွက် အရိယာဘာသာဟု ခေါ်သည်၊ "အရိယ-ကံ နာမ အရိယဝေါဟာရော မာဂဓဘာသာ" (ဝိ၊ ဋ္ဌ၊ ၁။ ၂၂၀။)

မဖောက်မပြန် မှန်ကန်သော သဘောရှိသော ဘာသာဖြစ်သဖြင့် သဘာဝနိရုတ္တိဘာသာ ဟုလည်း ခေါ်သည်၊ "သဘာဝနိရုတ္တိတိ မာဂဓဘာသာ အဓိပ္ပေတာ" (မူလဋီ၊ ၂၊ ၁၉၂။)

တန္တိဘာသာဟုလည်း သုံးစွဲကြသည်၊ "အာရောပယိတ္ဝာန တန္တိဘာသံ မနောရမံ" (ဓမ္မ၊ ဋ္ဌ ၁၊ ၂။)

တချို့နေရာ၌ ပကတိဘာသာဟုလည်း သုံးစွဲကြသည်၊ ပုဗ္ဗေ ပကတိဘာသာယ ဝုတ္တံ အဋ္ဌကထံ သန္ဓာယ" (ဝဇိရ၊ ဋီ၊ ၂၉၁။)

မူလဘာသာဟုလည်း ခေါ်သည်။ "သဗ္ဗေသံ မူလဘာသာယ၊ မာဂဓာယ နိရုတ္တိယာ" (မဟာဝံသ၊ ၃၇၊ ၂၄၄။) "မူလဘာသာယ သန္ဒေသေ၊ လိခါပေတ္ဝာန သာဓုကံ" (မဟာဝံသ၊ ၉၇၊ ၉၃။)

ဓမ္မနိရုတ္တိဟုလည်း ခေါ်ရသည်။ "ဓမ္မနိရုတ္တာဘိလာပေ ဉာဏ်" (အဘိ၊ ၂၊ ၃၀၇။)

မဂဓတိုင်းသူတို့ ပြောဆိုသုံးစွဲသောဘာသာဖြစ်သဖြင့် မာဂဓဘာသာဟုလည်း ခေါ်သေးသည်။ "သမ္မာသမ္ဗုဒ္ဓေါပိ တေပိဋကံ ဗုဒ္ဓဝစနံ တန္တိံ အာရောပေန္တော မာဂဓဘာသာယ ဧဝ အာရောပေတိ"။ (အဘိ၊ ဋ္ဌ၊ ၂၊ ၃၂၂။)

ပါဠိဘာသာနှင့် သီဟိုဠ်ကျန်း

သီဟိုဠ်ကျန်းဌာလည်း ရှေးက ပါဠိဘာသာ လွန်စွာ ခေတ်စားခဲ့သည်၊ တချို့က သီဟိုဠ်ကျန်းဖြစ်ဟုပင် ဆိုကြသေးသည်၊ တချို့ ပါဠိတော်များဌ် စုဏ်ဃိယအားလျော်စွာ ပါဠိဂါထာများကို ရေးသား၍ သီဟိုဠ်သားတို့ လက်စွမ်းပြခဲ့ကြသည်၊ သီဟိုဠ်ဆရာတော်တို့ အဆက်ဆက်ရေး ဂါထာတသောင်းကျော်ရှိ မဟာဝံသကျမ်းကြီးမှာ သီဟိုဠ်နိုင်ငံ၏ ပါဠိဘာသာထွန်းကားခဲ့ပုံ သက်သေသာဓကတခုပင် ဖြစ်သည်၊ ယခုတိုင် သီဟိုဠ်ကျန်းဌ် ပါဠိဘာသာ ထွန်းကားဆဲဖြစ်သည်၊ ပါဠိဘာသာသည် သီဟိုဠ်ဘာသာနှင့် နီးစပ်သဖြင့် သီဟိုဠ်သားတို့အဖို့ ခရာခဲဆစ် မဟုတ်ကြပေ၊ ယခုခေတ် သီဟိုဠ်ပါဠိသင်ရာ ဝိဇ္ဇာပီဌများမှာ ဝိဇ္ဇောဒယတက္ကသိုလ်, ဝိဇ္ဇာလင်္ကာရတက္ကသိုလ် စသည်တို့ ဖြစ်ကြသည်၊ ပါဠိဘာသာကို ဖတ်စာစံနစ်ဖြင့် သင်ကြရသဖြင့် နက်နက်နဲနဲ မတတ်ကြသည့်တိုင်အောင် ပြောတတ်, ဆိုတတ်, ရေးတတ်ကြလေသည်။

မြန်မာပြည်နှင့် ပါဠိဘာသာ

အမိမြန်မာနိုင်ငံဌ်လည်း ပါဠိဘာသာထွန်းကားခဲ့ကြောင်း မြန်မာပြည်ဖြစ် သဒ္ဒနီတိ စသော ဗျာကရဏ်းကျမ်း, သဒ္ဒဒါဇယ်ကျမ်း, အဘိဓမ္မာဋီကာစသော မြားမြောက်စွာသော ကျမ်းစာတို့ဖြင့် ပေါ်လွင်သည်၊ တချိန်က ပုဂံပြည်ဌ် ရဟန်းတော်များသာမကပဲ အမျိုးသမီးများပင် ပါဠိဘာသာ ကျမ်းကျင် တတ်မြောက်ကြကြောင်း "သာသနဝံသပဒီပိကာ"စသော ကျမ်းတို့ဖြင့် သိသာနိုင်ပေသည်။

ထိုခေတ်က အမျိုးသမီးတယောက်က အမျိုးသမီးတယောက်အား 'ဣဒါနိ တုံ ကိတ္တကံ ဂန္ဆံ ဝါစုဂ္ဂတံ ကရောသိ=ယခု ညီး-ကျမ်းစာများ ဘယ်လောက် အရကျက်ထားသလဲ'ဟုမေး၍ ထိုအမေးခံရသော အမျိုးသမီးက 'အဟံ ပန ဣဒါနိ ဒဟရပုတ္တေဟိ ပလိဗောဓတ္တာ ဗျာကုလံ ပတ္တာ ဗဟုံ ဂန္ဆံ ဝါစုဂ္ဂတံ ကာတုံ န သက္ကာ၊ သမန္တမဟာပဒ္မာနေ ပန ကုသလတ္တိကမတ္တံဝ ဝါစုဂ္ဂတံ ကရောမိ=ရှင်မရေ....ငါကတော့ ယခုဆို ကလေးငယ်တွေနဲ့ အလုပ်ရှုပ်သဖြင့် စာများများ မကျက်ဆောင်နိုင် တော့ဘူး၊ အနန္တနယသမန္တ ပဒ္မာန်းကျမ်း တော်ကြီးထဲမှ ကုသလတိုက်လောက်ပဲ ကျက်နိုင်တော့တယ်'ဟု အဖြေပေးလေသည်။

ထိုခေတ်ကပင် ရဟန်းတပါး ဆွမ်းခံဝင်စဉ် ၁၂-နှစ်အရွယ် ကလေးမလေးက ပါဠိဘာသာဖြင့် မေးသည်မှာ "ကိံ နာမောသိ တုံ ဘန္တေ=အရှင်ဘုရားဘွဲ့တော် ဘယ်နှယ် ခေါ်ပါသလဲ၊ ထို့အခါ ဘုန်းကြီးက အဖြေပေးသည်မှာ "ဧမာ နာမာဟံ=ဘုန်းကြီးနာမည် ဧမာပေါ့၊" "ကထံ ဟိ ဘန္တေ ပုမာဝ သမာနော ဣတ္ထိလိင်္ဂေန နာမံ အကာသိ=အရှင်ဘုရား ယောကျ်ားဖြစ်ပါလျက် ဣတ္ထိလိင်နာမည် ဘာကြောင့် မှည့်ပါသလဲ"ဟု မေးစဉ်တွင် အိမ်တွင်းဌ် ထိုင်နေသော မိခင်က "ညီးဟာ ရာဇာဒိဂိဏ်း လက္ခဏာ မသိဘူးလား"ဟု မေး၍ သမီးက

"အမေရယ် သမီးသိတာပေါ့၊ အဲဒီ ခေမ-သဒ္ဒါဟာ ရာဇာဒိဂုဏ်းလက္ခဏာ မရဘူး အမေ"ဟု ပြောပြန်လေရာ အမေက ခေမ-သဒ္ဒါ ရာဇာဒိဂုဏ်း တစိတ်ဖြစ်ကြောင်း ပြောပြရလေသည်၊ ဤသို့ စသည်ဖြင့် မြန်မာပြည်၌ တချိန်က အမျိုးသမီးတို့ပင် ပါဠိဘာသာကို တတ်ကျွမ်းခဲ့ကြကြောင်း သိသာလေသည်။

ပါဠိစကားပြောအဖွဲ့ကြီး

အမိမြန်မာနိုင်ငံ၌ အကြီးကျယ်ဆုံး ပါဠိသင်ရာ, ပို့ချကတ်သင်ရာ ဝိဇ္ဇာပီဌမှာ ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး ဖြစ်သည်၊ မဟာဝိသုတာရာမတိုက်ကြီး၌ နိကာယ်ငါးရပ်ကို သင်ယူကြပြီး လက်တွေ့ ပါဠိရေးတတ်, ပြောတတ်ရန် ရည်ရွယ်၍ ၁၂၉၄-ခုနှစ်က တည်ထောင်ခဲ့သော ပါဠိစကားပြောအဖွဲ့ကြီး ရှိခဲ့ဘူးသည်၊ အဖွဲ့ကြီး၏ တည်ရာဌာနမှာ ပခုက္ကူမဟာဝိသုတာရာမတိုက်တိုလောကာလက်ံာရကျောင်းဖြစ်သည်၊ ၎င်းအဖွဲ့ကြီး၌ အဖွဲ့ဝင် ရဟန်းတော်များမှာ ပါဠိကို ပြောတတ်ရန် လေ့လာရခြင်း, ပြောတတ်လာလျှင် ပို၍ ပါဠိစကားပြောကောင်းသူဖြစ်အောင် လေ့လာရခြင်း, လက်ရေးဖြင့်တိုက်တွင်း၌ ဖြန့်ဝေသည့် သယံလေခ ပါဠိမဂ္ဂဇင်းတွင် ပါဝင်၍ ရေးရခြင်း စသည်တို့ကို ပြုလုပ်ကြရသည်၊ အဆိုပါ ပါဠိစကားပြောအဖွဲ့ဝင်တို့၏ ဆောင်ပုဒ်ကား—

"ပါဠိဘာသာ နာမ သမဏဘာသာ။
ယဒိ သက္ကပုတ္တော ဘဝေယျ၊ ဗုဒ္ဓဝစနံ ဘာသတူ။"

"ပါဠိဘာသာစကားဆိုဒါ ရဟန်းတော်တို့၏ ဘာသာစကားဖြစ်သည်၊ သာကီဝင်မင်းသားဘုရားသားတော်ဆိုလျှင် ဘုရားစကားပြောပါ၊ ဘုရားစကားပြောတတ်ပါစေ"ဟူသော ဆောင်ပုဒ်ပင်ဖြစ်သည်၊ ပါဠိအသင်းကြီး၏ ဥက္ကဋ္ဌမှာ သီဟိုဠ်ရှင်ဘုရားကြီးတိုက်ဆရာတော် အရှင်နန္ဒဝံသ မဟာထေရ်ဖြစ်သည်၊ ဆရာတော်မှာ ထိုစဉ်က ပါဠိအလေ့အကျက်ကြောင့် ပါဠိစကားပြောကောင်းသော ဆရာတော်ဟု ထင်ရှားသည်၊ ပါဠိစကားပြောအဖွဲ့ကြီး၏ အတွင်းရေးမှူး ရဟန်းတော်များမှာ အရှင်သုမင်္ဂလထေရ်နှင့် အရှင်ဥတ္တမထေရ် (ယခု ဗုဒ္ဓဓမ္မလောက တရားသတင်းစာအယ်ဒီတာ စာရေးဆရာ မင်္ဂလာ ဦးအောင်မြင့်)တို့ ဖြစ်ကြောင်း—

"နန္ဒဝံသော တဒါ ဗျတ္တော၊ ဥက္ကဋ္ဌော သဗ္ဗပုဂ္ဂေါ။
မင်္ဂလော ဥတ္တမော စေဝ၊ လေခကာ မာဂမီ ဝိဒူ။"

ဟူသော ဂါထာဖြင့် မော်ကွန်းထိုးအပ်ပါသည်။

ဘုံပျံဆရာတော် ကျောင်းကြီးတိုက် ကြည့်မြင်တိုင် ရန်ကုန်, ပဌမကျော်လယ်တီ ဦးကောဝိဒ, ဆရာတော်ဦးမာဃိန္ဒ စာချအကျော် မဟာဝိသုတာရာမတိုက်, အရှင်နန္ဒိယ မဟာထေရ် (ယခု တိုက်အုပ်ဆရာတော်), အရှင်ဉာဏဗလ(ယခု အေဗီကောလိပ် ကျောင်းအုပ်ကြီး ဦးစိန်ရှေ ရန်ကုန်) အရှင်နာယက စာချဆရာတော် ဧဗျားကျောင်း မဟာဝိသုတာရာမတိုက် စသည့် ဆရာတော်တို့သည် ထိုစဉ်က ပါဠိစကားပြောအဖွဲ့ချုပ်ကြီး၌ စကားပြောကောင်းသည့်အဖွဲ့ဝင် ဆရာတော်များ ဖြစ်ကြသည်။

ယံ ဗုဒ္ဓေါ ဘာသတေ ဝါစံ၊ ခေမံ နိဗ္ဗာနပတ္တိယာ။
ဒုက္ခဿန္တကိရိယာယ၊ သာ ဧဝ ဝါစာန မုတ္တမာ။

ဘုရားမြတ်စွာသည် ဘေးဘယာတို့မှ ဝေးကွာရာဖြစ်သည့် နိဗ္ဗာန်အောင်မြို့ ရောက်ဖို့ရန်, ဝဋ်ဒုက္ခအဆုံးကိုပြုရန် အကြောင်စကားတော်ကို ဟောတော်မူ၏၊ ဘုရားရှင်ပါဋိဘာသာဖြင့် ဟောမိန့်အပ်သော ထိုစကားတော်သည် စကားအားလုံးတို့အနက် အမြတ်ဆုံးဖြစ်သည်။

(သဂါထာဝဂ္ဂ သံယုတ္တပါဋိ၊ သုဘာသိတသုတ္တ၊ ၁၉၁)

ပါဋိဘာသာနှင့်စပ်၍ သိမှတ်ဖွယ်အချုပ် မဟာဝိသုတာရာမ ဂဏဝါစကအဖွဲ့မှ ပြုစုသော တဝက် အဘိဓာန်-တန္တိဘာသာ-ကျည့်။

တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး

ဆဋ္ဌသံဂါယနာတင် လုပ်ငန်းအစမပျိုးခင် ၁၃၁၂-ခုနှစ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် မိမိနေအိမ်၌ သီရိမင်္ဂလာပရိတ်တော်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရန် တိုင်ပင်စဉ် ဆဋ္ဌသံဂါယနာစီမံကိန်း ပဋ္ဌကတ်တော်မြန်မာပြန် စီမံကိန်းတို့နှင့် တပါးတည်း တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီး ရေးသားရန် စီမံကိန်းကို ရေးဆွဲ၍ တိုက်တွန်းစကားပြောကြားခဲ့သည်။

ဂုဏ်းစကားကို အမှီပြု၍ ဆရာတော် ဦးဉာနုတ္တရ, မဟာစည်ဆရာတော်, ဆရာတော်ဦးဝိသုဒ္ဓ, ဆရာတော် ဦးဩဘာသတို့ပါဝင်သော သံဃာတော်အဖွဲ့, ဒေါက်တာဆရာလင်း, မဟာပညာဗဟုသုတ ဦးကြီးဖေ စသော လူပုဂ္ဂိုလ်များ ပါဝင်သော အဘိဓာန်စံနစ် ရေးဆွဲရေးအဖွဲ့ကို နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က ဖွဲ့စည်းခဲ့လေသည်၊ ဦးမောင်မောင်ကလေးကိုလည်း အဘိဓာန်ဌာနမှူးအဖြစ်ဖြင့် ဗုဒ္ဓသာသနာအဖွဲ့မှ ခန့်အပ်ကာ ၁၉၅၃-ခုနှစ် ဒီဇင်ဘာလမှစ၍ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးအတွက် ဝေါဟာရပုဒ်ပေါင်း ဆရာ ၆-ယောက်ထုတ်စုခဲ့ရာ ၁၉၅၆-ခုနှစ် ဒီဇင်ဘာလ ၃၁-ရက်နေ့အထိ ဝေါဟာရပုဒ်ပေါင်း ၂၅၀၀၀၀-ခန့် ရရှိလေသည်၊ အဘိဓာန်ရေးသားမှု လုပ်ငန်းကိုမူ ၁၃၁၈-ခု နတ်တော်လ (၁၉၅၆-ခု နိုဝင်ဘာလ)မှ စ၍ ပြုလုပ်လေသည်၊ ဦးမောင်မောင်ကလေး ၁၃၁၉-ခုနှစ်လောက်က အရွယ်ရင့်၍ နှုတ်ထွက်သောအခါ အရှင်သီလာနန္ဒာဘိဝံသက အဘိဓာန်ကျမ်းပြုအဖြစ် တာဝန်ယူဆောင်ရွက်လေသည်၊ ဆရာတော် ဦးဉာနုတ္တရ ဂျပန်ပြည်မှ ပြန်ကြွလာသောအခါ ဆရာတော် ဦးဉာနုတ္တရလည်း အဘိဓာန်အဖွဲ့၌ နာယကအဖြစ်ဖြင့် ပါဝင်လာသည်၊ ဦးဗိုလ်မောင်က အဘိဓာန်အဖွဲ့၏ အုတ္တင်းရေးမှူးအဖြစ်ဆောင်ရွက်သည်၊ နောက်တွင် ဦးဗိုလ်မောင် အဘိဓာန်ဌာနမှူးဖြစ်လာတော့သည်။

ဤသို့ဖြင့် ပြုစုကြိုးပမ်းခဲ့သော အဘိဓာန်ကြီးသည် ၁၃၂၅-ခုနှစ်၌ အ-အနီဋ္ဌကအထိ ပုဒ်များ ပါဝင်သော အတွဲ ၁-ထွက်လာလေသည်၊ ၁၃၂၈-ခုနှစ်တွင် အနု-အဇ္ဈောက္ကိရဏအထိ ပုဒ်များ ပါဝင်သော အတွဲ ၂-ပြီးစီးပေါ်ထွက်လာလေသည်၊ ဆရာတော်ဦးဉာနုတ္တရခေါင်းဆောင်သော အဘိဓာန်အဖွဲ့သည် နောက်အုပ်ဆက်လက်၍ ရေးလျက်ရှိလေသည်၊ ဦးဗိုလ်မောင် ခေါင်းဆောင်သော ပါဠိပဒကျမ်းညွှန်းအဖွဲ့လည်း ပ-ဝဂ်ပါဠိပဒကျမ်းညွှန်းအဘိဓာန်ကို ကမ္ဘာအေးဇမ္ဗုဒီပကျောင်းဆောင်၌ ပြုစုကြလေသည်။

မစိုးရိမ်နာယကစာချအဘိဓာန်အဖွဲ့

တော်လှန်ရေးအစိုးရ၏ ဝါဒလမ်းစဉ်အရ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးကို မြန်မြန်ကြီး ပြီးစေလိုသောဆန္ဒဖြင့် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သည် မန္တလေးမြို့အနောက်ပြင် မစိုးရိမ်ကျောင်းတိုက်နာယကစာချအဖွဲ့သို့လည်း လျှောက်ထားတာဝန်ပေးသဖြင့် မစိုးရိမ်တိုက်မှ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးကောသလ္လခေါင်းဆောင်သော နာယကစာချအဖွဲ့သည် ၁၃၂၇-ခုနှစ်မှ စ၍ က-ဝဂ်ဆိုင်ရာ ပုဒ်များအဘိဓာန်ကို ရေးသားပြုစုတော်မူကြလေသည်။

မဟာဝိသုဒ္ဓါရာမအာဘိဓာန်အဖွဲ့

တော်လှန်ရေးအစိုးရ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သည် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရာမကျောင်းတိုက်သို့လည်း စ-ဝဂ် အဘိဓာန်ကျမ်းကြီး ပြုစုပါရန် လျှောက်ထားသဖြင့် အသောကာရုံ ဆရာတော် ဦးသုဝဏ္ဏဇောတိဘိဝံသ ခေါင်းဆောင်သော ဝိသုဒ္ဓါရုံဂဏဝါစကအဖွဲ့သည် ၁၃၂၇-ခုနှစ် တပို့တွဲလမှစ၍ ရေးသားပြုစုကြသည်။

ဘုရားကြီးတိုက် ပါဠိပဒပိဋကကျမ်းညွှန်းအဖွဲ့

မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက်သို့လည်း ကျမ်းညွှန်းပါဠိပဒအဘိဓာန် ရေးရန် လျှောက်ထားသဖြင့် ဘုရားကြီးတိုက် အမရပုရကျောင်း ဆရာတော် အရှင်ဥက္ကံသာဘိဝံသ ဦးစီးသော အဖွဲဝင်တို့သည် ၃၃၃၀-ခု နယုန်လမှစ၍ ယ၊ရ၊လ၊ဝ၊သ၊ဟ ဟူသော အ-ဝဂ်ကျမ်းညွှန်း ပါဠိပဒ အဘိဓာန်ကို ရေးသားတော်မူကြသည်။

မဟာဝိသုတာရာမ ဂဏဝါစက အဘိဓာန်အဖွဲ့

နိုင်ငံတော်အစိုးရကိုယ်စား ဗုဒ္ဓသာသနာအဖွဲ့သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်များတို့ကိုလည်း တ-ဝဂ် အဘိဓာန်ကြီး ပြုစုပါရန် လျှောက်ထားသဖြင့် မဟာဝိသုတာရာမတိုက်မှအဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးရှင် အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး အမှူးထား၍ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် ခေါင်းဆောင်သော အဘိဓာန်အဖွဲ့သည် ၁၃၂၈-ခုနှစ် ဝါခေါင်လမှစ၍ တ-ဝဂ် အဘိဓာန်ကို စတင်ရေးသားတော်မူကြသည်။ ၎င်းတိပိဋကပါဠိမြန်မာအဘိဓာန်အဖွဲဝင် ဆရာတော်များမှာ—

၁။ ဆရာတော် ဦးနန္ဒိယ တိုက်အုပ်ဆရာတော် (တာဝန်ခံ)

ဦးနန္ဒိယ ဂဏဝါစက
ဦးကေလာသ ။
ဦးနေမိန္ဒ ။
ဦးဝေပုလ္လသာမိ အစိုးရဓမ္မာစရိယ ဂဏဝါစက
ဦးဇဂဂရ ဂဏဝါစက
ဦးပညိန္ဒ ။
ဦးသူရိယ ။
ဦးဝိစာရ အစိုးရဓမ္မာစရိယ ပါဠိပါရဂူ ဂဏဝါစက
ဦးကေလာသ ဂဏဝါစက, အစိုးရဓမ္မာစရိယ, ဘီ-အေ (ဂုဏ်ထူး)

တို့နှင့် ဥပထမ္ဘကရဟန်းတော်များအဖြစ်—

ဦးဝိသုဒ္ဓ ဝိသိဋ္ဌဒီဃဘာဏက, အစိုးရဓမ္မာစရိယ
ဦးတေဇောဘာသ ဒီဃဘာဏက, အစိုးရဓမ္မာစရိယ
ဦးဉာနုတ္တရ ဒီဃဘာဏက

။ကမ္ဘာ့ဦးဆုံး ဖြစ်ပေါ်ပျက်စီးခြင်း၊ ကမ္ဘာ့ဦးဆုံးလူသားများ၏ ဘဝနှင့် ဘုရားရှင်တို့၏ ဘဝအကြောင်းများ ပါဝင်ဖော်ပြထားသော ဗုဒ္ဓဝင်ကျမ်းကြီး ဖြစ်ပါသည်။ ဤကျမ်းကို ရေးသားသူမှာ ဆရာတော် ဦးဥတ္တမ (ဝါကြီးကျောင်း) ဖြစ်ပါသည်။ ဤကျမ်းကို ရေးသားရာတွင် ဆရာတော်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓဝင်ကျမ်းများကို ကိုးကားခဲ့ပါသည်။ ဤကျမ်းကို ရေးသားရာတွင် ဆရာတော်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓဝင်ကျမ်းများကို ကိုးကားခဲ့ပါသည်။ ဤကျမ်းကို ရေးသားရာတွင် ဆရာတော်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓဝင်ကျမ်းများကို ကိုးကားခဲ့ပါသည်။ ဤကျမ်းကို ရေးသားရာတွင် ဆရာတော်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓဝင်ကျမ်းများကို ကိုးကားခဲ့ပါသည်။ ဤကျမ်းကို ရေးသားရာတွင် ဆရာတော်သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓဝင်ကျမ်းများကို ကိုးကားခဲ့ပါသည်။

ဗုဒ္ဓဘုရား ဝဲ-ယာ အလယ်ရောက်ခြင်း ပုံကြမ်းဆွဲခြင်း (ဝဲယာဘုံဝယ်) ဒေါ်ခင်ဝင်းမြ ဆေးရေးခဲ့သည်။ ဆရာတော် ဦးဥတ္တမ၏ ဗုဒ္ဓဝင်ကျမ်းကြီးအား ကိုးကားရေးသားခဲ့သည်။ ဆရာတော်၏ ဗုဒ္ဓဝင်ကျမ်းကြီးသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓဝင်ကျမ်းများကို ကိုးကားရေးသားခဲ့သည်။ ဆရာတော်၏ ဗုဒ္ဓဝင်ကျမ်းကြီးသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓဝင်ကျမ်းများကို ကိုးကားရေးသားခဲ့သည်။ ဆရာတော်၏ ဗုဒ္ဓဝင်ကျမ်းကြီးသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓဝင်ကျမ်းများကို ကိုးကားရေးသားခဲ့သည်။ ဆရာတော်၏ ဗုဒ္ဓဝင်ကျမ်းကြီးသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓဝင်ကျမ်းများကို ကိုးကားရေးသားခဲ့သည်။

ဦးပညိန္ဒြိယ　　ပါဠိပါရဂူ ဓမ္မာစရိယ
ဦးနန္ဒဝံသ　　အစိုးရဓမ္မာစရိယ
ဦးကုမာရ　　အစိုးရဓမ္မာစရိယ
ဦဝိမလ　　အစိုးရဓမ္မာစရိယ
ဦးတိလောက　　အစိုးရဓမ္မာစရိယ
ဦးသောဘန　　မူလဓမ္မာစရိယ

တို့ ပ၊ဝင်ကြကုန်သည်။

ဖော်ပြပါ အဖွဲဝင်ဆရာတော်များသည် အောက်ပါ တာဝန်အသီးသီးကို ခွဲယူ၍ ပြုစုကြသည်။

ဆရာတော် ဦးနန္ဒိယ တိုက်အုပ်ဆရာတော်
ဦးပညိန္ဒ ဂဏဝါစက

ဦးကေလာသ အစိုးရဓမ္မာစရိယ, ဂဏဝါစက, ဘီ-အေဂုဏ်ထူးတို့သည် နောက်ဆုံးသုတ်သင်တည်းဖြတ် အတည်ပြုကြရသော သြသာနသောဓကပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ဘဒန္တနန္ဒိယော စေဝ၊ နေကသတ္ထဝိသာရဒေါ။
ပညိန္ဒော ပိဋကေ သူရော၊ ကေလာသော စိတိမေ တယော။
သြသာနေ ကောသဂန္ဆဿ၊ သမ္မာဒကာ ဝိစက္ခဏာ။

ဦးဝေပုလ္လသာမိ ဂဏဝါစက, အစိုးရဓမ္မာစရိယ
ဦးနေမိန္ဒ ဂဏဝါစက
ဦးသူရိယ ဂဏဝါစက
ဦးဝိစာရ ဂဏဝါစက အစိုးရဓမ္မာစရိယ, ပါဠိပါရဂူတို့သည် စာပြုပုဂ္ဂိုလ်များ ပြုပြီးအတွဲများကို နောက်ထပ်ပြင်ဆင်ကြရသော ပဋိဝေသောဓကပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ဦးနန္ဒိယ ဂဏဝါစက
ဦးကေလာသ ဂဏဝါစက
ဦးဇောဂရ ဂဏဝါစက
ဦးဝိသုဒ္ဓ ဝိသိဋ္ဌဒီဃဘာဏက, အစိုးရဓမ္မာစရိယ
ဦးတေဇောဘာသ ဒီဃဘာဏက, အစိုးရဓမ္မာစရိယ
ဦးဉာနုတ္တရ ဒီဃဘာဏက
ဦးပညိန္ဒြိယ ပါဠိပါရဂူ အစိုးရဓမ္မာစရိယ

ဦးနန္ဒဝံသ အစိုးရမမှာစရိယ
ဦးကုမာရ အစိုးရမမှာစရိယ
ဦးဝိမလ အစိုးရမမှာစရိယ
ဦးတိလောက အစိုးရမမှာစရိယ(ဦးနန္ဒဝံသနေရာထပ်ဖြည့်)
ဦးသောဘန မူလဓမ္မာစရိယ

တို့မှာ စာပြုပုဂ္ဂိုလ်များ ဖြစ်ကြသည်။ (ဥပထမ္ဘက ဦးနန္ဒဝံသမှာ ၁၃၃၀-ခုနှစ် နယုန်လမှ စ၍ အလုပ်မှအနားယူခဲ့သည်၊ ဦးဝိသုဒ္ဓမှာ ၁၃၃၀-ခုနှစ် နတ်တော်လမှစ၍ အလုပ်မှ အနားယူခဲ့သည်)

ဂုဏ်းဆရာတော်အနက်မှ ဦးဝိသုဒ္ဓ, ဦးဝိမလ, ဦးတိလောကတို့မှာ အခါအားလျော်စွာ လက်နှိပ်စက်ရိုက် တာဝန်ကိုလည်း ပြုလုပ်ကြရသည်။

ဗုဒ္ဓသာသနာအဖွဲ့ ပစ္စယာနုဂ္ဂဟ

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့သည် အဘိဓာန်အဖွဲ့တိုင်းအား သက်နှံး, ထီး, ဘိနပ်စသော အသုံးအဆောင်များ, ဆေးပစ္စည်းများကိုလည်း လှူဒါန်းသည်သာမက နဝကမ္မအတွက် ဝတ္ထုငွေများလည်း ကပ်ပိယလဲ့အပ် ထောက်ပံ့လေသည်၊ မဟာဝိသုတာရာမတိုက် အဘိဓာန်အဖွဲ့၏ နဝကမ္မအတွက် လစဉ် ၁၃၀၀-ကျပ် ထောက်ပံ့လေသည်၊ ဤသို့ဖြင့် မဟာဝိသုတာရာမပညာရှင်တို့ ဆောင်ရွက်ချက် အဘိဓာန်အဖွဲ့ကြီးအကြောင်းကိုလည်း သုတေသီတို့အတွက် ဖော်ပြအပ်ပါသည်။

ဝိသုတာရာမအာရာမေ၊ ထေရာ ဟိ ကဝိကေသရာ။
ကောသကိစ္စေပိ ဥယျုတ္တာ၊ ဂန္ဆာနံ ဝါစနေပိ စ။



မဟာဝိသုတာရာမ ဂေါပကအဖွဲ့

ပခုက္ကူမြို့ မဟာဝိသုတာမတိုက်ကြီး၌ သီတင်းသုံးလျက်ရှိကြသော မဟာဝိနာယကဆရာတော်များ, တိုက်အုပ်ဆရာတော်များ, ဂဏဝါစကစာချဆရာတော်များ, စာသင်သားရဟန်းတော်များ ပစ္စည်း ၄-ပါး မပင်ပန်းမနွမ်းနယ်ရအောင် စေတနာသက်သက်ဖြင့် ဆောင်ရွက်ကြသော ဂေါပကအဖွဲ့ခေါ် အဖွဲ့လည်းရှိရာ မဟာဝိသုတာရာမသာသနာဝင်တွင် မှတ်တမ်းတင်သင့်ပါသည်၊ ကြာမြင့်စွာကမှစ၍ ဂေါပကအဖွဲ့တည်ရှိခဲ့သော်လည်း ယခုလက်ရှိ ဂေါပကအဖွဲ့ဝင်များကိုသာ လုပ်ငန်းများနှင့်တကွ ဖော်ပြအပ်ပါသည်။ ဂေါပကအဖွဲ့သည် နာယကအဖွဲ့,အလုပ်အမှုဆောင်အဖွဲ့ဟု ၂-မျိုးရှိသည်။

နာယကအဖွဲ့ဝင်လူကြီးများ

ထို ၂-မျိုးအနက် နာယကအဖွဲ့ဝင်လူကြီးများမှာ—ဦးဘိုးထင် ကုန်သည်, ဦးခင် ကုန်သည်, ဦးရှန် ကုန်သည် ဝါးတန်းရပ်၊ ဦးအောင်တင် သမားတော်ကြီး ပေါက်လမ်း, ဦးဘိုးလှ သုသုဆန္ဒ ရွှေကူရွာသစ်, ဦးတင်(စိန်ရွှေရတနာ)စျေးရပ်, ဦးလှဖေ အမိန့်တော်ရ ဒေါင်းလှရပ်, ဦးစောဦး ကျောင်းဒါယကာကြီး အလုံသစ်တောလမ်း ရန်ကုန်-တို့ဖြစ်ကြသည်။

အလုပ်အမှုဆောင်အဖွဲ့

(၁) ဆရာကလေး ဦးသိုက်ထွန်း ကုန်သည် ဥက္ကဋ္ဌ၊ ဦးသိုက်ထွန်းသည် သီဟိုဠ်ရှင်ဘုရားကြီး ဂေါပက၏ ဥက္ကဋ္ဌလည်း ဖြစ်ဘူးသည်။ (၂) ဦးဘသစ် ပဲ့စားကြီး(မြို့ဥက္ကဋ္ဌဟောင်း)ဒုတိယဥက္ကဋ္ဌ မုံညင်းစုရပ်။ (၃) ဦးအောင်ဖေ စက်ပိုင် တပ်ကြားရပ် ဒုတိယဥက္ကဋ္ဌ။ (၄) ဦးတင်မောင် ပဲ့စားကြီး (မြို့ဥက္ကဋ္ဌဟောင်း)ဘဏ္ဍာရေးမှူး စာတိုက်တန်း။ (၅) ဦးကျန်တင်(ပြည်သူ့လွှတ်တော် အမတ်ဟောင်း)အထွေထွေအတွင်းရေးမှူး ဝါးတန်းရပ်။ (၆) ဦးညွန့်လှိုင် B,A.,B.L. ရွှေနေကြီး တွဲဖက်အတွင်းရေးမှူး ဝါးတန်းရပ်။ (၇) ဦးမြင့်သိန်း ပဲ့စားကြီး တွဲဖက်အတွင်းရေးမှူး ကုက္ကိုတန်း၊

ဦးဘတူ (ဌေးဝင်းဘရားသား)၊ ဦးကျော်တင့် (သမဂ္ဂသုခ)ရွှေကူ၊ ဦးစိန်ရိုး (သမာဆန္ဒ စက်ပိုင်)ပေါက်လမ်း၊ ဦးညို (ကုန်သည်)စျေးဟောင်း၊ ဦးဖိုးသွင် (အင်ြိမ်းစားစာရေးကြီး) အောင်သာကန်တို့မှာ စာရင်းစစ်လူကြီးများ ဖြစ်ကြသည်။

အမှုဆောင် လူကြီးမင်းများ

(၁) ဦးထွန်းရင် (ကုန်သည်ကြီး) မြစ်ကိုင်း၊ (၂) ဦးညို မြင်သာ၊ (၃) ဦးအုံးမောင် (ကုန်သည်)မဲအိုးတန်း၊ (၄) ဦးဘသန့် (ပင်စင်စားကျောင်းအုပ်ကြီး)ထမကောက်၊ (၅)

ဦးသောင်း ရွှေဥဒေါင်း၊ (၆) ဦးဘတင့်(ပဲ့စားကြီး)တပ်ကြား၊ (၇) ဦးကံဆင့်(ကုန်သည်) စာတိုက်တန်း၊ (၈) ဦးခင်မောင် (ဘို့ုင်စကောက်ဆေးတိုက်)မကျီးချောင်း၊ (၉) ဦးလှသောင် (ယခင်သာသနာရေးအရာရှိ)မကျီးချောင်း၊ (၁၀)ဦးမြင့်သန်း စံပြရပ်၊ (၁၁) ဦးဘရီ (အငြိမ်းစားကျောင်းအုပ်ဆရာကြီး)ကွက်သစ်၊ (၁၂) ဦးအောင်သူ(သူကြီး)ခန်တော၊ (၁၃) ဦးစိန် (ကုန်သည်)ခန်တော၊ (၁၄) ဦးဘကျောက်(ကုန်သည်)ခန်တော၊ (၁၅) ဦးဘရှင်(ကုန်သည်) ပေါက်လမ်း၊ (၁၆) ဦးဘို(ကုန်သည်)ဝါးတန်း၊ (၁၇) ဦးဟန်ထွန်း(ကုန်သည်)မုံညင်းစု၊ (၁၈) ဦးစု(ကုန်သည်)ပြည်တော်အေး၊ (၁၉) ဦးညီပု(ကုန်သည်)ရွှေကူ၊ (၂၀) ဦးကံ လေသာ၊ (၂၁) ဦးလှမောင်(ကုန်သည်)စျေးဟောင်း။ ဖော်ပြပါလူကြီးမင်းများသည် မဟာဝိသုတာရာမ ဂေါပကအဖွဲ့၏ အမှုဆောင်လူကြီးများ ဖြစ်ကြသည်။

အဖွဲ့ငယ်များ

မဟာဝိသုတာရာမ ဂေါပကအဖွဲ့ကြီးတွင် အောက်ပါ အဖွဲ့ငယ်များလည်း ပါဝင်သည်၊ ၎င်းတို့ကား—

(၁) ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းကပ်လှူပွဲနှင့် ဌေစေတီဘုရားပွဲစသည် စီစဉ်ရေးအဖွဲ့။

(၂) တိုက်ကြီးအတွင်း သုံးစွဲလျက်ရှိသော လျှပ်စစ်ဆိုင်ရာအဖွဲ့ငယ်။

(၃) တိုက်တွင်း အဆောက်အဦပြုပြင်ထိန်းသိမ်းရေးအဖွဲ့။

(၄) ဆွမ်းစားကျောင်း ဝေယျာဝစ္စအဖွဲ့။

(၅) ဂိလာန သံဃာတော်များ စောင့်ရှောက်ရေးအဖွဲ့။

(၆) ကျမ်းစာအုပ်များ ထုတ်ဝေရိုက်နှိပ်ရေးဆိုင်ရာအဖွဲ့။

(၇) ဝတ္တကမြေနှင့် အဆောက်အဦများ စောင့်ရှောက်ရေးအဖွဲ့။

(၈) ဥပဒေဆွဲ အကြံပေးအဖွဲ့။

စသည်တို့လည်း ပါဝင်သည်၊ ၎င်းအဖွဲ့များကိုလည်း စံနစ်တကျဖွဲ့စည်း၍ သင့်တော်သောပုဂ္ဂိုလ်များ ပါဝင်စေလျက် စီမံထားလေသည်။

ဤကဲ့သို့ ဂေါပကဒါယကာများ၏ သဒ္ဓါတရားသက်သက် ပြုစုစောင့်ရှောက်ကြသည်မှာ သာဓုအနုမောဒနာပြုစရာ ကောင်းလှတော့သတည်း။

(၁) ဝါဆိုသင်္ကန်း, ကထိန်သင်္ကန်းကပ်လှူပွဲနှင့် ဌေစေတီတော်ဘုရားပွဲ စသည်တို့ ကျင်းပရေး အဖွဲ့ဝင်များ

၁။ ဦးထွန်းရင်
၂။ ဦးဘအေး
၃။ ဦးညို
၄။ ဦးတက်တိုး
၅။ ဦးဘကြွယ်
၆။ ဦးဘထယ်
၇။ ဦးအုံးဖေ
၈။ ဦးစံပွင့်
၉။ ဦးသာညွန့်
၁၀။ ဦးကျော်သောင်း
၁၁။ ဦးဘသောင်း
၁၂။ ဦးဗလ
၁၃။ ဦးထွန်းလှ
၁၄။ ဦးထွေး
၁၅။ ဦးဘသော်
၁၆။ ဦးသာမြိုင်
၁၇။ ဦးအောင်ဖေ
၁၈။ ဦးကျော်
၁၉။ ဦးသော်
၂၀။ ဦးရွှေအောင်
၂၁။ ဦးတင်
၂၂။ ဦးလှ
၂၃။ ဦးနွဲ့
၂၄။ ဦးခင်
၂၅။ ဦးစိန်ဝင်း
၂၆။ ဦးအောင်မြိုင်
၂၇။ ဦးစိန်ကွမ်
၂၈။ ဦးအောင်စိန်
၂၉။ ဦးစံဝေ
၃၀။ ဦးထွန်းကြိုင်
၃၁။ ဦးမောင်
၃၂။ ဦးကံညွန့်
၃၃။ ဦးစည်းစိမ်
၃၄။ ဦးဘသန်း
၃၅။ ဦးအေး
၃၆။ ဦးကြောပွင့်
၃၇။ ဦးစောလှိုင်
၃၈။ ဦးထွန်းရှိန်
၃၉။ ဦးတင်
၄၀။ ဦးလှိုင်
၄၁။ ဦးအောင်ဖေ
၄၂။ ဦးစိန်
၄၃။ ဦးချို
၄၄။ ဦးမောင်ငယ်
၄၅။ ဦးအောင်သိန်း
၄၆။ ဦးကံညွန့်
၄၇။ ဦးဝင်းသိန်း
၄၈။ ဦးကက်
၄၉။ ဦးစိန်တိတ်
၅၀။ ဦးတင်ဝင်း
၅၁။ ဦးပိုက်
၅၂။ ဦးချမ်း
၅၃။ ဦးဓာတ်အိုး
၅၄။ ဦးသွယ်
၅၅။ ဦးသန်း
၅၆။ ဦးဘကျန်
၅၇။ ဦးစိုးခိုင်
၅၈။ ဒု-ကြီးကြပ်ရေးမှူး (ရဲ)
၅၉။ စခန်းမှူး
၆၀။ ဦးလှငွေ
၆၁။ ဦးဘဝင်
၆၂။ ဦးညွန့်

တို့သည် ဝါဆိုဦးတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရေး, ဝါကျွတ်ပြီး ကထိန်ခေတ်တွင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းရေး, တပေါင်းလပြည့်နေ့တွင် ဌေစေတီတော်မြတ် ဆွမ်းချပွဲကို စီစဉ်ရေးကိစ္စတို့ကို ဆောင်ရွက်ကြသော သူတော်စင်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

(၂) လျှပ်စစ်ဆိုင်ရာ အဖွဲ့ဝင်များ

၁။ ဦးသောင်း
၂။ ဦးမောင်ငယ်
၃။ ဦးမြတင်
၄။ မြို့နယ်လျှပ်စစ်မှူး
၅။ ဦးကျော်တင့်
၆။ ဦးအုန်းလွင်

တို့သည် လျှပ်စစ်ဆိုင်ရာ အဖွဲ့ဝင်များ [illegible]သည်။

(၃) အဆောက်အဦပြုပြင်ထိန်းသိမ်းရေး အဖွဲ့ဝင်များ

၁။ ဦးဘဟန် ၂။ ဦးလှမောင် ၃။ ဦးအောင်ဖေ ၄။ ဦးညို ၅။ ဦးဟံထွန်း တို့သည် မဟာဝိသုတာရာမတိုက်ကြီး၌ အဆောက်အဦ ပြုပြင်ထိန်းသိမ်းရေး အဖွဲ့ဝင်များ ဖြစ်ကြသည်။

(၄) ဆွမ်းစားကျောင်း ဝေယျာဝစ္စအဖွဲ့ဝင်များ

၁။ ဆရာတော် ဦးယသ, ၂။ ဦးဘထယ်, ၃။ ဦးကံဆင့်, ၄။ ဦးညို, ၅။ ဦးတင်မောင်, ၆။ ဦးချို, ၇။ ဝါးတန်းရပ် ဦးတင်၊ ဦးမောင်ကလေး အမှူးပြုသော ရပ်ကွက်သူ ရပ်ကွက်သားများ, ၈။ ဦးအောင်၊ ဦးဘို၊ ဦးအုန်းလွင် အမှူးပြုသော ကုက္ကိုတန်း ရပ်ကွက်သူ ရပ်ကွက်သားများ, ၉။ ဦးမြင့်သန်း အမှူးပြုသော မုံညင်းစု ရပ်ကွက်သူ ရပ်ကွက်သားများ, ၁၀။ သာသနာ့နုဂ္ဂဟနှင့် ကုသလဝါယာမ ဆွမ်းလောင်းအသင်းများမှ အနည်းဆုံး (၂) ဦးဟူသော ပုဂ္ဂိုလ်တို့သည် မဟာဝိသုတာရာမတိုက် ဆွမ်းစားကျောင်း ဝေယျာဝစ္စအဖွဲ့ဝင်များ ဖြစ်ကြသည်။

(၅) ဂိလာနသံဃာတော်များ စောင့်ရှောက်ရေးအဖွဲ့ဝင်များ

၁။ မြို့နယ်ဆရာဝန်ကြီး, ၂။ မြန်မာသမားတော်ကြီး ဦးအောင်တင်, ၃။ ဒေါက်တာ ဦးလှထွန်းတို့သည် မဟာဝိသုတာရာမတိုက် ဂိလာနသံဃာတော်များအား စောင့်ရှောက်ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

(၆) ကျမ်းစာအုပ်များ ထုတ်ဝေရိုက်နှိပ်ရေးဆိုင်ရာ အဖွဲ့ဝင်များ

၁။ ဦးသိုက်ထွန်း	၄။ ဦးကျန်တင်	၇။ ဦးညို
၂။ ဦးဘသစ်	၅။ ဦးမြင့်သိန်း	၈။ ဦးလှသောင်
၃။ ဦးအောင်ဖေ	၆။ ဦးအောင်တင့်	၉။ ဦးကျော်တင့်

တို့သည် မဟာဝိသုတာရာမတိုက်မှ ဆရာတော်များ ရေးသားပို့စု စီရင်တော်မူကြသည့် ကျမ်းစာအုပ်များ ရိုက်နှိပ်ရေးအဖွဲ့ဝင်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

(၇) ဝတ္တကမြေနှင့် အဆောက်အဦများ စောင့်ရှောက်ရေးအဖွဲ့

မဟာဝိသုတာရာမတိုက်ကြီး အဓွန့်ရှည်စွာ တည်တန့်ရန်အတွက် ကျောင်းတိုက်ကြီးအား သံဃိကလှူဒါန်းခဲ့ကြသော လယ်ကေများစွာနှင့် တိုက်တာအဆောက်အဦများစွာတို့ ရှိကုန်ရာ ၎င်းတို့ကို စောင့်ရှောက်ရန် အဖွဲ့ဝင်များ ရှိကြရာ ၎င်းတို့မှာ—

၁။ ဦးသိုက်ထွန်း	၅။ ဦးမြင့်သိန်း	၉။ ဦးညို
၂။ ဦးဘသစ်	၆။ ဦးညွန့်လှိုင်	၁၀။ ဦးခင်မောင်
၃။ ဦးအောင်ဖေ	၇။ ဦးတင်မောင်	၁၁။ ဦးဗိုလ်
၄။ ဦးကျန်တင်	၈။ ဦးဘတူ	၁၂။ ဦးကျော်တင့်

တို့ ဖြစ်ကြသည်။

ပဌမတန်းတွင် ရောက်ရှိနေသော ဘုန်းကြီးပျိုများ (၁၃၃၀)–(၁၃၆၀)

(ဂ) ဥပဒေအကြံပေးနှင့် စည်းမျဉ်းရေးဆွဲရေးအဖွဲ့ဝင်များ

၁။ ဦးဘဌေး B. A. B. L. လွှတ်တော်ရွှေနေကြီး၊

၂။ ဦးမောင်မောင် အထက်တန်းရွှေနေကြီး၊

၃။ ဦးညွှန့်ဖေ B. A. B. L. လွှတ်တော်ရွှေနေကြီး၊

၄။ ဦးညွှန့်လှိုင် B. A. B. L. လွှတ်တော်ရွှေနေကြီး၊

၅။ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်တို့သည် ဥပဒေအကြံပေးနှင့် စည်းမျဉ်းရေးဆွဲရေး အဖွဲ့ဝင်တို့ ဖြစ်ကြကုန်သည်။

ဝိသုတဝိဇ္ဇာပီဌဿ၊ စိရဘာဝါဘိဝုဒ္ဓိယာ။
ဒါယကာ ဂေါပကာ သန္တာ၊ သဒါ ရတနမာမကာ။

ဒက္ခာ အနလသာ စေဝ၊ သဒ္ဓါ ပယတပါဏိနော။
ထမ္ဘေသုံ ဝိသုတာရုမ-ဘိက္ခုသံဃနိသေဝိတံ။

မဟာဝိသုတာရာမတိုက်ရောက် နိုင်ငံခြားသားများ

မဟာဝိသုတာရာမတိုက်ကြီးသည် ပဋ္ဌကတ်ကို ချပို့သင်ကြားရာ သုတေသနပြုလုပ်ရာ ပဓာန ဌာနဖြစ်သဖြင့် ရှေကျင်, ဒွါရ, သုဓမ္မာ ၃-ဂိုဏ်းလုံးမှပင် လာရောက်ခိုဝင် ပညာ သင်ကြားကြသည်၊ မြန်မာရဟန်းတော်များသာမကဘဲ ရှမ်း, ရခိုင်, မွန်, ကရင်, ဇာတိဗုဒ္ဓဘာသာ ရဟန်းတော်ပေါင်း မြားမြောက်စွာတို့လည်း လာရောက်သီတင်းသုံးကာ ပညာသင်ကြားကြသည်။

သီဟိုဠ်ရဟန်းတော် အရှင်ဉာဏာလောကထေရ်

သက္ကရာဇ် ၁၂၉၃-ခုနှစ်လောက်က သီဟိုဠ်ကျွန်း အမွှလံဂေါဒမ္ပိုမှ သီဟိုဠ်သား ရဟန်းတော် အရှင်ဉာဏာလောကသည် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံး၍ ပဋ္ဌကတ်ကို လေ့လာခဲ့သည်၊ မဟာဝိသုတာရာမတိုက်ကြီး အုပ်ချုပ်ပုံ, စာပေ ပို့ချသင်ပြပုံ စံနစ်ကို လေ့လာခဲ့သည်။

သီဟိုဠ်ရဟန်းတော် အရှင်ဂုဏရတနထေရ်နှင့် ယိုးဒယားရဟန်းတော်များ

သီဟိုဠ်ကျွန်း ကိုလံဘိုမြို့ မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံးသော သီဟိုဠ်သား ရဟန်းတော် အရှင်ဂုဏရတနသည်လည်း မဟာဝိသုတာရာမတိုက်သို့လာရောက်၍ လေ့လာဘူးသည်။ ၎င်းပြင် ယိုးဒယားရဟန်းတော်များ ဒုတိယကမ္ဘာစစ် မဖြစ်မီက ကြွရောက် ပညာသင်ခဲ့ကြောင်းလည်း သိရလေသည်။

ဟိုးဒယားသံဃလွှတ်တော်မှ အရှင်ဝိမလဓမ္မထေရ်

ယိုးဒယားသံဃလွှတ်တော်မှ သံဃာ့ဝန်ကြီးတပါးဖြစ်သည့် အဂ္ဂမဟာပဏ္ဍိတ အရှင် ဝိမလဓမ္မသည် ၁၃၂၁-ခုက ပခုက္ကူမဟာဝိသုတာရာမတိုက်သို့ ကြွရောက်၍ ရက်အနည်းငယ် သီတင်းသုံးပြီး အဘိဓမ္မဟာရဋ္ဌဂုရုဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ်နှင့် သာသနာရေးကိစ္စများကို ဆွေးနွေးတော်မူခဲ့သည်၊ မဟာဝိသုတာရာမစာသင်နည်း ပဋ္ဌကတ်လေ့လာနည်းကိုလည်း သိလိုကြောင်း မေးမြန်းသဖြင့် ဆရာတော်ဘုရားကြီးက အသေးစိတ် ရှင်းပြ မိန့်ဟတော်မူသည်။

ဂျပန်ရဟန်းတော်များ

သံဂါယနာခေတ်က ရန်ကုန်သို့ရောက်ရှိကြသော ဗုဒ္ဓဘာသာ ဂျပန်ရဟန်းတော်များလည်း မဟာဝိသုတာရာမတိုက်သို့ရောက်ရှိ၍ သံဃာတော်များ သီတင်းသုံးပုံ, အလယ်သိမ်ကျောင်းမကြီးနှင့် အရံ ကျောင်းများ စံနစ်တကျ တည်ဆောက်ထားပုံ ပညာသင်ပုံ စသည်တို့ကို လေ့လာကြသည်။

မဟာဝိသုတာရာမတိုက်ရောက်
နိုင်ငံခြားသားများ

နီပေါရဟန်းတော်များ

နီပေါလ်နိုင်ငံမှ ထေရဝါဒရဟန်းတော် ဘာသန္တရကောဝိဒ အရှင်သုမင်္ဂလ အမှူးရှိသော ရဟန်းတော်များသည်လည်း ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ လေ့လာခဲ့ဘူးကြောင်း သီဟိုဠ်ကျွန်းနေစဉ် ထိုရဟန်းတော်နှင့်တွေ့ဆုံရာ ဝမ်းမြောက်စွာ စာရေးသူအား ပြောပြခဲ့သည်။

ဤသို့စသည်ဖြင့် ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသည် ပြည်တွင်း ပြည်ပ သုတေသီတို့၏ ဗဟုသုတရှာမှီးရာ, ဓမ္မဘဏ္ဍာရတနာတို့ကို ရယူသုံးစွဲရာ ဌာနကြီးဖြစ်ကြောင်း သတိချပ်၍ မှတ်သင့်လှလေသည်။

ဧဝံ သဒ္ဒေသိကာ စေဝ၊ ဝိဒ္ဒေသဇာတိကာပိ စ။
အာဂမ္မ ဝိသုတာရာမံ၊ အက်သု ပရိစယံ ဗဟူ။

နိုင်ငံခြားရောက်

မဟာဝိသုတာရာမတိုက်ထွက် ဆရာတော်များ

မဟာဝိသုတာရာမတိုက်ကြီးသည် စာပေ အထွတ်အထိပ်ဌာန ဖြစ်သည့်အလျောက် မဟာဝိသုတာရာမတိုက်မှ နိုင်ငံခြားသို့ ရောက်ရှိ သီတင်းသုံးသော ဆရာတော်များနှင့် မဟာဝိသုတာရာမတိုက်သို့ ရောက်ရှိ လေ့လာကြသော နိုင်ငံခြားသား ရဟန်းတော်များလည်း မနည်းကြပါချေ။

အရှင်ဇောတိကထေရ်

ယိုးဒယားနိုင်ငံသို့ ရောက်ရှိ၍ အဘိဓမ္မာတရားများ ဟောခြင်း, အဘိဓမ္မာဆိုင်ရာ စာအုပ်များ ရေးသားထုတ်ဝေခြင်းစသည်တို့ကို သက်ဆိုးတိုင်ပြုလုပ်ကာ သာသနာပြုသွားသော ပုဂ္ဂိုလ် မြတ်မှာ အရှင်ဇောတိက ဖြစ်သည်၊ အရှင်ဇောတိကသည် ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ပညာသင်ကြားခဲ့သည်၊ မဟာဝိသုတာရာမတိုက်၌ ဂဏဝါစကဖြစ်၍ ဓမ္မမဇ္ဈကျောင်း၌ စာချသီတင်းသုံးခဲ့ဘူးသည်။

အရှင်အာသဘထေရ်

အရှင်အာသဘထေရ်မှာ ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ပညာသင်ကြားပြီး ဂဏဝါစက ဖြစ်၍ ဓမ္မာယတနကျောင်း၌ စာပေပို့ချကာ သာသနာပြုခဲ့သည်၊ ၎င်းမထေရ်မြတ်သည် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့ ဝပ်မဟာဓာတုကျောင်းတိုက်၌ရှင်း, ယိုးဒယားနိုင်ငံ အခြား မြို့ရွာများ၌ရှင်း ပဋိပတ္တိသာသနာပြုလျက် ရှိလေသည်။

အရှင်တေဇိန္ဒထေရ်

အရှင်တေဇိန္ဒမှာ တောင်တွင်းဇာတိ ဖြစ်လေသည်၊ ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ပိဋကတ်ကို သင်ကြားတတ်မြောက်ခဲ့သည်၊ ၎င်းမထေရ်မြတ်သည်လည်း ယိုးဒယားနိုင်ငံသို့ ရောက်၍ သာသနာပြုခဲ့ရာ မျှားစွာ ခရီးရောက်လေသည်။

ဆဋ္ဌပိုင်း မဟာဝိသုတာရာမ သာသနာဝင် ပြီး၏။

မဟာဝိသုတာရာမနိကာယ သာသနာဝင်

သဒ္ဓမ္မမဇိုင်း

ဗျဥ္ဇနဗုဒ္ဓါဒိဝိသေဝနိကျမ်းပြု အရှင်ရေဝတထေရ်

အရှင်ရေဝတသည် ကျပို့ကန်တော်သားဇာတိဖြစ်သည်၊ မဟာဝိသုတာရာမတိုက်၌ ၁၂၇၂-နှစ် လောက်မှစ၍ ကြာမြင့်စွာသီတင်းသုံးပြီး အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အာဘိဓမ္မ-မဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့၏ အထံ၌ ပညာသင်ကြားတတ်မြောက်ခဲ့သည်။

မှော်ဝန်းချောင်း တံတားကြီးရွာ၌လည်း ရဟန်း ၆-ဝါအထိ စာချခဲ့ဘူးသည်၊ အရှင်ရေဝတသည် မန္တလေး,ပခုက္ကူ စာချနည်း ၂-နည်းလုံး၌ပင် ကျွမ်းကျင်တတ်မြောက်သည်။

ဗျဥ္ဇနဗုဒ္ဓါဒိဝိသေဝနိကျမ်းပြုခြင်း

အရှင်ရေဝတသည် ဆရာတော် ဦးပခန်း၏ ဗျဥ္ဇနဗုဒ္ဓါဒိဒီပနီကို ပြင်ဆင်သုတ်သင်ချေပသည့် အနေဖြင့် ဗျဥ္ဇနဗုဒ္ဓါဒိဝိသေဝနိကျမ်းကိုရေးသားခဲ့ဘူးသည်၊ ၎င်းကျမ်း၌ ပဝေဏီပါလကဖြစ်တော် မူကြသော အရှင်ဂန္ဆသာရမဟာထေရ်, အရှင်ပညာမဟာထေရ်, အရှင်သုန္ဒရမဟာထေရ်, အရှင် နန္ဒဝံသမဟာထေရ် ဟူသော ကျေးဇူးရှင်ဆရာတော်တို့ကို—

ပဝေဏီပါလကေ နတွာ၊ ပရိယတ္တိဝိသာရဒေ။
ကဿံ ဗျဥ္ဇနဗုဒ္ဓါဒိ-ဝိသေဝနိံ တု ဉာတဝေ–

ဟူသော ဂါထာဖြင့် ရှိခိုးဦးချကာ ပဋိညာဉ်ကို ပြုခဲ့လေသည်။

သာသနာ့ဘောင်မှ ဆင်း,ကွယ်-ခြင်း

ဒုတိယကမ္ဘာစစ်အတွင်းက သာသနာ့ဘောင်မှ ဆင်းခဲ့၍ လူဝတ်နှင့် ကွယ်လွန်လေသည်။

သံဝေဂယူဖွယ်

ထက်သောအဆိပ်ဟူသော တန်ခိုးစွမ်းရည်ရှိကြသည့် မြွေတို့သည် အမျက်ထွက်စိတ်ဆိုးသဖြင့် လူတို့ကို ကိုက်သတ်နိုင်ကြကုန်လင့်ကစား သေမင်းကိုမူကား ကိုက်သတ်ခြင်းငှါ မစွမ်းနိုင်ကြကုန်ချေ။

အာသီဝိသာ ကုပိတာ ဥဂ္ဂတေဇာ၊
ဒုံသေန္တိ မာရေန္တိပိ တေ မနုဿေ။
န မစ္ဆုနော ဒုံသိတုံ' မုဿဟန္တိ။

(အယောဃရဇာတ်၊ ၎ဝ။၁။၃၅၆။)

မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၏

ဆွမ်းစားကျောင်းဆရာတော်

အရှင်ပဏ္ဍိတ မဟာဇဏရိ

အရှင်ပဏ္ဍိတမဟာဇဏရိသည် ရဟန်း ၆-ဝါမှစ၍ ဆရာတော် သံဃာတော်တို့၏ ဝေယျာဝစ္စ, တိုက်တာဝေယျာဝစ္စကို ပြုလုပ်ဆောင်ရွက်ကာ သာသနာပြုခဲ့သည့် သာသနာအား လွန်စွာ ကျေးဇူးများလှသော ဆရာတော် ဖြစ်တော်မူသည်။

ဆရာတော်သည် ၁၂၅၈-ခု ဝါခေါင်လဆန်း ၅-ရက်နေ့တွင် ပခုက္ကူခရိုင် မြိုင်မြိုနယ် စိမ့်ကန်ရွာ၌ အဘဦးပေါအိုင် အမိဒေါ်မှတ်စာတို့မှ ဖွားမြင်သော တဦးတည်းသော သားရတနာ ဖြစ်လေသည်။

ကျောင်းအပ် ပညာသင်

၅-နှစ်သားလောက်ကစ၍ မိဘတို့က သနပ်ပင် ကုန်းပြင်သာကျောင်းဆရာတော် ခင်ကြီးရဲနှင့် ဦးသုမနတို့ထံ၌ အပ်နှံ၍ ပညာသင်သည်။

ရှင်သာမဏေဝတ်ခြင်း, ရဟန်းအဖြစ်သို့ရောက်ခြင်း

အသက် ၁၄-နှစ်သားအရွယ်တွင် ခင်ကြီးရဲကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်ခဲ့သည်၊ ၁၆-နှစ်သားအရွယ်တွင် ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်သည်၊ အသက် ၂၀-တွင် ပခုက္ကူမြို့မန်ကျီးချောင်းရပ် မယ်တဆုပ် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျီးရွာဆရာတော် ဦးပညာသီဟကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရခဲ့သည်။

ပညာသင်ခြင်း

ရေစကြိုဆရာတော်ဘုရားကြီးထံတွင် ကစ္စည်းသဒ္ဒါကြီးကို ဆိုဝါဖြင့် သင်ယူရသည်၊ ဆရာတော်အရှင်ပညာထံ၌လည်း သုတ်နက်, ပုဒ်စစ်, မာတိကာ ဓာတုကထာအရကောက်, ဝိထိလက်ရိုး, ဘုရားကြီး နိယံ-စသည်တို့ကို သင်ယူ၍ ဆရာတော်ဦးကောဏ္ဍညထံ၌ ဝိနည်း ၅-ကျမ်း, သုတ် ၃-ကျမ်း, အဋ္ဌသာလိနီ, သမ္မောဟဝိနောဒနီ, အဋ္ဌကထာတို့ကို ဆိုဝါဖြင့် သင်ယူခဲ့လေသည်၊ အရှင်နန္ဒဝံသထံ၌လည်း ဆိုဝါဖြင့် တချို့ကျမ်းများကို သင်ယူခဲ့၍ အာဘိဓမ္မာဝရဋီကာ အရှင် သုန္ဒရမဟာထေရ်ထံ၌မူ လိုက်ဝါဖြင့် သင်ယူခဲ့သည်၊ ဆရာတော်သည် မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက်၌လည်း ၁-နှစ် ပညာသင်ကြားခဲ့သည်၊ ဤသို့ဖြင့် ဆရာတော်သည် ပခုက္ကူ, မန္တလေးတို့၌ ပညာသင်ကြားခဲ့ရာ ပခုက္ကူ, မန္တလေး ၂-နည်းလုံးကို ကောင်းစွာရခဲ့သည်။

ပဏ္ဍိတော ပဏ္ဍိစ္စံ မိစ္ဆံ၊ သက်မ္မ ပဏ္ဍိတေ သုဓိ။
သန္တိကေ ဥဂ္ဂဟေတွာန၊ ပဏ္ဍိတော ပဏ္ဍိတော ဘဝိ။

အရှင်ပဏ္ဍိတ၏ အကြံ

ပခုက္ကူ,မန္တလေးတို့၌ ပညာသင်ကြားပြီး၍ ပညာတတ် ရဟန်းတော်တပါး ဖြစ်လာပြီဖြစ်သော အရှင်ပဏ္ဍိတသည် အချိန်ရသလောက် စာပေပို့ချခြင်းနှင့်တကွ တိုက်တာဦးစီး အဓိပတိဆရာတော်ကြီးများ, ဂဏဝါစက စာချဆရာတော်များ, စာသင်သား သံဃာတော်တို့၏ သံဃ-ဝေယျာဝစ္စကိုလည်း ဆောင်ရွက်တော်မူသည်။

ဘုရားလက်ထက်က အရှင်ဒဗ္ဗ-စသော ဆဋ္ဌာဘိညပဋိသမ္ဘိဒါပတ္တ ရဟန္တာသခင် အရှင်မြတ်တို့ပင် သေနာသနပညာပက, ဘတ္တုဒ္ဒေသကလုပ်ငန်းတို့ဖြင့် သာသနာကို ပြုစုခဲ့ကြသည်၊ ငါလဲပဲ အရှင်ဒဗ္ဗထုံး နှလုံးစွဲယူကာ သံဃာ့ဝေယျာဝစ္စ ဆုမ်းစားကျောင်းကိစ္စကို ပြုလုပ်ရတော့အုံဟု သဘောပိုက်ကာ ရဟန်းသိက္ခာ ၆-ဝါရမှစ၍ မဟာဝိသုတာရာမတိုက်ကြီး၌ ဆုမ်းစားကျောင်းဘုန်းကြီးဖြစ်၍ ဆရာတော် သံဃာတော်များအတွက် သာမဏေများ, ကပ်ပိယများဖြင့် ဆုမ်းစီစဉ်ခြင်း, သံဃိကလာဘ်များ ဖြစ်ပေါ်လာသောအခါ အဂတိတရား မလားမရောက်ပဲ တရားသဖြင့် သံဃိကပစ္စည်း ခွဲဝေခြင်း, မိုးရွာသောအခါ စာသင်သား ရဟန်းတော်သံဃာတော်တို့အား ဆန်,ဆီ,ဆား,ငရုတ်,ကြက်သွန်စသည်တို့ကို ကျောင်းတိုင်းစေ့ သံဃာစေ့ ဝေဘန်စေခြင်းစသည့် ဘုရားရှင် ချီးမွမ်းတော်မူအပ်သော သံဃာ့ဝေယျာဝစ္စကို ပြုတော်မူခဲ့သည်၊ ဆရာတော် အရှင်ပဏ္ဍိတ၏ လုပ်ငန်းမှာလည်း များစွာ ချီးကျူးထိုက် မှတ်တမ်းတင်ထိုက်ပါပေသည်။

ပဏ္ဍိတော ပဏ္ဍိတော ဗျတ္တော၊ သံဃဿ ကိစ္စကာရကော။
မလ္လပုတ္တော စ ဒဗ္ဗော၀၊ လက္ခိတဗ္ဗော ဟိ သာသနေ။

အရှင်နာရဒ၏ ချီးကျူးဂုဏ်ပြုသံ

မဟာဝိသုတာရာမတိုက်ကြီး၌ နိကာယ်ကြီး စည်းဝေးသောအခါ, အာဂန္တုကရဟန်းတော်များများစွာစုဝေးသောအခါစသည်တို့၌ ဝေယျာဝစ္စပြုရန်မှာ တကယ်ပင် တာဝန်လေးလှပါသည်၊ ၁၃၀၀-ပြည့်နှစ် နိကာယ်အစည်းအဝေးတွင် သံဃာတော် ၁၀၀၀-ကျော်တို့အတွက် ဝေယျာဝစ္စပြုလုပ်ခဲ့သည်မှာ မှတ်တမ်းတင်ရစ်တော့သည်၊ မကွေးဆရာတော် အရှင်နာရဒ၏ နိကာယပွဘဝါ-ဒိပွဒီပိကာကျမ်း ၉-၌ အရှင်ပဏ္ဍိတ,အရှင်နန္ဒဝံသအမှူးရှိသော ဂဏဝါစက ဒဟရဘိက္ခု ဧည့်ခံအဖွဲ့ရဟန်းတော်များ၏ အလုပ်ဖြစ်သော သေနာသနပညာပန, ဘတ္တုဒ္ဒေသန အလုပ်မှာလည်း လိုသည်မရှိ ပိုသည်ကိုသာ တွေ့ရပါကြောင်းစသည်ဖြင့် ဖော်ပြထားလေသည်။

တိုက်တွန်းချက်

အရှင်အာနန္ဒာသည် ဘုရားရှင်အား ၂၅-နှစ်တိုင် ပြုစုလုပ်ကျွေးတော်မူခဲ့သည်၊ အရှင်ဒဗ္ဗသည် အသက်ထက်ဆုံး သေနာသနပညာပန,ဘတ္တုဒ္ဒေသနလုပ်ငန်းကို ပြုလုပ်ခဲ့သည်၊ မြို့ငန်ယ် စိမ့်ကန်ဇာတိ အရှင်ပဏ္ဍိတသည်လည်း မဟာဝိသုတာရာမကျောင်းတိုက်ကြီးနှင့် မဟာဝိသုတာရာမိကဂဏဝါစကနိကာယကြီးနှင့်စပ်သော ဝေယျာဝစ္စတို့ကို ပြုလုပ်ခဲ့သည်၊ မြင့်မြတ်သော အဇ္ဈာသယရှိသူ သူတော်စင်တို့သည် အရှင်အာနန္ဒာ,အရှင်ဒဗ္ဗ,အရှင်ပဏ္ဍိတတို့နည်းတူ ဘုရား,တရား,သံဃာတို့၏ ဝေယျာဝစ္စကို စင်ကြယ်သောစိတ်ဖြင့် ပြုလုပ်ရာသည်။

တသ္မာ မဟာသယော ပေါသော၊ သမ္မဿံ အတ္ထမတ္တနော။
သာသနေ သံဃကိ[illegible] ကရေယျ သုဒ္ဓစေတသာ။

ဂဏဝါစကဆရာတော်

ပုဂံမြို့ မြင်းကပါရှာ အရှင်သုမနမဟာထေရ်

ပခုက္ကူမြို့ မဟာဝိသုတာရာမစာသင်တိုက်ကြီး တည်ဆောက်စဉ် မဟာဝိသုတာရာမတိုက်၌ စာချရင်း တိုက်တာဝေယျာဝစ္စတို့ကို ပြုလုပ်ကြရသော ဂဏဝါစကများအနက် အရှင်သုမနထေရ်လည်း ပါဝင်ခဲ့လေသည်။

အရှင်သုမနသည် ပုဂံမြို့နယ် မြင်းကပါရွာဇာတိ ဖြစ်သည်၊ ပန်းစွာတိုက် ရေစကြိုဆရာတော် ဘုရားကြီးထံ ရောက်ရှိ၍ ပိဋကတ်ပါဠိတော်များကို အဋ္ဌကထာ,ဋီကာနှင့်တကွ သင်ယူခဲ့လေသည်။

မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး တည်သောအခါတွင် မဟာဝိသုတာရာမတိုက်သစ်သို့ ပြောင်းရွှေ့၍ ရေစကြိုဆရာတော်ကြီးနှင့်အတူ သီတင်းသုံးခဲ့လေသည်၊ ရေစကြိုဆရာတော် ဘုရားကြီးက ဂဏဝါစကစာချအဖြစ် ချီးမြှောက်တော်မူသည်၊ မဟာဝိသုတာရာမတိုက် အစဆုံး စာချဘုန်းကြီးများအနက် အရှင်သုမနသည် ထိုစဉ်က အငယ်ဆုံး ဂဏဝါစက ဖြစ်ခဲ့သည်။

ဆရာတော်ကြီးနှင့်အတူ မြေထမ်းရခြင်း

ထိုစဉ်က ကျောင်းတိုက်ကြီး၌ မဟာရုံတံတိုင်း မရှိသေးရကား မိုးတွင်းအခါ ကျောင်းတွင်း ရေဝင်တတ်ရာ ရေမဝင်စိမ့်သောငှါ ကျောင်းတိုက်ကြီးပတ်လည်၌ မြေဖို့ရသည်၊ ကပ္ပိယ ကိုရင်ကြီးများက မြေပေါက်၍ ဆရာတော်ကြီးနှင့် ဂဏဝါစကဆရာတော်များက မြေထမ်းဆည်ဖို့ရသည်၊ သက်တော် ၇၀-ကျော် နိကာယဏ္ဏဝပါရဂူ အရှင်ဂန္ဓသာရ ဆရာတော်ဘုရားကြီးကိုယ် တိုင်က ထမ်းဆည်ဖို့သဖြင့် ကျန်တိုက်အုပ်ဂဏဝါစကတို့မကျန် မြေဖို့လုပ်ငန်း၌ ပါဝင်ကြလေသည်၊ နံနက်ခင်း မြေဖို့၍ နေ့လယ်ကျမှ စာချလုပ်ငန်းကို ပြုလုပ်ကြရသည်၊ ဖော်ပြပါ အရှင်သုမနထေရ်သည် ထိုလုပ်ငန်း၌ ရှေ့တန်းမှ ပါဝင်ခဲ့လေသည်၊ ဤသို့ဖြင့် မဟာဝိသုတာရာမတိုက်ကြီး တည်ခါစ၌ ဂဏဝါစကစာချဆရာတော်တို့ ပင်ပန်းစွာ တည်ထောင်ခဲ့ကြရသည်။

ဝေံ ဟိ မာပိတေ ရမ္မေ၊ ဝိဿုတေ ဝိသုတာလယေ။
ကသိရေနေဝ ကိစ္စာနိ၊ အကံသု ထေရကုဉ္ဇရာ။

အရှင်သုမနသည် မဟာဝိသုတာရာမတိုက်ကြီး၌ ဂဏဝါစက တာဝန် ထမ်းဆောင်ရင်း သက်တော်အရွယ် နုနယ်စဉ်ပင် ပျံလွန်တော်မူခဲ့သည်။

သဝေဂယူဖွယ်

လောကသည် အမြဲမရှိ ပျက်စီးတတ် ပြောင်းရွှေ့ ဖောက်ပြန်တတ်၏၊ လောကမဟုတ်သော နိဗ္ဗာန်သည်သာလျှင် အမြဲ မပျောက်မပျက် အခါခပ်သိမ်း တည်၏၊ လောကမဟုတ်သော နိဗ္ဗာန်သည်သာလျှင် သတ္တဝါတို့၏ ပူပန်ခပ်သိမ်းကို ငြိမ်းစေတော်မူတတ်ပါပေ၏၊ ရာဂ, ဒေါသ, မောဟ-တည်းဟူသော အဆိပ်အတောက်ကို ပယ်ဖျောက်ကင်းရှင်းစေတော်မူတတ်ပါပေသည်။

အနိစ္စော၀ အဟော လောကော၊ ဟုတ္ဝာ ဘိန္နော ဝိကာရကော။
နိစ္စော ဓုဝေါ အလောကော၀၊ သမေတာ ဝိသဟာရကော။

(ထုတိဝန္ဒနာ ဘုရားရှိခိုး)

ဂဏဝါစက ဆရာတော်

အရှင်ဝါယာမ ထေရ်

မဟာဝိသုတာရာမတိုက်ကြီးနှင့် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး ဤမျှတိုး တက်ကြီးပွါး စည်ကားလာသည်မှာ ရှေးက လွန်တော်မူခဲ့ကြသော မဟာဝိသုတာရာမသားကောင်း ရတနာ စာချဆရာတော်များနှင့် လက်ရှိဆရာတော်များ၏ ကြိုးပမ်းမှုကြောင့် ဖြစ်ပေသည်၊ ထို စာချဆရာတော်များအနက် အရှင်ဝါယာမထေရ်လည်း ပါဝင်ခဲ့လေသည်၊ အရှင်ဝါယာမသည် ဆရာတော် အရှင်ပညာမဟာထေရ်နှင့် သက်တော်မရှေးမနှောင်း ဖြစ်လေသည်။ ပခုက္ကူ။ ပန်းစ္စာ တိုက်သို့ ရောက်ရှိ၍ ရေစက်ခံဆရာတော်ဘုရားကြီးထံ ပညာသင်ကြားခဲ့သည်။ ပိဋကတ်၌ ကျမ်း ကျင်တတ်မြောက်သောအခါ ဆရာတော်ဘုရားကြီးက စာချအဖြစ် ချီးမြှောက်တော်မူသည်။ ဆရာတော်ဘုရားကြီး မဟာဝိသုတာရာမတိုက်ကြီးကို တည်ထောင် ဖွင့်လှစ်တော် မူသောအခါ မဟာဝိသုတာရာမတိုက်သို့ ရွှေ့၍ စာပေပို့ချရလေသည်။ ဆရာတော်အရှင်ဝါယာမ၏ မဟာဝိသု-တာရာမတိုက်ကြီး၌ စာပေပို့ချချိန်မှာ သက္ကရာဇ် ၁၂၆၆-ခုနှစ်မှ ၁၂၇၆-ခု နှစ်အတွင်း ဖြစ်ကြောင်း သိရှိရလေသည်။

မဟာဝိသုတာရာမတိုက်ကြီး၌ သီတင်းသုံး စာပေပို့ချပြီး ဣန္ဒိယနိုင်ငံသို့ကြွ၍ ဘာသန္တရပညာ ရပ်များကိုလည်း ဆည်းပူးတော်မူသည်၊ အနှစ် ၂၀-လောက် ဣန္ဒိယနိုင်ငံ၌ သီတင်းသုံးခဲ့သည်ဟု အဆိုရှိလေသည်၊ မင်္ဂလသုတ် စသည်တို့ကိုလည်း ဟိန္ဒီဘာသာပြန်၍ ဣန္ဒိယနိုင်ငံ၌ ဖြန့်ချီခဲ့သေး သည်၊ ဆရာတော်သည် ဣန္ဒိယမှ ပြန်ကြွခဲ့၍ မိမိဇာတိဒေသဖြစ်သော ရေနံကြပ်သို့ ပြန်ကြွ လာပြီး သာသနာပြုရင်း ပို့လွန်တော်မူခဲ့လေသည်။

ဝါယာမော တီဝ ဝါယာမော၊ ဝိသုတာရာမဝါစကော၊
ဗဟဝေါ ပိဋကေ စာပိ၊ ဝါစယီ သိဿကေ ဗဟူ။

ဝိညူ ဘာသန္တရေ စေဝ၊ ဘာရတေ ဝုဋ္ဌပုဗ္ဗကော။
ပုနော သဒေသမာဂမ္မ၊ အဂမီ တုသိတံ ပုရံ။

ဂဏဝါစက ဆရာတော်

အရှင်ဝိသုဒ္ဓ မဟာထေရ်

အရှင်ဝိသုဒ္ဓသည် ကျေးငှးရှင် ရေစကြို့ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး၌ စာချလုပ်ငန်းဖြင့် ပျော်မွေ့ခဲ့ဘူးသော မထေရ်မြတ်ဖြစ်လေသည်။ ပခုက္ကူခရိုင် မြို့မြို့နယ် ညှင်းလည်ရွာ၌ ၁၂၄၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့သည်၊ ငယ်စဉ်က မိဘ ၂-ပါး ကွယ်လွန်ခဲ့၍ နောင်တော်ကြီး၏ ပြုစုမှုဖြင့် ကြီးပြင်းခဲ့ရသည်၊ အရွယ်ရောက်လတ်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်၊ မန္တလေးမြို့ မိုးကောင်းတိုက်နှင့် စကုတိုက် ထန်းတပင်ကျောင်းတို့၌ သီတင်းသုံး၍ ပညာသင်ကြားပြီး ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့ ကြွရောက်ပြီး ရေစကြို့ဆရာတော်ဘုရားကြီးထံ၌ ပညာသင်ကြားခဲ့သည်။

ဂဏဝါစကဖြစ်ခြင်း

ဆရာတော်သည် စာသင်သားတချို့တို့၏ လျှောက်ထားမှုကြောင့် စာဝါများကို ချပို့ရာ ပရိသတ်က များစွာသဆောကျကျေနပ်သဖြင့် သီတင်းသုံးရာ ညောင်တုန်းကျောင်းငယ်ကလေး မဆုံပဲ စာလိုက်သံဃာများ မြေကြီး သင်းပိုင်ခင်း၍ စာလိုက်ကြရသည်၊ ထိုအတောအတွင်းမှာ ပခုက္ကူ၌ ရှိခဲ့ဘူးသော ဦချင်းသည်ဆရာတူကြီးက ရေစကြို့ဆရာတော်ကြီးအား ညောင်တုန်းကျောင်းပေါ်က စာချနေသော ကိုယ်တော်ကလေး နေရာပေး စာချမြောက်သင့်ပါသည်ဘုရားဟု လျှောက်ထားရာ ဆရာတော်ကြီးက ပညာဉာဏ်နှင့် စိတ်နေစိတ်ထား သဘောသဘုံးကို စူးစမ်းပြီး အရှင်ဝိသုဒ္ဓအား ဂဏဝါစက မြောက်တော်မူသည်၊ ကျယ်ဝန်းသော မန္တလေးကျောင်းကိုလည်း ဓုဝဝါသအဖြစ် လွှဲအပ်တော်မူသည်။

ဝိသုဒ္ဓထေရသေဋ္ဌဿ၊ ပဋိစ္စ ဗျတ္တတမ္မိစ၊
ဥ.တ္တာန ဝါစကတ္တမ္မိ၊ အဒါသိ ထေရကုဉ္ဇရော။

မန္တလေးကျောင်း၌ စာချရာ ကျောင်းမဆုံပဲ ရှိပြန်သဖြင့် အလယ်ကျောင်းကြီးပေါ် ဆရာတော်ဘုရားကြီးအမိန့်အရ ကြွ၍ စာချရပြန်သည်၊ ဆရာတော်သည် ကျေးငှးတော်ရှင် ရေစကြို့ဆရာတော်ဘုရားကြီး ဘဝနှတ်နှန်းကြွမြန်းတော်မူပြီးနောက်ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီးမှ ဖဲ့ခွါတော်မူ၍ ပခုက္ကူသံခိပ်, ညှင်းလည်ရွာ, ကျောက်ဖူးရွာ, တောင်ဦးရွာ,ထနောင်းခလရွာတို့၏ အနီးရှိ တောင်ဦးတောင်တို့၌ သီတင်းသုံးတော်မူ၍ ဓုရ ၂-ပါး ပို့ပါးများတော်မူသည်၊ ဆရာတော်မှာ ငယ်စဉ်က ပင်ပန်းစွာအားထုတ်ကြိုးပမ်းခဲ့သော ဒဏ်ရာဒဏ်ချက်တို့ကြောင့် မျက်စိနှစ်ကွင်းအလင်းမရပဲ ရှိခဲ့သည်။

ဘဝနှတ်ထံ ဝင်စံခြင်း

မျက်စိနှစ်ကွင်း အလင်းမရလင့်ကစား စက္ခုပါလထေရ်အလား ဝီရိယကြီးမားသူ ဖြစ်ရကား ဓုရနှစ်ပါးကို မပြတ်ပို့ပါးများ ကြိုးပမ်းခဲ့ပေသည်၊ နောက် ညှင်းလည်ရွာကျောင်း၌ ၁၃၀၈-ခုနှစ်တွင် ဘဝနှတ်ထံ ဝင်စံတော်မူခဲ့လေသည်။

ဝိသုဒ္ဓါ သုဒ္ဓစိတ္တော စ၊ နေကသတ္ထေသု ကောဝိဒေါ။
ဝါစကော ဝိသုတာရာမေ၊ သာသနေ ကိစ္စကာရကော။
ဧသော်ပိ နိဓနံ ယာတော၊ လောကော ဟိ နံ စ သဿတော။

ဂဏဝါစက ဆရာတော်

အရှင်ကုမာရထေရ်

အရှင်ကုမာရသည် မဟာဝိသုတာရာမတိုက်ကြီး၏ နာမည်ကျော် စာချ ဖြစ်တော်မူခဲ့သည်။ ၁၂၅၂-ခုနှစ် လောက်တွင် မိတ္ထိလာခရိုင် မလိုင်အရှေ့ ရွာတန်းရှည်ရွာ၌ ဖွားမြင်ခဲ့သည်၊ ရွာတန်းရှည်ကျောင်းဆရာတော် အရှင်ကလျာဏထံ၌ ရှင်သာမဏေပြုခဲ့သည်၊ အရှင်ကလျာဏထံ၌ ပိဋကတ်အခြေပြုကျမ်းစာများကို သင်ယူခဲ့ပြီး သာမဏေဝတ်နှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့ ရောက်၍ ကျေးဇူးရှင် ရေစကြို့ဆရာတော်ဘုရားကြီးနှင့် ဆရာတော် အရှင်ပညာမဟာထေရ်, အရှင်သုန္ဒရမဟာထေရ်တို့ထံ ပိဋကတ်ကို ဆိုဝါဖြင့် သင်ကြားတတ်မြောက်ခဲ့လေသည်။

ရဟန်းအဖြစ်သို့ရောက်ခြင်း

အရှင်ကုမာရသည် ၁၂၇၁-ခုနှစ်တွင် စာတိုက်တန်းရပ် ဦးကြင်ဘော် သမီး ဒေါ်ချုပ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရေစကြို့ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်၊ ပခုက္ကူ၌ ဆက်လက်၍ ပညာသင်ကြားရာ လွန်စွာ ဉာဏ်ထက်မြက်သဖြင့် ၅-နှစ်လောက်အတွင်း သင်ရိုးပိဋကတ်ကို အကုန်အစင် သင်ယူတတ်မြောက်သည်။

ဂဏဝါစက စာချဖြစ်ခြင်း

ရဟန်းသိက္ခာ ၅-ဝါလောက်တွင် မဟာဝိသုတာရာမတိုက်ကြီး၌ ဂဏဝါစက စာချဖြစ်၍ များများမြောက်စွာသော စာလိုက်သံဃာတို့အား စာချခဲ့သည်၊ ရဟန်းအမ ဒေါ်ချုပ်က တိပိဋကာလင်္ကာရတိုက်ကျောင်းကို တည်ဆောက်၍ သံဃိကရေစက်ချပြီး အရှင်ကုမာရထေရ်အား တင်လှူအပ်နှင်းလေသည်၊ စာချအကျော် ဆရာတော်အရှင်မာဃိန္ဒ မန္တလေးအရှေ့ပြင် ဣန္ဒြိယာရာမတိုက် ဆရာတော်, အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ဣန္ဒြိယ စသည်တို့သည် အရှင်ကုမာရ၏ တပည့်ရင်းများ ဖြစ်ကြသည်။

အရှင်ကုမာရသည် ဣန္ဒိယနိုင်ငံသို့ကြွ၍ တန္ခစ်ကျော် သက္ကတပညာရပ်များကို သင်ကြားဆည်းပူးခဲ့လေသည်၊ အရှင်ကုမာရသည် ဗေဒင်ပညာ၌ တတ်မြောက်ရကား အသက် ၅၀-မတိုင်မီ ကွယ်လွန်ရမည်ဟု ဗေဒင်နည်းဖြင့် သိသဖြင့်—

> မရဏံ ဟေတံ သုနက္ခတ္တ အရိယဿ ဝိနယေ, ယော သိက္ခံ ပစ္စက္ခာယ ဟီနာယာဝတ္တတိ။—

ဟူသော ဥပရိပဏ္ဏာသ၊ သုနက္ခတ္တသုတ် (မ၊ ၃။ ၄၅)နှင့် အညီ သေသည်မည်အောင် ပရိသုဒ္ဓိပြုခဲ့သည်၊ ၎င်းနောက်မှ ပြန်၍ ရဟန်းခံကာ စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံး၍ စာချလေသည်၊ နောက်တဖန် ပြန်၍ ပရိသုဒ္ဓိပြုပြန်ရာ ၁၂၉၉-ခုနှစ်လောက်တွင် ကွယ်လွန်လေသည်။

သံဝေဂယူဖွယ်

အိုပညာရှိတို့ ဤသို့ဖြင့် ရုပ်နာမ်ဓမ္မသခ်ါရတရားတို့သည် ဖြစ်ချည် ပျက်ချည် မတည်မြဲကြပါကုန်၊ ငှက်ပျောတုံးပမာ အနှစ်သာရလည်း ရှာမရကြပါကုန်၊ ဖြစ်လိုက် ပျက်လိုက်နှင့် တမျိုးတဖုံတုန်လှုပ်တတ်ပါကုန်၏၊ ကာလကြာရှည် တည်ရှိရုံးလည်း မရှိကြပါကုန်၊ ထို့ကြောင့် သခ်ါရတရားတို့၌ တပ်ခြင်းကင်းအောင် ပြုလင့်ကြပါကုန်၏။

ဧဝံ အနိစ္စာ အသာရာ၊ သခ်ါရာ ကဒလူပမာ။
စဏ္ဍလာ အစိရဋ္ဌာယီ၊ အလံ် တေသု ဝိရဇ္ဇိတုံ။

ဓမ္မကထိက ဂဏဝါစက ဆရာတော်

အရှင်အဂ္ဂဝံသဆေရှိ့

အရှင်အဂ္ဂဝံသသည် အဖိုးတန် ဓမ္မကထိက စာချရဟန်းတော်တပါး ဖြစ်လေသည်၊ ဆရာတော်သည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ဆင်စိန်ရွာ၌ ၁၂၆၀-ခုနှစ်တွင် ဖွားမြင်တော်မူသည်၊ အရွယ်ရောက်သောအခါ ရှင်ရဟန်းပြု၍ အရှင်အဂ္ဂဝံသဟု ဥပဇ္ဈာယ်ဆရာတို့က နာမည်ပေးသည်၊ အရှင်အဂ္ဂဝံသသည် ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့ ရောက်၍ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာ မဟာထေရ်ထံတွင် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသနှင့်အတူ ပိဋကတ် စာပေများကို ဆိုဝါဖြင့် သင်ယူခဲ့သည်၊ စာဆိုကောင်း, တရားဟောကောင်း, အကျင့် သိက္ခာကောင်း ဖြစ်သဖြင့်လည်း သီတင်းသုံးဖော်တို့က များစွာ ချစ်ခင်ကြသည်၊ အရှင်အဂ္ဂဝံသသည် မဟာဝိသုတာရာမတိုက်၌ ငယ်စဉ်ကပင် ဂဏဝါစကဖြစ်၍ စာချတော်မူရင်း အခါအားလျော်စွာ တရားဟောလုပ်ငန်းကိုလည်း ပြုလုပ်တော်မူသည်။

ရဟန်း ၂-ဝါရက ရေးသော

တရားစာတပုဒ်

အရှင်အဂ္ဂဝံသသည် ကိုယ်တိုင် တရားစာရေး၍ ကိုယ်တိုင် တရားဟောတော်မူသည်၊ ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ပညာသင်စဉ် စာသင်သားရဟန်းတော်ဖြစ်၍ ၂-ဝါရစဉ်က ဦးပညာသာမိ အမည်ရှိသော ဦးပဉ္ဇင်းငယ်တပါး တောင်းပန်သဖြင့် ရေးသော ရဟန်းခံရှင်ပြု တရားစာတပုဒ်ကို ဒေသနာစိန်မြကုံး ပထမအုပ် ၁၄၄-၌ တွေ့ရသဖြင့် အရွယ်နှင့်မလိုက်အောင် ကျမ်းကျင်တတ်မြောက်သည့် အရည်အချင်းကို သိသာနိုင်ပေသည်။

မန္တလေး အိမ်တော်ရာတရားပွဲ

မန္တလေးမြို့ အလွန်ကပ်တိုက်တွင် သီတင်းသုံး၍ လက်လှမ်းမှီ ကျောင်းတိုက်များ၌ စာလိုက်ရင်း အိမ်တော်ရာဘုရားကြီးအတွင်း သီတင်းစဉ် တရားဟောတော်မူခဲ့သေးသည်၊ ရုံဖန်ရုံခါ အောက်ရပ်ဌာနီသို့လည်း ကြွချီ၍ တရားဟောတော်မူခဲ့သည်။

အရှင်အဂ္ဂဝံသ၏တရား ဆရာတော် အရှင်ပညာထေရ် နာပုံ

တချိန်က ဆရာတော် အရှင်ပညာမဟာထေရ်အား ဒေါင်းလည်ရွာ ရဟန်းခံအလှူတခုမှ ပင့်ရာ မလွဲသာသဖြင့် အရှင်အဂ္ဂဝံသကို နောက်ပါ ရဟန်းတော်အဖြစ် ခေါ်၍ ကြွတော်မူသည်၊ အလှူပွဲ၌ ဆရာတော် အရှင်ပညာမဟာထေရ်သည် ကိုယ်တိုင် ရေစက်ချ၍ အရှင်အဂ္ဂဝံသအား တရားဟောစေလျက် ကိုယ်တိုင် တနေရာမှ တရားနာတော်မူပြီး "မောင်အဂ္ဂဝံ တရားဟောကောင်းကြောင်း တဆင့်ပြောဖြင့်သာ သိခဲ့ရသည်၊ ယခုမူ ကိုယ်တိုင်နာရ၍ အပြင်စကား မပါ၊ တကယ် တရားဟော ကောင်းမှန်း သိရလေသည်"ဟု မိန့်ကာ သာဓု အနုမောဒနာ ပြုတော်မူသည်။

အရှင်နန္ဒထေရ်ဟောသည့် တရားတော်ကို ဘုရားရှင် နာတော်မူသည်နှင့် တူလှပါပေသည်၊ အရှင်နန္ဒထေရ်သည် တရားမဏ္ဍပ်တခုဦး ညဉ့် ၃-ယာမ်ပတ်လုံး တရားဟောတော်မူဘူးသည်။ ဘုရားမြတ်စွာသည် တရားပွဲအနီးရှိ အိမ်တအိမ်၏မျက်နှာစာမှ ညဉ့် ၃-ယာမ်ပတ်လုံး တရားနာတော်မူသည်၊ တရားပွဲအပြီးတွင် ဘုရားရှင် သာဓု ၃-ကြိမ် ခေါ်တော်မူလေသည်၊ ထိုအချိန်မှ ဘုရားရှင် တရားနာမှန်းသိသော အရှင်နန္ဒသည် "မြတ်စွာဘုရား- ဘယ်အချိန်က ကြွရောက် တရားနာတော်မူပါသတုံးဘုရား"ဟု လျှောက်ရာ "တရားပွဲ စကတည်းက ငါဘုရား နာနေကြောင်း"မိန့်တော်မူသည်၊ အရှင်နန္ဒက "မြတ်စွာဘုရား- ပင်ပန်းတော်မူလှပါဘိဘုရား"ဟု လျှောက်ရာ ဘုရားရှင်က "နန္ဒ–ငါဘုရား မပင်ပန်းဘူး၊ ချစ်သား နန္ဒ- သင် အာယုကပ်ကာလ ပတ်လုံး ဟောလျှင်ပင် ငါဘုရား အာယုကပ်ဆုံးသည်အထိ တရားနာမည်"ဟု မိန့်တော်မူလေသည်။

(ရထဝိနီတသုတ်၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ၄၃)

သုဒ္ဓါဘိဓမ္မရသပါနမနောမပညာ၊ သက္ကစ္စသောတပထဟတ္ထပုဋ္ဌာ ပိဝန္တု။
ဓမ္မိဿရောပိ ဘဂဝါ သကလမ္ပိ ရတ္တိံ၊ ဂေဟာဒ်ရမ့ိ ဌိတကောဝ သုဏိတ္ထ ဓမ္မံ။

(သီဟိုဠ် ပူဇာဝလိ)

အရှင်နန္ဒဟောသည့်တရားတော်ကို ဘုရားမြတ်စွာ နာခြင်းဖြင့်လည်း ဘုရားရှင်၏ ဓမ္မဂရုကဖြစ်ပုံကို သိရသကဲ့သို့ အရှင်အဂ္ဂဝံသဟောသည့် တရားတော်ကို အရှင်ပညာမဟာထေရ်မြတ် နာယူတော်မူခြင်းဖြင့် ဆရာတော် အရှင်ပညာ၏ ဓမ္မဂရုကဖြစ်ပုံမှာ ကြည်ညိုစရာ ကောင်းလှသည်၊ အရှင်အဂ္ဂဝံသသည် ၁၂၀၅-ခုနှစ်တွင် ဒေသနာစိန်မြကုံး တရားစာအုပ်မျှားကိုလည်း ရေးသားတော်မူခဲ့သည်။

ပံ့လွန်တော်မူပြီ

ဓမ္မကထိက စာချ အရှင်အဂ္ဂဝံသသည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၌ ဓမ္မကထိက စာချတာဝန်ကို ထမ်းဆောင်ရင်း ၁၂၉၂-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့ ည ၇-နာရီ ၅-မိနစ်တွင် ဘုရားရှင်၏အလျှင် ပရိနိဗ္ဗာန်ဝင်စံရသော ဘုရားရှင်၏သားတော်ကြီး အရှင်ရာဟုလာကဲ့သို့ ဆရာတော် အရှင်ပညာမဟာထေရ်၏ ရှေးဦးစွာ နတ်ပွဲသဘင် ဝင်စံရရှာလေသည်။

သံဝေဂယူဘွယ်

ခြင်္သေ့, ကျား, သစ်တို့သည် တုန်လှုပ်လျက်ရှိကြသော သတ္တဝါတို့ကို နှိပ်စက် သတ်ဖြတ်စားမျိုနိုင်ကြကုန်သော်လည်း သေမင်းကိုမူကား နှိပ်စက်သတ်စားခြင်းငှါ မစွမ်းနိုင်ကြကုန်ချေ။

သီဟာ စ ဗျဂ္ဃါ စ အထောပိ ဒီပိယော၊
ပသယှ ခါဒန္တိ ဝိပ္ပန္နမာနံ။
န မစ္စုနော ခါဒိတုံ မုဿဟန္တိ။

(အယောဃရဇာတ်၊ ဇာတကပါဠိ၊ ပဌမ၊ ၃၅၆)

ဂဏဝါစက ဆရာတော်

အရှင်အဂ္ဂဝံသထေရ်

အရှင်အဂ္ဂဝံသသည် မဟာဝိသုတာရုမ သာသနာ့ဗိမာန်၌ စာချသာသနာပြုခဲ့သော မထေရ်မြတ် ဖြစ်သည်၊ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်,အင်းကန်ရွာ၌ ဦးအုန်းထယ်,ဒေါ်မိတ်ူမှ ၁၂၆၆-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၆-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့သည်၊ ဂ-နှစ်သားတွင် ပညာစ၍ သင်ခဲ့ပြီး ၁၅-နှစ်တွင် အင်းကန်ကျောင်းဆရာတော် ဦးဝိသုဒ္ဓထံ ရှင်သာမဏေဝတ်ခဲ့ပြီး ပဋ္ဌကတ် အခြေပြုကျမ်းများကို သင်ယူခဲ့သည်၊ အသက် ၂၀-တွင် ဘိုကလေးမြို့ ကွမ်းသီးကျောင်း ဆရာတော် ဦးဝါယာမကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုခဲ့သည်။

မဟာဝိသုတာရုမတိုက်၌ ပညာသင်, စာချဖြစ်ခြင်း

ရဟန်းဖြစ်ပြီးနောက် ပခုက္ကူ မဟာဝိသုတာရုမသာသနာ့ဗိမာန်တော်ကြီးသို့ရောက်၍ အရှင် ပညာမဟာထေရ်, အရှင်နန္ဒဝံသမဟာထေရ်, ဆရာတော် ဦးဝါယာမ (ယခု ညောင်ဦး မဟာ ဝိသုတာရုမတိုက်)စသည်တို့ထံ ဆိုဝါ,လိုက်ဝါဖြင့် သင်ယူတတ်မြောက်ခဲ့သည်၊ ၁၀-ဝါအရတွင် ဂဏဝါစက စာချအဖြစ် ချီးမြှောက်ခြင်းကို ခံယူရသည်၊ မဟာဝိသုတာရုမတိုက်ကြီး၌ အရိယ ဝံသကျောင်း သာသနရက္ခိတကျောင်းတို့၌ လှည့်လည်သီတင်းသုံးပြီး စာလိုက်သံဃာများမြောက် စွာတို့အား ပိဋ္ဌကတ်ကို ချပို့နည်းပေးခဲ့သည်၊ အရှင်အဂ္ဂဝံသသည် သိက္ခာဝါ ၂၀-တွင် ပဌမ မောင်းထောင်ဆရာတော်၏ လမ်းစဉ်ကို ကျင့်သုံး၍ လူ့ဘောင်သို့ ရှေ့ပြောင်းခဲ့သည်၊ လူ့ ဘောင်၌ တိုင်းရင်းမြန်မာဆေးဆရာကြီး ဦးအောင်တင်အမည်ဖြင့် ထင်ရှားလျက် အသက်ပေါင်း များစွာကို ကယ်တင်ကုသခဲ့လေသည်၊ မဟာဝိသုတာရုမတိုက်ကြီးရှိ သံဃာတော်အရှင်မြတ်တို့ အားလည်း ဆေးပစ္စည်းဖြင့် ဇီဝကပမာ ပြုစုလုပ်ကျွေးလျက်ရှိလေသည်၊ ဆရာကြီးဦးအောင်တင် သည် ပခုက္ကူမြို့၌ ဖန်းခါးပင်ကျောင်းတိုက် ဝိပဿနာသင်တန်းဆရာကြီးအဖြစ်ဖြင့်လည်း ဓမ္မဒါန ပြုလျက်ရှိလေသည်။

၁။ ပခုက္ကူကိုယ်ကျင့်မင်္ဂလာ နှင့်

၂။ ဓာတုဝဝတ္ထာန်ကျမ်းတို့ကိုလည်း ရေးသားခဲ့သည်၊ ပခုက္ကူ နေ့စဉ်သတင်းစာထုတ်စဉ်က ထုတ်ဝေသူနှင့် အယ်ဒီတာဖြစ်၍လည်း တိုင်းပြည်အကျိုး သည်ပိုးထမ်းဆောင်ခဲ့လေသည်။

အဂ္ဂံသော အဂ္ဂဂ္ဂဿ၊ သာသနေ ကိစ္စကာရကော။
ပစ္ဆာပိ သာသနဿေဝ၊ ဝုဋ္ဌိယာ ကိစ္စကာရကော။

ဂဏဝါစက ဆရာတော်

အရှင်ကေသရဆေရ

မဟာဝိသုတာရုမ ဂဏဝါစက ပညာရှင်တို့တွင် အရှင်ကေသရလည်း ပါဝင်ခဲ့သည်၊ အရှင်ကေသရသည် ၁၂၇၀-ပြည့်နှစ် ဝါဆိုလဆန်း ၂-ရက်နေ့တွင် အဘ ဦးဘိုးချစ်,အမိ ဒေါ်ထွန်းတို့မှ ဖွားမြင်ခဲ့သည်၊ အရွယ်ရောက်သော် သာသနာ့ဘောင်ဝင်၍ ရှင်,ရဟန်းပြုခဲ့သည်၊ မန္တလေးမြို့မစိုးရိမ်ကျောင်းတိုက် မာဂဓနယူပဒေသကျောင်း ဆရာတော်ဦးဝိသုဒ္ဓ (ပုံလွန်)ထံ၌ ပိဋကတ်အခြေခံကျမ်းစာများ သင်ယူခဲ့သည်၊ ၁၂၉၄-ခုနှစ်တွင် မန္တလေးမှ ပခုက္ကူသို့ ပြန်ကြွလာခဲ့သည်၊ မဟာဝိသုတာရုမဆရာတော် အရှင်ပညာမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယတို့ထံ ပိဋကတ်ကို ဆိုဝါဖြင့် သင်ယူ တတ်မြောက်ခဲ့သည်၊ ၁၀-ဝါအရတွင် မဟာဝိသုတာရုမ တိုက်ကြီး၌ စာချအဖြစ်ဖြင့် ချီးမြှောက်ခြင်းခံယူရလေသည်၊ ဓမ္မာဒယကျောင်း၌ ၅-နှစ်တိုင် စာချခဲ့သည်။

စာမေးပွဲများ အောင်မြင်ခဲ့ဘူးခြင်း

အရှင်ကေသရသည် ရဟန်းငယ်ဘဝဖြင့် မန္တလေးနေစဉ် မစိုးရိမ်စာမေးပွဲများနှင့် ပဌမငယ်, ပဌမလတ်တန်းတို့ကို အောင်မြင်ခဲ့ဘူးသည်၊ ၁၅-ဝါအရတွင် သာသနာ့ဘောင်မှဆင်းခဲ့၍ လူဝတ်ကြောင်အဖြစ်ဖြင့် သာသနာတော်မြတ်ကြီးအား ထောက်ပံ့ပြုစုလှူဒါန်းလျက် ရှိလေသည်။

သံသရာ့ဓမ္မတာ

အို....စာရှုသူတို့ ဘဝသံသရာ၌ ကျင်လည်ရသော သတ္တဝါသည် တခါတလေ အမြင့်ရောက်လိုက်,တခါတရံ အနိမ့်ရောက်လိုက်နှင့် အတည်တကျ မရှိပါချေ၊ ထို့ကြောင့် သံသရာ့လမ်းဆုံးအငြိမ်းဓာတ်နိဗ္ဗာန်ရရန် အားထုတ်တောင့်တကြပါကုန်လော့။

သံသာရေ သံသရံ နရော၊ ယာတော ဥစ္စမ္ပိ ကေဒါ။
နိစမ္ပိ ကေဒါ ယာတိ၊ ပတ္ထေထ အမတံ သိဝံ။

ဂဏဝါစက ဆရာတော်

အရှင်သုမနထေရ်

အရှင်သုမနသည် ပခုက္ကူ မဟာဝိသုတာရုံမတိုက် ကန်တော်ကျောင်း၌ စာချခဲ့သည့် ဂဏဝါစကရဟန်းတော်တပါး ဖြစ်သည်၊ မြင်းခြံခရိုင် တောင်သာနယ် ကန်တော်ရွာဇာတိ ဖြစ်သည်၊ မဟာဝိသုတာရုံမတိုက် တိလောကာလင်္ကာရကျောင်း၌ စာချမဖြစ်မီက သီတင်းသုံးခဲ့သည်၊ မဟာဝိသုတာရုံမတိုက်ဆရာတော် အရှင်ပညာစသည်တို့ထံတွင် ပိဋကတ်ကို သင်ကြား တတ်မြောက်ခဲ့သည်၊ ၁၁-ဝါလောက်တွင် ဂဏဝါစကစာချဖြစ်၍ ဒုတိယကမ္မာစစ် မဖြစ်မီအတွင်း ၃-နှစ်လောက် စာချတာဝန်ထမ်းဆောင်ပြီး လူ့ဘောင်သို့ ပြောင်းရွှေ့ခဲ့၍ သမ္မာအာဇီဝဖြင့် အသက်မွေးကာ သာသနာတော်ကို တတ်အားသမျှ သက်ဆိုးတိုင် ထောက်ပင့်ပြုစုခဲ့လေသည်၊ အလောင်းတော် တက္ကပဏ္ဍိတ, ကုဒါလပဏ္ဍိတ တို့ပင် မြင့်ရာမှ နိမ့်ရာသို့ ဆင်းခဲ့, အကြိမ်ကြိမ် ဆင်းခဲ့ဘူးကြရာ သာမန်ပုဂ္ဂိုလ်တို့အတွက် မထူးဆန်းလှပါတော့ပါ၊ ပြောဆိုဖွယ်ရာပင် မလိုတော့ပါချေ။

တက္ကပဏ္ဍိတအာဒီပိ၊ ဗုဒ္ဓကုံရာ ဝရာ သုဓီ။
ဥစ္စတော နီစတံ ယာတာ၊ အညေသု ဟိ ကထာဝ ကာ။

ဂဏဝါစက ဆရာတော်

အရှင်သုမင်္ဂလဆေရှ

အရှင်သုမင်္ဂလသည် ၁၂၇၄-ခုနှစ် တော်သလင်းလဆုတ် ၂-ရက် သောကြာနေ့တွင် ပခုက္ကူ ခရိုင် ရေစကြို့မြို့နယ် ဟသံဝရာ အဘ ဦးဖိုးမြ, အမိ ဒေါ်ယု-တို့မှ ဖွားမြင်ခဲ့သည်။

၁၅-နှစ်သားတွင် ကိုရင်ရာ စတုတ္ထမဟာဝိသုတာရာမတိုက် ဒုတိယဆရာတော် အရှင်နန္ဒိယထံ သာမဏေဝတ်ခဲ့သည်၊ ၁၂၉၄-ခုနှစ်တွင် ပခုက္ကူမြို့ ပေါက်လမ်းရပ် သမာဆန္ဒဆီစက်ပိုင်ရှင် ဦးမောင်ကလေး ဒေါ်မေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မအူဆရာတော်ဘုရားကြီး အရှင်နာရဒ မဟာ-ဆေရှကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

အသက် ၁၇-နှစ်သားအရွယ်တွင် ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့ ရောက်ရှိ၍ ဓမ္မာလင်္ကာရ ကျောင်း၌ နေထိုင်ပြီး စာပေလေ့လာသင်ကြားခဲ့သည်။ ၁၈-နှစ်သားအရွယ်မှစ၍ ရဟန်းသိက္ခာ ၇-ဝါရသည်ထိ ဓ-နှစ်တိုင် ဆရာတော် အရှင်ပညာမဟာဆေရှထံ ပိဋကတ်ကို ဆိုဝါဖြင့် သင်ယူခဲ့သည်၊ ရဟန်းသိက္ခာ ၇-ဝါအရမှာပင် ဂဏဝါစကအဖြစ် ချီးမြှောက်ခြင်း ခံယူရလေသည်၊ မဟာဝိသုတာရာမတိုက်ကြီး၌ တည်ရှိခဲ့ဘူးသော ပါဠိစကားပြော အဖွဲ့ကြီး၌ အကျိုးဆောင်အဖြစ် ၄-နှစ်တိုင် ဆောင်ရွက်ခဲ့သဖြင့် ပါဠိအရေးအသား အပြောအဆို ကျွမ်းကျင်သည်၊အသက် အရွယ် ငယ်စဉ်ကပင် ဦးလှသောင်အမည်ဖြင့် လူ့ဘောင်သို့ ရွှေပြောင်းခဲ့သည်၊ ၁၃၁၉-ခုနှစ်မှစ၍ ခရိုင်သာသနာရေးအရာရှိအဖြစ် နိုင်ငံတော်အစိုးရက ခန့်အပ်သဖြင့် နှစ်ပေါင်းများစွာ သာသနာကျိုး တိုင်းပြည်အကျိုး သည်ပိုးထမ်းဆောင်ခဲ့သည်၊ အပြောအဟော ကောင်း၍ ကဗျာလင်္ကာ ရေးသားမှု၌ ကျွမ်းကျင်သော ပုဂ္ဂိုလ်လည်း ဖြစ်လေသည်။

မင်္ဂလော မင်္ဂလနေဝ၊ သံယုတ္တော ထေရသန္တိကေ၊
ဗဟုလေ ပိဋကေ သိက္ခိ၊ သိက္ခနေ ဝိရဉ္စိကောဝ။

အာဝတ္တိတ္ဝာန ပစ္ဆာ သော၊ သာသနဟိတကာရကော၊
ဘာရတိယာပိ ဆေကော စ၊ ကာဝိယရစနာယ စ။

ဂဏဝါစက ဆရာတော်

အရှင်ဥာန္ဒက မဟာထေရ်

ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရုမတိုက် ရတနာသိဒ်ကျောင်း၌ သက်ဆုံးတိုင် သီတင်းသုံး၍ သာသနာ့ဝန် ထမ်းဆောင်ခဲ့သည့် မထေရ်မြတ်ဖြစ်သည်၊ မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ညီနောင်ရွာ၌ ဖွားမြင်ခဲ့သည်၊ အရွယ်ရောက်လတ်သော် ရှင်ရဟန်းပြုပြီး ပခုက္ကူ မဟာဝိသုတာ-ရုမတိုက်ကြီးသို့ ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ်အစရှိသော မဟာဝိသုတာရုမ ဆရာတော်ဘုရားကြီးများထံ ပိဋကတ်ကို သင်ယူခဲ့သည်၊ မဟာဝိသုတာရုမတိုက်၌ ရဟန်း အဖြစ် ပညာသင်ခဲ့သဖြင့် မဟာဝိသုတာရုမသည် ဆရာတော် အရှင်ဥာန္ဒက၏ အောင်မြေဘူမိ ဖြစ်လေသည်။

မဟာဝိသုတာရုမ ဆရာတော်ဘုရားကြီးများက ဂဏဝါစကအဖြစ် ချီးမြှောက်တော်မူသဖြင့် ရဟန်းသိက္ခာ နှုန်းစဉ်ကပင် စာပေပို့ချ သာသနာပြုခဲ့သည်၊ ဆရာတော်သည် ပိဋကတ်, ဗျာကရဏ်းကျမ်းများ၌သာ နှိုင်နင်းသည် မဟုတ်သေး၊ သမိုင်း ရာဇဝင်ကိုလည်း ဝါသနာပါသည့်အလျောက် လေ့လာခဲ့သဖြင့် ကျွမ်းကျင်လေသည်။

ပခုက္ကူခရိုင်၏ တာဝန်ခံ ဝိနည်းဓိုရ်လည်း ဖြစ်တော်မူသည်၊ အမှုကိစ္စ ပြုလုပ်သောအခါ သေသေသပ်သပ် ပြုလုပ်လေ့ရှိသည်၊ ဆရာတော်သည် သက်တော် ၆၀-ကျော်စ ၁၃၂၅-ခုနှစ် ပြာသိုလဆုတ် ၂-ရက်နေ့တွင် မိမိသီတင်းသုံးရာ မဟာဝိသုတာရုမတိုက် ရတနာသိဒ်ကျောင်း၌ ပျံလွန်တော်မူလေသည်။

ဥာန္ဒကော ဉာဏသမ္ပန္နော၊ နာနာသတ္ထဝိသာရဒေါ။
မရဏာသ ဝသံ ပတ္တော၊ လောကော အသဿတော ဟိ ခေါ။

အရှင်ဥတ္တမာဘိဝံသ

ယခု မင်္ဂလာဦးအောင်မြင့်သည် တခါန်က ပခုက္ကူ မဟာဝိသုတာရုံမတိုက် ဂဏဝါစက ရဟန်းတော်တပါးဖြစ်၍ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့ဘူးသည်၊ မိတ္ထိလာခရိုင်၌ ဖွဲ့ဦးကြီးပို့ခဲ့သည်၊ အရှယ်ရောက်သော် ရှင်ရဟန်းပြု၍ ပခုက္ကူ မဟာဝိသုတာရုံမသာသနာ့ဗိမာန်ကြီး၌ ပညာသင်ကြားခဲ့သည်၊ မန္တလေးမြို့ စကုတိုက်၌ နေထိုင်ကာ ပညာဆည်းပူး စာပေပို့ချခဲ့သည်၊ ပခုက္ကူ မဟာဝိသုတာရုံမတိုက်ကြီး၌ ဆရာတော် အရှင်ပညာ မဟာထေရ်ထံတွင် ဆိုဝါဖြင့် ပိဋကတ်ကို သင်ယူခဲ့သည်၊ ပခုက္ကူ မဟာဝိသုတာရုံမတိုက်၌ ရှိခဲ့ဘူးသော ပါဠိစကားပြောအဖွဲ့ကြီး၏ အကျိုးဆောင်လည်း ဖြစ်ခဲ့ဘူးသည်။

နန္ဒဝံသော တဒါ ဗျတ္တော၊ ဥက္ကဋ္ဌော သဗ္ဗပုဂ်္ဂဝေါ။
မင်္ဂလော ဥတ္တမော စေဝ၊ လေခကာ မာဂမီ ဝိဒူ။
(ပခုက္ကူ သာသနာဝင်၊ ၁၁၇။)

ဒုတိယကမ္ဘာစစ်အပြီးတွင် လူ့ဘောင်သို့ ပြောင်းရွှေ့ခဲ့ပြီး တိပိဋကဓရ စာမေးပွဲကြီး၏ အတွင်းရေးမှူး, ရန်ကုန် သာသနာ့ရိပ်သာအကျိုးဆောင်စသည့် လုပ်ငန်းများကိုလည်း ပြုလုပ်ခဲ့သည့်ပြင် ထင်ရှားသော အယ်ဒီတာနှင့် စာရေးဆရာလည်း ဖြစ်ခဲ့သည်၊ ပဗ္ဗဇ္ဇမင်္ဂလာ,ပါယာသိ-ရာဇညသုတ်ဘာသာပြန်,အရှင်သီဝလိအင်္ဂုပ္ပတ္တိစသည်တို့ကို ပြုစုခဲ့သည်။

ဥတ္တမော ဥတ္တမယော၀၊ သာသနမ်ဟိ ဓုရန္ဓရော။
ပစ္ဆာ သော ဂိဟီဘာ၀ေန၊ ရဋ္ဌကိစ္စဿ ကာရကော။

ဂဏဝါစက ဆရာတော်

အခ္ခင်ဇဝန မဟာထေရ်

ဆရာတော်သည် မြင်းခြံခရိုင် ငသယောက်နယ် တောပျားရွာ၌ အဘ-ဦးစံဦးနှင့် အမိ ဒေါ်ဖွားလှိုင်တို့မှ ၁၂၆၉-ခုနှစ် တပေါင်းလဆန်း ၉-ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်၊ ငသယောက် ဆင်ဖြူဆိပ်ကျောင်းဆရာတော် ဦးဝိစိတ္တထံတွင် ရှင်သာမဏေဝတ်ခဲ့သည်၊ ၁၂၆၅-ခုနှစ်တွင် ပခုက္ကူမဟာဝိသုတာရုမတိုက်သို့ ရောက်ရှိ၍ ပညာသင်ခွင့် ရရှိခဲ့သည်။

၁၂၀၉-ခုနှစ် နယုန်လဆန်း ၁၁-ရက်နေ့တွင် မဟာဝိသုတာရုမ သိမ်ကျောင်းတော်ကြီး၌ ပခုက္ကူမြို့ ပေါက်လမ်းရပ် ဇေယျသုခဆီစက်ပိုင်ရှင် ဦးကံဦး, ဒေါ်မြမြတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မူလ ဆရာရင်း အရှင်ဝိစိတ္တကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာတော် ၉၀၀-ကျော်တို့၏ ချီးမြှောက်မှုဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်တို့ထံတွင် ပညာသင်ကြား တတ်မြောက်ခဲ့သည်၊ မန္တလေးမြို့ ခင်မကန်တိုက်, ဘုရားကြီးတိုက်, အမရပုရမြို့ မဂ်လာဆုမတိုက်တို့၌လည်း နေ့ဝါ, ည၀ါများ သင်ကြားခဲ့သေးသည်။

၁၂၉၉-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက်ကြီး၌ ဂဏဝါစကစာချအဖြစ် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများက ချီးမြှောက်သဖြင့် ဓမ္မဘဏ္ဍာဂါရတိုက်ကျောင်း၌ သီတင်းသုံးကာ ဂဏဝါစကဘဝန်ကို ထမ်းဆောင်လျက်ရှိလေသည်။

ဘဒန္တဇဝနော ထေရော၊ ဇဝနော ဝါစကော ဝိဒူ။
ဝိသုတေ သော ဝသိတ္ထာန၊ ဗုဒ္ဓသာသနဇောတကော။

အရှင်နန္ဒိယ မဟာဇောတရ

ဆရာတော်သည် ပခုက္ကူမဟာဝိသုတာရာမ တိပိဋကမိခင်တက္ကသိုလ်ကြီးမှ ပေါက်ဖွားသည့် သာသနာ့ဝန်ဆောင် ပညာရှင်တပါး ဖြစ်တော်မူသည်၊ ပခုက္ကူခရိုင် ကြားကျန်းရွာ အဘ-သူကြီး မင်း ဦးဇေယျ၊ အမိ-ဒေါ်မယ်သင့်တို့မှ သက္ကရာဇ် ၁၂၇၃-ခုနှစ် နတ်တော်လဆန်း ၅-ရက် စနေ နေ့တွင် ဖွားမြင်ခဲ့သည်၊ သက်တော် ဂ-နှစ်သားအရွယ်တွင် ကြားကျန်းကျောင်းဆရာတော် ဦးကုသလထံတွင် ရှင်သာမဏေဝတ်၍ သက်တော် ၂၀-ရှိရာ ၁၂၉၃-ခုနှစ် နယုန်လဆုတ် ၃-ရက် နေ့တွင် ဘုံသာရွာ ဦးကြာခိုင်-ဒေါ်ငွေခြုံတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သံပုရာပင်ကုန်း ဂိုဏ်းထောက် ဆရာတော် ဦးဇယန္တကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ဒုလ္လဘကို ရရှိခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတ္ဝာန၊ ဇယန္တထေရကုဥ္ဇရံ။
ဒုလ္လဘံ အလဘိ ဓီရော၊ နန္ဒိယော နန္ဒသန္နိဘော။

ဆရာတော်သည် လက်ဦးဆရာရင်း အရှင်ဂန္ဓမာထံတွင် ပိဋကတ်အခြေပြုကျမ်းစာများကို သင်ယူခဲ့ပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ရောက်၍ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ပညာမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်မာယိန္ဒမဟာထေရ်, စာချဆရာတော် အရှင် ပညာသာမိထေရ် စသည်တို့ထံတွင် ဆိုဝါဖြင့် ပိဋကတ်ကို သင်ယူတတ်မြောက်ခဲ့သည်၊ မန္တလေးမြို့ အနောက်ပြင် စကုတိုက်, အမရပုရမြို့တို့၌လည်း နှစ်ဝါ,ညဝါများ ဆည်းပူး လေ့လာခဲ့ဘူးသည်၊ ၁၃၀၉-ခုနှစ်တွင် ဂဏဝါစက စာချဖြစ်၍ သာသနပါလကျောင်း, သာသနဇောတိကတိုက် ကျောင်းတို့၌ နှစ်ဝါ,ညဝါ ပို့ချတော်မူရင်း မြို့နယ်ဝိနည်းဓိုရ်, မြို့နယ်တာဝန်ခံ, ခရိုင်ဝိနည်းဓိုရ်, ခရိုင်တာဝန်ခံ, ခုံဝိနည်းဓိုရ်, ဆဋ္ဌသင်္ဂီတိကာရက, ဆဋ္ဌသင်္ဂီတိမူလဝိသောဓက, မဟာဝိသုတာ-ရာမဂဏဝါစက တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းပြုစုရေးအဖွဲဝင် စသည့်တာဝန်တို့ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။ ၁၃၃၀-ခုနှစ် ပြာသိုလဆုတ် ၁၀-ရက်နေ့တွင် ပျံလွန်တော်မူသည်။

ဘဒန္တနန္ဒိယော ထေရော၊ ဝိသုတာရာမဝါစကော။
ဝိနယဓရော စ သော အာသိ၊ ဆဋ္ဌသံဂီတိကာရကော။

ဝိသောဓကဘူတော စေဝ၊ ကောသလေဓကမဏ္ဍလေ။
သာမာဇိကဘာဝေ ဌိတော၊ အဟော တဿ သုဗျတ္တတာ။

ဂဏဝါစက ဆရာတော်

အခ္ဂကေလာသ မဟာထေရ်

ဆရာတော်သည် (မအူ-မူ) ပါရာဇိကဏ်အဋ္ဌကထာနိသျနှင့် ဝိနည်းမဟာဝါ အဋ္ဌကထာနိသျ စသည့်ကျမ်းပြု မဟာထေရ် မအူဆရာတော်ဘုရားကြီး၏ စာဆိုတပည့်ရင်းဖြစ်ရာ မဟာဝိသုတာ-ရာမ သာသနာဝင်တွင် မှတ်တမ်းတင်ထိုက်သော မထေရ်မြတ် ဖြစ်သည်၊ မထေရ်မြတ်သည် ပခုက္ကူ ခရိုင် ရွားတောစုရွာ ဦးဖိုးမင်း, ဒေါ်သော့တို့မှ ၁၂၇၃-ခုနှစ် တပို့တွဲလဆုတ် ၁၀-ရက် တနင်းလာ နေ့တွင် ဖွားမြင်ခဲ့သည်၊ ၁၂၈၅-ခုနှစ်တွင် ထောက်ရွာပင်အရှေ့ကျောင်း ဆရာတော် ဦးတေဇဝန္တ ထံ၌ ရှင်သာမဏေဝတ်ခဲ့ပြီး ၁၂၉၃-ခုနှစ် ဝါဆိုလဆန်း ၇-ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမ အလယ်သိမ်ကျောင်းတော်ကြီး၌ ပခုက္ကူမြို့ မုံညင်းစုရပ် ဆန်ကုန်သည်ကြီး ဘုရားဒကာ, ကျောင်း ဒကာ ဦးဖိုးထင်-ဒေါ်နန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ပညာထေရံ ဝိသာရဒံ။
ကေလာသော ဒုလ္လဘံ ဂဏှိ၊ ထိရော ထိရေသု သဏ္ဌိတော။

ဆရာတော်သည် ဘုန်းကံပါရမီ ထူးချွန်သည့်အလျောက် မိဘများ၏ပစ္စယာနုဂ္ဂဟဖြင့်တကြိမ် ပခုက္ကူမြို့ ပေါက်လမ်းရပ် ဒေါ်ကွယ်၏ ပစ္စယာနုဂ္ဂဟဖြင့် တကြိမ်အား ဖြင့် ၂-ကြိမ် သိမ်ထပ်ခဲ့သည်။

မူလဆရာတော်များနှင့် မန္တလေးမြို့ ရွှေရေးဆောင် ဆရာတော် အရှင်ပဏ္ဍဝ, အမရပုရမြို့ မိုးကုတ်ဆရာတော် အရှင်ဝိမလတို့ထံတွင် နှစ်ဝါ, ညဝါများ သင်ကြားခဲ့သည်၊ ပခုက္ကူ မဟာ-ဝိသုတာရာမတိုက်ကြီး၌ မအူဆရာတော်ဘုရားကြီးနှင့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင် သုန္ဒရမထေရ်တို့ထံ ဆိုဝါဖြင့် ပိဋကတ်ကို သင်ယူခဲ့လေသည်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသနှင့် တိုက်အုပ်ဆရာတော် အရှင်ဂန္ဓမာ, အရှင်နန္ဒိယ, အရှင်မာဃိန္ဒတို့ထံ၌လည်း လေ့လာဆည်းပူးတော် မူခဲ့သည်၊ ၁၃၁၂-ခုနှစ်တွင် ဂဏဝါစကဖြစ်၍ မင်္ဂလာအေးကျောင်း၌ သီတင်းသုံး စာချခဲ့သည်၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ဆဋ္ဌသံဂီတိကာရကတာဝန်, ဆဋ္ဌသံဂီတိမူလဝိသောဓက တာဝန်တို့ကိုလည်း ဆောင်ရွက်ခဲ့သည့်ပြင် မဟာဝိသုတာရာမ ဂဏဝါစကအဘိဓာန်အဖွဲ့တွင်လည်း ပါဝင်ရေးသားတော်မူသည်။

ကေလာသော ယော မဟာထေရော၊ ထိရဂုဏော သံယုတော။
ဝါစကော ဘိက္ခုဂဏဿ၊ သံဃဿ ဟိတကာရကော။
ဂန္ထဝိသောဓကော စေဝ၊ ဆဋ္ဌသံဂီတိကာရကော။
လေခနေ ကောသဂန္ထဿ၊ ဥယျုတ္တော ဝိရိယဝါ သုဓီ။

ဂဏဝါစက ဆရာတော်

အရှင်တေဇနိယ မဟာဇာထေရ်

ဆရာတော်သည် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် သာစည်ရွာ၌ အဘ ဦးဖိုးလှ, အမိ ဒေါ်မြဲတို့မှ ဖွားမြင်ခဲ့သည်၊ သာစည်ရွာ ဆရာတော် ဦးပဒုမထံတွင် ပညာသင်၍ သာမဏေဝတ်ခဲ့သည်၊ ဆီမီးခုံမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အရှင်နာရဒမဟာထေရ်ထံတွင် ပိဋကတ်အခြေပြုကျမ်းများနှင်တက္က နိကာယ်တခု၌ကို ဆိုဝါဖြင့် သင်ယူခဲ့သည်။

တဖန် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ကြွရောက်၍ ဆရာတော် အရှင်ပညာမဟာ-ထေရ်, အရှင်နန္ဒဝံသမဟာထေရ်တို့ထံ ပိဋကတ်ကို ဆိုဝါဖြင့် သင်ယူခဲ့သည်၊ စာဆိုကောင်းသော ပုဂ္ဂိုလ်အဖြစ် မဟာဝိသုတာရာမတိုတ်တွင် ထင်ရှားလေသည်၊ အရှင်တေဇနိယသည် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး၌ ၁၃၀၃-ခုနှစ်မှ စ၍ ဂဏဝါစကစာချဖြစ်၍ သာသနရက္ခိတကျောင်း၌ သီတင်းသုံးကာ ၁၀-နှစ်ကျော်မျ စာချခဲ့သည်၊ နည်းပေးကောင်းသဖြင့် ပညာရှင်တပည့်များလည်း ပေါ်ထွက်ခဲ့သည်၊ ဆရာတော်သည် ဆင်ဖြူကျန်း မဟာဝိသုတာရာမတိုက်၌လည်း စာချခဲ့ဘူးသည်၊ ရွှေဘို,ချောင်းဦး, တောင်မြို စသည်တို့၌လည်း သီတင်းသုံး၍ သက္ကတကျမ်းစာများနှင့် ညဝါများကို လေ့လာခဲ့ဘူးသည်၊ နွေဝါ ညဝါ စာဝါမရွေး ပိုင်နိုင်သည့်ပြင် အသံသြာကောင်း, ဉာဏ်ကောင်းပုဂ္ဂိုလ် ဖြစ်လေသည်၊ မထေရ်မြတ်သည် ယခုအခါမိမိဇာတိရွာ၌ သာသနာပြုလျက် ရှိလေသည်။

တေဇနိယော သတေဇေန၊ အသိက္ခိ ပိဋကံ ဝရံ။
ဝိဒ္ဓတ္တံ သော ပါပုဏိတ္ဝာ၊ ဝိသုတေ ဂန္ထဝါစကော။
သမ္ပတိ နိဇဂါမမ္ပိ၊ ဇိနသာသနကာရကော။

ဂဏဝါစက ဆရာတော်

အရှင်ဂန္ဓမာထေရ်

ဆရာတော်သည် မြင်းခြံခရိုင် ညောင်ဦးမြို့နယ် မန်ကျည်းစောက်ရွာတွင် ဖွားမြင်ခဲ့သည်၊ အရွယ်ရောက်သော် ရှင်သာမဏေ ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်ခဲ့သည်၊မူလဆရာတော်မှာ ညောင်စောက်ကျောင်း ဆရာတော် အရှင်သာဂရမဟာထေရ် ဖြစ်လေသည်။

ငယ်ရွယ်စဉ်ကပင် ပခုက္ကူမဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးသို့ ရောက်၍ အရှင်ပညာမဟာ-ထေရ်, အရှင်သုန္ဒရမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်မာဃိန္ဒမဟာထေရ်စသည်တို့ထံတွင် ပိဋကတ်ကို သင်ယူခဲ့လေသည်၊ မန္တလေးနှင့် အမရပုရမြို့များသို့လည်း ကြွရောက်၍ နှစ်ဝါ ညဝါ များ သင်ယူ ဆည်းပူးခဲ့သေးသည်၊ ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး၌ မူလမန္တလေးကျောင်း၌ သီတင်းသုံးပြီးနောက် သာသနာလက်ဝဲရကျောင်း၌ သီတင်းသုံးခြင်းဖြစ်သည်။

၁၃၁၂-ခုနှစ်က မဟာဝိသုတာရာမတိုက်တာ ဦးစီးဆရာတော်ကြီးများက "ဂဏဝါစကစာချ" အဖြစ် ချီးမြှောက်တော်မူသဖြင့် မှီခိုရောက်ရှိလာသော တပည့်တပန်း ရဟန်းသာမဏေတို့အား နှစ်ဝါညဝါ ပို့ချတော်မူ၍ ပရိယတ္တိသာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော် မူခဲ့ဘူးသည်။

ဂန္ဓမာထေရသေဋ္ဌော စ၊ ဝိသုတေ ဂန္ထဝါစကော။
သဒ္ဓါ ပညော စ သော အာသိ၊ သာသနဿ ဓုရန္ဓရော။

ကဏ္ဍဝါစက ဆရာတော်

ဓနဉ်ိနန္ဒာဆေရ်

ဆရာတော်သည် မဟာဝိသုတာရုမတိုက်တာဦးစီးဆရာတော်ကြီးများထံ ပိဋကတ်ကို ဆိုဝါပြင့် သင်ယူတတ်မြောက်ခဲ့သော မထေရ်မြတ်ဖြင်လေသည်၊ ပခုက္ကူမြို့ ကုက္ကိုတန်းရပ် အဘ ဦးဌေင့် အမိ ဒေါ်အေးမယ်တို့မှ သက္ကဆုင် ၁၂၈၀-ပြည့်နှစ် ဝါခေါင်လဆုတ် ၃-ရက် စနေနေ့တွင် ဖွားမြင် ခဲ့လေသည်၊ ဘဉ်နှစ်သားအရွယ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် အရှင်သုန္ဒရမဟာထေရ် ထံတွင် ရှင်သာမဏေ ဝတ်ခဲ့သည်၊ ရှင်နေမိန္ဒဟူသော ဘွဲ့ကို တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ်မြတ်က မှည့်ခေါ်တော်မူသည်။

သုန္ဒရထေရသေဋ္ဌဿ၊ နေမိန္ဒော သန္တိကေ သုဓီ။
လဒ္ဓါ ပဗ္ဗဇ္ဇာဘဝံ စ၊ အတိဝ သန္တုဋ္ဌော ဘဝိ။

၁၂၉၉-ခုနှစ် နတ်တော်လဆန်း ၈-ရက်နေ့တွင် ပခုက္ကူမြို့ မဟာဝိသုတာရုမ အလယ်သိမ် ကျောင်းတော်ကြီး၌ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်ကို ဥပဇ္ဈာယ်ပြုပြီး ကာရက သံဃာတော် ၉၇၀-ကျော်တို့က ချီးမြှောက်ကြသဖြင့် ခုဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဥပဇ္ဈံ သော ကရိတ္ဝာန၊ ပညာထေရံ ဝိသာရဒံ။
သုဒ္ဒုလ္လဘံ လဘိတ္ဝာန၊ တပ္ပတေ မုဒိတော အဟု။

ဆရာတော်သည် မမြောဒယကျောင်း စာချဆရာတော် အရှင်ကေသရ၊ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့ထံ ပိဋကတ် အခြေပြုကျမ်းစာများနှင့်တကွ ပိဋကတ် ၃-ပုံကို အဌကထာဋီကာ တဲ့ဖက်၍ ဆိုဝါပြင့် သင်ယူတတ်မြောက်ခဲ့သည်၊ မန္တလေးမြို့ ဘုရားကြီးတိုက်၊ အမရပုရမြို့ ဘူးမောင်းဘိုက်တို့၌လည်း နှစ်ဝါ ညစဝါများ ဆည်းပူးခဲ့သေးသည်၊ ၁၃၁၂-ခုနှစ် ဝါဆိုလဆန်း ၁၅-ရက်နေ့တွင် ကဏ္ဍဝါစကစာချအဖြစ် ချီးမြှောက်ခြင်းခံရ၍ နှစ်ဝါ, ညစဝါများကို စာသင်သား များစွာတို့အား ခုပို့ကာ သာသနာပြုလျက် ရှိလေသည်။ မဟာဝိသုတာရုမ ကဏ္ဍဝါစက အဘိဓာန်ပြု အဖွဲ့ဝင်လည်း ဖြစ်တော်မူသည်။

ပဋ္ဌာယ ဒဟရော ယော၊ နေမိန္ဒော နေရုဉာဏိကော။
ဗဟုလေ ဂမ္ဘီရေ ဂန္ဆေ၊ ဗဟုနံ သုဓီနံ သုဓီ။

သန္တိကေ ဘာဏကောယော၊ ဟုတ္ဝာန အသိက္ခိ သော။
ပဇ္ဇောဝေ ဝါစကံ ဌာနံ၊ အကာ သာသနနိဂ္ဂဟံ။

ဂဏဝါစက ဆရာတော်

အရှင်နန္ဒာဘိရိယဝေရ်

အရှင်နန္ဒာဘိရိယသည် မြင်းခြံခရိုင် ဆင်သားမွေးရွာ၌ ဖွားမြင်ခဲ့သည်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်နန္ဒဝံသမဟာဝေရ်၏ တူဖြစ်ကြောင်းလည်း သိရလေသည်၊ အရွယ်ရောက်သော် ရှင်သာမဏေဝတ်, ရဟန်းပြုခဲ့သည်။

ငယ်စဉ်ကမှစ၍ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်နန္ဒဝံသထံတွင် ဆိုဝါဖြင့် ပိဋကတ်ကို သင်ယူခွင့် ရခဲ့သည်၊ ဆရာတော် အရှင်နန္ဒဝံသမဟာဝေရ် ညောင်ဦး, ညောင်တုန်း, ရန်ကုန်, ပခုက္ကူသို့ ကြွရောက်တော်မူသောအခါတွင် ပစ္စာသမဏဖြစ်၍ လိုက်ပါခွင့် ရခဲ့သည်၊ ဆရာတော် အရှင်နန္ဒဝံသမဟာဝေရ် ရောက်ရာဒေသတိုင်းလိုလို စာချလျှင် အရှင်နန္ဒာဘိရိယပင် စာဆိုရသည်၊ ဆရာတော်ရေး ဝိနိစ္ဆယအဋ္ဌကိုလည်း အချောကိုင် ရေးကူးရသည်။

ဆရာတော် အရှင်ပညာမဟာဝေရ် ပျံလွှန်တော်မူသဖြင့် ဆရာတော် အရှင်နန္ဒဝံသမဟာဝေရ် ပခုက္ကူ၌ သီတင်းသုံးတော်မူသောအခါတွင် ရံဖန်ရံခါ စာဆိုရ၍ ဂဏဝါစကတာဝန်ကိုလည်း ထမ်းဆောင်ကာ စာပေပို့ချရလေသည်၊ ၁၃၂၅-ခုနှစ် နယုန်လတွင် ပျံလွှန်တော်မူခဲ့ရာ ဆိုင်ရာ ဒကာ ဒကာမတို့က အရိုးဓာတ်မျှားကို ကူတောင်ပေါ်၌ စေတီငယ်တည်ထားခဲ့ကြလေသည်။

နန္ဒာဘိရိယဝေရော်ပီ၊ ဝိသုတော ဂဏဝါစကော။
နိဓနံ သောပိ သမ္ပတ္တော၊ အလံ လောကေ ဝိရဇ္ဇိတုံ။

ဂဏဝါစက ဆရာတော်

အရှင်ကုသလထေရ်

ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရုမ ဂဏဝါစကစာရင်းတွင် ထင်ရှားသော မထေရ်မြတ် ဖြစ်သည်၊ ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီး တောင်လက် ရေလယ်ရွာ၌ အဘဦးရွှေဝ, အမိ ဒေါ်စိုးရတို့မှ သက္ကရာဇ် ၁၂၀၂-ခုနှစ် ပြာသိုလဆုတ် ၁-ရက်နေ့တွင် ဖွားမြင်ခဲ့သည်၊ ၁၂၉၄-ခုနှစ်တွင် ရှင်သာမဏေပြု၍ ၁၃၀၃-ခုနှစ် နယုန်လဆုတ် ၁၄-ရက်နေ့တွင် လက်ပံတန်းမြို့ ဘုရားကြီးကျောင်းတိုက် နာယကဆရာတော် အရှင်ပုညမဟာထေရ်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။

ဥပဇ္ဈာယံ ကရိတွာန၊ ပုညံ ပုညဝန္တံ ဝိဒုံ။
သုဒုလ္လဘံ လဘိတွာန၊ ကုသလော သာသနေ ရတော။

ဆရာတော်သည် ငယ်ရွယ်စဉ်မှစ၍ ဦးလေး ဆရာတော် အရှင်ကလျာဏ၊ ကွက်ကြီးဆရာတော် အရှင်ဓမ္မိက၊ ဆင်မရဲဆရာတော် အရှင်ကေလာသ၊ အရှင်ဩဘာသတို့ထံတွင် ပိဋကတ် အခြေပြုကျမ်းစာများကို သင်ယူခဲ့သည်။ ပခုက္ကူ မဟာဝိသုတာရုမတိုက်သို့လည်း သာမဏေ ဘဝမှ ရောက်ရှိ၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်မာဃိန္ဒမဟာထေရ်, သီဟိုဠ်ရှင်ဘုရားကြီးတိုက် ဆရာတော် အရှင်နန္ဒဝံသမဟာထေရ်တို့၏ထံ၌လည်း ဆိုဝါ လိုက်ဝါဖြင့် ပိဋကတ်ကို သင်ယူခဲ့သည်။

မန္တလေးမြို့ ဒက္ခိဏာရုမတိုက်, အမရပုရမြို့ မဂ်လာရုမတိုက်တို့၌လည်း နှဝါညဝါများ သင်ကြားဆည်းပူးခဲ့ပြီး ပခုက္ကူမြို့ မဟာဝိသုတာရုမ နိကာယတက္ကသိုလ်ကြီးသို့ ပြန်ကြွတော်မူခဲ့သည်၊ ၁၃၁၄-ခုနှစ်တွင် ဂဏဝါစက စာချုအဖြစ် ဆရာတော်ဘုရားကြီးများက ချီးမြှောက်တော်မူသဖြင့် နှဝါ ညဝါ စာပေပို့ချခြင်းဖြင့် သာသနာဝန် ထမ်းဆောင်လျက် ရှိလေသည်၊ ဆဋ္ဌသံဂါယနာတွင် ဆဋ္ဌသံဂီတိကာရကတာဝန်, မူလဝိသောဓကတာဝန်, ပဋိဝိသောဓကတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်၊ မြို့နယ် ဝိနည်းဓိရ်တာဝန်ကိုလည်း ဆောင်ရွက်ခဲ့သည်။

ကုသလော ကုသလေ သူရော၊ သူရော တိပိဋကေပိ စ။
သံဂီတိကာရကော စေဝ၊ ဂန္ဆဝိသောဓကော ပိ စ။
ဂဏဝါစကဘူတော စ၊ ဝိနယေ ကိစ္စကာရကော။
ဟုတ္ဝာ သောဘတိ ကုသလော၊ ကုသလသာသနမ္ဗရေ။

ဂဏဝါစက ဆရာတော်

အရှင်ဓာဂဂရဏေရ်

ဆရာတော်သည် ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ဟင်းခွတ်ကုန်းရွာ အဘ ဦးအောင်ချစ်, အမိ ဒေါ်အိမ်စိုးတို့မှ သက္ကရာဇ် ၁၂၇၃-ခုနှစ် နယုန်လဆုတ် ဂ-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်၊ ၁၂၉၉-ခုနှစ် ကဆုန်လဆန်း ၁၄-ရက်နေ့တွင် ဟင်းခွတ်ကုန်းဆရာတော် အရှင်ဝိသုဒ္ဓထံ ရှင်သာမဏေ ဝတ်ခဲ့သည်၊ ၁၃၀၂-ခုနှစ် ပြာသိုလဆုတ် ဂ-ရက်နေ့တွင် မန္တလေးမြို့ မောရဂီဝါရပ် အမိန့်တော်ရရှေ့နေ ဦးမောင်မောင်လွင်နှင့် ဇနီး ကနောင်မင်းသားကြီး၏ မြေးတော် ထိပ်တင် မကလေးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် စစ်ကိုင်းမြို့ စကုမော် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင် ဥတ္တမ ထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

၁၃၀၇-ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ရောက်၍ အရှင်ပညာ, အရှင်နန္ဒဝံသ, အရှင်သုန္ဒရ, အရှင်နန္ဒိယ, အရှင်မာယိန္ဒ, အရှင်နာယကတို့ထံ ပိဋကတ်ကို ဆို၀ါ လို၀ါဖြင့် သင်ယူခဲ့သည်၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံဆရာတော်, အမရပုရမြို့ မင်္ဂလာတိုက်သစ် ဆရာ-တော် အရှင်ဥက္ကံသတို့ထံတွင်လည်း ဥ၀ါမျှားကို သင်ယူခဲ့သည်သာမက မန္တလေးမြို့ ဘုရားကြီး တိုက်, ရွှေရေးဆောင်တိုက်တို့၌လည်း ပညာသင်ကြားခဲ့သည်၊ ၁၃၂၆-ခုနှစ် တပို့တဲ့လဆန်း ဂ-ရက်နေ့တွင် မဟာဝိသုတာရာမတိုက်ကြီး၌ ဂဏဝါစကဖြစ်၍ သာသနာ့၀န် ထမ်းဆောင်လျက် ရှိပါသည်။ မဟာဝိသုတာရာမ ဂဏဝါစက အာဘိဓာန်အဖွဲ့၀င်လည်း ဖြစ်သည်။

ဇာဂရော ဇာဂရော၀ေ၀၊ သံဃဿ ဂန္ဆဝါစကော။
ဝိသာရဒေါ ဗဟူသ္မေ၀၊ ဂန္ဆေသု ဝိဝိဓေသုပိ။
သော ဟိ ဓဿသတံ ကာလံ၊ သောဘေတု ဗုဒ္ဓသာသနံ။

ဂဏဝါစက ဆရာတော်

အရှင်သူရိယဆရာတော်

ဆရာတော် အရှင်သူရိယသည် ပခုက္ကူခရိုင် ကန်တော်ရွာ၌ အဘဦးကံထွန်း အမိ ဒေါ်ပုတို တို့မှ သက္ကရာဇ် ၁၂၀၄-ခုနှစ် တပေါင်းလဆုတ် ၁၅-ရက် သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။

၁၂၉၆-ခုနှစ်တွင် သာမဏေအဖြစ် ရောက်ခဲ့ပြီး အသက် ၂၀-ပြည့်မြောက်ရာ ၁၃၀၄-ခုနှစ် တပို့တဲ့လပြည့်ကျော် ၄-ရက်နေ့တွင် ပခုက္ကူမြို့နယ် နတ်ထောင့်ဂိုဏ်းကြီး၏ ဦးစီးနာယက ညောင်ပင်လှ ထန်းစုဆရာတော် အရှင်ဉာဏမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်။

သံပုရာပင်ကုန်း ဂိုဏ်းထောက်ဆရာတော်ထံ၌ ၃-နှစ်၊ ကန်တော်ရွာ အနောက်ကျောင်း၌ ၁-နှစ် နေခဲ့ပြီး ၁၂၉၇-ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရုံကျောင်းတိုက်သို့ ရောက်၍ ပိဋကတ် ကျမ်းစာများကို သင်ယူခဲ့လေသည်။

၁၃၀၀-၁၃၀၁-ခုနှစ်များတွင် မန္တလေးမြို့ စကုတိုက်၌ နေထိုင်၍ ပညာ သင်ယူခဲ့သည်၊ ထို့နောက် ပခုက္ကူသို့ ပြန်ကြွ၍ မဟာဝိသုတာရုံမတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင် ပညာ မဟာထေရ်, ဆရာတော် အရှင်နန္ဒဝံသ မဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရမဟာထေရ်, ရတနသိဒ္ဓိဆရာတော် အရှင်နန္ဒိယမဟာထေရ်, ဓမ္မောဒယစာချ အရှင် ကောသရထေရ်, သံပုရာပင်ကုန်းကျောင်းတိုက် ဂိုဏ်းထောက်ဆရာတော် အမျိုးသား ပရိယတ္တိ ပဌမကျော် ဆရာတော် အရှင်အရိယမဟာထေရ်တို့ထံ၌ ပိဋကတ်ကျမ်းစာများကို အဋ္ဌကထာ, ဋီကာတို့နှင့် တဲ့ဖက်၍ ကြာမြင့်စွာ သင်ကြားနာယူခဲ့လေသည်။

၁၃၁၇-ခုနှစ် တန်ဆောင်မုန်းလတွင် ဆရာတော်များ၏ ချီးမြှောက်ချက်အရ ဂဏဝါစက တာဝန်ကို ယူလျက် တိုက်တာအကျိုး, သာသနာအကျိုးကို အားသွန်ကြိုးပမ်း ထမ်းဆောင်လျက် ရှိလေသည်။ ဆဋ္ဌသံဂီတိဘာဏက, ဆဋ္ဌသံဂီတိကာရက, မဟာဝိသုတာရုံမ ဂဏဝါစက အဘိဓာန် ပြုအဖွဲ့ဝင်လည်း ဖြစ်သည်။

သူရိယော ပိဋကေ သူရော၊ သံဃသာ ဟိတကာရကော။
ဝါစယိတ္ဝာ ဗဟူ ဂန္ထေ၊ ဇိနသာသနဇောတကော။

ဂဏဝါစက ဆရာတော်

အရှင်ပညိန္ဒဇော်

ဆရာတော်သည် ကျေးငှးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ (ညောင်တုန်း) ဆရာတော် ဘုရားကြီး၏ ချရိုးပို့စဉ် နည်းနာနယကို ကောင်းစွာရရှိတော်မူသည့် မထေရ်မြတ် ဖြစ်တော်မူသည်၊ ၁၂၀၅-ခုနှစ် ကဆုန်လဆန်း ၁၂-ရက် ကြာသပတေးနေ့နံနက် ၅-နာရီတွင် ခရမ်းမြို့ကျုံးကျုံးကျရွာ၌ အဘ ဦးကျော်မြ, အမိ ဒေါ်သိန်းတင်တို့မှ ဖွားမြင်တော်မူခဲ့သည်၊ အရွယ်ရောက်သော် ရှင်သာမဏေဝတ်ခဲ့သည်၊ သက်တော် ၂၀-(၁၃၀၄-ခု နတ်တော်လဆန်း ၁၁-ရက် နေ့)တွင် ခရမ်းမြို့ ဓမ္မိကာရာမတိုက် ဆရာတော် အရှင်ဥေယျကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဥပဇ္ဈာယံ ကရိတ္ဝာန၊ ဥေယျံ ဥေယျသု ကောဝိဒံ။
သုဒ္ဒုလ္လဘံ လဘိတ္ဝာန၊ သမ္မဒ္ဒသာသနန္ဒရော။

နိကာယဏ္ဍဝပါရဂူဟု လှိုက်ဆူကျော်ကြားလှသော ဒီဃနိကာယ်ပါဠိ, အဋ္ဌကထာနိသျကျမ်းပြု အဂ္ဂမဟာပဏ္ဍိတ ပခုက္ကူဂဏမဟာဝိနာယက ဆရာတော် အရှင်နန္ဒဝံသ မဟာထေရ်ထံ ရဟန်းငယ်ဘဝမှ ရောက်ရှိ၍ နိကာယ် ၅-ရပ် ပါဠိ,အဋ္ဌကထာတို့ကို ကျနစွာ သင်ယူတတ်မြောက်ခဲ့သည်။ ၁၃၁၅-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၅-ရက်နေ့တွင် "မဟာဝိသုတာရာမိက ဂဏဝါစက" ဘွဲ့ထူးဖြင့် ဆရာတော်ဘုရားကြီးများက ချီးမြှောက်တော်မူကြသဖြင့် မဟာဝိသုတာရာမတိုက် သဒ္ဓမ္မဇောတိကကျောင်းဌ သီတင်းသုံးတော်မူကာ စာလိုက်သံဃာ မြားမြောက်စွာတို့အား စာပေပို့ချတော်မူသည်။

ဆရာတော်သည် ပခုက္ကူမြို့နယ် ဝိနည်းဓိုရ်တာဝန်, ဆဋ္ဌသံဂီတိကာရကတာဝန်, ဆဋ္ဌသံဂီတိ-ဘာဏကတာဝန်တို့ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်၊ မဟာဝိသုတာရာမ ဂဏဝါစက ပါဠိ မြန်မာအဘိဓာန် ပြုစုရေးအဖွဲ့တွင်လည်း နောက်ဆုံး တည်းဖြတ်ရသော ဆရာတော် ၃-ပါးတွင် ပါဝင်၍ ရှေ့တန်းမှ ဆောင်ရွက်တော်မူရသည်၊ ယင်း ၃-ပါးတို့ကား—

၁။ ဆရာတော် အရှင်နန္ဒိယမဟာထေရ်၊

၂။ ဆရာတော် အရှင်ပညိန္ဒဇော်၊

၃။ ဆရာတော် အရှင်ကေလာသ (ဤကျမ်းပြုသူ)တို့ ဖြစ်ကြသည်။ ထိုသို့ဖြစ်ကြောင်း—

ဘဒန္တနန္ဒိယောစေဝ၊ နေကသတ္ထဝိသာရဒေါ။
ပညိန္ဒော ပိဋ္ဌကေ သူရော၊ ကေလာသော စိတိမေ တယော။
သြသာနေ ကောသဂန္ဆဿ၊ သမ္ပါဒကာ ဝိစက္ခဏာ။

ဟူသော ဂါထာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဘဒန္တပညိန္ဒတ္ထေရော၊ နေကဂန္ထဝိသာရဒေါ။
ဂဏဝါစကဘူတော စ၊ ဆဋ္ဌသံဂီတိကာရကော။
ဝိနယဓရော စ သော အာသိ၊ ဆဋ္ဌသံဂီတိဘာဏကော။
ဟုတ္ဝာန လောကနာထဿ၊ သာသနမ္ပိ ဓုရန္ဓရော။

ပဌမကျော် ဓမ္မာစရိယ သိရောမဏိ

ဂဏဝါစကအဘိဓာန်ပဋ္ဌိတာထေရ်

အရှင်ပဏ္ဍိတသည် နက်နဲသောဉာဏ် လျင်မြန်သောဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်လေသည်၊ ၁၂၈၉-ခုနှစ် သီတင်းကျွတ်လဆန်း ၄-ရက်နေ့တွင် ပခုက္ကူခရိုင် မြိုင်မြို့နယ် ညှင်းလယ်ရွာ၌ အဘ-ဦးဘညွှန့် အမိ-ဒေါ်ထွန်းမေတို့မှ ဖွားမြင်ခဲ့သည်၊ ၁၃၀၃-ခုနှစ်တွင် သာသနာ့ဘောင်သို့ ဝင်၍ ၁၃၀၈-ခုနှစ်တွင် ညှင်းလယ်ကျောင်းဆရာတော် အရှင်ဥတ္တမကို ဥပဇ္ဈာယ်ပြုပြီး ဦးကြာသောင်-ဒေါ်အုန်းစိန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်၊ ပိဋကတ် အခြေခံကျမ်းစာများကို ဆရာတော်ဦးဥတ္တမထံတွင် သင်ယူခဲ့ရာ လွန်စွာဉာဏ်ထက်မြက်သဖြင့် သာမဏေဘဝနှင့်ပင် ပိဋကတ်သုံးရန် အရည်အချင်းကို ရရှိလေသည်။

မဟာဝိသုတာရာမတိုက်ကြီးသို့

၁၃၀၈-ခုနှစ် ရဟန်းခံပြီး ပခုက္ကူမဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်ရှိ၍ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်မာဃိန္ဒမဟာထေရ် စသည်တို့ထံတွင် ပိဋကတ်ကို သင်ကြားတတ်မြောက်ခဲ့လေသည်၊ ၁၃၀၈-ခုနှစ်တွင် ပဌမငယ်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်၊ ၁၃၀၉-ခုနှစ်တွင် ပဌမလတ်တန်းစာမေးပွဲ၌ မြန်မာတပြည်လုံး ဒုတိယအမှတ်အများဆုံးရရှိ၍ အောင်မြင်ခဲ့သည်၊ ၁၃၁၂-ခုနှစ်တွင် ပဌမကြီးတန်း၌ အမှတ်အများဆုံးရရှိအောင်မြင်ကာ ပဌမကျော်ဘွဲ့ကို ရရှိခဲ့လေသည်၊တဖန် ၁၃၁၃-ခုနှစ်တွင် ဓမ္မာစရိယစာချတန်းစာမေးပွဲ၌ တန့်စ်တည်း ၉-ကျမ်းစွဲ (တပါးတည်း) အောင်မြင်၍ "သာသနဓဇသိရီပဝရဓမ္မာစရိယသိရောမဏိ" ဘွဲ့ကိုလည်း ရရှိခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသထံတွင် ဒီဃနိကာယ်သီလက္ခန္ဓဝဂ် ပါဠိတော်ကို စာဆိုစဉ် နောက်တခေါက် အထောက်အမလွတ်ကင်းစွာ ဆိုနိုင်သဖြင့် သံဃာ့အလယ် ဆရာတော်ဘုရားကြီးက ချီးကျူးတော်မူဘူးသည်၊ ရဟန်းသိက္ခာ ၅-ဝါအရတွင် ဂဏဝါစကစာချအဖြစ်ဖြင့် ဆရာတော်ဘုရားကြီးများက ချီးမြှောက်တော်မူသဖြင့် သံဃာများစွာတို့အား ဓမ္မောဒယကျောင်း၌ သီတင်းသုံးကာ စာချခဲ့သည်။

ပဏ္ဍိတော ပဏ္ဍိတော ဗျတ္တော၊ နာနာဂန္ထဝိသာရဒေါ။
သဗ္ဗဂ္ဂေါ ပရိက္ခဏေသု၊ ဗဟူသု ဒုက္ကရေသုပိ။
ဂဏဝါစကတံ ပတ္တော၊ ဒဟရော ပဥ္စဝဿိကော။
တဒါ အနေကသင်္ချာနံ၊ ဘိက္ခူနံ ဂန္ထဝါစကော။

မန္တလေးမြို့နှင့် အမရပုရမြို့တို့သို့

အရှင်ပဏ္ဍိတသည် မန္တလေးမြို့ အနောက်ပြင် ခင်မကန်စံကျောင်းဆရာတော်နှင့် အမရပုရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသဆရာတော်တို့ထံ၌လည်း မာဂဓ,သက္ကတဘာသာများကို သင်ယူနည်းခံခဲ့ဘူးသည်၊ ဆရာတော် အရှင်ဇနကာဘိဝံသထံ၌မူ ဆရာတော်၏အမိန့်အရ နှစ်အနည်းငယ် စာချခဲ့ရသေးသည်။

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်သို့

ဆဋ္ဌသံဂါယနာတင်ချိန်တွင် ရန်ကုန်မြို့ ကမ္ဘာအေးဇမ္ဗုဒီပကျောင်းဆောင်၌ ကြာမြင့်စွာ သီတင်းသုံး၍ ဆဋ္ဌသံဂါယနာတင်မည့် ပိဋကတ်တော်များနှင့် ယင်း၏အဖွင့် သံဝဏ္ဏနာအဋ္ဌကထာများကို နောက်ဆုံးသုတ်သင်ပြင်ဆင်ခြင်း "ဩသာနသောဓန"တာဝန်ကို နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည်။

သီဟိုဠ်သို့ ကြွခြင်း

သာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် ထိုစဉ်က သီဟိုဠ်အာဏာရပါတီ သီရိလင်္ကာအစိုးရလက်ထက်၌ ဝန်ကြီးချုပ် ဘဏ္ဍာရုနာယကဏ္ဍ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းများဆရာတော် ခေါင်းဆောင်၍ကြွရသော သာသနာရေးမစ်ရှင်အဖွဲဝင် ၅-ပါးအနက် အရှင်ပဏ္ဍိတ ပါဝင်ခဲ့သည်။

လံကာဒီပံ မနုညံသော၊ ပဏ္ဍိတော ပဏ္ဍိတာသယော။
နိမန္တိတော လံကိန္ဒေန၊ ဂန္ဓာ သုတေသနံ အကာ။

မမြော်လင့်သည့်ဖြစ်ရပ်

ဤသို့ဖြင့် မာဂဓ,သက္ကတစသည့် ဘာသာတို့၌ ကျမ်းကျင်တတ်မြောက်သည့်ပြင်, ဒေသန္တရဗဟုသုတအမျိုးမျိုးနှင့်လည်း ပြည့်ဝသည့် ခက်ခဲတွန်းလှန် ပညာဉာဏ်နှင့်ပြည့်စုံသော အရှင်ပဏ္ဍိတသည် ရဟန်းသိက္ခာ ၁၂-ဝါအရတွင် မမြော်လင့်ပဲ လူ့ဘဝသို့ ပြောင်းရွှေ့ခဲ့လေသည်။ မဟာဝိသုတာရာမတိုက်တာဦးစီး ဆရာတော်ဘုရားကြီးတို့၏ မြော်လင့်ချက်တို့ကား မြော်လင့်သည့်အတိုင်း မဖြစ်ပါတော့ကုန်၊ လူ့ဘဝရောက်သောအခါ၌လည်း လောကီပညာ လွန်စွာကြိုးစားခဲ့ရာ ၁၉၆၃-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘီ-အေ စာမေးပွဲ၌ ဒုတိအဆင့်ဖြင့် အောင်မြင်သဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိပြန်သည်၊ ယခုရန်ကုန်မြို့ ပြန်ကြားရေးဌာန စာပေစစ်ဆေးရေးအရာရှိဖြစ်၍ တိုင်းပြည်တာဝန်ကို ထမ်းဆောင်လျက် ရှိလေသည်။

ဤစာပြုသူသည် ဖော်ပြပါပညာရှင်ထံ၌ ဋီကာကျော်, အဋ္ဌသာလိနီ, အလင်္ကာ, ဆန်း, ယမိုက်, ပဋ္ဌာန်း, နေတ္တိကောက်, ဉာဏ်ကောက်စသော လောကုတ္တရာကျမ်းများကို ဆိုဝါဖြင့်သင်ယူခဲ့ရပြီး အင်္ဂလိပ်ဘာသာကိုလည်း အခြေပျိုး သင်ယူခဲ့ရလေသည်။

ဂဏဝါစက ဆရာတော်

အရှင်သုမင်္ဂလဆေရှ

အရှင်သုမင်္ဂလသည် မြင်းခြံခရိုင် တောင်သာမြို့နယ် မြို့ဘရွာ အဘ-ဦးဖိုးအောင် အမိ ဒေါ်ဖွားကြီး တို့မှ ၁၂၉၂-ခုနှစ် ဝါခေါင်လဆန်း ၁၀-ရက်နေ့တွင် ဖွားမြင်ခဲ့သည်၊ အရွယ်ရောက်သော် ရှင်သာမဏေပြု၍ ၁၃၁၂-ခုနှစ် ပဌမဝါဆိုလဆန်း ၇-ရက်နေ့တွင် မြို့ဘ ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ခဲ့လေသည်၊ ဥပဇ္ဈာယ် ဆရာတော်နှင့် အရှင်ဧရဝတ, အရှင်ပညာဝံသ, ဆရာကြီး ဦးကြက် စသည်တို့ထံတွင် ပညာသင်ကြားသည်၊ မန္တလေး, မိတ္ထိလာ တို့၌လည်း ပညာသင်ကြားခဲ့သည်။

ပခုက္ကူမြို့ မဟာဝိသုတာရုံမတိုက် တိုက်အုပ် ဆရာတော် အရှင်မာဃိန္ဒ စသည်တို့ထံ ဆို၀ါ-လိုက်၀ါဖြင့် ပိဋကတ်ကို သင်ယူခဲ့သည်၊ အစိုးရမမှာစရိယ စာချတန်းကိုလည်း အောင်မြင်ခဲ့သည်၊ ၁၃၃၀-ပြည့်နှစ်၌ အလယ်တိုက်ကြီး၌ ဂဏဝါစကအဖြစ် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရက ချီးမြှောက်တော်မူသည်။

မင်္ဂလော မင်္ဂလေ ဆေကော၊ ဝိသုတာရုံမဝါစကော။
ဝိသုတေ သော ဝသိတ္ဝာန၊ သာသနကိစ္စကာရကော။

ဂဏဝါစက ဆရာတော်

အရှင်ဝိစာရဇေဋ္ဌ

အရှင်ဝိစာရသည် ဆီမီးခုံမြို့နယ် မြစ်သာရွာ၌ အဘ-ဦးတေး- အမိ ဒေါ်ရှင်တို့မှ ၁၂၉၄-ခုနှစ် နယုန်လဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့သည်၊ အရွယ်ရောက်သော် သာမဏေဝတ်၍ ပိဋကတ်အခြေပြုကျမ်းစာများကို သင်ယူခဲ့သည်၊ ၁၃၁၃-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂-ရက် နေ့တွင် ဖက်ပင်အိုင်ကျောင်းဆရာတော် ဦးစန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဖြစ်ခဲ့သည်။

အရှင်ဝိစာရသည် ဆီမီးခုံမြို့နယ် မြစ်သာရွာ ဆရာတော် ဦးနရိန္ဒ,ဦးခေမိန္ဒ, ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်နန္ဒဝံသ မဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်ဂန္ဓမာ,တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် စသည်တို့ထံ ပိဋကတ်အခြေပြုကျမ်းများနှင့်တကွ ပိဋကတ်ကို သင်ယူခဲ့သည်၊ ၁၃၂၁-ခုနှစ်တွင် သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ရရှိ၍ ၁၃၂၅-ခုနှစ်တွင် အဘိဓမ္မပါဠို ပါရဂူဘွဲ့ကို ရရှိလေသည်၊ ၁၃၂၇-ခုနှစ်တွင် မဟာဝိသုတာရာမတိုက် ကျေးဇူးရှင် ဆရာတော် ဘုရားကြီးများက ဂဏဝါစက စာချအဖြစ် ချီးမြှောက်တော်မူသည်၊ မဟာဝိသုတာရာမ ဂဏဝါစက တိပိဋကအဘိဓာန် အဖွဲ့ဝင်လည်း ဖြစ်သည်။

ဝိစာရော သုဝိစာရော၀၊ တိပိဋကမသိက္ခိ သော၊။
ဓမ္မာစရိယတံ ပတ္တော၊ ပါဠိယာ စ ဝိသာရဒေါ။
ဟုတွာန ဝါစကောယေ၀၊ သာသနေ ကိစ္စကာရကော။

သတ္တမပိုင်း မဟာဝိသုတာရာမ သာသနာဝင် ပြီး၏။

မဟာဝိသုတာရာမနိကာယ သာသနာဝင်

အဋ္ဌမဝိုင်း

မဟာဝိသုတာရာမ ဒီဃဘာဏကပုဂ္ဂိုလ်များ

ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏက

အရှင်ဝိသုဒ္ဓထေရ်

အရှင်ဝိသုဒ္ဓသည် ၁၂၉၇-ခု နယုန်လဆန်း ၅-ရက်နေ့နံနက်အချိန်တွင် ပခုက္ကူခရိုင် မြို့ငြိမ်းနယ် ကန်သစ်ရွာ၌ အဘ ဦးပေါ်မြိုင် အမိ ဒေါ်ကျန်တို့မှ ဖွားမြင်ခဲ့သည်။

ပခုက္ကူဒေသ သေဋ္ဌမှိ၊ ကန်သစ်ဂါမေ မနောရမေ။
သုမေဓာဝီ ဝိသုဒ္ဓေါ ဟိ၊ သုဇာတော သုဒ္ဓအာသယော။

၇-နှစ်သားအရွယ်တွင် သာမဏေ ဝတ်ခဲ့သည်၊ မူလကျေးဇူးတော်ရှင် ဆရာတော်များမှာ ဝိနယဂရုက, သီလဝန္တ, သိက္ခာကာမ-ဖြစ်တော်မူကြသော ကံထိမ်သုံးထပ်ကျောင်းဆရာတော် အရှင်သာဂရမဟာထေရ်နှင့် ကန်သစ်ကျောင်းဆရာတော် အရှင်ဥက္ကံသထေရ်တို့ ဖြစ်ကြသည်။

၇-နှစ်သားအရွယ်တွင် ဆရာတော်အရှင်သာဂရ, ဆရာတော်အရှင်ဥက္ကံသ-တို့ထံ အခြေခံပညာများကို သင်ယူပြီး ၁၃-နှစ်သားအရွယ်တွင် ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်ရှိ၍ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ်နှင့် အဂ္ဂ-မဟာပဏ္ဍိတဆရာတော် အရှင်နန္ဒဝံသမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်နှင့် မဟာဝိသုတာရာမတိုက် စာချဆရာတော်များထံ ပညာသင်ကြားခဲ့ရာ သာမဏေဘဝဖြင့်ပင် ပိဋကတ်ကို ကူးခပ်နိုင်ရန် အခြေကောင်းကို ရရှိခဲ့သည်။

သာမဏေရော သမာနော၀၊ ဝိသုဒ္ဓေါ သုတမာမကော။
ကောသလ္လံ တိပိဋကေသု၊ ပတ္တော ဗျတ္တော ဝိစက္ခဏော။

မန္တလေးမြို့ ဝေယန်ဘုံသာတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ကလျာဏမဟာထေရ်, မစိုးရိမ်တိုက်ဆရာတော် ဦးစန္ဒောဘာသ-စသော ဆရာတော်များထံတွင်လည်း ပညာသင်ကြားခဲ့သေးသည်။

ရဟန်းအဖြစ်သို့ရောက်ရှိခြင်း

အရှင်ဝိသုဒ္ဓသည် ၁၃၁၆-ခုနှစ် တပို့တဲ့လဆန်း ၅-ရက်နေ့တွင် ပခုက္ကူမြို့ ကုက္ကိုတန်းရပ် ဦးမန်းမော်, ဒေါ်ဝဲ သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

သုန္ဒရံ တံ မဟာထေရံ၊ သံဃသာ ပရိဏာယကံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ ဒုလ္လဘံ လဘိ ဘာဏကော။

အောင်မြင်ခဲ့သော စာမေးပွဲများ

အဘိဓမ္မာစာမေးပွဲ ပဌမဆင့်, ဒုတိယဆင့်, တတိယဆင့်, မဟာဝိသုတာရာမတို့က် ပဌမငယ်, ပဌမလတ်, ပဌမကြီး, အစိုးရ ပဌမငယ်, ပဌမလတ်, ပဌမကြီး-စသည့် စာမေးပွဲများကို အောင်မြင်ခဲ့ပြီး ၁၃၂၀-ခုနှစ်တွင် အစိုးရ ဓမ္မာစရိယဘွဲ့ကို ဆုတ်ခူးရရှိခဲ့လေသည်၊ တဖန် မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူးကျမ်းကို ၁၃၂၄-ခုနှစ်တွင် ဖြေဆိုအောင်မြင်ခဲ့ပြီး ၁၃၂၂-ခုနှစ် တိပိဋကဓရရွှေးချယ်ပွဲကြီးတွင် စာမျက်နှာ ၇၇၉-မျက်နှာရှိ ဒီဃနိကာယ်ကို အထောက်အမလုတ်ကင်း သန့်ရှင်းစွာ ပြန်ဆိုနိုင်သဖြင့် ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏက-ဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိလေသည်။

ဝိသုဒ္ဓေါ သုဝိသိဋ္ဌော၀၊ သုဝိသိဋ္ဌပဒံ လဘိ။
လဘိတ္ဝာ သာသနဿာပိ၊ ဝုဒ္ဓိံ သောကာသိ ဘာဏကော။

သာသနကိစ္စများ ဆောင်ရွက်ခြင်း

အရှင်ဝိသုဒ္ဓသည် တော်လှန်ရေးအစိုးရထောက်ပံ့မှုဖြင့် ၁၃၂၀-ခုနှစ် ဝါခေါင်လမှ စတင်ရေးသားသော တိပိဋကပါဠိမြန်မာအဘိဓာန်အဖွဲ့တွင် ပါဝင်ရေးသားလျက် သာသနကိစ္စအဝဝကို ဆောင်ရွက်လျက်ရှိသည့်ပြင် မဟာဝံသ ပြင်ဆင်ရေးအဖွဲ့တွင်လည်း ပါဝင်ခဲ့ပြန်၍, ပခုက္ကူ သာသနာဝင်ကျမ်းနှင့် ဤမဟာဝိသုတာရာမသာသနာဝင်ကျမ်း စသည်တို့ကို ပြုစုရေး လုပ်ငန်း၌လည်း လက်နှိပ်စက်ရိုက်ပေးခြင်း, စာမူကို ကူညီတိုက်ဆိုင်ပေးခြင်း စသည်ဖြင့် ပါဝင်ဆောင်ရွက်သော ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်းလည်း မှတ်တမ်းတင်အပ်ပါသည်။ ၎င်းအရှင်သည် နောက် ဂန့်ဂေါမြို့မကျောင်းဆရာတော် ဖြစ်လာသည်။

ဗုဒ္ဓသာသန ဒီဃဘာဏက

အရှင်တေဇောဘာသထေရ်

အရှင်တေဇောဘာသသည် ပခုက္ကူမြို့ မြောက်ဖက် ဆင်ခြေဖုံးရှိ အရွှေချောက်ကန်ရွာ၌ အဘ ဦးရွှေကုံး အမိ ဒေါ်သင်တို့မှ ၁၂၉၇-ခုနှစ် နယုန်လဆုတ် ၁၀-ရက် စနေနေ့တွင် ဖွားမြင်ခဲ့လေသည်။

ပခုက္ကူနဂရသန္နေ၊ နာနာကာရေဟိ သောဘိတေ။
ချောက်ကန်ဂါမေ မနုညမ္ပိ၊ ဝိဇာယိ ဒီဃဘာဏကော။

၁၃၁၀-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက် အင်္ဂါနေ့တွင် မိဘ ၂-ဦးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဝတ်ခဲ့၍ ၁၃၁၈-ခု ဝါဆိုလဆန်း ၁၂-ရက် ကြာသပတေးနေ့တွင် အဘိဓဇ မဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့ မုန်ညင်းစုရပ် ဆန်ကုန်သည် ဦးဟန်ထွန်း-ဒေါ်သိန်းညွန့် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘဝ ဒုလ္လဘကို ရရှိခဲ့သည်။

သုန္ဒရံ တံ မဟာထေရံ၊ သာသနေ အဘိပါကဋံ။
ဥပဇ္ဈာယံ ကရိတ္ဝာန၊ ဒုလ္လဘံ လဘိ ဘာဏကော။

ပခုက္ကူမြို့ အရွှေချောက်ကန်ရွာ မင်္ဂလာရိပ်သာ ကန်ကျောင်း ဆရာတော် အရှင်အာစာရမဟာထေရ်, ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဘိဓဇ မဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်, မန္တလေးမြို့ တောင်သမန်တိုက် စာချ ဆရာတော် အရှင်ကေသဝါဘိဝံသ, မိုးကောင်းတိုက် ဇေယျဝတီကျောင်း ဆရာတော် အရှင်ပဏ္ဍိတ စသည် တို့ထံတွင် ဂန္ထန္တရ အဝဝကို သင်ယူခဲ့သည်။

၁၃၁၅-ခုနှစ် ပဌမငယ်, ၁၃၁၆-ခုနှစ် ပဌမလတ်, ၁၃၁၇-ခုနှစ် ပဌမကြီးတန်း စာမေးပွဲတို့ကို အောင်မြင်ခဲ့ပြီး ၁၃၂၁-ခုနှစ်တွင် ဓမ္မာစရိယစာချတန်းကို ဂုဏ်ထူးနှင့်တကွ အောင်မြင်ခဲ့သဖြင့် သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့တံဆိပ်ကို ရရှိခဲ့ပြီး ၁၃၂၇-ခုနှစ် ၁၈-ကြိမ်မြောက်တိပိဋကဓရ ရွေးချယ်ပွဲတွင် စာမျက်နှာ ၇၇၉-မျက်နှာရှိ သုတ္တန်ပိဋကတ် ဒီဃနိကာယ်ကို အာဂုံ ပြန်ဆို အောင်မြင်သဖြင့် နိုင်ငံတော်အစိုးရ၏ ဗုဒ္ဓသာသန ဒီဃဘာဏကဘွဲ့တံဆိပ်တော်အောင်လက်မှတ်တော်, အရိုးနီ ကနက္ကဒဏ်ထီးဖြူတော်တလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိခဲ့လေသည်။

တေဇောဘာသော သတေဇေန၊ သာသနေ ကိစ္စကာရကော။
ပဋိစ္စယော ကိစ္စမ္ပိ၊ သုလဘိ ဝိဝိဓံ ဝရံ။

တိပိဋ္ဌက ပါဠိ-မြန်မာ အဘိဓာန်ပြုအဖွဲ့ဝင်

အရှင်တေဇောဘာသသည် မဟာဝိသုတာရုမတိုက်၌ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့၏ လျှောက်ထားချက်အရ ၁၃၂၈-ခုနှစ် ဝါခေါင်လမှ စတင်ရေးသားသော တိပိဋ္ဌက ပါဠိ-မြန်မာ အဘိဓာန်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရေးသားလျက် မဟာဝံသမူ တည်းဖြတ်ရေးအဖွဲ့လုပ်ငန်းနှင့် ပခုက္ကူသာသနာဝင် ဤမဟာဝိသုတာရုမသာသနာဝင်ကျမ်း ပြုစုရေး လုပ်ငန်း၌ ကူညီသော ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

တေဇောဘာသော သုတေဇော၀၊ ဒေ၀ဒေ၀ဿ သာသနေ။
၀ရေ ၀ရေ သုကိစ္ဆေပိ၊ ကရောတူတီ သုပတ္ထနာ။

ဗုဒ္ဓသာသန ဒီဃဘာဏက

အရှင်မေဓာဝံသ

အရှင်မေဓာဝံသသည် ၁၂၉၉-ခုနှစ် ဝါခေါင်လဆန်း ၁၃-ရက်နေ့တွင် ပခုက္ကူခရိုင် မြိုင်မြို့နယ် ကံသစ်ရွာ အဘ ဦးပေါ်အေး, အမိ ဒေါ်ဖွားခင်တို့မှ ဖွားမြင်ခဲ့သည်၊ ၉-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ ကံသစ်ကျောင်းဆရာတော် အရှင်ဥက္ကံသထံ၌ ပညာသင်ကြားခဲ့သည်၊ ၁၅-နှစ်သားအရွယ်တွင် ပခုက္ကူ မဟာဝိသုတာရုံကျောင်းတိုက်ကြီးသို့ ရောက်၍ တိုက်အုပ်စာချုဆရာတော်များထံ ပိဋကတ်ကို သင်ယူခဲ့သည်၊ ငယ်,လတ်,ကြီး စာမေးပွဲများကို သာမဏေဝတ်နှင့် နှစ်မခြား အောင်မြင်ခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

၁၃၁၉-ခုနှစ် ကဆုန်လဆန်း ဂ-ရက်နေ့တွင် ပခုက္ကူမြို့ စာတိုက်တန်းရပ် ဦးဝင်းဘေ (ယခု မန္တလေးတိုင်း ပညာဝန် ၂)နှင့် ဒေါ်စိန်တင် သားသမီးတစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အဘိဓဇ-မဟာရဋ္ဌဂုရုဆရာတော် အရှင်သုန္ဒရဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

သုန္ဒရ တ မဟာထေရ၊ သုန္ဒရ သုန္ဒရေ ရတ။
ဥပဇ္ဈာယံ ကရိတွာန၊ ဒုလ္လဘံ အလဘီ သုဓီ။

ဘွဲ့တံဆိပ်များရရှိခြင်း

အရှင်မေဓာဝံသသည်—

၁၃၂၀-ခုနှစ်တွင် သာသနဓဇမဟာစရိယဘွဲ့၊

၁၃၂၂-ခုနှစ်တွင် ဗုဒ္ဓသာသနဒီဃဘာဏကဘွဲ့၊

၁၃၂၄-ခုနှစ်တွင် သာသနဓဇသိရီပဝရမဟာစရိယဘွဲ့။

၁၃၂၇-ခုနှစ်တွင် သာသနဓဇသိရီပဝရမဟာစရိယ ဝိဘင်္ဂါဒိပါဋိပါရဂူဘွဲ့တို့ကို ရရှိခဲ့သည့် သာသနအာဇာနည်ပုဂ္ဂိုလ်ထူး ဖြစ်သည်။

ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃဘာဏက

သာဓုဇနော ရှင်ကေသဝ

ရှင်ကေသဝသည် ၁၃၂၂-ခုနှစ်တွင် စာမျက်နှာ ၇၇၉-မျက်နှာရှိ ဒီဃနိကာယ်ကို အထောက်အမလွတ်ကင်းစွာ ပြန်ဆိုနိုင်သဖြင့် ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏကဘွဲ့ကို ရရှိခဲ့သည်၊ အရှင် ကေသဝသည် ၁၃၀၃-ခုနှစ် နယုန်လဆုတ် ၈-ရက် တနလ်ာနေ့တွင် မြင်းခြံခရိုင် ညောင်ဦးမြို့နယ် ဆင်သားမွေးရွာ၌ အဘဦးထွန်းတင့် အမိ ဒေါ်လှခင်တို့မှ ဖွားမြင်ခဲ့သည်၊ ၁၂-နှစ်သားအရွယ်တွင် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ရောက်ရှိ၍ ပညာသင်ကြားခဲ့သည်၊ ပခုက္ကူ မဟာဝိသုတာရာမတိုက်မှနေ၍ ဗုဒ္ဓသာသနဝိသိဋ္ဌဘွဲ့ကို ဖြေဆိုအောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။

ဗုဒ္ဓသာသန ဒီဃဘာဏက

အရှင်ဉာနုတ္တရော

မဟာဝိသုတာရုမတိုက်မှ ဒီဃဘာဏကများတွင် အရှင်ဉာနုတ္တရလည်း ပါဝင်ခဲ့သည်၊ အရှင်-ဉာနုတ္တရသည် ၁၃၀၃-ခုနှစ် နယုန်လဆန်း ၁၀-ရက်နေ့တွင် ပခုက္ကူခရိုင် မြိုင်မြို့နယ် ကန်နီရွာ၌ အဘဦးရာ အမိ ဒေါ်စိုးမြိုင်တို့မှ ဖွားမြင်ခဲ့သည်၊ ၆-နှစ်သားမှစ၍ ငယ်ညာသင်သည်၊ ၁၄-နှစ်သားအရွယ်တွင် ရှင်သာမဏေ ဝတ်ခဲ့သည်၊ ၁၃၂၂-ခုနှစ် တိပိဋကရေ ရွေးချယ်ပွဲတွင် ဒီဃနိကာယ်ကို ပြန်ဆိုအောင်မြင်သဖြင့် ဗုဒ္ဓသာသနဒီဃဘာဏကဘွဲ့ကို ရရှိခဲ့သည်၊ ဒီဃဘာဏကဘွဲ့ရရှိပြီးနောက် ၁၃၂၂-ခု တပေါင်းလဆန်း ၅-ရက်နေ့တွင် ကန်နီရွာ ဦးရွှေအုံ့, ဒေါ်ရွှေမိတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ဉာနုတ္တရသည် မြင်းခြံမြို့ ကိုးဆောင် ပခုက္ကူကျောင်းသစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘိတ, မန္တလေးမြို့ အနောက်ပြင်စကုတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒာဘိဝံသ, ပခုက္ကူမြို့ မဟာဝိသုတာရုမတိုက် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်, တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ-စသည်တို့၏ထံ၌ ပညာသင်ကြားနည်းခံခဲ့သည်၊ အရှင်ဉာနုတ္တရသည် မဟာဝိသုတာရုမဂဏဝါစက အဘိဓာန်အဖွဲ့ဝင်လည်း ဖြစ်သည်။

ဉာနုတ္တရော သုဉာဏော စ၊ ဝိသုတာရုမဝါသိကော။
သိက္ခိတ္ဝာ ဗဟဝေါ ဂန္ထေ၊ ဇိနစက္ကဿ ဇောတကော။

အခရှင်ဇာဂရ

ပခုက္ကူ၊ မဟာဝိသုတာရုမတိုက်ကြီးမှ နိကာယ်ဆောင် ရဟန်းတော်များ များစွာ ပေါ်ထွန်းခဲ့ဘူးရာ အရှင်ဇာဂရသည် ဒီဃနိကာယ်ဆောင်အဖြစ် ထင်ရှားလေသည်။

ဖွားမြင် သာမဏေပြု ဥပသမ္ပဒာဘုံခိုလှုံ

၁၃၀၃-ခု ဝါခေါင်လဆုတ် ၆-ရက် အင်္ဂါနေ့ မုံရွာခရိုင် ကန္နီမြို့နယ် ကုန်းသာရွာ အာဘ ဦးပေါ့, အမိ ဒေါ်အေးသန်းတို့မှ ဖွားမြင်ခဲ့သည်၊ ၁၃၁၄-ခုနှစ်တွင် သာမဏေဝတ်ခဲ့၍ ၁၃၂၂-ခုနှစ် တပေါင်းလဆန်း ၇-ရက်နေ့တွင် မုံရွာမြို့ သပြေပင်တောရဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်လေသည်။

ပခုက္ကူ၊ မဟာဝိသုတာရုမတိုက်ကြီးသို့

အရှင်ဇာဂရသည် ကန္နီမြို့နယ် ကုန်းသာရွာ သီရိမင်္ဂလာကျောင်း ဆရာတော် ဦးကုမုဒ, မုံရွာ သပြေပင်တောရဆရာတော် ဦးကေဝလစသည်တို့ထံ ပညာသင်ကြားခဲ့ပြီး ပခုက္ကူ၊ မဟာ-ဝိသုတာရုမ တိပိဋကဝိဇ္ဇာလယကြီးသို့ ရောက်၍ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးနှင့် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်နေမိန္ဒထေရ် စသည်တို့ထံ ပိဋကတ်ကို သင်ယူခဲ့သည်။

ဘွဲ့တံဆိပ်တော်များ ရရှိခြင်း

အရှင်ဇာဂရသည် ရဟန်း ၁-ဝါအရတွင် အစိုးရ ဓမ္မာစရိယဘွဲ့ကို ရရှိပြီး ရဟန်း ၂-ဝါအရ ၁၃၂၄-ခုနှစ်တွင် တိပိဋကဓရရွှေးပဲ့၌ စာမျက်နှာ ၇၇၉-မျက်နှာရှိ ဒီဃနိကာယ်ကို ပြန်ဆိုအောင်မြင်သဖြင့် ဗုဒ္ဓသာသနဒီဃဘာဏကဘွဲ့ကို ပခုက္ကူ၊ မဟာဝိသုတာရုမတိုက်မှ ဖြေဆိုအောင်မြင်တော်မူခဲ့လေသည်။

ဇာဂရော ဇာဂရောယေဝ၊ ဝိဿုတေ ဝိသုတာလယေ။
အာစေရေ ဥပသက်မှ၊ ပိဋကံ စ သုသိက္ခိ သော။

အဋ္ဌမပိုင်း မဟာဝိသုတာရုမ သာသနာဝင် ပြီး၏။

နိဒါန်းပိုင်း

ပခုက္ကူ၊ မဟာဝိသုတာရာမ သာသနာ့ဗိမာန်ကြီးမှ ပေါ်ထွက်လာသော သာသနာ့ဝန်ဆောင် ဆရာတော်များ

အဂ္ဂမဟာပဏ္ဍိတ လေသာဆရာတော် အရှင်ဓမ္မိကမဟာထေရ်

ဆရာတော်သည် ပခုက္ကူ၊ မဟာဝိသုတာရာမတိုက် ရေစကြို့ဆရာတော် အရှင်ဂန္ဆသာရ မဟာထေရ်ထံ နည်းခံဘူးသော မထေရ်မြတ် ဖြစ်သည်၊ သက္ကရာဇ် ၁၂၃၂-ခုနှစ် တန်ဆောင်မုန်း လဆန်း ၉-ရက် စနေနေ့တွင် မြင်းခြံခရိုင် တောင်သာမြို့နယ် နွားခေါင်းရွာ၌ အဘ ဦးလူပု၊ အမိ ဒေါ်ညိုသာတို့မှ ဖွားမြင်သည်၊ သက်တော် ၂၀-တွင် နွားခေါင်းရွာ တောကျောင်းဆရာတော်ထံ၌ ရဟန်းဖြစ်ခဲ့သည်၊ ပခုက္ကူမြို့ လေသာတိုက်၌ ကြာမြင့်စွာ သီတင်းသုံးဘူးသဖြင့် လေသာ-ဆရာတော်ဟုလည်း ထင်ရှားသည်၊ ရေစကြို့ဆရာတော်ဘုရားကြီး ပခုက္ကူ၌ မဟာဝိသုတာရာမတိုက်ကြီး တည်ထောင်၍ စာပို့သဘင် မစဲနေ့ည ဆင်ယင်ကျင်းပစဉ် ခေတ်ကောင်းကြုံကြိုက်သဖြင့် ဗဟုဿုတ အဝဝကို လေ့လာတော်မူခဲ့သည်။

သန္တိကေ ဂန္ဆသာရဿ၊ သာရဿ သာရဉာဏိန္ဒေါ။
ဓမ္မိကောပိ သမုဂ္ဂဏှိ၊ ပိဋ္ဌကေ အာဂတံ သုတံ။

ဆရာတော်သည် ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်ကြီး၌ သာသနာဝန်ထမ်းခိုက် သထုံမြို့ တလိုင်းကုန်းရွာမှ ပင့်ဆောင်ကိုးကွယ်သဖြင့် ထိုတလိုင်းကုန်းရွာ၌ သီတင်းသုံးဘူးသည်ဟု သိရှိရလေသည်၊ ၎င်းနောက် ထားဝယ်, ဟင်္သာတ, ရန်ကုန် သရက်တောကျောင်းတိုက် စသော်ဝါပင်ကျောင်း၌ သီတင်းသုံးဘူးသည်၊ ၁၂၉၅-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်မြတ်ကို အလှူခံရရှိတော်မူသည်၊ ၁၃၁၄-ခုနှစ် တန်ခူးလဆန်း ၁-ရက်နေ့တွင် ပျံလွန်တော်မူခဲ့သည်။ ကျမ်းစာပေါင်း ၁၈- ကျမ်းပြုစုခဲ့သည်ဟုလည်း သိရှိရသည်။



အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် အရှင်ဇဝန မဟာထေရ်

ပခုက္ကူမြို့ အရှေ့ဘိုက်သစ် အဘိဓေမဟာရဋ္ဌဂုရု ဆရာတော်

အရှင်ဇဝနမဟာထေရ်

ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ကြာရှည်စွာ သီတင်းသုံး၍ ဂန္ထဓုရဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ခဲ့သည်။

ဖွားမြင် ရှင်သာမဏေဝတ် ရဟန်းပြုခြင်း

၁၂၃၉-ခု ဝါခေါင်လဆန်း ၅-ရက်နေ့ ည ၂-ချက်တီးကျော်တွင် မြင်းခြံခရိုင် ငသယောက် စီရင်စု ဇီးတောရွာ အဘ-ဦးပိန်ကျော်, အမိ-ဒေါ်သောင်းတို့မှ ဖွားမြင်တော်မူခဲ့သည်၊ ၁၂-နှစ်သား အရွယ်တွင် ငသယောက် ရွှေမြင်တင်ကျောင်းဂိုဏ်းအုပ် ဆရာတော် အရှင်စန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ သာမဏေ ဝတ်ခဲ့သည်၊ ၁၂၅၁-ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ရွှေမြင်တင် ဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

မဟာဝိသုတာရာမတိုက်ကြီးသို့

ဆရာတော်သည် ဥပဇ္ဈာယ် ရွှေမြင်တင်ဂိုဏ်းအုပ် ဆရာတော်ဘုရားကြီး ပခန်းကြီးမြို့ ငတမျှော် ဆရာတော်, မန္တလေးမြို့ ဘုရားကြီးတိုက် ဆရာတော် ဦးရန်ကုန်, ဆရာတော် ဦးဇာဂရ, မိုးထား ဆရာတော်, မိုးကောင်း ဆရာတော်, မင်းရွာ ဆရာတော်တို့ထံ ပညာသင်ကြားခဲ့သည်၊ ရေစကြို ဆရာတော်ဘုရားကြီးအထံသို့ ရဟန်း ၂-ဝါမှစ၍ ရောက်ရှိကာ ပညာသင်သည်၊ ပခုက္ကူ မဟာ-ဝိသုတာရာမတိုက်ကြီး၌ ရဟန်းသိက္ခာ ဂ-ဝါမှစ၍ ၂၃-ဝါအထိ စာပေပို့ချ၍ ဂန္ထဓုရဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလေသည်။

အနေကဝစ္ဆရံယေဝ၊ ဝိဿုတေ ဝိသုတာလယေ။
ဝသိတ္ဝာ ဇဝနော ထေရော၊ ဂန္ထဓာနံ ဝါစကော ဝိဒူ။

မဟာဝိဇယာရာမတိုက်တည် စာချ

ဆရာတော်သည် ၁၂၈၁-ခုနှစ်တွင် မဟာဝိဇယာရာမစာသင်တိုက်ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်၊ ၁၂၈၄-ခုနှစ် ကဆုန်လဆန်း ၁၄-ရက်နေ့တွင် အရွှေဖက် ယာယီစံကျောင်းမှ အသင့် ဆောက်လုပ်ပြီးစီးသည့် ယခု မဟာဝိဇယာရာမတိုက်ကြီးသို့ သံဃာတော် ၄၀၀-ကျော်တို့ဖြင့် ရွှေပြောင်းသီတင်းသုံး၍ ပိဋကတ်ကို ချပို့တော်မူလေသည်။

ပြုစုခဲ့သောကျမ်းများ

ဆရာတော်သည် စာပေပို့ချရင်း ကျမ်းဂန်မြားမြောက်စွာကိုလည်း ပြုခဲ့ကြောင်း ဆရာတော်၏ ဖြစ်စဉ်မှတ်တမ်းများအရ သိရသည်၊ ၎င်းကျမ်းတို့မှာ ဝိနည်း ၅-ကျမ်း ပါဠိတော်နိဿ,သံယုတ်-ပါဠိတော် ၅-ကျမ်း နိဿ, အင်္ဂုတ္တိုရ်ပါဠိတော် ၁၁-ကျမ်း နိဿ, ဒီဃနိကာယ် ပါဠိတော်နိဿ, ဝိသုဒ္ဓိမဂ်နိဿ, အမရကောသနိဿ, စာဏက္ကနီတိနိဿ, ပရိတ်ကြီးနိဿသစ်, ဝိဝိဓဝိနိစ္ဆယကျမ်း,

အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်

ဆရာတော်သည် ၁၃၂၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရတို့ လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။

သိက္ခိတ္တာ ဝိသုတာရာမေ၊ ပိဋ္ဌကေသု ဝိဒူ အဟု။
အဂ္ဂမဟာပဏ္ဍိတောတိ၊ ဥပါဓိမိ စ သော လဘိ။

ပြည်မြို့ ပုဂံလှသိမ်ကုန်းကျောင်းတိုက်

တိဝိဒုကဓမ္မဘဏ္ဍာဂါရိက အရှင်ကောသလ္လဆေရ

အရှင်ကောသလ္လသည် ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ ပိဋကတ်သင်ကြား တတ်မြောက်ခဲ့သော မထေရ်မြတ် ဖြစ်သည်၊ အရှင်ကောသလ္လသည် ၁၂၀၉-ခုနှစ် တော်သလင်းလဆန်း ၁၀-ရက် တနလ်္ဂာနေ့တွင် ပြည်မြို့ ဝါးရုံဆိပ် ဆရာကြီး ဦးဘိုးရင်နှင့် ဒေါ်ဒေါင်းစိန်တို့မှ ဖွားမြင်ခဲ့သည်၊ ၁၃-နှစ်သားအရွယ်တွင် ၇-တန်းအထိ ပညာသင်ကြားပြီး ဝါးရုံဆိပ် (ယခု သီးကုန်း) ဆရာတော် ဘုရားကြီးထံ၌ ရှင်သာမဏေဝတ်ခဲ့၍ ၁၃၀၈-ခုနှစ်တွင် ဝေဠုဝန်နိကာယမဟာနာယက အဂ္ဂ-မဟာပဏ္ဍိတ ပြည်မြို့ ပုဂံလှသိမ်ကုန်း ဆရာတော် အရှင်တိက္ခမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်၊ အရှင်ကောသလ္လသည် ဆိုင်ရာ ဒကာ, ဒကာမတို့၏ ပစ္စယာ-နုဂ္ဂဟဖြင့် သိမ်ထပ်ဒဋ္ဌိကမ္မပြုခဲ့သည်မှာ ၁၂-ကြိမ်တိုင် မြောက်ခဲ့သည်။

မဟာဝိသုတာရာမ တိပိဋကဝိဇ္ဇာလယကြီးသို့

ပုဂံလှသိမ်ကုန်းကျောင်းတိုက်,ရန်ကုန်မြို့ ဘုရားကြီးတိုက်စသည်တို့၌ ပညာသင်ကြားပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ တိပိဋကဝိဇ္ဇာလယကြီးသို့ရောက်၍ နှစ်ပေါင်းများစွာ ပိဋကတ်ကို အဋ္ဌကထာ ဋီကာတဲ့ဖက်၍ ကျနစွာ သင်ယူခဲ့သည်။

ကောသလ္လော ဝိသုတာရာမေ၊ ဝသိတ္ဝာ ပိဋကေပိ စ။
သိက္ခိတ္ဝာ မဟုဿာဟေန၊ တေသု ဆေကော ဝိဒူ အဟု။

သာသနဓဇသိရိပဝရမဟာစရိယဘွဲ့ကို ၁၃၁၄-ခုနှစ်တွင် ရရှိ၍ ဗုဒ္ဓသာသနဝိသိဋ္ဌဒီဃဘာဏက-ဒီဃနိကာယကောဝိဒဘွဲ့, ဗုဒ္ဓသာသနဝိနယဓရဝိနယကောဝိဒဘွဲ့, အာဘိဓမ္မိကအာဘိဓမ္မကောဝိဒဘွဲ့တို့ကို ရရှိခဲ့ပြီး သင်ရိုး ပိဋကတ် ၃-ပုံပြီးဆုံးအောင်မြင်သဖြင့် တိပိဋကဓရတိပိဋကကောဝိဒဘွဲ့, တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ကို ၁၃၂၅-ခုနှစ်တွင် ရရှိလေသည်၊ ကုန်း ရေ လေ ခရီး သွားလာခွင့် လက်မှတ်ကိုလည်း အမြဲတန်း ရရှိတော်မူသည်။

နိဂမာလာ

ယောကျ်ားတို့ပြုအပ် ပြုသင့် ပြုထိုက်သော အမှုကိစ္စ လုပ်ငန်းတို့ကို ဇွဲသန်သန်နှင့် ပြုသူသည် နောင်တဖန် မပူပန်ရချေ။

ကရံ ပုရိသကိစ္စာနိ၊ န စ ပစ္ဆာ'နုတပ္ပတိ။

(မဟာဇနကဇာတ်။ ဇ၁၊ ၂။၁၅၉။)

သထုံမြို့ ဓမ္မမေဒနီကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ

ဆရာတော် အရှင်သူရိယ မဟာထေရ်

ဆရာတော်သည် ပခုက္ကူခရိုင် ဖောင်ကွဲရွာ၌ အဘဦးပန်းဦး, အမိ ဒေါ်မယ်ဂျမ်းတို့မှ ၁၂၄၄-ခုနှစ် တော်သလင်းလဆုတ် ၅-ရက် သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့သည်၊ သက်တော် ၁၁-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်ခဲ့ပြီး သက်တော် ၂၀-တွင် စိုင်သေဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်၊ ပခန်းကြီးမြို့ ရှင်မတောင် အရှေ့ဖက် ပေါင်ပဲ့တန်းရွာ ဆရာတော် အရှင်သောမာဘိသီရိထံ ပိဋကတ်အခြေခံ ကျမ်းစာများ သင်ကြားတော်မူပြီး ပခုက္ကူမြို့ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံ ပိဋကတ်ကို သင်ယူ တတ်မြောက်ခဲ့လေသည်။

သူရိယော တီဝသူရော၀၊ ဂန္ဆထေရဿ သန္တိကေ။
သိက္ခိတ္ဝာန နိကာယေပိ၊ တေသု ဒက္ခော မဟာဝိဒူ။

ဆရာတော်သည် မင်းတုန်းမင်းလက်ထက် ကထာဝတ္ထုအာဂုံပြန် တံဆိပ်တော်ရ ဆရာတော် အရှင်ဥတ္တမနှင့် ခင်မကန်ဆရာတော်, မိုးထားဆရာတော်, မိုင်းခိုင်းဆရာတော် စသည်တို့ထံ၌လည်း ပညာဆည်းပူးတော်မူခဲ့သည်၊ ၁၂၇၉-ခုနှစ်တွင် သထုံမြို့၌ ဓမ္မမေဒနီစာသင်တိုက်ကြီးကို တည်ထောင်၍ စာသင်သားများစွာတို့အား စာပေပို့ချတော်မူခဲ့သည်၊ အဘိဓမ္မတ္ထသင်္ဂဟဝိနယဒီပနီ-စသော ကျမ်းဂန်များကိုလည်း ပြုစုရင်တော် မူခဲ့သည်၊ ၁၃၁၅-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူသည်၊ သက်တော် ၇၅၊ သိက္ခာတော် ၅၆-ရှိရာ ၁၃၁၈-ခုနှစ် တပို့တွဲလတွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

ရေကြည်မြို့ ဒီပါရုံဘုရားကြီးတိုက်

အဋ္ဌမဟာပဏ္ဍိတ အရှင်ဥဿဘဇီဝ မဟာထေရ်

ပုသိမ်ခရိုင် ရေကြည်မြို့ ဒီပါရုံဘုရားကြီးကျောင်းတိုက် ဆရာတော် အရှင်ဥတ္တရာဘိဝံသည် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီး၌ ပညာသင်ယူတတ်မြောက်ခဲ့သော ဆရာတော် ဖြစ်လေသည်။

ဖွားမြင် သာမဏေဝတ် ရဟန်းပြုခြင်း

ဆရာတော်ဓလောင်းလျာသည် ပုသိမ်မြို့နယ် ငါးသိုင်းချောင်းမြို့ သရက်ချောင်းရွာ ဘခင် ဦးလူကြီး, မိခင် ဒေါ်သာဖြူတို့မှ သက္ကရာဇ် ၁၂၄၉-ခု တန်ဆောင်မုန်းလဆန်း ဂ-ရက် တနင်္ဂနွေနေ့ နံနက် ၄-နာရီ ၁၅-မိနစ်တွင် ဖွားမြင်ခဲ့၍ ၁၄-နှစ်သားအရွယ်တွင် မယ်ဇလီရွာ ဒွါရကျောင်းတိုက် ဆရာတော်ဦးကဿပထံ၌ ရှင်သာမဏေဝတ်၍ ၁၂၆၉-ခု ပဌမဝါဆိုလဆန်း ၆-ရက်နေ့တွင် သရက်ချောင်း ခဏ္ဍသိမ်၌ ဦးကဿပကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်း ဖြစ်လေသည်။

မဟာဝိသုတာရာမ ဝိဇ္ဇာဌာနကြီးသို့

ဥပဇ္ဈာယ်ဆရာထံ၌ ၂-နှစ် ပညာသင်ကြားပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ ကျေးဇူးရှင် ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ မဟာထေရ်တို့ထံ ၇-နှစ်တိုင် နိကာယ်ကြီးများကို အဋ္ဌကထာ, ဋီကာတဲ့ဖက်၍ ဆိုဝါလိုက်ဝါဖြင့် သင်ယူတတ်မြောက်ခဲ့လေသည်။

ဥတ္တရော ဥတ္တရာဇီဝေါ၊ ဗဟဝေါ နိကာယေပိ စ။
ဝိသုတေ ဥဂ္ဂဟေတွာန၊ တေသု ဒက္ခော မဟာဝိဒူ။

ပြည်မြို့ပွင့်လှသိမ်ကုန်း, မန္တလေးဒက္ခိဏာရာမတိုက်, မဟာဝေယန်ဘုံသာတိုက်တို့၌လည်း ပညာဆည်းပူးသည်၊ အိန္ဒိယနိုင်ငံသို့လည်း ကြွရောက်၍ ဘာသာန္တရများကို ဆည်းပူးခဲ့သေးသည်၊ မဟာပဒါနသုတ်နိဿ, မဟာပုဏ္ဏမသုတ်နိဿ, ဓာတုဝိဘင်္ဂသုတ်နိဿ, စူဠဝေဒလ္လသုတ်နိဿ, ဗုဒ္ဓစရိတ (မြောက်ပိုင်းဗုဒ္ဓဝင်နိဿ), သာမုဇ္ဇိကလက္ခဏာကျမ်း ဘာသာပြန်စသည်တို့ကိုလည်း ရေးသားစီရင်တော်မူခဲ့သည်၊ ဆရာတော်သည် ၁၃၂၂-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိလေသည်။

ပညာရှိတို့တွင် တပါးအပါအဝင်

ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်၌ သီတင်းသုံးကာ ပညာသင်ခဲ့ပြီး ပညာရှိ မြားမြောက်စွာ ပေါ်ထွန်းခဲ့သည်၊ အရှင်ဥတ္တရာဇီဝသည် ထိုပညာရှိတို့တွင် ပါဝင်သော ပိဋကပါရဂူ ပညာရှင် ဖြစ်လေသည်။

ဝိသုတေ ဝသိတွာန၊ အနေကေ ပဏ္ဍိတာ ဘဝူ။
ဥတ္တရော ပရိယာပန္နော၊ တေသု ပိဋကပါရဂူ။

ဝိသုတာ ၃၉ — ပ-မ-ဗ-သ-စ

အရှင်ဂုဏ (ကန်မြစောင်ချမ်း မြို့ဘဆရောကြီး)

အရှင်ဂုဏသည် မြင်းခြံခရိုင် တောင်သာမြို့နယ် ကန်မြစောင်ချမ်းမြို့ဘရွာ၌ ဖွားမြင်ခဲ့သည်၊ အချိန်အရွယ် ကျရောက်သောအခါ ရှင်သာမဏေပြု, ရဟန်းဘောင်သို့ တက်ရောက်ခဲ့သည်၊ ငယ်ရွယ်စဉ်က မြို့ဘ ဆရာတော်ဘုရားကြီးထံ၌ ကစ္စည်းသဒ္ဒါကြီး, အဘိဓာန်, အလင်္ကာ, ဆန်း, ဋီကာကျော်-စသည်တို့ကို သင်ယူခဲ့သည်။

ပညာသင်ကြားခြင်း ရေစကြို့ဆရာတော်ဘုရားကြီးထံ နည်းခံခြင်း

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ သုဇာတာဘိဓေသိရိပဝရဇောဓိရာဇဂုရု ကျိုက်ဆရာတော်, ပဏ္ဍိတာဘိဓေသိရိပဝရဇောဓိရာဇဂုရု မိုင်းခိုင်းဆရာတော်တို့ထံ ပညာသင်ကြားခဲ့ပြီး ပခုက္ကူ မဟာဝိသုတာရုမတိုက်ကြီး၏ အဓိပတိ ရေစကြို့ ဆရာတော် အရှင်ဂန္ဆသာရထံ ချည်းကပ်၍ ပိဋကတ်ကို သင်ယူတတ်မြောက်ခဲ့လေသည်။

ရေစကြို့ ဆရာတော်ဣတိ၊ သုပါကဋ္ဌသုဝိညူနော။
ဂန္ဆသာရဿ သာရဿ၊ ဂုဏော စာပိ သမုဂ္ဂဏှိ။

အရှင်ဂုဏသည် ရဟန်း ၆-ဝါအရတွင် သက္ကသီဟမူလဓမ္မာစရိယဘွဲ့ကို ရရှိလေသည်၊ တချိန်တွင် အရှင်ဂုဏသည် သာသနာဘောင်မှ ဆင်းခဲ့၍ ဆရာကြီး ဦးကြွက်ဟူသော အမည်ဖြင့် ရဟန်းသာမဏေတို့အား စာချခဲ့သည်၊ ပခုက္ကူ ဖန်ခါးပင်တိုက်၌ လာရောက်၍ စာချဘူးလေသည်၊ ဆရာကြီးသည် တိပိဋကပါဒခေါ် ကစ္စာယနဝိစယကျမ်းများကိုလည်း ရေးသားခဲ့ဘူးသည်၊ ဆရာကြီးသည် ၁၃၁၁-ခုနှစ်တွင် ကွယ်လွန်သည်။

သံဝေဂယူဖွယ်

သေမင်းသည် ဂုဏ်ရှိသူ, ဂုဏ်မရှိသူ အားလုံးကို ခြေမှုန်းဖျက်ဆည်းသည်သာ၊ သေမင်းအား ဂုဏ်ရှိသူ၌ငင်း, ဂုဏ်မဲ့သူ၌ငင်း ရွေးချယ်မှု ဝိစာရဏာဉာဏ် မရှိရိုးမှန်လှတော့သည်။

ဂုဏံ စ အဂုဏဉ္စာပိ၊ မစ္စုရာဇာ ဘိမဒ္ဒတိ။
တဿ ဝိစာရဏံ နတ္ထိ၊ ဂုဏေပိ နိဂ္ဂုဏေပိ စ။

ရန်ကုန်မြို့ ဇေယျဝတီကျောင်းတိုက်

အဋ္ဌမဟာပဋ္ဌာန အခွင့်ဥက္ကံသ မဟာဆေရိ

ရန်ကုန်မြို့ ကြည့်မြင်တိုင် ဇေယျဝတီကျောင်းတိုက် ဆရာတော် အရှင်ဥက္ကံသသည် ၁၂၅၀ ပြည့်နှစ် ဝါဆိုလဆန်း ၂-ရက်နေ့တွင် ပြည်ခရိုင် ရွှေတောင်မြို့နယ် အဘဉီးဖြူလုံး, အမိ ဒေါ်သေး-သေးတို့မှ ဖွားမြင်၍ ၁၅-နှစ်သားတွင် သာမဏေဝတ်ကာ သက်တော် ၂၀-တွင် ရွှေနတ်တောင် တောရကျောင်း ဆရာတော် ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

ပခုက္ကူ။ အရှင်ဂန္ဆသာရထံသို့

ဆရာတော်လောင်းလျှာသည် ရန်ကုန်ခရိုင် ဒလမြို့ ဇေယျဝတီကျောင်းတိုက် ဆရာတော် ဦးဉာဏဝံသထံ ပညာသင်ကြားပြီး ပခုက္ကူမြို့ နိကာယသိန္ဓုပါရဂူ အရှင်ဂန္ဆသာရထံ ချဉ်းကပ်၍ ပိဋကတ်ကို အဋ္ဌကထာ, ဋီကာနှင့်တကွ သင်ယူတတ်မြောက်ခဲ့သည်။

ဂန္ဆသာရဿ ထေရဿ၊ ဂန္ဆကာရသုဝိညုနော။
ဗဟဝေါ ပိဋကေ သိက္ခိ၊ ပိဋကေသု ဝိသာရဒေါ။

ဆရာတော်အရှင်ဥက္ကံသသည် မန္တလေးဘုရားကြီးတိုက်၌လည်း ပညာဆည်းပူးခဲ့သည်၊ သာယာဝတီခရိုင် မင်းလှမြို့ ဇေယျဝတီအမည်ရှိသော ကျောင်းတိုက်ကို တည်ထောင်ကာ စာသင်သား ၅၀-ခန့်တို့အား ပခုက္ကူ, မန္တလေးနည်း ၂-နည်းတို့ဖြင့် စာပေပို့ချခဲ့သည်၊ ၁၃၀၀-ပြည့်နှစ်မှ စ၍ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဇေယျဝတီကျောင်းတိုက်၌ သံဃာတော် ၁၀၀-ကျော်ရှိသော ဇေယျဝတီကျောင်းတိုက်ကို အုပ်ချုပ်ကာ ပခုက္ကူနည်း, မန္တလေးနည်း ၂-နည်းတို့ဖြင့် စာပေပို့ချလေသည်၊ ဆူးလေ, ရွှေတိုဂုံ စေတီဂေါပကအဖွဲ့ ဩဝါဒါစရိယ, စေတိယင်္ဂဏ ပရိယတ္တိအသင်း ဩဝါဒါစရိယ, ဆဋ္ဌသံဂါယနာဩဝါဒါစရိယ, သံဃနာယက, နိုင်ငံတော်ဝိနည်းဓိရ်တာဝန် စသည်တို့ကို ဆောင်ရွက်တော် မူခဲ့သည်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ကိုလည်း ၁၃၂၃-ခုနှစ်တွင် အလှူခံ ရရှိလေသည်။

တိုက်တွန်းချက်

သင်သည် ပြုဖွယ်ကိစ္စတို့၌ လုံ့လပြု၍ အားထုတ်ပါလော့, ပျင်းရိဖင့်နွဲ့သူသည် ချမ်းသာသုခကို မရနိုင်ပါချေ။

ဝါယမဿု စ ကိစ္စေသု၊ နာလသော ဝိန္ဒတေ သုခံ။
(တေသကုဏ္ဍဇာတ်။ ဇာ၊ ၂။၂)

စစ်တွေမြို့ ဂြစ်ဘက်ကျောင်းတိုက်

အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘိတ မဟာထေရ်

စစ်တွေမြို့ ဂြစ်ဘက်ကျောင်းတိုက် ဆရာတော်အရှင်သောဘိတသည်လည်း ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်၌ ပညာသင်သွားသည့် မထေရ်မြတ် ဖြစ်သည်။

ဖွားမြင် ရှင်ရဟန်းပြု

ဆရာတော်သည် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကုန်းတန်းရွာ အဘ ဦးထွန်းဘော်, အမိ ဒေါ်မဖြူတို့မှ ၁၂၅၂-ခုနှစ် တန်ဆောင်မုန်းလဆန်း ၆-ရက် သောကြာနေ့တွင် ဖွားမြင်ခဲ့သည်၊ ၁၅-နှစ်အရွယ်တွင် ရှင်သာမဏေပြု၍ သက်တော် ၂၀-အရောက်တွင် ၁၂၇၁-ခုနှစ် တန်ခူးလဆန်း ဂ-ရက်နေ့တွင် စစ်တွေမြို့ ဂြစ်ဘက်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့

ဥပဇ္ဈာယ် ဆရာတော်ထံတွင် ပိဋကတ် အခြေပြုကျမ်းများကို သင်ယူပြီး ရန်ကုန်မြို့ ကျောင်းတော်ရာတိုက်၌လည်း ပညာသင်ကြားခဲ့သည်၊ ၎င်းနောက်တွင် ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ နိကာယသာဂရ ပါရဂူ ဖြစ်တော်မူကြသော အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝနမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့ထံတွင် နိကာယ်ပိဋကတ်ကို ကျွန်စဉ် သင်ယူ တတ်မြောက်သည်သာမက သာသနာ့လုပ်ငန်းအဝဝကိုလည်း လက်တွေ့ သင်ယူခဲ့လေသည်။

ဝိဿုတေ ဝိသုတာရာမေ၊ သာဓူနံ စိတ္တတောသနေ။
အနေကေ ပိဋကေ သိက္ခိ၊ သောဘိတော တေသု ကောဝိဒေါ။

ဆရာတော်သည် ဂြစ်ဘက်ကျောင်းတိုက်ကို ပါဠိတက္ကသိုလ်ဖြစ်အောင် ဆောင်ရွက်ခဲ့သည့်ပြင် ဆဋ္ဌသံဂါယနာ သြဝါဒစရိယတာဝန်, အစိုးရဝိနိစ္ဆယဋ္ဌာန၏ ခရိုင်သြဝါဒစရိယတာဝန်, ရခိုင်တိုင်းသံဃသာမဂ္ဂီအဖွဲ့ဥက္ကဋ္ဌတာဝန်-စသည်တို့ကိုလည်း ဆောင်ရွက်ခဲ့သည်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ကိုလည်း ၁၃၂၃-ခုနှစ်တွင် အလှူခံရရှိလေသည်။

တိုက်တွန်းချက်

မဟာဝိသုတာရာမတိုက်၌လည်း သီတင်းသုံး၍ ပိဋကတ်ကို သင်ယူခဲ့သဖြင့် ကျော်စော ထင်ရှားသည့် ပညာရှိ ဖြစ်သည်၊ သင်သည်လည်း ပညာရှိတို့ကို ချဉ်းကပ်၍ သင်ယူပါလော့ သင်ယူပြီး ပညာရှိလုပ်ပါလော့။

ဝိသုတေ စ ဝသိတ္ဝာန၊ သောဘိတော ဝိဿုတော ဘဝိ။
ဝိဒူ သက်္ခ ဥဂ္ဂဏှ၊ တုဝမ္ပိ ဝိဿုတော ဘဝ။

ရန်ကုန်မြို့ အလယ်တောရဆရာတော်

အခွင့်ရေးတရားမဟာဇာတ်

အလယ်တောရဆရာတော် အရှင်ရေဝတသည် ၁၂၄၇-ခုနှစ်တွင် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ခြေရာတော်ရွာ၌ အဘဦးဒေဝ, အမိ ဒေါ်ရွှေခဲတို့မှ ဖွားမြင်တော်မူခဲ့သည်၊ ဆရာတော်သည် ၁၂၆၆-ခုနှစ်တွင် မြောင်မြို့ ရွှေတောင်ဆရာတော် အရှင်အာဒိစ္စကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

ပခုက္ကူ။ မဟာဝိသုတာရာမတိုက်၌ ပညာသင်ခြင်း

ဆရာတော်သည် ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ပိဋကတ်ကို သင်ယူတတ်မြောက်ခဲ့လေသည်။

ဝိသုတာရာမသေဋ္ဌမှိ၊ အာရာမေ ယတိနန္ဒနေ။
ဝသိတ္ဝာ ရေဝတော ထေရော၊ တိပိဋကသမုဂ္ဂဏှိ။

ဆရာတော်သည် ဗောဓိကုန်းဆရာတော်, တတိယမြောက် အလယ်တောရ ဆရာတော် ဦးကောသလ္လစသည်တို့ထံ၌လည်း ပညာသင်ကြားတော် မူခဲ့သည်၊ အိန္ဒိယ, သီဟိုဠ်, အင်္ဂလန်, အမေရိကန်စသော နိုင်ငံများသို့လည်း ရောက်ရှိခဲ့သည်၊ ဆဋ္ဌသံဂါယနာဩဝါဒါစရိယ သံဃမဟာ-နာယက, တောင်တန်းသာသနာပြုအဖွဲ့ ဒုတိယဥက္ကဋ္ဌ တာဝန်စသည်တို့ကို ဆောင်ရွက်တော်မူခဲ့သည်၊ ဆရာတော်သည် ၁၃၂၃-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိလေသည်၊ ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရရှိပြီး ၁၃၂၅-ခုနှစ်တွင် ပျံလွန်တော်မူလေသည်။

အရှင်ပညဝံ့ဆိ မဟာဌေရ်

ဆရာတော်သည် ပုသိမ်နှင့် ဟသ်ာတခရိုင် ငါးသိုင်းချောင်းမြို့အပိုင် ဘုတ်ချောင်း မဲဇလီရွာ၌ ကောဇာသက္ကရာဇ် ၁၂၅၄-ခုနှစ် နတ်တော်လဆုတ် ၁၂-ရက် ကြာသပတေးနေ့တွင် ဘခင် ဦးကျောက်လုံး, မယ်တော် ဒေါ်ငြိမ်းအေးတို့မှ ဖွားမြင်တော်မူသည်၊ ဆရာတော်သည် ၁၂၇၅-ခုနှစ်တွင် ဒွါရဝါဒီမဲဇလီဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝကို ရရှိခဲ့သည်၊ ဆရာတော်လောင်းလျာသည် ငါးသိုင်းချောင်း ဘုရားကြီးတိုက်၌ ၃-နှစ်တာမျှပိဋကတ်အခြေပြုကျမ်းများကို သင်ကြားခဲ့သည်။

မဟာဝိသုတာရာမဝိဇ္ဇာပီဋကြီးသို့

ဆရာတော်သည် ငါးသိုင်းချောင်းဘုရားကြီးတိုက်၌ ပညာသင်ပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ကြွရောက်၍ ၃-နှစ်ကြာမျှ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာဌေရ်,အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာဌေရ်, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာဌေရ်တို့ထံတွင် ပိဋကတ် ၃-ပုံကို အဋ္ဌကထာဋီကာတဲ့ဖက်၍ ပါရဂူမြောက်အောင် ကျူးနစ္စာ သင်ယူခဲ့သည်။

ပညဝန္တော ဝိသုတမို့၊ ဌေရာနံ ထိရသီလိနံ။
ဥဂ္ဂဏှိတ္ထာ နိကာယေ စ၊ တေသု ဆေကော မဟာဝိဒူ။

မန္တလေး တောင်မြို့တို၌ ပညာသင်

မန္တလေး တောင်ပြင်ဘုရားကြီးတိုက်, အနောက်ပြင် မဟာဝေယန်ဘုံသာတိုက် ဆရာတော် ဦးစက္ကပါလထံနှင့် တောင်မြို့ တူမောင်းတိုက်တို၌ နှဝါ, ညဝါ, သက္ကတစာဝါများ, ညဝါများ သင်ယူခဲ့သည်။

စစ်ကိုင်းသို့

၁၂၈၇-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ဓမ္မပါမောက္ခချောင်၌ ၁-နှစ် သီတင်းသုံးတော်မူခဲ့သည်၊ ဆရာတော်သည် ၁၂၉၇-ခုနှစ်တွင် ဓမ္မပါမောက္ခချောင်နှင့် ဝိဇ္ဇောဒယချောင်နေရာမြေကို အလှူခံရရှိသည်၊ ဆရာတော်သည် နိုင်ငံကျော်ဓမ္မကထိကဖြစ်၍ လှန်စ္စာ ကျော်ကြားသည်၊ တရားဟောကောင်းလှသည်၊ ဆရာတော်သည် အိန္ဒိယနိုင်ငံ, သီဟိုဠ်နိုင်ငံတို့သို့ ကြွတော်မူ၍ ဒဿနီယဋ္ဌာန, သံဝေဇနီယဋ္ဌာန-များကို ဖူးမြော်ဦးချ သံဝေဂယူခဲ့ဘူးလေသည်။

ကျမ်းဂန်များစွာကိုလည်း ပြုစုတော်မူခဲ့သည်၊ ၎င်းတို့မှာ—

၁။ ဒါဌာဝံသဂီတိကျမ်း၊

၂။ နမောတဿဂီတိကျမ်း၊

၃။ ဩဝါဒဂီတိကျမ်း၊

၄။ သဒ္ဓမ္မပ္ပဋိရူပကသုတ်နိဿျ၊
၅။ ဇေယျာစလဂိတိကျမ်း၊
၆။ ဘာဝနာနယသခ်ေပလက်ာကျမ်း၊
၇။ သုတဗေဓသက္ကတဆန်းနိဿျ၊
၈။ ဆန်းသံခိပ်၊
၉။ မြတ်ကိုးပါးဘုရားသမိုင်းနှင့် ငါးသိုင်းချောင်းမြို့ဘုရားကြီးတိုက်သမိုင်း၊
၁၀။ အမတသောပါနကျမ်း၊
၁၁။ ဇေယျာစလာ့ျိ စသည်တို့ ဖြစ်ကုန်သည်။

ပုံလွှန်တော်မူရပြီ

ဆရာတော်သည် မဟာဝိဇ္ဇောဒယချောင်၌ ကြာမြင့်စွာ သီတင်းသုံးကာ ၂၄-နှစ်ကြာမျှ မမှကထိက, စာချတာဝန်ကို ထမ်းဆောင်တော်မူပြီး သက်တော် ၆၈၊ ဝါတော် ၄၈-ဝါအရ ၁၃၂၂-ခုနှစ် သီတင်းကျွတ်လဆန်း ၈-ရက်နေ့ ညနေ ၃-နာရီအချိန်တွင် ဘဝနတ်ထံ စံလွှန်တော်မူခဲ့လေသည်။

သံဝေဂယဖယ်

ဤသို့ဖြင့် မမြဲသည်၏အဖြစ်ကိုသိ၍ ကုဋ္ဌေ ကုဋ္ဌာ မရေသာအောင် သခ်ျာများဘိ အတိုင်းမသိသော ဝဋ်ဒုက္ခအတိုက် မီးပုံကြီးကဲ့သို့ ရှုမြင်ကြကုန်လျက် ချုပ်ပျောက်ပြုန်းတီး ပျက်စီးရွေ့လျော့ခြင်းမရှိသည့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို သင် သူတော်ကောင်းတို့သည် မပြတ်တောင့်တကြလေကုန်။

ဧဝံ အနိစ္စတံ ဥတ္တာ၊ ဝဋ္ဋဒုက္ခမနပ္ပကံ။
အဂ္ဂိက္ခန္ဓံဝ ပဿန္တာ၊ ပတ္ထေထ နိစ္ဗုတံ ပဒံ။

(ဝိဇ္ဇောဒယဆရာတော်၏ ဒါဌာဝံသဂီတိ၊ ၂၀၅။)

ပခုက္ကူမြို့ ပုထိုးတိုက်ဆရာတော်

အရှင်နန္ဒိယ မဟာထေရ်

ဆရာတော်သည်လည်း မဟာဝိသုတာရုမသာသနဗိမာန်တော် ဝိဇ္ဇာပိဋကြီးဌ် ရွှေပိုင်းမှ ပညာသင်ဘူးသော သာသနာ့ဝန်ဆောင် မထေရ်မြတ် ဖြစ်တော်မူသည်၊ ၁၂၅၄-ခု ဝါခေါင်လတွင် ပခုက္ကူ မြစ်ကိုင်းရပ် အဘဦးကျော်ကြီး, အမိ ဒေါ်ခင်တို့မှ ဖွားမြင်ခဲ့သည်၊ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်ခဲ့သည်၊ ပခုက္ကူ မဟာဝိသုတာရုမတိုက်ကြီးဌ် သာမဏေဘဝမှစ၍ ရဟန်းဖြစ်ပြီး အချိန်ကြာမြင့်စွာ ပညာသင်ကြားခဲ့သည်၊ ဘုရားဖြူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးရာဇိန္ဒ, မြင်းခြံ တန်ဆောင်းကြီးတိုက် ဆရာတော် (ပုံလွန်)ဆရာတော် အရှင်ဝိသုဒ္ဓတို့သည် ဆရာတော်နှင့် တခေတ်တည်း မဟာဝိသုတာရုမတိုက် သာသနာလက်ံာရကျောင်းဌ် အတူနေဘက်များ ဖြစ်ကြသည်။

ဆရာတော်သည် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဆသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဘိဓဇ မဟာရဋ္ဌဂုရု အရှင်ဇဝနမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသတို့ထံ ပညာဆည်းပူးခဲ့ရသူဖြစ်သည့်အလျောက် ပိဋကတ်ကို တတ်မြောက်ခဲ့သော မထေရ်မြတ် ဖြစ်သည်၊ မန္တလေး မစိုးရိမ်တိုက်ဌ်လည်း ပညာသင်ကြားဘူးသည်၊ ပခုက္ကူဌ် နာမည်ကြီး ထင်ရှားလှသည့် တောရဆရာတော်ဘုရားကြီး ဦးကြည် (ဦးကိုတို့သာရ)၏ အဖြစ်တော်စဉ် ထေရုပ္ပတ္တိကို ဆရာတော် အရှင်နန္ဒိယ ပြုစုခဲ့သည်၊ ဆရာတော်သည် ပုထိုးတိုက် ဆရာတော်ဘုရားကြီးများ၏ အရိပ်အရာကို ခံယူကာ ပုထိုးတိုက်ဌ် သာသနာ့ဝန် ထမ်းဆောင်လျက်ရှိလေသည်။

ဘဒန္တနန္ဒိယော ထေရော၊ ဝိသုတဝံသပါလကော။
ဝိသုတေ သော ဝသိတ္ဝာန၊ ဗျတ္တော ဝိစက္ခဏော သုမိ။

အဓုနာ ပုထိုးနာမမ့ိ၊ အာရာမေ သာဓုနန္ဒနေ။
ဝသိတ္ဝာ နေကကိစ္စာနိ၊ ကတ္ဝာ သာသနဇောတကော။

ပခုက္ကူမြို့ သုံးထပ်တိုက်ဆရာတော်

အခွင့်ညှစ်မ မဟာဇေဌ

ဆရာတော်သည် ဝိနယဂရုက သိက္ခာကာမဖြစ်သည့် မဟာဝိသုတာရာမအနွယ် မဟာဇေရ်မြတ် ဖြစ်တော်မူသည်။

ပခုက္ကူခရိုင် မြိုင်မြို့နယ် ညှင်းလယ်ရွာ အဘ ဦးရှိန်, အမိ ဒေါ်ဝဲတို့မှ ၁၂၇၅-ခု နှတ်တော် လဆုတ် ၉-ရက်နေ့တွင် ဖွားမြင်တော်မူသည်၊ အရွယ်ရောက်သော် ရှင်ရဟန်းပြုခဲ့သည်၊ ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ ငယ်စဉ်ကမှစ၍ ရောက်ရှိပြီး မန္တလေးကျောင်း၌ သီတင်းသုံးကာ စာချဆရာတော် အရှင်ဝိသုဒ္ဓထံတွင် ပိဋကတ်ကို ဆိုဝါဖြင့် သင်ယူခဲ့ပြီး ရေစကြို ဆရာတော်ဘုရားကြီးနှင့် အရှင်ပညာမဟာဇေရ် စသည်တို့ထံတွင် လိုက်ဝါဖြင့် သင်ယူခဲ့သည်။

မန္တလေးမြို့ အနောက်ပြင် စကုတိုက်၌လည်း ၁-ဝါသီတင်းသုံး၍ ပညာသင်ခဲ့သည်၊ မအူ, ကျောက်ဖူး, ညှင်းလယ်ရွာတို့၌လည်း သီတင်းသုံးဘူးသည်၊ ဆရာတော်သည် သီဟိုဠ်ရှင်ဘုရား တောင်ဘက်ရှိ သုံးထပ်ကျောင်း၌ ကြာမြင့်စွာ သီတင်းသုံးခဲ့သည်၊ သုံးထပ်ကျောင်းဆရာတော် ဆရာ ဦးဇာဂရ ပျံလွန်တော်မူပြီး ရဟန်းသိက္ခာ ၁၈-ဝါမှစ၍ အာရာမာဓိပတိဖြစ်၍ သီတင်းသုံးရလေသည်။

ဆရာတော်သည် စာဝါသနာပါရှိသဖြင့် စာသင်သားရှိသမျှကို စာဝါချပို့ပေးတော်မူလေ့ရှိသည်၊ ပဌမကျော် ဓမ္မာစရိယ သိရောမဏိ အရှင်ပဏ္ဍိတသည် ဆရာတော်၏ တပည့်ရင်းဖြစ်လေသည်။

ဘဒန္တဉတ္တမော ထေရော၊ ဉတ္တမော နာထသာသနေ။
ဝိသုတေ ထေရသေဋ္ဌာနံ၊ ဝံသမ္ပိ ဘူသနံ ဟိ သော။

ဟသ်ၦတမ္ဘိုံ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်

အရှင်နန္ဒိယ မဟာထေရ်

ဟသ်ၦတမ္ဘိုံနယ် ငါးဖယ်တူကျောင်းဆရာတော် အရှင်နန္ဒိယသည် ပခုက္ကူ မဟာဝိသုတာရုမတိုက်ကြီး၌ ကြာရှည်စွာ သီတင်းသုံး၍ ပညာသင်ကြားခဲ့သော ပညာရှိမဟာထေရ်မြတ် ဖြစ်တော်မူသည်။

ဆရာတော် လောင်းလျာသည် မုံရွာခရိုင် ပုလဲမြို့နယ် ညောင်ကုန်းရွာ၌ အဘ ဦးကြွယ် အမိ ဒေါ်ကြင်တို့မှ ၁၂၇၇-ခုနှစ် တန်ခူးလဆုတ် ဂ-ရက် စနေနေ့ညတွင် ဖွားမြင်ခဲ့သည်၊ ၁၄-နှစ်သားတွင် ညောင်ကုန်းကျောင်းဆရာတော် ဦးဇိနထံတွင် ရှင်သာမဏေဝတ်ပြီး အရွယ်ရောက်သော် ရဟန်းပြုခဲ့သည်။

ပခုက္ကူ။ မဟာဝိသုတာရုမတိုက်သို့

ဆရာတော်သည် ဥပဇ္ဈာယ်ဆရာတော်ထံနှင့်, ပုသိမ်မောင်းထောင်တိုက်တို့၌ ပညာသင်ကြားပြီး ပခုက္ကူ။ မဟာဝိသုတာရုမတိုက် အရှင်ဇဝနထေရ်, အရှင်ပညာထေရ်, အရှင်သုန္ဒရထေရ်, အရှင်နန္ဒဝံသထေရ်တို့ထံတွင် နိကာယ်ကြီးများ၊ သင်ယူတတ်မြောက်ခဲ့လေသည်။

ဝိသုတာရုမ နာမမ့ိ၊ ဝိဇ္ဇာလယေ တိပါကဋ္ဌေ။
သိက္ခိတ္တာ နန္ဒိယော ထေရော၊ ပိဋ္ဌကေသု ဝိသာရဒေါ။

ဆရာတော်သည် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန်ကျောင်းတိုက်၌လည်း ပညာသင်ကြားခဲ့သည်၊ ဆရာတော်သည် ငါးဖယ်တူရွာတောင်ကျောင်း၌ သီတင်းသုံးတော်မူသဖြင့် ငါးဖယ်တူဆရာတော်ဟုလည်း ထင်ရှားသည်။

ခေတ်ကာလ မငြိမ်မသက်ဖြစ်သောအခါ ဟသ်ၦတမ္ဘိုံ မြစ်ကွေတိုက်၌ ကြာမြင့်စွာ သီတင်းသုံးခဲ့သည်၊ ဆရာတော်သည် ဆဋ္ဌသံဂါယနာတွင် ပဋိဝေဓကာ, မြန်မာပြန်ဩဿာနသောဓက ဆရာတော်ဖြစ်၍ သာသနာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သည်၊ ဆရာတော်သည် ၁-ဝိသုဒ္ဓိမဂ္ဂကထာ၊ ၂-သမာဒါနဝိနိစ္ဆယကထာ၊ ၃-ပရမတ္ထဝါဒနိဂ္ဂဟကထာ၊ ၄-သန္ဓိဋ္ဌအမြန်ကောက်ယူနည်း ဇယား၊ ၅-သန္ဓိဋ္ဌတွက်ရိုး လက်ၦသစ်ကျမ်း စသည်တို့ကိုလည်း ရေးသားတော်မူခဲ့သည်၊ ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ၁၃၁၈-ခုနှစ်တွင် အလှူခံရရှိတော်မူခဲ့သည်။

နိဂုံး

လောကဋ္ဌ လုံလဉ်ဩဘရှိသူတို့အား မပြီးသောအမှု ဘယ်မှာရှိအံ့နည်း။
လောကေ ဉဿာဟဝန္တာနံ၊ ဇနာနံ ကိမသာဓိယံ။
(မဟာဝံသ၊ ၆၇၊ ၁၉။)



ရှမ်းပြည်မြောက်ပိုင်းကိုဏ်းချုပ် အဂ္ဂမဟာပဏ္ဍိတဆရာတော်

အခွင့်အာလောကမဟာထေရ်

ဆရာတော်သည် ပခုက္ကူ မဟာဝိသုတာရုမ စာသင်တိုက်ကြီး၌ ပညာသင်ကြားတတ်မြောက်ခဲ့သည့် ရှမ်းအမျိုးသားဆရာတော်ဖြစ်သည်။

ဆရာတော်လောင်းလျှာသည့် ကျောက်မဲမြို့အပိုင် ကုံးစုံရွာနေ အဘပူလွယ်သံး အမိနိုင်လွယ်-ထံးတို့မှ သက္ကရာဇ် ၁၂၅၉-ခု၊ နှောင်းတန်ခူးလဆန်း ၆-ရက်၊ တနင်္ဂနွေနေ့ နေဝင်လေးချက်တီး ကျော်အချိန်တွင် ဖွားမြင်ခဲ့လေသည်။ ၁၃-နှစ်သားအရွယ်တွင် ပကာတောရဇောတိကာရုံကျောင်း ရွှေကျင်ဆရာတော် ဦးမဏိထံ ရှင်သာမဏေဝတ်ခဲ့၍ အသက် ၂၀-တွင် ဦးမဏိကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းဖြစ်ခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်အာလောက ဖြစ်လေသည်။

မဟာဝိသုတာရုမ ဝိဇ္ဇာယတနကြီးသို့

ဆရာတော်လောင်းလျှာသည် ဥပဇ္ဈာယ်ဆရာတော်နှင့် ပဲခူးခရိုင် တာဝဘူတာ ဒေဂနိုင်ကျောင်း ရွှေကျင်ဆရာတော်စသည်တို့ထံ ပညာသင်ကြားပြီး ပခုက္ကူမြို့ မဟာဝိသုတာရုမ ဝိဇ္ဇာယတနကြီးသို့ ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်တို့ထံတွင် ပိဋကတ်ကို ကြာမြင့်စွာ တတ်မြောက်အောင်သင်ယူခဲ့လေသည်။

ဝိသုတာရုမဝါသီနံ၊ ဝိသုတာနံ ယသဿိနံ။
ဝါဒမှိ ပိဋကံ သိက္ခိ၊ အာလောကော တေသု ကောဝိဒေါ။

ဆရာတော်လောင်းလျှာသည် ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော် အရှင်ကောဏ္ဍည, မန္တလေးမြို့ ရွှေရေးဆောင်ဆရာတော်စသည်တို့၏ထံ၌လည်း နည်းခံဘူးလေသည်။

သာသနာပြု အားထုတ်မှု

ဆရာတော်သည် တပည့်သံဃာများအား စာပို့ချခြင်း၊ သိန္နီမြို့၌ ဝိနည်းစာပြန်ပဲ့ကြီးကို ကြီးမှူးအုပ်ချုပ်တော်မူခြင်း၊ သိန္နီ ၄၉ နယ်၌ ရှမ်းမြန်မာ ၂ ဘာသာဖြင့် တရားဟောခြင်းတို့ ပြုလုပ်လျက် ၄၉ နယ်လုံးဆိုင်ရာ ဂိုဏ်းချုပ်တာဝန် တောင်တန်းသာသနာပြုအဖွဲ့ဥက္ကဋ္ဌတာဝန် ဆဋ္ဌသံဂါယနာသြဝါဒါစရိယတာဝန် စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်၊ ဆရာတော်သည် ၁၃၂၁-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို အလှူခံရရှိတော်မူသည်။

နိဂုံး

အားထုတ်မှုဝိရိယကို ပြုအပ်ပြုသင့်ပြုထိုက်သည်သာ၊ မဟာဇနကမင်းသားသည် သမုဒ္ဒရာအတွင်း၌ ဝီရိယကိုမပြုခဲ့ပါမူ ဝိဒေဟတိုင်းပြည်ကြီး၏ ရှင်ဘုရင် မဖြစ်နိုင်ပါခြေ။

ကတ္တပ္မောယေဝ ဥဿာဟော၊ ဇနကော နု ကရေယျ တံ။
နု လဘေ ရဇ္ဇဘာဝံ စ၊ သမ္ပတ္တိံ အနုပ္ပကမ္မိ စ။

ပြည်မြို့ ဇောတိကာရုံ ကျောင်းတိုက်

အင်္ဂမဟာပဏ္ဏိတ ဆရာတော် အခြင်တော်ဇနီယ

ဆရာတော်သည် ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်၌ ပညာသင်ခဲ့ဘူးသော မထေရ်မြတ် ဖြစ်ကြောင်း မဟာဝိသုတာရာမသမိုင်းစဉ်အရ သိရှိရလေသည်၊ ပြည်ခရိုင် သဲကုန်းမြို့နယ် တပ်မရွာအဘ ဦးထွန်းအေးနှင့် အမိ ဒေါ်ချင်းတို့မှ ၁၂၅၉-ခုနှစ် ကဆုန်လဆန်း ဂ-ရက်နေ့တွင် ဖွားမြင်သည်၊ ၁၂၇၁-ခုနှစ်တွင် သာမဏေဝတ်ခဲ့ပြီး ၁၂၇၈-ခုနှစ် ဒုတိယဝါဆိုလဆန်း ဂ-ရက်နေ့တွင် ပေါင်းတည်မြို့ ဘုရားကြီးတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အခြင်ပညာဘိဓဇကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်လေသည်။

ဆရာတော်သည် ကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာတော်, ရန်ကုန်မြို့ အလုံ ဇောတနာရာမတိုက် ဆရာတော်ကြီးနှင့် မန္တလေးမြို့တို့တွင် ပညာသင်ကြားခဲ့သည်၊ ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်ကြီး၌လည်း ကြာမြင့်စွာ သီတင်းသုံး၍ အဂ္ဂမဟာပဏ္ဍိတ အခြင်ပညာမဟာထေရ် စသည်တို့ထံ ပညာသင်ကြားခဲ့သည်။

ဝိသုတာရာမသခ်ါတေ၊ ဝိဇ္ဇာပီဌေ မနောရမေ။
အသိက္ခိ တေဇနိယောပိ၊ ပိဋ္ဌကေ သိက္ခိတပုဗ္ဗကေ။

ဆရာတော်သည် မန္တလေးမြို့ တောင်ပြင် အသောကာရာမတိုက်၌လည်း မြားမြောက်စွာသော စာသင်သားတို့အား စာပေပို့ချတော်မူခဲ့သည်၊ ပြည်မြို့ ဒကာ, ဒကာမတို့၏ ပင့်လျှောက်ချက်အရ ပြည်မြို့ ဇောတိကာရုံစာသင်တိုက်ကို တည်ထောင်ကာ သံဃာတော် ၁၅၀-ကျော်မျှတို့အား စာပေပို့ချကာ ပရိယတ္တိဝန်ကို ဆောင်တော်မူသည်သာမက ဆဋ္ဌသံဂါယနာပါဠိဝိသောဓကတာဝန်, ပါဠိတက္ကသိုလ် ဥက္ကဋ္ဌတာဝန်စသည်တို့ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်၊ အားလပ်ချိန်တွင် အနာဂတ်သာသနာအတွက်---

၁။ ဝါကျနိယံကျမ်း၊

၂။ ကစ္စာယနသာရဋ္ဌီကာနိဿျ၊

၃။ ဝစနတ္ထဇောတိကာဋ္ဌီကာနိဿျ၊

၄။ ဘေဒစိန္တာဒီပနီနိဿျ၊

၅။ သုဗောဓာလင်္ကာရဋ္ဌီကာနိဿျ တို့ကိုလည်း ပြုစုခဲ့သည်။

မန္တလေးမြို့ မစိုးရိမ်တိုက်

အင်္ဂမဟာပဿဒီတ အရှင်ဉာဏ မဟာထေရ်

မန္တလေး မစိုးရိမ်ကျောင်းတိုက် ပဌမကျော် ဆရာတော် အရှင်ဉာဏသည်လည်း ပခုက္ကူ။ မဟာဝိသုတာရာမတိုက် ကျေးဇူးရှင် ရေစက်ဆရာတော်ဘုရားကြီးထံ ပညာသင်ခဲ့ဘူးသော မထေရ်မြတ် ဖြစ်သည်။

ဆရာတော်သည် ၁၂၄၅-ခု တန်ဆောင်မုန်းလဆန်း ၁၄-ရက်နေ့တွင် ရန်ကုန်မြို့ ၂၆-လမ်း ဦးရှမ်း,ဒေါ်အံသီတို့မှ ဖွားမြင်သည်၊ ငယ်မည် မောင်ဘဦိမ်းဖြစ်၍ အင်္ဂလိပ်စာကို ပြည်မြို့၌ သင်ခဲ့ရာ ကောင်းစွာတတ်မြောက်သည်၊ လောကီမှု စက်ဆုပ်သဖြင့် ရန်ကုန်သွား၍ ရှင်သာမဏေ ပြု၍ ရွှေဂုံတိုင်ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

အရှင်ဂန္ဓသာရ ထံမှောက်သို့

အရှင်ဉာဏသည် ၁၂၆၈-ခုနှစ်တွင် တိပိဋကဘုရင်ဟု တိုင်းခွင်မဆံ့ ပြန့်နှံ့ကျော်ကြားတော်မူသည့် ပခုက္ကူ။ မဟာဝိသုတာရာမ အရှင်ဂန္ဓသာရ ဆရာတော်ဘုရားထံမှောက်သို့ ရောက်၍ ပိဋကတ်ကို တတ်မြောက်အောင် သင်ယူခဲ့လေသည်။

ဂန္ဓသာရံ မဟာထေရံ၊ ဂန္ဓေသု အတိကောဝိဒံ။
ဥပသင်္ကမ္မ ဉာဏော ဟိ၊ ဥဂ္ဂဏှိ ပိဋကံ ဝရံ။

ဆရာတော် အရှင်ဉာဏသည် ပါဃာသိရာဇညသုတ်ဘာသာပြန်နှင့် သဒ္ဒတ္ထရတနာဝလိ အဘိ-ဓာန်(တတိယတွဲ)ပဌမပိုင်းတို့ကို ပြုစုစီရင်ခဲ့၍ လယ်တီဆရာတော်၏ နိယာမဒီပနီ,ဝိပဿနာဒီပနီ, ပဋ္ဌာနုဒ္ဒေသဒီပနီကျမ်းများကိုလည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုတော်မူခဲ့သည်၊ ရဟန်း ဂ-ဝါ အရတွင် ပဌမကျော်အောင်ပန်း ဆွတ်လှမ်းခဲ့၍ အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ၁၂၉၃-ခုနှစ်တွင် ရရှိလေသည်၊ ဆရာတော်သည် ၁၂၉၉-ခုနှစ် သီတင်းကျွတ်လဆုတ် ၃-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

သံဝေဂယူဖွယ်

ဇာတိဖြင့် ဆက်သွယ်မှေးဖွားလာသော သတ္တဝါ၏ အသက်ဝိညာဏ်ရှင်သည်မှ အခြားမဲ့၌ သေရခြင်းသည် မြေကြီးလက်ခတ်မလွဲသာတည်း၊ ဤကမ္ဘာလောက၌ ဖြစ်တိုင်းဖြစ်တိုင်းသော သတ္တဝါအနန္တတို့သည် သေဆုံးပျက်ပြုန်းကြရကုန်၏။ သတ္တဝါတို့သည် ဤသို့သာ စင်စစ် မုချ ဓမ္မတာသဘာဝ ရှိကြရကုန်၏။

အနန္တရံ ဟိ ဇာတဿ၊ ဇီဝိတာ မရဏံ ဓုဝံ။
ဇာတာ ဇာတာ မရန္တိ စ၊ ဧဝံ ဓမ္မာ ဟိ ပါဏိနော။

(မဟာကပ္ပိနထေရဂါထာ၊ ထေရ၊၃၀၂)

မန္တလေးမြို့ မစိုးရိမ်တိုက် အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းဆရာတော်

အရှင်ဝိသုဒ္ဓါဘိဝံသ မဟာဓဇရဋ္ဌ

ဆရာတော်သည် ပခုက္ကူ၊ ပိဋ္ဌကတ်အတတ်မြို့တော် မဟာဝိသုတာရာမတိုက်၌ ပညာသင်ကြား တတ်မြောက်ခဲ့သော မဟာထေရ်မြတ် ဖြစ်တော်မူသည်။

ဆရာတော်သည် မိတ္ထိလာခရိုင် မလှိုင်မြို့ မြို့သစ်ရပ်၌ ခမည်းတော်-ဦးချစ်ဆိုင်၊ မယ်တော်-ဒေါ်ဖော်တို့မှ သက္ကရာဇ် ၁၂၆၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၇-ရက်နေ့နံနက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့သည်၊ ဆရာတော်လောင်းလျာသည် မလှိုင်မြို့ လေသာကျောင်းတိုက် ဂိုဏ်းထောက် ဆရာတော် အရှင်ကေလာသ, အရှင်ဝိမလတို့ထံတွင် သူငယ်တန်းစာများကို သင်ယူခဲ့၍ သာမဏေ ရှင်ဝိသုဒ္ဓဖြစ်၍ ပဌမငယ်,ပဌမလတ်,ကျမ်းစာများ သင်ယူခဲ့ပြီး ၁၂၈၀-ပြည့်နှစ်တွင် ပဗ္ဗဇ္ဇာစရိယ လေသာဂိုဏ်းထောက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝကို ရရှိခဲ့သည်။

ပခုက္ကူ၊ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးသို့

ဆရာတော်လောင်းလျာသည် မန္တလေးမစိုးရိမ်တိုက် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သူရိယာဘိ-ဝံသ, အဂ္ဂမဟာပဏ္ဍိတ အရှင်သောမ, အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏာစသော ဆရာတော်တို့ထံ ပညာသင်ကြားပြီး ပခုက္ကူ၊ မဟာဝိသုတာရာမ ဝိဇ္ဇာပဒ်ဌကြီးသို့ ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင်-ပညာ မဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်တို့ထံ ပိဋ္ဌကတ် ၃-ပုံကို ကျန်စစ်သင်ယူခဲ့သဖြင့် ပိဋ္ဌကတ္တယ ပါရဂူပညာရှိကြီး ဖြစ်လာတော့သည်။

ဝိသုတာရာမသေဋ္ဌမို့၊ ဝိသုဒ္ဓေါ သုဒ္ဓအာသယော။
ပိဋ္ဌကံ သော စ သိက္ခိတ္ဝာ၊ ပိဋ္ဌကေသု ဝိဒူ အဟု။

ဂုဏ်ထူးများနှင့် ဘွဲ့များ

သာသနဓဇသိရီပဝရမဟာစရိယဘွဲ့,ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ တို့ကိုလည်း ရရှိခဲ့သည်၊ မန္တလေး အနောက်ပြင်မြို့နယ် သြဝါဒါစရိယတာဝန်, ခုံဝိနည်းဓိုရ်တာဝန်, ဆဋ္ဌသံဂါယနာ မြန်မာပြန် သြသာနသောဓေယျပတ္တပါဋ္ဌကအဖွဲ့ဝင်တာဝန်, ပါဠိတက္ကသိုလ် ကျောင်းအုပ်တာဝန် တို့ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

ပြုစုခဲ့သောကျမ်းများ

၁။ ပဋ္ဌာန်းသင်နည်း အကျဉ်းကျမ်း၊ ၂။ ပဋ္ဌာနသရူပနယူပဒေသကျမ်း၊ ၃။ အလင်္ကာရ-ရုံသီကျမ်း၊ ၄။ ယထာဝါဒီ တထာကာရီကျမ်း၊ ၅။ သာသနာဝင်ကျမ်းများ၊ ၆။ ပဋ္ဌာန်းသို့ ချဉ်းကပ်ခြင်း၊ ၇။ ပဋ္ဌာန်းအခြေခံ ဝိပဿနာကျမ်း-စသည်တို့ကိုလည်း ရေးသားခဲ့သည်၊ ၁၃၂၂-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူခံရရှိတော်မူသည်။

မန္တလေးမြို့ ဝိဇ္ဇာလက်ာရတိုက်

အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိသုဒ္ဓါဘိဝံသ မဟာထေရ်

မန္တလေးမြို့ ဝိဇ္ဇာလက်ာရကျောင်းတိုက် ဆဋ္ဌသံဂါယနာတဲ့ဖက် အကျိုးတော်ဆောင် အဂ္ဂ-မဟာပဏ္ဍိတ အရှင်ဝိသုဒ္ဓသည် ပခုက္ကူ။ မဟာဝိသုတာရာမတိုက်၌ ပညာသင်ခဲ့သော မထေရ်မြတ် ဖြစ်သည်။

ဆရာတော်သည် ဟံသာဝတီခရိုင် ခရမ်းမြို့နယ် အလယ်ရွာနေ ဦးတိုက်စိုး-ဒေါ်လှတို့မှ ၁၂၆၆-ခုနှစ် ပြာသိုလဆန်း ၁၄-ရက်နေ့တွင် ဖွားမြင်သည်၊ ၉-နှစ်သားတွင် ကျောင်းနေ ပညာသင်ကြားခဲ့သည်၊ ၁၆-နှစ်တွင် သာမဏေဝတ်၍ သက်တော် ၂၀-တွင် ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဆရာတော် အရှင်ကောသလ္လကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဖြစ်ခဲ့သည်၊ စံကင်း ဆရာတော် ဘုရားကြီး, အဘယသာရမ ဆရာတော်, ဝိဇ္ဇာလက်ာရ ဆရာတော်တို့ထံ ပညာသင်ကြားခဲ့သည်၊ ပဌမကျော်ဘွဲ့, သက္ကသီဟ ဓမ္မာစရိယဘွဲ့, အဂ္ဂမဟာပဏ္ဍိတဘွဲ့ တို့ကိုလည်း ရရှိခဲ့သည်။

ပခုက္ကူ။ မဟာဝိသုတာရာမ သို့

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ သီတင်းသုံး၍ နည်းခံဘူးကြောင်း ဆရာတော်ထံမှ သိရသည်၊ ဆရာတော်သည် ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရဆရာတော် ဘုရားကြီးအား ဖူးမြော်ကန်တော့ရန် ၁၃၂၁-ခုနှစ် တပို့တွဲလက တကြိမ်, ၁၃၂၉-ခုနှစ် ဝါဆိုဦးက တကြိမ် ကြွရောက်ခဲ့သည်၊ ဆရာတော်သည် ၁၃၁၉-ခုနှစ်က အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘုရားကြီး အရှင်သုန္ဒရ မဟာထေရ်နှင့်အတူ ယိုးဒယားနိုင်ငံသို့ ကြွ၍ သာသနာရေး ဆွေးနွေးခဲ့သည်သာမက၊ အိန္ဒိယ, သီဟိုဠ်, ကမ္ဘောဒီးယား, ဂျပန်, စင်္ကာပူစသော နိုင်ငံများသို့လည်း အကြိမ်ကြိမ် ကြွရောက်ခဲ့သည်၊ ဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ချိန်၌ ကမ္ဘာအေး ဇမ္ဗုဒီပ ကျောင်းဆောင်၌ ကြာမြင့်စွာ သီတင်းသုံး၍ ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃအဖွဲ့၏ အကျိုး တော်ဆောင် ဖြစ်လျက် သံဂါယနာလုပ်ငန်းများကို ပြုလုပ်တော်မူခဲ့သည်။

ဝိသုဒ္ဓေါ သုဒ္ဓစိတ္တော စ၊ နာနာဘာသာသု ကောဝိဒေါ။
ဝိသုတေပိ နိဝုဒ္ဌော စ၊ သဋ္ဌိနိ ဝိဝိဓံ သုတံ။

စစ်ကိုင်းမြို့ နိုင်ငံကျော်ဓမ္မကထိက အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်

အရှင်ပဏ္ဍိတ မဟာထေရ်

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး အနီးစခန်းချောင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရဆရာတော် အရှင် ပဏ္ဍိတမဟာထေရ်သည်လည်း ပခုက္ကူ ပိဋကတ်အတတ်မြို့တော် မဟာဝိသုတာရုမတိုက်ကြီး၌ ပညာသင်ခဲ့ဘူးသော ပညာရှိမဟာထေရ်မြတ် ဖြစ်တော်မူသည်။

ဆရာတော်လောင်းလျာသည် တောင်ငူခရိုင် အုတ်တွင်းမြို့၌ အဘ ဦးဘိုးဟန် အမိ ဒေါ်ကြေးယုတို့မှ သက္ကရာဇ် ၁၂၆၁-ခုနှစ် သီတင်းကျွတ်လဆန်း ၁-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့သည်၊ ၁၂၇၁-ခုနှစ် ၁၀-နှစ်သားအရွယ်တွင် အုတ်တွင်းမြို့ ရှေကျင်ဂိုဏ်း ကန်ကလေးတောရကျောင်း ဆရာတော်အထံတွင် ရှင်သာမဏေဝတ်ခဲ့၍ သက်တော် ၂၀-တွင် မန္တလေးအနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ်၌ ရှေကျင်နိကာယမဓ္မသေနာပတိ ဒီပဲရင်းဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

မဟာဝိသုတာရုမတိုက်ကြီးသို့

ဆရာတော်လောင်းလျာသည် အုတ်တွင်း ကန်ကလေးတောရကျောင်းဆရာတော်, တောင်ငူမြို့ မြို့ထောင့်ကျောင်းဆရာတော်, စစ်ကိုင်းတောင်ရိုး မစိုးရိမ်ခုနစ်တိုက်ဆရာတော်, အဘယာရုမ ဆရာတော်တို့ထံတွင် ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြားခဲ့ပြီး ပခုက္ကူ မဟာဝိသုတာရုမ စာသင်တိုက်ကြီးသို့ ကြွရောက်၍ နိကာယ်ငါးရပ် ပိဋကတ်ပါဠိတော်ကို အဋ္ဌကထာ, ဋီကာ တွဲဖက်ကာ ကျနစွာ သင်ယူခဲ့လေသည်။

ဘဒန္တပဏ္ဍိတော ဓီရော၊ ဝိသုတော ဝိသုတာလယော။
ပါဝစနေ သမုဂ္ဂဏှိ၊ တမှိ ဆေကော မဟာဝိဒူ။

အဘယာရုမတိုက်၌လည်း စာပေပို့ချခဲ့ဘူးသည်၊ သုတ္တန်ပါဠိတော်များ အရဆောင်၍ တရားဟောရာ နိုင်ငံကျော်ဓမ္မကထိက ဖြစ်လာသည်၊ အင်္ဂလိပ်ဘာသာကိုလည်း ကောင်းစွာ တတ်ကျွမ်းသဖြင့် အမေရိကန်, ဂျာမဏီ, အင်္ဂလန်, ဂျပန်-စသော နိုင်ငံများသို့လည်း ကြွရောက်ကာ သာသနာပြု တရားဟောတော်မူခဲ့သည်၊ ဆဋ္ဌသံဂါယနာတွင် မူလဝိသောဓက, ပဋိဝိသောဓက, ဝန်ဆောင်သံဃာ့အဖွဲဝင်, အဋ္ဌကထာသံဂါယနာတွင် ဒုတိယသန္နိပါတမှစ၍ အခါအားလျော်စွာ စိစစ်လျောက်ထားခြင်းကိစ္စကို ဆောင်ရွက်တော်မူခဲ့လေသည်၊ ၁၃၁၈-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ကို အလှူခံရရှိလေသည်။

နိဒါနမာလာ

ပစ္စုပ္ပန်သံသရာ ၂-ဖြာသော အကျိုးကိုမြင်သော ပညာရှင်သည် လုံလအားထုတ်မှု ပြုသင့်သည်သာတည်း မငြီးငွေ့ မပျင်းရိရာ။

ဝါယမေထော ပုရိသော၊ န နိပ္ပိန္ဒေယျ ပဏ္ဍိတော။
(စူဠဇနကဇာတ်, အမ္မဇာတ်။ ဇာ၊ ၁။ ၁၃၊ ၂၉-စသည်)

မြောင်းမြမြို့ အဂ္ဂမဟာပဏ္ဍိတ ဇေယျမေဒနီ

ဆရာတော် အရှင်ပဏ္ဍိတ မဟာဓဇရဲ့

မြောင်းမြမြို့ ဇေယျမေဒနီကျောင်းတိုက် ဆရာတော် အရှင်ပဏ္ဍိတသည် မဟာဝိသုတာရာမ တိုက်ထွက် ပညာရှင်တပါးဖြစ်ရာ သာသနာဝင်တွင် မှတ်တမ်းတင်ထိုက်သော မထေရ် ဖြစ်လေသည်။

ဆရာတော်လောင်းလျှာသည် ပုံသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ သရက်ကုန်းရပ်ကွက်၌ အဘဦးအောင်မြတ်, အမိ ဒေါ်ပုမတို့မှ ၁၂၆၁-ခုနှစ် တပေါင်းလဆုတ် ဂ-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့သည်၊ ၁၄-နှစ်သားအရွယ်တွင် ငါးသိုင်းချောင်းမြို့ ဆဲလဲကုန်းဆရာတော် အရှင်အာသဘ၏အထံ၌ ရှင်သာမဏေ ဝတ်ခဲ့သည်၊ အသက် ၂၀-တွင် ဆရာတော် အရှင်အာသဘကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝကို ရရှိခဲ့လေသည်။

ပခုက္ကူ။ မဟာဝိသုတာရာမသို့

ဆရာတော်လောင်းလျှာသည် ငါးသိုင်းချောင်းမြို့ ဆဲလဲကုန်းဆရာတော်, ကျုံပျော်မြို့ ဝေဠုဝန်ဆရာတော် အရှင်ပညာဗလ, ရန်ကုန်မြို့ ကြည့်မြင်တိုင် ဝေဠုဝန်ဆရာတော်တို့ထံတွင် ပိဋကတ် အခြေခံကျမ်းစာများ သင်ယူခဲ့ပြီး နိကာယတက္ကသိုလ် ပခုက္ကူ။ မဟာဝိသုတာရာမတိုက်ကြီးသို့ ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ-စသော နိကာယရတနာကရပါရဂူ ဆရာတော်များထံတွင် နိကာယ်များကို အဋ္ဌကထာ, ဋီကာ တဲ့ဖက်ကာ သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

ပဏ္ဍိတော ဝိသုတာရာမေ၊ ထေရာနံ သန္တိကေပိ စ။
တိပိဋကံ သမုဂ္ဂဏှိ၊ တေသု ဒက္ခော မဟာဝိဒူ။

ဆရာတော်သည် မန္တလေး ဝေယန်ဘုံသာတိုက်၌လည်း ပညာများ ဆည်းပူးခဲ့သေးသည်၊ ၁၂၉၅-ခုနှစ် ပြာသိုလဆန်း ဂ-ရက်နေ့မှစ၍ မြောင်းမြမြို့ ဇေယျမေဒနီ စာသင်တိုက်ကို တည်ထောင်ဖွင့်လှစ်၍ ပခုက္ကူ, မန္တလေး ၂-နည်းတို့ဖြင့် စာသင်သားတို့အား စာပေပို့ချခဲ့သည့်ပြင် ၁-အနုဝါဒါဓိကရဏဆုံးဖြတ်စာ၊ ၂-သရဏဂမနဝိနိစ္ဆယ၊ ၃-အတ္တဒိဋ္ဌဝိနိစ္ဆယ၊ ၄-အတ္တဃာတန-ဝိနိစ္ဆယ၊ ၅-သုရာပါနဝိနိစ္ဆယ၊ ၆-ဒုလ္လဘဥပသမ္ပဒဝိနိစ္ဆယ-စသော ကျမ်းစာများကိုလည်း ရေးသား စီရင်တော်မူသည်၊ ၁၃၂၃-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

နိဗ္ဗာန

ပညာရှင်ဖြစ်ရခြင်းနှင့် ရှင်ဘုရင်ဖြစ်ရခြင်းသည် တရံတဆစ်မျှ မတူသည်သာတည်း၊ ရှင်ဘုရင်သည် မိမိတိုင်းနိုင်ငံ၌သာ အပူဇော် ခံရသည်၊ ပညာရှိကမူ အရပ်အားလုံး၌ အပူဇော်ခံရသည်။

ဝိဒ္ဒတ္ထံ စ နှုပတ္ထံ စ၊ နဲဝ တုလျံ ကဒါစနံ။
သဒေဝေ ပူဇျတေ ရာဇာ၊ ဝိဒ္ဒါန် သဝ်ိတြ ပူဇျတေ။

(သင်္ကတနီတိကျမ်းများ)

ခရမ်းမြို့ ဓမ္မိကာရာမဆရာတော်

အရှင်ဥယျ မဟာထေရ်

ဆရာတော်သည်လည်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ ဝိဇ္ဇောဒယဆရာတော် အရှင် ပညာဝန္တ, ဝိသုဒ္ဓါရုံ အရှင်သေကမထေရ်မြတ်တို့နှင့် အတူတက္ခ ၃-နှစ်တိုင် အရှင်ပညာမဟာထေရ် မြတ်-စသည့် စာချအကျော် ဆရာတော်များထံ ပညာသင်ကြား တတ်မြောက်တော်မူခဲ့သည်၊ ခရမ်းမြို့ ဓမ္မိကာရာမ စာသင်တိုက်ကို ဦးစီး၍ အခါအားလျော်စွာ သံဃာတော် ၇၀-ကျော် ဂ၀-မျှတို့အား စာပေပို့ချတော်မူခဲ့သည်၊ ဆရာတော်သည် ဣန္ဒိယနိုင်ငံ, သီဟိုဠ်နိုင်ငံတို့သို့လည်း ကြွရောက်တော်မူဘူးသည်၊ သက္ကရာဇ် ၁၃၂၂-ခုနှစ် ကဆုန်လဆန်း ၁၂-ရက်နေ့ည သက်တော် ၆၆-နှစ်တွင် ဘဝနတ်ထံ ဝင်စံတော်မူသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် သဒ္ဓမ္မဇောတိကကျောင်း စာချဆရာတော် အရှင်ပညိန္ဒ ထေရ်နှင့် စစ်ကိုင်းသိဂုတ္တရခေျာင်ဆရာတော် အရှင်ဓမ္မာလင်္ကာရထေရ် စသည်တို့သည် ဆရာတော် အရှင်ဥယျမဟာထေရ်၏ တပည့်ရင်းများ ဖြစ်ကြသည်၊ ဆရာတော်သည် နူးညံ့သိမ်မွေ့၍ သီလကို ချစ်မြတ်နိုးတော်မူသည်၊ စာဝါလည်း မှန်မှန်ပို့ချတော်မူလေ့ရှိသည်။

ဘဒန္တဥျထေရော ဟိ၊ ဝိဿုတေ ဝိသုတာလယေ။
သက္ခတ္ဌာန နကာယေပိ၊ တေသု ဆေကော ဝဒ္ဎူ အဟု။
နဂရေ ခရမ်းနာမမ္ပိ၊ ဓမ္မိကာရာမနာမကေ။
ဝသိတ္ဝာ ယာဝဇီဝမ္ပိ၊ ဇိနသာသနဇောတကော။

မုံရွာမြို့ ပဌမကျော် အရှေ့လယ်တီတိုက်ဆရာတော်

အရှင်ဝါယာဓ မဟာထေရ်

ဆရာတော်သည် ၁၂၆၄-ခုနှစ် ဝါခေါင်လဆုတ် ၉-ရက် ဗုဒ္ဓဟူးနေ့တွင် ဓနုဖြူမြို့ ဦးဘိုးကြာ, ဒေါ်ဖြူတို့မှ ဖွားမြင်ခဲ့၍ ၁၂၈၃-ခုနှစ် နယုန်လတွင် ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ ရောက်၍ ကြာမြင့်စွာ ပိဋကတ်ကို သင်ယူခဲ့ရာ ပိဋကတ်ကျမ်းတတ်ပုဂ္ဂိုလ်အဖြစ် ထင်ရှားတော်မူသည်။

ဝါယာမော ဝါယာမေနေဝ၊ ဥဂ္ဂဏှိ ပိဋကတ္တယံ။
ဝိသုတာရာမထေရာနံ၊ သန္တိကေ တေသု ကောဝိဒေါ။

အရှင်ဝါယာမသည် ပဌမကျော်ဘွဲ့ကို ပခုက္ကူ, တောင်မြို့, မန္တလေးမြို့တို့မှအပြန် မုံရွာ မဟာလယ်တီတိုက် ပြန်ရောက်ချိန် ၁၂၉၃-ခုနှစ်တွင် ရရှိလေသည်၊ အရှင်ဝါယာမသည် ၁၂၉၆-ခုနှစ် တန်ခူးလဆန်း ၁-ရက် သောကြာနေ့တွင် အရှေ့လယ်တီတိုက်သစ်ကို တည်ထောင်၍ သံဃာတော် ၂၀၀-ကျော် ၃၀၀-တို့အား ပခုက္ကူနည်း, မန္တလေးနည်း, လယ်တီနည်းတို့ဖြင့် ဆန်းကြယ်စွာ စာပေချပို့ခဲ့လေသည်၊ ပဌမကျော် အရှင်ဝါယာမသည် ရူပသိဒ္ဓိဂုဇ္ဇတ္ထဒီပနီကျမ်း, အာဟာရအဆီဝိပဿနာဒီပနီကျမ်း စသည်တို့ကိုလည်း ပြုစုတော်မူခဲ့သည်။

ပဌမကျော်အရှင်ဝါယာမသည် ၁၃၁၅-ခုနှစ် ပဌမဝါဆိုလဆုတ် ၇-ရက်နေ့တွင် ရန်ကုန် ဆေးရုံကြီး၌ ကင်ဆာရောဂါဖြင့် ပျံလွန်ရရှာလေပြီ။

သံဝေဂတေးထပ်

ရုပ်ခန္ဓာ ယိုင်နဲ့လို့၊ မခိုင်တဲ့ ဓာတ်တွေ၊
မပိုင်တဲ့ အနတ္တကို၊ မှတ်ပစေ ဖော်ပြ။
အိမ်ဟောင်းလို လဲဖို့ကြံတယ်၊ ခဲ့ဖို့ရန် နာမ်ရဲဘာဝ။
အချင်းချင်း သင့်မည်တယ်၊ ခွင့်တလီ ရှာပြ။
ရင့်ကျပြီ ဇရာကျလေတော့၊ အာဗာဓ ဖုံဖုံ။
မစ္စုမာရ် ဗျူဟာစီးပြီမို့၊ လူနာကြီး ဖြစ်ခိုက်နှင့်ကြုံ။
အင္ဇဝ သုဝေကုန်လျှင်၊ ခုနေပုံ အခြေမလှတာကြောင့်၊
မသွေပ, သေရမှန်စွာ၊ ဧဝကန်သာ။
ဘယ်သူမှ မနိုင်ပါတယ်၊ မပိုင်တာ မူရင်းမို့လေး။

(ဂုဏ်းတေးထပ်ကို အရှင်ဝါယာမ ဝေဒနာခံစားရင်း ရေးခဲ့သည်။)

မုံရွာမြို့ ပဌမကျော်

လယ်တီ အရှင်ကောဝိဒထေရ်

ပဌမကျော် လယ်တီအရှင်ကောဝိဒသည် ပခုက္ကူမဟာဝိသုတာရုံမတိုက်၌ နိကာယ် ၅-ရပ်ကို ဆိုဝါဖြင့် သင်ယူခဲ့သူ ကဝိတဆူဟု လှိုက်ဆူကျော်ကြားသည့် ပုဂ္ဂိုလ်တပါး ဖြစ်လေသည်။

အရှင်ကောဝိဒသည် ပုပ္ပါးတောင်၏ တောင်ဖက်ရှိ ရသေ့ဇော်ဂင်ရွာ၌ အဘ ဦးကြာခိုင်, အမိ ဒေါ်အုန်းရီတို့မှ သက္ကရာဇ် ၁၂၆၉-ခုနှစ် ဝါဆိုလဆန်း ၅-ရက် တနလ်ာနေ့တွင် ဖွားမြင်ခဲ့ပြီး တည်ပင်တဲရွာ၌ ပြောင်းရွှေ့ကြီးပွါးခဲ့သည်။

နောဆဒ္ဓိဝေကသာကမှိ၊ တသ္မိ ဇာတေန ဇာတိယာ။
အထဿ ပစ္ဆိမေ ပစ္ဆာ၊ တည်ပင်တဲဂါမဝုဒ္ဓိနာ။

(ဆန္ဒောဘာရတီနိဂုံး၊ ၂၇၉)

ညောင်ဦးမြို့ မဟာဝိသုတာရုံမတိုက် ဦးစီးနာယကဆရာတော် ဦးဝါယာမသည် လယ်တီအရှင်ကောဝိဒ၏ ဦးရီးတော်စပ်သူဖြစ်လေသည်၊အရှင်ကောဝိဒ၏ မူလနာမည်မှာ မောင်ကျော်ရင် ဖြစ်လေသည်၊ ၆-နှစ်သားတွင် ရသေ့တောင် ရွာဦးကျောင်း၌ ပညာသင်ကြား၍ ၁၀-နှစ်သား အရွယ်တွင် ရှင်သာမဏေ ဝတ်ခဲ့သည်၊သာမဏေဘဝမှာ ရှင်ကောသလ္လ ဖြစ်လေသည်၊၁၂၈၀-ပြည့် ၁၂-နှစ်သားအရွယ်တွင် မုံရွာလယ်တီတိုက်သို့ ရောက်ရှိ၍ ပညာသင်ကြားခဲ့သည်၊ သက်တော် ၂၀-ပြည့် ၁၂၈၉-ခုနှစ်တွင် ညောင်တုန်းမြို့ မြေပိုင်ရှင် သူဌေး ဦးလူကလေး, သူဌေး ကတော် ဒေါ်အေးမှင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဒုတိယလယ်တီဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်း ဖြစ်လေသည်၊ အရှင်ကောဝိဒဟူသောဘွဲ့ကိုလည်း ဒုတိယလယ်တီဆရာတော်ဘုရားကြီးက မှည့် ခေါ်သည်၊ ရဟန်း ၂-ဝါရတွင် ပဌမကြီးတန်းအောင်မြင်၍ လယ်တီဂဏဝါစကစာချဖြစ်လေသည်။

မဟာဝိသုတာရုံမ ဗဟိုစာချတိုက်ကြီးသို့

၁၂၉၂-ခုနှစ်တွင် ပခုက္ကူ။ မဟာဝိသုတာရုံမတိုက်ကြီးသို့ ရောက်၍ အဂ္ဂမဟာပဏ္ဍိတ အရှင် ပညာထံ ပိဋကတ်ကို ၁၂၉၄-ခုနှစ်အထိ သင်ယူတတ်မြောက်ခဲ့လေသည်။

ပညာဝုဏေရသေဋ္ဌဿ၊ ဝိသုတာရုံမသာမိနော။
သန္တိကေ ပိဋကေ သိက္ခိ၊ ကောဝိဒေါ တေသု ကောဝိဒေါ။

အရှင်ကောဝိဒသည် ပခုက္ကူ၌ဌိနေစဉ် ၁၂၉၄-ခုနှစ်တွင် ပဌမကျော် အောင်ပန်းကို ဆွတ်လှမ်း ခဲ့သည်၊ ပရိယတ္တိပဌမကျော်ဘွဲ့ကိုမူကား ၁၂၉၁-ခုနှစ်ကပင် ရရှိခဲ့သည်။

လယ်တီဝံသမှိ ဇာတေန၊ လယ်တီကောဝိဒသာမိနာ။
ဒ္ဒိဓာ ပဌမကိတ္တိဘိ၊ လဒ္ဓနာမေန ဘိက္ခုနာ။

(သီဟိုဠ်ရှင် ဘုရားသမိုင်းနိဂုံး၊ ၂၅၄)

အရှင်ကောဝိဒသည် မန္တလေးမြို့ စကုတိုက် သဒ္ဓမ္မဇောတိကာရုံ အုဋ္ဌကျောင်းဆရာတော် ဦးသဒ္ဓမ္မထံ ပြောင်းရွှေ့၍ ပခုက္ကူ၊ မန္တလေး ၂-နည်းဖြင့် စာချစဉ် ပရိယတ္တိသာသနဟိတ အသင်းကြီး၏ "ကောဝိဒသာမိဘိဝံသပရိယတ္တိသာသနဟိတမူလဓမ္မာစရိယ" ဘွဲ့ကိုလည်း အပ်နှင်း ကိုးကွယ်ခြင်း ခံရလေသည်။ တောင်မြို့ တူးမောင်းဆရာတော် ဦးနန္ဒိယထံ သက္ကတအခြေခံ သင်ယူပြီး မန္တလေး ဟိန္နူပဏ္ဍိတ်များထံ ဆက်လက်၍ တတ်မြောက်အောင် သင်ယူခဲ့သေးသည်။

ပဌမကျော် ဦးကောဝိဒ၏ ကျမ်းများ

လယ်တီအရှင်ကောဝိဒသည်—

ကဝိဘာရတီကျမ်း, ပါဋိဘာရတီကျမ်း, ဆန္ဒောဘာရတီကျမ်း, လယ်တီပဒမာလာကျမ်း, သီဟိုဠ်ရှင်သမိုင်းကျမ်း, မာနသောဝါဒကထာကျမ်း, ဇနုပ္ပတ္တိကထာကျမ်းစသည်နှင့် ကဗျာအမျိုးမျိုးတို့ကို စီရင်ရေးသားခဲ့သည်သာမက ဒဂုန်မဂ္ဂဇင်းကြီး၏ ဒုတိယ အယ်ဒီတာချုပ်စသည့် တာဝန်တို့ကိုလည်း ဆောင်ရွက်ခဲ့လေသည်။

ကွယ်လွန်ခြင်း

ပခုက္ကူ မဟာဝိသုတာရာမတိုက်ထွက် ပဌမကျော် လယ်တီအရှင်ကောဝိဒသည် ၁၃၀၇-ခုနှစ် တပေါင်းလဆန်း ဂ-ရက်နေ့ လူဝတ်လဲ၍ ၁၃၀၈-ခု ကဆုန်လဆန်း ၆-ရက်နေ့နံနက် ၁၀-နာရီ အချိန်တွင် ကျောက်ပန်းတောင်းနယ် တည်ပင်တဲရွာ ခေတ္တနေခိုက် ညီအရင်း မောင်ကျော်တင်, မောင်ကံအေးတို့နှင့်အတူ လူဆိုးများ၏ လက်ချက်ဖြင့် ကွယ်လွန်ခဲ့ရလေသည်။

သံဝေဂယူဖွယ်

မဟာဝိသုတာရာမတိုက်ထွက် လယ်တီဦးကောဝိဒသည် များစွာသော မာဂဓ,သက္ကတကျမ်းတို့၌ လိမ္မာကျွမ်းကျင်သည့် ထူးမြတ်သော ပညာရှိကဝိတဦး ဖြစ်ပါပေ၏၊ လယ်တီကောဝိဒသည် သေဆုံးရခြင်းသို့ ရောက်ခဲ့ရပါပြီ၊ သတ္တဝါအပေါင်းသည် အရှည်အစဲ့ အမြဲမတည်ရှိး မှန်လှတော့သည်တကား။

ကောဝိဒေါ နေကသတ္ထော်သု၊ ကောဝိဒေါ ကဝိကုဉ္ဇရော။
ကောဝိဒေါ နိဓနံ ယာတော၊ အဟော လောကော အသဿတော။

မုံရွာမြို့ ဇောတိကာရာမဆရာတော်

အခွင့်စနွှောဘာသာ ဗဟာဇေတ်

ဆရာတော်သည် ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်၌ ပညာသင်သွားခဲ့သည့် မထေရ်မြတ်ဖြစ်သည်၊ ဆရာတော်သည် မုံရွာခရိုင် ငူလေင်မြို့နယ် ဆုန်ကုန်းရွာ အဘဦးထွန်းသာနှင့် အမိဒေါ်စံမယ်တို့မှ ၁၂၇၈-ခုနှစ် တော်သလင်းလဆုတ် ဂ-ရက် အင်္ဂါနေ့၌ ဖွားမြင်ခဲ့သည်။

ဆရာတော်လောင်းလျာသည် ၁၂-နှစ်သားတွင် သာမဏေဝတ်၍ မုံရွာ ဇောတိကာရာမတိုက်၌ ပညာသင်ကြားခဲ့သည်၊ ၁၆-နှစ်သားအရွယ်တွင် အစိုးရ ပဌမငယ်, ပဌမလတ် စာမေးပွဲတို့ကို ဖြေဆိုအောင်မြင်သည်၊ ၁၂၉၈-ခုနှစ်တွင် ဇောတိကာရာမတိုက် ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်ကြီးသို့

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မဂ်လာအေးကျောင်း၌ ၂-နှစ်တာမျှ သီတင်းသုံးပြီး မဟာဝိသုတာရာမဆရာတော်ကြီးများထံ ပညာသင်ကြားခဲ့၍ နိကာယ်ကြီးများကို ကျမ်းကျင်တတ်မြောက်ခဲ့လေသည်၊ ဆရာတော်ကြီးများ၏ ဩဝါဒကို ကျနစွာ လိုက်နာ၍ တိုက်တာအုပ်ချုပ်နည်းစံနစ်ကို ရယူခဲ့သည်။

ဝိသုတေ စ ဝသိတ္ဝာန၊ စန္ဒောဘာသော အသိက္ခိ သော။
စန္ဒ။ပမံ ဩဝါဒမို့၊ အသုဏိ သဝဏော ရတော။

ရန်ကုန်မြို့ ပဋ္ဌာန်းဆရာတော်နှင့် ဦးအောင်မြတ်ထွတ်တို့ထံ၌လည်း ပညာသင်ကြားခဲ့သည့်ပြင် မန္တလေးမြို့၌လည်း ၂-နှစ် ပညာဆည်းပူးခဲ့သည်။ ဆရာတော်သည် ၁၃၁၃-ခုနှစ်တွင် ဓမ္မာစရိယ စာချတန်းစာမေးပွဲကို အောင်မြင်ခဲ့ပြီး ဇောတိကာရာမတိုက်၌ တိုက်ကြပ်, တိုက်အုပ် ဖြစ်၍ စာပေပို့ချခဲ့သည်၊ ၁၃၂၃-ခုနှစ်တွင် မုံရွာမြို့ ဇောတိကာရာမတိုက် အဓိပတိ မဟာနာယကဖြစ်ကာ ပခုက္ကူနည်း,မန္တလေးနည်း ၂-နည်းဖြင့် စာပေပို့ချခဲ့သည်၊ ၁၃၂၉-ခုနှစ် တန်ခူးလဆုတ် ၃-ရက် နေ့တွင် ဘဝနတ်ထံ ဝင်စံခဲ့လေသည်။

သံဝေဂယူဖွယ်

လူတို့၏ အသက်ရှင်ချိန်သည် တိုတောင်းလှချေ၏၊ တကယ့်သူတော်ကောင်းသည် ထိုအသက်ကို ကဲ့ရဲ့ရာ၏၊ ဦးခေါင်း၌ အလျှံရဲရဲ မီးစဲ့သောယောကျ်ားပမာ ကျင့်ကြံရာ၏၊ သေမင်း မလာမရောက်ရာ အရပ်ဒိသာမည်သည် မရှိပါချေ။

အပ္ပမာယု မနုဿာနံ၊ ဟီဠေယ္ယ နံ သုပေါရိသော။
စရေယျာဒိတ္တသီသော၀၊ နတ္ထိ မစ္စုဿ နာဂမော။

(သဂါထာ၀ဂ္ဂသံယုတ်၊ ပဌမအာယုသုတ်၊ သံ၊၁။၁၀၉)

မုံရွာမြို့ နိဂြောဓာရုံဆရာတော်

အရှင်နိဂြောဓာဘိမင်္ဂလ မဟာထေရ်

အရှင်နိဂြောဓာဘိမင်္ဂလသည် ၁၂၀၀-ပြည့်နှစ် တပေါင်းလဆုတ် ၇-ရက်နေ့တွင် ဖွားမြင်၍ ၁၂၉၂-ခုနှစ်တွင် ရှင်သာမဏေဝတ်ပြီး ၁၃၀၀-ပြည့်နှစ်တွင် ခိုးသန်းရွာ ကန်ဦးကျောင်းဆရာတော် အရှင်သီဟာဓိပတိကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသို့

အရှင်မြတ်သည် ကျေးဇူးရှင် ဥပဇ္ဈာယ် ဆရာတော်နှင့် အခြားဆရာတော်များထံ၌ ပိဋကတ် အခြေခံ ကျမ်းစာများကို သင်ယူ၍ ပဌမငယ်,ပဌမလတ်,ပဌမကြီးတန်းတို့ကို အောင်မြင်စေခဲ့ပြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးသို့ ၁၃၀၇-ခုနှစ် နတ်တော်လမှစ၍ ၂-နှစ်တိုင် သီတင်းသုံးကာ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သုန္ဒရ-မဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်နန္ဒဝံသမဟာထေရ်, စာချုတိုက်အုပ် ဆရာတော်များ ဖြစ်ကြသော အရှင်နန္ဒိယ မဟာထေရ်,အရှင်မာဃိန္ဒမဟာထေရ်တို့ထံ၌ ပိဋကတ်ကို သင်ကြားတတ်မြောက်ခဲ့သည်။

ဝိသုတာရာမဝါသိနံ၊ ဝိညူနံ ပိဋကတ္တယေ။
သမုဂ္ဂကို နိဂြောဓော ဟိ၊ ပိဋကေသု ဝိသာရဒေါ။

မန္တလေးမြို့ ဘုရားကြီးတိုက်,အမရပုရမြို့ တူးမောင်းတိုက်တို့၌လည်း ပညာသင်ကြား လေ့လာခဲ့သေးသည်၊ သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့ကို ၁၃၁၂-ခုနှစ်တွင် ရရှိခဲ့သည်၊ ၁၃၂၀-ခုနှစ် တပို့တွဲလတွင် မုံရွာမြို့ သာစည်လမ်း၌ နိဂြောဓာရုံကျောင်းတိုက်ကို တည်ထောင်ကာ စာသင်သား များစွာတို့အား စာပေပို့ချကာ သာသနာ ပြုခဲ့သည်။

အရှင်နိဂြောဓသည် မဟာဝိသုတာရာမတိုက်စသည့် ဝိဇ္ဇာပီဋကများ၌ ပညာသင်ကြား တတ်မြောက်ခဲ့သည်၊သင်သည်လည်း မဆုတ်မတွန့်သော ဝီရိယဖြင့် အားထုတ်ကာ ပညာရှိဖြစ်ပါလေ၏။

ဝိသုတေ စ ဝသိတ္ဝာန၊ နိဂြောဓော ကောဝိဒေါ အဟု။
တုဝမ္မိ ဝီရိယံ ကတ္ဝာ၊ ဘဝ ပဏ္ဍိတဇာတိကော။

မုံရွာမြို့
လယ်တီ အရှင်မဟိန္ဒာဘိဝံသ

အရှင်မဟိန္ဒာဘိဝံသ သည် ပခုက္ကူ မဟာဝိသုတာရုမတိုက် ဓမ္မာလင်္ကာရကျောင်းဌာ ကြာမြင့်စွာ သီတင်းသုံး၍ ပညာသင်ခဲ့သည်၊ လယ်တီတိုက်မှ စတင်ကြီးပွါးခဲ့သူ ဖြစ်သဖြင့် လယ်တီ အရှင်မဟိန္ဒဟု အမည်ခံယူခဲ့သည်၊ အရှင်မဟိန္ဒသည် စေတိယင်္ဂဏဘိဝံသဘွဲ့, ပါဠိပဌမကျော်ဘွဲ့, သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့တို့ကိုလည်း ရရှိခဲ့သည်၊ ပဌမကျော် လယ်တီဦးကောဝိဒထံ၌ ကဗျာစာပေစသည်များကို ဆည်းပူးခဲ့သည်၊ ဒုတိယ ကမ္ဘာစစ်အပြီးတွင် သာသနာ့ဘောင်မှ ဆင်းခဲ့သည်၊ယခု ဦးလှပိုင် စစ်ကိုင်းတိုင်း သာသနာရေးအရာရှိဖြစ်၍ အမျိုး ဘာသာ သာသနာ အကျိုးကို ဆောင်ရွက်လျက် ရှိသည်၊ အရှင်မဟိန္ဒ (လယ်တီ ဦးလှပိုင်) သည် နိဗ္ဗာန်တံခွန်, အခြေပြု ဗုဒ္ဓဘာသာ, လယ်တီဂန္ထဝင်ကျော်စသော ကျမ်းများစွာကို ပြုစုခဲ့သည်သာမက ဆောင်းပါး, သြဘာစာပေါင်း များများစားစားတို့ကိုလည်း ပြုစုရေးသားခဲ့လေသည်၊ သူ၏ ဇာတိမှာ မုံရွာခရိုင် ဘုတလင်မြို့နယ် ရွှေကျောင်းလယ်ရွာ ဖြစ်လေသည်။

မဟိန္ဒော ဉာဏသမ္ပန္နော၊ လယ်တီဂဏဘိပါကဋော။
ဝိသုတေ စ ဝသိတ္ဝာပိ၊ သိက္ခိတပ္ပေ အသိက္ခိ သော။

ပဲခူးမြို့ ကသစ်ဝိုင်ဆရာတော်

အရှင်ရေဝတ မဟာဇော်ရေ

အရှင်ရေဝတ မဟာထေရ်သည် မြန်မာ့သာသနာတွင် လွန်စွာထင်ရှားသော ပဋိပတ္တိသာသနာပြု ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင် သာမဏေဝတ် ရဟန်းပြုခြင်း

ဆရာတော် လောင်းလျာသည် ပဲခူးခရိုင် ဝေါမြို့အပိုင် အဗျားအလယ်စုရွာ အဘ ဦးဖိုးကန်, အမိ ဒေါ်စိမ်းရင်တို့မှ ၁၂၆၅-ခုနှစ် တပေါင်းလဆန်း ၁၀-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့သည်၊ နာမည်မှာ မောင်ရွှေဘ ဖြစ်သည်၊ ဂ-နှစ်သားခန့်တွင် အဗျားအထက်စုကျောင်း ဆရာတော် အရှင်ကလျာဏထံတွင် ပညာသင်ကြား၍ ၁၂-နှစ်သားအရွယ်တွင် အရှင်ကလျာဏကို ဥပဇ္ဈာယ် ပြုပြီး ရှင်သာမဏေ ဝတ်ခဲ့သည်၊ ၁၂၇၅-ခုနှစ် တပေါင်းလဆန်း ၅-ရက်နေ့တွင် ကျိုက်ထိုမြို့ မရမ်းချိုဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်ကို ရရှိတော်မူခဲ့ လေသည်၊ ညောင်လေးပင် တောရကြီးကျောင်းတိုက် ဆရာတော် အရှင်အရိယဝံသကို ကြီးမှူး၍ ဒုတိယအကြိမ် ဒဋ္ဌိကမ္မသိမ် ထပ်ခဲ့သေးသည်။

မဟာဝိသုတာရာမ ဝိဇ္ဇာပီဋကြီးသို့

အရှင်ရေဝတသည် သာမဏေဝတ်နှင့် ကျိုက်ထိုမြို့ မရမ်းချိုကျောင်း, ရန်ကုန်သရက်တောတိုက် အင်းဝတောင်ကျောင်း ပဋမကျော် အရှင်ကောသလ္လနှင့် အရှင်ဣန္ဒဝံသတို့၏ အထံ၌ ပညာသင်ကြားခဲ့သည်၊ ၁၆-နှစ်သားတွင် အစိုးရ ပဋမငယ်တန်း အောင်မြင်ခဲ့သည်၊ ရဟန်းဖြစ်ပြီးနောက် ပခုက္ကူမြို့ မဟာဝိသုတာရာမ တိပိဋကတက္ကသိုလ် ဗဟိုစာချုတိုက်ကြီးသို့ ရောက်၍ အဂ္ဂမဟာ-ပဏ္ဍိတဆရာတော် အရှင်ပညာမဟာထေရ်, အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် အရှင်သုန္ဒရမဟာ-ထေရ်, ထိုစဉ်က ပခုက္ကူစာချုပ်ဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍညမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသမဟာထေရ်တို့ထံ ပါဠိ,အဋ္ဌကထာ, ဋီကာများကို ၃-နှစ်တိုင် သင်ယူခဲ့သဖြင့် ပိဋကတ်ကို မေ့နှောက်နိုင်သော အရည်အချင်းကို ရရှိခဲ့လေသည်၊ ပခုက္ကူ၌ ဦး စာမေးပွဲ ဖြေခဲ့သေးရာ အစိုးရ ပဋမလတ်တန်းကို ပခုက္ကူ မဟာဝိသုတာရာမတိုက်မှ အောင်မြင် ခဲ့သည်။

ပခုက္ကူနဂရေ ရမ္မေ၊ ဝိဿုတေ ဝိသုတာလယေ။
တိဝဿံ စ သုသိက္ခိတ္ဝာ၊ ပိဋကေသု ဝိဒူ အဟု။

ဆရာတော်လောင်းလျာသည် မန္တလေးမြို့ ဇရရေးဆောင်တိုက်, ဘုရားကြီးတိုက်တို့၌လည်း ပညာဆည်းပူးတော်မူခဲ့သည်၊ မန္တလေးနေစဉ် ပဋမကြီးတန်းကို အောင်မြင်တော်မူခဲ့လေသည်။

စာပေပို့ချခြင်း

ဆရာတော်လောင်းလျာသည် ၇-ဝါမှစ၍ ၁၀-ဝါအထိ ၃-နှစ်တိုင် ဝေါမြို့အနီး ကြုံတူကျောင်း တိုက်၌ စာသင်သား ၅၀-ကျော်တို့အား ပခုက္ကူ, မန္တလေး ၂-နည်းဖြင့် စာပေပို့ချတော်မူခဲ့ပြီး

ပြည်မြို့ တက္ကသိုလ်ကျောင်းတိုက်၌လည်း ၂-ဝါတိုင်တိုင် သီတင်းသုံး၍ စာချတော်မူခဲ့သေးသည်၊ ရဟန်း ၁၂-ဝါမှ ၂၂-ဝါတိုင် အထက်စုအဘွဲ့ရှာ မူလဥပဇ္ဈာယ်ဆရာ၏ ကျောင်းတိုက်၌ စာပေပို့ချတော် မူခဲ့သည်။

ဝိပဿနာဓုရ၌ မွေ့လျော်ခြင်း

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောအခါ အရှင်ရေဝတသည် ဥပဇ္ဈာယ်ဆရာတော်လည်း ပံ့လွန်တော်မူသဖြင့် ဂန္ဆဓုရကို ရပ်ဆိုင်းကာ အလုပ်အကျွေး တံ်ပည့်တဦးကိုသာ အဖော်ပြု၍ သပိတ် ၁-လုံး သင်္ကန်း ၃-ထည်ဖြင့် ဖက္ကလိပ်ကျောင်းသို့ကြွ၍ ၁-နှစ်ပတ်လုံး ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားသစ်တော် မူလေသည်၊ အမိ, အဘနှင့် အဘိုးဝမ်းကွဲ ဦးဖိုးမြအားလည်း ဝိပဿနာတရားကို ဟောလို၍ ဇာတိဌာန, အဘွဲ့ရှာသို့ ပြန်ကြွခဲ့ရာ အဘိုးဖြစ်သူ ဦးဖိုးမြနှင့် ခမည်းတော် မယ်တော်စသည့် ဒကာ,ဒကာမတို့ လျှောက်ထားချက်အရ ကသစ်ဝိုင်ကျောင်းတိုက်၌ ပြောင်းကြွ၍ သီတင်းသုံးလျက် တရားပြခဲ့ရာ ပံ့လွန်တော်မူသည်အထိ ၁၉-နှစ်ကာလ ကြာခဲ့လေသည်။

ကသစ်ဝိုင်ရိပ်သာကြီး

ကသစ်ဝိုင်ရိပ်သာကြီးသည် ကမ္မဋ္ဌာန်းကျောင်းပေါင်း ၄၀-ကျော်မျှရှိပြီး ကြီးကျယ်သော ကမ္မဋ္ဌာန်းဌာနကြီးအဖြစ် တည်ရှိခဲ့သည်၊ ဆရာတော်သည် အနယ်နယ် အစိုစို့ အမြိုမြို့ အရွာရွာ၌လည်း ကသစ်ဝိုင်ရိပ်သာခွဲ တပည့်များ မြားမြောက်စွာ ပေါ်ထွန်းစေတော်မူခဲ့သည်၊ အခါအားလျော်စွာ ကြွရောက်၍လည်း ဌာနများစွာတို့၌ တရားဓမ္မ ဟောပြောခဲ့သည်၊ ၎င်းဌာနတို့မှာ ဝေါမြို့, ပဲခူးမြို့, ရန်ကုန်မြို့, ဘုရားကြီးမြို့, ညောင်လေးပင်မြို့, ပိန်းဇလုပ်မြို့, ကျောက်ကြီးမြို့, မော်လမြိုင်မြို့, ကျိုက်ထိုမြို့, ခရမ်းမြို့, သုံးခွမြို့, ပဲခွယ်ကုန်းမြို့, သနပ်ပင်မြို့, မြိတ်မြို့, စစ်တောင်းမြို့, ကျောက်တံခါးမြို့, သာဝတ္ထိမြို့, ရွှေကျင်မြို့, ဘုရားပြိုရွာ, ရွှေပေါက်ပင်ရွာ, သရက်ကုန်းရွာစသည်တို့ ဖြစ်ကြသည်။

ဆရာတော်ပြုစုခဲ့သောကျမ်းများ

ဆရာတော်သည်—

၁။ ဂုဏ်တော်မြန်မာပြန် ဘုရားရှိခိုး၊

၂။ သိဿောဝါဒသံပေါက်လင်္ကာများ၊

၃။ လှူပုံလှူနည်းနိဿည်း၊

၄။ နာမရူပပရိစ္ဆေဒနှင့် ဒိဋ္ဌိဝိသုဒ္ဓိတရားတော်—

စသည်တို့ ဖြစ်လေသည်။

ဘဝနှတ်ထံဝင်စံခြင်း

ဤသို့ဖြင့် သီလဝန္တ, သိက္ခာကာမ·ဖြစ်တော်မူသော ကသစ်ဝိုင်ဆရာတော် အရှင်ရေဝတ မဟာထေရ်သည် ၁၃၂၇-ခုနှစ် ပြာသိုလဆုတ် ၉-ရက်နေ့တွင် စုတိကမ္မဇရုပ်ချုပ်တော်မူခဲ့လေသည်။

သံဝေဂယူဖွယ်

ခန္ဓာဟူက သခ်ၤါရတို့ ဖြစ်ရာဘဝ စဉ်ခဏ၌ မမှီမလုံးစုံ အကုန်ကြေညက် ပျောက်ပျက်ချုပ်ဆဲ မမြဲအနိစ္စ ဖြစ်ပျက်ရ၍ ဒုက္ခမှန်စွဉ် ဆင်းရဲသာတည်း ကိုယ်မှာအတင့် မရင့်စေလို မအိုချင်ပါ မနာပါစေ မသေပါကြောင်း လိုဆုတောင်းလည်း ရကြောင်းမရှိ မိမိလိုရာ မလိုက်ပါသည် မှန်စွာ အနတ္တ·ပါတကား။

အင်္ဂုတ္တရဘာဏက, အင်္ဂုတ္တရနိကာယကောဝိဒ သက္ကသီဟနှင့်
အစိုးရဓမ္မာစရိယ ဆရာတော်

အရှင်သောဘိတာဘိဝံသ မဟာထေရ်

အရှင်သောဘိတသည် ထက်မြက်သော ဉာဏ်ပညာရှိသည့်အပြင် ဝိရိယလွန်ကဲသည့် ဝီရိယာဓိက ပုဂ္ဂိုလ်မှန်ဖြစ်သည်၊ ၁၂၇၆-ခုနှစ် ကဆုန်လဆုတ် ၇-ရက် သောကြာနေ့တွင် ပခုက္ကူခရိုင် မြိုင်မြို့နယ် သံဘိုရွာ အဘ ဦးဘိုးခင်, အမိ ဒေါ်မယ်သာတို့မှ ဖွားမြင်သည်၊ ၁၂၇၆-ခုနှစ်တွင် သာမဏေဝတ်၍ ၁၃၀၅-ခုနှစ်တွင် တောင်ကိုင်းဆရာတော် အရှင်ဂန္ဓမာ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သံဘိုရွာ ဒေါ်ရွှေနု၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ပခုက္ကူ၊ မဟာဝိသုတာရာမတိုက်သို့

မန္တလေးမြို့ အောင်မြေရွှေဘုံတိုက် သိပ္ပေါဒယကျောင်း ဆရာတော် အရှင်ခေမိန္ဒ, ဗန်ချိုနယ် ဇီးချိုင်းရွာ အုဉ်ကျောင်း ဆရာတော် အရှင်သုန္ဒရ,ဗန်ချိုနယ် ပျော်ဘွယ်ရွာ သဘွတ်တောကျောင်း ဆရာတော် အရှင်ပဏ္ဍဝံသ, သံဘိုမြောက်ကျောင်း အရှင်ကဝိန္ဒ, မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် စံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒိမာ-စသော ဆရာတော်တို့ထံ ပညာသင်ကြားခဲ့သည်သာမက ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာပီဌကြီးဌိလည်း ကြာမြင့်စွာ သီတင်းသုံး၍ ကျန်စစ်သော ဇဉ်ဝီရိယဖြင့် ပိဋကတ် နိကာယ်ကြီးများကို သင်ယူခဲ့ရာ ပါရဂူမြောက်အောင် ကျွမ်းကျင်တတ်မြောက်လေသည်။

ဝိသုတေ စ ဝသိတ္ဘာန၊ နိကာယေ စ သုသိက္ခီ သော။
သောဘိတော ပဏ္ဍိတော ဗျတ္တော၊ နိကာယေသု ဝိသာရဒေါ။

အရှင်သောဘိတသည် သက္ကသီဟဓမ္မာစရိယဘွဲ့ကို ၁၃၁၀-ခုနှစ်တွင် ရရှိခဲ့၍ သာသနဓဇ-သိရီပဝရဓမ္မာစရိယဘွဲ့ကို ၁၃၁၂-ခုနှစ်တွင် ရရှိသည်သာမက ဗုဒ္ဓသာသနာ အင်္ဂုတ္တရဘာဏက အင်္ဂုတ္တရနိကာယကောဝိဒဘွဲ့ကို ၁၃၁၅-ခုနှစ်တွင် ရရှိတော်မူသည့် ပညာရှိပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ ဆဋ္ဌသံဂါယနာတွင် ဆဋ္ဌသံဂီတိကာရက, ဆဋ္ဌသံဂီတိဘာဏက, ပဋိဝိသောဓက-အဖြစ်ဖြင့်လည်း ဆောင်ရွက်တော်မူခဲ့သည်၊ မန္တလေးမြို့ အနောက်ပြင် ချမ်းသာကြီးတိုက်၌ စာချတာဝန်ကိုလည်း ထမ်းဆောင်ခဲ့ဘူးသည်။

တောင့်တချက်

သောဘိတော သောဘနာသီသော၊ နိကာယေသု သုကောဝိဒေါ။
နိကာယဘာဏကော စေဝ၊ သံဃဿ ဂန္ထဝါစကော။

ဓမ္မာစရိယဘူတော ဟိ၊ ဥပါဓိဟိ အလင်္ကတော။
သော ဟိ ဝဿသတံ ကာလံ၊ ဇောတေတု ဇိနသာသနံ။

နဝမပိုင်း မဟာဝိသုတာရာမ သာသနာဝင် ပြီး၏။

ဒသမဝိုင်း

ပြည်ထောင်စု မြန်မာနိုင်ငံ ပခုက္ကူ မဟာဝိသုတာရာမိက နိကာယဝင်
သံဃာတော်အရှင်မြတ်တို့ လိုက်နာကျင့်ဆောင်ရန် ဥပဒေ

ဥပဒေ၏အမည်

ဤဥပဒေကို "မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ပုရာဏောပဒေသ"ဟု ခေါ်တွင်စေရမည်။

ဥပဒေကို စ၍ ထုတ်ပြန်ရာအခါန်နှင့်
ထုတ်ပြန်တော်မူကြသော ဆရာတော်ကြီးများ

ဤဥပဒေကို ၁၂၆၆-ခုနှစ်မှစ၍ ကျွးဇူးရှင် ရေစကြိုဆရာတော်ဘုရားကြီးနှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမတို့က် ဆရာတော်ဘုရားကြီးများ အဆက်ဆက် အခါကာလ အကြောင်းအားလျော်စွာ ထုတ်ပြန်တော်မူကြသည်။

ဥပဒေကို ပြန့်နှံ့သက်ဆိုင်စေရမည့်ဌာန

ဤဥပဒေကို ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးနှင့် သက်ဆိုင်သမျှသော ကျောင်းတိုက်တို့၌ ပြန့်နှံ့သက်ဆိုင်စေရမည်။

ဥပဒေအမျိုးအစား

(၁) ဤဥပဒေစာအုပ်၌ ပါရှိသော ဥပဒေများကို အာရာမိဿရ ကျောင်းတိုက်စီး, ကျောင်းတိုက်ပိုင် ဆရာတော်များနှင့် ဂဏဝါစက စာချဆရာတော်များ လိုက်နာရန် ဥပဒေ။

(၂) ဝိဟာရဇေဋ္ဌက ကျောင်းအုပ်ဘုန်းကြီးများ လိုက်နာရန် ဥပဒေ။

(၃) ဓမ္မန္တေဝါသိက စာသင်းသားတပည့်တို့ လိုက်နာရန် ဥပဒေဟူ၍ သုံးမျိုး သုံးစားပိုင်းခြားထားသည်။

အာရာမိဿရနှင့် ဂဏဝါစကတို့ လိုက်နာရန်
ဥပဒေအမှတ်-၁

(က) အာရာမိဿရနှင့် ဂဏဝါစကများသည် မိမိတို့အချင်းချင်း တပါးအပေါ်၌ တပါးက သည်းခံ၍ တပါးမကြိုက်သည်ကို တပါးက မပြုလုပ်ပဲ တပါးအလိုသို့ တပါးကလိုက်၍

သမဂ္ဂသမ္မာဒမာနဖြစ်ကြလျက် တသက်ပန် သင့်တင့်ညီညွတ်စွာ နေထိုင်ကြပြီးလျှင် လက်အောက်ငယ်သားဖြစ်ကြသော ကျောင်းအုပ်ဘုန်းကြီးများနှင့် စာသင်သားများကိုလည်း ခိုက်ရန်ဒေါသမဖြစ် သင့်တင့်ညီညွတ်အောင် အမြဲမပြတ် ဆုံးမသြဝါဒပေးကြရမည်။

(ခ) အာရာမိကရန့် ဂဏဝါစကများသည် ပုဂ္ဂလဝိသေသများ ဖြစ်ကြသည်အား လျော်စွာ မိမိတို့အချင်းချင်း ဂရုဟိတ,အမနာပ စကားတို့ကို မပြောမဆို, အကျိုးမဲ့ အရိုန်အစောင်မဲ့ကို မပြုမလုပ်, တဦးကိုတဦး အင်အားပြုကာ တပါးသည် တပါးအပေါ်၌ အပြစ်မြင်က ပြောဆိုနိုင်အောင် ဖိတ်မန်လျှောက်ထားပြီးလျှင် အရှင်သာရိပုတ္တရာ, အရှင်အာနန္ဒာတို့၏ ပဋိသန္ဓာရစာရိတ္တဝတ်နိဗန်ကိုထောက်၍ မိမိတို့၏ တပည့်ရင်းဖြစ်သော သတ္တိဗျတ္တိနှင့် ပြည့်စုံသည့် တပည့် ရဟန်းငယ်, သာမဏေတို့ကို တပါးတခြားသော ဆရာတော်များအထံ၌ ကိုယ်တိုင် စာဝါတောင်းပေး၍ သင်ကြားစေခြင်း, ထို့ထက်အလွန် ပဋိသန္ဓာရကို ဖြစ်စေခြင်းငှါ တပါးတခြားသော ဆရာတော်တို့၏ ကျောင်းသို့ ပြောင်းရွှေ့နေထိုင်စေခြင်း, ယင်းသို့ လက်ကြပ်မအပ်နှံရသေးသော် အခြားသော ဆရာတော်တို့ထံ စာဝါများကို လိုက်နာစေခြင်း, အလိုရှိတိုင်း ဆုံးမနိုင်အောင် အပ်နှံခြင်း, တပါးတခြားသော ဆရာတော်တို့ သတိလွတ်၍ ချွတ်ချော်ပို့ချ ဖြေဆိုမိသော အပြစ်, တပါးတခြား တစုံတခုသော အပြစ်တို့ကို မပြောမဆိုရအောင် နှိပ်ကွပ်ခြင်း, အရိုင္ဍနက, ပေါလဇနကတို့ကဲ့သို့ ချောပစ် ဂုံးတိုက်သော တပည့်တို့၏ စကဲ့ားကြောင့် နှလုံးကဲ့ပြား မရှိရအောင် သတိပြု၍ ချောပစ် ဂုံးတိုက်တတ်သော တပည့်တို့ကို နောင် မပြောမဆိုဝံ့ ကြောက်ရွံ့လောက်အောင် နှိပ်ကွပ်ဆုံးမခြင်းတို့ဖြင့် ပဋိသန္ဓာရဝတ္တိဂုဏ်ကို ဖြစ်စေကြရမည်။

(ဂ) အာရာမိကရန့် ဂဏဝါစကများသည် တိုက်တာသံဃာများအပေါ်၌ သည်းခံနိုင်ခြင်း တည်းဟူသော ခမာဂုဏ်။

ညဉ့်နက်မှအိပ်၍ နံနက်စောစော အိပ်ရာမှ ထနိုင်ခြင်းတည်းဟူသော ဇာဂရိယဂုဏ်။

အစစအရာရာဝယ် ထကြွ လုံ့လ ဝီရိယရှိခြင်းတည်းဟူသော ဥဋ္ဌာနဂုဏ်။

စားဘွယ်သောက်ဘွယ်နှင့် အသုံးအဆောင် ပရိက္ခရာတို့ကို တတ်နိုင်သမျှ ခွဲခြမ်းဝေဘန် ပေးကမ်းခြင်းတည်းဟူသော သံဝိဘာဂဂုဏ်။

တိုက်တာသံဃာများအပေါ်၌ သနားကရုဏာရှိခြင်း တည်းဟူသော ဒယာဂုဏ်။

တိုက်တာသံဃာများအပေါ်၌ စောင်မကြည့်ရှုခြင်း, လူကဲခပ်ကောင်းခြင်း, အမြော်အမြင်ကြီးခြင်းတည်းဟူသော ဣက္ခဏာဂုဏ်တို့နှင့် ပြည့်စုံကြရမည်။

(ဃ) အာရာမိကရန့် ဂဏဝါစကဆရာတော်များသည် ကျောင်းတိုက်ကို အုပ်ချုပ်ရာ၌ ချစ်ခြင်းကြောင့် မလုပ်ထိုက်သည်ကို လုပ်ခြင်းဟူသော ဆန္ဒာဂတိ။

မုန်းခြင်းကြောင့် မလုပ်ထိုက်သည်ကို လုပ်ခြင်းဟူသော ဒေါသာဂတိ။

ညံ့ဖျင်း မလိမ်မာ၍ ဘာလုပ်ရမှန်း မသိ နားမလည်သည့်အတွက် လုပ်မိ လုပ်ရာ ပြုလုပ်ခြင်းဟူသော မောဟာဂတိ။

ကြောက်ခြင်းကြောင့် မလုပ်ထိုက်သည်ကို လုပ်ခြင်းဟူသော ဘယာဂတိအားဖြင့် လေးမျိုးရှိသော အဂတိဂမနတို့မှ ဝေးစွာ ရှောင်ကြဉ်ကြရမည်။

(c) တဦးဦးသော စာသင်သားသည် "ဤတိုက်တာအတွင်း၌ နေထိုင်လိုပါသည်"ဟု လာရောက် လျှောက်ထားခဲ့သော် မူလ ဆရာရင်းကိုယ်တိုင် လာရောက် အပ်နှံသော တပည့်၊ သို့မဟုတ် ယုံကြည် စိတ်ချရလောက်အောင် မူလ ဆရာရင်းကိုယ်တိုင် လက်မှတ် ရေးထိုးသည့် အပ်နှံစာပါသော တပည့်၊ သို့မဟုတ် အမိ အဘရင်း ရဟန်းဒါယကာ ဒါယိကာမတို့နှင့် အလားတူသော ဒါယကာ ဒါယိကာမများ ကိုယ်တိုင် လာရောက် အပ်နှံသော တပည့်တို့ကိုသာ လက်ခံကြရမည်၊ အကယ်၍ ဤဥပဒေကို မသိခြင်းကြောင့် အပ်နှံစာမပါသော အာဂန္တုကရဟန်း ရောက်လာခဲ့သော် တလအတွင်း ယုံကြည် စိတ်ချလောက်သော မူလဆရာရင်းထံမှ အပ်နှံစာရအောင် လျှောက်ထားတောင်းယူစေရမည်၊ တလပြည့်သော်မှ အပ်နှံစာမရခဲ့သော် ထိုပုဂ္ဂိုလ်ကို တိုက်တာတွင်း၌ လက်မခံရ။

(စ) တဦးဦးသော စာသင်သားသည် ဤတိုက်တာအတွင်း၌ နေထိုင်လို၍ ရောက်လာခဲ့သော် ထိုပုဂ္ဂိုလ်မှာ အာမခံ ရှိ,မရှိ စစ်ဆေးမေးမြန်း၍ အာမခံရှိခဲ့သော် ထိုရောက်ရာနေ့၌ပင် အာမခံစေလျက် တလပြည့်သောအခါ ကျောင်းအုပ်ဘုန်းကြီးကပါ အာမခံနိုင်စေရမည်။ အကယ်၍ တလပြည့်၍သော်မှ ကျောင်းအုပ်ဘုန်းကြီးက အာမ မခံနိုင်ခဲ့သော် ဆရာတော်များက ၎င်းစာသင်သားကိုလည်း လက်မခံရ။

(ဆ) ရောက်သစ်စ အာဂန္တုကရဟန်းမှာ အသိအကျွမ်း မရှိခြင်းကြောင့် ရုတ်တရက် အာမခံ-မည့်သူ မရှိခဲ့သော် ဆရာတော်များက တလတိတိ အာမခံထား၍ ထိုတလအတွင်းမှာ မူလအာမခံ, ကျောင်းအုပ် ဘုန်းကြီး အာမခံများကို ရအောင် ရှာစေရမည်၊ တလပြည့်၍သော်မှ မူလအာမခံ, ကျောင်းအုပ် ဘုန်းကြီးအာမခံများကို မရခဲ့သော် ၎င်းသူကိုလည်း ယခင်နည်းအတိုင်း လက်မခံရ။

(ဇ) အကယ်၍ တဦးတယောက်သော စာသင်သားမှာ နှင်ပြစ် ပေါ်ပေါက်ခဲ့သော် ထိုသူကို နှင်ထုတ်ပြီးလျှင် ဆရာတော်များက မူလ အာမခံကို သင့်တော်သလောက် သဒ္ဓေ, ဒေဒ္ဓေများ ထမ်းဆောင်စေရမည်။

(ဈ) အာဂန္တုက ရဟန်းတပါးပါးသည် ဤတိုက်တာအတွင်း၌ နေထိုင်လို၍ ရောက်လာခဲ့သော် ထိုအာဂန္တုက ရဟန်းသည် ဆရာသမားများက အပ်နှံသော ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ ဆရာတော်များက အရေးကြီးသည့် တိုက်စည်းမျဉ်းဥပဒေများကို ချက်ခြင်းပြောပြ၍ "ထိုစည်းမျဉ်းအတိုင်း လိုက်နာပါမည်"ဟု ရဲတင်းစွာ အာမခံနိုင်သော ပုဂ္ဂိုလ်များကိုသာ လက်ခံရမည်။

(ည) တိုက်တာအတွင်းဝယ် နေထိုင်ကြကုန်သော စာသင်သားများ၏ ရှေးဦးစွာ အရေးကြီးသော အချက်မှာ အာရုံမိသရန်နှင့် ဂဏဝါစကများအပေါ်၌ ကြည်ညိုရှိသေရခြင်း

ပင်ဖြစ်ရာ အကယ်၍ တဦးဦးသော ရဟန်း, သာမဏေသည် ဆရာတော်များအပေါ်၌ အကြည်ညိုပျက်ပြီးလျင် အကြည်ညိုပျက်သည့်အလျောက် ကိုယ်အမူအရာ နူတ်အမူအရာကို ပြခဲ့သော် ထိုပုဂ္ဂိုလ်ကို ကျောင်းတိုက်မှ အမြန်ဆုံး နှင်ထုတ်ရမည်။

(၄) စာသင်သားများသည် တပါးအပေါ်၌ တပါး မေတ္တာ နည်းပါး၍ ခိုက်ရန်ဖြစ်ပွါးကြရာ၌ ကိုယ်လက်ထိပါးခြင်း မရှိ ဝစီဘေဒကြမ်းကြမ်းတမ်းတမ်း ပြောဆိုခဲ့သော် ထိုပြောဆိုသူတို့တွင် "နောင် ဤကဲ့သို့ ရန်မဖြစ်ရပါစေအံ့"ဟု ကိုယ်တိုင် ယုံကြည်စိတ်ချရလောက်အောင် တာဝန်ခံရှိသော သူတို့ကို ကျောင်းခဲ့၍ သင့်ရာမှာ ထားကြရမည်၊ ယင်းသို့ တာဝန်ခံ မရှိသူတို့ကို တိုက်တာမှအပ နှင်ထုတ်ကြရမည်။

(၅) ခိုက်ရန်ဖြစ်သောသူ နှစ်ဦးတို့တွင် တယောက်သော သူက တယောက်သော သူကို ကြမ်းကြမ်းတမ်းတမ်း ပြောဆိုရုံမျှမက လက်ခြေဖြင့် ပုတ်ခတ်ရိုက်နှက်ခဲ့သော် ၎င်းပုတ်ခတ် ရိုက်နှက်သူကို တိုက်မှအပ နှင်ထုတ်ကြရမည်။

(၃) နှစ်ဦးစလုံးပင် အချင်းချင်း လက်ခြေဖြင့် ပုတ်ခတ် ရိုက်နှက်ခဲ့သည်ရှိသော် နှစ်ဦးစလုံးကိုပင် တိုက်မှအပ နှင်ထုတ်ကြရမည်။

(၄) ကိုယ်လက် ထိပါးရုံမျှမက ဒုတ်, ခဲးတို့ကို ကိုင်ရုံမျှ ကိုင်ခဲ့သော် ရိုက်နှက် ပုတ်ခတ် ခုတ်ဖြတ်သူကို မဆိုထားဘိ ကိုင်သူကိုပင် ဂေါစရဂါမ် အမှီပြုရာ မြို့ရွာမှအပ နှင်ထုတ်ကြရမည်။

(၈) မြို့ရွာမှအပ နှင်ထုတ်သောသူကို မနီးမဝေးသော အရပ်၌ အကျိုး အပြစ်ကို မသိရသော အရှင်မြတ်တို့က လက်ခံထားခဲ့သော် ဂဏဝါစကတို့က ကိုယ်တိုင်သွား၍ ၎င်းသူ၏ အပြစ်ကို ထင်စွာပြလျက် လက်မခံရန် လျောက်ထားကြရမည်။

(၆) ခိုက်ရန်ဖြစ်သောသူများမှာ ဒဏ်ရာ ဒဏ်ချက်ရခဲ့သော် တိုက်သံဃာက ဆေးဝါးပေး၍ ကုသပြီးလျင် ပျောက်ကင်းရာအခါ၌ (၄-၅-၃-၄-၈) အချက်တို့နှင့်အညီ လိုက်နာ ဆောင်ရွက်ကြရမည်။

(ထ) ဆရာတော်များနှင့် တိုက်တာသံဃာတော်များ၏ အရှိန်အစောင့်မဲ့ အကျိုးမဲ့ကို ပြောဆို ပြုလုပ်၍ သွားဘူးသောသူ, ဒါယကာတို့ထံ စဉ်းလဲသဖြင့် ချေးငှါးတောင်းရမ်း အလှူခံဘူးသောသူများသည် နောင် ဤတိုက်တာအတွင်း၌ နေထိုင်လို၍ လာရောက်ခဲ့သော် လက်ခံနေထိုင်ခွင့် မပြုရ။

(၁) အငြိမ့်ပွဲ, ဇာတ်ပွဲ, ရုပ်ရှင်ပွဲ, ဆပ်ကပွဲမှစ၍ ညပွဲအမျိုးမျိုးတို့ကို ကြည့်ရှုမှု ပေါ်ပေါက်ခဲ့သော် ၎င်းကြည့်ရှုသူများကို တိုက်မှအပ နှင်ထုတ်ကြရမည်။

(၀) ဘောလုံးပွဲ, လက်ဝှေ့ပွဲ, ပြေးပွဲ, ခုန်ပွဲ, မြင်းပွဲအစရှိသော နေ့ပွဲအမျိုးမျိုး ကြည့်ရှုမှု ပေါ်ပေါက်ခဲ့သော် ၎င်းသူများကို ပဌမအကြိမ်မှာ ဒဏ်ပေး၍ ဒုတိယအကြိမ်မှာ တိုက်မှအပ နှင်ထုတ်ကြရမည်။

(န) ဘုရားဝတ်တက်ခေါင်းလောင်း, ကျောက်စည်, ကုလားတက် ထိုး, ခေါက်-ပြီးသည့်နောက် အချိန်မရွေး စစ်ဆေးသောအခါ ကျောင်းတိုက်အတွင်းမှာ မတွေ့မရှိသောသူများကို လည်း တိုက်မှအပ နှင်ထုတ်ကြရမည်။

(ပ) နိဿယာစရိယ သံဃထေရ်ကိုယ်တိုင် အရပ်တပါးသို့ ညှဉ်အိပ်ညှဉ်နေသွားခြင်းကြောင့် ဖြစ်စေ, နိဿယန္တေဝါသိက တပည့်ကသွားခြင်းကြောင့်ဖြစ်စေ, နိဿယည်း ပျက်သောသူ, ရောက်သစ်စဖြစ်၍ နိဿယည်း မယူရသေးသောသူများကို နိဿယည်းကင်း၍ မနေစေပဲ ဆရာတော်များက အထူးဗျာပါရထား၍ နိဿယည်း ယူစေကြရမည်။

(ဖ) တိုက်တာအုပ်ချုပ်ရေးမှာ အာရာမိဿရတို့၏ တာဝန်လုံးလုံးဖြစ်သော်လည်း ဂဏဝါစကများက လုံးလုံးလျစ်လျူရှု၍ မနေကြပဲ စာသင်သားတပါးပါး မသင့်လျော်သော အမှုပြုလုပ်သည်ကို တွေ့မြင်ကြားသိခဲ့သော် အာရာမိဿရဆရာတော်များနည်းတူ ပြောဆိုဆုံးမကြရမည်၊ နှင်ပြစ်တွေ့ခဲ့သော် အာရာမိဿရဆရာတော်များအား လျှောက်ထားကြရမည်၊ အာရာမိဿရဆရာတော်များ အရပ်တပါးသို့ သွားဆဲအခါများမှာမူကား ဂဏဝါစကများသည် အာရာမိဿရတို့၏ အခွင့်အရေးကို လုံးဝရရှိပြီးလျှင် နှင်ပြစ်သင့်သောသူများကို အာရာမိဿရတို့နှင့်မခြား နှင်ထုတ်ကြရမည်။

(ဗ) ခိုက်ရန်ဒေါသဖြစ်ပွါးမှုနှင့် အကြည်ညိုပျက်စေမှု, အာဏာဖီဆန်မှုမှတပါး တခြားသောပြစ်မှုကြောင့် ကျောင်းတိုက်မှ နှင်ထုတ်ခံရသောပုဂ္ဂိုလ်များသည် နောက်နောင်အခါ "ဤတိုက်တာအတွင်း၌ နေထိုင်လိုပါသည်"ဟု လျှောက်လာခဲ့သော် ရေဒဏ်ခေါက်ရေ (၂၅) နှင့်တကွ ရဲရဲဝံ့ဝံ့အာမခံနိုင်သော ကျောင်းအုပ်ဘုန်းကြီးနှင့် အာမခံ ၂-ပါးရမှသာ နှင်ထုတ်ရာနေမှစ၍ သာမဏေမှာ ၃-လ၊ ရဟန်းမှာ ၆-လကျော်လွန်ခဲ့သော် လက်ခံကြရမည်၊ ရေကိုလည်း တကျောင်းလျှင် တခေါက်ကျ ထမ်းဆောင်စေကြရမည်။

(ဘ) ခိုက်ရန် ဒေါသဖြစ်ပွါးသောသူတို့မှာ အနုအရင့်ကို ထောက်ချင့်၍ နုသောသူဖြစ်ခဲ့လျှင် နှင်ထုတ်ရာနေမှစ၍ တနှစ်လွန်သည့်အခါ၌ ရေဒဏ်ခေါက်ရေ (၅၀)ထမ်းဆောင်စေ၍ ရဲရဲဝံ့ဝံ့အာမခံနိုင်သော ကျောင်းအုပ်ဘုန်းကြီးနှင့်တကွ တခြားမူလအာမခံသုံးပါးရမှသာ လက်ခံကြရမည်၊ ရေဒဏ်ကိုလည်း တကျောင်းတခေါက်ကျ ထမ်းဆောင်စေ၍ ကြွင်းသော ရေဒဏ်ကို ကုဋီသို့ ထမ်းဆောင်စေကြရမည်။

(မ) ခိုက်ရန်ဒေါသဖြစ်ပွါးရာ၌ ရင့်သောပြစ်မှုကို ကျူးလွန်သူနှင့် ဆရာတော်များအပေါ်၌ အကြည်ညိုပျက်မှု, သူတကာအကြည်ညိုပျက်အောင် ပြောဟောမှု, အာဏာဖီဆန်မှုတို့ကြောင့် နှင်ထုတ်အပ်သော သူများကိုကား အသက်ထက်ဆုံးလက်မခံဘဲ ရှောင်ကြဉ်ကြရမည်။

(ယ) အာရာမိဿရနှင့် ဂဏဝါစကများသည် ဥပဒေ၌ပညတ်အပ်သော ပြစ်မှုကို လွန်ကျူးခြင်းကြောင့်ဖြစ်စေ, ဥပဒေ၌ မပါသောအခြားပြစ်မှုကို လွန်ကျူးခြင်းကြောင့်ဖြစ်စေ, တဦးဦးသော စာသင်သားကို တိုက်တာ၌ထားရန် မသင့်လျော်ပြီဟု ထင်သည်နှင့် တပြိုင်နက် အကြောင်းပြလျက်ဖြစ်စေ, အကြောင်းမပြဘဲဖြစ်စေ နှင်ထုတ်နိုင်စေကြရမည်။

(ရ) အာရုမိဿရနှင့် ဂဏဝါစကများသည် ပုဂ္ဂိုလ်အမျိုးမျိုး အစားစားတို့နှင့် ဆက်ဆံကြရသည်ဖြစ်၍ မနေနိုင်လောက်အောင်သော ဒေါမနဿနှင့် တွေ့ကြုံရလျှင် အေးအေးသာသာထွက်ခွါသွားကြရမည်၊ အကယ်၍ အေးအေးသာသာမဟုတ် အများပွက်ပွက်ဆူပြိုလုပ်၍ ထွက်ခွါသွားသူကို ဤကျောင်းတိုက်၌ တဖန်ပြန်၍ နေလိုခဲ့သော် အများကျေနပ်လောက်အောင် ဝန်ချကန်တော့မှသာ လက်ခံခွင့်ပြုကြရမည်။

ပဌမပိုင်း ပြီး၏။

ဝိဟာရဇေဋ္ဌက ကျောင်းအုပ်ဘုန်းကြီးများ လိုက်နာရန် ဥပဒေအမှတ်-၂

ရှေးရှေးအခါက (ပဲ့ခေါင်းဘုန်းကြီး)ဟူ၍ ခေါ်ဝေါ်အပ်သော ဘုန်းကြီးများကို ယခုဥပဒေထွက်ပေါ်သည့်နေ့မှစ၍ (ပဲ့ခေါင်းဟူ၍ မခေါ်ပဲ) ကျောင်းအုပ်ဘုန်းကြီးဟူ၍ ခေါ်တွင်စေရမည်။

ဤဥပဒေပြင်ဆင်ချက် ထွက်ပေါ်သည့်နေ့မှစ၍ နောက်နောင်အခါ ကျောင်းအုပ်ဘုန်းကြီး လစ်လပ်ခဲ့သော် ရှေးအခါကကဲ့သို့ အများသဘောတူ ရွေးကောက်တင်မြှောက်ခြင်းကို မပြုစေပဲ အာရုမိဿရဆရာတော်များ သဘောကျ ရွေးကောက်တင်မြှောက်ကြရမည်၊ ကျောင်းအုပ်ဘုန်းကြီးများမှာ အာရုမိဿရနှင့် ဂဏဝါစကများကို ကူညီသင့်သည်တကြောင်း, သင့်တော်သလောက် သြဇာအာဏာရှိသည် တကြောင်းတို့ကြောင့် အောက်ပါကျောင်းအုပ်ဘုန်းကြီးများ လိုက်နာရန် ဥပဒေကို ထုတ်ပြန်အပ်သည်။

(က) ကျောင်းအုပ်ဘုန်းကြီးများသည် ဤတိုက်တာအတွင်း မိမိအုပ်ချုပ်သည့် ကျောင်း၌ နေထိုင်လို၍ ရောက်လာသော အာဂန္တုကကို အာမခံမည့် ပုဂ္ဂိုလ်နှင့်တကွ အာရုမိဿရဆရာတော်များထံ စုံလင်အောင် သွားရောက်လျှောက်ထားကြရမည်၊ အာမခံမည့် ပုဂ္ဂိုလ်များကလည်း မိမိနှင့်စပ်သော အာဂန္တုက ရောက်လာလျှင် ထိုနေ့ချင်းပင် ကျောင်းအုပ်ဘုန်းကြီးများအား လျှောက်ထားကြရမည်။

(ခ) ရောက်သစ်စ အာဂန္တုကအတွက် ၃-ရက်အတွင်းမှာ ဥပဒေစာအုပ်ကို သေချာစွာ ဖတ်ရှုစေခြင်း, ၃-ရက်ပြည့်ရာအခါဝယ် မိမိတို့ကျောင်း၌ စာရင်းတင်သွင်းခြင်း, သီတင်းနှေတိုင်း ဆရာတော်များ နေထိုင်ရာကျောင်းသို့ သွား၍ စာရင်းတင်သွင်းခြင်း, ကျောင်းတိုက်မှ အရပ်တပါးသို့ ထွက်သွားသော ပုဂ္ဂိုလ်များအတွက် ခေတ္တညဉ်အိပ် ညဉ့်နေဖြစ်ခဲ့လျှင်(မ)ဟု ရေးမှတ်ခြင်း, အစဉ်သွားခြင်းဖြစ်ခဲ့လျှင် မျဉ်းတား၍ ဖျက်ခြင်းတာဝန်များကို ကျောင်းအုပ်ဘုန်းကြီးများက မမေ့မလျော့ မပေါ့မပျက် ဆောင်ရွက်ကြရမည်။

(ဂ) ယုံကြည်လောက်သော အာမခံရှိ၍ လက်ခံအပ်ပြီးသော သူများမှာ အာမခံ လစ်လပ်ခဲ့သော် ၎င်းအာမခံ လစ်လပ်နေသောသူကို အမှတ်မဲ့ မနေစေပဲ ကျောင်းအုပ်ဘုန်းကြီးတို့က (၇)ရက်အတွင်း ယုံကြည်လောက်သော အာမခံကို ရအောင် ရှာစေကြရမည်။

(ဃ) အာရာမိဿရန္နင့် ဂဏဝါစက္ခ ဆရာတော်များက အပရိဟာနိယဓမ္မကို ပွါးစေလိုခြင်း, သဟသေယျအာပတ်မှ ကင်းလွတ်စေလိုခြင်း, ပုဒ္ဓအဂါရဝဟူသောအပြစ်မှ လွတ်ကင်းနိုင်သရွေ့ လွတ်ကင်းစေလိုခြင်းတို့ကြောင့် ညနံနက် ဝတ်တက် ဝတ်ကပ်အချိန်ရောက်၍ ကျောက်စည်, ခေါင်းလောင်း, ကုလားတက်များကို ထိုးခေါက်ရိုက်နှက် အချက်ပေးလိုက်သောအခါ ကျောင်းအုပ်ဘုန်းကြီးတို့က မိမိတို့ကျောင်းပေါ်ရှိ သံဃာများကို အခိုအကပ် မရှိ အချိန်မီ အညီအညွတ် ဝတ်တက်ကြရန် နှိုးဆော်ကြပ်မတ်၍ ဘုရားဝတ်တက်ကြရမည်။

(င) အကယ်၍ မိမိတို့ကျောင်းတွင် ဝတ်မတက်ရပဲ တိုက်ကုန်သံဃာတို့ တကျောင်းကျောင်း၌ စုပေါင်း၍ ဝတ်တက်ရသော ကျောင်းတိုက်ဖြစ်ခဲ့သော် ကျောင်းအုပ်ဘုန်းကြီးများက တကျောင်းလျှင် ကျောင်းစောင့်တပါးမျှသာ ချန်ထားခဲ့၍ ကျန်ပုဂ္ဂိုလ်အားလုံးတို့ကို ဝတ်တက်လိုက်ရန် အမိန့်ပေးလျက် တနေရာတည်း၌ စုပေါင်းဝတ်တက်ကြရမည်။

(စ) မိမိတို့ကျောင်းပေါ် သို့ လာရောက်နေထိုင်သောပုဂ္ဂိုလ်၏ နေရပ်, မြို့, ရွာ, ကျောင်း, အမည်, သိက္ခာ, ဘွဲ့, မိဘ, ဆရာ, အာမခံတို့ကို ၃-ရက်ပြည့်သည်နှင့် တပြိုင်နက် အသေအချာ မေးမြန်းစိစစ် ရေးမှတ်စာရင်းတင်သွင်း၍ တိုက်ဥပဒေရှိတိုင်း မိမိတို့ ဆုံးမသြဝါဒပေးရာ နာခံအံ့သောသူ, ကောင်းမှန်စွာ နေထိုင်အံ့သောသူ, ယုံကြည်စိတ်ချလောက်သော အာမခံရှိသောသူများကိုသာ ကျောင်းအုပ်ဘုန်းကြီးတို့က အာမခံထားကြရမည်။

(ဆ) မိမိတို့ကျောင်း၌ ကျန်းမာလျက် ထိုက်သည်အားလျော်စွာ ပရိယတ္တိ ပို့ချဝါ, တက်ဆိုဝါ, လိုက်နာဝါ, ကျက်အံ့ဝါမရှိ ပေါ့လျော့ လျှပ်ပေါ်နေထိုင်သောသူ, ဆိုအပ်ခဲ့ပြီးသော စာဝါများပင် ရှိသော်လည်း ရဟန်းကောင်းတို့၏ အမူအရာအား မလျော် လျှပ်ပေါ်သောသူ, သီတင်းသုံးဖော်တို့ မညီမညွတ် စိတ်မချမ်းသာအောင် ဆဲရေးဆူပူလျက် ရန်မူသောအားဖြင့် ဝိဝါဒါဓိကရဏ်းကို ပြုတတ်သောသူ, မကြာမကြာ အချိန်မဲ့ အခါမဲ့ မြို့တွင်း ရွာတွင်းသို့ သွားလာဝင်ထွက် လျှပ်ပေါ်လော်လီ ဂိဟိသံသဋ္ဌပြုလုပ်သောသူ, အကြောင်း မရှိပဲလျက် ဝတ်တက်ဝတ်ကပ် မှန်အောင်မလိုက်သောသူ, မိမိနေရာ၌ အကြောင်းမဲ့ အခါမဲ့ မာတုဂါမတို့နှင့် ယုံမှားဖွယ်မကင်း ဆက်ဆံရောပြွမ်းခြင်း များသောသူ, ထိုမှတပါး တိုက်တာဥပဒေ တစုံတခုနှင့် ဆန့်ကျင်မှုပြုလုပ်သောသူ, သို့မဟုတ် တိုက်တာဥပဒေ၌ တိုက်ရိုက်ပင် မပါသော်လည်း သူတပါး ကြားမြင်၍ မလျော် ရဟန်းကောင်းတို့၏ အမူအရာ မဟုတ်သည့် တစုံတခုသောပြစ်မှုကို ပြုလုပ် ကျူးလွန်သူများကို ကျောင်းအုပ်ဘုန်းကြီးများက နိုင်နင်းအောင် ဆုံးမကြရမည်၊ ဆုံးမ၍ မရခဲ့သော် ဆရာတော်များထံ လျှောက်ထား၍ မိမိ၏ အာမခံကို ပြန်၍ ရုပ်သိမ်းကြရမည်။

(ဇ) တဦးတယောက်သော စာသင်သားအပေါ်၌ ကျောင်းအုပ် ဘုန်းကြီးတို့က အာမခံပြန်၍ ရုပ်သိမ်းခြင်းသည် နှင်ထုတ်သည်နှင့် အတူပင်ဖြစ်၍ ကျောင်းအုပ် ဘုန်းကြီးများက အာမခံကိုပြန်၍ ရုပ်သိမ်းခံရသော ပုဂ္ဂိုလ်သည် ထိုကျောင်းပေါ်၌ ဆက်လက်မနေရတော့ပဲ ထိုကျောင်းမှ ထွက်ခွါသွားရမည်။

(ဈ) ကျောင်းအုပ်ဘုန်းကြီးများက အာမခံကို ပြန်၍ ရုပ်သိမ်းသဖြင့် ထိုကျောင်း၌ နေထိုင်ခွင့် မရသော ပုဂ္ဂိုလ်သည် တိုက်တွင်းရှိ တပါးသော ကျောင်း၌လည်း နေထိုင်ခွင့်ရရန်

မလွယ်ကူတော့ချေ၊ သို့သော် ဤတိုက်တာအတွင်း၌ ဆက်လက်နေထိုင်လိုသော ဆန္ဒအားကြီးခဲ့ပါမူ အာရာမိကရ ဆရာတော်များထံ လျှောက်ထားရမည်၊ လျှောက်ထားနိုင်ခွင့် ရှိသေးသည်။

(ည) ယင်းသို့ လျှောက်ထားရာ အခါဝယ် ထိုသူ၏ အပြစ်သည် ဤကျောင်းတိုက်၌ ဆက်လက်၍ လက်ခံရန် မသင့်လျော်သော အပြစ်ဖြစ်ခဲ့သော် ထိုသူကို တိုက်တာအတွင်း၌ လက်မခံရ၊ တိုက်တာအတွင်း၌ လက်ခံရန် သင့်လျော်သေးသည်ဟု ထင်မြင်ခဲ့သော် သင့်လျော်သော အာမခံကို ပေးစေ၍ တခြားကျောင်း၌ နေထိုင်ခွင့် ပေးနိုင်သည်။ ဒုတိယပိုင်း ပြီး၏။

ဓမ္မန္တေဝါသိက စာသင်သားများ လိုက်နာရန်

ဥပဒေ အမှတ်-၃

(က) စာသင်သားတို့သည် မိမိနေရပ်သို့ဖြစ်စေ, တပါးမြို့ရွာ တိုက်တာသို့ဖြစ်စေ ပြောင်းရွှေ့ပြန်သွားလိုခဲ့သော် အမှတ်မဲ့ ပြောင်းရွှေ့ပြန်မသွားရ၊ အာရုံဿရ ဆရာတော်များထံ လျှောက်ထား၍ မိမိတို့ထုတ်ယူထားအပ်သော ကျမ်းစာများကို စာရင်းစစ်တိုထံ အပ်နှံသွင်းထားပြီးမှသာ ပြောင်းရွှေ့.ပြန်သွားကြရမည်။

(ခ) အဆောတလျင်သွားရန် အရေးအကြောင်းကိစ္စရှိ၍ ဆိုင်းငံ့ပို့သွင်း နေနိုင်ခွင့် မရှိခဲ့သော် မိမိတို့ ထုတ်ထားအပ်သော ကျမ်းစာများကို ဆရာတော်ဘုန်းကြီးများထံ လျှောက်ထား အပ်နှံပြီးမှသာ သွားကြရမည်။

(ဂ) တပါးတခြားသော ပုဂ္ဂိုလ်တို့ ထုတ်ယူထားအပ်သော ကျမ်းစာများကို တဆင့်ယူလိုသော စာသင်သားတို့သည်လည်း အမှတ်မဲ့ မယူကြဘဲ စာရင်းစစ်တိုထံ လျှောက်ထားပြီးမှသာ တဆင့် ထုတ်ယူကြရမည်။

(ဃ) တိုက်ဥပဒေနှင့် သက်ဆိုင်သောကိစ္စ, တိုက်တာ သာသနာတော်နှင့်စပ်သောကိစ္စ တခုခု ရှိခဲ့လျှင် ကိုယ်လုတ်တိမ်းရှောင်ခြင်း, မိမိကိုယ်ကောင်း ပြောဆိုပြုလုပ်၍ တပါးသော သူတို့အပေါ်၌ အပြစ်ဖို့ဝန်တင် ပြောဆိုပြုလုပ်ခြင်းမရှိဘဲ ဆရာတော်များနှင့်အတူ အားလုံး တာဝန်ယူ၍ ကူညီအားထုတ်ကြရမည်။

(င) စာသင်သားများသည် သာသနာတော်ထမ်း ရဟန်းကောင်းတို့၏ အမူအရာ မဟုတ်သော ဒုတ်-ဓား အစရှိသော လူဆိုး, လူသွမ်းတို့၏ လက်နက်ကိရိယာတို့ကို သိမ်းထားစွဲကိုင်ခြင်း, ရဟန်းကောင်းတို့၏ အမူအရာအား မလျောက်ပတ်သော လက်ဖွဲ့, မျက်လွှဲ, အင်းအိုင်, ဆေးဝါး, မန္တာန်, မန္တရား, လုပ်ရပ် အတတ်များကို လေ့လာလုပ်ကိုင်ခြင်း, အခြားသော သာသနာတော်၏ အကျိုးစီးပွါး ဆုတ်ယုတ်ပျက်ပြားကြောင်း ဖြစ်သော လောကီအတတ်များကို သင်ကြားပြသလေ့လာခြင်းတို့ကို မပြုမလုပ်ရှောင်ကြဉ်ကြရမည်။

(စ) စာသင်သားတို့၏ တပည့်သာမဏေ, ကျောင်းသားသူငယ်တို့ကို သံဃကိစ္စ, တိုက်တာကိစ္စ, တကျောင်းလုံးနှင့် သက်ဆိုင်သော ကိစ္စတို့မှတပါး တခြားကိုယ်ရေးကိစ္စများကို ၎င်းကျောင်းသား သာမဏေတို့၏ဆရာ မကြည်သာဘဲ စေခိုင်းခြင်းကို မပြုကြရ၊ ၎င်းတို့၏ ဆရာကြည်သာမှသာ စေခိုင်းကြရမည်။

(ဆ) တစုံတယောက်သောသူဌေး တစုံတခုသောအပြစ် တွေ့မြင်ကြားသိခဲ့သည်ရှိသော် ခိုက်ရန် အမျက်ဖြစ်လျက်ရှိသောသူ, အရှိန်အစော်မဲ့ကို အလိုရှိသောသူက ပြောဆိုခြင်းကို မပြုရ၊ မေတ္တာရှိသူ, အကျိုးလိုလားသူကသာ ဒုဋ္ဌဒေါသ-အစရှိသော အပြစ်မှ ကင်းလွတ်စေ၍ ကာရုညတာ အစရှိသော ဂုဏ်နှင့်ပြည့်စုံစွာ ကာလေန ဝက္ခာမိ အစရှိသော အင်္ဂါနှင့် ညီစေလျက် ဆိတ်ငြိမ်ရာအရပ်၌ တပါးချင်းချင်း ပြောဆိုတိုက်တွန်းခြင်း, ထိုသို့ တပါးချင်းချင်း မပြောမဆိုဝံ့သော်၎င်း, ပြောဆို၍ မရခဲ့သော်၎င်း, ထိုပုဂ္ဂိုလ်ကို ပြောဆိုဆုံးမနိုင်သော ပုဂ္ဂိုလ်ထံမှာဖြစ်စေ ဆရာတော်များထံမှာဖြစ်စေ ဆိတ်ငြိမ်ရာအရပ်၌သာ လျှောက်ထားခြင်းကို ပြုကြရမည်။

(ဇ) စာသင်သားတို့သည် အကြောင်းထူး ကိစ္စထူးမရှိပဲ မီးရထားဘူတာရုံ, သင်္ဘောဆိပ် မြစ်ဆိပ်သို့ အကြည့်အရှု,သင်္ကန်းဖွပ်,ထင်းဆယ်,ရေချိုး,ရေကစား မသွားလာ မလွန်ကျူးရ၊ အကြောင်းထူး, ကိစ္စထူးရှိခဲ့သော် ဆရာတော်, စာချဘုန်းကြီးများထံ ခွင့်ပန်လျှောက်ထား၍ သမဏသာရုပ္ပ ဖြစ်အောင် အဝန်းညီစွာ ဝတ်ရုံလျက် သွားပြီးလျှင် ပိုင်းခြားသတ်မှတ်အပ်သော အချိန်ကာလအတွင်း ပြန်ရောက်အောင် လာကြရမည်၊ သို့ရာတွင် မြစ်ရေမှတပါး အခြားချိုးရန် ရေမရှိသော မြို့ရွာများမှာ ရေချိုးရန်အတွက် သက်သက် ခွင့်ပြုရမည်။

(စျ) တိုက်သံဃာများမှာ စာသင်သားတို့ဓမ္မတာ ဆွမ်း, ကွမ်းဘိတ်သောအခါ တရားနှင့် အညီ သင်္ကန်းကိုအဝန်းညီစွာ ဝတ်ရုံလျက် ရှေးဦးစွာ ကာယဝိညတ်ဖြင့်ရပ်၍ "အဘယ်ကို အလိုရှိပါသနည်းဘုရား" ဟု လျှောက်လာသောအခါမှ ဆွမ်းကိုအလိုရှိကြောင်း ပြောဆို ဘိတ်ကြားကြရမည်။

(ည) ဆွမ်းခံသောအခါမှာလည်း သီတင်းသုံးဖော်တို့နှင့် အချိန်မရွေးမနှောင်း အတူစုံညီ စားသောက်မိအောင်ပြန်လာ၍ မိမိဘုန်းကံအလျောက် ဆွမ်းခံ၍ ပြည့်စုံသည်ဖြစ်စေ, မပြည့်စုံသည်ဖြစ်စေ ကျောင်းအုပ်ဘုန်းကြီးတို့၏ ဩဝါဒကိုနာခံလျက် အညီအညွတ် အတူတကွ စားသောက်နေထိုင်ကြရမည်။

(ဋ္ဌ) စာသင်သားများသည် ဥပုသ်နေ့များ၌ အရပ်တပါးသို့ စာထုတ်လိုခြင်း အစရှိသော ကိစ္စများကြောင့် သွားခဲ့သော် ဥပုသ်ပြုမီ ပြန်ရောက်ကြရမည်၊ အကယ်၍ ဥပုသ်ပြုမီ ပြန်နိုင်ဘို့ အခြေအနေမရှိခဲ့သော် ဥပုသ်နေ့၌ မသွားပဲ တပါးသောနေ့၌သာ သွားကြရမည်။

(ဌ) စာသင်သားများသည် အရပ်တပါးသို့ ည၌အိပ်ည၌နေ သွားလိုခဲ့သော် ခေတ္တသွားသည်ဖြစ်စေ, အစဉ်သွားသည်ဖြစ်စေ ဆရာတော်များထံ ခွင့်ပန်လျှောက်ထားပြီးမှသာ သွားကြရမည်၊ ဆရာတော်များထံ မလျှောက်မထားပဲ အရပ်တပါးသို့ သွားလာနေစဉ်

တစုံတခုသောအကြောင်းကြောင့် ဆရာတော်များက. တိုက်သံဃာကို စစ်ဆေးရာအခါ၌ ထို မလျောက်မထားပဲ သွားသောရဟန်း သာမဏေ ပေါ်ပေါက်ခဲ့သော် ထိုသူသည် နှင်ပြစ်သင့်သောသူအဖြစ်သို့ ရောက်ရမည်။

(၃) တိုက်သံဃာများသည် အချိန်မဲ့ အခါမဲ့၌ မြို့တွင်း ရွာတွင်းသို့ သွားလာရန်ကိစ္စ ပေါ်ပေါက်ခဲ့သော်ငင်း, အချိန်အခါရှိစဉ်က သွားခဲ့သော်လည်း အချိန်မဲ့ အခါမဲ့မှ ပြန်ရောက်နိုင်မည့်ကိစ္စ ပေါ်ပေါက်ခဲ့သော်ငင်း ဆရာတော်များထံ ခွင့်ပန်လျောက်ထား၍ ဆရာတော်များက ခွင့်ပြုမှသာ သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံလျက် သွားကြရမည်၊ အကယ်၍ မလျောက်မထားပဲ သွားလာခဲ့သော် (၄) အချက်နည်းတူ အပြစ်သင့်စေရမည်။

(၄) စာသင်သားများသည် တိုက်တာအတွင်း၌ နေထိုင်သမျှကာလပတ်လုံး စာပေမပျိုမချ မလိုက်မနာ မသင်ကြားပဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် အကျိုးမဲ့ စကား ပြောဟော လှည့်ပတ် သွားလာနေထိုင်ခြင်း မရှိရ၊ ပရိယတ်, ပဋိပတ်-တရားတို့ကို အခါမပြတ် ကြိုးစားအားထုတ်လျက် အနည်းဆုံး ကျက်အံဝါ တဝါ, ကိုယ်တိုင်ဆိုဝါ တဝါ, လိုက်နာဝါ တဝါ, ညဝါ တဝါစီ ရှိကြရမည်။

(၅) တိုက်သံဃာများသည် ရဟန်းကောင်းတို့၏ အမူအရာမဟုတ်သော လျှပ်ပေါ်လော်လီသော သူတို့၏အဆုံးဖြစ်သော အမွေးအကြိုင် နံ့သာများကို သိမ်းထားဆောင်ရွက်ခြင်း, သေတ္တာ, သင်္ကန်း, မျက်နှာသုတ်ပုဝါ, လက်ကိုင်ပုဝါ စသည်တို့၌ ထုံခြင်း, အလှဆီ, မျက်နှာချေတို့ကို မျက်နှာ၌ လိမ်းကျံခြင်း အစရှိသည်တို့ကို မပြုမလုပ်ပဲ အမြဲရှောင်ကြဉ်ကြရမည်။

(တ) စာသင်သားများသည် စာသင်လာစဉ်အခါကတည်းကပင် ရွှေ, ငွေ အစရှိသော အကပ်ပိယအနာမာသ ဝတ္ထုများကို မခံယူခဲ့မူ၍ သဘော်လက်မှတ်, ရထားလက်မှတ် စသည်ကို အလှူခံစီးခဲ့ပြီးလျှင် တိုက်တာအတွင်းသို့ ရောက်လာနေထိုင်ရာအခါမှာလည်း ရွှေငွေကို လုံးဝအလှူမခံယူဘဲ လိုသမျှ သပိတ်, သင်္ကန်းစသည်ကိုသာ ကာယဝိညတ်ဖြင့် အလှူခံယူလျက် နိဿဂ်ိယဝတ္ထုတို့မှ ကင်းရှင်းအောင်နေနိုင်ခြင်းသည် အကောင်းဆုံးသော နေခြင်းပင်ဖြစ်ပေသည်၊ သို့ရာတွင် ဤဆိုအပ်ခဲ့ပြီးသော နည်းလမ်းအတိုင်း မလိုက်နာနိုင်၍ ရွှေ,ငွေကို အလှူခံကြသော စာသင်သားများမှာ တစုံတခုသောပစ္စည်းဝတ္ထုကို စျေးသည်, ကုန်သည်တို့အထံမှ ဝယ်ခြမ်းကြဆုံ၌ ကိုယ်တိုင်ကိုင်တွယ်သွားရောက် မဝယ်ခြမ်းဘဲ ကျောင်းသားစသော ကပ်ပိယကာရကများကိုသာ ကိုင်စေပြီးမှသာ ဝယ်ခြမ်းကြရမည်၊ လမ်းခရီးသွားရာအခါမှာလည်း ပိုက်ဆံအိပ်, ပိုက်ဆံထုပ်များကို ခါးမှာချိတ်လျက် ရထားသမား, လှည်းသမား, ကူလီသမား, လက်မှတ်စာရေးစသောသူတို့အား ကိုယ်တိုင်ကိုင်ပေးခြင်းကို မပြုကြပဲ ငွေကို သေတ္တာတွင်း, လွယ်အိပ်တွင်း စသည်မှာ ထည့်ထားပြီးလျှင် အကြောင်းရှိသောအခါ အနီးဥ်ရှိသော ဒါယကာစသည်ကို ခိုင်းစေကြရမည်။

(ထ) တဦးဦးသော စာသင်သားသည် ပိုက်ဆံအိပ်, ပိုက်ဆံထုပ် စသည်ကို ခါးမှာချိတ်လျက် ကိုယ်တိုင်ကိုင်တွယ်ဝယ်ခြမ်းခြင်း, ကူလီသမား, ရထားသမား, လက်မှတ်စာရေး စသည်

တို့အား ကိုယ်တိုင်ကိုင်၍ မူး-ပဲ စသည် ရေတွက်ပေးကမ်းခြင်းတို့ကို ပြုခဲ့သော် ၎င်းသူသည် ၃-ကြိမ်တိုင်တိုင် ဒဏ်ပေးခံရမည်၊ ၄-ကြိမ်မြောက် လွန်ကျူးရာအခါဝယ် ကျောင်းတိုက်မှ ထွက်ခွါသွားရမည်။

(ဒ) ပြဆိုခဲ့ပြီးသော (တ)အချက်၊ (ထ)အချက်တို့ကို ထုတ်ပြန်ရခြင်းသည် ကာလ, ဒေသ စသည်ကို ထောက်၍ ဖြစ်နိုင်သလောက် လိုက်နာနိုင်သေးသလောက်သာ ထုတ်ပြန်ရခြင်း ဖြစ်ပေသည်၊ စင်စစ်မှာ စာသင်သားဖြစ်စေ, ကျောင်းအုပ်ဘုန်းကြီးဖြစ်စေ, ဆရာတော်များဖြစ်စေ မည်သည့် ရဟန်းမဆို ရှုပိယသိက္ခာပုဒ် ရှုပိယသံဝေါဟာရ သိက္ခာပုဒ်, ကယ-ဝိက္ကယသိက္ခာပုဒ်တို့၌ လာသော ပြစ်မှုတို့မှ ကင်းလွတ်အောင်ရှောင်၍ ရာဇသိက္ခာပုဒ်, မေထုန်သိက္ခာပုဒ်တို့၌လာသော အပ်စပ်သောနည်းလမ်းအတိုင်း တိတိကျကျ လိုက်နာနိုင်ရန် အားထုတ်ရမည်။

(ဓ) စာသင်သားများသည် ရဟန်းတို့၏ အသုံးအဆောင်မဟုတ်သော ပိုက်ဆံအိပ်ထည့်စရာ, နှာရီထည့်စရာ, ဆေးလိပ်ထည့်စရာ စသည်တို့နှင့်တကွ ပြုလုပ်အပ်သော ကိုယ်ကြပ်ဘော်လီအင်္ကျီလက်တိုကို သင်္ကန်းအတွင်းမှခံ၍ မဝတ်ကြရ။

(န) ပြဆိုထုတ်ပြန်အပ်ပြီးသော ဥပဒေများသည် တနိုင်ငံလုံးရှိ မြို့ရွာအမျိုးမျိုး, ကျောင်းတိုက်အမျိုးမျိုးတို့နှင့် ဆက်ဆံနိုင်အောင် ထုတ်ပြန်အပ်သော ဥပဒေများ ဖြစ်ပေသည်၊ တပါးပါးသော အာရုံမိဿရ, ဂဏဝါစကသည် မြို့ရွာအခြေအနေ, တိုက်တာအခြေအနေ စသည်ကို ထောက်ထား၍ ဤဥပဒေထည်းမှ တခုခုသော ဥပဒေကို ချွင်းချန်ထားသင့်က ချွင်းချန်ထားရမည်၊ သို့မဟုတ် ဤဥပဒေများထက် ပိုမို၍ နောက်ထပ် အပို ထုတ်ပြန်ပညတ်သင့်ကလည်း ထုတ်ပြန်ပညတ်နိုင်သေးသည်။

တတိယပိုင်း ပြီး၏။

နောက်ဆက်တွဲ

၁၃၂၆-ခု၊ နတ်တော်လဆုတ် ဂ-ရက်နေ့

အဘိဓဇမဟာရဋ္ဌဂုရု,မဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ,

ဓမ္မသေနာပတိ ဂဏမဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီး၏

ထုတ်ဆင့်ပညတ်အပ်သော နောက်ဆက်တွဲ ဥပဒေ

(၁) ဤတိုက်တွင်းရှိ စာသင်သားတိုင်းသည် ကမ္မာကမ္မဝိနယဆိုင်ရာတို့၌ အထူးကျွမ်းကျင်လိမ်မာစေရန်အလို့ငှါ အမြဲနေ့စဉ်ပို့ချသည့် ဝိနည်းစာဝါများကို လိုက်နာကြရမည်။

(၂) ဂဏဝါစကများသည်လည်း ပုဂ္ဂိုလ်တိုင်း ဝိနည်းပို့ချဝါ တဝါ အမြဲရှိကြရမည်။

(၃) စာသင်သားများသည် မိမိတို့အချင်းချင်း တပါးအပေါ် တပါးက ကာယကံမတွာ, ဝစီကံမတွာ, မနောကံမတွာ ထားကြလျက် ဆက်ဆံပေါင်းသင်းနေထိုင်ကြပြီးလျှင် မကျန်းမမာ ဖြစ်ရာအခါ၌ မြတ်စွာဘုရား အသျှင်အာနန္ဒာတို့ထုံးကို နှလုံးမူ၍ ကျင့်သုံးပြုစု စောင့်ရှောက်ကြရမည်။

(၄) စာသင်သားများသည် မိမိတို့ ဘုန်းကံအလျောက် ဖြစ်ပေါ်ရရှိလာသော စားဘွယ်သောက်ဘွယ်များကို ညီညွတ်မှု ရှေးရှုလျက် မိမိတို့ကျောင်းရှိ ကျောင်းအုပ်ဘုန်းကြီးများထံ လျှောက်ထားအပ်နှံ၍ သမဂ္ဂသီတင်းသုံးဘော်တို့နှင့် ညီညွတ်စွာ ခွဲဝေမျှတသုံးဆောင်ကြရမည်။

နောက်ဆက်တွဲ ဥပဒေ ပြီး၏။

ဒသမပိုင်း မဟာဝိသုတာရာမနိကာယ သာသနာဝင် ပြီး၏။

ကျမ်းစာ အပြီးသတ်ခြင်း

ဤသို့ဖြင့် တိပိဋကဘုရင် အရှင်ဂန္ဆသာရ အစပျိုးခဲ့သည့် မဟာဝိသုတာရာမ သာသနာ့ဗိမာန်တော်ကြီးမှ ပေါက်ဖွားခဲ့၍ သာသနာ ပြုကြသော မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင် ပညာရှင်တို့၏ အဆက်အနွယ် အဖြစ်တော်စဉ်နှင့် မဟာဝိသုတာရာမိက ဂဏဝါစက နိကာယဝင် မဟုတ်ပဲ မဟာဝိသုတာရာမ ဝိဇ္ဇာပိဋကြီး၌ ပညာရင်နှီသောက်စို့ခဲ့ကြသည့် ပညာရှင်တို့၏ အဖြစ်တော်စဉ် ကြိုးပမ်းမှုစသည်တို့ကို အမြွက်မျှ ဖော်ထုတ်ရပေသည်၊ ကုန်စင်အောင်ကား မထုတ်ဆောင်နိုင်ပါ၊ အမြွက်မျှပြခဲ့သော ဤစကားအစဉ်ဖြင့်ပင် သာသနာဝင် သုတေသီတို့ အဖို့ တန်ဖိုးမဖြတ်နိုင်သော ဗဟုဿုတနှင့် သဒ္ဓါတရား တိုးပွါးမှု, သံဝဂဉာဏ်များး ရကြမည်ဖြစ်ရာ သတိပညာရွှေထား၍ ဖတ်နိုင်ကြ, လေ့လာကြရန် တိုက်တွန်းရင်း အကျွန်ုပ်၏ မဟာဝိသုတာရာမ သာသနာဝင်ကျမ်းကြီးကို လက်စသတ်လိုက်ပါပြီ။

မဟာဝိသုတာရာမနိကာယ သာသနာဝင် နိဂုံး

ပခုက္ကူပုရသေဋ္ဌဿ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေဿမ်ိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားရှင် သာသနာစည်ပင်ထွန်းကားရာဖြစ်သဖြင့် မြတ်လှစ္ဆာသော ပခုက္ကူမြို့၏ အနောက်ဖက် ၄-ဂါဝုတ်ပမာဏ ဝေးကွာသောအရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်းရှိသော ရွာ၏ လေးဖက်မျက်နှာ၌ ကျောင်းကန်ဘုရား စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့်တယ်လှသည့် ကန်ရပ်ရွာကြီး တည်ရှိလေသည်။

ဒ္ဒိနောဒ္ဓိဝေကသာကမ်ိ၊ တမ်ိ ဇာတေန ဇာတိယာ။
လက်ာဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြုပ်အနေအား‌ဖြင့် ၁၂၉၂-ခုနှစ်၌ မွေးဖွားသော သီဟိုဠ်နိုင်ငံ ဘာရတခေါ်သည့် အိန္ဒိယနိုင်ငံ အစရှိသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာ နေခဲ့ဘူး, ဘာသန္တရ ဗဟုဿုတ သမိုင်း ရာဇဝင်အမျိုးမျိုးကို ရှာမှီးသင်ယူလေ့လာလေ့ရှိသော—

ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋ္ဌကံ။
သန္တိကေ နဝ ဝဿာနိ၊ သံဂီတိကိစ္စကာရိနာ။

ပခုက္ကူ မဟာဝိသုတာရာမဝိဇ္ဇာယတနကြီး၌ အရှင်နန္ဒိယမဟာထေရ်-အစရှိကုန်သော မဟာဝိသုတာရာမဝါသီ ပညာရှင် မထေရ်မြတ်ကြီးတို့၏အထံ၌ ကိုးနှစ်တိုင် ပိဋကတ် ၃-ပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီး၌ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော—

ဒက္ခိဏာရာမဝါသိနံ၊ သန္တိကေပိ သုဝိညူနံ။
သိက္ခိတေန အဋ္ဌာရသ-ဝဿိကေန ယသဿိနာ။

မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပုရကျောင်းဆရာတော် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှိ မထေရ်မြတ်တို့၏ အထံ၌လည်း သင်ယူအပ်သော နည်းနာ-

နယ အတတ်ပညာရှိသော ရဟန်းသိက္ခာ ၁၀-ဝါရပြီး တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော—

ဝိသုတေ ဇောတိပါလမှိ၊ ဝိဿုတမှိ နိကေတနေ။
ဝသတာ နေကဂန္ထာနံ၊ လေခကေန ကတော အယံ။

ပခုက္ကူ။ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၌ တိုက်တာတည် ကျေးဇူးရှင် ရေစကြို့ဆရာတော် ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာ-ပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့ သီတင်းသုံးခဲ့ရာဖြစ်၍ ထင်ရှားလှသော သာသနဇောတိပါလ ကျောင်း၌ ပါဠိ, သင်္ကတ စသော ဘာသာအမျိုးမျိုးတို့ကို ချပို့လျက် နေထိုင်သော ကျမ်းဂန် များစွာတို့ကို ရေးသားပြုစုသော အကျွန်ုပ်သည် ဤမဟာဝိသုတာရာမနိကာယ သာသနာဝင် ကျမ်းကြီးကို ကြိုးပမ်း ရေးသားစီရင်အပ်ပါသတည်း။

တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသိနံ၊ သုဝံသံ သုပကာသယံ။

ကျွန်ုပ်ပြုစီရင်အပ်သော ဤမဟာဝိသုတာရာမနိကာယ သာသနာဝင်ကျမ်းကြီးသည် ဘုရား မြတ်စွာ သာသနာတည်ရှိသရွေ့ကာလပတ်လုံး သာသနာဝင် သုတေသီတို့အား ကောင်းမြတ် လှသောသာသနာဝင် အနှယ်အဆက်ကို ကောင်းစွာပြလျက် တည်ရစ်ပါစေသတည်း။

အနေန သုဝိသိဋ္ဌေန၊ ပုညေနညေန ကမ္မုနာ။
မနီသိဘိ ဂုရုဟော၀၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤမဟာဝိသုတာရာမသာသနာဝင်ကျမ်းကြီးကို ကြိုးပမ်းပြုစုရသော ကောင်းမှုထူးနှင့် အခြား ကောင်းမှုအစုစုကြောင့် ပညာရှင်ချည်းမျှားသာ ဖြစ်တော်မူကြသော ကျေးဇူးရှင် ဆရာသခင် အရှင်မြတ်ကြီးတို့နှင့်အတူတကွ အမတကျွန်းဋ္ဌသိဝနန်းသို့ စံမြန်းရပါစေသတည်း။

မဟာဝိသုတာရာမသာသနာဝင်ကျမ်း အလုံးစုံ ပြီး၏။

၁-၅-၀-၁၁-၈—၂၀၀—၂၉-၆-၂၀—၁၀၀၀။